www.burmeseclassic.com

လင်းကင်း

LINCOLN

ဒေးဗစ် ဟားဘတ် ဒေါ်နာလ်ဒ်

David Herbert Donald

www.burmeseclassic.com

www.burmeseclassic.com

လင်းကင်း

LINCOLN

ဒေးဗစ် ဟားဘတ် ဒေါ်နာလ်ဒ်
David Herbert Donald

ကျောက်ဘီလူးတင်မောင်ဆွေ
ဘာသာပြန်သည်

အမေရိကန်ပြန်ကြားရေးဌာန

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်
၁၉၉၉ ခုနှစ်
အုပ်ရေ ၃,၀၀၀

ပုံနှိပ်သူနှင့်ထုတ်ဝေသူ
ဂျွန် အက်ဒ်မင်ဆင်
ပုံနှိပ်သူမှတ်ပုံတင်အမှတ် –၀၂၈၇၂
ထုတ်ဝေသူမှတ်ပုံတင်အမှတ် – ၀၃၀၇၄
အမေရိကန်ပြန်ကြားရေးဌာန
အမေရိကန်သံရုံး
၅၈၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Copyright © 1995 by David Herbert Donald
All rights reserved, including the right of reproduction
in whole or in part in any form.

မာတိကာ

နိဒါန်း

အခန်း (၁)
ဆင်းရဲသားများ၏သမိုင်း ၁

အခန်း (၂)
ရေမျောသစ်တုံး ၄၅

အခန်း (၃)
စိတ်လှုပ်ရှားခြင်းကင်းသော ဆင်ခြင်တုံတရား ၁၀၅

အခန်း (၄)
ထာဝရအစဉ် ဝှစ်ပါတီဝင် ၁၆၃

အခန်း (၅)
အီလီနွိုင်းပြည်နယ်မှ တစ်ကိုယ်တော်မင်းသား ၂၀၁

အခန်း (၆)
ပြည်နယ်၏ထိပ်တန်းရွေ.နေ ၂၄၁

အခန်း (၇)
ဝှစ်ပါတီပြိုကွဲပြီ ၂၆၉

အခန်း (၈)
နှစ်ခြမ်းကွဲအိမ်ကြီး ၃၂၃

အခန်း (၉)
ပါးစပ်ထဲမှာ အရသာတွေ့.နေပြီ ၃၉၃

အခန်း (၁၀)
မမျှော်လင့်သောအသုံးကျမှု ၄၃၅

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ၏အမှာစာ

သမ္မတ ဂျွန် အက်ဖ် ကနေဒီကို ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလက တစ်ကြိမ်သာ ကျွန်တော်တွေ့ဆုံခဲ့ဖူးပါတယ်။ သူဟာ သမိုင်းပညာရှင် တွေအပေါ်မှာ ဘဝင် မကျခဲ့တဲ့အချို့နဲ့ဖြစ်ပါတယ်။ ပညာရှင်တွေဟာ အမေ ရိကန်သမ္မတများရဲ့ အဆင့် အတန်းကို သတ်မှတ်ပေးမယ့် ဆန္ဒခံယူပွဲမှာ ကနေဒီပါဝင်ဖို့ မျှော်လင့်ချက်နဲ့ သမ္မတကြီးရဲ့ ရုံးခန်းကို လာရောက်သွား ခဲ့ကြပါတယ်။ အဲဒီစည်သည်တော်တွေထဲမှာ ကျွန်တော် မပါဝင်ခဲ့ပါဘူး။ ဒါပေမယ့် ကျွန်တော်က နောက်တစ်နေ့မှာ သမ္မတကြီး အောဘရာဟမ် လင်းကင်းရဲ့အကြောင်းကို အိမ်ဖြူတော်မှာ ဟောပြောခဲ့တော့ သမ္မတတွေ အကြောင်းက ကနေဒီရဲ့ခေါင်းထဲမှာ ရှိနေတာကို တွေ့ခဲ့ရပါတယ်။ သမိုင်း ပညာရှင်တွေက သူ့ရဲ့ရှေ့က သမ္မတတစ်ချို့ကို "ပျမ်းမျှ အောက်" အဆင့်နဲ့ တစ်ချို့ကို "မအောင်မြင်သူများ" အဖြစ် အပေါ်ယံကြောနဲ့ မှတ်ချက် ချခဲ့တာကို သမ္မတကနေဒီက အကြီးအကျယ် မကျေနပ်မိပုံကို ထုတ်ပြော ခဲ့ပါတယ်။ အဲဒီလို သတ်မှတ်တဲ့လုပ်ငန်းစဉ်ကြောင့် သူ့ရဲ့ အစိုးရအဖွဲ့ကို သမိုင်းမှာ ဘယ်လိုသတ်မှတ်ခံရမလဲဆိုတာကို သမ္မတကနေဒီ တွေးမိပြီး အဆင့်သတ်မှတ်တဲ့လုပ်ငန်းစဉ်ကို မခံမရပ်နိုင်ဖြစ်နေ ခဲ့ပါတယ်။ သမ္မတ ကနေဒီက အောက်ပါအတိုင်းပြောခဲ့ပါတယ်။

"မည်သူတစ်ဦးတစ်ယောက်မှ သမ္မတတစ်ယောက်ကို အဆင့် အတန်း သတ်မှတ်ခွင့် မရှိဘူး။ ယုတ်စွအဆုံး သမ္မတ ဂျိမ်းစ် ဘျူခနန်လို သမ္မတရဲ့ရုံးခန်းမှာကိုယ်တိုင် မထိုင်ဖူးဘဲ၊ သူ့စားပွဲပေါ်ရောက်လာတဲ့စာ တွေနဲ့ သတင်းတွေကိုတောင် မဖတ်ဖူးဘဲ၊ သူ့ရဲ့ အဆုံးအဖြတ်တွေ ကလို့ ဒီလိုပေးရသလဲဆိုတဲ့ အတွေ့အကြုံတောင် မရှိဘဲနဲ့ သနားစရာကောင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com

ဘဏ္ဍာခန်နန်လို ပုဂ္ဂိုလ်မျိုးအပေါ်မှာတောင် အဆင့်သတ်မှတ်ခွင့် မရှိပါဘူး"

ဒီစာအုပ်ဟာ သမ္မတကနေဒီရဲ့ လေ့လာချက်စိတ်ဓါတ်ကို အကြောင်းပြုပြီး စိတ်ကူးရခဲ့တာဖြစ်ပါတယ်။ သမ္မတကြီးလင်းကင်းရဲ့ဘဝကို နောက်ကြောင်းပြန်ပြီး ကျွန်တော်လေ့လာခဲ့ရာမှာ သူ့ဘဝအဆင့်ဆင့် အကြောင်းတွေ မေးခဲ့ရတယ်။ အရေးကြီးတဲ့အလုပ်တွေကို ဆောင်ရွက်ရတဲ့အခါမှာ သူဘာတွေနားလည်ခဲ့သလဲ၊ သူဟာ သက်သေအထောက်အထားတွေကို ဘယ်လိုရအောင် ရှာဖွေခဲ့သလဲ၊ သူဘာ့ကြောင့် အဆုံးအဖြတ်တွေ ပေးခဲ့သလဲဆိုတာတွေကို စူးစမ်းခဲ့ရပါတယ်။ ဒီစာအုပ်ဟာ သူရရှိခဲ့တဲ့ သတင်းအချက်အလက်နဲ့ သူ့စိတ်ကူးတွေအပေါ်မှာ ထားရှိခဲ့တဲ့ လင်းကင်းရဲ့ ရှုထောင့်အတိုင်း ရေးသားထားတဲ့ အထုပ္ပတ္တိစာအုပ်ဖြစ်ပါတယ်။ ဒီစာအုပ်ဟာ ဝေဖန်အကဲဖြတ်မှုထက် ရှင်းလင်းတင်ပြမှုကို ပိုပြီး ဦးစားပေးတဲ့စာအုပ်ဖြစ်ပါတယ်။

ကျွန်တော်ရေးတဲ့ ဒီအထုပ္ပတ္တိစာအုပ်ဟာ လင်းကင်းကိုယ်တိုင် ပြောခဲ့တဲ့ စကားတွေအပေါ်မှာ အများဆုံးအခြေခံခဲ့ပါတယ်။ သူရေးသားခဲ့တဲ့စာတွေ၊ သဝဏ်လွှာမိန့်ခွန်းတွေနဲ့ ခိုင်လုံတဲ့ သက်သေတွေက မှတ်တမ်းတင်ထားတဲ့ သူ့ရဲ့စကားတွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မူရင်းစာစဉ်မြစ်တွေကို အရင်းခံထားပြီး ကိုးကားရေးသားနိုင်အောင် အစွမ်းရှိသမျှ ကြိုးစားခဲ့ပါတယ်။ သမ္မတကြီးနဲ့ တွေ့ဖူး၊ ပြောဖူးတဲ့ ခေတ်ပြိုင်ပုဂ္ဂိုလ်တွေဆီက တိုက်ရိုက်ရှင်းလင်းပြောပြချက်တွေကို ကိုးကားခဲ့ပါတယ်။ တစ်ဆင့်ခံ စာပေအထောက်အထား အဖြစ် စာအုပ်ပေါင်းမြောက်မြားစွာကိုလည်း ဖတ်ရှုခဲ့ရပါတယ်။ ဒါပေမယ့် အခြားနေရာတွေမှာ ရှာလို့မရနိုင်တဲ့ စာများနဲ့ အထောက်အထားများကြောင့် ဒီတစ်ဆင့်ခံစာပေတွေကို အဓိက အသုံးပြုခဲ့ပါတယ်။ လင်းကင်း၏ စာများကို အမေရိကန်နိုင်ငံစာကြည့်တိုက် (Library of Congress) က အကူအညီရခဲ့ပါတယ်။ လင်းကင်းအကြောင်း အထုပ္ပတ္တိကို ၁၈၉၀ ခုနှစ်က ဂျွန် နီကိုလေးနဲ့ ဂျွန် ဟေးတို့ ရေးသားခဲ့ကြပြီးကတည်းက လင်းကင်းရဲ့ စာရွက်စာတမ်းအထောက်အထားတွေကို ၁၉၄၇ ခုနှစ်အထိ ချိပ်ပိတ်သိမ်းဆည်းထားခဲ့ပါတယ်။ ဒါ့ကြောင့် လင်းကင်း အထုပ္ပတ္တိကို ရေးခဲ့ကြတဲ့ သူတစ်ချို့ဟာ လင်းကင်းရဲ့စာတွေကို ကိုးကားခွင့် မရခဲ့ကြဘူး။

ကျွန်တော့်ရဲ့ စူးစမ်းလေ့လာစုံစမ်းမှုများရဲ့ ရလဒ်ကို ဆန့်ကျင်ဖက်အဓိပ္ပာယ်နဲ့ အလွယ်ကူဆုံး ရှင်းပြလို့ ရနိုင်ပါတယ်။ ဒီစာအုပ်ဟာ ၁၉ ရာစုနှစ်လယ်ပိုင်းက အမေရိကန်နိုင်ငံရဲ့ အထွေထွေသမိုင်းစာအုပ်မဟုတ်ပါဘူး။ အဲဒီခေတ်က စီးပွားရေးနဲ့ လူမှုရေးပြုပြင် ပြောင်းလဲမှုတွေနဲ့ သွယ်ဝိုက်ပြီး ဆက်သွယ်မှုရှိခဲ့တဲ့ လင်းကင်းအကြောင်း ကို အနီးကပ်ဆုံး ကျွန်တော် ဖော်ချရေးသားခဲ့ပါတယ်။ ဒီစာအုပ်ဟာ အမေရိကန်ပြည်တွင်းစစ်ပွဲရဲ့ သမိုင်းစာအုပ်လည်း မဟုတ်ပါဘူး။ အမေရိကန်ပြည်ထောင်စုက ခွဲထွက်တဲ့ ကော်နဖက်ဒရေးစီရဲ့ အတွင်းရေးတွေကို တစ်ခုမှ ရေးမထားပါဘူး။ သူတို့ရဲ့ အတွင်းရေးတွေကို လင်းကင်း မသိနိုင်ခဲ့လို့ ဖြစ်ပါတယ်။

ဒီစာအုပ်ဟာ စစ်သမိုင်းစာအုပ်လည်း မဟုတ်ပါဘူး။ လင်းကင်းကိုယ်တိုင် မမြင်ခဲ့၊ မတွေ့ခဲ့တဲ့ ရွေးကောက်ပွဲ မဲဆွယ်မှုတွေနဲ့ တိုက်ပွဲတွေ အကြောင်းကို ကျွန်တော် ထည့်မရေးခဲ့ပါဘူး။ အမေရိကန်ပြည်တွင်းစစ်ပွဲဖြစ်ရခြင်းအကြောင်းရင်းကိုလည်း ကျွန်တော် ကျယ်ကျယ်ပြန့်ပြန့် တင်ပြဆွေးနွေးမှု မလုပ်ခဲ့ပါဘူး။ အမေရိကန်ပြည်တွင်းစစ်ပွဲဟာ ပထမဆုံး ခေတ်သစ်စစ်ပွဲ ဟုတ်မဟုတ်ဆိုတဲ့ မေးခွန်းကိုလည်း ကျွန်တော် မထိတို့ခဲ့ပါဘူး။ ဒီအချက် အလက်တွေဟာ အရေးပါတဲ့ အကြောင်းအရာတွေဖြစ်ပါတယ်။ ဒါပေမယ့် ဒီအချက်တွေဟာ သမ္မတကြီးလင်းကင်းနဲ့ ဘယ်လိုမှ ဆက်စပ်ပတ်သက်မှု မရှိခဲ့လို့ မရေးခဲ့တာဖြစ်ပါတယ်။ "လင်းကင်းက ကျွန်တွေကို လွတ်လပ်အောင် လုပ်ပေးခဲ့သလား၊ ဒါမှမဟုတ် ကျေးကျွန်တွေက သူတို့ဟာသူတို့ လွတ်လပ်အောင်လုပ်လို့ခဲ့သလား"

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့မေးခွန်းကိုလည်း ကျွန်တော် ထည့်မမေးခဲ့ဘူး။ လူမည်းကျွန်များ လွတ်လပ်ခွင့်နဲ့ ပတ်သက်လို့ အထက်ပါ လမ်းစဉ်နှစ်ခုဟာ တစ်ခုနှင့်တစ်ခု ဝိရောဓိမဖြစ်မှန်း လင်းကင်းက သိရှိခဲ့ပြီးပါပြီ။

ဒီအထုပ္ပတ္တိစာအုပ်မှာ လင်းကင်းရဲ့ဘဝ တစ်လျှောက်လုံးမှာ တွေ့ခဲ့ရတဲ့ လင်းကင်းရဲ့ အခြေခံအကျင့်စာရိတ္တအကြောင်းကို မီးမောင်းထိုး ပြထားပါတယ်။ အရေးပါသည့် သူ၏ တုံ့ကိုဘာဝေ သဘာဝအကြောင်း ဖြစ်ပါတယ်။

ဒီစာအုပ်ကို ပြုစုရေးအတွက် ကျွန်တော်ဟာ အဖက်ဖက်က အကူအညီမြောက်မြားစွာ ရရှိခဲ့ပါတယ်။ ကျွန်တော်ရရှိခဲ့တဲ့ အကူအညီတွေ အင်အားကောင်းခဲ့ပုံနဲ့ တွက်ကြည့်ရင် ဒီစာအုပ်ဟာ ခြောက်ပစ်ကင်း သဲလဲစင် စာအုပ်တစ်အုပ် ဖြစ်သင့်ပါတယ်။ အဲဒီလိုတော့ မဖြစ်ခဲ့ပါဘူး။ ဒီစာအုပ်မှာ အမှားအယွင်းများနဲ့ ကောက်ချက်ချလွဲမှုတွေ ပါခဲ့ရင် ကျွန်တော် တစ်ဦးတည်းမှာသာ တာဝန်ရှိပါတယ်။

ဒေးဗစ် ဟားဘတ် ဒေါနာလ်ဒ်

အခန်း (၁)

ဆင်းရဲသားများ၏ သမိုင်း

အေဘရာဟမ် လင်းကင်းသည် သူ၏ ဘိုးဘွားအစဉ်အဆက် အကြောင်းကို စိတ်ဝင်စားသူ မဟုတ်ခဲ့ပါ။ သူ၏စိတ်ထဲတွင် သူသည် ကိုယ့်ဘူးကိုယ်ချွန်လူတစ်ယောက်ဖြစ်သည်။ သူ၏မိသားစုအစဉ်အဆက် ဆင်းသက်ခဲ့ပုံကို စိတ်ဝင်စားစရာမလိုသော လူတစ်ယောက်ဖြစ်သည်ဟု ထင်ခဲ့သူဖြစ်သည်။ ၁၈၅၉ ခုနှစ်တွင် သူ့အား အမေရိကန် သမ္မတလောင်းအဖြစ် အရွေးခံရရေးကို မြှင့်တင်ပေးနိုင်ရေးအတွက် အထောက်အကူပြုစေရန် မိတ်ဆွေများက သူ၏ ကိုယ်ရေးရာဇဝင် အချက်အလက်များကို မေးမြန်းခဲ့ကြသည်။ သူက သူ၏မိသားစုရာဇဝင်ကို အကျဉ်းဆုံးနှင့် အရှင်းဆုံး ပြန်လည်ဖြေကြားခဲ့သည်။

"ကျွန်တော့်မိဘတွေဟာ ဟာဂျီးနီးယားပြည်နယ်မှာ မထင်ရှားတဲ့ ဒုတိယတန်းစား မိသားစုတစ်စုက မွေးဖွားလာခဲ့ကြသူတွေဖြစ်တယ်လို့ ကျွန်တော်ပြောရလိမ့်မယ်ထင်ပါတယ်"

နောက်တစ်နှစ်အကြာတွင် သူ၏ ရွေးကောက်ပွဲဝင် ကိုယ်

www.burmeseclassic.com

ရေးရာဇဝင်ကို ရေးသားရန်အတွက် ရှိကာဂိုထရစ်ဒ်ဖြန်း သတင်းစာမှ အယ်ဒီတာ ဂျွန် လော့ခ် စကရစ်ဆိုသူက သူ့.ကိုအကြံပြုခဲ့သည်။ ထိုအခါ တွင် စကရစ်ကို ပြန်ပြောခဲ့သည်။

"မစ္စတာ စကရစ်၊ ကျွန်တော်ရဲ့. ငယ်ဘဝထဲက တစ်ခုခုကို ဆွဲ ထုတ်ယူဖို့. ကြိုးစားခြင်းဟာ အလွန်မိုက်မဲရာကျလိမ့်မယ်။ ဝါကျ တစ် ကြောင်းတည်းနဲ့. အတိုချုပ်ရေးလို့. ရနိုင်ပါတယ်ဗျာ။ အဲဒီဝါကျကို ဂရေး ရေးတဲ့ လွမ်းချင်[1]ထဲမှာ ခင်ဗျားတွေ့.နိုင်ပါတယ်။

'ဆင်းရဲပြီး ရိုးသားတဲ့ ဆင်းရဲသားတွေရဲ့. သမိုင်း'[2]တဲ့။

အဲဒါဟာ ကျွန်တော့်ဘဝပဲ။ ကျွန်တော်ကို အမွန်းတင် ရေးမယ် ဆိုရင် ခင်ဗျားပဲဖြစ်ဖြစ်၊ တခြားဘယ်သူပဲဖြစ်ဖြစ် နားလည် နိုင်မှာ အဲဒါပဲ ရှိပါတယ်"

(၁)

လင်းကင်းသည် မိခင်ဖြစ်သူ၏ ဟဲင့်စ်မိသားစုများအကြောင်းကို လုံးဝနီးပါး မသိသလောက်ရှိခဲ့သည်။ သူတို့.သည် ၁၈၇၀ ခုနှစ် ခန့်.တွင် ဗာဂျီးနီးယားပြည်နယ်မှ ကဲန်တပ်ကီးပြည်နယ်သို့. ပြောင်းရွှေ့.နေထိုင် ခဲ့ကြသည်။ သူတို့.သည် ဆွေမျိုးများသူများ ဖြစ်ကြသည်။ အများစုမှာ စာမတတ်ကြ။ သို့.သော်လည်း ဝင်ငွေ မျှမျှတတ ရရှိကြသူများဖြစ်ပြီး လူ ရိုသေ၊ ရှင်ရိုသေ လယ်သမားများ ဖြစ်ကြသည်။

သူတို့.၏ မျိုးရိုးစဉ်ဆက် ဇစ်မြစ်ကိုသိရန်မှာမူ ခက်ခဲလှသည်။ ဆွေစဉ်မျိုးဆက် သားသမီးများ၏အမည်များ မှည့်ပုံ ဆန်းသောကြောင့် ဖြစ်သည်။ ဆွေစဉ်မျိုးဆက်များတစ်လျှောက်တွင် ယောကျ်ားကလေးများ အားလုံးကို ဂျိမ်းစ်၊ ဂျွန်ဟု အများဆုံး အမည်ပေးခဲ့တတ်ကြသည်။

မိန်းကလေးများကို ပေါ်လီ၊ လူစီ၊ နန်စီ အမည်များသာ ပေးတတ်ကြသည်။

၁၇၈၀ ပြည့်လွန်နှစ်များတွင် မွေးဖွားခဲ့ကြသော မိန်းကလေး များတွင် နန်စီ ဟဲင့်စ် အနည်းဆုံး ရှစ်ဦး ရှိခဲ့သည်။ အေဘရာဟမ် လင်းကင်း၏ မိခင်မှာ ထိုသူများထဲတွင် ဒာစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။ သူ၏မိခင်မှာ တရားဝင် လက်ထပ်ခဲ့သူ မဟုတ်ဟု အေဘရာဟမ် လင်းကင်းက ယုံကြည်ခဲ့သည်။ လင်းကင်းသည် သူ၏မိခင် အကြောင်းကို ပြောခဲ့လှသည်။ သို့.သော်လည်း ၁၈၅၀ ပြည့်လွန် နှစ်များအတွင်းက လုပ်ဖော်ကိုင်ဖက် ရှေ့.နေ ဝီလျံ အိပ်ချ် ဟန်ဒင်နှင့်တော့ ပြောခဲ့မိသည်။ သူတို့.နှစ်ဦးသည် မင်းနတ်ခရိုင် တရားရုံးတွင် အမှုတစ်ခုအတွက် ရှေ့.နေလိုက်ရန် သူ၏ တစ်ကောင်တည်း မြင်းလှည်းဖြင့် စပရင်းဖီးလ်မှ ပစ္စဘတ်သို့.အသွား လမ်းခရီးတွင် စကားစပ်သွားခဲ့မိကြခြင်းဖြစ်၏။ သူတို့.အမှုမှာ မျိုးရိုးအန္တယ် အကြောင်းနှင့် ဆက်စပ်နေသော အကြောင်း တစ်ခု ပါနေသောကြောင့် စကားစပ်မိသွားခဲ့ခြင်းဖြစ်သည်။ လင်းကင်းက "တရားဝင် လက်မထပ်ကြသော မိဘများက မွေးလာကြသော ကလေး များသည် တရားဝင်ရသော ကလေးများထက် အများအားဖြင့် ပို၍ ကြံ့.ခိုင် ပြီး ဉာဏ်ကောင်းကြသည်" ဟု မှတ်ချက်ချ ပြောဆိုခဲ့သည်။ သူ၏မိခင်မှာ လူစီ ဟဲင့်စ်နှင့် ဗာဂျီးနီးယားပြည်နယ်မှ စားနိုင်သောက်နိုင် လယ်သမား သို့.မဟုတ် စိုက်ပျိုးရေးသမားတစ်ဦးတို့.မှ မွေးဖွားခဲ့ခြင်းဖြစ်သည်ဟု လင်းကင်းက ပြောပြခဲ့သည်။ လင်းကင်းသည် သူ၏ မိသားစုအတွင်းရှိ အခြားသူများနှင့် မတူဘဲ ထူးခြားသည့် မျှော်မှန်းချက်ကြီးမားခြင်း၊ စိတ်သွက် လက်ခြင်းနှင့် ပိုင်းခြားစိတ်ဖြာ ဝေဖန် သုံးသပ်တတ်မှု အားကောင်းခြင်း စတဲ့ အရည်အသွေးများကို ဗာဂျီးနီးယား ပြည်နယ်သား အမြင်ကျယ်သည့် မထင် မရှား အဘိုးဖြစ်သူထံမှ အမွေရရှိ ခဲ့ခြင်းဖြစ်သည် ဟုလည်း ယုံကြည် ခဲ့သည်။

လင်းကင်းသည် မိခင်ဖြစ်သူဘက်မှ ဟဲင့်စ်မိသားစု ဘိုးဘွားများ

www.burmeseclassic.com

အကြောင်းထက် ဖခင်ဘက်မှ အေဘရာဟမ် ဘိုးဘွားများအကြောင်းကို အနည်းငယ်ပို၍ သိသူဖြစ်၏။ ဖခင်၏ ပြောပြချက် အရ လင်းကင်း၏ အဘိုးအမည်မှာ အေဘရာဟမ် ဖြစ်ကြောင်းနှင့် လင်းကင်း၏ အမည်ကိုလည်း အဘိုး၏ အမည်အတိုင်း အေဘရာဟမ်ဟု ကင်ပွန်းတပ်ခဲ့ကြောင်း လင်းကင်း သိခဲ့ရသည်။ အဘိုးအေဘရာဟမ် မှာ သက္ကရာဇ် ၁၈၇၀ ပြည့်လွန်နှစ်များတွင် ဗာဂျီးနီးယားပြည်နယ်မှ ကဲန်တပ်ကီးပြည်နယ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ မရှင်းလင်းသော မိသားစု အစဉ်အလာများလည်း ရှိခဲ့သည်။ ရှေးဦးပိုင်း လင်းကင်းအနွယ်များသည် ပဲန်ဆယ်လ်ဗေးနီးယားပြည်နယ်တွင် နေထိုင်ပြီး ကွေ့.ကာဘာသာရေးဂိုဏ်းဝင်များ[3] ဖြစ်ခဲ့ကြသည်။ ဒေသခံ အခြားသူများနှင့် ဓလေ့ချင်း ကွဲပြားခဲ့ကြသည်ဟုဆိုသည်။ ၁၈၆၀ ခုနှစ်၊ သမ္မတ ရွေးကောက်ပွဲဝင် လင်းကင်း၏ အတ္ထုပ္ပတ္တိ၌ လင်းကင်း၏ ဘိုးဘွားများအကြောင်းမှာ မရေရာမှုနှင့် လုံးဝ အမှောင်ကျမှသာ ဖြစ်ခဲ့သည်ဟု ဝီလျံ ဒင်း ဟောင်းဝဲလ်က ရေးသားဖော်ပြခဲ့သည်။

ဆက်လက်လေ့လာဆန်းစစ်မှုများအရ လင်းကင်း အမျိုးအနွယ်များသည် ဗာဂျီးနီးယားပြည်နယ်မှ ဖြစ်သည်။ သို့သော်လည်း လင်းကင်း၏ စောစောပိုင်းက ဘိုးဘွားများမှာ ပဲန်ဆယ်လ်ဗေးနီးယား ပြည်နယ်တွင် နေထိုင်ခဲ့ကြပြီး ပဲန်ဆယ်လ်ဗေးနီးယား မိတ်ဆွေများအသင်း[4]ဝင်များ ဖြစ်ခဲ့ကြသည်။ ဆက်လက်လေ့လာရာတွင် မူလ လင်းကင်းဖြစ်သူ ဆင်မြူယဲလ် လင်းကင်းဆိုသူမှာ ၁၆၃၇ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ နော်ဖောဲ့ခရိုင်မှ အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ် ဟင်းဂမ်းမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သူဖြစ်ကြောင်း တွေ့ရသည်။ အင်္ဂလန်တွင် ရက်ကန်းသမားတစ်ဦးဖြစ်ခဲ့သော ဆင်မြူယဲလ်သည် အမေရိကန်နိုင်ငံတွင် အောင်မြင်ကြီးပွားသော ကုန်သည်တစ်ဦး ဖြစ်လာခဲ့သည်။ ဘုရားရှိခိုးကျောင်း၏ အဓိကမဏ္ဍိုင် ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့သည်။ ဆင်မြူယဲလ်တွင် သားသမီး ၁၁ ဦး ထွန်းကားခဲ့သည်။ အမည်များကို

ဒံနီယဲလ်၊ သောမတ်စ်၊ မော်ဒီဆိုင်း၊ ဆာရာစသည်ဖြင့် ပေးခဲ့ရာ ထိုအမည်များသည် မိသားစု၏ အစဉ်အလာ အမည်များ ဖြစ်လာခဲ့သည်။ ဆယ်မြူယဲလ်၏ မြေးဖြစ်သူ မော်ဒီဆိုင်း လင်းကင်း (၁၆၈၆–၁၇၃၆)[5]မှာ မိသားစုမှ အအောင်မြင်ဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ မော်ဒီဆိုင်းသည် ပဲန်ဆယ်လ်ဗေးနီးယားပြည်နယ်တွင် သဲကုန်သည်တစ်ဦးဖြစ်ပြီး ကြွယ်ဝသည့် မြေပိုင်ရှင်တစ်ဦးလည်းဖြစ်သည်။ ၁၈ ရာစုနှစ်၏ စီးပွားရေးနှင့် လူမှုရေးလောကတွင် လူကုံထံတစ်ဦးဖြစ်ခဲ့သည်။ သူသည် ဟန်နာ စလိတ်တာဆိုသူနှင့် လက်ထပ်ခဲ့သည်။ သူမသည် နယူးကျာစီပြည်နယ် လွှတ်တော်အမတ်များ၏ သမီး၊ တူမနှင့် မြေးတော်သူဖြစ်ခဲ့သည်။ ယာယီပြည်နယ်အုပ်ချုပ်ရေးမှူး၏ တူမလည်း ဖြစ်ခဲ့သည်။ မော်ဒီဆိုင်း၏ သားဖြစ်သူ ဂျွန် လင်းကင်း (၁၇၁၆–၁၇၈၈) သည် ဗာဂျီးနီးယားပြည်နယ်ရှိ ရှဲန်နန်ဒိုးဝါးတောင်ကြားသို့ ရွှေ့ပြောင်း နေထိုင်ခဲ့သည်။ ဖခင်၏ ထောက်ပံ့မှုဖြင့် ရော့ကင်ဟမ်ခရိုင်တွင် ကြီးမားသော ခြံမြေပိုင်ရှင်တစ်ဦး ဖြစ်လာခဲ့သည်။ ဂျွန် လင်းကင်းသည် အေဘရာဟမ် လင်းကင်း၏ ဘကြီးဖြစ်သည်။ ဗာဂျီးနီးယားပြည်နယ်၏ အကောင်းဆုံး မြေဧက ၂၁၀ ကို ပိုင်ဆိုင်ခဲ့သူဖြစ်သည်။ အတိုချုပ်ဆိုရသော် အေဘရာဟမ် လင်းကင်းသည် သတ္တမမြောက် လင်းကင်းမျိုးဆက်ဖြစ်သည်။ အစွမ်းအစရှိပြီး ဂုဏ်သိက္ခာနှင့် ပြည့်စုံ၍ လူဇရေးလုပ်ငန်း အသင့်အတင့် စိတ်ထက်သန်မှုရှိသည့် မိဘမျိုးရိုးမှ ဆင်းသက်လာသူဖြစ်ပေသည်။

(၂)

သမိုင်းမှတ်တမ်းများကို ပို၍ အနီးကပ် လေ့လာကြည့်သော အခါတွင် လင်းကင်း၏ အဘိုးဖြစ်သူ အေဘရာဟမ် လင်းကင်းသည် ဖခင်ဖြစ်သူ သောမတ်စ် လင်းကင်းအပေါ်တွင် ထူးထူးခြားခြား ပို၍ ကြင်နာ

www.burmeseclassic.com

သောအခြင်ရှိကြောင်း သိရသည်။ သောမတ်စ် လင်းကင်း၏ ဖခင်သည် ဗာဂျီးနီးယားရှိ သူ၏မြေယာများကို ရောင်းချပြီး ရေသစ်မြေသစ် ရှာဖွေရန်အတွက် ကလေးငါးဦးနှင့်အတူ တောင်တန်းများကို ကျော်ဖြတ်ကာ ကဲန်တပ်ကီးပြည်နယ်သို့ ထွက်ခွာခဲ့သည်။ ခပ်ဝေးဝေး အမျိုးတော်စပ်သူ ဒဲန်နီယဲလ် ဘွန်း ဆိုသူထံမှ ကဲန်တပ်ကီးပြည်နယ်တွင် မြေများပေါပုံကို ကြားသိခဲ့ရခြင်းကြောင့်ဖြစ်သည်။ ကဲန်တပ်ကီးပြည်နယ်မှာ လူများများ အခြေတကျ မရှိသေးသော နယ်မြေကြီးဖြစ်သည်။ ဗာဂျီးနီးယား ဓနသဟာယနယ်မြေအောက်တွင်ရှိသည်။ ဒဲန်နီယဲလ်ဘွန်း ကတိပြုပြောဆို ခဲ့သည်အတိုင်း အခွင့်အရေးကောင်းများကိုလည်း ၄င်းတို့ တွေ့ရှိခဲ့ကြရသည်။ သောမတ်စ် မိသားစုမှာ နှစ်အနည်းငယ်အတွင်း၌ပင် ကဲန်တပ်ကီးပြည်နယ်၏ အကောင်းဆုံးဒေသတွင် မြေ ၅၅၄၄ ဧကကို ပိုင်ဆိုင်သူများဖြစ်လာခဲ့သည်။

သို့သော်လည်း ၄င်းတို့နေထိုင်ရာဒေသမှာ တောကြီးမျက်မည်းဖြစ်ခဲ့သည်။ ကြောက်စရာကောင်းလှသည်။ ၁၇၈၆ ခုနှစ်တွင် ဖြစ်သည်။ ဖခင် သောမတ်စ် လင်းကင်းနှင့် သားသုံးဦးဖြစ်သူ မော်ဒီဆိုင်း၊ ဂျိုဆီယာနှင့် သောမတ်စ်တို့သည် ၄င်း၏ မြေသစ်တွင် ပြောင်းဖူးစိုက်နေကြခိုက် အင်ဒီးရင်းလူနီများ၏ တိုက်ခိုက်ခြင်းကို ခံခဲ့ကြရသည်။ ဖခင်ကြီး အောဘရာဟမ် လင်းကင်းမှာ ရုတ်ခြည်း အသတ်ခံလိုက်ရသည်။ ၁၅ နှစ်အရွယ်ရှိ အကြီးဆုံးသားဖြစ်သူ မော်ဒီဆိုင်းသည် ညီဖြစ်သူ ဂျိုဆီယာကို မိုင်ဝက်ခန့်ဝေးသော အိမ်များရှိရာသို့ ပြေးပြီး အကူအညီ တောင်းခိုင်းခဲ့သည်။ သူကိုယ်တိုင်ကလည်း အနီးအနားရှိ သစ်လုံးအိမ်တစ်ခုသို့ ထွက်ပြေးပြီး ပုန်းခဲ့ရသည်။

သစ်လုံးများကြားမှ ချောင်းကြည့်ခဲ့ရာ လူနီတစ်ဦးသည် တောထဲမှ ထွက်လာပြီး ၈ နှစ်သားအရွယ်ရှိ ညီငယ် သောမတ်စ်ထံသို့ ပြေးလာပုံကို တွေ့လိုက်ရသည်။ သောမတ်စ်ကလေးသည် သေဆုံးသွား

သော ဖခင်ကြီး၏ဘေးတွင် ထိုင်လျက်ရှိနေသည်။ ထိုအချိန်တွင် မော်ဒီဆိုင်းသည် ရိုင်ဖယ်သေနတ်တစ်လက်ကို ဆွဲကောက်ယူပြီး လူနီ၏ရင်ဘတ်ပေါ်တွင် တွဲလွဲကျနေသော ငွေဆွဲပြားကို တည့်တည့်ချိန်၍ ပစ်ထည့်လိုက်သည်။ လူနီမှာ သောမတ်စ်ထံ မရောက်မီ လဲကျသေဆုံးသွားခဲ့သည်။ ဤဇာတ်လမ်းကို သောမတ်စ် လင်းကင်းက နောင် အခါတွင် ထပ်တလဲလဲ ပြန်ပြောလေ့ရှိသည်။ "ဤအဖြစ်သည် အခြားအဖြစ်များထက် ကျွန်တော်၏ စိတ်နဲ့ မှတ်ဉာဏ်ထဲတွင် ပို၍ စွဲကျန်ရစ်သော သမိုင်းဖြစ်ခဲ့သည်"ဟု အောဘရာဟမ် လင်းကင်းကလည်း ပြန်လည်ပြောဆိုခဲ့သည်။

အထက်ဖော်ပြပါ ကြေကွဲဖွယ်ရာ အဖြစ်အပျက်၏ နောက်ဆက်တွဲ စီးပွားရေးအကျိုးဆက်များကို သောမတ်စ် လင်းကင်းနှင့် သားဖြစ်သူ အောဘရာဟမ် လင်းကင်းတို့သည် သတိမူခဲ့ကြပုံ မပေါ်ပေ။ ထိုအချိန်အထိ ဗာဂျီးနီးယားဥပဒေတွင် ဖခင်သေလျှင် သားကြီး ဩရသက အမွေဆက်ခံခြင်း[6]ရှေးဟောင်းဥပဒေ တည်ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် သားအကြီးဆုံး မော်ဒီဆိုင်းသည် အရွယ်ရောက်လာသည်နှင့် ဖခင်၏ အိမ်မြေခြံဟာအားလုံးကို အမွေရရှိခဲ့လေသည်။ မော်ဒီဆိုင်းသည် ကဲန်တပ်ကီးပြည်နယ်၊ ဂေါ်ရှင်တင်ခရိုင်တွင် မျက်နှာဖုံးပုဂ္ဂိုလ်တစ်ဦးဖြစ်လာသည်။ ငွေကြေးပစ္စည်း အတော်အတန်ချမ်းသာပြီး ပြိုင်မြင်းကောင်းများ မွေးမြူခြင်းကို ဝါသနာပါသူဖြစ်ခဲ့သည်။ လင်းကင်းသည် ဆွေမျိုးသားချင်းထဲမှ ဦးလေး မော်ဒီဆိုင်းတစ်ဦးတည်းကိုသာ သိခဲ့သည်။ ဦးလေးမော်ဒီဆိုင်းသည် ဟာသဉာဏ်ရှင်ပြီး အရည်အချင်းရှိသူဖြစ်သည်ဟု အောဘရာဟမ် လင်းကင်းက သိခဲ့သည်။ "တကယ်တော့ ဦးလေးမော်ဒီဆိုင်းဟာ မိသားစုရဲ့ အစွမ်းအစ ငွေကြေးအားလုံးကို ခိုးယူသွားခဲ့တယ်"ဟု လင်းကင်းက မှတ်ချက်ချခဲ့ဖူးသည်။ ဖခင်၏အမွေကို ဆက်ခံခွင့် မရခဲ့သော လင်းကင်းနှင့် ညီနှစ်ယောက်တို့မှာမူ ကိုယ်ဝမ်းစာ ကိုယ်ရှာဖို့ ဖြစ်လာခဲ့လေသည်။

www.burmeseclassic.com

ကြောက်ဖွယ်ရာအဖြစ်ကြောင့် အငယ်ဆုံးသားဖြစ်သူ သောမတ်စ် လင်းကင်းအတွက် အခက်ကြုံခဲ့ရသည်။ သူ့.အဖို့ ကဲန်တပ်ကီးပြည်နယ်မှ ငွေကြေးကုံလုံသူ ခြံယာရှင်တစ်ဦး၏ အမွေခံ သားဖြစ်ရေး မျှော်လင့်ချက် ကုန်ဆုံးသွားခဲ့သောကြောင့် ဖြစ်လေသည်။ သူ့.အတွက် နေစရာနှင့် ဝမ်း တစ်ထွာစရိတ်များရအောင် ရှာကြံလုပ်ကိုင်ခဲ့ရသည်။ ဖခင်ဖြစ်သူ ငယ်စဉ် က မည်မျှ ခက်ခက်ခဲခဲ ရုန်းကန်လှုပ်ရှားခဲ့ရသည်ကို အောဘရာဟမ် လင်းကင်းသည် ဘယ်အခါကမှ အပြည့်အဝ နားမလည်ခဲ့ပေ။ ဖခင် သော မတ်စ်မှာ အပြင်းအစ်ထန် အလုပ်လုပ်ခဲ့ရရှာသည်။ တစ်နေ့.တာလုပ်အားခ ၃ သျှီလင် ရရှိရေးအပြင် အပိုဝင်ငွေရအောင် လက်သမားအဖြစ်နှင့် သေတ္တာ များ လုပ်ခဲ့ရသည်။ ဝင်ငွေများကို တဖြည်းဖြည်း စုဆောင်းယူပြီးမှ မီးလ် ကရိခ်တွင် ၂၃၈ ကေကျယ် ပထမဆုံးခြံမြေကို ဝယ်ယူနိုင်ခဲ့သည်။ ထို့နောက် သောမတ်စ်သည် ပျမ်းမျှအရပ်ထက်မြင့်ပြီး ကျောရိုးဖြောင့်၍ နှာခေါင်းအထူးရှည်သည်။ တုတ်တုတ်ခိုင်ခိုင်နှင့် ဗလကောင်းသူတစ်ဦး အဖြစ် အဲလီးဇာဘက်မြို့.နှင့် မောခ်ဒင်းဇီးလ်မြို့.များတွင် လူသိများသူတစ်ဦး ဖြစ်လာခဲ့သည်။ "သူသည် ပညာမတတ်သော်လည်း ရိုးရိုးသားသားနှင့် ဟန်ဆောင်မှု ကင်းသူဖြစ်သည်။ အလုပ်ကို လေးလေးမှန်မှန် ကြိုးစားသည်။ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်လုပ်တတ်ပြီး သဘော ကောင်းသော လူအေးတစ်ယောက်ဖြစ်သည်" ဟု အိမ်နီးနားချင်း တစ်ဦးက ပြန်ပြောပြ ခဲ့သည်။

သောမတ်စ် အကြောင်းကို ပြောလျှင် ရိုးသားခြင်းဆိုသည့် နာမဝိသေသနကို အများဆုံး အသုံးပြုခဲ့ကြသည်။ သူ၏ အသိုင်းအဝိုင်းက ရိုသေကြသည်။ ပြည်သူ့.စစ်တွင် အမှုထမ်းခဲ့ပြီး ဂျူဂီလူကြီး အဖွဲ့.ဝင် အဖြစ်လည်း တာဝန်ပေးခြင်း ခံခဲ့ရသည်။ သောမတ်စ်သည် ဘယ်အခါ ကမျှ ချမ်းသာကြွယ်ဝခြင်း မရှိခဲ့။ သို့.သော်လည်း လူရိုသေ ရှင်ရိုသေ ဖြစ်ရုံအတွက်တော့ ပစ္စည်းရှိခဲ့သည်။ ၁၈၁၄ ခုနှစ်က သူ့.ခရိုင်တွင် ပစ္စည်း

ရှိသူများအဖြစ် ၉၈ ဦး စာရင်းပေါက်ခဲ့ရာ သောမတ်စ်က အဆင့် ၁၅ တွင် ရှိခဲ့သည်။

၁၈၀၆ ခုနှစ်တွင် သောမတ်စ် လင်းကင်းသည် နန်စီ ဟဲင့်စ် နှင့် လက်ထပ်ပြီး အဲလီးဇာဘက်မြို့.တွင် အိမ်မြေးတစ်လုံးဆောက်ကာ နေထိုင် ခဲ့ကြသည်။ ရှစ်လအကြာတွင် ပထမဦးဆုံး သမီးလေး ဆာရာကို ရရှိခဲ့ကြ သည်။ ၁၈၀၉ ခုနှစ်တွင် ဧက ၃၀၀ ရှိ ခြံမြေတစ်ခုကို ထပ်၍ ဝယ်နိုင် ခဲ့ကြသည်။ ထိုခြံမြေကို 'ရေထွက်စွမ်း'ဟု အမည်ပေးခဲ့သည်။ ဂူကြီးတစ်ခုမှ စီးဆင်းလာသော စမ်းချောင်းတစ်ခုသည် ခြံမြေအတွင်း၌ ရှိနေသောကြောင့် ထိုအမည်ကို ပေးခဲ့ခြင်းဖြစ်သည်။ စမ်းချောင်းဘေးရှိ တောင်ကမူလေး ပေါ်တွင် ၁၆ ပေနှင့် ၁၈ ပေ အကျယ်ရှိ ပြတင်းပေါက်မဲ့ မြေစိုက်သစ်လုံး နေအိမ်လေးတစ်ခုကို ခိုင်ခိုင်မာမာ ဆောက်ခဲ့ကြသည်။

ထိုအိမ်လေး၌ အောဘရာဟမ် လင်းကင်းကို ၁၈၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့.တွင် မွေးဖွားခဲ့သည်။ လင်းကင်း ၁၂ နှစ်သား မပြည့်ခင်မှာပင် မိဘများက ရွှေ့ပြောင်းခဲ့ကြသဖြင့် လင်းကင်းသည် သူ၏ ချက်မြုပ်ရာ နေရာကို ဘာမှ မမှတ်မိခဲ့ချေ။ ရေထွက်စမ်းရှိမြေမှာ သစ်ပင်ဝါးပင် မပေါက်သော မြေညှိဖြစ်ခဲ့သည်။ ထိုမြေကြီးသည် မိသား စုအတွက် ရွှေမသီးနိုင်သော မြေဖြစ်မှန်း သောမတ်စ်သည် ချက်ချင်း သိခဲ့၏။ ထို့ကြောင့် သူသည် ၄င်းဒေသ၏ အရှေ့.မြောက်ဖက် ၁၀ မိုင် ခန့်. အကွာရှိ နော့ဘ်ချောင်းအနီးတွင် မြေကွက်အသစ်တစ်ခုကို ထပ်ဝယ် ခဲ့သည်။ မြေမှာ နည်းနည်း သေးသော်လည်း မြေဩဇာကောင်းသည်။

သောမတ်စ်နှင့် မိသားစုသည် ထိုအရပ်တွင် အခြားအိမ်နီး နားချင်းအများစုကဲ့သို့.ပင် တစ်ခန်းတည်းသာရှိသော မြေစိုက်သစ်လုံး အိမ် ဖြင့် နေထိုင်ခဲ့ကြသည်။ ပတ်ဝန်းကျင်မှာ သာယာလှသည်။ ချောင်းရေမှာ ကြည်လင်လှသည်။ ရေအောက် ၁၀ ပေလောက်ရှိ ကျောက်စရစ်ခဲလေး များကိုပင် မြင်ရသည်။ သောမတ်စ်သည် ပြောင်းဖူးများစိုက်ခဲ့ရာ လွယ်လွယ်

www.burmeseclassic.com

ကူကူနှင့် အောင်မြင်ခဲ့သည်။

အေဘရာဟမ် လင်းကင်းသည် နော့ဘ်ချောင်းခြံဟာတွင် နေထိုင်ခဲ့သော သူ၏ငယ်ဘဝကို မှတ်မိသည်။ သို့သော်လည်း မိခင်အကြောင်းနှင့် ဆက်စပ်မှု နည်းပါး၏။ သူ၏ မိခင်အကြောင်းကို များများမသိရပေ။ မိခင်၏ ပုံပန်းသဏ္ဌာန် မည်သို့ရှိသည်မှာ မသဲကွဲလှ။ မိခင်နှစ်စီ ဟဲင့်စ် လင်းကင်း၏ ပုံတူကို ဂရစိုက် ပုံဆွဲပြနိုင် သူလည်း တစ်ဦးမျှ မရှိခဲ့။ ခါတ်ပုံပညာကလည်း ပေါ်ဖို့ တစ်မျှော် တစ်ခေါ် ဝေးကွာသော အနာဂတ်ကာလတွင် ရှိနေဆဲဖြစ်သည်။ နှစ်စီကို သိခဲ့ကြသူများကလည်း နောင်နှစ်ပေါင်းများစွာအကြာတွင် နှစ်စီ၏အကြောင်းကို အမျိုးမျိုး ပြောခဲ့ကြသည်။ အရပ်အနေတော်ရှိသည်။ သို့မဟုတ် အရပ်မြင့်သည်။ ပိန်သည်ဟု တစ်မျိုး၊ သန်မာသည်ဟုတစ်မျိုး၊ လှသည်ဟုတစ်မျိုး၊ ရိုးရိုးစင်းစင်းဖြစ်သည်ဟုတစ်မျိုး အမျိုးမျိုးပြောဆိုခဲ့ကြသည်။ သို့သော် သူမသည် ဉာဏ်ကောင်းသည်ဟု အများစုက အမြင်တူခဲ့ကြသည်။ သူမသည် စာဖတ် တတ်သော်လည်း ထိုခေတ်က နယ်အစွန်အဖျားတွင် နေထိုင်ကြသော အမျိုးသမီးအများစုနည်းတူ စာမရေးတတ်သူဖြစ်သည်။ တရားဥပဒေဆိုင်ရာ မှတ်တမ်း မှတ်ရာများကို လက်မှတ်ထိုးစရာရှိလျှင် ကြက်ခြေခတ် ပြရသည်ဟု အဆိုရှိခဲ့သည်။ လင်းကင်း မှတ်မိစရာအကြောင်းများလည်း ရှိမည်။ နှစ်စီသည် အိမ်ထောင်ထိန်းသိမ်းပေးခြင်း၊ မီးသားစုအတွက် ချက်ပြုတ် ကျေးမွေးခြင်း၊ ခင်ပွန်းနှင့် ကလေးများ၏ စုတ်ပြဲသော အဝတ်အစား များကို ဖာထေးပေးခြင်း၊ လျှော်ဖွပ်ပေးရခြင်းနှင့် ခြံဟာထဲတွင် ကူညီလုပ်ကိုင်ပေးခြင်း စသည်တို့ဖြစ်ပေမည်။ နှစ်စီသည် နော့ဘ်ချောင်း အရပ်တွင် တတိယကလေး မွေးဖွားခဲ့ပြီး သောမတ်စ်ဟု အမည်ပေးခဲ့သော ထိုကလေးမှာ ငယ်ငယ်လေးနှင့် သေဆုံးသွားခဲ့ကြောင်း ကိုတော့ လင်းကင်းမှတ်မိသည်။

နောင်အခါတွင် လင်းကင်းသည် မိခင်အကြောင်း တစ်ခါတစ်ရံ

ပြောမိလျှင် မိခင်နတ်သမီး[7]ဟု တင်စားပြောဆိုတတ်သည်။ ဤသို့ပြောဆိုခြင်းကလည်း မိခင်၏ ကြင်နာယုယမှု မေတ္တာကို အသိအမှတ်ပြုလိုသည်ကတစ်ကြောင်း၊ သက်ရှိထင်ရှားရှိနေသော မိထွေးနှင့် ကွဲပြားလို၍က တစ်ကြောင်း ထိုသို့ ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။ လင်းကင်းက "ကျွန်ုပ် မိခင်အားဘုရားသခင် ကောင်းချီးပြုတော်မူပါ၊ ကျွန်ုပ်အတွက် ဖြစ်လာမည့် အခြေအနေနှင့် မျှော် လင့်တမ်းတမိသော ဘဝအခြေအနေတို့သည် ကျွန်ုပ်၏ မိခင်ကျေးဇူးကြောင့်ဖြစ်သည်" ဟု လင်းကင်းက ပြောဆိုခဲ့ပုံကို ဟန်ဒင်က ပြန်ပြောပြ ခဲ့သည်။ ဤသို့ ဂုဏ်ယူပြော ဆိုခဲ့ခြင်းမှာ မိခင်၏မေတ္တာမွန်မြတ်မှုထက် အဘိုးဖြစ်သူ၏ ဗီဇများကို အမွေပေးခဲ့ခြင်းအတွက် ပို၍ ကျေးဇူးသိခြင်း ဖြစ်ပေသည်။

နော့ဘ်ချောင်းတွင် နေထိုင်ခဲ့ရပုံကို လင်းကင်းက ဂု ဇကေ ရှိ ကွင်းကြီးထဲ၌ အလုပ်လုပ်ခဲ့ရပုံအဖြစ် မှတ်မိခဲ့သည်။ ဖခင်ဖြစ်သူ က ပြောင်းဖူးစိုက်ချိန်တွင် လင်းကင်းက လိုက်သွားရပြီး တောင်ကုန်းတစ်ခုပေါ်တွင် ကျောက်ဖရုံသီးစေ့များ စိုက်ပေးခဲ့ရသည်။ လင်းကင်းသည် သူတို့ အိမ်နှင့် နှစ်မိုင်ခန့် ဝေးသော ကကြီးခကွေး သူငယ်တန်းကျောင်းသို့ နှစ် ကြိမ်တိုင် ခဏတစ်ဖြတ် သွားတက်ခဲ့ဖူးပုံကိုလည်း မှတ်မိသည်။ လင်းကင်းအတွက် စာများများတတ်ရေးထက် သူ၏ညီမဖြစ်သူ အဖော်ရရေးအတွက် ကျောင်းတက်ခဲ့ခြင်းဖြစ်သည်ဟု ဆွေမျိုးတစ်ဦးက ပြန်ပြောပြ ခဲ့သည်။ လင်းကင်းသည် ကကြီး ခကွေးအကွရာများကို ဖတ်တတ်ခဲ့သော်လည်း ကဲနတပ်ကီးပြည်နယ် မှ ပြောင်းရွှေ့ချိန်အထိ စာမရေးတတ်ခဲ့ပေ။

ယေဘုယျအားဖြင့်ဆိုသော် လင်းကင်းသည် ကစားခြင်း၊ အမဲလိုက်ခြင်းနှင့် ငါးများခြင်းတို့ကို ပျော်မွေ့သော သာမန်ယောကျ်ားကလေးတစ်ယောက်ထက် ပိုတဲ့လက္ခဏာ မရှိပေ။ သူသည် ကစားဖော်များထက်ပို၍ အေးဆေးပြီး အဝတ်အစားများကို ကြာကြာသန့်သန့် ဝတ်စား

www.burmeseclassic.com

တတ်ပုံမှလွဲ၍ ထူးထူးခြားခြား ပြောစရာများများ မရှိခဲ့ပေ။ "အေးဘ် (အေဘရာဟမ်) မှာ စိတ်ရင်းကောင်းတာကလွဲရင် သူများထက် ထူးခြားတာ ဘာမှမရှိပါဘူး။ နည်းနည်းတော့ တောသားဆန်တယ်" ဟု ဆွေမျိုး တစ်ဦးက မှတ်ချက်ပေးခဲ့သည်။

(၃)

၁၈၁၆ ခုနှစ်တွင် လင်းကင်းသည် ၇ နှစ်သားအရွယ်၌ သူ၏ မိသားစုသည် အင်ဒီရဲနားပြည်နယ်သို့ ပြောင်းရွှေ့ခဲ့ကြသည်။ သူ၏ ဖခင်သည် ကဲန်တပ်ကီးပြည်နယ်မှ ပြောင်းရွှေ့ခဲ့ခြင်းမှာ တစ်စိတ်တစ် ဒေသအားဖြင့် ကျွန်စနစ်ကို မကြိုက်၍ဖြစ်သည်။ အဓိကအားဖြင့်မူ ကဲန်တပ်ကီးပြည်နယ်တွင် မြေပိုင်ဆိုင်ခွင့် ရရှိမှု အခက်အခဲကြောင့် ဖြစ်သည်ဟု လင်းကင်းက နောင်နှစ်ပေါင်း အတော်အကြာတွင် ပြန်ပြော ပြခဲ့သည်။ ထိုအကြောင်းရင်းနှစ်ခုသည် သောမတ်စ် လင်းကင်း၏ စိတ်ထဲ တွင် ဆက်စပ်မှု ရှိနေခဲ့သည်။ သူသည် အခြေခံအားဖြင့် ကျွန်စနစ်ကို မနှစ်မြို့။ သူတို့ဇနီးမောင်နှံသည် သီးခြားဘက်ပ်တစ်ဘာသာရေးဂိုဏ်း ဝင်များ ဖြစ်ခဲ့ကြသည်။ ၄င်းတို့သည် ငယ်စဉ်ကတည်းက ဘက်ပ်တစ် ဘာသာဝင်ခြင်း၊ ကဲကြမ္မာကို ယုံကြည်ခြင်းစသည့် အစဉ်အလာ ဘက်ပ် တစ်ဝါဒကို ယုံကြည်ကြသည်။ ထိုဂိုဏ်းများသည် အလွန်တင်းကျပ်သော ကိုယ်ကျင့်တရား ဥပဒေများကို လိုက်နာကြသည်။ လင်မယားဖောက်ပြန်မှု၊ အရက် သေစာသောက်စားမှု၊ အတင်းအဖျင်းပြောဆိုမှု၊ မြင်းပွဲလောင်း ကစားမှုနှင့် အခြားအယူဝါဒတို့ကို လက်မခံကြပေ။ အမျှားစုမှာ ကျွန်စနစ် ကို ဆန့်ကျင်ကြသူများဖြစ်သည်။ အေဘရာဟမ် လင်းကင်းသည် မိဘများ နှင့် အမြင်တူခဲ့သည်။ လင်းကင်းက ၁၈၆၄ ခုနှစ်တွင် ပြောခဲ့ဖူးသည်။ "ကျွန်ုပ်သည် ပင်ကိုသဘာဝအားဖြင့် ကျွန်စနစ်ကို ဆန့်ကျင်သူဖြစ်သည်။

ကျွန်အနေနှင့် ကျွန်စနစ်ကို မဆန့်ကျင်တဲ့စိတ်နဲ့ ခံစားမှု တစ်ခါမှ မရှိ ခဲ့ဖူးသေးဘူး" လို့ လင်းကင်းက ပြောဆိုခဲ့ပါသည်။

သောမတ်စ် လင်းကင်း၏ ကျွန်စနစ်ကို မုန်းတီးသောစိတ်သည် စီးပွားရေးနှင့် ဘာသာရေးအခြေခံများပေါ်တွင် မူတည်ခဲ့သည်။ သူသည် ကျွန်စနစ်နှင့် အပြိုင်လုပ်ရမည်ကို မလိုလားပေ။ ကဲန်တပ်ကီးပြည်နယ် သည် ကျွန်စနစ်ကို ကျင့်သုံးသော ပြည်နယ်တစ်ခုအဖြစ် ၁၇၉၂ ခုနှစ်တွင် ခွဲထွက်ပြည်ထောင်စုအဖွဲ့ဝင် ဖြစ်လာခဲ့သည်။ ကဲန်တပ်ကီးပြည်နယ်၏ ဗဟိုဒေသရှိ အကောင်းဆုံးသော မြေများကို လူချမ်းသာများက တိုးချဲ့ ပိုင်ဆိုင်လာခဲ့ကြသည်။ လူမည်းကျွန်များ၏ လုပ်အားဖြင့် ထွန်ယက်စိုက် ပျိုးခဲ့သော မြေများဖြစ်သည်။ အလယ် ဗဟိုဒေသ၏ အနောက်ဘက်ပိုင်း ဟာဒင်းခရိုင်အတွင်းရှိ မြေယာများမှာ အကြီးစားစိုက်ပျိုးမှုများအတွက် မြေ ကောင်းများ မဟုတ်ပေ။ သို့သော်လည်း ထိုဒေသတွင် နေထိုင်သူများ သည် အခြောက်လှန့်, ခံရသလို ဖြစ်ခဲ့ကြသည်။ ထိုခရိုင်တွင် ၁၈၁၁ ခုနှစ်က ကျွန်ပေါင်း ၁,၀၀၇ ဦး ရှိခဲ့ပြီး အသက် ၁၆ နှစ်အထက် မျက်နှာ ဖြူယောကျ်ား ဦးရေမှာ ၁,၆၂၇ ဦးသာ ရှိခဲ့သည်။

သောမတ်စ် လင်းကင်းကဲ့သို့သော အငယ်စား လယ်ယာသမား များအဖို့ ၄င်းတို့၏မြေများ ပိုင်ဆိုင်ခွင့်အတွက် စိတ်မအေး စရာလည်း ဖြစ်ခဲ့ရသည်။ "အမေရိကန်ပြည်ထောင်စုတွင် ကဲန်တပ်ကီးပြည်နယ်၌ မြေများတိုင်းတာမှု တစ်ကြိမ်မှ မပြုလုပ်ခဲ့ဖူးသေးသောကြောင့်ဖြစ်သည်။ လူအများသည် လက်တန်း ပရမ်းပတာ ဝင်ရောက် အခြေချနေထိုင် ခဲ့ကြသည်။ ကိုယ့်မြေကို ပိုင်းခြားသတ်မှတ်ခဲ့ကြသည်။ သည်သစ်ပင်မှ ဟိုကျောက်တုံးအထိ ငါ့မြေဆိုသော သဘောမျိုးဖြစ်၏။ မြေယာပိုင်ဆိုင်ရေး အငြင်းပွားမှုများ ရှုပ်ထွေးလာသည်။ ဘယ်မြေကို ဘယ်သူကပိုင်သည်ဟု မည်သူမှ အသေအချာ မပြောနိုင် ခဲ့ကြပေ။ သို့ဖြင့် ကဲန်တပ်ကီးသည် ဘိုးဘွားပိုင်မြေရှိမှ မဲပေးခွင့် ရှိသည်ဆိုသော မဲပေးခွင့်ကို ပထမဆုံး

www.burmeseclassic.com

လျစ်လျူရှုခဲ့သော ပြည်နယ် ဖြစ်ခဲ့သည်။ ဒီမိုကရေစီအခွင့်အရေးကို အလေးထားခဲ့၍မဟုတ်။ ချမ်းသာကြွယ်ဝသောသူများပင်လျှင် ၄င်းတို့၏ မြေယာပိုင်ဆိုင်မှုကို သက်သေမပြနိုင်သော အခက်အခဲများ မကြာခဏ ကြုံတွေ့ခဲ့ရခြင်း ကြောင့်ဖြစ်သည်။ တရားရုံးများတွင် မြေယာအငြင်းပွားတရားစွဲဆိုမှုများ ပြည့်ညှပ်လာသည်။ ကဲန်တပ်ကီးပြည်နယ်တွင် ရှေ့နေများ အချိန်ပြည့် လက်မလည်ဖြစ်လာခဲ့သည်။ သောမတ်စ်လင်းကင်းလို အငယ်စား လယ်သမားများမှာမှာ ရှေ့နေခ ပေးရန် မတတ်နိုင်ကြပေ။ ထို့ ကြောင့် ၄င်းတို့ အလုပ်လုပ်နေခြင်းမှာ ကျွန်ပိုင်ရှင် သေဒွေးများအတွက် လုပ်ပေးရသလို ဖြစ်လာလေသည်။

သောမတ်စ်အဖို့ ကဲန်တပ်ကီးပြည်နယ်တွင် ဝယ်ထားသော ခြံယာ သုံးခုအတွက် ကင်းကင်းရှင်းရှင်း မြေပိုင်ခွင့် ရရှိရန် ဒုက္ခတွေ့လာခဲ့သည်။ မြေပိုင်ခွင့်ရရန် လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်များ အနက် အထူးအရေးတကြီး မပါသော်လည်း ရှုပ်ထွေးနေအောင် ဇာခဲ့၊ ထားသည်။ သောမတ်စ်၏ ခြံယာတစ်ခုကို ဖြစ်ကတတ်ဆန်း လာ၍တိုင်းတာသွားခဲ့ရာတွင် ၃၈ ဧကဟု စာရင်းပြခဲ့သည်။ ၄င်း ဝယ်ခဲ့စဉ်ကထက် နည်းနေမှန်း သောမတ်စ် သိခဲ့သည်။ အခြားမြေတစ်ကွက်မှာ ယခင်ပိုင်ရှင်တစ်ဦး ကြွေးနည်းနည်းပါးပါးရှိခဲ့သည်ကို အကြောင်းပြ၍ အသိမ်းခံရမလို ဖြစ်ခဲ့သည်။ နောက်ဆောင်းရှိ ခြံယာအတွက်ကိုကား ကဲန်တပ်ကီးပြည်နယ်သား မဟုတ်သူများက သောမတ်စ်ကိုသာမက အခြားမြေပိုင်ရှင်များကို တရားစွဲဆိုခြင်း ပြုခဲ့ကြသည်။ သောမတ်စ်တွင် ငွေကြေးကလည်းမရှိ။ အမှုကို တရားရုံးတော် တွင် အနိုင်ရအောင် လုပ်ကိုင်လိုစိတ်လည်း မရှိခဲ့ပေ။ သည်အချိန်တွင် အင်ဒီရဲနားပြည်နယ်ကို ဖွင့်လှစ်လိုက်ကြောင်းသတင်းကို သောမတ်စ် ကြားခဲ့ရသဖြင့် အကြီးအကျယ် စိတ်ဝင်စားခဲ့သည်။ အင်ဒီရဲနားပြည်နယ်မှာ နော့သ်ဝက်စ်အော် ဒီးနှင့်စဉ့ပဒေက ကျွန်စနစ်ကို ပယ်ထားသော နယ်မြေတွင် ရှိနေသည်။ ထို့အပြင် အမေရိကန်အစိုးရက မြေတိုင်းတာခြင်း ပြုလုပ်ပြီးသော ဒေသဖြစ်သည်။ မြေဝယ်သည့်သူများအား မြေပိုင်ခွင့်ပြုမည် ဟုလည်း အစိုးရက အာမခံချက်ပေးခဲ့သည်။

၁၈၁၆ ခုနှစ် မိုးဦးကျတွင် သောမတ်စ်သည် အိုဟိုင်းယိုးပြည်နယ်ကိုဖြတ်ပြီး အင်ဒီရဲနားပြည်နယ်သို့ သွားရောက်ကာ မြေရှာခဲ့သည်။ အင်ဒီရဲနားတောင်ပိုင်းရှိ ပယ်ရီခရိုင်တွင် ပီဂျင်းချောင်းအနီး၌ မည်သူမျှ မနေထိုင်ကြသေးသော တောရိုင်းတစ်ခုကို သူ့စိတ်ကြိုက်တွေ့ခဲ့သည်။ သောမတ်စ်သည် မြေနေရာကို ရွေးချယ်ပြီး သုံးဖက်ပိတ်တစ်ဖက်မြင် စတုရန်း ၁၄ ပေခန့်ရှိ မြေစိုက်အိမ် ကြမ်းလေးတစ်ခုကို ဆောက်ခဲ့သည်။ မြေကွက်၏အေးမှ သစ်ပင်များကို ရှင်းကာ မြေကွက်ထောင့်များတွင် သစ်ကိုင်းများဖြင့် နေရာချ သတ်မှတ်ခဲ့သည်။ ထို့နောက် ကဲန်တပ်ကီးပြည်နယ်သို့ ပြန်ကာ မိသားစုငယ်နှင့် ရှိစုမဲ့စုပစ္စည်းများကို ပြန်သယ်ခဲ့သည်။ လင်းကင်းတို့ မိသားစု ရောက်လာသောအချိန်တွင် အင်ဒီရဲနားသည် ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်တစ်ခုအဖြစ် ဝင်ခွင့်ရခဲ့လေသည်။

သောမတ်စ်ယူခဲ့သော မြေမှာ သစ်တောတန်းကြီးတစ်ခု အတွင်း၌ ရှိခဲ့သည်။ လူသူအရောက်အပေါက် မရှိသေးသည့် ဝေးလံသော အရပ်တွင်ဖြစ်သည်။ အိုဟိုင်းယိုးမှ လမ်းပင်မပေါက်သေးသဖြင့် ၄င်း၏ မိသားစုလာရန် လမ်းကြမ်းလေးတစ်ခုကိုပင် ဖေါက်ခဲ့ရသည်။ တောရိုင်းမျက်မည်းဒေသဖြစ်သည့်အလျောက် တောထဲတွင် ဝက်ပုတ်များနှင့် ကြောက်စရာတိရစ္ဆာန်များ ရှိနေခဲ့သည်။ အောဘရာဟမ် လင်းကင်းသည် နောင်နှစ်ပေါင်းများစွာအကြာတွင် ထိုအရပ်သို့ အလည်ပြန်ရောက်သွားခဲ့သည်။ ၄င်းငယ်စဉ်က ကြောက်စရာ ခဲစား ခဲ့ရပုံကို ၄င်းက ကဗျာဖွဲ့၍ ရေးခဲ့လေသည်။

"အဖေရောက်စ အချိန်မှာ
တောရိုင်းမျက်မည်း ဤနေရာ

www.burmeseclassic.com

www.burmeseclassic.com

ကျားသစ်အော်သံ ကြောက်စရာညများ
ဝက်ဝံတွေက ဝက်ကိုစား"

လင်းကင်းမိသားစုသည် ဆောင်းတွင်းအအေးဒဏ်ကို ကြံ့ကြံ့ခံခဲ့ကြရသည်။ အမဲပစ်ပြီး ဝက်ဝံနှင့် ဒရယ်သားများကို စားသောက်ခဲ့ကြရသည်။ အချိန်အတော်များများ အမဲလိုက်ခဲ့ကြရ သည်။ ၁၈၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် လင်းကင်း ၈ နှစ်သား ပြည့်ခါနီးအရွယ်တွင်ဖြစ်သည်။ တစ်နေ့တွင် အိမ်အပြင်ဘက်၌ ကြက်ဆင်ရိုင်းတစ်အုပ် ရောက်လာသည်။ လင်းကင်းသည် ဓားနတ်ကို ကောက်ယူပြီး တိုင်လုံးများအကြားမှ ချောင်းပစ်ခဲ့ရာ ကြက်ဆင်တစ်ကောင် သေသွားသည်။ သို့သော်လည်း လင်းကင်းသည် သတ်ဖြတ်လိုစိတ် ရှိသူမဟုတ်။ ထိုအပြုအမူမျိုးကို ထပ်၍ မလုပ်ခဲ့မိပေ။ "အဲဒီကတည်းက ကျွန်တော် သေနတ်တစ်ချက် ထပ်မပစ်ခဲ့တော့ဘူး" ဟု လင်းကင်းက နောင်တွင် ပြန်ပြောပြခဲ့သည်။

လင်းကင်းမိသားစုသည် ပထမနှစ်တွင် အတော် ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ကြရသည်။ မိသားစုအတွက်လည်း မျှော်လင့်ချက် မရှိသလို သီးခြားတစ်ကိုယ်ရေတစ်ကာယ ဖြစ်ခဲ့သည်။ သို့သော်လည်း မိုးဦးကျ ရောက်သောအခါတွင် နေရထိုင်ရသည်မှာ အတော် အခြေကျလာသည်။ သောမတ်စ်သည် ထိုဒေသတွင် နေရသည်ကို အလွန်ကျေနပ်လာသည်။ ၄င်း၏ ခြံဘေးမှ ၄၀ ရှိ မြေနှစ်ကွက်ကို ပိုင်ဆိုင်ခွင့်အတွက် မိုင် ဖိပ ဝေးသည့် ဗင်းဆင့်မြို့သို့ သွားရောက်ပြီး စရန်သွင်းခဲ့လေသည်။ နန်စီမှာလည်း နေသားကျလာသည်။ ကဲန်တပ်ကီးတွင် မြေအမှုကို တရားရုံးခဲ့သော သူမ၏ အဒေါ်နှင့် ဦးလေးတော်သူ အဲလီးဇောက် စပါးရိုးနှင့် သောမတ်စ် စပါးရိုးတို့ ပြောင်းလာကြသဖြင့် အဖော်လည်းရသွားသည်။ စပါးရိုးမိသားစုတွင် အဲလီးဇောက်၏တူ အသက် ၁၈ နှစ်အရွယ်ရှိ ဒဲန်းနစ္စ ဟဲဉ်ပါလာသည့်အတွက် အော်ဘရာဟမ်နှင့် သမီး ဆာရာတို့မှာ ပျော်ခဲ့ကြသည်။ ဒဲန်းနစ္စမှာ လင်းကင်းမွေးဖွားခဲ့ချိန်တွင် လင်းကင်းကို ဒုတိယမြောက်

ချီခဲ့ရသူဖြစ်သည်ဟုဆိုသည်။ စကားဖောင်ပြီး စိတ်ကောင်းရှိသော ဒဲန်းနစ္စကို လင်းကင်းတို့မိသားစုက ကြိုဆိုခဲ့ကြသည်။ စပါးရိုးမိသားစုသည် လင်းကင်းတို့မိသားစုနှင့် ခရာတစ်ဖြတ်သာ အတူနေပြီး သီးခြားအိမ်ဆောက်ပြီးနောက် အိမ်ခွဲနေခဲ့ကြသည်။

သို့သော်လည်း မကြာမီအတွင်း၌ လင်းကင်းမိသားစုသည် ဒုက္ခများ ရင်ဆိုင်ခဲ့ရသည်။ ပထမတစ်ခုမှာ လင်းကင်း မတော်တဆ ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။ လင်းကင်း၏ အလုပ်တစ်ခုမှာ နှစ်မိုင်ခန့်ဝေးသော ဂေါဒင်၏စက်သို့သွား၍ အိမ်အတွက် စားစရာ ပြောင်းကြိတ်ရသည်။ တစ်နေ့တွင် အိမ်ပြန်ရန် မိုးချုပ်နေ၍ လင်းကင်းသည် ကြိတ်စက်တွင် ချည်ထားသော သူ၏မြင်းမကို ကြာမွတ်ဖြင့်ရိုက်ပြီး သော့သော့နှင်ရန်လုပ်ခဲ့သည်။ မြင်းအိုကြီးသည် ရုတ်တရက် ကန်ထည်လိုက်ရာ လင်းကင်း၏ နဖူးကိုထိပြီး သွေးများထွက်ကာ လင်းကင်း သတိလစ်သွားခဲ့သည်။ ပထမတွင် လင်းကင်းသေပြီ ဟု ထင်ခဲ့ကြ၍ သူ၏ဖခင်ကို ပြေးခေါ်ခဲ့ကြရသည်။ လင်းကင်းသည် နာရီအတော်ကြာ စကားမပြောနိုင်ဘဲ ရှိခဲ့သည်။ သို့သော်လည်း လင်းကင်းသည် သေရာပါဒဏ်ရာ မရခဲ့ဘဲ အသက်ပြန်ရှင်ခဲ့သည်။

ဒုတိယတစ်ချက်မှာ ပစ်ဂျင်းချောင်း အသိုင်းအဝိုင်း ဘဂ္ဂဆယ်လိုးဆစ်[9]ခေါ် အာဆိပ်တက်နွားနို့ သောက်မိသောရောဂါ ကျရောက်ခဲ့ခြင်းဖြစ်သည်။ အစတွင် ဘာရောဂါမှန်း မသိခဲ့ကြ။ နွားနို့ကို အကြောင်းပြု၍ ဖြစ်သောရောဂါမှန်းတော့ သူတို့ တွေးခဲ့မိကြသည်။ နောင်နှစ်ပေါင်း အတော်ကြာမှ တောထဲတွင် လွတ်ထားသော နွားမများသည် စားကောင်းသလောက် အဆိပ်လည်းဖြစ်စေသော အပင်တစ်မျိုးကို စားမိ၍ဖြစ်ကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြသည်။ ထိုရောဂါသည် အစတွင် မူးဝေခြင်း၊ အော့အံခြင်းနှင့် ဗိုက် အောင့်ခြင်းတို့ စဖြစ်သည်။ နောက်တော့ အသက်ရှူနှင့် နှလုံးခုန် မမှန်ခြင်းနှင့် အားကုန်ခန်းပြီး သတ်မေ့ခြင်း

www.burmeseclassic.com

ဖြစ်လာသည်။ ထို.နောက် တစ်ပတ်အတွင်း သေတတ်သည်။ သောမတ်စ် စပါးရိုးနှင့် အဲလီးဇောက် စပါးရိုး လင်မယားနှစ်ယောက် ထိုရောဂါ စဖြစ်ခဲ့ကြသည်။ သူတို.ကို သေမည်ထင်ပြီး သောမတ်စ် လင်းကင်းသည် ခေါင်းအကြမ်းများပင် ရိုက်ခဲ့မိလေသည်။ ထို.နောက် နန်စီ နေမကောင်းဖြစ်တော့သည်။ နန်စီသည် တစ်ရက်ပြီးတစ်ရက် တစ်ပတ်ခန့်. တင်း ခံခဲ့သည်။ မရုန်ိင်တော့မှန်း သူမသိခဲ့သည်။ ကလေးများကို အိပ်ရာဘေး ခေါ်ပြီး "အဖေကြီး အပေါ်မှာ ကောင်းအောင်နေကြ၊ ကြင်ကြင်နာနာရှိကြ၊ တခြားဘယ်သူ.အပေါ်မှာမဆိုလည်း ကောင်း အောင်နေကြ၊ ကြင်နာကြ" ဟု မှာတမ်းခြွေခဲ့သည်။ နန်စီသည် အောက်တိုဘာ ၅ ရက်နေ.တွင် ကွယ်လွန်သွားခဲ့သည်။

နောက်တစ်နှစ်သည် လင်းကင်း၏ဘဝတွင် အဆိုးဝါးဆုံးနှစ်ဖြစ်နိုင်လောက်ခဲ့သည်။ စပါးရိုးမောင်နှံ ကွယ်လွန်သွားခဲ့ပြီးနောက် ဒဲန်းနစ္စဟဲဒ်စ်သည် လင်းကင်းတို.မိသားစုနှင့် အတူလာနေခဲ့သည်။ ဒဲန်းနစ္စသည် သောမတ်စ်ကို ဝိုင်းကူလုပ်ပေးခဲ့သည်။ သူတို.သည် အမြဲလိုလို အမဲလိုက်ခြင်းနှင့် ခြံယာလုပ်ငန်းများကို လုပ်ခဲ့ကြရသည်။ ၁၈၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လင်းကင်း၏အစ်မ ဆာရာသည် အသက် ၂၀ ပြည့်ခဲ့သည်။ ဆာရာသည် အချက်အပြုတ်နှင့် အိမ်ထောင်ထိန်းသိမ်းမှုတို.ကို ပြုလုပ်ရသည်။ သို.သော်လည်း သူမသည် မပျော်တော့။ အထီးကျန်ဘဝကို ခံစားနေရပြီး မကြာခဏ မီးဖို ဘေးတွင် ထိုင်၍ ငိုတတ်သည်။ ဒဲန်းနစ္စက ဆာရာကို အားပေးရ၏။ "ဟေ့...ဒီမယ်၊ ငါနဲ. အေးဘ်နဲ. နင့်အတွက် ကြောင်ပေါက်စလေးနဲ. လိပ်ကလေးတစ်ကောင် ဖမ်းလာတယ်။ သမင်ငယ်လေးတစ်ကောင် ဖမ်းမိအောင် ကြိုးစားခဲ့တာတော့ မရခဲ့ဘူးဟ" စသည်ဖြင့် နှစ်သိမ့်ခဲ့၏။

လင်းကင်းကို ဒဲန်းနစ္စနှင့် တခြားကလေးတွေက အေးဘ် ဟု ခေါ်ခဲ့ကြသည်။ သူက မကြိုက်။ သို.သော် မနှစ်မြို.မှုကို ဘယ်တော့မှ

မပြောခဲ့။ မိခင်မရှိတော့သဖြင့် လင်းကင်း၏ စိတ်ထဲတွင်လည်း ဒဏ်ရာတစ်ခုလို ခံစားခဲ့ရသည်။ နောင်နှစ်ပေါင်းများစွာ အကြာတွင် ဝမ်းနည်းကြေကွဲလျက်ရှိသော ကလေးငယ်တစ်ဦးထံသို. လင်းကင်းရေးခဲ့သော စာတစ်စောင်တွင် သူ၏ခံစားမှုကို ဖော်ပြခဲ့သည်။

"ကျွန်ုပ်တို.၏ ကြေကွဲဖွယ်ရာကောင်းသော ဤကမ္ဘာမြေတွင် ဝမ်းနည်းကြေကွဲမှုကို လူတိုင်း တွေ.ကြုံရစမြဲဖြစ်သည်။ အထူးသဖြင့် ငယ်ရွယ်သူများအဖို. မမျှော်လင့်ဘဲ ဆုံးရှုံးတွေ.ရသဖြင့် အခါးသည်းဆုံး ပရိဒေဝဖြစ်စေသည်။ ကျွန်ုပ်တွင် အတွေ.အကြုံ အလုံအလောက် ရှိခဲ့သဖြင့် ယခုလိုပြောရခြင်းဖြစ်သည်"

အသက် ၁၁ နှစ်အရွယ် မပြည်သေးမီတွင် မိခင်ဆုံးရှုံးခဲ့ရခြင်း၏ လေးနက်သော နောက်ဆက်တွဲအဖြစ်များကို တွေးကြည့်၍ ရနိုင်ပါသည်။ လင်းကင်း၏ စိတ်လက်မကြည်သာခြင်း၊ သုန်မှုန်ခြင်းနှင့် အခါအားလျော်စွာ စိတ်ခါတ်ကျခြင်းတို.ကို မှန်းဆကြည့်နိုင်ပါသည်။ လင်းကင်းသည် ရက်စက်မှုနှင့် သွေးထွက်သံယိုဖြစ်မှုတို.ကို တစ်နေ.တခြား ပို၍ မလိုမလားဖြစ်လာခဲ့သည်။ သူ၏မိခင် သေဆုံးသွားမှုနှင့် ဆက်နွယ်ဖွယ်ရာ အကြောင်းရှိနိုင်ပါသည်။ အိမ်နီးချင်း ကလေးများ၏ တိရစ္ဆာန်များအပေါ်တွင် အဓိပ္ပာယ်မရှိ ရက်စက်မှုကို လင်းကင်းက တဖြစ်တောက်တောက် ပြောစပြုလာသည်။ ကလေးများက လိပ်ကလေးများကိုဖမ်းပြီး ခေါင်းထွက်လာအောင် အခွံပေါ်တွင် မီးခဲတုံးများတင်လျှင် လင်းကင်းက အသက်တစ်ချောင်းတန်ဖိုးကို ရှင်းပြခဲ့သည်။

"ကို.အတွက် တို.အသက်က တန်ဖိုးရှိသလို ပရွက်ဆိတ် အသက်လည်း သူ.အတွက် တန်ဖိုးရှိတာပဲ" ဟု ပြောခဲ့သည်။ မိခင်နှင့် အိမ်နီးနားချင်း သူငယ်ချင်းများ သေဆုံးခဲ့ပုံများက လင်းကင်းအား အင်ဒီရဲနား ပြည်နယ်ကို ကြေကွဲဖွယ် လွမ်းတသသ ဖြစ်စေခဲ့သည်။ ၁၈၄၀ ပြည့်လွန်နှစ်များတွင် အင်ဒီရဲနား၊ အလည်အပတ် ပြန်ရောက်သွားခဲ့ပြီးတွင်

www.burmeseclassic.com

လင်းကင်း၏ ခံစားချက်များသည် သူ၏ ကဗျာတွင် ပေါ်ထွက်လာခဲ့သည်။

"ကလေးဘဝနေရာ
မြင်သောအခါ
ငါ့မှာ ဝမ်းနည်းမိ။

အောက်မေ့ဖွယ်ရာ
တွေးမိရာ
ငါ့မှာ ကြည်နူးမိ"

(၄)

နန်စီကွယ်လွန်ခဲ့ပြီးနောက် သူ၏မိသားစုကို "ဒီအတိုင်း ဆက်သွားလို့ မဖြစ်တော့ဘူး" ဟု သောမတ်စ် လင်းကင်း သဘောပေါက်ခဲ့သည်။ ကဲန်တပ်ကီးပြည်နယ်သို့ ပြန်သွားပြီး သတို့သမီး တစ်ယောက်ကို ရှာဖွေခဲ့လေသည်။ အဲလီးဇဘက်မြို့တွင် ဆာရာ ဘုရှ် ဂျွန် စတင်ကို သွားတွေ့ခဲ့သည်။ ဆာရာမှာ သောမတ်စ် နန်စီကို လက်မထပ်မီက ချစ်ရေးဆိုမှု မအောင်မြင်ခဲ့သော အမျိုးသမီးဖြစ်သည်။ ဆာရာသည် ဟာဒင်ခရိုင် ထောင်မှူးကတော် မုဆိုးမဘဝတွင် ကလေးငယ် သုံးယောက် ရှိနေပြီဖြစ်သည်။ စိတ်ကူးယဉ် ချစ်တင်းနှောဖို့ အချိန်မရှိပါ။ သူကလည်း ဇနီးမရှိ၊ ဟိုကလည်း ခင်ပွန်းမရှိ။ လိုက်ဖက်ပါဘိ။ သောမတ်စ်သည် ဆာရာ၏ အကြွေးများကို မြန်မြန်ရှင်းပြီး ဆာရာအား ရှိသမျှပစ္စည်းယူစေကာ အင်ဒီရဲနားသို့ ခေါ်ဆောင်ခဲ့လေတော့သည်။

ဆာရာရောက်လာခြင်းသည် အေဘရာဟမ် လင်းကင်း၏ ဘဝ

ကို ခေါက်ဆစ်ချိုး ပြောင်းလဲသွားစေခဲ့သည်။ ဆာရာက သူမနှင့် အတူ ပိုင်သမျှ အိမ်ထောင်ပစ္စည်းများကို ယူလာသည်။ သပ်သပ်ရပ်ရပ်အိပ်ရာခင်း ၄၅ ခေါ်လာတန်၊ သစ်ကျားသီးရောင် အဆွဲနှင့် စားပွဲတစ်လုံး၊ ထမင်းစားစားပွဲတစ်လုံးနှင့် ကုလားထိုင်များ၊ ယစ်လုံးတပ် ဘီးတစ်ခုတို့ အပြင် ဇွန်း၊ ဓါး၊ ခက်ရင်းများ ပါလာသည်။ လင်းကင်းမိသားစုအဖို့ မထင်သော ဧိမ်ခံစရာ ကမ္ဘာတစ်ခုလို ခံစားခဲ့ကြရသည်။ ဆာရာ၏ ၅ နှစ်နှင့် ၉ နှစ်အကြား ရှိ အဲလီးဇဘက်၊ ဂျွန်နှင့် မာတီလ်ဒါ ကလေးသုံးဦးကလည်း စိတ်ဓါတ်ကျနေသော လင်းကင်းမိသားစုကို လှုပ်ရှားအသက်ဝင်လာစေခဲ့သည်။ သို့သော်လည်း ဆာရာယူဆောင်လာသည်များအနက် မေတ္တာသည် အကြီးမားဆုံး လက်ဆောင်ဖြစ်ခဲ့သည်။ စုတ်စုတ်ပြတ်ပြတ်နှင့် ညစ်တီးညစ်ပတ် ဖြစ်နေပြီး အစားအသောက် ချို့.ငဲ့နေသော လင်းကင်း၏ ကလေးများကို တွေ့.မြင်လိုက်ရသော ဆာရာအဖို့ ယူကျုံးမရဖြစ် ခဲ့ပုံ ရသည်။ သူတို့.ကို လှုနှင့်သူနှင့်တူအောင် ဆာရာ ချက်ချင်း အလုပ်စခဲ့သည်။ ကလေးများကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ရေချို်း၊ ဆပ်ပြာတိုက်၊ သန့်.ရှင်း စင်ကြယ်ပေးခဲ့သည်။

ဆာရာ၏ အကြံပေးချက်ဖြင့် တစ်အိမ်လုံး စနစ်တကျဖြစ်ရန် ပြုပြင်လုပ်ကိုင်ခဲ့ကြသည်။ သောမတ်စ်နှင့် ဒဲန်းနစ္စတို့.လည်း အမဲလိုက်ခြင်းကို ခေတ္တ ရပ်ဆိုင်းလိုက်ကြရသည်။ သစ်လုံးများခွဲပြီး ကြမ်းခင်းပေးကြသည်။ အမိုးကို ပြီးအောင် မိုးပေးကြသည်။ မျက်နှာစာ တံခါးတစ်ခု တပ်ပြီး ဘေးတွင်လည်း ပြတင်းပေါက်တစ်ခု ဖေါက်ပေးသည်။ ပြတင်းကို အမဲဆီသုတ်ထားသော စက္ကူဖြင့် ကာပေးသည်။ အိမ်ကလေးမှာ ခေါင်မိုးမြင့်သဖြင့် အပေါ်တွင် အထပ်ခိုးတစ်ခု တင်လိုက်သည်။ ထပ်ခိုးတွင် ဒဲန်းနစ္စ၊ အေဘရာဟမ်နှင့် ဂျွန်တို့ ယောကျ်ားကလေး သုံးဦးအတွက် အိပ်ရာလုပ်ပေးသည်။ ဆာရာသည် အိမ်တစ်ခုလုံးကို သန့်.ရှင်းရေးလုပ်ပြီး အိပ်စရာ ကုတင်တစ်လုံးကို ထိုးလိုက်သည်။ သောမတ်စ်က သူ၏ လက်

www.burmeseclassic.com

သမားပညာဖြင့် နောက်ထပ် စားပွဲတစ်လုံးနှင့် ကုလားထိုင်ခုံများ လုပ်ပေးခဲ့ရသည်။ ဤပြုပြင်ပြောင်းလဲမှုများကို အခက်အခဲမရှိ ချောမွေ့စွာ လုပ်ဆောင်နိုင်ခဲ့ကြသည်။

ဆာရာသည် မိသားစု နှစ်ခုအတွင်း တစ်ဦးနှင့်တစ်ဦးအကြား မနာလိုမှု မရှိအောင်၊ ညီညီညွတ်ညွတ်ရှိအောင် ပေါင်းစပ်ပေးနိုင်ခဲ့ခြင်း၊ သားသမီးအားလုံးကို ကျောသား၊ ရင်သား မခွဲခြားဘဲ မေတ္တာထားခဲ့ခြင်းသည် အရာရာထက် ထူးခြားကဲမောက်မှုပစ်ခုလည်းဖြစ်သည်။ အထူးသဖြင့် ဆာရာသည် လင်းကင်းကို ပို၍ သဘောကျလာခဲ့သည်။

"အေးဘ်ကို ကျွန်မ ဘာပဲခိုင်းခိုင်း၊ ဘယ်တုန်းကမှ ထော်လော်ကန်.လန်. ပြန်ပြောတာမျိုး၊ မျက်စောင်းပြန်ထိုးတာမျိုး၊ ငြင်းဆိုတာမျိုး မလုပ်ခဲ့ဘူး။ ကိုယ်ဟန် အမူအရာနဲ့.ဆိုတာ ဝေးမှ ဝေးရောပဲ။ ကျွန်မ တစ်သက်မှာလည်း သူ့.ကို တစ်ခါမှ ကန်.လန်. မပြောခဲ့မိ ဖူးဘူး။ ကျွန်မတို့. နှစ်ယောက်က စိတ်ထားချင်းလည်း တူကြတယ်။ အမြင်ချင်းလည်း တူကြတယ်"

နောင်နှစ်ပေါင်းများစွာအကြာတွင် သူ.သားအရင်းနှင့် မွေးစားသားတို့.အကြောင်းကို ဆာရာက တွေ့ဆုံမေးမြန်းသူတစ်ဦးအား နှိုင်းယှဉ်ပြောဆိုခဲ့ဖူးသေးသည်။

"နှစ်ယောက်စလုံးက လူကောင်းကလေးတွေပါ။ သူတို့.လည်း အခု မရှိကြတော့ဘူးဆိုတော့ ကျွန်မ ပြောလို့.ရပါတယ်။ ကျွန်မ တွေ့.ခဲ့ဖူးသမျှထဲမှာ၊ တွေ့.ဖို့. မျှော်လင့်ခဲ့ဖူးတဲ့အထဲမှာ အေးဘ်ဟာ အကောင်းဆုံးယောကျ်ားလေးတစ်ယောက်ပါပဲ"

လင်းကင်းသည် မိခင်မေတ္တာ ငတ်နေသူဖြစ်ခဲ့သည်။ သူက လည်း ဆာရာအပေါ် မေတ္တာပြန်ပေးခဲ့သည်။ လင်းကင်းက ဆာရာကို မေမေဟု ခေါ်ခဲ့သည်။ သူမအကြောင်းကို မေတ္တာအထားဆုံး စကားများဖြင့်သာ ပြောဆိုခဲ့သည်။ သမ္မတအဖြစ် ရွေးကောက်ခံခဲ့ရပြီးနောက်

လင်းကင်းက ဆာရာ ရောက်မလာမီက သူတို့.မိသားစု ရင်ဆိုင်ခဲ့ရသော ကြေကွဲဝမ်းနည်းဖွယ်ရာ အခြေအနေများကို ပြန် ပြောပြခဲ့သည်။ ဆာရာက သူ့.ကို ငယ်စဉ်က မြေတောင်မြှောက် အားပေးခဲ့ပုံနှင့် စပ်လျဉ်း၍ "သူမဟာ ဒီကမ္ဘာမှာ ကျွန်တော့်ရဲ့. အကောင်းဆုံးမိတ်ဆွေ ဖြစ်ခဲ့ပါတယ်" ဟု အမွှန်းတင်ပြောခဲ့သည်။ ဆွေမျိုးတစ်ဦးကလည်း "အေးဘ်က ဆာရာကို ချစ်ခဲ့သလို ဘယ်ယောကျ်ားတစ်ယောက်မှ သူ့.အမေကို ချစ်မပြနိုင်ခဲ့ပါဘူး" ဟု ပြောခဲ့သည်။

(၅)

အင်ဒီရဲနားသို့ ဆာရာရောက်လာခဲ့ပြီးသည့်နောက်တွင် လင်းကင်းလေးအဖို့ ပျော်စရာ ဖြစ်ခဲ့သည်။ ထိုအချိန်ကို ပျော်စရာကောင်းသော ယောကျ်ားလေးဘဝဖြစ်ပြီး စိတ်ညစ်စရာရှင်း၍ လိုဘပြည့်ဝသောဘဝဟု လင်းကင်းက မြူးတူးရွှင်ပျစွာ ပြန်ပြောပြခဲ့ သည်။ မိဘများက လင်းကင်းနှင့် ကလေးလေးဦးကို သူတို့.အိမ်နှင့် တစ်မိုင်ခန့်. ဝေးသည့် အဲန်ဒရူးကရော့ဖေါ်ဒ်၏ ကျောင်းတွင် ထားပေးခဲ့သည်။ ဆာရာ ဘုရှိ လင်းကင်းသည် စာမတတ်သူဖြစ်၏။ သို့.သော်လည်း ပညာရေးသည် အရေးကြီးကြောင်း သိသည်။ သောမတ်စ်ကလည်း သားလေး လင်းကင်းကို စာဖတ်တတ်စေချင်သည်။ စာရေးတတ်စေချင်သည်။

လင်းကင်းသည် ဆာရာ ကရော့ဖေါ်ဒ်၏ ကျောင်းတွင် မနေမီကတည်းက နည်းနည်းပါးပါးတော့ စာဖတ်တတ်နိုင်ခဲ့သည်။ စာနည်းနည်းပါးပါးတတ်သော ဒဲန်းနစ္စက လင်းကင်းကို စာလုံးပေါင်းပြီး ရေးတတ်ဖတ်တတ်အောင် သူကိုယ်တိုင် ပထမဆုံး စာစသင်ပေးခဲ့သည်ဟု ပြောခဲ့သည်။ "ကျွန်တော် သေနတ်နဲ့.ပစ်ပြီး ရခဲ့တဲ့ စွန်အတောင်ကို ကလောင်တံ

www.burmeseclassic.com

သည်။ နောက်တော့ ဂျိမ်းစ် ဆွန်နီဆိုသူက လင်းကင်းတို့ အိမ်နှင့် လေးမိုင်ခန့်အကွာတွင် ကျောင်းဖွင့်ခဲ့သည်။ လင်းကင်းအဖို့ ကျောင်းသွားရသည်ကဝေး၊ လယ်ယာအလုပ်များက ရှိသဖြင့် ကျောင်းကို ကြိုးကြားကြိုးကြားသာ တက်နိုင်ခဲ့လေသည်။ နောက်တစ်နှစ် အကြာတွင် အေဇယ်လဒေါ်ဆေးက ကရော့ဖေါ်ဒ်၏အခန်းတွင် ကျောင်းဖွင့်ခဲ့သဖြင့် လင်းကင်းသည် ခြောက်လခန့် ကျောင်းတက်ဖြစ်ခဲ့သည်။ ထိုတစ်ကြိမ် ကျောင်းတက်အပြီးတွင် ၁၅ နှစ်သား အေဘရာဟမ်မ် လင်းကင်း၏ ကျောင်းပညာရေးလည်း ဆုံးခန်းတိုင်ခဲ့လေသည်။ လင်းကင်းက သူ၏ ကျောင်းတက်ရက် စုစုပေါင်း တစ်နှစ်ပင်မကျော်ခဲ့ကြောင်း နောင်တွင် ပြန်ပြောပြခဲ့သည်။

နောင်နှစ်ပေါင်းများစွာအကြာတွင် သူတက်ခဲ့သည့် ကျောင်းဆိုသည်များ အပေါ်တွင် မထေ့တထေ့ ပြန်ပြောခဲ့သည်။ "ကျောင်းဆရာမတစ်ဦးဖြစ်ဖို့ အရေးအဖတ်အတွက် အသုံးလုံးတတ်ဖို့ ထက် ဘာမှ ပိုပြီး တတ်စရာ မလိုဘူး။ ကျွန်တော်တို့ အရပ်မှာ လက်တင်စကားတတ် တဲ့လူ တစ်ယောက်တလေများ ဧဏာတစ်ဖြတ်လောက် ရောက်မလာနဲ့ အဲဒီလူကို မှော်အတတ် တတ်သူလို့ တောင် ထင်ခဲ့ကြတယ်" လို့ လင်းကင်းက ပြန်ပြောခဲ့သည်။

လင်းကင်း၏ အပြစ်တင်သံမှာ မှန်ကန်ပေသည်။ သို့သော်လည်း လင်းကင်းကို မွေးထုတ်ပေးခဲ့သော ကျောင်းပညာရေးစနစ်မှာ လုံးဝတန်ဖိုးမဲ့တော့ မဟုတ်ခဲ့ပေ။ သူ၏ ဆရာများမှာ အတွေ့အကြုံ မရှိကြသူများဖြစ်ပြီး အခိုက်အတန့်သာ သင်ကြားပေးခဲ့သူများ ဖြစ်သော်လည်း လင်းကင်းအား အထောက်အကူ ပေးနိုင်ခဲ့ပါသည်။ လင်းကင်းအား အခြေခံများကို ကျွမ်းကျင်စေခဲ့သည်။ အနာဂတ်တွင် ဒီလ်ဝပ်၏သတ်ပုံစာအုပ်ကို ဖတ်နိုင်စေပြီး ပညာတိုးတက်စေခဲ့သည်။ လင်းကင်းနှင့် ဆာရာမောင်နှမသည် ထိုစာအုပ်ကို ကဲ့တပ်ကီးမှာ ရှိစဉ်ကတည်းကစပြီး ဖတ်ပြန်ခဲ့ကြသည်။ ထိုစာအုပ်ကြောင့် သဒ္ဒါနှင့် သတ်ပုံကို စပြီးတတ်ခဲ့သည်။ စာ

လုပ်ပြီး အေးဘ် စာရေးတတ်အောင် သင်ပေးခဲ့တယ်။ အေးဘ်က အဲဒီငှက်တောင် ကလောင်တံကို လက်ထဲမှာကိုင်ပြီး စာအရေးသင်ခဲ့တယ်" ဟု ဒဲန်းနစ္စက ပြန်ပြောခဲ့သည်။ အေဘရာဟမ်မ် တို့.နဲ့.အတူ ခဏလာနေထိုင်ခဲ့သော ဆွေမျိုးသားချင်း ဂျွန် ဟဲင့်စ်၏ ပြောပြချက်အရမူ အေးဘ်ဟာ နည်းနည်းတော့ ထိုင်းတယ်။ ဉာဏ်မကောင်းလှဘူး။ ဒါပေမယ့် အလုပ်ကို အပင်ပန်းခံ ကြိုးစားတယ်။ စာကို လွယ်လွယ်နဲ့.မရဘူး။ စာနေးတယ်။ ဒါပေမယ့် သေချာအောင်တော့ လုပ်တယ်" ဟုဆိုသည်။ အေဘရာဟမ်၏ မိထွေးက သူ့.ကို ပို၍ နားလည်မှု ရှိခဲ့သည်။ အေးဘ်သည် သူဖတ်သမျှ ရေးသမျှစာကို ပိုင်အောင်လုပ်ဖို့ လိုမှန်းသိသည်။ "အေးဘ်ဟာ အသေးအဖွဲဆုံးလေး တွေကအစ အသေးစိတ် တိတိကျကျ နားလည်အောင် လုပ်တယ်။ မှတ်မိအောင် အကြိမ်ကြိမ် အထပ်ထပ် အမျိုးမျိုးလုပ်တယ်။ သူ့.ခေါင်းထဲ ခွဲသွားပြီဆိုရင်လည်း၊ သူ့.စိတ်ထဲမှာ နားလည်ထားတာ တစ်ခုဆိုရင်လည်း တစ်သက်လုံး မမျောက်တော့ဘူး"

အေဘရာဟမ်သည် ဆရာ ကရော့ဖေါ်ဒ်၏ကျောင်းကို နှစ်ဝက်ကျောင်းတက်ခဲ့သည်။ တကယ်တော့ ၃ လ လောက်သာ ရှိခဲ့မည်။ ကရော့ဖေါ်ဒ်သည် တရားသူကြီးတစ်ဦးဖြစ်ပြီး ထိုဒေသတွင် အရေးပါသူတစ်ဦးလည်းဖြစ်သည်။ သူ၏ ကျောင်းလခအတွက် မိဘများက ငွေဖြစ်စေ၊ အသုံးအဆောင်ပစ္စည်းဖြစ်စေ ပေးကြရသည်။ ကျောင်းမှာ အတန်းကျောင်းမဟုတ်။ ကျပန်းသင်ပေးသောကျောင်း ဖြစ်သည်။ ကျောင်းသားကလေးများသည် စာကို အော်ဟစ်ပြီး အလွတ်ပြန်ရွတ်ပြရသည်။ ဆရာကြီးက ဆူဆူညည်ကြားထဲက အမှားကို နားထောင်ပြီး ပြင်ပေးသည်။ ကလေးများကို ကိုယ်နှုတ်အမူအရာလည်း သင်ပေးခဲ့သည်။ ကလေးများ တစ်ဦးနှင့် တစ်ဦး လူစိမ်းပမာ ပြု၍ မိတ်ဆက်ရပုံမျိုးကအစ သင်ကြားပေးခဲ့သည်။

နှစ်ဝက်ကုန်ဆုံးသောအခါ ကရောဖေါ်ဒ်က စာမသင်တော့သဖြင့် လင်းကင်းညီအစ်ကိုမောင်နှမများသည် တစ်နှစ် စာမသင်ဘဲ နေခဲ့ကြရ

www.burmeseclassic.com

အုပ်တွင် အောဘီစီဒီအက္ခရာ စာလုံး များနှင့် အာရပ်နှင့် ရောမ ဂဏန်းများ ပါသည်။ စာတစ်လုံးမှ လေးလုံးအထိပါသော စကားလုံးများကို တတ်လာခဲ့သည်။ ထိုမှတစ်ဆင့် မည်သူမျှ ဘုရားသခင်၏ ဓမ္မနိယာမများကို မပစ်ပယ်နိုင်ပါ ဆိုသော ဝါကျမျိုးများ ရေးနိုင်လာခဲ့သည်။ ဒီလ်ဝပ်၏ စာအုပ်နောက်ပိုင်းတွင် စကားပြေ အရေးအသားနှင့် လက်ရွေးစင် ကဗျာများလည်း ပါခဲ့သည်။ ထိုစာအုပ်မှ ရခဲ့သော အခြေခံများက လင်းကင်းအား *ကိုလမ်ဘီးယား ကျောင်းသုံးစာအုပ်* နှင့် *ကဲန်တပ်ကီး ဆုံးမစာတို*့ကို တိုးချဲ့ ဖတ်နိုင်စေခဲ့သည်။

အကြိမ်ကြိမ် အဆက်မပြတ် လေ့ကျင့်မှုကြောင့် လင်းကင်း သည် စာလုံးပေါင်းကို တတ်ခဲ့သည်။ ကျောင်းတွင်းသတ်ပုံရေးတွင် လင်းကင်းကို မီသူမရှိခဲ့ပါ။ လင်းကင်းသည် စာလုံးများကို ဝိုင်းဝိုင်းလှလှလေး ရေးနိုင်ခဲ့သည်။ အနာဂတ် အမေရိကန် သမ္မတလောင်း အောဘရာဟမ် လင်းကင်း၏ ကဗျာဆန်ဆန် စာတစ်ပုဒ်ကိုလည်း သူ၏ သချိုင်းစာအုပ်ထဲတွင် ရေးသားခဲ့ဖူးသည်။

"ငါ့အမည် အောဘရာဟမ် လင်းကင်း
စာနဲ့ ရေးလည်း ဒီနာမည်
မြိန်မြိန်သော့သော့ ရေးခဲ့မယ်
လူမိုက်တစ်တွေ ဖတ်ရော့ကွယ်"

လင်းကင်းသည် အရေးအသားကျွမ်းလှသည်။ ထို့ကြောင့် ပစ်ကွင်းချောင်အရပ်မှ စာမတတ်သူများက သူတို့အတွက် လင်းကင်းကို စာအရေးခိုင်းခဲ့ကြရသည်။

လင်းကင်း၏ စာဖတ်အားက ပို၍ပင် အရေးပါခဲ့သည်။ စာဖတ်တတ်လာလေ၊ မတင်းတိမ်နိုင်လေ ဖြစ်ခဲ့သည်။ အေးဘ်သည် စာအုပ်များ ဖတ်ရန် အငမ်းမရဖြစ်ခဲ့သည်။ "အေးဘ်ဟာ တွေ့သမျှကို ဖတ်တော့တာပဲ။

အလုပ်သွားရင်လည်း စာအုပ်တစ်အုပ် ယူသွားတယ်။ အလုပ်နားတဲ့အချိန်မှာ စာဖတ်တယ်" ဟု ဒဲန်းနစ္စက ပြန်ပြောခဲ့သည်။ ဂျွန် ဟဲင့်စ်ကလည်း "အေးဘ်ဟာ အလုပ်က ပြန်လာတာနဲ့ ကြောင်အိမ်ထဲက ပြောင်းဖူးပေါင်မုန့် တစ်ချပ်ကို စားဖို့ ယူပြီးတာနဲ့ ကုလားထိုင်တစ်လုံးပေါ်မှာ ခွေးထောင်ပြီး စာဖတ်တော့တာပဲ" ဟု ပြန် ပြောခဲ့သည်။

လင်းကင်း၏ ငယ်သူငယ်ချင်းများက သူ၏ အံ့သြဖွယ်ရာကောင်းသော စာဖတ်နိုင်အားကို ချီးကျူးခဲ့ကြသည်။ သူတို့နေထိုင်ရာ နယ်စွန်ရပ်ဖျားတွင် စာအုပ်များက အလွန်ရှားသည်။ ထို့ကြောင့် ကျယ်ကျယ်ပြန့်ပြန့် ဖတ်စရာ များများမရှိခဲ့ရာ ရှိသမျှ စာအုပ်များကို ဂရုတစိုက် ဖတ်ခဲ့ရသည်။ သူဖတ်ရသမျှကိုလည်း အကုန်မှတ်မိသည်။ "အေးဘ်ဟာ သူကြိုက်တဲ့ စာတစ်ပုဒ်ကိုတွေ့ပြီး မှတ်စရာစာရွက်မရှိရင် ပျဉ်ပြားတွေပေါ်မှာ ရေးထားလိုက်တယ်။ စာရွက်ရလာတော့မှ ပြန်ပြီး ကူးရေးတယ်။ ပြီးတော့ သေသေချာချာကြည့်ပြီးမှတ်မိအောင်လုပ်တယ်" လို့ သူ၏ မိထွေးက ပြန်လည်ပြောပြခဲ့သည်။

လင်းကင်းတွင် ကျောင်းသုံးစာအုပ်များ မရှိခဲ့။ မိထွေး ဆရာ ကဲန်တပ်ကီးမှယူလာသော စာအုပ်များကိုသာ ပထမဆုံးဖတ်ခဲ့ရသည်။ တစ်အုပ်မှာ သမ္မာကျမ်းစာအုပ်ဖြစ်သည်။ လင်းကင်းသည် သမ္မာကျမ်းစာကို များများမဟုတ်ဧသော်လည်း အခါအားလျော်စွာ ဖတ်၏။ သို့သော် သူ့အသက်အရွယ်နှင့် သင့်တော်မည့် စာအုပ်များကို ရွေးဖတ်ခဲ့သည်။ ထို အထဲတွင် *ပီးလ်ဂရင်းမ်စ် ပရိုးဂရက်စ်* စာအုပ်ပါ၏။ နောင်အခါတွင် လင်းကင်း၏ မိန့်ခွန်းများ၌ပါခဲ့သော သမ္မာကျမ်းစာနှင့်နွယ်သော လေယူလေသိမ်းများမှာ စာရေးဆရာ ဂျွန် ဘန်ယင်း၏ ကျေးဇူးကြောင့် ဖြစ်သည်။ ဆရာ၏ *အိစွပ်ပုံပြင်များ* စာအုပ်ကိုလည်း လင်းကင်းသည် အကြိမ်ကြိမ် အထပ်ထပ် ဖတ်ခဲ့သည်။ စာအုပ်ထဲတွင်ပါသော အကြောင်းများကို လင်းကင်းသည် အလွတ်ပြန် ရေးပြနိုင်ခဲ့သည်ဆို၏။ ပုံဝတ္ထုအချို့တွင် ပါဝင်

www.burmeseclassic.com

သော သင်ခန်းစာများသည် လင်းကင်း၏ခေါင်းထဲတွင် စွဲကျန်နေရစ်သည်။ ဥပမာ အားဖြင့် ခြင်္သေ့နှင့် နွားရိုင်းလေးကောင်ပုံပြင်တွင် ဖော်ပြခဲ့သည့် "အချင်းချင်းစိတ်ဝမ်းကွဲနေသော နိုင်ငံတစ်ခုသည် ရပ်တည်နိုင်မည် မဟုတ်" စသော သင်ခန်းစာမျိုးဖြစ်သည်။ ဝီလျံ စကော့ရေးသည့် *ပရိသတ် ရှေ့တွင် စကား[10]ပြောနည်း* စာအုပ်မှ လူရှေ့သူရှေ့ စကားပြောနည်း အခြေခံများကို လင်းကင်းလေ့လာခဲ့သည်။ ထိုစာအုပ်တွင် ပါသော လက်ရွေးစင်များမှ တစ်ဆင့် ရိုတ်စပီးယားအကြောင်းကို စတင် သိခွင့်ရခဲ့သည်။ ဟင်းမွလက်၏ ဖခင်ကို သတ်ခဲ့မိခြင်းအတွက် ဘုရင်ကြီး ကလောဒီးယပ်စ်၏ တစ်ကိုယ်တော် ညည်းတွားမှု ပါရှိခဲ့သည်။ "အို... ငါ၏လုပ်ရပ်သည် ဆိုးဝါးလှချေဘိတကား၊ ကောင်းကင်ဘုံအထိ အနံ့တက်ပေတော့မည်" ဆိုသော စာပိုဒ်သည် လင်းကင်း၏ အကြိုက်ဆုံး စာတစ်ပိုဒ် ဖြစ်ခဲ့သည်။

လင်းကင်းသည် သမိုင်းကို စိတ်ဝင်စားခဲ့သည်။ ဝီလျံ ဂရင်းမ်ရော ရေးသားသည့် *အမေရိကန်ပြည်ထောင်စုသမိုင်း* စာအုပ်ကို ဖတ်ခဲ့မိပုံရသည်။ အမေရိကန်ပြည်ထောင်စု စတင်ရှာဖွေတွေ့ရှိ ချိန်မှ အစပြုပြီး ဖလော်ရီဒါပြည်နယ်ကို သိမ်းပိုက်သည်အထိ ရေးထားသောစာအုပ် ဖြစ်သည်။ "ကျွန်စနစ်သည် လူသားအချင်းချင်း အပေါ်တွင် အကြီးမားဆုံးသော လောဘရမ္မက်ကြီးထွားမှုနှင့် ရက်စက်ဆိုးသွမ်းမှုဖြစ်သည်" ဟု ဂရင်းမ်ရော က ရှုတ်ချရေးသားခဲ့သည်။ အမေရိကန်တော်လှန်ရေး၏အရေးပါမှုကိုလည်း ဝိသေသပြုပြီး ရေးသားထားသည်။ ကျောင်းသားများ နားလည်အောင်လည်း တိုက်တွန်းနှိုးဆော် ရေးသားထားသည်။ "လူတိုင်းသည် တန်းတူ သာတူ ညီမျှဖြစ်အောင် ဖန်တီးထားသည်ဆိုခြင်းကို အပြော်နဲ့ မကြေညာဘဲ အလုပ်နဲ့ ပြကြပါစို့" ဟု ပါရှိသည်။ သမိုင်းအဖြစ်အပျက်များထက် အတ္ထုပ္ပတ္တိ အကြောင်းများကို ပို၍ စိတ်ဝင်စားခဲ့သည်။ ဘင်ဂျမင် ဖရဲန်ကလင်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကို သဘောကျခဲ့သည်။ သို့သော် လည်း ပါဆင် မေ

ဆင် ဝင်းမ်၏ *ကျော့ချွန် ဝေါ်ရှင်တင်၏ဘဝစာအုပ်* သည် သူ၏ အတွေးအခေါ်များကို ဖမ်းစားလှုံ့ဆော်ပေးခဲ့သည်။ ပထမအကြိမ် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခါနီးတွင် ဝေါ်ရှင်တင်၏ အကြောင်းများကို လင်းကင်းက နယူးဂျာစီ ဆီးနိတ်လွှတ်တော်တွင် ပြန်၍ ကိုးကားပြောဆိုခဲ့သည်။ ထရဲန်တင်ဒေသတွင် မြစ်ကို ဖြတ်ကူးခဲ့ရပုံ၊ ဟက်ဆီယန်များနှင့် ပြိုင်ခဲ့ရပုံ၊ ထိုအချိန်က အခက်အခဲများ ကြုံ့ကြုံ့ခဲ့ ရင်ဆိုင်ခဲ့ရပုံများ သူ၏စိတ်ထဲတွင် မပျောက်ဘဲ စွဲကျန်နေရစ်ခဲ့သည့်အရာကို လင်းကင်းက ပြောပြခဲ့သည်။ သူသည် လူငယ်လေးဘဝတွင် ဖြစ်ခဲ့သော်လည်း ထိုပုဂ္ဂိုလ်ကြီးများ၏ ရုန်းကန်လှုပ် ရှားခဲ့ရပုံများမှာ သာမန်ထက်ပိုပြီး ထူးခြားကြောင်း လင်းကင်းက တွေးဆခဲ့မိသည်။

အင်ဒီရဲနားမှ ကျောင်းများသည် ရှေ့ဆောင်လမ်းပြ ကျောင်းများ ဖြစ်ခဲ့သည်။ လင်းကင်းအား သချိုင်္ဘာသာရပ်၏ အခြေခံကောင်းများကို ပေးနိုင်ခဲ့သည်။ သူ၏ဆရာများသည် ကျောင်းသုံး သချိုင်္ဘာစာအုပ်များကို လုံးဝ အသုံးမပြုခဲ့ကြ။ လက်စွဲစာအုပ်နှစ်ခုထဲမှ ပုစ္ဆာများကို ရွေးထုတ် သင်ခဲ့ကြသည်။ သောမတ်စ် ဒီလ်ဝပ်သ်၏ *ကျောင်းဆရာလက်စွဲ* နှင့် *ဓာဝါရီးယပ်စ် ကျက်စ်၏ အမေရိကန်ကျောင်း ဆရာလက်စွဲ* စာအုပ်များဖြစ်သည်။ စာရွက်များ ရှားလှသဖြင့် လင်းကင်းသည် မကြာခဏ ပျဉ်ပြားများအပေါ်တွင် ရေးခဲ့ရသည်။ ပျဉ်ပြားများ၊ မဲတူတာတက်လာလျှင် မောင်းချဖြင့် ဖျက်ပြီး အသစ် ထပ်ရေးခဲ့ရသည်။ "လင်းကင်းဟာ တစ်နေကုန်ရာရာက စာရွက်များ နည်းနည်းပါးပါး ရလာရင် မှတ်စုစာအုပ်ဖြစ်အောင်ချုပ်တယ်။ ပုစ္ဆာများနဲ့ အဖြေတွေရေးတယ်။ ခက်ခဲနက်နဲတဲ့ မြောက်ကိန်းတွေ ချရေးတယ်။ ဥပမာအားဖြင့် ၃၄,၅၈၇,၈၃၄ x ၂၃,၄၂၃ ဆိုတာမျိုးနဲ့. ၄,၃၇၅,၇၀၂ ကို ၂,၄၃၂ နဲ့.စားရင် ဘာရမလဲဆိုတာမျိုးတွေပေါ့။ ဒါပေမယ့် လင်းကင်းက အဖြေတိတိကျကျထွက်အောင် တွက်တတ်တယ်။ ပြီးတော့ အနားလျှိန်အတိုင်းအတာတွေနဲ့.ဆိုင်တဲ့ ပုစ္ဆာမျိုးတွေကို ရအောင်ဖြေတယ်။ ငွေကြေး

www.burmeseclassic.com

လျှောပေးခြင်းနဲ့ ရိုးရိုးအတိုး တွက်တွေကိုလည်း ချတွက်တယ်။ သူ့ဆရာတွေက အချိုးတွက် တွက်နည်းကို အတိုင်းအတာအထိပဲ သင်ပေးနိုင် ခဲ့ကြပုံရတယ်။ သူကတော့ ငွေ ၃ အောင်စသည် ၁၇ သျှီလင်ကျသော် ငွေ ၄၈ အောင်စအတွက် မည်မျှကျမည်နည်း စတဲ့ ပုစ္ဆာမျိုးတွေ၊ ရိုးရိုးတွက် တွေကို တွက်နိုင် ခဲ့တယ်"ဟု သူ၏မိတွေးက ပြန်ပြောခဲ့သည်။ မည်သို့ပင် ဖြစ်စေ သန်္ဂီဘာသာ၏ ယုတ္တိဗေဒနှင့် တိကျမှုကို လင်းကင်း သဘောကျခဲ့သည်။ ကွန်ဂရက်လွှတ်တော်အတွင်း အမတ်ဖြစ်လာခဲ့ပြီးစျိုန် အထိ စိတ်မကုန်ခဲ့။ ကျောင်းသုံး ဂဲသြမေတြီစာအုပ်တစ်အုပ်ကို အများဆုံး အသုံးပြုပြီး ပြန်လေ့လာခဲ့သည်အထိဖြစ်သည်။

လင်းကင်းသည် ကျောင်းတွင် ကျောင်းစာအုပ်မှ ပညာများ သာ သင်ယူခဲ့ရသည်မဟုတ်။ တခြားမိသားစုများမှ ကလေးများနှင့် တွေ့ဆုံသိကျွမ်းခွင့်ကို ပထမဆုံးအကြိမ် ရရှိခဲ့သည်။ သူတို့နှင့် ဉာဏ်ချင်းလည်း ပြိုင်ခွင့်ရခဲ့သည်။ လင်းကင်းသည် ကျောင်းသားအများ စုထက်ပို၍ အရပ်ရှည်ပြီး ရုဋ္ဌရေဦးထုပ်နှင့် သမင်ရေဘောင်းဘီတို့ကို ဝတ်ဆင်ခဲ့သည်။ ဘောင်းဘီမှာ တိုလွန်းသဖြင့် ခြေသလုံးသား ခြောက်လက်မထက်မနည်း ပေါ်နေခဲ့သည်။ လင်းကင်းသည် တစ်မှုဆန်းနေသည့် သူ၏ ပုံပန်းသဏ္ဌာန်ကို သတိမပြုခဲ့မိ။ တခြားကျောင်း သားများ သူ့ဘေးတွင် ဝိုင်းအုံလာအောင် ရုတ်တရက် လူစုပြီး ပျက်လုံးဟာသများ၊ ပုံဝတ္ထုများနှင့် အစီအမံများကို ပြောပြတတ်သည်။ ငယ်ငယ်ကတည်းက ခေါင်းဆောင်နေရာကို ယူတတ်ခဲ့သည်။ အပေါင်းအသင်းများက သူ၏ ပုံပြောကောင်းမှု၊ နဘေကာရန ်များနှင့် ပြောဆိုနိုင်မှုတို့ကို ချီးမွမ်းခဲ့ကြရသည်။ လူရှေ့.သူရှေ့.တွင် ပထမဆုံးအကြိမ် စကားပြောဆိုပုံများကို သဘောကျခဲ့ကြသည်။ သူတို့.၏ မျက်စိထဲတွင် လင်းကင်းသည် သူမတူအောင် ထူးခြားခဲ့သည်။ လင်းကင်းသည် ခဏတစ်ဖြုတ်သာ ကျောင်းနေခဲ့ရသဖြင့် ပညာ အစွမ်းကုန် သင်ကြားခွင့် မရခဲ့သူဖြစ်သည်။ သို့သော်လည်း ခဏသာ ကျောင်းနေခဲ့ရသော အတွေ့

အကြုံက သူ့ကို မိမိကိုယ်ကို ယုံကြည်စိတ်ချသူတစ်ဦး အဖြစ် ဆက်လက် ရှင်သန်အောင် လုပ်ဆောင်ပေးနိုင်ခဲ့လေသည်။

လင်းကင်း၏ ငယ်ဘဝ ပျော်စရာကောင်းသော နှစ်များသည် သက်တမ်းတိုခဲ့သည်။ အကြောင်းမှာ ဖခင်ဖြစ်သူသောမတ်စ်နှင့် ဆက်ဆံရေး ကျဆင်းလာခဲ့ခြင်းကြောင့်ဖြစ်သည်။ သောမတ်စ်မှာ သိသိသာသာ အိုမင်းစပြုလာသည်။ ဒုတိယအိမ်ထောင်ပြုပြီးစက တက်တက်ကြွကြွ ရှိခဲ့ပုံများလည်း အားလျော့စပြုလာသည်။ ဤနေ့မှာရေးကလည်း မကောင်း၊ မျက်စိတစ်ဖက်က ကွယ်သွားပြီး ကျန်တစ်ဖက်ကလည်း မှုန်လာသည်။ သူသည် ဖျင်းရိသူတစ်ဦးမဟုတ်။ အမြဲတမ်းလက်နှင့် အလုပ် မပြတ်သော်လည်း မည်မည်ရရ အလုပ်ကြီးအကိုင်ကြီး မလုပ်တတ်ဘဲ ဖြစ်ကတတ်ဆန်း အလုပ်လုပ်သူတစ်ဦးဟု အိမ်နီးချင်းတစ်ဦးက ပြန်သတိရခဲ့သည်။

သောမတ်စ်သည် မိသားစုရှစ်ဦးကို ထောက်ပံ့ခဲ့ရသည့် အတွက် ငွေရေးကြေးရေး အခက်အခဲလည်း အထိုက်အလျောက် ရှိလာသည်။ သူ၏ မိသားစုကြီးအတွက် အထောက်အပံ့ကို ဒဲန်းနစ္စ ဟဲင့်စ်ထံမှ အားကိုးရခဲ့သည်။ သို့သော်လည်း ဒဲန်းနစ္စသည် ၁၈၂၆ ခုနှစ်တွင် ဆာရာ၏သမီး အဲလီးဇဘက် ဂျွန်စတင်နှင့် လက်ထပ်ပြီး မိုင်ဝက်ခန့်.တွင်ရှိသော သူ၏ နေအိမ်သို့ ပြောင်းရွှေ့သွားခဲ့သည်။ ထို့ကြောင့် သောမတ်စ်သည် အရွယ်ရောက်လာသော သားအေဘရာဟမ် လင်းကင်းကို ပို၍ အားကိုးလာရတော့သည်။ လင်းကင်းသည် ခြံယာမြေလုပ် အပင်နတ်စိုက်ပျိုး၊ ခြံကာစသည့် အလုပ်မျိုးစုံကို လုပ်ပေးရသည်။ အနီးတစ်ဝိုက်ရှိ ခြံယာလယ်သမားများထံတွင် လင်းကင်း အား စာရင်းငှားအဖြစ်လည်း လုပ်ကိုင်စေခဲ့သည်။ ဥပဒေအရ သား သမီးများ အရွယ်မရောက်မချင်း သူတို့.ရသမျှ ဝင်ငွေကို ဖခင်ဖြစ်သူက ပိုင်ဆိုင်ခွင့် ရှိခဲ့သည်။

ဒဲန်းနစ္စ၏အဆိုအရ သောမတ်စ်သည် ယေဘုယျအားဖြင့် ပေါ့ပေါ့ပါးပါး လူတစ်ဦးဖြစ်သည်။ သားဖြစ်သူကို ပုံဝတ္ထု ပြောခြင်း၊

www.burmeseclassic.com

နောက်ပြောင်ခြင်း၍ သားထက်ပင် သာသည်ဟုဆိုသည်။ သောမတ်စ်သည် ပညာရေးအတွက် အမြော်အမြင် များများမရှိသော်လည်း အောဘရာဟမ်ကို ကျောင်းထားပေးခဲ့သည်။ ကျောင်းစာအလုပ်တွင် ဝင်ရှုပ်ခဲလှသည်။ "သောမတ်စ်က လုပ်စရာတစ်ခုခုရှိရင် အေးဘ် စာဖတ်ပျက်မှာစိုးပြီး ဘယ်တော့မှ မခိုင်းဘူး၊ သူ့ဟာသူပဲ စလုပ်တယ်" ဟု ဆာရာက ပြန်ပြောခဲ့သည်။ ဒါပေမယ့် ဒဲန်းနစ္စကတော့ "အေးဘ်စာဖတ်တာ များလွန်းတယ်လို့ သူ့အဖေက ထင်ခဲ့တယ်။ စာဖတ်နေလို့ အလုပ်ပျက်ရင် တစ်ခါတစ်ရံမှာ ထဆူတယ်။ အေးဘ် ငယ်ငယ်က လူကြီးတွေစကားပြောတဲ့အထဲမှာ ဝင်ပါရင်လည်း တစ်ခါတလေ အရိုက်ခံရတယ်။ အေးဘ်ကို ဘယ်တော့မှ တားလို့ မရဘူး။ ဒါပေမယ့် သူ့ခံစားရမှုကို တိတ်ဆိတ်သော မျက်ရည်စလေးတွေနဲ့ သက်သေပြခဲ့တယ်" ဟု ပြန်ပြောခဲ့သည်။

အေးဘ်သည် လူငယ်ပေါက်စ အရွယ်ရောက်လာသည်နှင့် သူ၏ဖခင်နှင့် ခပ်ခွာခွာနေလာတော့သည်။ ဖခင်အပေါ်တွင် စိမ်းကားလိုသော စိတ်သည် မိခင်သေဆုံးပြီးကတည်းက အခြေခံလာနိုင်ခဲ့စရာ အကြောင်းရှိသည်။ ထုံထိုင်းထိုင်း ဖခင်က ပေးနိုင်ခဲ့သော ထောက်ပံ့မှုနှင့် မေတ္တာထက်ပို၍ရရှိရန် လိုလားခဲ့ခြိန်ဖြစ်သည်။ ကြီးလာလေလေ ဆန္ဒ ပြင်းပြလာလေဖြစ်ခဲ့သည်။ သူ၏နေရာကိုလည်း ဖခင်လိုလားခဲ့သည့် ဒုတိယမိသားစုက ဝါးမျိုသွားသည်ဟုလည်း ခံစားနိုင်စရာရှိခဲ့သည်။ သောမတ်စ်သည် သူ၏သားထက် မယားပါသား ဂျွန် ဂျွန်စတင်ကို ပို၍အရေးပေးခဲ့သည် ဟုလည်း အသိုင်းအဝိုင်းက သတိပြုမိခဲ့ကြသည်။ လင်းကင်းသည် ဖခင်ဖြစ်သူ နှင့် ဘာသာရေးကိစ္စတွင်လည်း အမြင်ကွဲခဲ့သည်။ ၁၈၂၃ ခုနှစ်တွင် သောမတ်စ်တို့ ဇနီးမောင်နှံသည် ပစ်ဂျင်း ဘက်ပ်တစ် ဘုရားဂိုဏ်းဝင် ဖြစ်လာသည်။ နောက်တော့ သမီး ဆာရာလည်း ဝင်လာသည်။ သို့သော်လည်း လင်းကင်းက အသင်းထဲဝင်ရန် မကြိုးစားခဲ့။ "အေးဘ်မှာ သတ်သတ်မှတ်မှတ် ဘာသာရေး မရှိခဲ့ဘူး။ အဲဒီအရွယ်တုန်းက ဘာသာရေးကိုလည်း မစဉ်းစားခဲ့ဘူး"

ဟု ဆာရာက မှတ်ချက်ချခဲ့သည်။ ထိုအခြင်မတူမှုကြောင့် လင်းကင်းသည် ဖခင်၏ စူးစူးရှရှ ပြစ်တင်ဝေဖန်မှု စကားများကို ကြားခဲ့ရခြင်း ဖြစ်ပုံပေါက်သည်။ လင်းကင်းသည် ဘုရားရှိခိုးကျောင်း ဂိုဏ်းထဲ မဝင်ခဲ့သော်လည်း ဓမ္မတရားပွဲများကို တက်ရောက်ခဲ့သည်။ တရားပွဲမှ အပြန် တွင်ဖြစ်စေ တစ်ခါတစ်ရံတွင်ဖြစ်စေ သစ်တုံးတစ်ခုပေါ်တွင်တက်ပြီး တခြားကလေးများအား တရားဟော ဘုန်းတော်ကြီး၏ ဩဝါဒစကားများကို ပြန်လည် မိန့်ခွန်းခွေတတ်သည်။ ဤအပြုအမူကို ပမာမခန့်ပြုလုပ်သည်ဟု ထင်သော ဖခင် သောမတ်စ်က လင်းကင်းကို တားမြစ်ပြီး အလုပ်ခွင်ထဲသို့ ပို့ပေးခဲ့လေတော့သည်။

အလုပ်ခွင်တွင် ပင်ပင်ပန်းပန်း လုပ်ရမှုများကလည်း လင်းကင်းအား မကျေနပ်မှု ဖြစ်စေခဲ့သည်။ အသက် ၁၂ နှစ်အရွယ်ခန့်တွင် လင်းကင်းသည် အထွားမြန်လှသော်လည်း သူ့အတွက် ခွန်အား အလုံအလောက် မပြည့်စုံခဲ့သေးပေ။ အသက် ၁၆ နှစ်အရွယ်တွင် အရပ်က ၆ ပေ ၂ လက်မအထိ တိုးတက်လာခဲ့သော်လည်း ကိုယ်အလေးချိန်က ၁၆၀ ပေါင်သာ ရှိခဲ့သည်။ ပိန်လွန်းပြီး ခြေတံလက်တံများ ရှည်နေ၍ ပင့်ကူနှင့် တူနေသည်။ အထွားမြန်လွန်းမှုကြောင့် အင်အားမပြည့်ဘဲ အမြဲတမ်း ပင်ပန်းနေခဲ့သည်။ ပြီးတော့ လင်းကင်းက ကာယစွမ်းအားတွင် စိတ်ဝင်စားမှု မရှိခဲ့။ "လင်းကင်းဟာ ပျင်းတဲ့နေရာမှာ အလွန်ကိုမှ ပျင်းတဲ့လူ သူက အမြဲတမ်း စာဖတ်၊ စာရေး ဟိုခြစ်ဒီခြစ် စာရေးပြီး ကဗျာပဲစပ်နေတာပဲ" ဟု ဒဲန်းနစ္စ ဟဲင့်စ်က မှတ်ချက်ချခဲ့သည်။ လင်းကင်းသည် မြွေတစ်ကောင် သတ်ရာမျိုးမှာပင် ဝင်မပါဘဲ နေနိုင်အောင် အံ့သြဖွယ်ရာကောင်းသော လူပျင်း တစ်ဦးဖြစ်ကြောင်း အိမ်နီးနားချင်းများက ပြောဆိုခဲ့ကြသည်။ အိမ်နီးနားချင်းများ၏ မကျေနပ်မှုများကြောင့် ဖခင်နှင့် သားအကြားတွင် စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ခဲ့သည်မှာ သဲသယရှိစရာ မလိုတော့ပေ။

သို့သော်လည်း ဖခင်ဖြစ်သူနှင့် ခပ်ခွာခွာနေခဲ့ခြင်းမှာ လူပျို

www.burmeseclassic.com

ပေါက်တစ်ဦး၏ တော်လှန်ရေးမျိုး မဟုတ်ခဲ့။ ထို့ထက်ပို၍ အရေးပါခဲ့သည်။ လင်းကင်းသည် ဖခင်ဖြစ်သူ နေထိုင်ခဲ့သည့် ဘဝကို တိတ်တိတ်ဆိတ်ဆိတ် ပြန်လည်သုံးသပ်ကြည့်ခဲ့သည်။ သူ၏ အကဲဖြတ်ချက်ကိုလည်း သူ့စိတ်ထဲတွင်သာ ထားခဲ့သည်။ နောင်နှစ်ပေါင်း အတော်ကြာမှ သူ၏ မျိုးသိပ်ချက်များ ထွက်ပေါ်လာခဲ့သည်။ "ကျွန်တော့်ဖခင်ဟာ စာမတတ်ဘဲ ကြီးပြင်းလာခဲ့ပါတယ်။ သူ့နာမည် တစ်လုံးကို ကပေါက်တီကပေါက်ချာလက်မှတ်ထိုးတတ်ရုံထက် ပိုပြီး စာရေးတတ်အောင် ဘာမှ မလုပ်ခဲ့ဘူး။ ဒါအပြင် ပညာသင်ကြားရေးအတွက် လုံးဝ မျှော်လင့်ချက် မပေးနိုင်လောက်တဲ့ဒေသမျိုးကိုမှ ရွှေးပြီး အခြေချတတ်ခဲ့တယ်" ဟု နောင်တွင် လင်းကင်း၏ ပြစ်တင် ပြောဆိုမှုများ ကြားခဲ့ကြရသည်။ ဤသည်မှာ လင်းကင်း၏ ဖခင် အပေါ်တွင် ရုတ်ချမှု စီရင်ချက်ဖြစ်သည်။ တကယ်တော့ တရားဝင် ထုတ်ပြန်ခဲ့သော စာရွက်စာတမ်းများတွင်လည်းကောင်း၊ အကြိမ် ရာပေါင်းများစွာ ပြောဆို ဆွေးနွေးခဲ့မှု မှတ်တမ်းများတွင်လည်းကောင်း လင်းကင်းသည် ဖခင်၏အကြောင်းကို တစ်လုံးမှ ထောက်ခံရေးသား ပြောဆိုမှု မပြုလုပ်ခဲ့ပါပေ။

(၇)

လင်းကင်းသည် အသက် ၁၆ နှစ် ပြည့်ခဲ့ပြီးသည့်အချိန်တွင် ပစ်ဂျင်းကရိမ္မ ထွက်ခွာလိုစိတ်သာ တရွရွ ဖြစ်လာသည်။ သူ၏ အိမ်နှင့် ပတ်ဝန်းကျင်အပေါ်တွင် တွယ်တာမှုများမှာလည်း တစ်ခုပြီး တစ်ခု ပြတ်လာခဲ့သည်။ အစ်မဆာရာကလည်း အသက် ၁၇ နှစ် အရွယ်တွင် အိမ်နီးချင်း အေရင် ဂရစ္စဘီဆိုသူနှင့် လက်ထပ်လိုက်သည်။ သူတို့.မောင်နှံသည် မိုင်အတော်ကွာဝေးသော သူတို့.အိမ်သို့ ရွှေ့ပြောင်းနေထိုင်ကြသည်။ တစ်ခါ ဆာရာ ဘုရှ် လင်ကင်း၏ အငယ်ဆုံးသမီး မာတီလ်ဒါကလည်း စက္ကိုင်းယား ဟော်လ်ဆိုသူနှင့် အိမ်ထောင်ပြုပြီး ရွှေ့သွားကြသည်။ မာတီလ်ဒါမှာ အောဘရာဟမ် လင်းကင်းကို အလွန်ချစ်သူဖြစ်၏။ တစ်နှစ်ခန့်အကြာတွင် အစ်မ ဆာရာ လင်းကင်း ဂရစ္စဘီသည် မျက်နှာမြင်ပြီး သေဆုံးသွားခဲ့သည်။ အစ်မဆာရာ သေဆုံးရခြင်းမှာ ဆာရာဝန်ခေါ်ရန် ဂရစ္စဘီ အမျိုးများ ဝတ္တရားပျက်ကွက်ခဲ့ကြ၍ဖြစ်သည်ဟု လင်းကင်းက အပြစ်တင်ခဲ့သည်။ ထိုအခြင်းအရာအတွက် ပဋိပက္ခဆက်ပြီး ဖြစ်ခဲ့ကြရာ လင်းကင်းအား အိမ်နီးချင်းများနှင့် ပို၍ စိမ်းသွားစေခဲ့ပြန်သည်။

လင်းကင်းကလည်း ဖခင်၏အိမ်မှ အပြင်သို့ ပို၍ပို၍ ထွက်စပြုလာသည်။ သူသည် တောပိုင်းတစ်ခုလုံးအနှံ့ ထွက်ပြီး အလုပ်လုပ်ခဲ့သည်။ အိမ်များပြင်သည်။ သစ်တုံးများလိုမ့်၍သယ်ခြင်း အလုပ်လုပ်သည်။ ပြောင်းဖူးခွဲသည်။ အလုပ်မျိုးစုံ လုပ်ခဲ့သည်။ အလုပ်လုပ်ရင်း ပျင်းရိငြီးငွေ့လာလျှင် လူစုပြီး မျက်လှည့်ပြခြင်း၊ ဟာသပုံပြင်များ ပြောခြင်း စသည်တို့.ဖြင့် ဟန်ရေးပြခဲ့သည်။ လူ အများက အေးဘ်၏ အနီးတွင် ဝိုင်း အုံရပ်ကြည့်ပြီး နားထောင်ခဲ့ကြသည်။ အသက် ၁၆ နှစ် အရွယ်တွင် လင်းကင်းသည် ဒဲန်းနစ္စနှင့် စက္ကိုင်းယားတို့.နှင့်အတူ အိုဟိုင်းယိုးမြစ်အတွင်း၌ သွားလာနေသော မီးသင်္ဘောများသို့ ထင်းများရောင်းချပြီး ငွေရှာရန် စိတ်ကူးရရှိခဲ့ သည်။ သစ်လုံးများလွှတ်ပေးခြင်းကိုလည်း လုပ်ကြည့်ခဲ့ကြသည်။ သို့သော်လည်း အလုပ်ကပါးပြီး ငွေကရှားသည်။ နောက်ဆုံးတွင် သူတို့.သည် ထင်းအစည်း ကိုးစည်းကို ပြည်တွင်းဖြစ် အဝတ်ဖြူကိုး ကိုက်နှင့် လဲလှယ်နိုင်ခဲ့ကြသည်။ ထိုအဝတ်စဖြင့် လင်းကင်းသည် သူ့ဘဝတွင် ပထမဆုံး ရုပ်အင်္ကျီအဖြူတစ်ထည်ကို ချုပ်နိုင်ခဲ့သည်။ ထို့နောက် သမ္မန်သမားကြိမ်စ် တေလာထဲတွင် အလုပ်လုပ်ခဲ့သည်။ လင်းကင်းသည် မြစ်ထဲတွင် အကုအလုပ် မလုပ်ရသော အချိန်တွင် ယာထွန်ပေးသည်။ ခြံကာပေး သည်။ ဝင်းများသတ်ပေးသောအလုပ်ကိုလည်း လုပ်ပေးသည်။ "လူငယ်ဘဝဦး အနေနဲ့ အကြမ်းတမ်းဆုံး လုပ်ခဲ့ရတဲ့ အလုပ်တွေပဲ" လို့ လင်းကင်းက

www.burmeseclassic.com

ပြန်ပြီး သတိရခဲ့မိသည်။

လင်းကင်းသည် တစ်လလျှင် လုပ်ခ၌ ဖ ဒေါ်လာသာ ရရှိခဲ့သည်။ ဝက်သတ်ရသောနေ့များတွင် အပို၌ ၃၁ ဆင့်ရသည်။ အလုပ်မှ နားရသောအချိန်ပိုများတွင် လှေကလေးတစ်စီးကို ဆောက်လုပ်ခဲ့သည်။ လူနှစ်ဦးက သူတို့၏ ပစ္စည်းများကို စုန်ဆင်းလာသော မီးသင်္ဘောပေါ်သို့ ပို့ပေးရန် လှေငှားလာရာ လင်းကင်းက သူ့လှေငယ်ဖြင့် ပို့ပေးသည်။ လူနှစ်ဦးကို သင်္ဘောပေါ် တင်ပေးရုံသာမက သူတို့၏ လေးလံသော ပစ္စည်းများကိုလည်း သင်္ဘောကုန်းပတ်ပေါ်သို့ ရောက်အောင် လင်းကင်းက သယ်ပို့ပေးသည်။ သင်္ဘောထွက်လျှင် လူနှစ်ဦးက တစ်ဦးလျှင် ဆင့် ၅၀ တန် ဒွေဒင်္ဂါးတစ်ပြားစီကို လင်းကင်း၏ လှေပေါ်သို့ ပစ်ချပေးခဲ့သည်။ "ပိုက်ဆံ နှစ်ပြားကို ကောက်ကိုင်လိုက်မိတော့ ကျွန်တော့်မှာ ကိုယ့်မျက်စိတောင်ကိုယ်မယုံ နိုင်ခဲ့ဘူးဗျ။ လူငယ်လေးတစ်ယောက်အနေနဲ့ တစ်နေ့ ပြည့်အောင် တောင်မှ မကြာဘဲနဲ့ တစ်ဒေါ်လာ ရခဲ့တယ်ဆိုတော့ ကျွန်တော် ဂုဏ်မယူတဲ့ နေနိုင်ပါ့မလား။ ကျွန်တော့်ရှေ့မှာ ပိုမိုကျယ်ဝန်းပြီး ပိုမိုမျှတတဲ့ ကမ္ဘာကြီး ရောက်လာသလို ဖြစ်ခဲ့တယ်"ဟု နောင်နှစ်ပေါင်း ၄၀ ခန့်အကြာတွင် လင်းကင်းက ဂုဏ်ယူပြောဆိုခဲ့သည်။

မြစ်ပြင်၏ ဆွဲဆောင်မှုကို လင်းကင်း မတွန်းလှန်နိုင်ခဲ့တော့။ ကျဉ်းမြောင်းသော ပစ်ဂျင်းကရိအရုပ်မှ လွတ်မြောက်ရေး အတွက် ကတိပေးသလို ရှိနေသည်။ နောက်နှစ် နွေဦးပေါက်သို့ ရောက်လာသည်။ လင်းကင်းတို့ ဒေသရှိ စတိုးဆိုင်ပိုင်ရှင် ဂျိမ်းစ် ဂျဲန်ထရီက ကုန်တင်လှေတစ်စီးပေါ်တွင် အမဲသား၊ ပြောင်းဖူး၊ ဂျုံ စသည်တို့ တင်ပြီး နယူးအော်လီးန်စ်မြို့သို့ သွားရောက် ရောင်းချရန် ဆုံးဖြတ်ခဲ့သည်။ လင်းကင်းသည် ဂျဲန်ထရီ၏ သားဖြစ်သူ အယ်လင်နှင့်အတူ လှေပေါ်တွင် လိုက်ပါပြီး အလုပ်လုပ်ရန် သဘောတူလိုက်သည်။ တစ်လလျှင် ၈ ဒေါ်လာရမည့် အလုပ်တည်း။ သူတို့ နှစ်ဦးသည် မြစ်ကြောင်းတစ်လျှောက်တွင် အပန်းဖြေရိုးဆန်ဆန်

နှုန်မှန်စုန်ဆင်းလာကြသည်။ လမ်းခရီးတွင် လှေကို မကြာခဏ ကမ်းဆိုက်ပြီး သကြားစိုက်သောနေရာများတွင် ပစ္စည်းများ ရောင်းချကြသည်။ တစ်ညတွင် လှေကို အနုကြမ်းစီးသည့် ဒုက္ခကို တွေ့ခဲ့ကြသည်။ "အဲဒီ တစ်ညမှာ လူမည်း ခုနစ်ဦးက ကျွန်တော်တို့ကို ဝင်တိုက် ခိုက်ခဲ့ကြတယ်။ ကျွန်တော်တို့ကိုသတ်ပြီး ပစ္စည်းတွေလုဖို့ အကြံနဲ့ လုပ်ခဲ့ကြတာပေါ့။ ဓှန်းရင်းဆန်ခတ် ထိုးကြကြိတ်ကြနဲ့ သူတို့လူ တချို့လည်း ဒဏ်ရာ ရသွားကြတယ်။ ကျွန်တော်တို့လည်း သူတို့ကို လှေပေါ်က ကန်ချပြီး လှေကြိုးဖြုတ် ခရီးဆက်နိုင်ခဲ့တယ်" ဟု လင်းကင်းက ပြန်ပြောပြခဲ့သည်။

နယူးအော်လီးန်စ်မြို့သည် သူတို့နှစ်ယောက် တွေ့မြင်ခဲ့ဖူးသည့် မြို့များတွင် အကြီးဆုံးမြို့ကြီး ဖြစ်နေသည်။ မြင့်မားသော အဆောက်အဦကြီးများ၊ လူစည်ကားသော ဈေးဆိုင်ကြီးများနှင့် ယာဉ်များ မရပ်မနားသွားလာနေပုံများကို တွေ့မြင်ကြရသည်။ လူအများ သည် ပြင်သစ်စကားကို အင်္ဂလိပ်စကားလိုပင် အလွယ်တကူ ပြော ဆိုနေကြပုံကိုလည်း ကြားရသည်။ လင်းကင်းအဖို့ ကျွန်ပေါင်းများစွာကိုလည်း နယူးအော်လီးန်စ်မြို့တွင် ပထမဆုံးအကြိမ် စတင်တွေ့ မြင်ခဲ့လေသည်။

လင်းကင်းသည် အင်ဒီရဲနားသို့ ပြန်အရောက်တွင် ရရှိခဲ့သမျှ လုပ်အားခငွေအားလုံးကို တာဝန်ကျမှုနှစ်စွာ ဖခင်ကို ပေးအပ်ခဲ့သည်။ သို့သော်လည်း ယင်းကင်း အပြင်ဘက်တွင် ပို၍ အလုပ်လုပ်ချိန် များလာသည်။ တစ်မိုင်ခွဲခန့်ဝေးသည် ဂျဲန်ထရီမီးလ် ရွာရှိ ဂျိမ်းစ် ဂျဲန်ထရီ၏ စတိုးသို့ ရံဖန်ရံခါသွား၍ အလုပ်ကူလုပ်ပေးသည်။ တစ်ခါတစ်ရံတွင်လည်း ဘွန် ဘောလ်ဒွင်း၏ ပန်းပဲဖိုသို့ သွား၍ အလုပ်လုပ်ခဲ့သည်။ ထုံးစံအတိုင်းပင် လင်းကင်းသည် ရောက်လေရာတွင် လူပိုင်းလာအောင်စုပြီး စကားပြောရင်း ပြက်လုံးများ ထုတ်ပြသည်။ မျက်လှည့်ပြသည်။ ထိုအချိန်က အင်ဒီရဲနားဦးနှောက်ကြီးသည် ရာမဲ့ လူငယ်အများအပြားသည် လင်းကင်း၏ဘေးတွင် ဝိုင်းအုံနေခဲ့ကြသည်။

www.burmeseclassic.com

၁၈၂၉ ခုနှစ် နွေဦးပေါက်တွင်ဖြစ်သည်။ လင်းကင်းနှင့် သူ၏ အဖွဲ့သည် မမေ,နိုင်လောက်သော ဖြစ်ရပ်တစ်ခု ကြုံကြုံဖန်ဖန် လုပ်ခဲ့ကြသည်။ ဂရစ္ဆဘီ (လင်းကင်းအစ်မ၏ ယောကျ်မ) ၏ သားနှစ်ဦးဖြစ်သော ရွှေဘင်နဲ့ ချားလ်တို့ တစ်ပြိုင်တည်း မင်္ဂလာဆောင် ခဲ့ကြသည်။ လင်းကင်း မိသားစုနှင့် ဂရစ္ဆဘီမိသားစုတို့,အကြားတွင် ဆရာမီးမွှားပြီး သေဆုံးခဲ့မှုကို အကြောင်းပြု၍ ကျောင်းတော်ကရန်စရှိနေခဲ့သည်။ လင်းကင်းအား မင်္ဂလာဆောင်သို့ မဖိတ်ဘဲ ထားခဲ့ကြသည်။ လင်းကင်းအဖို့ အစော်ကားခံရသလို ဖြစ်ခဲ့သည်။ မခံချိမခံသာ ဖြစ်ခဲ့သည်။ လင်းကင်းသည် ကြံရာပါ တစ်ဦး၏ အကူ အညီဖြင့် မင်္ဂလာပွဲပြီးလျှင် သတို့,သမီးနှစ်ဦးအား အပေါ်ထပ် မင်္ဂလာအိပ်ခန်းသို့ ပို့ပေးရာတွင် အခန်းမှားပြီးထားအောင် စီစဉ်ခဲ့သည်။ အလှုပ် အထွေးကို အချိန်မီ တွေ့,ရှိခဲ့ကြပါသည်။ သို့,သော်လည်း ထိုနောက်တီး နောက်တောက်အဖြစ်သည် ဂျွန်ထရိုဗီးလ်၏ အသိုင်းအဝိုင်းတွင် ပြောစမှတ် ဖြစ်ကျန်ရစ်တော့သည်။ ထို့,ထက်ပို၍ လင်းကင်းက ရွှေဘင်၏ မှတ်တမ်း ဟု စာတစ်ပုဒ် ဖွဲ့,နွဲ့,ခဲ့သဖြင့် ထိုအဖြစ်သည် ပို၍ နာမည်တွင် ကျန်ရစ်လေသည်။ ထို့,အပြင် ချစ်ရေးဆိုး၍ မစွဲသူ ညီလေးဘီလီ ဂရစ္ဆဘီ အကြောင်းကိုလည်း လင်းကင်းက စာဖွဲ့,ခဲ့သေးသည်။ လင်းကင်း၏လက်ရာ ဟာသကများသည် အင်္ဂလိပ်ရေးဆရာ တော်ပိုင်းတွင် သမ္မာကျမ်းစာထက်ပင် လူသိများခဲ့သည်ဟု ဒေသခံတစ်ဦးက ပြန်ပြောပြခဲ့သည်။

ထို့သို့,ဖြစ်ခဲ့ပြီးနောက် အခြေအနေသည် လင်းကင်းအား သူ့,အိမ်မှ ထွက်ခွာရေးကို တွန်းအားပေးသလိုဖြစ်ခဲ့သည်။ လင်းကင်းသည် မီးသင်္ဘောသမားတစ်ဦးဖြစ်ရန် တမ်းတခဲ့သည်။ အိမ်နီးချင်းဖြစ်သူ ဝီလျံဝုဒ် အား အိုဟိုင်းယိုးမြစ်အထိ လိုက်ပေးပြီး သင်္ဘောပေါ်တွင် အလုပ်ရရှိရေးကို သင်္ဘောကပ္ပတိန်ထံ ထောက်ခံပေးရန် ပြောခဲ့သည်။ သို့,သော်လည်း လင်းကင်းမှာ အသက် ၂၁ နှစ် မပြည့် သေး၍ မရနိုင်ကြောင်း ဝီလျံက အဖြေပေးခဲ့သည်။ လင်းကင်း၏ ဖခင် သောမတ်စ်အား စိတ်

မခုစေလိုသည့်အတွက် လင်းကင်းအား သင်္ဘောသားအလုပ်ရရန် ကျော်ခ်ပို့,မြို့,၌ ဝုဒ်သည် ဝတ်ကျေတန်းကျေ အလုပ်စုံစမ်းရှာဖွေပေးခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

လင်းကင်းသည် ဖခင်အတွက် နောက်တစ်နှစ် အလုပ် အကြွေးပြုပေးခဲ့ရပြန်သည်။ လင်းကင်းသည် ဖခင်အပေါ်တွင် ကျေးဇူးသိတတ် သောစိတ်ထက် မိခင်အပေါ်တွင် မေတ္တာထားမှုစိတ်ဖြင့် အတူဆက်နေခဲ့သည်။ ၁၈၃၀ ခုနှစ် စောစောပိုင်းတွင် သူတို့,မိသားစုသည် အင်ဒီရဲနားပြည်နယ်၌ စပင်ဆာရိုင်မှ အီလီနွိုင်းပြည် နယ်ရှိ မာကင်ခရိုင်သို့, ပြောင်းရွှေ့,ခဲ့ကြသည်။ ထိုအရပ်သို့, ဂျွန် ဟဲင့်စ်က အရင်သွားရောက် အခြေချခဲ့သည်။ အီလီနွိုင်းပြည်နယ်မှ မြေများသည် မြေဩဇာကောင်းကြောင်း သူက သတင်းကောင်း ပြန်ပို့,ပေးခဲ့ခြင်းကြောင့်ဖြစ်သည်။ ခဲန်းနစ္စ ဟဲင့်စ် မောင်နှံက လိုက်သွား ရန် စိတ်သန်ကြသည်။ ထိုအချိန်မှာပင် အင်ဒီရဲနားတောင်ပိုင်း ဒေသ၌ နွားနို့,အဆိပ်တက်ရောဂါ ဖြစ်နေကြောင်း ကောလာဟလသတင်းများ ထွက်လာသည်။ ဤအကြောင်းများကြောင့် သောမတ်စ် လင်းကင်းကလည်း လိုက်ပါပြောင်းရွှေ့,ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ် သည်။ သောမတ်စ်သည် သူပိုင်ဆိုင်သော မြေနှင့် ဝက်များ၊ ပြောင်းများကို ရောင်းပြီး နွားထီးနှစ်ကောင်ဆွဲ လှည်းပေါ်တွင် အိမ်ထောင်ပရိဘောဂပစ္စည်းများတင်လျက် မတ်လတွင် အီလီနွိုင်းသို့, ထွက်ခဲ့လေသည်။

အောဘရာဟမ်သည် တစ်လမ်းလုံးတွင် လှည်းမောင်းရင်း မိသားစုဟော်ရွှင်အောင် ပြက်လုံးများ ပြောပြသည်။ လမ်းခရီးကလည်း ကြမ်းမှကြမ်း၊ ဖြတ်သွား၍ပင် မရနိုင်သလောက် ဆိုးသည်။ ဆောင်းဒဏ်ကြောင့် လမ်းများပေါ်တွင် ရေများခဲနေခဲ့။ နေ့,အချိန်တွင် နည်းနည်းပါးပါး ရေပျော်ပြီး ညအခါတွင် ပြန်ခဲသည်။ ဝါဘတ်ချ် မြစ်ကို ဖြတ်သွားချိန်တွင် မြစ်ရေတက်သဖြင့် တစ်မိုင်ခွဲခန့်,လောက်အထိ လမ်းပေါ်တွင် ရေလွှမ်းနေခဲ့သည်။ ချောင်းများမှာလည်း ရေလျှံနေသည်။ ဖြတ်ကျော်ရန်

www.burmeseclassic.com

တဲတား များလည်း မရှိ။ ချောင်းဖြတ်တစ်နေရာတွင် လင်းကင်း၏ ချစ်စနိုး ခွေးလေးသည် လှည်းပေါ်မှ ခုန်ချလိုက်သည်။ ခွေးကလေးမှာ ရေခဲပွင့် အထဲတွင် နစ်မြုပ်သွားပြီး ယက်ကန်ယက်ကန်ဖြစ် သွားသည်။ ထို အကြောင်းကို လင်းကင်းက "ကျွန်တော်လည်း လှည်းပေါ် က ခုန်ချ လိုက်ရတယ်။ ကျွန်တော့်ခါးလောက်အထိ ရေခဲပွင့်၊ ရေတွေထဲမှာ မြုပ် သွားတယ်။ ပြီးတော့ ခွေးလေးရဲ့အသက်ကို ကယ်လိုက်ရတယ်" ဟု ပြန် ပြောခဲ့ သည်။

လင်းကင်းမိသားစုသည် ဒီကားတားရွာကလေးကို ဖြတ်မောင်းခဲ့ပြီး ဆန်ဂါမွန်းမြစ်[11]၏ မြောက်ဘက်ကမ်းပါးနှင့် ၁၀ မိုင်ခန့်အကွာတွင် ဂျွန် ဟဲင့်စ် ယူထားပေးသော နေရာ၌ အခြေချခဲ့ကြသည်။ ဆန်ဂါမွန်းမှာ သစ် လုံးကာ တဲအိမ်နေ မိသားစု တစ်ခါဖောင်ပင် မရှိသော ရွာကလေးဖြစ်သည်။ ထိုနွေတွင် သူတို့သည် မြေ ၁၅ ဧကကို ရှင်းပြီး လင်းကင်းနှင့် ဂျွန် ဟဲင့်စ် တို့ ခြံကာခဲ့ကြသည်။ လင်းကင်းသည် ထို အရပ်ကို စိတ်တိုင်းကျခဲ့သည်။ ကိုယ့်အိမ်ကိုယ့်ရာ ကိုယ့်နေရာအဖြစ် စိတ်ထဲတွင် ခံစားမိခဲ့သည်။ ထို့ ကြောင့် ယင်းဒေသတွင် ရွေးကောက်ပွဲများအတွက် မဲရုံထားရှိပေးရေးကို အခြားသူများ မဲဆန္ဒပေးခွင့်ရသူ ၄၄ ဦးနှင့်အတူ လက်မှတ်ထိုးပြီး လျှောက်လွှာတင်ခဲ့ကြသည်။ အမှန်တော့ လင်းကင်းသည် မဲဆန္ဒပေးခွင့် ရရေးအတွက် ထိုအရပ်တွင် ၆ လ ပြည့်အောင်ပင် မနေခဲ့ရသေးသူ ဖြစ် သည်။

ထိုနွေရာသီမှာပင် လင်းကင်းသည် ပထမဆုံးအကြိမ် နိုင်ငံ ရေးတရားဟောခွင့် စတင်ရရှိခဲ့သည်။ ဒီကားတားရွာရှိ ရဲန်းရော့၏ စတိုး ဆိုင် ရှေ့တွင်ဖြစ်သည်။ ပြည်နယ်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲဝင် သူ နှစ်ဦးက နိုင်ငံရေးမဲဆွယ်ပြောဆိုမှုများ ပြုလုပ်ကြသည်။ သို့သော် သူတို့နှစ်ဦးသည် ဧလေ့ထုံးတမ်းနှင့်အညီ ပရိသတ်အား တစ်ခုခုသောက် ရန် ကမ်းလှမ်းမှု မပြုလုပ်ခဲ့ကြ။ မကျေနပ်သော လူငယ်များက လင်းကင်း

အား ထိုအကြောင်း တက်ပြောရန် ဝိုင်းတွန်းခဲ့ကြသည်။ ကိုယ်စားလှယ် နှစ်ဦး၏ ကပ်စီးနှဲမှုကို လင်းကင်းက ဟာသလုပ်ပြောလိမ့်မည်ဟု လူငယ် များက မျှော်လင့်ခဲ့ကြသည်။ ထိုကိစ္စမှာ အသေးအမွှားလေးသာ ဖြစ်ခဲ့ သည်။ သို့သော်လည်း လင်းကင်းအတွက်ကား ဖခင်နှင့်ဝေးအောင် သူ၏ အဆက် မပြတ် ကြိုးပမ်းမှုအတွက် အရေးပါသော ခြေလှမ်းတစ်ခု ဖြစ်ခဲ့ပေ သည်။ လူရှေ့သူရှေ့တွင်ထွက်ပြီး စကားပြောရသည့် အလုပ်မျိုး ကို ဖခင် သောမတ်စ်သည် ဘယ်တုန်းကမှ အိပ်မက်ပင်မက်ခဲ့ဖူးမည် မဟုတ်။ သို့သော်လည်း အောဂရာဟဲမ်သည် သမ္မတဂျက်ကဆင်အား ဆန့်ကျင်သည့် သတင်း စာများကို ဖတ်လာခဲ့သည်မှာ နှစ်ပေါင်း ကြာချေ ပြီ။

လူးဝစ္စဗီးလ်ဂျာနယ် နှင့် လူအများကြိုက် ဟဲန်နရီ ကလေး၏ "အမေရိကန်စနစ်"[12] စသည်တို့ဖြစ်သည်။ ကလေး၏ စာတမ်းက ပြည်တွင်း တိုးတက်မှု၊ ဝင်ကုန်ထွက်ကုန် ကန့်သတ်တားမြစ်မှုနှင့် အမျိုးသားဘဏ် ဖွင့်လှစ်ရေးတို့ကို တောင်းဆိုခဲ့သည်။ လင်းကင်းအား ခပ်ရိုင်းရိုင်း နိုင်ငံရေး ပြက်လုံးများ ပြောလိမ့်မည်ဟု ထင်ခဲ့ကြသည်။ သို့သော်လည်း သူ၏စကား များက ဒီကားတားလူထုကို အံ့အားသင့်သွားစေခဲ့သည်။ လင်းကင်းက သယ်ယူပို့ဆောင်ရေး ကောင်းမွန်ရန် ဆန်ဂါမွန်းမြစ်ကြောင်းခရီး တိုးတက် အောင် ပြုလုပ်ပေးရေးကို မေတ္တာရပ်ခံ ပြောဆိုခဲ့ခြင်းကြောင့် ဖြစ်ပေသည်။ လင်းကင်းသည် ပရိသတ်ကို ကြောက်ရွံ့စိတ် မရှိဘဲ ပြောဆိုခဲ့သည်။ ခြေ ထောက်များ မညောင်းအောင် ခြေဖဝါးများ ရွှေ့ပြောင်းခြင်းသာလုပ်ပြီး လင်းကင်းက အီလီနွိုင်းပြည်နယ်အတွက် သွက်လက်ချက်ချာမည့် အနာ ဂတ်ကို ထောက်ပြပြီး နိဂုံးချုပ်ခဲ့သည်။

အောဂရာဟဲမ် လင်းကင်းသည် ကိုယ်ကာယအားဖြင့်ရော၊ ဥပဒေ၏ အသိအမှတ်ပြုချက်အရရော လူကြီးတစ်ယောက် ဖြစ်မြောက်လာ ခဲ့လေပြီ။ မိသားစု အသိုက်အဝန်းမှ စွန့်ခွာထွက်ရန်လည်း အသင့်ဖြစ်

www.burmeseclassic.com

လေပြီ။ လင်းကင်းသည် သူ.ဘဝသူ ဘယ်လိုရပ်တည်ရ မည်နည်း ဆိုသည်မှာ မရှင်းလင်း၊ မပြတ်သားသေး။ သူသည် ဘယ်အလုပ်မဆို စမ်းကြည့်ရန် ဆန္ဒပြင်းပြနေပြီ။ သူ.ဖခင်၏ အလုပ်ဖြစ်သည့် လယ်ယာ အလုပ်နှင့် လက်သမားအလုပ်ကလွဲလျှင် ဘာမဆို လုပ်ရန် အသင့်ရှိနေပြီ။ ထို.ကြောင့် ကုန်သည် ခဲန်တင် အောဖတ်၏ ကမ်းလှမ်းချက်ကို လက်ခံလိုက်သည်။ အောဖတ်သည် စီးပွားရေး အလုပ်သွက်သော်လည်း ရက်ရောလွန်းလှသူတော့ မဟုတ်။ အောဖတ်က လင်းကင်းနှင့် ငွေန် ဟဲင့်စ်တို.အား နောက်ထပ် စာသောက် ကုန်တင်လှေတစ်စီးဖြင့် နယူးအော်လီးန်စ်သို. ဆင်းသွားရန် ကမ်းလှမ်းခဲ့သည်။ လင်းကင်းအတွက် ထို.ထက်ပိုကောင်းသော အလုပ်လည်း မရှိသဖြင့် လင်းကင်းက ချက်ချင်းလက်ခံလိုက်သည်။

လင်းကင်းသည် အောဖတ်၏ ကုန်တင်လှေ ပြုလုပ်ရန် အတွက် ဆန်ဂါမိုမြို.သို. ထွက်ခွာလာသောနေ.သည် ဖခင်၏အိမ်မှ အပြီးအပိုင် စွန့်ခွာလာသော နေ.ဖြစ်ပေတော့သည်။ သူ.ကိုယ်သူ မည်သူမှန်း မသိခဲ့တော့။ သူဘယ်သို. ဦးတည်မည်လဲ မသိခဲ့။ တစ်ခုတော့ သေချာသည်။ သူသည် နောက်ထပ် သောမတ်စ် လင်းကင်း မဖြစ်လိုခဲ့ခြင်းတည်း။

မှတ်စုတို့များ

1. Gray's Elegy - ဗြိတိသျှကဗျာဆရာ Thomas Gray (1716-77) ရေးသားခဲ့သည့် An Elegy Written in a Country Churchyard လွမ်းချင်း
2. the short and simple annals of the poor
3. Quakers - မိတ်ဆွေများဟု မူလအဓိပ္ပာယ်ရသည်။
4. Friends of Pennsylvania
5. Mordecai Lincoln (1686-1736)
6. premogeniture
7. Angel Mother
8. Separate Baptist Church
9. brucellosis
10. *Lessons in Elocution* by William Scott
11. Sangamon River
12. "American System"

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

ရေမျောသစ်တုံး

အေဘရာဟမ် လင်းကင်းသည် ဖခင်၏ မိသားစုကို စွန့်ခွာခဲ့ပြီး နောက်ပိုင်းနှစ်ကာလများသည် လင်းကင်း၏ အနာဂတ်ကို ပုံသွင်းပေးရာတွင် အရေးပါခဲ့သည်။ ၁၈၃၁ ခုနှစ်တွင် လင်းကင်း၏ ဘဝသည် ရုပ်လုံးမပေါ်ခဲ့သေး။ သို့သည် နောက်ဆုံးတွင် မည်သည့် အသက်မွေးဝမ်းကျောင်းကို ပြုလုပ်နိုင်မည်နည်း ဆိုသည်ကို သူ.ဘာသာသူ မသိခဲ့။ တခြားသူများလည်း မတွေးတတ်ခဲ့ကြ။ ခွန်အားရှိသော သူ၏ ကိုယ်ခန္ဓာအနေအထားနှင့် သူ၏ အစွမ်းအစကို အားကိုးပြီး အလုပ်ကြမ်း လုပ်ရန်မှာလည်း အဖေလက်ငုတ် လယ်ယာခြံ မြေသမားအဖြစ်နှင့်သာ အသင့်တော်ဆုံးဖြစ်သည်။

သို့သော်လည်း ဖခင်၏ လယ်သမားအလုပ်ကို သူက အထင်သေးခဲ့သည်။ သည်လိုနှင့် နောက် ၁၀ နှစ်အတွင်းတွင် လင်းကင်းသည် နယ်စွန်နယ်ဖျားအရပ်တွင် ရရှိသည့် အလုပ်မှန်သမျှ အကုန်လုပ်ခဲ့သည်။

www.burmeseclassic.com

လက်သမား၊ လှေထိုးသမား၊ စတိုးဆိုင် အရောင်းစာရေး၊ စစ်သား၊ ကုန်သည်၊ စာတိုက်ဗိုလ်၊ ပန်းပဲဆရာ၊ မြေတိုင်းသမား၊ ရှေ့နေနှင့် နိုင်ငံရေးသမား အလုပ်မျိုးစုံ လုပ်ခဲ့သည်။ နောက်ဆုံး အလုပ်နှစ်ခုတွင်သာ အလားအလာ ရှိစရာ မြင်ခဲ့ပြီး အတွေ့အကြုံ မရှိမှုကြောင့် ကျန်အလုပ်များကို အတိုင်းအတာ ကန့်သတ်ချက် တစ်ခုအထိသာ လုပ်ဆောင်နိုင်ခဲ့သည်။ သို့သော်လည်း လင်းကင်း အသက် ၃၀ သို့ ရောက်လာချိန်တွင် သူ့ဘဝ အသက်မွေးဝမ်းကျောင်းအတွက် ဦးတည်ချက် မြားဦးသည် အခိုင်အမာ တည်မတ်လာခဲ့လေသည်။

(၁)

လင်းကင်းသည် နယူးစေလင်မ်ရွာကလေးသို့ ရောက်ရှိလာသည်။ လင်းကင်းသည် မမျှော်လင့်ဘဲ စေလင်မ်မြို့ကလေးတွင် ခြောက်နှစ်ဆက်တိုက် နေထိုင်ခဲ့သည်။ လင်းကင်းက သူ့ကိုယ်သူဆန်ဂါမွန်း မြစ်ရေကြောတွင် မျောပါလာပြီး ကမ်းတင်နေခဲ့သည့် ရေမျောကမ်းတင် ထင်းတစ်ချောင်း ဖြစ်သည်ဟု အပေါင်းအသင်းများကို ပြောပြလေ့ရှိသည်။ လင်းကင်းသည် နယူးစေလင်မ်ရွာကလေးကို ၁၈၃၁ ခုနှစ်၊ ဧပြီလတွင် ပထမဆုံး စရောက်သွားခဲ့သည်။ သူတို့လိုက်ပါလာသည့် အောဖတ်၏ ကုန်တင်လှေသည် နယူးစေလင်မ်မြစ်ဝကျိုချောင်းကလေးတစ်ခုတွင် သောင်တင်ခဲ့သည်။ လှေပေါ်တွင် ကုန်အပြည့်တင်ထားသည်။ ဝက်ပေါင်ခြောက်၊ ဂျုံ၊ ပြောင်းစသည်တို့ ထည့်ထားသော စည်ပိုင်းများ၏ ဝန်အလေးကြောင့် လှေထဲ ရေများဝင်ကာ ချောင်းထဲက ပြန်မထွက်နိုင်ဘဲ ရှိခဲ့သည်။ လင်းကင်း၊ ဒဲန်းနစ္စတင်စ်နှင့် ဂျွန် ဂျွန် စတင်တို့သည် လှေနှင့်ကုန်ပစ္စည်းများ ရေမနစ်အောင် လှေထဲဝင်နေသော ရေများ ပြန်ထွက်အောင် အသေအလဲလုပ်ခဲ့ကြရသည်။ သူတို့အဖြစ်ကို တစ်ရွာလုံးက ထွက်ကြည့်ခဲ့ကြသည်။ ထွားကျိုင်းလှသော

လင်းကင်း၏ လုပ်ပုံကိုင်ပုံကို အများက အာရုံစိုက်ကြည့်ခဲ့ကြသည်။ လင်းကင်းသည် ဦးထုပ်၊ ကုတ်အင်္ကျီနှင့် ဖိနပ်များ ချွတ်ပြီး ရေထဲဆင်းကာ တအားကျိုးလုပ်ခဲ့သည်။ ဘောင်းဘီကို ဒူးခေါင်းအထိ လိပ်ထားပြီး ရှပ်အင်္ကျီမှာ ရေရွှဲနေသည်။ မျက်နှာပေါ်ကျလာသော ဆံပင်များကို လက်ဖြင့် ဖိသပ်ရင်း အသံပေးပြီး လှေကိုဆွဲထုတ်သည်။ မရ။ လှေကို ရွှေ့အောင် ဆွဲယူ၍ မရသဖြင့် လင်းကင်းသည် လှေပဲ့ပိုင်းတွင် အပေါက်တစ်ပေါက် ဖောက်ပြီး စည်ပိုင်းထဲမှ ပစ္စည်းများကို ဆွဲချွေတ်ကာ ပဲ့ပိုင်းဖက်တွင် စုပုံလိုက်သည်။ လှေဦးပိုင်း မော့လာစေရန် လုပ်ဆောင်လိုက်ခြင်းဖြစ် သည်။ စလှေထဲဝင်နေသော ရေများလည်း သူဖောက်သော အပေါက်မှ ပြန်ထွက်သွားခဲ့သည်။ လှေတစ်စီးလုံး ရေပေါ်တွင် ပြန်ပေါ်ပြီး ချောင်းထဲမှ ပြန်ထွက်နိုင်ခဲ့လေသည်။ လင်းကင်း၏ ရိုးသားသော လုပ်ဆောင်မှုကို တစ်ရွာလုံးက လက်ဖျားခါခဲ့ကြသည်။ လှေပိုင်ရှင် အောဖတ်ကလည်း အလွန်တရာ အထင်ကြီးခဲ့သည်။ အောဖတ်သည် သန့်ရှင်းတစ်ခုကို ချလိုက်သည်။ နောက်ထပ် မစ္စစ္စပီးမြစ်ကြောင်း ခရီးစဉ်ပြီးဆုံးလျှင် နယူးစေလင်မ်တွင် နောက်ထပ် စတိုးဆိုင်တစ်ခုဖွင့်ပြီး လင်းကင်းကို မန်နေဂျာခန့်တော့မယ်လို့ အောဖတ်က သန့်ရှင်းချလိုက်ခြင်းဖြစ်သည်။

လင်းကင်းသည် နယူးအော်လီးန်စ်မြို့မှ ပြန်လာပြီးနောက် နယူးစေလင်မ်သို့ ခရောက်လာသည်။ သို့သော်လည်း အောဖတ်၏ အကြီးအကဲဖြစ်သော ကတိများ မတည်ကြောင်း တွေ့ရသည်။ အောဖတ်သည် ကုန်ပစ္စည်း တစ်ပုံကြီးကို စိန့်လူးဝစ္စမြို့မှ မှာယူထားခဲ့သော်လည်း စတိုးဆိုင်သစ်မှာ မရှိခဲ့သေး။ ထိုအချိန်က အခြေအနေကို "ကျွန်တော် နေထိုင်စားသောက်မှုအတွက် ပထမဆုံးအကြိမ် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ခဲ့ရတဲ့အချိန်ပဲ" ဟု လင်းကင်းက ပြန်ပြောပြခဲ့သည်။ လင်းကင်းသည် ထိုနွေရာသီတွင် ရရာ ဖြတ်စဖျင်းတောင်းအလုပ်မျိုးစုံကို လုပ်ကိုင်ခဲ့ရသည်။ ကုသိုလ်ကံက မဆိုးခဲ့။ နယ်စွန်နယ်ဖျားဒေသတွင် အမြဲတမ်း

www.burmeseclassic.com

အလုပ်သမားများ လိုအပ်ခဲ့သောကြောင့်ဖြစ်သည်။

နယူးစေလဲမ်သည် လူငယ်လေး လင်းကင်းနှင့် အကိုက်ဆုံး အရပ်ဖြစ်သည်။ နယူးစေလဲမ်၏ သက်တမ်းမှာ နှစ်နှစ်သာ ရှိသေးသည်။ ဆန်ဂါမွန်းမြစ်ဘေးရှိ ကုန်းစောင်းတစ်ခုတွင် စက်ပိုင်ရှင် ကမ်မရွန်းနှင့် ရပ်တ်လက်ချ်တို့.နှစ်ဦးက ထူထောင်ခဲ့သော ရွာလေးသာဖြစ်ခဲ့သည်။ နယ်စွန်နယ်ဖျားရွာကလေးဆိုသော်လည်း ထိုကျေးလက်ဒေသအတွက် ကုန်ပစ္စည်းများ ရောင်းချပေးသည့် စီးပွားရေးရွာ ကလေး ဖြစ်နေသည်။ မြစ်ရေအားကို အသုံးပြုပြီးလည်သည့် လွှစက်တစ်ခုနှင့် ကြိတ်စက်တစ်ခုရှိသည်။ ပန်းပဲဖို တစ်ဖို၊ ကြေးဝါဆိုင် တစ်ဆိုင်၊ သိုးမွေးရက်သော နေရာတစ်ခု၊ စတိုးဆိုင် နှည်းနည်းပါးပါးနှင့် ထမင်းဆိုင်တစ်ဆိုင်ရှိသည်။ အိမ်ခြေ တစ်ဒါဇင်လောက် ရှိပြီး လူဦးရေ တစ်ရာခန့်.ရှိသည်။ ဘာပဲပြောပြော နယူးစေလဲမ်သည် လင်းကင်းနေထိုင်ခဲ့ဖူးသော နေရာများတွင် အသိုင်းအဝိုင်းအကြီးဆုံးအရပ်ဖြစ်နေသည်။

လင်းကင်းသည် အလုပ်မရွေး မည်သည့်အလုပ်ကိုမဆို လုပ်သည်။ အလုပ်လုပ်လိုစိတ်ရှိပြီး လုပ်နိုင်စွမ်းအားလည်း အလွန်ရှိသည်။ အလုပ်ကြိုးစားပြီး သမ္မာရလည်းဖြစ်သည်။ ထို့ကြောင့် လင်းကင်းကို လူတိုင်းက တစ်နေ့.တခြား ပို၍ သဘောကျလေဖြစ်လာသည်။ ရပ်ရွာလူကြီးများနှင့် ရင်းနှီးဆက်ဆံမှုကိုလည်း လျင်မြန်စွာ ရရှိခဲ့သည်။ လူကြီးများသည် ဆင်မြူယဲလ် ဟီးလ်နှင့် ဂျွန် မက်နီးလ်တို့ ဖွင့်ထားသော စတိုးဆိုင်သို့ နေ့.စဉ်လာပြီး သတင်းပလင်းနှင့် ထွေရာလေးပါး စကားဖလှယ်ပြောလေ့ရှိကြသည်။ လူကြီးများက လင်းကင်းအား သူတို့.အသိုင်းအဝိုင်းတွင် လက်ခံခဲ့သည်။ လင်းကင်းမှာ သူ၏ဖခင်အတိုင်းဖြစ်သည်။ ပြောဆိုစရာ ပုံတိုပတ်စများ မကုန်ခန်းနိုင်ခဲ့။ ပြောမဆုံးပေါင် တောသုံးထောင် ရှိနေသောကြောင့် လူကြီးများက သူ့ကို လက်ခံခဲ့ခြင်းဖြစ်သည်။

ဓာတ်လမ်းများ ပြန်ပြောပြရာတွင် မိန်းမများ မပါဝင်လျှင်

လင်းကင်း၏ လေသံသည် တစ်ခါတစ်ရံတွင် ညစ်ညမ်းသည်။ ဥပမာ အားဖြင့် အမေရိကန်တော်လှန်ရေးတွင် နာမည်ကျော်ကြားခဲ့သော ဗိုလ်မှူးကြီး အီသန် အယ်လင် အကြောင်းမျိုးဖြစ်သည်။ ဗိုလ်မှူးကြီး အယ်လင်သည် အမေရိကန်တော်လှန်ရေးစစ်ပွဲအပြီးတွင် အင်္ဂလန်နိုင်ငံသို့ ရောက်သွားခဲ့သည်။ အင်္ဂလိပ်လူမျိုးများက အမေရိကန်များကို ပြက်ရယ်ပြုပြီး အရသာခံပြောကြပုံကို တွေ့.ရသည်။ အထူးသဖြင့် ကျော့ချ်ဝေါ်ရှင်တင်ကို ပုတ်ခတ်ပြောဆိုခဲ့ကြသည်။ အမေရိကန်နိုင်ငံ၏ ပထမဆုံးသမ္မတ ကျော့ချ်ဝေါ်ရှင်တင်၏ ဓါတ်ပုံကို အိမ်သာထဲတွင် ချိတ်ထားသည်။ ဧည့်သည်ဗိုလ်မှူးကြီး အယ်လင်အား စိတ်အနှောင့်အယှက်ပေးရန်ဖြစ်သည်။ (ထိုအိမ်ကို လင်းကင်းက အိမ်မဲကြီးဟု ခေါ်ဆိုခဲ့သည်) ဗိုလ်မှူးကြီးက အင်္ဂလိပ်လူမျိုးများသည် ဝေါ်ရှင်တင်၏ ဓါတ်ပုံကို အသင့်တော်ဆုံးနေရာတွင် ချိတ်ထားခဲ့ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် အင်္ဂလိပ်လူမျိုးတို့.ကို မြင်လိုက် ရုံနှင့် အမြန်ဆုံး ကြောက်ချေးပါအောင် လုပ်ပေးနိုင်တဲ့နေရာမှာ ကျော့ချ် ဝေါ်ရှင်တင်၏ ဓါတ်ပုံထက် ပို၍ကောင်းသောအရာ မရှိသောကြောင့်ဖြစ်သည်ဟု ဗိုလ်မှူးကြီး အယ်လင်က ချေပခဲ့ပုံကို လင်းကင်းက ပြန်ပြောပြခဲ့သည်။

ထိုနှစ် စက်တင်ဘာလတွင် အောဖတ်၏ စတိုးဆိုင်သစ်ကို ဖွင့်လိုက်သည်။ နယူးစေလဲမ်သည် အရောင်းအဝယ် ဗဟိုဌာနဖြစ်ရာ ပတ်ဝန်းကျင် အနီးအနားတစ်ဝိုက်၌ လယ်သမားများနှင့် အလုပ်သမားများ လာရောက်ကြသည်။ ပြောင်းလာကြိတ်ကြသည်။ ပစ္စည်းများ ဝယ်ကြသည်။ ကုန်စုံဆိုင်တွင် အရက်နည်းနည်းကျဉ်းကျဉ်း သောက်ကြသည်။ လာရောက်ကြသူများမှာ နယူးစေလဲမ်ရွာသားများလို မဆောင်း။ နယ်စပ်ဒေသက ကျေးတောသားများနှင့် ပိုတူသည်။ နယူးစေလဲမ်၏ အနောက်ဘက် မိုင် အနည်းငယ်ဝေးသော ကလယ်ရီ ဂရို.ဖ်ရွာမှ ယောကျ်ားကလေးများသည် အရိုင်းဆုံးဖြစ်ကြသည်။ သူတို့.၏ ခေါင်းဆောင်မှာ ဂျက်ခ် အမ်းစထရောင်း[2]ဆိုသူဖြစ်၏။ သူတို့.သည် စာမတတ်ကြ။ အပြုအမူ ပြောဆိုမှု

www.burmeseclassic.com

ထိန်းသိမ်းမှု မရှိ။ စည်းကမ်းဥပဒေများကို ဂရုမစိုက်။ သူများပစ္စည်းကိုလည်း မသိတတ်။ ပေါ့စရာနှင့် ခုန်ပေါက်မြူးတူးမှုတို့ကို အမြဲလိုလို လုပ်ချင်ကြသူများ ဖြစ်သည်။ သို့သော်လည်း သူတို့သည် ရက်ရောမှု စေတနာကောင်း သူများလည်း ဖြစ်ကြသည်။ သူတို့နှင့် ခင်မင်သော မိတ်ဆွေများအတွက်ဆိုလျှင် ရေကန်တူး၊ ကန်ဖော်၊ အိမ်ဆောက် အကုန်လုပ်ပေးတတ်ကြသည်။ အကာအကွယ်မဲ့ အမျိုးသမီးများနှင့် မသန်မစွမ်း ခုက္ခိတများအတွက် ကရုဏာထားသည်။ သို့သော်လည်း သူတို့တစ်တွေသည် မဟုတ်တရုတ်ကိစ္စများအတွက် အများဆုံး အချိန်ဖြုန်းကြသည်။ ကြက်တိုက်ကြသည်။ ငန်းဖမ်းပြိုင်ပွဲ လုပ်ကြသည်။ ဗလအားကိုးအလုပ်မျိုးကို သူတို့တန်ဖိုးထားကြသည်။

အောဖတ်၏ စတိုးဆိုင်လက်ထောက်အသစ် လင်းကင်းမှာ နယူးစေလဲမ်ရွာတွင် စမတ်အကျဆုံး ဖြစ်ရုံသာမက ခွန်အားအကောင်းဆုံးသူလည်းဖြစ်သည်ဟု ကြွားလုံးထုတ်ခဲ့သည်။ ကလယ်ရီဂရို.ဖ်မှ ယောကျ်ားများက အောဖတ် ဖြိုးတားပါဟု ပြောခဲ့ကြသည်။ သူတို့သည် လင်းကင်း၏ ဉာဏ်ရည်ပိုထက်မှုကို ဂရုမစိုက်။ သူတို့၏ ချန်ပီယံကျက်ခ် အမ်းစထရောင်းနှင့် နပန်းတစ်ပွဲလောက်ခွဲပြီး လင်းကင်း၏ ခွန်အားကို စမ်းလိုကြသည်။ လင်းကင်းက စိတ်မပါခဲ့။ နပန်းပွဲတွင် ဆွဲလား၊ ချုပ်လား အလုပ်ကို မလုပ်လို။ သို့သော် သူ၏ အလုပ်ပိုင်ရှင်၏ တိုက်တွန်းမှုဖြင့် တစ်ဖက်မှ မခံချင်အောင် ဆွမှုတို့ကြောင့် လင်းကင်းသည် နပန်းပွဲကို နွှဲခဲ့ရလေသည်။ ထိုနပန်းပွဲမှာ မော်ကွန်းတင်စရာပွဲဖြစ်သည်ဟု နယူးစေလဲမ် ရွာသူရွာသားများက မှတ်မိခဲ့ကြသည်။

အခြင်အမျိုးမျိုးလည်း ဝိဝါဒကွဲ ကျန်ရစ်သည်။ အမ်းစထရောင်းက ဥပယ်သုံးပြီး လင်းကင်းကို နိုင်ခဲ့သည်။ လင်းကင်းက အမ်းစထရောင်းကို ကိုင့်ပေါက်နိုင်ခဲ့သည်။ အမ်းစထရောင်း၏ နောက်ပါများက လင်းကင်းကို ဝိုင်းပြီး ခြိမ်းခြောက်ခဲ့ရာ လင်းကင်းက အားလုံးကို တစ်

ထောက်ပြီးတစ်ယောက် ဆော်ထည့်ခဲ့သည် စသည်တို့ဖြစ်သည်။ အသေးစိတ် ခိုင်လုံသော အထောက်အထားများ မရှိခဲ့ပါ။ အရေးမကြီးလှပါ။ အရေးပါသော အချက်တစ်ခုတော့ရှိသည်။ အောဘရာဟမ် လင်းကင်းသည် ခွန်အားဗလနှင့် သူရသတ္တိ ရှိသူဖြစ်ကြောင်း သက်သေပြနိုင်ခဲ့သည်။ ပြီးတော့ ကလယ်ရီ ဂရို.ဖ် အုပ်စု၏ ချီးကျူးလေးစားမှုကို ရရှိခဲ့သည်။ ထိုနပန်းပွဲအပြီးတွင် ထိုအုပ်စုသည် လင်းကင်းအပေါ်တွင် သစ္စာအရှိဆုံးနှင့် အချီးမွမ်းဆုံး နောက်ပါများ ဖြစ်လာခဲ့ကြလေတော့သည်။

တစ်ချိန်တည်းမှာပင် နယူးစေလဲမ် ရွာခံများနှင့် ပညာပိုတတ်ကြသူများက လင်းကင်းကို အထင်ကြီးလာကြသည်။ ရွာကလေးသည် နယ်အစွန်အဖျားတွင်ရှိသည်။ သို့သော်လည်း ယဉ်ကျေးသိမ်မွေ့ပြီး ပညာတတ်အချို့လည်း ရှိကြသည်။ ဒေါက်တာ ဂျွန် အယ်လင်ဆိုသူ မှာ ဒပ်သ်မောက်ကောလိပ်မှ ဘွဲ့ရတစ်ဦးဖြစ်သည်။ နယူးစေလဲမ်နှင့် နီးသည့် ကျက်ဆင်ဇီလ်ရွာတွင် အီလီနွိုင်းကောလိပ်ကို တက်ရောက်ခဲ့ဖူးသူ ငါးဦးထက်မနည်း ရှိ၏။ ပညာကို ဆုံးခန်းတိုင်အောင် မသင်ခဲ့ရသော်လည်း စာပေကို စိတ်ဝင်စားသူများလည်းရှိ၏။ ကျက်ခ် ကယ်လ်စို ဆိုသူမှာ ဝပြီး ပျင်းရိသလောက် (ကဗျာဆရာ ရောဘတ်)ဘန်းစ်နှင့် ရိုတ်စပီးယားတို့၏ စာများကို နာရီနှင့်ချီပြီး အလွတ်ရွတ်ပြ နိုင်သူဖြစ်သည်။ မိမိဘာသာ စာတတ်အောင် သင်ခဲ့ရသူ မဲန်တာ ဂရေဟမ်မှာ နယူးစေလဲမ်မြို့ ကလေးတွင် တစ်ခုတည်းသော စာသင်ကျောင်းကို ဖွင့်လှစ်ထားသူ ဖြစ်သည်။ သူတို့အားလုံးသည် အရှက်အကြောက်မရှိ စာသင်လိုသော လင်းကင်းကို အံ့သြချီးကျူးခဲ့ကြသည်။ ဂျီမ်းစ် ရပ်တ်လက်ချ်ဒ် စတင်စီစဉ်ပေးသော စကားရည်လုပွဲအသင်းတွင် လင်းကင်း၏ ပါဝင်ပြောဆို မှုများကိုလည်း လေးစားကြသည်။ လင်းကင်းသည် စင်မြင့် ပေါ်တွင် စတင် စကားပြောခဲ့ချိန်၌ ရဲရဲတင်းတင်း ယုံကြည်မှုရှိတ် မရှိခဲ့။ လက်နှစ်ဖက်ကို အကျီအိတ်ထဲတွင် ထည့်ထားပြီး ပြောခဲ့သည်။ ဘို့သော်လည်း ဆက်ပြီး ပြောရင်းပြောရင်းနှင့် ပို၍ ယုံကြည်စိတ်ချမှု

www.burmeseclassic.com

ရှိလာသည်။ လက်နှစ်ဖက်ဖြင့် အမှုအရာ အမျိုးမျိုးပြပြီး ပြောလာခဲ့သည်။ "လင်းကင်းဟာ အကြောင်းအရာတစ်ခုကို ဆင်ခြင်တုံတရား အပြည့်နဲ့ အကျိုးအကြောင်း ညီညွတ်အောင် ပြောဆိုခဲ့တယ်။ သူပြောပုံဟာ အဓိပ္ပာယ် လေးနက်ပြီး အားရှိပါးရှိ နိုင်လွန်းလို့ အားလုံး အဲ့သြခဲ့ရတယ်" ဟု ပါဝင်ခဲ့သူတစ်ဦးက မှတ်ချက်ချခဲ့ရသည်။

လင်းကင်းသည် အနာဂတ်တွင် အရေးပါလာမည့် လူငယ်တစ်ဦး ဖြစ်ကြောင်း မြို့.မိမြို့.ဖများက ယုံကြည်လာကြသည်။ အောဖတ်၏ စတိုးဆိုင် တာဝန်များကို အပင်ပန်းခံပြီး အလုပ်လုပ်ပုံကို သတိပြုခဲ့ကြသည်။ လင်းကင်းသည် အနီးအနားရှိ ကြိတ်စက်နှင့် လွှစက်တို့.ကို အုပ်ချုပ်ရန်လည်း တာဝန်တိုးပေးခြင်း ခံခဲ့ရသည်။ "လင်းကင်းဟာ ကျွန်တော် တွေ့.ဖူးသမျှ အကောင်းဆုံး အရောင်း စာရေးတွေထဲမှာ တစ်ယောက်အပါအဝင်ဖြစ်တယ်။ သူ့.အလုပ်သူ ဂရုစိုက်တယ်။ ဖောက်သည်နဲ့ မိတ်ဆွေအပေါ်မှာ ကြင်နာတယ်၊ ငဲ့ကွက်တယ်၊ အမြဲတမ်း ကြင်ကြင်နာနာနဲ့ ရိုးရိုးသားသား ဆက်ဆံတတ်တယ်" ဟု ကျော်ငြိမ်းဆရာ ဂရေဟမ်က ပြန်ပြောခဲ့သည်။

မြို့.ရေးမြို့.တာကိစ္စများတွင် လင်းကင်း စိတ်ဝင်စားမှု ရှိပုံကိုလည်း အများက ကျေနပ်ကြသည်။ သူသည် မြို့.နယ်တရားရုံးသို့ သွားပြီး ပုံမှန် နားထောင်တတ်သည်။ ဝဝဖိုင့်ဖိုင့် တရားသူကြီး ဘိုလင်း ဂရင်းသည် အစတွင် လင်းကင်းအား အပျော်သဘောဖြင့် အမှုများကို ဝဖန်ခွင့်ပြုခဲ့သည်။ လင်းကင်းက ပုံတိုပတ်စများ ပြောတတ်၍ဖြစ်သည်။ နောက်တော့ လင်းကင်းတွင် ဟာသဉာဏ် ရှိရုံသာမက ခိုင်မာ၍ ယုတ္တိဗေဒစိတ်ရှိသူဖြစ်မှန်းပါ အသိအမှတ်ပြုလာကြသည်။ အိမ်နီးနားချင်းများက လင်းကင်းထံမှ ဥပဒေရေးရာ အကြံဉာဏ်များ တောင်းယူလာကြသည်။ လင်းကင်းက ဥပဒေနှင့် ဆိုင်သော မှတ်တမ်းမှတ်ရာများ၊ အိမ်ငှားရမ်းမှု စာချုပ်များနှင့် ဝင်ငွေများကို စာရွက် စာတမ်းများဖြင့် ရေးဆွဲပေးခဲ့ပါသည်။

၁၈၃၂ ခုနှစ်၊ နွေဦးတွင်ဖြစ်သည်။ ဂျိမ်းစ် ရပ်တ်လက်ချ်နှင့်

ဒေသခံများက လင်းကင်းအား ပြည်နယ်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲ ဝင်ပြိုင်ရန် အကြံပေးခဲ့ကြသည်။ လင်းကင်းအား ထောက်ခံခဲ့မှုသည် အစတွင် ထင်ခဲ့မိသည်ထက် အထူးအရေးပါလာခဲ့သည်။ နယူးစေလဲမ်၏ အနာဂတ်သည် ဆန်ဂါမွန်းမြစ်နှင့် ဆက်စပ်နေသည်။ ဒေသထွက် အပိုစားသောက်ကုန်ပစ္စည်းများဖြစ်သော ဝက်ပေါင် ခြောက်၊ ပြောင်းနှင့် ဂျုံများကို လင်းကင်း၏ ကုန်တင်လေမျိုးဖြင့် ဆန်ဂါမွန်မြစ်ကြောင်းတစ်လျှောက် အောက်အရပ်သို့ သယ်ပို့ကြရသည်။ ဆန်ဂါမွန်မြစ်ကြောင်း တိုးတက်လာခဲ့လျှင် မီးသင်္ဘောများ ဝင်လာနိုင်မည်။ ဒေသခံများ လိုအပ်ကြသည်အား၊ သံနှင့် အခြား လူသုံးကုန်များကို တင်ပို့.လာနိုင်မည်ဖြစ်သည်။ နယူးစေလဲမ်သည် အီလီနွိုင်းအလယ်ပိုင်းတွင် စီးပွားရေး အချက်အချာကျလာမည်ဖြစ်၏။ သို့.သော်လည်း ထိုအစီအစဉ်ကို ခြိမ်းခြောက်သည့် အစီအစဉ်တစ်ခု ဝင်လာသည်။ ရေကြောင်းသွားလာမှု ကောင်းမွန်နေသည့် အီလီနွိုင်းခြစ်မှ ဂျက်ဆင်ဗီးလ်နှင့် စပရင်းဖီးလ်မြို့.များသို့ မီးရထားလမ်း ဖောက်မည်ဆိုသော အကြံဖြစ်သည်။ ရထားလမ်းသည် နယူးစေလဲမ်မြို့.ကို ဖြတ်သွားစေမည်ဖြစ်သည်။ နယူးစေလဲမ်မြို့.၏ အကျိုးစီးပွားကို ကိုယ်စားပြုပြောဆိုနိုင်မည့် ကိုယ်စားလှယ်တစ်ဦး လိုအပ်လာခဲ့ချေပြီ။ ထိုအလုပ်အတွက် လင်းကင်းထက် ပို၍ကောင်းမည့်သူ အဘယ်မှာ ရှိအံ့နည်း။ လင်းကင်းသည် ခြစ်ကြောင်းခရီးကို ကိုယ်တိုင် အတွေ့.အကြုံရှိခဲ့သောသူ ဖြစ်၍တည်း။

မိတ်ဆွေများ၏ တိုက်တွန်းချက်အရ လင်းကင်းသည် ပြည်နယ် ဥပဒေရေးရာ ကိုယ်စားလှယ်လောင်းတစ်ဦးအဖြစ် ဝင်ရောက် အရွေးခံမည်ဖြစ်ကြောင်း ၁၈၃၂ ခုနှစ်၊ မတ်လတွင် ကြေညာလိုက်သည်။ လင်းကင်း၏ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ကြီးမားခြင်းကို လက်တွေ့.ပြသလိုက်ခြင်းဖြစ်သည်။ လင်းကင်းက သူတွေ့.ဖူးသော သူများနှင့်ယှဉ်လျှင် သူက သောလွန် စေတောင်မှ တန်းတူရည်တူရှိကြောင်း သူ့.ကိုယ်သူ ယုံကြည်ခဲ့သည်။ ပြည်နယ် ဥပဒေပြု ကိုယ်စားလှယ်ရာထူးမှာ ကြီးကြီးမားမား

www.burmeseclassic.com

မဟုတ်။ အထူးအရည် အချင်းများလည်း မလိုပေ။ အများအားဖြင့် ကျွဲနွားများကို ခြံခတ်ပြီး ထိန်းသိမ်းစောင့်ရှောက်ပေးရမလား သို့မဟုတ် လွတ်လွတ်လပ်လပ် လွှတ်ပေးထားနိုင်သလားစသည့် ပြဿနာများကို ကိုင်တွယ်ကြရသူများဖြစ်သည်။ ယခင်က လုပ်ဆောင်ခဲ့သော ဥပဒေများသည် အရေးမပါ။ မကောင်းကျိုးပင် ပေးနိုင်သည်။ ထို့အပြင် ကိုယ်စားလှယ်လောင်းများသည် အားကောင်းသော နိုင်ငံရေးပါတီ၏ ကျောထောက်နောက်ခံပြုမှု သို့မဟုတ် ဩဇာရှိသော နာယကများ၏ ပံ့ပိုးမှုလည်း မလိုအပ်ပေ။ သို့သော်လည်း အီလီနွိုင်းပြည်နယ်တွင် နိုင်ငံရေး စိတ်ဝင်စားမှုသည် အပြောင်းအလဲ ရှိနေသည်။ လူအများက ဒုတိယသမ္မတသက်တမ်းအတွက် ယှဉ်ပြိုင်မည့် အင်ဒရူး ဂျက်ကဆင်ကို အပြင်းအထန် ထောက်ခံကြသည်။ လင်းကင်း အပါအဝင် အခြားသူများက ပြိုင်ဘက်လောင်း ဟဲန်နရီ ကလေးကို ကြည်ညိုကြသူများလည်း ဖြစ်နေသည်။

သူတို့နှစ်ဦးတွင် ခြားနားမှုများရှိခဲ့သည်။ အမျိုးသားဘဏ် တစ်ခုဖွင့်လှစ်ရေး၊ သွင်းကုန်ထွက်ကုန်၊ အကောက်ခွန် ထိန်းသိမ်း ကာကွယ်ရေး၊ လမ်းများ၊ တူးမြောင်းများ၊ မြစ်များ တိုးတက်မှုအတွက် ပြည်တွင်းပိုင်း တိုးတက်ရေးတို့အပေါ်တွင် အခြေခံသည်။ ထိုအခြေအနေများက ဒီမို့ကရက်တစ်ပါတီနှင့် ဂှစ်ပါတီတို့ ဖွဲ့စည်းခြင်းကို တွန်းပို့ပေးခဲ့သည်။ သို့သော်လည်း ၁၈၃၂ ခုနှစ်တွင် ထိုအမျိုးသားရေးပြဿနာများသည် အီလီနွိုင်းပြည်နယ်၏ နိုင်ငံရေးအပေါ်တွင် မလွှမ်းမိုးခဲ့သေးပါ။ မဲဆန္ဒရှင်များက မိမိတို့ စိတ်ကြိုက်ပုဂ္ဂိုလ်များကို ရွေးကောက်တင်မြှောက်နိုင်သော အနေအထားမှာပင် ရှိခဲ့သည်။

မည်သို့ပင်ဖြစ်စေ လင်းကင်း၏ ကိုယ်စားလှယ်လောင်း အဖြစ် ဆုံးဖြတ်ချက်သည် သူ၏အခြေအနေကို လူသိအောင် လုပ်ပေးလိုက်ခြင်း ဖြစ်သည်။ သူ၏စကားများအရ သူသည် ၄င်းမတိုင်မီ တစ်နှစ် မရှိ တရှိ အချိန်က မိတ်ဆွေလည်းမရှိ၊ ပညာလည်းမတတ်၊ ပိုက်ဆံလည်း တစ်ပြား

ဒုမရှိ၊ တစ်လ ၁၀ ဒေါ်လာစား လေသမား ကလေးတစ်ဦး ဖြစ်ခဲ့ သည်။ ယခုမူ သူသည် နယူးစေလဲမ်တွင် အခြေတကျရှိနေပြီ။ ကျောင်းနေသက် တစ်နှစ်ပင်မရှိ။ အစိုးရဌာန ဝန်ထမ်းအတွေ့အကြုံလည်း ကင်းသော လူငယ်လေးတစ်ယောက်သည် အသက် ၂၃ နှစ်အရွယ်တွင် ကျေးလက်စတိုးဆိုင်ကလေးတစ်ခု၏ အရောင်းစာရေးလေးတစ်ဦးသာ ဖြစ်ခဲ့သည်။ "လင်းကင်းမှာ အပေါင်းအသင်းများတာကလွဲရင် ဘာမှ မရှိခဲ့ဘူး" ဟု သူငယ်ချင်းတစ်ဦးက ပြန်ပြောပြခဲ့သည်။ သူက ကျဉ်းမြောင်းသော အသိုင်းအဝိုင်းမှအပ အပြင်ပတွင် သူ့ကို လူမသိကြ။ သူသည် ပြည်နယ် ကိုယ်စားလှယ်အတွက် သူ့ထက် အသက်အရွယ်နှင့် အတွေ့အကြုံ အများကြီး ပိုရှိသူများနှင့် အပြိုင် အရွေးခံရမှာဖြစ်သည်။

အခြားကိုယ်စားလှယ်လောင်းများ၏အနောက်တွင် ဩဇာရှိသော နိုင်ငံရေးသမားများ ရှိကြသည်။ ထိုသို့ နောက်ကွယ်မှ ထောက်ပံ့မှုအား မရှိသော လင်းကင်းသည် ပြည်သူလူထုထံ တိုက်ရိုက်မေတ္တာရပ်ခံခဲ့ရသည်။ လင်းကင်းသည် သူ၏ ကြေညာချက်တစ်စုကို စပရင်းဖီးလ်မြို့ထုတ် ဆန်ဂါမိုးကွာနယ်မှတစ်ဆင့် ဖော်ပြလိုက်သည်။ ကြေညာချက် အကြမ်းရေးခြင်းနှင့် ပြန်လည်စိစစ်ခြင်းတို့ အတွက် စတိုးပိုင်ရှင် ဂျွန် မက္ကနီးလ်နှင့် ကျောင်းဆရာမဲန်တာ ဂရေဟဲမ်တို့၏ အကူအညီအချို့ကို ရခဲ့ပုံရှိသည်။ ကြေညာချက်မှာ နည်းနည်းတော့ ထည်ဝါခမ်းနားသည်။ လင်းကင်းက အဆိုပြုထားသည့် မီးရထားလမ်းဖောက်လုပ်ရေးစီမံချက်ကို စိန်ခေါ်လိုက်သည်။ "ထိုကိစ္စအရေးအတွက် ကျွန်ုပ်တို့၏ခေါင်းထဲတွင် မည်မျှပင် သွေးပူနေနေ ကုန်ကျမည့်စရိတ်မှာ တုန်လှုပ်ခြောက်ခြားဖွယ်ရာကောင်းသည်"ဟု လင်းကင်းက ဖော်ပြလိုက်သည်။ အခြားနည်းလမ်းတစ်ခုအနေဖြင့် ဆန်ဂါမွန်းမြစ်ကြောင်းသွားလာမှုတိုးတက်ရေးကို ဆောင်ရွက်ရန် သူက တိုက်တွန်းလိုက်သည်။ ၄င်းမှာ "ကျယ်ကျယ်ပြန့်ပြန့် အရေးပါပြီး နိုင်ငံသားများအတွက် အကြီးမားသော လိုအပ်မှု ဖြစ်သည်" ဟု ရေးလိုက်သည်။ ဆန်ဂါမွန်းမြစ်ထဲတွင်

www.burmeseclassic.com

ရရှိခဲ့သော သူ၏အတွေ့. အကြုံကိုလည်း ထိုလုပ်ငန်း လက်တွေ့.အကောင်အထည်ဖော်ရာတွင် အသုံးပြုနိုင်ကြောင်းကိုလည်း အာမခံချက်ပေးလိုက်သည်။

နယူးစေလဲမ် အသိုင်းအဝိုင်းနှင့် သက်ဆိုင်သော အခြားကိစ္စရပ်များအတွက်လည်း လင်းကင်းက ပြောကြားလိုက်သည်။ လူအများသည် အမြဲတစေ ငွေလိုနေပြီး စီးပွားရေးသမားများထံမှ ငွေကို အတိုး များစွာပေးပြီး ချေးငှား နေကြရသည်။ ထိုသို့. လက်ဝါးကြီးအုပ်စားနေကြခြင်းမှာ ပျက်စီးနေသော စနစ်ဖြစ်၍ လက်ဝါးကြီးအုပ်မှုကို ဆန့်.ကျင်သည့် ဥပဒေတစ်ရပ်ကို ထောက်ခံ မည်ဖြစ်ကြောင်းလည်း လင်းကင်းက ကြေညာလိုက်သည်။ ပညာရေး တိုးတက်မှုအတွက် လင်းကင်းသည် ဒေသခံများ ကဲ့သို့.ပင် ထောက်ခံခဲ့သည်။ "ပညာရေးတိုးတက်မှုသည် ကျွန်ုပ်တို့. တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အရေးအကြီးဆုံး အကြောင်းအရာဖြစ်သည်" ဟု လင်းကင်းက ဖော်ပြခဲ့သည်။

ကြေညာချက်၏ နိဂုံးပိုင်းတွင် လင်းကင်းက သူ၏ အသိုင်းအဝိုင်းအတွက်ထက် သူ.အကြောင်းကို ပြောပြခဲ့သည်။

လေလုံးမိုးလုံးထွားသော စကားလုံးများကို မသုံးခြင်းမှာ လင်းကင်း၏ ထုံးခြောမှုပုံစံဖြစ်သည်။ သူသည် ရိုးရိုးရှင်းရှင်းနှင့် လိုရင်းတည့်တည့်ကိုသာ ပြောခဲ့သည်။ "သူတို့.က ကျွန်တော့်ကို မှန် မှန်ကန်ကန် လေးစားကြတော့ ကျွန်တော်ကလည်း သူတို့.လေးစားမှု နဲ့ ထိုက်တန်အောင် လုပ်ပြရလိမ့်မယ်။ ဘယ်လောက်အောင်မြင်မလဲဆိုတာတော့ လုပ်ကြည့်ရမှာဖြစ်ပါတယ်။ ကျွန်တော်ဟာ ဆင်းဆင်းရဲရဲနဲ့. မွေးလာခဲ့ပြီး အဆင်းရဲဆုံးဘဝမှာ နေထိုင်လာခဲ့သူလည်း ဖြစ်ပါတယ်" ဟုလည်း မဲဆန္ဒရှင်များထံ တင်ပြခဲ့သည်။

လင်းကင်းသည် သူ.ကိုယ်သူ "ရိုကျိုးနှိမ့်ချသူ"ဟု ပြောဆိုခဲ့သည်။ ထိုစကားလုံးကို ၁၈၆၀ ခုနှစ်မတိုင်မီ လူထုရှေ့.မှောက်တွင် ၃၅

ကြိမ်ထက်မနည်း ထည့်သွင်းပြောဆိုခဲ့သည်။ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ရင် ပြည်သူလူထုအတွက် "ကျွန်တော် ကြိုးကြိုးစားစား အလုပ်လုပ်ပြပါ့မယ်။ စာကယ်လို. ဆုံးရှုံးသွားခဲ့ရင်လည်း ကျွန်တော့်မှာ မခံမရပ်နိုင်ဖြစ်စရာ အကြောင်းမရှိပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော့်ဘဝမှာ စိတ်ပျက်စရာကောင်းတဲ့အဖြစ်၊ စိတ်ညစ်စရာကောင်းတဲ့အဖြစ်တွေနဲ့. အများကြီး ထဉ်ပါးခဲ့ပြီးသား ဖြစ်လို့.ပါပဲ"

လင်းကင်း၏ မေတ္တာရပ်ခံချက်သည် စံပြစရာတစ်ခု ဖြစ်ခဲ့လေတော့သည်။

(၂)

လင်းကင်း၏ ကြေညာချက်မှာ အချိန်ကိုက်ဖြစ်သွားသည်။ ကြေညာချက် ထွက်လာပြီးနောက် ရက်ပိုင်းအတွင်းမှာပင် သတင်းထူးတစ်ခု ထွက်လာခဲ့သည်။ တယ်လစ္စမင်းအမည်ရှိ အကောင်းစား နစ်ထပ် မီးသင်္ဘောတစ်စီးသည် စင်စင်နတီပြည်နယ်မှ ထွက်ခွာလာကြောင်း၊ ဆန်ဂါမွန်မြစ်ထဲတွင် သင်္ဘောများ သွားလာ၍ ရနိုင်ပုံကို လက်တွေ့.ပြသရန် ဖြစ်သည်ဟုဆိုသည်။ ထိုသင်္ဘောသည် အိုဟိုင်းယိုးမြစ်အတိုင်း ဆင်းလာသည်။ ပြီးတော့ မစ္စစ္စပီးမြစ်နှင့် အီလီနွိုင်းမြစ်များကို ဆန့်ပြီး ဘယတ်စ်တောင်မြို့.အထိ ရောက်လာမည်။ ဆန်ဂါမွန်းမြစ်မှ ပို.တ်လင်းဆိပ်ကမ်းအထိ မောင်းကြည့်မည်ဖြစ်သည်။ ပို.တ်လင်းဆိပ်ကမ်းမှာ နယူးစေလဲမ်နှင့် စပရင်းဖီးလ်မြို့.များနှင့် ၆ မိုင်လောက်စီသာဝေးသည်။ ဒေသခံများ ပျော်ဆုံး ဖြစ်ခဲ့ကြသည်။

လင်းကင်းသည် နယူးစေလဲမ်နှင့် စပရင်းဖီးလ်မှ လူများနှင့်အတူ ဘယတ်စ်တောင်းသို. သွားရောက်ခဲ့ကြသည်။ မြစ်ကမ်းပါးတွင်

www.burmeseclassic.com

အုပ်မိုးနေသော ချုံများ၊ သစ်ပင်များကို ရှင်းလင်းခဲ့ကြသည်။ အီလီနွိုင်းမြစ်ထဲသို့ ရေစီးဆင်းသော လမ်းကြောင်းတွင် ပိတ်ဆို့နေသော အရာဝတ္ထုများကို ရှင်းလင်းဖယ်ရှားခဲ့ကြသည်။ တယ်လစ္စမင်းသဘော် ဘယတ်စ်တောင်းမြို့သို့ ရောက်လာသောအခါတွင် လင်းကင်းကိုယ်တိုင် ကြီးကြပ်ပြီး သဘော်ကို ရေကြောင်းလမ်းပြပေးခဲ့သည်။ သဘော်သည် မတ်လ ၂၄ ရက်နေ့တွင် ပို့တ်လင်းဆိပ်ကမ်းသို့ ဆိုက်ခဲ့သည်။ နောက်နှစ်ရက်အကြာတွင် စပရင်းဖီးလ် တရားရုံး၌ အောင်ပွဲအခမ်းအနား ကျင်းပခဲ့ကြသည်။

ထိုအတောအတွင်း၌ ဆန်ဂါမွန်းမြစ် ရေကျနေပြီဆိုသော သတင်းရောက်လာသည်။ တယ်လစ္စမင်းသဘော်သည် တစ်ပတ်အတွင်း အမြန်ပြန်ဆင်းခဲ့ရသည်။ သည်တစ်ကြိမ်တွင်လည်း လင်းကင်းပင် ဦးဆောင်လမ်းပြခဲ့ရသည်။ မြစ်ရေမှာ အလွန်ကျသွားခဲ့သဖြင့် သဘော်ပြန်ထွက်၍ရအောင် နယူးစေလဲမ်ရှိ စက်ရုံအတွက် လုပ်ထားသော ဆည်ကလေးကိုပင် တစ်ပိုင်းတစ်စဖျက်ပြီး ရေလွှတ်ပေးခဲ့ရသည်။ တယ်လစ္စမင်းသဘော်၏ စွန့်စားမှုဆန်သော ခရီးစဉ်တစ်ခုလုံးသည် လင်းကင်းအတွက် နာမည်ကြီးစေခဲ့သည်။ အထင်ကြီးစရာဖြစ်ခဲ့သည်။ လင်းကင်းသည် ကျွမ်းကျင်သော ရေကြောင်းပြသမားတစ်ဦးဖြစ်ကြောင်း သက်သေပြခဲ့သည်။ ပြီးတော့ ဆန်ဂါမွန်းမြစ်ကြောင်းကို သဘော်များ သွားလာနိုင်အောင် ပြုလုပ်ရေးအတွက် ပြည်နယ်၏ အထောက်အကူဖြင့် ပြုလုပ်မှ ဖြစ်လိမ့်မည်ဆိုသော သူ၏နိုင်ငံရေးအမြင်လည်း မှန်ကြောင်း ပြသခဲ့သည်။

သည်အတောအတွင်း၌ အောဖတ်၏ စီးပွားရေးမြှုပ်နှံမှု များက ပြိုကွဲသွားခဲ့သည်။ ထို့ကြောင့် လင်းကင်း၏ နိုင်ငံရေး အလားအလာကောင်းလာမှုအပေါ် အဟန့်အတားဖြစ်စေခဲ့သည်။

လင်းကင်းသည် အလုပ်လက်မဲ့ ဖြစ်သွားပြန်သည်။ သို့သော်လည်း သိန်းငှက်စစ်ပွဲက လင်းကင်းကိုကယ်တင်ခဲ့သည်။ ဆော့ခ်အင်းဒီးရင်းနှင့် ဖောက်စ်အင်ဒီးရင်း လူတိုင်းရင်းသားများသည် အီလီနွိုင်းမြောက်ပိုင်းရှိ

သူတို့၏ ဘိုးဘွားပိုင်မြေကြီးများကို စွန့်လွှတ်ပြီး မစ္စစ္စပီးမြစ်၏ အနောက်ဘက်သို့ ရွှေ့ပြောင်းစေခဲ့သည်။ ဥပါယ်တမျှဉ်ဖြင့် အလုပ်ခံခဲ့ရခြင်းဖြစ်သည်။ လူနီအင်းဒီးရင်းတိုင်းရင်းသားများသည် သူတို့နှင့် ပြည်ထောင်စုအစိုးရတို့ ချုပ်ဆိုခဲ့သော စာချုပ်ကို အသိအမှတ် မပြုဘဲ ဆန့်ကျင်ခဲ့ကြသည်။ ၁၈၃၂ ခုနှစ်၊ မေလတွင် သိန်းနှက် ခေါင်းဆောင်ပြီး စစ်သည်တော် ၄၅၀ ခန့်နှင့် ကလေး၊ မိန်းမ ၁,၅၀၀ ခန့် ပါဝင်သော လူနီတိုင်းရင်းသားများသည် အီလီနွိုင်းပြည်နယ်ထဲသို့ ပြန်ဝင်လာခဲ့ကြသည်။ သူတို့လူမျိုးစု ပိုင်သောနယ်မြေများကို ပြန်လည်တောင်းဆိုရေးအတွက်ဖြစ်သည်။ နယ်စပ် တစ်ခုလုံး အထိတ်တလန့် ဖြစ်သွားသည်။ အီလီနွိုင်းပြည်နယ် အုပ်ချုပ်ရေးမှူး ဂျွန် ရေးနိုးလ်သည် လူနီတိုင်းရင်းသားများကို တိုက်ထုတ်ရန် လုပ်ခဲ့သည်။ ပြည်ထောင်စု စစ်တပ်များနှင့်အတူ ကူညီ တိုက်ခိုက်ပေးရန် မော်လဲတီယာအပျော်တမ်းများကို ခေါ်ယူခဲ့သည်။ လူအတော် များများက အမှုထမ်းရန် စာရင်းလာပေးကြသည်။ တချို့ကလည်း မိုးချစ်စိတ်ဓါတ်ကြောင့်၊ တချို့ကလည်း လူနီတိုင်းရင်းသားများအပေါ်တွင် နှစ်ရှည်လများထား၍ရှိခဲ့သော မုန်းတီးစိတ်ကြောင့်၊ တချို့ကလည်း စစ်မှုထမ်းခြင်းသည် သူတို့၏ နိုင်ငံရေးသမားဘဝကို အထောက်အကူပြုလိမ့်မည်ဟု သိသောကြောင့် ဖြစ်ကြသည်။ လင်းကင်းအတွက် ဤအချက်အားလုံးသည် အလုပ်သဘောဖြစ်သည်။ အသက်မွေးဝမ်းကျောင်းအတွက် အခြား ဘာမှ မရှိသောသူတစ်ဦးအတွက် ပြည်သူ့ စစ်အဖွဲ့ဝင်တစ်ဦးအနေဖြင့် ရရှိမည့်လစာငွေသည် မက်မောစရာ ဖြစ်ခဲ့သောကြောင့်တည်း။

လင်းကင်းနှင့် နယူးစေလဲမ်တစ်ဝိုက်မှ အပျော်တမ်းတပ်သားများသည် ဧပြီလ ၂၁ ရက်နေ့တွင် ရစ်ချ်မင်းမြို့၌ စုဝေးပြီး စစ်မှုထမ်းရန် ကျမ်းကျိန်ခဲ့ကြရသည်။ ထုံးစံအတိုင်း တပ်စုမှူး ရွေးခဲ့ကြရသည်။ လွှစက်ပိုင်ရှင် ဝီလျံ ကတ်ပက်ထရစ်က သူ့ကိုယ်သူ တပ်စုမှူးလောင်းအဖြစ်

www.burmeseclassic.com

ကြေညာသည်။ ကလယ်ရီဂရို.ဖ်ဘက်မှလူငယ်များက လင်းကင်းကို အဆိုပြုကြသည်။ တပ်စုမှူးလောင်းနှစ်ဦးက မြက်ခင်းပြင်ပေါ်တွင် ထွက်၍ ရပ်ပေးကြရသည်။ တပ်သားများက ကိုယ်ကြိုက်သူ၏နောက်တွင် သွားရပ်ကြရသည်။ လူဦးရေ၏ သုံးပုံနှစ်ပုံက လင်းကင်း၏နောက်တွင် လာရပ်ကြသည်။ ကတ်ပက်ထရစ်ဘက်မှ လူအတော်များများကလည်း သူ.နောက်တွင် လာရပ်ကြ၍ လင်းကင်း အံ့သြခဲ့ရသည်။ ဤရွေးကောက်မှုသည် လင်းကင်း၏ တစ်သက်တာဘဝတွင် ဂုဏ်ယူစရာအကောင်းဆုံး အချိန်တစ်ချိန်ဖြစ်ခဲ့သည်။ နောင်သောအခါ လင်းကင်းသည် ပြည်နယ်ကိုယ်စားလှယ်သက်တမ်း လေးကြိမ်နှင့် ကွန်ဂရက်လွှတ်တော်အမတ်အဖြစ် အရွေးခံခဲ့ရပြီး ဆီးနိတ်အမတ်လောင်းအဖြစ် နှစ်ကြိမ် လျာထားခြင်းခံခဲ့ရသည်။ ထိုအချိန်၌ လင်းကင်းက "ပြည်သူ့.စစ်ဗိုလ်အဖြစ် အရွေးခံခဲ့ရတာဟာ ကျွန်တော့်အတွက် မရစဖူး ပိုထူးတဲ့ စိတ်ချမ်းသာမှုဖြစ်ခဲ့ပါတယ်" ဟု ပြန်လည်ပြောဆိုခဲ့သည်။

လင်းကင်းသည် တပ်စုအတွင်း၌ စည်းကမ်းကောင်းမွန်ရေးကို အထိုက်အလျောက် အောင်မြင်စွာ လုပ်နိုင်ခဲ့သည်။ ဂျက်ခ် အမ်းစထရောင်းက သူ၏ ပထမတပ်ကြပ်ကြီးဖြစ်ခဲ့၍ လုပ်ရကိုင်ရ ပိုလွယ်ကူခဲ့သည်။ လင်းကင်းသည် အနီးကပ် အမိန့်.ပေးမှုများကို နည်းနည်းပါးပါးတတ်ခဲ့သည်။ သို့.သော်လည်း ခက်ခက်ခဲခဲအမိန့်.များကို ကောင်းကောင်း မပေးတတ်ခဲ့။ တစ်ခါတွင် သူ၏ တပ်စုသည် ခြံတစ်ခုမှ အထွက်၌ တံခါးကျဉ်းလေးထဲမှ မည်သို့. အထွက်ခိုင်းရမည်ကို အမိန့်.မပေးတတ်ဘဲရှိခဲ့သည်။ လင်းကင်းသည် ရုတ်တရက် တခဲဏုပ္ပတ္တိဉာဏ်ကိုသုံးပြီး တပ်စုကို အရပ်ခိုင်းပြီး နှစ်မိနစ် အနားပေးလိုက်သည်။ ပြီးတော့မှ ပြန်ပြီး တန်းစီရာတွင် ခြံတစ်ဖက်တွင် နေရာယူတန်းစီရန် အမိန့်.ပေးလိုက်သည်။ သူသည် စည်းကမ်းထိန်းသိမ်းရာတွင် ကာယခွန်အား အသုံးပြုရန်ကိုလည်း လက်နေးခဲ့သူမဟုတ်။ တစ်ကြိမ်တွင် လူနီတိုင်းရင်းသား အဘိုးကြီးတစ်ဦးသည် သူ၏ တပ်စုရှိရာသို့. မှားယွင်းပြီး ရောက်လာခဲ့သည်။ အဘိုးကြီးမှာ အကျင့်

စာရိတ္တ ကောင်းမွန်ကြောင်း အမေရိကန်အာဏာပိုင်များထံမှ ထောက်ခံချက် ရထားသူဖြစ်သည်။ လင်းကင်း၏ လူများက အဘိုးကြီးကို သတ်ချင်သော စကားများ ဟလာသည်။ "ဒီအဘိုးကြီးက သူလျှိုကြီးပဲ။ ကျွန်တော်တို့. တစ်တွေဟာ လူနီတိုင်းရင်းသားတွေကို တိုက်ခိုက်ဖို့. ထွက်လာကြတယ်။ အဲဒီတော့ ဘုရားအလိုတော်ကျ ဆောင်ရွက်ဖို့.ပဲ ရည်ရွယ်တယ်" ဟု ပြောကြသည်။ ထိုအခါတွင် လင်းကင်းသည် ကြောက်ရွံ့.တုန်လှုပ်နေသော အဘိုးကြီး ရှေ့.တွင် ဝင်ရပ်လိုက်သည်။ "အဘိုးကြီးကို နာအောင် လုပ်ချင်သူရှိရင် ထွက်ခဲ့လေ" ဟု စိမ်ခေါ်လိုက်သည်။ အဘိုးကြီးလည်း စစ်သား များလက်မှ အန္တရာယ်ကင်းကာ တုန်လှုပ်စွာဖြင့် ထွက်ခွာသွားနိုင်ခဲ့လေသည်။

သိန်းဌက်စစ်ပွဲတွင် အမှုထမ်းခဲ့ရခြင်းသည် လင်းကင်း အတွက် ထူးထူးခြားခြား အသက်အန္တရာယ် မရှိခဲ့သလို သူရဲကောင်း ဆန်မှုမျိုးလည်း မရှိခဲ့။ သူ၏ စစ်မှုထမ်း မှတ်တမ်းကို နောင်အခါတွင် နိုင်ငံရေးတရားပွဲများ၌ ဟာသလုပ်၍ပင် ပြောခဲ့သည်။ ၁၈၄၈ ခုနှစ်တွင် ဒီမိုကရက်များက မီရှီဂင်ပြည်နယ်မှ လူးဝစ္စ ကက်စ်ကို သမ္မတလောင်းအဖြစ် ရွေးချယ်ခဲ့ကြသည်။ လူးဝစ္စ ကက်စ်သည် ၁၈၁၂ ခုနှစ် စစ်ပွဲ စစ်သူရဲကောင်းတစ်ဦး ဖြစ်ခဲ့သည်ဟု ဝိသေသပြု ပြောခဲ့ကြသည်။ ဒီးထရွိုက်မြို့.သည် အင်္ဂလိပ် တို့.ဖက်သို့. အည့ခံ ခဲ့ရစဉ်က လူးဝစ္စ ကက်စ်သည် ဒေါသထွက်ပြီး သူ၏ စားရှည်ကို ရိုက်ချိုး ခဲ့သည်ဟုဆို၏။ လင်းကင်းက "ကျွန်တော်ကတော့ စားလည်း ရိုက်မချိုးခဲ့ဘူး။ ရိုက်ချိုးစရာ စားလည်း မရှိခဲ့ဘူး။ တစ်ခါတော့ သေနတ်ကို ကွေးသွားအောင်တော့ လုပ်ခဲ့မိတယ်" ပြန်ထွေးခဲ့သည်။ "ကျွန်တော်လည်း တိုက်ခဲ့ရတယ်၊ သွေးထွက်ခဲ့ရပါတယ်။ ကျွန်တော် သွေးထွက်ခဲ့ရတာက စစ်တိုက်ခဲ့ရလို့. မဟုတ်ဘူး။ ခြင်တွေနဲ့. တိုက်ပွဲဝင်ခဲ့ရလို့.။ ဒါပေမယ့် ကျွန်တော့်မှာ သွေးဆုတ်ပြီး မူးမေ့မလဲခဲ့ပါဘူး။ အဲ...မကြာခဏ ထမင်းအငတ်ခံခဲ့ရတာတော့ ရှိတယ်လို့. ပြောပါရစေ" ထိုသို့.ကလည်း လင်းကင်းက ပြက်ရယ်ပြု ပြောခဲ့သေး၏။

www.burmeseclassic.com

ထိုအချိန်က စစ်မှုထမ်းခဲ့ရသည်ကို လင်းကင်း ဂုဏ်ယူခဲ့သည်။ လက်နက်ကိုင်ရဲဘော်များ၏ ခင်မင်မှုမေတ္တာတရားနှင့် ပြည့်ဝသော ရဲဘော်ရဲဘက်ကို သဘောကျခဲ့ခြင်းဖြစ်သည်။ ပထမအကြိမ် စစ်မှုထမ်းကာလ တစ်လပြည့်သည့်အခါတွင် လင်းကင်းနှင့်အဖွဲ့သည် နောက်ထပ် အရက်နှစ်ဆယ် ဆက်ပြီး အမှုထမ်းရန် လက်မှတ်ထိုးခဲ့ကြသည်။ သည်တစ်ကြိမ် သာမန်စစ်သားအဖြစ် အမှုထမ်းခဲ့သည်။ ထိုအကြိမ်စေ့သွားတော့ နောက်ထပ်တစ်လ ထပ်မံအမှုထမ်းခဲ့ပြန်သည်။ "ကျွန်တော့်မှာ အလုပ်လည်း မရှိဘူးဗျာ။ ထမ်ပြီး စစ်တိုက်ရမယ့်အန္တရာယ်လည်း မရှိဘူးဗျာ။ အဲဒီတော့ ဆက်ပြီး စစ်မှုထမ်း တာထက် ပိုကောင်းတာ ကျွန်တော် ဘာမှ မလုပ်တတ်ခဲ့လို့ ဆက်ဝင် ခဲ့ရတာပဲ" ဟု လင်းကင်းက ပြန်လည် သတိတရ ပြောဆိုခဲ့သည်။ လင်းကင်းသည် ရူလိုင်လ ၁၀ ရက်နေ့အထိ အမှုထမ်းပြီး ဂုဏ်သိက္ခာ ရှိရှိ တပ်မှ ထွက်ခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ သိန်းနက်စစ်ပွဲကာလတွင် စစ်မှုထမ်းခဲ့ခြင်းသည် လင်းကင်းအား စစ်သားဘဝ အတွေ့အကြုံကို ရရှိစေခဲ့သည်။ လူလူချင်း ဦးဆောင်အုပ်ချုပ်မှု အတွေ့အကြုံကိုလည်း ပထမဆုံးအကြိမ် ရရှိခဲ့သည်။ ပြည်နယ်အနှံ့အပြားမှ အပျော်တမ်း တပ်သားများနှင့် တွေ့ဆုံခဲ့ခြင်းသည် သူ၏ နိုင်ငံရေးအတွက် အသုံးဝင်ခဲ့သည်။ သူ့နာမည်ကို လူသိများစေခဲ့သည်။ တပ်ထဲတွင် ရှိစဉ်အတွင်း အီလီဇိုင်းပြည်နယ်မှ တက်သစ် စ နိုင်ငံရေးခေါင်းဆောင်များနှင့်လည်း သိကျွမ်းခွင့်ရခဲ့သည်။ ကွင်စီမြို့မှ ရွှေ့နေ အော်ဗီးလ် ဟစ်ခ်မင် ဘရောင်းနင်းဆိုသူသည် သူ့အတွက် သြဇာရှိပြီး အရေးပါသော မိတ်ဆွေကောင်းတစ်ဦး ဖြစ်လာသည်။ စပရင်းဖီးလ်မှ ရွှေ့နေ ဂျွန် တော့ဒ် စတူးဝပ်[7]နှင့် ရင်းနှီးခဲ့မှုက သူ့အား ပို၍ အကျိုးပြုစေခဲ့သည်။ စတူးဝပ်သည် ဗိုလ်မှူးအဖြစ် လင်းကင်းနှင့် တပ်မ တစ်ခုထဲတွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပေသည်။ စတူးဝပ်သည် လူချောလူသန်၊ ပညာတတ်တစ်ဦးဖြစ်ရာ အစစအရာရာတွင် လင်းကင်းနှင့် ဆန်

ကျင်ဘက်ဖြစ်သည်။ သို့သော်လည်း စတူးဝပ်သည် လင်းကင်း၏ အလားအလာကောင်းရှိမှုကို တွေ့မြင်ခဲ့သူဖြစ်၏။

စစ်တပ်ထဲသို့ ခဏတစ်ဖြုတ်ဝင်ခဲ့ခြင်းကြောင့် လင်းကင်း အဖို့ ချက်ချင်းလက်ငင်း အကျိုးအမြတ် ရရှိခဲ့သည်မှာ ပင်စင်ကြေး ဒေါ်လာ ၁၁၀ နှင့် တပ်ထဲဝင်ကြေးဆု ၁၄ ဒေါ်လာတို့ ရရှိခဲ့ခြင်းဖြစ်၏။ လင်းကင်းသည် ရသမျှငွေကိုပိုက်ပြီး နယူးဇေလန်သို့ ပြန်လာခဲ့လေသည်။ ဩဂုတ် လ ၆ ရက်နေ့တွင် ကျင်းပမည့်ပြည်နယ် ဥပဒေပြုကိုယ်စားလှယ် ရွေးကောက်ပွဲအတွက် မဲဆွယ်ခွင့် အချိန်တိုတို ရလိုက်သော အချိန်ဖြစ်သည်။ မဲဆွယ်ပွဲမှာ သမားရိုးကျပင် ဖြစ်သည်။ လင်းကင်းသည် အခြားပြိုင်ဖက် လောင်း ၁၂ ဦးကဲ့သို့ပင် ဆန်ဂါမွန်းခရိုင်အတွင်း ခရီးလှည့်ပြီး မိတ်ဆက် မဲဆွယ်မှုများ ပြုလုပ်ခဲ့သည်။ လင်းကင်းနှင့်အတူ စစ်မှုထမ်းခဲ့ကြသော ကလယ်ရီဂရို့ဖ်မှ အုပ်စုသည် လင်းကင်းနှင့်အတူ လူထုနိုင်ငံရေးတရားပွဲများသို့ လိုက်ပါကြသည်က များသည်။ ပက်စ်မီးလ်၌ ကျင်းပသော လင်းကင်း၏ ပွဲဦးထွက် နိုင်ငံရေးတရားပွဲတွင် ပရိသတ်အတွင်း၌ ရန်ပွဲဖြစ်ခဲ့သည်။ သူ့ကို ထောက်ခံသူ ဖက်တော်သားတစ်ဦး အထိုးအကြိတ်ခံရသည်ကို လင်းကင်းမြင်လိုက်ရ၏။ လင်းကင်းသည် တရားဟောစင်မြင့်ပေါ်မှ အင်းခါ လူတောထဲသို့ ပြေးဝင်သွားသည်။ သူ့လူအား ထိုးနှက်သူကို ချေပင်းဆုတ်၊ ဖဒ်ကြားမှ ဆွဲမြှောက်ခါ၊ ကိုင်ပေါက်လိုက်သည်။ "ထိုသူမှာ ၁၂ ပေလောက် လွင့်ထွက်သွားသည်ဟု မြင်လိုက်ရသူတစ်ဦးက မှတ်မိနေသည်။ မည်မျှ ဟုတ်မဟုတ်ကို ပြောရန်ခက်သည်။ သို့သော်လည်း လင်းကင်းသည် အရပ် ၆ ပေ ၄ လက်မ ရှိပြီး ကိုယ်အလေးချိန် ၂၁၄ ပေါင် ရှိနေသည်မှာ သံသယဖြစ်စရာ မရှိ။ ပြိုင်ဘက်ဆန်ဦးကို နှိမ်ကွပ်ရန် ရွန်းကောင်းကောင်း ရှိနေပြီတည်း။

နိုင်ငံရေးတရားပွဲများ၌ လင်းကင်းက သူသည် သမ္မတ [illegible] ဆန့်ကျင်သူဖြစ်ကြောင်းနှင့် ကလေးကို ထောက်ခံသူဖြစ်ကြောင်း

www.burmeseclassic.com

မကွယ်မဝှက် ပြောဆိုခဲ့သည်။ သို.သော်လည်း ဒေသရေးရာကိစ္စရပ်များကို အများဆုံး ဆွေးနွေးတင်ပြခဲ့သည်။ ဆန်ဂါမွန်းမြစ်ကြောင်း တိုးတက်အောင် လုပ်ရန်လိုသည်စသော အကြောင်းမျိုးဖြစ်သည်။ ကြီးကြီးကျယ်ကျယ် ပြဿနာများကို လင်းကင်းက ရှောင်သည်။ "ကျွန်တော်လုပ်တဲ့ နိုင်ငံရေးက အဘွားကြီးတစ်ယောက် ကတဲ့ပုံစံနဲ့ တူပါလိမ့်မယ်။ တိုတိုနဲ့ ချိုချိုလေးပေါ့" ဟု ကြေညာခဲ့သည်။

မဲများ အပြီးသတ် ရေတွက်ပြီးချိန်၌ လင်းကင်းသည် ရွေးကောက်ပွဲဝင်သူ ၁၃ ဦးအနက် နံပါတ် ၈ အဆင့်သာရခဲ့သည်။ ထိပ်ဆုံး လေးဦး အရွေးခံရသည်။ လင်းကင်းစိတ်ပျက်ခဲ့မိသည်။ ထိုရွေးကောက်ပွဲမှာ သူ.အတွက် လူထု၏ တိုက်ရိုက်မဲဆန္ဒဖြင့် ရွေးချယ်ရာတွင် ပထမဆုံး အကြိမ်နှင့် နောက်ဆုံးအကြိမ် ရုံးခဲ့ရခြင်းဟု လင်းကင်းက နောင်တွင် ပြန်လည်မှတ်ချက်ချခဲ့သည်။ သို.သော် လည်း လင်းကင်းအဖို့ စိတ်သက်သာရာ ရစရာတစ်ခုတော့ရှိခဲ့သည်။ သူ၏ နယူးစေလမ်မဲဆန္ဒနယ်မှ မဲပေးသူ ၃၀၀ အနက်မှ လင်းကင်းသည် ၂၇၇ မဲ ရရှိခဲ့သောကြောင့်တည်း။

(၃)

မိမိရပ်ရွာဒေသတစ်ဝိုက်မှ ထောက်ခံအားပေးမှုကို ရခဲ့သည်မှန်၏။ စိတ်ဖြေစရာဖြစ်ခဲ့၏။ သို.သော်လည်း သူ၏ ငွေရေးကြေးရေး အကျပ်အတည်း ပြဿနာကိုကား မဖြေရှင်းနိုင်ခဲ့။ လင်းကင်းက သူ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိထဲ၌ "ကျွန်တော်မှာ ဝင်ငွေလည်း မရှိ။ အလုပ်အကိုင်လည်း မရှိ။ ကိုယ့်အပေါ်တွင် ရက်ရက်ရောရော ဆက်ဆံကြသော မိတ်ဆွေများအကြားတွင် နေထိုင်ရန်ပင် စိတ်မအေး ဖြစ်ခဲ့ရသည်။ ကျွန်တော့်မှာ ပေးစရာလည်း ငွေမရှိ၊ ပြေးစရာလည်း မြေမရှိဖြစ်ခဲ့ရသည်" ဟု ပြန်ပြောခဲ့သည်။ သူသည် အလုပ်အကိုင် တစ်ခုရရေးနှင့် အနာဂတ်အတွက်

ဆွေးခဲ့ရသည်။ ပန်းပဲသမားလုပ်ရန် ကြံစည်ခဲ့သည်။ သို.သော် အလုပ်ကြမ်းသမားဘဝကို မလုပ် ချင်ခဲ့တော့။ ဥပဒေပညာ သင်ရန် စဉ်းစားခဲ့သည်။ ရွာနေအလုပ် ကို အင်ဒီရဲနှာတွင် ကလေးဘဝကတည်းက စိတ်ဝင်စားခဲ့မိသည်။ ရော့ခ်ပို.နှင့် ဘွန်ဗီးလ် တရားရုံးများတွင်လည်း တက်ရောက်လေ့လာခဲ့ဖူးသည်။ ဒေသခံ ရဲအရာရှိ ဒေးဗစ် တန်းဟန်းပိုင်သော အင်ဒီရဲကုမ္ပဏီနယ်၏ ပြင်ဆင်ချက်ဥပဒေများ စာအုပ်ကိုလည်း ဖတ်ခဲ့ဖူးသည်။ သို.သော်လည်း ပြန်လည်သုံးသပ်စဉ်းစားကြည့်ရာတွင် သူ.ဘဝတွင် ဆောင်မြင်မှု ရရှိရေးအတွက် ပညာပိုတတ်ဖို. လိုသေးသည်ဟု လင်းကင်း တွေးခဲ့မိပြန်သည်။

လင်းကင်းအတွက် အခွင့်အရေးတစ်ခု ပေါ်ပေါက်လာခဲ့သည်။ ဂျိမ်းစ် ဟန်ဒင်နှင့် ရိုဝင် ဟန်ဒင်တို.သည် နယူးစေလမ်ရှိ သူတို.၏ စတိုးဆိုင်ကို ရောင်းရန် ဆုံးဖြတ်ခဲ့ကြသည်။ ဂျိမ်းစ်၏ အစုရှယ်ယာကို ဒီလျှံ ဘယ်ရီဆိုသူက ဝယ်ရန် စီစဉ်ခဲ့သည်။ ဘယ်ရီမှာ လင်းကင်းနှင့်အတူ သိန်းနက်စစ်ပွဲထွက် တပ်ကြပ်အဖြစ် အမှုထမ်းခဲ့သူဖြစ်သည်။ ရိုဝင်က သူ၏ အစုရှယ်ယာကို လင်းကင်းအား ဝယ် ယူစေရန် ကမ်းလှမ်းခဲ့သည်။ ရိုဝင်မှာ လင်းကင်းနှင့်အတူ နေထိုင် သူဖြစ်သည်။ လင်းကင်းက ငွေတစ်ပြားမှ မပေးရသေးဘဲနှင့် အဝယ်စာချုပ်ကို လက်မှတ်ထိုးခဲ့ရသည်။ ရိုဝင်က "လင်းကင်းဟာ သိတ်ကို ရိုးသားတဲ့လူ မဟုတ်လား။ ကျွန်တော် သူ.အပေါ်မှာ ယုံကြည်စိတ်ချတဲ့စိတ် ပြင်းထန်လွန်းလို. လင်းကင်းရဲ့လက်မှတ်ကို ငွေအပေးချေပြီးသား သဘောထားပြီး ကျွန်တော် လက်ခံခဲ့တာပါ" ဟု ဝန်ခံပြောသည်။

လင်းကင်းနှင့် ဘယ်ရီတို.သည် နယူးစေလမ်ရှိ စတိုးဆိုင်သုံးခုအနက် တစ်ခုကို ပိုင်သူများ ဖြစ်လာကြသည်။ တစ်ဆိုင်ကို ဆယ်မြူယဲလ်ကီးလ်နှင့် ငွေ့ မက္ကန်းလ်တို. ပိုင်ကြ၏။ ကျန်ဆိုင်သစ် တစ်ခုကို ခွဲဘင်ရတ်ဖို.ပိုင်၏။ ၁၈၃၃ ခုနှစ်၊ ဇန်နဝါရီလတွင် ရက်ဖို.သည် ကလယ်ရီ

www.burmeseclassic.com

ဂရို.ဖ်မှ လူငယ်များကို မထေမဲ့မြင် ဆက်ဆံလိုက်သည်။ လူငယ်များက သူ၏ဆိုင်ကို ကြေမွနေအောင် တုံ့ပြန် ဖျက်ဆီးခဲ့ကြလေသည်။ ပြတင်းပေါက်များ၊ မြေအိုးမြေခွက်များကို ချိုးဖဲ့ဖျက်ဆီးပြီး ပစ္စည်းများကို ကျွမ်းသန်္ဘာလန်အောင် နောင့်ပစ်ခဲ့ကြသည်။ ရက်ဖို.သည် အကြီးအကျယ် စိတ်ပျက်သွားပြီး ဆိုင်ကိုရောင်းချရန် ဆုံးဖြတ်လိုက်သည်။ စီစပ်လှသော ဝီလျံဂရင်းက ဆိုင်နှင့် ပစ္စည်းအကျိုးအပျက်များကို ဒေါ်လာ ၄၀၀ ဖြင့်ဝယ်ပြီး ချက်ချင်း အမြတ် ဒေါ်လာ ၂၅၀ တင်ကာ လင်းကင်းနှင့် ဘယ်ရီတို့.ထံ လက်ပြောင်းရောင်းချခဲ့သည်။ လင်းကင်းနှင့် ဘယ်ရီတို့.သည် သူတို့.လက်ကျန် ပစ္စည်းနည်းနည်းပါးပါးကို ရက်ဖို.ဆိုင်သို့ ပြောင်းရွှေ့ပြီး ရောင်းခဲ့ကြသည်။ အခြားဆိုင်များနည်းတူ သူတို့.ရွာတွင် မထုတ်လုပ်နိုင်သည့် လက်ဖက်ခြောက်၊ ကော်ဖီ၊ သကြားစသည်တို့.နှင့် အခြားလူသုံးကုန် ပစ္စည်းများကို ရောင်းခဲ့ကြသည်။ ထို.အပြင် သရက်ထည်စ၊ ပိတ်ပါးစ၊ မိန်းမဦးထုပ်များနှင့် ဖိနပ်များ ရွေးတင်ခဲ့ကြသည်။

သူတို့.နှစ်ဦးမှာ အမြဲတမ်း အလုပ်နှင့် လက်မပြတ်အောင် ရှုပ်နေခဲ့ကြသည်မဟုတ်။ လင်းကင်းအတွက် စာဖတ်ချိန် ရခဲ့သည်။ နယူးစေလမ်တွင် နေခဲ့ရချိန်သည် လင်းကင်း၏ တစ်သက်တွင် စာအများဆုံးဖတ်နိုင်ခဲ့သော အချိန်ဖြစ်ခဲ့သည်။ လင်းကင်းသည် စိတ်ကူးယဉ်ဝတ္ထုများကို စိတ်မဝင်စား။ သမိုင်းနှင့် အတ္ထုပ္ပတ္တိ စာအုပ်အများစုကိုလည်း အလေးမမူ။ ယုံကြည်အပ်သည်ဟု မယူဆခဲ့။ အိုင်ဗင်ဟို ဝတ္ထုကိုတော့ အနည်းအကျဉ်း ဖတ်မိသည်။ အခြား အင်္ဂလိပ်နှင့် အမေရိကန် စာရေးဆရာများကိုလည်း သုမသိခဲ့။ သို.သော်လည်း ကဗျာသည် သူ.ကို အလေးအနက်ဖမ်းစားခဲ့သည်။ ရှိတ်စပီးယား၏ပြဇာတ်များမှ စာပိုဒ် ရှည်ကြီးများကိုလည်း အာဂုံဆောင်နိုင်ခဲ့သည်။ ကဗျာရှည်ကြီးများကို အလွတ်ရ၏။ ဒေါက်တာ ကျေဆင် ဒန်းကီင်းက သူ.အား ပြသခဲ့သည့် "အနိစ္စတရား"[8] ကဗျာစာကြောင်း ၅၆ ကြောင်းကို မကြာခဏ အလွတ်ရွတ် ပြတတ်ရာ သူရေးသော ကဗျာ

ဟုပင် ထင်ခဲ့ကြသည်။ နောက်တော့မှ ထိုကဗျာကို စကော့ထ်လူမျိုး ကဗျာဆရာကြီး ဝီလျံ နော့စ်၏ လက်ရာမှန်း သူလည်း သိခဲ့ရသည်။ နော့စ်မှာ ဆာ ဝေါ်လ်တာ စကော့ထ်နှင့် ခေတ်ပြိုင် ဖြစ်သည်။

လင်းကင်းသည် အင်္ဂလိပ်စာဖွဲ့နွဲ့မှုနှင့် အသုံးပြုရေးသားပုံကို အဓိကစိတ်ဝင်စားခဲ့သည်။ သဒ္ဒါတတ်ရန်လိုကြောင်း ဆုံးဖြတ်ခဲ့သည်။ လယ်သမားတစ်ဦးထံတွင် ဆယ်မြို့ယဲလ် ကပ်ခမ် ရေးသားသည့် အင်္ဂလိပ်သဒ္ဒါ စာအုပ်တစ် အုပ်ရှိကြောင်း သိရ၏။ သူသည် ထိုလယ်သမား ငွေန် ဗန်.စ်ရှီရာအရပ်သို့ ခြောက်မိုင်ခွဲခန့် လမ်းလျှောက်သွားပြီး စာအုပ် ငှားရမ်းခဲ့သည်။ စာအုပ်တွင် ရေးထားသမျှတို့.ကို အလွတ်မှတ်မိသည်အထိ အသေးစိတ် လေ့လာခဲ့သည်။ "ကြိယာဆိုသည်မှာ ရှိခြင်း၊ ဖြစ်ခြင်း၊ ခံစားခြင်းတို့.ကို အထူးဖော်ပြခြင်းဖြစ်သည်" ဆိုသော အဓိပ္ပာယ်ဖွင့်ဆိုချက်မျိုး ကအစ အာဂုံဆောင်နိုင်ခဲ့သည်။

လင်းကင်းက "မိမိသည် အင်္ဂလိပ်စာကို ယခုရေးသားသလို၊ ဖတ်သလို တတ်မြောက်လာအောင် အင်္ဂလိပ်သဒ္ဒါကို မပြီးမမြောက် လေ့လာခဲ့ရသည်" ဟု ၁၈၆၀ ခုနှစ်တွင် သူ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိအကြမ်း၌ ဖော်ပြခဲ့သည်။

လင်းကင်းနှင့် ဘယ်ရီတို့.၏ စတိုးဆိုင်သည် စလုပ်ကတည်းက အောင်မြင်မှု မရှိခဲ့ပေ။ ဘယ်ရီသည် အရက်အလွန်သောက်သူ ဖြစ်သည်ဟု ဆိုကြသည်။ ပုံမှန်အားဖြင့် စေတနာရက်ရောသော လင်းကင်းကပင် ဘယ်ရီသည် မနေ့မြောတတ်သူဖြစ်သည်ဟုပြောခဲ့သည်။ လင်းကင်းကလည်း ပစ္စည်းများရောင်းရသည်ထက် စာဖတ်ခြင်းနှင့် ပုံတိုပတ်စများ ပြောခြင်းတို့.တွင် ပို၍အာရုံထားခဲ့သည်။ သို.သော်လည်း သူတို့.စတိုးဆိုင် မအောင်မြင်ခဲ့ရခြင်း၏ အခြေခံအကြောင်းရင်းမှာ ၁၈၃၃ ခုနှစ်တွင် နယူးစေလမ်၏ တိုးတက်မှု ရပ်သွားခဲ့ခြင်းကြောင့်ဖြစ်သည်။ သူတို့.အားထားရသည့် ကုန်ပေးကုန်ယူဖလှယ်မှု စနစ်ကို ထိခိုက်လာခဲ့သည်။ ဆန်ဂါမွန်းမြစ်ကြောင်းသည်

www.burmeseclassic.com

မကောင်းသေး။ သူတို့.ဒေသ၏ အပိုအလျှံထွက်ကုန်များကို ဈေးကွက်ရှိရာသို့ သယ်ယူပို့.ဆောင်ခြင်း ပြုလုပ်မပေးနိုင်ခဲ့။ ထိုဒေသသို့ သွားနိုင်သော မီးရထားလမ်း ကားလမ်းများကလည်း မရှိ။ ဒေသခံလူများတွင်လည်း ငွေမရှိ။ သူတို့.ဆိုင်၏ နည်းနည်းပါးပါးသာရှိသော ပစ္စည်းများကိုပင် မဝယ်နိုင်ကြသော အခြေအနေအထိ ဖြစ်လာသည်။

အရက်ရောင်းသော အလုပ်တစ်ခုသာလျှင် အကျိုးရှိခဲ့သည်။ အီလီန္တိုင်းပြည်နယ်တွင် အရက်ဂါလန် တစ်စိတ်နှင့် ဘီယာ ၂ ဂါလန်အထိ လိုင်စင်မဲ့ ရောင်းချခွင့် ပြုထားသည်။ သူတို့.ဆိုင်လုပ်ငန်းသည် ထိုးကျသွားခဲ့ချိန်၌ ဖြစ်သည်။ ဆိုင်ထဲတွင်လည်း ပစ္စည်းများ မရှိတော့သလောက် ၁၈၃၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ဘယ်ရီသည် အရက်ကို ခွက်ခြင်းဖြင့် ရောင်းချခွင့်အတွက် လိုင်စင်လျှောက် ခဲ့သည်။ လိုင်စင်ကို လင်းကင်းနှင့် ဘယ်ရီဖြင့် ချပေးခဲ့သည်။ သို့.ရာတွင် လိုင်စင်လျှောက်လွှာပေါ်၌ လင်းကင်း၏ လက်မှတ်အစစ် မပါရှိခဲ့။ လင်းကင်း၏ ဆန္ဒ မပါဘဲနှင့် ဘယ်ရီက စတိုးဆိုင်ကို အရက်ဆိုင်အဖြစ် အသွင်ပြောင်းယူခဲ့ပုံရသည်။ နောင်သောအခါတွင် လင်းကင်းကိုယ်တိုင် အရက်ကို ခွက်ခြင်းဖြင့် ရောင်းခဲ့၊ မရောင်းခဲ့ အမြင်ကွဲခဲ့ကြသည်။ သူနှင့် ပြိုင်ဘက် စတီဖင် ဒပ်ဂလပ်စ်[9]က လင်းကင်းအား နယူးစေလဲမ်မှ အရက်ဆိုင်ပိုင်ရှင်ဟု စွပ်စွဲပြောဆိုခဲ့သည်။ လင်းကင်းက "ကမ္ဘာပေါ်တွင် ဘယ်နေရာမှ အရက်ဆိုင် မဖွင့်ခဲ့ဖူးပါ" ဟု ပြန်လည်ရှင်းပြခဲ့သည်။ လင်းကင်းပြောသည်ကို အများက လက်ခံသည် သဘောရှိခဲ့သည်။ မည်သို့ပင် ဖြစ်ခဲ့စေ၊ အရက်လိုင်စင်ရခဲ့ခြင်းက လင်းကင်းနှင့် ဘယ်ရီတို့.၏ စတိုးဆိုင်ကို မကယ်တင်နိုင်ခဲ့ပါ။

ဆိုင်ပြုတ်သွားသည်နှင့် တစ်ပြိုင်နက် လင်းကင်းလည်း အလုပ်လက်မဲ့ ဖြစ်သွားပြန်သည်။ သူသည် နေ့.စားအလုပ်ကြမ်းကို ပြန်လုပ်ခဲ့ရသည်။ ဆောင်းရာသီနောက်ပိုင်းတွင် အိမ်တစ်အိမ်၌ အလုပ်လုပ်ခဲ့ရသည်။ ဂျူရီတရားသူကြီးအတွက် စားပွဲထိုးလုပ်ပေးသည်။ ရွှေချယ်တင်မြို့က

ခွဲများတွင် အကူစာရေးဝင်လုပ်သည်။ မဲပြားစာရွက်များကို စပရင်းဖီးလ်မြို့.သို့ သွားပို့.ပေးရသည်။ ဝင်ငွေ ဒေါ်လာလေး နည်းနည်းပါးပါး ရခဲ့သည်။ သို့.သော်လည်း ပုံမှန် အတည်တကျ အလုပ်တစ်ခုမရှိလျှင် မကြာခင် နယူးစေလဲမ်ကို စွန့်.ခွာရတော့မည်မှာ သိသာလာသည်။ သို့.သော် လင်းကင်း ကံကောင်းခဲ့သည်။ သူ့.တွင် မိတ်ဆွေကောင်းများရှိသည်။ သူတို့.က သူ့.ကို နယူးစေလဲမ်မှ မထွက်စေချင်ကြ။ သူတို့.က လင်းကင်းကို နယူးစေလဲမ်၏ စာတိုက်ဗိုလ် ခန့်.ပေးရန်အတွက် ဝိုင်းဝန်းထောက်ခံခဲ့ကြသည်။ စတိုးဆိုင်ပိုင်ရှင် ဆင်မြူယဲလ်ဟီးလ်မှာ လက်ရှိ စာတိုက်ဗိုလ် ဖြစ်သည်။ သူက စာတိုက်ဗိုလ်အလုပ်ကို အလုပ်ချင်ကြီး မဟုတ်လှ။ သူက စာများကို တန်းစီစောင့်နေသော အမျိုးသမီးများအတွက်ထက် အရက်လာဝယ်သော လောကျိုးများအား ပို၍ ဦးစားပေးသည်။ သူ့.ကို နည်းနည်းပါးပါး ငိုင်း၍ ခံအားပေးလိုက်ကြသည်အခါ အလုပ်မှ ထွက်ပေးလေသည်။ မေလ ၇ ရက်နေ့.တွင် လင်းကင်းသည် နယူးစေလဲမ်ရွာလေး၏ စာတိုက်ဗိုလ်ရာထူးကို ရရှိခဲ့လေသည်။

စာတိုက်ဗိုလ်ရာထူးမှာ အသေးအမွှားရာထူးသာဖြစ်သည်။ လင်းကင်းသည် ဟဲန်နရီ ကလေးကို အပြင်းအထန် ထောက်ခံသူဖြစ်သည်ကို ဂျက်ကဆင်အစိုးရက ထည့်မတွက်ခဲ့။ စာတိုက်ဗိုလ်ရာထူးသည် လင်းကင်း၏ အတိုက်အခံ နီဝင်ဂရေး လုပ်နိုင်လောက်သည့် ရာထူးမဟုတ်ဟု ယူဆခဲ့ကြပုံရသည်ဟု လင်းကင်းထင်ခဲ့သည်။ လင်းကင်းကတော့ အပျော်ကြီး ပျော်ခဲ့သည်။ သတင်းစာအားလုံးကို ဖတ်ခွင့်ရတော့မည် ဖြစ်သောကြောင့် ဟုတ်သည်။ သူ့.ဘဝတွင် ယခု ဖတ်ရတော့မည့် သတင်းစာအားလုံး၏ တစ်ဝက်လောက်ကိုပင် ဖတ်ရှုခွင့် ရရှိခဲ့သည် မဟုတ်။

စာတိုက်ဗိုလ်အလုပ်မှာ မပင်ပန်းလှ။ စာများကို မြင်းဖြင့် သယ်ပို့.သည်။ နှင်းဒဏ်၊ မိုးဒဏ်၊ ရေကြီးသောဒဏ်များ၊ အခြား ဖင့်နှေးမှုများ ရှိလျှင် စာများကို တစ်ပတ်လျှင် နှစ်ကြိမ်ရောက်လာတတ်သည်။ ပုံမှန်

www.burmeseclassic.com

အားဖြင့် စာကိုလက်ခံသူက တဲဆိပ်ခေါင်းဖိုး ပေးရသည်။ စာတိုက်ဗိုလ်က စာဝေပြီး ငွေကောက်ခံရသည်။ စာပို့ခမှာ စာရွက် အရေအတွက်နှင့် ခရီးအကွာအဝေးပေါ်တွင် မူတည်သည်။ မိုင် ၃၀ အဝေးမှ စာတစ်ရွက် တည်းဖြင့်လာလျှင် ၆ ဆင့်ပေးရသည်။ နှစ်ရွက်ဆိုလျှင် နှစ်ဆ။ သတင်းစာပို့ခက ဈေးနှုန်းသက်သာသည်။ စာတိုက်ဗိုလ်သည် စာပို့ခ ရငွေများထဲမှ ရာခိုင်နှုန်းရသည်။ နယူးစေလဲမ်မှာ စာအလာနည်းသော အရပ်ဖြစ်၍ ငွေသိပ်မရခဲ့။ ၁၈၃၄–၁၈၃၅ တစ်နှစ်တာအတွက် လင်းကင်း ၅၅.၇၀ ဒေါ်လာရခဲ့သည်။ သူအလုပ်လုပ်ခဲ့သော သုံးနှစ်တာအတွက် အများဆုံးရလု ဒေါ်လာ ၁၅၀ နှင့် ဒေါ်လာ ၁၇၀ အကြားသာ ရှိမည်ဟု ခန့်မှန်းခဲ့ကြသည်။

လင်းကင်းသည် သူမတူသော ဝန်ထမ်းစိတ်ဓါတ်ရှိသည်။ အစိုးရ ဝန်ထမ်းတစ်ဦး၏ ပထမဆုံး တာဝန်ဝတ္တရားမှာ ဗြိုလ်ကုလားစေရီ စည်းမျဉ်းများအတိုင်း မလုပ်ဆောင်မည့်အစား လူအများကို ကူညီရန် ဖြစ်သည်ဟု လင်းကင်း ခံယူထားသည်။ စာတိုက်သို့ စာလာမယူ ကြသူများရှိလျှင် လင်းကင်းက စာများကို သူ၏ ဦးထုပ်ထဲတွင် ထည့်ပြီး အိမ်တိုင်ရာရောက် သွားပေးသည်။ တစ်ခါတစ်ရံတွင် မိုင် အတော်ဝေးဝေးသို့ သွားပေးရသည်။ စာတိုက်ဌာန၏ ဥပဒေကို လွတ်လွတ်လပ်လပ် ကောက်ချက်ချခဲ့သည်။ စာတိုက်ဗိုလ်သည် တစ်သီးပုဂ္ဂလစာများကို အခမဲ့ ပို့ပေးခွင့် လက်ခံခွင့်ရှိသည်။ သို့သော် တစ်ပတ်လျှင် ဒင်္ဂါးငွေပေးရမည်ဟု လင်းကင်းက အဓိပ္ပာယ်ဖွင့်ခဲ့သည်။ လင်းကင်းရရှိသော စာရင်းမှတ်တမ်းများကိုလည်း တိကျမှန်ကန်စွာ ထိန်းသိမ်းခဲ့သည်။ နယူးစေလဲမ်စာတိုက်ကို ပိတ်လိုက်ခဲ့ပြီးနောက် တစ်နှစ်ကျော်အကြာတွင် လင်းကင်းသည် သူကောက်ခံရရှိထားသော စာပို့ခငွေ ၂၄၈.၆၃ ဒေါ်လာကို ပြေစာများနှင့်အတူ စာတိုက်ဌာနသို့ ပြန်အပ်ခဲ့သည် ဟူသတတ်။

စာတိုက်ဗိုလ်အလုပ်သည် သူ့အတွက် အသက်မွေးဝမ်းကျောင်း

ဘောနတော့ မဖြစ်ခဲ့။ သို့သော်လည်း ဒေသအသိုင်းအဝန်းတွင် နေရာရခဲ့သည်။ မြို့သူမြို့သားများ၏ အိမ်များသို့ ဝင်ထွက် သွားလာပြီး စကားပြောနိုင်သည့် အခွင့်အရေး ရခဲ့သည်။ စာတိုက်မှ တစ်ဆင့် ရောက်လာသော သတင်းစာအားလုံးကိုလည်း ဖတ်ရှုနိုင်ခွင့်ရသည်။ ထို့ကြောင့် လင်းကင်း၏ မိတ်ဆွေများက သူ့အတွက် ဝင်ငွေ အထောက်အပံ့ပြုမည့် နည်းလမ်းများကို ရှာဖွေကြည့်ရှုပေးခဲ့ကြသည်။ မကြာခင်ကမှ ခန့်အပ်ခြင်း ခံခဲ့ရသော ခရိုင်မြေတိုင်းအရာရှိ ဂျွန် ကယ်လ်ဟွန်းသည် လက်ထောက်အကူ လူတစ်ယောက်ကို ရှာဖွေနေကြောင်း မိတ်ဆွေတစ်ဦးက သိလာသည်။ သူတာ လင်းကင်းကို ခန့်ရန် ထောက်ခံခဲ့သည်။ လင်းကင်းက အလုပ်ကို ဆက်မခံမီ အချိန်ယူ စဉ်းစားခဲ့ရသည်။ ကယ်လ်ဟွန်းသည် အလွန်တက်ကြွသော ဒီမိုကရက်တစ် နိုင်ငံရေးသမားတစ်ဦး ဖြစ်နေ၍တည်း။

သို့သော်လည်း လင်းကင်းသည် မိမိ၏ မူများကို အလျှော့ပေးရာ အကြောင်းမရှိကြောင်း အာမခံချက် ရခဲ့သည်။ တကယ်တော့ လင်းကင်းသည် မြေတိုင်းပညာအကြောင်း ဘာတစ်ခုမျှ မသိခဲ့။ သို့ဖြစ်ရာ အေဘယ်လ် ဖလင့် ရေးသားသည့် *မြေတိုင်းပညာအတွက် ဂဲယြမေတြီနှင့် ထရီဂိုနိုမေတြီ* စာအုပ်နှင့် ရောဘတ် ဂစ်မ်ဆင် ရေးသားသည့် လက်တွေ့ မြေတိုင်းပညာ စာအုပ်တို့ကို ရအောင်ရှာခဲ့ရသည်။ ငွေရအောင်စုပြီး မြှောက်အရပ်မျက်နှာထောင့်ပြ ကွန်ပါတစ်ခုနှင့် ကွင်းဆက်သံကြိုး တစ်ချောင်းတို့ကို ဝယ်ယူခဲ့သည်။ လင်းကင်းသည် လက်တွေ့ မြေတိုင်းတာမှုအတွက် ထြဂိုနိုမေတြီ သဘောတရားများကို အပြင်းအထန် လေ့လာခဲ့သည်။ မကြာမီမှာပင် လင်းကင်း လက်တွေ့ကွင်းဆင်းနိုင်ခဲ့လေသည်။

မြေတိုင်းပညာမှာ မလွယ်ကူ။ ခက်ခဲသောအလုပ်ဖြစ်သည်။ ကွင်းတိုင်းမှုတစ်ခုတွင် လင်းကင်းသည် သံကြိုးဆွဲသမား နှစ်ဦးနှင့် အတူ တောရိုင်းနှင်းဆီတောတစ်ခုအတွင်း တိုးဖြတ်ခဲ့ရသည်။ ရွှံ့အိုင် များအတွင်း ဂျန်းဖြတ်ရသည်။ သူတို့၏ မှတ်တိုင်များ စိုက်နိုင်ရန် အောက်ခြေမှ အပင်ရိုင်းများကို

www.burmeseclassic.com

www.burmeseclassic.com

ခုတ်ဖြတ်ကြရသည်။ တစ်နေ့.တာ အလုပ်ပြီး၍ အိမ်အပြန်တွင် အဝတ်အစားများ စုတ်ပြတ်ပြီး ခြေထောက်များတွင် တောရိုင်းနှင်းဆီများ၏ ခြစ်ရာရှရာများ ဗလပွနှင့်။ မိတ်ဆွေများက လင်းကင်းကို ကရုဏာထားပြီး အားပေး စကားပြောခဲ့ကြသည်။ လင်းကင်းက "ဘယ်တတ်နိုင်မလဲဗျာ၊ ဒါဟာ ဆင်းရဲသားတစ်ဦးရဲ့ ကံကြမ္မာပေါ့ဗျာ" ဟု ရယ်ရယ်မောမောနှင့် ပြန်ဖြေခဲ့လေသည်။ တစ်ကြိမ်တွင် မြေတိုင်းပေးခအဖြစ် လယ်သမား ရပ်ဆဲလ် ကေဒ် ဘေးက သမင်ရေနှစ်ခု ပေးခဲ့သည်။ ဂျက် အမ်းစထရောင်း၏ မိန်းမက လင်းကင်းအား တောရိုင်းနှင်းဆီဆူးများ အန္တရာယ်မှ ကာကွယ်နိုင်ရန် သူ၏ ဘောင်းဘီတွင် သမင်ရေများ ပိုးချုပ်ပေးခဲ့ရသည်။ ပုံမှန်အားဖြင့် လင်းကင်းသည် မြေတိုင်းခအတွက် လက်ငင်း ငွေသားရသည်။ ပြည်နယ်က သတ်မှတ်ပေးသော အကွက်တစ်ကွက်၏ လေးပုံတစ်ပုံအတွက် ၂.၅ ဒေါ်လာရသည်။

လင်းကင်းသည် အတွေ့.အကြုံရလာသည်နှင့်အမျှ ပိုမို၍ ခက်ခဲနက်နဲသော မြေတိုင်းမှုများကို တိုး၍ လုပ်လာနိုင်ခဲ့သည်။ ဆန်ဂါမွန်းမြစ်မှ နယူးစေလဲမ်ကိုဖြတ်ပြီး ဂျက်ဆင်ဖီးလ်၊ နယူး ဘော့်စ်တင်၊ ဘတ်သ်၊ ပီတာစ်ဘတ်ဖက်ဆီသို့ ဦးတည်သောလမ်းအတွက် တိုင်းတာရာတွင် လင်းကင်းသည် အဓိက မြေတိုင်းမှူးဖြစ်ခဲ့သည်။ လင်းကင်းသည် အလုပ်ကို ဂရုစိုက်သည်။ အသေးစိတ်ပြီး တိကျမှုရှိသည်။ ဒေသခံများနှင့် မြေတိုင်းမှု အငြင်းအပွားဖြစ်တိုင်းလည်း လင်းကင်း၏ကွန်ပါနှင့် သံကြိုးက ကျေနပ်ဖွယ် ကောင်းသော အဖြေကို ပေးစွမ်းခဲ့ကြသည်။

စာတိုက်မိုလ် လခနှင့် မြေတိုင်းခများ ပေါင်းလိုက်ပါက လင်းကင်း၏ နေရေးထိုင်ရေးအတွက် လုံလောက်လာသည်။ လင်းကင်းနှင့် ဘယ်ရီ စတိုးအတွက် လင်းကင်း မကြာခဏ လွတ်လွတ်လပ်လပ် လက်မှတ်ရေးထိုးခဲ့သော အကြွေးများပေးဆပ်ဖို့.ကလည်း နီးလာလေပြီ။

(၄)

အဆိုပါ ငွေရေးကြေးရေး ဖိစီးလာမှုက လင်းကင်းအား ၁၈၃၄ ခုနှစ် ပြည်နယ်ဥပဒေပြု ကိုယ်စားလှယ် ရွေးကောက်ပွဲတွင် ဒုတိယအကြိမ် မြောက် ဝင်ပြိုင်စေရန် အထူးလျှင်မြန်သော တွန်းအားပေးသလို ဖြစ်ခဲ့သည်။ အခြားအကြောင်းအရာများကို အပထား။ လစာငွေအတွက် လင်းကင်းသည် အလွေးကောက် ခံလိုခဲ့ခြင်းဖြစ်သည်။ ထိုအချိန်တွင် ပါတီနိုင်ငံရေး လမ်းကြောင်းများကလည်း ပိုမို၍ ပီပြင်ထင်ရှားလာသည်။ ဒီမိုကရက် ပါတီဝင်များက အမေရိကန် ပြည်ထောင်စုဘဏ်ကို အသေသတ်ရန် ဆုံးဖြတ်ခဲ့သော အင်ဒရူး ဂျက်ဆင်ကို သူတို့.၏ သူရဲကောင်းအဖြစ် အပြင်းအထန် ထောက်ခံခဲ့ကြသည်။

ဝှစ်ပါတီဟု ခေါ်ဆိုလာသည့် အ တိုက်အခံဘက်ကလည်း ဂျက်ဆင်၏ မဟာပြိုင်ဘက် ဟဲန်နရီ ကလေးအပေါ်တွင် အလွန်အမင်း သစ္စာပြုကြသည်။ လင်းကင်းက ဟဲန်နရီ ကလေး၏ "အမေရိကန်စနစ်"ကို သူထောက်ခံကြောင်းကို ထုတ်ဖော် မပြောခဲ့။ မူဝါဒ ကြေညာချက်များလည်း မထုတ်ပြန်ခဲ့။ မိန်.ခွန်းများလည်း မဖြန့်.ဝေခဲ့။ ခရိုင်အတွင်းရှိ မဲဆန္ဒရှင်များရှိရာသို့ လှည့်လည်သွားလာပြီး လက်ဆွဲနှုတ်ဆက်သည့် မဲဆွယ်စည်းရုံးမှုကိုသာ ပြုလုပ်ခဲ့သည်။ သူမြေတိုင်းလက်ထောက်အဖြစ် အလုပ်လုပ်ခဲ့သော အရပ်များသို့.လည်း အရောက်သွားခဲ့သည်။ အိုင်းလင်းဂရို.ဖ်မဟန်ဒင်၏အိမ်အနီးတွင် ဂျုံရိပ်နေသော အမျိုးသား ၃၀ ခန့်.နှင့် ဆုံခဲ့သည်။ သူတို့.ဘယ်တော့မှ မဲပေးလိမ့်မည် မဟုတ်ကြောင်း ညည်းတွားပြခဲ့ကြသည်။ လင်းကင်းက "ကိုယ့်လူတို့.အဲဒီလိုဆိုရင် ခင်များတို့.မဲကို ကျုပ် သေချာရပြီ" ဟု ပြန်လည်တုံ့.ပြန်လိုက်သည်။ လင်းကင်းသည် ဂျုံစေ့ထည့် ပုံးတစ်ခုကို အသာလေး ကောက်ကိုင်လိုက်သည်။ ထို.နောက် ဂျုံရိတ်သမားများကို ကွင်းတစ်ပတ် ဦးဆောင်ပြီး ဂျုံရိတ်ပြလိုက်သည်။ အားလုံး ကျေနပ်သွား

www.burmeseclassic.com

ကြသည်။ သူတို့.အသည်းကြားမှ မဲပြားများကို လင်းကင်းရသွားသည်ဟု ဟန်ဒင်က ပြန်ပြောပြသည်။

လင်းကင်း၏ ဆိတ်ငြိမ်မှုနောက်တွင် နိုင်ငံရေး တွက်ချက်မှု များ ပါရှိနေခဲ့သည်။ နယူးစေလန်ရှာသည် လင်းကင်းကဲ့သို့.ပင် ဝှစ်ပါတီ၏ ပေါ်လစီများကို ထောက်ခံခဲ့သည်။ သူတို့.ရှာအတွက် လမ်းများဖောက်ဖို့. လိုသည်။ အရောင်းမြှင့်တင်ရန်နှင့် စီးပွားရေး တိုးချဲ့. ရန်တို့. လိုနေသည်။ ဝှစ်ပါတီက ဆောင်ရွက်ပေးမည်ဟု ကတိပြုခဲ့သည်။ သို့.သော်လည်း ကိုယ့်အားကိုယ်ကိုး လယ်သမားများက သမ္မတကျက်ဆင်ကို ထောက်ခံသူ ဒီမိုကရက်များဖြစ်ကြသည်။ အများစုကမူ လင်းကင်းကို ပုဂ္ဂိုလ်ရေးသက်သက် အခြေခံဖြင့်သာ သဘောကျခဲ့ကြသည်။ သူတို့.က လင်းကင်းကို ရွေးပါ၊ မရွေးလျှင် တခြားဒီမိုကရက် ကိုယ်စားလှယ်များကို မထောက်ခံဟု ဒီမိုကရက်များကို ပြောခဲ့ကြသည်။ ထို့.ကြောင့် ဒီမိုကရက်ခေါင်းဆောင်များသည် လင်းကင်းထံ ချဉ်းကပ်ပြီး အပေးအယူအတွက် ညှိခဲ့ကြရသည်။ ရွေးကောက်ပွဲဝင် ကိုယ်စားလှယ် ၁၃ ဦးရှိခဲ့သည်။ လေးဦးသာ အရွေးချယ်ခံရမည်ဖြစ်သည်။ ဒီမိုကရက်တို့.သည် အထူးသဖြင့်တော့ စတူးဝပ်ကိုသာ လန့်.ခဲ့ကြသည်။ စတူးဝပ်မှာ ဝှစ်ပါတီခေါင်းဆောင် တစ်ဦးဖြစ်ပြီး လာမည့် ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းတစ်ဦး ဖြစ်နိုင်ဖွယ်ရာ အကြောင်းရှိသူလည်းဖြစ်သည်။ နယူးစေလန်ရှာသားက စတူးဝပ်ထက် လင်းကင်းကိုသာ လိုလားခဲ့ကြသည်။ ထို့.ကြောင့် တခြား ဒီမိုကရက်နှစ်ဦးအား မထောက်ခံဘဲ လင်းကင်းကိုသာ မဲဖိပေးမည်ဟု ပြောခဲ့ကြသည်။

ရှာသားများ၏ ကမ်းလှမ်းချက်ကို လင်းကင်းက စတူးဝပ်ထံ တင်ပြခဲ့သည်။ စတူးဝပ်ကလည်း သူ့.ကိုယ်သူ ယုံကြည်မှု ပြင်းထန်သည်။ လင်းကင်းအား ဒီမိုကရက်တို့.၏ ကမ်းလှမ်းချက်ကို လက်ခံရန် တိုက်တွန်းလိုက်သည်။ ဩဂုတ်လ ၄ ရက်နေ့တွင် စတူးဝပ် မျှော်မှန်းသလို

ရွေးကောက်ပွဲအဖြေ ထွက်ခဲ့သည်။ လင်းကင်းသည် ဒုတိယအများဆုံး မဲအရေအတွက် ၁,၃၇၆ မဲ ရခဲ့သည်။ စတူးဝပ်ကလည်း အားအကောင်းဆုံး ဒီမိုကရက်တစ်ဦးကို ပွတ်ကာသီကာ အနိုင်ရလိုက်သည်။

လင်းကင်း ဝမ်းသာနိုင်ပြီ။ အလုပ်အကိုင်သစ်အတွက် ဥပဒေ ထောကို စသင်ရန်လည်း တာရူလိုက်သည်။ လွန်ခဲ့သော တစ်နှစ်လောက် ကတည်းက ဥပဒေသင်ရန် စိတ်ကူးခဲ့ပြီးဖြစ်သည်။ ကိုယ်နှင့် လက်လှမ်းမီခဲ့သဖြင့် မလုပ်ဖြစ်ခဲ့ပေ။ သို့.ရာတွင် ထိုအချိန်ကစပြီး ဆန်ဂါမွန်းခရိုင် အရာရှိများအမှု အတော်များများကို ဖြေလာခွင့် ရခဲ့သည်။ အမှုနှစ်မှုတွင် သက်သေလိုက်ခဲ့ရသည်။ အမှုငယ် သုံးမှုတွင် ဂျူရီအဖွဲ့.ဝင်အဖြစ် ပူးတွဲ ဆောင်ရွက်ရန် တာဝန်ပေးခြင်း ခံခဲ့ရသည်။ တရားရုံးအမှုများမှာ တခမ်း အနားကြီးလုပ်ရသော ကိစ္စများလည်းမဟုတ်။ ထိပ်တန်းရှေ့.နေ အများ စုမှာလည်း ဥပဒေကို ကိုယ့်ဖာသာ လေ့လာသင်ကြားယူခဲ့ကြသူများ ဖြစ်ကြောင်း လင်းကင်း တွေ့.ရှိခဲ့သည်။ သူလည်း အောင်မြင်အောင် ဝင် ရောက် ထိုးဖောက်နိုင်သော နေရာတစ်ခုဖြစ်သည်ဟု လင်းကင်း ယုံကြည်ခဲ့ သည်။ ၁၈၃၄ ခုနှစ် မဲဆွယ်ပွဲများ ပြုလုပ်ခဲ့ကြစဉ်အတွင်း၌ စတူးဝပ်ကလည်း လင်းကင်းကို ဥပဒေလေ့လာရေး စိတ်ကူးအတွက် အားပေးခဲ့သည်။ ရွေး ကောက်ပွဲအပြီးတွင် လင်းကင်းသည် စပရင်းဖီးလ်သို့. မြင်းဖြင့် မကြာ ခဏ သွားရောက်ပြီး စတူးဝပ်၏ ဥပဒေ စာအုပ်များကို ငှားရမ်းခဲ့သည်။ တစ်ခါတစ်ရံ ခြေလျင်သွားခဲ့ရသည်။ စတူးဝပ်၏ရုံးခန်းသို့. ပထမဆုံးအကြိမ် ရောက်သွားခဲ့စဉ်က စတူးဝပ်နှင့် လုပ်ဖော်ကိုင်ဖက် ရှေ့.နေ ဟဲန်နရီ အင်ဆောက လင်းကင်းကို "ကျွန်တော် တွေ့.ခဲ့သမျှထဲမှာ အရိုင်းဆုံးပုံပေါက် ခဲ့ သူငယ်ပဲ" ဟု တွေးခဲ့မိသည်။ တစ်ကြိမ်တွင် စပရင်းဖီးလ် လေလံ ခွင်တစ်ခုကို ဝင်ကြည့်ရင်း လင်းကင်းသည် ဘလက်စတုန်း ရေးသားသည့် ဥပဒေရေးရာ ဝေဖန်ချက်များ စာအုပ်ကို ဝယ်လာခဲ့သည်။ ထိုအချိန်မှာပင် လင်းကင်းသည် စိတ်ပါလက်ပါ အစွမ်းကုန် ကြိုးစားခဲ့လေသည်။

www.burmeseclassic.com

လင်းကင်းသည် ထိုစဉ်က အီလီနွိုင်းပြည်နယ်၏ မြို့တော်ဖြစ်သော ဗန်ဒါလီယာမြို့တွင် ပထမဆုံးအကြိမ် ပွဲစတိုးရမည့်ကိစ္စ အတွက် အခြားနည်းလမ်းများဖြင့်လည်း စတင်ပြင်ဆင်ခဲ့သည်။ ရွေးကောက်ပွဲအပြီး တွင် လင်းကင်းသည် နယူးစေလဲမ်ဒေသ၌ အချမ်း သာဆုံးလူတစ်ဦးဖြစ်သူ ကိုးလ်မဲန်း စမုထံ ချဉ်းကပ်ပြီး ငွေချေးရန် မေတ္တာရပ်ခံခဲ့သည်။ စမုက ဒေါ်လာ ၂၀၀ ချေးလိုက်သည်။ ထိုငွေထဲမှ ဒေါ်လာ ၆၀ ကို သူ့အတွက် ပထမဆုံး ဝတ်စုံတစ်စုံကို ဝယ်လိုက်သည်။ လင်းကင်း၏ ဘဝတွင် ပထမဆုံးအကြိမ် ငွေအများဆုံးကို စတင်ကိုင်လိုက်ရခြင်း ဖြစ် သည်။ အမှန်မှာ ထိုငွေသည် ထိုစဉ်က ပြည်နယ်အုပ်ချုပ်ရေးမှူး၏ လစာတစ်ဝက်ထက် ကျော်သည်။ လင်းကင်းက "ဥပဒေပြုရုံးတွင် တင့်တင့်တယ်တယ် ရှိအောင် လုပ်ဖို့ပါ" ဟု စမုကို ပြောပြခဲ့သည်။

လင်းကင်း၏ အီလီနွိုင်းပြည်နယ်ဥပဒေကိုယ်စားလှယ်များ၏ ဥိုနွိုင်းမှု အစည်းအဝေးသည် ၁၈၃၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် နေ့မှ ၁၈၃၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့အထိ ဖြစ်ခဲ့သည်။ ပထမဆုံး အစည်းအဝေးမှာ သူ့အတွက် ထူးထူးခြားခြား မှတ်သား လောက်စရာ မရှိခဲ့။ လင်းကင်းသည် အစည်းအဝေးများ မပျက်မကွက် တက်ခဲ့သည်။ အမှုများတွင် လေ့လာသူအဖြစ်နှင့် အေးအေးဆေးဆေး နားထောင်ခဲ့သည်ကများ၏။ ယေဘူယျအားဖြင့် စတူးဝပ်ကဲ့သို့သော ဝါရင့်ကိုယ်စားလှယ်များ၏ ဦးဆောင်မှုနောက်မှ လိုက်ခဲ့သည်။ စတူးဝပ်မှာ သူနှင့် တစ်ခန်းတည်း အတူနေလျက်လည်းရှိသည်။ လင်းကင်းသည် ဗန်ဒါလီယာမြို့တွင် အဆင်ပြေခဲ့သည်။ ဗန်ဒါလီယာမှာ ပြည်နယ်မြို့တော်ဟု ဆိုသော်လည်း လူဦးရေ ရှစ်ရာ၊ ကိုးရာလောက်သာရှိသည့် ရွာတစ်ရွာသာဖြစ်သည်။ သူသည် အခြားကိုယ်စားလှယ် ၈၀ နှင့်အတူ တည်ခိုရိပ်သာတစ်ခုတွင် တည်းခဲ့သည်။ လင်းကင်းသည် ဒုတိယ အသက်အငယ်ဆုံး ကိုယ်စားလှယ်ဖြစ်ခဲ့သည်။ သို့သော်လည်း ကိုယ်စားလှယ်အများစုမှာ သူ့လိုပင် အတွေ့အကြုံ

ရှိသူကြသူများဖြစ်ကြောင်း ချက်ချင်း သတိပြုခဲ့မိသည်။ ပြည်နယ်တရားရုံး အဖွဲ့ဝင် ၅၃ ဦးအနက် ၁၉ ဦးမှာ လင်းကင်းကဲ့သို့ပင် လူသစ်များ ဖြစ်ကြသည်။ ပြည်နယ်ဥပဒေပြု အစည်းအဝေးမှာလည်း မီးဖိုခ တပ်ဆင်စရိတ် ၂.၅ ဒေါ်လာကို ခွင့်ပြုရခြင်း၊ ဝံပုလွေများအား သတ်ဖြတ်ခွင့်ဥပဒေ ပြဋ္ဌာန်းပေးခြင်း၊ ကလေဘွန်း ဘဲလ် ဆိုသူအား ကလေဘွန်း အယ်လ်ဒါ ဘဲလ် အမည်ပြောင်းလဲခွင့်ပေးခြင်းစသော အလုပ်မျိုးများသာ ဖြစ်သည်။

အစည်းအဝေး ရက်ရလာသည်နှင့် လင်းကင်းလည်း ပို၍ အသားကျလာသည်။ အစတွင် လင်းကင်းသည် အလုပ်မသွက်ခဲ့။ နောက်တော့ တဖြည်းဖြည်း သွက်လက်တိုးတက်လာသည်။ သူ၏ စာအရေးအသားတတ်ကျွမ်းမှုနှင့် ပိုင်ပိုင်နိုင်နိုင်ရှိမှုတို့ကို လုပ်ဖော်ကိုင်ဘက်များက လေးစားလာကြသည်။ ဥပဒေကြမ်းများကို သူ၏ ရှင်းလင်းပြတ်သားသော လက်ရေးဖြင့် အရေးခိုင်းခဲ့ကြသည်။ အပြန်အလှန် ဆွေးနွေးမှုများတွင် လင်းကင်းသည် ပို၍ လွတ်လွတ်လပ်လပ် ပါဝင်လာသည်။ ရှူစီလာခရိုင်တွင် မြေတိုင်းမှူးအသစ်တစ်ဦး ခန့်ထားခဲ့သည့်ကိစ္စတွင် လင်းကင်း၏ တိုတိုတုတ်တုတ် မှတ်ချက်သည် ဥပဒေပြုအဖွဲ့ကို သိမ့်သိမ့်တုန်စေခဲ့သည်။ လက်ရှိ မြေတိုင်းမှူး သေဆုံးသွားပြီအထင်ကြောင့် မြေတိုင်းမှူးအသစ်တစ်ဦးကို ခန့်အပ်ခဲ့ကြသည်။ ခန့်ပြီးမှ လက်ရှိလူမှာ မသေဆုံးသေးကြောင်း လူသစ်က တွေ့ခဲ့ရသည်။ ဥပဒေပြု ကိုယ်စားလှယ်များ မဝေခွဲတတ်အောင် ဖြစ်သွားကြသည်။ လင်းကင်းက ဘာမှ ဆက်မလုပ်ရန် တိုက်တွန်းခဲ့သည်။ "နောင်အခါတွင် လက်ရှိလူဟောင်း သေရန် ဆုံးဖြတ်ခဲ့သော် ဥပဒေပြုအဖွဲ့ကို ဒုက္ခ မပေးဘဲ လူသစ်တစ်ဦး အဆင်သင့် ရှိနေစေရမည်" ဟု လင်းကင်းက မှတ်ချက်ရေးခဲ့သည်။ ဥပဒေ ဟာသဉာဏ်သည် ရှားပါးလှသော လင်းကင်း၏ မှတ်ချက်ကို သဘောကျ ရယ်မောခဲ့ကြလေသည်။

www.burmeseclassic.com

(၅)

အစည်းအဝေးအပြီးတွင် လင်းကင်းသည် လစာငွေ ဒေါ်လာ ၁၅၀ ထုတ်ခဲ့ရသည်။ ဒီဇင်ဘာလတွင် ဒေါ်လာ ၁၀၀ ရရှိခဲ့သည်။ လင်းကင်းသည် မရစဖူး ငွေများရပြီး နယူးစေလန်သို့ ပြန်လာခဲ့သည်။ သူ့အတွက် ငွေလည်းလိုပါပြီ။ သူသည် ဗန်ဒါလီယာသို့ မထွက်ခွာမီမှာပင် သူနှင့် ဘယ်ရီတို့ ပေးရန်အကြွေးများ ရှိနေကြောင်း ဆန်ဂါမွန်းခရိုင် တရားရုံးက ဆုံးဖြတ်ခဲ့ခြင်းကြောင့်ဖြစ်သည်။ သူတို့နှစ်ဦးသည် အကြွေးများ မပေးနိုင်ခဲ့ကြသဖြင့် သူတို့ပိုင်ပစ္စည်းများကို ခရိုင်တရား သူကြီးရုံးက သိမ်းပိုက်ခဲ့သည်။ လင်းကင်း၏မြင်း၊ ကုန်းနီး၊ မြင်းဇက် တန်ဆာ၊ မြေတိုင်းကွန်ပါနှင့် အခြားပစ္စည်းများ ပါသွားသည်။ ထိုလုပ်ရပ်ကြောင့် လင်းကင်းသည် အသက်မွေးဝမ်းကျောင်း ပြုလုပ်မှုကို ရပ်တန့်လိုက်ရသည်။ ထို့နောက် ၁၈၃၅ ခုနှစ်၊ ဇန်နဝါရီလတွင် လင်းကင်း ဗန်ဒါလီယာမြို့သို့ သွားနေခိုက် ဘယ်ရီ ကွယ်လွန်ခဲ့သည်။ ကိုယ်ပိုင်အိမ်ရာ ဘာမျှ မကျန်ခဲ့။ ဥပဒေသဘောအားဖြင့်ကြည့်လျှင် ကျန်ရှိနေသော ကြွေးများအတွက် လင်းကင်းက သူ့အစု တစ်ဝက်ကိုသာ ပေးရမည်ဖြစ်သည်။ သို့သော်လည်း လင်းကင်းက သူတတ်နိုင်သောအချိန်တွင် အကြွေးအားလုံးကို ပေးဆပ်မည်ဟု ကတိပြုခဲ့သည်။ ထိုကြွေးမြီမှာ လင်းကင်းအတွက် "နိုင်ငံတော်အကြွေး"ဟု သူငယ်ချင်းများက နောက်ပြောင်ခဲ့ကြသည်။ တကယ်လည်း အကြွေးများ ကျေအောင် လင်းကင်းသည် နှစ်ပေါင်းများစွာကြာ ပေးဆပ်ခဲ့လေသည်။

၁၈၃၅ ခုနှစ်၊ နွေဦးပေါက်နှင့် နွေရာသီကာလတို့တွင် လင်းကင်းအတွက် အလုပ်များများ မရှိခဲ့ပေ။ တစ်ပတ်လျှင် စာများ နှစ်ကြိမ် ဝေရုံသာ ရှိသည်။ လင်းကင်းသည် အချိန်တိုင်းလိုလို ဥပဒေ စာအုပ်များကို ပို၍ဖတ်ချိန်ရခဲ့သည်။ သူသည် ဘလက်စတုန်းရေးသားသည့် ဥပဒေရေးရာ

ဝေဖန်ချက်များ စာအုပ်ကို နှစ်ကြိမ် ဖတ်ခဲ့သည်။ ထုံးစံ အတိုင်းပင်ဖြစ်သည်။ လျှောက်လဲချက်များကို မှတ်မိအောင်လုပ်သည်။ စာအုပ်ထဲမှ စိတ်ကြိုက် စာစုများကို သူ့ဘာသာသူ နှစ်ကြိမ်သုံးကြိမ် စကားပြေပြန်ရေးသည်။ အပိုင် ရအောင် မှတ်သည်။ သူသည် မကြာမှီမှာပင် ထိုခေတ် လက်ရှိဥပဒေစာအုပ်များကို ဆက်လက်လေ့လာခဲ့သည်။ ချစ်တီးရေးသားသည့် လျှောက်လဲမှုက်များ၊ ဂရင်းလီဖ်၏ သက်သေခံဥပဒေ၊ ဂျိုးဇက် စတိုရီး၏ သာမာညီမျှမှု ဥပဒေ စာအုပ်များဖြစ်သည်။ သူ၏ ၁၈၃၀ ခုနှစ် ကိုယ်ရေးအတ္ထုပ္ပတ္တိထဲ၌ သူသည် တစ်ယောက်တည်း လေ့လာ ခဲ့ပုံကို ရေးထားသည်။ အင်္ဂလိပ်စာလုံးလေးလုံးဖြင့် He studied with nobody ဟု ဖော်ပြခဲ့သည်။

လင်းကင်းသည် သစ်ပင်တစ်ပင်ကိုမှီပြီး စာဖတ်လေ့ရှိခဲ့သည်။ တစ်ခါတစ်ရံတွင် ပက်လက်အိပ်ပြီး သစ်ပင်ပေါ်တွင် ခြေထောက်ထောင်တင်ကာ စာဖတ်သည်။ နေပူလျှင် အရိပ်ရအောင် သစ်ပင်ကိုပတ်အိပ်ပြီး စာဖတ်တတ်ပုံကို သူငယ်ချင်းတစ်ဦးက မှတ်မိခဲ့ သည်။ လမ်းသွားလျက်ပင် လက်ထဲ၌ စာအုပ်တစ်အုပ် အမြဲပါသည်။ ကြာဖြတ်အလုပ်ရှိလျှင်လည်း ထလုပ်သည်။ ပြီးတော့ စာပြန်ဖတ်သည်။ ကိုယ်ကာယ လေ့ကျင့်ခန်း လုပ်ရှားမှု အလျဉ်း မရှိသလောက်ပင်။ စာကိုသာ မတရား အားထုတ်ဖတ်ခဲ့သည်။ လင်းကင်းသည် အလွန် ပိန်လှီလာခဲ့ရာ အားကုန်ပြီး ပုံလဲကျသွားမှာကိုပင် လိုရင်း သူငယ်ချင်းများက စိုးရိမ်မိခဲ့ကြသည်ဟု မက်ဟဲန်နရီဆိုသူက ပြန်သတိရခဲ့သည်။

နောက်တစ်လအကြာတွင် လင်းကင်း၏ဘဝတွင် နည်းနည်း အဆင်ပြေလာခဲ့သည်။ မတ်လတွင် လင်းကင်း၏ ပစ္စည်းများကို ခရိုင်တရားသူကြီးက လေလံတင်ရောင်းချခဲ့သည်။ ကံအားလျော်စွာပင် လင်းကင်း၏ မြင်းသည် လေလံထဲတွင် မပါခဲ့။ ဘာ့ကြောင့်ဆိုသည်ကား မသိရ။ ဦးလေးကြီး ဂျိမ်းစ် ရော့ထ်ဆိုသူမှာလည်း လင်းကင်းကို လေးစားသူဖြစ်သည်။ ဦးလေးကြီး ရော့ထ်သည် လင်းကင်း၏ မြေတိုင်းပစ္စည်း ကိရိယာများကို

www.burmeseclassic.com

၁၂၀ ခေါ်လာဖြင့် ဆွဲယူခဲ့ပြီး ပစ္စည်းများကို လင်းကင်းထဲ ချက်ချင်း ပြန်ပေးအပ်ခဲ့သည်။ လအကုန်တွင် လင်းကင်းသည် ကွင်းပြန် ဆင်းပြီး ဝင်ငွေပြန်ရှာ နိုင်ခဲ့သည်။ လင်းကင်းက သူ၏အိမ်လခနှင့် အဝတ်အစားဖိုးရအောင် မြေတိုင်းအလုပ်ကိုပါ ရောလုပ်ခဲ့ကြောင်း သူ၏ ကိုယ်ရေး အတ္ထုပ္ပတ္တိတွင် ဖော်ပြခဲ့သည်။

လင်းကင်း အမြန်ဆုံး ရှေ့နေဖြစ်ချင်သည်အကြောင်းတွင် အင်အားသစ်တစ်ခုကလည်း ဝင်လာခဲ့သည်။ အသည်းနှလုံးရေးရာနှင့် ပတ်သက်သော ကိစ္စတည်း။ နယူးစေလဲမ်ရှိ အိမ်ထောင်ရှင်အမျိုးသမီးကြီးများက လင်းကင်းအား အိမ်ထောင်ချပေးရန် ကြံစည်ခဲ့ကြသည်။ လင်းကင်း ၏ ကလန်ကလားနိုင်မှုမှာ သနားစရာကောင်းပုံကို သူတို့တွေ့ခဲ့ကြသည်။ သို့သော်လည်း လင်းကင်းသည် ကလေးများ အပေါ်တွင် ယုယကြင်နာတတ်ပုံ၊ ကြောင်ကလေးများနှင့် တခြား တိရစ္ဆာန်များအပေါ်တွင် အကြင်နာ တရား ရှိပုံတို့ကိုလည်း သူတို့ တွေ့မြင်ခဲ့ကြရသည်။ သူ့ကို ချက်ပြုတ် ကျွေးမွေးမည်သူ၊ အဝတ်အစားများကို လျှော်ဖွပ်ဖာထေးပေးမည့်သူတစ်ဦး လိုမှန်း၊ အတိုချုပ်ဆိုသော်လည်း လင်းကင်းအတွက် ဇနီးတစ်ယောက်လိုနေမှန်း သူတို့ သတိပြုမိခဲ့ကြသည်။

လင်းကင်းသည် အမျိုးသမီးများရှေ့တွင် ပုံမကျပန်းမကျ ကလန်ကလားနိုင်သူဖြစ်သည်။ မစ္စစ် အမ်းစထရောင်းကဲ့သို့သော အိမ်ထောင်သည်များရှေ့တွင် ယဉ်ကျေးပျူငှာသည်၊ ချစ်ခင်စရာပင် ကောင်းလှသည်။ သို့သော်လည်း မိန်းမပျိုလေးများရှေ့တွင် ရေခဲတုံးနှင့်တူသည်။ သူ၏ဆိုင်တွင်လည်း မိန်းကလေးများကို စိတ်ရှည် လက်ရှည် စောင့်ပြီးမရောင်းလိုခဲ့။ ရုပ်တလက်ချ၏ ထမင်းဆိုင်တွင်လည်း သပ်သပ်ရပ်ရပ် ဝတ်စားထားသည့် ဗာဂျီနီးယားပြည်နယ်သူ အမျိုးသမီးတစ်ဦးနှင့် သမီးသုံးယောက်ထိုင်နေသော စားပွဲတွင် လင်းကင်း ဝင်မထိုင်ဘဲ နေခဲ့ဖူးသည်။ နယူးစေလဲမ်မှ အမျိုးသမီးကြီးများက လင်းကင်းကို မစ္စရော့ထ်နှင့်ဖြစ်စေ၊ မစ္စဘယ်ရိုနှင့်ဖြစ်စေ ချိတ်မိအောင် ကြိုးစားခဲ့ကြသည်။ လုံးဝ မအောင်မြင်ခဲ့ပေ။

သို့သော်လည်း လင်းကင်းကို စိတ်ဝင်စားသော မိန်းမပျိုတစ်ဦး နယူးစေလဲမ်တွင် ရှိခဲ့သည်။ နယူးစေလဲမ်ကို စတင်တည်ထောင်သူတစ်ဦးနှင့် ထမင်းဆိုင်ပိုင်ရှင်၏ သမီး အဲန်း ရပ်တ်လက်ချ်[11] ဖြစ်သည်။ လင်းကင်းမှာ ထိုထမင်းဆိုင်တွင် အခန်းငှားနေပြီး ထမင်းလခလည်း ပေးစားခဲ့သည်။ အဲန်းသည် လှ၏။ အသားအရေ ချောမွေ့၏။ မျက်လုံးများမှာ ပြာလဲ့နေပြီး နီညိုရောင် ဆံပင်နှင့် ကြည့်ကောင်းလှ၏။ အရပ် ၅ပေ ၃ လက်မသာမြင့်ပြီး ကိုယ်အလေးချိန် ပေါင် ၁၂၀ နှင့် ၁၃၀ အကြားရှိ၍ သူမကို အကြီးစား မလေးဟု မစ္စက် ဆယ်မြူယဲလ် ဟီးလ်က ခေါ်ဆိုခဲ့သည်။ လင်းကင်းအတွက် အကြောင်း မဟုတ်ပါ။ လင်းကင်း သဘောကျသော မိန်းမများမှာ ဝဖိုင့်ဖိုင့်များ သာဖြစ်ခဲ့သည်။ ထို့အပြင် အဲန်းမှာ သဘောကောင်းသည်၊ ကြင်နာတတ်သူဖြစ်သည်၊ လူမှုရေး ဝင်ဆံ့ပြီး နှလုံးကောင်းရှိသူဟု ပြောခဲ့ကြသည်။

နယူးစေလဲမ်သို့ လင်းကင်းရောက်လာစက အဲန်းမှာ မဲန်တာ ဂရေဟမ်၏ကျောင်းတွင် ကျောင်းသူအရွယ်သာ ရှိခဲ့သေးသည်။ လင်းကင်းသည် သူ့ထက် အသက်ငယ်သော မိန်းကလေးများနှင့် စကားပြောဆိုရသည်ကို ဝန်မလေး။ နောက်တော့ အဲန်းသည် ဖခင်ကြီး၏ ထမင်းဆိုင်ကြီးကြပ်မှုအလုပ်ကို လွှဲပြောင်းတာဝန်ယူခဲ့ရသည်။ သူတို့၏ထမင်းဆိုင်မှာ နယူးစေလဲမ်တွင် အကြီးဆုံး အဆောက်အဦးဖြစ်သည်။ အဲန်းသည် လှပသွက်လက်ချက်ချာပြီး အိမ်တွင်းထိန်းသိမ်းမှုလည်းကောင်းရာ လူပျိုများက စိတ်ဝင်စားကြသည်။ ငွေကြေးပြည့်စုံပြီး အရပ်ဆိုးသော ဆယ်မြူယဲလ် ဟီးလ်ကပင် စိတ်ဝင်စားခဲ့သည်။ အဲန်းက သူ့ကို ရှေ့အတိုးမခံခဲ့။ ဟီးလ်နှင့် ဆွေးရေးလုပ်ဖော်ကိုင်ဖက် ဂျွန် မက္ကနီးလ်က ပို၍ ဉီးစားပေးခံခဲ့ရသည်။ မက္ကနီးလ်မှာ နယူးယောက်မှဖြစ်ပြီး အဲန်းတို့ထမင်းဆိုင်တွင် ထမင်းလာစားသူ ဖြစ်သည်။ မကြာမီမှာပင် အဲန်းနှင့် မက္ကနီးလ်တို့ လက်လွဲပြီး ဆိမ့် မည်ဟု အားလုံးက သိလာကြသည်။ ထို့နောက် ၁၈၃၃ ခုနှစ် မိုးဦး

www.burmeseclassic.com

ကျတွင် မက္ကနီးလ်က သူ၏ ဘဝမှန်ကို အဲန်းထဲ ဝန်ခံခဲ့သည်။ သူ၏ အမည်မှန်မှာ ဂျွန် မက္ကနားမားဖြစ်သည်။ (လင်းကင်းက သိထားသည်။ မြေယာလွှဲပြောင်းရောင်းချမှုများတွင် သူ၏အမည်မှန်ဖြင့် လက်မှတ် ရေးထိုးခဲ့ပုံကို လင်းကင်းက အသိအမှတ်ပြုပေးရသောကြောင့်ဖြစ်သည်။)

မက္ကနားမား၏ ဖခင်ဖြစ်သူသည် နယူးယောက်တွင် စီးပွား ရေး အကျပ်အတည်းတွေ့ခဲ့သည်။ မိသားစု၏ စီးပွားရေး အကျပ်အတည်းကို ပြန်လည်ဖာထေးနိုင်ရေးအတွက် အလုပ်လုပ်ရန် မက္ကနီးလ်သည် နယူးယောက်မှ ထွက်ခွာလာခဲ့သည်ဆို၏။ မက္ကနားမားက သူ၏အမည်ကို ပြောင်းခဲ့သည်။ သူနေထိုင်ရာအရပ်ကို သူ့အိမ်က သိသွားခဲ့လျှင် သူ့အပေါ်တွင် ပုံ၍ အားကိုးကြမည်။ သူ့တွင် ငွေကြေးမရှုဆောင်းမိခင်မှာပင် နာလန်မထူနိုင်အောင် နစ်သွားမည်ကို ကြောက်၍ အမည်ပြောင်းခဲ့ခြင်းဖြစ်သည်ဟု တစ်ဦးက ပြန်ပြောပြ ခဲ့သည်။ ယခုတော့ သူ့တွင် ငွေစုမိပြီ။ သူ၏ဆိုင်နှင့် ခြံယာသည် ဒေါ်လာ ၁၀,၀၀၀ မှ ၁၂,၀၀၀ ခန့်တန်သည်။ မက္ကနားမားသည် နယူးယောက်သို့ပြန်ပြီး မိသားစုကို နယူးစေလဲမ်သို့ ခေါ်လာမည်။ ထိုကျမှ သူနှင့်အဲန်းတို့ လက်ထပ်ကြမည်ဟု ပြောခဲ့သည်။

မက္ကနားမား ထွက်ခွာသွားပြီးနောက် သူ၏ဇာတ်လမ်းကို အဲန်းက သူမ၏ မိသားစုအား ပြန်ပြောပြခဲ့သည်။ တစ်မိသားစုလုံးတွင် သံသယဒဏ်ဟစိတ် ဝင်ခဲ့သည်။ မက္ကနားမားက သူ၏မိသားစုကို ကယ်တင်ရန် ထွက်ခွာလာခဲ့ခြင်းဖြစ်သည့်အပေါ်တွင် တစ်ခုခုတော့ မဟုတ်မှန်နိုင်ဟု တွေးမိခဲ့ကြသည်။ နာမည်ပြောင်းသူတစ်ဦးတွင် မရှင်းလင်းသောအတိတ် ရှိရမည်။ သူသည် အဲန်းကို လှည့်ဖြားသွားပြီး နယူးစေလဲမ်သို့ ပြန်ခေါ်မှ ပြန်လာတော့မည်စသည့် ကြောက်ရွံ့ သောအတွေးဝင်ခဲ့ကြသည်။ ဝိတိုရိယဘုရင်မခေတ်ပြိုင်အမေရိကတွင် ထိုခေတ်က ယောကျ်ားတစ်ဦး၏ စွန့်ခွာခြင်းခံရသော အမျိုးသမီးတစ်ဦးသည် ကိုယ်ကျင့်တရား ပျက်ပြားသူတစ်ဦးအဖြစ် သံသယအဖြစ်ခံရတတ်သောကြောင့်ဖြစ်သည်။

အဲန်းနှင့် မက္ကနားမားတို့၏ စေ့စပ်ကြောင်းလမ်းမှုနှင့် မက္ကနားမား နယူးယောက်သို့ ပြန်သွားသည့်အကြောင်းတို့ကို လင်းကင်း သိခဲ့သည်။ လင်းကင်းသည် စာတိုက်ဗိုလ်ဖြစ်သည့်အားလျော်စွာ အဲန်းနှင့် မက္ကနားမားတို့၏ စာပေးစာယူ အသွားအလာကိုလည်း ကောင်းစွာ သိခဲ့သည်။ အစပိုင်းတွင် စာအသွားအလာများသည်။ နောက်တော့ ပါးသွားသည်။ နောက်ဆုံးတွင် မက္ကနားမားက စာမရေးခဲ့တော့။ သို့သော်လည်း သူတို့နှစ်ဦးသည် ကြောင်းလမ်းထားပြီးဖြစ်သည်ဟု အများထင်သလိုပင် လင်းကင်း ထင်ခဲ့သည်။ သူတို့နှစ်ဦး၏ စေ့စပ်ထားမှုမှာ ကျော်လွှားရ၍ မရနိုင်သော အတားအဆီးတစ်ခုဖြစ်သည် ဟု လင်းကင်းက ပြောခဲ့သည်။ လင်းကင်းသည် အဲန်းအပေါ်တွင် ရယ်ရယ်မောမောနှင့် ခင်ခင်မင်မင် ဆက်လက်ဆက်ဆံခဲ့သည်။

ထိုခင်မင်မှုမှတစ်ဆင့် သူတို့ချင်း မေတ္တာသက်ဝင်သွားကြပုံ ထူးခြားတစ်မှတ်ရာများ မရှိခဲ့။ အဲန်းက လင်းကင်းထံ ရေးခဲ့သော စာတစ်စောင်တလေမျှပင် မရှိခဲ့။ လင်းကင်းရေးခဲ့သည့် ထောင်နှင့် ချီသော စာများထဲတွင်လည်း အဲန်း၏ နာမည်တစ်လုံးမှ မပါ။ လင်းကင်းကလည်း နိုင်ဘာလမှ ဖေဖော်ဝါရီလအထိ ဗန်ဒါလီယာသို့ အကြောကြီး သွားနေခဲ့ရသည်။ သူတို့ချင်းသည် မေတ္တာမျှသည် ဆိုခြင်းထက် ခင်မင်ရင်းနှီးသည်ဟုသာ ဆိုရမည်။

၁၈၃၅ ခုနှစ်တွင်မူ လင်းကင်းနှင့် အဲန်းတို့ တစ်ဦးနှင့်တစ်ဦး ထူးခြားသည်မှုရှိခဲ့ကြသည်။ လင်းကင်းနှင့် အဲန်းတို့ ခြွင်းချက်နှင့် စေ့စပ်ခဲ့ကြသလား၊ သို့မဟုတ် အကြွင်းမဲ့ စေ့စပ်ခဲ့ကြသလား ဆိုသည်ကိုမူ နောင်ခေတ်ပေါင်းများစွာအထိ နယူးစေလဲမ်မှ မည်သူမျှ မပြောနိုင်ခဲ့ကြပေ။ နှစ်ဦးကြားတွင် အချိန်ဆိုင်းငံ့ထားရန် ခိုင်လုံသော အကြောင်းများရှိခဲ့ကြသည်။ အထူးမရှိ၊ ငွေလည်း နည်းနည်းသာရှိသော လင်းကင်းက သူ့တွင် မန်းဟက်တန်ယောက်ကို ထောက်ပံ့နိုင်စွမ်း ရှိမှရှိပါ့မလားဟု သံသယရှိခဲ့သည်။

www.burmeseclassic.com

အဲန်းကလည်း မက္ကမားနားနှင့် တွေ့ပြီး သူမစိတ်ပြောင်းသွားပုံကို အသိ
ပေးပြီး စေ့စပ်ထားမှုကို ဂုဏ် သိက္ခာရှိရှိ ဖျက်သိမ်းလိုသည်။ ပြီးမှ "သူတို့
နှစ်ဦး စေ့စပ်ပြီး တစ်နှစ် လောက် စောင့်လိုက်ကြတယ်။ လင်းကင်း ရှေ့နေဖြစ်မှု
လက်ထပ်မယ်" လို့ သဘောတူခဲ့ကြောင်း အဲန်း၏ မောင်တစ်ဝမ်းကွဲ ဂျိမ်းစ်
ရပ်တ် လက်ချက် ပြန်ပြောခဲ့သည်။ အကြာကြီး ကြိုတင်စေ့စပ်ထားလျှင်
ပျက်တတ်ပုံကိုလည်း အဲန်းက စိတ်ထင့်ခဲ့သည်ကို ပြောပြခဲ့သည်ဆို၏။

၁၈၃၅ ခုနှစ် နွေရာသီသည် အီလီနွိုင်းပြည်နယ်၏ ရာဇဝင်
တွင် ကြောက်စရာကောင်းအောင် ပူပြင်းနေသော နွေတစ်ခုဖြစ်ခဲ့သည်။
နေ့တိုင်းလည်း မိုးရွာပြီး တစ်ခရိုင်လုံး ရေမျှခဲ့သည်။ အဲန်း နှင့် လင်းကင်း
တို့ကို ဒုက္ခပေးခဲ့သည်။ လင်းကင်းသည် ရေထဲတွင် အလုပ်မလုပ်ရ
လျှင်ဖြစ်စေ၊ မြေမတိုင်းရလျှင်ဖြစ်စေ သူ၏ ဥပဒေ စာအုပ်များကိုသာ
မနားမနေ ဖိဖတ်ခဲ့သည်။ သူ၏ကျန်းမာရေးအတွက် သူငယ်ချင်းများက
စိုးရိမ်ခဲ့ကြသည်။ သို့သော်လည်း အဲန်းအတွက် ပို၍ စိတ်ပူစရာဖြစ်ခဲ့သည်။
အဲန်းသည် သြဂုတ်လတွင် ၄ က်ဖျားမိကာ အိပ်ရာထဲတွင် ဗုန်းဗုန်းလဲ
ခဲ့ခြင်းကြောင့်ဖြစ်သည်။ သူမကို ငြိမ်ငြိမ်နေရန် ဆရာဝန်က တားသည်
ကြားမှ အဲန်းသည် လင်းကင်းကို အခေါ်ခိုင်းပြီး တွေ့ခဲ့သည်။ ထို့နောက်
ရက်ပိုင်းအတွင်းမှာပင် အဲန်း သတိလစ်သွားပြီး သြဂုတ်လ ၂၅ ရက်နေ့တွင်
ကွယ်လွန်သွားရသည်။

လင်းကင်းအဖို့ အကြီးအကျယ် တုန်လှုပ်မှု ဖြစ်ခဲ့သည်။ အဲန်း
ကွယ်လွန်ခဲ့ခြင်းက ယခင်ဆုံးရှုံးခဲ့ရမှုများကို ပြန်ပြီး သတိရစေခဲ့ သည်။
အစ်ကိုဆုံး၊ ညီမဆုံး၊ အမေဆုံး၊ သူ့အတွက် ဆုံးရှုံးမှုများ ဖြစ်ခဲ့သည်။
အလုပ်ပင်ပန်းမှုနှင့် မတရားစာဖတ်ခဲ့မှုတို့နှင့် အဲန်း သေဆုံးမှုတို့ ပေါင်းစပ်
မိခဲ့ရာ လင်းကင်း အကြီးအကျယ် စိတ်ဓါတ် ကျခဲ့ရသည်။ ၁၈၁၆တစ်ဖြုတ်
တော့ သူ့စိတ်ကို ချူပ်ထိန်းနိုင်ခဲ့သည်။ သို့သော်လည်း အဲန်း၏ အသုဘ
ချအပြီးတွင် မိုးရွာခဲ့ပြန်ရာ လင်းကင်း၏ ဝမ်းနည်းမှုသည် ကြောက်စွဲထိုက်

သည်။ အဲန်း၏ မြေပုံပေါ်တွင် မိုးစက်များကျနေသည်ကိုပင် ခံနိုင်ရည်
ရှိခဲ့တော့။ နောက်ဆုံးတွင် မိတ်ဆွေများ၏ တိုက်တွန်းချက်အရ တစ်မိုင်ခွဲ
အနီ့ ဝေးသည် မိတ်ဆွေ ဘိုးလင်း ဂရင်း၏အိမ်သို့ စိတ်ပြေလက်ပျောက်
သွားနေလိုက်တော့သည်။

စက်တင်ဘာလ ၂၄ ရက်နေ့တွင် လင်းကင်းသည် မြေတိုင်း
အလုပ်အတွက် ကွင်းပြန်ဆင်းခဲ့သည်။ သို့သော်လည်း အဲန်း ရပ်တ်လက်ချ်
ကို သတိရနေဆဲပင်ဖြစ်သည်။ လွင်းကင်းသည် အမေရိကန်ပြည်ထောင်
စု၏ သမ္မတအဖြစ် အရွေးခံရပြီးသည်နောက် နယူးစေလဲမ်ရွာတွင် နေ
ခဲ့ရသော ငယ်ဘဝအကြောင်းကို မိတ်ဆွေဟောင်း အိုက်ဆက် ကော့ဒါးလ်
ဆီသို့နှင့် စကားစပ်မိခဲ့ကြသည်။ နယူးစေလဲမ်မှ မိတ်ဟောင်းဆွေဟောင်း
များ ဘယ်ရောက်နေကြသည်ကို စကားရောက်သွားသည်။ ရပ်တ်လက်ချ်ဆို
သောနာမည်ကို ရောက်သွားခဲ့ရာ လင်းကင်းသည် အဲန်း ရပ်တ်လက်ချ်ကို
ချစ်ခဲ့တယ်ဆိုတာ မှန်သလား ဟု ကော့ဒါးလ်က အရဲစွန့်မေးကြည့်ခဲ့သည်။
"ချစ်တာပေါ့၊ ချစ်ခဲ့တာပေါ့၊ အဲဒီမိန်းကလေးကို ကျွန်တော် မြတ်မြတ်နိုးနိုး
ချစ်ခဲ့မိတာပေါ့။ ရုပ်ကလည်းလှများ၊ ချစ်စရာကောင်းတဲ့ ဇနီးတစ်ယောက်
ဖြစ်လာမယ့် မိန်းကလေးပဲ။ ကျွန်တော် အဲဒီကောင်မလေးကို ရိုးရိုးသား
သားနဲ့ သစ္စာရှိရှိချစ်ခဲ့မိတာ။ သူ့ကို မကြာခဏ သတိရမိတယ်။ အခုထိ
လည်း သတိရနေတုန်းပါပဲ" ဟု လင်းကင်းက ပြန်ဖြေခဲ့သည်။

(၆)

အဲန်း ရပ်တ်လက်ချ် သေဆုံးခဲ့ခြင်းသည် နယူးစေလဲမ်ရွာ ပျက်
သုဉ်းတော့မည်ကို နိမိတ်ပြခဲ့လေသလားမသိ။ ရွာကလေးသည် ကျက်
သရေမင်္ဂလာရှိစွာ စတင်ထူထောင်ခဲ့ကြသည်မှန်၏။ သို့သော်လည်း ကုန်း
ထမ်းရေလမ်း မရှိသဖြင့် ဒေသထွက်ကုန်ပစ္စည်း ဈေးကွက်သို့ မပို့ဆောင်

www.burmeseclassic.com

နိုင်ခဲ့ကြ။ ရွာကလေးမှာ သုဉ်းစပြုလာသည်။ ပစ္စည်းများ တန်ဖိုးကျလာသည်။ လင်းကင်းနှင့် ဘယ်ရီတို့ ပိုင်ဆိုင်သော လက်ကျန်ပစ္စည်းများကို တစ်ချိန်က ဒေါ်လာ ၁၀၀ တန်ဖိုးဖြတ်ခဲ့သည်။ ယခုလေလံတင် ရောင်းချသောအခါ ၁၀ ဒေါ်လာသာ ရခဲ့သည်။ နေထိုင်သူများကလည်း တစ်ဦးပြီးတစ်ဦး အနီး အနားရှိ ပီတာစ်ဘတ်သို့ ရွှေ့ပြောင်းသွားကြသည်။ ပီတာစ်ဘတ်ကို လင်းကင်းသည် ၁၈၃၆ ခုနှစ်တွင် အပြီးတိုင် မြေတိုင်းပေးခဲ့သော အရပ် ဖြစ်သည်။ လင်းကင်းလည်း မကြာမီတွင် နယူးစေလင်မ်မှ ရွှေ့ရတော့မည့် ကိန်း ပေါ်လာသည်။

၁၈၃၅–၁၈၃၆ ခုနှစ် ဆောင်းရာသီတွင် ခေါ်ယူခဲ့သော အီလီ နွိုင်းပြည်နယ် ဥပဒေကိုယ်စားလှယ်များ၏ အစည်းအဝေးသည် လင်းကင်း၏ အနာဂတ်ခရီးကို လမ်းဖော်ပေးဖို့ ဖြစ်ခဲ့သည်။ အစည်းအဝေး၌ အပြောင်းအလဲကြီးသုံးရပ်ကို ချမှတ်ခဲ့သည်။ ကိုယ်စားလှယ်များ၏ လုပ်ကိုင် ဆောင်ရွက်မှုတွင် အမျိုးသားနိုင်ငံရေး ပထမဆုံးအကြိမ် ထိုးဖောက် ဝင်ရောက်လာခဲ့သည်။ သမ္မတရွေးကောက်ပွဲကလည်း နီးလာပြီ။ သမ္မတ အင်ဒရူး ဂျက်ကဆင်ကို ဆက်ခံမည့်သူအဖြစ် မာတင် ဗန် ဘျူရင်အား ရွေးချယ်ခြင်းကိစ္စအတွက် ခါးခါးသီးသီး ဆန့်ကျင်ကြပုံကို ဒီမိုကရက်များ သိရှိကြသည်။ ဒီမိုကရက်တို့သည် ပါတီတွင်း ညီညွတ်မှု ရရှိရေးကို လုပ် ဆောင်ခဲ့ကြသည်။ ဥပဒေကိုယ် စားလှယ်များ အစည်းအဝေး၏ ပထမဆုံး နေ့တွင် ပြည်နယ်နိုင်ငံရေး ညီလာခံကို ကျင်းပခဲ့ကြသည်။ ညီလာခံက ဗန် ဘျူရင်ကို ထောက်ခံခဲ့ရုံသာမက ဒီမိုကရက်တစ်ပါတီတွင်း၌ စိတ်ဝမ်းကွဲမှု ဂိုဏ်းကွဲမှု ဖြစ်အောင် လုပ်ဆောင်နေကြသော အတုအယောင် ကိုယ်စားလှယ် များ ကိုလည်း ပြင်းထန်စွာ ရှုတ်ချခဲ့ကြသည်။ ဤလုပ်ရပ်ကို ဝှစ်ပါတီဝင် များက စိတ်ဆိုးခဲ့သည်။ ဝှစ်ပါတီသည် လူနည်းစုပါတီဖြစ်သည်။ သို့ သော်လည်း ယနေ့အချိန်အထိ ဒီမိုကရက်တစ်ပါတီဝင်များတွင် ဂိုဏ်းကွဲမှု ကို မြှောက်ပေးပြီး အီလီနွိုင်းပြည်နယ် ရွေးကောက်ပွဲများတွင် ကျယ်ကျယ်

ပြန့်ပြန့်. အောင်မြင်မှု ရရှိခဲ့သည်။ လင်းကင်းအပါအဝင် ဝှစ်ပါတီဝင်များက ညီလာခံ ကျင်းပပုံ စနစ်ကို ပြစ်တင် ရှုတ်ချခဲ့သည်။ ဝှစ်ပါတီတို့က ဒီမို ကရက်များသည် သူတို့၏ ဆန့်ကျင်ဘက် အတိုက်အခံများကို ချေမှုန်းရန် အတွက် ညီလာခံကို နိုင်ငံရေး ကျင်လည်သူများ၏ လက်နက်အဖြစ် အသုံး ချခဲ့သည်ဟု စွပ်စွဲခဲ့သည်။ သမ္မတအုပ်စိုးသော အစိုးရအဖွဲ့တစ်ဖွဲ့ လက် အောက်တွင် သည်းမခံနိုင်သော အလုပ်အဖြစ်၊ ပြည်သူလူထု၏ လွတ် လပ်ခွင့်အတွက် အန္တရာယ်ရှိသော့ လုပ်ရပ်တစ်ခုအဖြစ် ဝေဖန်ခဲ့ကြသည်။ နောင်နှစ်အတော်ကြာတွင်မှ ဝှစ်တို့သည် ဤစနစ်အတိုင်းသုံး၍ အမြတ် ထုတ်နိုင်မှန်း သိရှိကြသည်။ လင်းကင်း၏ နိုင်ငံရေးသမားဘဝကိုလည်း ပါတီညီလာခံများကပင် ပုံဖော်ချမှတ်ပေးမည်ဖြစ်သည်။

ဒုတိယအချက်မှာ ကိုယ်စားလှယ် အချို့အစားကို ညီလာခံမှ ပြန်လည်သတ်မှတ်ပေးလိုက်ခြင်းဖြစ်သည်။ လတ်တလောအားဖြင့် ပို၍ အရေးကြီးသောကိစ္စဖြစ်သည်။ အီလီနွိုင်းပြည်နယ်မှာ လူဦးရေ လျင်မြန်စွာ တိုးလာခဲ့သည်။ အထူးသဖြင့် မြောက်ပိုင်းနှင့် အလယ် ပိုင်းတွင်ဖြစ်သည်။ သို့သော်လည်း လူအများ စတင်အခြေစိုက်ခဲ့သော တောင်ပိုင်းတွင် ကိုယ် စားလှယ်ဦးရေမှာ ရှိသင့်သည်ထက် ပို၍ များနေသည်။ လင်းကင်းက ကိုယ်စားလှယ်များ သင့်တင့်ရုံသာ ပြန် လည်၍ သတ်မှတ်ပေးခြင်းကို လိုလား ခဲ့သည်။ ဥပဒေပြုလွှတ်တော် တွင် ဆန့်ကျင်မှန်းခရိုင်မှ ကိုယ်စားလှယ် အများဆုံးပါနေသည်။ လေးဦးသာ ပါသင့်သည့်အစား ခုနစ်ဦးပါဝင်စေ သော အတည်ပြုချက်ကို လင်းကင်းက ဆန့်ကျင်ခဲ့သည်။ ဤအပြောင်း အလဲကလည်း လင်းကင်း၏ အနာဂတ်နိုင်ငံရေးအောင်မြင်မှုအပေါ်တွင် အဓိက အကျိုးသက်ရောက်စေခဲ့သည်။

တတိယအချက်အနေဖြင့် အထူးညီလာခံမှာ အီလီနွိုင်းနှင့် ရှိကား ဂိုမြစ်နှစ်ခုအကြား တူးမြောင်းဖောက်လုပ်ရေးအတွက် ဥပဒေ ပြဋ္ဌာန်း ပေးနိုင်ရန်ဖြစ်သည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး ကျိုးဆက် ဒန်ကင်က တင်ပြ

www.burmeseclassic.com

ခဲ့သည်။ မစ်ရှီဂန်ရေအိုင်နှင့် မစ္စစ္စပီမြစ်တို့.ကို လည်း ဆက်သွယ်ပေးမည့် တူးမြောင်းဖြစ်သည်။ အယ်ရီတူးမြောင်းသည် နယူးယောက်အတွက် အရေးပါသလို ဤစီမံချက်သည် အီလီနွိုင်းအတွက် အရေးပါမည်ဖြစ်သည်။ သို့သော်လည်း ထိုအချိန်အထိ အီလီနွိုင်းပြည်နယ်သည် တူးမြောင်းဆောက်လုပ်ခြင်းကိုသာလျှင် ထောက်ခံအားပေးလိုခဲ့သည်။ လုပ်ငန်းကြီးအတွက် ငွေကြေးပံ့ပိုးရေးကို အားမသန်ခဲ့ပေ။ ယခုအခါတွင် ထို.ထက်ပို၍ လုပ်ပေးရန် လိုအပ်လာသည်။ ထို.ကြောင့် လုပ်ငန်းကြီးအတွက် ပြည်နယ်က ရက် ရက်ရောရော ထောက်ပံ့မှုပေးရန် တောင်းဆိုလိုက်သည်။ ကိုယ်စားလှယ်များ ညီလာခံက အီလီနွိုင်းနှင့် မစ်ရှီဂန် တူးမြောင်းဝန်ခံ စာချုပ်များအတွက် ဒေါ်လာ ၅၀၀,၀၀၀ ချေးငှားရေးကို ခွင့်ပြုခဲ့သည်။ မဲခွဲရာတွင် ၂၈ မဲ၊ ၂၇ မဲဖြင့် ကပ်နိုင်ခဲ့သည်။ လင်းကင်းက စီမံချက်ကို ထောက်ခံမဲပေးခဲ့သည်။

ထိုအဆုံးအဖြတ်သည် ပြည်တွင်းပိုင်းများ တိုးတက်ရေး အတွက် လင်းကင်း၏ ခံယူချက်အနေအထားကို မြွင့်တင်ပေးခဲ့သည်။ လင်းကင်းသည် မြစ်အတွင်းသွားလာမှု တိုးတက်ရေး၊ တူးမြောင်း၊ ကားလမ်းနှင့် ရထားလမ်းများ ဖောက်လုပ်ရေးတို့.အတွက် အစဉ်တစိုက် ထောက်ခံခဲ့သူဖြစ်သည်။ ဒေသအသိုင်းအဝိုင်း၏ စီးပွားရေးနှင့် ဆက်သွယ်မှု ကောင်းမွန်ပြီး သာယာဝပြောမှုအတွက် အမြော်အမြင်ရှိခဲ့ပုံဖြစ်သည်။ ပြည်နယ်များတွင် မြေများ ရောင်းချမှုမှ ရရှိခဲ့သော ငွေများထဲမှ တူးမြောင်းများ၊ ရထားလမ်းများ ဖောက်လုပ်ရန် ပြည်ထောင်စုအစိုးရက ပြည်နယ်များသို့ ခွဲဝေပေးလိမ့်မည်ဟု လင်းကင်းသည် တစ်ချိန်က မျှော်လင့်ချက်ထားခဲ့မိသည်။ ငွေမချေးငှားရဘဲ၊ အတိုးမပေးရဘဲ ဆောင်ရွက်နိုင်ရန်ဖြစ်သည်။" ထိုသို့.ဖြစ်မလာ ခဲ့ရာ တိုးတက်မှုများရအောင် တစ်သီးပုဂ္ဂလ အရင်းအနှီးပေါ်တွင်သာ အားကိုးရတော့မည်ဟု လင်းကင်းတွေးခဲ့သည်။ ယခုမူ အီလီနွိုင်းပြည်နယ်သည် အခြားပြည်နယ်များ၏နောက်တွင် မကျန်ရစ်စေရန်အတွက်

ပြည်နယ်အစိုးရ၏ ငွေဖြင့် လုပ်ဆောင်ရမည်ဟု ယုံကြည် လာသည်။

ဤအပြောင်းအလဲကြီး သုံးရပ်သည် ၁၈၃၆ ခုနှစ် အစည်းအဝေးမတိုင်မီ ထူးခြားထင်ရှားလာမည် မဟုတ်သေး။ ထိုအတွင်း၌ လင်းကင်းသည် ရွေးကောက်ပွဲ ထပ်၍ဝင်ရဦးမည်။ လင်းကင်းက မိမိပြန်လည် အရွေးခံမည်ဟု ဇွန်လတွင် ကြေညာခဲ့သည်။ လင်းကင်းသည် ထိုအချိန်က အင်္ဂြိုင်းပွားနေသော မဲဆန္ဒပေးခွင့်ကိစ္စအပေါ်တွင် သူ၏သဘောထားကို ရှင်းလင်းတင်ပြခဲ့သည်။ အီလီနွိုင်းပြည်နယ်တွင် ခြောက်လကြာ နေထိုင်ခဲ့သော မျက်နှာဖြူအားလုံးကို မဲပေးခွင့် ပြုထားခဲ့သည်။ နိုင်ငံခြားမှ ရွှေ့ပြောင်းလာရောက် နေထိုင်ကြသူများအား နိုင်ငံသားဖြစ်မှသာ မဲပေးခွင့်ပြုသည်။ အများစုမှာ အီလီနွိုင်းနှင့် မိရှီဂန်တူးမြောင်းရှိ အိုင်ယာလန်ဖွားအလုပ်သမားများ ဖြစ်ကြသည်။ ဒီမိုကရက်များက သူတို့.ကို မဲပေးခွင့်ပြုလိုသည်။ ဝှစ်အများစုတို့.က ခွင့်မပြုလိုကြ။ ဝှစ်တို့.က မြေယာပစ္စည်းဥစ္စာဆိုင်မှ ရှိမှသာလျှင် မဲပေးခွင့် ပြုသင့်သည်ဟု ယုံကြည်ခဲ့ကြသည်။ လင်းကင်းကလည်း အစိုးရ၏တာဝန်များကို ကျည်ထမ်းဆောင်သောသူများသည် အစိုးရကပေးသော အခွင့်အရေးများကို သာတူညီမျှခံစားထိုက်သည်ဟု ယူဆခဲ့သည်။ လင်းကင်းက အစိုးရအမြတ်ခွန်ဆောင်သောသူနှင့် လက်နက်ကိုင် စစ်မှုထမ်းသူ မျက်နှာဖြူများကို မဲပေးခွင့်ပြုရာတွင် အမျိုးသမီးများကို ချန်လှပ်ထားခဲ့၍မဖြစ်ဟု နဂေတိမ်တောင်ဖြစ်သွားအောင် ပြောဆိုခဲ့သည်။ ဤကဲ့သို့ဆိုလျှင် လင်းကင်းသည် အမျိုးသမီးများ မဲဆန္ဒပေးခွင့် ရရေးအတွက် ဆွေးနွေးလမ်းပြ ပြောဆိုခဲ့ခြင်း မဟုတ်ဘဲ ပြောင်ချော်ချော် ထေ့ခဲ့ခြင်းသာဖြစ်သည်။ ထိုအချိန်က အီလီနွိုင်း ပြည်နယ်ဥပဒေအရ အမျိုးသမီးများသည် အမြတ်ခွန်လည်း မပေးရ၊ စစ်မှုလည်း မထမ်းရသူများ ဖြစ်သောကြောင့်တည်း။ ပစ္စည်း ပိုင်ဆိုင်သော အမျိုးသမီးများအတွက် အမြတ်ခွန်ကြေးကို ခင်ပွန်းသည်များ ကဖြစ်စေ၊ အုပ်ထိန်းသူများကဖြစ်စေ ပေးဆောင်ရသည်။ လင်းကင်းသည် အခြားသော အီလီနွိုင်း နိုင်ငံရေးသမားအားလုံး

www.burmeseclassic.com

လိုလိုနည်းတူ ကြေညာချက်တွင် အာဖရိကအနွယ် အမေရိကန်လူမည်းများ မဲဆန္ဒပေးခွင့်ကို ထည့်သွင်း မစဉ်းစားခဲ့ကြချေ။

ရွေးကောက်ပွဲအတွက် မဲဆွယ်တရားပွဲများမှာ မသက်သာလှ။ ပင်ပန်းလှသည်။ လင်းကင်းနှင့် ကိုယ်စားလှယ်လောင်း ၁၆ ဦး တို့သည် မြင်းဖြင့် တစ်ရွာဝင်တစ်ရွာထွက် သွားခဲ့ကြရသည်။ ရွာငယ်လေးများအထိ ဆင်းပြီး မဲဆွယ်တရားဟောကြရသည်။ နံနက်ခင်းမှ မွန်းလွဲပိုင်းအထိ ကြာတတ်သည်။ ပါတီနိုင်ငံရေးက ထင်ထင်ရှားရှား ဝင်လာသည်။ သူတို့သည် ဒေသကိစ္စများမှ အမျိုးသားရေး ကိစ္စများအထိ မိမိတို့အမြင်များကို ရှင်းပြကြသည်။ တစ်ခါတစ်ရံတွင် ပြင်းထန်သော ပေါက်ကွဲမှုများ ဖြစ်ခဲ့သည်။ ဂွေရှင်ကြေးရှင် ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း တစ်ဦး၏ သားဖြစ်သူ နီနီယန် အက်ဒွပ်စ်[12] ဆိုသူအား ပြိုင်ဘက်တစ်ဦးက ဓစ်ကားမော်ကား ပြောခဲ့ရာ နီနီယန်သည် ခြောက်လုံးပြူးကို ဆွဲထုတ်သည်အထိဖြစ်ခဲ့သည်။ ပုံမှန်အားဖြင့် နူးညံ့သိမ်မွေ့သော လင်းကင်းပင် ဒေါသအိုး ပေါက်ကွဲခဲ့သည်။ အမှန်ကိုပြောမည်ဆိုသော ဆောင်းပါးတစ်ပုဒ်၌ လင်းကင်းသည် အစိုးရကြွေးကိုပေးရန် ငြင်းဆန်ခဲ့သည်ဟု မှားယွင်းစွာ စွပ်စွဲခဲ့သည်။ လင်းကင်းက ဆောင်းပါးရှင်အား လူလိမ်၊ လူမိုက်ဟု ချေပခဲ့ပြီး အစိုးရကြွေးရှိခဲ့လျှင် သူ၏နာခေါင်းထဲမှ ထုတ်ပေးရန် အသင့်ရှိသည်ဟု ကတိပြုပြောဆိုခဲ့သည်။ များသောအားဖြင့် လင်းကင်းသည် ခပ်ညက်ညက် ဝေဖန်ထောက်ပြသည်ကများသည်။ စပရင်းဖီးလ် တရားပွဲတွင် ပိုက်ဆံရှိ ပြိုင်ဘက် ရှေ့နေတစ်ဦးနှင့် ထိပ်တိုက်တွေ့ခဲ့ရသည်။ ရှေ့နေ ကျော့ချ် ဖော်ကားက လင်းကင်းအား ညွှန်ပြီး "သူ့ကိုယ်သူ ဟုတ်လှပြီထင်တဲ့ ဒီလူငယ်လေးကို ဖြုတ်ချဖို့ အချိန်ကျပြီ" ဟု ငေါ့တော့တော့ ပြောခဲ့သည်။ ဖော်ကားမှာ မကြာမီကမှ ဒီမိုကရက်ပါတီသို့ ကူးပြောင်းကာ အကျိုးအမြတ် ရှာဖွေခဲ့သူဖြစ်သည်။ သူ့အိမ်ရှေ့တွင် မိုးကြိုးလွှဲတိုင်တစ်တိုင် စိုက်ခဲ့ရာ လင်းကင်းက သူ့တစ်သက်တွင် အထူးဆန်းဆုံးတစ်ခုလို မြင်ခဲ့မိပုံကို မှတ်မိနေသည်။ လင်းကင်းက

စောင့် နေပြီး သူ့အလှည့်တွင် သာသာနှင့်နာနာ ပြန်တွယ်ခဲ့လေတော့သည်။

"လူကြီးမင်းက၊ ဒီကောင်လေးကို ဖြုတ်ချရမယ်လို့ ပြောသွားပါတယ်။ ကျွန်တော်ဟာ အသက်အားဖြင့် မငယ်တော့သလို နိုင်ငံရေးသမားအဘွားရဿကို နားလည်တဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ ကျွန်တော်ဟာ လူကြီးမင်းလို နိုင်ငံရေးပါတီပြောင်းပြီး တစ်နှစ်က လစာငွေ ဒေါ်လာ ၃,၀၀၀ ကို ဖိမ်နဲ့ယှဉ်မယ့်အစား ဘုရားသွန်ခင်ကို စော်ကားမိတဲ့ ကိုယ့်လိပ်ပြာကိုယ်လုံအောင် အိမ်ရှေ့မှာ မိုးကြိုးလွှဲတိုင်စိုက်မယ့်အစား ကျွန်တော့်ကိုယ်ကျွန်တော် အသေခံမှာဖြစ်ပါတယ်" ဟု လင်းကင်းက ပြန်ဆော်ခဲ့လေသည်။

သြဂုတ်လ ၁ ရက်နေ့တွင် ရွေးကောက်ပွဲ အရှုံးအနိုင်၌ လင်းကင်းသည် အားလုံးထက်သာပြီး မဲအများဆုံး ရရှိခဲ့လေသည်။ လင်းကင်းသည် နယူးစေလဲမ်မှ ဝှစ်တို့ ပြင်းထန်သော ထောက်ခံမဲကို ဆက်လက်ရရှိခဲ့သည်။ သို့သော်လည်း တောပိုင်းပိုကျသော ကလယ်ရီ ဂရို့မ်မှာ ဒီမိုကရက်များ ဖြစ်ကြသည်။ သူနှင့် အလွန်ခင်မင်သော မိတ်ဆွေ ဂျက်ခ် အမ်းစထရောင်းသည် လင်းကင်းကို မဲမပေးခဲ့ပေ။ လင်းကင်းသည် ယခင်က သစ္စာအရှိဆုံးသော မိတ်ဆွေအချို့၏စိတ်တွင် လင်းကင်းသည် ဇာတိမြေ နယူးစေလဲမ်နှင့် ထေးကွာသွားပြီး နယူးစေလဲမ်ထက် စပရင်းဖီးလ်ဖက်သို့ ပို၍ ပါသွားပြီဟု ထင်ခဲ့ကြသည်။

(၇)

၁၈၃၆–၁၈၃၇ ခုနှစ် ဥပဒေပြု ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်ခဲ့သော ဆန်ဂါမွန်းဒေသမှ ကိုယ်စားလှယ်အဖွဲ့သည် အရှည်ကြိုးကိုးယောက်[13] ဟု လူသိများခဲ့သည်။ ဆီးနိတ်အမတ်နှစ်ဦးနှင့်

www.burmeseclassic.com

ဥပဒေကိုယ်စားလှယ် ကိုဦးတို့သည် အရပ်ခြောက်ပေကျော် မြင့်ခဲ့ကြသောကြောင့်ဖြစ်သည်။ ထိုခေတ်က အရပ် ခြောက်ပေကျော်သူ အလွန်ရှားခဲ့သည်။ လင်းကင်းနှင့် အချို့မှာ လူ့ထွား ကြီးများဖြစ်ကြသည်။ သူတို့ကိုးယောက်၏ အရပ်များကို ပေါင်းလိုက် လျှင် ၅၄ ပေ ရှည်လျားသည်ဟူ၏။ သို့သော်လည်း သူတို့တွင် အရပ်အမောင်းထက် ပို၍ ထင်ရှားသော အချက်နှစ်ချက်လည်း ရှိခဲ့ သည်။ အချက်နှစ်ချက်ကိုလည်း စိတ်ရောကိုယ်ပါ ထောက်ခံခဲ့ကြသည်။ ပထမရည်မှန်းချက်မှာ စပရင်းဖီးလ်မြို့ကို တိုးတက်မြှင့်တင်စေရေးဖြစ်သည်။ ဒုတိယအချက်မှာ အတွင်းပိုင်းကျသော ဒေသများ တိုးတက်ရေးအတွက် ပြည်နယ်မှာ အထောက်အကူပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ လင်းကင်းသည် ဒုတိယ အသက်အငယ်ဆုံးဖြစ်သည်။ သို့သော်လည်း ဆန်ဂါမွန်းကိုယ်စားလှယ်အဖွဲ့က ထိုအချိန်တွင် အတွေ့အကြုံလည်း ရှိပြီဖြစ်သော လင်းကင်းကို သူတို့၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် အားထားခဲ့ကြသည်။

ဆန်ဂါမွန်းခရိုင်မှ ကိုယ်စားလှယ်အဖွဲ့သည် ဆန်ဂါမွန်းခရိုင် ညီလာခံမှ ဆုံးဖြတ်ချက်တစ်ရပ်ကို ယူဆောင်လာကြသည်။ ပြည်တွင်းပိုင်း ဒေသတိုးတက်ရေးအတွက် ဆောင်ရွက်ပေးစေရေးကို တောင်းဆိုရန်ဖြစ်သည်။ ဗန်ဒါလီယာ၌ ကျင်းပသော ပြည်နယ်လုံး ဆိုင်ရာ အစည်းအဝေး၌ ထိုအချက်ကို ထပ်မံ လှုံ့ဆော်ခဲ့ကြသည်။ ပြည်တွင်းပိုင်း တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်နယ်က ငွေစုလက်မှတ်များ၊ ဒေါ်လာ ၁၀ သန်း ထုတ်ပေးရန် အပြည့်အစုံ စီမံချက်တစ်ခုကို တင်ပြတောင်းဆိုခဲ့ကြသည်။

ကိုယ်စားလှယ်များလွှတ်တော်တွင် ကိုယ်စားလှယ်သစ် စတိဖင် အေ ဒပ်ဂလပ်စ်က ဦးဆောင်ဆွေးနွေးခဲ့သည်။ ဒပ်ဂလပ်စ်မှာ ဂျက် ဆင်ဗီးလ်ရှိ မော်ဂွင်ခရိုင်မှ အရွေးချယ်ခံခဲ့ရသော ကိုယ်စားလှယ်သစ်ဖြစ်သော်လည်း ချက်ချင်းပင် ဒီမိုကရက်တို့၏ ခေါင်းဆောင်ဖြစ်လာသည်။

ဒပ်ဂလပ်စ်သည် အရပ် ၅ ပေ ၄ လက်မသာမြင့်သည်။ အသက် ၂၃ နှစ်သာ ရှိသေးသည်။ သို့သော်လည်း အသံမှာ လေးနက်သည်။ အသံသြဇာကောင်းသူဖြစ်သည်။ ဥပဒေနိုင်ငံရေးကိုလည်း ကျွမ်းသူဖြစ်သည်။ ပြည်နယ်စီးပွားရေး တိုးတက်မှုကို အမြန်ဆောင်ရွက်ပေးနိုင်မည့် ဥပဒေများ ပြဋ္ဌာန်းပေး စေရေးအတွက် စိတ်အားထက်သန်သူဖြစ်သည်။ ဒပ်ဂလပ်စ်သည် စီမံချက်တစ်ခုကို အဆောတလျင် တင်ပြလိုက်သည်။ အီလီနွိုင်းပြည်နယ်ကို တောင်နှင့်မြောက် တိုးလျှိုပေါက် မီးရထားလမ်း တစ်ခုကို ပြည်နယ်၏ အစီအစဉ်ဖြင့် ဖောက်လုပ်ပြီး အရှေ့နှင့်အနောက်သွား အဓိက ရထားလမ်းနှစ်ခုနှင့်လည်း ဆက်သွယ်ပေးရေး စီမံချက်ဖြစ်သည်။ ရထားလမ်းဖောက်လုပ်ရေးနှင့်အတူ အီလီနွိုင်းနှင့် မီရိုဂန်တူးမြောင်းကို လျင်မြန်စွာ တည်ဆောက်ရေးလည်း ပါဝင်သည်။

၄နှစ်တို့က ဒပ်ဂလပ်စ်၏ ဦးဆောင်တင်ပြချက်ကို ကြိုဆိုခဲ့ကြသည်။ ပြည်တွင်းပိုင်း တိုးတက်ရေးကိစ္စမှာ အရပ်တစ်ခုအတွက်လည်း မဟုတ်။ ပါတီအကျိုးအတွက်လည်း မဟုတ်သောကြောင့်ဖြစ်သည်။ ကိုယ်စားလှယ်များက ထိုစီမံချက်ကို လွှတ်တော်တွင် တင်သွင်းရာ၌ အဓိက မီးရထားလမ်းများ မရှိသော အခြားခရိုင်များ၏ ထောက်ခံချက် သေချာပေါက် ရရှိရေးအတွက် လိုအပ်သော ဖြည့်စွက်မှုများ ထပ်ဖြည့်ပေးခဲ့သည်။ လွှတ်တော်က မဟိမီးရထားလမ်းတစ်ခု၊ အရှေ့နှင့်အနောက် မီးရထားလမ်းတစ်ခုနှင့် လမ်းခွခြောက်ခု ဖောက်လုပ်ရန် ဒေါ်လာ ၁၀ သန်း ချေးငှားရန် သဘောတူခဲ့သည်။ ရေကြောင်းသွားလာမှု တိုးတက်ရေးအတွက် ဒေါ်လာ ၄၀၀,၀၀၀ ခွင့်ပြုခဲ့သည်။ ရေကြောင်းလမ်းနှင့် ရထားလမ်း အဆက်အသွယ်မရှိသော ခရိုင်များအတွက်လည်း ဒေါ်လာ ၂၀၀,၀၀၀ စီ ထောက်ပံ့ရန် သဘောတူခဲ့သည်။ ဤဥပဒေကြမ်းသည် လူတိုင်းအတွက် အနည်းနှင့် အများ အကျိုးပြုစေမည်ဖြစ်သည်။

လင်းကင်းနှင့် အခြားအရှည်ကြီးများက ဤအစီအစဉ်ကို ထောက်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ခဲ့ကြသည်။ လင်းကင်းသည် ဥပဒေကြမ်း ပြုစုရေးကော်မတီ အဖွဲ့ဝင် တစ်ဦး မဟုတ်ခဲ့။ သို့သော်လည်း ဥပဒေ ရေးဆွဲအကောင်အထည်ဖော် ရေးတွင် မကြာခဏ ပါဝင်ခဲ့သည်။ ဥပဒေကြမ်း ဖြည့်စွက်ရေးနှင့် အတည် ပြုရေး အစည်းအဝေးတိုင်းတွင် လင်းကင်းနှင့် အရှည်ကြီးများ တက်ရောက် ထောက်ခံခဲ့ကြသည်။ ကိုယ်စားလှယ် အများစုကလည်း ထောက်ခံခဲ့ ကြသည်။ ဥပဒေကြမ်းသည် ပြည်နယ် တစ်ခုလုံး၏ စီးပွားရေး တိုးတက် မှုအတွက် သူတို့၏ ရည်မှန်းချက် ကြီးမားသလောက် လက်တွေ့ကျသော စီမံကိန်းဖြစ်သည်။ အပြိုင် စီမံကိန်းလည်းဖြစ်သည်။ မက်ဆာချူးဆက် ပြည်နယ်တွင် ၁၄၈ မိုင် ရှည်လျားသော ရထားလမ်းရှိနေပြီ။ ပဲန်ဆယ်လ် ဗေးနီးယားပြည်နယ်တွင် ၂၁၈ မိုင် ရှည်သော ရထားလမ်းနှင့် ၉၁၄ မိုင်ရှည်သော တူးမြောင်းများ ရှိနေပြီဖြစ်သည်။ ဝေါရှင်တင် မွေးမွား ခဲ့ခြင်းသည် အမေရိကန်ပြည်ထောင်စုအား အကျိုးပြုသကဲ့သို့ ဤစီမံချက် ဥပဒေသည် အီလီနွိုင်းပြည်နယ်တစ်ခုလုံး၏ သာယာဝပြောမှုနှင့် အနာဂတ် ထွန်းကားမှုသို့ ရှေးရှုပေလိမ့်မည်ဟု အယ်လ်တင် တယ်လီဂရပ်ဖ် သတင်း စာကြီး၏ ရေးသားချက်ကို အားလုံးလိုလိုက သဘောတူခဲ့ကြသည်။

သို့သော်လည်း ၁၈၃၇ ခုနှစ်တွင် အခြေအနေမကောင်းဘဲ အထိတ်တလန့် ဖြစ်ခဲ့ရသည်။ ပြည်တွင်းပိုင်း တိုးတက်ရေးအတွက် ကြီးမား သော မျှော်လင့်ချက်များကို အကြီးအကျယ် ထိခိုက်စေခဲ့သည်။ ဆောက်လုပ် မှုများ အနည်းငယ်သာ ပြီးစီးခဲ့သည်။ ပြည်နယ်အတွင်း၌ ဖောက်မပြီး သေးသော လမ်းများနှင့် တူးလက်စ တူးမြောင်းများဖြင့် ဗလပွကြဲနေသည်။ စီမံချက်ကြီးကို ထောက်ပံ့ရန် ကတိကဝတ်ပြုထားသော ပြည်နယ်၏ ဘဏ္ဍာရေးအခြေအနေက ဆိုးဝါးသွားသည်။ ဒေါ်လာငွေကြေးနှုန်းက ၁၅ ရာခိုင်နှုန်း ကျသွားသည်။ နှစ်စဉ် အတိုးနှုန်းက ပြည်နယ်၏ ဝင်ငွေထက် ရှစ်ဆကျော်သွားသည်။ စီမံကိန်းအတွက် ဘယ်သူတရားခံလဲ။ တရားခံရှာဖို့ ဖြစ်လာသည်။ လင်းကင်းကို ဆွဲထည့်လာသည်။ ဒုက္ခရောက်မည့် စီမံချက်ကို

ဥာဏ်တစ်ထွာ တစ်မိုက်လောက်ဖြင့် ရေးဆွဲခြင်းသာဖြစ်သည်။ လင်းကင်း၏ အခန်း ကဏ္ဍကို မေးခွန်းထုတ်လာကြသည်။

ထိုဝေဖန်ချက်သည် လွဲမှားပုံချခဲ့ခြင်းသာဖြစ်သည်။ ပြည် တွင်း ခိုင်းဒေသများ တိုးတက်ရေး အစီအစဉ်ကို ထောက်ခံခဲ့ခြင်းမှာ မိုက်မဲမှု တတ်ခဲ့။ တာဝန်လည်း မရှိ။ ကြီးပွားတိုးတက်မှုသာဆက်၍ ဖြစ်ပေါ်ခဲ့ သော် အယ်ရီတူးမြောင်း ဆောက်လုပ်မှုသည် နယူးယောက်ဒေသအား တိုး တက်စေခဲ့သကဲ့သို့ အီလီနွိုင်းပြည်နယ်ကို အကျိုးပြုခဲ့မည်သာဖြစ်၏။ ဥပဒေပြဌာန်းလုပ်ဆောင်မှုအတွက် လင်းကင်းအပေါ်တွင် အပြစ်ပုံချ၍ ရသည်း မရ။ လင်းကင်းသည် ဥပဒေကို လိုလားသူ၊ ထောက်ခံသူတစ်ဦးသာ ဖြစ်ခဲ့သည်။ သူသည် ဥပဒေကြမ်း အကောင်အထည်ဖော်မှုအတွက် နောက် ဆုယ်မှ အဓိက လှုပ်ရှားခဲ့သူ မဟုတ်ပါ။ ဥပဒေအတွက် အရေးပါခဲ့သူမှာ ဆီဝင် အေ ဒပ်ဂလပ်စ်သာ ဖြစ်ခဲ့ပေသည်။

နောက်ပိုင်းတွင် ဝေဖန်ရေးသမားများက လင်းကင်းနှင့် အရှည် ကြီးကိုဦး အဖွဲ့ဝင်များတင်ပြသည့် ပြည်တွင်းပိုင်းဒေသ တိုးတက်ရေး စီမံ ကိန်းကို ဆန့်ကျင်ခဲ့ကြသည်။ ပြည်နယ်မြို့တော်ကို စပရင်းဖီးလ်သို့ ရွှေ့ပြောင်းရေး အခြေခံအာမခံချက်ရရှိအောင် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုကြခဲ့ကြသည်။ စပရင်းဖီးလ်မှ ကိုယ်စားလှယ်အဖွဲ့သည် သူတို့ ဂုဏ်ထူး အတွက် မဲရရှိစေရန် ပြည်တွင်းပိုင်း တိုးတက်ရေး လိုလားသူများ၏ ထောက် ခံမှုရရန် ကောင်းစားခဲ့ကြသည်ဟု နောက်တစ်ကြိမ် ကိုယ်စားလှယ်များ အစည်းအဝေး၌ ဗိုလ်ချုပ်ကြီး အောင်က စွပ်စွဲခဲ့သည်။ သို့သော်လည်း လင်းကင်းနှင့် အရှည်ကြီး ကိုးဦးအဖွဲ့ဝင်သည် ပြည်တွင်းပိုင်းဒေသ တိုး တက်ရေးဥပဒေအတွက် နိုင်ငံရေးကစားမှုများ ပြုလုပ်ခဲ့ကြောင်း မှတ်တမ်း အထွေ့ရှိခဲ့ရပေ။ ထိုစဉ်က နိုင်ငံရေးအပေးအယူလုပ်မှုနှင့် လာဘ်ပေးလာဘ် ယူမှုဆိုလည်း မရှိခဲ့သေးပေ။

ပြည်နယ်မြို့တော်ကို စပရင်းဖီးလ်သို့ ရွှေ့ပြောင်းရေးသည်

www.burmeseclassic.com

အရှည်ကြီးကိုးဦး၏ အခြေခံရည်မှန်းချက်ဖြစ်ကြောင်းကား ကေန်မုရ
မှန်ကန်ခဲ့သည်။ ဗန်ဒါလီယာအား ပြည်နယ်မြို့တော်အဖြစ် ရွေးချယ်ခဲ့ခြင်း
မှာ မှားယွင်းသည်ဟု လူအများက ယူဆခဲ့ကြသည်။ ဗန်ဒါလီယာသည်
သေးငယ်လွန်းသည်။ လမ်းပန်းဆက်သွယ်မှုက မကောင်း။ လျင်မြန်စွာ
ထွန်းကားလာသော ပြည်နယ် အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့မှ အလွန်
ဝေးလံသော တောင်ပိုင်းဘက်တွင် ရှိနေသည်။ စပရင်းဖီးလ်နှင့်အပြိုင်
မြို့များလည်း ရှိနေခဲ့သည်။ အယ်လ်တင်၊ ဂျက်ဆင်ဖီးလ်၊ ပီအောရိုးယားနှင့်
အခြားမြို့များကလည်း ပြည်နယ်မြို့တော်ဖြစ်လာလျှင် မြေဈေးများ
တက်လာမည်။ အဆောက်အဦသစ်များ ဖြစ်ပေါ်လာမည်။ အလုပ်များ
လည်း ပေါပေါက်လာမည်ဟု နားလည်ခဲ့ကြသည်။

စပရင်းဖီးလ်ကို မြို့တော်အဖြစ် ရွေးချယ်ခြင်းကို ကန်
ကွက်သူများကလည်း အစည်းအဝေးတွင် ဆန်ဂါမွန်းကိုယ်စား လှယ်အဖွဲ့၏
ဩဇာသက်ရောက်မှုကို လျော့ကျအောင် ကြိုးစားခဲ့ကြသည်။ ကိုးလံခရိုင်၏
ကိုယ်စားလှယ် အပ်ရှား လင်းဒါးက ခေါင်းဆောင်ဖြစ်သည်။ သူတို့က
ဆန်ဂါမွန်းခရိုင် အနောက်တောင်ပိုင်းကို ခွဲစိတ်ပြီး မာတင် ဗဲန် ဘျူရင်၏
အမည်ပေးရန်လှုပ်ရှားမှုသည် လင်းကင်းနှင့် အဖွဲ့ဝင်များကို ဒုက္ခပေး
သည်။ ထိုအစီအစဉ် ဖြစ်မြောက်ခဲ့သော် ဆန်ဂါမွန်းခရိုင်မှ ကိုယ်စားလှယ်
ဦးရေ လျော့နည်းသွားမည်ဖြစ်သည်။ စပရင်းဖီးလ်မြို့တော် ဖြစ်လာရေး
အခွင့်အလမ်းကို ပျက်စီးသွားစေနိုင်မည်ဖြစ်သည်။ လင်းကင်းနှင့် အဖွဲ့၏
ခရိုင်သစ် ထူထောင်ရေးအတွက် မော်ဂင်ခရိုင်နှင့် ဆန်ဂါမွန်းခရိုင်တို့မှ
ဖဲ့ထုတ်ယူစေရန် အကြံပေးတဲ့ပြန်လိုက်ကြသည်။ ထိုအဆိုကို မော်ဂင်ခရိုင်
အတွင်းရှိ ဂျက်ဆင်ဖီးလ် ကိုယ်စားလှယ်များက ကန့်ကွက်လိမ့်မည်တဲ့
သူတို့ သိထားကြသည်။ လင်းဒါး၏ အဆိုကို လင်းကင်း ဥက္ကဋ္ဌဖြစ်သော
ကော်မတီက စဉ်းစားပေးခဲ့ရသည်။ လင်းကင်းက ကန့်ကွက်စေကာမူ အဆို
သည် လွှတ်တော်၌အောင်မြင်သွားခဲ့သည်။ သို့သော်လည်း အမေရိကန်

ဆိုးနိုတ်လွှတ်တော်တွင် အရေးနိမ့်သွားခဲ့သည်။ လင်းကင်း မျှော်လင့်ထား
သည့်အတိုင်း အတိအကျ ဖြစ်ခဲ့လေသည်။

ပို၍ အရေးကြီးသောအချက်တစ်ခု ကျန်သေး၏။ လင်းဒါးက
စပရင်းဖီးလ်ရှိ အီလီနွိုင်းပြည်နယ်ဘဏ်ကို စစ်ဆေးရေးဝင်ရန် ခြိမ်းခြောက်
မှုဖြစ်သည်။ အစီအစဉ် ဖြစ်မြောက်ခဲ့လျှင် ပြည်နယ်ဘဏ်သည် အလုပ်
အကိုင် ရပ်သွားနိုင်စရာရှိသည်။ တစ်ချိန်တည်းမှာပင် စပရင်းဖီးလ်အား
ပြည်နယ်မြို့တော်ဖြစ်လာရေး အခွင့်အရေးကိုလည်း အထိနာသွားစေမည်
ဖြစ်သည်။ လင်းဒါးသည် ဒီမိုကရက်တို့၏ ဘဏ်အားလုံးကို မုန်းတည်း
သောစိတ်ရှိသည်။ စပရင်းဖီးလ် မြို့တော်ရွေ့ပြောင်းရေးကိုလည်း ဆန့်
ကျင်သည်။ ကဲအားလျော့စွာပင် ဘဏ်၏မိတ်ဆွေဖောက်သည်များက
စပရင်းဖီးလ်မှ လင်းကင်းထံ ပြေးလာကြသည်။ လင်းဒါး၏ အဆိုပြုချက်ကို
အနိုင်ရရှိစေနိုင်မည့် အချက်အလက်နှင့် စိတ်ကူးများကို လင်းကင်းအား
ပြောပြခဲ့ကြသည်။

လင်းကင်းသည် အချက်အလက် လက်နက်များ ရရှိခဲ့လေပြီ။
၁၈၃၇ ခုနှစ်၊ ဧန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပသော ပြည်နယ်
ကိုယ်စားလှယ်များ အစည်းအဝေးတွင် လင်းကင်း ပထမဆုံး မိန့်ခွန်းပြော်ပြီး
တင်ပြလေတော့သည်။ လင်းကင်းပြောဆိုခဲ့ပုံမှာ အကောင်းကြီး မဟုတ်လှ။
ဘချော်ကချတ်နိုင့်ပြီး စုစည်းတင်ပြပုံ ညံ့ခဲ့သည်။ လင်းဒါး၏ မာနကြီးပြီး
လေလုံးထွားမှုကို တစ်စိတ်တစ်ဒေသ တိုက်ခိုက်မှုများ ပါဝင်ခဲ့သည်။
လင်းကင်းက ဆက်လက်၍ ဘဏ်ကိုစစ်ဆေးရန် တောင်းဆိုချက်မှာ နိုင်ငံ
ရေးသမားများသာ စိတ်ဝင်စားသော အလုပ်ဖြစ်သည်။ နိုင်ငံရေးသမားအများ
စုမှာ စိတ်ဝင်စားသည့်အလုပ်ဖြစ်သည်။ နိုင်ငံရေးသမားအများစုမှာ ပြည်သူ
လူထု၏ အကျိုးစီးပွားထက် မိမိတို့၏ အကျိုးစီးပွားကို ကြည့်သူများ
ဖြစ်သည်။ ရိုးသားသော သူများနှင့်မတူဘဲ ခြေတစ်လှမ်း ပို့မှုဖြစ် သည်ဟု
ချေပလိုက်သည်။ လင်းကင်းက သူ၏ စူးရှသော မှတ်တမ်းများကို ပြန်ပြီး

www.burmeseclassic.com

ဖြေရန် ပြောဆိုခဲ့ရာ၌ "ကျွန်တော်သည် နိုင်ငံရေးသမားတစ်ဦး ဖြစ်ခြင်းကြောင့် ဤကဲ့သို့ ပိုမိုလွတ်လပ်စွာ ပြောဆိုခဲ့ခြင်းဖြစ်သည်။ လူတစ်ဦး အပေါ်တွင် ကိုယ်ရေးကိုယ်တာ ပုဂ္ဂိုလ်ရေးရာအရ ပြောဆိုခဲ့ခြင်းဖြစ်သည်ဟု မည်သူမျှ မထင်မှတ်စေလိုပါ" ဟု ရှင်းလင်းပြခဲ့သည်။

လင်းကင်းသည် ဘဏ်နှင့်ပတ်သက်သော စီးပွားရေး ပြဿနာများကို ဆွေးနွေးရန် မကျွမ်းကျင်ပေ။ ထို့ကြောင့် နူတ်မူပညာ ကြွယ်ဝစွာဖြင့်သာ ပြောဆိုခဲ့သည်။ ဘဏ်ကိုစစ်ဆေးရန်ဆိုသည်မှာ ပြည်နယ်တွင် ကြောက်မက်ဖွယ်ရာကောင်းအောင် ကမူးရှူးထိုး ကျယ်ပြန့်ဖြစ်ပေါ်နေသည့် ဥပဒေမဲ့မှုနှင့် လူအုပ်အားကိုးဖြင့် လုပ်ဆောင်လိုစိတ်ကို အားပေးရာရောက်သည်။ အဖွဲ့.အစည်းအားလုံးကို ချိုးဖျက်ရန်ဖြစ်သည်။ ယခုအချိန်တွင် လူအများ ယုံကြည်ကိုးစားလျက်ရှိသော ကိုယ်ကျင့်တရားကို ချိုးဖောက်ရန်ဖြစ်သည်ဟု လင်းကင်းက ချေပခဲ့ပါသည်။

လင်းကင်း၏ ပြောဆိုမှုများသည် ခြောက်ပစ်ကင်း သဲလဲစင်အကောင်းကြီး မဟုတ်ခဲ့လှ။ သို့သော်လည်း သူ၏ မိန့်ခွန်းက ဥပဒေကိုယ်စားလှယ်အဖွဲ့တွင် သူ၏ အနေအထားနှင့် ပြည်သူ့ သတင်းစာများတွင် အရေးပါလာမှုကို အထောက်အကူပြုခဲ့သည်။ သူ၏ မိန့်ခွန်းကို လွတ်လပ်သော *ဗန်ဒါလီယာဖရီးပရက်စ်* သတင်းစာတွင် အပြည့်အစုံ ပါခဲ့သည်။ စပရင်းဖီးလ်ထုတ် *ဆန်ဂါမိုးကျွာနယ်* ကလည်း ပုံနှိပ်ဖော်ပြပြီး ခေါင်းကြီးမှလည်း ဝေဖန်ရေးသားခဲ့သည်။ "ကျွန်ုပ်တို့၏ မိတ်ဆွေသည် ကဲ့တပ်ကီးလုပ် သေနတ်ကို ကိုင်ဆောင်လာသည်။ သူပစ်ထည့်လိုက်လျှင်လည်း ပစ်မှတ်ကို လွဲခဲ့လှသည်" ဟု ခေါင်းကြီးပိုင်းတွင် ရေးသားဖော်ပြခဲ့သည်။

ပြည်နယ်မြို့.တော်အား စပရင်းဖီးလ်သို့ ရွှေ့ပြောင်းရေးကို ပိတ်ဆို့ရန်အတွက် သွယ်ဝိုက်သောနည်းဖြင့် ကြိုးစားမှုမှာ ပြည်သူ့ ဥပဒေပြုကိုယ်စားလှယ်များ အစည်းအဝေးတွင် တတိယအကြိမ်မြောက် ပြုလုပ်

ခဲ့သည်။ ၁၈၃၁ ခုနှစ်တွင် ဝီလျံ လွိုက် ဂါရီဆင် ထုတ်သည့် *ကယ်တင်ရှင် သတင်းစာ* ထွက်လာခဲ့ပြီးချိန်မှစ၍ မြောက်ပိုင်းတွင် ကျွန်ဆန့်ကျင်ရေးဆေပေါက်ခဲ့မှုကို တောင်ပိုင်းပြည်နယ်များက ဒေါသပိုချိပိုချဲ့ ထွက်လာခဲ့ကြသည်။ ကျွန်စနစ်ကို ပယ်ဖျက်ရန် လိုလားသည့် အဖွဲ့.အစည်းများကို ဖိနှိပ်ရန် တောင်းဆိုသည့် ဆုံးဖြတ်ချက်များကို တောင်ပိုင်းဥပဒေကိုယ်စားလှယ်များက ချမှတ်ခဲ့ကြသည်။ ထိုအဖွဲ့.များသည် ကျွန်များအတွင်းသို့ သွေးကြွအောင် မီးထိုးပေးသော ရွှေ့.ဆော်မူစာလွှာများကို ဖြန့်ချိခဲ့သည်ဟုဆို၏။ တောင်ပိုင်းသားတို့၏ ဆုံးဖြတ်ချက်များကို ယေဘုယျအားဖြင့် မြောက်ပိုင်းပြည်နယ် အများစုက လက်ခံခဲ့ကြသည်။ အီလီနွိုင်း ပြည်နယ်၌ လူဦးရေ အများစုမှာ တောင်ပိုင်းသားများဖြစ်ကြ၍ အီလီနွိုင်းပြည်နယ်သည်း ထို့နည်းတူပင်။ အီလီနွိုင်းဥပဒေပြုကိုယ်စားလှယ်အဖွဲ့.ကလည်း ကျွန်စနစ် ပယ်ဖျက်ရန် လိုလားသော အဖွဲ့.များကို ပြစ်တင်ရှုတ်ချခဲ့ပြီး ကျွန်စနစ်မှာ ဖွဲ့.စည်းပုံအခြေခံဥပဒေက ခွင့်ပြုထားကြောင်း အတည်ပြုသည့် ဆုံးဖြတ်ချက် များကို ချမှတ်ခဲ့သည်။ အများစုမှာ ဆုံးဖြတ်ချက်များကို ငြင်းခွဲဖြင့် ထောက်ခံခဲ့ခြင်း မဟုတ်ပေ။ သို့ သော်လည်း ဒီမိုကရက်တို့.က ဒွန်တို့.ထက် ထောက်ခံမှု ပိုပြင်းထန်ခဲ့သည်။ ၇၇ မဲ-၆ မဲဖြင့် ထောက်ခံမှုရခဲ့သည်။ စပရင်းဖီးလ်အား မလိုလားသည့် အတိုက်အခံများတွင် လင်းဒါးသည် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့ပုံရသည်။ လင်းဒါးမှာ ဆန်ဂါမွန်းခိုင်ကို ခွဲစိတ်ရန် နှင့် စပရင်းဖီးလ်ရှိ အီလီနွိုင်းဘဏ်ကို ဖျက်ရန် ကြိုးစားခဲ့သူဖြစ်သည်။ စပရင်းဖီးလ်မှာ အီလီနွိုင်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းနယ်စပ်ဖြစ်ပြီး လူအများ ပြောင်းရွှေ့.စပြုလာကြသည်။ သို့.သော် စပရင်းဖီးလ်သည် မိမိ၏ ပြည်နယ်တွက်ကုန်ပစ္စည်းများကို စားသုံးနေကြသော ကျွန်စနစ်ကျင့်သုံးသည့် ပြည်နယ်များအပေါ်တွင် အကြင်နာတရား ဆိုပုံကို လင်းဒါးက ပြသလိုရှိ ဖြစ်ပုံမှာ သဲသယရှိစရာ မလိုပေ။

ထိုအတိုင်းသာ ကြံခဲ့လျှင် လင်းဒါး၏အကြံသည် အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်။ ဆန်ဂါမွန်းကိုယ်စားလှယ်များအနက် လင်းကင်းနှင့် ဒီန်းစတုန်းတို့ နှစ်ဦးသာလျှင် ကန့်ကွက်မဲ ပေးခဲ့ကြသည်။ သို့သော်လည်း ထိုအချိန်က သူတို့နှစ်ဦးက လူသိရှင်ကြား ထုတ်ဖော်မပြောခဲ့ကြသဖြင့် လူအများ မသိခဲ့ကြပေ။ ပြည်နယ်မြို့တော်အား စပရင်းဖီးလ်သို့ ပြောင်းရွှေ့ရန်နှင့် ပြည်တွင်းပိုင်း ဒေသများ တိုးတက်ရေးဥပဒေကြမ်းကို အတည်ပြု သဘောတူခဲ့ပြီးမှ လင်းကင်းနှင့် စတုန်းတို့က ကျွန်စနစ်ကို ဆန့်ကျင် ပုံကို အတိအလင်း ကြေညာခဲ့ကြသည်။ "ကျွန်စနစ်ကို ကျင့်သုံးသော ပြည်နယ်များတွင် ကျွန်များပိုင် ပစ္စည်းများကို ထိန်းသိမ်းခွင့်သည် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုထားသည်" ဟု ဥပဒေပြုအဖွဲ့၏ ဆုံးဖြတ်ချက်အစား "အမေရိကန်ပြည်ထောင်စု၏ ကွန်ဂရက်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်များတွင် ကျွန်စနစ် ပြဋ္ဌာန်းမှုကို ဝင်ရောက်စွက်ဖက်ရန် အာဏာမရှိပါ" ဟု လင်းကင်းနှင့် စတုန်းတို့က တင်ပြခဲ့ကြသည်။

ကွန်ဂရက်ညီလာခံက "ကျွန်စနစ် ပပျောက်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ၄င်းတို့ ကြေညာခဲ့သော လမ်းစဉ်များကို ကျွန်ုပ်တို့ နည်းနည်းမှ အသိအမှတ်မပြုပါ" ဟု ကြေညာခဲ့သည်။ လင်းကင်းနှင့် စတုန်းတို့ကမူ "ကျွန်စနစ်မှာ မတရားမှုနှင့် မကောင်းသောဝါဒကို အခြေခံပြီး ထူထောင်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ကျွန်စနစ် ပပျောက်ရန် လမ်းစဉ်များ ချမှတ်ခဲ့ခြင်းမှာ မကောင်းမှုကို လျော့နည်းစေမည့်အစား မကောင်းမှုကို ပို၍ ဖြစ်စေခဲ့သည်" ဟု သူတို့၏ ယုံကြည်ချက်များကို လှစ်ဟပြောဆိုခဲ့ကြသည်။

လင်းကင်းနှင့် အရှည်ကြီးအဖွဲ့ဝင် ကိုယ်စားလှယ်များသည် ဆန်ဂါမွန်း ကိုယ်စားလှယ်များ၏ သြဇာသက်ရောက်မှုကို ချေမှုန်းရန် ကြံစည်မှုအပေါ် အနိုင်ရယူခဲ့သည်။ စပရင်းဖီးလ်သို့ မြို့တော် ရွှေ့ပြောင်းရေး ဥပဒေကို ဥပဒေပြု ကိုယ်စားလှယ်အဖွဲ့သို့ တင်ပြနိုင်ရန် ကြိုးစားခဲ့ကြ

သည်။ လုပ်နည်းလုပ်ဟန်မှာ အလွန်သိမ်မွေ့ရန် လိုအပ်လာခဲ့သည်။ လင်းကင်း၏ နိုင်ငံရေးစွမ်းရည်များလည်း အကြိမ်ကြိမ် အစမ်းသပ်ခံခဲ့ရသည်။ သူတို့၏ အဆိုသည် မုချရှုံးနိမ့်မလို အကြိမ်ကြိမ်ကြုံခဲ့ရသည်။ တစ်ကြိမ်တွင် လင်းကင်းသည် ပြင်ဆင်ချက်တစ်ခုကို မူကြမ်းရေး တင်ပြခဲ့သည်။ မြို့တော်ဖြစ်ရသောမြို့သည် အလှူငွေ ဒေါ်လာ ၅၀,၀၀၀ နှင့် အဆောက်အဦသစ်များ ဆောက်လုပ်ရန် မြေနှစ်ဧကက ပေးရမည်ဟု ဆိုပြခဲ့သည်။ စပရင်းဖီးလ်မှာ ဇရပ်ကြေးတတ်နိုင်ရာ အခြားမြို့ကလေးများ ယှဉ်ပြိုင် နိုင်စေရန် ရည်ရွယ်ရေးသားခဲ့ခြင်း ဖြစ်သည်။ အခြားမြို့နယ်ခရိုင်များ ဤအချက်ကို မသိစေနိုင်ရန် လင်းကင်းက ပြင်ဆင်ချက်ကို ကိုယ်လက်ရေးဖြင့် ကိုယ်စားလှယ်တစ်ဦးအား တင်ပြစေခဲ့သည်။ ဥပဒေကြမ်းကို ပြန်ပေါ်လာအောင် နှစ်ကြိမ် တင်ပြခဲ့ရသည်။ ထိုအတောအတွင်း၌ လင်းကင်းသည် တစ်ခါမှ စိတ်ပျက်လက်ပျက် မဖြစ်ခဲ့။ လုပ်ဖော်ကိုင်ဖက်များကို သူ၏ အခန်းသို့ ဖိတ်ခေါ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်" ဟု အရှည်ကြီး တစ်ဦးဖြစ်သော ရောဘတ် ဝီလ်ဆင်က ပြန်ပြောပြသည်။

ဒို့ဟဖြစ်နေသေးသောသူများကို မဲဆွယ်စည်းရုံးရန် လင်းကင်းက တစ်ဦးချင်းအား တာဝန်ပေးခဲ့သည်။ လင်းကင်းက အရေးမပါလှသော ပြင်ဆင်ချက် နှစ်ခုအပြင် သူ့စိတ်ကူးဖြင့် တစ်ချက်ကိုလည်း ဖြည့်စွက်ပေးလိုက်သည်။ "အထွေထွေညီလာခံသည် ဤဥပဒေကို အချိန်မရွေး ပြင်ဆင်ခွင့် ရှိသည်" ဆိုသော အပိုဒ် ဖြစ်သည်။

အမှန်အားဖြင့် ဥပဒေပြုအဖွဲ့သည် ဥပဒေများကို အမြဲတမ်း အချိန်မရွေး ပြင်ဆင်ခွင့်ရှိသည်ဖြစ်ရာ ဤဖြည့်စွက်ချက်မှာ အရေးမပါလှပေ။ သို့သော်လည်း ဤအချက်သည် လူအများ လက်ခံမည့် ဆင်ခြေတစ်ခုလို ဖြစ်သွားခဲ့ရာ ဥပဒေကြမ်းကို တင်ပြရန် ၄၈ မဲ ၃၇ မဲဖြင့် အသာရသွားခဲ့သည်။ ဥပဒေကြမ်းကို မဲပေးဆုံးဖြတ်ခဲ့ရာ စတွက်ကတည်းက စပရင်းဖီးလ်အတွက် အသာရခဲ့သည်။ စတုတ္ထအကြိမ် မဲခွဲအပြီးတွင်

www.burmeseclassic.com

အရှည်ကြီးကိုးယောက်၏ ကြိုးပမ်းမှုသည် အကောင်အထည် ပေါ်လာခဲ့တော့သည်။ ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် စပရင်းဖီးလ်သည် မဲအများဆုံးရရှိပြီး ပြည်နယ်မြို့တော်သစ် အဖြစ် ရွေးချယ်ခြင်း ခံခဲ့ရလေတော့သည်။

ထိုညတွင် ဆန်ဂါမွန်းကိုယ်စားလှယ်အဖွဲ့ အောင်ပွဲခံခဲ့ကြသည်။ စားသောက်မှုကုန်ကျငွေ ၂၂၃.၅၀ ဒေါ်လာကို ငွေကြေးချမ်းသာသူ နီနီယန် အက်ဒွပ်စ် က ထုတ်ပေးခဲ့သည်။ ထို့နောက်တွင်လည်း စပရင်းဖီးလ်နှင့် ဆန်ဂါမွန်းခရိုင်တွင် အောင်ပွဲခံ အခမ်းအနားများ ကျင်းပခဲ့ကြသည်။ အရှည်ကြီး ကိုးယောက်စလုံး တက်ရောက်ခဲ့ကြသည်။ အေသင်မြို့လေးဌ် ကျင်းပသောပွဲတွင် "သဘာဝ၏ မြင့်မြတ်သောသူတစ်ဦး အေဘရာဟမ် လင်းကင်း"ဟု တိုင်တည်ဂုဏ် ပြုပြီး အရက်ခွက်များ ဝိုင်းမြှောက်ကာ သောက်ခဲ့ကြသည်။

ကိုယ်စားလှယ်များ အစည်းအဝေးအပြီးတွင် လင်းကင်းသည် နယူးစေလဲမ်သို့ ပြန်လာသည်။ မိတ်ဆွေဟောင်းများကို နှုတ်ဆက်ရန် အတွက်ဖြစ်သည်။ စက်တင်ဘာလတွင် အီလီနွိုင်းပြည်နယ် ဗဟို တရားရုံးချုပ်မှ တရားသူကြီး နှစ်ဦးက လင်းကင်းအား ရှေ့နေ လုပ်ခွင့် လက်မှတ်ကို ထုတ်ပေးခဲ့သည်။ မတ်လ ၁ ရက်နေ့တွင် လင်းကင်း၏ အမည်သည် ဗဟိုတရားရုံး၏ အသိအမှတ်ပြု ရှေ့နေစာရင်းဝင်သွားခဲ့သည်။ ၁၈၃၇ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့တွင် လင်းကင်းသည် စပရင်းဖီးလ်မြို့သို့ ပြောင်းရွှေ့လာသည်။ စတူးဝပ်က လင်းကင်းကို ပူးတွဲလုပ်ဖော်ကိုင်ဖက် ရှေ့နေအဖြစ် လက်ခံလိုက် သည်။ သူတို့နှစ်ဦးသည် အမှတ် ၄၊ ဟော့ဖ်မဲန်းစ် ဂိုးလမ်းမတွင် ရုံးဖွင့်လိုက်ကြလေတော့သည်။

မှတ်စုတို့များ

1. New Salem Village
2. Jack Armstrong
3. James Rutledge
4. Sangamore Journal
5. Black Hawk War
6. Richmond - ဗာဂျီးနီးယားပြည်နယ်၏ မြို့တော်နှင့် အမေရိကန်ပြည်ထောင်စုမှ ခွဲထွက်ခဲ့သော ပြည်နယ်တပ်ပေါင်းစုအစိုးရ ရုံးစိုက်ရာမြို့.
7. John Todd Stuart
8. "Mortality"
9. Stephen Arnold Douglas (1813-61) - လင်းကင်းနှင့်ပြိုင်ဖက် နိုင်ငံရေးသမား
10. Vandalia - အီလီနွိုင်းပြည်နယ်၏ မြို့တော်ဟောင်း
11. Anne Rutledge
12. Ninian Edwards
13. The Long Nine

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

စိတ်လှုပ်ရှားကင်းသော ဆင်ခြင်တုံတရား

၁၈၃၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် လင်းကင်းသည် မြင်းတစ်ကောင်ကို ငှားစီးပြီး စပရင်းဖီးလ်သို့ ရောက်လာခဲ့သည်။ ကိုယ်ပိုင် ရှိခဲ့ရသမျှ စည်းစိမ်ဥစ္စာများကို မြင်းပိုးအိတ် နှစ်ဖက်တွင် အပြည့်ထည့် လာသည်။ ဦးလေး တော်၏ ရင်ပြင်အနောက်ဘက်ရှိ အေဝိုင် အဲလစ္စနှင့် ကုမ္ပဏီတွင် ငါးပြား တစ်ယောက်အိပ်မွေ့ရာ၊ အိပ်ရာခင်းနှင့် ခေါင်းအုံးဝယ်လျှင် မည်မျှ ကုန်ကျမည်ကို စုံစမ်းကြည့်သည်။ ပိုင်ရှင်တစ်ဦးဖြစ်သူ ဂျိုရှုဝါ စပိ က တွက် ချက်ပြီး ၁၇ ဒေါ်လာကျမည်ဟု ပြောခဲ့သည်။ ဈေးနှုန်းမှာ သင့်သော်လည်း အဲ့တွင် ငွေအလုံအလောက်မရှိကြောင်း လင်းကင်းက ပြောပြသည်။ လင်း ကင်းဟာ ရှေ့နေအဖြစ် လုပ်ဖို့လာကြောင်းနှင့် ခရစ္စမတ်အထိ အကြွေး ယူပေးရန် မေတ္တာရပ်ခံခဲ့သည်။ "အဲဒီအချိန်မှာမှ မပေးနိုင်ရင် ကျွန်တော် ယူပေးနိုင်ပါဦးမလား မသိဘူး" ဟုလည်း လင်းကင်းက ဝမ်းနည်းသံဖြင့် ပြောလိုက်သည်။

စပိသည် နာမည်တစ်လုံးကျော်ကြားမှုကြောင့် လင်းကင်း၏

www.burmeseclassic.com

အမည်ကို သိနေခဲ့သည်။ လင်းကင်း၏ နိုင်ငံရေးမိန့်ခွန်း ပြောကြားမှု တစ်ခုကိုလည်း ကြားထားခဲ့သည်။ အကြွေးမတင်နိုင်မည့် နည်းလမ်းတစ်ခုကိုလည်း စပိုက အကြံပေးလိုက်သည်။ "ကျွန်တော့်အိမ် အပေါ်ထပ်မှာ နှစ်ယောက်အိပ်ခုတင်တစ်လုံးနဲ့, အိပ်ခန်းကျယ်တစ်ခုရှိတယ်။ ကျွန်တော်နဲ့, အတူလာနေချင်ရင် ကြိုဆိုပါတယ်" ဟု ပြောခဲ့ခြင်းဖြစ်သည်။ လင်းကင်းသည် အခန်းနေရာကိုမေးပြီး အပေါ်ထပ် သို့ တက်ကြည့်လိုက်သည်။ ပြန်ဆင်းအလာတွင် "ကဲ မစ္စတာစပိရေ၊ ကျွန်တော့်အတွက် အတော်ဟုတ်သွားပြီ" ဟု လင်းကင်းက သူ့ ခံစားချက်ကို တုံ့ပြန်ပြောဆိုလိုက်သည်။

လင်းကင်းအတွက် အကြီးအကျယ်စိတ်ပျက်စရာကောင်းသော အခြေအနေမှ ရုတ်ခြည်းဆိုသလို မိမိကိုယ်ကို ယုံကြည်စရာကောင်းသော အခြေအနေသို့ ရွှင်ပြစွာ ပြောင်းလဲသွားခဲ့၏။ စပရင်းဖီးလ်တွင် လင်းကင်း နေထိုင် ခဲ့ရသောနှစ်များက ဤအဖြစ်မျိုးကို ကြုံခဲ့ရသည်။ လင်းကင်းက သူသည် ခံစားမှု၏ အကျဉ်းသမားဖြစ်သည်ဟု တစ်ခါတစ်ရံတွင် ထင်ခဲ့မိသည်။ တစ်ခါတစ်ရံတွင်လည်း သူသည် ဆင်ခြင်တုံတရားအားကိုး၍ သူ့ကမ္ဘာကြီးကို သူကျော်လွှားနိုင်လိမ့်မည်ဟု လည်း တွေးတတ်ခဲ့သည်။ သူ့ဘဝတွင် မကြာခဏ အကြီးအကျယ် စိတ်အားလျော့ပြီး အဆိုးဝါးဆုံး စိတ်ခါတ် ကျမှုနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။ ခံစားရမှုများနှင့်ကိုယ့်ကိုယ်ကို ယုံကြည် စိတ်ရှိမှု၊ စိတ်အနှောင့်အယှက်ဖြစ်လောက်စရာ ကောင်းသော အကောင်းမြင်ဝါဒစိတ်ရှိမှုတို့သည် အခါအားလျော်စွာ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့် ဖြစ်ခဲ့သည်။

အချုပ်အားဖြင့်တော့ လင်းကင်းသည် အလွန်ငယ်ရွယ်သော လူငယ်တစ်ဦးသာ ရှိသေးလေသည်။

အရှေ့ပိုင်းမှ အကဲခတ်သမားများ၏ အမြင်၌ ၁၈၃၀ ပြည့်လွန်နှစ်များက စပရင်းဖီးလ်သည် နယ်စပ်မြို့ကလေးသာ ဖြစ်ခဲ့သည်။ အုတ်တိုက်အိမ်များ နည်းနည်းပါးပါး ရှိခဲ့သော်လည်း အများစုမှာ သစ်

သုံးတဲ့အိမ်များတွင် နေထိုင်ကြသည်။ လမ်းများကျယ်သော်လည်း ခင်းထားသေး။ ဆောင်းတွင်း၌ မြင်းရထားများသည် ခြေမျက်စိအထိ ဖွက်ထနေသော လမ်းများပေါ်တွင် သွားလာရသည့် နေ့အခါတွင် ဖုံများက တထောင်းထောင်းနှင့် မြို့ထဲတွင် လမ်းဘေးပလက်ဖောင်း လူသွားလမ်းများလည်း မရှိခဲ့သေး။ လူများ လမ်းကိုဖြတ်လျှင် လမ်းပေါ်မှ သစ်စသစ်နများကို ကျော်လွှားဖြတ်ရသည်။ လမ်းများပေါ်တွင် ဝက်များက သွားချင်သလိုသွားကြ။ မြင်းစောင်းများလွှားတွင် ပုံထားသော မြင်းချေးပုံအနံ့များကလည်း နံစော်နေသေးတော့။ စပရင်းဖီးလ်ကို လာလည်ခဲ့သော အမေရိကန် ကဗျာဆရာနှင့် အယ်ဒီတာ ဝီလျံ ကားလင်း ဘရိုင်ယန် (၁၇၉၄–၁၈၇၈) က ဖုန်ထူပြီး စိတ်မချမ်းသာစရာမြို့ဟု မှတ်ချက်ချခဲ့သည်။

သို့သော်လည်း လင်းကင်း နေထိုင်ခဲ့သမျှ အရပ်များတွင် စပရင်းဖီးလ်သည် ကမ္ဘာကြီးနှင့် ဆက်သွယ်မှုရှိသည့် ခေတ်အဆန်ဆုံးမြို့ဖြစ်သည်။ စပရင်းဖီးလ်ကို ၁၈၂၁ ခုနှစ်တွင် စတင်ထူထောင်ခဲ့ကြပြီး ယခုအခါတွင် လူပေါင်း ၁,၅၀၀ ခန့် နေထိုင်ပြီး တိုးတက်သော အသိုင်းအိုင်းတစ်ခု ဖြစ်လာသည်။ ဆန်ဂါမွန်းခရိုင် တရားရုံးသည် မြို့အလယ်တွင်ရှိသည်။ တောင်နှင့်မြောက် ဖောက်ထားသော လမ်းအမည်များကို ကဆန်းနံပါတ် အမှတ်အသားဖြင့် ပေးထားသည်။ အရှေ့နှင့်အနောက် သွားသည့် လမ်းများကို အမေရိကန်သမ္မတများ၏ နာမည်များ ပေးထားသည်။ ဆန်ဂါမွန်းဗဟိုတရားရုံးပတ်ပတ်လည်တွင် ကုန်ခြောက်ဆိုင် ၁၉ ခု၊ အရက်နှင့် ကုန်စုံဆိုင် ခုနစ်ခု၊ ဆေးဆိုင် လေးခု၊ အဝတ်အစားစတိုးဆိုင် နှစ်ခုနှင့် စာအုပ်ဆိုင် တစ်ဆိုင်ရှိသည်။ ခဏတစ်ဖြုတ် ဝင်ထွက်သွားလာသော ခရီးသည်များအတွက် ဟိုတယ် လေးခုရှိသည်။ ရိုးရိုးကျောင်းများအပြင် အထက်တန်းကျောင်းနှင့် ခပ်ဆင်ဆင် အကယ်ဒမီကျောင်းတစ်ခုရှိသည်။ ဘုရားရှိခိုးကျောင်း ခြောက်ခု ရှိသည်။ ပညာရှင်များအနေဖြင့် ဆရာဝန် ၁၈ ဦးနှင့် ရှေ့နေ ၁၁ ဦးရှိသည်။ ဆိုင်မီယင် ဖရန်ဆစ္စ အယ်ဒီတာလုပ်ပြီး

www.burmeseclassic.com

ဝှစ်တို့.ကို ထောက်ခံသော *ဆန်ဂါမိုးကျာနယ်* သတင်းစာတစ်စောင်ရှိသည်။ ထို သတင်းစာသို့ လင်းကင်းသည် ဗန်ဒါလီယာ၌ ကျင်းပသော ဥပဒေပြုကိုယ်စားလှယ်အဖွဲ့ အစည်းအဝေးသတင်းများကို ရေးပို့ခဲ့ဖူးသည်။ မကြာခင်မှာပင် ဒီမိုကရက်တစ်ပါတီအာဘော် *အီလီန္တိုင်း ရီပတ်ဘလီကင်* သတင်းစာ ထွက်ပေါ်လာခဲ့သည်။ နောင်တွင် *အီလီန္တိုင်းပြည်နယ်မှတ်တမ်းဟု* နာမည်ပြောင်းခဲ့သည်။

လင်းကင်းသည် စပရင်းဖီးလ်၏ လူပ်လှုပ်ရှားရှား အသိုင်းအဝိုင်းတွင် ဝင်ဆံ့လိုစိတ် အပြဲရှိခဲ့သည်။ သို့သော်လည်း သူ့တွင် ငွေမရှိပညာရေးကလည်း ချို့တဲ့သည်။ သည်အထဲတွင် အားနည်း ချက်တစ်ခုက ရှိခဲ့သေးသည်။ သူသည် အမျိုးသမီးတစ်ဦးနှင့် စေ့စပ်ထားသလို ဖြစ်ခဲ့သည်။ အဲန်း ရပ်တ်လက်ခ်၌ သေဆုံးသွားသည့်နောက်တွင် လင်းကင်းအား မိန်းမတစ်ယောက် ရှာယူရန် နယူးစေလဲမ်မှ သက်ကြီး အမျိုးသမီးများက တိုက်တွန်းခဲ့ကြသည်။ နယူးစေလဲမ်အနီးအနား တစ်ဝိုက်တွင်လည်း မြို့ပျိုလေးများက မပေါ်။ လင်းကင်းကလည်း မိန်းကလေးများရှေ့.မှောက်တွင် ပုံပန်းမကျ၊ အမြဲတမ်း ကလန်ကလားနိုင်လှသည်။ သို့.သော်လည်း လင်းကင်း သဘောကျသော အမျိုးသမီးတစ်ဦးကို တွေ့.ခဲ့သည်။ မေရီ အိုဝင်ဆိုသူဖြစ်သည်။ သူမသည် ၁၈၃၃ ခု သို့.မဟုတ် ၁၈၃၄ ခုနှစ်တွင် နယူးဆလင်ရှိ အစ်မတော်သူ မစ္စက် ဘင်းနဏ် အောဲလ်ထံ အထည်ရောက်လာခဲ့သည်။ သူမ၏ မိဘများမှာ ကဲန်တပ်ကီးပြည်နယ်မှ ငွေခြေပြည်စုံသူများဖြစ်သည်။ မေရီ အိုဝင်သည် လှပသော မိန်းမပျိုတစ်ဦးဖြစ်သည်။ ပိတုန်းရောင်ကေသာ သမင်မျက်လုံးများနှင့် အသားအရေ ချောပြသွားများဖြူဖွေးနေအောင် လှသောသူဖြစ်သည်။ သူမ၏ ရွှင်ပြတ်ကဲကြွမှုကို မြင်သူတိုင်းက သဘောကျသည်။ သူမကို အလွန် ဉာဏ်သွက်သည့် ပညာတတ် မိန်းကလေးတစ်ဦးဖြစ်သည်ဟု စေလဲမ်ဆလင်ကို နောက်တစ်ခါသာ ထပ်လာခဲ့ရင် ကျွန်တော် သူ.ကို လက်ထပ်ယူမယ်" ဟု လင်းကင်း

အောဲလ်အား ကြွားလုံးထုတ်၍ ပြောခဲ့သည် ဆို၏။

အဲန်း ရပ်တ်လက်ခ်၌ ကွယ်လွန်ပြီး တစ်နှစ်ခန့်.အကြာ လောက်တွင် မေရီအိုဝင်သည် နယူးစေလဲမ်သို့ ၃တိယအကြိမ် အလည်ရောက်လာခဲ့သည်။ လင်းကင်းက မေရီအား စတင်ပိုးပန်း ခဲ့သည်။ ပထမတွင် သူတို့.နှစ်ဦးတွင် ခုတိယစိတ်ကူးများ ဝင်လာသည်။ မေရီက လင်းကင်း၏ စိတ်နလုံးသားကောင်မှုကို ချီးကျူးသော်လည်း "သူ.ရဲ့ကျောင်ကြီးပြင်းလာခဲ့ပုံက ကျွန်မနဲ့ တခြားစီဖြစ်နေတယ်။ ဒါကြောင့် မှားရှိသင့်တဲ့ မွေးရာပါ အရည်အချင်းတွေ မရှိခဲ့တော့ဘူး" ဟု မေရီက ငြင်းပယ်သည်။ အသေး အမွှားကိစ္စလေးများက အနာဂတ်အခက်အခဲများ ပေါ်စေတတ်ကြောင်းကို ညွှန်ပြခဲ့မှုများကိုလည်း ကြုံတွေ့.ခဲ့ရသည်။ တစ်ကြိမ် လင်းကင်းနှင့် မေရီတို့.သည် မစ္စက် ဘိုးလင်း ဂရင်းနှင့် အတူ လမ်းလျှောက်ခဲ့ကြသည်။ မစ္စက် ဂရင်းမှာ အလွန်ဝသော ကလေးငယ်လေးနှစ်ဦးကို မနိုင်မနင်း ချီနေရသည်။ လင်းကင်းက သူမကို ကူချီပေးဖို့ တောင်းစားခဲ့။ နောက်တစ်ကြိမ်ရှိသေးသည်။ လူငယ်မောင်မယ်လေးသည် မြင်းစီးပြီး မစ္စက် ဂရင်း၏ ခြံယာကို သွားခဲ့ကြသည်။ ချောင်းတစ်ခုကို ဖြတ်ရာတွင် အခြားမိန်းကလေးများကို ပါလာသော ကိုယ်ရံတော်ယောကျ်ားလေးများက ဖေးဖေးမမ ထိန်းပေးခဲ့ကြသည်။ လင်းကင်းတော့ နောက်ပင် ပြန်လှည့်မကြည့်ခဲ့။ မေရီက လင်းကင်း ဥပေက္ခာပြုပုံကို ပြောပြသည်။ လင်းကင်းက မေရီသည် သူ.ကိုယ်သူ ဂရုစိုက်နိုင်သူ ဖြစ်သည်တဲ့ အသိအမှတ်ပြုထားကြောင်းကို ခပ်ရိုင်းရိုင်း ပြန်ပြောခဲ့သည်။ နောက် မကြာမီမှာပင် မေရီက "မိန်းမတစ်ယောက်ရဲ့ ပျော်ရွှင်မှုအတွက် လင်းကင်းဟာ အားနည်းလှပါလား" လို့ အဆုံးသတ် မှတ်ချက်ချခဲ့တော့သည်။

www.burmeseclassic.com

လင်းကင်း၏ သံသယများကလည်း ပိုမို ပြင်းထန်လာသည်။ မေရီသည် နယူးစေလဲမ်သို့ ပြန်လာရန် စိတ်ဆန္ဒစောလွန်းပုံရသည်။ သူမ အလွယ်တကူ ပြန်လာခြင်းက နည်းနည်းတော့လိုက်လျောလွန်းပုံရသည်ဟု လင်းကင်း စိုးရိမ်စိတ်ဝင်လာခဲ့သည်။ လင်းကင်းသည် မေရီ၏ ရုပ်ဆင်း သဏ္ဌာန်အားနည်းချက်များကို အပြစ်ရှာစပြုလာသည်။ သူမ နယူးစေလဲမ်သို့ ပထမတစ်ခေါက် လာခဲ့စဉ်က ကိုယ်အလေးချိန် ပေါင် ၁၅၀ နှင့် ၁၈၀ ကြားတွင် ရှိပြီး ကျေနပ်စရာကောင်းအောင် တောင့်ဖြောင့်လှသည်ဟု လင်းကင်း မှတ်မိနေသည်။ ယခုတော့ သူမသည် ဝဖိုင့်ဖိုင့်ဖြစ်လာသည်။ လအနည်းငယ်အကြာတွင် သူတို့ ၏အကြောင်းကို လင်းကင်းက မှတ်စုရေးခဲ့သည်။

"ယခု သူ့ကို မြင်လိုက်ရတော့ ကျွန်တော့်အမေကို သတိမရဘဲ မနေနိုင်တော့ပါ။ နွမ်းလျနေသော ရုပ်အသွင်ကြောင့်မဟုတ်။ သူ့အသားအရေမှာ အဆီများ ပြည့်နေသည်။ အရစ်များထနေသည်။ သွားများကတော့ မရှိ။ ယေဘုယျအားဖြင့် ရာသီဥတုဒဏ်ခံနေရသော ရုပ်ပေါက်နေသည်။ ကလေးဘဝက လာသည့်ပုံစံမျိုး မဟုတ်ဘဲ လက်ရှိဝန်းကျင်မှာ ၃၅ နှစ်၊ ၄၀ မတိုင်ခင် ယခုလို ဝလာခြင်းဖြစ်သည်" ဟု ရေးသားခဲ့သည်။ အမှန်တော့ လင်းကင်း၏ ဆင်ခြေများရှာနေခဲ့ခြင်းဖြစ်သည်။ သူ၏ နာကြည်းဖွယ်ရာ ငယ်ဘဝကို စဉ်းစားမိပြီး သည်လို တင့်တောင့်တင့်တယ် မိန်းကလေးတစ်ဦးကို ပေါ်အောင်ထားနိုင်ပါ့မလား။ သူမကို ဖိမ်ကျကျထားနိုင်ဖို့က သူသည် အလွန်ဆင်းရဲသူ ဖြစ် သည်ဟု တွေးခဲ့ပုံရသည်။ နက်နက်နဲနဲ တွေးကြည့်လိုက်လျှင် လင်းကင်း၏ ကိုယ်ရည်ကိုယ်သွေးသည် ပြဿနာရင်းဖြစ်သည်။ သူ၏ ကိုယ်ရည်ကိုယ် သွေးသည် မပြည့်စုံသော သူသည် လူတစ်ဦးတစ်ယောက်နှင့် ရင်းနှီးမှု ရှိအောင် မလုပ်နိုင်ခဲ့သေးသော အခက်အခဲကြောင့်ပင်ဖြစ်သည်။

၁၈၅၆ ခုနှစ်၊ ဒီဇင်ဘာလတွင် လင်းကင်းသည် ဗန်ဒါလီယာသို့ သွားရချိန်တွင် သူနှင့် မေရီတို့အကြား အကျိုးပြုမည့် နားလည်မှုကို မရ

ခဲ့ပေ။ နှစ်ယောက်စလုံးကမူ လက်ထပ်ဖြစ်ကြလိမ့်မည်ဟု ထင်ခဲ့ကြသည်။ မေရီ၏ ခံစားချက်နှင့် ဂုဏ်သိက္ခာတို့ကို မထိခိုက် မချိုးဖျက်ဘဲနှင့် အဆက်အသွယ် ဖြတ်တောက်ရန် လင်းကင်းသည် ဂုဏ်မဲ့စွာ ကြိုးစားခဲ့သည်။ သစ္စာဖောက်သည်တော့လည်း မဟုတ်။ သို့သော်လည်း သူမထံ ထင်းကင်း ရေးသားခဲ့သောစာများတွင် ချစ်သည် ဆိုသော စကားလုံးကို တစ်ခါမှ ထည့်မရေးခဲ့။ သူ၏စာများသည် အလွန်ခြောက်သွေ့ပြီး ချိတ်မိသောစာများဖြစ်၍ စာတိုက်မှ ထည့်ရန် ဝန်လေးခဲ့ရပုံကို လင်းကင်းက ခန်ခဲခဲ့သည်။ သူ၏ အဓိကရည်ရွယ်ချက်မှာ မေရီ စိတ်ပျက်ပြီး သူမကစ၍ အဆက်အသွယ် ဖြတ်တောက်စေရန် ဖြစ်သည်။

လင်းကင်း စပရင်းဖီးလ်သို့ ရောက်လာခဲ့ပြီးသည့်နောက် ပိုင်းတွင် မေရီသည် သူနှင့် အံဝင်ခွင်ကျ မဟုတ်ကြောင်း ပို၍ အခိုင် အမာ တွေ့လာခဲ့သည်။ သူမ ပျော်ရွှင်ရလိမ့်မည် မဟုတ်ကြောင်းလည်း သတိပေး ရေးသားခဲ့သည်။ "ဒီက မြင်ရထားတွေ များလာလိုက်ကြတာ။ အဲဒီလို မင်းမှာ မြင်မြင်ပြီး မြင်းလှည်းမစီးနိုင်ရင် မင့်အတွက် ကြမ္မာဆိုးငင်လိမ့်မယ်။ ဆင်းရဲမှုကို ဖုံးကွယ်နိုင်တဲ့ နည်းလမ်း မရှိရင် ဆင်းရဲနေမှာပဲ။ မင်းအနေနဲ့ အဆင်အခဲကို မတွေ့ကြုံဖူးသေးဘူး။ မင်းအခု တွေးမိနေတာထက် ပိုပြီး ဆိုးဝါးနိုင်တယ်" ဟု ရေးသားခဲ့သည်။

လင်းကင်းရေးခဲ့သော စာများကသော်လည်းကောင်း၊ ၁၈၃၇ ခုနှစ်တွင် နယူးစေလဲမ်၌ သူပြောဆိုဆွေးနွေးခဲ့သည့် အချေအတင် အယူအများကသော်လည်းကောင်း၊ မေရီကို ယုံကြည်အောင် မလုပ်နိုင်ခဲ့။ ဂျွန်နှစ်ဦး မလိုက်ဖက်ဟု မေရီကလက်မခံခဲ့။ လင်းကင်းသည် နည်းလမ်းတစ်မျိုးဖြင့် ကြိုးစားပြန်သည်။ မေရီ၏ စိတ်ချမ်းသာမှုနှင့် ကိုယ်ချမ်းသာမှုတို့အတွက် မေရီက အဆက်အသွယ် ဖြတ်တောက်သင့်သည်ဟု လင်းကင်းက အကြံပေးခဲ့လေသည်။ လင်းကင်းက "ငါဟာ ဘယ်ကိစ္စမဆို ဆုံးဖြတ်တာကို လုပ်ချင်ပါတယ်။ အထူးသဖြင့် မိန်းမတွေနဲ့ ပတ်သက်ရင်

www.burmeseclassic.com

ပိုပြီး မှန်ကန်တာကို လုပ်ချင်ပါတယ်။ ဒါပေမယ့် ပြဿနာကို ရှင်းနိုင်သမျှ ရှင်းအောင်လုပ်ဖို့ အတွက် လက်ထပ်ရေးကိစ္စကို မင်းစွန့်လွှတ်လိုက်ပါလို့ ငါအခု ပြောချင်ပါတယ်။ ငါ့အကြောင်းကိုလည်း မင်းခေါင်းထဲမှာ (ရှိနေရင်) တစ်သက်လုံး မေ့ပစ်လိုက်ပါတော့။ ဒီစာကိုလည်း အကြောင်းပြန်စာ ပြန်ရေးမနေပါနဲ့တော့။ ငါ့ဘက်က ညည်းချင်းချပြီး စွပ်စွဲမှု လေသံတွေ လုံးဝ မဖြစ်ပေါ်စေရပါဘူး" ဟု ရေးသားလိုက်လေသည်။ "ဒီလိုလုပ်လိုက်တဲ့အတွက် မင်းစိတ်အေးချမ်းမှု ပိုရလာမယ်ဆိုရင် လည်း မင်းရပါစေလို့ ငါ လှိုက်လှိုက်လဲလဲ ဆုတောင်းပါတယ်။ ငါဟာ မင်းကို ပိုပြီး ခိုင်ခိုင်မာမာ နှောင်ဖွဲ့ထားချင်ပါတယ်။ နှောင်ဖွဲ့ထားရမှာလည်း စိုးရွံ့တယ်။ မင်းကို ငါဆက်ပြီး နှောင်ဖွဲ့ထားလို့ အထိုက်အလျောက်ပဲဖြစ်ဖြစ် မင်းပိုပြီး စိတ်ချမ်းသာမှုကို ပေးနိုင်မယ်လို့သာ ငါ့ကိုယ်ငါ ယုံကြည်ခဲ့ရင် မင်းကို ထိန်းထားခဲ့မိမှာပါ" လို့ လင်းကင်းက ယောကျ်ားပီသစွာလည်း ရေးလိုက်လေသည်။

မေရီက လင်းကင်းထံ စာပြန်ရေးခဲ့လျှင်လည်း ထိုစာမှတ်တမ်းကို မတွေ့ရပါ။ သို့သော်လည်း လင်းကင်းတွင် လက်ထပ်ရန် ကြောက်ရွံ့စိတ် ရှိခဲ့ခြင်းကို မေရီက အခိုင်အမာ ငြင်းဆန်ခဲ့သည်ဟု လင်းကင်းက မှတ်တမ်း ပြုခဲ့သည်။ လင်းကင်းအဖို့ အံ့သြစရာဖြစ်ခဲ့ သည်။ လင်းကင်းသည် စိတ်သက်သာမှုတွေ့စွ၊ ခံနိုင်ရည် မရှိတော့လောက်အောင်ပင် အရှက်တစ်ကွဲ စိတ်ဖြစ်ခဲ့ရသည်။ သူ၏ မာန်မာနကိုလည်း အကြီးအကျယ် ထိခိုက်ခဲ့ သည်ဟု လင်းကင်းက ဝန်ခံပြောဆိုခဲ့သည်။ မေရီက သူ့အပေါ်တွင် မတုံ့ပြန်တော့ကြောင်း သေချာတော့မှ လင်းကင်းသည် မေရီကို နည်း နည်းတော့ချစ်မှန်း သိလာခဲ့သည်။ မေရီနှင့် လုံးဝ ရှင်းလင်းသွားတော့မှ လင်းကင်း စိတ်သက်သာမှု ရခဲ့သည်။ ထိုအခါကျမှ လင်းကင်းသည် မစ္စက်ဘရောင့်ဆေး သူ၏ ချစ်ရေးမစွဲပုံဇာတ်လမ်းကို မေရီ အိုဝင်နာမည် မဖော်ပြဘဲ ဟာသဆန်ဆန် ရေးပြခဲ့သည်။ "ကျွန်တော်တော့ လက်ထပ်ဖို့

ထပ်ပြီး မတွေးမိအောင် ဆုံးဖြတ်လိုက်ပါပြီ။ အဲဒါကြောင့်လည်း ကျွန်တော့်လိုလူကို ကြိုက်မိအောင် တုံးတဲ့သူတစ်ယောက်အပေါ်မှာ ကျွန် တော် ဘယ်တော့မှ ကျေနပ်နိုင်လိမ့်မယ် မသိပါဘူးဗျာ" ဟု လင်းကင်း၏ စာတွင် အဆုံးသတ်ထားသည်။

(၂)

"စပရင်းဖီးလ်မှာ နေထိုင်ရတာ ကိုယ့်အတွက်တော့ အတော့် ကို ခြောက်သွေ့ပြီး ငြီးငွေ့စရာကောင်းလှပါတယ်။ ကိုယ့်ဘဝဟာ ဘယ်နေရာ ရောက်နေနေ၊ တစ်ကိုယ်ရေဖြစ်ခဲ့သလို ဒီမှာလည်း အထီးကျန်ဘဝပါပဲ" ဟု ရေးသားစေလွှတ်မှ ထွက်လာပြီး တစ်လအကြာမှာ လင်းကင်းက မေရီ အိုဝင်ထံ ပြန်ပြေးခဲ့ပါတယ်။ စပရင်းဖီးလ်သို့ ရောက်ခါစက တစ်ပတ်နှစ်ပတ်တွင် လင်းကင်းအဖို့ တစ်ကိုယ်ရေ ဖြစ်ခဲ့မည်မှာ သံသယဖြစ်စရာ မရှိပါ။ သို့သော်လည်း လင်းကင်းက သူ့ခံစားချက်ကို ပုံကြီးချဲ့ပြောဆိုခဲ့ဟန်တူသည်။ မေရီ စိတ်ပျက်ပြီး သူနှင့် လက်ထပ်ရေးကို ဆက်ပြီး မတွေးမိစေရန် ပုံကြီး ချဲ့ရေးပုံရ သည်။ အမှန်တော့ လင်းကင်းသည် စပရင်းဖီးလ်တွင် မိတ်ဆွေများ ရပြီး အသိုင်းအဝိုင်း ဝင်ဆံ့နေပြီဖြစ်သည်။

စပိသည် လင်းကင်းအတွက် ပထမဆုံး အပေါင်းအသင်း ဖြစ်လာသည်။ သူတွေ့ဖူးသမျှ လူများတွင် တစ်ဦးတည်းသော လူရင်းဟုပင် ဆိုနိုင်စရာရှိသည်။ စပိသည် လင်းကင်းထက် လေးနှစ်ငယ်သည်။ ကဲန် တပ်ကီးပြည်နယ်သား လည်းဖြစ်နေသည်။ လင်းကင်းနှင့်မတူသည်တော့ စပိ၏ မိဘများသည် လူဝန်ဖီးလ်အနီးရှိ ဖာမင်တင် စိုက်ပျိုးခြံကြီး တစ်ခုကို ပိုင်ဆိုင်ကြသည်။ ဖာမင်တင် ခြံတွင် ကျွန် ၇၀ က ကျွန်ယက်စိုက်ပျိုးပေးနေကြသည်။ စပိသည် ကဲန်တပ်ကီးပြည်နယ်၌

www.burmeseclassic.com

အလွတ်သင်ကျောင်းများတွင် နေခဲ့ပြီး စိန့်ဂျိုး ဇက်ကောလိပ်ကျောင်းတွင် နှစ်နှစ်တက်ခဲ့ဖူးသူဖြစ်သည်။ သူသည် စီးပွားရှာရန်အတွက် စပရင်းဖီးလ်သို့ ထွက်လာခဲ့ပြီးနောက် အဲလစ္စ၏ စတိုးကို ပူးတွဲပိုင်ရှင်တစ်ဦးဖြစ်လာခဲ့သည်။ စူးရှတောက်ပသော မျက်လုံးပြာများနှင့် ကောက်နေသော ဆံရှည်နက်များဖြင့် စပိသည် လူချောတစ်ယောက်ဖြစ်သည်။ ကဗျာဆရာကြီး လော့ဒ် ဘိုင်ရင်၏ စာသံပေသံကို ပီပီပြင်ပြင်မဟုတ်သော်လည်း ထည်ထည်ဝါဝါ ပြောတတ်ပုံကြောင့် စပရင်းဖီးလ် မိန်းမပျိုလေးများလောကတွင် အထူးဆွဲဆောင်မှုရှိသောသူဖြစ်သည်။

လင်းကင်းနှင့် စပိတို့သည် နှစ်ယောက်အိပ်ခုတင်တစ်ခု တွင် လေးနှစ်နီးပါး အတူအိပ်ခဲ့ကြသည်။ နှစ်ယောက်စလုံး၏ ပုဂ္ဂိုလ်ရေး အတွေ့အခေါ်များကိုလည်း ကောင်းတိုင်ပင် ဆိုးတိုင်ပင်လုပ်ခဲ့ကြသည်။ သူတို့နှစ်ဦး အတူနေထိုင်ခဲ့ပုံကိုလည်း မည်သူကမျှ တစ်မျိုးတစ်မည် မထင်ခဲ့ကြ။ တစ်ယောက်တည်းအတွက် သီးသန့် တစ်ခန်းနေပုံမှာလည်း ရှားပါးလှသည်။ ခုတင်တစ်လုံးတွင် နှစ်ယောက်သုံးယောက် အတူအိပ်ကြသော အလေ့အထ ရှိသည်။ နောင်တွင် လင်းကင်းရှေ့နေဖြစ်လာသောအခါ နယ်လှည့်ခရီး သွားကြရသော ရှေ့နေများတွင် ခုတင်တစ်လုံးတွင် နှစ်ယောက် အိပ်ခဲ့ကြရသည်။ တရားသူကြီး ဒေးဗစ် ဒေးဗစ္စ[2]တစ်ဦးသာလျှင် တစ်ယောက်တည်း အိပ်ခွင့်ရသည်။ အကြောင်းမှာ ဒေးဗစ္စသည် ပေါင် ၃၀၀ ကျော် ဝသောကြောင့်တည်း။

လင်းကင်းနှင့် စပိတို့အနားတွင် တခြားလူပျိုများ ဝိုင်းရံနေသည်။ သူတို့အထဲမှ ဂျိမ်းစ် မက်သန်နီသည် လင်းကင်း၏ သတို့သား လူပျိုရံဖြစ်လာသည်။ သူတို့တစ်တွေသည် စပိ၏ စတိုးဆိုင်နောက်ဘက် အခန်းတွင်းရှိ မီးဖိုကြီးဘေးတွင် ညတိုင်းဝိုင်းဖွဲ့ကြသည်။ ပုံတိုပတ်စ အပြောကောင်းသော လင်းကင်းကို အားလုံးက အာရုံစိုက် နားထောင်ခဲ့ကြရသည်။ သူတို့သည် စာအိုကြောင်းပေအကြောင်းပြောပြီး တစ်ဦးကဗျာ၊ တစ်ဦးစာ

အပြန်အလှန်ဖတ်ပြီး ဆွေးနွေးကြသည်။ ငြင်းခုံကြသည်။ နိုင်ငံရေး၊ သာသနာရေးနှင့် အခြားအကြောင်းအရာများအပေါ်တွင် စကားစစ်ထိုးပွဲများလည်း ပါဝင်ခဲ့သည်။

လင်းကင်းသည် အခြား အခြားသူများနှင့်လည်း ချက်ချင်း မိတ်ဆွေဖြစ်လာသည်။ ဆန်ဂါမွန်းတရားရုံးမှ စာရေး ဝီလျံ ဘတ်တလာသည် သူများနှင့်မတူ တစ်မူထူးခြားသော လင်းကင်းကို သဘောကျခဲ့သည်။ လင်းကင်း၏ အခက်အခဲကို သိသော ဘတ်တလာသည် လင်းကင်းကို သူ့အိမ်တွင် ထမင်းအလကားပင် ကျွေးခဲ့လေသည်။ ဆန်ဂါမိုးကျောနယ် သတင်းစာ အယ်ဒီတာ ဆိုင်မိယင် ဖရန်ဆစ္စကလည်း လင်းကင်းကို ခရီးဦးကြို ပြုလုပ်ခဲ့သည်။ သတင်းစာတွင် လင်းကင်းရေးချင်သည်ကိုရေးရန် ကော်လံ ပေးခဲ့သည်။ ဂျွန် တောဒ် စတူးဝပ်ကလည်း လုပ်ဖော်ကိုင်ဖက် လင်းကင်းကို စပရင်းဖီးလ်၏ သီးသန့် လူမှုရေးအသိုင်းအဝိုင်းအတွင်းသို့ မိတ်ဆက်သွတ်သွင်းပေးခဲ့လေသည်။

(၃)

စပရင်းဖီးလ်တွင် လင်းကင်း အလွယ်တကူ ဝင်ဆံ့ခဲ့ခြင်းမှာ အခြေခံတစ်ယောက်အနေဖြင့် ရောက်လာခဲ့ခြင်းကြောင့် မဟုတ်။ မြို့ပေါ်တွင် အထင်ရှားဆုံးနှင့် အအောင်မြင်ဆုံးရှေ့နေ စတူးဝပ်၏ လုပ်ဖော်ကိုင်ဖက်အဖြစ် ရောက်လာခဲ့ခြင်းကြောင့်ဖြစ်သည်။ လင်းကင်းသည် ရှေ့နေပေါက်စများလို မဟုတ်ခဲ့။ ရှေ့နေပေါက်စများသည် အမှုကို လိုက်ရှာကြရသည်။ သူများမယူသော အမှုများကို လက်ခံကြရသည်။ လင်းကင်းသည် အမှုကြီးများကို စလိုက်ခွင့် ရခဲ့သည်။ စတူးဝပ်သည် အမေရိကန်ဥပဒေစာလုပ်များ လွှတ်တော် အမတ်အဖြစ် အရွေးခံရရေးကို အာရုံစိုက်ချိန်

www.burmeseclassic.com

ဖြစ်ခဲ့ရာ စတူးဝပ်က လက်ခံထားသော အမှုအများစုကို သူ၏ လူသစ် ရှေ့နေလေးလင်းကင်း ၏ လက်ထဲသို့ လွှဲပေးခဲ့သောကြောင့်ဖြစ်သည်။

လင်းကင်းအတွက် နေ့စဉ် ပုံမှန်ရုံးလုပ်ငန်းများ ဆောင်ရွက်ရသည်မှာ အခက်အခဲ မရှိခဲ့ပေ။ သေတမ်းစာများ၊ အိမ်ဂွားစာချုပ် များ၊ ရေးခြင်းတို့ကို သူရှေ့နေမဖြစ်မီ နယူးစေလဲမ်မှာကတည်းက အတွေ့ အကြုံရခဲ့ပြီးဖြစ်သည်။ သို့သော်လည်း လိုင်စင်ရရှေ့နေ တစ်ဦးအနေဖြင့် တစ်ယောက်တည်း လုပ်ကိုင်ရသည့် အခါများတွင် တာဝန်များစွာ ပိုရှိလာသည်။ မိုမိ၏ အသေးအမွှား အမှားအယွင်းလေး တစ်နဖြစ်ခဲ့လျှင်ပင် အမှုသည် ရုံးနိမ့်သွားနိုင်သည်။ စောစော ပိုင်းအမှုများအတွက် လင်းကင်းသည် အမှားအယွင်း မရှိစေရန် အကိုးအကား ပုံစံစာအုပ်တစ်အုပ်ကို သေချာကိုးကားပြုပြီး ဥပဒေကားလုံး အသုံးအနှုန်းများကို ဂရုစိုက်ခဲ့သည်။ လင်းကင်း၏ အရေးအသားများသည် စကားလုံးကြွယ်လာခဲ့သည်။

လင်းကင်းနှင့် စတူးဝပ်တို့သည် အတူစပြီး လက်တွဲလုပ်ကြကတည်းက အမှုများ တစ်ပုံကြီးရခဲ့ကြသည်။ ၁၈၃၇ ခုနှစ်၊ ဇူလိုင်လတွင် သာမန်ဥပဒေအမှု ၁၉ ခုနှင့် တရားရုံးချုပ်အမှု ခုနစ်ခု ရရှိခဲ့ကြသည်။ သူတို့နှင့်အပြိုင် ရှေ့နေ လိုဂင်နှင့် ဘေကာတို့အတွဲထက် အမှုပေါင်း နှစ်ဆကျော် ပိုရခဲ့သည်။ နောက်တစ်နှစ်တွင် စတူးဝပ်က ကွန်ဂရက် လွှတ်တော်အမတ်အဖြစ် အရွေးခံရရန် ပြင်ဆင် ခဲ့ချိန်၌ လိုဂင်နှင့် ဘေကာတို့က အမှုပိုရသွားသည်။ လင်းကင်း လက်ထဲတွင်မူ သူနိုင်သမျှ အမှုများ အပြည့်ရှိနေခဲ့သည်။

လင်းကင်းသည် ဆန်ဂါမွန်းခရိုင်တွင်သာ အမှုလိုက်ရုံနှင့် မပြီး၊ စပရင်းဖီးလ်တွင် နှစ်စဉ် ရက်သတ္တပတ် နှစ်ပတ်စီ နှစ်ကြိမ်သာ ထိုင်သော တရားရုံးတွင် အမှုလိုက်ရုံဖြင့် မည်သည့်ရှေ့နေမျှ ထမင်းတစ်နပ် ဝမည် မဟုတ်။ တရားသူကြီးများက သတ်မှတ်ပေးသည့် ဒေသအနှံ့ ရှိ ပတ်လည် တရားရုံးများ[3]သို့ လှည့်လည်သွားလာပြီး အမှု လိုက်ကြရသည်။ လင်းကင်း သည်လည်း အခြားရှေ့နေများကဲ့သို့ပင် မြို့အနှံ့လှည့်လည်ပြီး အမှုလိုက်ခဲ့ရသည်။

အမှု မပြတ်ရှိတိုင်းလည်း ငွေများများ မရခဲ့ကြ။ စပရင်းဖီးလ်တွင် ရှေ့နေအတော်များများသည် ရှေ့နေခ အသင့်အတင့်သာ ယူခဲ့ကြသည်။ စတူးဝပ်နှင့် လင်းကင်းတို့၏ ပျမ်းမျှ ရှေ့နေခမှာ ၅ ဒေါ်လာသာ ရခဲ့သည်။ သာမန်အားဖြင့် ရှေ့နေခမှာ ၂.၅ ဒေါ်လာနှင့် ၁၀ ဒေါ်လာ အကြားတွင်ရှိသည်။ အမှုတစ်မှုအတွက် လင်းကင်းနှင့် စတူးဝပ်တို့က ရှေ့နေခ ဒေါ်လာ ၅၀ တောင်းခဲ့သည်။ ရှေ့နေခမှာ များလွန်းသဖြင့် အမှုသည်က မပေးနိုင်သဖြင့် တချို့တစ်ဝက် ပေးပြီး ကျန်ငွေအတွက် ၁၅ ဒေါ်လာတန် ကုတ်အင်္ကျီတစ်ထည် ချုပ်ပေးပါမည်ဟု မေတ္တာရပ်ခံခဲ့သည်။ နောက်တစ်မှု ရှိသေးသည်။ အမှုသည်မှာ စပရင်းဖီးလ်မှ ဟိုတယ်ပိုင်ရှင်ဖြစ်ရာ ရှေ့နေခအတွက် အမှုသည်က လင်းကင်းကို ၆ ဒေါ်လာဖိုး အထိ ထမင်းကျွေးခဲ့သည်။ လင်းကင်းသည် သက်နှံရှေ့နေ ဖြစ်သည့် အလျောက် ရသမျှ ရှေ့နေခများကို စာရင်းဇယား ပြုစုသောအလုပ်ကို ထုပ်ရသည်။ ပြီးတော့ သူနှင့် စတူးဝပ်တို့ တစ်ဝက်စီခွဲဝေယူကြသည်။

လင်းကင်းသည် သူတို့၏ အစုစပ်ရှေ့နေလုပ်ငန်းအတွက် မှတ်တမ်းစာအုပ်တစ်အုပ်ကိုလည်း ရေးသားထိန်းသိမ်းရသည်။ အမှု မှတ်တမ်းများ၊ စီခွန်ခွဲမှုများနှင့် ရှေ့နေခများကို မှတ်တမ်းထားရ သည်။ အသုံးစရိတ်များလည်း မှတ်ရသည်။ သူကိုယ်တိုင်ဝယ်ပြီး သူ၏ နှစ်ဒေါ်လာခွဲတန် ဘဏ်စာရင်းဖြင့် ဖြတ်တောက်ခဲ့ရသော ထင်းဖိုးနှင့် မီးဖိုချောင်အတွက် မီးခိုးထုတ် ပိုက်လုံးဖိုး ၈.၅ ဒေါ်လာခွဲစသည်မျိုး ဖြစ်သည်။ လင်းကင်းသည် အချိန်အတော်ကြာ မှတ်တမ်းများကို ဂရုတစိုက် မှတ်သားခဲ့သည်။ နောက်တော့ သည်းပင်ပန်းလာ၍ ကြားတွင် ပျက်ကွက်မှုများ ဖြစ်လာသည်။ လင်းကင်းနှင့် စတူးဝပ် တို့ နှစ်ဦးစလုံးမှာ စနစ်မကျလှ။ စာရွက်စာတမ်းများကို အံဆွဲများ ထဲတွင် ထိုးသိပ်ထည့်ထားတတ်ကြသည်။ အိတ်များထည့်လိုထည့်၊ မိုးခိုးပိုက်

www.burmeseclassic.com

အဖုံးထဲတွင် ထိုးလိုထိုးထား လုပ်ကြသည်။ တစ်ခါတစ်ရံတွင် စာရွက်စာတမ်းများ ရှာမတွေ့မှုကြောင့် နမော်နမဲ့ဖြစ်ရပုံကို အမှုသည်များ အားကောင်းပန်ခဲ့ကြရသည်။ စတူးဝပ် ဝေါ်ရှင်တင်သို့ ထွက်ခွာသွားပြီးနောက်တွင် အမှုသည်တစ်ဦးက အင်္ဂလာစာချုပ်တစ်ခုကို စတူးဝပ်ထံ ပေးထားသည်။ အမှုမပြီးသေးဆိုပြီး လင်းကင်းကို တကျည်းကျည်းလုပ်ခဲ့၍ စတူးဝပ်ကို ဖြေရှင်းခိုင်းခဲ့ရသည်။

စာရင်းဇယားမှတ်တမ်းများ စနစ်မကျစေကာမူ သူတို့၏ အစုစပ်ရေ့နေလုပ်ငန်းသည် အောင်မြင်ခဲ့သည်။ လင်းကင်းအား ရေ့နေအဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်စေမည့် ထူးခြားသော အခွင့်အလမ်းများ ဖန်တီးပေးခဲ့သည်။ စတူးဝပ်သည် ကွန်ဂရက်လွှတ်တော်တွင် အမှုထမ်းရင်း ဝေါ်ရှင်တင်သို့ ထွက်ခွာသွားရာ လုပ်ငန်းကို လင်းကင်းတစ်ဦးတည်း ဦးဆောင်ခဲ့ရလေသည်။ လင်းကင်းက မှတ်တမ်းစာအုပ်တွင် "၁၈၃၉ ခုနှစ် နိုဝင်ဘာလ ၂ ရက်၊ လင်းကင်း၏ အုပ်ချုပ်မှု စတင်သောနေ့" ဟု မှတ်သားလိုက်လေသည်။

(၄)

အစောပိုင်းနှစ်များက လင်းကင်းသည် သူ၏ ရေ့နေအလုပ်ကို သူ၏ နိုင်ငံရေးအာသီသဖြစ်မှုအတွက် အဖြည့်ခံအလုပ်တစ်ခု အဖြစ် သဘောထားခဲ့ပုံရသည်။ စပရင်းဖီးလ်တွင် အသားပင် မကျသေး။ သူ၏ နိုင်ငံရေးပြိုင်ဘက်များအပေါ်တွင် ထိုးနှက်ရန် အခွင့်အလမ်းရမည့် အမှု တစ်ခုကို လက်ခံခဲ့သည်။ ၁၈၃၇ ခုနှစ်၊ မေလတွင် မစ္စက် မေရီ အဲန်ဒါဆင်နှင့် သားဖြစ်သူ ရစ်ချတ်တို့က ရှေ့နေ မပြောဘဲ အမှုတစ်ခုကို လင်းကင်းနှင့် စတိုးဝပ်ထံတွင် လာအပ်ခဲ့သည်။ စပရင်းဖီးလ်၏ မြောက်ဘက်

ရှင် ဂျိမ်းစ် အယ်ဒမ်းစ်ဆိုသူက အပိုင်စီးထားသော မြေ ၁၀ ဧကာ ပြန်ရလိုမှုဖြစ်သည်။ အယ်ဒမ်းစ်မှာ စပရင်းဖီးလ်တွင် ထင်ရှားသော အိုးအိမ်ရက် အရာရှိတစ်ဦးဖြစ်သည်။ သူယူထားသော မြေကွက်မှာ မစ္စက် အဲန်ဒါဆင်၏ မကြာမီက သေဆုံးသွားခဲ့သော ခင်ပွန်းသည်၏ မြေများ ဖြစ်သည်ဟု သူမက တင်ပြခဲ့သည်။ မှတ်တမ်းများကို ပြန်လည်ကြည့်ရှုစစ်ဆေးရာတွင် မြေ များကို အယ်ဒမ်းစ်က စာချုပ်မှာ လိမ်လည်ယူထားခြင်းဖြစ်ကြောင်းနှင့် မစ္စက် အဲန်ဒါဆင်၏ တိုင်တန်းမှုမှာ မှန်ကန်ကြောင်း ထင်းကင်း တွေ့ရှိခဲ့သည်။ လင်းကင်းသည် စပရင်းဖီးလ်မှ ဝါအရင့်ဆုံးနှင့် အတော်ဆုံးရေ့နေ စတီဖင် လိုဂင်ကို အတိုင်ပင်ခံအဖြစ်ထားကာ အမှုကို ဆန်းကဲမွန်းခရိုင် ပတ်လည်တရားရုံးတွင် တရားစွဲဆိုလိုက်သည်။

ထိုအချိန်အထိ လင်းကင်းသည် အမှုကို ဒွေရရှိရေးသက်သက်အတွက်သာ ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း မကြာမီတွင် အယ်ဒမ်းစ် အပေါ်တွင်ထားရှိသည့် သူ၏ ခါးသီးသော နိုင်ငံရေးမုန်းတီးမှုစိတ်များက ဝင်လာခဲ့သည်။ အယ်ဒမ်းစ်မှာ အတိတ်မရှင်းသောသူဖြစ်သည်။ နယူးယောက်တွင် မြေဧက ၆၀၀ အထိ စာချုပ်စာတမ်းလိမ်များဖြင့် အလွဲသုံးစား ပြုလုပ်မှုများအတွက် တရားစွဲဆိုခံရမှုများကို ရှောင်ရှားရန် နယူးယောက်မှ ထွက်ပြေးလာသူဖြစ်သည်။ အယ်ဒမ်းကို လင်းကင်း ကိုယ်တိုင်ထွက်ခဲ့သော အကြောင်းတစ်ခုကလည်း ရှိနေသည်။ အယ်ဒမ်းစ်သည် ဆွေးစာတမ်း စစ်ဆေးမှု တရားသူကြီး၏ ရာထူးအတွက် ဝင်ရောက် ယှဉ်ပြိုင်ရန် ကိုယ်စားလှယ်တင်သွင်းခဲ့သည့်ကိစ္စ ဖြစ်သည်။ ထိုအချိန်တွင် အဆိုရှိတရားသူကြီးမှာ လင်းကင်း၏ မိတ်ဆွေရင်း ဝှစ်ပါတီဝင် ဒေါက်တာ အင်ဆင် ဟဲန်နရီဖြစ်ခဲ့သည်။

အယ်ဒမ်းစ်အား တရားစွဲဆိုမှုကို တရားရုံးတော်က ခေတ္တရပ်ဆိုင်းထားသော ကာလအတွင်း၌ အမှုအကြောင်းကို သတင်းစာများတွင် ပါဝင် ရေးသား လင်းကင်းနှင့် လုပ်ဖော်ကိုင်ဖက် ရေ့နေများက ကြိုးစားခဲ့ကြသည်။

www.burmeseclassic.com

"ဆမ်ဆင်၏ တဆ္ဆေကြီး" အမည်ဖြင့် သူတို့သည် ဆန်ဂါမိုးကျာနယ်သတင်းစာ အယ်ဒီတာထံပေးစာ ခြောက်စောင်ကို အပတ်စဉ်ရေးသားပေးပို့ခဲ့ကြသည်။ "အယ်ဒဲမ်းစ်သည် မည်သည့် အာဏာဖြင့် စပရင်းဖီးလ်တွင် မြေကွက်ကြီး နှစ်ကွက်ကို ပိုင်ဆိုင်နေကြောင်း ပြည်သူလူထုထံသို့ ရှင်းပြသင့်သည်" ဟု ရေးသားခဲ့ပြီး မစ္စက်အဲန်ဒါဆင်၏ မြေများကိုလည်း လိမ်ယူထားပုံ အကြောင်း မြွက်ဟဖော်ပြခဲ့ကြသည်။

၁၈၃၇ ခုနှစ် နွေရာသီနှင့် မိုးဦးကျကာလတို့၌ သတင်းစာများတွင် အယ်ဒဲမ်းစ်အပေါ် စွပ်စွဲချက်များနှင့် အယ်ဒဲမ်းစ်နှင့်မိတ်ဆွေများ၏ တန်ပြန်စွပ်စွဲချက်သတင်းများ ပလူပျံအောင် ဖော်ပြခဲ့သည်။ "ဆမ်ဆင်၏ တဆ္ဆေကြီး" စာအားလုံးကို လင်းကင်းတစ်ဦးတည်း ရေးသားချင်မှ ရေးသားခဲ့ပေမည်။ သို့သော်လည်း အယ်ဒဲမ်းစ်က လင်းကင်းကို အဓိကရန်သူအဖြစ် သတ်မှတ်ပြီး လင်းကင်း၏ အချက်အလက်များကို ပြန်လည်ထိုးစစ်ဆင်ရေးသားခဲ့သည်။ လင်းကင်း၏ အစဉ်အလာနှင့် မတူသော ဘာသာရေးအယူအဆများကို အမြဲတံထုတ်လျက် လင်းကင်းအား နတ်ဘုရားတစ်ဆူဖြစ်သည်ဟု စွပ်စွဲခဲ့သည်။ လင်းကင်းကလည်း စာတမ်းကြော်ငြာတစ်ခုနှင့် ပြည်သူသို့ အစီရင်ခံစာ နှစ်စောင်ကို ရေးသားဖြန့်ဝေခဲ့သည်။ အယ်ဒဲမ်းစ်၏စာများကို သိကွာဂ်ကျအောင် ရေးသားခဲ့သည်။ အယ်ဒဲမ်း၏ ကြိုးပမ်းချက်များသည် သူ့အား မကောင်းပြောသူမှန်သမျှကို ဖဲ့ပစ်ရန်၊ ကွဲပြားစေရန်၊ အတင်းအဓမ္မပြုရန်၊ တိုက်ခိုက်ရန်၊ ရှုပ်ထွေးအောင်လုပ်ရန်၊ လွှမ်းမိုးရန်၊ သုတ်သင်ရန်၊ ရှင်းလင်းရန်၊ ချေမှုန်းရန်၊ အစိတ်စိတ်အမြွာမြွာကွဲပြားစေရန်နှင့် သူ့ကို မကောင်းပြောသူများကို အမှုန့်ဖြစ်သည်အထိ ချေမှုန်းပစ်ရန် လုပ်ဆောင်ချက်များဖြစ်သည်ဟု ရေးသားသရော်ခဲ့သည်။

အငြင်းအပွားမှသည် ကောင်းအောင်ဆိုဆုံးမရာနှင့် အလုပ် သဘောဆန်မှု မရှိခဲ့ပေ။ လိုရင်းများ ပျောက်သွားခဲ့သည်။ မိုးဦးကျတွင် ပြုလုပ်သော ရွေးကောက်ပွဲ၌ ဆန်ဂါမွန်းခရိုင်သားများက လင်းကင်း၏ စွပ်စွဲချက်များကို

အလေးမထားခဲ့ကြပေ။ အယ်ဒဲမ်းစ်ကို တရားသူကြီးအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ မစ္စက်အဲန်ဒါဆင်၏ အမှုနှင့် အလားတူ ဆက်စပ်မှုရှိသောအမှုများကို တရားရုံးက နှစ်ပေါင်းများစွာ အချိန်ဆွဲထားခဲ့သည်။ ၁၈၄၃ ခုနှစ်တွင် အယ်ဒဲမ်းစ် သေဆုံးသွားချိန်အထိ မြေများသည် သူ့လက်ထဲမှာပင် ရှိခဲ့သည်။

လင်းကင်းသည် ပြည်နယ်ကိုယ်စားလှယ်များ၏ အစည်း အဝေးခွဲပြင်းထန်သော ပါတီခွဲကို ဆန္ဒခွဲလက်ပြသခဲ့သည်။ စပရင်းဖီးလ်သို့ မြို့တော်ရွှေ့ပြောင်းရေးလုပ်ငန်းများ မပြီးစီးခင် ရပ်ဆိုင်း ထားခဲ့သည်။ အစည်းအဝေးကို ဗန်ဒါလီယာခွဲပင် ဆက်လက်ကျင်းပခဲ့သည်။ လင်းကင်းလည်း အတွေ့အကြုံပိုရလာသည်။ သို့သော်လည်း ဝှစ်ကိုယ်စားလှယ်များ၏ ခေါင်းဆောင်လောင်းအဖြစ် နှစ်ကြိမ် ကြုံးပမ်းမှုမှာ မအောင်မြင်ခဲ့ပေ။ လင်းကင်းသည် ၁၈၃၈–၁၈၃၉ ခုနှစ်တွင် ကော်မတီ ၁၄ ခုထက်မနည်းတွင် တာဝန်ထမ်းဆောင်ခဲ့ ရသည်။ အရေးပါသော ဘဏ္ဍာရေးအဖွဲ့တွင်လည်း ပါဝင်ခဲ့ရသည်။ သို့သော်လည်း လင်းကင်းသည် လူနည်းစု ဝှစ်ပါတီဝင်များအား စည်းရုံးရေးနှင့် အုပ်ချုပ်မှုလုပ်ငန်းများကို နောက်ကွယ်တွင် အများဆုံးပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင်လည်း ပေါ့ပေါ့ပါးပါးနှင့် လွတ်လွတ်လပ်လပ် အချေအတင် ပြောဆိုခဲ့သည်။ တစ်ခါတစ်ရံတွင် အစည်းအဝေးခွဲပေါ့ပျက်ပျက်ဟာသများဖြင့် မြူးကြွစေခဲ့သည်။ တစ်ကြိမ်တွင် မောင့်ဂို မာရီခရိုင်မှ ကိုယ်စားလှယ်တစ်ဦးက ပြည်တွင်းပိုင်းဒေသများ ဖွံ့ဖြိုးမှုကြောင့် တက်လာမည့် ကြွေးမြီများနှင့် လိုငွေများအကြောင်းကို စိုးရိမ်မိပုံကို ထုတ်ပြောခဲ့သည်။ ထိုအခါတွင် လင်းကင်းက "အရာရာတွင် ကြီးကြီးမြင့်ပြီး ကြဲကြဲဖန်ဖန် ကြောက်တတ်သော နာမည်ကြီး အူကြောင်ကြောင်လူပျိုကြီး တစ်ယောက်အကြောင်းကို သတိရမိသည်"ဟု လင်းကင်းက အစချီခဲ့သည်။ လူပျိုကြီးသည် အမဲလိုက်ရင်း သစ်ပင်တစ်ပင်ထိပ်တွင် ရှဉ့်တစ်ကောင်ကို မြင်သည်ဆိုပြီး သေနတ်ဖြင့် ထပ်ခါထပ်ခါ ပစ်ခဲ့သည်ဟုဆိုသည်။ သူ၏

www.burmeseclassic.com

ညီဖြစ်သူက အသေအချာကြည့်ရာ ဘာရှဉ့်မှ မတွေ့မြင်ခဲ့ရ။ သို့ဖြင့် ညီဖြစ်သူက အစ်ကို၏ တစ်ကိုယ်လုံးကို လျှောက်ကြည့်ရာ မျက်တောင်မွေးများ အကြားဌ သန်းကြီးတစ်ကောင် သွားနေပုံကို တွေ့ရသည်။ လင်းကင်းက "ယခု မောင့်ဂိုမာရီ ကိုယ်စားလှယ်တော်ကြီးလည်း အဲဒီအတိုင်း ဖြစ်နေပါပြီ။ သူလည်း နေ့တိုင်း သန်းတွေကို ရှဉ့်တွေလို့ မြင်နေပုံ ရနေပါပြီ" ဟု ပြက်လုံးထုတ်လိုက်လေသည်။

ကိုယ်စားလှယ်များ အစည်းအဝေးဌ စပရင်းဖီးလ်ကို အကာအကွယ်ပေးရေးမှာ လင်းကင်း၏ အဓိကရည်မှန်းချက်ဖြစ်ခဲ့သည်။ လင်းကင်းသည် စပရင်းဖီးလ်အား မြို့အဖြစ် သတ်မှတ်ရေး၊ စပရင်းဖီးလ်တွင် အစိုးရရုံးအဆောက်အဦ ပြီးမြောက်ရန် ပြည်နယ်မှ ရန်ပုံငွေ ထောက်ပံ့မှု ရရှိရေးတို့အတွက် ဥပဒေရေးဆွဲတင်ပြခဲ့သည်။ ပြည်နယ်မြို့တော်ကို စပရင်းဖီးလ်သို့၊ မရွှေ့ပြောင်းမီကာလအတွင်းဌ ထိုဥပဒေ ပယ်ဖျက်ရေးအတွက် ဗန်ဒါလီယာကို လိုလားသူများက အကြိမ်ကြိမ် ကြိုးစားခဲ့ကြသေးသည်။ ၁၈၃၇ ခုနှစ် ကိုယ်စားလှယ်များ အစည်းအဝေးဌ ဗန်ဒါလီယာကိုယ်စားလှယ်ဗိုလ်ချုပ်ကြီး အေဝင်းက စပရင်းဖီးလ်တွင် ပြည်နယ်အစိုးရ ရုံးစိုက်ရန် နိုင်လိုမင်းထက် ပြုလုပ်သည်ဟု ဂျက်ချခဲ့သည်။ ဥပဒေသည် စကားတန်ဆာဆင်ပြီး လိမ်ညာမှုဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု သူက ဝေဖန်ခဲ့သည်။ ဆန်ဂါမွန်းကိုယ်စားလှယ်အဖွဲ့၏ ရွေးချယ်တာဝန်ပေးချက်အရ လင်းကင်းက ပြန်လည်ထိုးစစ်ဆင် ချေပခဲ့သည်။ လင်းကင်း၏ စကားများမှာ ပြင်းထန်ရင့်သီးလွန်းသဖြင့် လင်းကင်းနှင့် ဗိုလ်ချုပ် အေဝင်းတို့ တစ်ဦးချင်း စိန်ခေါ်ပွဲဖြစ်လိမ့်မည်ဟု အကဲခတ်သူများက ထင်ခဲ့ကြသည်။

စပရင်းဖီးလ်အတွက် ခုခံကာကွယ်ပြောဆိုရာဌ လင်းကင်းအတွက် ဆက်နွယ်သော စိတ်ဝင်စားမှုများလည်း ရှိခဲ့သည်။ ၁၈၃၇ ခုနှစ် အကျပ်အတည်းဖြစ်ခဲ့ပြီးချိန်တွင် ပြည်တွင်းပိုင်းဒေသများ ဖွံ့ဖြိုးရေးအတွက်

လင်းကင်းသည် ကြီးမားသောရည်မှန်းချက်များ ထားရှိခဲ့သည်။ လင်းကင်းသည် သူ၏ မြင့်မားသော ရည်မှန်းချက်များ ဖြစ်လာရေးအတွက် စပရင်းဖီးလ်ကို ခုခံကာကွယ်ခဲ့ခြင်းဖြစ်သည်။ ပြည်နယ်၏ အခွန်ဝင်ငွေများ ကျဆင်းမှုနှင့် အီလီနွိုင်းငွေချေးစာချုပ် များအတွက် ဈေးကွက်ပြိုကွဲခဲ့ခြင်းကြောင့် ပါတီနှစ်ခုစလုံးမှ ခေါင်းဆောင်များသည် ပြည်နယ်အတွင်း၌ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ကန့်လန့်ဖြတ် ရထားလမ်းများ၊ တူးမြောင်းများဖောက်လုပ် ရေစီမံကိန်းများကို ဖြတ်တောက်လိုကြသည်၊ သို့ မဟုတ် စွန့်လွှတ်လိုကြသည်။

လင်းကင်းအတွက်တော့ သည်လိုမဟုတ်။ ပြည်တွင်းပိုင်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ထောက်ခံခြင်းကြောင့် အပြန်အလှန် အားဖြင့် ဆန်ဂါမွန်းခရိုင်သည် ကြီးမားပြီး အရေးပါသော အခွင့်အရေးများ ရရှိခဲ့ပုံကို လင်းကင်းက ဝန်ခံခဲ့သည်။ သို့သော်လည်း ထိုစနစ်ကို ဆန်ဂါမွန်းခရိုင်က ဥပဒေအရ ထောက်ခံခဲ့ခြင်း မဟုတ်ဘဲ စိတ်ဓါတ်ရေးရာအရ ထောက်ခံခဲ့ခြင်းဖြစ်ကြောင်း လင်းကင်းက ကြေညာခဲ့သည်။ ဥပဒေမှာ အားနည်းချက်ရှိနေကြောင်း သိရှိခဲ့သည်။ ပြည်တွင်းပိုင်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးမှာ ရေ့ရှည်တွင် အရေးပါသည် ဟု ယုံကြည်ခဲ့သည်။ ခရိုင်တွင်နေပြီဖြစ်ရာ နောက်ပြန်ဆုတ်လိုက်လျှင် ဒီအကျာကျပြီး အကြီး အကျယ် ဆုံးရှုံးမည်သာဖြစ်သည်ဟု လင်းကင်းက ယုံကြည်ခဲ့သည်။ ▪

လင်းကင်းသည် ပြည်တွင်းပိုင်းဒေသများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခိုင်အမာ ထောက်ခံသည်နည်းတူ အီလီနွိုင်းပြည်နယ်ဘက်လည်း ပြင်းထန်စွာထောက်ခံခဲ့သည်။ သူသည် အခြားဝန်ကြီးများ နည်းတူ အားကောင်းသော အမျိုးသားဘဏ်ရှိရေးကို လိုလားခဲ့သည်။ အထူးသဖြင့် ဆင်ဒရူး ဂျက်ဆင်က အမေရိကန်ပြည်ထောင်စုဘဏ်၏ ဩဇာအာဏာရှိမှုကို ဖျက်ဆီးခဲ့ပြီးသည့်နောက်တွင် လင်းကင်းသည် အီလီနွိုင်းပြည်နယ်ဘဏ်နှင့် စပရင်းဖီးလ်ရှိ ပြည်နယ်ဘဏ်ခွဲ အပေါ်တွင် သစ္စာရှိစွာ

www.burmeseclassic.com

ထောက်ခံခဲ့သည်။ ဘဏ်ကို စစ်ဆေးရန် ဒီမိုကရက်များ၏ အဆိုပြုချက်ကို အနိုင်ရအောင် လုပ်ဆောင်ခဲ့သည်။ ၁၈၃၉ ခုနှစ်တွင် ဒီမိုကရက်တစ်ဦး တို့.ဘက်မှ မဲအသာရသွားသည်။ သို့သော်လည်း ဘဏ်ကိစ္စများ စစ်ဆေး ရေးကော်မတီတွင် အဖွဲ့.ဝင် တစ်ဦးအဖြစ် သူပါဝင်အောင် လင်းကင်းလုပ်နိုင် ခဲ့သည်။ အခြား ဥပဒေရေးရာလုပ်ငန်းများ ရှုပ်နေသည့်ကြားမှ စစ်ဆေး ရေးကော်မတီ အစည်းအဝေးများကို အတော်မှန်အောင် တက်ခဲ့သည်။

ဘဏ်၏အခြေအနေမှာ မရေမရာဖြစ်ခဲ့သည်။ ဒီမိုကရက်တို့ သည် ဘဏ်မှန်သမျှကို မူအားဖြင့် ဆန့်ကျင်ခဲ့ကြ၍ဖြစ်သည်။ အထူးသဖြင့် စပရင်းဖီးလ်ရှိ ဝှစ်တို့.၏ဘဏ်ကို ရန်လိုကြပြီး ဖျက်သိမ်းစေရန်အတွက် အကြိမ်ကြိမ်လှုံ့ဆော်စည်းရုံးခဲ့ကြသည်။ ဘဏ်ကို ကယ်တင်ရန်အတွက် လင်းကင်း လက်ကုန်ခဲ့ရသောအခါများပင် ရှိခဲ့သည်။ လက်ရှိဥပဒေက ဘဏ်၏ ပဋိညာဉ်ကို အသိမ်းခံရရန် ခွင့်ပြုသလိုရှိနေသဖြင့် ဘဏ်ကို အသက်ရှူပေါက်ရအောင် လုပ်ပေးဖို့ အနေအထား အလွန်နည်းပါးသည် ဟုပင် လင်းကင်း ညည်းညူခဲ့မိသည်။

သို့သော်လည်း လင်းကင်းသည် ဘဏ်များ မဖျက်ရေးဘဏ်မှ ဆက်လက်ရပ်တည်ခဲ့၏။ နှုန်းချိရသည့် ချောက်ပေါက်တစ်ခုကိုပင် တိုးခဲ့ ရသည်ဟု လင်းကင်းက ပြန်ပြောခဲ့သည်။ ၁၈၄၀ ခုနှစ်၊ ဒီဇင်ဘာလတွင် ကိုယ်စားလှယ်များ၏ အစည်းအဝေးကို စပရင်းဖီးလ်၌ ကျင်းပခဲ့သည်။ ဘဏ်မှ ငွေအကြွေများ ထုတ်ပေးခြင်းကို အစည်းအဝေးပြီးသည်အချိန် အထိသာ ထိန်းသိမ်းခွင့်ပြုထားသည်။ ဘဏ်မှ ငွေအကြွေများကို မခြွင်း မနေ ထုတ်ပေးရမည်ဆိုလျှင် ဘဏ်တွင် ချက်ချင်း ငွေပြတ်သွားမည်ဖြစ် သည်။ ထို့ကြောင့် ဘဏ်ကို သတ်လိုသော ဒီမိုကရက်များက ဥပဒေ ကိုယ်စားလှယ်အဖွဲ့. အစည်းအဝေးကို ရပ်ဆိုင်းလိုကြသည်။ လင်းကင်းနှင့် ဝှစ်တို့.က အစည်းအဝေးကို မရပ်ဆိုင်းစေရေးအတွက် အကြံထုတ်ခဲ့ ကြသည်။ အစည်းအဝေးသို့ ဝှစ်များ မတက်ရောက်လျှင် အစည်းအဝေး

ရပ်ဆိုင်းရေး ဆုံးဖြတ်ရန် ကိုရမ်မဲ ပြည့်တော့မည် မဟုတ်ပေ။ ဝှစ်တို့.သည် လင်းကင်းနှင့် လက်ထောက်နှစ်ဦးကိုသာလျှင် အစည်းအဝေး အခြေအနေ ကို စောင့်ကြည့်ရန်ထားပြီး ထွက်သွားခဲ့ကြသည်။ ဒီမိုကရက်များတို့.က အစည်းအဝေးရပ်ဆိုင်းရန် လုပ်ဆောင်လာလျှင် ဆုံးဖြတ်ချက်အတွက် ကိုရမ်မဲ ပြည့်မပြည့် တက်ရောက်သူများ အမည်စာရင်းကို စစ်ဆေးခိုင်း ရန်အတွက် လင်းကင်းကို ထားခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးကို ညမိုင်းအထိ အချိန်ဆွဲပြုလုပ်ခဲ့ကြသည်။ ကိုရမ်မဲ အရေအတွက် ပြည့်စေရေးအတွက် နေမကောင်း၍ အိပ်ရာထဲ တွင်နေကြသော ဒီမိုကရက်ကိုယ်စားလှယ်များပင် အစည်းအဝေး တက်ခဲ့ ကြသည်။ လင်းကင်းလည်း ခေါင်းထူပူပြီး ပထမအကြိမ်တွင် မဲထပေး ခဲ့သည်။ ထို့နောက်မှ အစည်းအဝေး ရပ်ဆိုင်းမှုကို တားမြစ် နိုင်ရန်အတွက် လင်းကင်းနှင့် အဖွဲ့.သည် အစည်းအဝေးမှ ထွက်ခွာရန် ကြိုးစားခဲ့သည်။ ဘဏ်ကို သော့ခတ်ဆောင့်နေသော လက်နက်ကိုင် တံခါးစောင့်ရဲများက သူတို့.ကို အပြင်ထွက်ခွင့် မပြုဘဲ တားမြစ်ခြင်းခံခဲ့ရသည်။ သူတို့.သည် နောက်ထပ် ပြတင်းပေါက်မှ နှုန်ချခဲ့ကြရသည်။ သူတို့.၏လုပ်ဆောင် ချက်များလည်း အချည်းနှီးဖြစ်သွားခဲ့သည်။ အစည်းအဝေး သဘာပတိက သူတို့.ကို အစည်းအဝေးတက်ရောက်ပြီး မဲပေးသူများအဖြစ် စာရင်းထည့် သွင်းသောကြောင့်ဖြစ်သည်။ အစည်းအဝေး ရပ်ဆိုင်းရန်လည်း အတည် ပြုသွားပြီး ဘဏ်ကိုဖျက်သိမ်းရန် အကြံလည်း အောင်မြင်သွားသည်။ ဤအဖြစ်အပျက်သည် ဒီမိုကရက်တစ်တို့.အတွက် ဖျော်စရာကြီးဖြစ်ခဲ့သည်။ လင်းကင်းနှင့် လူပျံတော် ညီအစ်ကိုများ" ဟူ၍လည်းကောင်း၊ လင်းကင်း ကိုတော့မူ မရှိခဲ့ဘူး။ "သူ.ခြေထောက်တွေက ပြတင်းပေါက်ကနေ မြေကြီး ကိုအောတ် ရှည်လျားနေလို့.ပေါ့" ဟူ၍လည်းကောင်း ဒီမိုကရက်များက ပြောင်ပြောခဲ့ကြသည်။

နောက်နှစ် အစည်းအဝေးတွင် ဘဏ်ကိစ္စကို ထပ်ပြီး ဘင်ပြ

www.burmeseclassic.com

www.burmeseclassic.com

ဆွေးနွေးခဲ့ကြပြန်သည်။ သည်တစ်ကြိမ်တွင် လင်းကင်းသည် စိတ်
အေးအေးထားခဲ့သည်။ လင်းကင်း၏ ခုခံမှုလည်းပျော့သွားသည်။ လင်
ကင်းက အချေအတင် စကားစစ်ထိုးပြီးနောက် "ဒီမိုကရက်တို့က ဘဏ်ကို
ချေမှုန်းရန် ကြိုးစားခဲ့သည်" "ကျွန်တော်က ဘဏ်ကိုရော၊ ပြည်နယ်
အတွက်ရော ကယ်တင်ဖို့ ကြိုးစားခဲ့သည်" ဟု လင်းကင်းက ပြောခဲ့သည်။
ပြီးတော့ "ဘဏ်ကိစ္စပြောရတာ ပင်ပန်း လာပါပြီ။ ဘဏ်ကိစ္စကို ဆက်ပြီး
စစ်ပွဲနဲ့ကြရမယ်ဆိုရင်လည်း မြန်မြန် အဆုံးသတ်သွားတာ ကောင်းပါ
လိမ့်မယ်" ဟု လင်းကင်းက စိတ်နွမ်းလျစွာ ကြေညာလိုက်လေသည်။

(၅)

လင်းကင်းသည် ပြည်နယ်ဥပဒေပြုကိုယ်စားလှယ်အစည်းအဝေး
တွင် ဝှစ်ပါတီ၏ ခေါင်းဆောင်ဖြစ်လာသည်။ ဝှစ်ပါတီအတွက် စည်းရုံး
မှုကိုလည်း မဟာနိုင်မပမ်းနိုင် ဆောင်ရွက်ခဲ့သည်။ သူသည် စပရင်း
ဖီးလ်တွင်သာမက အီလီနွိုင်းပြည်နယ် အလယ်ပိုင်းတွင် ထင်ရှားသော ဝှစ်
ခေါင်းဆောင်တစ်ဦးလည်း ဖြစ်လာခဲ့သည်။ ၁၈၃၈ ခုနှစ်တွင် ဂျွန်ေ
အလုပ်ဖြင့် ခရိုင်တရားရုံးအားလုံးသို့ သွားရောက် အမှုလိုက်ရင်း နိုင်ငံ
ရေးကိုလည်း ပူးတွဲလုပ်ခဲ့သည်။ အမေရိကန်ကိုယ်စားလှယ်များ လွှတ်တော်
တွင် အမတ်တစ်နေရာ အလွှဲခံရရေးအတွက် ဝင်ပြိုင်မည့် စတူးဝပ်အတွက်
စည်းရုံးမဲဆွယ်ပေးခဲ့သည်။ စတူးဝပ်နှင့်ပြိုင်မည့် ဒီမိုကရက်ကိုယ်စားလှယ်
လောင်းမှာ လင်းကင်းနှင့် နိုင်ငံရေးပြိုင်ဘက် စတီဖင် အေ ဒပ်ဂလပ်စ်
ဖြစ်နေ၍ လင်းကင်းက အထူးစိတ်ဝင်စားစွာ ဆောင်ရွက်ပေးခြင်းဖြစ်သည်။
လင်းကင်းသည် သူ၏မိတ်ဆွေများအား တက်တက်ကြွကြွရှိရန် လှုံ့ဆော်
ခဲ့သည်။ "ကျွန်တော်တို့ ကိုယ့်တာဝန်ကို ကျေအောင်လုပ်ရင် ကွန်ဂရက်

ကောက်ပွဲမှာလည်း အောင်မြင်မှာဖြစ်တယ်။ ကျွန်တော်တို့ ဘက်က
နည်းနည်းလျော့လိုက်ရင် တော့ ရှုံးမှာပဲ" ဟု လင်းကင်းက ပြောခဲ့သည်။

၁၈၄၀ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် ဝှစ်သမ္မတ ကိုယ်
စားလှယ်လောင်းအဖြစ် ဝှစ်တို့သည် ဟဲန်နရီ ကလေး[4]ကို စွန့်ခွာပြီး ဝိလျံ
ဟဲန်နရီ ဟယ်ရီဆင်ကို ရွေးချယ်ခဲ့ကြသည်။ ကလေးမှာ ဝှစ်ပါတီကို စတင်
တည်ထောင်ခဲ့သူတစ်ဦးဖြစ်သည်။ ဟယ်ရီဆင်မှာ တစ်ပါကနူးစစ်ပွဲ[5]တွင်
သူရဲကောင်းတစ်ဦးဖြစ်ခဲ့သည်။ ဒီမိုကရက်ပါတီမှ မာတင် ဗန် ဘျူရင်နှင့်
ပြိုင်ရမည်ဖြစ်သည်။ လင်းကင်းသည် ဟယ်ရီဆင်အား ရွေးချယ်မှုအတွက်
ဦးဆောင်ခဲ့သည်။ ဒီမိုကရက် အယ်ဒီတာတစ်ဦးက ဟယ်ရီဆင်မှာ သစ်လုံးတဲ
အိမ်ထဲတွင် ချက်အရက်သာ သောက်နေလိုသည့် အဘိုးကြီးတစ်ဦးသာ
ဖြစ်သည်ဟု သရော်ရေးသားခဲ့သည်။ ထိုအမှားသည် ဝှစ်တို့အတွက်
အပြတ်ထွက် သွားခဲ့လေသည်။ ဗန် ဘျူရင်မှာ အထက်တန်းလွှာတစ်ဦး
ဖြစ်ရာ ဟယ်ရီဆင်သည် ပြည်သူထဲက လူတစ်ယောက် ဖြစ်သွားလေသည်။
သို့သော်လည်း လင်းကင်းက ဝှစ်ပါတီ၏ လူပြိုန်းကြိုက် မဲဆွယ် တရား
ဟောမှုများဖြင့် မဲမရနိုင်မည်ကို ကြောက်ရွံ့ခဲ့သည်။ လင်းကင်းက ဒီမို
ကရက်တို့၏ စည်းရုံးရေးကောင်းမှု၊ နောက်လိုက်များများရအောင် စည်းရုံး
နှိုး အားစိုက်ဆောင်ရွက်မှုတို့ကို နမူနာထားပြီး ပြောဆိုခဲ့သည်။ ဝှစ်တို့
မဲရေးအတွက် ပြည်သူ့စစ်တစ်ပိုင်းပုံစံဖြင့် စည်းရုံးရေးအစီ အစဉ်တစ်ခု
ကို ရေးဆွဲခဲ့သည်။ ခရိုင်ကို အုပ်စိုးနေသည့် ပျက်စီးချစားနေသော
အာဏာရှိသူများကို ဖြုတ်ချရန်အတွက် ဝှစ်ပါတီ မဲများများ ရရန်လိုသည်။
ထို့ကြောင့် ခရိုင်တိုင်း၊ နယ်ဖြေတိုင်းနှင့် ဒေသစိတ်တိုင်းတွင် ခေါင်း
ဆောင်များခန့်ထားရန် လင်းကင်းက တိုက်တွန်းခဲ့သည်။ သူတို့၏
အာဝန်မှာ လာမည့် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဝှစ်ပါတီ လိုလား
သူတိုင်း မဲရုံများသို့ လာရောက်၍ မဲပေးစေရေးအတွက် သေချာအောင်
စည်းရုံးပေးရေး ဖြစ်လေသည်။

www.burmeseclassic.com

လင်းကင်းသည် ပြဿနာများကို ပြည်သူ့.ရှေ့.မှောက်သို့ တင်ပြရန် သူ့.တာဝန်ကျေစေခဲ့သည်။ လင်းကင်းသည် ဂုစ်ပါတီ၏ စီးပွားရေးပေါ်လစီများကို ခုခံကာကွယ်ပြောဆိုရန် ပြင်ဆင်ခဲ့သည်။ သူနှင့် ဂုစ်လူငယ် နိုင်ငံရေးသမားအချို့.သည် စပိဆိုင်နောက်ဖက်ခန်းရှိ မီးဖိုကြီးဘေးတွင် ညစဉ်ညတိုင်းလိုလို ပြဿနာများကို ဆွေးနွေးခဲ့ကြသည်။ အပြန်အလှန်ပြောဆိုကြသည်။ လင်းကင်း၏ စကားစစ်ထိုးမှု အရည်အသွေးများ တက်လာခဲ့သည်။ သူ့.အတွက် အခွင့်အရေးတစ်ရပ်လည်း ပေါ်လာခဲ့သည်။ တစ်ညတွင် အပြင်းအထန် ဆွေးနွေးကြရင်း ပြည်နယ်ဒီမိုကရက်ပါတီ ဥက္ကဋ္ဌဖြစ်လာသူ ဒပ်ဂလပ်စ်က စိန်ခေါ်ခဲ့သည်။ မဲဆွယ်တရားပွဲတွင် အတိုက်အခံပါတီဝင်များက လူထုရှေ့.မှောက်တွင် ဆွေးနွေးရန် ဒပ်ဂလပ်စ်က စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

ပထမဆုံး နိုင်ငံရေးစကားစစ်ထိုးမှုကို ၁၈၃၉ ခုနှစ်၊ နိုဝင် ဘာလ ၁၉ ရက်နေ့.တွင် ကျင်းပခဲ့သည်။ တစ်ဖက်လျှင် လေးဦးစီ ပါဝင်ခဲ့ကြသည်။ ဒီမိုကရက်ဖက်မှ ဒပ်ဂလပ်စ်၊ ဂျွန် ကယ်လ်ဟွန်းနှင့် အခြားနှစ်ဦး ပါဝင်သည်။ ကယ်လ်ဟွန်းမှာ လင်းကင်းအား တစ်ခါက အလုပ်ပေးခဲ့ဖူးသူ ခရိုင်မြေတိုင်းမှူးဖြစ်သည်။ ဂုစ်တို့.ဖက်မှ အက်ခွပ် ဘောကာ၊ လိုဂင်၊ ဘရောင်းနင်းနှင့် လင်းကင်းတို့.ပြောကြသည်။ လေ့လာအကဲခတ်သူများက စကားစစ်ထိုးပွဲကို သရေပွဲဟု ယူဆခဲ့ကြသည်။ သို့.သော်လည်း လင်းကင်းက သူသည် မိတ်ဆွေများ မျှော်လင့်ထားသလောက် အစွမ်းမပြနိုင်ခဲ့ဟု ခံစားခဲ့သည်။ လင်းကင်းက ဒီဇင်ဘာလတွင် စိတ်မကျေပွဲ ထပ်နွှဲရန် ဒီမိုကရက်တို့.အား ပြန်လည်စိန်ခေါ်ခဲ့သည်။ စကားစစ်ထိုးပွဲကို ခရစ္စမတ်နေ့ အပြီး နောက်တစ်နေ့.တွင် ပြုလုပ်ခဲ့သည်။ ပရိသတ်များများ မလာခဲ့၍ စိတ်ဓါတ်ကျစရာကောင်းခဲ့သည်။ သို့.သော်လည်း သည်တစ်ကြိမ်တွင် လင်းကင်းသည် ဂရုတစိုက် ရေးသားထားသော မိန့်ခွန်းကို ပြောဆိုခဲ့ရာ ဂုစ်တို့.အတွက် အမြင့်ဆုံး စိတ်ကျေနပ်မှုကို ရခဲ့သည်ဟုဆိုသည်။

လင်းကင်းက ဒီမိုကရက်တို့ လိုလားသည့် လွတ်လပ်သော ဆွေတိုက်များ ဖွင့်လှစ်မှုစနစ်ထက် အမျိုးသားဘဏ် ထားရှိခြင်း၏ တစ်ပန်းဆာမှုများကို အခြေခံထားပြောဆိုခဲ့သည်။ ဒပ်ဂလပ်စ် အား သရော်သည့် ဇင်္ဂါသော စကားလုံးများလည်း မလွဲသာမရှောင်သာ ပါဝင်ခဲ့သည်။ ဒပ်လပ်စ်က သူ၏ အခြေအမြစ်မရှိ ရဲတင်းလွန်းသော အယူအဆများကို ဦးသူမျှ စိန်ခေါ်ရဲလိမ့်မည် မဟုတ်ဟု မိုက်မဲစွာ ယုံကြည်ခဲ့သည်ဟု လင်းကင်းက ဖျက်ရယ်ပြု ပြောဆိုခဲ့သည်။ ပြီးတော့ လွတ်လပ်သော ဇွေဆိုက်များ တည်ထောင်ခဲ့လျှင် ယခုမြေဇက ၈၀ ဝယ်ရန် ငွေရှိသူများသည် အား ၄၀၊ ၄၄းထက်နည်းသောမြေကိုပင် ဝယ်ချင်မှ ဝယ်နိုင်ကြလိမ့်မည်၊ ဆွေတိုက်စနစ်သည် ဒုက္ခရောက်စေမည်၊ ပျက်စီးစေမည်၊ ငွေ ပြတ်သွားစေဦး သူတောင်းစားဖြစ်ဟုလည်း အပိုင်ဆော်ထည့်လိုက်သည်။

လင်းကင်း၏မိန့်ခွန်းကို *ဆန့်ဂါမိုးကွာနယ်* တွင် အပြည့်အစုံ ဖော်ပြခဲ့သည်။ သီးခြား လက်ကမ်းစာရွက်များလည်း ရိုက်နှိပ်ဖြန့်ဝေခဲ့သည်။ လင်းကင်း၏ မိန့်ခွန်းတွင် အသစ်အဆန်း မပါသလောက် ဖြစ်ခဲ့သည်။ သို့.သော်လည်း လင်းကင်းသည် စီးပွားရေးပြဿနာများအပေါ်တွင် ဂုစ်တို့.၏ သဘောထားကို ပိုင်ပိုင်နိုင်နိုင် ပြောဆိုနိုင်သူ ဖြစ်ကြောင်း သက်သေပြခဲ့သည်။ လင်းကင်းသည် ထိုကြေညာစာတမ်းကို ၁၄၄ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်တရားပွဲများတွင် အခြေခံလက်ကိုင်အဖြစ် အသုံးပြုခဲ့သည်။ လင်းကင်းသည် ရှေ့.နေလိုက်ရှုပ်ဖြစ်စေ၊ ဖိတ်ခေါ်မှုအရဖြစ်စေ၊ တစ်ကိုယ်တော် နိုင်ငံရေးတရားများများခဲ့သည်။ သို့.သော်လည်း အများအားဖြင့် ဒီမိုကရက်ခေါင်းဆောင်များနှင့်အပြိုင် တရားဟောခဲ့ရသည်ကများသည်။ အထူးသဖြင့် ဒပ်ဂလပ်စ်နှင့် အားစစ်ထိုးပွဲများ ပြုလုပ်ခဲ့သည်။

လင်းကင်းသည် တစ်ခါတစ်ရံ၌ သူ၏ မိန့်ခွန်းများကွင်းဆီသတ်ကြိုက် နိုင်ငံရေးစကားလုံးများဖြင့် သမ္မတလောင်း ဗဲန် ဘူရင်ကို

www.burmeseclassic.com

www.burmeseclassic.com

တိုက်ခိုက်ပြောဆိုမှုများ ပြုလုပ်ခဲ့သည်။ ဗန် ဘျူရင်က နယူးယောက်ရှိ လွတ်လပ်သော လူမည်းများ မဲပေးခွင့် ထောက်ခံမှုကို ထိုးနှက်ခဲ့၏။ "ဗန် ဘျူရင်ဟာ တစ်ပိကန္နး စစ်ပွဲရဲ့ လူမှုရေး နဲ့ စစ်ရေးသူရဲကောင်း ဖြစ်ခဲ့ပုံကို အားလုံးယုံအောင် ရှင်းပြစမ်းပါ"ဟု ဝှစ်တို့.လေသံအတိုင်း ပြောဆိုခဲ့၏။ ဝှစ်တို့.သည် သစ်လုံးတဲအိမ် ထဲတွင် နေထိုင်ပြီး အရက်သောက်လိုပြီး ဦးတည်ချက် မရှိဆိုသော ဟယ်ရီဆင်အကြောင်းကို ဆွေးနွေးရန် ရှောင်ရှားခဲ့ကြချိန်တွင် လင်းကင်းသည် ဝှစ်ပါတီ၏ စီးပွားရေးပေါ်လစီများကိုသာ တည်တည်ငြိမ်ငြိမ်ဖြင့် အများဆုံး ဆွေးနွေးတင်ပြခဲ့လေသည်။

(၆)

၁၈၃၈ ခုနှစ်၊ ဖန်နဝါရီလတွင် စပရင်းဖီးလ်ရှိ လူငယ်များ စာပေဟောပြောခန်းမ၌ လင်းကင်းသည် "ကျွန်ုပ်တို့.၏ နိုင်ငံရေး အဖွဲ့.အစည်းများ ထာဝရတည်တဲ့ရေး"[6]အကြောင်းကို ဟောပြောခဲ့သည်။ လင်းကင်းက နိုင်ငံရေးတွင် လွန်ကဲစွာ စိတ်လှုပ်ရှားမှုဖြစ်ခြင်းကို ဝေဖန် ထောက်ပြခဲ့သည်။ နိုင်ငံတော်၏ ဂုဏ်ယူဖွယ်ရာကောင်းသော လွတ်လပ်မှု၏ ဖွဲ့.စည်းပုံအခြေခံသည် လူအများ၏ စိတ်လှုပ်ရှားမှု၊ မနာလိုမှု၊ သဝန်တိုမှု၊ ရန်လိုမှု၊ သဘာဝကို ဆန့်.ကျင်ဖြစ်ပျက်မှုများ၏ အန္တရာယ်ပြုခြင်းကို ခံနေရသည်ဟု သတိပေးပြောဆိုခဲ့သည်။

လင်းကင်းက လူမှုရေး ကမောက်ကမဖြစ်မှုများကို အဓိက ဦးတည်ပြောခဲ့သည်။ လူငယ်များအတွက် ဟောပြောပွဲတွင် မြို့.နေ လူငယ်များက နှုတ်စွမ်းရည် တိုးတက်မှု ရရှိရေးနှင့် ပရိသတ်ရှေ့.တွင် စကားပြောနည်းတိုးတက်ရေးတို့.အတွက် ပွဲစမ်းခဲ့ကြသည်။ လင်းကင်း၏ ဟောပြောချက်များသည် တစ်မူထူးဆန်းခဲ့သည်။ လင်းကင်းသည် ခေတ်ပြိုင်များနည်းတူ အမေရိကန်ပြည်သူတို့.၏ဘဝ လျင်မြန်စွာ ပြောင်းလဲလာမှုကြောင့် စိတ်သောကရောက်ခဲ့ရသည်။ တူးမြောင်းများနှင့် ရထားလမ်းများက သယ်ယူပို့.ဆောင်မှု တော်လှန်ရေးကို ဖြစ်စေခဲ့သည်။ လူဦးရေက တိုးပွားလာသည်။ ပြည်ပမှ လာရောက်နေထိုင်မှုက အမေရိကန်တို့.၏ လူမှုရေး ညီညွတ်မှုကို ခြိမ်းခြောက်စပြုလာသည်။ ကျွန်စနစ်အပေါ်တွင် အကြောင်းပြုပြီး အငြင်းအပွားဖြစ်မှုများ တိုးပွားလာခဲ့ခြင်းကြောင့် အချင်းချင်း စိတ်စမ်းကွဲစေခဲ့သည်။ သမ္မတ ဂျက်ဆင်၏ခေတ်တွင် နိုင်ငံရေးစစ်ပွဲများက အမျိုးသားနိုင်ငံရေး ခံယူမှုကို ဖျက်ဆီးခဲ့သည်။

လူအုပ်အားကိုးဖြင့် အကြမ်းဖက်မှုများ ဖြစ်လာခဲ့ခြင်းသည် အဆိုးဝါးဆုံးသော အနှောင့်အယှက်ဖြစ်ခဲ့သည်။ လူအုပ်အားကိုးဖြင့် အကြမ်းဖက်မှုများသည် နယူးအင်္ဂလန်ပြည်နယ်မှ လူဝီစီရဲနား ပြည်နယ်အထိ ပျံ့.နှံ့.လာသည်။ အဖြစ်အပျက်နှစ်ခုကို ပရိသတ် သိအောင် လင်းကင်းက တင်ပြခဲ့သည်။ မစ္စစ္စပီးတွင် ဖြစ်ခဲ့မှုမှာ လူသိရှင်ကြားဖြစ်သည်။ လောင်းကစားသမားများအား အဆုံးစီရင်ပြီး အလောင်းများကို လမ်းဘေးတိုင်းရှိ သစ်ကိုင်းများတွင် တွဲလောင်း ချိတ်ဆွဲထားသည်။ စိန်.လူးဝစ္စမြို့.တွင် ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးအား သတ်ဖြတ်မှုဖြင့် အစွပ်စွဲခံခဲ့ရသော လူမည်းကပြား မက္ကင်းတော့ရှ်ဆိုသူအား အရှင်လတ်လတ် မီးရှို့.သတ်ခဲ့ကြသည်။ လင်းကင်းက "လူအများနှင့် ပစ္စည်းများကို လူတစ်စု၏ စိတ်ရူးပေါက်ရာ လုပ်ချင်တိုင်းလုပ်စရာအဖြစ် သဘောထားမှုထက်ပို၍ ကောင်းမွန်သော စည်းကမ်းချက်ဖြင့် မထိန်းသိမ်းနိုင်ခဲ့ရင်... ဥပဒေများကို အထင်သေးပြီး မလေးမစား ဆက်ပြီး လုပ်နေကြမယ်ဆိုရင် ပြည်သူလူထုကသူတို့.အစိုးရအပေါ်တွင် ထားရှိသော မေတ္တာသည် ကေန်မုချ စိမ်းသွားလိမ့်မယ်" ဟု လင်းကင်းက သတိပေးပြောဆိုခဲ့လေသည်။

လင်းကင်းက ပြဿနာကို ရိုးရိုးလေးဖြေရှင်းမှုတစ်ခုဖြင့် ကုစားနိုင်သည်ဟု တိုက်တွန်းလိုက်သည်။ လင်းကင်းက အောက်ပါအတိုင်း ဖြေကြားခဲ့သည်။

www.burmeseclassic.com

"အမေရိကန်တိုင်း၊ လွတ်လပ်မှုကို ချစ်မြတ်နိုးသူတိုင်း၊ သား စဉ်မြေးဆက်များ ကြီးပွားမှုကို လိုလားကြသူတိုင်း၊ နိုင်ငံတော် ၏ ဥပဒေ များကို အသေးအမွှားကအစ မည်သည့်အခါတွင်မှ မချိုးဖောက်ပါ၊ ဥပဒေ ချိုးဖောက်သူများကိုလည်း မည်သည့်အခါမှ သည်းခံ လိမ့်မည် မဟုတ် ပါဟု အမေရိကန်တော်လှန်ရေးကို တိုင်တည်ပြီး အဓိဋ္ဌာန်ပြု ကျိန်ဆိုကြပါစေ"

"ဥပဒေများကို ရိုသေလေးစား ဂါရဝထားမှုကို အမေရိကန် မိခင် တိုင်းသည် ရင်ခွင်ထဲတွင် စကားမပီကလာ ပီကလာ ပြောနေသော ကလေး ငယ်များကို တီးတိုးဆုံးမနိုင်ကြပါစေ၊ ဥပဒေကို လေးစားတဲ့စိတ်ဓါတ်ကို ကျောင်းများ၊ သမ္မာကျမ်းစာကျောင်းများနှင့် ကောလိပ်ကျောင်းများတွင် သင်ကြားပေးနိုင်ပါစေ၊ အခြေခံသင်ပုန်းကြီး စာအုပ်များ၊ စာလုံးပေါင်း သတ်ပုံစာအုပ်များ၊ နှစ်ချုပ်စာအုပ်များ တွင် ရေးသားထားနိုင်ပါစေ၊ ဥပဒေ အပေါ် လေးစားမှုကို ဘုရားကျောင်း တရားဟောစင်မြင့်များပေါ်မှ ပို.ချနိုင် ကြပါစေ၊ ဥပဒေပြုခန်းမများ၌ အသိပေး ကြေးကြော်နိုင်ပါစေ၊ တရားရုံး များတွင် ကျင့်သုံးနိုင်ကြပါစေ"

"အတိုချုပ်အားဖြင့် ဥပဒေကို ရိုသေလေးစား ဂါရဝထားမှုသည် ဤနိုင်ငံ၏ နိုင်ငံရေးဘာသာတရား ဖြစ်လာပါစေ"

စပရင်းဖီးလ် လူငယ်များ စာပေဟောပြောပွဲ၌ ဆင်ခြင်တုံ တရားကို တိုင်တည်ခြင်းနှင့် စပ်လျဉ်း၍ လင်းကင်း ချန်ထားခဲ့သော ဖြစ်ရပ် တစ်ခုကျန်နေသည်။ အဘယ့်ကြောင့် ထည့်မပြောသည်ကိုတော့ ရှင်း မပြခဲ့။ စပရင်းဖီးလ်နှင့် အနီးဆုံးနေရာတွင် ဖြစ်ခဲ့ပြီး လာရောက်ကြသူတိုင်း သိထားသည့် လူအုပ်အားဖြင့် အကြမ်းဖက်မှုကိစ္စ တစ်ခုဖြစ်သည်။ ၁၈၃၇ ခုနှစ်၊ နိဝင်ဘာလက ဖြစ်ခဲ့သည်။ အီလီနွိုင်းပြည်နယ်ရှိ အယ်လ်တင်မြို့တွင် အကြမ်းဖက်လူအုပ်တစ်ခုက အော့ဘ်ဆားဗားသတင်းစာအယ်ဒီတာ အယ်လီ ယာ လပ်ဗ်ဂျွိုင်းအား သတ်ဖြတ်ခဲ့ကြသည်။ ထိုသတင်းစာမှာ ကျွန်စနစ်

ပပျောက်ရေးကို ထောက်ခံသော သတင်းစာဖြစ်သည်။ သူသည် မစ္စစ္စပီး ပြည်နယ်၊ မိန်းမြို့တွင် ဖွားမြင်ခဲ့ပြီး ဘုန်းတော်ကြီးဟောင်းတစ်ဦးဖြစ်သည်။ လပ်ဗ်ဂျွိုင်းသည် သူ၏သတင်းစာ၌ ကျွန်စနစ် တိုက်ဖျက်ရေး အလွန်အကျဲ ဖြစ်မှုများ ထိန်းသိမ်းရေးနှင့် ဘုရင်ဂျီဘာသာရေးအခမ်းအနားများ အကြောင်း တို.ကို အသားပေးဖော်ပြခဲ့သည်။ ထို.ကြောင့် ကျွန်စနစ် ကို ထောက်ခံသူ များနှင့် အမျက်ဒေါသထွက်နေသော ကက်သလစ် ဘာသာဝင်များက လပ်ဗ် ဂျွိုင်းကို စိန်.လူးဝစ္စမြို့.မှ မောင်းထုတ်ခဲ့ကြ သည်။ လပ်ဗ်ဂျွိုင်းသည် မစ္စစ္စပီးမြစ်၏ အထက်ပိုင်း ၂၅ မိုင်ခန့်. ကွာဝေးသော အယ်လ်တင်မြို့.သို. ပြောင်းရွှေ့.လာပြီး သတင်းစာ ဆက်ထုတ်ခဲ့သည်။ သူသည် ပရက်စ်ဘီတေး ရီယင်း ဘုရားရှိခိုးဂိုဏ်းအတွက် အကြိမ်ကြိမ် ဦးစားပေး ရေးသားခဲ့မှုများကို လျှော့လိုက်သည်။ ကျွန်စနစ် ပပျောက်ရေးအတွက် ပိုမိုပြင်းထန်စွာ ရေးသား ခဲ့သည်။ အယ်လ်တင်မြို့.သူမြို့.သားများမှာ တောင်ပိုင်းဒေသနှင့် ဆွေမျိုးတော်သူများကြပြီး ကုန်ရောင်းကုန်ဝယ်ပြုလုပ်နေကြသူများ ဖြစ် သည်။ အယ်လ်တန်မြို့.သားများသည် လပ်ဗ်ဂျွိုင်းအပေါ်တွင် အမျက် ဒေါသထွက်ကာ သူ၏ ပုံနှိပ်စက်များကို နှစ်ကြိမ်တိုင် မြစ်ထဲသို. ပစ်ချ ခဲ့ကြသည်။ တတိယပုံနှိပ်စက်ကို လပ်ဗ်ဂျွိုင်းနှင့် အနီး အနားရှိမြို့.များမှ ကျွန်စနစ် ဆန့်.ကျင်သူ လူငယ် ဖြ၀ ခန့်.က လက်နက်ကိုင်ပြီး ကာကွယ်ရန် လုပ်ခဲ့ကြသည်။ စိတ်ဆိုးနေသော လူအုပ်ကြီးသည် ပုံနှိပ်စက်ထားရာ ဂိုဒေါင်ကို မီးတင်ရှို့.ပြီး လပ်ဗ်ဂျွိုင်းကို ပစ်သတ်လိုက်ကြသည်။ သတင်း စာလွတ်လပ်ခွင့်ကို ရက်ရက်စက်စက် ချိုးဖောက်မှု ဖြစ်ခဲ့သည်။ ဤသတင်း သည် မြောက်ပိုင်းဒေသသို. တုန်လှုပ်သွားစေခဲ့ပြီး မြို့.ကြီးများတွင် ကန်. ကွက်ဆန္ဒပြပွဲ များ ပြုလုပ်ခဲ့ကြသည်။

လင်းကင်းက လူအုပ်အားကိုးဖြင့် အကြမ်းဖက်မှုကို ဆန့်. ကျင် ပြောဆိုခဲ့သော်လည်း လပ်ဗ်ဂျွိုင်းနှင့် အယ်လ်တင်ဆိုသည့် အမည်များကို ထည့်သွင်းမပြောခဲ့ပေ။ "ပုံနှိပ်စက်များကို မြစ်ထဲသို. ပစ်ချသူများနှင့်

www.burmeseclassic.com

အယ်ဒီတာများကို ပစ်သတ်သူများ" ဟုသာ သုံးနှုန်း ပြောဆိုပြီး ရှုတ်ချခဲ့သည်။ လင်းကင်းသည် အယ်လ်တင် ရုန်းရင်းဆန်ခတ်ဖြစ်မှုကို အသေအချာ လေ့လာစုံစမ်းသိရှိခဲ့သူဖြစ်သည်။ သို့သော်လည်း လပ်ဗ်ဂျိုင်း၏ ကျွန်စနစ်ပယျောက်ရေး လှုံ့ဆော်မှုကို မသိမသာဝေဖန်ပြောဆိုခဲ့သည်။ အဖြစ်နှစ်ခုစလုံးမှာ ပြင်းထန်သော စိတ်ခံစားမှုများကို မထိန်းချုပ်နိုင်၍ ဖြစ်ကြောင်းနှင့် အစိုးရကို ပြုတ်ကျစေနိုင်ကြောင်း လင်းကင်းသိခဲ့သည်။

လင်းကင်းသည် ကျွန်စနစ် ပယျောက်ရေးအတွက် ထိန်းထိန်းသိမ်းသိမ်း ပြောဆိုခဲ့သလို အခြား လူမှုပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုများအတွက်လည်း ထိန်းပြောခဲ့သည်။ ဥပမာအားဖြင့် သူသည် အရက်မသောက်သော်လည်း အရက်သေစာ တားမြစ်ရေး လှုပ်ရှားမှုများတွင် မပါဝင်ခဲ့ပေ။ အရက်သေစာတားမြစ်ရေး လူထုအစည်းအဝေးများတွင် ကားတက်ရောက်စကားပြောခဲ့သည်။ အရက်ဆန့်ကျင်ရေးသမားများ၏ ခံစားမှုလွန်ကဲသော စကားအသုံးအနှုန်းများကို လင်းကင်း မနှစ်မြို့ခဲ့ပေ။ သူတို့က အရက်မူးသမားများနှင့် အရက်ဆိုင်ငယ်ပိုင်ရှင်များအား ကျိန်ဆဲရှုတ်ချသော လေသံဖြင့် ခေါ်ဝေါ်ခဲ့ကြသည်။ ဒုစရိုက်ရှုပ်ထွေးမှုနှင့် ရာဇဝတ်ပြစ်မှုကို ကျူးလွန်သူများဟု အပြစ်တင်ပြီး ကိုယ်ကျင့်တရား ပျက်ပြားမှုကို ကူးစက်တတ်သော ရောဂါဆိုးအဖြစ် ရှုတ်ချပြီး လူကောင်းသူကောင်းအားလုံးက ရှောင်ကြဉ်ရမည်ဟု ချီးနှိမ်ပြောဆိုခဲ့ကြသည်။ ၁၈၄၂ ခုနှစ် ဟောပြောပွဲတစ်ခုတွင် လင်းကင်းက "ကျွန်တော်တို့က အရက်ပုံမှန် သောက်သူများကို လူတန်းစားတစ်ရပ်လို့ သဘောထားလိုက်ရင် သူတို့ကလည်း တခြားလူတန်းစားတစ်ရပ်ထက် တစ်ပန်းသာမှု ရှိတယ်လို့ သူတို့ဦးနောက်နဲ့ အသည်းနှလုံးထဲမှာ ခံယူသွားလိမ့်မယ်" ဟု ပြောဆိုခဲ့ရာ ဒေသခံရစ်ယာန်ဘုန်းတော်ကြီးများနှင့် အရက်မသောက်သူများက စိတ်ဆိုးခဲ့ကြသည်။ လင်းကင်းက သူတို့ကို အရက်ဖြတ်ရန် မတိုက်တွန်းခဲ့ပေ။ သို့သော်လည်း လင်းကင်းသည် ဝေါ်ရှင်တင်အသင်း၏ အစီအစဉ်ကို

စိတ်ပါလက်ပါ ထောက်ခံခဲ့သည်။ ဝေါ်ရှင်တင်အသင်း၏ အစီအစဉ်မှာ အရက်စွဲလမ်းသူများအား ဝင့်ဝါမှုကင်းပြီး ရိုးရိုးသားသား စည်းရုံးဖြောင်းဖောင်းမှုဖြင့် ပြောင်းလဲစေရေးဖြစ်သည်။

အရာအားလုံးအနက် စိတ်ခံစားမှုကို မထိန်းချုပ်နိုင်ခြင်းကို ထင်းကင်းကြောက်သည်။ "စိတ်ခံစားမှုသည် အနာဂတ်တွင် ကျွန်ုပ်တို့၏ ရန်သူဖြစ်လာလိမ့်မည်။ ကျွန်ုပ်တို့နိုင်ငံသည် ခေါင်းအေးအေးထားပြီး တွက်ချက်တတ်သည့် စိတ်လှုပ်ရှားမှုကင်းတဲ့ ဆင်ခြင်တုံတရားအပေါ်တွင် အမှီသဟဲပြုကြရမည်။ သို့မှသာ ဝေါ်ရှင်တင်အသင်းသားများ မျှော်လင့်သည့် အသောက်အစား ထိန်းသိမ်းပြီး စိတ်ခံစားမှုများကို နှိမ်နင်းနိုင်သည့် ဟော်စရာကောင်းသောနေ့သို့ ရောက်ရှိလာမည်ဖြစ်သည်။ သို့မှသာ အရာရာကိုအနိုင်ယူနိုင်သော စိတ်သည် ရှင်သန်ပြီး ကမ္ဘာကြီးကို လှုပ်ရှားနေနိုင်မည်ဖြစ်သည်"

"မြင့်မြတ်အောင်မြင်သော ပြည်စုံမှု ရရှိကြပါစေ"
"အမျက်ဒေါသစိတ်များ ကျဆင်းပါစေ"
"ဆင်ခြင်တုံတရား ကြီးစိုးပါစေ"[8]

လင်းကင်းက ဝေါ်ရှင်တင်အသင်းတွင် ထိုသို့ပြောဆိုခဲ့ပေသည်။

(၇)

လင်းကင်းသည် အများပြည်သူတို့၏ ဘဝတွင် ဆင်ခြင်တုံတရားနှင့်ပြည့်စုံအောင် စိတ်အားထက်သန်စွာ တိုက်တွန်းခဲ့သလို သူ့ ကိုယ်သူလည်း ရှေ့စကားနောက်စကားညီအောင် စိတ်ပိုင်းဆိုင်ရာ ရုန်းကန်မှုများ ဖြတ်လုပ်ခဲ့ရသည်။ သူ၏ မပီပြင်သေးသော ကိုယ်ရည်ကိုယ်သွေးကို ပြုပြင်ရန်ဖြစ်သည်။ လင်းကင်းသည် သူ့ကိုယ်သူ ဘယ်လိုသတ္တဝါမှန်း မရေရာ

www.burmeseclassic.com

သေး။ သူ့ဆန္ဒကလည်း မသေချာသေး။ သူသည် စပရင်းဖီးလ်၏ အထက် တန်းလွှာပိုင်းတွင်လည်း ဝင်ဆံ့လိုသည်။ ငွေကြေးရှိပြီး မျက်နှာကြီးရာ ပါတတ်သော နိုနိယန် အက်ဒ်ဝပ်စ်မိသားစုဘေးတွင် ပိုင်းရဲနေသော အသိုင်းအဝိုင်းဖြစ်သည်။ သို့သော်လည်း လူငယ်အသိုင်းအဝိုင်းကိုလည်း မစွန့်နှာလို။ သူ့အား ဥပဒေပြု ကိုယ်စားလှယ်အဖြစ် ထပ်တလဲလဲ ရွေးချယ်တင်မြှောက်ထောက်ခံခဲ့ကြသည့် တက်တက်ကြွကြွ ရှိသော အလုပ်သမားများနှင့် စာရေးစာချို လူငယ်များ အသိုင်းအဝိုင်း ဖြစ်သည်။ သူ့ထို ကိုယ်စားလှယ် အတော်များများက ရိုင်းစိုင်းကြမ်းတမ်းသူတစ်ဦး အဖြစ် မြင်ကြပုံကိုလည်း လင်းကင်းသိသည်။ တကယ်တော့ သူသည် လုပ်ဖော် ကိုင်ဖက်များကို စိတ်ဆင်းရဲအောင် လုပ်တတ်သူ မဟုတ်ဘဲ ရက်ရောမှု ရှိသည့် အတိုက်အခံတစ်ဦးအဖြစ် အသိအမှတ်ပြု ခံလိုခဲ့သည်။ သို့သော် လည်း လင်းကင်းသည် စိတ်ပြင်းထန်သည်။ သူ့စိတ်ကို သူ မချုပ်တည်း နိုင်သေး။ စကားအချေအတင် ပြောဆိုရာတွင် မီးထိုးပေးနိုင်စွမ်းရှိသည်။ သူ၏ ပြိုင်ဘက်များသည် အငြင်းအပွားတစ်ခုလို အခြားရုံးတစ်ခုခွဲ ဖြေရှင်း လိုကြသူများဖြစ် ကြောင်းနှင့် သူ့ဘက်မှလည်း အဆင်သင့်ရှိကြောင်းနှင့် တာဝန်ပိုင်းကို မည်သည့်အခါတွင်မျှ အလျှော့ပေးမည် မဟုတ်ကြောင်း လင်းကင်းက ခပ်ကြမ်းကြမ်း ကြေညာခဲ့သူဖြစ်သည်။ လင်းကင်းက သူ့ကိုယ်သူ ခွန်အားကောင်းသော ငြင်းဆိုမှုများနှင့် ယုတ္တိဗေဒကျသော ငြင်းဆိုမှုများကို တိုးတက်အောင် ပြောဆိုတတ်သူ တစ်ဦးဖြစ် သည်ဟု ထင်ခဲ့သည်။ သို့သော်လည်း ဒီမိုကရက်သတင်းစာက *အီလီန်ိုင်းစတိတ်ဒ်ရက်ဂျ်စတာ* ကို ဖတ်ကြည့်ရင်း လူအများက လူ့ရှေ့.သူ့ရှေ့.တွင် သူ၏ ပြောဆိုတတ်သော အလေ့အထများကို စူးစမ်းနေကြပုံကို သူသိရှိရ သည်။ သူနှင့် မဆီလျော်သည့် သူ၏ပင်ကိုဟန်ပန်များ မဟုတ်သော လူပြတ် ဆန်ဆန် ပြောဆိုပုံများကို လူအများက သတိထားခဲ့ကြပုံကို သိရသည်။

လင်းကင်း၏ဟန်သည် သူ၏အတွင်းစိတ်ထဲ၌ရှိသော မတိကျမှု

မရေရာမှုကို ဖော်ထုတ်ပြခဲ့သည်။ လူအများ့ရှေ့.တွင် ပြောကြားသော မိန့်ခွန်း အများစုနှင့် ဥပဒေရေးရာ စာရွက်စာတမ်းမှတ်တမ်းများတွင် လင်းကင်း သည် အာဝဇ္ဇန်းဟန်ကင်းသည့် ရိုးရိုးသားသားနှင့် အဓိကကျသော လိုရင်း ကိုသာ ဖော်ပြလေ့ရှိသည်။ သို့သော်လည်း လူငယ်အများ ဟောပြောပွဲ၌ ပြောကြားခဲ့သည့် မိန့်ခွန်းတွင်မူ ၁၉ ရာစုနှစ်တွင် ခေတ်စားခဲ့သော အာဝဇ္ဇန်း စကားအလှတန်ဆာများဆင်ပြီး ပြောခဲ့သည်။ အမေရိကန် နိုင်ငံသည် ပြည်ပမှ ဝင်ရောက် ကျူးကျော်မှု တစ်ခုကို ကြောက်စရာမလို ဟု ဝါကြွားပြောဆိုခဲ့သည်။ "ဥရောပ၊ အာရှနဲ့အာဖရိကမှာရှိတဲ့ စစ်တပ် တွေအားလုံးပေါင်းပြီး ကမ္ဘာမှာရှိတဲ့ ရတနာတွေကို စစ်ရေးဆင်မှု အတွက် သေတ္တာကြီးတွေ နဲ့.ထည့်ပြီး ယူလာကြပါစေ၊ နပိုလီယံက စစ်သူကြီးလုပ်ပြီး လိုက်လာပါစေ၊ အင်အားသုံးပြီး အနှစ်တစ်ထောင်လောက် စမ်းကြည့်စမ်းပါ၊ အိုဟိုင်းယိုးပြည်နယ်က ရေတစ်စက်မှ မသောက်စေရဘူး၊ ဘလူးရစ်ချ်တောင်ပြာတန်းတွေပေါ်မှာ ခြေရာတစ်ချက်တောင် မချစေရဘူး" ဟု လင်းကင်းက ပြောဆိုခဲ့သည်။

အမျိုးသမီးများအပေါ်တွင် ထားရှိသည့် လင်းကင်း၏ သဘော ထားများမှာလည်း အလားတူ မည်ညွှတ်မှုများ ရှိခဲ့သည်။ လင်းကင်းသည် အမျိုးသမီးများကို သဘောကျသည်။ မိတ်ဖွဲ့.သိလို သည်။ ၁၈၃၀ ခုနှစ်တွင် ပေရင်းဖီးလ်သို့ နှင်းကင်းရောက်ရှိလာပြီး တစ်လအကြာတွင် သူပြောခဲ့ဖူး သော စကားရှိသည်။ "ကျုပ် ဒီကို ရောက်လာပြီးကတည်းက ကျုပ်ကို စကားပြောတဲ့ မိန်းမတစ်ယောက် တည်းပဲ ရှိခဲ့သေးတယ်။ မပြောဘဲ ရှောင်ချင်လည်း ရှောင်သွားလို့ ရနိုင်ခဲ့သူပါ" ဟု ပြောခဲ့သည်။ သို့သော်လည်း လင်းကင်းသည် အမျိုးသမီးများ့ရှေ့.တွင် ကလန်ကလားနိုင်သည်။ အပြုအမူ အပြောအဆိုများ မနေတတ်မထိုင်တတ်ဖြစ်သည်။ တစ်ခါတစ်ရံတွင် ဉာနေခင်း မိတ်ဆုံစားပွဲသို့ သူ၏ လည်ရှည်ဖိနပ်ကြမ်းကြီးကို မီးလာ ထားတတ်သည်။ တစ်ခါက ပါတီတစ်ခုတွင် "အို... ဒီကောင်မလေးတွေ

www.burmeseclassic.com

ကြည့်ရတာ ဘယ်လောက် သန့်ရှင်းတုံး" ဟု ပြောဆိုခဲ့၍ ပါတီပွဲ အနှောင့်အယှက်ဖြစ်ခဲ့ဖူးသည်။

နီနီယန် အက်ဒွပ်စ် ဇနီးမောင်နှံသည် တနင်္ဂနွေနေ့များတွင် သူတို့၏ ခမ်းနားသောအိမ်ကြီး၌ မိတ်ဆုံပွဲများ ပြုလုပ်ပေးလေ့ရှိ သည်။ ထိုပွဲများတွင် လင်းကင်းသည် အပျိုစင်များကို တွေ့ဆုံရသည်။ နီနီယန်သည် အီလီနွိုင်းပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း တစ်ဦး၏သားဖြစ်၏။ အရေးပါမည်ထင်သူများကို မျက်နှာလိုအား‌ရ လုပ်တတ်သူဖြစ်၏။ လင်းကင်းသည် အတော်ကြမ်းသောသူတစ်ဦး ဖြစ်မှန်း သူသိ၏။ သို့သော်လည်း ရှေ့နေပေါက်စ လင်းကင်းကို နိုင်ငံရေးအရ အသုံးပြု၍ ရနိုင်လောက်သူဖြစ်သည်ဟုလည်း သူတွေးခဲ့မိ၏။ သူ၏ဇနီးသည် အဲလီးဇာက်ကမူ အိမ်ထောင်ချထားရန် အောင်သွယ်ပေးရေးကိစ္စတွင် စိတ်သန်၏။ အိမ်ထောင်ပြုရန် ရည်ရွယ်သော အပျိုစင်တစ်ဦးဦးကိုဖြစ်စေ၊ ဆွေမျိုးထဲမှ အမျိုးသမီး တစ်ဦးကိုဖြစ်စေ မိတ်ဆုံပွဲများသို့ အမြဲတမ်းလိုပင် ဖိတ်ကြားလေ့ရှိ သည်။ မကြာမီကလည်း ညီမ ဖရန်ဆက်ကို ဒေသခံ ဆရာဝန် ဝီလျံ ဝေါလေ့စ်နှင့် လက်ထပ်ပေးခဲ့သူဖြစ်သည်။ ကဲန်တပ်ကီးပြည်နယ်မှ လာသူများကိုလည်း အစဉ်ကြိုဆိုဖိတ်ခေါ်၏။

အက်ဒွပ်စ်မိသားစုဘေးတွင် စပရင်းဖီးလ်မှ အထင်ရှားဆုံးနှင့် လူချွန်လူမွန်များ ဝိုင်းရံလျက်ရှိသည်။ အဲလီးဇာက်၏ မောင်တော်ပြီး ရှပ်ရည်ချောချော် ယော်ကျိုးပီသလှသော ပွန် ဟာဒင်လည်း ပါဝင် သည်။ ဟာဒင်မှာ ကွန်ဂရက်လွှတ်တော်အမတ်လောင်းဖြစ်လာနိုင် စရာအကြောင်း ရှိသူလည်းဖြစ်သည်။ သူတို့၏ ပါတီပွဲအား‌လုံးလိုလိုသို့ တက်ရောက်သူလည်းဖြစ်သည်။ ဂုစ်ပါတီမှ စကားပြောကောင်းပြီး အလွန်ပေါ်ပြူလာဖြစ်သူ အက်ဒွပ်ဘောကာဆိုသူလည်း ပါဝင်၏။ သူသည် ဖြိတ်သျှနိုင်ငံသား သာ မဖြစ်ခဲ့လျှင် တစ်နေ့တွင် အမေရိကန်သမ္မတဖြစ်လာရေးကိုပင် မျှော်မှန်းနိုင်လောက်သူဖြစ်၏။ ဂုစ်ပါတီမှ ပညာတတ် အိုအိပ်ချဲ့ ဘရောင်း

နှင်းဆိုသူလည်း ပါဝင်၏။ အက်ဒွပ်စ်ဇနီးမောင်နှံသည် စိတ်ဝါတိုင်းကျ ထန်သော ဂုစ်များဖြစ်ကြ၏။ သို့သော်လည်း ညနေခင်း မိတ်ဆုံပွဲများကို ပါတီစွဲမရှိသော ပွဲအဖြစ်လုပ်ဆောင်ကြသည်။ ပြည်နယ်ဒီမိုကရက်ပါတီ၏ ထိပ်တန်း ခေါင်းဆောင် စတီဖင် အော ဒပ်ဂလပ်စ်ကိုလည်း ဖိတ်ကြား ခဲ့ကြသည်။ ဒပ်ဂလပ်စ်မှာ လူသေးသလောက် နိုင်ငံရေးဩဇာရှိသဖြင့် သူ့ကို ဘီလူးလေးဟု လူအများက ခေါ်ကြသည်။ ဒီမိုကရက်ပါတီမှ အိုင်ယာလန်နိုင်ငံမှာနှင့် ပြည်နယ်စာရင်းစစ်ဖြစ်သူ ဂျိမ်းစ် ရှိုးလ်ဒ်စ်လည်း ပါတီပွဲများသို့ မကြာခဏလာရောက်တတ်သည်။

အက်ဒွပ်စ်မိသားစု အသိုင်းအဝိုင်းတွင် စပရင်းဖီးလ်မှ ဆွဲဆောင်မှုအရှိဆုံးနှင့် ချောပေ့၊ လှပေ့ မိန်းကလေးများလည်း ဝန်းရံနေသည်။ နီနီယန်လည်း အခါအားလျော်စွာ သူ၏ တူမချောနှင့် ဘာသာတရား ကိုင်းရှိုင်းသူ မတီလ်ဒါ အက်ဒွပ်စ်ကို ဖိတ်ခေါ်တတ်သည်။ ဆရာဝန်တစ်ဦး၏ သမီးဖြစ်သူ ဂျူလီယာ ဂျိမ်းစ်ဆိုသူလည်း ပါတီပွဲတိုင်းလိုလို တက်ရောက်ခဲ့သည်။ ဘော်လ်တီမောမှလာလည်သော မာစီ အဲန်း လီဗာလင်းလည်း ရှိသေးသည်။ သို့သော်လည်း သူတို့ အသိုင်းအဝိုင်းတွင် အဲလီးဇာက်၏ညီမ မေရီ တော့ဒ်[10]သည် ဆွဲဆောင်မှုအရှိဆုံး မိန်းကလေးဖြစ်သည်။

မေရီ တော့ဒ်သည် ကဲန်တပ်ကီးပြည်နယ် လက်ဇင်းတင်မြို့မှ လူချမ်းသာကုန်သည်တစ်ဦးနှင့် ဘက်သူဌေး မစ္စတာ ရောဘတ် တော့ဒ်၏ သမီးဖြစ်သည်။ သူမသည် ဖိမ်ရှိရှိ ကြီးပြင်းလာသူဖြစ်သည်။ အကောင်းဆုံးအလွတ်ပညာသင်ကျောင်းများတွင် ပညာသင်ခဲ့ရသည်။ မိသားစု ကျွန်များ၏ ပြုစုမှုဖြင့် ကြီးပြင်းလာသူလည်းဖြစ်သည်။ သို့သော်လည်း မိထွေးဖြစ်သူနှင့် သပ္ပါယ်မဖြစ်ခဲ့ပေ။ ထို့ကြောင့် ၁၈၃၉ ခုနှစ်တွင် စပရင်းဖီးလ်ရှိ အစ်မထံသို့ လာရောက်ပြီး ကြာကြာနေရန် ဆုံးဖြတ်ခဲ့သည်။ ၁၈၃၇ ခုနှစ်က ပထမအကြိမ် ခရီးတစ်ဖြတ် အလည်လာသွားခဲ့ဖူးသည်။ မေရီ

www.burmeseclassic.com

တော့ဒ်သည် ၂၂ နှစ် အရွယ်သာ ရှိသေးသည်။ အတော်ချောသော မိန်းကလေးဖြစ် သည်။ နီညိုရောင် ကေသာအလှနှင့် ချောမွေ့သောအသား အရေတို့သည် တောက်ပသော မျက်လုံးပြာအစုံနှင့် လိုက်ဖက်လှသည်။ သူမ၏အလှက ယောကျ်ားအတော်များများကို ညှို့စားနိုင် ခဲ့သည်။ မေရီကို မုန်းတီးသော ဟန်ဒင်ကပင် သူမအကြောင်းကို စကားတန်ဆာဆင်၍ ပြောခဲ့ရသည်။ သူက "မေရီဟာ ငယ်ရွယ်သူ ဖြစ်တယ်။ သွက်တယ်၊ လှတယ်၊ ဉာဏ်ရွင်တယ်၊ ယဉ်ကျေးတယ်၊ ကျက်သရေရှိတယ်၊ ဂုဏ်အင်္ဂါလည်းရှိတယ်။ ဒါပေမယ့် ငါ့တော့်တော့် နဲ့ စိတ်ကြိုးဝင်တဲ့ အထက်တန်းလွှာလည်း ဆန့်တတ်သူလည်းဖြစ်တယ်။ စကားပြောလည်း ကောင်းမှ ကောင်းပဲ။ ဒီလိုနဲ့ မေရီဟာ မကြာခင်မှာပဲ မြို့.ပေါ်ကလူငယ်တွေကို ပျော်ပျော်ပါးပါးအရူးလုပ်တတ်တဲ့ မိန်းမလှလေးတစ်ယောက် ဖြစ်လာခဲ့တယ်" ဟု ပြန်ပြောပြခဲ့သည်။

အက်ဒွပ်စ်တို့.၏ ပါတီညွှဲခဲပွဲများသို့ လာကြသော ယောကျ်ားလေးများ အထဲတွင် လင်းကင်းလည်း ကသူတစ်ဦးဖြစ်ခဲ့သည်။ ပါတီတစ်ခုတွင် လင်းကင်းက မေရီနှင့်အတူ အညွှန့်ပုံစံဖြင့် ကပါရစေဟု ခွင့်တောင်းခဲ့သည်။ မေရီက ရယ်မောခဲ့သည်။ လင်းကင်းကလည်း ခပ်ညှဉ့်ညှဉ့် ကခဲ့သည်။ လင်းကဝ်းသည် သွက်လက်ချက်ချာပြီး ဉာဏ်သွက်သော မိန်းကလေးအ ချို့.၏ဒဏ်ကို ခံခဲ့ရလေပြီ။ ပါတီပွဲများတွင် မေရီ၏ ပုံမှန် အခြံအရံတစ်ဦး ဖြစ်လာသည်။ မေရီနှင့်အတူ မြင်းစီးဖော်ဖြစ်လာသည်။ အနီးတစ်ဝိုက် မြို့.များသို့ အပျော်ခရီးထွက်လျှင်လည်း လင်းကင်းပါခဲ့သည်။ သူတွေ့.ဖူးသမျှ အမျိုးသမီးများတွင် မေရီသည် တစ်မူထူးခြားသူဖြစ်နေသည်။ မေရီ နှင့် စကားပြောရာတွင် လင်းကင်းသည် ပုံပန်းမဟုတ်တော့။ လင်းကင်း၏ ချွတ်ယွင်းချက်များကို နှုတ်ကြွယ်သော မေရီ၏ စကားများက ဖာထေးပေးခဲ့ခြင်းကြောင့်ဖြစ်သည်။ သူတို့.နှစ်ဦးအကြောင်းကို မစ္စက် အက်ဒွပ်စ်က မှတ်မိနေသည်။ "စကားပြောကြရင် မေရီကပဲ ဦးဆောင်ပြော

တယ်။ လင်းကင်းက ငေးပြီး နားထောင်နေတတ်တယ်။ သူ မလွန်ဆန်နိုင်တဲ့ တန်ခိုးကြွဒွိပတ်တစ်ခုခုရဲ့. ဩဇာမိနေသလိုပဲ။ လင်းကင်းက နားထောင်ပြီး စကား တစ်လုံးတောင်မှ ပြန်မပြောသလောက်ပါပဲ။ တကယ်တော့ လင်းကင်းဟာ မိန်းမတစ်ယောက်နဲ့ အကြာကြီး စကားမပြောနိုင်ဘူး။ မိန်းမတွေနဲ့ စကားပြောဖို့.အတွက် ဆိုရင် လင်းကင်းမှာ အသိဉာဏ်ပညာလည်း မစုံဘူး။ ဒီတော့ လင်းကင်းဟာ မေရီရဲ့ စိတ်ဓါတ်၊ သဘာဝနဲ့, ယဉ်ကျေးပျူငှာတဲ့ သွက်လက်မှုအထာနဲ့, ဇဝနဉာဏ်ရဲ့. အဖမ်းစားခံခဲ့ရတာပေါ့" ဟု ပြန်ပြောခဲ့သည်။

မေရီသည် လင်းကင်း၏ အာရုံစိုက်မှုကို ရခဲ့သည်။ လင်းကင်းသည် သူမအတွက် ခင်ပွန်းကောင်းတစ်ဦး ဖြစ်နိုင်မလား။ မေရီက သူမကို ဝိုင်းဝိုင်းလည်နေသော အခြားယောကျ်ားများအပေါ်တွင် တွေးသလို လင်းကင်းအပေါ်တွင်လည်း တွေးခဲ့သည်။ မေရီကလည်း လက်ထပ်ဖို့. အရေးကို စိတ်ထဲမှာ အများကြီးတွေးနေခဲ့ပြီ။ သူမသည် မကြာမီတွင် အပျိုကြီးဖြစ်လာဖို့.ကလည်း နီးလာပြီ။ သူမလို အဆင့်အတန်းရှိသည့်အမျိုးသမီးများအတွက် ကျောင်းဆရာမအလုပ်ကလွဲလျှင် တခြားလုပ်စရာ အလုပ်ဘာမျှမရှိ။ သူမ ရွေးစရာ လူပျို့စစ်စစ်ကလည်း များများမရှိလှ။ မေရီသည် ဒပ်ဂလပ်စ်ကို အလွန်သဘောကျခဲ့သည်။ ဒပ်ဂလပ်စ်နှင့် ခဲ့ချင်စရာကောင်းလောက်အောင်ပင် နှစ်ဦးသား, ရိုတိုတိ ပြိုတိုတိ လုပ်ခဲ့ကြသည်။ သို့.သော်လည်း ဒပ်ဂလပ်စ်၏စိတ်သည် အိမ်ထောင်ရေးတွင် အလေးအနက် စိတ်မဝင်စား။ သူ၏ နိုင်ငံရေးအလုပ်တွင် ပို၍ စိတ်ဝင်စားမှန်းကိုလည်း သူတို့. နှစ်ဦးစလုံး သိခဲ့ကြသည်။ စပ်သည် ရုပ်ချောပြီး ဆွဲဆောင်မှုရှိကြောင်း မေရီတွေ့.ရှိရသည်။ သို့.သော်လည်း စပ်က ဘာသာ တရား ကိုင်းရှိုင်းသူ မတီလ်ဒါ အက်ဒွပ်စ်ကို ပို၍စွဲနေပုံရသည်။ မုခဒိုဆို့.နေ အက်ဒွင် ဝက်ဘ် ကျပြန်တော့လည်း စိတ်ထက်သန်စွာ ပို့ပန်းဆဲ ဖြစ် သည်မှန်၏။ သို့.သော် သူ့.တွင် တစ်ပန်းရှုံးမှုများ ရှိနေသည်။ သူက

www.burmeseclassic.com

မေရီထက် အသက်အတော်အတန် ပိုကြီးနေသည်။ ပထမအိမ်ထောင်မှာ "ကန်.ကွက်စရာဖြစ်သည့် ချစ်စရာကလေးနှစ်ယောက်" ရှိနေခြင်းကြောင့် တစ်ပန်းရှိုး နေသည်။

နိုင်းယှဉ်ကြည့်လိုက်လျှင် လင်းကင်းဘက်မှ ဆွဲဆောင်မှုအား ပိုမို၍ သာသလိုရှိခဲ့သည်။ သူ.တွင် လူမှုရေးကျွမ်းကျင်မှုများရှိသည်။ သို.သော်လည်း သူ၏ ရိုးသားမှု၊ ပျူငှာမှုနှင့် ကိုယ်ချင်းစာစိတ် ရှိတတ်မှုတို.က အားကောင်းသည်။ လင်းကင်းနှင့် မေရီတို.တွင် တူညီသော စိတ်ဝင်စားမှုများစွာ ရှိကြသည်။ နှစ်ဦးစလုံးမှာ ကဗျာဆရာများဖြစ်ကြသည်။ နှစ်ဦးစလုံးက ကဗျာဆရာသူများဖြစ်ကြသည်။ ကဗျာတချို.မှ စာပိုဒ်များကို နှစ်ယောက်စလုံး အလွတ်မှတ်မိပုံချင်း တူနေသည်။ အထူးသဖြင့် ရောဘတ် ဘန်းစ်၏ ကဗျာများကို အကြိုက်တူကြသည်။ သူမသည် လင်းကင်းကဲ့သို့ ပင် ဝှစ်ဖြစ်သည်။ အမျိုးသမီးများ နိုင်ငံရေးတွင် စိတ်မဝင်စားကြသော ခေတ်၌ မေရီသည် ၁၈၄၀ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် ဟယ်ရီ ဆင်ကို ဖြောင်ထောက်ခံခဲ့ကြသည်။ သို.သော်လည်း သူတို.နှစ်ယောက် စလုံးမှာ ဟဲန်နရီ ကလေးကို ပို၍ သဘောကျခဲ့ကြသည်။ ဟဲန်နရီ ကလေးမှာ မေရီ၏ မိသားစုနှင့် ခင်မင်ပြီး လက်ခင်းတင်အနီးတစ်ဝိုက်မှဖြစ်သည်။ သူမသည် လင်းကင်း၏ ရည်မှန်းချက်များကို နှစ်ထောင်းအားရရှိသည်။ သူမက တစ်နေ.တွင် အမေရိကန်ပြည်ထောင်စု၏ သမ္မတဖြစ်လာမည့် လူမျိုးနှင့် လက်ထပ်ရန် ရည်ရွယ်သည်ဟု တစ်ခါက ကဲ့တပ်ကီးတွင် ပြက်လုံးထုတ် ပြောဆိုခဲ့ဖူးသည်။

၁၈၄၀ ခုနှစ် မိုးဦးကျကာလတွင် မေရီနှင့် လင်းကင်းတို.၏ ဆက်ဆံမှု ပိုမိုနီးစပ်စရာဖြစ်လာသည်။ လင်းကင်းက သူ၏ လုပ်ဖော်ကိုင်ဖက် ကိုယ်စားလှယ်များအပေါ်တွင် တစ်ခါတစ်ရံ ထားရှိသော ပြင်းထန်သောစိတ်ခါတ်နှင့် သတင်းကြီးသွားသော ပြည်နယ်ရုံး ပြတင်းပေါက်မှ ခုန်ချမှုတို.ကြောင့်ဖြစ်သည်။ အက်ဒွပ်စ်ဇနီးမောင်နှံက လင်းကင်းနှင့် မေရီ

တို.၏အတွဲညီမှုကို အားပေးခဲ့သည်။ နီနိယန်က ပေါ်လစီအတွက် လိုလားခဲ့သည်။ သူ၏ သဘောထားကိုတော့ ထုတ်မပြောခဲ့။ သို.သော်လည်း သြဇာရှိနေသော သူတို.၏ မိသားစုထဲတွင် အလားအလာရှိသည့် လူငယ်ရွေ.နေနှင့် နိုင်ငံရေးသမားတစ်ဦး ပါဝင်လာစေကြောင်း သူ.စိတ်ထဲတွင် ရှိနေသည်။ သူ.ဇနီး အဲလီးဇဘက်ကမူ လင်းကင်းသည် တက်လူ တစ်ယောက် ဖြစ်နေမှန်း သိ၍ အားပေးခဲ့ခြင်းဖြစ်သည်။ သို.နှင့် ခရစ္စမတ် ခန်းကျင်ကာလတွင် အေဘရာဇန်မှ လင်းကင်းနှင့် မေရီ တော့်တို. စေ့စပ်ကြောင်းလမ်းခဲ့ကြလေသတည်း။

သူတို.ချင်း စေ့စပ်ပြီးသည့်နောက်တွင် လင်းကင်းတွင် သံသယစိတ်များ ဝင်လာပြန်သည်။ မေရီ အိုဝင်နှင့် စေ့စပ်ခဲ့ပြီးတုန်းက အတိုင်း ဝင်ဖြစ်သည်။ သူ.ကို အသာတကြည် လက်ခံသူတစ်ဦးကို လက်ထပ်ရန် ဝန်လေးလာသောစိတ်ဖြစ်သည်။ အက်ဒွပ်စ် ဇနီးမောင်နှံက သူနှင့် မေရီကို တွဲမိအောင် သူ.ဘက်မှ ချစ်ရေးဆိုစေရန် စီမံခဲ့ကြပုံရသည်ဟု သံသယဝင်လာခဲ့သည်။ ဇနီးသည်တစ်ယောက်အား ထောက်ပံ့နိုင်သည့် အရည်အချင်း သူ.မှာရှိပါ့မလားဆိုသော သောကကိုလည်း နောက်ပိုင်း၌ တွေးမိခဲ့ပြန်သည်။ သူ.တွင် ရှေ.နေ လိုက်ခ ဝင်ငွေနှင့် ဥပဒေပြု ကိုယ်စားလှယ် လစာတို. ပေါင်းလိုက်လျှင် တစ်နှစ်လျှင် ဝင်ငွေ ဒေါ်လာ ၁,၀၀၀ ကျော် ရနေပြီဖြစ်၏။ သို. သော်လည်း နှစ်ခုစလုံးမှာ သေချာပေါက် အပိုင်တွက်ထား၍ မရသော အလုပ်များဖြစ်နေသည်။ သူ၏ရှေ.နေ အစုစပ်လုပ်ငန်းမှာလည်း ခွဲရခါနီး ဖြစ်လာသည်။ လုပ်ဖော်ရှေ.နေ စတူးဝပ်သည် လွန်ခဲ့သော နှစ်နှစ်အတွင်း၌ ဝေါရှင်တင်တွင် အနေများခဲ့သည်။ နည်းနည်းပါးပါး သာ ရှေ.နေလိုက်ခဲ့တော့သည်။ ကိုယ်စားလှယ်များ လွှတ်တော်အမတ်အဖြစ် ဒုတိယသက်တမ်း ဆက်ပြီး အရွေးခံရဖို.က သေချာသလောက် ဖြစ်နေသည်။ စတူးဝပ်အဖို. လင်းကင်းနှင့် ဆက်တွဲပြီး ရှေ.နေလုပ်ငန်းမှာ အဓိဘာယ်မရှိသလို ဖြစ်လာသည်။ လင်းကင်းအတွက်ကလည်း ဥပဒေပြု

www.burmeseclassic.com

ကိုယ်စားလှယ်လစာ ရရှိရန် အာမခံချက် မသေချာလှပေ။ ပြည်တွင်းပိုင်း ဒေသများ ဖွံ့ဖြိုးတိုးတက်မှု စနစ်က မအောင်မြင်ဘဲ ပြည်နယ်၏ ငွေကြေး အခြေအနေမှာ ချွတ်ခြုံကျလာသည်။ လင်းကင်းနှင့် အပေါင်းအပါများမှာ လည်း ခါးသည်းစွာ ဝိုင်းအတိုက်ခံခဲ့ရသည်။ တစ်ခါတစ်ရံတွင် ပုဂ္ဂိုလ်ရေး အရ အစော်ကားခံ ပြောဆိုမှုဒဏ်များကို ခံခဲ့ရသည်။

လင်းကင်း၏ နိုင်ငံရေး ရေပန်းစားမှုကလည်း ကျလာသည်။ ၁၈၄၀ ခုနှစ်၊ ကိုယ်စားလှယ်များ ရွေးကောက်ပွဲတွင် လင်းကင်းသည် မဲ အများဆုံး မရရှိခဲ့တော့။ မြို့ပေါ်နေ ဒေသအချို့တွင် လင်းကင်းနှင့် အပေါင်းပါအချို့ကို ကန့်ကွက်သည့် လူပ်ရှားမှုများပင် ရှိခဲ့သည်။ စပရင်း ဖီးလ် အာဏာသိမ်းပွဲဟုပင် အခေါ်ခံခဲ့ရသည်။ ကိုယ်စားလှယ် သက်တမ်း ကုန်ဆုံးလျှင် နောက်ထပ်ဆက်ပြီး ရွေးကောက်ပွဲ မဝင်တော့ရန်ပင် လင်းကင်း ဆုံးဖြတ်ခဲ့မိသည်။ ဤသို့ဖြင့် ၁၈၄၀ ခုနှစ်တွင် လင်းကင်းသည် မိုခိုလောက်သော ဝင်ငွေကလည်း မရှိ၊ ကိုယ်ပိုင်စုဆောင်းငွေနှင့် ကိုယ်ပိုင် အိုးအိမ်လည်း မဲ့သူဖြစ်နေသည်။ သူ့တွင် နယူးစေလဲမ်မှ "နိုင်ငံတော် အကြွေး" လည်း ပေးစရာရှိသူဖြစ်နေသည်။ သူ့အခြေအနေမှာ စည်းစိမ်ရှိရှိ၊ ဓိမ်ကျကျ နေလာသော မေရီ၏ဘဝမျိုးကို မပေးနိုင်မှန်း လင်းကင်း သိလာသည်။

ဤမိုးရိမ်မှုများသည် လင်းကင်းအား အိမ်ထောင်ပြုရေးအတွက် နက်နဲသော မရေရာ မသေချာမှုများ ဖြစ်စေခဲ့သည်။ လင်းကင်းမှာ သူနှင့် စိတ်တူသဘောတူ သူငယ်ချင်း စပိကဲ့သို့ပင် လင်ကိစ္စတွင်လည်း အတွေ့အကြုံမရှိသူလည်း ဖြစ်ကောင်းဖြစ်နိုင်ခဲ့သည်။ သူတို့နှစ်ဦးသည် နယ်စပ်ဒေသ တောအသိုင်းအဝိုင်းတွင် ကြီးပြင်းလာကြသူများဖြစ်သည်။ အမျိုး သမီးများနှင့် အမျိုးသားများသည် မိသားစုချင်း တွေ့ဆုံပွဲများမှအပ ကိုယ့် ဘာသာ ဘာသိဘာသာ နေတတ်ကြသည်။ ယောကျ်ားလေးများ စုမိကြ လျှင်လည်း ကြမ်းကြမ်းတမ်းတမ်း စကားကြီးစကားကျယ် ပြောကြသည်။

အတွေ့အကြုံမရှိသော လင်ကိစ္စအကြောင်းများကို ရုန်းရုန်းရှိုင်းရှိုင်း ဟာသ စကားများသာ ပြောခဲ့ကြသည်။ လင်းကင်းနှင့် စပိတို့သည် အိမ်ထောင်ရေး အတွက် အကြီးအကျယ် စိတ်ကူးယဉ်ခဲ့ကြသည်။ "တို့နှစ်ယောက်ဟာ ထမ္ဘာကြီးမှာ လက်တွေ့ကျတဲ့အလုပ်ထက် သုခဘုံကို တမ်းတတဲ့ အိပ်မက် တွေပို ပိုပြီး မက်ခဲ့မိကြတာဟာ တို့နှစ်ယောက်အတွက် ထူးခြားတဲ့ ကဲဆိုးမှု ဖြစ်ခဲ့တယ်" ဟု လင်းကင်းက နောင်တွင် သူငယ်ချင်း စပိထံ စာရေးခဲ့ဖူး သည်။ ထိုအချိန်၌ သူတို့နှစ်ဦးသည် အိမ်ထောင်ရေး၏ ခက္ခ သုက္ခများ ထိုလည်း ခွဲဝေခံစားခဲ့ကြသည်။ အိမ်ထောင်ရေးကို မဖော်ပြနိုင်လောက် အောင် အထိတ်တလန့် ကြောက်မက်ဖွယ်ရာကိစ္စတစ်ခုအဖြစ် ကြောက် စိတ်များဝင်ခဲ့ကြသည်။ အတွေ့အကြုံမရှိသေးသော သူတို့၏ လင်ကိစ္စ ရှုမြင်ရည်ကို လည်း စိုးရိမ်ခဲ့ကြပုံလည်းရသည်။ မြတ်နိုးဖွယ်ရာကောင်းသော အကြင်နာမေတ္တာတရားဖြင့် မြတ်နိုးကိုးကွယ်သူအား အိမ်သူသက်ထား ဖြစ်လာရန် မည်သို့ လွှဲပြောင်းပေးရမည်နည်းဆိုသည်ကိုလည်း စိုးရိမ် ကြပုံရ သည်။ ထိုကြောက်ရွံ့စိတ်များကြောင့် လင်းကင်းနှင့် စပိတို့ သည် သူတို့၏ ဇနီးလောင်းများအပေါ်တွင် ချစ်သင့်သလောက် မချစ်ခဲ့ ကြကြောင်း ဆင်ခြင် တွေးတောမိခဲ့ကြသည်။

လင်းကင်းအတွက် ပိုပြီးသောကများစရာတစ်ခုလည်း ဖြစ်ခဲ့ ပြန်သည်။ စပိက နွေဦးပေါက်တွင် ကဲန်တပ်ကီးသို့ ပြန်ရန် ပြင်ဆင်မှု အစ်ခုအဖြစ် ဇနီးဝါရီလ တစ်ရက်နေ့တွင် သူ၏စတိုးဆိုင်ကို ရောင်းချရန် ဆုံးဖြတ်ခဲ့သည်။ လင်းကင်းသည် စပိနှင့်အတူနေခဲ့သော အပေါ်ထပ် အခန်းမှ ဆင်းပေးပြီး ဝိလျံ ဘတ်တလာထံ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ လင်းကင်းသည် တစ်ဦးတည်းနေတတ်သူဖြစ် သည်။ သို့သော်လည်း မေရီ နှင့် အကျွမ်းတဝင်ဖြစ်ခဲ့ရသည်မှာ ကြောက်စရာကောင်းသော အတွေ့အကြုံ အသစ်တစ်ခုလို ဖြစ်ခဲ့သည်။ သည်အချိန်ကျမှ လင်းကင်းသည် အချစ်ဆုံး နှင့် အရင်းနှီးဆုံး သူငယ်ချင်း စပိနှင့် ခွဲရတော့မည်။ ဆင်ခြင်တုံတရားက

www.burmeseclassic.com

အေးအေး ဆေးဆေး စိမ်အုပ်ချုပ်သော စကြဝဠာကြီးတစ်ခုတွင် နေထိုင်လိုသူ တစ်ဦးသည် ယခုတော့ ပြင်းထန်သော စိတ်အာရုံလှုပ်ရှားမှုလိုင်းလုံးများ သည်းထန်သော ပင်လယ်ကြောတွင် မျောသူဖြစ်လာချေပြီတကား။

လင်းကင်းသည် ဘယ်အခါမှ စိတ်လိုက်မာန်ပါ အလျင်စလို မလုပ်ခဲ့ပါ။ မေရီအား သူက မချစ်ကြောင်း စာတစ်စောင်ကို ချရေးလေသည်။ စာကို မီးရှို့.ပစ်ရန် စပိက လင်းကင်းကို ကြိုးစားဖျောင့်ဖျခဲ့သည်။ စပိက လင်းကင်းကို "မင်းမှာ စိတ်ခိုင်ပြီး ယောကျ်ားပီသမယ်ဆိုရင် မေရီကို လူချင်း သွားတွေ့.ပေါ့။ ပြီးတော့ မင်းစာထဲမှာ ရေးထားတာတွေကို ပါးစပ်နဲ့ ပြောပြလိုက်ပေါ့ကွ။ အဲဒီလို လုပ်လို. ရတာပဲ။ စာနဲ့.က မေ့ပျောက်လွယ်တယ်လေ။ ဒါပေမယ့် နှုတ်တစ်ရာ စာတစ်လုံးတဲ့။ စာထဲမှာ ထည့်ရေးလိုက်ရင် အဲဒီစာဟာ မင်းကို တစ်သက်လုံး ဆန်.ကျင်တဲ့ အထောက်အထားမှတ်တိုင်ကြီးလည်း ဖြစ်သွားလိမ့်မယ်ဗျ" ဟု စပိက အကြံပေး ခဲ့သည်။

လင်းကင်းသည် စပိ၏ အကြံပေးချက်ကို စိတ်မပါတပါနှင့် လက်ခံပြီး အက်ဒွပ်စ်တို.၏အိမ်ကြီးသို. သွားခဲ့သည်။ မေရီကို သူမချစ်ကြောင်း ပြောလိုက်ရာ မေရီ.မှာ မျက်ရည်များ ဖြိုင်ဖြိုင်ကျခဲ့သည်။ ပထမတော့ မေရီက ကိုယ့်ကိုယ်ကိုယ် အပြစ်ပြန်တင်ခဲ့သည်။ တစ်ချိန်က ကဲ့နတပ်ကီးက လူငယ်တစ်ယောက်၏ အာရုံစူးစိုက်မှုကို သူမက တမင်သက်သက် အားပေးအားမြှောက်ပြုပြီးနောက်တော့ သူမ ပစ်ပယ်လိုက်သည်ကို သတိရခဲ့သည်။ မေရီက "လှည့်ဖြားသူဟာ အလှည့်ဖြား ခံရမှာပဲ။ လှည့်ဖြားသူက ကျွန်မပါ" ဟု ပြောခဲ့သည်။ လင်းကင်းသည် စိတ်အလွန်ထိခိုက်သွားသည်။ လင်းကင်းသည် မေရီအား သူ၏ဒူးပေါ်သို. ဆွဲယူပြီး နမ်းရှုပ်ခဲ့သည်။ ထို.နောက်တွင် လင်းကင်းသည် မေရီ.ကို ခွဲခွာ၍ ထွက်လာခဲ့လေတော့ သည်။

လင်းကင်းက သူ၏အဖြစ်ကို စပိအား ပြန်ပြောပြခဲ့သည်။ စပိက "နောက်ဆုံးတော့ ကံမကောင်းဘူးပေါ့ကွာ။ ဒါပေမယ့် ဘယ်တတ်နိုင်မလဲ" ဟု ဖြေသိမ့်ခဲ့သည်။ သို.သော်လည်း စေ့စပ်ကြောင်းလမ်းမှသည် မပျက်ဦးဘဲ ရှိနေသေးဆဲဟု စပိက ယူဆခဲ့သည်။ လင်းကင်း ထွက်ခွာသွားပြီး ခဏ်နှစ်တွင် မေရီကလည်း တစ်နှ.နှ. ပြန် စဉ်းစားကြည့်ခဲ့သည်။ လင်းကင်းသည် အဘယ်အကြောင်းကြောင့် သူမအပေါ်တွင် စိတ်ထားနှလုံးထားအကြောင့် ပြောင်းလဲသွားခဲ့သနည်း ဆိုသောအချက်ဖြစ်သည်။ လင်းကင်းသည် မတိလ်ဒါ အက်ဒွပ်စ်နှင့် ချစ်နေ၍သာ ဖြစ်ရမည်ဟု အကြောင်းဆိုင်ဘဲနှင့် မေရီကောက်ချက်ချလိုက်မိတော့သည်။ မေရီသည် လင်းကင်းထံ စာတစ် စောင်ရေးလိုက်သည်။ သူမ၏စာထဲ၌ စေ့စပ်ကြောင်းလမ်းမှကို ခွင့်လွှတ်ခဲ့ပါသော်လည်း "ကျွန်မဘက်က စိတ်ထား မပြောင်းပါ။ ဘယ်အခါမှလည်း မပြောင်းလဲခဲ့ပါ။ ဒါကြောင့် ဒီကိစ္စကို ဖွင့်ထားပါမည်" ဟု ဆက်ပြထားသည်။

လင်းကင်းအတွက် စိတ်သက်သာမှု ရဖို.ဝေးစွ၊ စိတ်ဒုက္ခပင် ဆုတ်ခဲ့ရသည်။ သူ.ကို မေရီ အိုဝင်စ်က ငြင်းဆန်ခဲ့စဉ်က အိုဝင်စ်ကို သူတကယ် ချစ်သည်ဟု သံသယဖြစ်ခဲ့မိသည်။ ယခုလည်း မေရီ၏စာကို ရပြီးနောက် သူအရှုံးကြီး ရှုံးသွားပြီဟု လင်းကင်း သဘောပေါက်ခဲ့သည်။ ဆင်ခါတ်လည်း အကြီးအကျယ်ကျသွားသည်။ ဇန်နဝါရီ ပထမပတ်အတွင်း၌ လင်းကင်းသည် ဝတ်ကျေတန်းကျေ အလုပ်ကိုသွားခဲ့သည်။ သို.သော်လည်း စိတ်မလုံမှု ဝန်ထုပ်ဝန်ပိုးကြီးနှင့် စိတ်မချမ်းသာမှုတို.က သူ.ကို မတရားညှဉ်းဆဲသည်။ လင်းကင်းသည် တစ်ပတ်ခန်. အိပ်ရာထဲ အောင်နေခဲ့ပြီး ဆရာဝန်နှင့် ဒေါက်တာ ဟဲန်နရီတို.မှအပ မည်သူ.ကိုမျှအတွေ့.မခံဘဲ နေခဲ့သည်။

ထိုကာလအတွင်း၌ လင်းကင်းသည် သူ.ကိုယ်သူမှား သတ်သေမှာကိုပင် သူ၏မိတ်ဆွေအချို့.က စိုးရိမ်ခဲ့ကြသည်။ လင်းကင်း၏ အနီးထဲမှ မုတ်ဆိတ်ရိုတ် သင်ခုန်းဓါးအပါအဝင် ဓါးမှန်သမျှနှင့် အန္တရာယ်ရှိနိုင်သည့် ပစ္စည်းအားလုံးကို ဖယ်ထားခဲ့ရသည်ဟု စပိက နောင်တွင် ပြန်ပြောပြခဲ့သည်။ လင်းကင်း၏စိတ်တွင် ထောင်းထောင်းကွဲခဲ့သည်။

www.burmeseclassic.com

သူလုပ်ခဲ့မိသည်အပေါ်တွင် ပြန်လည်သုံးသပ် ကြည့်ခဲ့သည်။ သူ၏ ရှေ့နောက် ကျိုးကြောင်းမညီမှုကို ခါးသည်းစွာ အပြစ်တင်ခဲ့မိသည်။ လင်းကင်းက စပိကို ပြောပြရာ၌ "ကျုပ်ဆုံးဖြတ်ချက်တွေကို ထိန်းသိမ်းနိုင်တာဟာ တစ်ခါကတော့ ကျုပ်ရဲ့.မာန၊ ကျုပ်စာရိတ္တရဲ့. အဓိကကျောက်မျက်ရတနာလို ဖြစ်ခဲ့တယ်" ဟု ပြောခဲ့သည်။ ယခုတော့ ထိုအရည်အသွေးသည် ပျောက်ဆုံးသွားခဲ့ချေပြီ။ မေရီအား စိတ်မချမ်းသာအောင် သူလုပ်ခဲ့မိပြီဆိုသော အတွေးသည် ခေါင်းထဲမှ ဘယ်တော့မှ မပျောက်နိုင်သောအတွေးဖြစ်ပြီး သူ.စိတ်ကို ခြောက်လှန့်.နေလေပြီ။ "အဲဒီစိတ်က ကျုပ်ရဲ့.ဝိညာဉ်ကို သတ်နေတုန်းပဲ။ ကျုပ်ကိုကျုပ် အပြစ်မတင်လို့. ဘယ်ဖြစ်ပါ့မလဲ။ သူ့(မေရီ) စိတ်ဆင်းရဲနေတဲ့အချိန်မှာ ကိုယ့်ကိုယ်ကို စိတ်ချမ်းသာမှု ရလိုပါ့မလို့. ဆုတောင်းနေမိတာကိုပဲ ကိုယ့်ဟာကို အပြစ်တင်မိတယ်" ဟုလည်း လင်းကင်းက စုပိထံ စာရေးခဲ့သည်။

ဇန်နဝါရီလအကုန်တွင် လင်းကင်း ပုံမှန် အလုပ်ပြန်ဆင်း ခဲ့သည်။ သို့သော်လည်း စိတ်က မတည်ငြိမ်သေး။ အလုပ်ကို သွား ချင်သည့်အခါမှ သွားသည်။ လင်းကင်းက သူ့.စိတ်သူ မထိန်းနိုင်သဖြင့် စာရွက်ရွေးတစ်စောင်ပင် မရေးနိုင်ကြောင်း၊ သူသည် စိတ် အဆင်းရဲဆုံးလူတစ်ယောက် ဖြစ်နေကြောင်း စတူးဝပ်ထံပေးသော စာ၌ ရေးသားခဲ့သည်။ လင်းကင်း ပြီဆင်းသွားပုံမှာ လူအများ ဝေဖန်စရာ၊ အတင်းအဖျင်းပြောစရာ အကြောင်းအရာတစ်ခု ဖြစ်သွား ခဲ့သည်။ အက်ဒွပ်စ်မောင်နှံကတော့ လင်းကင်းကို အရူးဟုဆိုသည်။ လင်းကင်း စိတ်ဓါတ်ကျဆင်းသွားရခြင်း၏ အကြောင်းရင်းကိုလည်း ကောလာဟလအမျိုးမျိုး ပြောခဲ့ကြသည်။ မေရီ တော့ဒ်ဇ်စေ့စပ်မှု ကို ဖျက်သိမ်းလိုက်၍ လင်းကင်းမှာ ဝမ်းနည်းပူဆွေးနေရသည်ဟု၊ စပရင်းဖီးလ် တစ်မြို့.လုံးက ပြောခဲ့ကြသည်။ လင်းကင်းက ထိုစဉ်အခြေမှာ "ကိုယ်က အစစ်မှန်ဆုံးချစ်သလောက် ပြန်ပြီး အချစ်မခံရတဲ့ သနားဖွယ်ရာ ကဲခေသူ တောသားလေး ရည်းစားမောင်မောင်ဖြစ်သည်" ဟုပင်

အရေးဆရာ ကော့ခ်ကလင်းက ရေးခဲ့သည်။

(၈)

နောက်လများတွင် လင်းကင်းသည် သူ.ဘဝကို ပြန်ထိန်းနိုင်အောင် ကြိုးစားခဲ့သည်။ အက်ရွှမ်စ်မီသားစု၏ လူမှုရေးအသိုင်းအဝိုင်းကို ပြန်.ခွာလိုက်သဖြင့် မိတ်ဆွေအတော်များများနှင့်လည်း မတွေ့.ရတော့ပေ။ သူ၏ သောကများကို သိမ်မွေ့.ရှုပ်ထွေးလှသော ဥပဒေများ၏အောက်တွင် မြှုပ်နှံခဲ့သည်။ ဧပြီလတွင် သူ၏ ဒွေရေး ကြေးရေး မရေရာမှုများကို စီစဉ်ချရအောင် လုပ်ခဲ့သည်။ စတီဖင် လိုဂင်နှင့် အစုစပ်ရှေ့.နေ ပြုလိုက်သည်။ လင်းကင်းနှင့်လိုဂင် အစုစပ်ရှေ့.နေလုပ်ငန်းသည် စထွက်ကတည်းက အမှုသည်များများရခဲ့သည်။ သို့.သော်လည်း လင်းကင်းသည် ရှေ့.နေ အတွက် ထက်ဝက်မရတဲ့ သုံးချီးတစ်ချီးကိုသာ ရခဲ့သဖြင့် ဝင်ငွေသိပ်များများ မရှိသေးချေ။

လင်းကင်းသည် စိတ်က မပျော်၊ လူကလည်း နေမကောင်းသေး။ သြဂုတ်လတွင်မူ ကဲန်တပ်ကီးပြည်နယ်သို့ ပြန်သွားခဲ့သော သူငယ်ချင်း စပိရှိရာသို့. လိုက်လည်ရန် ဆုံးဖြတ်ခဲ့သည်။ လင်းကင်းသည် ဝူဝစ္စဖီးလ်အနီး ဖာမင်တင်နေအိမ်ကြီးတွင် တစ်လနီးပါး နေထိုင်ခဲ့သည်။ စပိ၏ အိမ်ကြီးမှာ ကျယ်ဝန်းလှသည်။ ၁၈၀၉ ခုနှစ် ဝန်းကျင်က ဖီလာဒဲလ်ဖီးယားမှာ အတတ်ကျွမ်းသော ဗိသုကာများ၏ လက်ရာ အိမ်ကြီးဖြစ်သည်။ လင်းကင်းသည် ထိုအိမ်ဂေဟာကြီး၌ သူမကြုံဖူးခဲ့သေးသော အပန်းဖြေအနားယူမှုကို ရရှိခဲ့သည်။ သူ. အတွက် အဘက်ဘက်က လိုလေသေးမရှိအောင် စပိက စီစဉ်ပေးခဲ့ သည်။ အိမ်စေမျာအနက်မှ တစ်ဦးကို လင်းကင်း၏ ကိုယ်ပိုင် သီးသန့်.အစေခံအဖြစ် ထားပေးသည်။ လင်းကင်းသည် ကျိုရှုဝါ

www.burmeseclassic.com

စပိနှင့်အတူ လယ်ယာကွင်းများထဲတွင် အကြာကြီး လမ်းလျှောက်သည်။ ဂျို့ရှုဝါ၏ ညီမတစ်ဝမ်းကွဲ မေရီနှင့်လည်း မိတ်ဆွေဖြစ်ခဲ့သည်။ လူဝစ္စဖီးလ်မြို့.သို့ အလည်အပတ်သွားရင်း စပိ၏ညီ ဂျိမ်းစ် စပိနှင့် သိကျွမ်းခဲ့ရသည်။ ဂျိမ်းစ်က သူ၏ ကိုယ်ပိုင်ဥပဒေစာကြည့်တိုက်မှ စာအုပ်များကို လင်းကင်းအား ငှားရမ်းခဲ့သည်။ ဂျို့ရှုဝါ စပို၏ မိခင်ကြီးကလည်း လင်းကင်း၏ ဆွေးမြည့်နေပုံကို သတိပြုခဲ့မိသည်အလျောက် လင်းကင်းအား မိခင်တစ်ဦးပမာ အချိန်ကြာကြာပေးပြီး ဆုံးမစကား ပြောကြားခဲ့သည်။ လင်းကင်း ဖတ်ရှုနှင့် ကျင့်သုံးလိုက်နာပြီး ဆုတောင်းစေရန်အတွက် သမ္မာကျမ်းစာတစ်အုပ်ကို လက်ဆောင်ပေးခဲ့သည်။

အတိုချုပ်ဆိုသော် ထိုခရီးစဉ်သည် လင်းကင်းအတွက် အသောင်မြင့်ဆုံး အနာယူ အပန်းဖြေခရီးတစ်ခု ဖြစ်ခဲ့လေသည်။ ကဲ့တပ်ကီး အတွေ့.အကြုံများသည် လင်းကင်း၏ စိတ်ထဲတွင် ခွဲကျန်ရစ်သည်။ အပြန်ခရီးတွင် မီးသင်္ဘောပေါ်၌ ရေချိုငါးသလောက်တွဲ တစ်တွဲပမာ သဲကြီးများဖြင့် တွဲစပ်ထားသော လူမည်းကျွန် တစ်ဒါဇင် တွေ့.ရသည်ကိုပင် စိတ်တုန်လှုပ်မှု မဖြစ်ခဲ့သည်အထိ ဖြစ်ခဲ့သည်။ လူကြီးလူကောင်းဆိုသူတစ်ဦးထံ ကဲ့တပ်ကီးမှ ကျွန်များကို တောင်ပိုင်းဒေသသို့ ခေါ်လာမှန်း လင်းကင်း မှတ်မိသည်။ သခင်ဆရာ၏ ကြာပွတ်ဖြင့် ရိုက်နှက်သံများမှာ ကိုယ်ချင်းစာတရားမဲ့ပြီး ရက်စက်လှသည်။ ရက်စက်သော ရှုခင်းကို လင်းကင်း မမေ့နိုင်။ သို့.သော်လည်း လင်းကင်းသည် ကိုယ့်အပူနှင့်ကိုယ်ဖြစ်ခဲ့၍ ထိုစဉ်က "ကျွန် များသည် သင်္ဘောပေါ်တွင် အရှင်မြူးဆုံးနှင့် အပျော်ဆုံးပုဂ္ဂိုလ်နေသော သတ္တဝါများဖြစ်သည်" ဟု မိမိမှတ်ချက်ချခဲ့မိပုံကို နောင်တွင် လင်းကင်းက ပြန်ပြောပြခဲ့သည်။

ကဲ့တပ်ကီး၌ စပိသည် သူ.ကဲ့သို့.ပင် စိတ္တဇပြဿနာတစ်ခုတို့ ရင်ဆိုင်နေရကြောင်း လင်းကင်း သိခဲ့ရသည်။ စပိသည် ဗဲန်နီ ဟဲန်နင် ဆိုသည့် ရွှင်လန်းဖျတ်လတ်သူ မိန်းကလေးတစ်ဦးနှင့် စေ့စပ်ထားသည်

ကောင်းကင်ဘုံမှ မျက်လုံးများနှင့် လှုပ်ကရှားဟု လင်းကင်းက ခေါ်ဆိုခဲ့သည်။ သို့.သော်လည်း လက်ထပ်ခါနီးလာသောအခါ စပိတွင် တွေဝေသည့် စိတ်ကူးများဝင်လာသည်။ ဗဲန်နီကို သူချစ်သင့်သလောက် မချစ်မိဟု စပိသဲသဲစိတ်ဝင်ပြီး သောကဖြစ်မိသည်။ လင်းကင်းသည် စပရင်းဖီးလ်ရှိ သူ၏ အခြေအနေဖြစ်ပျက် တိုးတက်မှုကိုလည်း စောင့်ကြည့်နေခဲ့သည်။ စပိအား စိတ်ခါတိတ်တက်ကြွစေရန်နှင့် လက်ထပ်ရန် တိုက်တွန်းသည့်စာများကိုလည်း လင်းကင်းက ဆက်လိုက်ရေးထည့်ခဲ့သည်။ တကယ်တော့ လင်းကင်းနှင့် စပိတို့.သည် ဆရာဝန်တစ်လှည့်၊ လူနာတစ်လှည့် လုပ်တမ်းကစားသလို ဖြစ်ခဲ့သည်။ ၁၈၄၀-၄၁ ခုနှစ် ဆောင်းရာသီ၌ လင်းကင်းသည် ခံစားသူဖြစ်ပြီး စပိက အကြံပေး၊ အားပေးစကားများပြောသူဖြစ်ခဲ့သည်။ ယခုတော့ စပိက စိတ်ဒုက္ခရောက်နေပြီး လင်းကင်းက စပို၏ ကျန်းမာရေးနှင့် စိတ်ကြည်လင်ရေးတို့.အတွက် ကြိုးစားကယ်တင်ပေးနေရသည်။

လင်းကင်းသည် စပိနှင့် ငြင်းဆိုမှု ပြုလုပ်နေချိန်၌ သူ.ကိုယ်သူလည်း ပြန်၍ ငြင်းချက်ထုတ်နေမိသည်။ ဗဲန်နီကို စပိက ချစ်သင့်သလောက် မချစ်ဖူးလို့. ကြောက်နေသလား။ လင်းကင်းက အဓိပ္ပာယ်ရရှိလိုက်တာဟု မှတ်ချက်ချခဲ့သည်။ စပိက ဗဲန်နီကို ငွေကြေးရှိလို့. ပိုးပန်းခဲ့တာမှ မဟုတ်စေ၊ ဗဲန်နီ.မှာ ပိုက်ဆံမရှိဘူး။ ပြီးတော့ ဗဲန်နီဟာ စိတ်ခါတိကောင်းလို့.၊ ခင်မင်တတ်လို့.၊ အကျင့်စာရိတ္တကောင်းလို့. လိုချင်ခဲ့တာလည်း မဟုတ်ဘူး။ ကောင်မလေးကို အရူးအမူး ချစ်လွန်းလွန်းလို့. လက်ထပ်ဖို့. တောင်းခံခြင်းဖြစ်သည်ဟု လင်းကင်းနားလည်ခဲ့သည်။ ဗဲန်နီ စာစ်ယောက် အပြင်းဖျားပြီး နေထိုင် မကောင်းဖြစ်သောအခါ စပိက ဓာတုရူးစိတ်ညစ်ခဲ့ရကြောင်း ပြောရာ စပိက ဗဲန်နီကို ချစ်ကြောင်းပြသည်။ သဲသဲယကင်းသော သက်သေကို လင်းကင်းရသွားသည်။ လင်းကင်းက "ဟေ့ ... စပိ၊ ခင်ဗျား သူ.ကို မချစ်လို့.ကတော့ မသေစေချင်တာလောက်ပဲ

www.burmeseclassic.com

ဖြစ်ချင်ဖြစ်မယ်။ ခင်ဗျား ဘယ်လိုမှ ခံစားလို့ရမှာ မဟုတ်ဘူး" ဟု ပြောခဲ့သည်။ လက်ထပ်ရက်လည်း နီးလာပြီ။ စပိအဖို့ ခဏတစ်ဖြုတ်တော့ ဦးနှောက်ခြောက် ကောင်းခြောက်မည်။ သို့သော်လည်း ဆိုးသွမ်းသော ရာသီဥတုကို ရှောင်မယ်၊ ပျင်းရိဖျင်းတွဲလည်း လုပ်မနေဘူးဆိုလျှင်တော့ အားလုံး အဆင်ပြေသွားမည်ဖြစ်ကြောင်း လင်းကင်းက စပိကို သတိပေး ဟောကိန်းထုတ်ခဲ့သည်။ ဦးနှောက်ခြောက်လျှင် အပြင်းအထန် ခံစား ရကြောင်း သူ၏အတွေ့အကြုံများကိုလည်း ပြောပြခဲ့သည်။ နှစ်လ သုံးလ လောက်ကြာလျှင် စပိသည် အပျော်ဆုံး ယောကျ်ားတစ်ယောက် ဖြစ်လာ လိမ့်မည်ဟုလည်း လင်းကင်းက ကြိုတင်ပြောလိုက်သည်။

စပိတို့ လက်ထပ်အပြီးတွင် လင်းကင်းထံသို့ လာသောစာ များထဲတွင် ထူးထူးခြားခြား စာတစ်စောင် ပါလာသည်။ လင်းကင်းသည် ထိတ်ထိတ်ပျာပျာ စိုးရိမ်တကြီးနှင့် စာကိုဖတ်မိသည်။ စပိက သူ၏ အိမ် ထောင်ကျမှုကို ရေးသားလိုက်သည့် အစီရင်ခံစာဖြစ်နေသည်။ စပိက သူမျှော်မှန်းထားခဲ့သမျှထက် အများကြီးပို၍ပျော်စရာ ကောင်းပုံကို ရေးပြရာ လင်းကင်းမှာလည်း အပျော်ကြီးပျော်သွားသည်။ "ငါ့အနေနဲ့ အမှန်တရား ထက် ပိုပြီးပြောတာ မဟုတ်ဘူး။ မင်းရဲ့ နောက်ဆုံးစာကို ဖတ်လိုက်ရတဲ့ တစ်ခဏလေးမှာပဲ ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလ တစ်ရက်နေ့ကတည်းက ရခဲ့တဲ့စာတွေအားလုံးထက် ပိုပြီး စိတ်ချမ်းသာမှုရခဲ့တယ်" ဟု စပိက ရေးလိုက်သည်။ စာဖတ်ပြီး ပြစ်ထားလိုက်၍ ရုနိုင်ပါသည်။ သို့သော်လည်း စပိသည် သံသယနှင့် ခံစားမှုမျှကို ကျော်လွန်ပြီး အမှန်ပင်ပျော်ရွှင်မှု ရကြောင်းကို သေချာသိနိုင်ရန်အတွက် လက်ထပ်ပြီး ရှစ်လအကြာတွင် လင်းကင်း က စာပြန်ရေးပြီး တုံးတိတိမေးလိုက်သည်။

"ခင်ဗျား အခုလို လက်ထပ်ပြီးမှ ခံစားမှုအရရော၊ ဆုံးဖြတ် မှုအရရော ပျော်ရွှင်နေပြီဆိုတာ မှန်သလား။ ဒီမေးခွန်းကို ကျုပ်က လွဲလို့ တခြားတစ်ယောက်ယောက်က မေးခဲ့မယ်ဆိုရင် စော်ကားမော်ကားမေးရာ

ရောက်ပါလိမ့်မယ်။ ဒါပေမယ့် ကျုပ်ကိုတော့ ခင်ဗျားခွင့်လွှတ်လိမ့် မယ်ဆိုတာ ကျုပ်သိပါတယ်" ဟု လင်းကင်းက မေးခဲ့လေသည်။

(၉)

လင်းကင်းက စပိထံမှ အမြန်အကြောင်းပြန်ကြားရန် စာရေးပြီး မေးလိုက်ခြင်းအတွက် အကြောင်းတစ်ခု ရှိခဲ့သည်။ လင်းကင်းသည် မေရီနှင့် လက်ထပ်ရန် ပြန်လည်နီးစပ်လာခဲ့ခြင်းကြောင်းဖြစ်သည်။ လင်းကင်းနှင့် မေရီတို့ ကွဲသွားခဲ့ကြပြီးသည့်နောက်တွင် တစ်ဦးကိုတစ်ဦး ရှောင်ကြဉ်ရန် ကြိုးစားခဲ့ကြသည်။ သို့သော်လည်း ဧပရဲဖီးလ်လို မြို့ကလေးတစ်မြို့တွင် တစ်ယောက် ဘာလုပ်နေသည်ကို တစ်ယောက်က အမြဲသိနေကြသည်။ လင်းကင်း၏ မိတ်ဆွေကောင်းတစ်ဦးဖြစ်သူ ဆန်ဂါမိုးကျာနယ် အယ်ဒီတာ ဆိုင်နီး မစ္စက် ဆင်မ်မီယင် ဖရန်စစ္စကာ ကြားဝင်ပေးခဲ့သည်။ သူမက လင်းကင်းနှင့် မေရီတို့အား မိတ်ဆွေများ တွေ့ဆုံပွဲတစ်ခုသို့ ဖိတ်ကြား ခဲ့သည်။ သူတို့နှစ်ဦးကို မျက်နှာချင်းဆိုင် တွေ့ပေးပြီး "မိတ်ဆွေတွေ ပြန်ဖြစ်ကြတော့" ဟုပြောကာ ရင်ကြားစေ့ပေးခဲ့လေသည်။

သူတို့နှစ်ဦးသည် မစ္စက် ဖရန်စစ္စ၏ အိမ်၌ ချိန်းပြီးတွေ့ဆုံ ကြသည်။ လူနှစ်ဦးကိုသာ အသိခံခဲ့သည်။ လင်းကင်း၏ ကိုယ်စိတ် ကျန်း မာရေးကို ဂရုစိုက်ပေးခဲ့သော ဒေါက်တာ ဟဲန်နရီနှင့် မေရီ၏ အရင်းနှီးဆုံး သူငယ်ချင်း ဂျူလီယာ ဂျိန်းတို့မှအပ မည်သူမျှ မသိစေခဲ့ရပေ။ အထူး သဖြင့် အက်ဒွပ်စ်မိသားစု မသိအောင် ဂရုစိုက်ခဲ့ကြသည်။ သူတို့၏ စေ့စပ်ကြောင်းလမ်းမှု ပျက်ပြားသွားခဲ့ရပြီးနောက်ပိုင်းတွင် မေရီအား လင်း ကင်းနှင့် လက်ထပ်ရေးကို တစ်သက်လုံး မစဉ်းစားတော့ရန် အက်ဒွပ်စ် မောင်နှံက မေရီကို ခပ်ပြတ်ပြတ် ပြောခဲ့ကြသည်။ လင်းကင်းနှင့် မေရီ

www.burmeseclassic.com

တို့.သည် ပင်ကိုသဘာဝ စိတ်နေစိတ်ထားနှင့် ကြီးပြင်းလာကြပုံ စသည်တို့.မှာ မတူကြသဖြင့် ပျော်ရွှင်သော ဇနီးမောင်နှံဘဝကို ရနိုင်မည် မဟုတ်ကြောင်းကိုလည်း ပြောခဲ့ကြသည်။

လင်းကင်းနှင့် မေရီတို့. တိတ်တခိုး တွေ့.ဆုံခဲ့ကြရင်းနှင့် သူတို့.နှစ်ဦးတွင် တူညီသော စိတ်ဝင်စားမှုများရှိကြပုံကို ပြန်လည် တွေ့.ရှိခဲ့ကြသည်။ ဖြစ်ပေါ်နေသော နိုင်ငံရေး ကဲမကောင်း အကြောင်း မလှမ္ဘကလည်း သူတို့.နှစ်ဦး၏ ပိုမိုရင်းနှီးမှုကို ဖန်တီးအားပေးခဲ့သည်။ လင်းကင်း မကြာခဏ ခုခံကာကွယ်ပြောဆိုခဲ့သည့် အီလီနွိုင်းပြည်နယ် ဘဏ်ကို ၁၈၄၂ ခုနှစ်၊ ဖေဖော်ဝါရီလထဲတွင် အတင်းအကျပ် အပိတ်ခံခဲ့ရသည်။ ငွေစက္ကူများ တန်ဖိုးမဲ့ဖြစ်သွားသည်။ အီလီနွိုင်းပြည်နယ် တစ်ခုလုံးတွင် စီးပွားရေးလုပ်ငန်းများ လုံးဝနီးပါး ရပ်ဆိုင်းသွားခဲ့သည်။ ငွေစက္ကူများဖြင့် အခွန်ဆောင်ခြင်းကို လက်မခံရန်အတွက် ပြည်နယ် စာရင်းစစ် ရှီးလ်ဒ်စ်က ညွှန်ကြားချက်တစ်ခုကို ပိပိရိရိ ထုတ်ပြန်ခဲ့သည်။ ဝှစ်တို့.သည် ထိုအကျပ်အတည်းကို ချက်ချင်း အမြတ်ထုတ်ရန် ကြိုးစားကြတော့သည်။ ဝှစ်တို့.က ပြည်နယ်ဒီမိုကရက်အစိုးရနှင့် အထူးသဖြင့် ရှီးလ်ဒ်စ်ကို ထိုးစစ်ဆင်ခဲ့ကြလေသည်။ ရှီးလ်ဒ်စ်မှာ ဒပ်ဂလပ်စ်ပြိုးလျှင် အီလီနွိုင်းပြည်နယ်၏ အဆင့်ရှားဆုံး ဒီမိုကရက်လူငယ်တစ်ဦးဖြစ်ပြီး ရာထူးတက်ရန်လည်း လုံးဝနီးပါး သေချာသူဖြစ်သည်။

ဒီမိုကရက်များကို ထိုးစစ်ဆင်ရာတွင် လင်းကင်းသည် အတက်ကြွဆုံးသူ ဖြစ်ခဲ့သည်။ *ဆန်ဂါမိုးကွာနယ်* တွင် ရေးသားခွင့်ရသော အခွင့်အရေးကို အမြဲအသုံးချတတ်သူဖြစ်နေသည်။ *ဆန်ဂါမိုးကွာနယ်* အယ်ဒီတာထံသို့ "ပျောက်ဆုံးနေသော မြို.နယ်များ"မှ ကလောင်ဝှက် ရီဘက်ကာ အမည်ကို ခံယူပြီး ရေးခဲ့သည်။ ရီဘက်ကာဆိုသူမှာ ပညာမတတ်သည့် ခပ်ကြမ်းကြမ်း တောသူတစ်ဦးဖြစ်ပြီး အယ်ဒီတာထံ ပေးစာများတွင် မြို့မြို့ ကြွကြွရေးခဲ့သည့် ကလောင်ဝှက် တစ်ဦးဖြစ်သည်။ လင်းကင်းသည် ထိုအမည်ကိုယူပြီး ဒီမိုကရက် နိုင်ငံရေး ပေါ်လစီများကို ထိုးနှက်ခဲ့သည်။ စာရင်းစစ် ရှီးလ်ဒ်စ်ကို သရော်ခဲ့သည်။ "ငွေရေးကြေးရေးပြဿနာကို နိုင်ငံရေးသမားများက ဖန်တီးခဲ့ခြင်းဖြစ်ပြီး ရှီးလ်ဒ်စ်၏ ထုတ်ပြန်ကြေညာချက်မှာ အကောင်းမဟုတ်၊ ကြေးနှင့်လုပ်ထားသော ဒေါ်လာပြားလိုဖြစ်နေသည်။ ရှီးလ်ဒ်စ်သည် လူမိုက်တစ်ဦးဖြစ်သလို မုဆိုးတစ်ဦးလည်း ဖြစ်နေသည်။ အမှန်တရားကို နားမလည်သူလည်း ဖြစ်နေသည်" စသဖြင့် ကလောင်ရှင် အန်တီရီဘက်ကာ၏ တောလေသံမျိုးဖြင့် လင်းကင်း ရေးသားခဲ့လေသည်။

လင်းကင်းသည် "ပျောက်ဆုံးနေသော မြို.နယ်များ"မှ အယ်ဒီတာထံ ပေးစာများကို ပျော်ပျော်ပါးပါး ရေးခဲ့သည်။ သူရေးထားသော စာမူကြမ်းများကို မေရီတော့ဒ်နှင့် ဂျူလီယာ ဂျိန်းတို့.ကို ပြသ ခဲ့သည်။ သူတို့.နှစ်ဦးက စာကို အချောကိုင်ပေးခဲ့ကြပြီးမှ စက်တင် ဘာလ ၂ ရက်နေ့.ထုတ် *ဆန်ဂါမိုးကွာနယ်* တွင် ပါလာခဲ့ခြင်းဖြစ်သည်။ မိန်းကလေးနှစ်ဦးမှာ စိတ်ပါလာပြီး သူတို့.ကိုယ်တိုင် စာရေးကြရန်ပင် ဆုံးဖြတ်ခဲ့ကြသည်။ ရှီးလ်ဒ်စ်က သူ.အပေါ်တွင် စော်ကားခဲ့ခြင်းနှင့် စပ်လျဉ်း၍ သူစိတ်ကျေနပ်မှုရသည်အထိ တောင်းဆိုမည်ဆိုသည့် ကောလာဟလသတင်းကိုမှီး၍ အန်တီ ရီဘက်ကာထံမှ တဲ့.ပြန်ချက်မျိုးကို ရေးခဲ့ကြသည်။ "သူ (ရှီးလ်ဒ်စ်) ကျွန်မဆီကို လာပါစေ၊ ကျွန်မ လက်ကို ကိုင်နိုင်ပါတယ်၊ အဲဒါနဲ့.မှ သူ.အတွက် ကျေနပ်မှု ရရဲ့ဘူး ဆိုရင်တော့ သူဟာ ကျွန်မလက်ကို ကိုင်ရုံနဲ့. မကျေနပ်သေးတဲ့ လူပျိုသိုးကြီးတစ်ဦး ဖြစ်တယ်လို့. ကျွန်မ ပြောရပါလိမ့်မယ်"ဟု ရေးသားခဲ့သည်။ ထိုစာနောက်တွင် ကက်သရင်းအမည်ဖြင့် ရေးသော ကဗျာဆန်သော စာတစ်စောင်၌ ရှီးလ်ဒ်စ်သည် မုဆိုးမကြီး ရီဘက်ကာကို လက်ထပ်ခွင့် ကြိုးစားနေပြီဆိုကြောင်း ရေးခဲ့ကြသည်။

ရှီးလ်ဒ်စ်အား ဟာသပုဂ္ဂိုလ်အဖြစ်ရွေးထုတ်ခဲ့ခြင်းအတွက် သူတို့.သုံးဦးတွင် အန္တရာယ်ရှိသော ကစားနည်းတစ်ခုကို ကစားသလိုဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့သည် ပြည်နယ်စာရင်းစစ်ရှိုးလ်ဒ်စ်အတွက် စိတ်မလုံဖွယ်ရာအကောင်းဆုံးသော အချက်များကို ထိုးနှက်ခဲ့ကြခြင်းကြောင့်ဖြစ်သည်။ ရှိုးလ်ဒ်စ်သည် သဘောကောင်းပြီး အကျင့်စာရိတ္တ အလွန်ကောင်းသူဖြစ်သည်။ ပြောပုံဆိုပုံ အမူအရာများမှာလည်း အမွှန်းတင်စရာကောင်းသည်။ သို့သော်လည်း အမျိုးသမီးများက သူ့ကိုတွေ့လျှင် မလွန်ဆန်နိုင်သူတစ်ဦးဖြစ်သည်ဟုလည်း စိတ်ကူးယဉ်တတ်သူဖြစ်သည်။ ပြီးတော့ ဟာသဉာဏ်ရှိသူလည်း မဟုတ်ပြန်။ ရှိုးလ်သည် စိတ်လှုပ်ရှားပြီး ဒေါသကြီးသူလည်း ဖြစ်၏။ ရှိုးလ်ဒ်စ်က သူ့အား အမည်မဖော်ဘဲ ထိုးစစ်ဆင်နေသူအား ထုတ်ဖော်ပြောဆိုရန် အယ်ဒီတာ ဆင်မ်မီယင် ဖရန်စစ္စထံ တောင်းဆိုလိုက်သည်။ အမျိုးသမီးနှစ်ဦးအား အကာအကွယ်ပေးနိုင်ရန်အတွက် လင်းကင်းက ကြားဝင်ခံပေးသည်။ "ပျောက်ဆုံးနေသောမြို့များ"မှ စာအားလုံးအတွက် လင်းကင်းက သူ့မှာ တာဝန်ရှိကြောင်း ထုတ်ပြောရန် ဆင်မ်မီယင် ဖရန်စစ္စအား ခွင့်ပေးခဲ့သည်။ ထို့ကြောင့် ၁၈၄၂ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ရှိုးလ်ဒ်စ်က လင်းကင်းထံ စာတစ်စောင် ရေးပို့ခဲ့သည်။

"ဆက်သွယ်ရေးသားမှုအားလုံးတွင် ခင်ဗျားရေးသားခဲ့သည့် ထိုးစစ်ဆင် ရည်ညွှန်းရေးသားချက်အားလုံးကို လုံးဝဥဿုံ အပြည့်အစုံ ရှာသိမ်းပေးရမည်" ဟု ရှိုးလ်ဒ်စ်၏စာတွင် ဖော်ပြထားသည်။ ငြင်းဆန်ခဲ့သော် မည်သို့သော အကျိုးဆက်များ ဖြစ်လာနိုင်မည်ဟု ရှိုးလ်ဒ်စ်က ရေးမထားခဲ့။ သို့သော်လည်း ရှိုးလ်ဒ်စ်သည် သေနတ်ပစ်ကျွမ်းကျင်သော စစ်သားတစ်ဦး ဖြစ်ခဲ့သည်။ တစ်ဦးချင်း သေနတ်ယှဉ်ပစ်သည့် ထုံးတမ်းနှင့် အကျွမ်းဝင်သူဖြစ်သည်။

ရှိုးလ်ဒ်စ်၏စာကို သူ၏မိတ်ဆွေ ဗိုလ်ချုပ်ကြီး ဂျွန် ဒီ ပို့ကိုက်ဆိုက်က ယူလာသည်။ ဗိုလ်ချုပ်ကြီး ပို့ကိုက်ဆိုက်မှာ ပြည်နယ်ရန်ပုံငွေအဖွဲ့၏ ကော်မရှင်နာမင်ကြီးဖြစ်သည်။ လင်းကင်းသည် ထရီမောင့်ရှိ ခရိုင်ပတ်လည် တရားရုံးတစ်ခုတွင် အမှုလိုက်နေစဉ်အတွင်း၌ ဗိုလ်ချုပ်ကြီး ပို့ကိုက်ဆိုက်က

လာပေးသွားခြင်းဖြစ်သည်။ လင်းကင်းက တစ်ယောက်ချင်း သေနတ်ယှဉ်ပစ်ခြင်းကို လုံးဝဆန့်ကျင်ကြောင်း ကနဦး ထုတ်ပြောခဲ့သည်။ သို့သော်လည်း သူ့အတွက် ဂုဏ်သိက္ခာမကျစေဘဲ မိတ်ဆွေများ၏ အထင်သေးမှု မခံရမည့်ကိစ္စဆိုလျှင် ဘာမဆို လုပ်ပေးမည်ဟု လင်းကင်းက ဖြေကြားခဲ့သည်။ သူ့ဘာသာသူသာ လုပ်ခဲ့ရလျှင် လင်းကင်းသည် သူ့ကို မထိခိုက်စေဘဲ ရှိုးလ်ဒ်စ်နှင့် ငြိမ်းအေးအောင် လုပ်ဆောင်ကောင်း လုပ်ဆောင်ခဲ့မည်ဖြစ်သည်။ သို့သော်လည်း လင်းကင်း အမှားတစ်ခုကို ပြုလုပ်မိသည်။ စပရင်းဖီးလ်မှ သွေးဆူသော လူငယ်ဆရာဝန် ဒေါက်တာ အဲလီယပ်စ် အိပ်ချ် မဲရီမင်းနှင့် တိုင်ပင်ခဲ့မိသည်။ မဲရီမင်းက သေနတ်ချင်း ယှဉ်ပစ်မှုကို ထင်ထင်ရှားရှား လိုလားခဲ့သူဖြစ်သည်။ မဲရီမင်း၏ ဆရာလုပ်မှုကြောင့် လင်းကင်းက ရှိုးလ်ဒ်စ်ကို ဝန်ခံရန် ငြင်းဆိုခဲ့သည်။ ရှိုးလ်ဒ်စ်၏ စာထဲတွင် အချက်အလက်မျိုးစုံ ပါရှိပြီး ခြောက်လှန့်မှုလည်း များစွာပါရှိနေသောကြောင့်ဖြစ်သည်။ ထိုမှု ဂုဏ်သိက္ခာများစွာ အချခံမည်အစား သေနတ်ချင်း ယှဉ်ပစ်မည်ဟု လင်းကင်းက မဲရီမင်းအား ပြောကြားခဲ့သည်။

ထို့နောက် ဗိုလ်ချုပ်ကြီး ပို့ကိုက်က ရှိုးလ်ဒ်စ်၏ စိန်ခေါ်မှုကို သေနတ်ပစ်ပွဲနှစ်ခုအောင် ဆောင်ရွက်ပေးခဲ့သည်။ လင်းကင်းက မဲရီမင်းအား သူ၏လက်ထောက်အဖြစ် ရွေးချယ်တာဝန်ပေးခဲ့သည်။ အဖွဲ့နှစ်ဖွဲ့ စိန်ခေါ်ပွဲတွင် လင်းကင်းက ကြိုက်ရာလက်နက် ရွေးချယ်ခွင့်ရခဲ့ရာ လင်းကင်းက ဓါးရှည်ကို ရွေးခဲ့သည်။ လင်းကင်းသည် သိန်းနက်စစ်ပွဲကာလအတွင်းက မြင်းတပ်သုံး ဓါးရှည်များ ကိုင်ခဲ့ဖူးသည့် အတွေ့အကြုံနည်းနည်းပါးပါး ရှိခဲ့သည်။ စပရင်းဖီးလ်မှ လူငယ်ရှေ့နေ အဲလ်ဘတ် တေလာ ဘလက်ဆို ဆိုသူက လင်းကင်းကို ဓါးရေးသင်ကြားပေးခဲ့ရာ ရက်သတ္တပတ် အနည်းငယ် လေ့ကျင့် ခွင့် ရခဲ့သည်။ မည်သို့ပင်ဖြစ်စေ သူ့အနေဖြင့် အရပ်ပိုမြင့်ပြီး လက်တံများလည်း ပိုရှည်သဖြင့် သူ့အတွက် ဓါးခုတ်ပွဲသည် အထိုက်အလျောက် တစ်ပန်းသာမှု ရှိလိမ့်မည်ဟု လင်းကင်း

www.burmeseclassic.com

သဘောပေါက်ခဲ့သည်။ ရိုးလ်ဒ်စ်မှာ အရပ် ၅ ပေ ၉ လက်မသာမြင့်သည်။ လင်းကင်းသည် ခါးခုတ်ပွဲအတွက် အကြီးအကျယ် အလေးအနက်ထားခဲ့သည်။ လင်းကင်းက "ကျွန်တော့်ကိုယ်ကို ခုခံဖို့လုပ်ရရင်တော့ မတ္တာတတ်ဘူး။ ကျွန်တော် ရိုးလ်ဒ်စ်ကို ထိခိုက်အောင်လုပ်ဖို့ ရည်ရွယ်ချက် မရှိခဲ့ပါဘူး။ တကယ်လို့ လိုအပ်လာခဲ့ရင်တော့ ကျွန်တော် သူ့ကို ခေါင်းတည့်တည့်ကနေ နောက်ကျောရိုးအထိ ထက်ခြမ်းခွဲခဲ့မိမှာပါပဲ" ဟု ပြန်ပြောခဲ့သည်။

အီလီနွိုင်းပြည်နယ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေက တစ်ဦးချင်းစိန်ခေါ် ယှဉ်ပြိုင်ခြင်းကို ခွင့်မပြုပေ။ ကျူးလွန်သူများအား ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ ငါးနှစ်အထိ ချမှတ်ရန် သတ်မှတ်ထားသည်။ လင်းကင်းနှင့် ရိုးလ်ဒ်စ်တို့၏ စိန်ခေါ်ပွဲကို အီလီနွိုင်းပြည်နယ်၏ ပြင်ပတွင် ပြုလုပ် ရမည်ဖြစ်သည်။ ထို့ကြောင့် အဖွဲ့နှစ်ဖွဲ့က အယ်လ်တင် မြို့နှင့် မစ္စစ္စပီးပြစ် တစ်ဖက်ကမ်းရှိ မစ်ဇူးရီးပြည်နယ်ထဲတွင် စီစဉ်စေရန် သဘောတူညီခဲ့ကြသည်။ မြန်မြန်လုပ်ဖို့ လိုလာချေပြီ။ စောင့်ဆိုင်းနေရသော ခါးခိုန်းပွဲ သတင်းက စပရင်းဖီးလ်တစ်မြို့လုံးသို့ ပျံ့နှံ့လာသည်။ သူတို့ နှစ်ဦးအား ဖမ်းဆီးတော့မည့် သတင်းကလည်း ခြိမ်းခြောက်လာသည်။

လင်းကင်းသည် မဲရီးမင်း၊ ဘလက်ဆိုးနှင့် ဝီလျံ ဘတ်တလာတို့ ခြံရံလျက် စက်တင်ဘာလ ၂၂ ရက်နေ့တွင် အဲလ်တင်မြို့သို့ ရောက်လာကြသည်။ ထို့နောက် မစ္စစ္စပီးပြစ်ကိုဖြတ်ကာ စိန်ခေါ်ပွဲ ကျင်းပမည့်နေရာသို့ သွားခဲ့ကြသည်။ ရိုးလ်ဒ်စ်၏အဖွဲ့ကလည်း ရောက်နှင့်နေပြီ။ ခါးပွဲစတော့မည်ဆဲဆဲဖြစ်သည်။ မေရီနှင့် အမျိုးတော်ပြီး လင်းကင်းနှင့် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် ဂျွန် ဟာဒင်နှင့် ဒေါက်တာ အာရ် အင်္ဂလိပ်ရှ်တို့က စိန်ခေါ်ပွဲကို ရုပ်ဆိုင်းစေရန် ဝင်တားခဲ့ကြလေသည်။ သူတို့ နှစ်ဦးစလုံးမှာ နှစ်ဖက်စလုံးနှင့် ခင်မင်သော မိတ်ဆွေများဖြစ်ကြသည်။ သူတို့က ရိုးလ်ဒ်စ် ရေးသားခဲ့သည့် မထီလေးစားစာကို ရုပ်သိမ်းရန် မေတ္တာရပ်ခံပြီး လင်းကင်း

ဘက်က လည်း ရိုးလ်ဒ်စ်၏ ကိုယ်ရေးစာရိတ္တနှင့် သီးသန့်စာရိတ္တပိုင်းကို ထိခိုက်စေရန် မရည်ရွယ်ကြောင်း ဝန်ချတောင်းပန်ပြီး သူ့အား လူကြီးသူကောင်းတစ်ယောက်အဖြစ် ခံယူစေရန်နှင့် "ပျောက်ဆုံးနေသော မြို့နယ်များ" မှ စာများကို နိုင်ငံရေးအကျိုးသက်ရောက်မှုအတွက် ဂရုသားခဲ့ကြောင်း ဝန်ခံရန် ညှိနှိုင်းပေးခဲ့သည်။

ဤသို့ဖြင့် နှစ်ဖက်အဖွဲ့သားများ လက်ဆွဲနှုတ်ဆက်ကြပြီးနောက် အီလီနွိုင်းပြည်နယ်ဖက်သို့ ပြန်လာခဲ့ကြသည်။ ထိုအဖြစ်သည် လင်းကင်း၏ တစ်သက်တာတွင် နာကျင်ဖွယ်ရာ အကောင်းဆုံး၊ မမေ့နိုင်စရာအဖြစ်အပျက်တစ်ခုအဖြစ် ကျန်နေရစ်သည်။ သူသည် အလွန်ပင် ရှက်ခဲ့မိသည်။ ထိုအကြောင်းကို ဘယ်တော့မှ ထပ်မပြောကြရန် မေရီနှင့် နှစ်ဦးသဘောတူခဲ့ကြသည်။ နောင်နှစ်ပေါင်းများစွာ အကြာတွင် ပြည်တွင်းစစ်ကာလအတွင်း၌ ထိုအကြောင်းကို မခိုးမခန်, အရာရှိတစ်ဦးက ရည်ညွှန်းပြောဆိုခဲ့သည်။ လင်းကင်းက မျက်နှာကြီး နီရဲလာပြီး "ကျွန်တော် မငြင်းဘူးပါဘူး။ ဒါပေမယ့် ခင်ဗျား ကျွန်တော်နဲ့ မိတ်ဆွေအဖြစ် လိုလားရင် ဒီအကြောင်းကို နောက်တစ်ခါ ထပ်မပြောပါနဲ့," ဟု လင်းကင်းက သတိပေးခဲ့လေသည်။ အမှန်အားဖြင့် သူသည် မိုက်မဲစွာ ပြုလုပ်ခဲ့မိသည်။ ပြန်စဉ်းစားကြည့်လိုက်လျှင် သူသည် ရှေ့နေတစ်ဦးနှင့် တရားရုံးတော် အရာရှိတစ်ဦးဖြစ်လျက် ဥပဒေကို တမင်ချိုးဖောက်ခဲ့ခြင်းအတွက် ဣန္ဒြေပျက်ခဲ့ရသည်။ ဂုဏ်သိက္ခာကျခဲ့ရသည်။ သူ၏ ပြင်းထန်သော စိတ်လှုပ်ရှားမှု၏ စေစားမှုကို ခံခဲ့ရခြင်းဖြစ်ကြောင်း တွေးမိ၍ လူအများကို ခေါင်းအေးအေးထား၍ တွက်ချက်ရန် စဉ်းစားပြီး စိတ်လှုပ်ရှားမှုကင်းသော ဆင်ခြင်တုံတရား၏ လမ်းညွှန်မှုကို လိုက်နာကျင့်သုံးရန် မကြာခင်က သူပြောဆိုခဲ့မိကြောင်း လင်းကင်း သတိရနေမိသည်။

သို့သော်လည်း ရိုးလ်ဒ်စ်နှင့် ဖြစ်ခဲ့ရသော အရေးကြောင့် မမျှော်လင့်သည့် အကျိုးအမြတ်များ ဖြစ်ပေါ်စေခဲ့သည်။ အသေချာဆုံးတစ်ခုမှာ

www.burmeseclassic.com

www.burmeseclassic.com

အမည်မသိ ပေးစာများ မရေးသားရန် လင်းကင်းကို သင်ခန်းစာတစ်ခု ပေးခဲ့ခြင်းဖြစ်၏။ ဤအလေ့အကျင့်သည် ဇန်ဒါလီယာတွင် သူဥပဒေပြု ကိုယ်စားလှယ်အသစ် ဖြစ်ခဲ့ချိန်မှ စခဲ့သည်။ အယ်ဒဲမ်စ်နှင့် အပြန်အလှန် ရေးသားခဲ့သည့် "ဆမ်ဆင်၏ တစ္ဆေကြီး" အရေးအသားမှသည် ရှီးလ်ဒ်စ် နှင့်ရင်ဆိုင်ရသည့် "ပျောက်ဆုံးနေသော မြို့နယ်များ" စာများအထိတိုင်ဖြစ် ခဲ့သည်။ ဤနောက်ပိုင်းတွင် လင်းကင်းသည် အမည်မသိပေးစာများကို မရေးသားခဲ့တော့ပေ။ စည်းမရှိကမ်းမရှိ ဟာသဉာဏ်သည် မရည်ရွယ်သော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပြီး ခံစားရကြောင်းကိုလည်း လင်းကင်း နားလည်လာစေခဲ့သည်။ လင်းကင်းသည် တစ်ဖက်လူအား ပျက်စီးစေရန်နှင့်အပြင်းအထန်ဝေဖန်သည့် ဟာသများကို အနာဂတ်ကာလတွင် ပြောဆိုခဲ့လှတော့သည်။ မိမိကိုယ်ကို ရည်ရွယ်ပြီး ဟာသပြန်လုပ်ခြင်းသည် သူ့အတွက် အထိရောက်ဆုံးဖြစ်ကြောင်း လင်းကင်းနားလည်လာခဲ့သည်။

ရှီးလ်ဒ်စ်နှင့်ရင်ဆိုင်ခဲ့ရခြင်းအတွက် လင်းကင်းအဖို့ အကောင်းဆုံးရရှိခဲ့သော ရလဒ်မှာ မေရီနှင့် စေ့စပ်မှုကို ပြန်လည်ဆန်းသစ်ခွင့် ရရှိခဲ့ခြင်း ဖြစ်ပေသည်။ "ပျောက်ဆုံးနေသောမြို့များ" ဆိုသော စာများအတွက် လင်းကင်းက အကာအကွယ်ပေးခဲ့သည့် မွန်မြတ်သောစိတ်ဓါတ်ကို မေရီတော့ဒ်၏စိတ်တွင် ခံစားခဲ့ရသည်။ စပိသည် ဗဟန်နီနှင့် အလွန်ပျော်ရွှင်နေပြီဖြစ်ကြောင်း သိခဲ့ရ၍ လင်းကင်း အားတက်လာခဲ့သည်။ အားကျလာသော လင်းကင်းသည် မေရီအား လက်ထပ်ရန် ထပ်မံချစ်ရေးဆိုခဲ့လေသည်။ မေရီကလည်း လက်ခံခဲ့သည်။ သူတို့သည် နောက်ဆုံးအချိန်ကျမှ ကပ်ပြီး အက်ဒွပ်စ်ဇနီး မောင်နှံကို အသိပေးခဲ့ကြသည်။ မေရီက အစ်မဖြစ်သူအား "ကမ္ဘာကြီးမှာ မိန်းမနဲ့ယောကျ်ားလက်ထပ်ရေးဆိုတာ မသေချာဘူး။ ချောက်တက်လွဲတတ်တယ်။ ဒါကြောင့် ပိုးကြပန်းကြတဲ့ အချစ်ရေးမှာ မျက်စိတွေ၊ နားတွေ မသိမမြင်အောင် လျှို့ဝှက်ဖုံးအုပ်ထားတာဟာ

အကောင်းဆုံးဖြစ်လို့ပါ" ဟု ရှင်းပြခဲ့သည်။ ပွဲကြီးလမ်းကြီးများ ပေးရသည်ကို ကျေနပ်အားရတတ်သော အဲလီဇာဘက် အက်ဒွပ်စ်သည် အချိန်နာရီ အနည်းငယ်သာ ပြင်ဆင်ချိန် ယူလိုက်ရသည်။ နိုဝင်ဘာလ ၄ ရက်နေ့တွင် လက်ထပ်ပွဲ ကျင်းပပေးခဲ့လေသည်။

လင်းကင်းကလည်း မေရီကဲ့သို့ပင် သိပ်သည်းလျှို့ဝှက်ခဲ့သည်။ ပတ်လည်တရားရုံးတွင် အလုပ်လုပ်သည့် မိတ်ဆွေ ဂျိမ်းစ်မက်သင်နီကို သူ၏ လူပျိုရဲအဖြစ် ဆောင်ရွက်ပေးရန် မင်္ဂလာဆောင်သောနေ့ မွန်းလွဲပိုင်းတွင်မှ ကပ်၍ပြောခဲ့သည်။ မင်္ဂလာအခမ်းအနားအတွက် ပြင်ဆင်ချိန်၌ လင်းကင်းသည် အခြားသတို့သားများနည်းတူ ကြောက်ခုံးတုန်ပြီး ခြေဖျားလက်ဖျားများပင် အေးခဲသည်။ လင်းကင်းသည် သားသတ်ရုံသို့ အပို့ခံရမည့်သူတစ်ဦးပမာ တူခဲ့သည်ဟု မက်သင်နီက မှတ်မိခဲ့သည်။ လင်းကင်း၏ အိမ်ရှင်ဖြစ်သူ၏ သားဖြစ်သော စပိ ဘတ်တလာက လင်းကင်းအား "ဘယ်သွားမလို့လဲ" ဟု မေးခဲ့ရာ လင်းကင်းက "ငရဲပြည်သွားမယ် ထင်တာပဲ" ဟု ပြန်ဖြေခဲ့လေသည်။

အလောတကြီး လုပ်ရမှုနှင့် စိတ်တထင့်ထင့် ဖြစ်ခဲ့ရသော်လည်း မင်္ဂလာဆောင်အခမ်းအနားမှာ ကသိကအောက် မဖြစ်ဘဲ ချောမွေ့ခဲ့ရသည်။ ဘုန်းတော်ကြီး ချားလ်ဒရက်ဆက ကမကထပြုပြီး ဆောင်ရွက်ပေးခဲ့သည်။ လင်းကင်းသည် ဇနီးသည်၏ လက်ညှိုးတွင် စာတန်းကမ္မည်းထိုးထားသော မင်္ဂလာလက်စွပ်တစ်ကွင်းကို ဆင်မြန်းပေးခဲ့သည်။

စာတမ်းမှာ "အချစ်သည် ထာဝရ"[12] ဟု ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

မှတ်စုတို့များ

1. Joshua Speed
2. David Davis
3. Circuit Courts
4. Henry Clay (1777-1852) - အမေရိကန်အောက်လွှတ်တော်အမတ်နှင့် လူကြိုက်များခဲ့သော နိုင်ငံရေးခေါင်းဆောင်
5. Tippecanoe War
6. The Perpetuation of Our Political Institution
7. Political Religion
8. "Hai ! Fall of Fury ! Reign of Reasons"
9. The Little Giant
10. Mary Todd
11. Cold, Calculating, Unpassioned Reason
12. "Love is Eternal"

အခန်း (၄)

ထာဝရအစဉ် ၃စ်ပါတီဝင်

"ကျွန်တော် လက်ထပ်ခဲ့တာကလွဲလို့ ဒီမှာတော့ ဘာမှ အသစ်အဆန်း မရှိပါဘူး။ လက်ထပ်ခဲ့တာကတော့ နှစ်နှစ်ကာကာ အုံးသြဖွယ်ရာ ဖြစ်ခဲ့ရပါတယ်။"

၁၈၄၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် လင်းကင်းက သူ့သူငယ်ချင်းတစ်ဦးထံကို စာရေးခဲ့သည်။ လာမည့်နှစ်များတွင် အုံးသြဖွယ်ရာ မျှားစွာကို ကြုံရပေဦးမည်။ လက်ထပ်ခဲ့ခြင်းသည် လင်းကင်း၏ဘဝကို ပြောင်းလဲစေခဲ့ခြင်းကြောင့်ဖြစ်သည်။ ယခင်က စိတ်ဓါတ်အတက်အကျ အပြောင်းအလဲ ပြင်းပြင်းထန်ထန် ဖြစ်ခဲ့ရသော စိတ်လှုပ်ရှားခဲ့ရမှုများသည် ၁၈၄၂ ခုနှစ်၏နောက်ပိုင်းတွင် အတော်ကြီး တည်ငြိမ်လာခဲ့သည်။ သူသည် သင့်တင့် အားတက်ဖွယ်ရာကောင်းသော ဘုဇွာတစ်ဦး၏ တည်ငြိမ်သော လမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့သည်။ မိဘတစ်ဦးနှင့် အိမ်ထောင်ရှင်

www.burmeseclassic.com

တစ်ဦးလည်း ဖြစ်လာခဲ့သည်။ ရှေ့နေအလုပ်ကိုလည်း အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအတွက် အားကြိုးမာန်တက် လုပ်ကိုင်လာသည်။ စပရင်းဖီးလ် လူငယ်စာပေဟောပြောပွဲတွင် သူအထင်ဆေးစွာ ပြောဆိုခဲ့သော လူတော်လူကောင်းတစ်ယောက်လည်း ဖြစ်လာသည်။ "လူတော်လူကောင်းများဆိုသည်မှာ ကွန်ဂရက်လွှတ်တော်အမတ်၊ အုပ်ချုပ်ရေးသို့မဟုတ် သမ္မတကုလားထိုင်ထက် ပိုမမှန်းဘဲ ပေးအပ်ရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် အရည်အချင်းပြည့်စုံ စွာရှိသူဖြစ်သည်" ဟု သူပြောခဲ့ဖူးသည်။

(၁)

လက်ထပ်ပြီးစမောင်နံသည် ကမ္ဘာလုံးထမင်းဆိုင်ဟိုတယ်တွင် အခန်းငှားနေကြသည်။ ထမင်းဆိုင်မှာ ရိုးရိုးသစ်သားနှစ်ထပ် အိမ်ကြီး အဆောက်အဦတစ်ခုဖြစ်သည်။ ထမင်းဆိုင်တွင် အခန်း ၃၀ လောက် ရှိသည်။ အခန်းအများစုမှာ ညဉ့်အိပ်ခရီးသွားများအတွက်ဖြစ်ပြီး ရုံခန်းမှာ ဘော်ဒါနေလိုသူများအတွက် အခန်းကောင်းများဖြစ်သည်။ တစ်ပတ်လျှင် လေးဒေါ်လာပေးရသည်။ လင်းကင်းတို့သည် ၈ ပေ ၁၄ ပေရှိ အပေါ်ထပ်အခန်းတစ်ခုကို ငှားရမ်းနေထိုင်ပြီး အောက်ထပ်ရှိ ထမင်းစားခန်းတွင် ဆင်း၍ စားသောက်ကြသည်။ ဤသို့နေသည်မှာ အထူးအဆန်းမဟုတ်ပေ။ ဂျွန် စတူးဝပ်လည်း လက်ထပ်ပြီးစက ကမ္ဘာလုံးထမင်းဆိုင်မှာပင် အခန်း ငှားနေခဲ့ကြသည်။ မေရီ လင်းကင်း၏ အစ်မ ဖရန်ဆက်နှင့် ခင်ပွန်း ဒေါက်တာ ဝီလျံ ဝေါလေ့စ်တို့လည်း လင်းကင်းတို့ငှားရမ်းခဲ့သော အခန်း၌ သုံးနှစ်ကြာ နေထိုင်သွားခဲ့ကြသည်။ ကမ္ဘာလုံးထမင်းဆိုင်သည် လူရှိသော ရှင်ရှိသေ ဟိုတယ်တစ်ခုဖြစ်သော်လည်း ပင်မပြုင်ဘက် အမေရိကန်ဂေဟာ

နှင့်ယှဉ်လိုက်လျှင် အခန်းများမှာ ညံ့သည်။ ဆူလည်းဆူညံလှသည်။

လင်းကင်းသည် ပတ်လည်တရားရုံးများသို့ နယ်လှည့်ခရီး ထွက်ရလျှင် နေ့ခင်းပိုင်းတွင် သူ၏ရုံးခန်း အနေများခဲ့၍ လင်းကင်းက ကမ္ဘာလုံးထမင်းဆိုင်တွင် နေရသည်ကို ပျော်သည်။ လင်းကင်းအဖို့ သူနေထိုင်ခဲ့ဖူးသမျှ နေရာများတွင် အကောင်းဆုံးပင်ဖြစ်သည်။ မေရီအတွက်ကား လက်ဧင်းတင်ရှိ ဖခင်ကြီး၏ ကျယ်ပြန့်သော အိမ်နှင့် ယှဉ်လိုက်လျှင် ဟိုတယ်တွင် နေရသည်မှာ အဆင့်နိမ့်ကျခဲ့သည်။ အက်ခွပ်စ်မိသားစု၏ ဇိမ်ရှိရှိနေနိုင်သော အိမ်ကြီးနှင့်လည်း မယှဉ်သာနိုင်။ သူမ၏ဘဝတွင် ကိုယ်ပိုင် အခိုင်းအစေကျွန်များ ပထမဆုံး အကြိမ် ခံစားသည်။ ကိုယ်ပိုင်ပန္နဉ်းများ သိမ်းဆည်းထားသိုခင်းကျင်းပြစရာ နေရာ လည်း မရှိတော့။ ဧည့်သည်များကို လက်ခံတွေ့ ဆုံရန် ကိုယ်ပိုင်ဧည့်ခန်း လည်း မပါတော့ပေ။ စိတ်မသက်သာမှုများတွင် ဟိုတယ်ပိုင်ရှင်၏ ကပ်စေးနဲမှုသည် အဆိုးဝါးဆုံးဖြစ်ခဲ့သည်။ ပိုင်ရှင်သည် ဧည့်သည်များ အတွက် အစားအသောက် စိစစ်သလို ဖယောင်းတိုင်များပေးရန်လည်း နှမြောလှသည်။

သို့သော်လည်း မေရီသည် သူမ၏ ကံကြမ္မာကို မကျေနပ် ကြောင်း စကားတစ်ခွန်းမျှ မဟခဲ့ပေ။ လင်းကင်းနှင့် အိမ်ထောင် မပြုရန် အစ်မများ၏ သတိပေးမှုကိုလည်း မငြူစူခဲ့ပေ။ အထူးသဖြင့် သူမ၏ လူမှုရေးအသိုင်းအဝိုင်းမှ ဆုတ်ခွာရခြင်းကိုလည်း ဂရုမထားခဲ့။ မေရီသည် ခင်ပွန်းသည်ကို အလွန်ချစ်သူဖြစ်သည်။ သူမကိုယ်တိုင်ကလည်း အေးအေး ဆေးဆေးနှင့် တစ်သီးတခြား ဘဝကို နေထိုင်လိုလာခဲ့သည်။ တစ်ချိန်က အသက်ဝင်လှုပ်ရှားပြီး အပေါင်းအသင်းဝင်ဆံ့ခဲ့သော မိန်းကလေး၏ အမည်သည် စပရင်းဖီးလ် လူကုထံတို့အချင်းချင်းရေးသည့် စာများတွင် ပျောက်ကွယ်မတတ်ဖြစ်သွားသည်။ လူပြောသူပြော စိတ်ဝင်စားကြသော သူမ၏ဘဝသည် ပျောက်ကွယ်သွားသလို ဖြစ်ခဲ့လေသည်။

www.burmeseclassic.com

မေရီ ကိုယ်ဝန်ရှိလာခြင်းကလည်း ထူးခြားသော အပြောင်းအလဲကို ဖြစ်စေခဲ့သည်။ အိမ်ထောင်မပြုမီက လိင်ကိစ္စအတွက် စိုးရိမ်ထိတ်လန့်မှုများမှာလည်း အခြေအမြစ် မရှိခဲ့ကြောင်း တွေ့လာရသည်။ မေရီတွင် ကိုယ်ဝန်ရှိလာပြီဖြစ်ကြောင်း မကြာမီတွင် သိခဲ့ရသည်။ မေရီက လင်းကင်းကို ချက်ချင်း မပြောဘဲ ထားခဲ့သေးသည်။ သို့ဖြင့် ၁၈၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် လက်ထပ်ပြီး ကိုးလပြည့်ရန် သုံးရက်အလို၌ လင်းကင်းနှင့် မေရီတို့၏ ပထမဆုံး ကလေးကို ဖွားမြင်ခဲ့သည်။ မေရီ၏ ဖခင်အမည်ကိုယူပြီး ကလေးငယ်အား ရောဘတ် တော့ဒ် လင်းကင်းဟု အမည်ပေးခဲ့ကြသည်။

ထိုသို့ ရုန်းကန်ခဲ့ကြရသောကာလတွင် လင်းကင်းသည် ဇနီးသည်ကို ထောက်ပံ့နိုင်ရန် အကောင်းဆုံး ကြိုးစားခဲ့သည်။ သားလေး ရောဘတ်ကို မွေးပြီးပြီးချင်း မေရီက လင်းကင်းကို ချစ်လင် ဒါလင်ဟုပင် ခေါ်ခဲ့သည်။ သူတို့လင်မယားအကြားတွင် ထိုသို့သော ယုယကြင်နာသော အပြောအဆိုများကို အမြဲတွေ့ရခဲ့သည်။ နောင်တွင် မေရီက ပြန်ပြောရာ၌ "လင်းကင်းဟာ စိတ်မှာ အလေးအနက် ခံစားတတ်သလောက် နှုတ်နည်းသူဖြစ်တယ်" ဟု ဆိုခဲ့သည်။ ခင်ပွန်းနှင့် ဇနီးသည်တို့၏ ပြောဆိုဆက်ဆံမှုမှာ မည်သည့်အခါမျှ မတူညီတတ်ကြပါ။ မေရီက ခင်ပွန်းသည်ကို ဝိတိုရိယခေတ် အင်္ဂလိပ်ဆန်ဆန် မစ္စတာ လင်းကင်းဟု အမြဲခေါ်ဆို ရှိသည်။ လက်မထပ် မီတွင် လင်းကင်းက မေရီကို မော်လီဟု တစ်ခါတစ်ရံ ခေါ်ခဲ့သည်။ ယခုမူ သူ၏စာများတွင် မေရီဟု ရေးသားသည်။ နှစ်ယောက်ချင်းဆိုလျှင် ပူစူးမ သို့မဟုတ် မိန်းကလေးဟု ပို၍ခေါ်လေ့ရှိသည်။ ကလေးမ မယားလေး ဟုလည်းခေါ်သည်။ သို့သော်လည်း ရောဘတ်ကို မွေးဖွားခဲ့ပြီးနောက် အမေကြီးဟု အမြဲခေါ်ဆိုခဲ့လေသည်။

ဟိုတယ်တွင် မိသားစုလိုက်နေရန် မသင့်တော်ကြောင်း သိလာကြသည်။ လင်းကင်း လင်မယားသည် ကိုယ်ပိုင်အိမ်တစ်လုံးနှင့် နေနိုင်ရေးကို

စတင်တွေးခဲ့မိကြသည်။ သို့သော်လည်း လက်ထဲတွင်လည်း ငွေကမပြည့်စုံသေး။ လင်းကင်းသည် ကိုယ်စားလှယ် လစာငွေလည်း မရှိတော့။ စတူးဝပ်နှင့် ရှေ့နေဖက်စပ်လုပ်ငန်းမှ ဝင်ငွေကလည်း နောက်ပိုင်းတွင် နည်းလာခဲ့သည်။ လိုဂင်နှင့် ပြောင်းတွဲပြီး အလုပ်လုပ်ခြင်းက သူ့အတွက် ရှေ့ရေးအလားအလာတော့ ပိုကောင်း၏။ သို့သော်လည်း ချက်ချင်း ဝင်ငွေ တိုးမလာခဲ့သေးဘဲ ရှိနေသည်။ နယူးစေလဲမ်မှ အကြွေးဟောင်းများကိုလည်း ပေးဆပ်နေရဆဲဖြစ်သည်။ ဖခင်ကြီးနှင့် မိထွေးကို ထောက်ပံ့ရန် တာဝန်ကလည်း ရှိနေသည်။ ဖခင်နှင့် မိထွေးတို့မှာ ဂူးစ်နက်စ် ပရေရိုအရပ်ရှိ ကိုးလ်ခရိုင်တွင် နေထိုင်လျက်ရှိကြသည်။

လင်းကင်းသည် စပရင်းဖီးလ် တောင်ပိုင်းတွင် အခန်းသုံးခန်းပါသော အိမ်ကျဉ်းကျဉ်းကလေးတစ်လုံးကိုသာ ငှားနေရန် တတ်နိုင်ခဲ့သည်။ ထိုအိမ်သို့ ၁၈၄၃ ခုနှစ် မိုးဦးကျတွင် ရွှေ့ပြောင်းနေ ထိုင်ခဲ့ကြသည်။ ထိုနှစ် ခရစ္စမတ်မတိုင်မီတွင် မေရီ၏ ဖခင်ကြီး မစ္စတာ ရောဘတ် တော့ဒ် ရောက်ရှိလာသည်။ စပရင်းဖီးလ်တွင် နေထိုင်သော သမီးလေးယောက်ထဲ အလည်လာရင်းနှင့် သူအမည်ပေးထားသော မြေးသစ်ကလေးကို စစ်ဆေးရန်ဖြစ်သည်။ မစ္စတာတော့ဒ်သည် သမက် လင်းကင်းကို အလွန် သဘောကျသွားသည်။ လင်းကင်းသည် အီလီနွိုင်းရှိ ယောကွမဝယ်ယူထားသော မြေအတွက် အမှုတစ်ခုကို ဆန်ဂါမွန်းခရိုင် ပတ်လည်တရားရုံးတော်၌ အမှုကောင်းကောင်း လိုက်ပေးခဲ့ချိန်ဖြစ်သည်။ မစ္စတာတော့ဒ်သည် သမီး မေရီ၏ ချို့ငဲ့သော အနေအထားကို စိတ်မကောင်းဖြစ်ပြီး ဘာမျှ မပြောဆိုဘဲနှင့် သမီး၏လက်ထဲသို့ ရွှေစ တစ်တုံးထည့်ပေးခဲ့သည်။ ထို့နောက်တွင် သူအသက်ရှင်နေသမျှကာလအတွင်း၌ သမီးမေရီအား နှစ်စဉ် ဒေါ်လာ ၁၂၀ ကို ထောက်ပံ့ရုန်လည်း စီစဉ်ခဲ့သည်။ အတော်အတန် လုံလောက်သော ငွေဖြစ်သည်။ မေရီအတွက် အိမ်ဖော်တစ်ဦးကို တစ်ပတ်လျှင် တစ်ဒေါ်လာခွဲ ပေးဌားနိုင်ရန်ထက် ပိုမိုခဲ့လေသည်။ ထို့အပြင် စပရင်းဖီးလ်

www.burmeseclassic.com

www.burmeseclassic.com

တွင် နေထိုင်သော လင်းကင်းတို့.လင်မယားအပါအဝင် သမီးများနှင့် သမက်များအတွက်လည်း မြေကေ ၈၀ စီ စာချုပ်နှင့် လွှဲပေးလိုက်သည်။

၁၈၄၄ ခုနှစ်တွင် လင်းကင်းတို့. ကိုယ်ပိုင်အိမ်တစ်လုံး ဝယ်နိုင်သော အခြေအနေသို့ ရောက်ခဲ့သည်။ သူတို့.ကို လက်ထပ်ပေးခဲ့သည့် ဘုန်းတော်ကြီး ချားလ် ဒရက်ဆာပိုင်သည့် အိမ်လေးတစ်လုံးကို ဝယ်လိုက်ကြသည်။ သူတို့.ပေးခဲ့ရသည့် ဒေါ်လာ ၁၂၀၀ သည် အလွန်တန်လှသည်ဟု ထင်ခဲ့ကြသည်။ အယ်ဒမ်စ်လမ်းမတွင်လည်း မြေတစ်ကွက်ကို ဒေါ်လာ ၃၀၀ ဖြင့် ဝယ်လိုက်နိုင်သည်။

(၂)

အိမ်ထောင်တစ်ခုကို ထိန်းသိမ်းရန်အတွက် ငွေလိုအပ်သည်။ လင်းကင်းသည် ငွေရရှိရေးအတွက် ဘယ်တုန်းကနှင့်မျှ မတူအောင် အားထုတ်ရှာခဲ့သည်။ နောင်တွင် ရှေ.နေလုပ်ငန်းအကြောင်း ဟောပြောပွဲတစ်ခုဌ လင်းကင်းက "ရှေ.နေတစ်ယောက်အတွက်ပဲဖြစ်ဖြစ် ယောကျ်ားတစ်ယောက်အတွက်ပဲဖြစ်ဖြစ် လုံ.လရှိခြင်းဟာ ပထမဆုံး ဥပဒေသဖြစ်တယ်"[3]ဟု ပြန်ပြောခဲ့သည်။ သူသည် အတွေ.အကြုံအရ ပြောဆိုခဲ့ခြင်းဖြစ်သည်။ လင်းကင်းသည် မနားမနေ အလုပ်ကြိုးစားလုပ်ခဲ့သည်။ ရှေ.နေတစ်ဦး၏ ရှေ.မှောက်သို့. ရောက်ရှိလာသော အလုပ်မှန်သမျှ အားလုံးလိုလို လက်ခံခဲ့သည်။

စတီဖင် လိုဂင်နှင့် တွဲလုပ်စ စောစောပိုင်းလများတွင် လင်းကင်းသည် အမေရိကန်ပြည်ထောင်စု ခရိုင်တရားရုံးတွင် ဒေဝါလီခံ အမှုများကို အများဆုံး အမှုလိုက်ခဲ့ရသည်။ ဒေဝါလီ ဥပဒေ[4]ကို ၁၈၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ရည်ရွယ်ချက်မှာ

လျော့နည်းမသွားသော စီးပွားရေးကပ်ဆိုက်မှုကြောင့် စီးပွားရေးသမားများ ခံစားရသည့် အရှုံးအစီ့.မှ လွတ်မြောက်နိုင်စေရေးအတွက်ဖြစ်သည်။ ဥပဒေအရ မိမိပိုင်ဆိုင်မှုများထက် အကြွေးပိုတင်နေသူများအား ပြည်ထောင်စုတရားသူကြီးများက ဒေဝါလီခံသူများအဖြစ် ကြေညာခွင့်ပေးစေသည်။ အီလီနွိုင်းပြည်နယ်တွင် ဒေဝါလီခံခွင့်ရရန် လျှောက်ထားခဲ့သူပေါင်း ၁,၇၄၂ ဦးရှိခဲ့သည်။ ထိုသူများ အားလုံးလိုလိုသည် ရှေ.နေများဖာခဲ့ကြသည်။ ထိုဥပဒေကို ၁၈၄၃ ခုနှစ်တွင်မှ ပယ်ဖျက်ခဲ့သည်။ ဥပဒေမပယ်ဖျက်မီ ကာလအတွင်း၌ လင်းကင်းနှင့် လိုဂင်တို့.သည် ဒေဝါလီခံ အမှုပေါင်း ၇၅ မှုကို ရရှိခဲ့ကြသည်။ ပြည်နယ်တစ်ခုလုံးတွင် သူတို့.ထက် အမှုပို၍ ရခဲ့သော ရှေ.နေအဖွဲ့.သုံးဖွဲ့.သာရှိခဲ့သည်။ ဒေဝါလီ လျှောက်ထားကြသော အမှုအများစုမှာ ယေဘုယျအားဖြင့် တရားပြိုင်မရှိသည်က များသည်။ လင်းကင်းနှင့် လိုဂင်တို့.သည် အမှုတစ်မှုလျှင် ၁၀ ဒေါ်လာ ရရှိခဲ့ကြသည်။

လင်းကင်းလက်ထပ်ပြီးနောက် ပထမနှစ်အတွင်း၌ ဒေဝါလီ လျှောက်ထားသည့် အမှုများသည် ဝင်ငွေလမ်းစကောင်းတစ်ခု ဖြစ်ခဲ့သည်။ သို့.သော်လည်း ပုံမှန် ရုံးထိုင်အလုပ်များက ဝင်ငွေပိုမိုရရှိခဲ့သည်။ သေတမ်းစာရေးပေးခြင်း၊ လျှောက်လွှာရေးပေးခြင်းနှင့် အထူး သဖြင့် ဆန်ဂါမွန်းခရိုင်ပတ်လည်တရားရုံးမှ အမှုငယ်များတို့.က ပို၍ ဝင်ငွေကောင်းခဲ့သည်။ ၁၈၄၂ ခုနှစ်၊ နိဝင်ဘာလှ မိုးဦးကျကာလတွင် လင်းကင်းနှင့် လိုဂင်တို့.သည် တစ်နေ့.တည်းမှာပင် အမှု ၁၇ ခုကို လိုက်ပေးခဲ့ရသည့် သာဓက ရှိခဲ့သည်။ လုပ်ငန်းအလွန်ကောင်းခဲ့သဖြင့် လင်းကင်းနှင့် လိုဂင်တို့.သည် စပရင်းဖီးလ်မြောက်ပိုင်း လူရှုပ်လှသောအရပ်ရှိ သူတို့.ရုံးဟောင်းမှ မြို့.၏အနောက်ဘောင်ပိုင်း စီးပွားရေးကောင်းသောအရပ်ရှိ တင်စလေ အဆောက်အဦသို့. ရွှေ့ပြောင်း ဖွင့်လှစ်နိုင်ခဲ့ကြသည်။ အဆောက်အဦ၏ အောက်ထပ်တွင် စာတိုက်ရှိသည်။ ပထမထပ်တွင် အမေရိကန်ပြည်ထောင်စု ခရိုင်တရားရုံးရှိသည်။ သူတို့.ရုံးခန်းက နောက်တစ်ထပ်တွင် ဖွင့်လှစ်ထားသည်။

www.burmeseclassic.com

လင်းကင်း၏ အမှုသည်များနှင့် ဆက်ဆံပုံကို ထိုအချိန်က သူနှင့် လိုဂင်ထံတွင် ဥပဒေပညာ ဆည်းပူးခဲ့သော ဘီလီ ဟန်ဒင်က ပြန်ပြောပြခဲ့သည်။ လင်းကင်းသည် အမှုသည်ပြောပြသော ဇာတ်လမ်းကို စိတ်ရှည်စွာ နားထောင်သည်။ နားထောင်ရင်းဖြင့် ရဲဖန်ရဲခါ၌ အမှုသည်ကို မေးခွန်းများမေးသည်။ အမှုသည်က ပြောချဆုံးလျှင် လင်းကင်းက "တချို့အချက်တွေကို ကျွန်တော် လုံးဝအားမရဘူး။ တစ်နာရီကျော်ကျော် လောက်ရှိမှ ကျွန်တော့်ရုံးခန်းကို ပြန်လာခဲ့။ အဲဒီကျမှ ကျွန်တော့်ဆီက အကျိုးပြုမယ့် သဘောထားတစ်ခုကို ပေးမယ်" ဟု မကြာခဏ ပြောတတ်သည်။ အမှုသည် ပြန်လာသော အခါတွင် လင်းကင်းက "ခင်ဗျားမှန်တယ်၊ သူတို့ စာရွက်စာတမ်းတွေ ကိုးကားပြီး အမှုဖွင့်ပေးလိမ့်မယ်" သို့မဟုတ် "အမှုမှာ ခင်ဗျား မှားနေပြီ၊ ပြေလည်အောင်ညှိနှိုင်းဖို့ ကျွန်တော် အကြံပေးချင်တယ်။ ခင်ဗျားမှာရှိတဲ့ အချက်အလက်တွေနဲ့ တော့ တရားသွားမစွဲနဲ့။ ခင်ဗျားဘက်က မှားနေတယ်" စသဖြင့် ပြောဆိုတတ်သည်။

လင်းကင်းသည် လိုဂင်ထံမှ ပညာများစွာရခဲ့သည်။ လိုဂင်မှာ သူ့ထက် အသက်ကိုးနှစ်ကြီးပြီး ဆန်ဂါမွန်းခရိုင် ရှေ့နေလောကတွင် ထိပ်တန်းမှ ပုဂ္ဂိုလ်အဖြစ် ထင်ရှားသူဖြစ်သည်။ လိုဂင်သည် ဘီလီနှိုင်းသို့ ပြောင်းမလာခင် ဇာတိ ကဲန်တပ်ကီးပြည်နယ်မှာရှိစဉ်ကတည်းက ထင်ရှားသော ရှေ့နေဖြစ်ခဲ့သည်။ ဘီလီနှိုင်းသို့ ရောက်လာသည့်အခါတွင် ပတ်လည်တရားရုံး၏ တရားသူကြီးအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။ သူ့လက်ထက်တွင် ၁၈၃၇ ခုနှစ်၌ လင်းကင်းအား ဆန်ဂါမွန်းခရိုင်၏ ရှေ့နေအဖြစ် အသိအမှတ်ပြုပြီး မှတ်ပုံတင်ခွင့် ပြုခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း တရားသူကြီးများအတွက် ချီးမြှင့်သော ထောက်ပံ့ငွေမှာ နည်းလွန်းသဖြင့် အလုပ်မှထွက်ခါ အင်္ဂပ် ဘောကာနှင့်အတူ ရှေ့နေလုပ်ခဲ့သည်။ ဘောကာသည် ကျူရီအဖွဲ့ဝင် တရားသူကြီးများကို ညှိတ်လာအောင် အဖြောကောင်းသူဖြစ် ၏။ လိုဂင်၏ ဥပဒေဗဟုသုတ

နှင့် ထက်မြက်သော သုံးသပ်ချက်များကို တရားရုံးတော်တွင် မည်သူမျှ မကျော်နိုင်။ သို့သော်လည်း သူ၏ ပြင်းထန်ကွဲအက်သောအသံနှင့်အသားအရေများ ရှဲ့တွန့်ပြီး ဖိုးယိုးဖားယား ဆဲပင်ပုံစံတို့ကြောင့် လူရှေ့သူရှေ့တွင် ထိထိရောက်ရောက် စကားပြောကောင်းသူတစ်ဦး ဖြစ်မလာခဲ့ပေ။

ထိုအားနည်းချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် လိုဂင်သည် ဘောကာနှင့် ခွဲခွာပြီးချိန်၌ လင်းကင်းနှင့် လက်တွဲခဲ့သည်။ လင်းကင်းသည် ကျူရီတရားသူကြီးများ၏ စေတနာကောင်းကို ရအောင် လုပ်ယူနိုင်ပြီး သူ့အတွက် အလွန်အသုံးဝင်မည့်သူ ဖြစ်လိမ့် မည်ဟု လိုဂင်က ယူဆခဲ့သည်။ လင်းကင်းသည် သူ၏ ပုဂ္ဂိုလ်ရေး ဆက်သွယ်မှု ကောင်းပုံများကို တရားရုံး၌ ပြသနိုင်ခဲ့သည်။ ကျူရီ တရားသူကြီးတိုင်းနှင့် တစ်ဦးချင်း စကားစမြည် ပြောဆိုနိုင်သူဖြစ်သည်။ သူသည် ဥပဒေအသုံးအနှုန်းများကို ပြောခဲ့လေ့သည်။ သူလိုချင်သော အချက်ကို ကိုယ်ပိုင် ပုံတိုပတ်စများနှင့် ပြောဆိုရာတွင် ဝိဇ္ဇာဖြစ်သည်။ လင်းကင်းသည် လျှောက်လဲချက်များ၏ နိဂုံးအဆုံးသတ်ပုံ၏ ထိရောက်အရေးပါမှုကိုလည်း နားလည်၏။ "လက်တန်းပြောဆိုနိုင်ခြင်းကို လေ့ကျင့်ယူပြီး တိုးတက်အောင် လုပ်ရမည်။ လက်တန်းပြောဆိုနိုင်ခြင်းသည် ပြည်သူလူထုထံ အရောက်ပို့ပေးနိုင်သော နည်းလမ်းဖြစ်သည်။ ရှေ့နေတစ်ဦးသည် အခြားကိစ္စများတွင် မည်မျှပင်တော်၍ မည်မျှပင် သစ္စာရှိစေကာမူ စကားမပြောတတ်လျှင် သူ့ထံသို့ အလုပ်လာအပ်ရန် လက်နေးကြမည်သာဖြစ်သည်" ဟု လင်းကင်းက ရှေ့နေသစ်များအတွက် ဟောပြောပွဲတစ်ခုတွင် ထည့်ပြောခဲ့ဖူး၏။

သို့သော်လည်း ရှေ့နေများသည် အမှုဟောင်းများကို မလေ့လာဘဲ သက်သေအထောက်အထားကို ယုတ္တိဗေဒ အကျိုး အကြောင်းဖြင့် မစူးစမ်းမစစ်ဆေးဘဲနှင့် စကားပြောခြင်းတစ်ခုတည်းကို အထူးအားကိုးသည့် အမှားမျိုးကိုလည်း မပြုလုပ်သင့်ကြောင်း လင်းကင်းနားလည်ခဲ့သည်။ သူ၏ အမှုလျှောက်လဲချက် နိဂုံးမှတ်ချက်များတွင် ဂရုတစိုက် သေးသေချာချာ

www.burmeseclassic.com

ပြင်ဆင်ထားသော အဓိက လိုရင်းအချက်များကို တိုတိုရှင်းရှင်းနှင့် လင်းကင်း တင်ပြလေ့ရှိသည်။ စပရင်းဖီးလ် လူငယ်များ စာပေဟောပြောပွဲတွင် သူ ပြောဆိုခဲ့ဖူးသည့် စကားလုံး အနုအရွ အလှအပ စကားများကို ရှောင်ရှား ခဲ့သည်။ လင်းကင်းက ဟန်ဒင်အား "ဘီလီ စကားလုံးကြီးကြီးကျယ်ကျယ် တွေ မပြောနဲ့.။ လွယ်လွယ်ပြောမှ သာမန်လူတွေ မင်းကိုနားလည်နိုင်မယ်။ မင်းနားလည်စေချင်တာက သူတို့.ပဲ မဟုတ်လား" ဟုပင် သတိပေးခဲ့ဖူး သည်။

လင်းကင်းသည် ဥပဒေရေးရာတွင် ပို၍ပို၍ ကျွမ်းကျင်လာခဲ့ သည်။ အီလီနွိုင်းပြည်နယ် ဗဟိုတရားရုံးတွင် အမှုများ ပို၍ လိုက်ခဲ့ရသည်။ ဗဟိုတရားရုံးတွင် အမှုစပြီးလိုက်စက လင်းကင်းသည် အမှု၏ပညာရပ် ပိုင်းဆိုင်ရာ အခြေခံအချက်များ၊ အရေးမကြီးသော အသေးအဖွဲလေးများ အထိ စရေစေ့တွင်းကျ လုပ်ဆောင်ခဲ့သည်။ လူငယ်ရှေ့နေများ နှစ်ခြိုက်စွာ လုပ်တတ်သော နည်းအတိုင်းဖြစ်သည်။ နောက်ပိုင်းနှစ်များတွင် လင်းကင်း သည် လိုဂင်၏ အရှိန်သြဇာကောင်းမှုကြောင့် အမှုများကို လိုက်ရာ၌ မလိုအပ်သော အသေးအမွှားများအပေါ် အာရုံစိုက်ဆောင်ရွက်မှု နည်း သည်ထက် နည်းလာသည်။ လင်းကင်း၏ လျှောက်လဲချက်များတွင် အမှု ဟောင်း အစဉ်အလာများကို ကိုးကားတင်ပြခဲ့သည်။ လိုအပ်လျှင် အင်္ဂလန်တွင် ပြည်သူ့ဥပဒေများ စတင်ခဲ့သော အကိုးအကားများအထိ ညွှန်ပြခဲ့သည်။ လင်းကင်း ဒုက္ခခံဆောင်ရွက်ပုံကို ဟန်ဒင်က ထောက်ပြခဲ့ ရာ လင်းကင်းက " ဒီအမှုမှာ တရားရုံးတော်က အလုံးစုံကို သိတယ်လို ကျွန်တော် မယုံကြည်ရဲဘူး" ဟု ပြန်ဖြေခဲ့သည်။ သူ၏ ဂရုစိုက်ပုံနှင့် စေ့စပ်ပုံတို့.ကြောင့် လင်းကင်းသည် တရားရုံးတော်ရှေ့.တွင် အအောင် မြင်ဆုံး ရှေ့.နေတစ်ဦး ဖြစ်လာခဲ့သည်။ လင်းကင်းသည် ၁၈၆၁ ခုနှစ်တွင် ဝေါရှင်တင်မြို့.သို့. ရွှေ့.ပြောင်းသွားခဲ့သည်။ ထိုအချိန်အထိ လင်းကင်းသည် အီလီနွိုင်းပြည်နယ် ဗဟိုတရားရုံးတွင် အမှုပေါင်း ၃၀၀ထက်မနည်း

လိုက်ပါခဲ့ရလေသည်။

(၃)

လိုဂင်နှင့် လင်းကင်းတို့.သည် ၁၈၄၁ ခုနှစ် မိုးဦးကျကာလ တွင် သူတို့.၏ အောင်မြင်နေသော ဖက်စပ်ရှေ့.နေလုပ်ငန်းကို ပယ်ဖျက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ လိုဂင်သူ သူ၏သား ဒေးဗစ် လိုဂင်နှင့် တွဲဖက် အလုပ်လုပ်လိုကြောင်း လင်းကင်းအား ပြောခဲ့သည်။ လင်းကင်းက အငြင်း မပွားခဲ့ပေ။ သူကိုယ်တိုင်ကလည်း ရှေ့.နေခ ဝင်ငွေများထဲမှ ထက်ဝက် လျော့နည်း ရခဲ့သည်ကို အားရခဲ့ပုံ မပေါက်ပေ။ အထူးသဖြင့် သူနှင့် လိုဂင်တို့.၏ နီးစပ်ရေးရာမှန်းချက်များ ပဋိပက္ခဖြစ်မည်ကို နားလည် ခဲ့သည်။ နှစ်ဦးစလုံးက ကွန်ဂရက်လွှတ်တော်အမတ် ဖြစ်လိုကြခြင်းကြောင့် ဖြစ်သည်။ သို့.သော်လည်း သူတို့ နှစ်ဦးသည် ရန်မဖြစ်ဘဲ ချစ်ကြည် ရင်းနှီးစွာနှင့် ခင်မင်စွာ လမ်းခွဲခဲ့ကြသည်ဟု လိုဂင်က ပြန်ပြောပြခဲ့သည်။ ငြိုန်းခန် လမ်းခွဲလိုက်ခြင်းလည်း မပြုလုပ်ခဲ့ကြပေ။ နှစ်ဦးတွဲ၍ အီလီနွိုင်း ဗဟိုတရားရုံးတွင် ဒီဇင်ဘာလကုန်အထိ အမှုလိုက်ခဲ့ကြသည်။ သူတို့ နှစ်ဦးတွဲကြော်ငြာသည့် ဆန်ဂါမိုးကွာနယ်တွင် ၁၈၄၅ ခုနှစ် မတ်လအထိ ဆက်ပါခဲ့သည်။ အရေးကြီးသော အမှုများတွင်လည်း အတူပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။ လင်းကင်းသည် ဝီလျံ ဟန်ဒင်နှင့် ပြောင်း၍ တွဲ လုပ်ခဲ့သည်။

လင်းကင်းသည် နိုင်ငံရေးရည်မှန်းချက်များအတွက် ဟန်ဒင်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ လင်းကင်းသည် ကွန်ဂရက်လွှတ်တော် အမတ် ဖြစ်ချင်သည်။ သို့.သော်လည်း အီလီနွိုင်းပြည်နယ် အလယ်ပိုင်းတွင် ပွဲမ် ပါတီသည် အုပ်စုနှစ်ခု ကွဲနေခဲ့သည်။ အတိတ်ကာလတွင် ပါတီ၏ ခေါင်း ဆောင်မှုအပိုင်းသည် ထင်ထင်ရှားရှား လေးစားလောက်သော စတုဝပ်နှင့်

www.burmeseclassic.com

အက်ဒွပ်စ်မိသားစုများ၏ လက်ထဲတွင် ရှိခဲ့သည်။ လူအင်အား နည်းသော်လည်း အစဉ်အလာအားဖြင့် ချမ်းသာသူများ ဖြစ်ကြသည်။ သို့သော်လည်း ဝှစ်ပါတီ မဲဆန္ဒရှင် အများစုမှာ မဲဩဇာကို ကိုင်ထားသည့် ကိုယ့်ဒူးကိုယ်ချွန် လူများဖြစ်ကြသည်။ သူတို့သည် ခေါင်းဆောင်မူဟောင်းကို မလေးစားကြပေ။ ပါတီ၏ ပေါ်လစီကို ချမှတ်ပေးနိုင်မည့် ပုဂ္ဂိုလ်တစ်ဦးကို လိုလားခဲ့ကြသည်။ လင်းကင်းသည် အုပ်စု နှစ်စုစလုံး၏ ထောက်ခံမှုကို လိုအပ်ပေသည်။ လင်းကင်းသည် မွန်ရည်သော မေရီတော့ဒ်ကို လက်ထပ်ခဲ့ခြင်းကြောင့် ပါတီ၏ အထက်တန်းလွှာပိုင်းနှင့် အဆက်အသွယ်ရရှိခဲ့သည်။ မြို့ပေါ်မှ ပါးနပ်သော လူငယ်ပိုင်းက အလွန်ရေပန်းစားလှသော အက်ဒွပ် ဘောကာကို သဘောကျလှသည်။ ဟန်ဒင်သည် ပါတီတွင်း၌ ရေပန်းစားသော အုပ်စု၏ ခေါင်းဆောင်တစ်ဦးဖြစ်မှန်း လင်းကင်း သိထားသည်။ ထို အကြောင်းကြောင့် လင်းကင်းသည် ဟန်ဒင်နှင့် လက်တွဲလုပ်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ သူသည် တော်လှန်ရေးစိတ်ရှိသော လူငယ်ဝှစ်အုပ်စုများနှင့်အတူ ရှိသည်ဆိုခြင်းကို တစ်နည်းအားဖြင့် အချက်ပြလိုက်ခြင်း ဖြစ်ပေသည်။

ဤတွက်ချက်မှုများထက်ပို၍ အရေးကြီးသော အကြောင်းတစ်ခုလည်း ရှိခဲ့သည်။ လင်းကင်းသည် ဟန်ဒင်ကို အမှန်တကယ်ပင် သဘောကျခဲ့ခြင်းဖြစ်သည်။ လင်းကင်းသည် စတူးဝပ်ကို လေးစားသည်။ လိုဂင်ကို ချီးကျူးသည်။ သို့သော်လည်း သူတို့နှစ်ဦးစလုံးအပေါ်တွင် စစ်မှန်သော မေတ္တာ မထားခဲ့သည်မှာ အမှန်ပင်။ ဟန်ဒင်အပေါ်တွင်မူ ညီအစ်ကိုလို မေတ္တာစိတ်ထားသည်။ ဟန်ဒင်ကလည်း သူ့အပေါ်တွင် ခြွင်းချက်မရှိလုံးဝ သစ္စာရှိသည်။ ဟန်ဒင်သည် လင်းကင်းထက် ကိုးနှစ်ငယ်သည်။ သူတို့နှစ်ဦး၏ နှစ်ပေါင်းများစွာ လက်တွဲလုပ်ဆောင်ခဲ့ကြသောကာလတွင် လင်းကင်းက ဟန်ဒင်ကို အမြဲတမ်း ဘီလီဟု ခေါ်ဆိုခဲ့သည်။ ဟန်ဒင်ကမူ သူ့ကို မစ္စတာ လင်းကင်းဟု မပြောင်းမလဲ အမြဲခေါ်ခဲ့သည်။

လင်းကင်းနှင့် ဟန်ဒင်တို့သည် အရာရာတိုင်းလိုတွင် ပြောင်းပြန်ဖြစ်ကြသည်။ လင်းကင်းက အရပ်ရှည်သည်။ နေးကွေးသည်။ အဝတ်အစားကို ဂရုမစိုက်သူဖြစ်သည်။ ဟန်ဒင်က ပုသည်။ သွက်လက်သည်။ အထက်တန်းလွှာ လူပေါ်ကြော့ပုံစံဖြစ်သည်။ သားရေနှင့် လက်အိတ်များနှင့် ပြောင်လက်နေသော ဖိနပ်ကိုစီးသည်။ လင်းကင်းက အားငယ်သော အသွင်ရှိသော်လည်း ပုံတိုပတ်စ ဟာသဉာဏ်ထက်သန်သည်။ ဟန်ဒင်က အမြဲလိုလို စိတ်ခွန်အားအပြည့်အဝရှိ၍ အကောင်းမြင်စိတ်ဓါတ်ရှိသည်။ သို့သော်လည်း ဟာသဉာဏ်မရှိ။ လင်းကင်းက ယေဘုယျဆန်ပုံကို ကြိုက်။ တစ်ချက်နှင့်တစ်ချက် ယုတ္တိဗေဒအတွေး အခေါ်ဖြင့် ဂရုတစိုက် ဆက်စပ်ယူသည်။ ဟန်ဒင်က အချက်များကို ကျော်လွှားပြီး ပင်ကိုယ် အသိဉာဏ်ဖြင့် အဆုံးသတ်ကောက်ချက်ချသူဖြစ်သည်။

သူတို့နှစ်ဦးသည် အသက်အရွယ်နှင့် အတွေ့အကြုံ ကွာခြားသော်လည်း ဝင်ငွေများကို ညီတူညီမျှ ခွဲဝေယူခဲ့ကြသည်။ လင်းကင်းသည် သူ့အပေါ်တွင် စတူးဝပ်ထားခဲ့သော ရက်ရောမှုများကို အတုယူခဲ့သည်။ လိုဂင် ကျင့်သုံးခဲ့သော ကပ်စေးနဲမှုများကို ရှောင်ရှားခဲ့သည်။ လုပ်ငန်းလုပ်ခါစ စောစောပိုင်းလများတွင် စနစ်တကျ ငွေစာရင်းဇယားများ မထားမိခဲ့ဘဲ ရသမျှ ဝင်ငွေကို ခွဲဝေယူခဲ့ကြသည်။ သို့သော်လည်း ဟန်ဒင်သည် ငွေမရသေးသောအမှုများကို မှတ်တမ်းရေးထားပြီး ငွေရတော့မှ ငွေရှင်းပြီဟု မှတ်ချက်ရေးလေ့သည်။

(၄)

ရှေ့နေတစ်ဦးသည် မည်မျှအထိပင် ဂရုပြု၍ လုံ့လစိုက်လုပ်ကောမူ ဆန့်ကျွန်းခရိုင် တစ်ခုတည်းမှ ကျေနပ်ဖွယ်ကောင်းသော ဝင်ငွေကို မရနိုင်ခဲ့ကြပါ။ ကိုယ်ပိုင် ငွေကြေး မကြွယ်ဝသော ဆန့်ကျွန်းမှ

www.burmeseclassic.com

ရှေ့.နေအများစုသည် ပတ်လည်ခုံရုံး တရားသူကြီး ခရီးထွက်လျှင် လိုက်ပါသွားတတ်ကြသည်။ မိမိခရိုင်အတွင်းရှိ တရားရုံးများသို့ တစ်နှစ်လျှင် နှစ်ကြိမ် ခရီးထွက် သွားလာကြသည်။ တစ်နေရာမှ တစ်နေရာ ကူးကြရသည်။ အဌမပတ်လည်တရားရုံးမှာ ကျယ်ပြန့်.လှသည်။ နယ်မြေမှာ မိုင်အားဖြင့် ၁၁,၀၀၀ စတုရန်းမိုင်ရှိသဖြင့် အလျားမိုင်အားဖြင့် အိလိန္ဒိုင်းပြည်နယ်၏ သုံးပုံတစ်ပုံနှင့် အနံအားဖြင့် သုံးပုံနှစ်ပုံရှိသည်။ စတူးဝပ်နှင့် လိုဂင်တို့.သည် ပတ်လည်ခရီးစဉ်၏ တစ်စိတ်တစ်ဒေသကို ပုံမှန်ခရီး ထွက်ခဲ့ကြသည်။ ဟန်ဒင်သည် ခရီးအပြောင်းအလဲသွားရမည်ကို မနှစ်မြို့ဘဲ စပရင်းဖီးလ်တွင်သာ နေလိုသူဖြစ်သည်။ သို့သော်လည်း သူ၏ အလုပ်လုပ်ချိန် လေးပုံတစ်ပုံကို ခရီးထွက်ခဲ့ရသည်။ လင်းကင်းသည် ရှေ့.နေ လုပ်စက အနီးတစ်ဝိုက်ရှိ ခရိုင်များကိုသာ သွားခဲ့ရာမှ နောက်ပိုင်းတွင် ခရီးမှန်မှန်ထွက်သူ ဖြစ်လာခဲ့သည်။

တရားသူကြီးနှင့် ငွေကြေးတတ်နိုင်သော ရှေ့.နေများသည် မြင်းတစ်ကောင်ဆွဲ မြင်းလှည်းများဖြင့် ခရီးထွက်ကြသည်။ လင်းကင်းသည် စောစောပိုင်းတွင် သူ၏ကိုယ်ပိုင် မြင်းအိုကြီးတော်မ်နှင့် ခရီးသွားခဲ့သည်။ သူ၏အဝတ်အစားများ၊ လိုအပ်သော စာရွက်စာတမ်းများနှင့် စာအုပ် တစ်အုပ် နှစ်အုပ်လောက်ကို မြင်းကျောပိုးအိတ် အကျယ်ကြီးထဲတွင် ထည့်သည်။ နောက်တော့ လင်းကင်းသည် ငွေကြေးတတ်နိုင်လာချိန်၌ ပန်းပဲသမားတစ်ဦးထံတွင် သူ.အတွက် ပုံမကျပန်းမကျ မြင်းလှည်းတစ်စီးကို အလုပ်ခိုင်းခဲ့သည်။ သူတို့.ခရီးသွားရသော တောပိုင်းမှာ လူသူခြေရင်းလှသည်။ မိုင်ပေါင်းများစွာကို လူတစ်ယောက်တလေမှ မတွေ့.ရဘဲ သွားကြရသည်။ လမ်းများကလည်း ရက်ရက်စက်စက်ကြမ်းသည်။ သို့.အတွက် မြင်းလှည်းများသည် တစ်နာရီလျှင် ပျမ်းမျှ လေးမိုင်ခန့်.သာ ခရီးတွင်သည်။ လမ်းများမှာ ကျဉ်းပြီး တောလမ်းကြမ်းသာသာပင်ရှိသည်။ နွေဦးကာလတွင် အီလိန္ဒိုင်း ပရေရိလွင်ပြင်မှ မြေဆွေးနက်များ ပြိုကျလျှင် ချောင်

များမှာ အတိုင်းအတာ အကန့်.အသတ်မရှိ ရွှံ့.ဇွက်ထူသွားသည်။ မြင်းလှည်းများသွားရန်အတွက်သာမက မြင်းစီးသူများအတွက်ပါ ခက်ခဲကြောက်စရာ သည်။ လင်းကင်းသည် ပေါင်တန်အရှည်ဆုံးသူဖြစ်၍ ရှေ့.နေ များက သူ့.ကို ရှေ့.က အရင်စမ်းသပ်သွားခိုင်းကြသည်။ လင်းကင်းသွား၍ ရမှ နောက်က ဆက်လိုက်ကြသည်။

ညအခါတွင် တည်းခိုစရာရှိသော နေရာများတွင် ရပ်နားတည်းခိုကြရသည်။ တစ်ခါတစ်ရံတွင်တော့ "အခန်းတစ်ခုတည်း၌ လူ ၂၀ ခန့်. အိပ်ကြရသည်။ တချို့.က ကြိုးခွေအဟောင်းများပေါ်တွင် အိပ်၊ တချို့.က မွေ့.ရာပေါ်တွင်အိပ်၊ တချို့.က ကောက်ရိုးတစ်ပုံ နှစ်ပုံ ခံထားသော အိပ်ရာခင်းပေါ်တွင် အိပ်ကြရသည်" ဟု ဟန်ဒင်က ပြန်ပြောပြခဲ့သည်။ နောက်တစ်နေ့.နံနက်တွင် အိပ်ရာထလျှင် အပြင်ဘက်၌ အေးစက်နေသော ရေချိုင့်တစ်လုံးနှင့် ကိုယ်လက်သန့်.စင်ရန် မျက်နှာသုတ်ပဝါတစ်ထည် ဆုတ်ပေးထားသည်။ အိပ်ရာထ နောက်ကျသူများသည် စိုရွှဲနေသော မျက်နှာသုတ်ပုဝါကို အသုံးပြုရတော့သည်။ နံနက်စောစောအဖြစ် အဆိနိုင်းချင်း အစားအစာနှင့် ခါးတူးနေသော ကော်ဖီညံ့ညံ့ကို စားသောက်ရသည်။ နံနက်စာ စားသောက်ပြီးလျှင် နောက်ထပ် တရားရုံးရှိရာ ဒေသသို့ ခရီးဆက်ကြသည်။ ထိုအရပ်သို့ စနေသို့.မဟုတ် တနင်္ဂနွေ နေ့.တွင် ရောက်သွားလျှင် တရားရုံးနှင့် အနီးဆုံး ဟိုတယ်နှင့် ထမင်းဆိုင်တွင် တည်းကြသည်။ ခုတင်တစ်လုံးလျှင် နှစ်ဦးသုံးဦး အိပ်ကြရပြန်သည်။

နောက်တစ်နေ့.နံနက်တွင် တရားပြိုင်များသည် ဒေသခံအကြေပေး ရှေ့.နေများနှင့်အတူ အမှုလိုက်ရှေ့.နေများထံသို့. ရောက်လာကြသည်။ ဒေသခံရှေ့.နေများသည် ဘလူးမင်တင်နှင့် စပရင်းဖီးလ်မှ အတွေ့. အကြုံပိုရှိသော ရှေ့.နေများ၏ အကူအညီကိုရ၍ ဝမ်းမြောက်ကြသည်။ တနင်္လာနေ့. မွန်းလွဲပိုင်းတွင် အမှုများကို တရားသူကြီး ကြားနာနိုင်ရန်

www.burmeseclassic.com

အတွက် လုပ်စရာများကို အမြန်လုပ်ကြရသည်။ လျှောက်လဲချက်များ၊ ထုချေလွှာများ၊ လျှောက်လွှာများ အမြန်ရေးပြီး သက်သေစာရင်း ပြုစုကြရသည်။ အမှုများကို အသေးစိတ် လေ့လာရန် အချိန်မရ။ အမှုဟောင်း သာဓကများကို ပြန်လည် ကြည့်ရှုချိန်လည်း များများမရ။ ပတ်လည်ရုံး အမှုလိုက်ရှေ့နေများသည် အထွေထွေ ဗဟုသုတနှင့် ပကတိအသိဉာဏ်တို့ကိုသာ အများဆုံး အားကိုးကြရသည်။

အမှုသည်များနှင့် ဒေသခံရှေ့နေများသည် လင်းကင်း၏ ဆောင်ရွက်မှုများအပေါ်တွင် စိတ်အားထက်သန်စွာ ရယူခဲ့ကြသည်။ ပတ်လည်ရုံးအမှုများတွင် လင်းကင်း၏ သမာဓိရှိမှုနှင့် တရားမျှတမှု၊ ဂုဏ်သိက္ခာကျော်စောမှုသည် ပို၍အရေးပါခဲ့သည်။ ဗဟိုတရားရုံးချုပ်တွင် ရင်ဆိုင်ရသည့် ခက်ခဲသော အမှုများထက် ပို၍အရေးပါခဲ့သည်။ ပတ်လည်ရုံးများတွင် လင်းကင်း လက်ခံခဲ့သော အမှုအားလုံး၏ သုံးပုံတစ်ပုံခန့်ကို သူတစ်ကိုယ်တည်း စတင်ဆောင်ရွက်ခဲ့သည်။ အခြားအမှုများတွင် ဒေသခံရှေ့နေနှင့်တွဲ၍ လုပ်ခဲ့သည်။ လင်းကင်း၏ အမှုများတွင် ရာဇဝတ်ပြစ်မှုများ နည်းပါးခဲ့သည်။

တစ်နေ့တာအတွက် တရားရုံးဆင်းလျှင် ရှေ့နေများသည် အမှုသစ်များအတွက် ပြင်ဆင်ကြရသည်။ စပရင်းဖီးလ်၊ ဘလူးမင်တင်နှင့် ပီကင်မြို့များမှ အပ္ပ ကျန်ဒေသများမှာ လူဦးရေ တစ်ထောင်ပင် မရှိကြ၍ ရှေ့နေများသည် မိမိတို့ဘာသာ အပန်းဖြေမျော်ရှုင်မှုကို ဖန်တီးယူကြရသည်။ လက်ဝှေ့ထိုးခြင်း၊ အပြေးပြိုင်ခြင်း၊ ခြင်းပြိုင်စီးခြင်း၊ လူချင်းအားစမ်းပြီး အနိုင်လုံခြင်း၊ နပန်းသတ်ခြင်း၊ ဖဲကစားခြင်းတို့ကို ခုံဆောင်လုပ်ခဲ့ကြသည်။ ဝိစကီအရက်က ပေါသည်။ လွတ်လွတ်လပ်လပ် သောက်ကြသည်။ ညစာစားပြီးလျှင် ဆပ်ကပ် သို့မဟုတ် ဟောပြောပွဲစသည့် ဒေသခံ ပျော်ပွဲရွှင်ပွဲများရှိလျှင် သွားကြသည်။ သွားစရာမရှိလျှင် မိမိရှေ့တွင်ထိုင်ပြီး လေပစ်ကြသည်။ ပုံတိုပတ်စများ ပြောကြသည်။

အခါမျိုးတွင် လင်းကင်းသည် အမှား၏ အာရုံအစိုက် ခံရဆုံးသူ ဖြစ်သည်။ ထင်းကင်း၏ ဟာသများကို တရားသူကြီးများ၊ ဂျူရီအဖွဲ့ဝင်များ၊ ရှေ့နေများ၊ ကုန်သည်များတို့သည် အုတက်အောင် ရယ်ခဲ့ကြသည်။ အားလုံးမှာ နောက်တစ်နေ့ နံနက်တွင် အူများနာနေခဲ့သည်အထိ ဖြစ်ခဲ့ကြောင်း ဘန်ဒင်ကပြန်ပြောပြခဲ့သည်။ ရက်သတ္တပတ် ကုန်ဆုံးလျှင် အမှုများ ပြီးဆုံးသွားရာ တရားသူကြီးနှင့် ရှေ့နေများသည် နောက်တစ်ရုံးရှိရာသို့ ခရီးဆက်ရပြန်သည်။

ပတ်လည်တရားရုံးများတွင် လှည့်လည်အမှုများ စစ်ဆေးသောကာလသည် အနည်းဆုံး နှစ်လခွဲခန့်ကြာသည်။ နွေဦးပေါက် စစ်ဆေးမှုများ ပြီးဆုံးလျှင် နောက်တစ်ကြိမ် ဆောင်းဦးကျတွင်မှ ပြုလုပ်တော့သည်။ လင်းကင်းသည် အဋ္ဌမပတ်လည် တရားရုံးအမှုများအတွက် နှစ်စဉ်သုံးလခန့် အချိန်ပေးခဲ့ရသည်။ တစ်ခါတစ်ရံတွင်လည်း ပတ်လည်တရားရုံးများတွင်မပါသော ခရိုင်များသို့ အမှုပိုများသွား၍ လိုက်ပေးရသည်လည်း ရှိ၏။ အမှုပိုလိုက်သော ရှေ့နေများသည် စနေ၊ တနင်္ဂနွေနေ့များတွင် အိမ်သို့ပြန်ကြသည်။ လင်းကင်းကမူ မပြန်ဘဲ နေတတ်သည်။ အိမ်ဆောင်ကျပြီးစက ခရီးထွက်လာလျှင် လင်းကင်းသည် တောင်ဘက်အရပ်ကိုမျှော်ပြီး အိမ်ကို မတရား လွမ်းတတ်သည်။ ဆောင်းဦးကျ ရက်ညည်းခရီးကိုဖျက်ပြီး အိမ်ပြန်တတ်သည်။ သို့သော်လည်း အဓိပ္ပာယ်မရှိသော ငွေရရန်အတွက် ပတ်လည်ခရီးထွက်လာခြင်းဖြစ်သည်။ မြို့ငယ်လေးများတွင် ကြာကြာနေရလေ သူ့ကို အမှုရှာပေးသည့် ရှေ့နေများနှင့်ပို၍ ရင်းနှီးမှုလည်း ရလေဖြစ်သည်။ အချိန်ကုန်ခံပြီး အားစိုက်ထုတ်ခြင်းသည် သူ့အတွက် အကျိုးရှိလာ၏။ လင်းကင်းသည် တစ်ပတ်လျှင် ရာဂျီတ်စကန္ဒတ်ပြီး အသားတင်ငွေ ဒေါ်လာ ၁၅၀ ကျော် ရလာခဲ့သည်။

မြို့ငယ်လေးများတွင် နေထိုင်ရခြင်းကြောင့် လင်းကင်းအတွက် နိုင်ငံရေးအကျိုးအပြတ်လည်း ရှိလာသည်။ သူ၏ အနာဂတ်

www.burmeseclassic.com

နိုင်ငံရေး ရွေးကောက်ပွဲဝင်မှုများတွင် ပတ်လည်တရားရုံး ခရီးစဉ်အဟုတ်၌ တွေ့ခဲ့ရသော အမှုသည်များနှင့် ရှေ့နေများသည် သူ့ကို အဇကောင်းဆုံး ထောက်ခံမှုပေးသူများ ဖြစ်လာကြသည်။ အီလီန္တိုင်းပြည်နယ် ဗဟိုဒေသရှိ မဲဆန္ဒရှင်များကို လှုနှင့်အမတ် တွဲ၍သိရန် လိုအပ်လာခဲ့သည်။ ၁၈၄၇ ခုနှစ်တွင် ဘော့စ်တင် ကူရီးယား သတင်းစာမှ သတင်းထောက် ကျော် အိတ်ချ် ဘတ်ကင်ဟဲမ်သည် အီလီန္တိုင်းပြည်နယ် အလယ်ပိုင်းတစ်ခွင်သို့ လင်းကင်းနှင့် ရထားလုံးအတူစီးပြီး လိုက်ပါသွားခဲ့ဖူးသည်။ လင်းကင်းသည် တွေ့.သမ္မလူအားလုံးကို သိပုံ၊ ခြံပိုင်ရှင်များ၏ အမည်များနှင့် မြေယာရှင် အားလုံး၏ အမည်များကို လင်းကင်းသိပုံကို ဘတ်ကင်ဟဲမ် တွေ့.ရှိခဲ့ရသည်။ လင်းကင်း၏ လက်ဆွဲနှုတ်ဆက်ပုံမျိုး၊ နေကောင်းရဲ့.လား မေးမြန်းပုံမျိုးမှာ ယခင်က တစ်ခါမျှ မမြင်ဖူးခဲ့ပါဟု ဘတ်ကင်ဟဲမ်က ရေးသားခဲ့သည်။ လင်းကင်းသည် လမ်းတွင် တွေ့.ဆုံသူအားလုံးအပေါ်တွင် နှုတ်ခွန်းကြင်နာသည်၊ ပြုံးပန်းဝေနေသည်၊ ဦးညွှတ်ဂါရဝပြုသည်၊ တွေ့.ရသော မြင်း၊ ကျွဲ၊ နွား၊ ဝက်များအပေါ်မှာပင် ကြင်နာမှုပြသည်ဟု သတင်းစာတွင် ဖော်ပြခဲ့သည်။

လင်းကင်းသည် ပတ်လည် တရားရုံးခရီးစဉ်ကို နှစ်သက်မှုလည်း ရှိခဲ့သည်။ အခြားသူများက အခက်အခဲများဟု ယူဆခဲ့သော ကိစ္စများသည် လင်းကင်းအတွက် ဘာမျှ ပြဿနာမရှိ။ သာမန် ထမင်းစားရသောက် ကိစ္စများလိုဖြစ်ခဲ့သည်။ လင်းကင်းသည် ဘယ်နေရာတွင် အိပ်ရအိပ်ရ ဂရုမစိုက်။ သူ.ရှေ.တွင် လာချပေးသမျှ မည်သည့် အစားအစာကိုမဆို စားသည်။ ပတ်လည်ခရီးစဉ်ဘဝတွင် လစ်ဟင်းမှုများ ရှိသည်ဟု ဆိုနိုင် သည်။ သို.သော်လည်း ခင်မင်ရင်းနှီးသော ယောကျ်ားများသာရှိသော အသိုင်းအဝိုင်းက လစ်ဟင်းမှုကို ဖာထေးပေးနိုင်ခဲ့သည်။ ပတ်လည်ခရီးစဉ်သည် တစ်ခါတစ်ရံတွင် စိတ်ရှုပ်ထွေးရသော အိမ်ထောင်သည် ဘဝမှ အခိုက်အတန့်. လွတ်မြောက် သက်သာစေမှုကိုလည်း လင်းကင်းရရှိခဲ့ပေသည်။

(၅)

လင်းကင်းသည် အိမ်ထောင်သည်ဘဝတွင် မကြာခဏ ပြဿနာများ တွေ့ကြုံခဲ့ရသည်။ ဇနီးမောင်နှံဆိုသည်မှာ လူချင်း မတူညီသလို စိတ်ချင်း မတူညီမှုများ ရှိတတ်ကြသည်။ လင်းကင်းက နေးကွေးသည်၊ စိတ်အပြောင်းအလဲရှိသည်။ အကြာကြီး ဆိတ်ငြိမ်စွာနေပြီး စိတ်မကြည်ရွှင်မှုကိုပြသည်။ သူ၏ အတွင်းစိတ်အားကို မှီခိုအားထားသည်။ ဇနီးမေရီက သွက်လက်တက်ကြွသည်။ စကားများသည်။ ပေါင်းသင်းဆက်ဆံမှုကို နှစ်သက်သည်။ အခြားသူများ၏ အာရုံစူးစိုက်မှုနှင့် ချီးကျူးမှုကို အမြဲလိုလားသူဖြစ်သည်။ လူတွေက မည်သို့.ပင်ထင်ထင် လင်းကင်းက ဂရုမစိုက်တာများရှိသည်။ ဧည့်သည်များလာသောအခါတွင် လင်းကင်းသည် ကြမ်းပေါ်မှာ ခြေနှစ်ဖက်ဆင်းပြီး စိတ်တိုင်းကျ စာဖတ်နေသည်ကို တွေ့.လျှင်လည်း သူကဘာမျှ မဖြစ်ပေ။ မေရီက အိမ်စေကျွန်များရှိသော အိမ်များတွင် ကြီးပြင်းလာသူဖြစ်သည်။ ဧည့်သည်များက အိမ်တံခါးခေါင်းလောင်း တီးသည်ကို လင်းကင်းက စွပ်ကျယ်လက်ပြတ်အင်္ကျီများနှင့် သွားဖွင့်ပေးလျှင် မေရီတွင် စိတ်အနှောင့်အယှက် ဖြစ်လေသည်။

ငွေကြေး မပြည့်စုံမှုကလည်း သူတို့.အတွက် ပြဿနာတက် စေခဲ့သည်။ သူတို့.အိမ်ထောင်ကျစက လင်းကင်း၏ ဝင်ငွေမှာ အလွန်နည်းခဲ့သည်။ အိမ်သေးသေးကလေးတစ်လုံးသာ ဝယ်နိုင်ခဲ့သည်။ မိသားစုနှင့် အိမ်မှာ မဆန့်.ခဲ့ပေ။ ၁၈၄၆ ခုနှစ်တွင် ဒုတိယမြောက် သားလေး အက်ဒွပ် မွေးခဲ့ပြီးနောက် ပိုဆိုးသွားခဲ့သည်။ အက်ဒွပ်ဆိုသောအမည်မှာ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် အပြိုင်မိတ်ဆွေ ရှေ.နေ အက်ဒွပ် ဒီ ဘောကာ၏ နာမည်ကို ပေးခဲ့ခြင်းဖြစ်သည်။ အိမ်၏ အောက်ထပ်တွင် အိပ်ခန်းတစ်ခုကို တိုးချဲ့ပြုပြင် ဆောက်ခဲ့သော်လည်း အခြေအနေမှာ အများကြီး ထူးခြား

www.burmeseclassic.com

မသွားခဲ့ပေ။ သို့သော်လည်း မေရီက သူတို့၏ ကျဉ်းကျပ်မှုကို လူသိ
အောင် ညည်းညူ ပြောဆိုမှု မလုပ်ခဲ့ပေ။ ငွေရေးကြေးရေး ကျပ်တည်း
အကြောင်းကိုလည်း လင်းကင်းထံရေးသော စာများတွင် ထည့်မရေးခဲ့ပေ
သူမအနေဖြင့် နည်းဝတ်မကျေဖြစ်မှုကိုသာ အပြစ်တင်ခဲ့သည်။ အိမ်ကလေ
က ကျဉ်းလွန်းသဖြင့် ထမင်းစားခန်း မရှိဘဲ မီးဖိုချောင်ထဲတွင် ထမင်းစား
ရသောကြောင့်ဖြစ်သည်။ ထို့အတူပင် ငွေကြေးအကန့်အသတ်ဖြင့် အိမ်
ထောင်ကို ခြစ်ခြုတ်ထိန်းသိမ်းခဲ့ရသဖြင့် မေရီ၏ ကပ်စေးနဲမှုမှာ လူသိရှင်
ကြားဖြစ်လာခဲ့သည်။

လင်းကင်းကမူ သူ့အလုပ်ထဲတွင်သာ နစ်မြုပ်နေခဲ့သည်။ ခ
သည် မည်မျှပင် ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသည်ကို မသိပေ။ သူမသည်
ချက်ပြုတ်ရသည်။ အဝတ်များ လျှော်ဖွပ်ရသည်။ သန့်ရှင်း ရေးလုပ်
ရသည်။ အိမ်နေ့ာက်ဖေးခြံထဲမှ ရေစုပ်ပျဉ်ပြီး အပူပေးနိုင်ရန် အိမ်ထဲသို့
ရေသယ်ယူရသည်။ မီးဖိုချောင်မှ မီးဖိုနှင့် အိမ်ရှေ့မှမီးဖိုထဲသို့ အ
မီးမပြတ်အောင် ထည့်ရသည်။ လင်းကင်းအတွက် မြို့တွင်းအကျီ
ဆိုင်မှဝတ်စုံရှိသော်လည်း သူမနှင့်ကလေးများအတွက် အဝတ်အထည်
များကို ကိုယ်တိုင်ချုပ်ရသည်။ ထို့အပြင် ကလေးများကို အနီးက
ထိန်းရသည်။ အထူးသဖြင့် ချူချာသော အငယ်ကလေး အက်ဒီကို ပို
ဂရုစိုက်ရသည်။ သူမ၏ ဖခင်က ငွေထောက်ပံ့ထားသော်လည်း မေ
အတွက် အိမ်မှုလုပ်ငန်းများတွင် ရံဖန်ရံခါမှသာ အကူအညီရခဲ့သည်
လင်းကင်း၏ နှမဝမ်းကွဲတော်သူ ဟဲရီးယက် ဟင့်စ်သည် စပရင်းဖီး
အမျိုးသမီး သမ္မာကျမ်းစာ သင်တန်းကျောင်းသို့ လာတက်ခိုက် မေရီ
အခိုက်အတန့် ကူညီမူပေးနိုင်ခဲ့သည်။ သို့သော်လည်း ဟဲရီးယက်နှ
မေရီတို့မှာ မပြေလည်ခဲ့ကြပေ။ အိုင်ယာလန် အမျိုးအနွယ်အိမ်ဖော်များ
တစ်ဦးပြီး တစ်ဦး ရခဲ့သည်။ မေရီက အားမရ။ သူတို့ကို မေရီ
အိုင်းရစ်သူ အရိုင်းမိုဟု ခေါ်ဆိုခဲ့သည်။ ထိုအိမ်ဖော်များသည် အားကို

ရေလောက်အောင် အပျင်းကြီးကြသည်ဟု မေရီက ထင်ခဲ့သည်။ မေရီ
သည် အိမ်ဖော်အားလုံးနှင့် ရန်ဖြစ်ခဲ့သည်။

မေရီ ဒေါသကြီးပုံမှာ စပရင်းဖီးလ်တွင် နာမည်ကြီးဖြစ် သည်။
မေရီသည် အိမ်ဖော်များ၊ အိမ်ဝင်းအတွင်းရှိ အလုပ်သမားများနှင့်လမ်းပေါ်မှ
ဈေးသည်များအပေါ်တွင် နှုတ်သီးကောင်းပုံကို လူတိုင်း ကြားဖူးခဲ့ကြသည်။
ခင်ပွန်းအပေါ်တွင်လည်း စွာသည်။ ဤသို့ဖြစ်ရခြင်း၏ တစ်စိတ်တစ်
ဒေသအကြောင်းရင်းမှာ အလုပ်မရှူးပြီး ပင်ပန်းခြင်းနှင့် အပျိုဘဝတွင်
ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် နေခဲ့ခြင်းတို့ကြောင့်ဖြစ်သည်။
တစ်ဘက်တွင်လည်း သူမ၏ ကျန်းမာရေး မကောင်းမှုကြောင့်လည်း
ဖြစ်သည်။ နွေဦးပေါက်ရောက်တိုင်း မေရီတွင် အသည်းအသန် ခေါင်း
ကိုက်ရောဂါ ရတတ်သည်။ ပြီးတော့ ခမျာ ကိုက်ခဲမှုများဖြစ်သည်။
စိတ်ကလည်း လွှမ်းရှားလွန်းသည်။ မိုးချုန်းသံကြားရသည်ကို ကြောက်
သည်။ ခွေးများ၊ ဓါးပြများကိုလည်း ကြောက်ရွံ့သည်။ မေရီကယောင်
ကတမ်းဖြစ်လာလျှင် သူမကိုယ်သူမ မထိန်းနိုင်တော့ပေ။

မေရီ၏ ဒေါသပေါက်ကွဲမှုများသည် အတိုင်းအတာအားဖြင့်
ခင်ပွန်းဖြစ်သူ၏ အမူအရာများကို မကျေနပ်၍ တုန့်ပြန်ခဲ့ခြင်းလည်း
ဖြစ်သည်။ လင်းကင်းမှာ အတူနေထိုင်ရန် ခက်သူတစ်ဦးဖြစ်သည်။ သူသည်
တစ်နေ့လျှင် သုံးလေးကြိမ် ပတ်လည်တရားရုံးများသို့ ခရီး ထွက်ရသည်။
မေရီမှာ အိမ်ကျဉ်းကျဉ်းလေးတွင် လူမမည် ကလေးနှစ်ယောက်နှင့်
မလုပ်တတ်၊ မကိုင်တတ် အိမ်ဖော်တို့နှင့် တစ်ဦးတည်း ကျန်ရစ်သည်။
လင်းကင်းသည် ငွေရှာရန်အတွက် ခရီးထွက်ရမှန်းသိ၍ မေရီက နားလည်
၍ မကန့်ကွက်ခဲ့ပေ။ သို့သော်လည်း "ကျွန်မယောကျ်ား အိမ်မှာပဲ နေသင့်
တယ်၊ အဲဒီလို နေခဲ့ရင် ကျွန်မ သူ့ကို ပိုပြီးချစ်မိမှာ အမှန်ပဲ" ဟု အိမ်နီး
နားချင်းများအား မေရီက ဝမ်းနည်းစကားပြောခဲ့သည်။

လင်းကင်းသည် အိမ်တွင် ရှိခဲ့လျှင်လည်း သူမ လိုလားတောင့်

www.burmeseclassic.com

တသော နွေးထွေးမှု၊ ကြင်နာသော မေတ္တာနှင့် စိတ်သက်သာမှုတို့ ထိုမပေးနိုင်ခဲ့ပေ။ သူသည် အမှုသည်များအား လက်ခံတွေ့ ဆုံခြင်း၊ တရားရုံးများတွင် အမှုများ လိုက်ရခြင်းဖြင့် နေ့စဉ် အလုပ် ရှုပ်ခဲ့သည်။ အိမ်သို့ပြန်ရောက်လျှင် မီးဖိုရှေ့တွင် အေးအေးဆေး ဆေးထိုင်ပြီး စာဖတ်လိုသည်မိန်းမဖြစ်သူသည် စကားပြောစရာ ကလေးများသာရှိသည်။ မေရီထလင်နှင့်မယား နှစ်ယောက်သား စကားပြောလိုသည်ကို လင်းကင်း နားမလည်ခဲ့ပေ။ တစ်ခါတစ်ရံတွင် သူ၏ အာရုံမစိုက်မှုကြောင့် မေရီမှာ လက်လွန်ခြေလွန်ဖြစ်ခဲ့ရသည်။ တစ်ကြိမ်တွင် လင်းကင်းက ညစာထဲတွင် ပက်လက်ကလားထိုင်ပေါ်၌ စာဖတ်နေစဉ် မေရီက ညစာချက်ပြုတ်နေခဲ့သည်။ မေရီက မီးဖိုမီး ငြိမ်းခါနီးကြောင်း လင်းကင်းသို့ သတိပေးသည်။ သုံးကြိမ်တိုင်တိုင် သတိပေးသော်လည်း စာထဲတွင် နှစ်မြှုပ်နေသော လင်းကင်းက ဘာမှမလှုပ်၊ လင်းကင်း ဂရုမစိုက်ပုံကြောင့် ဒေါသဖြစ်နေသော မေရီသည် လင်းကင်း သိအောင် ထင်းချောင်းစတစ်ခုနှင့် လင်းကင်း၏နှာခေါင်းကို ရိုက်ထည့်လိုက်လေတော့သည်။

ဤအဖြစ်မျိုး ဖြစ်ခဲ့လုပါသည်။ သို့သော်လည်း စပရင်းဖီးလ်၏ အတင်းအဖျင်းစကားများတွင် သူတို့၏ အိမ်ထောင်ရေးကို တစ်ခါကောက်ချက်ချခဲ့ကြသည်။ သူတို့ချင်း ရန်ဖြစ်ခဲ့ရသမျှသည် လင်နှမယားကြားမှာ လျှာနှင့်သွားလိုဖြစ်ပြီး ပိုမိုတွယ်တာမှုလည်း ဖြစ်စေခဲ့သည်။ နှစ်ပေါင်းများစွာသော အိမ်ထောင်သည်ဘဝသက်တမ်းတွင် လင်းကင်းသည် ဇနီးသည်အပေါ်အား သစ္စာမဲ့သည်ဆိုသော သဲသဲယဖျိုး ဘယ်အခါကမှ အပြောမခံခဲ့ရပေ။ မေရီကလည်း လင်းကင်းအတွက် အကြီးအကျယ် ဂုဏ်ယူသည်။ လင်းကင်းကို အပုံပိုးဆုံးသူနှင့် ချီးကျူးသူလည်းဖြစ်သည်။ တစ်စုံတစ်ယောက်သော သူက လင်းကင်းသည် ဒပ်ဂလပ်စ်ကို မမှီကြောင်း နှိုင်းယှဉ်ပြောလာခဲ့လျှင် မေရီက "မစ္စတာလင်းကင်းက ရုပ်လှချင်ရုံမယ်၊ ဒါပေမယ့် သူ့.ရဲ့.လက်တန်တွေ ရှည်သလောက် သူ့.ရဲ့. နှလုံးသား

မေတ္တာက ကြီးမားပုံကို လူတွေ သိကြပုံ မရပါဘူး" ဟု အားရပါးရ ပြန်ပြောခဲ့ပေသည်။

ကလေးများက သူတို့၏ အိမ်ထောင်ရေးကို ပိုမို၍ ခိုင်မာစေခဲ့လေသည်။ မိဘလုပ်ရခြင်းမှာ ခက်ခဲသော အတတ်ပညာတစ်ခုဖြစ်ကြောင်း သူတို့.မောင်နှံ လက်တွေ့.သိလာခဲ့ကြသည်။ မလွဲမရှောင်သာ အမှားများ ပြုလုပ်ခဲ့မိသည်များလည်းရှိ၏။ အထူးသဖြင့် ပုပ္ပဝ ဖိုင့်ဖိုင့် ပထမသားလေးနှင့် ပတ်သက်၍ဖြစ်သည်။ ကလေးငယ်မှာ မွေးကတည်းက လင်းကင်းလင်မယားနှင့် မတူဘဲ တောက်ခဲတို့.နှင့် ပို၍ တူခဲ့သည်။ မေရီသည် သားကလေး တောက်အပေါ်တွင် တွယ်တာမှု ကြီးမားပြီး အမြဲတမ်း အစိုးရိမ်လွန်လွန်းသည်။ ကလေးငယ်သည် သူမ မျက်စိအောက်မှ မိနစ်ပိုင်းလေးလောက် ပျောက်သွားခဲ့လျှင်ပင် ကလေးပျောက်ကြောင်း တစ်ရပ်ကွက်လုံး အလန့်.တကြားဖြစ်အောင် မေရီက အော်တတ်ပေသည်။ လင်းကင်းကမူ သားအကြီးဆုံးကို သိပ်ဂရုမစိုက်လှပေ။ ကလေးကို တမင်သက်သက် ဂရုမစိုက်ဘဲ နေခြင်းမျိုးတော့မဟုတ်။ သူကိုယ်တိုင် ကြီးပြင်းလာခဲ့ရသောဘဝတွင် အဖေလုပ်သူသည် သားသမီးကို ပြုစုရမည်၊ ယုယရမည်ဆိုသည်ကို နားမလည်ခဲ့ခြင်းကြောင့်ဖြစ်သည်။

ပထမသားကြီး ရောဘတ်ကလေးသည် အရွယ်တူ တခြားကလေးများနှင့်စာလျှင် အပြစ်ပြောစရာ ဘာမျှမရှိလောက်အောင်ပင် ဖြစ်သည်။ သို့သော်လည်း မိဘနှစ်ပါးက သူ့.ကို စည်းကမ်းရှိအောင် ကြိုးစားလုပ်ခဲ့ရသည်များရှိ၏။ ကလေးကို ပြုပြင်ရန် မေရီက ရိုက်နှက်ဆုံးမခဲ့ပုံများမှာ အကျိုးမသက်ရောက်ခဲ့။ မေရီလုပ်ပုံကို လင်းကင်းက တားခဲ့သည်။ လင်းကင်းက ကလေးကို ဆုံးမရန် ကြိုးစားခဲ့လျှင်လည်း မေရီပါးစပ်က အငြိမ်မနေ စွာသည်။

နောက်ထပ် သားလေး အက်ဒီရပြီးသည့်နောက်တွင်မူ လင်မယားနှစ်ဦးစလုံး သားအကြီးဆုံးကို စည်းကမ်းလုပ်မှု အလျှော့ပေးခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com

သည်။ နောင်တွင် မေရီက လင်းကင်းပြောခဲ့သော စကားများကို ပြန်ပြောပြခဲ့သည်။ "ကျွန်တော့်ကလေးတွေဟာ လွတ်လပ်တယ်၊ ပျော်တယ်၊ မိဘတွေရဲ့ နိပ်စက်မှုကင်းတယ်ဆိုရင် ကျွန်တော် စိတ်ချမ်းသာတယ်။ မေတ္တာတရားဟာ ကလေးတစ်ဦးကို မိဘတွေနဲ့ ချည်နှောင်ပေးတဲ့ နောင်ကြိုးဖြစ်တယ်"[7] ဟု လင်းကင်းက ပြောခဲ့ခြင်းဖြစ်သည်။

ကလေးများအပေါ်တွင် ဂုဏ်ယူစိတ်ရှိပုံကလည်း အိမ်တွင်းရေး အဆင်မပြေဆုံးကာလမှာပင် သူတို့.ကို အကူအညီပေးခဲ့သည်။ သားအကြီး ရောဘတ် သုံးနှစ်သားအရွယ်တွင် လင်းကင်းက သူ၏ ကျေနပ်အားရမှုကို မထိန်းကွပ်ဘဲ စပိကို ပြောပြခဲ့သည်။ နောက် နှစ်အနည်းငယ်အကြာတွင် မေရီက သူငယ်ချင်းတစ်ဦးထံ ရေးသောစာ၌ သားအကြောင်းကို ထည့်ကြွားခဲ့သည်။ "ငါ့သားက အခု လက်တင်နဲ့ ဂရိစာသင်နေပြီ၊ ရက်ပိုင်းအတွင်းမှာ ဆယ်နှစ်ပြည့်တော့ မယ်" ဟု ထည့်ရေးခဲ့သည်။

(၆)

လင်းကင်းတို့၏ အိမ်ထောင်ရေးအနှောင်အဖွဲ့ကို နိုင်ငံရေးကလည်း ထိန်းပေးခဲ့သည်။ မေရီသည် ခင်ပွန်းသည် လင်းကင်းကဲ့သို့ပင် တက်ကြွသော ဂုဏ်တစ်ဦးဖြစ်သည်။ တစ်နည်းအားဖြင့် သူတို့.နှစ်ဦးသည် နိုင်ငံရေးအမွေ ရရှိခဲ့ကြသူများဖြစ်သည်။ မေရီ၏ဖခင်မှာ ကဲန်တပ်ကီးပြည်နယ်တွင် ဂုဏ်ပါတီ၏ ဩဇာရှိ ပြောရေးဆိုခွင့်ရှိသူတစ်ဦးဖြစ်သည်။ လင်းကင်း၏ ဖခင်ကလည်း ဒီမိုကရက်တို့.၏ "လိုကိုဖိုကိုမူဝါဒများ"ကို ချေမှုန်းပစ်နိုင်မည့် ဂုဏ်သမ္မတတစ်ဦး အရွေးခံရရေးကို တောင့်တခဲ့သူဖြစ်သည်။ လင်းကင်းလင်မယားသည် ဂုဏ်ပါတီကို စတင်တည်ထောင်ခဲ့သူ ဟဲန်နရီ ကလေးကို ချီးကျူးလေးစားကြသည်။ ကလေးသည် လက်ဝဲ

တင်ရှိ တော့ဒ်မိသားစု၏ မိတ်ဆွေတစ်ဦးဖြစ်သဖြင့် မေရီက လေးစားသည်။ လင်းကင်းအတွက်မူ ဟဲန်နရီကလေးသည် လူငယ်တို့. စံထားသည့် နိုင်ငံ ရေးသမား ဖြစ်ခြင်းကြောင့် ဖြစ်သည်။

လင်းကင်းသည် နိုင်ငံရေးသမား စဖြစ်လာချိန်မှစ၍ ဂုဏ်ပါတီကို ထောက်ခံခဲ့သည်။ သူသည် ထာဝရအစဉ် ဂုဏ်ပါတီဝင် ဖြစ်ကြောင်း ၁၈၅၉ ခုနှစ်တွင် လင်းကင်းက သူ.ကိုယ်သူ အမွမ်းတင် ပြောဆိုခဲ့သည်။ သူသည် အပြိုင် ဒီမိုကရက်ပါတီမှ တင်သွင်းသော အကြံပြုချက်များကို ဆန့်.ကျင်သော ဂုဏ်ပါတီ၏ စီးပွားရေးပေါ်လစီများကို အပြင်းအထန် ခုခံသူတစ်ဦး ဖြစ်ခဲ့သည်။ ပုံမှန်အားဖြင့် လင်းကင်းသည် တစ်ကြိမ်လျှင် အဓိကကျသော ပြဿနာတစ်ခုကိုသာ ဦးစားပေး တင်ပြလေ့ရှိသည်။ ဥပမာအားဖြင့် ၁၈၄၀ ခုနှစ်တွင် ဒီမိုကရက်တို့. တင်ပြသည့် ဌေတိုက် စနစ်ကို ကန့်.ကွက်ပြီး ဂုဏ်တို့.အများစု ထောက်ခံခဲ့သည့် အမျိုးသားဘဏ် ဖွင့်လှစ်ရေးကိစ္စကိုသာ ထပ်ခါတလဲလဲ ထောက်ခံပြောဆိုခဲ့သည်။ ၁၈၄၄ ခုနှစ် သမ္မတ ရွေးကောက်ပွဲအတွက် မဲဆွယ်ပွဲများ၌ လင်းကင်းသည် အကောက်ခွန် တိုးမြှင့်ကောက်ခံမှုကိစ္စကို သူ၏ အဓိကလက်နက်အဖြစ် အသုံးပြုခဲ့သည်။ ဒီမိုကရက်တို့.က အကောက်ခွန် နည်းနည်းကောက်ရေး သို့.မဟုတ် အခွန်မဲ့ ကူးသန်းရောင်းဝယ်မှုကို အသားပေးခဲ့ကြသည်။

ဂုဏ်ပါတို့ဝင်ဖြစ်ရေးသည် ပေါ်လစီပြဿနာများထက် လင်းကင်းအတွက် ပို၍ အရေးပါခဲ့သည်။ ဂုဏ်ပါတီသည် သူ.ခံစားချက်ဖြင့် ယုံကြည်သော သဘောတရားများအပေါ်တွင် အခြေခံတည်ဆောက်ထားခြင်းဖြစ်သည်ဟု လင်းကင်းထင်ခဲ့သည်။ သူ.အတွက် ဂုဏ်ပါတီသည် အမေရိကန်ပြည်သူတို့.၏ဘဝကို ကတိပြုအာမခံပေးမည့်အဖွဲ့ဖြစ်သည်။ စီးပွားရေးအရ ကြီးပွားမှု၊ ဖွံ့ဖြိုးမှုနှင့် တိုးတက်မှုတို့.အတွက် ရပ်တည်ပေးသော ပါတီ ဖြစ်သည်။ ကလေး၏ "အမေရိကန်စနစ်"သည် အချိတ်အဆက် ပေါင်းစပ် ပေးရန် ရှာကြံမှုဖြစ်သည်။ အရှေ့.မြောက်ပိုင်းဒေသ၏ ကုန်

www.burmeseclassic.com

(၇)

လင်းကင်းသည် ဝှစ်ပါတီအပေါ်တွင် သစ္စာရှိခဲ့သည်။ ထိုသို့ သစ္စာရှိမှုအတွက် အတု့အပြန်ရလိုမှုကိုလည်း လင်းကင်း မျှော်လင့်ခဲ့သည်။ သို့သော်လည်း အခြေအနေက မပေးသော ကန့်သတ်မှုများ ဖြစ်ခဲ့သည်။ လင်းကင်းသည် ပြည်သူ့ဥပဒေပြု ကိုယ်စားလှယ် သက်တမ်း လေးကြိမ် အဆုံးတွင် ရွေးကောက်ပွဲ ထပ်မဝင်ခဲ့တော့ပေ။ သူ့အတွက် ဥပဒေပြုကိုယ်စားလှယ်အဖြစ် ရှေ့တက်လမ်း မရှိခဲ့တော့ပေ။ ပြည်နယ်အတွင်း ရာထူးရရှိရေးမှာလည်း မဖြစ်နိုင်ခဲ့။ အီလီနွိုင်းပြည်နယ်အတွင်း ဒီမိုကရက်တို့က အင်အားကြီးမားစွာ လွှမ်းမိုးနေခဲ့သောကြောင့်ဖြစ်သည်။ အီလီနွိုင်းပြည်နယ်သည် ဝှစ်ပါတီဝင်တစ်ဦးအား သမ္မတလောင်း တစ်ဦး အဖြစ် မည်သည့်အခါ ကမျှ မဲပေးမရွေးချယ်ခဲ့ဖူးပေ။ ထို့အတူ ဝှစ်ပါတီဝင်တစ်ဦးအား ပြည်နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် အမေရိကန် ဆီနိတ်(အထက်လွှတ်တော်) အမတ်တစ်ဦးအဖြစ်လည်း မရွေးချယ်ခဲ့ဖူးပေ။ လင်းကင်း ခရီးဖြတ်သန်းသွားလာနေခဲ့သည့် အသစ်ဖွဲ့လိုက်သော သတ္တမ မြောက် ကွန်ဂရက်ခရိုင် တစ်ခုတွင်သာ ဝှစ်တို့ မဲအများစု ရရှိခဲ့သည်။ ထိုခရိုင် သစ်တွင် ဆန်ဂါမွန်းခရိုင်၊ မော်ဂင်ခရိုင်နှင့် အခြားခရိုင်အချို့ ပါဝင်ခဲ့သည်။ တော့ဒ် စတူးဝပ်သည်လည်း ထိုဒေသတွင် ၁၈၃၉ ခုနှစ်မှ ၁၈၄၁ ခုနှစ်အထိ ကိုယ်စားလှယ်အဖြစ် အရွေးခံခဲ့ရသည်။

စတူးဝပ်သည် ဒုတိယမြောက်သက်တမ်းအဆုံးတွင် ထပ်မပြိုင်တော့ဘဲ ရှေ့နေလုပ်ငန်းသာလုပ်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုအချိန်မှစ၍ အီလီနွိုင်းအလယ်ပိုင်းရှိ ဝှစ်များအကြား၌ သတ္တမမြောက်ခရိုင်အတွက် ပြိုင်ဆိုင်မှု ခြိုင်းထန်လာခဲ့သည်။ အနောက်ဘက်ပိုင်းဒေသအတွက် တက္ကသိုလ်ပညာတတ် ပွန်ဂျ ဟာဒင်မှာ ထိပ်ဆုံးကလူဖြစ်ခဲ့သည်။ ဆန်ဂါမွန်းခရိုင်အတွက်

ထုတ်စွမ်းအားကောင်းမှု၊ အနောက်ပိုင်းဒေသမှ နှံစေ့အထွက်အောင်မှုနှင့် တောင်ပိုင်းဒေသမှ ဝါဂွမ်းနှင့် ဆေးရွက်များ ထွက်မှုတို့ကို ပေါင်းစပ် ဆက်နွယ်ပေးရန် နည်းလမ်းဖြစ်သည်။ ထိုအချက်များ ပေါင်းစပ်မိလျှင် အမေရိကန် အမျိုးသား စီးပွားရေးသည် လွတ်လပ်၍ ကျယ်ပြန့်သော ကွန်ယက်ကြီးတစ်ခု ဖြစ်လာစေရေးအတွက်ဖြစ်သည်။ စီးပွားရေး အကျိုး အမြတ်ရှိမှုများ လက်တွဲမိသွားလျှင် နိုင်ငံရေးတွင်လည်း လက်တွဲသွားမည် ဖြစ်သည်။ အမျိုးသားနိုင်ငံရေး အားကောင်းရှင်သန်လာပြီး နိုင်ငံရေး ဂိုဏ်းဂဏကွဲမှုများသည် မေးမိုန်သွားမည်ဖြစ်သည်။ လူတန်းစား ခွဲခြား ဆန့်ကျင်မှု ပဋိပက္ခများလည်း ပမျောက်သွားမည်။ ဟဲန်နရီ ကလေး၏ "အမေရိကန်စနစ်" သည် တရားမျှတမှုရှိ၍ ရက်ရောရုံသာမက စီးပွားရေး ဖွံ့ဖြိုးမှု အလားအလာ ကောင်းသောစနစ်ဖြစ်သည်။ လူတိုင်းအတွက် တံခါးဖွင့်၍ မျှော်လင့်ချက် အားလုံးကို ပေးနိုင်မည်ဖြစ်သည်။ လူတိုင်း အတွက် အခြေအနေအရပ်ရပ်တွင် ခွန်အားတိုးစေပြီး ဖွံ့ဖြိုးတိုးတက်မှုကို ပေးနိုင်လိမ့်မည်ဖြစ်သည် ဟု လူချမ်းသာနှင့် ပညာတတ် ဝှစ်ပါတီဝင် များကပင် ထင်မြင်ယူဆခဲ့ကြသည်။ ဟဲန်နရီ ကလေးသည် လင်းကင်းနှင့် လူငယ်များအတွက် စံနမူနာယူစရာ နိုင်ငံရေးသမားဖြစ်ခဲ့သည်။ ကလေး သည် ကိုယ့်ဒူးကိုယ်ချွန်လို့ ဆိုသော စကားလုံးကို တည်ထွင်ပြောဆိုခဲ့ သည်။ ကဲန်တပ်ကီးပြည်နယ်သား စီးပွားရေးသမားများကို ရည်ညွှန်း ပြောဆိုခဲ့ပုံဖြစ်သည်။ သို့သော်လည်း လင်းကင်းကို ရည်ညွှန်းကိုးကား၍ ပိုမိုမှန်ကန်စွာ ပြောဆိုခဲ့ခြင်း ဖြစ်နိုင်လောက်ခဲ့ပေသည်။

www.burmeseclassic.com

လင်းကင်းနှင့် ဘေကာတို့ နှစ်ဦးအကြားတွင် မဲမျှနေသည်။ လင်းကင်းက ဝှစ်ပါတီအတွက် ဒိုင်ခံအလုပ်လုပ်သူဖြစ်၍ ဘေကာက နိုင်ငံရေးအာဝဇ္ဇန်း ရွှင်စွာ စကားပြောကောင်းသူဖြစ်သည်။

လင်းကင်းသည် ၁၈၄၃ ခုနှစ်တွင် သူအရွေးခံရရေးအတွက် ထောက်ခံမှုရရှိအောင် ကြိုးစားခဲ့သည်။ ဝှစ်ပါတီ အစည်းအဝေးများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့သည်။ ဝှစ်ပါတီမှ ဖြန့်ဝေခဲ့သည့် အီလီနွိုင်းပြည်သူများသို့ အစီရင်ခံစာကို ပြုစုရေးသားပေးခဲ့သည်။ ခရိုင်ညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များကိုလည်း ကျိတ်၍ စည်းရုံးခဲ့သည်။

သို့သော်လည်း လင်းကင်း၏ ကြိုးပမ်းမှုများကို နောက်ကွယ်မှ အတင်းအဖျင်း ပြောဆိုသံများက အနှောင့်အယှက်ပေးခဲ့လေသည်။ လင်းကင်းသည် အက်ဒွပ်စ်-စတူးဝပ် အသိုင်းအဝိုင်းမှ ချမ်းသာသော မိန်းမနှင့် လက်ထပ်ခဲ့ခြင်းကြောင့် ဘေကာ၏ ဖက်တော်သား များက လင်းကင်းအား "ဂုဏ်ကြီးရှင်၊ ငွေကြေးရှင်၊ အထက်တန်းလွှာ ကိုယ်စားလှယ်လောင်း"[10] ဟု ပုတ်ခတ်စွပ်စွဲခဲ့ကြခြင်းဖြစ်သည်။ လင်းကင်းက "ကျွန်တော်သည် ယခုတိုင် ယခင်တုန်းက အောဘ် လင်းကင်းဖြစ်ပြီး နောင်တွင်လည်း ဤအတိုင်းသာ အမြဲဖြစ်နေပါလိမ့်မည်" ဟု ဘေကာ၏ ပူးတွဲရှေ့နေလုပ်ဖက် ဂျိမ်းစ်မက်သင်နီထံသို့ စာထဲတွင် ထည့်ရေးခဲ့သည်အထိ ဖြစ်ခဲ့သည်။ သို့သော်လည်း စွပ်စွဲချက်က ပျက်ပြယ်မသွား။ ထိုအချိန်မှာပင် ဘေကာဘက်က ထောက်ခံမှု ပို၍ပင်ရခဲ့သည်။ ဘေကာသည် ဘာသာရေးကို အလွန်ကြည်ညိုသည့် ကဲဗာယ်လ်လိုက် ဘုရားကျောင်းတက်သူတစ်ဦးဖြစ်သည်။ လင်းကင်းမှာ ဘုရားရှိခိုးကျောင်း မတက်သူဖြစ်သည်။ မျှာဒိတ်တော်ကို အလေးမထားသူတစ်ဦးအဖြစ် သံသယအဖြစ်ခံရသူလည်းဖြစ်ပြီး နှစ်ဦးချင်း စိန်ခေါ် သေနတ်ပစ်ပွဲဆင်နွှဲရန် ပြောဆို ခဲ့သူဖြစ်သည်ဟု မဲဆန္ဒရှင်များက သိထားကြသောကြောင့်ဖြစ်သည်။

လင်းကင်းက သူ့အပေါ်တွင် စွပ်စွဲချက်များအတွက် ဘေကာကို အပြစ်မတင်ခဲ့ပေ။ သူတို့နှစ်ဦးသည် မိတ်ဆွေရင်းများ ဖြစ်ကြပြီး ခံစားချက်ချင်းလည်း ကပ်နေကြသူများဖြစ်သည်။ လင်းကင်း မိသားစုသည် ဘေကာကို လေးစားကြသဖြင့် သူတို့၏ ခုတိယသားကို ဘေကာ၏ အမည်ပင် ပေးခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ ဆန့်ဂါမွန်းခရိုင် ညီလာခံ၌ လင်းကင်းသည် အားမကောင်းခဲ့ပေ။ သို့သော်လည်း ဘေကာအား ကိုယ်စားလှယ်လောင်းအဖြစ် အရွေးခံရရေးအတွက် ကူညီဆောင်ရွက်ပေးရန် ကိုယ်စားလှယ်တစ်ဦးအဖြစ် လင်းကင်းအား ညီလာခံက ရွေးချယ်ခဲ့သည်။ လင်းကင်း၏ ဆန္ဒမပါဘဲနှင့် တာဝန်အပေးခံခဲ့ရခြင်းဖြစ်သည်။ လင်းကင်းက စပိထံရေးသားခဲ့သောစာ၌ "မိမိမှာ ကိုယ့်ကို အနိုင်ယူပြီး ကိုယ့်ရည်စားနှင့် လက်ထပ်မည့်သူ၏ သတို့သားအရာ လုပ်ခိုင်းခံရသလို အာဝဇ္ဇန် အပေးခံရခြင်းနှင့် တူတော့ကြောင်း" ရေးသားဖော်ပြခဲ့သည်။

၁၈၄၃ ခုနှစ် မေလတွင် ပီကင်မြို့၌ ကျင်းပသော ဝှစ်ညီလာခံ၌ လင်းကင်းနှင့် ဘေကာတို့ နှစ်ဦးစလုံး ရုံးနိုမ့်ခဲ့ကြသည်။ ဟာဒင်ကို ကိုယ်စားလှယ်လောင်းအဖြစ် တက်ရောက်သူများက ရွေး ချယ်ခဲ့ကြသည်။ လင်းကင်းသည် စိတ်ပျက်သွားခဲ့လေသည်။ သို့သော်လည်း လင်းကင်းသည် အမြတ်ရနိုင်မည့် အချက်နှစ်ချက်ကို ညီလာခံ၌ တင်ပြနိုင်ခဲ့သည်။ လင်းကင်း၏ တိုက်တွန်းချက်အရ ၁၈၄၄ ခုနှစ် အမေရိကန်ကွန်ဂရက် လွှတ်တော်အမတ် ရွေးပွဲအတွက် ဘေကာအား ဝှစ်ပါတီ ကိုယ်စားလှယ်လောင်းအဖြစ် မဲပေးကြရန် ညီလာခံကဆုံးဖြတ်ခဲ့ရသည်။ ထို့ကြောင့် ဘာဒင်မှာ ကိုယ်စားလှယ် အဖြစ် သက်တမ်း တစ်ကြိမ်သာ ဆောင်ရွက်ရသည်ဖြစ်ပြီး ကိုယ်စား လှယ်များ အလှည့်ကျ အရွေးခံသွားရမည့် သဘောဖြစ်သည်။ ဤ စည်းကမ်းချက်ကို အခြားပြည်နယ် အတော်များများအတိုင်း ကြိုက်နာကျင့်သုံးခဲ့ပါက လင်းကင်းသည် ဘေကာကို ဆက်ခံသူဖြစ်ရန် အခွင့်ချက် ပေးလိမ့်မည်ဖြစ်သည်။

www.burmeseclassic.com

အခြား အရေးကြီးသော အချက်ရှိသည်။ ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်များအတွက် ညီလာခံတစ်ခုခေါ်ဆိုပြီး ညီလာခံမှ ရွေးချယ်သတ်မှတ်ပေးရန် ပီကင်းညီလာခံက သဘောတူခဲ့ခြင်းဖြစ်သည်။ ဤအချက်မှာ ဝှစ်ပါတီတွင်း၌ ဖြစ်ပျက်နေခဲ့သော ပါတီဆန့်ကျင်ရေးစိတ်ကို ဆန့်ကျင်ရန်ဖြစ်သည်။ ဝှစ်များက နိုင်ငံရေးလှုပ်ရှားမှု မဲဆွယ်မှုသည် လူကြီးလူကောင်းမဆန်ဟု ယုံကြည်ကြသည်။ လင်းကင်းသည် ပါတီတွင်း၌ စည်းလုံးမှုရှိပြီး စနစ်ကျရေးအတွက် နှစ်ပေါင်းများစွာ ပြောဆိုလာခဲ့သူဖြစ်သည်။ စည်းရုံးခြင်းသည် အင်အားဆိုသော စကားမှာ လင်းကင်း၏ အမြဲသုံး လက်ကိုင်ဆောင်ပုဒ်ဖြစ်ခဲ့သည်။ အချင်းချင်းကွဲနေသော အိမ်ထောင်တစ်ခုသည် ရပ်တည်နိုင်မည်မဟုတ်ဆိုသည် လင်းကင်း၏စကားသည် နောင်တွင် အထူးခေတ်စားလာခဲ့သည်။ သတ္တမခရိုင်မှ ဝှစ်ပါတီဝင်များသည် လင်းကင်း၏ ဆွေးနွေးချက်များကို မလွဲသာမရှောင်သာ လက်ခံခဲ့ကြရလေသည်။

လင်းကင်း ကြိုတင်စီစဉ်ခဲ့သည့်အတိုင်း အီလီနွိုင်းပြည်နယ် အလယ်ပိုင်းမှ ဝှစ်ပါတီဝင်များသည် နောက်နှစ်တွင် ညီလာခံတစ်ခု ကျင်းပခဲ့ကြသည်။ ထိုညီလာခံ၌ ဘောကာအား ဟာဒင်ကိုဆက်ခံမည့် ကွန်ဂရက်လွှတ်တော်အမတ် ကိုယ်စားလှယ်လောင်းအဖြစ် သတ်မှတ်ပေးခဲ့ကြသည်။ လင်းကင်းသည် သူ၏မိတ်ဆွေ ဘောကာအတွက်ရော၊ သမ္မတလောင်း ဟဲန်နရီ ကလေးအတွက်ပါ ပြင်းပြင်းထန်ထန် စည်းရုံးပေးသော ပြောမှုများ ပြုလုပ်ခဲ့သည်။ လင်းကင်း၏ ပြောဆိုမှု အစွမ်းထက်မြက်ပုံကို ဒေးဗစ် ဒေးဗစ္စက "လင်းကင်းသည် ငယ်စဉ်က ပညာမသင်ခဲ့ရသူ ဖြစ်သော်လည်း စကားပြောရာ၌ မတရား အားကောင်းသူတစ်ဦး ဖြစ်သည်" ဟု ချီးကျူးခဲ့ရသည်။ ဟန်ဒင် ကိုယ်တိုင်လည်း "ကျွန်တော်တို့ အစည်းအဝေးတွေမှာ ဘောကာနဲ့ လင်းကင်း မတက်ခဲ့ရင် တစ်ခုခုလိုနေသလို ဖြစ်ခဲ့တယ်" ဟု ဝန်ခံပြောဆိုခဲ့ရသည်။

ဤသို့ လင်းကင်း လှုပ်ရှားဆောင်ရွက်ခဲ့ခြင်းမှာ ဝှစ်ပါတီနှင့် သူ၏ဘဝတာ အကျိုးစီးပွားတို့အတွက် ဖြစ်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် လင်းကင်းသည် ကွန်ဂရက်လွှတ်တော် အမတ်လောင်းအဖြစ် အရွေးခံရရေးအတွက် သေချာအောင် တက်ကြွစွာ စတင်လှုပ်ရှားခဲ့သည်။ နောက်တစ်နှစ်တွင် ဘောကာ သက်တမ်းစေ့လျှင် ထပ်၍အရွေးမခံတော့မည့် အကြောင်း ကတိတောင်းခဲ့သည်။ ဟာဒင်ထံသို့လည်း သွားရောက်ဆွေးနွေးခဲ့သည်။ သို့သော်လည်း ပြည်သူ့ကိုယ်စားလှယ်လောင်း အမတ်အဖြစ် နှစ်နှစ်ဆောင်ရွက်ခဲ့ပြီးဖြစ်သော ဟာဒင်က နောက်တစ်ကြိမ်ထပ်၍ အရွေးခံလိုသည့် အရိပ်လက္ခဏာပြခဲ့သည်။

လင်းကင်းနှင့် ဟာဒင်တို့သည် နောက်ထပ် ခြောက်လကြာသည့် အထိ တစ်ဦးကိုတစ်ဦး နိုင်ငံရေးပရိယာယ်ကစားရန် ကြိုးစားခဲ့ကြသည်။ ဟာဒင်၏ မိတ်ဆွေများက လင်းကင်းအား ပြည်နယ်အုပ်ချုပ်ရေးမှူးလောင်းအတွက် လျာထားရန် အကြံပေးခဲ့ကြသည်။ လင်းကင်းအား ကွန်ဂရက်လွှတ်တော်အမတ် လောင်းနေရာနှင့် လွဲသွားစေရန်ဖြစ်သည်။ လင်းကင်းကို လိုလားထောက်ခံ သူများကလည်း ဟာဒင်အား ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် အရွေးခံ စေရန် အဆိုပြုခဲ့ကြသည်။

လင်းကင်းနှင့် ဟာဒင်တို့မှာ အင်အားမျှနေသည်။ လင်းကင်းအားရရေးအတွက် မြောက်ပိုင်းမှ တေ့ဒ်ဝဲလ်ခရိုင် မဲရရီရန် အရေးကြီးသည်။ လင်းကင်းက သူ့အတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ သို့သော်လည်း သူ့ထံ ချဉ်းကပ်လာသူများအား ဟာဒင်အကြောင်း အတိုက်အခံ ဆန့်ကျင်ပြောဆိုမှု မပြုလုပ်ရန် ပြောခဲ့သည်။ ဟာဒင်သည် ပင်ကို အစွမ်းအစရှိကြောင်း၊ အင်တိုက်အားတိုက်ရှိကြောင်း၊ ပုံမှန်အားဖြင့် ရက်ဆုပြီး သဘောထားကြီးသူ ဖြစ်ကြောင်း၊ သူ့အနေဖြင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းဖြစ်ရေးမှာ သူနှင့်ဟာဒင်တို့၏ လုပ်ဆောင်မှုပမိုင်း အခြားမူကြောင့်မဟုတ်ဘဲ တရားမျှမျှတတ အလှည့်ကျ ဖောင်ရွက်

www.burmeseclassic.com

သွားရေးအတွက် အခြေခံကြောင်း လင်းကင်းက ဖော်ပြခဲ့သည်။

လင်းကင်း၏ ဗျူဟာသည် ထူးထူးခြားခြား ခရီးရောက်ခဲ့သည်။ လင်းကင်းသည် ပတ်လည် တရားရုံးများသို့ ခရီးလှည့်လည် သွားလာရင်း ခရိုင်ဒေသများအတွင်းရှိ ထိပ်တန်း ပုဂ္ဂိုလ်များ၏ ထောက်ခံမှုကို ရရှိအောင် စည်းရုံးဆွေးနွေးခဲ့သည်။ ဇန်နဝါရီလသို့ အရောက်တွင် လင်းကင်းအား ကွန်ဂရက်အမတ်အဖြစ် အလှည့်ကျ ရွေးကောက်ပွဲဝင်စေရန် အားသာမှု ရှိခဲ့သည်။ တရားမျှမျှတတ အလှည့်ကျ အရွေးခံစေရေးကို အများက လက်ခံကြသည့် အနေအထားသို့ ရောက်ရှိခဲ့သည်။ ပုံမှန်ညီလာခံတွင် ကိုယ်စားလှယ်လောင်းအဖြစ် ယှဉ်ပြိုင်အရွေးခံလျှင် သူ့အတွက် နိုင်ခြေ မရှိမှန်း ဟာဒင် သိလာခဲ့သည်။ ဟာဒင်က လင်းကင်းထံ စာရေးသား၍ ကိုယ်စားလှယ်လောင်းများအား ယခင်တုန်းကကဲ့သို့ မိမိခရိုင်ဒေသအတွင်း၌ လွတ်လွတ်လပ်လပ် စည်းရုံးမဲဆွယ်စေပြီး တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ရွေးချယ်စေရေးကို အကြံပြုခဲ့သည်။ လင်းကင်းက ဟာဒင်၏ အဆိုပြုချက်များကို လက်မခံဘဲ ညီလာခံမှ ရွေးချယ်စေရေးဘက်က ဆက်၍ရပ်တည်ခဲ့သည်။ ဟာဒင်က လင်းကင်းအား သမိုင်းအစဉ်အလာကို ချေဖျက်သူအဖြစ် စွပ်စွဲ ခဲ့သည်။ လင်းကင်းက သူတို့နှစ်ဦး၏ သဘောထားကွဲလွဲချက်များကို သတင်းစာထဲတွင်မပါစေရန် ငြိမ်းချမ်းစွာ ထိန်းသိမ်းခဲ့သည်။

လင်းကင်း၏ သေနင်္ဂဗျူဟာသည် အောင်မြင်ခဲ့ပြန်သည်။ ဟာဒင်သည် လင်းကင်းနှင့်ပြိုင်လျှင် ရုံးတော့မည်အရေးကို တွက်ခဲ့သည်။ ထို့ကြောင့် ဟာဒင်သည် ကိုယ်စားလှယ်လောင်းအဖြစ်မှ ရုပ်သိမ်းပြီး သူ၏ဂုဏ်သိက္ခာကို အဖတ်ဆယ်နိုင်ရန်အတွက် မက္ကဆီကိုနှင့် စစ်ပွဲတွင် ဝင်နှဲ့ရန် စစ်ထဲသို့ ဝင်လိုက်သည်။ ဝှစ်ပါတီ ညီလာခံကို မေလ ၁ ရက်နေ့တွင် ပီတာစ်ဘတ်မြို့၌ ကျင်းပခဲ့ရာ လင်းကင်း၏ စီမံမှုအောက်သို့ လုံးလုံးလျားလျား ကျရောက်ခဲ့သည်။ ဟန်ဒင်သည် ညီလာခံ၏ အမြဲတမ်း အတွင်းရေးမှူးဖြစ်လာခဲ့သည်။ လင်းကင်း၏ တွဲဖက်ရွေးနေ လိုဂင်သည် ဆုံးဖြတ်ချက်များ ကော်မတီ၏ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ညီလာခံ၌ ဝှစ်ပါတီသဘောတရားများအပေါ်တွင် လင်းကင်း၏ ခိုင်မာသော ထောက်ခံရပ်တည်မှုနှင့် သူ၏ အရည်အချင်းနှင့် ဂုဏ်သိက္ခာတို့ အောင်ပွဲခံနိုင်ခဲ့သည်။

လင်းကင်း၏ ဒီမိုကရက်ပါတီပြိုင်ဖက်မှာ ပီတာ ကတ်ရိုက် ဖြစ်သည်။ ဘာသာရေးကိုင်းရှိုင်းသူအဖြစ်နှင့် သမ္မတ ဂျက်ကဆင်၏ သဘောတရားများကို ထောက်ခံသူအဖြစ်မှာမည်ကျော်ကြားသူဖြစ်၏။ ကတ်ရိုက်သည် လူပုဂ္ဂိုလ်အရ လူချစ်လူခင်များသူဖြစ်သော်လည်း နိုင်ငံရေးစည်းရုံးမဲဆွယ် တရားဟောမှုတွင် အားနည်းသူဖြစ် သည်။ လင်းကင်းနှင့် ယှဉ်ပြိုင်ရမည့် ကတ်ရိုက်၏ အနေအထားကို မဲဆန္ဒရှင်များက စိတ်ဝင်စားမှု နည်းသည်။ အမှန်အားဖြင့် သူတို့နှစ်ဦး၏ ယှဉ်ပြိုင်မဲဆွယ်ပြောဆိုမှုများကို သတင်းစာများက စိတ်ဝင်စားမှု နည်းခဲ့သည်။ သူတို့နှစ်ဦး၏ ပုံများကိုလည်း သတင်းစာများက တစ်ခါတစ်ရံမှသာ ရေးသားဖော်ပြခဲ့ကြသည်။ သူတို့၏ မိန့်ခွန်းများကို အပြည့်အစုံဖော်ပြခြင်း မပြုလုပ်ခဲ့ပေ။ ကတ်ရိုက်က လင်းကင်းအား ဘာသာရေးနှင့်ပတ်သက်၍ စွပ်စွဲချက်များ ပြုလုပ်ခဲ့သော်လည်း မထိရောက်ခဲ့ပေ။ လင်းကင်း၏ ပြန်လည်ရှင်းလင်းချေပချက်များက ထိရောက်ခဲ့သည်။

ဩဂုတ်လ ၃ ရက်နေ့တွင် သတ္တမခရိုင် မဲဆန္ဒရှင်များက လင်းကင်းအား စံချိန်တင် မဲအသာပေးပြီး ရွေးကောက်ခဲ့ကြလေတော့သည်။

(၈)

ကွန်ဂရက်လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပြီးသည့် အောင်ပွဲအပြီးတွင် လင်းကင်း နားချိန်ရခဲ့သည်။ အကြိမ်

www.burmeseclassic.com

၃၀ မြောက် ကွန်ဂရက်လွှတ်တော်ညီလာခံမှာ ၁၈၄၇ ခုနှစ်၊ ဒီဇင်ဘာလ တွင်မှ ကျင်းပရန်ဖြစ်သည်။ လင်းကင်းသည် ဝေါ်ရှင်တင်မြို့.သို့. ရွေ့ပြောင်းနေထိုင်ရန်အတွက် ပြင်ဆင်ချိန် တစ်နှစ်ကျော် ရခဲ့သည်။ ထိုကြား ကာလ၌ လင်းကင်းသည် မြစ်နှင့်သင်္ဘောဆိပ် ဆိုင်ရာညီလာခံသို့.သာ လူသိရှင်ကြား တစ်ကြိမ်တက်ရောက်ခဲ့သည်။ ညီလာခံကို ဇူလိုင်လတွင် ရှီကာဂိုမြို့.၌ ကျင်းပခဲ့သည်။ ပြည်တွင်းပိုင်းဒေသများ တိုးတက်ဖွံ့ဖြိုးမှု အတွက် ပြည်ထောင်စုက ထောက်ပံ့ရန်အတွက် ဥပဒေကြမ်းတစ်ခုကို သမ္မတ ဂျိမ်းစ်.ကေ.ပေါ်လ်ခ်က ဗီတိုအာဏာဖြင့် ပယ်ချခဲ့ခြင်းကို ကန့်.ကွက်သည် ညီလာခံဖြစ်ခဲ့သည်။ လင်းကင်းသည် အီလီနွိုင်းမှ တက်ရောက်သည့် တစ်ဦးတည်းသော ရွေးကောက်ခံရသည့် ဝှစ်ကွန်ဂရက်အမတ် ဖြစ်ခဲ့၍ အများ၏ အာရုံစူးစိုက်မှု အတော်အတန်ရရှိခဲ့သည်။ သူ၏အမည်သည် တစ်နိုင်ငံလုံးထုတ် နယူးယောက် ထရစ်ဗြွန်း သတင်းစာကြီး၌ ဖော်ပြခြင်း ခံခဲ့ရသည်။ သတင်းစာဆရာ ဟောရေ့.စ် ဂရီလီက လင်းကင်းအား "အီလီနွိုင်းပြည်နယ်သား ဤလန်ဘားကြီးသည် ညီလာခံ၌ တိုတို တုတ်တုတ်နှင့် မြူးမြူးကြွကြွ စကားပြောဆိုခဲ့သည်" ဟု ရေးသား ဖော်ပြပေးခဲ့လေသည်။

လင်းကင်းသည် အချိန်အတော်များများတွင် မိသားစုနှင့် အတူ နေထိုင်ပြီး ရှေ့.နေလိုက်ခြင်းဖြင့်သာ တင်းတိမ်ကျေနပ်စွာ အချိန် ဖြုန်းခဲ့ရသည်။ ထိုအချိန်လောက်က ပေါ်ပေါက်ခဲ့သော ဓါတ်ပုံကင်မရာဖြင့် ဓါတ်ပုံတစ်ပုံ အရိုက်ခံခဲ့သည်။ ကွန်ဂရက်လွှတ်တော် အမတ်အဖြစ် သူ ကိုယ်သူ ကျေနပ်နေပုံရသော လင်းကင်း၏ဓါတ်ပုံကို တွေ့.ရသည်။ သူ အော်ဒါပေးချုပ်ထားသည့် ဝတ်စုံကိုဝတ်လျက် တောင့်တောင့်ကြီး ဓါတ်ပုံ အရိုက်ခံခဲ့သော လင်းကင်း၏ပုံဖြစ်သည်။ ဓါတ်ပုံပညာ၏ လွဲချော်လွယ်ပျင်းမှုကြောင့် သူ၏လက်များသည် မူလ အရှိသဘာဝထက် ပို၍ကြီးထွား နေသည်။ သို.သော်လည်း သူ၏ ရှည်လျားသော ကိုယ်လုံးအရွယ်နှင့် နှိုင်းဆ

လျှင် ရင်ဘတ်များ ချပ်နေပြီး ဦးခေါင်းက သေးနေပုံမှာ ဓါတ်ပုံပညာ၏ အပြစ်မဟုတ်ခဲ့ပေ။

"လင်းကင်းသည် ဘယ်လိုကြည့်ကြည့် လူပသူတစ်ဦး မဟုတ်ပေ။ သို.သော် အရုပ်ဆိုးသူတစ်ဦးလည်း မဟုတ်ပေ"[11]ဟု ဟန်ဒင်က ရေးသား ခဲ့သည်။ သူ၏မိတ်ဆွေ လင်းကင်းအား ရုပ်လုံးပေါ်စေရန်အတွက် ဟန်ဒင်၏ အရှင်းလင်းဆုံး ရေးသားချက်မှာ "သူသည် အိမ်တွင် ဖျော်ပုံရသူ တစ်ဦးဖြစ်သည်" ဟူသော အသုံးအနှုန်းဖြစ်ခဲ့သည်။ ထိုအချိန်က လင်းကင်း၏ ကိုယ်အလေးချိန်မှာ ၁၆၀ ပေါင်ခန့်.ရှိသည်။ အရပ်က ၆ ပေ ၄ လက်မမြင့်သည်။ သို့. သော် ကိုယ်လုံးက ပိန်လွန်းသဖြင့် အရပ် ၆ ပေ ၄ လက်မထက် ပို၍ မြင့်သလို ဖြစ်ခဲ့သည်။ လင်းကင်းသည် ပေါင်တံများ အလွန်ရှည်သဖြင့် အရပ်ရှည်ခြင်းဖြစ်ကြောင်း ဟန်ဒင်က ထောက်ပြခဲ့သည်။ လင်းကင်းသည် ကုလားထိုင်ပေါ်တွင် ထိုင်နေလျှင် တင်ပါးမှခေါင်းအထိ အမြင့်သည် သာမန်လူတစ်ဦးထက် ပိုမရှည်ကြောင်း၊ သို.သော်လည်း ထိုင်နေစဉ် ဒူးခေါင်းပေါ်၌ ဂေါ်လီတစ်လုံးကို တင်လိုက်လျှင် ကျောက် စရစ်တုံးသည် တင်ပါးနှင့်ခါးဆီသို့. တစ်စောင်းလျောကျလာလိမ့်မည် ဖြစ်သည်။ လင်းကင်း မတ်တပ်ရပ်လိုက်မှသာလျှင် တခြား ယောက်ျား တွေထက် အရပ်ကမိုးပြီးထွက်သွားတော့သည်ဟု ဟန်ဒင်က သုံးသပ်ပြ ခဲ့သည်။

ဟန်ဒင်က လင်းကင်း၏ ပုံသဏ္ဌာန်ကို အသေးစိတ်ကျကျ ခြယ်မှုန်းပြခဲ့သေးသည်။ "လင်းကင်း၏ ဦးခေါင်းသည် ရှည်၍ မြင့်သည်။ သူ၏ ဦးထုပ်အရွယ်မှာ နံပါတ် ခုနစ်ရှစ်ပိုင်း တစ်ပိုင်းလက်မဖြစ်သည်။ နားရွက်တစ်ဖက်နှင့်တစ်ဖက်အကြား အချင်းခြောက်လက်မခွဲကျယ်သည်။ နဖူးမှ နောက်စေ့အထိ အကျယ်မှာ ရှစ်လက်မရှိသည်။ ဤအတိုင်းအတာ များအရ သူ၏ဦးခေါင်းမှာ အလတ်စားအရွယ်ထက် ကြီးသည်။ လင်းကင်း၏ ဆံပင်များသည် မည်းနက်သည်။ ပါးရိုးများမှာ ထင်ထင်ရှားရှား ရှိပြီး

www.burmeseclassic.com

ငေါထွက်နေသည်။ မျက်ခုံးမွေးများက ထူပြီး ရှေ့.သို့. ပြူထွက်နေသည်။ လင်း ကင်း၏ မေးရိုးများမှာ ရှည်လျားပြီး ထင်ထင်ရှားရှား ထွက်နေသည်။ နှာခေါင်းများမှာ နီမြန်းနေပြီး ညာဘက်မျက်စိဘက်သို့. အနည်းငယ် စောင်းနေသည်။ မေးရိုးကလည်း ချွန်ကွေးပြီး ရှည်ထွက်နေသည်။ လင်းကင်း၏ မျက်နှာသည် ရှည်၏။ ဖြူဖပ်ဖြူရော်နှင့် ရှဲ့.တွန့်.ခြောက်သွေ့.နေ၏။ လူသေကောင်၏မျက်နှာနှင့် တူလှ၏။ မျက်နှာတွင် အမွေးများ ကျိုးတိုးကျဲတဲရှိ၏။ ပါးများမှာ သားရေကဲ့သို့. ပွဖောင်းပြီး တွန့်.သည်နေရာတွင် တွန့်.နေ၏။ ဝမ်းနည်းကြေကွဲမှုကို ဆောင်နေ၏။ မစ္စတာ လင်းကင်း၏ နားရွက်များသည် ကြီးထွားပြီး ဦးခေါင်း၏ အောက်သို့. ခေါင်လိုက် ကားထွက်နေ၏။"

၁၈၄၆ ခုနှစ်က ရိုက်ခဲ့သော လင်းကင်း၏ ဓါတ်ပုံတွင် ရှိနေသော ခံစားချက်ကိုမူ ဟန်ဒင် မဖော်ပြနိုင်ခဲ့ပေ။ စက္ကန့်.ပေါင်း အတော်ကြာထိုင်ပြီး မလှုပ်ရှားဘဲ ကင်မရာရှေ့.တွင် ထိုင်နေသူပီပီ လင်းကင်း၏ မျက်နှာမှာ မပြုံးဘဲနှင့် တည်တည်ကြီး ဖြစ်နေခဲ့သည်။ သူ၏ ရည်မှန်းချက်များ အထမြောက်အောင်မြင်သူတစ်ဦး၏ လက္ခဏာကိုလည်း ပြသနေသည်။ လင်းကင်းသည် ပြင်းထန်သော ခံစားမှုအပေါ်တွင် ဆင်ခြင်တုံတရားက ကြီးစိုးလွှမ်းမိုးစေရေးကိုလည်း ထပ်၍မကြိုးစားတော့။ နပိုလီယံကဲ့သို့. မျှော်လင့်ချက် ကြီးမားမှု ထားရှိရာမှ အကြီးအကျယ် ဝမ်းနည်းပူဆွေးမှု ဖြစ်ရသည်စိတ် မတည်ငြိမ်မှု အပြောင်းအလဲမျိုးလည်း ထပ်မဖြစ်တော့။ လင်းကင်းသည် ငြိမ်းချမ်းမှုရသောသူတစ်ဦး ဖြစ်လာခဲ့လေပြီ။

လင်းကင်းသည် အိမ်တွင်း၌ ငြိမ်းချမ်းမှု ရလာခဲ့သည်။ မချင်မြေ.ဖွယ်ရာ အတိတ်ဘဝကိုလည်း အေးချမ်းစွာ ရင်ဆိုင်နိုင်ခဲ့လေပြီး လင်းကင်းသည် ဝေါရှင်တင်သို့. ရွှေ့ပြောင်းနေထိုင်ရန် ပြင်ဆင်မှုများလည်း ပြုလုပ်ပြီးသွားခဲ့လေပြီ။ စပရင်းဖီးလ်မှ သူ၏အိမ်ကိုလည်း အုတ်ကန်ထရိုက်တာ ကော်နဲ့ လီးယပ်စ် လုဒ်လမ်အား တစ်နှစ်လျှင် ဒေါ်လာ ၉၀

ဖြင့် ငှားရမ်းလိုက်သည်။ သူ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို အိမ်အပေါ်ထပ်ရှိ အခန်းတစ်ခန်းတွင် ဂရုတစိုက် သိမ်းဆည်းသော့ခတ်ထားခဲ့လေသည်။ ဟန်ဒင်နှင့် အစုစပ် ရှေ့.နေလုပ်ငန်းကိုလည်း ဆက်လက်ဖွင့်လှစ်ထားရန် ဟန်ဒင်နှင့် သဘောတူညီမူရခဲ့သည်။ သူ၏ ကွန်ဂရက် လွှတ်တော်အမတ် သက်တမ်းစေ့လျှင် လင်းကင်းသည် ရှေ့.နေပြန်လိုက်ရန် မျှော်မှန်းထားခဲ့သည်။

သို့.ဖြင့် အောက်တိုဘာလ ၂၅ ရက်နေ့.တွင် လင်းကင်းနှင့် မိသားစုသည် ဝေါရှင်တင်မြို့.တော်သို့. ထွက်ခွာလာခဲ့ကြတော့သည်။

www.burmeseclassic.com

မှတ်စုတိုများ

1. Robert Todd Lincoln
2. Child-wife
3. "The leading rule for the lawyer, as for the man, of every calling is diligence"
4. Bankruptcy Act
5. "Old Tom"
6. "Wild Irish".
7. "It is my pleasure that my children are free, happy and unrestrained by parental tyranny. Love is the chain whereby to bind a child to his parents."
8. Locofoco - ဒီမိုကရက်ပါတီ၏ ဖြစ်ကတတ်ဆန်းဝါဒကို တင်စားခေါ်ဆိုမှုဖြစ်သည်။
9. "Self-made man"
10. Candidate of pride, wealth and aristocratic in distinction
11. "He was not a pretty man by any means, nor was he an ugly one"

အခန်း (၅)

အီလီနွိုင်းပြည်နယ်မှ တစ်ကိုယ်တော်မင်းသား

"ကွန်ဂရက်အမတ်အဖြစ် အရွေးခံရတဲ့အတွက် ကျွန်တော် တို့.ရဲ့ မိတ်ဆွေတွေကို အလွန်ကျေးဇူးတင်မိပါတယ်။ ဒါပေမယ့် အရွေးခံရပြီး တော့လည်း ကျွန်တော် အများကြီး မျှော်မှန်းထားမိသလောက် ကျွန်တော့်မှာ နှစ်ထောင်းအားရ ကျေနပ်ဖွယ်ရာမကောင်းခဲ့ပါဘူး"

လင်းကင်းသည် ပီတာ ကတ်ရိုက်ကို အနိုင်ရပြီးနောက် ရက် သတ္တပတ်အတော်များများအကြာတွင် သူငယ်ချင်း စပီဒ်သို့ အထက်ပါ အတိုင်း စာရေးခဲ့သည်။ လင်းကင်းသည် အီလီနွိုင်းပြည်နယ်မှ တစ်ဦး တည်းသော ဝှစ်ပါတီအမတ်ဖြစ်သည်။ ထို့ကြောင့် သူသည် သမ္မတ ပေါ့လ်ခ်[1] ၏ ဒီမိုကရက်အစိုးရအပေါ်တွင် ဩဇာသက်ရောက်မှု အနည်း ငယ်မျှသာ ရှိနိုင်မည်ဖြစ်မှန်း လင်းကင်းသိနေသည်။ သို့သော်လည်း လင်းကင်းသည် သူ၏ ဝှစ်ပါတီအပေါ်တွင်မူ အပြုသဘောဆောင်သော

www.burmeseclassic.com

ခေါင်းဆောင်မှုကို ပေးနိုင်လိမ့်မည်ဟု လင်းကင်းမျှော်လင့်ခဲ့သည်။ ဝှစ်ပါတီသည် ပြည်သူ့ကိုယ်စားလှယ်လွှတ်တော်တွင် မဲအနည်းငယ်ဖြင့် ကပ်၍ အနိုင်ရခဲ့သော်လည်း ပြိုကွဲလျက်ရှိနေသည်။ ပါတီ၏ နိုင်ငံသိ ခေါင်းဆောင်များဖြစ်ကြသော ဟဲန်နရီ ကလေးနှင့် ဒင်နီယဲလ် ဝက်ဘ်စတားတို့မှာလည်း သမ္မတဖြစ်နိုင်မည့် အခွင့်အရေးသစ်ကို တောင့်တနေကြသည်။ တကယ်တော့ သူတို့၏ အကောင်းဆုံးခေတ် ကျော်လွန်သွားပြီမှာ သိသာနေသည်။ ဝှစ်ပါတီ၏ အမျိုးသားနိုင်ငံရေးအယူအဆများမှာလည်း ခေတ်မီတော့ပေ။ အမျိုးသားဘဏ်တစ်ခု ဖွင့်လှစ်ရေး၊ ပြည်တွင်းပိုင်း တိုးတက်ရေးများအတွက် ထောက်ပံ့ရေးနှင့် အကောက်အခွန်ကိစ္စရပ် စသည်တို့ဖြစ်သည်။ လင်းကင်းသည် ကွန်ဂရက်တွင် နှစ်နှစ် တာဝန်ထမ်းဆောင်ခဲ့ရာ၌ မိမိပါတီအတွက် ဦးဆောင်မှုအသစ်ကို ရှာဖွေပြီး ခေတ်နှင့် လျော်ညီသည့် ပါတီ၏လုပ်ငန်းစဉ်အစီအစဉ်များချမှတ်ရန် လိုအပ်ကြောင်း တွေ့ရှိခဲ့သည်။ ဝှစ်ပါတီအတွက် ဗိုလ်ချုပ် ဇက်ခါရီ တေလာ[2]အား သမ္မတအဖြစ် အရွေးခံရရေး အလားအလာကောင်းအောင် လုပ်ရေးကို လင်းကင်းကိုယ်တိုင်လည်း အားထုတ်ခဲ့သည်။ ဝှစ်ပါတီ၏ အတွေး အခေါ်သစ်များ တိုးတက်ရေးအတွက်လည်း ကြိုးစားခဲ့သည်။ လင်းကင်း၏ ပထမရည်မှန်းချက်မှာ အောင်မြင်ခဲ့သော်လည်း ဒုတိယ ရည်မှန်းချက်မှာ မဖြစ်မြောက်ခဲ့ပေ။ သို့ဖြင့် သက်တမ်းကာလအဆုံး၌ လင်းကင်းသည် သူ၏ လုပ်ဆောင်ချက်အတွက် စိတ်မပျက်ခဲ့ရဘဲ သူ၏နိုင်ငံရေးပါတီအတွက် စိတ်ပျက်စွာဖြင့် ဝေါရှင်တင်မှ ပြန်လည် ထွက်ခွာခဲ့ရလေသည်။

အကြိမ် ၃၀ မြောက် ကွန်ဂရက်လွှတ်တော် အစည်းအဝေး မတိုင်ရက်နည်းငယ်အလိုတွင် ၁၈၄၇ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် လင်းကင်းမိသားစုသည် ဝေါရှင်တင်မြို့သို့ ရောက်ရှိလာကြသည်။ သူတို့သည် ဘရောင်းဟိုတယ်၌ တည်းခိုပြီးနောက် မစ္စ အဲန် စပရစ်ပိုင် ဘော်ဒါဆိပ်ကမ်းရှေ့ပြောင်းနေထိုင်ခဲ့ကြသည်။ ကွန်ဂရက် ကျင်းပချိန်ကာလအတွင်း

စတူးဝပ်နှင့် ဘေကာတို့လည်း ထိုဘော်ဒါအိမ်၌ပင် တည်းခိုကြသည်။ အခြား ဝှစ်ပါတီမှ ကွန်ဂရက်အမတ်အားလုံးလည်း တည်းကြသည်။ ကျွန်စနစ် တိုက်ဖျက်ရေးအတွက် တစ်ပြားမှ အလျှော့မပေးသည့် အိုဟိုင်းယိုးမှ အမည် ကျိုးပွဲ၀ါ အာရ် ဂစ်ဒင်စ်[3]မှာ အထင်ရှားဆုံးသူဖြစ်သည်။

လင်းကင်းသည် အခြားဧည့်သည်များအား သူ၏ ဟာသနှင့် ပုံတိုပတ်စအပြောဆိုတို့ဖြင့် ဆွဲဆောင်နိုင်သူဖြစ်သည်အား လျော်စွာ သူသည် ဘော်ဒါဆောင်၏ အိမ်ခံလူလို ချက်ချင်းဖြစ်လာတော့သည်။ နိုင်ငံရေးပြဿနာများနှင့် အထူးသဖြင့် ကျွန်စနစ်အကြောင်း အပြင်းအထန် အငြင်းအပွား ပြုလုပ်လာလျှင် လင်းကင်းက ပုံတိုပတ်စတစ်ခု ခုဖြင့် ဝင်ထိန်းပြီး တင်းမာမှုအားလုံးကို စိတ်ရောကိုယ်ပါ ဟာသတနောနောဖြစ်သွားအောင် လုပ်ပေးတတ်သည်ဟု ဒေါက်တာ ဆယ်မြူယဲလ် ဘူဆေး[4]ဆိုသူက ပြန်ပြောပြခဲ့သည်။ လင်းကင်းသည် သူ၏ အပန်းဖြေမှုအတွက် အခြားအမတ်များနှင့်အတူ အနီးအနားတွင်ရှိသော ဘိုးလင်းကစားသည့်နေရာ၌ ဘိုးလင်းကစားသည်။ လင်းကင်းသည် ကစားရာတွင် ကလန်ကလားနိုင်ပြီး ညှဉ်းသလောက် ကိုယ်ကယ လေ့ကျင့်ခန်းနှင့် အပန်းဖြေမှုအတွက် ခွဲနပဲကြီးကြီးဖြင့် သဲသဲမဲမဲ ကစားလေ့ရှိသည်ဟုဆိုသည်။ လင်းကင်းသည် ဘိုးလင်း ကစားသည့် အသိုင်းအဝိုင်းတွင်လည်း ပုံတိုပတ်စမှန်မှန်အပြောကောင်းသဖြင့် သူကစားလျှင် လာ၍နားထောင်သော ပရိသတ် အားကောင်းသည်။

လင်းကင်းမောင်နှံသည် ကနဦးတွင် ဝေါရှင်တင်မြို့တော်ကြီးတွင် နေထိုင်ရသောဘဝကို စိတ်လှုပ်ရှားဖွယ်ရာ စွန့်စားခန်းတစ်ခုအဖြစ် တွေ့ကြုံခဲ့ကြရသည်။ ဝေါရှင်တင်မြို့တော်တွင် လူဦးရေ ၄၀,၀၀၀ ရှိပြီး ကျွန်လူဦးရေ ၂,၀၀၀ နှင့် လွတ်လပ်သော လူမည်း ၈၀,၀၀၀ တို့ပါဝင်ရာ လင်းကင်းမောင်နှံအတွက် တွေ့ဖူးသမျှထဲတွင် အကြီးဆုံးမြို့ကြီးနှင့် လူတကာစုံသော မြို့ကြီးဖြစ်နေသည်။ ကက်ပီတော်လ်အဆောက်အဦ၌မှာ

www.burmeseclassic.com

မပြီးသေးသော်လည်း ထည်ထည်ဝါဝါ အဆောက်အဦတစ်ခုဖြစ်သည်။ သမ္မတအိမ်ဖြူတော်ကြီးကလည်း ငွားငွားစွင့်စွင့်ရှိလှသည်။ သူတို့ တွေ့မြင်ဖူးသမျှတွင် အကြီးကျယ်ဆုံး၊ အခမ်းနားဆုံး အဆောက်အဦဖြစ်သည်။

လင်းကင်းမောင်နှံသည် အခြားကွန်ဂရက်အမတ် မိသားစုများနည်းတူ အာဂန္တုများဖြစ်ကြသည်။ သို့ဖြစ်ရာ သူတို့အားလုံးသည် နစ်ပေါင်းကြာရှည်စွာ နေထိုင်လာကြသည့် အိမ်ခံအထက်တန်းလွှာ လူမှုအသိုင်းအဝိုင်းအတွင်း၌ ဝင်ဆံ့ခွင့် မရခဲ့ကြပေ။ သို့သော်လည်း သူတို့အတွက် ဟော်ရွှင်စရာ ပွဲလမ်းသဘင်များကား အမြဲရှိနေသည်။ အိမ်ဖြူတော်တွင် ညနေစည်ခဲပွဲများရှိသည်။ သွားလာနေသူတော့ များလှ။ အဘယ့်ကြောင့် ဆိုသော် သမ္မတပေါ်လစ်ခ်က ကခုန်ခြင်းကို တားမြစ်ပြီး၊ ဧည့်သည်များအား အစားအသောက်လည်း မကျွေး၊ အဖျော်ယမကာလည်း မတိုက်သောကြောင့် ဖြစ်သည်။ ထို့ပြင် သမ္မတအိမ်တော်ဝင်းတွင် မရင်းတပ်၏ တူရိယာဘင်ကနှစ်ပတ်မှ တစ်ကြိမ်သာ တီးမှုတ်သည့်ပွဲ ကျင်းပပေးသည်။ ညနေပိုင်းများတွင် တစ်ခါတစ်ရံ၌ ဟောပြောပွဲများနှင့် အနုပညာသဘင်အခမ်းအနားများလည်း ပြုလုပ်ပေးတတ်သည်။

သို့သော်လည်း မေရီသည် မကြာခင်မှာပင် စိတ်ပျက်လာသည်။ ခင်ပွန်းဖြစ်သူမှာ ကွန်ဂရက်အလုပ်များဖြင့် ရှုပ်နေသဖြင့် သူမအတွက် အချိန်မပေးနိုင်ခဲ့။ မေရီသည် လင်းကင်းအား အလုပ်တွင် အာရုံမစူးစိုက်ပင် အနည်းအကျဉ်း ဖနောင့်ယှက်ခဲ့ပုံရသည်ဟု သူတွေးခဲ့မိကြောင်း နောင်တွင် လင်းကင်းကရေးသားခဲ့သည်။ မေရီတွင် မိန်းမအပေါင်းအသင်းလည်း မရှိခဲ့။ အခြားအမတ်ကတော်များမှာ သူတို့၏ ခင်ပွန်းသည်များကိုသာ အပေါင်းအသင်းလုပ်နေကြ၍ ဖြစ်သည်။ လင်းကင်းမိသားစုလေးဦးသည် အပေါ်ထပ်ရှိ အခန်းကျယ်ကြီးတစ်ခုတွင် နေထိုင်ကြသည်။ မေရီသည် စားသောက်ချိန်များတွင်သာ အောက်ထပ်သို့ ဆင်းသည်။ ကလေးငယ် နစ်ဦးမှာ ဆူညံပြီး စည်းကမ်းမကောင်းသဖြင့် အခြားသူများနှင့်

ဓလွဲ့မရှောင်သာ အဆင်မပြေမှုများ ရှိခဲ့သည်။ သားအကြီး ရောဘတ်မှာ ဉာဏ်ကောင်းသော်လည်း သူထင်သလိုနေတတ်သည်။ သားငယ် အက်ဒီမှာ ခဏခဏ ဖျားနာနေတတ်သည်။ ကလေးများကို လက်ဖင်းတင်မြှို့.သို့. ပြန်ခေါ်သွားရန် မိုးဦးကျတွင် မေရီဆုံးဖြတ်ခဲ့သည်။ မေရီသည် သူမ၏ဇနင်နှင့် ပြန်နေခဲ့လေသည်။

လင်းကင်းသည် ကွန်ဂရက်အလုပ်များတွင် နစ်မြောနေသဖြင့် အစပထမတွင် မေရီကို လွမ်းရုံမှန်းပင် မသိခဲ့ပေ။ လင်းကင်းသည် အလုပ်ထဲတွင်သာ မြုပ်နေခဲ့သူဖြစ်သည်။ အလုပ်ကို သိသာထင်ရှားစွာ သစ္စာရှိသူဖြစ်သည်။ နှစ်နှစ်တာ သက်တမ်းကာလအတွင်း ကွန်ဂရက်အစည်းအဝေး ၄၅၆ ကြိမ်တွင် လင်းကင်းသည် ၁၃ ကြိမ် သာ ပျက်ကွက်ခဲ့သည်။ လင်းကင်းသည် စာတိုက်ဗိုလ်လုပ်ခဲ့သည်။ အတွေ့.အကြုံရှိသူဖြစ်သည်။ ထို့.ကြောင့် သင့်တင့်လျောက်ပတ်စွာ ပင် သူ့.အား စာတိုက်များနှင့် စာတိုက်လမ်းကြောင်းကော်မတီ[6]တွင် တာဝန်ပေးအပ်ခဲ့သည်။ ပြီးတော့ ကာကွယ်ရေးဌာန၏ အသုံးစရိတ်ကော်မတီ[7]တွင်လည်း တာဝန်ပေးခဲ့သည်။ လင်းကင်းသည် ကော်မတီနှစ်ခုစလုံးအတွက် တန်းတူညီမျှစွာ ကြိုးပမ်းအလုပ်လုပ်ခဲ့သည်။ လင်းကင်းသည် လာသမျှ စာများကို လက်ထောက် သို့.မဟုတ် အတွင်းရေးမှူးမရှိဘဲ ကိုယ်တိုင် ပြန်ကြားရခြင်းအတွက် အများဆုံး အချိန်ကုန် ခဲ့ရသည်။ စာပေါင်း ၇,၅၈၀ စောင်ထက်မနည်း ပြန်ကြားခဲ့ရပေသည်။

အောက်လွှတ်တော်တွင် တာဝန်ထမ်းဆောင်ရခြင်းသည် လင်းကင်းအား တအံ့တသြမဖြစ်စေခဲ့ပါ။ အီလီနွိုင်းပြည်နယ်ဥပဒေပြုအဖွဲ့.(ပြည်နယ်လွှတ်တော်) တွင် ပြည်သူ့ ကိုယ်စားလှယ်အဖြစ် သက်တမ်းလေးကြိမ် ဆောင်ရွက်ခဲ့ရခြင်းကြောင့် လွှတ်တော်လုပ်ငန်း အတွေ့.အကြုံများကို လင်းကင်း ရရှိခဲ့ခြင်းကြောင့် ဖြစ်သည်။ သို့.သော်လည်း ကွန်ဂရက်တွင် လင်းကင်း စတင်ဆွေးနွေး ခွင့်ရချိန်တွင်မူ အခြားအမတ်များကဲ့သို့ ပင်

www.burmeseclassic.com

နည်းနည်းကျဉ်းကျဉ်း ပွဲလန့်မှု ဖြစ်ခဲ့ရသည်။ သို့သော် လင်းကင်းသည် လျင်မြန်စွာ အသားကျလာခဲ့သည်။ လင်းကင်းက "ကျွန်တော် ဒီမှာ (ကွန်ဂရက်)နဲ့ တခြားနေရာတွေမှာ စကားပြောရတာ အတူတူလိုပါပဲ။ ကျွန်တော် ဒီမှာ စကားပြောရတာ တရားရုံးမှာ စကားပြောရတာလန့်သလို လန့်မိခဲ့တယ်" ဟု နောင်တွင် ပြန်ပြောခဲ့သည်။

လင်းကင်းသည် ဝန်ပါတီ ပြန်လည်ရွှင်သန်ရေးနှင့် ပြန်လည်ညီညွတ်ရေးအတွက် ကြိုးစားခဲ့သည်။ သို့သော်လည်း သူ၏ပါတီမှာ ဖရိုဖရဲဖြစ်နေကြောင်း လင်းကင်းတွေ့ရသည်။ ၁၈၄၆ ခုနှစ်ကြား ရွှေကောက်ပွဲများတွင် ဝန်ပါတီ၏ အောင်မြင်မှုမှာ မဆိုးလှခဲ့ပေ။ သို့သော်လည်း ၁၈၄၈ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် ပါတီခေါင်းဆောင်များ၏ ဦးတည်ချက်မှာ မဟန်လှပေ။ ထိုအချိန်တွင် သမ္မတ ဂျိမ်းစ် ကေ ပေါ်လ်ခ်၏ဒီမိုကရက်အစိုးရအဖို့က အထူးအောင်မြင်မှုများ ရရှိလျက်ရှိသည်။ ဒီမိုကရက်တို့ကို အနိုင်ရစရာအကြောင်း တစ်ခုသာရှိနေသည်။ ၄င်းမှာ ဒီမိုကရက်သမ္မတက မက္ကဆီကိုစစ်ပွဲ[8]ကို ဖြစ်စေရန် စတင် လှုံ့ဆော်ခဲ့သည့် အခန်းကဏ္ဍဖြစ်သည်။ ဤပြဿနာကိုလည်း လင်းကင်းက အထူးတလည် စိတ်ဝင်စားမှု မရှိခဲ့။ ၁၈၃၆ ခုနှစ်တွင် တက္ကဆတ်စ်ပြည်နယ်သည် မက္ကဆီကိုကို တော်လှန်ခဲ့ကြောင်း အခြားအမေရိကန်များနည်းတူ လင်းကင်း နားလည်ထားသည်။ မက္ကဆီကိုသည် လူဆိုးလူကြမ်းဖြစ်ခဲ့၍ တက္ကဆတ်စ်ပြည်နယ် လွတ်လပ်ရေးရခဲ့သည်ကို လင်းကင်းကျေနပ်ခဲ့သည်မှာ သံသယ ရှိစရာမလိုပေ။ သို့သော်လည်း ၁၈၄၄ ခုနှစ်တွင် အမေရိကန် သမ္မတ ဂျွန် တိုင်လာက တက္ကဆတ်စ်ပြည်နယ်ကို အမေရိကန်ပြည် ထောင်စုအတွင်းသို့ သိမ်းသွင်းရန် တိုက်တွန်းခဲ့ဆုံ ထိုအပြုအမူသည် လုံး၀ အခါအခွင့်မသင့် ကြောင်း လင်းကင်းသည် ဟန်နီကလေးနှင့် သမ္မတဟော်ဟင်း ဗန် ဘျူရင်[9]တို့နှင့်အတူ ထုတ်ဖော်ပြောဆို ခဲ့သည်။ လင်းကင်းက လက်ရှိပိုင်ဆိုင်သော အိမ်ခြံဝိုင်းကို အပြင်သို့ တိုးချဲ့ရေးထက် လက်ရှိအနေအထားကို ထိန်းသိမ်းပြီး ပြည်သူတို့၏ စိတ်ဓါတ်နှင့် ပညာရေးတိုးတက်မှုအတွက် လုပ်သော ဥယျာဉ်တစ်ခုသဖွယ် ဖြစ်အောင် ဆောင်ရွက်စေလိုခဲ့သည်ဟု နောင်တွင် ကြေညာခဲ့သည်။

အမေရိကန်သမ္မတ ပေါ်လ်ခ်က တက္ကဆတ်စ်ပြည်နယ်ကို သိမ်းပိုက်လိုက်ပြီး ထိန်းသိမ်းကာကွယ်ရန် အလုံးအရင်းဖြင့် ကြိုးစားခဲ့ခြင်းကို လည်းကောင်း၊ မက္ကဆီကိုထံမှ ကာလကြာမြင့်စွာကတည်းက တောင်းဆိုခဲ့မှုပြဿနာကို ဖြေရှင်းရန် လုပ်ဆောင်ခဲ့ခြင်းကိုလည်းကောင်း လင်းကင်းအာမခံ မပြောနိုင်တော့ပေ။ ၁၈၄၆ ခုနှစ်၊ ဧပြီလတွင် ဗိုလ်ချုပ် ဇက်ခါရီတေလာ၏ အမေရိကန်တပ်များနှင့် မက္ကဆီကိုတပ်များ နွဲ့စက်စိ[10]မြစ်နှင့် ရီယို ဂရန်း[11]ဒေသတို့တွင် တိုက်ပွဲ စတင်ဖြစ်ပွားခဲ့သည်။ ထိုဒေသများမှာ အမေရိကန်နှင့် မက္ကဆီကို နစ်ဖက်စလုံးမှ ပိုင်ဆိုင်ကြောင်း ပြောဆိုခဲ့ကြသော ဒေသများဖြစ်သည်။ အမေရိကက မက္ကဆီကိုအား စစ်ကြေညာလိုက်သည်။ စစ်ပွဲသည် နယူးအင်္ဂလန်ပြည်နယ်တွင် လူထုက လက်မခံခဲ့သော်လည်း အခြားပြည်နယ်များတွင် အမျိုးသားရေးမျိုးချစ်စိတ် လှုံ့ဆော်မှုများဖြစ်ခဲ့သည်။ အပျော်တမ်းတပ်ဖွဲ့တွင် စာရင်းသွင်းပြီး ပါဝင်တိုက်ခိုက်ရန် ဆော်သြမှုများ ပြုလုပ်ခဲ့ကြသည်။ လင်းကင်း၏ မိတ်ဆွေများဖြစ်ကြသော ဟာဒင်နှင့် ဘောက တို့ အပျော်ထမ်းတပ်တွင် အရာရှိများ ဖြစ်လာကြသည်။ သို့သော်လည်း မက္ကဆီကိုစစ်ပွဲသည် လင်းကင်းနှင့်ပီတာတော်ရိုက်တို့၏ ကွန်ဂရက် ရွေးကောက်ပွဲ မဲဆွယ်မှုအတွက် အရေးပါသော ပြဿနာတစ်ခု ဖြစ်မလာခဲ့ပေ။ မေလ ၃၀ ရက်နေ့တွင် မိန့်ခွန်းပြောကြားခဲ့ရာ၌ အပျော်တမ်းတပ်ဖွဲ့တွင် စာရင်းသွင်းခြင်းကို အားပေးရန် အသာထိုးထိုးလေးသာ ပြောကြားခဲ့သည်။ လင်းကင်းသည် ကွန်ဂရက်အစည်းအဝေး အရွေးခံရပြီးသည်နောက်ပိုင်းတွင်လည်း မက္ကဆီကိုစစ်ပွဲကို ထောက်ခြင်း မပြုလုပ်ခဲ့ပေ။ စစ်ပွဲအကြောင်းကို ဘာမျှမသိသူများဖြစ်စေ သို့မဟုတ် များများ သိလွန်းသူများဖြစ်စေ၊ ထိုသူများသည် သမ္မတ၏

www.burmeseclassic.com

လုပ်ဆောင်မှုကို သိနားလည်စွာဖြင့် အတည်ပြုရုန်ခက်လှကြောင်း၊ နိုင်ငံ့သားကောင်းများနှင့် မျိုးချစ်များ ပီသစွာ စစ်ပွဲကို အစမှ အဆုံးအထိ နူတ်ငုံနေရကြောင်း နောင်တွင်လည်း လင်းကင်းက ပြန်ပြောပြခဲ့သည်။

လင်းကင်း ဝေါရှင်တင်သို့ ရောက်လာပြီးနောက်တွင် လွတ်လွတ်လပ်လပ် ဝေဖန်ပြောဆိုလိုစိတ် ဖြစ်ပေါ်လာသည်။ စစ်ပွဲမှာလည်း ပြီးဆုံးလုမတတ် အခြေအနေသို့ ရောက်လာသောကြောင့် ဖြစ်သည်။ အမေရိကန်တို့ဘက်မှ အနိုင်ရခဲ့သည်။ ၁၈၄၇ ခုနှစ် ဒီဇင်ဘာလတွင် သမ္မတပေါ်လ်ခ်က နှစ်ချုပ်မိန့်ခွန်းပြောကြားခဲ့ရာ၌ စစ်ပွဲကို အဆုံးသတ်နိုင်ရေးအတွက် အပိုထောက်ပံ့ငွေများ ခွင့်ပြုရန် ကွန်ဂရက်သို့ တင်ပြခဲ့သည်။ ပေါ်လ်ခ်က "မက္ကဆီကိုစစ်ပွဲမှာ တက္ကဆတ်စ်ပြည်နယ်ကို မက္ကဆီကိုက စတင် ကျူးကျော်ကာ စတင်တိုက်ခိုက်ခဲ့သဖြင့် ကျွန်ုပ်တို့.မြေပေါ်တွင် ကျွန်ုပ် တို့.၏ နိုင်ငံသားများ သွေးမြေကျခဲ့ကြရသော စစ်ပွဲကို ကျွန်ုပ်အဆုံးသတ်နိုင်တော့မည်ဖြစ်သည်" ဟု အောင်မြင်မှုလေသံဖြင့် ပြောခဲ့သည်။

ထိုမိန့်ခွန်းသည် သမ္မတပေါ်လ်ခ်နှင့် ဒီမိုကရက်ပါတီအား ရှေ့ပါတီက ထိုးနှက်ရန် ဆင်ခြေတစ်ခု ဖြစ်သွားသည်။ လင်းကင်းက ဤသို့ဆောင်၍ သမ္မတပေါ်လ်ခ်ကို ထိုးနှက်ခဲ့သည်။ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် လင်းကင်းက "ကျွန်ုပ်တို့.၏နိုင်ငံသားများ သွေးမြေကျခဲ့ကြရသည်ဆိုသော နယ်မြေကို အတိအကျထောက်ပြရန် သို့.မဟုတ် ကျွန်ုပ်တို့ပိုင်နယ်မြေမဟုတ်ကြောင်း ဖော်ပြရန်" အခိုင်အမာ တောင်းဆိုလိုက်သည်။ သူက ထိုနယ်မြေသည် တက္ကဆတ်စ်နယ်မြေ၏ အစိတ်အပိုင်းတစ်ခု ဟုခဲ့၊ မဟုတ်ခဲ့နှင့် ထိုဒေသခံများသည် အစိုးရထံဖြစ်စေ၊ တက္ကဆတ်ပြည်နယ်ဥပဒေများကိုဖြစ်စေ ကျိုးနွံလိုက်နာခြင်း ရှိခဲ့၊ မရှိခဲ့ ဖော်ပြရန်ကိုလည်းကောင်း ဒေသခံများသည် မူအရ သဘောတူ၍ဖြစ်စေ၊ တိုက်တွန်းမှုအရဖြစ်စေ ရွေးကောက်ပွဲဝင် အရွေးခံခြင်း၊ မဲဆန္ဒပေးခြင်း

အခွန်အကောက်ပေးခြင်း၊ ဂျဇဝတ်မှုဒဏ်ကျခံခြင်း ရှိမရှိ ကွန်ဂရက်သို့ တင်ပြပေးရန်တို့.ကိုလည်း လင်းကင်းက ရှေ့.နေ ပီသစွာ တောင်းဆိုလိုက်သည်။ လင်းကင်းက အမေရိကန် စစ်တပ်များသည် လုံ့.ဆော် နှိုးဆွမှုမရှိဘဲ မက္ကဆီကိုပိုင်နယ်မြေကို စတင်တိုက်ခိုက်ပြီး စစ်ပွဲဆင်နွှဲခဲ့ခြင်းဖြစ်ကြောင်းကို ထင်ရှားစေရန်အတွက် ထိုသို့.တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်တိုင်လာက တက္ကဆတ်စ်ပြည်နယ်ကို ခုခံရေး သို့.မဟုတ် အကာအကွယ်ပြုရေးတို့.အတွက် ထိုသို့မှ တိုက်ပွဲဆင်ရန် မလိုအပ်ကြောင်း ကာကွယ်ရေးဌာနသို့ အကြိမ်ကြိမ် တင်ပြခဲ့ပြီးမှ စစ်ပွဲဆင်နွှဲခဲ့ခြင်းကြောင့်ဖြစ်သည်။

သမ္မတပေါ်လ်ခ်အား ထိုးနှက်တိုက်စစ်ဆင်မှုသည် ဇန်နဝါရီလ ၃ ရက်နေ့တွင် ပိုမို၍ လူသိများကျယ်ပြန့်လာခဲ့သည်။ မက်ဆာချူးဆက်ပြည်နယ်မှအမတ် ကျော့ချ်အက်ရ်မဲန်းက စစ်ပွဲကို သမ္မတက မလိုအပ်ဘဲနှင့် ခွဲ.စည်းပုံအခြေခံဥပဒေနှင့် မညီမညွတ် စတင်ဆင်နွှဲခဲ့ကြောင်း ဆုံးဖြတ်ချက်ကို ကြေညာ ခဲ့သည်။ ထိုဆုံးဖြတ်ချက်ကို လင်းကင်းအပါအဝင် ၀စ်ကိုယ်စားလှယ် ၈၅ ဦးက ထောက်ခံခဲ့သည်။ နောက်ထပ် ရက်အနည်းငယ်အကြာတွင် လင်းကင်းက အားကြိုးမာန်တက် ရေးထားသော မိန့်ခွန်းရည်ကြီးတစ်ခုဖြင့် သမ္မတပေါ်လ်ခ်၏ စစ်ပွဲဖြစ်ရခြင်းနှင့် အဆုံးသတ်ရန် သုံးသပ်ချက်အမြင်တို့.ကို တင်ပြ၍ ဆန့်.ကျင်တိုက်ခိုက်မှု ပြုလုပ်ခဲ့ပြန်သည်။ လင်းကင်းက သမ္မတပေါ်လ်ခ်သည် အထောက်အထားများနှင့် ဆင်ခြင်တွေးခေါ်မှု လစ်ဟင်းချက်များကို အပြစ်တင်ခဲ့သည်။ "သမ္မတ ပေါ်လ်ခ်သည် မိမိ ရည်ရွယ်ချက်များ မှားယွင်းနေသည်ကို သိနိုင်လောက်အောင် ကော်သည့် ရှေ့.နေကောင်းတစ်ဦး ဖြစ်နေကြောင်း" ပြောဆိုခဲ့သည်။ လင်းကင်းက သမ္မတပေါ်လ်ခ်၏ အထောက်အထားများကို စိစစ်သုံးသပ်ပြီးနောက် သမ္မတအနေဖြင့် သူမေးမြန်းထားသော မေးခွန်းများကို ဖြေဆိုပေးရန် တောင်းဆိုလိုက်သည်။ "သမ္မတကြီးအနေဖြင့် ပြည်ပြည်စုံစုံ

www.burmeseclassic.com

ဖြေဆိုပါစေ၊ မျှမျှတတ ဖြေဆိုပါစေ၊ ပွင့်ပွင့်လင်းလင်း ဖြေဆိုပါစေ၊ ဖြေကြားရာတွင် ငြင်းချက်များဖြင့် မဖြေဆိုဘဲ အဖြစ်မှန် အချက်အလက်များဖြင့် ဖြေဆိုပါစေ" ဟု လင်းကင်းက တောင်းဆိုခဲ့သည်။ သမ္မတပေါ့လ်ခ်သည် စစ်ရေးအောင်မြင်မှု ဂုဏ်သိက္ခာရရှိရေးအတွက် မက္ကဆီကိုစစ်ပွဲကို စခဲ့သည်ဟု လင်းကင်းက ပြောဆိုခဲ့သည်။

လင်းကင်းသည် သူ၏ ကြိုးပမ်းမှုအတွက် ဂုဏ်ယူခဲ့သည်။ ၄င်းအနေဖြင့် အောက်လွတ်တော်တွင် ပို၍ ဝင်ဆံ့လာလိမ့်မည်ဟုလည်း မျှော်လင့်ခဲ့သည်။ ဒေါ်ရှင်တင်တွင်လည်း နေသားကျလာသဖြင့် ဒေါ်ရှင်တင်သည် သူ.အတွက် အလွန်သာယာသော နေရာတစ်ခုဖြစ်သည်ဟုလည်း တွေးစဉ်းလာသည်။ သူ.ရှေ.က ဟာဒင်နှင့် ဘေကာတို.ကဲ့သို.ပင် သူသည် သဲကတမ်းတစ်ကြိမ်သာ တာဝန်ထမ်းဆောင်မည်ဟု ဝန်ခံပြောဆိုခဲ့မိခြင်း အတွက် ဝမ်းနည်းမိလာသည်။ လင်းကင်းအား နောက်ထပ် အရွေးပြန်ခံသင့်သည်ဟု လူအချို့က ယူဆကြောင်း ဟန်ဒင်က လင်းကင်းကို ပြောပြခဲ့သည်။ လင်းကင်းသည် သူ၏ ကတိစကားနှင့် ဂုဏ်သိက္ခာတို.က သူ့အား ရွေးကောက်ပွဲထပ်ဝင်ခွင့်ကို တားမြစ်လိမ့်မည်ဖြစ်ကြောင်း၊ သို.သော်လည်း အခြားသူတစ်ဦးက အရွေးခံလိုမှု မရှိခဲ့လျှင် ပြည်သူလူထုက သူ့အား ထပ်ပြီး အရွေးခံရအောင် တွန်းပို့.မှုအခွင့်အရေးကို မိမိအနေဖြင့် ငြင်းပယ်၍ ရုန်ငင်မည် မဟုတ်ကြောင်း လင်းကင်းက ရှိုးတိုးရှန်.တန်.ဖြင့် ပြန်လည် ဖြေကြားခဲ့လေသည်။

လင်းကင်း၏ မျှော်လင့်ချက်များသည် ချက်ချင်း ပြိုလဲပျက်စီးသွားခဲ့သည်။ လင်းကင်း၏ အယူအဆ ဆုံးဖြတ်ချက်နှင့် မိန့်.ခွန်းကို အောက်လွတ်တော်က မဆွေးနွေးခဲ့၊ အတည်လည်း မပြုခဲ့၊ ဒေါ်ရှင်တင်တွင်လည်း စိတ်ဝင်စားသူ မရှိခဲ့။ သမ္မတပေါ့လ်ခ်ကလည်း လင်းကင်း မေးခွန်းများကို မတုံ့ပြန်ခဲ့ပေ။ သမ္မတပေါ့လ်ခ်က လင်းကင်း၏ အမှုဆိုလုံးဝ ထည့်သွင်းပြောဆိုမှု မပြုလုပ်ခဲ့ပေ။ သူ၏ များပြားလှစွာသော မှတ်

တမ်းများတွင်လည်း လင်းကင်း၏ နာမည်ကို ဖော်ပြခြင်း မပြုခဲ့ပေ။ ကွန်ဂရက်အမတ် အများစုကလည်း ဘာသိဘာသာ နေခဲ့ကြသည်။ လင်းကင်း၏ ထိုးနှက်မှုမှာ ဂုစ်တို.က ဒီမိုကရက်အစိုးရအပေါ်တွင် သမားရိုးကျ ပြုလုပ်သည့် ဆန့်ကျင်မှုတစ်စိတ်တစ်ဒေသအဖြစ်သာ ယူဆခဲ့ကြသည်။ အင်ဒီရဲနားပြည်နယ်မှ မထင်မရှား ဒီမိုကရက်အမတ်တစ်ဦးက လင်းကင်းသည် ရွေးကောက်ပွဲအတွက် မဲဆွယ်တရားဟောခဲ့စဉ်က သူသည် စစ်ပွဲကို ဆန့်ကျင်ကြောင်း ဒေသခံ မဲဆန္ဒရှင်များကိုပင် မပြောကြားခဲ့ခြင်းကိုပင် အပြစ်တင်ဝေဖန်ခဲ့သည်။ လင်းကင်းသည် မျိုးချစ်စိတ်ဓါတ် ကင်းမဲ့သော မိန့်.ခွန်းကို ပြောကြားခဲ့သည်ဟု မစဉ်းစားဘဲပြည်နယ်မှ အမတ်ဂျွန် ကျေမီဆင်းကလည်း အပြစ်တင်ခဲ့သည်။ သတင်းစာများတွင် ဝေဖန်မှု အနည်းငယ်သာ ပါခဲ့သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်.ပြန့်.ထုတ်ဝေကြသော သတင်းစာကြီးများက လင်းကင်း၏ သန္ဓိဌာန် ဆုံးဖြတ်ချက်များနှင့် မိန့်.ခွန်းတို.ကို လျစ်လျူရှုခဲ့ကြသည်။

လင်းကင်းသည် ဒီမိုကရက်တို.က ရှုတ်ချမည်ဆိုခြင်းမှာ မျှော်လင့်ထားရမည့်အချက်ဖြစ်သည်။ သို.သော်လည်း လင်းကင်းအား ဂုစ်ပါတီဝင် အချင်းချင်း ခပ်ပျော့ပျော့သာ ထောက်ခံခဲ့ခြင်းက သူ့.ကို စိတ်အနောင့်အယှက်ဖြစ်စေခဲ့သည်။ ဂုစ်သတင်းစာအချို့.က လင်းကင်းအား သစ္စာရှိရှိ ထောက်ခံခဲ့ကြသည်။ လင်းကင်း၏ ထက်မြက်သော မိန့်.ခွန်းက သူ့.အား အောက်လွတ်တော်တွင် ရှေ.တန်းမှ စကားပြောအကောင်းဆုံး သူများစာရင်းဝင်တစ်ဦးဖြစ်အောင် တွန်းပို့.ပေးလိုက်သည်ဟု ရေးသားခဲ့သည်။ သို.သော်လည်း သတင်းစာအများစုက ကွင်စီဂုစ် သတင်းစာထုံးကို နှလုံးမူခဲ့ကြသည်။ ထိုသတင်းစာက လင်းကင်းက "လင်းကင်း၏ သန္ဓိဌာန်ဆုံးဖြတ်ချက်များမှာ အချက်အလက်မှန်များပေါ်တွင် အခြေခံထားသော်လည်း ထိုအချက်များမှာ အောင်မြင်မှုရရှိရန် ငြင်းဆို၍ ခက်လှသော အချက်များဖြစ်သည်" ဟု အပျော့စွဲဖြင့် ဝေဖန်ရေးသားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အီလိန်ရှိုင်းပြည်နယ်ရှိ နိုင်ငံရေးမိတ်ဆွေများထဲမှ သဘောထား ကွဲလွဲမှုများစာများ ရရှိခဲ့ခြင်းက လင်းကင်းအား ပို၍ပင် စိတ်အနှောင့်အယှက် ဖြစ်စေခဲ့ပါသည်။ ဒေါက်တာ ဟဲန်နရီမှာ မက္ကဆီကို စစ်ပွဲနှင့် စပ်လျဉ်း၍ ဝှစ်ပါတီ၏ လက်ရှိအမြင်ကို ပြင်းထန်စွာ သဘောကွဲလွဲနေသူဖြစ်သည်။ အီလိန်ရှိုင်းဝှစ်ပါတီသည် ဟဲန်နရီကလေးအား ထောက်ခံပြီး စစ်ပွဲအောင်မြင်မှုကြောင့် နယ်မြေသိမ်းပိုက်မှုများကို ဆန့်ကျင်လျှင် သူတို့၏ ဝှစ်ပါတီသည် ကာလကြာမြင့်စွာ လူနည်းစုပါတီ ဆက်လက်ဖြစ်သွားလိမ့်မည်ဟု ဟဲန်နရီက သတိပေးခဲ့သည်။ သူက လင်းကင်းထံသို့ ရေးသောစာ၌ "ခင်ဗျားနှင့် ကျွန်တော် ဘေးချင်းယှဉ်ရပ်ပြီး အချိန်ကာလကြာမြင့်စွာ တိုက်ပွဲဝင်ခဲ့ကြပြီးမှ လူချင်းခွဲကြရလျှင် အဆုံးစွန်အားဖြင့် ရင်နင့်ကြေကွဲဖွယ်ရာ ဖြစ်လာပါလိမ့်မည်" ဟုပင် တည်တည်ငြိမ်ငြိမ် ရေးသားခဲ့လေသည်။ ဘုန်းတော်ကြီးကျွန် မေဆောင် ပက်ကလည်း အလားတူ စာတစ်စောင် လင်းကင်းထံ ရေးသားပြီး စာထဲ၌ "အမေရိကန်ပြည်ထောင်စု အစိုးရသည် မက္ကဆီကို နိုင်ငံအပေါ်တွင် ကျူးကျော်တိုက်ခိုက်မှု မပြုလုပ်ခဲ့ပါ" ဟု ဖော်ပြထားသည်။ ဟန်ဒင်ကလည်း လင်းကင်းအနေဖြင့် "အကယ်၍ ကျူးကျော်မှုကို တွန်းလှန်ရန် လိုအပ်လာလျှင် အမေရိကန်သမ္မတကြီးသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို မချိုးဖောက်ဘဲနှင့် နိုင်ငံ၏နယ်နိမိတ်ကို ကျော်ဖြတ်ပြီး ထိုနိုင်ငံအား ကျူးကျော် တိုက်ခိုက်နိုင်သည်" ဟု ထောက်ခံဆွေးနွေးသင့်ခဲ့ကြောင်း ငြင်းချက်ထုတ် ခဲ့သည်။ လင်းကင်းက ဟန်ဒင်အား ပြန်လည်ချေပခဲ့ရာ၌ "ကျူးကျော်မှု တစ်ခုကို ကာကွယ်ရန် လိုအပ်သည်ဟု ယူဆတိုင်း သမ္မတအား အိမ်နီးနားချင်း နိုင်ငံတစ်ခုအပေါ်တွင် ကျူးကျော်တိုက်ခိုက်ခွင့်ပြုခဲ့ရာ ရောက်မည် သာဖြစ်သည်။ ဟန်ဒင်သည် သမ္မတအား ဘုရင်ဧကရာဇ်များ ယခင်က ထင်တိုင်းကြဲသလို ပြုလုပ်ခွင့်ပြုရာရောက်မည်" ဟု တုံ့ပြန်ခဲ့သည်။

လင်းကင်းသည် ဟန်ဒင်ထံ နူးနူးရွရွ ပြန်လည်စာရေးခဲ့ခြင်းမှာ

သူ၏ မိတ်ဆွေနှင့် တခြားဝှစ်ပါတီဝင်တို့အပေါ်တွင် စိတ်မကြည်လင်သောကြောင့်ဖြစ်သည်။ သမ္မတပေါ်လ်ခ်အား တိုက်ခိုက်ခဲ့မှုအပေါ်တွင် သူတို့ နားမလည်ခဲ့ကြ၍ဖြစ်သည်။ တကယ်တော့ မက္ကဆီကိုစစ်ပွဲကို သမ္မတပေါ်လ်ခ်က စတင်ခဲ့ခြင်းအပေါ်တွင် ဝေဖန်မှုမှာ နိုင်ငံရေးလုပ်ရပ်တစ်ခုဖြစ်ခဲ့သည်။ လင်းကင်းနှင့် အပေါင်းပါများ၏ ထိုးစစ်ရည်ရွယ်ချက်မှာ နောက်တစ်ကြိမ် သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တို့အား အထိနာစေရန်ဖြစ်သည်။

လင်းကင်းနှင့်အဖွဲ့၏ လုပ်ဆောင်မှုသည် အထိုက်အလျောက် အန္တရာယ်ရှိမည်ဖြစ်မှန်း သူတို့ သိခဲ့ကြသည်။ စစ်ပွဲအစတွင် သမ္မတအား ထိုးနှက်ခြင်းသည် စစ်ပွဲကို ဆန့်ကျင်သည်ဟု အလွယ်တကူ အထင်လွဲနိုင်စရာရှိကြောင်း သိကြသည်။ ထိုအနေအထားမျိုးသည် အန္တရာယ်ရှိနိုင်ကြောင်း အတွေ့အကြုံကို ဝှစ်တို့ ရရှိခဲ့သည်မှာ ကြာလေပြီ။ ရှီကာဂိုမြို့မှ ဝှစ်ခေါင်းဆောင် ဂျပ်စ်တင် ဘတ်စ်တားဖီးလ်[13]သည် ၁၈၁၂ ခုနှစ် သိမ်းနက်စစ်ပွဲကို ရွှတ်ချခဲ့သူဖြစ်သည်။ သူ့အား မက္ကဆီကိုစစ်ပွဲကိုလည်း ရှုတ်ချဉီးမှာလားဟု မေးမြန်းခဲ့သည်။ သူက "မချရေးချ မချဗျို့ ... ကျုပ်က စစ်ပွဲတစ်ပွဲကို ဆန့်ကျင်ခဲ့မိပါတယ်။ ပျက်စီးခြင်းငါးပါး ဆိုက်ပါလေရော။ အခုအချိန်ကစပြီး ကျုပ်စစ်ပွဲတို့၊ ရောဂါကပ်တို့၊ တော်မွတ်မှုတို့ကို ထောက်ခံပြီဗျို့" ဟု ပြန်ဖြေခဲ့သည်။ အောက်လွတ်တော်တွင် အင်းဒီးရင်းလူငယ်များ[14]ဟု နာမည်တွင်သည့် အခြားဝှစ်လူနည်းစုနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်နေသော လင်းကင်းသည် အခက်အခဲကို ဖြေရှင်းနိုင်လိမ့်မည်ဟု ထင်ခဲ့ကြသည်။ သူတို့က စစ်ပွဲစတင်ခဲ့ခြင်းအတွက် ဒီမိုကရက်အား ထိုးနှက်ပြီး စစ်ပွဲကို အနိုင်တိုက်နိုင်ခဲ့သော ဗိုလ်ချုပ်ကြီးတစ်ဦးအား သမ္မတလောင်းအဖြစ် တင်မြှောက်မည်။ ဤနည်းဖြင့် တိုင်းပြည်၏ အရေးကို ဧည့်မျှသစ္စာရှိရှိ ထောက်ခံကြောင်းကို သက်သေပြသမည်ဟု ၄င်းတို့က တွေးဆခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သမ္မတလောင်းအဖြစ် တင်မြှောက်မည့် ထိုဗိုလ်ချုပ်မှာ ဗိုလ် ချုပ် ဇော်ခါရီ တေလာဖြစ်ရမည်။ သူသည်ပြည်သူ့ရေးရာများကို နားမလည်သူနှင့် နိုင်ငံရေးအတွေ့အကြုံမရှိသူဖြစ်လင့်ကစား သမ္မတလောင်းဖြစ်စေရမည်။ ဗိုလ်ချုပ်တေလာသည် မည်သည့်အကြောင်း အရာပေါ်တွင် မည်သို့ ရပ်တည်သည် ဆိုခြင်းကိုလည်း မည်သူမျှ မသိကြပေ။ ဒုစ်ပါတီအတွင်း၌ ခေါင်းဆောင်သစ်ကို တွေ့မြင်ရန် စိတ်သန်နေသော လင်းကင်းသည် ဇော်ခါရီ တေလာကို ပစ်၍ ထောက် ခံလေတော့သည်။ လင်းကင်းက "တေလာသည် ဒုစ်အစိုးရကို ဖွဲ့စည်း ပေးနိုင်မည်သူဖြစ်သည်။ တခြားဒုစ်ကို ကျွန်တော်တို့ ရွေးချယ်၍ မရပါ။ ကျွန်တော်တို့အတွက် တစ်ခုတည်းသော အခွင့်အရေး သည် တေလာနှင့်အတူ ရှိနေသည်။ ကျွန်တော်သူ့ကို ထောက်ခံသည်။ သူ့ ကို ကျွန်တော်ထောက်ခံခြင်းမှာ သူသည် ဟဲန်နရီ ကလေးထက် ပို ကောင်းသော သမ္မတတစ်ဦးဖြစ်မည်ဟု ထင်ခြင်းကြောင့် မဟုတ်ပါ။ သူသည် ပေါ်လ်ခ်၊ ကပ်စ်[15]နှင့် ဘျူခန်နန်[16]တို့နှင့် တခြားလူတွေထက် ပို၍ သာလို့ မည်ဟု ထင်ခြင်းကြောင့်ဖြစ်သည်။ သူအရွေးမခံရလျှင် ထိုသူများအနက်မှ တစ်ယောက်ယောက် အရွေးခံရမှာ သေချာသည်" ဟု ရှင်းပြခဲ့သည်။

ဗိုလ်ချုပ်တေလာအား သမ္မတလောင်းအဖြစ် လျာထားမှု သေ ချာရေးအတွက် လင်းကင်းသည် ဆောင်ဦးပေါက်တစ်ခုလုံး စိတ်ရော ကိုယ်ပါ အလုပ်လုပ်ခဲ့သည်။ လင်းကင်းသည် ဂူလိုင်လတွင် ဖီလာဒဲလ်ဖီးယားမြို့၌ ကျင်းပသော ဒုစ်ပါတီ အမျိုးသားညီလာခံ[17]သို့ တက်ရောက်ခဲ့သည်။ သူသည် အီလီနွိုင်းပြည်နယ်မှ တစ်ဦးတည်းသော ဒုစ်ကိုယ်စားလှယ်ဖြစ်ခဲ့၍ လူ အများက စိတ်ဝင်စားခဲ့ကြသည်။ ညီလာခံတွင် တေလာအား စတုတ္ထ အကြိမ် မဲခွဲအပြီးတွင် သမ္မတလောင်းအဖြစ် ရွေးချယ်အတည်ပြုခြင်း ခံခဲ့ရသည်။ တေလာအား သမ္မတ လောင်းအဖြစ် အတည်ပြုခြင်းနှင့် စပ်လျဉ်း၍ လင်းကင်းနှင့်အခြား ကိုယ်စားလှယ် သုံးဦးတို့သည် ဒဲလာဝဲပြည်နယ်၌ ရှင်းလင်းဟောပြောကြရသည်။ လင်းကင်းကိုလည်း အီလီနွိုင်းပြည်နယ်မှ

"တစ်ကိုယ်တော်မင်းသား"[18]ဟု မိတ်ဆက်ပေးခြင်းခံခဲ့ရပြီး ဆောင်ဦးကျွေးကောက်ပွဲတွင် ဒုစ်ပါတီ အနိုင်ရရှိရမည်ဟု လင်းကင်းက ဟောကိန်းထုတ်ခဲ့ရာ ပရိသတ်က လင်းကင်းအား ချီးကျူးသြဘာ သုံးကြိမ်ပေးခဲ့သည်။

လင်းကင်းနှင့် အင်းဒီးရင်းလူငယ်များအုပ်စုသည် သမ္မတလောင်း တစ်ဦးကို သာ ရွေးချယ်လျာထားလိုသည်သာမက ဒုစ်ပါတီအတွက် ယုံကြည်ချက်လမ်းစဉ်အသစ်များကိုလည်း ချမှတ်ပေးလိုကြသည်။ လူထုက စိတ်ဝင်စားမှု မရှိတော့သည့် လမ်းစဉ်ဟောင်းများနေရာတွင် လမ်းစဉ်သစ်များ ချပေးလိုကြသည်။ အရေးပါသည့် ဦးဆောင်မှု မူဝါဒများ မရှိလျှင် ဒုစ်တို့သည် ကိုယ့်အရပ်နှင့် ဒေသပိုင်းဆိုင်ရာ စိတ်ဝင်စားမှုများအပေါ် တွင်သာ အာရုံစူးစိုက်သော အန္တရာယ်နောက်သို့ ပါသွားကောင်း ပါသွား နိုင်ဖွယ်ရာရှိသည်။ တောင်ပိုင်းဒေသတွင် ဒုစ်အချို့သည် ကျွန်စနစ် ခုခံကာကွယ်ရေးကိုသာ အဓိကပြဿနာအဖြစ် ထားလိုကြသည်။ ဒုစ်တို့က ဒီမိုကရက်တို့ထက် ဒေသပြဿနာကို ပို၍ အာရုံစူးစိုက်ကြကြောင်း ပြသလိုကြသည်။ အနောက်မြောက်ပိုင်းဒေသတွင် ဒုစ်အတော်များများက ဒီမိုကရက်တို့ကို မဲ ပေးသည့် နိုင်ငံခြားမှ ဝင်ရောက်လာသူများ၏ အားကို မျှော်လင့်ပြီး အမေရိကန်တိုင်းရင်းသားပါတီ[19]နှင့် ပလူးပလဲ ရောယှက် လိုကြသည်။ တခြားဒုစ်ပါတီခေါင်းဆောင်များကလည်း ကျွန်စနစ်ဆန့် ကျင်ရေးကို အခြေခံထားမှ အသိတရားဖြင့် ဆောင်ရွက်သော ဒုစ်ပါတီ ပြန် လည်အောင်မြင်မှု ရရှိနိုင်လိမ့်မည်ဟု ယူဆကြသည်။ အထူးသဖြင့် နယူးအင်္ဂလန်ပြည်နယ်သည် ကျွန်စနစ် ကျယ်ပြန့်လာမည်ကို ဆန့်ကျင်သည်။ ကျွန်စနစ်ကျယ်ပြန့်မှုကို ဆန့်ကျင်မည်ဆိုလျှင် ဒီမိုကရက် သမ္မတဟောင်း မာတင် ဗန် ဘျူရင်[20]ကိုပင် လွှတ်လပ်သောနယ်မြေမှ သမ္မတ လောင်းအဖြစ် လျာထားရန် အသင့်ဖြစ်နေကြသည်။ ဤပြဿနာများသည် စိတ်ဝင်စားဖွယ်ရာကောင်းလှသည်။ ပါတီကို နှစ်ခြမ်းကွဲသွားစေခြင်း ခုက္ခပေးနိုင်သော အရာများဖြစ်သည်။ ဗိုလ်ချုပ်တေလာ သမ္မတအဖြစ်

www.burmeseclassic.com

အရွေးခံရလျှင်ပင် သူ.အတွက် အုပ်ချုပ်ရခက်မှုည့် ပြဿနာကို ရင်ဆိုင်ရဖွယ်ရာရှိသည်။

ဤအန္တရာယ်များကို ရှောင်ရှားနိုင်ရန်အတွက် ဗိုလ်ချုပ်တေလာအား မိမိအရပ်နှင့် ဒေသဆိုင်ရာပြဿနာများကို လက်အောက်ပြဿနာများအဖြစ် ထားရှိရန် လင်းကင်းက တိုက်တွန်းခဲ့သည်။ တေလာက "ကျွန်ုပ်အနေဖြင့် သမ္မတအဖြစ် ရွေးကောက်ခြင်း ခံခဲ့ရလျှင် နိုင်ငံတော်၏ ဥပဒေပြုအာဏာကို ကွန်ဂရက်လွှတ်တော်၏ လက်ဝယ်တွင် ထားရှိပါမည်။ မူလဥပဒေကြောင်းများကိုဖြစ်စေ၊ တိုးတက်ဖြစ်ပေါ်လာသည့် ကိစ္စရပ်များတွင်ဖြစ်စေ သမ္မတဩဇာအာဏာ သက်ရောက်မှု မရှိစေရပါ။ အထူးသိသာထင်ရှားစွာ လိုအပ်သည့်ကိစ္စရပ်များမှအပ ဗိတိုအာဏာသုံးစွဲမှု အနောင့်အယှက် မဖြစ်စေရပါ" ဟု ကြေညာရန် လင်းကင်းက ဆော်ဩပေးခဲ့သည်။ တေလာကလည်း ကတိပြုကြေညာခဲ့သည်။ လင်းကင်းတလည်း တေလာ၏ ပြောဆိုဝန်ခံချက်အတွက် အောက်လွှတ်တော်တွင် မိန့်ခွန်းပြောပြီး ရှင်းလင်းပြခဲ့သည်။ အကယ်၍ လူထုက ဗိုလ်ချုပ်တေလာအား "ခင်ဗျား သမ္မတအဖြစ် အရွေးခံခဲ့ရရင် ကျွန်တော်တို့.အတွက် အကျိုးသာဘက် တစ်ခု ဖွင့်ပေးမှာလား" ဟု မေးခဲ့လျှင် အဖြေသည် "လူကြီးမင်းများ ၏ ဆန္ဒအတိုင်းသာ ဖြစ်ပါလိမ့်မည်၊ ကျွန်တော့်ဆန္ဒပေါ်တွင် မတည်ပါ" ဟူ၍လည်းကောင်း၊ "အခွန်အကောက်ကိစ္စ ဘယ်လိုပါလဲ" ဟု မေးလာလျှင် အဖြေက "ခင်ဗျားတို့.ကိုယ်တိုင်ဆန္ဒပြောကြပါ" ဟူ၍ လည်းကောင်း "ကျွန်တော်တို့.ရဲ့ မြစ်တွေ၊ သဘောဆိပ်တွေ တိုးတက်လာမလား" လို့မေးလာလျှင် "ခင်ဗျားတို့ စိတ်ကျေနပ်မှုရှိတဲ့အတိုင်း ဖြစ်စေရပါမယ်" ဟူ၍ လည်းကောင်း ဗိုလ်ချုပ်တေလာ ဖြေကြားလိမ့်မည်ဟု လင်းကင်းက ဝင်၍ ရှင်းလင်းပြောကြားခဲ့သည်။

ကျွန်စနစ်နှင့် စပ်လျဉ်းပြီး အများဆုံး သဘောထားကွဲလွဲနိုင်သည့် ပြဿနာများတွင်လည်း ဗိုလ်ချုပ်တေလာသည် အလားတူ ရပ်တည်

နိုင်လိမ့်မည်ဟု လင်းကင်း ယုံကြည်ခဲ့သည်။ တေလာသည် တောင်ပိုင်းသားဖြစ်သည်၊ ကျွန် ၂၀၀ ကျော် ပိုင်ဆိုင်သူဖြစ်သည်၊ သို့သော်လည်း မက္ကဆီကိုစစ်ပွဲတွင် အနိုင်ရရှိခဲ့သည့် နယ်မြေများကို ကျွန်စနစ်တိုးချဲ့ကျယ်ပြန့်မှုကို တားမြစ်သည့် ဝီလ်းမောခြွင်းချက်[21] ကို ကွန်ဂရက်က ဥပဒေအတည်ပြုခဲ့လျှင် တေလာက မိတိုအာဏာသုံးပြီး မကန့်ကွက်ပါဟု ကြေညာရန် လင်းကင်းက ဆန္ဒရှိသည်။ ဤအနေအထားတို့မှာ ပြည်သူလူထုအား ၄င်းတို့၏ ကိစ္စရပ်များအတွက် သူတို့.စိတ်ကျေနပ်သလို ပြုလုပ်ခွင့်ပေးသည့် ပါတီအတွက် အကောင်းဆုံးမူဝါဒဖြစ်သည်ဟု လင်းကင်း ယူဆခဲ့သည်။

(၃)

လင်းကင်းသည် ဗိုလ်ချုပ်တေလာ သမ္မတအဖြစ် အရွေးခံရရေးနှင့် ၄စ်ပါတီအတွက် မူဝါဒအသစ်များ ပြန်လည်ချမှတ်ရန် ကြိုးပမ်းခဲ့သည်။ ထိုသို့ ပေါ်လစီများ ချမှတ်ရန် ကြိုးစားရာတွင် နောင်အခါ၌ ၄င်းထံ ပဲ့တင်ပြန်လာစေမည်များကို ပြုလုပ်ခဲ့မိသည်။ သူက မက္ကဆီကိုစစ်ပွဲတွင် ပထမဆုံး သွေးမြေစက်ခဲ့သော မြေကွက်နေရာ (spot) သည် အမေရိကန်မြေဖြစ်ကြောင်းကို အတိအကျ သက်သေအထောက်အထားဖြင့် ထောက်ပြရန် သမ္မတပေါ်လ်ခ်ထံ တောင်းဆိုခဲ့သည်။ ထိုသို့ မြေကွက်နေရာ ထောက်ပြရန် ပြောဆိုခဲ့ခြင်းကြောင့် သူ.အတွက် နောင်တွင် ကြာရှည်ခံမည့် "စပေါ်တိလင်းကင်း"[22] ဟု အခေါ်ခံခဲ့ရသည့် ၁၈၅၈ ခုနှစ် ရွေးကောက်ပွဲ ဆရာပြိုင်ဟောပြောပွဲများ၌ စတီဖင် အေ ဒပ်ဂလပ်စ်က လင်းကင်းအား စိတ်တိုအောင် ထိုနာမည်ဖြင့် ထပ်တလဲလဲ ရိသဲ့သဲ့ ခေါ်ဆိုခဲ့သည်။ လင်းကင်း သမ္မတဖြစ်ခဲ့ပြီးမှလည်း ဤကိစ္စနှင့်ပတ်သက်၍ သူ၏မျိုးချစ်စိတ်ကို မေးခွန်းအထုတ်ခံရလေ့ရှိခဲ့သည်။

www.burmeseclassic.com

မက္ကဆီကိုနိုင်ငံနှင့် အငြင်းအပွားဖြစ်နေသော နယ်မြေ အတွင်းသို့ အမေရိကန်စစ်တပ်များကို ဝင်ရောက်ရန် သမ္မတပေါ်လ်ခ်က အမိန့်ပေးခဲ့ခြင်းမှာ ဖွဲ့.စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်ကြောင်း၊ စစ်ကြေညာခွင့် အာဏာကို ဖွဲ့.စည်းပုံအခြေခံဥပဒေက သမ္မတအား ပေးအပ်ထားခြင်း မရှိဘဲ ကွန်ဂရက်လွှတ်တော်တွင်သာ အာဏာပေးထားကြောင်း၊ လင်းကင်းကငြင်းချက်ထုတ်ခဲ့ရာ၌ နိုင်ငံတော်ကို စတင်တည်ထောင်ခဲ့သည့် ဖခင်ကြီးများက "စစ်ဆိုသည်မှာ ဘုရင်ဧကရာဇ်တို့၏ ဖိနှိပ်ချုပ်ချယ်မှုအားလုံးအနက် အဆိုးဝါးဆုံးသော ဖိနှိပ်ချုပ်ချယ်မှုဖြစ်သည်" ဟု အသိအမှတ်ပြုခဲ့ကြကြောင်း၊ ထို့.ကြောင့် ထိုပုဂ္ဂိုလ်ကြီးများက မည်သည့်လူတစ်ဦး တစ်ယောက်ကမျှ ကျွန်ုပ်တို့.အပေါ်တွင် ထိုဖိနှိပ်ချုပ်ချယ်မှု ပြုနိုင်သည့် အာဏာမရှိစေရေးအတွက် ဖွဲ့.စည်းပုံအခြေခံဥပဒေကို ရေးဆွဲပေးခဲ့ခြင်းဖြစ်ကြောင်း၊ လင်းကင်းက ဟန်ဒင်ကို ပြောပြခဲ့သည်။ ဤအမေရိကန်ပြည်တွင်းစစ်ကာလအတွင်း၌ လင်းကင်း၏ ရန်သူများက ဤအချက်ကို ပင် ထောက်ပြ၍ "သမ္မတ၏ ရက်စက်ကြမ်းကြုတ်မှုကို တိုက်ခိုက်ရန်စစ်မှု" ဟု သုံးစွဲခဲ့ကြသည်။

(၄)

ဗိုလ်ချုပ်တေလာအား ခုခံကာကွယ်ပြောဆိုပြီး ဂုစ်ပါတီ၏ မူဝါဒသစ်များ ဖော်ထုတ်ရေးတို့.ကို လင်းကင်း၏ စိတ်ထဲတွင် ပြင်းဆင်ခဲ့ပြီးနောက် ဒီမိုကရက်တို့.အား တွယ်ရန် အဆင်သင့်ဖြစ်နေသည်။ ဇူလိုင်လတွင် သမ္မတလောင်းများအဖြစ် တေလာ၊ ကက်စ်နှင့် ဗဲန် ဘျူရင်တို့ တန်းစီထွက်လာသည်။ အောက်လွှတ်တော်သည် အလုပ်များ လုံးဝနီးသမလုပ်တော့ဘဲ သမ္မတလောင်းသုံးဦးအတွက် အရေးပါသည့်မိန့်ခွန်းများကို နားထောင်ခဲ့ရသည်။ ဇူလိုင်လ ၂၇ ရက်နေ့တွင် လင်းကင်းသည်

သမ္မတလောင်းနှင့် ပတ်သက်၍ အဋ္ဌမမြောက် ကွန်ဂရက်အမတ်အဖြစ် စကားပြောခွင့်ရခဲ့သည်။ သို့သော်လည်း သည်တစ်ကြိမ်တွင် နားထောင်သူများအတွက် လင်းကင်းက အချက်အလက်များကို ဟာသနှောရွှေ ပြောဆိုခဲ့သည်။ လင်းကင်းက ဗိုလ်ချုပ်တေလာအား ဝတ်ကျေတန်းကျေ ဂုဏ်ပြုခြီးကျူးပြောဆိုပြီးနောက် အင်ဒရူး ဂျက်ဆင်၏ နာမည်ကို အမြဲစာမ်းသုံး၍ မဲဆွယ်ခဲ့ကြသော ဒီမိုကရက်တို့.အား ပျက်ရယ်ပြုသရော်ခဲ့သည်။ "သင်တို့.သည် အစာငတ်နေသော ခွေးလေးအုပ် တစ်အုပ်ပမာ သူတော်ကောင်းခြေသေးကြီး သေဆုံးပြီးသွားချိန်အထိ နောက်က ကပ်လိုက်နေကြသူများ ဖြစ်ကြတယ်" ဟု လင်းကင်းက သရော်ခဲ့သည်။ ဗိုလ်ချုပ်ကက်စ်ကိုလည်း ၁၈၁၂ ခုနှစ် သိန်းနှက်စစ်ပွဲမှတ်တမ်းကို ဖော်ထုတ်ပြီး လင်းကင်းက မိမိ၏ သူရဲကောင်း မပီသသော စွန့်စားခန်းများနှင့် နှိုင်းယှဉ်၍ ရယ်စရာလုပ်ပြောပြီးနောက် ဝီးလ်မော့ခ်ြင်းချက်နှင့် စပ်လျဉ်းပြီး ကက်စ်၏ ရပ်တည်မှု အပြောင်းအလဲများ ပြုလုပ်ပုံ၊ ကက်စ်သည် နယ်စပ်အုပ်ချုပ်ရေးမှူးအဖြစ် ခုနစ်နေရာမှ တစ်ပြိုင်တည်း လစာထုတ်ယူ ပုံ၊ ကက်စ်သည် နေ့.စဉ် ဝေါရှင်တင်ပြည်နယ်တွင် ရိက္ခာ ၁၀ ကြိမ်နှင့် မစ်ရှီဂန်ပြည်နယ် တွင် ၁၀ ကြိမ် ထုတ်ယူပုံ၊ ထို့.ကြောင့် ဒီမိုကရက်များ "ကက်စ်အား သမ္မတဖြစ်အောင်လုပ်ကြပါ၊ သူ.အတွက်ထဲက ပိုတာရှိရင် သင်တို့.အား သူက အားရှုပ်းရကျွေးမွေးပါလိမ့်မယ်" ဟု လင်းကင်းက ပြောသည်။ လင်းကင်း၏ မိန့်ခွန်းမှာ အဓိကမိန့်ခွန်းတစ်ခုဖြစ်ပြီး သူ၏ သဘောကောင်းပုံနှင့် ရိုးသားသော အမူအရာစတိုင်က အောက်လွှတ်တော်၌ နောက်ဆုံးနာရီဝက်ကို အုတက်စေခဲ့ကြောင်း ဘော်လ်တီမော အမေရိကန်[23] သတင်းစာကြီးက ရေးသားဖော်ပြခဲ့သည်။

ဩဂုတ်လ ၁၄ ရက်နေ့တွင် ကွန်ဂရက်လွှတ်တော်ကို ရှေ့ဆက်ရပ်နားခဲ့သည်။ လင်းကင်းသည် ဝေါရှင်တင်၌ပင် နေထိုင်လျက် ဇာတိလာသမ္မတအဖြစ် အရွေးခံရရေးနှင့် ဂုစ်ပါတီ၏ မူဝါဒများ အောင်မြင်မှု ရရှိ

www.burmeseclassic.com

ရေးတို့.အတွက် လုပ်ဆောင်နေခဲ့သည်။

ဝေါရှင်ဘင်နွေရာသီသည် ပူအိုက်လှပြီး လင်းကင်းမှာလည်း အလုပ်အလွန်ရှုပ်နေသည်။ သူသည် မေရီကို အလွန်လွမ်းနေမိသည်။ သူတို့.လင်မယားဘဝတွင် ထိုကဲ့သို့ အကြာဆုံးခွဲနေရချိန်၌ လင်းကင်းသာ မေရီထံသို့ စာများရေးပြီး အလွမ်းဖြေရသည်။ လင်းကင်း၏စာထဲ၌ ဖခင်တစ်ဦး၏ အကြင်ပေးရေးသားပုံများ ပါသလို ခင်ပွန်းသည်တစ်ဦး အနေဖြင့် မသိမသာ ညုတုတု ကလိတိတိလည်း ရေးသားခဲ့ပုံများလည်း ပါခဲ့သည်။ သူ့.စာတွင် "တို့.ချင်း ရင်းနှီး အကျွမ်းဝင်ခဲ့ပြီးကတည်းက မင်း အနေနဲ့ ပထမဆုံး ကင်းကင်းရှင်းရှင်း လွတ်လွတ်လပ်လပ်နေရတဲ့ နေ့ကာလဖြစ်လို့ မင်းမှာ ခေါင်းမကိုက် တော့ဘူး မဟုတ်လား။ မင်းမှာ နေထိုင်ကောင်းပြီး ဝမ်းစိုပြည်နှဖယ်လာလို့ မင်္ဂလာတောင် ထပ်ဆောင်ချင်မလာဘူး ငါတွေးနေမိပါတယ်။ မေရီကလည်း "စာရေးနေရတဲ့အစား ဒီညနေမှာ ရှင်နဲ့.ကျွန်မ အတူဆုံလိုက်ကြရရင် ဘယ်လောက်များကောင်းလိုက်မလဲ အခုလိုဝေးနေရ လို့ ကျွန်မလည်း အလွန်စိတ်ညစ်မိတယ်" ဟု ရေးလိုက်ရာ လင်းကင်းက "ငါကသာ ကြည်ဖြူရင် မင်းဟာ မိန်းမ လိမ္မာလေးထင်ယောက် ဖြစ်မလား။ မင်းကိုယ့်ဆီကို လာခဲ့ပါလား။ တတ်နိုင်သမျှ အပြန်ဆုံး လာခဲ့ပါလားကွယ်" မင်းကို ခေါင်းထဲမှာ စဉ်းစားမိတော့ မင်းမလာမချင်း ငါတော့ စိတ်ကို ရှည်နိုင်မှာ မဟုတ်ဘူးကွယ်" ဟု ပြန်ရေးခဲ့သည်။ လင်းကင်းစာကို ဖတ်ရပြီး မေရီမှာလည်း ဝေါရှင်တင်သို့ ချက်ချင်းပြန်သွား ချင်စိတ်ပေါက်သွားခဲ့သည်။

မေရီက ဝေါရှင်တင်သို့ သွားရန် အသင့်ဖြစ်နေချိန်တွင် လင်းကင်းက ရွေးကောက်ပွဲ မဲဆွယ်တရားဟောပွဲအတွက် နယူးအင်္ဂလန်သို့ ခရီးထွက်လာခဲ့သည်။ အတော်ပဲဖြစ်သည်။ မေရီနှင့်ကလေးများ လင်းကင်း ရှိရာသို့ ခေတ္တသွားရောက်၍ အတူနေထိုင်ခဲ့ကြလေသည်။

စက်တင်ဘာလ ၁၂ ရက်နေ့တွင် လင်းကင်းသည် မက်ဆာ

ချူးဆက်ပြည်နယ် ဂူးစတာမြို့.တော်ခန်းမ၌ လင်းကင်းတရား ဟောရန် ခေတ်ကြားခြင်းခံရသည်။ လင်းကင်းသည် ကွန်ဂရက်နှင့် အခြားမြို့များတွင် ပြောဆိုခဲ့သော မိန့်ခွန်းကိုပင် အနည်းငယ်ပြုပြင်၍ ပြောဆိုခဲ့သည်။ ယခင်က တေလာကို အမွန်းတင်ပြီး ကပ်စ်ကို ဟာသလုပ်ပြောခဲ့သည်ကများ၏။ ယခုတစ်ကြိမ်တွင်မူ ထိုပြည်နယ်၌ ဝုစ်ပါတီ၏ မဲများကို ဆွဲထုတ်မှု အန္တရာယ်ပေးနိုင်မည့် ဗဟန် ဘျူရင်နှင့် လွတ်လပ်သော နယ်မြေသားများ (ဖရီး ဆွိုင်းလားစ်)[24] ကို တိုက်စစ်ဆင် ပြောဆိုခဲ့သည်။ လူထုပရိသတ်မှာ ကျွန်နစ်ကို အပြင်းအထန်ဆန့်.ကျင်သူများဖြစ်ရာ လင်းကင်းက သူ့.အမြင်ကို လေးလေးနက်နက် သတိပေးပြောဆိုခဲ့သည်။ "ကျွန်စနစ်နဲ့.ပတ်သက်လို့ အီလီနွိုင်း ပြည်နယ်သားတွေဟာ မက်ဆာချူးဆက်ပြည်နယ်သားတွေနဲ့ လုံးဝ ထပ်တူ သဘောအမြင်တူကြပါတယ်၊ တစ်ခုကွာခြားနိုင်ပုံကတော့ အီလီနွိုင်းပြည်နယ်သားတွေက ကျွန်စနစ်ကိစ္စကို သူတို့.ခေါင်းထဲမှာ အမြဲ အမ်း တွေးနေပုံမရဘူး။ ကျွန်စနစ်ဟာ မကောင်းဆိုးဝါးမှုဖြစ်မှန်း ဝုစ်ပါတီဝင်များနဲ့ လွတ်လပ်သော နယ်မြေသားများ သဘောတူညီကြပါတယ်။ ဒါပေမယ့် ကျွန်စနစ်အတွက် ကျွန်တော်တို့ ဝုစ်ပါတီမှာ တာဝန်ရှိပါဘူး။ ကျွန်တော်တို့ မနေထိုင်တဲ့ ပြည်နယ်တွေမှာ ထိရောက်အောင် ကျွန်တော်တို့ မလုပ်နိုင်ကြပါဘူး" ဟု လင်းကင်းက ရှင်းပြခဲ့သည်။

ထိုပါတီနှစ်ခုစလုံးသည် နယ်မြေသစ်များသို့ ကျွန်စနစ် တိုးချဲ့ခင်ရောက်လာမည်ကို ဆန့်.ကျင်ကြသည်။ သို့.သော်လည်း ကျွန်စနစ်ကျယ်ပြန့်.ရေးကို မည်သည့်ပါတီက ထိထိရောက်ရောက် ထိန်းချုပ်ထားဆီးပေးနိုင်မည်နည်း။ ဤသည်မှာ အရေးကြီးသည့် တစ်ခုတည်းသော အဖြေဖြစ်သည်။ လွတ်လပ်သော နယ်မြေသားများပါတီက တေလာထဲမှ အချက်များကို ဖဲ့.ထုတ်ယူမည်ဆိုလျှင် ကက်စ်အနိုင်ရရှိရေးကို ဆောင်ကျွန်းမည်သဘောရှိသည်။ ထို့.ကြောင့် လင်းကင်းက နိဂုံးချုပ်တွင် "နယ်ချဲ့ လွတ်လပ်မှုကို ထောက်ခံရာတွင် ဖရီး ဆွိုင်းလားစ်ပါတီသည် ဝုစ်

www.burmeseclassic.com

ပါတီကို ထောက်ခံအားပေးနေပါတယ်" ဟု လင်းကင်းက ပြောဆိုခဲ့သည်။ ထိုးစံအတိုင်း လင်းကင်း၏ ဂူးစတာမိန့်.ခွန်းကို ဂုစ်ပါတီကို လိုလားသော သတင်းစာများက ချီးကျူးရေးသားခဲ့ကြသည်။ သို့သော်လည်း ဘော့စ်တင် သတင်းစာတစ်စောင်က လင်းကင်း၏ မိန့်.ခွန်းသည် "စူးစမ်းတွေ့ခေါ်တတ်မှုနှင့် တည်တည်ငြိမ်ငြိမ် ချင့်ချိန်ဆုံးဖြတ်တတ်မှုဖြစ်သည်" ဟု ရေးသားခဲ့သည်။ အခြားတစ်စောင်ကလည်း ဂူးစတာတွင် ကြားဖူးသည့် အကောင်းဆုံး မိန့်.ခွန်းဖြစ်သည်ဟု ဖော်ပြခဲ့သည်။ ဒီမိုကရက်နှင့် ဆိုရှင်းလ်ပါတီကို လိုလားသော သတင်းစာများကမူ လင်းကင်း၏ မိန့်.ခွန်းကို ပြစ်တင်ရှုတ်ချ ရေးသားခဲ့ကြသည်။

(၅)

လင်းကင်းသည် နိုင်ငံနှင့်ချီသော မဲဆွယ်တရားဟော စည်းမှုလှုပ်ငန်းများကို စိတ်လှုပ်ရှားဆောင်ရွက်ခဲ့သည်။ ဆောင်းဦးကျတွင် ဂုစ်ပါတီသည် အပြတ်အသတ် လွှမ်းမိုးအောင်ပွဲခံမှု ရလိမ့်မည်ဟုလည်း လင်းကင်း ယုံကြည်ခဲ့သည်။ သို့သော်လည်း အီလီနွိုင်းပြည်နယ်မှ ဂုစ်ပါတီဝင်များသည် သူ၏ စိတ်ထက်သန်မှုကို ခွဲဝေခံစားမှု မရှိကြကြောင်း တွေ့ရသဖြင့် လင်းကင်း စိတ်ပူပန်မှု ဖြစ်ခဲ့ရသည်။ သူတို့ အများအပြား ဟန်နရီ ကလေးကိုသာ သန္ဓာရှိကြပြီး တေလာအား သမ္မတလောင်းအဖြစ် ရွေးချယ်မှုအတွက် ယှဉ်ပြိုင်မရဖြစ်နေကြသည်။ ကျန်ဂုစ်များကလည်း စိတ်ရှုပ်နေကြသည်။ ဂုစ်ပါတီသည် မက္ကဆီကို စစ်ပွဲကို ဆန့်ကျင်သော စစ်ပွဲကို နိုင်အောင် ကူညီတိုက်ခိုက်ခဲ့သူတစ်ဦးအား သမ္မတလောင်းအဖြစ် ထောက်ခံရမလားဟု ဘဝင်မကျဖြစ်နေကြသည်။ မကြာမီကမူ နာ အင်္ဂလန်ပြည်နယ်မှ ရွှေ့ပြောင်းနေထိုင် သူများရှိရာ မြောက်ပိုင်းဒေသ ဂုစ်များ၏ အမြင်ကလည်း တစ်မျိုးဖြစ်သည်။ ထိုဒေသမှ ကျွန်ုပ်

ဆန့်ကျင်သူ ဂုစ်ပါတီဝင်များကလည်း တေလာကဲ့သို့ ကျွန်ုပ်ဝင်ရှင်တစ်ဦးကို သမ္မတလောင်းအဖြစ် လွှဲထားခြင်းကို ကန့်ကွက်ခဲ့ကြသည်။ အချို့သော ဂုစ်များသည် ၁၈၄၀ ခုနှစ်နှင့် ၁၈၄၄ ခုနှစ်များတွင် လွတ်လပ်ရေးပါတီ(လစ်ဘာတီပါတီ)[2]၌ သို့ ကူးပြောင်းသွားခဲ့ကြသည်။ ဂယ်လီနာခရိုင်တွင်လည်း ဂုစ်များ ခါးခါးသီးသီး ကွဲပြားနေသည်။ အကြောင်းကမူ စစ်ပွဲမှ ဒဏ်ရာရပြီး ပြန်လာသော ဘေကာသည် ဒေသခံ ဂုစ်ခေါင်းဆောင်များကို ဘေးဖယ်ပြီး ၄င်းက ကွန်ဂရက်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။

လင်းကင်း၏ သတ္တမခရိုင် မဲဆန္ဒနယ်တွင်လည်း ဂုစ်အချင်းချင်း သေင့်တင့်ဘဲ ဖရိုဖရဲဖြစ်နေခဲ့သည်။ ဂုစ်ညီလာခံက လင်းကင်း၏နေရာကို ဆက်ခံပြီး ကွန်ဂရက်အမတ် ရွေးကောက်ပွဲဝင်ရန်အတွက် စတီဖင် တီလိုင်[2]ကို ထောက်ခံလွှာထားခဲ့သည်။ သို့သော်လည်း မဲဆန္ဒရှင်များက လိုင်၏ စိတ်ဓါတ်မှာ သိမ်ဖျင်းပြီး လောဘရမ္မက် တပ်မက်သူဖြစ်သည်ဟု ယူဆကြသည်။ ဩဂုတ်လ ကွန်ဂရက်ရွေးကောက်ပွဲတွင် လိုင် ရှုံးခဲ့သည်။ လွန်ခဲ့သောနှစ်နှစ်က လင်းကင်းအား အများဆုံးစံချိန်မဲ ၁,၅၁၁ မဲပေးခဲ့သော နယ်မြေမဲဆန္ဒရှင်များ က ဒီမိုကရက်အမတ်လောင်း သောမတ်စ် အယ်လ်ဗာရွန်ကို ၁၀၆ မဲ အသာဖြင့် အနိုင်ရအောင် မဲပေးခဲ့ကြသည်။

အောက်တိုဘာလတွင် လင်းကင်းသည် အီလီနွိုင်းပြည်နယ် သို့ ပြန်လာခဲ့သည်။ သမ္မတရွေးကောက်ပွဲမတိုင်မီ သူ၏ မဲဆွယ် တရားဟောမှုလမ်းကြောင်းကိုလည်း ပြောင်းပစ်ရန် ကြိုးစားခဲ့သည်။ တေလာ၏ ပြိုင်ဘက်တစ်ဦးဦးကို မဲပေးခြင်းသည် နယ်မြေသစ်များတွင် ကျွန်စနစ်ကျူးရန် တားမြစ်ရေး၊ ကျွန်စနစ်မတည်မြဲရေးတို့.ကို ဆန့်ကျင်ရန်အတွက် ခံပေးခြင်း ဖြစ်လိမ့်မည်ဟု ရှိကာဂိုတွင် လင်းကင်းပြောခဲ့သည်။ သို့သော်လည်း အီလီနွိုင်းစတိတ်ဒ် ရက်ဂျစ်စတာ သတင်းစာက မက္ကဆီကိုစစ်ပွဲကို လင်းကင်း ထောက်ခံခဲ့ခြင်းကြောင့် ကွန်ဂရက် ရွေးကောက်ပွဲတွင် လိုင်

www.burmeseclassic.com

ရုံးခဲ့ရသည်ဟု စွပ်စွဲရေးသားခဲ့သည်။ လင်းကင်းသည် စပရင်းဖီးလ်မြို့၌ တရားဟောခြင်း မပြုလုပ်ခဲ့။ သတ္တမခရိုင်တွင် တရားပွဲကိုးကြိမ်နှင့် ကျွန်စနစ်ဆန့်ကျင်မှု ပြင်းထန်သော မြောက်ပိုင်းဒေသတို့တွင်သာ အများဆုံး ဟောပြောခဲ့သည်။

ကျွန်စနစ်ဖျက်သိမ်းမှု မလိုလားသူများ၊ ၁၈၄၄ ခုနှစ်တွင် လစ်ပါတီဘက်သို့ ကူးပြောင်းခဲ့ခြင်းကြောင့် ပေါ်လစ်ခ်သည် သမ္မတအဖြစ် အရွေးခံရပုံကို ကိုးကားပြီး ယခုလည်း ဖရီး ဆွိုင်းလ်ပါတီအား ထောက်ခံမဲပေးခဲ့လျှင် ၁၈၄၈ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ကပ်စ်အနိုင်ရရှိရေးကို အထောက်အကူပြုရာရောက်လိမ့်မည်ဟု လင်းကင်းက သတိပေးခဲ့သည်။

လင်းကင်း၏ သတိပေးချက်သည် အရာရောက်ခဲ့သည်။ ကပ်စ်သည် အီလီနွိုင်းပြည်နယ်၌ ဝုစ်နှင့် ဖရီး ဆွိုင်းလ်ပါတီဝင် သမ္မတလောင်းနှစ်ဦးပေါင်း ရရှိသည့် မဲအရေအတွက်ထက် လျော့နည်းရရှိခဲ့သည်။ သတ္တမမြောက်ခရိုင်၌ တေလာသည် ၁၈၄၆ ခုနှစ်က လင်းကင်းရရှိခဲ့သည့် စံချိန်မဲ အရေအတွက်နီးပါး ရရှိခဲ့သည်။ လင်းကင်းအဖို့ ကျေနပ်စရာ အကောင်းဆုံးသော အချက်တစ်ခု တွေ့ရှိခဲ့ရသေးသည်။ သူမဲဆွယ်တရားဟောခဲ့သော ဒေသအားလုံးအနက် တစ်နေရာမှအပ ကျန်နေရာအားလုံးက လိုင်အား ပေးခဲ့သည့် မဲအရေအတွက်ထက်များပြားစွာ ပိုပြီး တေလာအား မဲပေးခဲ့ကြပုံဖြစ်သည်။ ဝုစ်သမ္မတတစ်ဦးအား ရွေးကောက်တင်မြှောက်ခဲ့ရေးအတွက် လင်းကင်း၏တာဝန် ကျေပွန်ခဲ့လေပြီ။

(၆)

နောက်တစ်ဆင့်အနေဖြင့် ပါတီအတွက် မူဝါဒအသစ်များ ဖော်ထုတ်ပေးနိုင်လိမ့်မည်ဟု လင်းကင်းမျှော်မှန်းခဲ့သည်။ ဒီဇင်ဘာလတွင် လင်းကင်း ဝေါရှင်တင်သို့ တစ်ဦးတည်းပြန်လာခဲ့သည်။ မေရီနှင့် ကလေး

များက စပရင်းဖီးလ်သို့ ပြန်သွားကြသည်။ ကွန်ဂရက်လွှတ်တော် ပြန်စလျှင် အဓိက ဗဟိုပြု၍ ဆွေးနွေးမည့်ကိစ္စမှာ ကျွန်စနစ်နှင့် ကျွန်စနစ်မကျယ်ပြန့်လာစေရေးတို့နှင့် ဆက်နွယ်နေသော အကြောင်းအရာများဖြစ်မှန်း လင်းကင်းသိရသည်။ လင်းကင်း မတွေးတောခဲ့မိသော ပြဿနာများမဟုတ်။ ဝေါရှင်တင်သို့ မသွားမီကတည်းက ကျွန်စနစ်အကြောင်းကို လင်းကင်းကိုယ်တွေ့ ဗဟုသုတ နည်းနည်းပါးပါးရှိခဲ့သည်။ နယူးအော်လီးန်စ်သို့ မြစ်ကြောင်းခရီးသွားခဲ့စဉ်ကနှင့် ကဲန်တပ်ကီးရှိ စပီနှင့် တော့ဒ်တို့၏ အိမ်များတွင် တွေ့ကြုံခဲ့ဖူးသည်။

လင်းကင်းသည် ဖခင်ဖြစ်သူအတိုင်း ကျွန်စနစ်ကို "ပင်ကိုအားဖြင့် ဆန့်ကျင်သူ" ဖြစ်ကြောင်း ၁၈၃၇ ခုနှစ်လောက်မှစ၍ သူ ကိုယ်တိုင် အကြိမ်ကြိမ် ပြောခဲ့ဖူးသည်။ "ကျွန်စနစ်သည် မတရားမှု နှင့် ဆိုးသွမ်းသော ပေါ်လစီမူဝါဒနှစ်ခုစလုံး အပေါ်တွင် အခြေခံတည်ဆောက်ထားခြင်းဖြစ်သည်" ဟု လင်းကင်းသည် ၁၈၃၇ ခုနှစ်တွင် အီလီနွိုင်းပြည်နယ်တရားရုံးသို့ တင်သွင်းသောအမှု ကန့်ကွက်မှု၌ ဖော်ပြခဲ့သည်။ သို့သော်လည်း လင်းကင်းသည် ကျွန်စနစ် အဆုံးသတ်ရေးအတွက် တက်ကြွသော ရပ်ဆောင်မှု တစ်ခုကိုမှ ထောက်ခံခြင်း မပြုလုပ်ခဲ့ပေ။ သူ၏ သဘောထားကို အီလီနွိုင်း တရားရုံးသို့ တင်သွင်းသော ကန့်ကွက်လွှာတွင် ဖော်ပြခဲ့သည်။ လင်းကင်းက "ပြည်နယ်သီးသန့်တွင် တည်ရှိနေသော ကျွန်စနစ်ကို ဝင်ရောက်နှောင့်ယှက်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်အရ အမေရိကန်ကွန်ဂရက်လွှတ်တော်တွင် အာဏာမရှိပါ" ဟူ၍ ဖော်ပြခဲ့သည်။

ကျွန်စနစ် ကျယ်ပြန့်တိုးချဲ့သွားမည့် အရေးကတော့ သီးခြားပြဿနာတစ်ရပ်ဖြစ်သည်။ လင်းကင်းတွင် သူနှင့် ခေတ်ပြိုင်အတော်များများ နည်းတူ အယူအဆရှိသည်။ ကျွန်စနစ်ကို လက်ရှိတည်ရှိပြီးသား ဒေသများတွင် ကျင့်သုံးနေပါက အချိန်တန်လျှင် သူ့ဘာသာ ချုပ်ငြိမ်းသွားလိမ့်

www.burmeseclassic.com

မည်ဟု သူတို့က ယူဆကြသည်။ ကျွန်စနစ် ကျယ်ပြန့်လာမှု မရှိလျှင် အမြတ် ရရှိနိုင်သောအလုပ် မဟုတ်တော့ဘဲ ဖြစ်လာမည်။ သို့ဆိုလျှင် ကျွန်စနစ်ကို စွန့်လွှတ်ကြလိမ့်မည်ဟုလည်း လင်းကင်းက ယုံကြည်သည်။ ဤရှုထောင့်မှကြည့်လျှင် "တောင်ပိုင်းသားများက ကျွန်စနစ်ကို ခုခံကာ ကွယ်လာရန် သွား၍ လှုံ့ဆော်ခြင်း မဖြစ်ဖို့ အရေးကြီးသည်။ ကျွန်စနစ် ပပျောက်ရေးလမ်းစဉ်များကို ကြေညာချမှတ်ခြင်းသည် ကျွန်စနစ်ဆိုးဝါးလာ မှုများကို လျော့နည်းသွားအောင်လုပ်ခြင်းထက် ပိုမိုကြီးထွားလာအောင်လုပ် ရာကျမည်"ဟုလည်း လင်းကင်းယုံကြည်သည်။ သို့သော်လည်း နယ်မြေ သစ် များသို့ ကျွန်စနစ်ကူးမသွားရေးမှာလည်း တန်းတူအရေးကြီးပေသည်။

လင်းကင်းသည် အောက်လွှတ်တော်အမတ်ဖြစ်လာခဲ့ပြီးနောက် သူ၏ ရပ်တည်မှု အနေအထားကိုလည်း ချိန်ချိန်ဆဆ ညှိမျှအောင် ကြိုးစားခဲ့သည်။ မကွန်ဆီကိုစစ်ပွဲကြောင့် ရရှိခဲ့သော နယ်မြေ သစ်များသို့ ကျွန်စနစ်မကူးရေးအတွက် ဝီးလ်မောရွှင်းချက်ကို အကြိမ်ကြိမ်အခါခါ စကားစစ်ထိုးပွဲများ ပြုလုပ်သည်ကို လင်းကင်း မပါဝင်ဘဲနေခဲ့သည်။ ပထမ ဆုံးအကြိမ် ကွန်ဂရက်အမတ်ဖြစ်လာတော့လည်း ၇စ်သမ္မတတစ်ဦး အရွေး ရရေးသည် လင်းကင်း၏ အခြေခံရည်မှန်းချက် ဖြစ်ခဲ့သည်။ "အင်းဒီးရင် လူငယ်များအုပ်စု" အဖွဲ့ဝင် တောင်ပိုင်း၇စ်များမှ အဲလက်ဇန်းဒါး စတီဗင်း လိုလူနှင့် နီးနီး ကပ်ကပ် လက်တွဲလုပ်ဆောင်ရင်း ဒေသပိုင်းဆိုင်ရာ (ကျွန် စနစ်ကြောင့်) မလိုမုန်းတီးမှုများကိုလည်း လှုံ့ဆော်မပေးလိုခဲ့ပေ။ သို့ သော်လည်း ထိုပြဿနာကို လင်းကင်း လုံးဝ ရှောင်ရှားရန်မှာ မဖြစ်နိုင်ကြောင်း လင်းကင်း တွေ့ကြုံခဲ့ရသည်။ ထို့အတွက် ဝီးလ်မောရွှင်းချက်အတွက် အစည်းအဝေးများကို လင်းကင်း ငါးကြိမ်ထက်မနည်း တက်ရောက်ခဲ့ရပြီး ရွှင်းချက်နှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပတ်သက်၍ ထောက်ခံပေး ပေးခဲ့ရလေသည်။

လင်းကင်းသည် ဒုတိယအကြိမ်မြောက် ကွန်ဂရက်အမတ်အဖြစ်

အရွေးခံခဲ့ရသည်။ ထိုအခါတွင်မူ သူ့အနေဖြင့် ဘာသိဘာသာ နေ၍ မလွယ်တော့ကြောင်း တွေ့ရှိလာရသည်။ ကျွန်စနစ်ဆန့်ကျင် သော ကွန် ဂရက်အမတ်များက ဝီးလ်မောရွှင်းချက်ကို ဥပဒေအဖြစ် ပြဋ္ဌာန်းရန် အကြိမ်ကြိမ် ကြိုးစားခဲ့ကြသည်။ သည်တစ်ကြိမ်တွင် သူတို့က ဝေါရှင်တင် မြို့တော်ရှိရာ ကိုလမ်းဘီးယားခရိုင်တွင် ကျွန်စနစ် ပပျောက်ရေး သို့မဟုတ် အနည်းဆုံး ကန့်သတ်တားမြစ်ရေးအတွက် အားစိုက်ဆောင်ရွက်လာ ကြပြန်ပုံကို လင်းကင်း တွေ့ရှိခဲ့ရသည်။ ဝေါရှင်တင်တွင် ကျွန်ပေါင်း ၂,၀၀၀ ရှိနေသည်ကို ကွန်ဂရက်အမတ် အားလုံးက သိနေကြသည်။ အမေရိကန် လွှတ်တော်အဆောက်အဦနှင့် နှစ်လမ်းအကွာတွင် အကြီးဆုံး ကျွန်ရောင်း ကျွန်ဝယ်ပြုလုပ်သည့် ဖရင့်ကလင်နှင့် အမ်းဖီးလ်ကုမ္ပဏီ[27]၏ ကျွန်အရောင်း အဝယ်ဂိုဒေါင်ကြီး ရှိနေသည်။ ထိုအဆောက်အဦကို လင်းကင်းက နီးဂရိုးတို့၏ ကျွန်မြင်းဧရောင်းဟု ခေါ်ဆိုခဲ့သည်။[28] ထိုဂိုဒေါင်အဆောက်အဦထဲ၌ ကျွန်များကို စုထားပြီး ခေတ္တထိန်းထားသည်။ ထို့နောက် တောင်ပိုင်းဒေသ တွင် ရောင်းချရန် ပို့ပေးသည်။ နိုင်ငံခြားမှ လေ့လာသူများ၏ အမြင်တွင် လွတ်လပ်မှုကို အမြတ်တနိုးထားသည်ဆိုသော နိုင်ငံ၏လွှတ်တော် ကက်ပီတော်လ်အဆောက်အဦ၏ မျက်စိအောက်တွင် ယောကျ်ား၊ မိန်းမ များကို အရောင်းအဝယ်ပြုလုပ်နေသည့် ဖြစ်ရပ်သည် လက်ညှိုးထိုးပြစရာ ဖြစ်ခဲ့ သည်။

ဝေါရှင်တင်မြို့တော်တွင် ကျွန်စနစ်ရှိနေခြင်းနှင့် ကျွန်အရောင်း အဝယ်ပြုလုပ်ခြင်းကို အဆုံးသတ်စေရေးအတွက် ကျွန်စနစ်ဆန့်ကျင်သော ကွန်ဂရက်အမတ်များက ၄င်းတို့၏ မဲဆန္ဒနယ်များမှ တစ်ဦးပြီးတစ်ဦး ဆက်တိုက်လျှောက်လွှာများ ရေးသားပေးပို့လာကြသည်။ မက်ဆာချူး ဆက်ပြည်နယ်မှ ကျွန်စနစ်ဆန့်ကျင်ရေးစိတ်ဓါတ် အလွန်ပြင်းထန်သော ခရီး ဆွဲငင်လ်ပါတီအမတ် ဂျွန် ဂေါဟမ် ပေါလ်ဖရေး[29]က ပြည်ထောင်စု မြို့တော်ရှိရာ ခရိုင်အတွင်း၌ ကျွန်စနစ်ကို ခွင့်ပြုသော ဥပဒေ၊ ကျွန်စနစ်ကို

www.burmeseclassic.com

ထိန်းသိမ်းထားခွင့်ပြုသော ဥပဒေ အားလုံးကို ဖယ်ရှားရပ်သိမ်းပစ်ခဲ့ရ
အဆိုပြုခဲ့သည်။ အမတ် ကျို ရှုဝါ ဂစ်ဒင်းစ်ကလည်း ကိုလမ်းဘီးယားခရိုင်
အတွင်း၌ ကျွန်စနစ် ဆက်လက်ထားရှိခွင့်အတွက် ခရိုင်ဒေသခံများထံ
ပြည်သူ့ဆန္ဒကောက်ခံပွဲကျင်းပပေးရန် လိုလားတောင်းဆိုခဲ့သည်။ အမတ်
၏ တိုက်တွန်းချက်အရ ဂစ်ဒင်းစ်က လူဖြူလူမည်းအားလုံး ဆန္ဒမဲပေးခွင့်
ရသင့်သည်ဟု ကြေညာခဲ့သည်။ နယူးယောက်မှ ဝှစ်အမတ် ဒဲန်နီယယ်
ဂျဲဆ်[30]ကလည်း အောက်လွှတ်တော်အတွင်း၌ တောင်ပိုင်းသား အခြေ
ဦးရေများ မရှိ ခိုနိုတွင် ဝေါရှင်တင်၌ ကျွန်စနစ်ဖျက်သိမ်းရေးကို ဆွေး
ဆုံးဖြတ်စေရန် တိုက်တွန်းခဲ့သည်။

ဤကဲ့သို့ စိတ်လိုက်မာန်ပါပြုလုပ်ခဲ့ကြသော ဆွေးနွေးပွဲများ
လင်းကင်း ပါဝင်ခဲ့လှသည်။ လင်းကင်းက သူ၏ နှုတ်ဝဲမှု အကြောင်းရင်း
ရှင်းမပြခဲ့။ သို့သော် သူ၏အနေအထားကို သူ၏ ဆန္ဒပေးပုံက ဖော်ပြထိုး
သည်။ ပထမပြင်ဆင်ချက်ဥပဒေတွင် ပါဝင်သည့် နိုင်ငံသားတိုင်းသည်
မကျေနပ်ချက်များကို အစိုးရအား တိုင်ကြားနိုင်သည့် အခွင့်အရေးကို လင်း
ကင်းက လက်ခံသဖြင့် ကိုလမ်းဘီးယားခရိုင် ကျွန်စနစ်နှင့် ပတ်သက်သည့်
အဆိုပြုလွှာများအားလုံးကို အစိုးရက လက်ခံရန် မဲပေးသည်။ သို့သော်
ကျေ်ထိ်၏အဆိုကိုမူ ထောက်ခံမဲ မပေးခဲ့ချေ။ ကျေ်ထိ်အဆိုအရ ဝေါရှင်တန်
မြို့သားတို့၏ ခွင့်ပြုချက်မပါဘဲ ကျွန်စနစ်ဖျက်သိမ်းရေးဆိုသည်ကို
လင်းကင်း လက်မခံနိုင်သည့် ကိစ္စဖြစ်သည်။

၁၈၄၉ ခုနှစ်၊ ဧန်နဝါရီလ ၁၀ ရက်နေ့တွင် အောက်လွှတ်
တော်၌ လင်းကင်း စကားပြောခဲ့ရသည်။ နယူးယောက်အမတ် ကျေ်ထိ်
အဆိုကို ဆွေးနွေးပြီး အစားထိုးအဆိုတစ်ခု တင်ပြရန်ဖြစ်သည်။ လင်းကင်း
က ကိုလမ်းဘီးယားခရိုင်ရှိ ကျွန်စနစ်နှင့်စပ်လျဉ်း၍ ပြည်သူ လူထု
ဆန္ဒခံယူရန် တင်ပြခဲ့သည်။ "မျက်နှာဖြူအမျိုးသားအားလုံး" ပါဝင်ခဲ့
ကြရန်ဖြစ်သည်သာမက လူအများစု ဆန္ဒမဲက ကျွန်စနစ်ကို မလိုလား

ကြောင်း မဲပေးခဲ့ကြလျှင် ထိုခရိုင်အတွင်း၌ ကျွန်စနစ် ချုပ်ငြိမ်းရန်ဖြစ်သည်။
သို့သော်လည်း ပြည်ထောင်စု ဝန်ထမ်းများ၏ ကိုယ်ပိုင်အစေခံများအား
ဆက်လက်ထားရှိခွင့်ပြုရန်ဖြစ်သည်။ လက်ရှိအချိန်တွင် စာချုပ်ဖြင့် အနှောင်
အဖွဲ့မိနေသော ကျွန်များအား ဆက် လက်ထားရှိစေရန်နှင့် ကျွန်များအား
လွှတ်ပေးရန် ပိုင်ရှင်က သဘော တူခဲ့လျှင် အမေရိကန်အစိုးရ ဘဏ္ဍာရေး
ရန်ကြိုးဌာနက ထိုကျွန်များ အတွက် လက်ငင်းငွေအဖြစ် တန်ဖိုးအပြည့်အဝ
ကို ကျွန်ပိုင်ရှင်အား ထုတ်ပေးရန်ဖြစ်သည်။ ၁၈၅၀ ခုနှစ်နောက်ပိုင်းတွင်
ကျွန်မိခင်များက မွေးဖွားသော ကလေးများအား လွတ်လပ်ခွင့်ပေးရန်ဖြစ်
သည်။ ကျွန်စနစ် ကျင့်သုံးသော ပြည်နယ်များ ကျေနပ်စေရန်အတွက်လည်း
လင်းကင်းက မက်လုံးဖြည့်ပေးခဲ့သည်။ ထိုပြည်နယ်များမှ ထွက်ပြေးလာ
သော ကျွန်များအား ဖမ်းဆီးပြီး ၄င်းတို့၏ ပိုင်ရှင်များထံ ပြန်အပ်နှံ
စေရေးအတွက် ကိုလမ်းဘီးယားခရိုင်မှ မြူနီစီပယ်အာဏာပိုင်များက
စာက်တက်ကြွကြွနှင့် ထိထိရောက်ရောက် ဆောင်ရွက်ပေးရမည်ဟု ထည့်
သွင်းဖော်ပြခဲ့ခြင်းဖြစ်သည်။

ဤသို့ဖြင့် လင်းကင်းသည် ကျွန်စနစ်နှင့် စပ်လျဉ်း၍ အစွန်း
ရောက်သူများ နှစ်ဦးနှစ်ဖက် လက်ခံနိုင်ရန် တည်ငြိမ်စွာနှင့် စိတ်ရှည်သော
ဆွေးနွေးမှုများကို ပြုလုပ်ပေးခဲ့သည်။ ကျွန်စနစ်ကို ဆန့်ကျင်သူများနှင့်
ကျွန်စနစ်ကို လိုလားသူ၌ ခုခံကာကွယ်သူ တောင် ပိုင်းသားများ လက်ခံနိုင်မည့်
ညှိနှိုင်းမှုများ လင်းကင်းလုပ်ဆောင်ခဲ့သည်။ လင်းကင်း၏ တည်ငြိမ်မှုနှင့်
စိတ်ရှည်စွာ ဆွေးနွေးမှုတို့မှာ နောင်တွင် သူ့အစိုးရ၏ ထင်ရှားသော အမှတ်
အသားဖြစ်လာခဲ့သည်။ လင်းကင်းက ဆင်ခြင်တုံတရားရှိပြီး မလျှိမပြို
ဝဒါကျသော ချဉ်းကပ်မှုနှင့် ကိုင်တွယ်ခြင်းသည် အဓိက အမျိုးသားရေး
ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာ၌ ဝှစ်တို့ ချမှတ်သင့်သော လမ်းစဉ်
ဖြစ်သည်ဟု ယုံကြည်ခဲ့သည်။

အစွန်းရောက်နှစ်ဖက်မှ ထောက်ခံချက်များ ရရှိခဲ့သဖြင့် လင်း

www.burmeseclassic.com

ကင်းသည် စိတ်အားတက်ပြီး ဥပဒေကြမ်းတစ်ခုကို တင်ပြရန် စီစဉ်ခဲ့သည်။ သို့သော်လည်း သူ၏ အစီအစဉ်ကို လူသိရှင်ကြား ဖြစ်အောင် ဖွင့်ဟလိုက်သောအချိန်တွင် သူရရှိခဲ့သော ထောက်ခံမှုများ ပျောက်ကွယ်သွားပုံကို လင်းကင်းတွေ့ရှိခဲ့ရသည်။ မြောက်ပိုင်းမှ ကျွန်စနစ်ဆန့်ကျင်သူများက ကျွန်များကို လွှတ်ပေးရန် ကျွန်ပိုင်ရှင်များအား ငွေပေးရေးမှာ ကျွန်စနစ်ကို တရားဝင်ကြောင်း အသိအမှတ်ပြုရာကျလိမ့်မည်ဟု ပြောဆိုကန့်ကွက်ခဲ့ကြသည်။ ကျွန်စနစ် ပပျောက်ရေးအတွက် တစ်ယူသန်စိတ်ပြင်းထန်လွန်းလှသော ဝဲန်ဒယ်လ် ဖီးလစ္စနှင့် အပေါင်းပါများက လင်းကင်းအား "အီလီနွိုင်းမှ ကျွန်လိုက်ခွေးကြီး"[31] ဟုပင် တရားသေအမည်ပေးခေါ်ဆိုခဲ့ကြသည်။ ပြင်းထန်သော တောင်ပိုင်းသားများကလည်း လင်းကင်း၏ အစီအစဉ်ကို ဆန့်ကျင်ခဲ့ကြသည်။ လင်းကင်း၏ အစီအစဉ်မှာ တစ်နိုင်ငံလုံးတွင် ကျွန်စနစ် ဖျက်သိမ်းရေးအတွက် ပထမဆုံးခြေလှမ်းဖြစ်သဖြင့် ဝေါရှင်တန်မြို့တော်ဝန် ဝီလျံ ဆီတင်က မထောက်ခံရန်အတွက် တောင်ပိုင်းကွန်ဂရက် အမတ်များက သွားရောက်တိုက်တွန်းခဲ့ကြသည်။

ထို့ကြောင့် လင်းကင်းသည် သူစိတ်ကူးရှိသော ဥပဒေကြမ်းကို မတင်ပြခဲ့တော့ပါ။ လင်းကင်းက နောင်အခါတွင် "ကျွန်တော့်ကို ယခင်က ထောက်ခံခဲ့သူများက ကျွန်တော့်ကို စွန့်ခွာ သွားခဲ့ကြခြင်းကြောင့်နဲ့ ကျွန်တော့်အနေနဲ့ တစ်ဦးချင်းဩဇာအာဏာ နည်းပါးမှုရှိပုံတို့ကို တွေ့ရှိခဲ့ရပါတယ်။ အဲဒါကြောင့် အဲဒီအချိန်မှာ ဒီကိစ္စကို ဥပဒေဖြစ်အောင် မတင်ပြခဲ့လက်လျော့ခဲ့ခြင်းဖြစ်ပါတယ်" ဟု ထုတ်ဖော်ပြောခဲ့သည်။ ထို့အပြင် အကျိုးပြုစီမံချက်တစ်ခုနောက် တွင် ဝှစ်ပါတီသည် တစ်ညီ တစ်ညွတ်တည်း ရပ်တည်လိမ့်မည်ဟု မျှော်လင့်၍ မရနိုင်ကြောင်းကိုလည်း လင်းကင်းခံစားခဲ့မိခြင်းကြောင့် ဖြစ်ပေသည်။

(၇)

လင်းကင်း၏ စိတ်ဖျက်မှုသည် တေလာအစိုးရကြောင့်လည်း ပို၍ကြီးထွားခဲ့သည်။ ၁၈၄၉ ခုနှစ် မတ်လတွင် တေလာအစိုးရတက်လာခဲ့သည်။ သို့သော်လည်း တေလာအစိုးရသည် ဝှစ်ပါတီ၏ ညီညွတ်မှုကို ခိုင်မာအောင် နာယကပီသစွာ မဆောင်ရွက်နိုင်ခြင်းကြောင့်ဖြစ်သည်။ တေလာအစိုးရတက်လာလျှင် ဒီမိုကရက်ဝန်ထမ်းဟောင်းများကို ဖယ်ရှားပြီး ဝှစ်ပါတီအပေါ်တွင် သစ္စာရှိသူများနှင့် အစားထိုးပေးလိမ့်မည်ဟု တစ်နိုင်ငံလုံးရှိ ဝှစ်ပါတီဝင်များက ယူဆခဲ့ကြသည်။ မဲဆန္ဒနယ်မြေအသီးသီးမှ အလုပ်လိုလားကြသူများက လင်းကင်းနှင့် အခြားကွန်ဂရက်အမတ်များထံ လျှောက်လွှာများ ရေးသားပေးပို့ခဲ့ကြသည်။ လျှောက်လွှာတင်သူတိုင်းသည် မြေတိုင်းရုံးမှ မှတ်ပုံတင်အရာရှိ၊ စာတိုက်မှိုလ်၊ ရဲမှူးစသည်တို့မှ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ အတွင်းရေးမှူးအထိ ရာထူးမျိုးစုံကို လိုလားကြသည်။

အလုပ်မရရှိသော လျှောက်လွှာရှင်တိုင်းသည် နိုင်ငံရေး ရန်သူဖြစ်လာနိုင်မှန်းကို လင်းကင်း ရိပ်စားမိခဲ့သည်။ ထို့ကြောင့် လင်းကင်းသည် အပင်ပန်းခံပြီး အားပေးစာများ ပြန်ရေးခဲ့သည်။ လှည့်ဖြားသော မျှော်လင့်ချက်များကို မပေးမိအောင်လည်း ဂရုစိုက်ရေးခဲ့ရသည်။ "လျှောက်ထားသော အလုပ်အတွက် လုပ်ပိုင်ခွင့် ကျွန်တော့် လက်ထဲသို့ ရောက်ရှိလာခဲ့လျှင် တရားမျှတစွာ အကြောင်းပြန်ကြားချက် ကြားသိစေရပါမည်" ဆိုသည့်စာမျိုး ရေးသားပြန်ကြားခဲ့ရသည်။

ဝှစ်ပါတီ ပိုမိုအားကောင်းရေးအတွက် ရာထူးများ ခွဲဝေပေးခြင်းကို ပြုလုပ်သင့်သည်ဟု သူတွေးမိကြောင်း လင်းကင်းက တက်လာသော ဝှစ်အစိုးရ ထောက်ခံအကြံပေးခဲ့သည်။ သို့သော်လည်း သမ္မတ တေလာသည် ရာထူးရှိနေသော ဒီမိုကရက်တစ်များကို တစ်ပြုံကြီး ဖယ်ရှားပစ်ရန် ဝန်လေးကြောင်း လင်းကင်းတွေ့ရှိလာသည်။ ထိုအခါတွင် လင်းကင်းက "ဒီမို

www.burmeseclassic.com

ကရက်တို့.အား ခန့်.အပ်ထားခြင်းမရှိသည့် ရာထူးမျှားတွင် ၄စ်ပါတီဝင် တစ်ဦးအား ခန့်.ထားသင့်သည်" ဟု တိုက်တွန်းခဲ့ပြန်သည်။ ဒီမိုကရက် တစ်ဦးသည် ပါတီစွဲပြင်းထန်ကြောင်း သိရတိုင်း လင်းကင်းက ၄စ်တစ်ဦးဦးကို အစားထိုးခန့်.ထားရန် စိတ် သန်ခဲ့သည်။ စပရင်းဖီးလ်မြေစာရင်းမှ လက်ရှိ ငွေကိုင်သည် လုပ်ငန်း တာဝန်ဝတ္တရား ထမ်းဆောင်မှု ကောင်းမွန်သော်လည်း "ထိုသူသည် ဒီမိုကရက်ပါတီခွဲသန့်သူဖြစ်ပြီး တေလာ သမ္မတ မဖြစ်ရေး အတွက် တက်တက်ကြွကြွ ဆန့်.ကျင်ခဲ့သူဖြစ်၍ သူ.ကို ဖယ်ရှားရန် ဒေသခံ၄စ်များက လိုလားကြသည်" ဟု လင်းကင်းက ပြည်တွင်းရေးဝန်ကြီးဌာ ပွင့်ပွင့်လင်းလင်း စာရေးပြီး သူ.နေရာတွင် ဝေါ်လ်တာ ဒေးဗစ်အား ခန့်.ထားရန် လင်းကင်းက ထောက်ခံခဲ့သည်။ ထိုနည်း တူစွာပင် စပရင်ဖီးလ်စာတိုက်မိုလ်နေရာတွင် သူ၏သူငယ်ချင်း အေဝိုင် အဲလစ္စကို ခန့်.ထားရန် ထောက်ခံခဲ့ရာ၌ "လက်ရှိ စာတိုက်မိုလ် ဂျေ အာရ် ဒီလာသည် ဂုံးလုပ်ငန်း တာဝန်ဝတ္တရားများ ထမ်းရွက်ရာမှာ ချွတ်ယွင်းသည်ဟု ကျွန်တော် မပြောလိုပါ။ သို့.သော် ၄င်းသည် ဒီမိုကရက်တစ်ပါတီစွဲကြီးပြီး ကျွန်တော်တို့.အား ဆန့်.ကျင်သူဖြစ်သည်။ ပြီးတော့ ၄င်းသည် ပြည်နယ်ဒီမိုကရက်တစ် ဗဟိုကော်မတီဝင်တစ်ဦးလည်း ဖြစ်နေသည်" ဟု လင်းကင်းထရေးသားဖော်ပြခဲ့သည်။

တေလာအစိုးရတက်လာခါစတွင် လင်းကင်းသည် ရာထူး ရရှိရန် ကြိုးစားခဲ့သူ မဟုတ်ပါ။ မိတ်ဆွေ ဘေကာက ဝန်ကြီးရာထူး တစ်နေရာ သို့.မဟုတ် သံတမန်တစ်ဦးအဖြစ် ခန့်.ထားရန် တောင်းဆိုမှုကိုပင် လင်းကင်းက ထောက်ခံပေးခဲ့သေးသည်။ ကဲနိတပ်ကီးအုပ်ချုပ်ရေးမှူးဆ ဘေကာကို အထင်မကြီး၊ သူက "အေဘရာဟမ်ရှိသားပဲ၊ သူက တက်လူထိုကျွန်တော်ယူဆတယ်၊ သူလျှောက်လာရင် ကျွန်တော်ထောက်ခံမယ်" တူပြောခဲ့သည်။ သို့.သော်လည်း လင်းကင်းက မြှောက်ပင့်မှုကို လက်မခံခဲ့။ "ကျွန်တော့်ကို ပထမတန်းစား အမှုထမ်းတစ်ဦးအဖြစ် အသိအမှတ်ပြု

လောက်အောင် ဘာမှ မရှိပါဘူး၊ ရာထူးလိုချင်ကြသူတွေက ကျွန်တော့်ကို ဒုတိယတန်းစား တစ်ယောက်လို့ ငြိုငြင်ကြမှာကိုလည်း ကျွန်တော် မခံနိုင်ပါဘူး" ဟုပင် လင်းကင်းက ပြန်ပြောခဲ့သည်။

သို့.သော်လည်း များမကြာမီတွင် လင်းကင်းသည် သူကြိုးစား ရောင်ခဲ့သော ထောင်ချောက်အတွင်းသို့ ရောက်ရှိသွားခဲ့သည်။ ဗဟို မြေစာရင်းရုံး၏ ကော်မရှင်နာမင်းကြီးရာထူးကို အီလီနွိုင်းပြည်နယ်မှ ၄စ်ပါတီဝင်တစ်ဦးအား ခန့်.ထားလိုမှုမည်ဟု အထင်အရှားသိလာရသည်။ ထိုရာထူးမှာ တစ်နှစ်လျှင် လစာ ဒေါ်လာ ၃,၀၀၀ ပင် ရမည်ဖြစ်ပြီး ဩဇာ အာဏာရှိသည့် ထင်ရှားသော ရာထူးကြီးတစ်ခု ဖြစ်သည်။ ကော်မရှင်နာမင်းကြီးသည် ပြည်သူပိုင်မြေများအားလုံးကို ယေဘုယျအားဖြင့် အုပ်ချုပ်ရသည်။ မြေများ မည်သို့.ရောင်း၍ မည်သည့်အခါတွင် ရောင်းရမည်ကို သူ၏ဆုံးဖြတ်ချက်ဖြင့်သာ ပြုလုပ်ရသည်။ အနောက်ဘက်ပိုင်းဒေသတွင် မြေယာသစ်များ၌ တိုးချဲ့.နေထိုင်ရေးကို အများကြီး ဆောင်ရွက်ပေးနိုင်သည်။ ပြည်နယ်အစိုးရများသို့ မြေများရောင်းချရေးသည် သူ၏လက်ထဲတွင် ရှိသည်။ ထိုအလုပ်များ ပေါ်တွင် မူတည်ပြီး မီးရထားလမ်းများ ဖောက်လုပ်ရေးနှင့် အခြား သောပြည်တွင်းပိုင်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ပေးနိုင်သည်။ အနောက်ဘက်ပိုင်းသားများ၏ အယူအဆအရ ထိုရုထူးအတွက် အနောက်ဘက်ပိုင်းဥပဒေများကို နားလည်သူ၊ အနောက်ဘက်ပိုင်းမှ လယ်သမားများနှင့် မီးရထားလမ်း တည်ဆောက်သူများ၏ လိုအပ်ချက်များကို နားလည်သူတစ်ဦးဦး ဖြစ်သင့်သည်ဟု ထင်မြင်ကြသည်။ ထိုရာထူးကို ၄စ်တစ်ဦးအား ခန့်.ထားခြင်းဖြင့် သူတို့.၏ ပါတီအားကောင်းရေးနည်းလမ်းတစ်ခုဖြစ်မည်ဟု အီလီနွိုင်းပြည်နယ် မှ ၄စ်များက မြင်ခဲကြသည်။

လင်းကင်း၏ မိတ်ဆွေအချို့.က သူ.အား ထိုရာထူးအတွက် လျှောက်ထားရန် တိုက်တွန်းခဲ့ကြသည်။ ထိုအလုပ်သည် ရှေ့.နေအလုပ်ထက်

www.burmeseclassic.com

ပိုကောင်းမည်ဟု အကြံပေးခဲ့ကြသည်။ သို့သော်လည်း လင်းကင်းက တအုံနွေးနွေး၊ စိတ်မပါတပါဖြစ်နေသည်။ သူ ထိုရာထူး ရရှိရေးအတွက် ဝှစ်ကွန်ဂရက်အမတ်များက ထောက်ခံကြမည်ဖြစ်ပြီး ထိုအလုပ်သည် အခြားအလုပ်များထက် ဝင်ငွေပိုရှိ၍ ရမည်ဖြစ်မှန်း လင်းကင်းယုံကြည်ခဲ့သည်။ သို့သော်လည်း လင်းကင်းသည် ရှေ့နေ အသက်မွေးဝမ်းကျောင်းကို သူမစွန့်လွှတ်လိုပေ။ လင်းကင်းက ဝှစ် တရားသူကြီးဟောင်းနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် အရွေးမခံခဲ့ရသူ စိုက်ရပ်စ် အက်ဒွပ်စ်အား ထောက်ခံခဲ့သည်။ ထိုသူမှာ လင်းကင်း၏ ယောက်ဖ နီနီယန် အက်ဒွပ်စ်နှင့် အမျိုးတော်သူဖြစ်သည်။

သို့သော်လည်း ဆိုက်ရပ်စ် အက်ဒွပ်စ်ကို ဝှစ်နာယကတစ်ဦးဖြစ်သူ ဘေကာက မကြိုက်၍ ရာထူးမရနိုင်ဘဲဖြစ်နေသည်။ ဘေကာက ကျိမ်းစ် ဒီ မောရစ်ဆင်အား ကြိုက်သည်။ အက်ဒွပ်စ်နှင့် မောရစ်ဆင်တို့နှစ်ယောက်စလုံးကို ထောက်ခံသောစာများသည် ပြည်တွင်းရေးဝန်ကြီး (အမျိုးသားဥယျာဉ်များ၊ သဘာဝသယံဇာတများနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာန) သောမတ်စ် အေဝင်[32]၏ စားပွဲပေါ်သို့ တစ်ပုံကြီးဝင်လာခဲ့သည်။ ရာထူးခန့်ထားရေးသည် ဆိုင်းငံ့သွားခဲ့လေသည်။ ကော်မရှင် နာမင်းကြီး ရာထူးကို အီလီနွိုင်းပြည်နယ်သားထဲမှ မရနိုင်တော့မည့် အလားအလာသို့ ဆိုက်ရောက်လာလေသည်။

ထိုသို့ဖြစ်လာသောအချိန်တွင် လင်းကင်းအား ထိုရာထူးကို လျှောက်ထားရန် သူ၏ မိတ်ဆွေများက တိုက်တွန်းခဲ့ကြတော့သည်။ လင်းကင်းက ဆက်လက်ဖင်နေးခဲ့ပြန်သည်။ အဘယ်ကြောင့်မူ သူနှင့် ဘေကာတို့ သဘောတူညီထားမှုတစ်ခုရှိနေ၍ဖြစ်သည်။ အက်ဒွပ်စ်နှင့် မောရစ်ဆင်တို့ နှစ်ဦးအနက်မှ တစ်ဦးဦးကို နှုတ်ထွက်စေရေးအတွက် ဖျောင်းဖျ ဆွေးနွေးပြီး ကျန်တစ်ဦးအား ထောက်ခံရန် သဘော တူထားခဲ့ကြခြင်းကြောင့် ဖြစ်သည်။ လင်းကင်းက "ကျွန်တော့်အနေနဲ့ မြင့်မြတ်တဲ့စိတ်ထားဖို့ တို့

သာ မကဘူး၊ သံသယကင်းစင်အောင်လည်း နေရမယ်" ဟု ပြောခဲ့သည်။ သို့သော် အက်ဒွပ်စ်နှင့် မောရစ် ဆင်တို့နှစ်ဦးစလုံးက ရာထူးကို ငြင်းဆန်ခဲ့ကြမှသာ လင်းကင်းက လက်ခံနိုင်မည်ဖြစ်သည်။

ထိုအခြေအနေကြားမှပင် ဧပြီလ၌ အီလီနွိုင်းမြောက်ပိုင်းမှ ရာထူးအတွက် နောက်ထပ်တစ်ဦး စာရင်းပေါက်လာပြန်သည်။ ရှီကာဂိုမြို့မှ တရားရုံးချုပ်ရှေ့နေဟောင်း ဂျပ်စတင် ဘတ်တားဖီးလ်ဆိုသူ ဖြစ်သည်။ သူ့ကို ဟဲန်နရီ ကလေးနှင့် ဒဲန်နီယယ်လ် ဝက်ဘ်စတာတို့က ထောက်ခံကြပြီး ပြည်ထဲရေးဝန်ကြီး သောမတ်စ် အေဝင်ကလည်း "သူသည် ပြည်နယ်တွင်းမှ အထင်ရှားဆုံး ရှေ့နေတစ်ဦးနှင့် မြေယာရှေ့ နေတစ်ဦးဖြစ်သည်" ဟု ယူဆခဲ့သည်။ ထိုအချိန်တွင် ရာထူးမှန်သမျှကို အီလီနွိုင်းပြည်နယ် အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသမှ သူများကိုသာပေးသည်။ မြောက်ပိုင်း သားများက ခံစားခဲ့ကြသည်။ "မစ္စတာ လင်းကင်းမှာ စပရင်းဖီးလ်နှင့် ဂျက်ဆင်ဗီးလ်ထက်ကျော်ပြီး မြောက်ပိုင်းကို ကြည်လင်စွာ မမြင်ခဲ့" ဟု ပြောခဲ့ကြသည်။ အမှန်မှာ ဘေကာ၏ သြဇာကျဆင်းအောင် လုပ်ဆောင်ခဲ့ကြခြင်းလည်း ဖြစ်သည်။

ဘတ်တားဖီးလ် ရာထူးလျှောက်ထားသော သတင်းက လင်းကင်းကို လှုပ်ရှားစေခဲ့သည်။ လင်းကင်းက သူ့အမြင်ကို ဖော်ပြရာ၌ "ဘတ်တားဖီးလ်ဟာ ကျွန်တော်နဲ့ ပုဂ္ဂိုလ်ရေးအရ ခင်မင်တဲ့ မိတ်ဆွေတစ်ဦးဖြစ်ပါတယ်။ သူ့မှာ ရာထူးနဲ့ ထိုက်တန်တဲ့သူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် အီလီနွိုင်းပြည်နယ်သား တစ်ရာလောက်မှာ သူ့ အရည်အချင်းထက် လျော့နည်းတဲ့သူတစ်ဦးရှိတယ်လို့ ကျွန်တော် မသိမိပါဘူး။ သူ့ကို ခန့်အပ်လိုက်ရင် ကြီးမားတဲ့ နိုင်ငံရေးအမှားကြီး တစ်ခုကို ပြုလုပ်သလို ဖြစ်ပါလိမ့်မယ်။ မစ္စတာ ဘတ်တားဖီးလ်ကိုယ်တိုင်ကလွဲရင် ပြည်နယ်ထဲမှာ ဘယ်ဝှစ်ပါတီဝင်တစ်ဦးကမှ ကျေနပ်ကြမှာ မဟုတ်ပါဘူး" ဟု ပြောပြခဲ့သည်။ ဘတ်တားဖီးလ်သည် ၁၈၄၈ ခုနှစ် သမ္မတလောင်းရွေးချယ်ပွဲ

www.burmeseclassic.com

အတွက် တေလာကို မထောက်ခဲ့ဘဲ ဟဲန်နရီ ကလေးကို ထောက်ခံခဲ့သူ ဖြစ်သည်။ ထို့အပြင် တေလာသမ္မတအဖြစ် အရွေးခံရခြင်းအတွက် လက်တစ်ချက်မြောက်၍ပင် အကူအညီပေးခဲ့ခြင်း မရှိခဲ့ပေ။ လင်းကင်းသည် သူကိုယ်တိုင် ဝင်ရောက်ဆင်နွှဲရန် ဆုံးဖြတ်လိုက်တော့သည်။ သူသည် အီလီနွိုင်းပြည်နယ်မှ ထိပ် တန်း ဝုစ်ခေါင်းဆောင်များနှင့် ဝေါရှင်တင်တွင် သိကျွမ်းခဲ့သော ကွန်ဂရက်အမတ်များထဲမှ ထောက်ခံစာများရအောင် စတင် လှုပ် ရှားခဲ့လေသည်။

လင်းကင်း၏ စည်းရုံးမဲဆွယ်မှုသည် အားကောင်းခဲ့သည်။ ကော်မရှင်နာရာထူးကို ခန့်ထားရန်ကိစ္စကို သမ္မတက သုံးပတ် အချိန်ဆွဲပေးခဲ့သည်။ ဘတ်တားဖီးလ်နှင့် လင်းကင်းတို့ နှစ်ဦးစလုံး ဝေါရှင်တင်သို့ လာရောက်ပြီး အခြေအနေကို လူကိုယ်တိုင် ရှင်းပြစေခဲ့ သည်။ ပြည်တွင်းရေးဝန်ကြီးအောင်က အစကတည်းက ဘတ်တားဖီးလ် ကို လိုလားသူ ဖြစ်သည်။ ယခုလည်း သူသည် လင်းကင်းမကျေနပ်သူ ဝုစ်ပါတီဝင်များက လင်းကင်းကို ဆန့်ကျင်ရေးသားသည့် လျှောက်လွှာတစ်စောင် ယူဆောင်လာသည်ကို အောင်က အထင်ကြီးနေသည်။ သူတို့က လင်းကင်း၏ ကွန်ဂရက်အမတ်ဘဝဆောင်ရွက်မှု များ မကျေနပ်ပုံ၊ တစ်ဦးက မက္ကဆီကို စစ်ပွဲကို လင်းကင်း မထောက်ခံခဲ့သည့် အတွက်ကြောင့် လင်းကင်းကို လူကြိုက်မများခဲ့ပုံ၊ ပြည်နယ်၏ ဝုစ်ပါတီတစ်ရပ်လုံး အကြီးအကျယ်ထိခိုက်ခဲ့ရပုံကို ရေးသားထားကြသည်။ နောက်ဆုံးတွင် သမ္မတတေလာသည် သူ၏ လုပ်နေကျ ပုံစံအတိုင်း ဝန်ကြီးတိုင်းအား မိမိဝန်ကြီးဌာနအတွက် ရာထူးခန့်အပ်ခွင့်ကို ပေးခဲ့ရာ ဘတ်တားဖီးလ် ရာထူးရသွားလေသည်။ လင်းကင်းက "သမ္မတကြီးသည် ကောက်ရိုးလို ပျော့ညံ့သူအဖြစ်တရားမျှတမှု ထင်ပြီး ပျက်စီးသော အသွင်လက္ခဏာဆောင်သွားသည်" ဟု လင်းကင်းသာ ကြေညာခဲ့လေသည်။

လင်းကင်း စိတ်ပျက်ခဲ့ရသည်။ သူ့အတွက်ထက် ဝုစ်ပါတီ

အတွက် ပို၍ စိတ်ပျက်ခဲ့ရသည်။ ပြည်တွင်းရေးဝန်ကြီးဆဲသို့လည်း သူ၏ စိတ်ရင်းမှန်အတိုင်း စာရေးခဲ့သည်။ လင်းကင်း၏စာထဲ၌ "ကျွန်တော် မစ္စတာဘတ်တားဖီးလ်ကို အခြားအကြောင်းများအတွက် ဆန့်ကျင်ခဲ့ခြင်း မဟုတ်ပါ။ ဤဒေသရှိ တက်ကြွစွာ အလုပ်လုပ်ကြသော မိတ်ဆွေများအတွက် စိတ်ပျက်ဖွယ်ရာဖြစ်မည်ဟု ယုံကြည်ခြင်းကြောင့် မစ္စတာ ဘတ်တားဖီးလ်အား ဆန့်ကျင်ခဲ့ရခြင်းဖြစ်ပါသည်။ ကျွန်တော်သည် အရှိုးမှန်အတိုင်းပြောရလျှင် ထိုရာထူးကို မည်သည့် အခါကမျှ မလိုချင်ခဲ့ပါ" ဟု ဖော်ပြခဲ့သည်။ လင်းကင်း၏အမြင်တွင် ဘတ်တားဖီးလ်သည် အခွင့်သင့်သလို အစိုးရကပေးသော ရာထူးခန့်အပ်မှုဖြင့် တင်းတိမ်ပြီး ပြည်နယ်ပါတီနိုင်မာအောင် စည်းရုံးရေးအတွက် မလုပ်ဆောင်သူဖြစ်သည်။ ကော်မရှင်နာရာထူး ခန့်ထားမှုသည် အီလီနွိုင်းပြည်နယ် ဝုစ်ပါတီ ရှင်သန်ရေးအတွက် တည်ဆောက်ပေးသည့် နည်းလမ်းတစ်ခုဖြစ်သည်ဟု လင်းကင်းက မြင်မိသည်။

လင်းကင်းသည် သူ၏ ကွန်ဂရက်အမတ်သက်တမ်းကုန် ဆုံးချိန်၌ ဝုစ်ပါတီ၏ အလားအလာကို စိတ်ပျက်စွာဖြင့် သာမန်ပြည်သူ ဘဝသို့ ပြန်ကူးခဲ့သည်။ လင်းကင်းအား နှစ်သိမ့်သည့်အနေဖြင့် နိုင်ငံခြား ရေးဝန်ကြီးဌာန အဲမ် ကလေတင်က သူ့ကို အော်ရီဂင်နယ် မြေအုပ်ချုပ် ရေးမှူး၏ အတွင်းရေးမှူးရာထူး ပေးခဲ့သည်ကိုပင် လင်းကင်း စိတ်မရှင်းခဲ့။ ငြင်းပယ်ခဲ့သည်။ ပြည်ထဲရေးဝန်ကြီး သောမတ်စ် အေဝင်ကလည်း အတက်ကြွဆုံး အီလီနွိုင်း ဝုစ်ပါတီဝင် လင်းကင်း အပေါ်တွင် သူတို့ ပမာမခန့် လုပ်ခဲ့မိသည်ကို သဘောပေါက်သည်။ သို့ဖြစ်၍ အေဝင်က လင်းကင်းအား အော်ရီဂင်ပြည်နယ်အုပ်ချုပ် ရေးမှူးရာထူးအတွက် ကမ်းလှမ်းခဲ့သည်။ လင်းကင်းက ကမ်းလှမ်းချက်ဖြစ်နိုင်မှုအတွက် ခဏတဖြုတ် စဉ်းစားခဲ့သည်။ သို့သော် ထိုရာထူးသည် အရေးရောက်နိုင်မည်မဟုတ်နိုင်ကြောင်း လင်းကင်းက နိုဂုံးချုပ် ဆုံးဖြတ်လိုက်သည်။ အော်ရီဂင်နယ်မြေသည် ဒီမိုကရက်တို့၏

www.burmeseclassic.com

www.burmeseclassic.com

အမာခံနယ်မြေတစ်ခုဖြစ်သည်။ အော်ရီဂင်အား ပြည်ထောင်စုအတွင်းသို့ ဝင်ခွင့်ပြုခဲ့လျှင် လင်းကင်းကဲ့သို့သော ဝှစ်တစ်ဦးအား ပြည်နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် ဆီးနိတ်အထက်လွှတ်တော်အမတ်တစ်ဦးအဖြစ် ရွေးချယ်မည် မဟုတ်ပေ။ ထို့အပြင် လင်းကင်းအတွက် အနောက်ဘက်ကမ်းရိုးတန်းသို့ ရွှေ့ပြောင်းနေထိုင်ရေးမှာ ခက်ခဲပြီး အန္တရာယ်ရှိနိုင်သည်။ အထူးသဖြင့် သားအငယ် အက်ဒီ၏ ကျန်းမာရေးအခြေအနေမှာ စိတ်မချရသောကြောင့်ဖြစ်သည်။ နောက်ဆုံးတွင် လင်းကင်းက လင်ယောကျ်ားတို့ထုံး နှလုံးမူကာ ဇနီးအပေါ် အပြစ်ပုံ ချပြီး အော်ရီဂင် အုပ်ချုပ်ရေးမှူးရာထူးကမ်းလှမ်းချက်ကို ငြင်းပယ်လိုက်လေသည်။

ဤနည်းဖြင့် လင်းကင်း၏ ပြည်သူ့ဝန်ထမ်းဘဝသည် ပြီးဆုံးဟန်သို့ ရောက်သွားလေသည်။ သူသည် စပရင်းဖီးလ်မြို့တွင် ပြန်လည်အခြေစိုက်ချိန်တွင် မကြာသေးမီက သူရေးပေးခဲ့သော အော်တိုမှတ်ရတစ်ကြောင်းကို သတိရနေလိမ့်မည်ထင်သည်။ အော်တိုရေး ခိုင်းသူတစ်ဦးထံ လင်းကင်းအား "ခံစားချက်တစ်ခုဖြင့် အမှတ်တရ လက်မှတ်ရေးထိုးပေးပါ"[33] ဟု မေတ္တာရပ်ခံခဲ့ရာ လင်းကင်းက အောက်ပါအတိုင်း မှတ်စုတိုတစ်ခု ရေး ပေးခဲ့သည်။

"ကျွန်တော်သည် ခံစားတတ်သူတစ်ဦး မဟုတ်ပါ။ ကျွန်တော် စဉ်းစားချင်ရသော အကောင်းဆုံးခံစားချက်တစ်ခုတော့ရှိသည်။ ကျွန်တော့်ကို မထင်ရှားသူအားလုံး၏ လက်မှတ်များကို အမှတ်တရ အရေးခိုင်းလျှင် မထင်ရှားသောသူများ၏ နာမည်များ ထုနဲ့ဒေးချီ၍ ရပါလိမ့်မည်။"

မှတ်စုတိုများ

1. President James K. Polk (1795-1849)
   အမေရိကန်နိုင်ငံ၏ (၁၁) ယောက်မြောက် သမ္မတ (၁၈၄၅-၄၉)
2. General Zachary Taylor (1784-1850)
   အမေရိကန်နိုင်ငံ၏ (၁၂) ယောက်မြောက် သမ္မတ (၁၈၄၉-၅၀)
3. Joshua Giddings
4. Dr. Samuel Busey
5. Capitol Building ဝေါရှင်တင်မြို့တော်ရှိ အမေရိကန်လွှတ်တော် အဆောက်အဦ
6. Committee on Post Offices and Post Roads
7. Committee on Expenditures in the War Department
8. Mexican War (1846-48) ၁၈၄၄ ခုနှစ်တွင် မက္ကဆီကိုနိုင်ငံပိုင် ကယ်လီဖိုးနီးယားနှင့် နယူးမက္ကဆီကိုနယ်မြေများကို အမေရိကက ပိုင်ဆိုင်ကြောင်း သမ္မတပေါ်လ်ခ်က ကြေညာခဲ့သဖြင့် အမေရိကနှင့် မက္ကဆီကိုနိုင်ငံတို့ ဖြစ်ပွားခဲ့သော စစ်ပွဲ
9. Martin Van Buren (1782-1862) အမေရိကန်နိုင်ငံ ရှစ်ယောက်မြောက်သမ္မတ (1837-41)
10. Nueces River
11. Rio Grande
12. George Ashmun

www.burmeseclassic.com

www.burmeseclassic.com

13. Justin Butterfield
14. Young Indians
15. Senator Lewis Cass
16. James Buchanan (1791-1868) အမေရိကန်နိုင်ငံ၏ ၁၅ဦးမြောက်သမ္မတ (1857-61)
17. Whig National Conference
18. Lone Star from Illinois
19. Native American Party
20. President Van Buren
21. Wilmot Proviso အမေရိကန်-မက္ကဆီကိုစစ်ပွဲအပြီးတွင် အမေရိကန်က ရရှိခဲ့သော နယ်မြေများတွင် ကျွန်စနစ် မတိုးချဲ့စေရေးတို့ တားမြစ်သည့် ခြွင်းချက်
22. Spotty Lincoln
23. *The Baltimore American*
24. Free-Soilers
25. Liberty Party
26. Stephen T. Logan
27. Franklin & Armfield Co.
28. Negro Livery Stable
29. Joseph Gorham Palfrey
30. Daniel Gott
31. The Slave - hound from Illinois
32. Thomas Ewing, Secretary of the Interior
33. Signature with a Sentiment

၅

အခန်း (၆)

ပြည်နယ်၏ ထိပ်တန်း ရှေ့နေ

"ကျွန်ုပ်သည် ၁၈၄၉ ခုနှစ်မှ ၁၈၅၄ ခုနှစ်အထိ ရှေ့နေ အလုပ်ကို ယခင်တုန်းကထက်ပို၍ ဇွဲကောင်းကောင်းဖြင့် လုပ်ကိုင်ခဲ့သည်" ဟု ဆင်းကင်းက ၁၈၅၉ ခုနှစ်တွင် သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကျမ်း၌ ထိုသို့ ရေးသားခဲ့သည်။ ထိုစကားလသည် သူ၏ဘဝအသက်မွေးဝမ်း ဓကျောင်းပြုမှုကို ပြန်လည်လမ်းပြပေးခဲ့သည့်အချိန်ဖြစ်သည်။ ဝေါ်ရှင်တင်တွင် ခေတ္တခဏ သွားရောက်ကွန်းခိုခဲ့ရပြီးနောက် သူ၏မိသားစုကို စပရင်းဖီးလ်တွင် ပြန်လည်နေသားကျအောင်လုပ်ရန်မှာ သူ့အတွက် ပထမဆုံး လိုအပ်ချက်ဖြစ်သည်။ ပြီးတော့သူ၏ ရှေ့နေအလုပ်ကို ပြန်လည်လုပ်ရန်ဖြစ်သည်။ အကြီးရထဲမှ လစာငွေ မရရှိတော့သဖြင့် ရှေ့နေအသက်ဝမ်းကျောင်းခြင်းခုမှသာလျှင် ဝင်ငွေရစရာရှိတော့သည်။ ရှေ့နေ ဂရဲန်, ဂွတ်ရစ်ခ်ျက်ဆွန်အတူ ရှိကာဂိုမြို့တွင် ရှေ့နေတွဲလုပ်ရန် ကမ်းလှမ်းခဲ့သည်။ သို့

www.burmeseclassic.com

သော်လည်း လင်းကင်းက ငြင်းဆန်ခဲ့ပြီး ဟန်ဒင်နှင့်သာတွဲ၍ ရှေ့ဆေး ဆက်လုပ်ခဲ့သည်။

ဤသို့ ဆုံးဖြတ်ချက်များ ချခဲ့ရာတွင် နိုင်ငံရေး ရည်မှန်း ချက်များ အနည်းငယ်မျှ ပါဝင်ခဲ့သည်။ သူ၏ ၁၈၆၀ ခုနှစ် ကိုယ်ရေး အတ္ထုပ္ပတ္တိ၌ "ကျွန်ုပ်၏ အသက်မွေးဝမ်းကျောင်းအလုပ်သည် စိတ်ထဲတွင်ရှိသော နိုင်ငံရေးစိတ်ကူးကို ကျော်လွှားခဲ့သည်" ဟု လင်းကင်းက ရေးသားခဲ့သည်။ ရည်မှန်းချက်ကြီးလှသော ဝှစ်နိုင်ငံရေးသမား လင်းကင်း၏ အနာဂတ်အတွက် အီလီနွိုင်းပြည်နယ်က မပေးကမ်းနိုင်ခဲ့ပါ။ သူ၏ ပြည်သူ့ဝန်ထမ်းဘဝဖြင့် အသက်မွေးဝမ်းကျောင်းပြုမူသည် နိဂုံးကမ္ဘတ် အဆုံးသတ်ခဲ့လေပြီဟု လင်းကင်း အသိအမှတ်ပြုထားလိုက်သည်။

ဤနှစ်ကာလများမှာ လင်းကင်းအတွက် အတော်တည်ငြိမ် ခဲ့သော အချိန်ဖြစ်ရာ သူ့.ကိုယ်သူပြန်လည်ဆန်းစစ်မှုများ ပြုလုပ်ရန် အချိန်ရခဲ့သည်။ ဝေါရှင်တင်တွင် အမှုထမ်းခဲ့ရသော ကာလအတွက် သူ၏ ကြီးမားလှသော ယုံကြည်စိတ်ချမှုကို အထင်ပြန်သေးစရာ အကြောင်းမရှိခဲ့ပါ။ သို့သော်လည်း ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်သင်ကြားပေးရာ အပိုင်းတို့တွင် သူသည် လုပ် ဖော်ကိုင်ဖက် ကွန်ဂရက်အမတ်အများစုထက် လျော့နည်းနေပုံကို သုံးသပ်တွေ့ရှိခဲ့သည်။ ကွန်ဂရက်လွှတ်တော် လမ်းညွှန်မှုစာအုပ်အတွက် ရေးပေးရသော ကိုယ်ရေးအကျဉ်း၌ လင်းကင်းက သူ့ကိုယ် သူ "ပညာရေးချို့တဲ့သည်" ဟု တိုတိုတုတ်တုတ်ရေးသားဖော်ပြခဲ့သည်။ ဟန်ဒင်ကလည်း "လင်းကင်းသည် သူ့.ကိုယ်သူ စည်းကမ်း မကောင်းကြောင်းနှင့် ဦးနှောက်ပိုင်းဆိုင်ရာ လေ့ကျင့်မှုနှင့် နည်းလမ်းလိုကြောင်း စဆုံး သိရှိလာသည်" ဟု ပြောခဲ့သည်။ အသိဉာဏ်ဦးနှောက်ပိုင်းသည်လည်း ကြွက်သားများကဲ့သို့ပင် ပြင်းထန်စွာ လေ့ကျင့်ခန်းလုပ်ယူခြင်းဖြင့် အားကောင်းလာနိုင်ကြောင်း ယူကလစ်၏ ဂဲသြမေတြီသဘောတရားများနှင့် စာအုပ်တစ်အုပ်ကို ရအောင်ရှာယူပြီး အထဲ၌ ပါရှိသော စိန္တိထကတာ များနှင့်

ပုစ္ဆာများကို သန့်ရှင်းစွာနှင့် တွက် ချက်လေ့ကျင့်ခဲ့သည်။ ဤနည်းဖြင့် သူသည် ယူကလစ်၏ စာအုပ် ခြောက်အုပ်ကို အပိုင် ဆည်းပူးလေ့လာနိုင်ခဲ့ကြောင်း ၁၈၆၀ ခုနှစ်တွင် လင်းကင်းက တည်ငြိမ်ဂုဏ်ယူစွာဖြင့် ပြန်လည်ပြော ပြခဲ့သည်။

(၁)

လင်းကင်း ကွန်ဂရက်လွှတ်တော်၌ အမှုထမ်းနေစဉ်ကာလ အတွင်း၌ သူ၏ အမှုသည် အချို့.ကို လက်လွတ်သွားခဲ့သည်။ သို့သော်လည်း ရှေ့.နေလုပ်ငန်းတွင် နေရာပြန်ရရေးအတွက် ကြာကြာ မကြိုးစားလိုက်ရပါ။ သူကွန်ဂရက်အမတ် မဖြစ်မီကတည်းက အမှုများ ရှိခဲ့ပြီး ယခုတိုင် အမှုပပြီးသေးသည့် ဖောက်သည်ဟောင်းအချို့.ကို လင်းကင်း ပြန်ရခဲ့သည်။ ဥပမာအားဖြင့် ဂယ်လက်တင်ခရိုင်၌ ပထွေးလုပ်သူ မှားယွင်းစွာ ရောင်းချခဲ့သော မြေများ ပြန်လည် ရရှိလိုမှုအတွက် လင်းကင်းသည် နန်စီ ရော်ဘင်ဆင် ဒေါမန်၏ ရှေ့.နေ အဖြစ် ၁၈၄၂ ခုနှစ်တွင် စတင်ဆောင်ရွက်ပေးခဲ့သည်။ ထိုအမှုကို ကွန်ဂရက်အမတ်ဘဝတွင်လည်း အဆက်ပြတ် မသွားအောင် အာရုံစိုက်ခဲ့ပြီး ၁၈၅၂ ခုနှစ်တွင် အမှုနိုင်အောင် လင်းကင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။ လင်းကင်းသည် အမတ်ဖြစ်ခင်က တရားရုံးများ၌ မနာလိုဖွယ်ရာကောင်းလောက်အောင် အောင်မြင်မှုရရှိခဲ့သည်ကို လည်း သိကြသဖြင့် လင်းကင်းအတွက် အမှုသည်သစ်များ ရရှိရန်လည်း မခဲယဉ်းခဲ့ပေ။ လင်းကင်းသည် ၁၈၄၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဗဟိုတရားရုံးချုပ်[3]၌ ရှေ့.နေလိုက်ခွင့် ရရှိခဲ့ရာ အမှုကို ပိုင်ပိုင်နိုင်နိုင် ထုချေနိုင်ခဲ့သဖြင့် သူ၏ နာမည်အရှိန်သည် ပို၍ပင် ထိုးတက်လာခဲ့သည်။

စပရင်းဖီးလ်သို့ ပြန်ရောက်ပြီးနောက် လင်းကင်းသည် နိုင်နိုင်နင်းနင်း အမှုအရေအတွက်ကိုသာ အီလီနွိုင်းပြည်နယ် ဗဟိုတရားရုံး၌

www.burmeseclassic.com

လိုက်ခဲ့သည်။ အစပိုင်းတွင် ဒေါ်ချို.အမှုများမှာ အမှုသေးများဖြစ်သည်။ ရောဘတ် နပ်ကဲလ်စ်က သူ၏ ပြောင်းများကို အယ်လီယာ ဘောကင်၏ ကျွဲနွားများက ဖျက်ဆီးခဲ့မှုအတွက် ခရိုင်ပတ်လည်တရားရုံးက နစ်နာမှုလျော်ကြေး ၂,၅၀ ဒေါ်လာကိုသာ အဆုံးအဖြတ်ပေးခဲ့သည်ကို မကျေနပ်သဖြင့် အယူခံတက်ခဲ့ရာ ဂျူရီအဖွဲ့.က ၃,၃၃ ဒေါ်လာ ပြုပြင်ချမှတ်ပေးခဲ့သည်။ ပြည်နယ်ဗဟိုတရားရုံးသို့ အသနားခံတင်ရန်အတွက် ဘောကင်က လင်းကင်းအား တားရမ်းခဲ့သည်။ သို့သော် လင်းကင်းတွင် ပိုမိုအရေးပါသော အမှုများကလည်း ရလာသည်။ အော်လီဗာ ဘရောင်းနင်းသည် လမ်းပေါ်တွင် ချော်လဲပြီး ခြေကျိုးခဲ့ရာ လမ်းများကို မပြင်ခဲ့သည့် စပရင်းဖီးလ် မြို့နှစ်စီပယ်အဖွဲ့.အား တရားစွဲဆိုခဲ့သည်။ လင်းကင်းက မြို့.တော်ပဋိညာဉ်ကို ကိုးကားပြီး လျှောက်လဲချက်ဖြင့် ထိုအမှုကို ဘရောင်းနင်း အနိုင်ရရှိခဲ့ရာ မြို့နှစ်စီပယ်ဥပဒေအတွက် ပြောဆိုကိုးကားစရာ အစဉ်အလာတစ်ခု ဖြစ်သွားခဲ့သည်။

(၂)

ဗဟိုတရားရုံးအမှုများတွင် လင်းကင်းနှင့် ဟန်ဒင်တို့ လက်တွဲ၍ အမှုလိုက်ခဲ့ကြသည်။ လင်းကင်းက ပတ်လည်တရားရုံးများတွင် ဆက်လက်၍ အာရုံစူးစိုက် အမှုလိုက်ခဲ့သည်။ ဆန်ဂါမွန်းခရိုင် ပတ်လည်တရားရုံး၌မူ လင်းကင်းနှင့် ဟန်ဒင်တွဲ၍ အဓိက အားစိုက်ပြီး အမှုလိုက်ခဲ့ကြသည်။ လင်းကင်း ကွန်ဂရက်မှ ပြန်လာပြီးနောက် ၁၈၄၉ ခုနှစ်တွင် ဆန်ဂါမွန်းခရိုင် ပတ်လည်တရားရုံး ပြန်လည်ဖွင့်လှစ်သည့် ၁၈၄၉ ခုနှစ် ဩဂုတ်လ ပထမနေ့တွင် လင်းကင်းနှင့် ဟန်ဒင်တို့ ကိုင်တွယ်သော အမှုသုံးခု ပါဝင်ခဲ့ပြီး ဒုတိယနေ့တွင် ၁၇ မှုနှင့် တတိယနေ့တွင် ရှစ်မှု

ပါဝင်ခဲ့သည်။ သူတို့.နှစ်ဦးတွဲသည် အလုပ်ပြန်ဖြစ်ကြပြန်လေပြီ။ ၁၈၅၀ ခုနှစ်တွင် သူတို့.နှစ်ဦး၏ လက်ထဲတွင် အမှုအားလုံး၏ ၁၈ ရာခိုင်နှုန်း ရှိခဲ့လေသည်။ ၁၈၅၃ ခုနှစ်တွင်ကား အမှုအားလုံး၏ သုံးပုံတစ်ပုံခန့်.ကို သူတို့. လက်ခံ ဆောင်ရွက်ခဲ့ကြသည်။

အမှုအတော်များများတွင် သူတို့.နှစ်ဦး လက်တွဲလုပ်ခဲ့ကြသည်။ ဟန်ဒင်က သုတေသနနှင့် ဥပဒေစာအုပ်များကို ကိုးကား သောအလုပ်ကို တာဝန်ယူပြီး လင်းကင်းက အမှုသွေးများနှင့် တရား ရုံးကိစ္စများကို ဆောင်ရွက်သည်။ သို့သော်လည်း သူတို့.နှစ်ဦးသည် အမှုအတော်များများကိုလည်း သီးခြားလွတ်လွတ်လပ်လပ် လက်ခံခြင်း သို့.မဟုတ် အခြားရှေ့နေများနှင့် ပူးတွဲဆောင်ရွက်ခြင်းတို့.ကိုလည်း ပြုလုပ်ကြသည်။ ဟန်ဒင်က ရုံးကြီးကြပ်ကွပ်ကဲမှုများကို ဆောင်ရွက်သည်။ လင်းကင်းက တရားရုံးများသို့ အသွားရများသည်။ ဟန်ဒင်က ပုံမှန်အားဖြင့် စပရင်းဖီးလ်တွင် တာဝန်ယူ ဆောင်ရွက်ပြီး လင်းကင်းက ပတ်လည်တရားရုံးများသို့ ခရီးထွက်အမှု လိုက်ရသည်။

နှစ်နှစ်တာကာလအတွင်း ထူးထူးခြားခြား ပြောင်းလဲမှုအချို့.ကိုလည်း လင်းကင်းတွေ့.လာရသည်။ ထူးခြားမှုတစ်ခုမှာ သူသည် ပတ်လည်တရားရုံးများတွင် ဝါရင့်ရှေ့.နေတစ်ဦး ဖြစ်လာပုံကို တွေ့.ရသည်။ လင်းကင်းမှာ အသက် ၄၀ အရွယ်သာရှိသေးသည်။ သို့.သော်လည်း သူ့.ကို နောက်ကွယ်၌ အဘိုးကြီး အေးဘ် ဟူ၍ မကြာခဏ ခေါ်ဝေါ်ခြင်းခံလာရသည်။ ရာသီဥတုဒဏ်ခံရသော ရုပ်ရေအဆင်းနှင့် ရှေ့.နေလုပ်ငန်း၌ နှစ်ပေါင်းများစွာ ရှည်ကြာလာခြင်းတို့.ကြောင့် ထိုသို့ အခေါ်ခံရခြင်း ဖြစ်သည်။ လင်းကင်းကိုယ်တိုင်ကလည်း "အခုဆိုရင် ကျွန်တော်လည်း အဘိုးကြီးတစ်ယောက်ဖြစ်လာပြီလို့.ထင်တယ်" ဟု ပြောခဲ့သည်။

အခြားတွေ့.ရှိရသော အပြောင်းအလဲတစ်ခုမှာ အဋ္ဌမ ပြောက် ခရိုင်တရားရုံး၏ တရားသူကြီးနေရာတွင် ယခင်က လင်းကင်း၏ အမှုများ

www.burmeseclassic.com

www.burmeseclassic.com

ကို ကြားနာခဲ့သော ဆယ်မြို့ယဲလ် ထရိအစား ဒေးဗစ် ဒေးဗစ္စကို ခန့်အပ်ခဲ့ခြင်းသာဖြစ်သည်။ ဒေးဗစ္စမှာ မယ်ရိလဲန်းပြည်နယ်သားဖြစ်ပြီး ကဲန်ရင် ကောလိပ်နှင့် ယေးလ်ဥပဒေကျောင်းတွင် ပညာသင်ကြားခဲ့သူဖြစ်သည်။ လင်းကင်းသည် ဒေးဗစ္စကို နှစ်ပေါင်းများစွာကတည်းက အမှတ်မထင်သာသိခဲ့သည်။ သို့သော်လည်း သူတို့သည် ပတ်လည်တရားရုံးများသို့ အတူခရီးသွားလာရင်း၊ တရားရုံးများ၌ အတူတွဲ၍ လုပ်ကိုင်ကြရင်း နီးနီးကပ်ကပ် သိကျွမ်းသွားကြသည်။ နှစ်ဦးစလုံးမှာ ဝှစ်များဖြစ်ကြသည်။ နှစ်ဦးစလုံး စီးပွားရေးတိုးတက်မှုကို မြှင့်တင်လိုကြသူများဖြစ်သည်။ ကျွန်စနစ်ကို စက်ဆုတ်ရွံရှာကြသူများလည်းဖြစ်သည်။

သို့သော်လည်း သူတို့နှစ်ဦးသည် အကျွမ်းတဝင် ချစ်ခင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်မလာကြပေ။ နောင်နှစ်အတော်ကြာတွင် ဒေးဗစ္စက လင်းကင်းအကြောင်းကိုပြောရာ၌ "လင်းကင်းဟာ ဘယ်ကိစ္စတစ်ခုမှ ကျွန်တော့်ကို ယုံယုံကြည်ကြည် ပြောဆိုခဲ့တာ မရှိဘူး။ သူဟာ ဘယ်လို ကြည်ကြည် လူမှုပေါင်းသင်းဆက်ဆံရေးကောင်းသူတစ်ဦး မဟုတ်ခဲ့ဘူး။ ပြီးတော့ သူ့မှာ လူတစ်ယောက်ယောက် အတွက်ဖြစ်ဖြစ်၊ လူ့လောက ကြီးအတွက်ဖြစ်ဖြစ် ဘာအကြောင်းအရာ တစ်ခုခုအတွက်မှ ပြင်းထန်တဲ့ခံစားချက် ရှိသူမဟုတ်ဘူး" ဟု မှတ်ချက်ချခဲ့သည်။ ထိုခါးသီးသော အကဲဖြတ်ချက်မှာ အခြေခံအားဖြင့် သူတို့၏ ဆက်ဆံရေးသည် လုပ်ငန်းဆန်ခဲ့သောကြောင့်ဖြစ်သည်။ နှစ်ဦးစလုံးက တစ်ဦး၏ အရည်အချင်းပေါ်တွင် တစ်ဦးက အထင်တကြီး လေးစားစွာ ဆက်ဆံခဲ့ခြင်းကြောင့် ဖြစ်သည်။

ဒေးဗစ္စက "မစ္စတာလင်းကင်းသည် လက်ဖျားခါ အုံ့ဩရလောက်အောင် ရိုးသားပြီး တရားမျှတမှုရှိသည်" ဟု သူ၏ဇနီးထံ ရေးသောစာ၌ ချီးကျူးဖော်ပြခဲ့သည်။ သူတို့နှစ်ဦးသည် နောက်ထပ် ၁၁ နှစ်အကြာ အခြားရှေ့နေများနှင့်အတူ ပတ်လည်တရားရုံးများသို့ တစ်နှစ်လျှင် နှစ်ကြိမ်

အတူလှည့်လည်ခရီးသွားခဲ့ကြသည်။

ပတ်လည်တရားရုံးများတွင် လင်းကင်း၏ ဆောင်ရွက်မှုကို ဝိုမိုလိုလားခဲ့ကြသည်။ အထူးသဖြင့် ငယ်ရွယ်သော ရှေ့နေများက တရားရုံးသို့ တင်ပြရန် စာကြွမ်းများ ရေးသားခြင်းနှင့် လျှောက်လဲတင်ပြမှုတို့အတွက် လင်းကင်း၏ အကူအညီကို ပို၍ လိုအပ်ခဲ့ကြသည်။ ပတ်လည်တရားရုံးမှ ရရှိခဲ့သော လင်းကင်း၏ ဝင်ငွေမှာ သူလက်ခံခဲ့သော အမှုအရေအတွက်ပေါ်တွင် တည်ခဲ့သည်။ ယေဘုယျအားဖြင့် သူ၏ ရှေ့နေခမျာမှာ သင့်ရုံသာရှိခဲ့သည်။ အခြားရှေ့နေအတော်များများနည်းတူပင် အမှုတစ်မှုလျှင် ၁၀ ဒေါ်လာ သို့မဟုတ် ၂၀ ဒေါ်လာအထိသာဖြစ်သည်။ အမှုသည်တစ်ဦး ရစရာရှိသော အကြွေး ဒေါ်လာ ဖြ၀၀ ကို လိုက်၍တောင်းခံရာတွင် ရှေ့နေခ ၃.၅ ဒေါ်လာသာ တောင်းခဲ့သည်လည်းရှိသည်။ အမှုသည်များထံမှ လိုအပ်သည်ထက် ပို၍ မတောင်းခံရန်မှာ လင်းကင်း၏ နိုင်မာသောဆန္ဒဖြစ်သည်။ ၁၈၅၀ ခုနှစ်တွင် လင်းကင်းက ဥပဒေစာရွက်စာတမ်းအချို့ကို ရေးပေးခဲ့ခြင်း အတွက် ကွင်စီဆိုသူက လင်းကင်းထံသို့ ၂၅ ဒေါ်လာ ပို့ပေးခဲ့သည်။ လင်းကင်းက ကွင်စီထံ စာပြန်ရေးသားခဲ့သည်။ "ခင်ဗျားတော့ ကျွန်တော့်ကို ရှေ့နေအများကြီးယူတဲ့လူလို့ ထင်မိမှာပဲ။ ခင်ဗျားဟာ ငွေရေး ကြေးရေးကိစ္စမှာ အတော်ရက်ရောတဲ့သူပါလား။ ကျွန်တော့် အလုပ်အတွက် ၁၅ ဒေါ်လာဆိုရင် လုံလောက်ပါပြီ" ဟု လင်းကင်းက ရေးသားပြီး ကျန်ငွေကို ကွင်စီထံသို့ ပြန်ပို့ပေးခဲ့လေသည်။

(၃)

ပတ်လည်တရားရုံးများတွင် အမှုပေါင်းရာနှင့်ချီ၍ လိုက်ခဲ့ရာတွင် လင်းကင်းသည် သူ၏ ရှေ့နေဂုဏ်သိက္ခာကို မြဲမြံစွာ ထိန်းသိမ်းခဲ့သည်။ သူ၏ ဂုဏ်သိက္ခာခိုင်မာမှုသည် သူ၏ အပြည်အဝ ရိုးသားမှုပေါ်တွင်

www.burmeseclassic.com

ပထမဆုံးတည်လေသည်။ သူ့အား မုသားကို ဘယ်တော့မှ မပြောသော ရှေ့နေ၊ "ရိုးသားသော အေးဘ်"[4]ဟုတစ်မျိုး၊ "ရိုးသားသော အဘိုးကြီး အေးဘ်"[5]ဟူ၍ တစ်မည် ခေါ်ဝေါ်ခြင်းခံခဲ့ရလေသည်။ လင်းကင်းသည် အမှန်သစ္စာတရားအတွက် အမြင့်မားဆုံး ဂုဏ်သိက္ခာစံချိန်ကို ထိန်းသိမ်းသူဖြစ်သည်။ ၁၈၅၀ ခုနှစ်ခန့်က ဥပဒေဟောပြောမှုတစ်ခုအတွက် မှတ်စု တစ်ခု ရေးသားခဲ့သည်။ ထိုမှတ်စုတွင် လင်းကင်းက "ရှေ့နေများသည် ကို အပ်ချုပ်အရာ မရိုးသားကြသူများဖြစ်သည်" ဆိုသော ရေပန်းစားနေသည့် ခေတ်ကာလအတွေးကို ရည်ညွှန်း၍ အောက်ပါအတိုင်း သတိပေးစကား ရေးသားခဲ့သည်။

"ရှေ့နေအလုပ်ကို အသက်မွေးဝမ်းကျောင်းအလုပ်အဖြစ် ရွေးချယ်ရာ၌ လူငယ်များသည် ထိုအတွေးအခေါ် (မရိုးသားသူများ ဖြစ်သည်) ၏နောက်သို့ တစ်ချက်ကလေးမှ ကောက်ကောက်ပါ မသွားကြပါစေနှင့်။ အရာရာတွင် ရိုးသားမှုရှိအောင် သန့်ရှင်းပြုကြပါ။ မိမိသည် ရိုးသားသော ရှေ့နေတစ်ဦး ဖြစ်မလာနိုင်ဟု ကိုယ့်စိတ်ထဲမှ ထင်မြင်ခဲ့လျှင် ရှေ့နေ မလုပ်ဘဲနေပြီး ရိုးသားစွာနေရေးအတွက် သန့်ရှင်းပြုကြပါ။ တခြားအလုပ် တစ်ခုခုကို ရွေးချယ်ကြပါ"

လင်းကင်းတွင် မယုံကြည်နိုင်အောင် ကြိုးကြိုးစားစား လုပ်ကိုင်နိုင်စွမ်းရှိသည်။ ဤအချက်ကို အမှုသည်များနှင့် အခြားရှေ့နေများက လေးစားကြသည်။ လင်းကင်းက ပတ်လည်တရားရုံးများ၌ ဒေသခံ ရှေ့နေများနှင့် မူလလက်တွဲပြီး လျှောက်လဲစေသည်။ သို့သော်လည်း ရုံးတွင်း တင်ပြရမည့် လျှောက်လဲချက်စာတမ်းအားလုံးကို သူတစ်ယောက်တည်း ခိုင်ခံရေးလေ့ရှိသည်။ ၁၈၅၅ ခုနှစ်က အမှုတစ်ခုတွင် လင်းကင်းသည် တရားခံများအတွက် လျှောက်လဲချက် ၄၃ မျက်နှာကို ရေးသားခဲ့သည်။ အထူးအာရုံစူးစိုက်၍ လုပ်ဆောင်ရသောအလုပ်ဖြစ်ပြီး လက်ရေးများကို ကြည့်ရှုခြင်းအားဖြင့် လင်းကင်းသည် တစ်ထိုင်တည်း အပြီးရေးခဲ့ပုံရကြောင်း

တွေ့ရှိခဲ့ရသည်။ ဤကဲ့သို့ ပင်ပင်ပန်းပန်း အားစိုက်ရသောအမှု များလှပေ။ သို့သော်လည်း လင်းကင်း၏ ပေါ့ဆမှုနှင့် အာရုံစိုက်ပုံနည်းပါးမှုတို့ကြောင့် အမှုရှုံးရပုံကို လင်းကင်း၏အမှုသည်များ တွေ့ကြုံရခဲ့လှတတ်သည်။

လင်းကင်းသည် ပြိုင်ဘက်များအပေါ်တွင် တရားမျှတမှု ရှိပုံကိုလည်း သတိပြုမိကြသည်။ ပတ်လည်ရုံးများ၌ အမှုများအတွက် လျှောက်လဲချက်တင်ပြရာတွင် လွှင်းကင်းသည် အစဉ်အလာဥပဒေမှုများကို ကိုးကားခြင်းထက် သူ၏အမှုသည်များ အနိုင်ရရှိရန် တရားမျှ တမှုအပေါ်တွင်သာ အခြေခံထားခြင်းကို ပို၍ သဘောကျပေသည်။ လေးနက်သော အမှုများတွင် သူ၏ အမှုသည်များအား ပိုမိုမျှတသော စစ်ဆေးမှု ရရှိရန် အတွက် မျှော်လင့်ချက်ထားပြီး အမှုကို တရားရုံး ပြောင်းလဲ စစ်ဆေးရန် လုပ်ဆောင်ခြင်းသည် လင်းကင်း၏ စံနမူနာ လုပ်ရပ်တစ်ခုဖြစ်သည်။

သက်သေများကို စစ်ဆေးရာတွင် လင်းကင်း၏ ထူးချွန် ကျွမ်းကျင်မှုသည် ဆရာတစ်ဆူဖြစ်ပြီး ဖုံးကွယ်ချက်များကို စိတ်ရှုပ် အောင်လုပ်ပြီး လိမ်ညာမှုကို ဆန့်ကျင်ဖော်ထုတ်ပေးနိုင်ကြောင်း ၁၈၅၀ ခုနှစ်တွင် သတင်းစာတစ်စောင်က ချီးကျူးရေးသားခဲ့သည်။ ၁၈၅၈ ခုနှစ်တွင် ဝီလျံအမ်းမ်စထရောင်း[6]အား လူသတ်မှုအတွက် တရားစွဲဆိုခဲ့သော ရာဇဝတ်ပြစ်မှုတွင် လင့်ကင်း၏ အပြန်အလှန် စစ်ဆေးမှုသည် သူ၏ သမိုင်းတွင် ကျန်ရစ်ခဲ့သော ပညာအစွမ်းအစကို သရုပ်ဖော်နိုင်ခဲ့ပေသည်။ ၁၈၅၇ ခုနှစ် ဩဂုတ်လတွင် ဝီလျံ အမ်းမ်စထရောင်း၊ ဂျိမ်းစ် မက်ဇ်ကာ[7]နှင့် ဂျိမ်းစ် နောရစ္စ်[8]တို့သည် ဗာဂျင်းဂရို့ဖ်တွင် ဘာသာရေးစခန်း တစ်ခုကို တက်ရင်း အရက်အတူသောက်ခဲ့ကြရာ အားလုံးမူးပြီး ခိုက်ရန်ဖြစ်ပွားခဲ့ကြသည်။ မက်ဇ်ကာ သေဆုံးသွားခဲ့သည်။ နောရစ္စက မက်ဇ်ကာ၏ ဦးခေါင်းနောက်ကို သစ်သားတုတ်ဖြင့် ရိုက်ခဲ့ပြီး အမ်းမ်စထရောင်းက မက်ဇ်ကာ၏ မျက်နှာကို သတ္တုလောက်လေးခွဖြင့် ရိုက်ခဲ့သည်ဟု အမှုနှစ်ခုကိုခွဲ၍ တရားစွဲဆိုခြင်း

www.burmeseclassic.com

ခံခဲ့ရသည်။ နောရစ္စအား လူသတ်မှုဖြင့် စီရင်ချက်ချခဲ့သည်။ အမ်းမ်စထရောင်း၏အမှုအတွက် သူ၏မိခင် ဟဲန်နာက လင်းကင်းအား ခုခံအမှုလိုက်ပေးရန် ပြောခဲ့သည်။ အမ်းမ်စထရောင်း၏ဖခင် ဂျက်အမ်းမ်စထရောင်းမှာ လင်းကင်းနှင့် နှစ်ပေါင်းများစွာကတည်းက ပေါင်းလာသော သူငယ်ချင်းဖြစ်သည်။ မိခင်ဟဲန်နာမှာလည်း နယူးစေလဲမ်တွင် လင်းကင်းအား မေတ္တာကရုဏာဖြင့် ပြုစုစောင့်ရှောက်ခဲ့သူဖြစ်သည်။ လင်းကင်းက အမှုကို အခမဲ့လိုက်ပေးရန် အလွယ်တကူ လက်ခံခဲ့သည်။

တရားရုံးတော်၌ အမှုအတွက် ပြည်နယ်အစိုးရ၏ အဓိက သက်သေမှာ ရှားလ် အယ်လင်ဖြစ်သည်။ အယ်လင်က အမ်းမ်စထရောင်းသည် မက်ဇ်ကာကို ရိုက်နှက်ခဲ့သည်ကို မြင်ကြောင်း သက်သေထွက်ဆိုခဲ့သည်။ ည ၁၁ နာရီခန့်.အချိန်ဖြစ်ပြီး အယ်လင်မှာ ၁၅၀ ပေခန့်. ကွာဝေးသောနေရာတွင် ရှိခဲ့သော်လည်း လပြည့်ညနီးပါး ခေါင်းပေါ်၌ ထင်ထင်လင်းလင်းသာနေသော လရောင်ကြောင့် အမ်းမ်စထရောင်းက မက်ဇ်ကာအား ရိုက်နှက်ပုံကို ထင်ရှားစွာ မြင်ခဲ့ရကြောင်း သက်သေ အယ်လင်က ထွက်ဆိုခဲ့သည်။ လင်းကင်းက အယ်လင်အား အမှုမဲ့အမှတ်မဲ့ ခပ်အေးအေးဖြင့် ပြန်လည်စစ်ဆေးမေးမြန်းခဲ့သည်။ အယ်လင်က သူမြင်ခဲ့ရပုံကို အကြိမ်တစ်ဒါဇင်ခန့်. ပြန်ပြောပြခဲ့သည်။ အယ်လင်က ထွက်ဆိုပုံကို အခိုင်အမာသိရပြီးချိန်တွင် လင်းကင်းက ၁၈၅၇ ခုနှစ် ပြက္ခဒိန်မှတ်တမ်းကို ရုံးတော်၌ တင်ပြခဲ့သည်။ အယ်လင်ထွက်ဆိုခဲ့သည်အချိန်တွင် လဝင်သွားပြီးသော အချိန်ဖြစ်နေပုံကို လင်းကင်းက ဖတ်ပြခဲ့သည်။ တရားရုံးတော်တွင် တသောသော ရယ်မောစရာဖြစ်သွားခဲ့ပြီး အယ်လင်၏ သက်သေထွက်ဆိုချက်သည် အလကားဖြစ်သွားခဲ့လေတော့သည်။

အမှုတစ်ခုတွင် လင်းကင်း၏ နိဂုံးချုပ်ကောက်ချက် လျှောက်ထားချက်တွင် လင်းကင်း၏ စွမ်းရည်မြောက်လွန်းမှုကြောင့် "လင်းကင်းသည် ဤပြည်နယ်တွင် သူ၏ အသက်မွေးဝမ်းကျောင်း အလုပ်၌ ထိပ်ဆုံး၌

ရှိနေသည်" ဟု အီလီနွိုင်းသတင်းစာဆရာတစ်ဦးက လင်းကင်းအား ထိပ်တန်းတင်ရေးသားခဲ့လေသည်။ "လင်းကင်းကဲ့သို့. တန်းတူရည်တူများ ရှိကောင်းရှိနိုင်သော်လည်း သူ.ထက်သူသူကို ရှာဖွေရန် ခက်လိမ့်မည်" ဟုလည်း ထိုသတင်းစာဆရာက ဖြည့်စွက်ရေးသားခဲ့သေးသည်။ အမ်းမ်စထရောင်းအမှုတွင် သက်သေထွက်ဆိုချက် ပေါ်ပျက်သွားပြီးသည်ကို ဂရစိုက်ပြီးနောက် လင်းကင်းသည် မည်သည့်အမှုနှင့်မျှမတူသည့် ပင်ကိုယ်ရုဏာခံစားချက်ဖြင့် ပန်ကြားမှုကိုပင် ပြုလုပ်ပြခဲ့သည်။ လင်းကင်းက ဂျူရီလူကြီးများအား တင်ပြရာ၌ "ဂျွန်တော်သည် ငယ်စဉ်က ဆင်းရဲသော လူငယ် တစ်ဦးဖြစ်ခဲ့ပါသည်။ အပေါင်းအသင်းပင် မရှိသော ယောကျ်ားကလေးတစ်ဦးပင်ဖြစ်ခဲ့ပါသည်။ ထိုအချိန်က အမ်းမ်စထရောင်း၏ ဖခင်က ဂျွန်တော့်အား သူ.အိမ်တွင် ထားခဲ့ပါသည်။ ဂျွန်တော့်ကို ကျွေးမွေးပြီး အဝတ်အစားဆင်ပေးခဲ့ရုံသာမက သူ.အိမ်တွင် နေစရာပါ ပေးခဲ့ပါသည်" ဟု မျက်ရည်များကျကာ ခံစားမှုအပြည့်ဖြင့် ပြောပြခဲ့သည်။ ဂျူရီလူကြီးများသို့. ခံစားမှု ကူးစက်သွားကာ ဂျူရီလူကြီးများပင် မျက်ရည်လည်ရဲ့ဆို.ခဲ့ကြရသည်။ လင်းကင်း၏ ကရုဏာတရား အပြည့်ဖြင့် တင်ပြမှုကြောင့် တရားသူကြီးများ၏ ကရုဏာသည် အမ်းမ်စထရောင်းအပေါ်သို့. ရောက်ရှိသွားကြလေသည်။ အမ်းမ်စထရောင်းသည် အမှုမှ ကွင်းလုံးကျွတ်လွတ်သွားခဲ့လေသည်။ လင်းကင်းသည် ယုတ္တိဗေဒရှိသော ထုချေလွှာများကို တင်ပြပြီးနောက်ဆုံးတွင် အောက်ကြေးလေသံဖြင့် ချိုချိုသာသာ တင်ပြမှုကို ဂျူရီလူကြီးများက နားလည်လက်ခံခဲ့ခြင်းဖြစ်ပေသည်။ "လင်းကင်း၏ လျှောက်ထားချက်များတွင် မမှန်ကန်သော ဟိတ်ဟန်အရောင်အဆင်းမရှိ၊ အောနလုံးနာဖွယ်ရာ ခံစားတင်ပြမှုလည်း မပါဘဲ အားမာန်ပါပါဖြင့် ထုချေ တင်ပြနိုင်ခဲ့ခြင်းကြောင့် ဂျူရီလူကြီးများ၏စိတ်တွင် ယုံကြည်စိတ်ချမှုကို အားဖြည့်ပေးခဲ့သည်" ဟု သတင်းထောက်တစ်ဦးက မှတ်တမ်းတင်ရေးသားခဲ့သည်။

www.burmeseclassic.com

(၄)

ယေဘုယျအားဖြင့် လင်းကင်းသည် ၁၈၅၄ ခုနှစ်အထိ ပတ်လည်တရားရုံးများတွင် ဆက်တိုက် အမှုလှည့်လိုက်ပြီး အိမ်မပြန်ဘဲနေခဲ့သည်။ သူ့.ကို တရားသူကြီး ဒေးဗစ္စနှင့် အခြားရှေ့နေများက လင်းကင်းကို အံ့သြခဲ့ကြသည်။ လင်းကင်းတွင် အိမ်ထောင်ရေး မပြေလည်မှုပြဿနာများရှိသဖြင့် အိမ်မပြန်ဘဲနေသလောဟုပင် တစ်ခါတစ်ရံ၌ သူတို့. စိုးရိမ်တကြီး ထင်မြင်ယူဆခဲ့ကြသည်။ သို့သော်လည်း ရှေ့နေအလုပ်သည် လင်းကင်းအတွက် တစ်နာတည်းသော ဝင်ငွေအလုပ်ဖြစ်မှန်း သူတို့. သဘောမပေါက်ခဲ့ကြပေ။ လင်းကင်းသည် ဒေးဗစ္စ၊ လိုဂင်နှင့် သတ္တမခရိုင်မှ အခြားသောရှေ့နေအချို့နှင့် မတူပါ။ သူသည် မြေယာစစ်ဆေးမှုဖြင့် ဝင်ငွေမရှာပါ။ သူ့.တွင် ကိုယ်ပိုင်ကုမ္ပဏီလည်း မရှိ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလည်း မရှိပါ။ ရှေ့.နေလိုက်ခဖြင့် လင်းကင်းသည် တစ်နှစ်လျှင် ဒေါ်လာ ၂,၀၀၀ ခန့်. ချောင်ချောင်ချိချိ ရနိုင်စရာအကြောင်းရှိပါသည်။ ၁၈၆၀ ခုနှစ်တွင် မြေယာသန်းခေါင်စာရင်းမှူး၏ အစီရင်ခံချက်အရ လင်းကင်းတွင် ဒေါ်လာ ၅,၀၀၀ တန် မြေကွက်နှင့် ဒေါ်လာ ၁၂,၀၀၀ တန် ကိုယ်ပိုင်နေအိမ်ရှိကြောင်း သိရသည်။ ထိုအဆင့်အခြေအနေကို ထိန်းသိမ်းပိုင်ဆိုင်ရန်အတွက် လင်းကင်းသည် အလုပ်ကို အဆက်မပြတ် မနားမနေလုပ်ခဲ့ရသည်။ ထို့ကြောင့် အလုပ်နှင့် ကင်းကွာ၍ မရသောကြောင့် ပတ်လည်တရားရုံးများတွင် ဆက်တိုက်မပြတ် အမှုများ ဆက်လိုက်ခဲ့ရခြင်း ဖြစ်သည်။

အီလီနွိုင်းပြည်နယ် ဗဟိုတရားရုံးနှင့် အမေရိကန်ပြည် ထောင်ခရိုင်တရားရုံးတို့.သည် နွေရာသီနှင့် ဆောင်းရာသီကာလများတွင် စခရေ့ဖီးလ်ဒ် တစ်ပြိုင်တည်း ဖွင့်လှစ်ပေးလေ့ရှိသည်။ ထိုအချိန်များတွင် လင်းကင်း

ကဲကောင်းပြီး အိုးမကွာအိမ်မကွာ နေထိုင်ရသည်။ မိသားစု ပြဿနာ အခက်အခဲများကို ဖြေရှင်းပေးရန် လင်းကင်းကို လိုအပ်ကြသည်။ ကိုးလ်ခရိုင်တွင် နေထိုင်သော သူ၏ဖခင် သောမတ်စ် လင်းကင်း၏ ကျွန်းမာရေးကလည်း ဆုတ်ယုတ်နေသည်။ ၁၈၄၀ ပြည့်လွန်နှစ်များတွင် ဖခင်ကြီး သောမတ်စ်တွင် ငွေရေးကြေးရေးအခက်အခဲ ပြဿနာ ကြုံခဲ့ရသည်။ အားကိုး၍ မရနိုင်သော လူဟွင်း၊ မယားပါသား ငွေနှံ ဒီ ငွေနှံစတင် နှင့် လက်တွဲ၍ လွစက်နှင့် အမှုန့်.ကြိတ်စက် ဝယ်လျှပ်ခဲ့မိခြင်းကြောင့် ဖြစ်ဖွယ်ရာ အကြောင်းရှိသည်။ လင်းကင်းက ဖခင်၏ အခက်အခဲအတွက် ဒေါ်လာ ၂၀၀ ထောက်ပံ့ခဲ့ရသည်။

နောက်နှစ်နွေတွင် ဖခင်ဖြစ်သူ နေထိုင်မကောင်းကြောင်း ငွေနှံစတင်က စာနှစ်ကြိမ် ရေးခဲ့သည်။ လင်းကင်း မသွားနိုင်ခဲ့ပေ။ ပြည်နယ် ဗဟိုတရားရုံးနှင့် အမေရိကန်ခရိုင် တရားရုံးများ ဖွင့်လှစ်ချိန်လည်းဖြစ်နေသည်။ ဒီဇင်ဘာလ ၂၁ ရက်နေ့.တွင် ဇနီး မေရီက တတိယသားကလေးကို မွေးဖွားခဲ့၍လည်းပါသည်။ မေရီကလည်း သိပ်နေ မကောင်းရှိဖြစ်သည်။ ဖခင်ကြီး နောက်ဆုံး နေထိုင်မကောင်းချိန်တွင် လင်းကင်းသည် မိသားစုအကျပ်အတည်းများကို ရင်ဆိုင်ခဲ့ရသည်။ ၁၈၄၉ ခုနှစ် ဒီဇင်ဘာလတွင် အမြဲတမ်း အားပျော့နေသော ဒုတိယသားငယ်လေး အက်ဒွပ် ဘေကာသည် အပြင်းအထန်ဖျားနာခဲ့သည်။ အဆုတ်ရောဂါ ဖြစ်ခဲ့သည်။ ဤရာနတ္ထိ ဆေးမရှိသောရောဂါဖြစ်သည်။ အက်ဒွပ် ကလေးသည် လေးနှစ်ပင် မပြည့်သေးပေ။ ရက်ပေါင်း ၅၂ ရက်ကြာ အပြင်းအထန် ဖျားနာခဲ့ပြီးနောက် ၁၈၅၀ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့.တွင် ကွယ်လွန်သွားခဲ့သည်။ မိဘနှစ်ပါးစလုံး ယူကျုံးမရဖြစ်ခဲ့ကြရသည်။ လင်းကင်းတော့ ထုံးစံအတိုင်း ခံစားမှုကို ထိန်းချုပ်ပြီး "သားကလေးကို တို့.အကြီး အကျယ် လွမ်းလိုက်ရတာနော်" ဟုသာ မေရီကို ဖျောင်းဖျ စကားပြောခဲ့သည်။ မကြာခင် ကမှ ဖခင်နှင့် အမေကြီးတို့. ကွယ်လွန်သွားခဲ့သော

www.burmeseclassic.com

မေရီကတော့ ပို ၍ပင် ခံစားခဲ့ရသည်။ အက်ဒီသေဆုံးအပြီး နှစ်နှစ် အကြာတွင် မေရီ က ကဲန်တပ်ကီးမှ သူငယ်ချင်းတစ်ဦးထံ စာရေးခဲ့ရာ "ဒီနေ့.လို အချိန်ကြာလာတဲ့အထိ ကျွန်မတို့.ရဲ့ ဆုံးရှုံးမှုအတွက် ယူကျုံး မရဖြစ်ခဲ့တာ ကျွန်မမှာ အားမရနိုင်သေးပါဘူး" ဟုပင် ခံစားချက်ကို ရင်ဖွင့် ပြခဲ့သည်။

အက်ဒီ သေဆုံးပြီးနောက် ရက်သတ္တပတ်အနည်းငယ်အကြာတွင် မေရီ၌ ကိုယ်ဝန်ရှိလာခဲ့သည်။ လင်းကင်းတို့.ဇနီးမောင်နှံက သေဆုံးသွား သော သားလေး အက်ဒီ၏နေရာတွင် အစားထိုးရတော့မည်ဟု ရည်မှန်း ကောက်ချက်ချထားခဲ့ကြသည်။ သားကလေးပင် မွေးဖွားခဲ့ရာ ဝီလျံ ဂေါလော့ လင်းကင်း[11] ဟု အမည်ပေးခဲ့ကြသည်။ သားလေး အက်ဒီအား ပြုစု ကုသ ပေးခဲ့သည့် မေရီ၏ ခဲအိုး၏နာမည်ကို ပေးခဲ့ကြခြင်းဖြစ်သည်။ လင်းကင်း ၏ ကလေးများတွင် ဝီလီသည် ဉာဏ်အကောင်းဆုံးနှင့် အချောဆုံးဖြစ် သည်။ လင်းကင်းသည် သားလေး ဝီလီကို ချစ်လိုက်သည်မှာ အလွန်အရှေး ပင်ဖြစ်သည်။

မေရီသည် ဝီလီအတွက် ကစားဖက်အဖြစ် စတုတ္ထမြောက် ကလေးကို ၁၈၅၃ ခုနှစ်တွင် မွေးဖွားပေးခဲ့သည်။ သည်တစ်ကြိမ်တွင် သူတို့.မောင်နှံက သမီးလေးမွေးပါစေဟု ဆုတောင်းခဲ့ကြသည်။ သို့.သော် လည်း နောက်ဆုံးတွင် ယောကျ်ားလေးပင် မွေးခဲ့သည်။ စတုတ္ထမြောက် သားကလေးကိုမူ မကြာမီက ကွယ်လွန်သွားခဲ့သော အဘိုး သောမတ်စ် ၏အမည်ကို ပေးခဲ့ကြသည်။ ကလေးငယ်မှာ ကိုယ်လုံး သေးပြီး ဦးခေါင်း ကြီးနေသဖြင့် လင်းကင်းက ဖားပလောင်း[12] နှင့် ချစ်စနိုးနှိုင်းပြီး တစ်ခါ ဟု ခေါ်ဆိုခဲ့သည်။ ထိုနာမည်သည် တစ်သက်လုံးတွင် တွင်သွားခဲ့သော သည်။

(၅)

၁၈၅၅ ခုနှစ်ဝန်းကျင်တွင် လင်းကင်း၏ရှေ့.နေ အမှုလိုက် လုပ်ငန်းများ တဖြည်းဖြည်း ပြောင်းလဲလာခဲ့သည်။ ရှေ့.နေခ နည်းနည်း သာရပြီး အကျိုးဆက်များများမရှိသော အမှုကလေးများလည်း ဆက်တိုက် ရှိနေခဲ့သည်။ သို့.သော်လည်း လင်းကင်းသည် မီးရထားလမ်းများ ဖောက် လုပ်မှု ကွန်ယက်နှင့် ဆက်နွယ်နေသည့် တရားစွဲဆိုမှုများအတွက် ပို၍ အချိန်ပေးခဲ့ရသည်။ မီးရထားအမှုများက အီလီနွိုင်းပြည်နယ်အတွင်း၌ ကျယ်ကျယ်ပြန့်.ပြန့်.ဖြစ်လာခဲ့သည်။ မီးရထားလမ်း ဖောက်လုပ်သော နေရာတိုင်းတွင် တရားရေးအမှုပြဿနာများ ရှိလာသည်။ မီးရထားလုပ်ငန်း စာချုပ်များနှင့် ရပိုင်ခွင့်ပြဿနာများ၊ မီးရထားလမ်းဖောက်လုပ်ခွင့်ဆိုင်ရာ ပြဿနာများ၊ အဖိုးဖြတ်မှုနှင့် အကောက်ခွန်ပြဿနာများ၊ ကုန်တင်ရထား တာဝန်ပျက်ကွက်မှုနှင့် ခရီးသည်များ ရပိုင်ခွင့်များ၊ အစုအစပ်ပူးပေါင်း ဆောင်ရွက်မှု၊ ညီညွတ်မှုနှင့် ငွေကြေးလက်ခံပြဿနာအမှုများ စုံနေခဲ့သည်။ ဖြစ် ပေါ်လာသည့် မီးရထားလုပ်ငန်းနှင့် ဆက်စပ်သည့် တရားစွဲဆိုမှုများ သည် အခြားရှေ့.နေများနည်းတူ လင်းကင်းအတွက်လည်း ဝင်ငွေကောင်း သော နည်းလမ်းတစ်ခုဖြစ်လာခဲ့သည်။

လင်းဈင်းသည် ၁၈၅၁ ခုနှစ်တွင် သူ.အတွက် ပထမဆုံးနှင့် အထင်ရှားဆုံးသော မီးရထားအမှုအဖြစ် အယ်လ်တင်နှင့် ဆန်ဂါမွန်းမီးရထား ကုမ္ပဏီ[14] ၏ အမှုကို လိုက်ပေးခဲ့သည်။ လမ်းပန်းဆက်သွယ်မှု တိုးတက်ခြင်း သည် စီးပွားရေးတိုးတက်မှုအတွက် သော့ချက်ဖြစ်ကြောင်း လင်းကင်း ထောက်ခံခဲ့သူဖြစ်သည်။ ထိုကုမ္ပဏီသည် ဘော့စ်တင်နှင့် နယူးယောက် မြို့.များကို မစ္စစ္စပီးနှင့် ကောင်းစွာ အချိတ်အဆက် ကွင်းဆက် ပြုလုပ်ပေး မည်ဖြစ်သည်ဟု လင်းကင်း နားလည်ထားခဲ့သည်။ ဂျိမ်းစ် အေ ဘဲရက်[15]မှာ ဆန်ဂါမွန်းအနောက်ပိုင်းမှ မြေပိုင်ရှင်ကြီးတစ်ဦးဖြစ်ပြီး မီးရထားလမ်း

www.burmeseclassic.com

ဖောက်လုပ်ရေးလုပ်ငန်းအတွက် မူလစတော့ရှယ်ယာရှင်တစ်ဦးဖြစ်သည်။ သူသည် မီးရထားလမ်းကြောင်း ပြောင်းလဲမှု ပြုလုပ်မည့် အချက်ကို အကြောင်းပြု၍ သူပေးသွင်းရန်ကျန်ရှိသော ငွေများကို ပေးသွင်းရန် ငြင်းဆန်ခဲ့သဖြင့် အမှုဖြစ်ခဲ့ရခြင်းဖြစ်သည်။ ဂျိမ်းစ် ဘဲရက် စတော့ရှယ်ယာ အစု ၃၀ အတွက် ငွေသွင်းခဲ့စဉ်က မီးရထားလမ်းသည် သူပိုင်ဆိုင်သော မြေ ၄,၂၁၅ ဧကအတွင်းမှ ဖြတ်သန်းဖောက်လုပ် ရန်ဖြစ်ခဲ့သည်။ သူ၏ မြေယာများလည်း တန်ဖိုးတက်လာမည်ဖြစ်သည်။ သို့သော်လည်း ၁၂ မိုင် တိုသွားစေရန် မီးရထားလမ်းကြောင်းကို ပြောင်းလဲဖောက်လုပ်မည်ဖြစ်ရာ ဂျိမ်းစ် ဘဲရက်အတွက် ရထားလမ်းဖောက်လုပ်မှုမှ တိုက်ရိုက် အကျိုးအမြတ် ရရှိနိုင်တော့မည် မဟုတ်ပေ။ ဘဲရက်က ရထားလမ်းကြောင်း ပြောင်းလဲ ဖောက်မည့်အစီအစဉ်ကို ကန့်ကွက်သောအားဖြင့် ပေးသွင်းရန်ကျန်ငွေကို မပေးသွင်းဘဲ ထားခဲ့သည်။

ဂျိမ်းစ် ဘဲရက်အား မီးရထားကုမ္ပဏီက တရားစွဲဆိုခဲ့ပြီး လင်းကင်းအား ကုမ္ပဏီ၏ ရှေ့နေအဖြစ် ငှားရမ်းခဲ့သည်။ ဤအမှုမှာ အလွန် အရေးကြီးလှကြောင်း လူတိုင်းနားလည်ခဲ့ကြသည်။ လင်းကင်း ပြောဆို ခဲ့သည့်အတိုင်း "ဘဲရက်အမှုနိုင်သွားခဲ့ရင် အခြားသူများကိုလည်း ပေး သွင်းရန်ရှိသော ကျန်ငွေများကို မပေးအောင် အားပေးရာရောက်နိုင်သည်" ဟု သဘောပေါက်ခဲ့ကြသည်။ လင်းကင်းသည် တရားလို မီးရထားကုမ္ပဏီ အတွက် အမှုကို ရေပက်မဝင်အောင် အပင်ပန်းခံ ဆောင်ရွက်ခဲ့သည်။ သူ၏တာဝန်မှာ ဘဲရက်သည် စတော့ ရှယ်ယာဝင်တစ်ဦးဖြစ်ကြောင်းနှင့် အယ်လ်တင်နှင့် ဆန်ဂါမွန်းမီးရထားကုမ္ပဏီအနေဖြင့် ငွေကျေအောင် မပေး သွင်းသူအတွက် တရားစွဲပိုင်ခွင့်ရှိကြောင်းကို သက်သေပြရန်ဖြစ်သည်။ လင်းကင်းသည် အယ်လ်တင်နှင့် နယူးယောက်မြို့.များရှိ မီးရထားလမ်း ကုမ္ပဏီ တာဝန်ခံပုဂ္ဂိုလ်များထံ အကြိမ်ကြိမ် စာရေးဆက်သွယ်ခဲ့သည်။ လင်းကင်းက သူရှာဖွေတွေ့.ရှိထားသော ဥပဒေကြောင်းများအတွက် လို

အပ်သော သက်သေအထောက်အထားမှတ်တမ်းများ ပံ့ပိုးပေးရန် မေတ္တာ ရပ်ခံခဲ့သည်။ အမှုကို အီလီနွိုင်းပြည်နယ် ဗဟို တရားရုံးက လက်ခံခဲ့သည်။ တရားသူကြီးချုပ် ဆယ်မြူယဲလ် ထရိုက လင်းကင်း၏ လျှောက်ထားချက်ကို သဘောတူခဲ့သည်။ "ပိုမိုကောင်း မွန်သာလွန်ပြီး ကုန်ကျစရိတ်လည်း သက်သာမည်၊ မီးရထားလမ်း ဖောက်လုပ်မှုကြောင့် ပြည်သူလူထုနှင့် ကုမ္ပဏီတို့.အတွက် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကို ခေါင်းမာသော စတော့ရှယ်ယာရှင်တစ်စုက မတားမြစ်သင့်" ဟု တရားသူကြီးချုပ်က အဆုံးအဖြတ်ပေးခဲ့သည်။ ဤအမှု၏ စီရင်ထုံးကို အမေရိကန်နိုင်ငံတွင် ဖြစ်ပေါ်လာသည့် အခြားအမှု ၂၅ ခုအတွက် ရည်ညွှန်းကိုးကား စီရင် ချက်ချခဲ့ရသည်။ ကော်ပိုရေးရှင်း များ၏ စာချုပ်များကို ပြည်သူလူထု၏ အကျိုးစီးပွားအတွက် ပြုပြင်ခွင့်ရှိ သည်ဆိုသောမူကို ချမှတ်ရန် လမ်းခင်း အကူအညီပေးလိုက်ခြင်းဖြစ်သည်။ ဤအမှုက လင်းကင်းကိုလည်း မီးရထား လမ်းဥပဒေတွင် လင်းကင်းသည် အီလီနွိုင်းပြည်နယ်မှ အထင်ရှားဆုံးနှင့် အအောင်မြင်ဆုံး ရှေ့နေတစ်ယောက်ဖြစ်ကြောင်းကို ထူထောင်ပေးလိုက် လေသည်။

ထို့နောက်တွင် လင်းကင်းသည် ဩဇာရှိသော အီလီနွိုင်း ဗဟို မီးရထားလမ်းဆောက်လုပ်ရေး ကုမ္ပဏီအတွက် ပထမဆုံးအမှုကို လိုက်ခဲ့ ရသည်။ ရှီကာဂိုနှင့် မိုဘီးလ်မြို့.တို့.ကို မက္ကဆီကိုပင်လယ်ကွေ့ နှင့် ရထား လမ်းဖောက်ပေးမည့် ကုမ္ပဏီဖြစ်သည်။ အီလီနွိုင်းပြည်နယ်က ထိုကုမ္ပဏီ နှင့် စာချုပ်ရာတွင် ကုမ္ပဏီက ပြည်နယ်ငွေတိုက်ဌာနသို့. နှစ်စဉ်ကြေး အမြတ်ခွန်ဆောင်ခဲ့မည်ဆိုလျှင် ထိုကုမ္ပဏီအား အခြား အမြတ်ခွန်များမှ ကင်းလွတ်ခွင့်ပေးမည်ဟု သဘောတူခဲ့သည်။ မက္ကလင်းခရိုင်မှ တာဝန်ခံများက ထိုအစီအစဉ်ကို မကျေနပ်ကြပေ။ အီလီနွိုင်းပြည်နယ်သည် ခရိုင်မှ ကောက်ခံမည့် အမြတ်ခွန်များကို ကင်းလွတ်ခွင့် ပေးပိုင်ခွင့် မရှိဟု ကန့်ကွက် ခဲ့သည်။ ထို့နောက် မက္ကလင်းခရိုင်က သူ့.ဒေသအတွက် မြေယာခွန်များ

www.burmeseclassic.com

ကောက်ခံခဲ့သည်။ အီလီနွိုင်း ဗဟိုမီးရထားကုမ္ပဏီက ပေးရန်ငြင်းဆန်ခဲ့သည်။ ၄င်းတို့အနေဖြင့် ပြည်နယ်စာချုပ်ခွန်အပြင် ခရိုင်အတွက် အမြတ်ခွန်များ အပိုထပ်ပေးရမည်ဆိုပါက လက်တွေ့တွင် ကုမ္ပဏီလုပ်ငန်းရပ်သွားနိုင်သည်ဟု ယူဆခဲ့သည်။

၁၈၅၄ ခုနှစ်တွင် လင်းကင်းသည် စရန်ငွေ ဒေါ်လာ ၂၅၀ ယူပြီး *အီလီနွိုင်း: ဗဟိုမီးရထားလမ်း ဆောက်လုပ်ရေးကုမ္ပဏီနှင့် မက္ကလင်းခရိုင်အမှု* ကို လိုက်ခဲ့သည်။ လင်းကင်းက ဟန်ဒင်နှင့်တွဲပြီး အီလီနွိုင်း မီးရထားလမ်း ဆောက်လုပ်ရေးကုမ္ပဏီဘက်မှလိုက်ပြီး သူ၏ လုပ်ဖော်ရွာ.နေဟောင်းနှစ်ဦး ဖြစ်သည့် လိုဂင်နှင့် စတီးဝပ် တို့က မက္ကလင်းခရိုင်ဘက်မှ လိုက်ခဲ့ကြသည်။ လင်းကင်းအတွက် ဟန်ဒင်က ဂရုတစိုက် ပြင်ဆင်ကူညီခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါအချက်များအရ မီးရထားကုမ္ပဏီ၏ ပစ္စည်းများကို ဒေသအမြတ်ခွန်မှ ကင်းလွတ်နွင့်ပြုကြောင်း လင်းကင်း၏ သူလိုက်ခဲ့သော အမှုဟောင်းများကို ကိုးကားတင်ပြခဲ့သည်။ တရားလိုနှင့် တရားခံတို့.ဘက်မှ လျှောက်ထား ချက်များ မပြည့်စုံသေး၍ အမှုကို ထပ်မံစစ်ဆေးပြီး ၁၈၅၅ ခုနှစ်၊ ဇန်နဝါရီလတွင်မှ လင်းကင်း၏ လျှောက်ထားချက်များကို အီလီနွိုင်း ပြည်နယ် ဗဟိုတရားရုံးက အနိုင်ပေးခဲ့လေသည်။

ထိုအမှုမှာ အမှုကြီးတစ်ခု ဖြစ်ခဲ့သည်။ အစပထမတွင် လင်းကင်းက ရှေ.နေခ ဒေါ်လာ ၂,၀၀၀ သာပေးရန် မီးရထားကုမ္ပဏီသို့ တောင်းခံခဲ့သည်။ မီးရထားကုမ္ပဏီက ထိုမျှအထိ မပေးနိုင်ကြောင်း ငြင်းဆိုခဲ့သည်။ ထို.နောက်တွင် လင်းကင်းသည် အခြားနာမည်ကြီး ရှေ.နေ ခြောက်ဦးနှင့် တိုင်ပင်ပြီးနောက် ရှေ.နေခ ဒေါ်လာ ၅,၀၀၀ ပေးရန် ပြင်ဆင်တောင်းဆိုလိုက်သည်။ မီးရထားကုမ္ပဏီကလည်း ငွေကြေးအားနည်းလာမှုကြောင့် ထိုရှေ.နေခကို မပေးဘဲနေခဲ့သည်။ လင်းကင်းတ အီလီနွိုင်းဗဟိုမီးရထားလမ်းဆောက်လုပ်ရေး ကုမ္ပဏီကို တရားစွဲဆိုလိုက်တော့သည်။ မက္ကလင်းခရိုင်တရားရုံး၌ တင်သွင်းသော ထိုအမှုအတွက်

လင်းကင်းက ကိုယ်တိုင် ထုချေ လျှောက်ထားခဲ့သည်။ လင်းကင်းက မိမိတောင်းဆိုသော ရှေ.နေခမှာ မကြောင်းမဲ့၊ ယုတ္တိမဲ့ မဟုတ်ကြောင်း၊ မီးရထားကုမ္ပဏီသည် အမှုရှုံးခဲ့လျှင် ဒေသအမြတ်ခွန်အတွက် နှစ်စဉ် ဒေါ်လာသန်းတစ်ဝက် ပေးဆောင်ရမည်ဖြစ်သောကြောင့်ဖြစ်ကြောင်း လျှောက်ထားခဲ့သည်။ ရုံးတော်က လင်းကင်းကို ချက်ချင်း အနိုင်ပေးလိုက်သည်။ လင်းကင်းသည် ၄င်းအတွက် ဒေါ်လာ ၂၅၀ ကို နုတ်ပြီး ဒေါ်လာ ၅,၀၀၀ ကို ဟန်ဒင်နှင့် တစ်ဝက်စီ ခွဲဝေယူလိုက်သည်။ ဤအမှုဖြစ်ရပ်ကြောင့် လင်းကင်းနှင့် မီးရထားကုမ္ပဏီတို့.၏ ဆက်ဆံရေးကို မထိခိုက်ခဲ့ပေ။ ကုမ္ပဏီ၏ အမှုများကို လင်းကင်းက ဆက်၍ လိုက်ပေးခဲ့သည်။

မီးရထားလမ်းဖောက်မှုနှင့် သက်ဆိုင်သော အမှုများတွင် လင်းကင်းသည် သူ၏တရားလိုအမှုသည်များအတွက်သာ ကိုယ်စားပြုလိုက်ခဲ့သည်။ သူနှင့် ခေတ်ပြိုင်ရှေ.နေကြီးများဖြစ်ကြသည့် မက်ဆာချူးဆက်ပြည်နယ်မှ ရူးဖတ်စ် ချုတ်၊ နယူးယောက်မှ ဒေးဗစ် ဒတ်တလေတို့.ကဲ့သို့ ဥပဒေရေးရာ ဒဿနိကတစ်ခုကို တရားသေ လက်ကိုင်ထားခဲ့ခြင်း မရှိခဲ့ပေ။ အထောက်အပံ့ဖြစ်စေမည့် အမှုကြီးများကိုလည်း မှတ်တမ်းမထားနိုင်ခဲ့ပေ။ လင်းကင်းသည် တစ်ခါတရံတွင် မီးရထားကုမ္ပဏီများဘက်မှ အမှုလိုက်ပြီး တစ်ခါတစ်ရံတွင် မီးရထားကုမ္ပဏီများ၏ ဆန့်ကျင်ဘက် အပြိုင်ဆမှုသည်များဘက်မှ လိုက်ခဲ့သည်။ သူသည် လူမည်းအမျိုးသမီးလေး နန်စီ လွတ်မြောက်မှု ရရှိရေးအတွက် အမှုလိုက်ခဲ့သည်ရှိသလို မတ်ဆန်၏ကျွန်များ လွတ်သွားမှုကို အနောင်အဖွဲ့.ပြန်မိစေသည့် အမှုမျိုးကိုလည်း လိုက်ခဲ့ဖူးတာရှိ၏။ ထို.ကြောင့် ဟန်ဒင်က လင်းကင်းနှင့် ပတ်သက်၍ "သူကတော့ အမှုအနိုင်ရရေး သက်သက်အတွက်သာ လုံးလုံးလိုက်တဲ့ ရှေ.နေတစ်ဦး ဖြစ်တယ်" ဟူ၍ မတန်တဆ ဝေဖန်ပြောဆိုခဲ့ခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၆)

မီးရထားလမ်းများ ဖောက်လုပ်ခဲ့ခြင်းကြောင့် လင်းကင်း အတွက် ဝင်ငွေတိုးလာခဲ့သလို သူ၏မိသားစု နေထိုင်မှုဘဝကိုလည်း အကြီးအကျယ် ခြားနားစေခဲ့သည်။ ၁၈၅၃ ခုနှစ်အထိ အဌမပတ် လည်တရားရုံးများသို့ တစ်နှစ်လျှင် နှစ်ကြိမ် သွားရောက်ခဲ့ရခြင်းကြောင့် လင်းကင်း တစ်ခါ တစ်ရံတွင် အိမ်နှင့် ရက်သတ္တပတ်ပေါင်းများစွာ ကွာဝေးခဲ့ရသည်။ ဥပမာ အားဖြင့် ၁၈၅၁ ခုနှစ်တွင် လင်းကင်းသည် ဧပြီလ ၂ ရက်နေ့မှ ဇွန်လ ၄ ရက်နေ့အထိ (နှစ်လကျော်) စပရင်းဖီးလ်နှင့် ဝေးကွာခဲ့ရသည်။ သို့သော်လည်း မီးရထားလမ်းများ ဥဒဟိုဖောက်လုပ်ခဲ့ခြင်းကြောင့် လင်းကင်းသည် ပတ်လည် တရားရုံးများ၌ အမှုများအပြည့် လက်ခံခြင်းကို မပျက်စေဘဲ စနေ တနင်္ဂနွေနေ့များတွင် အိမ်သို့ ပြန်လာနိုင်စေခဲ့သည်။ ဥပမာအားဖြင့် ၁၈၅၁ ခုနှစ်၊ ဧပြီလတွင် ပတ်လည်တရားရုံးများတွင် အမှုလိုက်ပြီး ဧပြီလ ၂၁ ရက်နေ့တွင် စပရင်းဖီးလ်သို့ ပြန်လာနိုင်ခဲ့သည်။ ထို့နောက် မီတာ မိုရာတွင် သုံးရက် အမှုလိုက်ပြီး စနေ၊ တနင်္ဂနွေအတွက် အိမ်ပြန် လာနိုင်ခဲ့သည်။

ထိုသို့ အိမ်ပြန်လာနိုင်ခဲ့ခြင်းကြောင့် လင်းကင်းသည် မိသားစု၏ လိုအပ်ချက်များအတွက် အချိန်ပို၍ပေးလာနိုင်သည်။ မေရီမှာလည်း သားတစ်ဦးသေ၊ သားနှစ်ဦး ထပ်မွေးဖွားခဲ့ပြီးနောက် စိတ် ရောဂါယ်ရောက်မှန်းမာရေးမကောင်းဖြစ်လာသည်။ ခင်ပွန်းသည်၏ အကူအညီနှင့် ပုံပိုးမှုကို မကြာခဏ လိုအပ်လာသည်။ လင်းကင်း အိမ်တွင် မရှိလျှင် မေရီသည် ကြောက်လန့်တတ်သည်။ တစ်ကြိမ်တွင် အိမ်တံခါးကို လာခေါက်ခဲ့သည့် မုတ်ဆိတ်မွေး ဗလပျစ်နှင့် ထီးပြင်သမားတစ်ဦးကို တွေ့မြင်ခဲ့ရပြီးနောက် မေရီ၏စိတ်မှာ ချောက်ချားခဲ့သည်။ အိမ်ဖော်ကလေးမလေးက ညအခါတွင် ယောကျ်ားတစ်ဦးအား အိပ်ခန်းတွင် လက်ခံပုံကို သိခဲ့ရပြီးနောက် မေရီတွင်

ကြောက်ရွံ့ စိုးရိမ်စိတ်ဝင်လာသည်။ အိမ်နီးချင်း ဂျိမ်းစ် ဂါလေဆိုသူအား "ကျွန်မ ကို စောင့်ရှောက်ကာကွယ်ရန်အတွက် တစ်ညလုံး ကျွန်မဆီလာနေပါ။ ကျွန်မရဲ့ အိပ်ရာထဲမှာ ကျွန်မနဲ့ သားဘော့ဗ်နဲ့အတူ အိပ်လို့ ရပါတယ်" ဟုပင် မေတ္တာရပ်ခံခဲ့သည်အထိဖြစ်ခဲ့သည်။ သူမတို့နှင့် အတူ အိပ်ပါဟု ဆိုခြင်းမှာ မရိုးသားသောစိတ်ဖြင့် ဖိတ်ခေါ်ခဲ့ခြင်း မဟုတ်ပေ။ သူတို့ အိမ်တွင် လူကြီးများအိပ်ရန် ကုတင်တစ်လုံးသာရှိခြင်းကြောင့် အတူအိပ်ရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။

လင်းကင်း အိမ်မှာရှိခဲ့လျှင်တောင်မှ မေရီ၏ အပြုအမူများ မှာ ခန့်မှန်းရခက်လှသည်။ မိသားစုအတွင်း၌ ရက်သတ္တပတ်နှင့်ချီပြီး ငြိမ်ငြိမ် သက်သက် အေးအေးချမ်းချမ်းလည်း ရှိတတ်သည်။ ကောင်းကောင်း ချက်ပြုတ်စားကြသည်။ ညအခါများတွင် မီးပုံဘေးဝိုင်း အချိန်အကြာကြီး စာဖတ်ကြသည်။ ပင်ကိုအားဖြင့် မေရီသည် မြူးကြွ၍ သက်ဝင်လှုပ်ရှား မှုရှိသူဖြစ်သည်။ သူမသည် ၄င်းနောက်ဆုံးဖတ်နေသော ဝတ္ထုထဲမှ အဖြစ် အပျက်များကို ယောကျ်ားစိတ်ဝင်စားအောင် ပြောပြခဲ့သည်။ လင်းကင်းက စိတ်ကူးယဉ်ဝတ္ထုများကို မဖတ်။ မေရီက အိမ်နီးနားချင်းတို့.က ပြောဆိုသော အတင်းအဖျင်း သတင်းများနှင့် နိုင်ငံရေးခန့်မှန်းခြေများကို ခင်ပွန်းအား ပြောပြ သည်။ မေရီသည် အိမ်နီးနားချင်းများအပေါ်တွင် ရက်ရောမှုနှင့် ကြင်နာမှုရှိသည်။ သားလေးတက်ဒ် မွေးဖွားပြီးနောက် အိမ်နီးနား ချင်း မစွစ် ချာလ် ဒေါလ်မဲန်းသည် ဖျားနာပြီး သူမ၏ မွေးဖွားစ ကလေးငယ်ကို နို့မတိုက်နိုင်ဘဲရှိခဲ့ရာ မေရီက နို့ကုတိုက်ပေးခဲ့သည်။ မေရီ နေထိုင် ကောင်းလျှင် သူမ၏ ကလေးများအတွက် ပါတီပွဲများနှင့် ဖျော်ပွဲရွှင်ပွဲများ ကျင်းပပေးတတ်သည်။ သို့သော်လည်း ဧည့်သည်များအား ညစာဖြင့် ဧည့်ခံကျွေးမွေးခြင်း ပြုလုပ်လေ့မရှိပေ။ အဘယ့်ကြောင့်ဆိုသော် မီးဖို ချောင်ကို ခန်းဆီးကာပြီး စားပွဲတစ်လုံး ချပေးခဲ့စေကာမူ လူခြောက်ဦး ထက်ပို၍ မထိုင်နိုင်သောကြောင့်ဖြစ်သည်။ သို့သော် မေရီက လူများ

www.burmeseclassic.com

တွေ့.ဆုံစကားပြောပြီး စတော်ဘယ်ရီမုန့်.များဖြင့် ဧည့်ခံပွဲများ ပြုလုပ်ပေးခြင်းကို သဘောကျသည်။ သို့.ဖြစ်စေကာမူ အကြောင်းတစ်ခုခုထမေရီကို ဒေါသအိုးပေါက်ကွဲအောင်လည်း ပြုလုပ်ပေးနိုင်သည်လည်း ရှိတတ်သည်။ ကြီးထွားလာသော သူမ၏ မိသားစုအတွက် အိမ်ငယ်ကလေးထဲတွင် ကျဉ်းမြောင်းစွာ နေထိုင်နေရသည်ကို စိတ်မအီမသာဖြစ်မှုကြောင့်လည်း ဖြစ်နိုင် သည်။ တစ်နည်းအားဖြင့်လည်း သူမ၏ မျိုးရိုးထဲတွင် အတော်များများ၌ တွေ့.ရှိရသည့် စိတ်မမှန်မှုမျိုး သူမတွင် စွဲကပ်နေသောကြောင့်လည်း ဖြစ်တန်ရာသည်။ မည်သို့.ပင်ဖြစ်စေ မေရီသည် ရံဖန်ရံခါ တွင် ခင်ပွန်းသည်အပေါ်၌ စိတ်မထိန်းချုပ်နိုင်မှုများ ဖြစ်ခဲ့သည်။ စပရင်းဖီးလ်မှ လူများ နောင်တွင် ပြောပြချက်အရ မေရီသည် တစ်ကြိမ်တွင် သားလိုးဓားကို ကိုင်ပြီးနောက် လင်းကင်းနောက်သို့.လိုက်ခဲ့ရာ လင်းကင်းသည် အိမ်ထဲမှ လမ်းပေါ်သို့. ထွက်ပြေးခဲ့ရသည်ဟု ဆိုသည်။ သားလိုးဓား မဟုတ်ဘဲ တံမြက်စည်းကိုကိုင်၍ လိုက်သည်လည်း ဖြစ်နိုင်ပေသည်။

လင်းကင်းက မေရီ၏ စိတ်အတက်အကျ၊ စိတ်မမှန်မှုများ ကို ဥပေက္ခာပြုရန် ကြိုးစားခဲ့သည်။ မစ္စစ်လင်းကင်း ဒေါသူပုန်ထပြီဆိုလျှင် လင်းကင်းက ဂရုမစိုက်ဘဲ ကလေးတစ်ယောက်ယောက်ကို လက်ဆွဲပြီး ရယ်မောရွှင်ပျသွားတတ်သည်ဟု ကျိမ်းစ်ဂါလေက ပြန် ပြောပြခဲ့ဖူးသည်။ ဇနီးဖြစ်သူ စိတ်ပြောလောက်သည်အထိ လင်းကင်းက သူ၏ရုံးသို့. သွားနေတတ်သည်ကများသည်။ မေရီ၏ ဒေါသကလည်း ကြာကြာမခံ။ ဒေါသပြေလျှင် မေရီရွှင်ပြီး ငိုကြွေးတတ်သည်။ လင်းကင်းက မေရီကို အပြစ်မတင်ပေ။ မေရီလိုလားသည့် ကူညီ ထောက်ပံ့မှုများကို ပေးနိုင်ရန်အတွက် လင်းကင်းသည် အိမ်တွင်ပို၍ နေနိုင်ရန်သာ ကြိုးစားခဲ့လေသည်။

လင်းကင်းသည် စနေ၊ တနင်္ဂနွေနေ့.များ၌ အိမ်တွင် ပိုနေ နိုင်ခဲ့ရာ ကလေးများနှင့် ထိတွေ့.ရှိန်လည်း ပို၍ရလာသည်။ သူသည် အိမ်နှင့်

ခွဲခွာနေရမှု များခဲ့ချိန် သားကြီးရောဘတ်သည် ကြီးပြင်းလာခဲ့သည်။ ထို.ကြောင့် သားအကြီးဆုံးနှင့် တစ်ရင်းတစ်နှီး နေထိုင်ခွင့် ဆုံးရှုံးခဲ့ရသည်။ ယခုမူ သားငယ် ဝီလီနှင့် တက်ဒ်တို.နှင့် ပို၍ ရင်း ရင်းနှီးနှီး နေထိုင်ခွင့်ရလာသည်။ ဝီလီသည် ဉာဏ်ကောင်းပြီး ချစ်စဖွယ်ရာ မျက်နှာချို့သာသည်။ ပေါင်းသင်းဆက်ဆံတတ်ပြီး တစ်ဖက်လူ၏ ခံစားချက်ကို အထူးအကင်းပါးသူဖြစ်သည်။ ဝီလီသည် မိမိနှင့် စိတ်ခါတ်အများကြီးတူသည်ဟု လင်းကင်းယုံကြည်ခဲ့သည်။ တက်ဒ် မှာ ချစ်စရာကောင်းပြီး စိတ်လိုက်မာန်ပါ ပြုမူတတ်ရာ မိခင်နှင့် စိတ်ထားခြင်း ပို၍ တူပေသည်။ တက်ဒ်မှာ စကားမပီဘဲ သွားများလည်း မညီသူဖြစ်ရာ စိတ်ပို့ရှည်လှသော ဖခင်ကို ပိုမို၍ တွယ်တာသူဖြစ်ပေသည်။

လင်းကင်းသည် အချိန်ရတိုင်း ကလေးငယ် နှစ်ဦးကို ကူညီထိန်းပေးသည့် တစ်မူထူးခြားသော အလေ့အထရှိသည်။ ထို.ကြောင့် စပရင်းဖီးလ် အသိုင်းအဝိုင်းက မ.ယ.က. (မယားကြောက်)[17] ဟုပင် အတင်းပြောခဲ့ကြသည်။ မေရီသည် အိမ်အလုပ်များ အဆမတန်များပြီး မကျန်းမာသည်က များသောကြောင့် မိမိကူညီရမည့် တာဝန်ရှိသည်ဟု လင်းကင်းခံစားခဲ့မိသောကြောင့်လည်း ဖြစ်နိုင်သည်။ မကြာမီက သူ၏ ဖခင်ကြီး ကွယ်လွန်သွားခဲ့ရာ မိမိကလေးဘဝက ပြုစုစောင့်ရှောက်သော မိဘနှစ်ပါး အလွန်လိုလားခဲ့မိသော ခံစားချက်ကို သတိရ၍လည်း ဖြစ်နိုင်သည်။ ဝီလီနှင့် တက်ဒ်တို့. ငယ်စဉ်ကာလ၌ သူတို့. ညီအစ်ကိုအား လင်းကင်းက ရထားလှည်းပေါ်တွင်တင်ပြီး အိမ်ရှေ့က လမ်းမပေါ်တွင် အသွားအပြန် မောင်းပေးတတ်သည်။ သူကတော့ ရထားမောင်းရင်း လက်ထဲ၌ စာအုပ်တစ်အုပ်ကို ကိုင်ဖတ်ပြီး လိုက်ပါခဲ့သည်။ တစ်ခါတစ်ရံ၌ လင်းကင်းသည် မွေ့နေသော ရွှေ.နေခများကို စဉ်းစားရင်း ပတ်ဝန်းကျင်ကို မေ့.သွားချိန်၌ ကလေးတစ်ယောက် လှည်းပေါ်မှ လိမ့်ကျသည်ကိုပင် လင်းကင်း မသိခဲ့ဟု အိမ်နီးနားချင်းများက ပြန်ပြောခဲ့ကြသည်။ ကလေးများ အနှံ့ည်းငယ်

www.burmeseclassic.com

ကြီးပြင်းလာချိန်၌ သားအဖ သုံးယောက် လက်တွဲ၍ အတူလမ်းလျှောက် တတ်ကြသည်။ သားတစ်ယောက်ယောက်က ညောင်းလာပြီဟု ညည်းလာလျှင် အိမ်အပြန်၌ လင်းကင်းက သူ၏ကုပ်ပေါ်တွင် ခွစီးပြီး လိုက်ပါစေခဲ့သည်။

တနင်္ဂနွေနေ့များတွင် မေရီဘုရားရှိခိုးကျောင်းတက်နေချိန်၌ လင်းကင်းသည် သူ၏သားများကို သူ၏ရုံးသို့ ခေါ်ဆောင် သွားတတ်သည်။ ကလေးများသည် ဟန်ဒင်အတွက် အနှောင့်အယှက်ဖြစ်စေခဲ့သည်။ ဟန်ဒင်က "အဲဒီကလေးတွေက စာအုပ်တွေဆွဲချ၊ ပြာခွက်တွေ၊ မင်အိုးတွေ စက္ကူတွေ၊ ရွှေရောင်ဖောင်တိန်တွေမှောက်အောင် လုပ်လိုလုပ်၊ အဲဒီ ပစ္စည်းတွေ ကတ္တီပါကော်ဇောပေါ်မှာ ကသောင်းကနင်းပြန့်ကြဲနေအောင် လုပ်ပြီး တက်က,လိုက လုပ်ကြတယ်များ။ လင်းကင်းက တစ်ခွန်းမှ မပြောဘူး။ ကလေးတွေလုပ်တာကို ဂရုမစိုက်ဘဲ မျက်စိကန်းနေတယ်။ ကလေးတွေသာ သူ့ဦးထုပ် ထဲ ဈေးပါပြီး သူ့ဖိနပ်ကို လာသုတ်ခဲ့ရင်တောင် စမတ် ကျတယ်ထင်ပြီး လင်းကင်းက ရယ်နေမယ့်လူစားဗျ။ ကျွန်တော်ဆိုရင် ကလေးတွေကို လည်ပင်းညှစ်ပစ်လိုက်ချင်တဲ့စိတ် ခဏခဏ ဖြစ်ခဲ့မိတယ်။ လင်းကင်းကို လေးစားလို့သာ။ ကျွန်တော့်မှာ ပါးစပ်မဟာဘဲ နှုတ်ပိတ်နေခဲ့ရတယ်" ဟု ပြန်သတိရပြောဆိုခဲ့တယ်။

ဟန်ဒင်က လင်းကင်းက ကလေးများအပေါ်တွင် မလိုမုန်း ထားမှုရှိခြင်းမှာ မိခင်ဖြစ်သူ မေရီအပေါ်တွင် ထားရှိသည့် အမုန်းဆန် သော မနှစ်မြို့.မှု၏ ရောင်ပြန်ဟပ်မှုလည်း ပါဝင်ပေသည်။ ဟန်ဒင်းသည် မေရီ တော့ဒ် လင်းကင်းနှင့် မည်သည့်အခါကမျှ သပ္ပါရ မဖြစ်ခဲ့ပေ။ ဟန်ဒင်သည် ၁၈၃၇ ခုနှစ်တွင် မေရီအား ပထမဆုံးအကြိမ် စတင် တွေ့.ရှိခဲ့သည်။ မေရီသည် ကဲန်တပ်ကီးပြည်နယ်မှ လာရောက် လည်ပတ် စဉ်က ဗိုလ်မှူးကြီး ရောဘတ် အယ်လင်က ဧည့်ခံခဲ့သည့် ညစာစားပွဲနှင့် ကပွဲတွင် တွေ့.ရှိခဲ့ခြင်းဖြစ်သည်။ ဟန်ဒင်က မေရီအား သူနှင့်အတူ တွဲကရန် ဖိတ်ခေါ်ခဲ့သည်။ ဟန်ဒင်က မေရီအား နှစ်သိမ့် စေရန် ရည်ရွယ်ချက်ဖြင့် "မေရီသည် ဝေါ်လ်ဇ်တောဂိတကြောတွင် မွေးတစ်ကောင်ပမာ သက်သက် သာသာ ညက်ညက်ညောညောမျှောလိုက်နိုင်လိုက်တာ" ဟု တင်စားပြော ဆို ခဲ့သည်။ ဟာသကို မခံစားတတ်သော မေရီက ဟန်ဒင်ကို ချက်ချင်း ပြန်တွယ်ထည့်လိုက်သည်။ သူမက "မစ္စတာ ဟန်ဒင်၊ ကျွန်မလို သူစိမ်း တစ်ယောက်ကို မြွေနဲ့.နှိုင်း ပြောတာကတော့ ရက်ရက်စက်စက် ဇေါ် လိုက်တာပဲ" ဟု ပြောဆိုပြီး ဟန်ဒင့်ကို ဘယ်တော့မှ မေ့မရခဲ့။ လင်းကင်းက မေရီကို ပိုးပန်းခဲ့ချိန်တွင် ဟန်ဒင်က ပြင်းထန်စွာ ဆန့်.ကျင်ခဲ့သည်။ လင်းကင်းသည် လွတ်လပ်သော မျိုးရိုးဗီဇအနွယ်ကို သစ္စာဖောက်ပြီး စပရင်းဖီးလ်၏ ကုလုံပြည်စုံသော အထက်တန်းလွှာဘက်သို့ ဟင်းဖတ်ပါခြင်းဖြစ်သည် ဟု ဟန်ဒင်က ပြောဆိုခဲ့သည်။ ဟန်ဒင်အား လင်းကင်းနှင့် မေရီတို့.၏ မင်္ဂလာဆောင်သို့ ဖိတ်ကြားခြင်း မပြုဘဲထားခဲ့သည်။ နောင်တွင် ဟန်ဒင်က မေရီနှင့် ပတ်သက်၍ "ဒီအမျိုးသမီးက ကျွန်တော့်အတွက်တော့ ကြောက်မက်ဖွယ်ရာဖြစ်ခဲ့တယ်။ ဒီအမျိုးသမီးက သြဇာပေးတယ်၊ မာနကြီးတယ်၊ အထက်တန်းလွှာဆန်တယ်၊ စော်ကားမော်ကား လုပ်တတ်တယ်၊ ဉာဏ်များပြီး ခါးသီးသူဖြစ်တယ်" လို့ ပြန်ပြောခဲ့ သည်။

လင်းကင်းက ဟန်ဒင်နှင့်တွဲဖက်၍ ရှေ့.နေလုပ်ရန် ရွေး ချယ်ခဲ့ခြင်းကိုလည်း မေရီက သဘောမကျခဲ့ပေ။ မေရီက ဟန်ဒင်ထက်ပို၍ လူမှုဆက်ဆံမှုတွင် လေးစားဖွယ်ရာကောင်းသည့် ဂျွန် တော့ဒ် စတူးဝပ် သို့.မဟုတ် ဂျိမ်းစ် ကော်နာလင်တို့.လိုပုဂ္ဂိုလ်များနှင့် တွဲ၍ လုပ်စေချင်ခဲ့ သည်။ ဟန်ဒင်သည် တစ်ခါတစ်ရံတွင် အရက်အလွန်အကျွံ သောက်တတ် သည့် လူကြမ်းတစ်ဦးဖြစ်သည်ဟု မေရီက အကဲဖြတ်ခဲ့သည်။ ဟန်ဒင်သည် ဒေသ ခံစာကြည့်တိုက်အသင်း အရက်ရှောင်ကျဉ်ရေးလှုပ်ရှားမှုနှင့် အမျိုး သမီး အခွင့်အရေးများအတွက် ထောက်ခံခဲ့သူရဖြစ်ပြီး ၁၈၅၄ ခုနှစ်တွင် စပရင်းဖီးလ်၏ မြို့.တော်ဝန်အဖြစ် အရွေးခံခဲ့သူဖြစ်ခဲ့စေကာမူ မေရီက

www.burmeseclassic.com

သူ.အပေါ်တွင် အထင်မကြီးခဲ့။ သူ.အပေါ်တွင် ထားရှိသော သူမ၏ စိတ်ထားကိုလည်း မပြောင်းလဲစေခဲ့။ သို့သော်လည်း ရှေ့.နေအလုပ်သည် သူမ၏ အိမ်တွင်းရေးအလုပ် မဟုတ်ဘဲ ခင်ပွန်းသည်၏ အဓိကလုပ်ငန်းဖြစ်မှန်း မေရီသိသည်။ ထို့ကြောင့်လည်း မေရီသည် လင်းကင်း၏ လုပ်ဖော်ကိုင်ဖက်ဟန်ဒင်ကို ခပ်ခွာခွာနေပြီး ပုံမှန်ဆက်ဆံရေး မပျက်အောင် ထိန်းသိမ်းခဲ့သည်။ မေရီသည် လင်းကင်း၏ မှသာ သွားခဲ့သည်။ သို့သော် ဟန်ဒင်အား အိမ်သို့ ထမင်းဖိတ်ကျွေးခြင်းလုံးဝ မပြုလုပ်ခဲ့ပေ။ နောင်နှစ်ပေါင်း အတော်ကြာကာလ၌ မေရီက ဟန်ဒင်အကြောင်းပြောရာ၌ "ဟန်ဒင်ဟာ ကျွန်မအတွက်တော့ သူစိမ်းတစ်ဦးလုံးလုံးဖြစ်ခဲ့ပါတယ်။ သူဟာ ကျွန်မတို့.အိမ်ကို လာလည်နေကျ မိတ်ဆွေတစ်ဦးမဟုတ်ခဲ့ပါဘူး။ ဂျုံးနဲ့.သာ သူအဓိက ပတ်သက်ခဲ့ပါတယ်" ဟု ပြောခဲ့သည်။

ဇနီးသည်နှင့် လုပ်ဖော်ကိုင်ဖက်တစ်ဦးတို့.အကြား ပဋိပက္ခရှိခဲ့လျှင် အခြားသူများအတွက် စိတ်ရှုပ်စရာဖြစ်နိုင်လောက်ခဲ့သော်လည်း လင်းကင်းအတွက် လုံးဝ ဒုက္ခမဖြစ်ခဲ့ပေ။ ဘီလီနှင့် မေရီတို့.အကြား ခြံလာသော တင်းမာမှုသည် လင်းကင်းအတွက် ပို၍ပင် ကောင်းနေသေးတော့သည်။ သူတို့ နှစ်ဦးစလုံးက လင်းကင်း၏ အပြည့်အဝ အာရုံစူးစိုက်မှုကို လိုလားခဲ့ကြခြင်းကြောင့်ဖြစ်သည်။ မေရီက ဟန်ဒင်အား မရွှေ့နိုင်မှုဖြင့် စောင့်ကြည့်နေမှန်းသိသော ဟန်ဒင်ကလည်း ဂျုံးအလုပ်များအတွက် ပို၍ အားစိုက်ကာ ပို၍ ဂရုတစိုက် ဆောင်ရွက်စေရန် လှုံ့ဆော်ပေးခဲ့သည်။ ဟန်ဒင်သည် စေ့စပ်သော အာဇာခတ်လေ့လာတတ်သူဖြစ်ကြောင်းကို မေရီကလည်း သတိရှိသည့်အတွက်ကြောင့် မေရီ၏ဒေါသဖြစ်တတ်ပုံများကို အနည်းနှင့်အများ ထိန်းသိမ်းပေးသလို ဖြစ်စေခဲ့သည်။

ကွန်ဂရက်လွှတ်တော်မှ ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် လင်းကင်း၏ ဘဝသည် ငြိမ်းချမ်းအေးမြပြီး အလားအလာပိုကောင်းမွန်ခဲ့သည်

၁၈၆၀ ခုနှစ်တွင် လင်းကင်း၏ မဲဆွယ်ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းခ်ုံ လင်းကင်းအကြောင်းကို ဝီလ်လျံ ဒီးန် ဟောင်းဝဲလ်က ရေးသားခဲ့သည်။ "လင်းကင်းသည် နိုင်ငံရေးလောကမှ ရှေ့.နေလောကသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် သူ၏ အသက်မွေးဝမ်းကျောင်းလုပ် ငန်းသည် အောင်မြင်မှု ရရှိခဲ့သည်။ မိသားစုပျော်ရွှင်မှုလည်း ရှိခဲ့သည်။ အိမ်နီးနားချင်းများ၏ မေတ္တာကိုလည်း ရရှိခဲ့သည်။ စာအုပ်များနှင့်ပျော်ရွှင်ပြီး လုပ်ငန်း စွမ်းဆောင်မှု အရည်အချင်းနှင့် အပန်းဖြေမှုတို့.နှင့်ပြည့်စုံသော လင်းကင်းအား ရည်မှန်းချက်များက မဆွဲဆောင်နိုင်ခဲ့ပါ" ဟုရေးသားခဲ့သည်။

ဟောင်းဝဲလ် ရေးသားခဲ့သော သူ၏ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းကို ဖတ်ကြည့်ပြီး မမှန်ကန်မှုများ ပါရှိခဲ့လျှင် မှတ်ချက်ပေးရန် မိတ်ဆွေတစ်ဦးက လင်းကင်းအား မေးမြန်းခဲ့ရာ လင်းကင်းက အထက်ပါစာပို့ခ်ကို မပြင်ဘဲ အတည်ပြုချက်ပေးခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

မှတ်စုတိုများ

1. Euclid's Principle of Geometry
2. Theorems
3. United States Supreme Court
4. Honest Abe
5. Honest Old Abe
6. William Armstrong
7. James Metzker
8. James Norris
9. Charles Allen
10. John D. Johnston
11. William Wallace Lincoln
12. tadpole
13. Tad
14. Alton and Sangamon Railway
15. James A. Barret
16. Illinois Central Railroad vs. The County of McLean
17. hen-pecked

၅

အခန်း (၇)

၄စ်ပါတီ ပြိုကွဲပြီ

လင်းကင်းကွန်ဂရက်လွှတ်တော်မှ အနားယူခဲ့ပြီး နောက်နှစ်များတွင် သူ.အကြောင်း ဟောင်းဝဲလ် ရေးသားဖော်ပြချက်မှာ မှန်ကန်ခဲ့သည်။ သို့သော်လည်း လင်းကင်း၏ ဘဝရူထောင့်အစုံကို ခြုံငုံနိုင်ခဲ့ခြင်း မရှိခဲ့ပါ။ ကွန်ဂရက်တာဝန်များကို စွန့်.လွှတ်ခဲ့ပြီးနောက်တွင် လင်းကင်းသည် နိုင်ငံရေးတွင် စိတ်ဝင်စားမှုကို ဘယ်အခါကမျှ လုံးဝ စွန့်.လွှတ်ခြင်း မပြုလုပ်ခဲ့ပေ။ သူသည် အမျိုးသားရေးပြဿနာများ အတွက် ဆက်လက်၍ သောကမကင်း ဖြစ်ခဲ့သည်။ သူ.အနေဖြင့် ပြဿနာများကို မည်ကဲ့သို့ ကူညီဖြေရှင်းပေးနိုင်မည်နည်းဆိုသည်ကို အမြဲတမ်း တွေးတောနေခဲ့သည်။ သူသည် ထုံးစံအတိုင်း ထူးခြားစွာ ဆောင်ရွက်နိုင်မှုကို တောင့်တခဲ့သော်လည်း အခွင့်အရေးများ ကောင်းကောင်း မရခဲ့ပေ။ သူသည် အဘူးအောင်မြင်သော ရှေ.နေတစ်ဦး ဖြစ်လာခဲ့စေကာမူ သူ၏ ရှေ.ရေးအတွက်

www.burmeseclassic.com

မကြာခဏတွေးပြီး အားငယ်ခဲ့မိသည်။ လင်းကင်းက "တိုင်းပြည်အတွက် အကျိုးပြုနိုင်အောင် မနေခဲ့ရဘဲနှင့် အသက်သေပြီး ကိုယ့်တိုင်းပြည်ကို စွန့်လွှာသွားရမှာ ဘယ်လောက်အထိ ခက်မလဲ" ဟု ဟန်ခင်ကို ပြောပြခဲ့သည်။

(၁)

လင်းကင်းသည် ကွန်ဂရက်လွှတ်တော် အမတ်ဟောင်းတစ်ဦး အနေနှင့် သြဇာရှိသောသူဖြစ်သည်။ သူ့အား ပြည်သူ့ဝန်ထမ်းအလုပ်များနှင့် ရွေးကောက်ပွဲများဝင်ရန် အကြိမ်ကြိမ် မေတ္တာရပ်ခံခြင်း ခံခဲ့ရသည်။ လင်းကင်းက ၁၈၅၀ ခုနှစ်တွင် ကွန်ဂရက်အမတ်ရာထူးအတွက် နောက်တစ်ကြိမ် ထပ်မံရွေးကောက်ပွဲဝင်ရေးကို အခိုင်အမာ ငြင်းဆန်ခဲ့သည်။ သို့သော်လည်း ဝှစ်ပါတီလုပ်ငန်းများအတွက် တက်တက်ကြွကြွ ဆက်လက် ပါဝင်ဆောင်ရွက်ခဲ့သည်။

လင်းကင်းက သူဆောင်ရွက်ခဲ့သော ကွန်ဂရက်လွှတ်တော် အမတ်နေရာတွင် အရွေးခံရန်အတွက် ရည်မှန်းချက်ကြီးသူ လူငယ်ရွန် ပါတီဝင် ရစ်ချတ် ရိတ်စ်အား မဲဆွယ်စည်းရုံးပြောဆိုရေး နည်းလမ်း များကအစ သင်ကြားပေးခဲ့သည်။ ထိုအချိန်တွင် ကွန်ဂရက်၌ မကွေ့ဆိုနိုင်မှ ရရှိခဲ့သော နယ်မြေများတွင် ကျွန်စနစ် မရောက်ရှိရေး ပြဿနာကို အကြိတ်အနယ် ဆက်လက်ဆွေးနွေးနေကြသော ကာလ ဖြစ်သည်။ ထို ပြဿနာအတွက် ရိတ်စ်သည် နူတ်ကျွံသော ပြောဆိုမှု မပြုလုပ်မီစေရန် လင်းကင်းက သတိပေး တိုက်တွန်းခဲ့သည်။ တစ်ဖက်တွင်လည်း ရိုးသည် ကျွန်စနစ် ကျယ်ပြန့်သွားစေရေးကို ဆန့်ကျင်ပြီး ဝီးလ်မော့ ခြင်း ချက်ကို ထောက်ခံရမည်။ သို့သော်လည်း ပြည်ထောင်စုကြီးကို ထိန်းသိမ်း ရေးသည် နိုင်ငံရေးရည်မှန်းချက်များအားလုံးအနက် နံပါတ်တစ်ခြင်း

ဝီးလ်မော့ခြင်းချက်သည် ပြည်ထောင်စုကြီးကို အန္တရာယ်ပေးနိုင်မည် ဆိုလျှင် ခြင်းချက်အား ထောက်ခံမှုကို ချက်ချင်း စွန့်ပယ်ရလိမ့် မည်။ ထို့အပြင် တောင်ပိုင်းပြည်နယ်များက ခွဲထွက်ရန် ခြိမ်းခြောက်မှုကို ဖိနှိပ်ပြီး ၁၈၅၀ ခုနှစ် ညှိနှိုင်းသဘောတူညီချက်ကို ထောက်ခံရမည်ဟု သင် ပေးခဲ့သည်။ ညှိနှိုင်းသဘောတူညီချက်ဆိုသည်မှာ ကယ်လီဖိုးနီးယား ပြည်နယ်အား ပြည်ထောင်စုအတွင်းသို့ ကျွန်စနစ်မရှိသော ပြည်နယ်တစ်ခု အဖြစ် ဝင်ရောက်ခွင့်ပေးရန်၊ နယူးမက္ကဆီကိုနယ်မြေနှင့် ယူတားနယ် မြေတွင် ကျွန်စနစ်ခွင့်ပြုရေး၊ မပြုရေးကို နယ်မြေသူ နယ်မြေသားများ၏ ကိုယ်ပိုင်သဘောဆန္ဒဖြင့် ရွေးချယ်စေရန်နှင့် တောင်ပိုင်းဒေသအတွက် တင်းကျပ်သော ကျွန်ပြေးဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းစေရန်တို့ ဖြစ်သည်။

လင်းကင်းသည် ၁၈၅၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ရှေ့တန်းမှ ထင်ထင်ရှားရှားကြီး မဟုတ်သော်လည်း တက်တက်ကြွကြွတော့ ပါဝင်လှုပ်ရှားခဲ့သည်။ သူသည် အီလီနွိုင်းပြည်နယ် ဂှစ်ပါတီ၏ အမျိုး သားကောမတီဝင်အဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။ သူသည် စပရင်းဖီးလ် စကော့ထ်ကလပ်တွင် မိန့်.ခွန်းပြောကြားခဲ့ရာ၌ မဲဆွယ် မိန့်.ခွန်း ရှည်ကြီးတစ်ခုပြောကြားပြီး ဂှစ်သမ္မတလောင်း ဝင်းဖီးလ် စကော့ထ် အား ဝတ်ကျေတမ်းကျေ ချီးမွမ်းကာ ဒီမိုကရက်တစ်သမ္မတလောင်း ဖရဲန် ကလင် ပီးယပ်စ်အား အားပါးတရ ဝေဖန်ထိုးနှက်ခဲ့သည်။ ပီးယပ်စ်မှာ အရည်အချင်း ဘာမျှ မည်မည်ရရ မရှိပေ။ သို့သော်လည်း စကော့ထ်၏ အလားအလာမှာ စိတ်ပျက်ဖွယ်ရာကောင်းလှသဖြင့် လင်းကင်းသည် သူ ပါဝင်ဆောင်ရွက်ခဲ့သမျှ သမ္မတရွေးကောက်ပွဲများတွင် အနည်းဆုံး လုပ် ဆောင်ခဲ့သည်ဟု ဟောင်းဝဲလ်က မှတ်တမ်းတင် ရေးသားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၂)

လင်းကင်းသည် ဝါရင့်နိုင်ငံရေးသမားတစ်ဦး၏ ကတ္တမ္မ ရုပ်တည်နေရပုံကို လုံးဝ ပျော်ရွှင်ပုံမရကြောင်း၊ အခါအားလျော်စွာ သူ၏ ပြုမူဆောင်ရွက်ပုံများက ပြသခဲ့သည်။ ၁၈၅၂ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်တရားပွဲများတွင် လင်းကင်း၏ မိန့်ခွန်းများမှာ အသက်မပါလှပေ။ စတီဖင် အော ဒပ်ဂလပ်စ်[2]အကြောင်းကို ရည်ညွှန်းပြောဆိုရသည့် အခါများကျမှသာ လင်းကင်း၏ မိန့်ခွန်းများက သက်ဝင်လှုပ်ရှားမှု ရှိလာသည်။ ဒပ်ဂလပ်စ်မှာ ဆီးနိုတ် လွှတ်တော်အမတ်တစ်ဦးဖြစ်ပြီး ဒီမိုကရက်သမ္မတလောင်း ပီးယပ်စ်အတွက် မဲဆွယ် ဟောပြောခဲ့သည်။ ဒပ်ဂလပ်စ်က ၄င်းသည် ၁၈၅၀ နှစ် ဥရောပနိုင်းယဘောတူညီချက်၏ ဖခင်ဖြစ်ကြောင်း ကြွေးကြော်ခဲ့သည်။ လင်းကင်းက ဒပ်ဂလပ်စ်၏ ကြွေးကြော်မှုကို သရော်ပြီး ဒပ်ဂလပ်စ်သည် ဟဲန်နရီကလေးနှင့် ဒဲန်နီယယ်ဝက်ဘ်စတာတို့၏ အတွေးအခေါ်စိတ်ကူးများကို ခိုးချခဲ့သူဖြစ်သည်ဟု လင်းကင်းက စွပ်စွဲခဲ့သည်။ သို့သော်လည်း ဒပ်ဂလပ်စ်သည် ဆီးနိုတ် အထက်လွှတ်တော်၌ သြဇာအာဏာအရှိဆုံး တန်ခိုးရှိပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်လာပြီး လင်းကင်းမှာ သာမန်လူသား တစ်ဦးအဖြစ်သာ ကျန်ရှိနေခြင်းကြောင့် လင်းကင်း စိတ်ပျက်လာပုံရခဲ့သည်။

လင်းကင်း၏ မပျော်ရွှင်မှုကို ပြသသည့် အခြားအရိပ်လက္ခဏာများလည်း ရှိခဲ့သည်။ အချို့ရက်များတွင် လင်းကင်းသည် ရုံးသို့ ရွှင်ရွှင်ပျပျ ရောက်လာပြီးမှ ရုံးတွင် စိတ်မချမ်းသာသော ပုံစံဖြင့် ဟန်ဆောင်ကိုပင် စကားမပြောဘဲ ဂူတူဂူဝိုင်တိုင်တိုင် နေခဲ့သည်။ ပတ်လည်တရားရုံးများသို့ အတူသွားနေကျ အပေါင်းအသင်းများကလည်း အကဲခတ်၍ ရောနိုင်သော လင်းကင်း၏ အမူအရာများကို သတိပြုမိခဲ့ကြသည်။ လင်းကင်းသည် ညအခါများတွင်လည်း ကယောင်ကတမ်း ဖြစ်ခဲ့သည်။ အိပ်ရာ

ရုတ်တရက်နိုးပြီး မီးဖိုဘေးတွင် မိုးလင်းသည်အထိ ငုတ်တုတ် ငေးငိုင်ထိုင်နေပုံမျိုးကိုလည်း တွေ့ခဲ့ကြရသည်။ လင်းကင်းကိုမသိသော သူစိမ်းတစ်ဦးအဖို့ လင်းကင်း ရူးသွားပြီလားဟုပင် တွေးနိုင်လောက်ခဲ့သည်။ လင်းကင်းသည် အိမ်တွင်းရေး မသာမယာမှကြောင့် မပျော်ရွှင်ဘဲ စိတ်ညစ်ခဲ့ရသည်ဟု ဟန်ဒင်က ယူဆခဲ့သည်။ အခြားသူများကမူ လင်းကင်းသည် အမြဲတမ်း ဝမ်းချုပ်သဖြင့် ဆေးစားနေရခြင်းကြောင့် ဖြစ်သည်ဟုထင်ကြသည်။ ဤအယူအဆများ မှန်ကန်ဖွယ်ရာ ရှိပါသည်။ သို့သော်လည်း သူတို့သည် အဓိက အရေးပါသော အချက်တစ်ခုကို မေ့နေခဲ့ကြသည်။ လင်းကင်းသည် သူ၏ နိုင်ငံရေးသမားဘဝမှာ တက်လမ်းမမြင်သောကြောင့် စိတ်ရှုပ်ကာ မပျော်ရွှင်ဘဲ ဖြစ်နေခဲ့သည်ဆိုသောအချက် ဖြစ်ပေသည်။

လင်းကင်းသည် ပြည်သူ့ဝန်ထမ်း မဟုတ်တော့သော်လည်း ပြည်သူလူထုနှင့် ကင်းကွာသွားရန် ရည်ရွယ်ချက် မရှိခဲ့ပေ။ ၁၈၅၀ ပြည့်လွန်နှစ်များတွင် မီးရထားလမ်းများ ဖောက်လုပ်ပြီးစီးခဲ့ပြီးနောက် ဟောပြောပွဲခေတ်သို့ ရောက်ရှိလာခဲ့သည်။ ပရိသတ်များက ဟောပြောပွဲများသို့ လူစုလူဝေးဖြင့် သွားရောက်နားထောင်ကြသည်။ စပရင်းဖီးလ်သည် အရှေ့ပိုင်းဒေသမှ ဟောပြောသူများအတွက် ပုံမှန် ပတ်လည်နေရာ တစ်ခုဖြစ်လာခဲ့သည်။ မြို့သူမြို့သားများသည် ရပ်ဖ ဝေါလ်ဒို အီမာဆင်[3] ဟဲန်နရီဝပ် ဘီချာ[4] ဟောရေ့စ် ဂရီလီ[5] ဘေးယဒ် တေလာစသည့် နာမည်ကျော်များနှင့် အခြားဟောပြောသူများကို နားထောင်ခဲ့ကြရသည်။ လင်းကင်းကလည်း သူ့ကိုယ်သူ လူကြိုက်များသော ဟောပြောသူ တစ်ဦးအဖြစ် ပေါင်ရန် မှန်းခဲ့သည်။

၁၈၅၈ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် လင်းကင်းသည် ဘလူးမင်တင်မြို့ရှိ ဝိုင်အဲဝ်စီအေ အသင်းတိုက်၌ ဟောပြောခဲ့ခြင်းမှာ သူ့အတွက် အထင်သန်ဆုံးနှင့် ထူးခြားသည့်ဟောပြောမှုတစ်ခု ဖြစ်ခဲ့သည်။

www.burmeseclassic.com

လင်းကင်းက သုတစုံအဖြစ် "ရှာဖွေတွေ့.ရှိမှုများနှင့် တည်ထွင်မှုများ" ခေါင်းစဉ်ဖြင့် ပြောကြားခဲ့သည်။ ပထမပိုင်းတွင် ရှာဖွေတွေ့.ရှိမှု သမိုင်းဆိုသူ.အမြင်ဖြင့် တင်ပြခဲ့ရာတွင် အီဒင်ဥယျာဉ် အတွင်း၌ ဝေအနေဖြင့် သဖန်းရွက်များကို အရွက်ကာအဖြစ် စတင် တီထွင်ခဲ့ပုံမှစ၍ ရေနွေးငွေ့အင်ဂျင်စက် ပေါ်ပေါက်လာပုံအထိ ပြောပြခဲ့သည်။ ဒုတိယပိုင်းတွင် စာရေးခြင်းနှင့် ပုံနှိပ်မှုအကြောင်းများမှ (ထူးခြားစွာ လင်းကင်းပြောဆိုခဲ့သည်) "နီးဂရိုးများကို တည်ထွင်ခဲ့မှု"[7] နှင့် ၄င်းတို့.အား လက်ရှိအသုံးပြုနေသည့် နည်းလမ်းများအကြောင်းတို့.ကို ဟောပြောခဲ့သည်။ လင်းကင်းသည် နောက်တစ်နှစ်ကာလအတွင်း၌ အီလီနွိုင်းပြည်နယ်ရှိ မြို့.ပေါင်းများစွာသို့. လှည့်လည်သွားရောက် ဟောပြောခဲ့သည်။ ကြားရသူများက သိတ်စိတ်မဝင်စားကြပေ။

လင်းကင်း၏ ဟောပြောမှုများနောက် နှစ်ခုမှာ သိပ်မထူးခြားခဲ့ပေ။ နှစ်ခုစလုံးမှာ ယေဘုယျသြဘာစာ များဖြစ်သည်။ ၁၈၅၀ ခုနှစ် ဂူလိုင်လတွင် ရှီကာဂိုမြို့.ရှိ တရားရုံးသို့. ရောက်ရှိခိုက် သမ္မတ ဘာရီတေလာ ကွယ်လွန်မှုနှင့် တိုက်ဆိုင်ခဲ့သည်။ မဟိုကောင်စီဝင်များ၏ စိတ်ကြားချက်အရ လင်းကင်းသည် ကွယ်လွန်သွားသူ သမ္မတကြီးအတွက် ကောင်းချီးမင်္ဂလာ ချီးကျူးလွှာကို ဟောကြားခဲ့ရသည်။ ထို.နောက် တွင် ကွယ်လွန်သွားသူ ဟဲန်နရီ ကလေးအတွက် စပရင်းဖီးလ်တွင် ဂုဏ်ပြုစကား ပြောကြားခဲ့ရသည်။

(၃)

ဟဲန်နရီ ကလေး၏အကြောင်းကို ချီးကျူးပြောဆိုခဲ့ရာ၌ နောက်ဆုံး စာပိုဒ်များသည် အသက်ပါလှသည်။ လင်းကင်းက –

"ကလေးသည် လူ.အခွင့်အရေးပြဿနာနှင့်စပ်လျဉ်း၍ နီးဂရိုးများသည် လူသားစာရင်းမှ ခြွင်းချက်ဖြင့် ပယ်ထုတ်ရန် မယူဆခဲ့ပါ။ သူသည် မူအားဖြင့်ရော၊ ခံစားချက်အားဖြင့်ပါ ကျွန်စနစ်ကို ဆန့်.ကျင်သူဖြစ်ခဲ့ပါသည်" ဟု လင်းကင်းက ချီးကျူးခဲ့သည်။ ကျွန်စနစ်ကို ချက်ချင်း သုတ်သင်ရှင်း လင်းပါက ယခုထက် ပိုမို ဆိုးဝါးလာသော မကောင်းမှု ဖြစ်ပေါ်လာနိုင်၍ ကလေးသည် အမေရိကန်ကိုလိုနီအဖွဲ့.၏ ကြိုးပမ်းမှုများကို ထောက်ခံခဲ့ရကြောင်း လင်းကင်းက ရှင်းပြခဲ့သည်။ ထိုအဖွဲ့.၏ ကြိုးပမ်းမှုမှာ အမေရိကမှ လူမည်းများအား အာဖရိကသို့ ပို့.ဆောင်ရွက်ခဲ့သူဖြစ်သည်။ ကလေးသည် ထိုအဖွဲ့.၏ ဥက္ကဋ္ဌအဖြစ် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သူဖြစ်သည်။

ကလေး၏ အမြင်များကို ထောက်ခံပြောဆိုရင်း လင်းကင်းသည် ကျွန်စနစ်နှင့် စပ်လျဉ်း၍ သူ၏ သဘောထားအမြင်ပြောင်းလဲလာမှုကိုပါ ထည့်သွင်းရှင်းပြသွားခဲ့သည်။ လင်းကင်းသည် "ထူးဆန်းသော အဖွဲ့.အစည်း"[9]ဟု ခေါ်ဆိုခဲ့သည့် ကျွန်စနစ်ကို တစ်လျှောက်လုံး ဆန့်.ကျင်ခဲ့သူဖြစ်သည်။ သို့.သော်လည်း ကျွန်စနစ်အတွက် သူ၏ ကိုယ်ရေးမဟုသုတ နည်းပါးမှုကြောင့် ကျွန်စနစ်အား အထူးတလည် အရေးကြီးသည့် ခွဲခြားရေးပြဿနာတစ်ခုအဖြစ် လင်းကင်းက အလေးအနက် ရှေ့.တန်းမတင်ခဲ့ပေ။ သို့.သော်လည်း ဝေါရှင်တင်ရှိ သူ၏ ကျွန်စနစ်ဆန့်.ကျင်သူ မိတ်ဆွေများဖြစ်ကြသော ဂျိုရှွဝါဂစ်ဒင်းစ်နှင့် ဟောရေ့.စ်မဲန်း စသူများက ဝေါရှင်တင်တွင် ကြုံတွေ့.ဖြစ်ပေါ် နေသည့် ကျွန်စနစ်၏ မုန်းတီးရွံရှာဖွယ်ရာများကို ရှုမြင်စေခဲ့သည်။ ကျွန်စနစ်၏ ရက်စက်မှုများကို လင်းကင်း ထိတွေ့.ခံစားလာမိသည် နှင့်အမျှ သူ၏ သတိရဖွယ်ရာ အတွေ့.အကြုံများလည်း ပြောင်းလဲသွားခဲ့သည်။ သူသည် ၁၈၄၁ ခုနှစ်တွင် စပီမီသားစု၏ စိုက်ပျိုးရေးခြံမှ အပြန်တွင် မစ္စစ္စပီးမြစ်ရိုးတစ်လျှောက်တွင် ရောင်းချမည့် လူမည်းတစ်စု၏ အမိန့်.ဩဇာကို ရှင်ရှင်ပျပျနာခံတော်မူကိုကြည့်ပြီး လင်းကင်းရှင်မြူးခဲ့သည်။ ထိုစဉ်က ရှုမြင်ကွင်းကို လင်းကင်း

www.burmeseclassic.com

www.burmeseclassic.com

ယခု ပြန်စဉ်းစားကြည့်ရာတွင် စိတ်နလုံးကို ချေမှုန်းစေမည့် ဆက်တိုက် ရက်စက်ကြမ်းကြုတ်မှုတစ်ခု လုံးလုံးအဖြစ် သူမြင်လာသည်။

ကျေးကျွန်စနစ်သည် တောင်ပိုင်းသားများအပေါ်တွင် သြစာသက်ရောက်မှု ရှိနေပုံကိုလည်း လင်းကင်း သဘောပေါက်စပြုလာသည်။ သူ၏ယောကျ်ားမ ရောဘတ် အက်စ် တော့ဒ်နင့် ဟင်နရီ ကလေးတို့သည် ကျွန်များကို တဖြည်းဖြည်းချင်း လွတ်ငြိမ်းခွင့်ပေးသွားရေးအတွက် ကြိုးပမ်းခဲ့ကြသည်။ ၁၈၄၉ ခုနှစ် ကဲန်တပ်ကီးပြည်နယ် ညီလာခံထောက်ခံလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသော်လည်း ကျွန် စနစ် အမြစ်ပြုတ်ရေးအစီအစဉ်အားလုံးကို အင်အားကောင်းစွာဖြင့် ကန့်ကွက်ချေဖျက် ပစ်ခဲ့ကြပုံကို လင်းကင်း ပြန်လည်ဆင်ခြင်မိသည်။ တောင်ပိုင်းဒေသများ၌ ကျွန်မပိုင်သူများကပင်လျှင် ကျွန်များအား လွတ်မြောက်မှုပေးရေး ပုံစံမှန်သမျှကို ဆန့်ကျင်ကြသည်။ တောင်ပိုင်းဒေသများ၌ ကျွန်များသည် ကမ္ဘာတွင် ဂုဏ်ယူစရာအဆောင်အယောင်အဖြစ် သရုပ်ပြစရာ အရာဝတ္ထုဖြစ်နေသည်။

လွတ်လပ်သော အမေရိကန် လူ.အသိုင်းအဝိုင်း၌ ကျွန်စနစ်ကြောင့် ဖြစ်ပေါ်လာသော ပြဿနာများကို ကိုင်တွယ်ရေးအတွက် ဆင်ခြင်တုံတရားနှင့် ပြည့်စုံမည့် နည်းလမ်းတစ်ခုကို လင်းကင်း တွေးတောကြံဆခဲ့သည်။ သူလိုချင်သော နည်းလမ်းကို အမေရိကန် ကိုလိုနီအဖွဲ့.တွေ့.ရှိခဲ့သည်ဟု လင်းကင်း ယုံကြည်ခဲ့သည်။ ထိုအဖွဲ့.၏ အစီအစဉ်များ လူမည်းများအား အာဖရိကတိုက်ရှိ လိုက်ဘေးရီးယားနိုင်ငံသို့ တင်ပို့ခြင်းဖြင့် လူမှုရေးပြဿနာ အတော်များများ၏ စနက်တဲများကို ဖယ်ထုတ်ဖြေရှင်းပေးနိုင်လိမ့်မည်။ လူမည်းများအား လွတ်လပ်သော လူသားများအဖြစ် အမေရိကမှ အာဖရိကတိုက်သို့ ရွှေ့ပြောင်းပေးခြင်းဖြင့် လူမည်းတို့.သည် လူဖြူအသိုင်းအဝိုင်းတွင် စိတ်ဝမ်းကွဲမှုကို ဖန်တီးပေးသူများ ဖြစ်သည်ဟူသော တောင်ပိုင်းသားတို့.အမြင်ကို ရှင်းလင်းသွားစေခဲ့

လူမည်းများသည် တောင်ပိုင်းသား မျက်နှာဖြူများက သူတို့.၏ ကျွန်များကို လွှတ်ပေးကြ လိမ့်မည်။ တစ်ချိန်တည်းမှာပင် မြောက်ပိုင်းသားများကလည်း ကျွန်များအား လွတ်လပ်မှုပေးရေးကို ထောက်ခံကြလိမ့်မည်။ လွတ်လပ်သော ပြည်နယ်များသို့ ပြန်ဝင်လာတော့မည်မဟုတ်၊ မျက်နှာဖြူအလုပ်သမားများနှင့် ယှဉ် ပြိုင်အလုပ်လုပ်နိုင်ကြမည်မဟုတ်။ လူမည်းများအား စနစ်ကျသော လူ.လော ကယဉ်ကျေးမှုတိုးတက်ရေးအတွက် သူတို့. ဘာသာသူတို့. ကိုယ်ပိုင်ကမ္ဘာကို သီးခြားဖန်တီးခွင့်ပြုရာလည်းရောက်မည်။

ဤနည်းအားဖြင့် လူမည်းများအား အတင်းအကျပ်မဟုတ်ဘဲ မိမိတို့.ဆန္ဒသဘောဖြင့် ထွက်ခွာသွားစေခြင်းဖြင့် အမေရိကန်နိုင်ငံတွင် ဘေးအန္တရာယ်ကြီးလွှသော ကျွန်စနစ်တည်ရှိမှု ပပျောက်သွား စေလိမ့်မည်။ တစ်ချိန်တည်းမှာပင် မလွတ်မလပ်ဖြစ်နေသော သူများ အတွက် တောက်ပသော အနာဂတ်အလားအလာကိုလည်း ဖန်တီးပေးနိုင်လိမ့်မည်ဟု လင်းကင်း ယူဆကာ အမေရိကန် ကိုလိုနီအဖွဲ့.၏ လုပ်ငန်းစဉ်ကို ယုံကြည်ခဲ့သည်။

ထိုအဖွဲ့.၏အကြံမှာ အကျိုးအကြောင်းတန်သည်မှန် သော်လည်း လုံးဝ လက်တွေ့မကျခဲ့ပေ။ အမေရိကန်လူမည်းတိုင်းလိုလိုသည် အမေရိကတွင် မွေးဖွားခဲ့ပြီး အမေရိကန်နိုင်ငံတွင် ကြီးပြင်းလာကြသူများဖြစ်သည့်အတွက် အာဖရိကတိုက်သို့ သွားလိုစိတ် နည်းနည်းလေးမှ မရှိခဲ့ကြပေ။ တောင်ပိုင်းဒေသမှ ခြံယာစိုက်ပျိုးရေးသမားများကလည်း သူတို့.၏ ကျွန်များကို လွတ်လပ်ခွင့်ပေးလိုသော ဆန္ဒမရှိကြပေ။ အမေရိကန်လူမည်းများအား အာဖရိကသို့ စေလွှတ်နေရာချထားရေးအတွက် ကုန်ကျမည့် ကြီးမားသော ကုန်ကျစရိတ်များကို မြောက်ပိုင်းသားများက စိုက်ထုတ်ပေးနိုင်မည့် အလားအလာလည်း မရှိခဲ့ပေ။

ကိုလိုနီစီမံကိန်း အလုပ်မှဖြစ်ပါ့မလားဟု လင်းကင်းသံသယဝင်ခဲ့မိသော အချိန်များရှိခဲ့သည်။ သို့သော် သူ.သဘောထားမှာ "ကျွန်အားလုံးကို လွတ်လပ်ရေးပေးပြီး ၄င်းတို့.၏ ဇာတိမြေ လိုက်ဘေးရီးယားသို့ ပို့

www.burmeseclassic.com

ပေးလိုသည်" ဟု ၁၈၅၄ ခုနှစ်တွင် ကြေညာခဲ့သည်။ သို့သော် လူမည်းများက အာဖရိကသို့ သွားရေးကို မလိုလားကြပေ။ ၁၈၅၀ ခုနှစ်တွင် စပရင်းဖီးလ်မြို့၌ လူဦးရေ ၅,၀၀၀ ရှိခဲ့ရာ လူမည်း ၁၇၁ ဦးသာ ပါခဲ့သည်။ သူတို့သည် သူတို့ကိုယ်သူတို့ မျက်နှာဖြူများကဲ့သို့ အမေရိကန် လူမျိုးများဖြစ်ကြပါသည်ဟုလည်း ရဲရဲတင်းတင်း မပြောရဲကြ။ အာဖရိကဇာတိများလည်း မဟုတ်။ သို့သော်လည်း သူတို့သည် အမေရိကန် ပြည်ထောင်စုမှ မထွက်ခွာလိုကြသူများဖြစ်ခဲ့ကြသည်။ ထိုစိမ်ချက်မှာ လက်တွေ့တွင် အလုပ်မဖြစ်ဘဲ ရှုပ်ထွေးသည့် စိတ်ကူးယဉ်မှုတစ်ခုလို ဖြစ်ခဲ့သော်လည်း လင်းကင်းက သမ္မတဖြစ်ချိန်အထိ လိုလားခဲ့သည်။

(၄)

၁၈၅၄ ခုနှစ်တွင် လက်တွေ့အလုပ်တစ်ခုက စိတ်ကူးယဉ် ဝါဒနေရာတွင် ဝင်ရောက်လာခဲ့သည်။ ၁၈၅၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် စတီဖင် ဒပ်ဂလပ်စ်က နီးဘရားစကားနယ်မြေ[10]တွင် ကိုယ်စား အစိုးရဖြင့် အုပ်ချုပ်ခွင့်ပြုရေးအတွက် ဥပဒေကြမ်းကို တင်သွင်းခဲ့ခြင်း ဖြစ်သည်။ ဒပ်ဂလပ်စ်မှာ ဆီးနိတ်လွှတ်တော် နယ်မြေဒေသများ ကော်မတီ[11]၏ ဥက္ကဋ္ဌဖြစ်သည်။ နီးဘရားစကားအတွက် ထိုအစီအစဉ်မှာ အလွန် အကျယ် လိုအပ်ချက်ဖြစ်ခဲ့သည်။ နီးဘရားစကားနယ်မြေအတွင်းသို့ အိုင်အိုးဝါးနှင့် မစ်ဇူးရီးဒေသမှ လူအများ ရွှေ့ပြောင်းနေထိုင်မှုများ များပြား လာခြင်းနှင့် ပြည်တွင်းတစ်လျှောက် တိုးလျှိုပေါက် မီးရထားလမ်းကြောင်း ထိုဒေသဖြတ်ပြီး ဖောက်လုပ်ရန် အဆိုပြုချက်ရှိခဲ့ခြင်းတို့ကြောင့်ဖြစ်သည်။ သို့သော်လည်း ၁၈၂၀ ခုနှစ် မစ်ဇူးရီးပြည်နှိုင်းသဘောတူညီချက်[12]အရ ထိုဒေသတွင် ကျွန်စနစ်ကို ပိတ်ပင်တားမြစ်ခဲ့သည်။ တောင်ပိုင်းသား တို့ကမူ မြောက်ပိုင်းသားလူဦးရေနှင့် စီးပွားနေကြီးထွားတိုးတက်မှု

ကြောက်ရွံ့ခဲ့ကြသဖြင့် နီးဘရားစကားအား သီးခြားလွှတ်လပ်သော နယ်မြေတစ်ခု ဖြစ်လာစေရေးအတွက် ယခင်က ကြိုးစားဆောင်ရွက်ချက်များကို ဖျက်ဆောင် လုပ်ခဲ့ကြသည်။ ဒပ်ဂလပ်စ်က ထိုဒေသတွင် ကဲ့ဆပ်စ် ပြည်နယ်နှင့် နီးဘရားစကားပြည်နယ်ဟူ၍ နယ်မြေနှစ်ခု ပိုင်းခြားပေး စေခဲ့သည်။ ထိုကိစ္စအတွက် အပြန်အလှန် ပြင်းပြင်းထန်ထန်ပြောဆို မှုများရှိခဲ့သည်။ သို့သော်လည်း သမ္မတပီးယပ်စ်အစိုးရအဖွဲ့၏ ထောက် ခံချက်ဖြင့် ကဲ့ဆပ်စ်–နီးဘရားစကျူးဥပဒေ[13]ကို ၁၈၅၄ ခုနှစ် မေလ ၃၀ ရက်နေ့တွင် ကွန်ဂရက်လွှတ်တော်က အတည်ပြု ပြဋ္ဌာန်းခဲ့လေသည်။

လင်းကင်းသည် အစပထမပိုင်းတွင် ကဲ့ဆပ်စ်– နီးဘရားစကား ဥပဒေကို ဝေဖန်ပြောဆိုရေးသားခြင်းများ မပြုလုပ်ခဲ့ပေ။ မီးရထားလမ်း အမှုအတွက်လည်း အလုပ်ရှုပ်နေခဲ့သည်။ သို့သော်လည်း အီလီနွိုင်းနှင့် မြောက်ပိုင်း ဒေသတစ်လျှောက်လုံးတွင် ထိုဥပဒေကို အုန်းအုန်းကျွက်ကျွက် ဆန့်ကျင်ခဲ့ကြသည်။ ဒပ်ဂလပ်စ်ကို ဆန့်ကျင်သူများမှာမူ အုပ်စုကွဲခဲ့ကြသည်။ ရှီကာဂိုတွင် ဒပ်ဂလပ်စ်အား ရန်လိုဆန့်ကျင်မှုမှာ ပုဂ္ဂိုလ်ရေး ဖြစ်ခဲ့သည်။ နယူးအင်္ဂလန်မှ အိုဝင် လပ်မ်ဂျိုင်း[14]ခေါင်းဆောင်သော ကျွန် စနစ်သုတ်သင် တိုက်ဖျက်ရေးအဖွဲ့သားများက ၄င်းတို့ကိုယ် ၄င်းတို့ ရီပတ်ဘလီကင်များ[15]ဟု အမည်ကင်ပွန်းတပ်ပြီး ကျွန်စနစ်ဆန့်ကျင်ရေး ပါတီကို တည်ထောင်ခဲ့ကြသည်။ အီလီနွိုင်းပြည်နယ်မြောက်ပိုင်းတွင် လစ်ဘာတီပါတီနှင့် ဖရိုး–ဆွိုင်းလ်ပါတီတို့က ဒပ်ဂလပ်စ်အား နှိုင်ငံရေးမူ ပို၍ အခြေခံထားကာ ဆန့်ကျင်ခဲ့ကြသည်။ အီလီနွိုင်းပြည်နယ်တောင်ပိုင်း သားများမှာ အများအားဖြင့် ဒီမိုကရက်တစ်များဖြစ်ကြသော်လည်း ထို ဥပဒေအတွက် အမျက်ဒေါသထွက်ခဲ့ကြသည်။ ကဲ့ဆပ်စ်ပြည်နယ်သို့ ကျွန်ပိုင်ရှင်များ ဝင်ရောက်လာလျှင် ဒေသခံများက ၄င်းတို့ကဲ့သို့ သော အငယ်စားလယ်သမားများ အခြေစိုက်မှုကို အဟန့်အတား ဖြစ်သွားမည်ကို စိုးရွံ့ခဲ့၍ဖြစ်သည်။

www.burmeseclassic.com

(၅)

လင်းကင်းသည် ရွေးကောက်ပွဲ မဲဆွယ်မှုများတွင် ပါဝင် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုအချိန်မှစ၍ လုပ်စရာရှိသည်များကို လင်း မနေးခဲ့တော့ပေ။ လင်းကင်းသည် နိုင်ငံရေးတိုက်ပွဲဝင်ရသည့် အရသာကို ပြန်၍ ခံစားမိခဲ့သည်။

လင်းကင်းသည် ဩဂုတ်လတွင် နိုင်ငံရေးလှုပ်ရှားမှု ပြန်လည် ပြုလုပ်ခဲ့သည်။ ကွန်ဂရက်အမတ်ရွေးပွဲတွင် ရစ်ချတ် ရိတ်စ်၏ မဲဆွယ် တရားပွဲ မန်နေဂျာအဖြစ် ဆောင်ရွက်ပေးခဲ့သည်။ ရိတ်စ်မှာ ဝှစ်ကိုယ်စား လှယ်အမတ်လောင်းဖြစ်သော်လည်း သူ့ကို ဘုမသိ ဘမသိပါတိ[16]ဝင် ပြု သည်ဟူ၍ အစွပ်စွဲခံခဲ့ရခြင်းကိုလည်း လင်းကင်း ရှင်းလင်းပေးခဲ့ရသည်။ ရိတ်စ်သည် အရက်သမားတစ်ဦးဖြစ်သည်ဟုလည်း ဒီမိုကရက်တို့ လေသံဟစ်ပွစွဲခဲ့သည်။ လင်းကင်းက သူ့လူ ရိတ်စ်နှင့်ပတ်သက်၍ "တ အရည်အချင်းတွေအားလုံး ညီတူကောင်းနေမည်ဆိုလျှင် ကျွန်တော်သည် အရက်သောက်သူ တစ်ဦးထက် အရက်သေစာရှောင်ကြဉ်သူတစ်ဦး အများကြီး ပိုသဘောကျမည်ဖြစ်ပါသည်။ သို့သော်လည်း ကျွန် ကတော့ အမတ်လောင်းတစ်ဦး အရက်သောက်သည်၊ မသောက်သည် သည့် မေးခွန်းပေါ်တွင် လုံးဝ မူတည်ပြီး မဲပေးရန် အခုအချိန်အထိ စား ခဲ့မိဘူး" ဟူ၍ ရှေ့နေလိုက်ပေးခဲ့သည်။ တရားရုံးတွင် အလုပ်ရှိ အချိန်မှအပ ကျန်အချိန်များကို နီးဘရားစကားပြဿနာ ဆန့်ကျင် ကိစ္စများအတွက်သာ ပေးခဲ့သည်။

(၆)

ဒီမိုကရက်တို့၏ အမာခံဖြစ်သည့် ဆိုင်ဆိုးဝါးနှင့် မိန်းပြည်နယ် ရွေးကောက်ပွဲများတွင် ဒီမိုကရက်တို့ ရှုံးနိမ့်ခဲ့သဖြင့် တုန့်လှုပ်သွား ခဲ့ကြသည်။ ဒပ်ဂလပ်စ်သည် အီလီနွိုင်းမဲဆန္ဒရှင်များအား ကဲန်ဆပ်စ်– နီးဘရားစကားဥပဒေခုခံကာကွယ်မှု မဲဆွယ်တရားပွဲများ ဆက်တိုက်ဟော ပြောခဲ့သည်။ သူသည် ဆီးနိတ်လွတ်တော် နယ်မြေ ဒေသများကော်မတီ၏ ဥက္ကဋ္ဌဖြစ်သည့်အလျောက် လူဆန္ဒများ အတည်တကျ ရှေ့ပြောင်းနေထိုင် လာကြသော နီးဘရားစကားဒေသအား ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန် သူ့ တွင် တာဝန်ရှိသဖြင့် ဆောင်ရွက်ခဲ့ကြောင်း တရားပွဲတိုင်းတွင် ထည့်သွင်း ပြောဆိုခဲ့သည်။ ထိုဒေသသို့ ကျွန်စနစ်ဝင်ရောက်ခြင်းကို တားမြစ်ခဲ့သည်။ ၁၈၂၀ ခုနှစ် ညှိနှိုင်းသဘောတူညီချက်မှာလည်း ၁၈၅၀ ခုနှစ် ညှိနှိုင်း သဘောတူညီ ချက်က ကျော်လွှားသွားပြီဖြစ်ကြောင်းကိုလည်း ဒပ်ဂလပ်စ်က ရှင်းပြ ခဲ့သည်။

လင်းကင်းသည် ဒပ်ဂလပ်စ်ကို စိန်ခေါ်ရန် အခွင့်အရေးကို စိတ်အားထက်သန်စွာ စောင့်မျှော်ခဲ့မိသည်။ ဒပ်ဂလပ်စ်ဘက်မှ ရှင်းလင်း တင်ပြချက်အားလုံးကို လင်းကင်းက ကျေနပ်နေပြီဖြစ်သည်။ ထို့ကြောင့် လင်းကင်းသည် ဒပ်ဂလပ်စ်အား ထိုးစစ်ဆင်ရန် ဂရုတစိုက် ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ စာရွက်စာတမ်းများ၊ ဥပဒေများနှင့် ကွန်ဂရက်တွင် ပြော ကြားခဲ့သော မိန့်ခွန်းများကို လင်းကင်းက ဖတ်ရှုလေ့လာခဲ့သည်။ "လင်း ကင်းသည် ချေပပြောဆိုရန် အချက်အလက်များအတွက် ပြည်နယ် စာ ကြည့်တိုက်တွင် ရက်သတ္တပတ် များစွာ ဦးနှောက်ခြောက်အောင် ပြင်ဆင် လျက်ရှိသည်" ဟုပင် လင်းကင်းကို ရန်လိုသည့် အီလီနွိုင်းစတိတ်ဒ် ဂုက်ဂျစ် စတာ သတင်းစာက ရေးသားဖော်ပြခဲ့သည်။ သို့သော်လည်း အခြားအမှု များ၏ တိုက်ခိုက်မှုကို ခံနေရသော ဒပ်ဂလပ်စ်က ပရိသတ်ရှေ့မှောက်တွင်

www.burmeseclassic.com

ပြုံ့ဘက်တစ်ဦးနှင့် ရင်ဆိုင်ရန် မလိုလားခဲ့ပေ။

အောက်တိုဘာလ ၃ ရက်နေ့တွင် ဒပ်ဂလပ်စ်သည် စပရင်းဖီးလ်မြို့၌ ပြုလုပ်သော အီလီနွိုင်းပြည်နယ် ဈေးပွဲတော်ဖွင့်ပွဲတွင် စကား ပြောခဲ့ရသည်။ သို့သော်လည်း လင်းကင်းအား စင်မြင့်ပေါ်မှ စကားပြော ခွင့်ပေးရန် ထပ်မံငြင်းဆန်ခဲ့သည်။ ဒပ်ဂလပ်စ်သည် ကွင်းပြင်ထဲ၌ ပြောရန် ဖြစ်သော်လည်း မိုးသည်းထန်စွာ ရွာချခဲ့သဖြင့် ပြည်နယ်လွှတ်တော်ဖွင့် ခန်းမကြီးအတွင်း၌ စကားပြောကြားခဲ့ရသည်။ လင်းကင်းက ညီခန်းမ ထဲတွင် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း ဒပ်ဂလပ်စ်ပြောသမျှ စကားများကို အသေးစိတ်မှတ်သားခဲ့သည်။ ခန်းမထဲမှ လူအများ ပြန်ထွက် ချိန်၌ လင်းကင်းသည် လေ့ကားများပေါ်တက်ပြီး နောက်တစ်နေ့တွင် ဒပ်ဂလပ်စ်၏စကားများကို သူကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် လိုင်မဲန် ထရမ်း ဘူးလ်ကဖြစ်စေ ပြန်လည်ရှင်းလင်း ဖြေကြားမည်ဟု အော်ဟစ်ကြေညာ လိုက်သည်။ (ထရမ်းဘူးလ်သည် နီးဘရားစကားကို ဆန့်ကျင်သည့် ဒီမိုကရက်တစ်ပါတီဝင်ဖြစ်သည်။) ဒပ်ဂလပ်စ်ကိုလည်း တက်ရောက်ပြီး ပြန်လည်ဖြေကြားရန် ဖိတ်ခေါ်ခဲ့သည်။

နောက်တစ်နေ့မွန်းလွဲပိုင်းတွင် လင်းကင်းသည် ပြည်နယ် လွှတ်တော်ခန်းမအတွင်း၌ များပြားလှသော ပရိသတ်ရှေ့တွင် စကား ပြောခဲ့ရသည်။ ဒပ်ဂလပ်စ်လည်း တက်ရောက်ပြီး လင်းကင်းနှင့် ရှေ့ တည့်တည့်တွင် နေရာယူခဲ့သည်။ လင်းကင်းပြောကြားနေချိန်တွင် ဒပ်ဂလပ်စ်က စကားထောက်လိုက်၊ လင်းကင်းက ဖြေကြားလိုက် လုပ်ခဲ့ ကြသည်။ တက်ရောက်လာသော ပရိသတ်မှာ ကြီးမားပြီး ဉာဏ်ရှိသူများနှင့် အာရုံစိုက်သူများဖြစ်ကြသည်ဟုဆိုသည်။ ထိုပရိသတ်ရှေ့တွင် လင်း ကင်းသည် သုံးနာရီကျော်ကျော် စကားပြောခဲ့သည်။

လင်းကင်းသည် သူ၏မိန့်ခွန်းကို ဣန္ဒြေရရှ၊ ပရိယာယ်အပြည့် အဝဖြင့် စတင်ပြောကြားခဲ့သည်။ ဒပ်ဂလပ်စ်အပေါ်တွင် ထားရှိသည့် သူ၏

မထိုဝန်ကိုစိတ်ကို ဖုံးကွယ်ထားခဲ့သည်။ သူသည် လူတစ်ဦးတစ်ယောက် သို့မဟုတ် လူ့အလွှာတစ်ခု၏ မျိုးချစ်စိတ်ရှိမရှိကို မမေးမြန်းလိုသကဲ့သို့ သူတို့၏ စိတ်ထားကိုလည်း မေးခွန်းထုတ်ရန် အဆိုမပြုကြောင်း၊ သူရွာဖွေ တွေ့ရှိလိုသော အချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံချက်ပေးထား သော လက်ရှိပြည်နယ်များတွင် ရှိနေသည့် ကျွန်စနစ်နှင့် ကျွန်စနစ် တိုးချဲ့ကျယ်ပြန့်မှု အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းမှု မရှိပုံ တို့အကြား အရေးကြီးသော ခြားနားချက်ပင်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ သူ့အနေနှင့် နီးဘရားစကား ပူးပေါင်းမှုကို ဆန့်ကျင်ရာတွင် အများနှင့် မတူကြောင်း၊ မစ်ဇူးရီညီနှိုင်း သဘောတူညီချက်ကို ရုပ်သိမ်းသွားခြင်းမှာ တောင်ပိုင်းဒေသ၏ အကြံဖြစ်သည်ဟု မယူဆကြောင်း၊ ကျွန်စနစ် စတင် ဖြစ်ပေါ်ခဲ့ခြင်း အတွက် တောင်ပိုင်းသားများသည် မြောက်ပိုင်းသားများထက် ပို၍ တာဝန်ရှိသည်ဟု မထင်ကြောင်း၊ နောက်ဆုံးတွင် ကျွန်များကို လွှတ်ပေးပြီး မိမိတို့နှင့် နိုင်ငံရေးအရရော၊ လူမှုရေးအရပါ သာတူညီမျှ တန်းတူထား၍ ဖြစ်နိုင်လိမ့်မည် မဟုတ်ဟု မိမိယူဆကြောင်း၊ ထိုအချက် ကို မိမိခံစားချက်က ခွင့်မပြုသလို၊ မျက်နှာဖြူအများစုကလည်း လက်ခံနိုင် လိမ့်မည်မဟုတ်ကြောင်း၊ ဤခံစားချက်မှာ တရားမျှတမှုနှင့် ညီညွတ်သည့် နိုင်မာသောဆုံးဖြတ်ချက် ဟုတ်မဟုတ်ဆိုသည်မှာ အဓိကပြဿနာ မဟုတ်ကြောင်း၊ မှန်ကန်သည်ဖြစ်စေ၊ မှားယွင်းသည်ဖြစ်စေ အများနှင့် သက်ဆိုင်သည့် ခံစားချက်တစ်ခုကိုကား စိတ်ချလက်ချ ဥပေက္ခာပြု၍ မရနိုင်ကြောင်း လင်းကင်းက ရှင်းလင်းပြောဆိုခဲ့သည်။

လင်းကင်းက ကဲန်ဆပ်စ်–နီးဘရားစကားဥပဒေ နှင့် ယင်းဥပဒေ ကို ဒပ်ဂလပ်စ်က ကာကွယ်ပြောဆိုခဲ့ပုံများကိုလည်း ရှင်းပြသည်။ လင်းကင်း က အမေရိကတိုက်သို့ ကျွန်စနစ် သွတ်သွင်းခဲ့ခြင်းအတွက် မိမိနှင့် ဒပ် ဂလပ်စ်တို့ ဝမ်းနည်းပုံခြင်း တူနိုင်ကြောင်း၊ သို့သော်လည်း ၄င်းတို့ နှစ်ဦး သည် လူမည်းများအပေါ်တွင် ရှုမြင်ပုံမှာ အခြေခံအားဖြင့် ကွာခြားကြောင်း၊

www.burmeseclassic.com

ဒပ်ဂလပ်စ်က နီးဂရိုးအား လူသား တစ်ဦးအဖြစ် ရှင်းရှင်းလင်းလင်း မြင်ပုံမရကြောင်း၊ ထို့ကြောင့် သူတို့အတွက် ဥပဒေကို ကိုယ်ကျင့်တရား နှင့်အညီ ဆောင်ရွက်ရန် စိတ်ကူးမရှိကြောင်း၊ မိမိအတွက်မူ နီးဂရိုး တစ်ဦးသည် လူသားတစ်ဦး ဖြစ်ကြောင်း၊ လွတ်လပ်ရေးကြေညာစာတမ်း က အရည်အချင်းနှင့် အလားအလာ အကန့်အသတ်ရှိသူများပင်လျှင် သာတူ ညီမျှ မွေးဖွား လာကြပုံကို မိမိအား သင်ကြားပေးခဲ့ကြောင်း၊ နီးဂရိုးသည် လူသား တစ်ဦးဖြစ်ခြင်းကြောင့် သူ့အား ကျွန်ပြုစေရန် အခွင့်အရေး မရှိ ကြောင်း၊ ကျွန်စနစ်မှာ လူသား၏ တစ်ကိုယ်ကောင်းဆန်မှုတွင် အခြေ ခံကြောင်း ရှင်းပြခဲ့သည်။ ထို့အပြင် လင်းကင်းက "ဘယ်သူတစ်ဦး တစ်ယောက်မှ တစ်စုံတစ်ယောက်သောသူ၏ သဘောတူခွင့်ပြုချက် မရဘဲ နှင့် ထိုသူအား အုပ်ချုပ်ရန် ပိုမိုကောင်းမွန်သည့် အရည်အချင်း မရှိပါ" ဟု လင်းကင်းက ကြေညာခဲ့သည်။ ထို့အပြုအဆမှာ "အမေရိကန်ပြည်ထောင်စု၏ အခြေခံ အုတ်မြစ်နှင့် ဦးဆောင်သဘောတရားဝါဒဖြစ်သည်ဟု ကျွန်တော် ပြောလိုပါကြောင်း" လင်းကင်းက အဓိပ္ပာယ်ဖွင့်ဆိုပြခဲ့သည်။

လင်းကင်း၏ တင်ပြချက်များမှာ ထက်မြက်ပြီး အားပါလှသည်။ သို့သော်လည်း အတွေးအခေါ် အနှစ်သာရသစ်များ နည်းပါးသည်ဟု ပရိသတ်က တွေ့ရှိခဲ့သည်။ တကယ်တမ်းအားဖြင့် ကဲန်ဆပ်စ်–နီးဘရား စကားဥပဒေသည် အမေရိကန်ပြည်သူလူထု ရှေ့ မှောက်သို့ ရောက်ရှိ ခဲ့သည်မှာ ကိုးလပင်ာ ရှိခဲ့လေပြီ။ ထိုဥပဒေကို ရှုထောင့်မျိုးစုံမှလည်း တိုက်စစ်ထိုးခဲ့ကြပြီးလည်းဖြစ်သည်။ သို့သော်လည်း လင်းကင်း၏ မိန့်ခွန်း ကို ပြောဆိုခဲ့သည့် လေသံနှင့် နှလုံးရည် အပြည့်ဖြင့် ကျွန်စနစ်၏ အထွန် ကြီးမားလှသော မတရားမှုကို တင်ပြဆွေးနွေးပြောဆိုခဲ့ပုံ၏ ထူးခြားမှုကို ပရိသတ်က နားထောင်ခဲ့ရသည်။ "လူတစ်ဦးက အခြားသူတစ်ဦးအား ကျွန်ပြုစေခြင်းနှင့် စပ်လျဉ်း၍ ကိုယ်ကျင့်တရား မှန်ကန်မှု မရှိနိုင်ပါ" ဟု သူက ကြွေးကြော်ပြီး "ကျွန်စနစ်အား အမေရိကန်နယ်မြေများနှင့် ကျယ်

ပြန့်သော ကမ္ဘာ့ အခြားအစိတ်အပိုင်းများသို့ ကျယ်ပြန့်စေရေးတို့မှာ နှစ်ခုစလုံး မှားယွင်းသည်။" ထို့အတူ ဒပ်ဂလပ်စ်၏ ကြေညာထားသော ဥပေက္ခာပြုမှုသည် တကယ်တမ်းအားဖြင့် ကျွန်စနစ် ကျယ်ပြန့်စေရေး အတွက် စစ်မှန်သောခွဲခြင့် ခိုးကြောင်ခိုးဝှက်လုပ်ခြင်းဖြစ်သည်ဟု ကျွန်တော် တွေးရပါလိမ့်မည်" ဟု ဆော်ထည့်ခဲ့ပေသည်။

ဤသို့ဖြင့် "လူသားအားလုံး တန်းတူသာတူညီမျှ မွေးဖွား လာကြသည်" ဆိုသောစကားနှင့်ဆန့်ကျင်သူ လင်းကင်းသည် သူ၏ နိုင်ငံရေး ယုံကြည်မှုအခြေခံကို ကိုင်တွယ်ပြောလိုက်ပြန်သည်။ သူက ဆက်လက်၍ "ကျွန်တော်တို့၏ တော်လှန်ရေးဖခင်ကြီးများသည် ကျွန်စနစ်မှာ မှားယွင်းကြောင်း သိရှိခဲ့ကြသည်။ သို့သော်လည်း သူတို့တစ်တွေ နိုင်ငံတော် အတွက် အစိုးရသစ် ဖွဲ့စည်းခဲ့ကြစဉ်က လက်တွေ့အခက်အခဲ အကြောင်း များကြောင့် ကျွန်စနစ်ကို မရှင်းလင်းနိုင်ခဲ့ကြတာဖြစ်သည်။ သို့သော် သူတို့သည် ကျွန်စနစ်ကို အကျဉ်းမြောင်းဆုံးဖြစ်အောင် ဘောင်ခတ်ပစ် ခဲ့ကြသည်။ ကျွန်စနစ်ကို တစ်ဆင့် ကိုးကားပြောဆိုခွင့်သာ ပေးခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကျွန်စနစ်ဆိုသော စကားကို ထည့်သွင်း ဖော်ပြခြင်း မပြုခဲ့ကြပါ။ အဖုအကျိတ်သို့မဟုတ် ကင်ဆာရောဂါကို ဖုံးအုပ် ထားသလို ပြုလုပ်ခဲ့ကြသည်။ အနာကို ချက်ချင်းခွဲစိတ်လျှင် သွေးထွက် လွန်ပြီး သေမှာစိုးမို့ ချက်ချင်းမခွဲဘဲ အချိန်တန်မှသာ ခွဲလိုက ခွဲစေရန် ကတိထားခဲ့ကြသည့် ပမာဖြစ်သည်" ဟု ရှင်းပြခဲ့သည်။

အမေရိကန်နိုင်ငံ၏ ကျွန်စနစ်တိုက်ပွဲကို ကမ္ဘာ့ရှုထောင့်မှ သုံးသပ်ရမည်ဟု လင်းကင်းက တိုက်တွန်းပြောဆိုခဲ့ပုံမှာလည်း အားပါလှ သည်။ လင်းကင်းက နိုင်ငံတကာ လွတ်လပ်ရေးလှုပ်ရှားမှုများအတွက် အစဉ်သဖြင့် ကရုဏာပြသခဲ့သူဖြစ်သည်။ ဟဲန်ဂေရီနိုင်ငံတွင် တော်လှန် ရေးခေါင်းဆောင် လူးဝစ္စ် ကော်ဆွပ်က ဟက်ပ် စဘတ်ဘုရင်စနစ်အား ဆန့်ကျင် တော်လှန်ခဲ့ပုံကို လင်းကင်းက ထောက်ခံခဲ့သည်။ သို့သော်လည်း

www.burmeseclassic.com

လွတ်လပ်မှုကို ချစ်မြတ်နိုးသူများအတွက် အမေရိကန်နိုင်ငံ၏ အရေးပါမှုကို လင်းကင်း မကြာသေးမီကမှ တွေးကြည့်ခဲ့မိသည်။ ယခုလည်း အမေရိကန် ပြည်ထောင်စုတွင် ကျွန်စနစ်အား တိုးချဲ့-ရန် ခွင့်ပြုမည်ဆိုပါက လွတ်လပ်သော ကမ္ဘာ့နိုင်ငံများအပေါ်တွင် အမေရိကန်၏သြဇာအာဏာ ကျဆင်းအောင်လုပ်ရာကျလိမ့်မည်ဟု လင်းကင်းက မြင်လာသည်။ ထို့ကြောင့် လင်းကင်းက "ကျွန်တော်တို့သည် လူလူချင်း ကျွန်ပြုသော စနစ်ကို ထောက်ခံအားပေးရင်း တစ်ဘက်တွင်လည်း ကျွန်တော်တို့သည် လူ့လွတ်လပ်ခွင့်၏ အဓိကမိတ်ဆွေများဖြစ်သည်ဟု ကြွေးကြော်နေကြသည်။ ဤသည်မှာ ကျွန်တော်တို့သည် နိုင်ငံရေး လူလိမ်လူညာများသာဖြစ်ကြောင်း ကမ္ဘာကြီးရှေ့မှောက်တွင် ကြွေးကြော်နေကြခြင်းဖြစ်သည်" ဟု ပြောဆိုခဲ့သည်။

လင်းကင်း၏ မိန့်ခွန်းသည် သူယခင်က ပြောခဲ့ဖူးသမျှထဲတွင် ခံစားချက်နှင့် ရသပို့၍မြောက်ခဲ့သော မိန့်ခွန်းဖြစ်ခဲ့သည်။ လင်းကင်း၏ မိန့်ခွန်းပြောဆိုအပြီးတွင် ပရိသတ်ထဲမှ အမျိုးသမီးများက သူတို့၏ လက်ကိုင်ပဝါအဖြူများကို ဝှေ့ယမ်းကာ ထောက်ခံခဲ့ကြသည်။ အမျိုးသားများကလည်း လက်ခုပ်တီးလျက် ဆက်တိုက် အော်ဟစ်သြဘာပေးခဲ့ကြသည်။ လင်းကင်းအပြီးတွင် ဒပ်ဂလပ်စ်က စင်မြင့်ပေါ်တက်ပြီး နှစ်နာရီနီးပါးကြာမျှ လင်းကင်းအား ချေပပြောဆိုခဲ့သည်။ ဒီမိုကရက်များအရှေ့ ဒပ်ဂလပ်စ်က လင်းကင်းအား အပြတ်ရှုံးလိုက်နိုင်သည်ဟု ထင်ခဲ့ကြသည်။ ဟန်ဒင်၏ မှတ်တမ်းတွင်မူ "ဒပ်ဂလပ်စ်ကို လင်းကင်းက အပိုင်အုပ်ထည်နိုင်ခဲ့သည်။ ဒပ်ဂလပ်စ် ကိုယ်တိုင်လည်း သူအရေးနိမ့်သွားသည်ဟု ခံစားခဲ့ပုံရသည်" ဟု ဖော်ပြထားသည်။

လင်းကင်း မိန့်ခွန်းပြောဆိုအပြီး၌ ထိုနေ့ညတွင် အီလီနွိုင်ပြည်နယ်၌ ကျွန်စနစ်ဖျတ်ခဲ့-မှု့စည်းရုန် အစည်းအဝေးတစ်ခု ကျင်းပမည်ဖြစ်ကြောင်း ကျွန်စနစ်

ဆန့်ကျင်ရေးသမား အစ်ချာဘော့ဒ် ကော့ဒင်း[18]နှင့် လပ်မ်ဂျွိုင်းတို့နှစ်ဦးက ပြောခဲ့သည်။ သို့သော်လည်း အစည်းအဝေးသို့ အမျိုးသား ၂၆ ဦးနှင့် ယောကျ်ားလေးတစ်ဦးသာ တက်ရောက်ခဲ့ကြသည်။ မဆန်းလှပါ။ လင်းကင်းက သုံးနာရီအကြာနှင့် ဒပ်ဂလပ်စ်က နောက်ထပ် နှစ်နာရီကြာ ဟောပြောခဲ့ကြအပြီးတွင် နောက်ထပ် နိုင်ငံရေးတရားပွဲသို့ မည်သူမှ မတက်လိုခဲ့ကြတော့ပါဟု ဒီမိုကရက်များကို ထောက်ခံသည့် ရုက်ဖ်စ်စတာ သတင်းစာက ရေးသားခဲ့သည်။ သို့သော်လည်း နောက်တစ်နေ့တွင် အစည်းအဝေးတစ်ခု ထပ်မံကျင်းပခဲ့ရာ လူ အသင့်အတင့်တက်ရောက်ခဲ့ကြသည်။ မြောက်ပိုင်းမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ပါတီထူထောင်ရေးကို ချမှတ်ခဲ့ကြသည်။ အစည်းအဝေးသို့ လင်းကင်း မတက်ရောက်ခဲ့သော်လည်း သူပြောသွားခဲ့သော မိန့်ခွန်းကို ကျွန်စနစ် သုတ်သင်ရေးအတွက် ခဲ့ညားသော မိန့်ခွန်းအဖြစ် ဝိုင်းဝန်းချီးကျူး ဆွေးနွေးခဲ့ကြသည်။ လင်းကင်း၏ မိန့်ခွန်းကို တစ်နိုင်ငံ လုံးသို့ ပြန့်အောင် ဖြန့်ချိသင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။ လင်းကင်း အစည်းအဝေး မတက်ခဲ့ခြင်းမှာ စိတ်ပျက်စရာဖြစ်ခဲ့စေကာမူ လင်းကင်းအား သူ၏ခွင့်ပြုချက် မတောင်းခံဘဲနှင့် ပြည်နယ်ရီပတ်ဘလီကင်ပါတီ ဗဟိုကော်မတီဝင်အဖြစ် ထည့်သွင်းခဲ့ကြသည်။ လင်းကင်းသည် ဒပ်ဂလပ်စ်နှင့် ဆက်လက်စစ်ထိုးမှုများ ပြုလုပ်ခဲ့သည်။ လင်းကင်းသည် စပရင်းဖီးလ်တွင် ပြောဆိုခဲ့သော မိန့်ခွန်းအတိုင်းလိုပင် ပြော ဆိုခဲ့သော်လည်း ပီအောရီယားဌ် ပြောသောမိန့်ခွန်းကို *အီလီနွိုင်းပြည်နယ်ကွာနယ်* သတင်းစာတွင် တစ်ပတ်ကြာဖော်ပြရန် ရေးသား ပြောဆိုခဲ့သည်။ ရှီကာဂိုမြို့တွင် လင်းကင်း ဟောပြောခဲ့အပြီးတွင် သတင်းထောက်တစ်ဦးက လင်းကင်း၏ အရည်အချင်းနှင့် စပ်လျဉ်း၍ "သူ့ကို လူတိုင်းနှင့်ပါတီတိုင်းက အထင်ကြီးအောင် ပြောကြား-နိုင်ခဲ့သည်။ ပထမအချက်အနေဖြင့် သူသည် ရိုးသားသူတစ်ဦးဖြစ်ကြောင်းနှင့် ဒုတိယအချက်အနေဖြင့် သူသည် အလွန်အားပါသည့် အပြောကောင်းသူ

www.burmeseclassic.com

တစ်ဦးဖြစ်ကြောင်း ပြသခဲ့သည်" ဟု ချီးကျူးရေးသားခဲ့သည်။

(၇)

မိုးဦးကျတွင် မြောက်ပိုင်းတစ်ခုလုံး၌ ပြုလုပ်သော ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်များက ဒပ်ဂလပ်စ်နှင့် ကဲန်ဆပ်စ်-နီးဘရားစကားဥပဒေ တို့ကို ဆန့်ကျင်တဲ့ပြန်မှု ပြသခဲ့သည်။ နယူးယောက်မှ ကွန်ဂရက်အမတ်သုံးဦးတွင် ၂၉ ဦးသည် ကဲန်ဆပ်စ်-နီးဘရားစကားဥပဒေကို ဆန့်ကျင်သူများဖြစ်ကြသည်။ ပဉ်ဆယ်လ်ဗေးနီးယားပြည်နယ်မှ ကိုယ်စားလှယ် ၂၅ ဦးတွင် ၂၁ ဦးသည် ယင်းဥပဒေကို ကန့်ကွက်သူများ ဖြစ်ကြသည်။ အင်းဒီရဲနားတွင် အမတ်နှစ်ဦးမှအပ ကျန်အားလုံးက ဆန့်ကျင်ကြသည်။ အီလီနွိုင်းပြည်နယ်တွင်လည်း ထိုဥပဒေကို ဆန့်ကျင်သူ ကိုယ်စားလှယ်များက အနိုင်ရခဲ့ကြသည်။ ရိုတ်စ် အရွေးမခံခဲ့ရသော်လည်း ပြည်နယ်အတွက် အောက်လွှတ်တော်အမတ် ကိုးဦးအနက် ကဲန်ဆပ်စ်-နီးဘရားစကားဥပဒေကို ဆန့်ကျင်သူ ငါးဦးအရွေးခံခဲ့ရသည်။ ကဲန်ဆပ်စ်-နီးဘရားစကားကို ဆန့်ကျင်သူဦးရေက မဲရေ အနည်းစုသာ အသာရခဲ့သော်လည်း နောက်တစ်ကြိမ် အောက်လွှတ်တော် အထွေထွေညီလာခံ၌ အီလီနွိုင်းပြည်နယ်အတွက် ဆီးနိတ်လွှတ်တော်အမတ် ရွေးချယ်ရေးကို ထိန်းချုပ်ပေးနိုင်လိမ့်မည်ဖြစ်သည်။ ရွေးကောက်ပွဲများတွင် ကဲန်ဆပ်စ်-နီးဘရားစကားဥပဒေ ဆန့်ကျင်သည့် အုပ်စုများ အနိုင်ရရှိလာကြသည်။

နောက်ပိုင်းတွင် လင်းကင်းသည် ပိုမိုလှုပ်ရှားလာသည်။ လင်းကင်းသည် ဆီးနိတ်အမတ်နေရာအတွက် ဆန္ဒရှိသည့်လက္ခဏာရှိပုံကို မီဒီယာဆွေးထဲ စာရေးအသိပေးခဲ့သည်။ "လင်းကင်းသည် နပိုလီယန်ကဲ့သို့ တင်ပျက်လုံးတစ်ဖက်ဖွင့်ပြီး အိပ်ခဲ့သည်" ဟု ဟန်ဒင်က နိုဝင်ဘာ ရွေးကောက်ပွဲများအပြီးတွင် မှတ်ချက်ချ ရေးသားခဲ့ သည်။

ပြည်နယ်ဥပဒေပြုကိုယ်စားလှယ်တစ်ဦးအဖြစ် ထပ်မံအရွေးခံခဲ့ရသော လင်းကင်းက သူ့အား ဆီးနိတ်အမတ်အဖြစ် သတ်မှတ်ရေးနှင့်အတူ ပြဿနာများရှိကြောင်းလည်း သိခဲ့သည်။ အီလီနွိုင်းပြည်နယ် ဥပဒေပြုကိုယ်စားလှယ်များအဖွဲ့ (ပြည်နယ်လွှတ်တော်) အသစ်မှာ အကွဲကွဲအပြားပြားနှင့် ဖရိုဖရဲဖြစ်ရန် သေချာနေသည်။ ကိုယ်စားလှယ်လောင်း ၇၅ ဦးအနက် လေးဦးသာ ပြန်ပြီး အရွေးခံခဲ့ကြရသည်။ နီးဘရားစကားဥပဒေဆန့်ကျင်သူအုပ်စုမှာ လူနည်းစုသာ အနိုင်ရခဲ့ပြီး လူတစ်ဦးတစ်ယောက် အပေါ်တွင် ညီညီညွတ်ညွတ်ထောက်ခံမှု ပေးနိုင်ရန် အလားအလာ သိပ်မရှိခဲ့ပေ။ ဒီမိုကရက်များကလည်း နီးဘရားစကားဥပဒေကို ဆန့်ကျင်သည့် ဆီးနိတ်အမတ်တစ်ဦးကို မရွေးချယ်ရေးအတွက် ဟန့်တားကြမည်မှာ သေချာသလောက်ရှိနေ သည်။

လင်းကင်းတွင် အခြားပြဿနာအချို့လည်း ရှိကြောင်း သူ့ကိုယ်သူသိခဲ့သည်။ နိုဝင်ဘာလတွင် လင်းကင်းအား ဆန့်ဂါမွန်းခရိုင် ကဲချိန်မဲအများဆုံးပေးပြီး ပြည်နယ်ဥပဒေပြုကိုယ်စားလှယ်အဖြစ် ရွေးကောက်ခဲ့ကြသည်။ ဤသည်မှာ သူ့အတွက် ချီးခါးသတင်းဖြစ်ခဲ့သည်။ အရွေးခံရခြင်းမှာ ချိုမြိန်သော သတင်းဖြစ်သည်။ သို့သော်လည်း အီလီနွိုင်းပြည်နယ်ဥပဒေအရ ဥပဒေပြုကိုယ်စားလှယ်တစ်ဦးအား ဆီးနိတ်အမတ်အဖြစ် ရာထူးတိုးမြှင့် ရွေးချယ်ပေးခြင်းကို ခွင့်မပြုခြင်းက အခါးသတင်းဖြစ်နေသည်။

လင်းကင်းသည် နီးဘရားစကားဥပဒေကို ဆန့်ကျင်သူများအနက် ကျန်စနစ်ကို အရင်းအမြစ်ပြုတ်အောင် လုပ်ဆောင်သူများနှင့် လုံးဝလုံးမိအောင် ကြည့်ပေါင်းရန်ရှိနေသည်။ ရီပတ်ဘလီကင်ပါတီသည် အခရာဖြစ်နေသည်။ လင်းကင်းသည် သတိကြီးစွာရှိခြင်းကြောင့်လား၊ အလုပ်များ၍လား မပြောတတ်။ ၁၈၅၄ ခုနှစ်တွင် ရီပတ်ဘလီကင်ပါတီက နိုင်တော်နယ်မြေအားလုံးတွင် ကျန်စနစ် ပယ်ဖျက်ရေးနှင့် ၁၈၅၈ ခုနှစ်

www.burmeseclassic.com

ဝရမ်းပြေး ကျွန်ဥပဒေ[19] ရိုပ်သိမ်းစေရန် ဆုံးဖြတ်သော ညီလာခံကျင်းပချိန်တွင် လင်းကင်း စပရင်းဖီးလ်ဒ် မရှိခဲ့ပေ။ ထိုညီလာခံက လင်းကင်းအား ရိုပတ်ဘလီကင်ပါတီ ဗဟိုကော်မတီဝင် အဖြစ်လည်း ရွေးချယ်တာဝန် ပေးခဲ့သည်။ လင်းကင်းက "သူ့အား ကြိုတင်တိုင်ပင်ခြင်း၊ တာဝန်ပေးမည်ကို ကြိုတင် အသိပေးခြင်း မပြုလုပ်ခဲ့ဘဲ ရွေးချယ်ခဲ့ပြီး နှစ်ပတ်သုံးပတ်အကြာမှသာ သိရကြောင်း" ကော့ဒင်းထံ စာရေးခဲ့သည်။ လင်းကင်းသည် ရိုပတ်ဘလီကင်ပါတီ၏ ဗဟိုကော်မတီဝင်အဖြစ်မှ နုတ်ထွက်မည်ဆိုပါက အသား တကြည် နုတ်ထွက်၍ ရနိုင်ခဲ့သော်လည်း သူ့အတွက် လိုအပ်မည့် ဆီးနှိုက် အမတ်အတွက် ထောက်ခံမဲများ ရရှိနိုင်ရေးအတွက် မနုတ်ထွက်ဘဲ နေခဲ့ သည်။ လင်းကင်းက "သူသည် ကျွန်စနစ်ကို မူအားဖြင့် ဆန့်ကျင်ရာ ရိုပတ်ဘလီကင်ပါတီဝင်တိုင်းကဲ့သို့ ပြင်းထန်ပါသည်။ သို့သော်လည်း ဆန့်ကျင်မှုကို မိမိအနေဖြင့် လက်တွေ့တွင် မည်သည့် အတိုင်းအတာအထိ လုပ်ခွင့်ရှိသည်ဆိုခြင်းနှင့် စပ်လျဉ်း၍ ရိုပတ်ဘလီကင်ပါတီမှ ကျေနပ် အားရနိုင်လိမ့်မည် မထင်ဟု ယူဆမိသည်" ဟုလည်း လင်းကင်းက စာ တွင် ထည့်ရေးခဲ့သည်။ "ရိုပတ်ဘလီကင်ပါတီက သူ၏ အနေအထား နားမလည်ခဲ့သလော၊ မိမိကပဲ ရိုပတ်ဘလီကင်ပါတီကို နားမလည်ခဲ့ခြင်း ဖြစ်သလော" ဟု လင်းကင်းက သံတမန်ဆန်ဆန်လည်း မေးမြန်းခဲ့သည်။

လင်းကင်းက သူသည် ကဲန်ဆပ်စ်-နီးဘရားစကားဥပဒေ ဝ့စ်တစ်ဦး အနေဖြင့်သာ ဆန့်ကျင်ခဲ့ခြင်းဖြစ်သည်။ ရိုပတ်ဘလီ တစ်ဦးအနေဖြင့်လည်းကောင်း၊ ကျွန်စနစ်တိုက်ဖျက်ရေးအဖွဲ့ဝင်တစ် အနေဖြင့်လည်း မဟုတ်ကြောင်း လင်းကင်းက ထပ်မံရှင်းလင်းပြခဲ့သည်။ လင်းကင်းသည် ပြည်ထောင်စုအတွင်း၌ ကျွန်စနစ် လက်ခံသော နယ်များ မတိုးရေးအတွက် ကျွန်စနစ်ကို အမြစ်လှန် ဖြိုခွင်းလိုကြသူများ ကန့်ကွက်တားမြစ်ခွင့်ပိုခြင်းကိုလည်း ဦးစားမပေး။ သူသည် ကျွန်စနစ် မှန်းတီးသလောက် ပြည်ထောင်စု ပြိုကွဲမည့် အရေးနှင့်စာလျှင် ကျွန်စနစ်

ကျယ်ပြန့်မှုကို သဘောတူ လက်ခံရလိမ့်မည်ဟုလည်း ထုတ်ပြောခဲ့သည်။ သူသည် ရိုပတ်ဘလီကင်တို့ ကဲ့သို့လည်း နိုင်ငံတော် နယ်မြေအားလုံးတွင် ကျွန်စနစ် ပပျောက် ရေးကို တောင်းဆိုခြင်းလည်း မပြုခဲ့။ ၁၈၅၀ ခုနှစ် ညီနွှဲင်းသဘော တူညီချက်ကို ထောက်ခံသည်။ နယူးမက္ကဆီကိုနှင့် ယူးတား[20] နယ်မြေများတွင် ကျွန်စနစ်ကို လက်ခံခြင်း သို့မဟုတ် တားမြစ်ခြင်းကို ၄င်းတို့သဘောဖြင့်သာ ဆောင်ရွက်စေရန် သဘောတူညီချက် ဖြစ်သည်။ လင်းကင်းသည် ဝရမ်းပြေး ကျွန်ဥပဒေကို လက်ခံသည်။ သို့သော်လည်း သာမန်ရာဇဝတ်မှု ဥပဒေသည် အပြစ်မဲ့သူတစ်ဦးကို သေဒဏ်ချ၍ မဖြစ် သကဲ့သို့ ထိုဥပဒေသည် မလွှဲမရှောင်သာသော အကျဉ်းအကျပ်ကာလတွင် လွတ်လပ်သောသူတစ်ဦးအား ကျွန်ဘဝတ်သွင်းသည့်အဖြစ်သို့ မရောက်ရှိ နိုင်ရေးအတွက် ပြုပြင်သင့်ကြောင်း အကြံပြုခဲ့သည်။ လင်းကင်းသည် တောင်ပိုင်းသားများအား ကျွန်များ ထားရှိခြင်းအတွက် ကိုယ်ကျင့်တရား ဖျက်မှုကို ရှုတ်ချပြစ်တင်ခြင်း ပြုမည့်အစား ၄င်းနှင့် အခြားဝှစ်များ မွေးဖွားခဲ့ရာ တောင်ပိုင်းဒေသအပေါ်တွင် ကရုဏာရှိကြောင်း ပြောပြခဲ့သည်။

လင်းကင်းသည် နီးဘရားစကား အခြေခံဥပဒေ ဆန့်ကျင် သည့် ရိုပတ်ဘလီကင်အုပ်စုနှင့် ခပ်ခွာခွာနေခြင်းသည် ကျွန်စနစ်ကို စိတ်အား အထက်သန်ဆုံး ဆန့်ကျင်သူများနှင့် မိတ်ဖျက်နိုင်သည့် အန္တရာယ်ရှိလျက် စွန့်စားခြင်းဖြစ်ကြောင်း လင်းကင်းသိသည်။ အီလီနွိုင်းပြည်နယ်မြောက် ပိုင်းဒေသမှ လူအများက ပါတီဟောင်း နှစ်ခုနှင့် ဆက်စပ်နေသူဆိုလျှင် ဆီးနှိုက်အမတ်အဖြစ် မရွေး ချယ်သင့်ဟုလည်း ယူဆလာကြချိန်ဖြစ်သည်။ နိုင်ငံရေးသမားသက်သက်ဖြစ်သည်ဟုပြောပြီး သစ္စာဖောက်သွားသူများ ကြောင့် ထိုသူများ အပေါ်တွင် လူထုက အယုံအကြည်မရှိကြတော့ပေ။ လင်းကင်းကိုလည်း သူ၏ ကျောထောက်နောက်ခံ အကြောင်းများကြောင့် သံသယ ရှိသူများ ရှိခဲ့သည်။ ရှီကာဂို ထရစ်ဗြွန်း သတင်းစာ၏ ချားလ်စ် အိပ်ချ်ရေးက "ကျွန်တော် အေးဘ်ကို ကြောက်တဲ့အကြောင်း အမှန်အတိုင်း

www.burmeseclassic.com

ဝန်ခံရလိမ့်မယ်။ သူဟာ တောင်ပိုင်းတွင် မွေးဖွားခဲ့သူဖြစ်သည်။ တောင်ပိုင်းသားများနှင့် ဆက်နွယ်ပတ်သက် သူဖြစ်သည်။ တောင်ပိုင်းဒေသအတွက် ကရကဏာထားသူဖြစ်သည်။ သူ၏ဇနီး မေရီ တော့ဒ်မှာ ကျွန်စနစ်ကို ကျင့်သုံးသည့် မိသားစုဝင် ဖြစ်သည်။ သူ၏ ဆွေမျိုးအားလုံးမှာလည်း ထိုအတိုင်းပင်ဖြစ်သည်" ဟု ရေးသားခဲ့သည်။ ဘုမသိဘမသိပါတီနှင့် ဆက်ဆံရေးမှာလည်း မလွယ်ကူလှ။ ပါတီကို မည်သူခေါင်းဆောင်နေမှန်း မသိရ။ ထိုပါတီဝင်များက လင်းကင်းကို လိုလားသည်ဟု အများက ယုံကြည် နေကြသည်။ "လင်းကင်းသည် ဘုမသိဘမသိ ပါတီဝင်တစ်ဦးဖြစ်သည်။ သူသည် ဘုမသိဘမသိပါတီမှ မဲအပြည့်ရရှိရန် မျှော်လင့်ထားသည်" ဟု ဖရီး ဝက်စ် သတင်းစာက တုံးတိတိ ရေး ထည့်ခဲ့ပြန်သည်။

ပြည်နယ်ပြည်သူ့ဥပဒေပြုကိုယ်စားလှယ်များညီလာခံကို ၁၈၅၅ ခုနှစ် ဧန်နဝါရီလ ၁ ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။ လင်းကင်းက သူ့အား ဆီးနိတ်အမတ်အဖြစ် အရွေးခံရရေးအတွက် ၂၆ မဲ သေချာပေါက် ရရမည်ဟု ယုံကြည်ခဲ့သည်။ အခြားသူများထက် ထောက်ခံသူ နှစ်ဆကျော် ရမည်သဘောဖြစ်သည်။ သို့သော်လည်း အထွေထွေညီလာခံတွင် အဖွဲ့ဝင် ၁၀၀ ဦးအနက် ၄၃ ဦးမှာ ဒပ်ဂလပ်စ်၏ ဒီမိုကရက်များဖြစ်နေသည်။ သူတို့သည် လင်းကင်းအား မဲပေးကြမည်မဟုတ်။ ဒပ်ဂလပ်စ်က ဆီးနိတ် အမတ်ကို အများဆန္ဒအရ ရွေးကောက်စေရန် ပြဋ္ဌာန်းခဲ့သည်။ ဒပ်ဂလပ်စ်က ဒီမိုကရက် စစ်မှန်လျှင် ကဲန်ဆပ်စ်-နီးဘရားစကားဥပဒေကို ထောက်ခံရမည်ဟု ညွှန်ကြားခဲ့သည်။ ဆီးနိတ်အမတ်အဖြစ် သူ၏ ဩလက်ဂုဏ်မိတ်ဆွေ ဂျိမ်းစ် ရိုးလ်ဒ်စ်အား မဲပေးရမည်ဟုလည်း ပြောခဲ့သည်။ လင်းကင်းသည် အနိုင်ရရှိရေးအတွက် (၅၁ မဲ လိုအပ်ရာ) နောက်ထပ် ထောက်ခံမဲ ၂၅ မဲ လိုနေသေးသည်။

လင်းကင်းသည် မိမိအနိုင်ရရှိရေးအတွက် နီးဘရားစကား ဥပဒေကို ဆန့်ကျင်သည့် ဥပဒေပြုကိုယ်စားလှယ်အားလုံးလိုလို၏

ထောက်ခံမှုကို လိုအပ်လာသည်။ ဧန်နဝါရီလ တစ်လလုံး စည်းရုံးခဲ့ရာတွင် လင်းကင်းက မိမိအနေဖြင့် ပြောရန်ခက်သော်လည်း မိမိသည် ရွေးကောက်ရန် သင့်လျော်သောပုဂ္ဂိုလ်ဖြစ်လျှင် မိမိအား မဲပေးရန် ကိုယ်စားလှယ်များထဲ မဲတောင်းခဲ့လေသည်။ မိတ်ဆွေ တရားသူကြီး ဒေးဗစ် ဒေးဗစ္စသည် တရားရုံးအလုပ်များကို ခေတ္တဘေးချိတ်ထားကာ လင်းကင်းအား အကြံပေးကူညီသူ ဖြစ်လာသည်။ ပြည်သူ့ ကိုယ်စားလှယ် ဖြစ်လာသော လိုဂင်ကလည်း လင်းကင်း၏ စည်းရုံးရေးမန်နေဂျာ ဖြစ်လာသည်။ ဟန်ဒင်ကလည်း ကျွန်စနစ် ပယ်ဖျောက်ရေးအဖွဲ့ဝင်များအပေါ် သြဇာ ညောင်းအောင် စည်းရုံးပေးခဲ့သည်။

ဤသို့ ကြိုးပမ်းအားထုတ်မှုများကြောင့် ညီလာခံအစတွင် လင်းကင်းသည် တဖြည်းဖြည်းနှင့် အားပိုကောင်းလာခဲ့သည်။ သူ၏ လူများ၏ ဆွေးနွေးမှုကြောင့် ကျွန်စနစ်ကို တစ်ဖက်ကမ်းရောက် အဆန့်ကျင်ဆုံးသူများ၏ ထောက်ခံမှုကိုပင် ရရှိလာသည်။ သို့သော်လည်း ဘုမသိဘမသိပါတီနှင့် ဆက်နွယ်မှုကို အကြောင်းပြု၍ အနည်းဆုံး ဝုစ်သုံးဉီးစန့်ကိုလည်း လင်းကင်း ဆုံးရှုံးခဲ့သည်။ ရွေးကောက်ပွဲ လည်း နီးကပ်လာပြီ။ ဧန်နဝါရီလ ၃၁ ရက်နေ့ အနေအထားတွင် လင်းကင်း အနိုင်ရရှိရေးအတွက် သုံးမဲ လောက် လိုနေသေးသည်။

ပြည်နယ်လွှတ်တော်ထဲ၌ အာဏာချိန်ခွင်လျှာကို ထိန်းပေးနေသည့် တစ်သီးပုဂ္ဂလ ဒီမိုကရက်များ[21] လူနည်းစုတစ်ခုလည်း ရှိနေ သည်။ သူတို့သည် ရာသက်ပန် သစ္စာရှိဒီမိုကရက်များ ဖြစ်ကြသည်။ သို့သော်လည်း ကဲန်ဆပ်စ်-နီးဘရားစကားဥပဒေကိစ္စတွင် ဒပ်ဂလပ်စ်နှင့် အမြင်ကွဲပြီး လူချင်းလည်း ဆိုးစားကွဲသွားခဲ့ကြသည်။ သူတို့သည် ဒပ်ဂလပ်စ်ကို ဆန့်ကျင်သည့် အခြားညွှန့်ပေါင်းအဖွဲ့များနှင့်လည်း လက်မတွဲကြ။ ရီပတ်ဘလီကင်ဟု ခေါ်ဆိုသည့် ကျွန်စနစ်ကို အလွန်အကျွံ ဆန့်ကျင်သူများကိုလည်း ရွံရှာသည်။ ဘုမသိ ဘမသိပါတီ၏ အတိတ်တခို့

www.burmeseclassic.com

ထောက်ခံမှုကိုလည်း ဆန့်ကျင်သည်။ ၄စ်တို့၏ သဘောထားကိုလည်း မကြိုက်ကြ။ သို့သော်လည်း နိုးဘရားစကားဥပဒေကို ဆန့်ကျင်သည့် ထိုတစ်သီးပုဂ္ဂလဒီမိုကရက်များ သည် လင်းကင်းအပေါ်တွင် ပုဂ္ဂိုလ်ရေးအရ ကန့်ကွက်မှု မရှိကြပေ။ သို့ဖြစ်လင့်ကစား သူတို့သည် ဒီမိုကရက်များ အဖြစ် အရွေးခံခဲ့ရခြင်းကြောင့် ဆီးနိတ်အမတ်နေရာအတွက် ဒီမိုကရက် တစ်ဦးမှတစ်ပါး အခြားသူတစ်ဦးဦးကို မဲပေး၍ မရနိုင်ကြောင်းကို အတိ အလင်း ကြေညာခဲ့ကြသည်။ ထိုလူနည်းစု၏ အမတ်လောင်းမှာ လိုင်းမင်း ထရမ်းဘူးလ်ဖြစ်သည်။ ထရမ်းဘူးလ်မှာ အီလီနွိုင်းတောင်ပိုင်းရှိ အယ်လ် တင်မြို့မှ ရာသက်ပန် ဒီမိုကရက်တစ်ဦးဖြစ်သည်။ သူသည် ကျွန်စနစ်ကို အလွန်မုန်းသူဖြစ်သည်။ သူသည် ဒပ်ဂလပ်စ်ကို ဆန့်ကျင်ပြီး အောက် လွတ်တော်ကိုယ်စားလှယ်အမတ် တစ်နေရာ အရွေးခံရန်အတွက် ဗဟို တရားရုံးမှ နိုင်မြဲသော ရာထူးကို စွန့်လွှတ်ခဲ့သူဖြစ် သည်။

ထိုစဉ်က အခြေအနေကိုသိခဲ့သော လင်းကင်းက "နိုးဘရား စကားဥပဒေကို ဆန့်ကျင်သည့် ထိုပုဂ္ဂိုလ် လေးငါးဦးသည် ၄စ်တစ်ဦးကို မည်သည့်အခါမှ မဲပေးကြမည် မဟုတ်သလို သူတို့အထဲမှ နှစ်မဲမှ မရလျှင်လည်း ကျွန်တော်သည် အရွေးခံရဖို့ လိုအပ်သောမဲအရေအတွက် ရခဲ့လိမ့်မည် မဟုတ်ပါ" ဟု သုံးသပ်မှတ်ချက်ရေးခဲ့သည်။

နှင်းမုန်တိုင်းများ အပြင်းအထန် ကျခဲ့သဖြင့် ဆီးနိတ်အမတ် ရွေးချယ်ခြင်းကို ရွှေ့ဆိုင်းခဲ့ရသည်။ ၁၈၃၁ ခုနှစ်နောက်ပိုင်းတွင် အဆိုင် ပါးဆုံးနှင်းမုန်တိုင်းဖြစ်ခဲ့သည်။ စပရင်းဖီးလ်မှာ ၁၂ ရက်ကြာ တစ်သီး တခြားဖြစ်ပြီး ပြည်နယ်လွှတ်တော် တက်ရောက်ရမည့် လိုအပ်ချက် အမတ် ဦးရေကိုရမ်း မပြည့်ဘဲ ဖြစ်ခဲ့သည်။ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ရေ တွက်သော မဲများမှာ လင်းကင်း မျှော်လင့်ထား သလို ဖြစ်ခဲ့သည်။ လင်းကင်း ၄၅ မဲ၊ ရှီးလ်ဒ်စ် ၄၁ မဲနှင့် ထရမ်းဘူးလ် ၅ မဲ၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ကျိုးဝဲလ် မတ်တက်ဆင်က ၁ မဲ အသီးသီး ရရှိခဲ့ကြသည်။

မက်တက်ဆင်ကို ၁ မဲပေးခြင်းသည် အရေးပါသည်။ ဒီမိုကရက် များသည် ယင်းတို့၏လူ ရှီးလ်ဒ် အရွေးမခံရမှာ သေချာသဖြင့် မက်တက် ဆင်ကို ထောက်ခံရန် တာစူလာကြသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူး မက်တက်ဆန်မှာ ချမ်းသာကြွယ်ဝသည့် ပြည်သူ့ဆောက်လုပ်ရေး ကန် ထရိုက်တာတစ်ဦးဖြစ်သည်။ မက်တက်ဆန်သည် ဒပ်ဂလပ်စ်ကို မလေး မစား ဆန့်ကျင်မှု မပြုလုပ်ဘဲ ကဲန်ဆပ်စ်–နိုးဘရားစကားဥပဒေကို လုံလောက်ရုံ ထောက်ခံခဲ့သည်။ သို့သော်လည်း နောက်ကွယ်တွင် ဒပ်ဂလပ်စ်ကို ဆန့်ကျင်ကြောင်း ဒပ်ဂလပ်စ်၏ ရန်သူများသိအောင်ပင် ပြောဆိုခဲ့သည်။ ကိုယ်စားလှယ်များကိုလည်း ဆောက်လုပ် ရေးလုပ်ငန်း နှင့် ပတ်သက်သည့် အကူအညီများ ပေးခဲ့သူဖြစ်သည်။

ဒီမိုကရက်ကိုယ်စားလှယ်များသည် ရှီးလ်ဒ်စ်ကို ၆ ကြိမ်မြောက် မဲပေးပြီးသည်အထိ တွဲကပ်မဲပေးခဲ့ကြသည်။ သို့သော်လည်း ကြိုတင် ညှိနှိုင်းမှု ပြုလုပ်ကြပြီးနောက် ၇ ကြိမ်မြောက် မဲပေးရာ၌ မက်တက်ဆင်ကို ပြောင်းပေးခဲ့ကြသည်။ လင်းကင်းရသော မဲများမှာ တဖြည်းဖြည်း လျော့ နည်းသွားပြီး ထရမ်းဘူးလ်၏ မဲများက တဖြည်းဖြည်းချင်း တက်လာခဲ့သည်။ ၉ ကြိမ်မြောက်မဲပေးအပြီးတွင် လင်းကင်း ၁၅ မဲ၊ ထရမ်းဘူးလ် ၃၅ မဲနှင့် မက်တက်ဆင်က ၄၇ မဲ ရခဲ့ကြ သည်။ ထိုအချိန်တွင် မက်တက်ဆင်သည် ငွေနှင့်ပေါက်ပြီး ထရမ်းဘူးလ်ကို ထောက်ခံသူများ၏မဲကို ဝယ်ယူနိုင်ခဲ့ သည်ဟု တွေးစရာဖြစ်လာသည်။ ထိုအချိန်တွင် ထရမ်းဘူးလ်၏ ထောက်ခံ သူဖြစ်သော ဖရက်ဒရစ် ဒေးဆိုသူအား မက်တက်ဆင်က ကန်ထရိုက် လုပ်ငန်းတစ်ခု ပေးခဲ့သည်ဆိုသော ဇာတ်လမ်းကိုလည်း လင်းကင်းကြား သိခဲ့ရသည်ဟုဆိုသည်။

လင်းကင်းသည် အန္တရာယ်ကို တွေ့မြင်လာသည်။ ထို့ကြောင့် သူ့အား ထောက်ခံခဲ့သော ၁၅ ဦးအား ၁၀ ကြိမ်မြောက် မဲပေးရာတွင် ထရမ်းဘူးလ်အား ပေးစေရန် ချက်ချင်းညွှန်ကြားလိုက်သည်။ လင်းကင်က

www.burmeseclassic.com

www.burmeseclassic.com

လင်းကင်းအား နောက်တစ်ချီ၊ နှစ်ချီ မဲပေးသည်ကို စောင့်ကြည့်သော်ရွှေ့ လင်းကင်းအား ပြောခဲ့သည်။ သို့သော်လည်း လင်းကင်းက ခိုင်မာသည်။ "ကျုပ်တော့ ထရမ်းဘူးလပဲ ပေးတော့မည်" ဟု ကြေညာပြီး သူ့အား ထောက်ခံမဲပေးသူအားလုံးကိုလည်း ထရမ်းဘူးလ်အား မဲပေးရန် ညွှန်ကြား ခဲ့သည်။ သို့ဖြင့် ၁၀ ကြိမ် မြောက် မဲပေးရာတွင် လိုင်းမင်း ထရမ်း ဘူးလ်သည် အမေရိကန် ဆီးနိတ်လွှတ်တော်အမတ်အဖြစ် အရွေးခံခဲ့ရ လေသည်။

လူမသိသော်လည်း လင်းကင်းသည် စိတ်ပျက်ဉီးကျိုးကာ စီးပွား နာသွားခဲ့သည်။ သူ့အား ထောက်ခံသူ ၄၅ ဦးအား ၅ မဲသာရခဲ့သော ထရမ်းဘူးလ်အား ပေးစေခဲ့ရပုံမှာ တွေးကြည့်လျှင် မယုံကြည်နိုင်စရာ ဖြစ်ခဲ့သည်။ လင်းကင်းသည် အလွန်စိတ်ပျက်စွာဖြင့် "ကျွန်တော် ဘယ် တော့မှ ရွေးကောက်ပွဲ ပြန်မဝင်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ ထွန် တော့်အနေနဲ့ ရန်သူတွေရဲ့လက်ချက်ကြောင့် ရှုံးရတာမျိုးကို ကျက်သရေ ရှိရှိနဲ့ အရှုံးခံနိုင်ပါတယ်။ ဒါပေမဲ့ ကိုယ့်မိတ်ဆွေတွေရဲ့ အိမ်ကြီးထဲမှာ ဒဏ်ရာရခဲ့တာ အခံရခက်လှပါတယ်" ဟု မိတ်ဆွေရင်း ဂျိုးဇက် ဂီလက်စ် ဆိုသူအား ရင်ဖွင့်ပြောဆိုခဲ့သည်။ မေရီ လင်းကင်းလည်း အကြီးအကျယ် စိတ်ပျက်ခဲ့ရသည်။ မေရီသည် အရှုံးအနိုင် အဖြေထွက်လာပြီးနောက် သူ့ နှစ်ပေါင်းများစွာ ပေါင်းသင်းလာခဲ့သည့် မိတ်ဆွေဟောင်း မစ္စစ် ထရမ်း ဘူးလ်ကို (ယခင် ကျူလီယာ ဂိုန်း) စကားပြောရန် ငြင်းဆိုခဲ့သည်အထိ ဖြစ်ခဲ့လေသည်။

လင်းကင်းသည် သူ၏ စိတ်ပျက်မှုကို လူရှေ့သူရှေ့တွင် ထုတ် ဖော်ပြောဆိုခဲ့ခြင်းလည်း မပြုလုပ်ခဲ့ပေ။ သူက "ကျွန်တော့်အရှုံးအတွက် အထိုက်အလျောက်ပဲ စိတ်ပျက်ခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်တော် ဦးနှောက်ရှုပ် သွေးပျက်ခြင်း မဖြစ်ခဲ့ပါဘူး။ ကျွန်တော့်အရှုံးအတွက် စီတ်မ ခဲ့ရတာထက် မက်တော်ဆင် ရှုံးသွားရတာက ကျွန်တော့်ကို စိတ်ချမ်းသာ

ပိုပေးနိုင်ခဲ့ပါတယ်" ဟု မိတ်ဆွေတစ်ဦးထံပေးသော စာထဲတွင် ထည့်ရေး ခဲ့သည်။ သူ့အား ဆီးနိတ်အမတ်ဖြစ်ရေးအတွက် မဲမပေးခဲ့ကြသည့် နီးဘရားစကား ဥပဒေဆန့်ကျင်ရေးသမား ဒီမိုကရက် လေးဦးအပေါ်တွင် လည်း လင်းကင်းက ရန်ညှိုးမထားခဲ့ပေ။ သူတို့အထဲမှ နော်မန် ဂျတ်နှင့် ဂျွန် ပါးလ်မာ တို့နှစ်ဦးသည် နောင်တွင် လင်းကင်း၏ နိုင်ငံရေးတရားပွဲများ၌ ဦးဆောင် ပေးသူများပင်ဖြစ်လာကြသည်။ ထရမ်းဘူးလ်သည် တိတ် တိတ်ပုန်း လာဘ်ထိုးမှုအလုပ်များ မလုပ်ခဲ့ပုံကိုတွေးပြီး သူ၏ ခံစားမှုများကို သက်သာ စေခဲ့သည်။ နိန်ယန် အီကဒ္ဒပ်စ် လင်မယားက ရွေးကောက်ပွဲ အပြီးညတွင် လင်းကင်းအား ဂုဏ်ပြုရန် စီစဉ်ထားသော ဧည့်ခံပွဲကို ထရမ်း ဘူးလ်အတွက် ဂုဏ်ပြုပွဲ ပြုလုပ်ပေးခဲ့သည်။ လင်းကင်းသည် အပြုံးမပျက် ဂုဏ်ပြုပွဲ သို့ တက်ရောက်ခဲ့သည်။ အဲလစ်ဇဘက် အက်ဒွပ်စ်က လင်းကင်း မည်မျှ စိတ် ပျက်နေမည်ကို သူမ နားလည်ပါသည်ဟု လင်းကင်းအား ပြောခဲ့သည်။ ထိုအခါတွင် လင်းကင်းသည် အရှင်ပျဆုံးအပြုံးဖြင့် ရှေ့ ထွက်လာပြီး ထရမ်းဘူးလ်အား လက်ဆွဲနှုတ်ဆက်ကာ "ကျွန်တော့် မိတ် ဆွေ ထရမ်းဘူးလ်ကို မချီးကျူးနိုင်လောက်အောင် စိတ်မပျက်ခဲ့ပါဘူး" ဟု ပြန်အဖြေပေးခဲ့ပါသည်။

လင်းကင်းသည် ပြန်လည်သုံးသပ်စဉ်းစားကြည့်ရာ၌ သူ၏ အရှုံးမှာ ဘေးဥပဒ်ရောက်မှုတစ်ခုမဟုတ်ကြောင်း တွေးမိခဲ့သည်။ သူသည် နိုင်မှ နိုင်ပါ့မလားဟူသော သံသယစိတ်ဖြင့် ဝင်ခဲ့ခြင်းဖြစ်သည်။ အရှုံး အနိုင်က ဒပ်ဂလပ်စ်အား အထိနာအောင် တွန်းလှန်နိုင်ခဲ့ခြင်းဖြစ်သဖြင့် ကျေနပ်ဖွယ်ရာကောင်းလှသည်။ ဒပ်ဂလပ်စ်၏ အများဆန္ဒမဲဖြင့် ဆုံး ဖြတ်စေမှု လုပ်ဆောင်ချက်ကိုလည်း ထိခိုက်စေခဲ့ခြင်းလည်းဖြစ်သည်။ ထရမ်းဘူးလ်သည် ဝါရင့် ဆီးနိတ်အမတ်ကြီး ဒပ်ဂလပ်စ်အား နှုတ်သီး ကောင်းလျှာပါး ပြန်လှန်ပြောဆိုမည့် သူလည်း ဖြစ်လာသည်။ ဆီးနိတ် အမတ်ရွေးပွဲဝင်ခဲ့မှုကြောင့် လင်းကင်းသည် ၁၈၅၈ ခုနှစ်၌ ဒပ်ဂလပ်စ်

www.burmeseclassic.com

www.burmeseclassic.com

နှင့်အပြိုင် အရွေးခံရန် လမ်း ဖွင့်ပေးသလိုလည်း ဖြစ်ခဲ့သည်။ ရွှေကောက်ပွဲပြီး နောက်တစ်ရက်၌ ထရမ်းဘူးလ်ကို မဲပေးခဲ့ကြသည့် တစ်သီးပုဂ္ဂလ ဒီမိုကရက်အမတ်များက လင်းကင်း၏ ကိုယ်ကျင့်တရားကို ကျေးဇူးတင်ကြောင်း သောအားဖြင့် နောက်တစ်ကြိမ် ဆီးနိတ်အမတ် ရွေးပွဲတွင် လင်းကင်းအား မဲပေးကြပါမည်ဟုလည်း ဝန်ခံကတိစကား ပြောကြားခဲ့ကြသည်။ နောင်အခါတွင် ထရမ်းဘူးလ်ကလည်း လင်းကင်းထံ ကျေးဇူးတင်စာ ရေးသားပေးပို့ခဲ့သည်။ ထို့နောက် "နောက်တစ်ကြိမ် ရွေးကောက်ပွဲ၌ ရီပတ်ဘလီကင်ပါတီ၏ ရည်မှန်းချက် တိုးတက်အောင်မြင်ရေးအတွက် ကျွန်ုပ်ဆက်လက် အားထုတ်ပါမည်၊ ယခု ဒပ်ဂလပ်စ်၏နေရာတွင် ကျွန်ုပ်အား ယခု လက်ရှိနေရာသို့ ရရှိရေးအတွက် ကိုယ်တိုင်ကိုယ်ကျ ကူညီဆောင်ရွက်ပေးသော မိတ်ဆွေကြီး ရရှိရေးအတွက် ဆောင်ရွက်ပေးပါမည်" ဟု လင်းကင်းထံ ရေးသားခဲ့သည်။

(၈)

ဒီဇင်ဘာလအတွင်းက လင်းကင်းသည် သူ၏ ရှေ့နေ အလုပ်များကို ပစ်ပယ်ထားခဲ့သည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ လင်းကင်းက "ဟုတ်တယ်၊ ကျွန်တော် နိုင်ငံရေး မတောက်တခေါက် လုပ်နေခဲ့မိတာ အလုပ်တွေ ပစ်ပယ်ထားခဲ့မိတယ်။ ရွှေကောက်ပွဲမှာ ရှုံးသွားခဲ့ပြီးတော့မှပဲ အလုပ်ပြန်လုပ်ခဲ့တယ်" လို့ အမှုသည်တစ်ဦးကို ပြန်ရှင်းပြခဲ့သည်။ လင်းကင်းသည် ဆီးနိတ်အမတ်ရွေးပွဲတွင် ရှုံးနိမ့်ခဲ့ပြီးသည့်နောက် တစ်နှစ်တိတိ လူထုရှေ့မောက်တွင် မိန့်ခွန်းပြောခြင်း၊ နိုင်ငံရေးရာတရားပွဲ၌ ဟော ပြောခြင်းတို့ မပြုလုပ်ဘဲ နေခဲ့သည်။ လွန်ခဲ့သော နှစ်အတွင်းက ဆုံးရှုံးခဲ့သော ဝင်ငွေများ ပြန်ကာမိရေးအတွက် ရှေ့နေအလုပ်များ ပြန်၍ကြိုးစားလုပ်ခဲ့သည်။

၁၈၅၅ ခုနှစ် နွေရာသီနှင့် ဆောင်းဦးကျကာလများတွင် လင်းကင်းသည် ကုန်ပစ္စည်းအတုလုပ်မှုတစ်ခုအတွက် လှုပ်ရှားခဲ့ရသည်။ ကောက်ရိတ်သိမ်းစက်ကို စတင် တည်ထွင်သူ ဆိုင်းရပ်စ် ဟောလ် မက်ကောမစ်က သူ၏ စက်များနှင့် ဆင်တူယိုးမှားပြုလုပ်သော ပွန် မဲန်းနီးကို တရားစွဲဆိုခဲ့သောအမှုဖြစ်သည်။ အမှုမှာ အရေးပါသော အမှုတစ်ခုဖြစ်သည်။ ကောက်ရိတ်သိမ်းစက်ကို တီထွင်မှုသည် ဂျုစိုက်ပျိုးရေးလုပ်ငန်းကို ပြောင်းလဲစေခဲ့သည်။ လယ်ယာအလုပ်သမားများ၏နေရာတွင် စက်ဖြင့် အစားထိုးနိုင်ခဲ့သဖြင့် ကောက်ရိတ်သိမ်းစက်များ အရောင်းစျေးကွက်မှာလည်း ကြီးထွားလာသည်။ မက်ကောမစ်၏ ကိုယ်ပိုင်တံဆိပ် အမှတ်အသား ပိုင်ဆိုင်မှုကို ချိုးဖျက်နိုင်ရန် ရည်မှန်းသော အရှေ့ပိုင်းဒေသနှင့်အနောက်ပိုင်းဒေသမှ ဂျုထုတ်လုပ်သူများက မဲန်းနီးအမှုနိုင်ရေးအတွက် ငွေကြေးထောက်ပံ့ခဲ့ကြသည်။ မဲန်းနီးသည် ဖီလာဒဲလ်ဖီးယားမှ ထိပ်တန်း ကုန်တံဆိပ်အတု အမှုလိုက်ရှေ့နေ ဂျော့ချ် ဟားဒင်းဦးဆောင်သော ရှေ့နေ တစ်ဖွဲ့ကို ငှားရမ်းခဲ့သည်။ ဟားဒင်းက အမှုကိုစစ်မည့် အီလီန္တိုင်းမြောက်ပိုင်းမှ တရားသူကြီး သောမတ်စ် ဒရမ်မန်နှင့် သိကျွမ်းသော ဒေသခံ ရှေ့နေ တစ်ဦး ပါသင့်သည်ဟု ယူဆခဲ့သည်။

ဟားဒင်း၏ ရှေ့နေအဖွဲ့ထဲမှ ဝေါရှင်တင်မှ ရှေ့နေ ပီတာ ဝတ်ဆင်သည် လင်းကင်းရှိရာ စပရင်းဖီးလ်သို့ လိုက်လာပြီး ငှားရမ်းခဲ့သည်။ လင်းကင်းအား အမှုကို ကိုယ်တိုင် လျှောက်ထားစေရမည်ဆိုသော ခန့်မှန်းချက်ဖြင့် လင်းကင်းအား ဒေါ်လာ ၁,၀၀၀ နှင့် ငှားရမ်းပြီး စရန်ငွေ ဒေါ်လာ ၄၅၀ ပေးခဲ့သည်။

လင်းကင်းသည် အမှုကိုလေ့လာပြီး မဲန်းနီး၏စက်ရုံသို့ ပင်သွားရောက်ပြီး ပစ္စည်းများကို စစ်ဆေးလေ့လာမှု ပြုလုပ်ခဲ့သည်။ သို့သော်လည်း ဝတ်ဆင်သည် အမှုနှင့် ပတ်သက်သည့် အရေးပါသည့် အထောက်အထားမိတ္တူများနှင့် စာရွက်စာတမ်းများကို လင်းကင်းထံသို့

www.burmeseclassic.com

ပေးပို့ခြင်း မပြုခဲ့ပေ။ လင်းကင်းသည် အမေရိကန်ခရိုင် ဓာရာဂဲ့ရှိရာ ရှီကာဂိုမြို့သို့ သွားရောက်ကူးယူခဲ့ရသည်။ ထို့အပြင် အမှုကို ရှီကာဂိုမြို့တွင် မစစ်ဆေးဘဲ စင်စင်နားတီးတွင် စစ်ဆေးမည် ကိုလည်း ဝတ်ဆင်က လင်းကင်းကို အသိမပေးခဲ့ပေ။ လင်းကင်းကို မဖိတ်ခေါ်ခဲ့ပေ။ လင်းကင်းသည် သတင်းစာတွင် ဖတ်ရှုပြီး သိခဲ့ရခြင်းဖြစ်သည်။

သို့သော်လည်း လင်းကင်းသည် ရထားစီးပြီး စင်စင်နားတီးသို့ လိုက်သွားခဲ့သည်။ ဟားဒင်းတည်းခိုရာသို့ သွားရောက်တွေ့ဆုံခဲ့သည်။ ဟားဒင်းက လင်းကင်းအား အထင်မကြီးခဲ့ပေ။ ဟားဒင်းက လင်းကင်းနှင့် စပ်လျဉ်း၍ ခါးခါးသီးသီး ပြောခဲ့သည်။ "မသပ်မရပ် အဝတ်အစား ကျွန်ကညစ်နဲ့, ဘောင်းဘီရှည်ကတိုပြီး ခြေမျက်စိပေါ်နေတယ်။ လက်ထဲမှာ အရိုးလုံးပါတဲ့ ဝါဂွမ်းထီးပြာကြီးကိုင်လို့။ ဒီပိန်တာရိုး လန်ဘား၊ ကိုးနှိုက်ကားရားသစ်ခုတ်သမား နဲ့, ဘယ်လိုလုပ်ဖြစ်မလဲ" ဟု ဟားဒင်းက ပြောခဲ့သည်။ ထပ်တိုးလာသည့် ရှေ့နေ အက်ဒွင် စတဲန်တင်ကလည်း ဟားဒင်းအား "ခင်ဗျားတို့ ဒီလက်တဲ့ရှည်ရှည်ကြီးနဲ့ အသေကောင် လူဝဲကြီးထို ဘာလို့ခေါ်လာရသလဲ။ သူဘာသိလို့ ဘာကောင်းကျိုးပြုနိုင်မှာလဲ" တု ပြန်မေးခဲ့သည်။

စတဲန်တင်ဝင်လာသဖြင့် လင်းကင်း အမှုလိုက်ရတော့မည် မဟုတ်ကြောင်း ထင်ရှားလာသည်။ လင်းကင်းသည် စင်စင်နားတီးတွင် တစ်ပတ်ခန့် ဆက်လက်နေထိုင်ပြီး အမှုကို နားထောင်ခဲ့သေးသည်။ သို့သော်လည်း အခြားရှေ့နေများက သူ့ကို လုံးဝ အမှုမထားခဲ့ကြပေ။ ဟားဒင်းက ထိုစဉ်က အခြေအနေနှင့်စပ်လျဉ်းပြီး "ကျွန်တော်တို့အားလုံး ဟိုတယ်တစ်ခုတည်းမှာပဲ တည်းခဲ့ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်ကရော၊ စတဲန်တင်ကရော သူ (လင်းကင်း) နဲ့ လုံးဝ တိုင်ပင်ဆွေးနွေးမှု မပြုလုပ်ခဲ့ကြဘူး။ သူ့ကို ကျွန်တော်တို့စားပွဲမှာ ပေးမထိုင်ခဲ့ကြဘူး။ သူ့စားပွဲကိုလည်း ကျွန်တော်တို့ ဝင်မထိုင်ခဲ့ကြဘူး။ ကျွန်တော်တို့အခန်းကို လာပါဦး

လို့လည်း မခေါ်ခဲ့ဘူး။ သူနဲ့ အတူ ရုံးအသွားအပြန်လည်း မလုပ်ခဲ့ကြဘူး။ အကုန်အမှန်ပြောရရင် သူနဲ့ အရောတဝင် လုံးဝ မလုပ်ခဲ့ကြဘူး" ဟု ပြန်ပြောခဲ့သည်။

လင်းကင်းသည် မိမိအား စော်ကားပြီး ချိုးနှိမ်ခဲ့သည်ဟု ခံစားရသဖြင့် ထိုသီတင်းပတ်အဆုံးတွင် အိမ်သို့ပြန်လာခဲ့လေသည်။ လင်းကင်း အတွက် ရှေ့နေခ ကျန်ငွေများကို ချက်လက်မှတ်တစ်စောင်ဖြင့် ပေးပို့လာသည်။ လင်းကင်းက မိမိသည့် အမှုအတွက် လျှောက် လဲထုချေခွင့် မပြုလုပ်ခဲ့ရသည့်အတွက် မူလပေးထားသော စရန်ငွေမှအပ ကျန်ငွေများကို သူ့အနေဖြင့် လက်ခံခွင့် မရှိပါဟု စာပြန်ရေးလိုက်သည်။ ဝတ်ဆင်က လင်းကင်းခံစားသင့်သည်ဟု ချက်လက်မှတ်ပြန်ပို့လိုက်သောအခါ လင်းကင်းက လက်ခံလိုက်သည်။ လင်းကင်းက အမှုအကြောင်းနှင့် ဆက်စပ်၍ စပရင်းဖီးလ်မှ လုပ်ဖော်ရှေ့နေများကို ပြန်မပြောခဲ့ပေ။ သို့သော်လည်း "စတဲန်တင်က မတရားလုပ်ခဲ့သည်" ဟု ဟန်ဒင်အား ပြန်ပြောခဲ့သည်။ သို့သော်လည်း ထိုနှိမ်နှိမ်မှုသည် လင်းကင်းအတွက် စိတ်တွင် ခံစားစရာ တစ်ခုဖြစ်ခဲ့သည်တော့ အမှန်ပင်။ လင်းကင်း သည် ဆီးနိတ် အမတ်ရွေးပွဲတွင် ဂျုံးနိမ့်ခဲ့ရသော ခံစားချက်များနှင့်အတူ စုပေါင်း၍ ခံစားလိုက်ရလေတော့သည်။

(၉)

၁၈၅၅ ခုနှစ်တွင် လင်းကင်းသည် ရှေ့နေလုပ်ငန်းများ အတွက် အချိန်များများပေးခဲ့သည်။ သို့သော်လည်း သူသည် ပြည်သူ့ရေးရာများကို တိတ်တခိုးကျိတ်ပြီး စိတ်ဝင်စားစွာနေခဲ့သည်။ ကောင်ပိုင်းဒေသရှိ ကျွန်စနစ်ကိုလိုလားသည့် စည်းလုံးညီညွတ်မှု သဘောထားကို စိုးရိမ်မှုကင်း အကဲခတ် လေ့လာခဲ့သည်။ ယခင်က သောမတ်စ် ဂျက်ဖာဆင်[22] ကဲ့သို့ သော

www.burmeseclassic.com

www.burmeseclassic.com

တောင်ပိုင်းနိုင်ငံရေးခေါင်းဆောင် များက ကျွန်စနစ်သည် တဖြည်းဖြည်းချင်း ဆိတ်သုဉ်းပျောက်ကွယ် သွားလိမ့်မည်ဟု ယူဆခဲ့ကြသည်။ ယခုမူ တောင်ပိုင်းမှ နိုင်ငံရေး ခေါင်းဆောင်သစ်များသည် မီးနှင့်ကစားလိုသူများနှင့် တူကြသည်။ ကျွန်စနစ် ထာဝရတည်တံ့ရေးနှင့် ကျယ်ပြန့်.ရေးတို့.ကို လိုလားကြ သူများဖြစ်နေကြသည်။ လင်းကင်းနှင့် ဟန်ဒင်တို့.သည် ကျွန်စနစ်ဘက်မှလည်းကောင်း တစ်ချိန်က မရှိမဖြစ် မကောင်းဆိုးဝါးကျွန်စနစ်ဟု စိတ်မချမ်းမြေ့.စွာ ပြောဆိုခဲ့ရာ ယခုအခါတွင် ကောင်းသော အကျိုးပြုစနစ်24တစ်ခုအဖြစ် မြေတောင်မြှောက်လာခဲ့ပုံအပေါ်တွင် ဝမ်းနည်းစွာဖြင့် လည်းကောင်း သတင်းစာများမှ ရေးသားခဲ့ကြသည်။ ဟန်ဒင်သည် အစွန်းရောက် တောင်ပိုင်းဘက်တော်သား ဗာဂျီးနီးယားပြည်နယ်မှ အရည်အသွေးကောင်းသူ ကျော့ချ် ဖစ်ဟျူးရေးသားသည့် တောင်ပိုင်းဒေသအတွက် လွှတ်တော်ရေးဗေဒ25အမည်ရှိစာအုပ်ကို ဝယ်ယူခဲ့သည်။ ဖစ်ဇ်ဟျူးက ကျွန်စနစ်သည် လွတ်လပ်သော အလုပ်သမား ဝှားရမ်းခြင်းစနစ်ထက် ပိုကောင်းကြောင်း ကျွန်စနစ်လက်အောက်တွင် အလုပ်သမားများသည် အာမခံချက်ရှိပြီး စစ်မှန်သော လွတ်လပ်မှု ပို၍ ရှိသည်ဟု ရေးသားခဲ့သည်။

ရုတ်တရက် တွေးကြည့်လိုက်လျှင် ဟုတ်မှန်မလိုလိုရှိသည့် ဖစ်ဇ်ဟျူး၏ ယုတ္တိဗေဒအတွေးအခေါ်သည် လင်းကင်းအား စိတ်အနှောင့်အယှက် ဖြစ်စေခဲ့သည်။ ဖစ်ဇ်ဟျူး၏ အတွေးအခေါ်တွင် တွေ့.ရှိရသည့် ချွတ်ယွင်းချက် အပြစ်များကို လင်းကင်းက သူ၏ကိုယ်ပိုင်မှတ်စုများထွင် ဝေဖန်မှတ်သားထားခဲ့သည်။

"ကျွန်စနစ်သည် အလွန်ကောင်းမွန်သောအရာဖြစ်ကြောင်း သက်သေထူရန် တစ်အုပ်ပြီးတစ်အုပ် ရေးသားခဲ့ကြသည်။ သို့.သော်လည်း ဤကိုယ်တိုင် ကျွန်အဖြစ်ခံပြီး ကျွန်စနစ်၏ ကောင်းခြင်းအရသာကို ခံစားသိသော ဆန္ဒရှိသူ တစ်ဦးဦးကိုမှ ကျွန်ုပ်တို့. မကြားရဖူးသေးပါ"

"သခင်တစ်ဦးအတွက် အလုပ်အကျွေးပြုခဲ့သည့် အဆိုးဆုံးနှင့်

အမိုက်မဲဆုံး ကျွန်တစ်ဦးပင်လျှင် သူ.အလုပ်မှာ မမှန်ကန်ကြောင်း အစဉ်ထာဝရ သိနေသည်"

"မောင်ကသည် မောင်ခကို ကျွန်လုပ်နိုင်ကြောင်း အပိုင် သက်သေပြနိုင်လျှင် မောင်ခကလည်း ထိုငြင်းဆိုချက်ကိုပင် ကိုင်တွယ်ပြီး မောင်ကကို ကျွန်လုပ်၍ ရနိုင်ကြောင်း တန်းတူသက်သေပြ၍ မရနိုင်သလော"

"ကျွန်စနစ်တွင် သခင်များသည် မျက်နှာဖြူများသာဖြစ်ပြီး လူမည်းများက ကျွန်ဖြစ်ရမည်ဆိုသော အဆုံးအဖြတ်ကို ခံယူရမည်ဆိုလျှင် ဤဥပဒေအရ လူမည်းတစ်ဦးသည် ကိုယ့်ထက် အသားပိုဖြူသောသူတစ်ဦးနှင့် တွေ့.လျှင်တွေ့.ချင်း ကျွန်ခံရဖို့.သာရှိတော့သည်။ ထိုနည်း တူစွာပင် သခင်များသည် ကျွန်များထက် ဉာဏ်ရည်မြင့်သူများဖြစ်သည်ဆိုသော အခြေခံဖြင့် နခံကာကွယ်ပြောဆိုမည်ဆိုလျှင် လူမည်းတစ်ဦးသည် မိမိထက် ဉာဏ်ရည်သာသောသူတစ်ဦးနှင့် တွေ့. လျှင်တွေ့.ချင်း ကျွန်ခံရဖို့. သာ ရှိတော့သည်"

ဤမေးခွန်းများကို ပို၍ စဉ်းစားတွေးတောမိလေ လင်းကင်း စိတ်ပျက်လာလေဖြစ်သည်။ "ဤအတိုင်းသာဆိုလျှင် ဆယ်စုနှစ်ပေါင်းများစွာ အတွေ့.အကြုံအရ ကျွန်တော်တို့.၏ ရှေ့.ရေးအလားအလာတွင် ကျွန်စနစ်သည် အေချုပ်စွာဖြင့် ပျောက်ကွယ်သွားစရာ အကြောင်း မပြင်မိပါ" ဟု လင်းကင်းသည် ၁၈၅၅ ခုနှစ် နွေရာသီ တွင် ကဲန်တပ်ကီးမှ မိတ်ဆွေတစ်ဦးထံ စာရေးခဲ့သည်။ လင်းကင်း၏စာ၌ "အမေရိကန်နိုင်ငံရှိ နီးဂရိုးကျွန်များ၏ လက်ရှိအခြေအနေမှာ လူသေကောင်၏ ဝိညာဉ်ပမာ တရားသေ၊ တစ်သမတ်တည်း ဖြစ်နေသည်။ ပိုမိုကောင်းမွန်မှုအတွက် ပြောင်းလဲရေးမှာ မျှော်လင့်ချက် ကင်းဝေးနေသည်၊ ရုရှနိုင်ငံမှ မင်းမျိုးရာဇာများအားလုံးသည် ရာထူးနှင့် သရဖူကို စွန့်.လွှတ်ပြီး ပြည်သူများအား လွှတ်လပ်ခွင့် မြန်မြန်ပေးကောင်းပေးမည်။ အမေရိကမှ သခင်များသည်

www.burmeseclassic.com

www.burmeseclassic.com

သူတို့၏ ကျွန်များကို မိမိတို့ဆန္ဒဖြင့် စွန့်လွှတ်ရေးမှာ မလွယ်ကူပါ။ ကျွန်တော် တို့သည် နိုင်ငံတစ်ခုအနေဖြင့် ကျွန်တစ်ဝက် လွတ်လပ်သူ တစ်ဝက် ရှိသော နိုင်ငံတစ်ခုအဖြစ် အစဉ်ထာဝရ ဆက်လက်၍ သွားရန် ဖြစ် နိုင်ပါ့မလား" လင်းကင်းက အထက်ပါအတိုင်း ရေးသားပြီး အဖြေ တစ်ခုကိုလည်း ဆွဲထုတ်ယူခဲ့သည်။ "ပြဿနာသည် ကျွန်ပ်အတွက် ကြီးမား လှသည်။ ဘုရားသခင်သာ ပြဿနာအတွက် အဖြေကို မေတ္တာ ကရုဏာဖြင့် စီမံခန့်ခွဲနိုင်ပါစေ" ဟု မှတ်ချက်ချခဲ့လေသည်။

ကျွန်စနစ်၏ အနာဂတ်ရေးသည် လက်ငင်းချက်ချင်း ဖိစီး နေသော ပြဿနာတစ်ခုဖြစ်ကြောင်း၊ ကဲန်ဆပ်စ်ပြည်နယ်မှ အဖြစ်အပျက် များက ပြသနေသည်။ "ကဲန်ဆပ်စ်–နီးဘရားစကားဥပဒေထက် ကျွန် စနစ်ပြဿနာအတွက် ဖြစ်ပေါ်လာသည့် ထိပ်တိုက်တွေ့မှုနှင့် အကြမ်း ဖက်မှု ပေါ်ပေါက်လာစေနိုင်မည့် ပို၍ ဆန်းသစ်သော တည်ထွင်မှု မရှိ နိုင်ပါ" ဟု လင်းကင်း ကြိုတင်ပြောဆိုခဲ့သည့်အတိုင်း ဖြစ်လာခဲ့သည်။ လင်းကင်းက အဖြစ်အပျက်တို့သည် "အကြမ်းဖက်မှု သန္ဓေတည်ပြီး အကြမ်းဖက်မှုကို ဖြတ်သန်းကာ အကြမ်းဖက်မှုဖြင့် ထိန်းသိမ်းကာ အကြမ်း ဖက်မှုဖြင့် အဆုံးစီရင်လျက်ရှိသည်" ဟု ထောက်ပြခဲ့သည်။

နီးဘရားစကားတွင် လူများ ရွှေ့ပြောင်းအခြေစိုက်မှုမှာ အေး အေးချမ်းချမ်းရှိခဲ့သည်။ ကဲန်ဆပ်စ်ပြည်နယ်တွင်ကား ဗရုတ်သုတ်ခ ဖြစ်ခဲ့သည်။ မြို့များနှင့်နီးပြီး အကောင်းဆုံးအခွင့်အရေး၊ အကောင်း ဆုံးနေရာများ ရရှိရန် အပြေးအလွှားအလုအယက် ရောက်လာကြသူများအား ဟန့်တားသည့်အစိုးရ၊ မြေယာရုံးများ မရှိခဲ့ပေ။ တကယ်တော့ ထိုဒေသ သည် အင်ဒီးရင်းလူနီများပိုင်သော သီးသန့်နယ်မြေဖြစ်သည်ဟု ဆိုရမော မည်။ အင်ဒီးရင်းလူမျိုးများ၏ မြေပိုင်တောင်းဆိုမှုများကို အတည်တကျ ဖြစ်အောင် ဆောင်ရွက်ပေးမှုများလည်း မရှိခဲ့သေးပေ။ မြေယာပိုင်ဆိုင်မှု အငြင်းပွားပြဿနာဖြစ်လျှင် ခြောက်လုံးပြူးနှင့် ဒါးကောက်တို့အား ကိုးကွယ်

ခဲ့ပြောဆိုကြပေသည်။ သို့ ဖြစ်ရာ ထိုဒေသတွင် အခြေချသူများအကြား အငြင်းအပွား စိတ်ဝမ်းကွဲမှုများ မလွှဲမရှောင်သူ ဖြစ်ခဲ့ကြလေသည်။ ထိုဒေသ သို့ ကျွန်စနစ်ကို ဖွင့်ပေးလိုက်ခြင်းဖြင့် ကဲန်ဆပ်စ်–နီးဘရားစကား ဥပဒေသည် ကျွန်စနစ်ကို ဆန့်ကျင်သူများအား သေနတ်နှင့် ခဲယမ်း မီးကျောက်များ တပ်ဆင်ပေးခဲ့သည့် အယ်လီ ဘေယာ၏ နယူးအင်္ဂလန်မှ ရွှေ့ပြောင်းနေထိုင်သူများ ထောက်ပံ့ရေးကုမ္ပဏီ ကို့သို့သော အဖွဲ့အစည်း မျိုးကိုလည်း စိန်ခေါ်ရာ ရောက်ခဲ့သည်။ မစ်ဇူးရီပြည်နယ်မှ ကျွန်စနစ်ကို လိုလားသူများကလည်း နယ်စပ်ကို ကျော်ဖြတ်ပြီး အလုံးအရင်းဖြင့် ဝင်ရောက်လာကြသည်။ ကဲန်ဆပ်စ်ကို ကျွန်စနစ် လက်ခံကျင့်သုံးသော ပြည်နယ်ဖြစ်ရေးကို ထိန်းသိမ်းပေးရန်အတွက် အသင့်တိုက်ပွဲဝင်ရန်ဖြစ်၏။ လင်းကင်းသည် ထိုအခြေအနေများကို နယူးယောက် တိုင်းမ်စ် နှင့် အခြား သတင်းစာများဖတ်ပြီး သိခဲ့ရသည်။ ထို့အပြင် လီဗင်း ဝပ်သ်တွင် လွတ် လပ်သော သတင်းစာတစ်စောင်၏ အယ်ဒီတာလုပ်နေသူ မိတ်ဆွေဟောင်း လည်းဟုတ်၊ သားချင်းလည်း မကင်းသည့် မတ်ဗ် ဒဗလျူ ဒီလာဟေးက သူ့ထံ ရေးသော စာများအရလည်း သိ ခဲ့ရသည်။

ကဲန်ဆပ်စ်တွင် ကျွန်စနစ် လိုလားမှုအတွက် အပြင်းအထန် ဆောင်ရွက်မှုများ ဖြစ်နေပုံသတင်းသည် ဟန်ဒင်နှင့် စပရင်းဖီးလ်မှ ကျွန် စနစ်ဆန့်ကျင်သူများအား စိတ်လှုပ်ရှားစေခဲ့သည်။ ၄င်းတို့က ကဲန်ဆပ်စ် တွင် လွတ်လပ်မှုကာကွယ်ရေးအတွက် ပြင်းထန်သော နည်းလမ်းပင်ဖြစ်စေ၊ မည်သည့်နည်းလမ်းဖြင့်မဆို ကျင့်သုံးပြီး ခုခံ ကာကွယ်စေရန် တိုက်တွန်း ခဲ့ကြသည်။ လင်းကင်းက ဟန်ဒင်နှင့် စိတ်ဓါတ်ပြင်းထန်လွန်းသူ လူတစ်စု အား ခေါင်းအေးအောင် ဖျောင်းဖျခဲ့သည်။

လက်ရုံးရည်အားကိုးဖြင့် ပုန်ကန်မှုများနှင့် သွေးထွက်သံယို ဖြစ်စေသည့် ခုခံတော်လှန်မှုများသည် မှားယွင်းကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် မညီညွတ်ကြောင်း လင်းကင်းက သတိပေးခဲ့သည်။ ကဲန်ဆပ်စ်

www.burmeseclassic.com

www.burmeseclassic.com

ပြည်နယ်အရေးအခင်းအတွက် လင်းကင်းက ထောက်ပံ့ကြေးပေးရန် ပြုလုပ်ခဲ့သည်။ ကဲနဆပ်စ်နယ်ခြေတွင် နေထိုင်သူများအတွက် ခုခံကာကွယ်ရေးရန် လိုအပ်သည်ဟု တရားသူကြီး လိုဂင်က ဆုံးဖြတ် မှသာလျှင် သူ၏ ထောက်ပံ့ကြေးငွေကို ပို့ပေးမည်ဟု ခြွင်းချက်ထားခဲ့သည်။ လင်းကင်းက ကျွန်စနစ် ချုပ်ငြိမ်းရေး လိုလားသူများကိုလည်း ပိုမို၍ ထိရောက်သော လူပ်ရှားမှုလမ်းကြောင်းဖြစ်သည့် နိုင်ငံရေးနည်းလမ်းဖြင့် တွေးတောရန် တိုက်တွန်းပြောဆိုခဲ့သည်။

နိုင်ငံရေးနည်းလမ်းဖြင့် ဆောင်ရွက်လျှင် မည်ကဲ့သို့ ထိရောက်မှု ရှိနိုင်မည်နည်း။ ဤအချက်ကို သိရှိနိုင်ရန်မှာ ပြဿနာဖြစ်နေသည်။ လင်းကင်းသည် သူလုကြီးဖြစ်လာသည့် အခွိုန်တစ်လျှောက်လုံးတွင် လက်တွဲ ဆောင်ရွက်ခဲ့သည့် ဝှစ်ပါတီကို စိတ်မပါ့တပါဖြစ် လင့်ကစား အသိအမှတ် ပြုရန် တာဝန်ရှိနေသည်။ သို့သော်လည်း ဝှစ်ပါတီသည် အသက်ငင်နေလေပြီ။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်အတွက် ပြည်ထောင်စု အစိုးရမှ မြေတောင်မြှောက်မြှင့်တင် အားပေးရန်ဟု တောင်းဆိုခဲ့သည်။ ဝှစ်ပါတီ၏ စီးပွားရေးပေါ်လစီမှာ ပို၍ပို၍ လက်တွေ့မဆန်သလို ဖြစ်လာခဲ့သည်မှာ နှစ်အတန်ပင် ကြာခဲ့ချေပြီ။ အထူးသဖြင့် ၁၈၄၈ ခုနှစ်တွင် ကယ်လီဖိုးနီးယားပြည်နယ်၌ ရွှေကို စတင်ရှာဖွေတွေ့ရှိမှုကြောင့် ဝှစ်ပါတီ၏ စီးပွားရေးမူဝါဒမှာ ခေတ်မမီတော့သော အစီအစဉ်ဖြစ်လာခဲ့သည်။ ဝှစ်ပါတီသည် ၁၈၅၀ ခုနှစ် ညှိနှိုင်းသဘောတူညီချက်ကို ဒီမိုကရက်တို့နှင့် လက်တွဲ၍ နောက်ဆုံး ထောက်ခံခဲ့ကြသော အခြားနိုင်ငံရေးပါတီများကဲ့သို့ နည်းလမ်းသစ်များ တင်ပြနိုင်ခြင်းလည်း မပြုလုပ်နိုင်ခဲ့ပေ။ အဓိက နိုင်ငံရေးပါတီများအကြား စိတ်သဘောထား ကွဲပြားမှုများ ပပျောက်သွားသည်နှင့်အမျှ ပါတီတစ်ခုအပေါ်တွင် ထားရှိသော သစ္စာများလည်း မွေးမှိန်သွားခဲ့သည်။ ဝှစ်ပါတီဝင်များ၏ ပေါက်တတ်ကရ ပြောဆိုမှုများကို စိတ်ပျက်လာကြသည်။ ကျွန်စနစ်ဆန့်ကျင်ရေး သမားများသည် တတိယ ပါတီတစ်ခု

ကို မျှော်ကိုးစပြုလာကြသည်။ ထို့အတူပင် ဝှစ်အများစုသည် နိုင်ငံခြားသားများအပေါ်တွင် ရန်လိုခြင်း၊ ကက်သလစ်ဘုရားကျောင်းကို သံသယဒွိဟစိတ်ဝင်ခြင်း၊ အရက်သေစာ ရောင်းချမှုများကို ဆန့်ကျင်ခြင်းတို့ ဖြစ်လာကြသည်။ ၁၈၅၂ ခုနှစ်နောက်ပိုင်းတွင် ဝင်းဖီးလ် စကော့ထ်၏ နိုင်ငံရေးတာဝန်ခံများက ဒီမိုကရက်များကို အမြဲထောက်ခံသည့် နိုင်ငံခြားမှာ မွေးဖွားသူများနှင့် ကက်သလစ်များထဲမှ မအောင်မြင်သော မဲဆွယ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ဒေသခံဝှစ်အများစု သည် ဘုမသိ ဘမသိပါတီ၏ အလံတော်အောက်သို့ ကူးပြောင်းခဲ့ကြ လေသည်။

လင်းကင်းသည် သူ၏ အနေအထားကို ရှင်းပြရန် ခုကဲ့သုခဲ့လေသည်။ သူက ဟဲန်နရီ ကလေး၏ အသုဘဂုဏ်ပြုချီးကျူးလွှာ၌ "အမေရိကတွင် ပါတီကြီးနှစ်ခုအနက် တစ်ခုခု၏ ပါတီဝင် မဟုတ်လျှင် ထိုသူအတွက် အကျိုးသက်ရောက်မှု တစ်စုံတစ်ခု မရှိနိုင်ပါ" ဟု ပြောဆိုခဲ့ဖူးသည်။ သူနှင့် နိုင်ငံရေးအမြင်ချင်း ကွဲသွားသော မိတ်ဆွေဟောင်းကြီး ဂျီးရွပါ စပိက လင်းကင်းအား သူ၏ ရပ်တည်မှု အနေအထားကို မေးမြန်းခဲ့သည်။ လင်းကင်းက "အခုပါဟာ အငြင်းပွားနေကြတဲ့ အချက်ပဲဗျ။ ကျွန်တော့်ကိုယ်ကျွန်တော်တော့ ဝှစ်တစ်ဦးလို့ပဲ ထင်နေမိတယ်။ ဒါပေမယ့် တခြားသူတွေက ဝှစ်ဆိုတာ မရှိတော့ဘူး၊ ကျွန်တော်ဟာ ကျွန်စနစ်ချုပ်ငြိမ်းရေး အဖွဲ့ဝင်တစ်ဦးဖြစ်တယ်လို့ ပြောကြတယ်" ဟု ပြန်လည် ဖြေကြားခဲ့သည်။ လင်းကင်းက သူ့ကို ဝှစ်မဟုတ်တော့ဘူးဟု ပြောဆိုရန် ကြိုးစားမှုများသည် ဝမ်းနည်းစရာ ဖြစ်ကြောင်းကိုလည်း ရှင်းပြခဲ့သည်။

လင်းကင်းက မိမိသည် မြောက်ပိုင်းသား ဝှစ်အများစု၏ အယူအဆအတိုင်း ကျွန်စနစ် တိုးတက်ကျယ်ပြန့်မှု မဖြစ်စေရေးကိုသာ ဆန့်ကျင်ခဲ့သူဖြစ်ရာ ဘုမသိဘမသိ ပါတီဝင်တစ်ဦး မဟုတ်ကြောင်းကိုလည်း ဖေါ်ပြခဲ့သည်။ သူက ဆက်လက်၍ "အမေရိကန်ပြည်ထောင်စု၏ ထွတ်လပ်ရေး ကြေညာစာတမ်း၌ 'လူတိုင်းသည် တန်းတူညီမျှစွာ ဖန်ဆင်း

www.burmeseclassic.com

ကြသူများဖြစ်သည်[27]ဟု ပါရှိခဲ့ကြောင်း၊ ယခုအခါတွင်မူ 'နီးဂရိုးများမှအပ လူတိုင်းသည် တန်းတူညီမျှစွာ မွေးဖွားလာကြသူများဖြစ်သည်[28]ဟု လက်တွေ့ဖတ်ရှုရမလိုဖြစ်နေကြောင်း၊ အာဏာရလာမည်ဆိုလျှင် 'နီးဂရိုးများ၊ နိုင်ငံခြားသားများနှင့် ကက်သလစ်ဘာသာဝင်များမှအပ လူတိုင်းသည် တန်းတူညီမျှစွာ မွေးဖွားလာကြသူများဖြစ်သည်'ဟု ဖတ်ရလိမ့်မည်ဖြစ်ကြောင်း" ထပ်မံရှင်းပြခဲ့သည်။ လင်းကင်းက ဤကိစ္စများ ရှုပ်ပွလာလျှင် မိမိသည် "လွတ်လပ်မှုအား ချစ်မြတ်နိုးစိတ်ထို ဟန်မဆောင်သော အခြားနိုင်ငံတစ်ခုခုသို့ ရွှေ့ပြောင်းနေရသည်ကိုပင် သဘောတကျရှိကြောင်း၊ ရုရှနိုင်ငံတွင် သက်ဦးဆံပိုင်စနစ်ကို ရှင်းရှင်းလင်းလင်းကြောင်း၊ ကြောင်သူတော်ယောင်ဆောင်မှုလည်း မရှိကြောင်း" ထို့လည်း ပြောကြားခဲ့သည်။

၁၈၅၅ ခုနှစ်အကုန်တွင် လင်းကင်းအတွက် နိုင်ငံရေးလင်းကြောင်း ရွေးချယ်ရန် လွယ်ကူဖို့ ဖြစ်လာခဲ့သည်။ ဝှစ်ပါတီသည် ရှင်သန်သော နိုင်ငံရေးပါတီအဖွဲ့အစည်းတစ်ရပ် မဟုတ်တော့ပေ။ ကော့ဒင်နှင့် လပ်ဖ်ရွိုင်းတို့ ဦးဆောင်သည့် ကျွန်စနစ်ချုပ်ငြိမ်းရေး ရီပတ်ဘလီကင်ဓလဝါဒသည် အစွန်းတစ်ဖက်သို့ ရောက်လွန်း၍ နောက်လိုက်များများ ပါလာအောင် မစည်းရုံးနိုင်ခဲ့ပေ။ ဒေသခံတိုင်းရင်းသားများ လူပြုရှာမှု[30]အဖွဲ့အစည်းတွင် ဘုမသိဘမသိပါတီက ဦးဆောင်ပြုလုပ်ခဲ့သော ပြည်သူ့ဆန္ဒခံယူပွဲမှာလည်း ရှုံးနိမ့်ခဲ့သည်။ အီလီနွိုင်းပြည်နယ်အတွက် လက်ရှိ လိုအပ်ချက်မှာ အခြားမြောက်ပိုင်းပြည်နယ်များကဲ့သို့ ဖြစ်လာသည်။ ၄င်းမှာ ကျွန်စနစ် တိုးတက်ကျယ်ပြန့်မှုကို ဆန့်ကျင်သောသူအားလုံးသည် နိုင်ငံရေးပါတီသစ်တစ်ခုကို ထူထောင်ရန်ပင် ဖြစ်ပေတော့သည်။

လင်းကင်းသည် ဦးဆောင်မှုပေးရန် အသင့်အနေအထားကို ရောက်ရှိလာသည်။ ၁၈၅၆ ခုနှစ်၊ ဧနနဝါရီလတွင် ကျက်ဆင်မီးလ်မှ မော်ဂင်ကွာနယ် သတင်းမှ ပေါလ် ဆယ်လ်ဘီက နီးဘရားစကား ဥပဒေကို

ဆန့်ကျင်သည့် အယ်ဒီတာများ ညီလာခံတစ်ရပ် ကျင်းပရေးကို အဆိုပြုခဲ့သည်။ ရည်ရွယ်ချက်မှာ နောက်တစ်ကြိမ် သမ္မတ ရွေးကောက်ပွဲအတွက် အစီအစဉ်များ ချမှတ်ရန်ဖြစ်သည်။ ထိုအဆိုကို လင်းကင်းက ထောက်ခံခဲ့သည်။ ညီလာခံကို ဒီကားတားမြို့တွင် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ကျင်းပခဲ့ရာ တက်ရောက်ခဲ့ကြသူများအနက် သတင်းစာဆရာ မဟုတ်သူမှာ လင်းကင်းတစ်ဦးတည်း ဖြစ်ခဲ့သည်။ အယ်ဒီတာများသည် လင်းကင်း၏ အကြံပေးလမ်းညွှန်မှုကို ခံယူပြီး သူ့မှားရိုးကျကြေညာစာတမ်း အကြမ်းတစ်စောင်ကို ရေးသားခဲ့သည်။ စာတမ်းမှာ မစ္စီးရီးပြိုန်ိုင်းသဘောတူညီချက်ကို ဆက်လက်ထိန်းသိမ်းရုန်နှင့် ဝရမ်းပြေးကျွန်ဥပဒေကို ဖွဲ့စည်းပုံနှင့်အညီ ထိန်းသိမ်းရန်နှင့် ကျွန်စနစ် တည်ရှိပြီးသား နယ်မြေများတွင် ဝင် ရောက်စွပ်ဖက်မှုမပြုရန်တို့ကို တောင်းဆိုခဲ့သည်။ ကျွန်စနစ်ကို အပြင်းအထန် ပိုမိုဆန့်ကျင်သည့် အုပ်စုများ နှစ်သိမ့်စေရေးကိုလည်း ချမှတ်ခဲ့သည်။ လွတ်လပ်မှုသည် အမျိုးသားရေးဖြစ်ပြီး ကျွန်စနစ်သည် ခြွင်းချက်တစ်ခုသာ ဖြစ်သည်ဆိုသော မူဝါဒအပေါ်တွင် အခြေခံပြီး အမေရိကန်ပြည်ထောင်စုကို ထူထောင်ခဲ့သည်ဆိုသောအချက်ကို ထောက်ခံခဲ့ကြသည်။ နိုင်ငံခြားတွင် မွေးဖွားခဲ့သူများ၏ မဲများ ရရှိရေးအတွက် ဘာသာရေးကွဲပြားမှုကို လက်ခံရန်နှင့် နိုင်ငံသားအဖြစ် ခံယူရေးဥပဒေများ ပြောင်းလဲမှုကို ဆန့်ကျင်ခဲ့ကြသည်။ ထို့အပြင် ဘုံပညာသင်ရေးစနစ်ကို တိုက်ခိုက်မှုများအား ရှုတ်ချခဲ့ကြသည်။ ကက်သလစ်ဘာသာဝင်များ၏ ဘုံပညာရေးစနစ်ထက် သင်းအုပ်ပိုင် ဘာသာရေးကျောင်းများကို သာထောက်ပံ့ရန် ကြိုးစားခြင်းကို ကန့်ကွက်ခြင်းဖြစ်ပေသည်။ ညီလာခံက ရီပတ်ဘလီကင်ဆို သော စကားလုံးကို မသုံးသေးဘဲ ရှောင်ရှားပြီး တစ်ပြည်နယ်လုံးမှ စုပေါင်းပါဝင်သည့် ညီလာခံတစ်ခုကို မေလ ၂၉ ရက်နေ့တွင် ဘလူးမင်တင်မြို့၌ ကျင်းပရေးအတွက် ဆုံးဖြတ်လိုက်သည်။ ညီလာခံက ဟန်ဒင်ကိုလည်း နီးဘရားစကားပြည်နယ် ဆန့်ကျင်ရေး ကော်မတီဝင်

www.burmeseclassic.com

တစ်ဦးအဖြစ် ရွေးချယ်ခဲ့သည်။ လင်းကင်းက ညီလာခံတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို အသည်းရော၊ အူထဲမှပါ သဘောတူညီကြောင်းနှင့် ဒီမိုကရက်တို့.နှင့် တွေ့.ဆုံရမည့် တိုက်ပွဲအတွက် မောင်းတင်ထားရန် အသင့်ဖြစ်ကြောင်း ကြေညာခဲ့သည်။ မေလ ၁၀ ရက်နေ့တွင် ဘထူး မင်တင် ညီလာခံကိုယ်စားလှယ်များအဖြစ် ၄င်းနှင့်အတူ လင်းကင်းအား လျာထားလိုက်သည်။

အီလီန္တိုင်းပြည်နယ် ရီပတ်ဘလီကင်ပါတီကို ဖွဲ့.စည်းရန် အတွက် မေလ ၂၉ ရက်နေ့.တွင် ကိုယ်စားလှယ်ပေါင်း ၂၇၀ ခန့်.သည် ဘထူး မင်တင်မြို့.ရှိ မေကွာခန်းမကြီးသို့ ရောက်ရှိလာကြသည်။ ညီလာခံ၌ သဘော ထားအမြင်အမျိုးမျိုးကို တင်ပြခဲ့ကြသည်။ သမားရိုးကျ ဝန်ဟောင်းတစ်ဦး ဖြစ်သော လင်းကင်း၊ နီးဘရားစကား ဥပဒေကို ဆန့်.ကျင်သည့် ဒီမိုကရက် နော်မန် ဂျတ်၊ ဘုမသိဘမသိ ပါတီမှ ဂျက်စီ နော်တင်၊ ဂျာမန်များကိုယ်စား လှယ် အဒေါ်ဖ် မိုင်ယာ၊ ကျွန်စနစ် ချုပ်ငြိမ်းရေးအဖွဲ့.မှ လပ်မ်ဂျိုင်းတို့ ပါဝင်ခဲ့ကြသည်။ ကွင်စီမှ အမြင်မျိုးစုံ တင်ပြခဲ့သည့် ညြဖာရှိသော နိုင်ငံ ရေးသမား ၂၀ ခန့်.နှင့် ဆွေးနွေးခဲ့ပြီးနောက် အားလုံးလက်ခံရပ်တည်နိုင်သည့် အခြေခံ ကို ချမှတ်ပြခဲ့သည်။ ခန့်.မှန်းခြေ ၂၀,၀၀၀ ခန့်.ရှိမည့် ကွာ မဲဆန္ဒရှင်များ နှစ်သိမ့်စေရန်အတွက် ဘာသာရေးအရဖြစ်စေ၊ မွေး ဖွား ဇာတိမြေအရဖြစ်စေ တစ်ခုတစ်ဦးအား ပိတ်ပင်တားမြစ်ခြင်းကို လုပ်စေရဟူသော် အချက်တစ်ခု ပါဝင်ခဲ့သည်။ တောင်းဆိုချက်များ မရှင်းမလင်းဖြစ်ခဲ့သဖြင့် ဘုမသိဘမသိများနှင့်လည်း စိတ်ဝမ်းကွဲမှု ခဲ့ပေ။ ကျွန်စနစ်ပြဿနာနှင့် စပ်လျဉ်း၍ ကျွန်စနစ် ချုပ်ငြိမ်းရေးအဖွဲ့ တောင်းဆိုချက်များကို ညီလာခံက ပယ်ချခဲ့သည်။ နိုင်ငံတော်၏ နယ် မြေများ အတွင်းမှ ကျွန်စနစ်ကို ဖယ်ရှားပစ်ရန်အတွက် ကွန်ဂရက် ရှာ တော်၌သာ အာဏာရှိသည်၊ တာဝန်လည်းရှိသည်ဆိုသည့် ပျော့ပျောင်း သော ကြေညာချက်ကိုသာ ညီလာခံက ထုတ်ပြန်ပေးခဲ့သည်။ ညီလာ

ရီပတ်ဘလီကင်ပါတီအတွက် ရာထူးများကို ညီမျှမှုရှိအောင် ဂရုတစိုက် ရွေးချယ်ခဲ့သည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးလောင်းအဖြစ် အရွေးခံစေရန် နီးဘရားစကား ဥပဒေကို ဆန့်.ကျင်သည့် ဒီမိုကရက်တစ်ဦးနှင့် မက္ကဆီကို စစ်ပွဲတွင် သူရဲကောင်းတစ်ဦးဖြစ်ခဲ့သော ဝီလျံ ရပ်ဆဲလ်ကို ရွေးချယ်ခဲ့သည်။ လက်ထောက်ပြည်နယ်အုပ်ချုပ်ရေးမှူးလောင်းအဖြစ် ဂျာမန်ခေါင်းဆောင် ဖရန်စစ္စ ဟော့ဖ်မဲန်ကို ရွေးချယ်ခဲ့သည်။ အခြားရာထူး သုံးနေရာအတွက် ယခင်က ဝန်ဟောင်းများအဖြစ်မှ ကူးပြောင်းလာသည့် ဘုမသိဘမသိ ပါတီဝင်များကို ရွေးချယ်ခဲ့ကြသည်။

ရီပတ်ဘလီကင်ပါတီသစ် ဖွဲ့.စည်းရာတွင် လင်းကင်းပါဝင်ခဲ့သည့် အခန်းကဏ္ဍကို ကိုယ်စားလှယ်များက အသိအမှတ်ပြုခဲ့ကြသည်။ ညီလာခံ မရုပ်ဆိုင်းမီတွင် လင်းကင်းအား နောက်ဆုံး အရေးပါသည့်မိန့်.ခွန်း တက် ပြောရန် ကိုယ်စားလှယ်များက လင်းကင်းအား ဖိတ်ခေါ်ခဲ့သည်။ ညီလာခံ ကြီး ချောမွေ့.အောင်မြင်စွာ ပြီးဆုံးသွားခဲ့ခြင်းကြောင့် လင်းကင်း ဝမ်း မြောက်ဝမ်းသာဖြစ်ခဲ့ရသည်။ ထို့.အပြင် သူ့.အနေဖြင့် ဝန်ပါတီမှ ခွဲ ထွက်လိုက်ခြင်းသည် လူသိရှင်ကြားဖြစ်ပြီး ပြန်လည်ပြုပြင်ပြောင်းလဲစရာ အကြောင်းမရှိသည်မှာလည်း သေချာသွားသည်။ ထို့.ကြောင့် လင်းကင်း ပြောခဲ့သော မိန့်.ခွန်းသည် သူ့.တစ်သက်တာတွင် အကောင်းဆုံးမိန့်.ခွန်း ဖြစ်ကြောင်း အားလုံးက တညီတညွတ်တည်း ချီးကျူးအသိအမှတ်ပြုခြင်းကို ခံခဲ့ရသည်။ လင်းကင်းသည် မိန့်.ခွန်းကို မပြင်မဆင်ဘဲ လက်တန်း ကောက် ပြောသွားခဲ့ခြင်းကြောင့် မိန့်.ခွန်းမှတ်တမ်းလည်း ခိုင်ခိုင်လုံလုံ မကျန်ရစ်ခဲ့ပေ။ လင်းကင်းစကားပြောလျှင် သူ၏မိတ်ဆွေ ဟန်ဒင်က လိုက်၍ မှတ်သား လေ့ရှိသည်။ ဤတစ်ကြိမ်တွင်ကား လင်းကင်းစကားပြောသည်ကို ဟန်ဒင် ၁၅ မိနစ်လောက်သာ လိုက်မှတ်ခဲ့သည်။ ဟန်ဒင်က "ကျွန်တော်လည်း ဖောင်တိန်နဲ့ စာရွက်တွေကို ပစ်ချထားလိုက်ပြီး အားတက်စရာ ကောင်းလွန်း အချိန်ထဲမှာ မျောပါသွားခဲ့တယ်" ဟု ပြန်ပြောပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဟန်ဒင်အဖို့ ထိုနေ့က လင်းကင်း၏ ဂုဏ်သိက္ခာသည် သူ့အရပ်ထက် ပိုမိုမြင့်မားပြီး ခုနစ်ပေကျော်သွားပုံရသည်ဟု ယူဆခဲ့လေသည်။

(၁၀)

ရိပတ်ဘလိကင်ပါတီသည် ၁၈၅၆ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် အလွန်ခက်ခဲသော ပြဿနာများကို ရင်ဆိုင်ခဲ့ရပုံကို လင်းကင်း တွေ့ရှိခဲ့ရသည်။ ရိပတ်ဘလိကင်ပါတီသည် ပါတီသစ်တစ်ခုနှင့် စည်းရုံးဆက်ဆံမှုအပိုင်းတွင်လည်း ချွတ်ယွင်းမှုရှိခဲ့သော အဖွဲ့.အစည်းတစ်ခု ဖြစ်ရုံသာမက အကြိတ်အနယ်လည်း ယှဉ်ပြိုင်ခဲ့ရသည်။ ဒီမိုကရက်တို့.က လိမ္မာပါးနပ်စွာဖြင့် အငြင်းပွားဖွယ်ရာကောင်းသော ဒပ်ဂလပ်စ်ကိုကျော်ပြီး ဂျိမ်းစ် ဘျူခနန်န်[32]အား သမ္မတလောင်းအဖြစ် လျာထားခဲ့ကြသည်။ ဘျူခနန်နန်မှာ နိုင်ငံခြားရေးဝန်ကြီးဟောင်းဖြစ်ပြီး ပြည်သူ့.ဝန်ထမ်းဘဝတွင် ထူးခြားစွာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ သူသည် ကဲန်ဆပ်စ်နှင့် နီးဘရာစကာ ဥပဒေအတွက် အငြင်းအပွားဖြစ်နေခဲ့ကြချိန်၌ ဗြိတိန်နိုင်ငံသို့ အမေရိကန်သံအမတ်အဖြစ် သွားရောက်အမှုထမ်းခဲ့ရသည်။ ထိုအချိန်တွင် အမေရိကန်ပါတီ[33]ဟု အမည်ပြောင်းလဲခေါ်ဆိုခဲ့သော တိုင်းရင်းသားပါတီ[34]က သမ္မတဟောင်း မီးလတ် ဖီးလ်မော[35]ကို သမ္မတလောင်းအဖြစ် ရွေးချယ်ခဲ့ကြသည်။ ဖီးလ်မောမှာ အလွန်လေးစားစရာကောင်းသော ဂုဏ်တစ်ဦး ဖြစ်ခဲ့ခြင်းကြောင့် သမားရိုးကျလမ်းစဉ်လိုက်လိုသူအားလုံးအား ဆွဲဆောင်နိုင်မှုရှိသူဖြစ်သည်။ မေရီ လင်းကင်းသည် ပုံမှန်အားဖြင့် လင်းကင်း၏ နိုင်ငံရေးအမြင်များကို ယုံကြည်လက်ခံသူတစ်ဦးဖြစ်သည်။ သို့သော်လည်း သူမ၏ အားနည်းသော မိန်းမနလုံးသားက ဖီးလ်မောအား သဘောကျစေခဲ့သည်။ ဖီးလ်မောသည် နိုင်ငံခြားသားများအား အတိုင်းအတာအတွင်းမှာ ထားရှိရန် လိုအပ်ချက်ကို

လင်းကင်း၏ မိန်.ခွန်းကို အယ်လ်တင် သတင်းစာက အနှစ်သာရအတိုချုပ်ကို ဖော်ပြခဲ့သည်။ လင်းကင်းက နိုင်ငံတော်၏ ပြဿနာများ၏ မူလစစ်မြစ် အကြောင်းရင်းမှာ ကျွန်စနစ်ဖြစ်ကြောင်း ထောက်ပြပြီး ကျွန်စနစ် တိုးတက်ပြန့်.ပွားမှုကို ဆန့်.ကျင်သူအားလုံး ပူးပေါင်းကြရန် လိုကြောင်း၊ မိမိသည် ကျွန်ဦးရေ များပြားလာမည်ကို ဆန့်.ကျင်လိုသူတိုင်းနှင့် လက်တွဲမည်ဖြစ်ကြောင်း၊ မြောက်ပိုင်းပြည်နယ်သားများက ကျွန်စနစ်ကို စည်းလုံးညီညွတ်သော ဆန့်.ကျင်မှုသည် တောင်ပိုင်းသားတို့.အား သွေးကွဲမှုမျိုးနဲ့. ခြိမ်းခြောက်ရန်ဖြစ်စေခဲ့လျှင် "ပြည်ထောင်စုကြီးကို စစ်မှန်ဖြူစင်သော မူဝါဒများနှင့် နယ်မြေဒေသများ၏ ဂုဏ်သိက္ခာတို့.ဖြင့် ထိန်းသိမ်းစောင့်ရှောက် ပေးရမည်" ဟု တောင်ပိုင်းသားများအား တုံးတိုပြောဆိုရမည်ဖြစ်ကြောင်း လင်းကင်း က ပြောကြားခဲ့သည်ဟု ဖော်ပြခဲ့သည်။ ထို.နောက် လင်းကင်းက တောင်ပိုင်းမှ ရေဖျက်ရေးသမားများအတွက် ရိပတ်ဘလိကင်ပါတီ ၏ ဆောင်ပုဒ်အဖြစ် "လွတ်လပ်မှုနှင့် ပြည်ထောင်စု၊ ယခုနှင့် ထာဝရ မည်သူမှ ခွဲမရ"[31]ဟူသော ကြွေးကြော်သံအား ဒေးဗစ် ဝက်စ်တာအား ကြေညာစေခဲ့ရာ လက်ခုပ်သြဘာသံများ မိုးလုံးညံသွားခဲ့လေသည်။ ဟန်ဒင် က လင်းကင်း၏ မိန်.ခွန်းအကြောင်းကို အောက်ပါအတိုင်း ပြန်လည်တမ်းတ ပြောပြခဲ့သည်။

"သူ့.မိန်.ခွန်းဟာ သွေးကြွစရာ ကောင်းလှပါတယ်၊ ခွန်အားတွေ အပြည့်ပါတယ်၊ ယုတ္တိဗေဒရှိတယ်၊ ခံစားမှုရသပါတယ်၊ စိတ်တက်ကြွမှုလည်းရှိတယ်၊ သူ့.မိန်.ခွန်းဟာ တရားမျှတမှုလည်း ဖြစ်တယ်၊ မှန်ကန်စွာ စီရင်ဆုံးဖြတ်ခြင်းလည်းဟုတ်တယ်၊ အမှန် တရားနဲ့. သစ္စာတရား လည်းဖြစ်တယ်။ အမှားအယွင်းအဖြစ်အပျက်တွေကြောင့် မခံမရပ်နိုင်သူ တစ်ယောက်ရဲ့. မွန်မြတ်သော နလုံးသားမှ လောင်ကျွမ်းထွက်ပေါ်လာတဲ့ မိန်.ခွန်းဖြစ်တယ်။ သူ့.မိန်.ခွန်းဟာ မခံမရပ်နိုင်မှုတွေကြောင့် တင်းမာတယ်၊ အရှုအထစ်တွေလည်းပါတယ်"

www.burmeseclassic.com

နားလည်သောကြောင့်ဖြစ်သည် ဟု မေရီက ဝန်ခံပြောဆိုခဲ့သည်။

သမားရိုးကျမဟုတ်သော်လည်း ဆွဲဆောင်မှုအားကောင်းသည့် ထိုသမ္မတလောင်းနှစ်ဦးအား ရင်ဆိုင်ရန်မှာ ရီပတ်ဘလီကင်ပါတီအတွက် အရေးကြီးလှကြောင်း လင်းကင်းတွေးခဲ့မိသည်။ ရီပတ်ဘလီကင်ပါတီ၏ ပထမဆုံးသော အမျိုးသားညီလာခံကို ဇွန်လ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့အထိ ဖီလာဒဲလ်ဖီးယားမြို့တွင် ကျင်းပခဲ့သည်။ အိုဟိုင်းယိုးပြည်နယ်သား ဗဟိုတရားရုံးချုပ် တရားသူကြီး ပွန် မက္ကလင်းအား ရီပတ်ဘလီကင်ပါတီ၏ သမ္မတလောင်းအဖြစ် ရွေးချယ်ရန် လင်းကင်းက အကြံပေးခဲ့သည်။ နီးဘရာစကားကို ဆန့်ကျင်မဲပေးသူ ၉၀ ရာခိုင်နှုန်းမှာ ယခင်က ဝှစ်ပါတီဟောင်းများဖြစ်ကြောင်း လင်းကင်း တွေ့ရှိခဲ့ရသည်။ မက္ကလင်းအား လျှာထားခဲ့ခြင်းကြောင့် ဝှစ်ဟောင်းများ၏ မဲအားလုံးကို သေချာပေါက် ရရှိလိမ့်မည်ဟု လင်းကင်း တွက်ဆခဲ့သည်။

ဖီလာဒဲလ်ဖီးယားညီလာခံက လင်းကင်း၏ အကြံပေးချက် အတိုင်း မက္ကလင်းကိုလည်း မရွေးခဲ့။ ရီပတ်ဘလီကင်ပါတီ လွှမ်းရှားမှုတွင် ထင်ရှားသည့် ခေါင်းဆောင်များထဲမှလည်း မရွေးချယ်ခဲ့။ ဟန်ပန်ကြီးပြီး ရေပန်းစားနေသူ ပွန် ဖရီးမောင့်ကို သမ္မတလောင်းအဖြစ် ရွေးချယ်ခဲ့ကြသည်။ ဖရီးမောင့်မှာ ရောကီးတောင့်တန်းကြီးများတွင် စူးစမ်းရှာဖွေမှုများ ပြုလုပ်ခဲ့သူဖြစ်သောကြောင့် အနောက်ဘက်တွင် လမ်းဖွင့်သူအဖြစ် ရေပန်းစားခဲ့သူဖြစ်သည်။

ဒုတိယသမ္မတလောင်းရွေးချယ်ရေးအတွက်မူ ညီလာခံ ကိုယ်စားလှယ်များက ဝှစ်ဟောင်းများကို အာရုံပြုခဲ့ကြသည်။ ဒုတိယ သမ္မတလောင်းအဖြစ် အရွေးခံရရန်အတွက် အရှေ့ပိုင်းရှိ နယူးဂျာစီ ပြည်နယ်မှ ဆီးနိတ်လွတ်တော်အမတ်ဟောင်း ဝီလျံ ဒေတင်ဖြစ် သည်။ ရီပတ်ဘလီကင်ပါတီသစ်သည် အနောက်မြောက်ပိုင်း၏ အရေးပါမှုကို အသိအမှတ်မပြုသလို ဖြစ်နေ၍ ထိုဒေသမှ ကိုယ်စားလှယ်များက စိတ်မချမ်းမသာဖြစ်ခဲ့ကြသည်။

ထို့ကြောင့် အီလီနွိုင်းပြည်နယ်မှ နိုင်ငံရေးဥာဏ်ရှောင်အဖွဲ့သည် ခေါင်းဆောင်ရှိက်တိုင်ပင်ပြီး လင်းကင်းအား ဒုတိယသမ္မတလောင်းအဖြစ် အဆိုပြုခဲ့ကြသည်။ ဒေတင်အား လျှာထားလျှင် အနောက်ပိုင်းပြည်နယ်များအား မတရားလုပ်ရာကျလိမ့်မည်ဖြစ်ကြောင်း အခြားကိုယ်စားလှယ်များအား ဆွေးနွေးပြီး မဲဆွယ်ခဲ့ကြသည်။

ဇူလိုင်လ ၁၉ ရက်နေ့တွင် လင်းကင်းအား ဒုတိယသမ္မတလောင်းအဖြစ် အီလီနွိုင်းပြည်နယ်မှ ကိုယ်စားလှယ်များက ညီလာခံ သို့တင်ပြခဲ့ကြသည်။ လင်းကင်းအား "လူကောင်းသူကောင်းများ၏ မင်းသားနှင့်ဝှစ် ပါတီဟောင်း" ဟု ဖော်ပြခဲ့ကြသည်။ လင်းကင်းအား ဆီးနိတ်အမတ်ဖြစ်ရေးအတွက် အဆုံးအဖြတ်မဲ ပေးခဲ့သူနှင့် ကဲန်ဆပ်စ်-နီးဘရာစကား ဥပဒေ ဆန့်ကျင်သော ဒီမိုကရက် ပွန် ပါးလ်မားကလည်း လင်းကင်းကို ထောက်ခံခဲ့သည်။

သို့သော်လည်း အီလီနွိုင်းပြည်နယ် ကိုယ်စားလှယ်များ၏ လွှမ်းရှားမှုသည် နောက်ကျသွားခဲ့လေပြီ။ ညီလာခံ ကိုယ်စားလှယ်များက အခြား ဒုတိယသမ္မတလောင်းများအား မဲပေးရန် စကားလွှန်ပြီး ဖြစ်နေလေပြီ။ မဲပေးရွေးချယ်ရာတွင် ဒေတင်က ၂၅၃ မဲရပြီး လင်းကင်းက ၁၁၀ မဲသာ ရရှိခဲ့သည်။ လင်းကင်းအား နှုတ်ဖြင့် ဂုဏ်ထောက်ခံမှုများ ပေးခဲ့ကြောင်း အဖြေပေါ်ခဲ့သည်။ သို့သော် တစ်ခုပေါ်လွင်သွားသည်။ လင်းကင်းအား ထိုသို့ဆက်ဆံခဲ့ခြင်းမှာ လင်းကင်းသည် ရီပတ်ဘလီကင်ပါတီ၏ ခေါင်းဆောင်အဖြစ် တစ်နိုင်ငံလုံးက သိလာသောအချက်ကြောင့် သူ့ကို ဂရုစိုက်လာကြခြင်း ဖြစ်ပေသည်။

ဖရီးမောင့်အား သမ္မတလောင်းအဖြစ် ရွေးချယ်ခဲ့ခြင်းကြောင့် လင်းကင်းသည် စိတ်မပျက်ခဲ့ပေ။ ဒေတင်အား ၄င်းဆုံးရှုံးခဲ့ရခြင်း အတွက်လည်း လင်းကင်းက ဘာသိဘာသာပင် နေခဲ့သည်။ လိုအပ်ချက်ကို တုံ့ပြန်မှုပေးသောအားဖြင့် လင်းကင်းသည် သမ္မတရွေးကောက်ပွဲအတွက်

www.burmeseclassic.com

လှိုက်လှိုက်လဲ့လဲ့ တရားဟောမဲဆွယ်မှုများ ပြုလုပ်ပေးခဲ့သည်။ ရိပတ်ဘလိကင်သမ္မတလောင်းများအတွက် လင်းကင်းသည် နိုင်ငံရေးမဲဆွယ်တရားပွဲပေါင်း ၅၀ ကျော် ဟောပြောပေးခဲ့သည်။ အထူးသဖြင့် ဖီးလ်မောအတွက် ထောက်ခံအားကောင်းသည့် အီလီနွိုင်းပြည်နယ် အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများသို့ ပို၍ ဆင်းပြောခဲ့သည်။

လင်းကင်း၏ ဟောပြောမှုများကြောင့် ၁၈၅၆ ခုနှစ် သမ္မတရွေးကောက်ပွဲ အရှုံးအနိုင်သည် အီလီနွိုင်းပြည်နယ်၌ မည်သို့ အဖြေထွက်လာမည်ကို မည်သူမျှ မခန့်မှန်းနိုင်ပေ။ သူ၏ မိန့်ခွန်းများမှာ အပြောညက်၊ အားပါပြီး ပြန်၍ ချေပ၍ မရနိုင်သော မိန့်ခွန်းများ ဖြစ်သည်ဟု ရိပတ်ဘလိကင်သတင်းစာများက ချီးကျူးရေးသားခဲ့ကြသည်။ ဒီမိုကရက်သတင်းစာများကမူ လင်းကင်း၏ မိန့်ခွန်းများမှာ မထူးခြားဘဲ စကားကြောရှည်ပြီး မတရားငြီးငွေ့စရာကောင်းလှသည်ဟု ရှုတ်ချရေးသားခဲ့ကြသည်။

နောက်ဆုံးတွင်ကား အဖြေသည် မဲဆွယ်တရားပွဲများအစဉ် လင်းကင်း ကြိုတင်စီမံဟောကိန်းထုတ်ခဲ့သည့်အတိုင်း ဖြစ်ပေါ်ခဲ့သည်။

လင်းကင်းက "ဖရီးမောင့်နဲ့, ဖီးလ်မောလူတွေသာ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးရှိခဲ့ရင် အီလီနွိုင်းပြည်နယ်မှာ မစ္စတာဘျူခနန်ဟာ ကျွန် တော်တို့,လက်ခုပ်ထဲရှိမှာ သေချာတယ်။ ဒါပေမယ့် ကျွန်တော်တို့.ချင်းကွဲခဲ့ကြရင်တော့ သူ.လက်ထဲ ကျွန်တော်တို့. ရောက်သွားမှာပဲ" ဟု လင်းကင်းက ကြိုတင်သတိပေးခဲ့ပေသည်။ ကျွန်စနစ်ကို ဆန့်ကျင်သူများ၏ မဲများ "ကွဲ" သွားခဲ့သည်။ နိဝင်ဘာလတွင် ဘျူခနန်နသည် အီလီနွိုင်းပြည်နယ်တွင် အနိုင်ရကာ သမ္မတအဖြစ် ရွေးကောက်ခြင်းခံခဲ့ရလေသည်။

လွန်ခဲ့သော နှစ်နှစ်တာကာလကို ပြန်လည်သုံးသပ်ကြည့်လျှင် လင်းကင်းအတွက် ပြင်းထန်သော အဟန့်.အတားများနှင့် ကြုံ ခဲ့ရကြောင်း သူတွေ့.ရှိခဲ့သည်။ လင်းကင်းသည် ဆီးနိတ်အမတ်ရွေးပွဲတွင် ရှုံးနိမ့်ခဲ့သည်။

မက်ကောမစ်၏ ကောက်ရိတ်သိမ်းစက် ဆင်တူယိုးမှားပြုလုပ်သော အမှုတွင် လင်းကင်းသည် အရှေ့.ပိုင်းသားရှေ့.နေများ၏ အဖက်မတန်နှိမ်မှုကို ခံခဲ့ရသည်။ ပြီးတော့ ရိပတ်ဘလိကင် ပါတီ၏ ပထမဆုံးသော ဒုတိယသမ္မတလောင်းအဖြစ် အရွေးခံမှုတွင် ရှုံးနိမ့်ခဲ့သည်။ တစ်ဖက်တွင်မူ လင်းကင်းသည် ကဲန်ဆပ်စ်-နီးဘရာ စကားဥပဒေ ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် အခိုင်အမာ ထင်ပေါ်ကျော်ကြားမှု ရရှိခဲ့သည်။ အီလီနွိုင်းပြည်နယ် ရိပတ်ဘလိကင်ပါတီ၏ ဗိသုကာအဖြစ် အလေးစားခံခဲ့ရသည်။ လွတ်လပ်သော နယ်မြေများ ဖြစ်စေရေးအတွက် ခုခံကာကွယ်ပြောဆိုရာတွင် ဩဇာရှိရှိ ဟောပြောနိုင်သူဖြစ်လာခဲ့သည်။ ၁၈၅၈ ခုနှစ်နောက်ပိုင်းတွင် လင်းကင်းသည် နိုင်ငံတော် ပိုမိုကောင်းမွန်ရေးအတွက် သူ.အနာဂတ်ကို စိတ်လေးမိသည်ဟု ဟန်ဒင်ကို ညည်းညူပြစရာ အကြောင်းမရှိတော့သလို ဖြစ်သွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

မှတ်စုတို့များ

1. Compromise of 1850 - အမေရိကန်တောင်ပိုင်းပြည်နယ်များအား အမေရိကန်ပြည်ထောင်စုမှ ခွဲထွက်ရေးကို ကာကွယ်ရန်အတွက် ကျွန်စနစ်အတွက် ညှိနှိုင်းကြိုးပမ်းမှုဖြစ်သည်။ အမေရိကန်–မက္ကဆီကို စစ်ပွဲအပြီးတွင် အမေရိကန်နိုင်ငံက ရရှိခဲ့သော ကယ်လီဖိုးနီးယားပြည်နယ်အား ကျွန်စနစ်မရှိသော ပြည်နယ်တစ်ခုအဖြစ် ပြည်ထောင်စုအတွင်းသို့ ဝင်ရောက်ခွင့်ပြုပြီး နယူးမက္ကဆီကိုနှင့် ယူးတားနယ်မြေများတွင်မူ ကျွန်စနစ်ကို ၄င်းတို့ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ စိတ်တိုင်းကျ ဆောင်ရွက်ခွင့်နှင့်အတူ ပြည်ထောင်စုအတွင်းသို့ ဝင်ခွင့်ပြုရန် သဘောတူညှိနှိုင်းချက်ဖြစ်သည်။ ဤသဘောတူညီချက်အပေါ်တွင် သဘောထားကွဲလွဲပြီး ဝုဗ်ပါတီဝင်များနှစ်ခြမ်းကွဲကာ ၁၈၅၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များက ဒီမိုကရက်ပါတီကို မဲပေးခဲ့ကြသည်။
2. Stephen A. Douglas (1813-1861) သမ္မတ လင်းကင်းနှင့် ပြိုင်ဘက် ဒီမိုကရက် ဆီးနိတ်အမတ်ဖြစ်ပြီး ဘီလူးလေးဟု နာမည်တွင်ခဲ့သော နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သည်။ လင်းကင်းနှင့် နိုင်ငံရေးမဲဆွယ်တရားပွဲ၊ စကားစစ်ထိုးမှု ခုနှစ်ကြိမ် ပြုလုပ်ခဲ့သည်။ ၁၈၅၀ ခုနှစ် ညှိနှိုင်းသဘော တူညီချက်နှင့် ကဲန်ဆပ်စ်–နီးဘရာစကားဥပဒေ ရေးဆွဲမှုတွင် ဦးဆောင်ခဲ့သူဖြစ်သည်။

3. Ralph Waldo Emerson
4. Henry Watt Beecher
5. Horace Greely
6. Discoveries and Inventions
7. "invention of negroes"
8. American Colonialization Society
   အမေရိကရှိ လူမည်းများအား အာဖရိကတိုက်သို့ တင်ပို့ပြီး သီးခြားကိုလိုနီထူထောင်ရေးအတွက် ဆောင်ရွက်ခဲ့သောအဖွဲ့.
9. peculiar institution
   ကျွန်စနစ်ကိုခေါ်ဆိုသော အမည်ဖြစ်သည်။
10. Nebraska Territory
11. Senate Committee for Territories
    အမေရိကရှိ တည်ရှိပြီးသားပြည်နယ်များ (States) အတွက် မဟုတ်ဘဲ ပြည်နယ်မဖြစ်သေးသော နယ်မြေများ (Territories) အား ကြီးကြပ်မှုအတွက် အထက်လွှတ်တော်တွင် ဖွဲ့စည်းပေးထားသော ကော်မတီဖြစ်သည်။
12. 1820 Missouri Compromise
    မစ္စုရီးသည် လူဝီစီရဲနားနယ်မြေ၏ အစိတ်အပိုင်းတစ်ခု အဖြစ်မှ ၁၈၂၀ ခုနှစ်တွင် ကျွန်စနစ်ကို ကျင့်သုံးသည့် ပြည်နယ် တစ်ခုအဖြစ် ပြည်ထောင်စုအတွင်း ဝင်ခွင့်ပြုရန် သဘောတူညီချက် ဖြစ်သည်။ သို့သော်လည်း လတ္တီကျတ် ၁၆°–၃၀ စက္ကန့်.၏ မြောက်ဘက်ပိုင်းတွင် ကျွန်စနစ်အား ခွင့်မပြုရန် သတ်မှတ်ခဲ့သည်။ မစ္စုရီးသဘောတူညီနှိုင်းချက်ကို ၁၈၅၄ ခုနှစ်တွင် ကဲန်ဆပ်စ်–နီးဘရာစကားဥပဒေဖြင့် ရုပ်သိမ်းခဲ့သည်။

13. Kansas-Nebraska Act (1854)

www.burmeseclassic.com

www.burmeseclassic.com

ကဲန်ဆပ်စ်နှင့် နီးဘရားစကားနယ်မြေသစ်များတွင် နေထိုင်သူ များအား ကျွန်စနစ်ကို လိုလားက ခွင့်ပြုသော ဥပဒေဖြစ်သည်။ စတီဖင် ဒပ်ဂလပ်စ်က ရေးဆွဲတင်ပြခဲ့သည်။

14. Owen Lovejoy
15. Republican (Party)

ကဲန်ဆပ်စ်-နီးဘရားစကားဥပဒေကို ဆန့်ကျင်သောအားဖြင့် ၁၈၅၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ အမေရိကန်နိုင်ငံရေးပါတီဖြစ်သည်။ ကျွန်စနစ် တိုးချဲ့ပြန့်ပွားခြင်းကို တားဆီးတိုက်ဖျက်ရန် အဓိကရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့သည်။

16. Know Nothing Party

၁၈၄၆ ခုနှစ်နှင့် ၁၈၅၄ ခုနှစ်အကြားတွင် အမေရိကန်ပြည်ထောင်စုသို့ နိုင်ငံခြားသား သုံးသန်း ဝင်ရောက်လာကြသည်။ အိုင်ယာလန် လူမျိုးများ နှင့် ကက်သလစ်ဘာသာဝင်များ အများဆုံးဖြစ်ခဲ့သည်။ အိုင်ယာလန် နိုင်ငံသားများအား ဆန့်ကျင်သည့် လှုပ်ရှားအဖွဲ့အစည်းများ ဖွဲ့စည်းခဲ့ ရာ ၄င်းတို့အားမေးလျှင် "ကျွန်တော် ဘာမျှမသိ" I know nothing ဟု ဖြေကြား၍ Know Nothing Party ဘုမသိ ဘမသိပါတီဟု အမည်တွင်ခဲ့သည်။

17. The American Declaration of Independence

၁၇၇၆ ခုနှစ်၊ ဂျူလိုင်လ ၄ ရက်နေ့တွင် အမေရိကန်ကွန်ဂရက် လွှတ်တော်တွင် အတည်ပြုကြေညာခဲ့သည်။

18. Ichabod Codding

19. 1850 Fugitive Slave Act
20. New Mexico and Utah
21. Independent Democrats
22. Thomas Jefferson
23. necessary evil
24. positive good
25. *Society of the South*
26. Eli Thayer's New England Emigrant's Aid Company
27. All men are created equal
28. All men are created equal, except negroes
29. All men are created equal, except negroes, and foreigners and catholics
30. The nativist movement
31. "LIBERTY AND UNION, NOW AND FOREVER ONE AND INSEPARABLE"
32. James Buchanan (1791-1868)

အမေရိကန်နိုင်ငံ၏ ၁၅ ယောက်မြောက်သမ္မတ(၁၈၅၇-၆၁)ဖြစ်သည်။

33. American Party
34. Nativist Party
35. Millard Fillmore (1800-1874)

အမေရိကန်နိုင်ငံ၏ ၁၃ ဦးမြောက်သမ္မတ (၁၈၅၀-၅၃) ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

၅

အခန်း (၈)

နှစ်ခြမ်းကွဲအိမ်ကြီး

၁၈၅၆ ခုနှစ် သမ္မတရွေးကောက်ပွဲအပြီးတွင် လင်းကင်းသည် နိုင်ငံရေးလောကမှ ဈာတ်မြုပ်နေခဲ့သည်။ မိန့်ခွန်းပြောကြားရန် ဖိတ်ကြားချက် အတော်များများကို ငြင်းဆိုခဲ့သည်။ "ကျွန်တော့် အနေနဲ့ မနှစ်က နိုင်ငံရေးအတွက် အချိန်အတော်ပေးခဲ့ရတယ်။ ဒါ့ကြောင့် အခုအချိန်မှာ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာအလုပ်တွေကို ဦးစားပေးဖို့ လိုအပ်မှု တစ်ခု ဖြစ်နေပါတယ်" ဟု လင်းကင်းက ရှင်းပြတတ်သည်။ သို့ဖြင့် သူသည် သူ၏ရွေ့နေလုပ်ငန်းများကို ခွဲရှိရှိဖြင့် ပြန်လုပ်ခဲ့သည်။ ၁၈၅၇ ခုနှစ်သည် လင်းကင်းအတွက် အလုပ်အရှုပ် ဆုံးနှစ်ဖြစ်ခဲ့ပြီး သူ၏ ရွေ့နေ သက်တမ်းဘဝတစ်လျှောက်လုံးတွင် ဝင်ငွေ အများဆုံးရရှိသော နှစ်ဖြစ်ခဲ့သည်။ သို့သော်လည်း လင်းကင်းသည် နိုင်ငံရေးကို စွန့်လွှတ်ရန် စိတ်ကူးမရှိခဲ့ပေ။

www.burmeseclassic.com

များသောအားဖြင့် ကန်.လန်.ကာနောက်ကွယ်မှ အလုပ်လုပ်ပေးခဲ့သည်။ ရီပတ်ဘလီကင်ပါတီ၏ စည်းရုံးရေးပြည့်ဝမှုကို ထိန်းသိမ်းရေးအတွက်နှင့် ၁၈၅၈ ခုနှစ်တွင် စတီဖင် ဒပ်ဂလပ်စ် ပြန်လည်အရွေးခံရရေးကို အကျိုးသက်ရောက်သည့် စိန်ခေါ်မှုရှိစေရေးတို့.အတွက် ဖြစ်ပေသည်။

(၁)

၁၈၅၇ ခုနှစ်တွင် လင်းကင်းသည် အမေရိကန်တရားရုံးများတွင် အမှုများပို၍ လိုက်ခဲ့ရသည်။ အီလီနွိုင်း ဗဟိုမီးရထားကုမ္ပဏီမှ ရှေ.နေခလည်း မြက်မြက်လေး ရရှိခဲ့သည်။ လင်းကင်းသည် မီးရထားကုမ္ပဏီမှ ငွေရရှိရေးအတွက် နယူးယောက်မြို့.သို့ သွားခဲ့ရရာ မေရီသည် အပန်းဖြေခရီးအဖြစ် လိုက်ပါသွားခဲ့သည်။ မေရီ၏ဘဝတွင် အပျော်ဆုံးအချိန်ဖြစ်ခဲ့သည်။ မေရီအဖို့ အီလီနွိုင်းပြည်နယ် လူသိထင်ရှား ကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦးကို လက်ထပ်ခဲ့ပြီးနောက် ဤသို့.သော ဂုဏ်သရေရှိခဲ့ခြင်းကြောင့် ကျေနပ်အားရမှု ဖြစ်ခဲ့ရပါသည်။ ထို.အပြင် ခင်ပွန်းသည်၏ ရှေ.နေအလုပ်မှ လူရှိသေရှင်ရှိသေ ဖြစ်စရာကောင်းသော ဝင်ငွေ ရရှိခဲ့သဖြင့် မေရီတွင် အရိုးစွဲနေ သော ငွေကြေးပူပင်သောကအတွက်လည်း စိတ်အေးသွားရသည်။ လင်းကင်းသည် ရှိကာဂိုမှ ရှေ.နေ ဂျတ်အား ငွေပင် ထုတ်ချေးနိုင်ခဲ့ရာ အတိုးရောအရင်းပါ ဒေါ်လာ ၅,၄၀၀ ရရှိခဲ့သည်။

လင်းကင်းမိသားစုသည် အတော်ချောင်ချိလာသည့် အလျောက် မေရီသည် သူတို့.မိသားစု ၁၃ နှစ်ကြာ မည်သူမည်မျှနေခဲ့ရသော အိမ်ငယ်ကလေးကို ပြုပြင်တိုးချဲ့ ဆောက်လုပ်နိုင်သည်အထိ ဖြစ်လာသည်။ ၁၈၅၅ ခုနှစ်ခန့်.တွင် သူတို့.အိမ်မှာ ထုပ်အမိုးများ အက်စပြုပြီး လင်းကင်းမောင်နှံသည် သားသုံးယောက်နှင့်အတူနေ အိမ်ဖော်တစ်ဦးတို့.နှင့် ကျပ်ကျပ်တည်းတည်းနေထိုင်ခဲ့ကြရသည်။ အိမ်ပြုပြင်တည်ဆောက်မှုကို မေရီက

ဦးဆောင်ပြုလုပ်ခဲ့သည်။ မေရီသည် လွန်ခဲ့သော ၁၀ နှစ်က သူမအား ဖခင်က အမွေပေးခဲ့သည့် မြေ ၈၀ ဧကရောင်းရာ ဒေါ်လာ ၁,၂၀၀ ရခဲ့သဖြင့် အိမ်ပြင်စရိတ်ကို သူမအိတ်ထဲမှပင် စိုက်ပေးနိုင်သောအခြေအနေတွင် ရှိခဲ့သည်။ ၁၈၅၆ ခုနှစ်တွင် စပရင်းဖီးလ်မြို့.တွင် အိုးအိမ်ပြုပြင်ဆောက်လုပ်မှုများအကြောင်း ဟိုးလေးတကြော်ဖြစ်ခဲ့သည်။ လင်းကင်းက အိမ်၏ အနောက်ဘက်တွင် နှစ်ထပ် တိုးချဲ့၍ ဆောက်လုပ်စေခဲ့သည်။

လင်းကင်း ပတ်လည်ဆွေရာရုံးများသို့ ခရီးထွက်နေသော အချိန်ကာလတွင် အိမ်ဆောက်လုပ်မှု ပြီးစီးခဲ့သည်။ လင်းကင်းပြန်လာသော အခါတွင် အရင်အိမ်ဟောင်းသည် ဂရိရိုးရာ နှစ်ထပ်အိမ်ကြီး ပုံစံအတိုင်း အသစ်ပြောင်းလဲနေပုံကို တွေ့.ရသည်။ လင်းကင်းက မမှတ်မိသလို ဟန်ဆောင်ပြီး အိမ်နီးချင်းတစ်ဦးအား "မစ္စတာ လင်းကင်းအိမ်ကို သိသလား ခင်ဗျ၊ အရင်က သူဒီမှာ နေတာပဲ" ဟု နောက်ပြောင်မေးမြန်းခဲ့သည်။ ထိုဟာသကို အဓိပ္ပာယ်မှားယွင်းစွာ ဘာသာပြန်ခဲ့ကြသည်။ မေရီသည် လင်းကင်းအား အသိပေးခြင်း၊ သဘောတူညီချက်ယူခြင်း မပြုဘဲ အိမ်ကို ပြင်ဆောက်ခဲ့သည်ဟု သတင်းဖြစ်သွားခဲ့သည်။ အမှန်တော့ လင်းကင်း သိခဲ့သည်။ သို့.သော်လည်း လင်းကင်းက အိမ်ပြင်ဆောက်ခမျာလွန်းကြောင်း မေရီကို အပြစ်တင်ခဲ့သည်။ ထိုအချိန်မှစ၍ မေရီတွင် ကုန်ကျစရိတ်များကို ယောကျ်ားအား ပြန်မပြောတော့သည့် အကျင့်ဆိုး ပါသွားလေတော့သည်။

မေရီသည် မိတ်ဆွေများကို ဧည့်ခံကျွေးမွေးနိုင်လာသည်။ ၁၈၅၇ ခုနှစ်တွင် လင်းကင်း၏ ၄၈ နှစ်မြောက်မွေးနေ့.ပွဲကို ကြိုတင် အသိမပေးဘဲ လူ ၅၀၀ ကျော်ကိုပင်ဖိတ်၍ ဧည့်ခံခဲ့သည်။ မေရီ မည်သို့.ဧည့်ခံခဲ့သည်ကို မသိရ။ မိုးများ ပြင်းထန်စွာ ရွာမှုကြောင့် လူ ၃၀၀ ခန့်.လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၂)

လင်းကင်းသည် နိုင်ငံရေးမိတ်ဆွေ အသိအကျွမ်းများနှင့် အဆက်မပြတ်အောင် ထိန်းသိမ်းနေထိုင်ခဲ့သည်။ ၁၈၅၆ ခုနှစ် ရွှေကောက်ပွဲ အရှုံးအနိုင်ကြောင့် လင်းကင်း စိတ်မပျက်ခဲ့ပေ။ ရီပတ်ဘလီကင်ပါတီ ကိုယ်စားလှယ် ဝီလျံ ရပ်ဆဲလ်သည် အီလီနွိုင်းပြည်နယ်၏ အုပ်ချုပ်ရေးမှူး အဖြစ် အရွေးခံခဲ့ရသော အောင်မြင်မှုကို ရရှိခဲ့သည်။ သမ္မတရွေးကောက်ပွဲတွင် ဖရီးမောင့်နှင့် ဖီးလ်မောတို့.နှစ်ဦးအကြား မဲများပြန့်.ထွက်သွားသဖြင့်သာ ဘျူခနန်နန် အနိုင်ရရှိခဲ့ခြင်း ဖြစ်ပေသည်။ သူတို့.နှစ်ယောက်ပေါင်း၏မဲသည် ဘျူခန်နန်ထက် ၄၀၀,၀၀၀ ပိုသာခဲ့သည်။

ဂျိမ်စ် ဘျူခန်နန် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် နှစ်ရက်အကြာဖြစ်သည့် ၁၈၅၇ ခုနှစ် မတ်လ ၆ ရက်နေ့တွင် အမေရိကန် ဗဟိုတရားရုံးချုပ်မှ စီရင်ချက်တစ်ခု ချမှတ်ခဲ့သည်။ ထိုစီရင်ချက်ကြောင့် ရီပတ်ဘလီကင်ပါတီ အနိုင်ရရှိရေး ပို၍ လိုအပ်မှုတစ်ခု ဖြစ်လာသည်။ နိုင်ဖို့.အလားအလာလည်း ဖြစ်ပေါ်လာသည်။ အမှုမှာ မစ်ဇူးရီပြည်နယ်မှ လူမည်းကျွန်တစ်ဦးဖြစ်သူ ဒရက် ဒကော့ထ်[1]၏ ကံကြမ္မာကို စီရင်ချက်ချခဲ့ခြင်း ဖြစ်သည်။ ဒရက် စကော့ထ်အား သူ၏ သခင်ဖြစ်သူ တပ်မတော်ဆရာဝန် တစ်ဦးက အီလီနွိုင်းပြည်နယ်ရှိ ရော့ခ်ကျွန်း[2]သို့ ပထမဆုံး ခေါ်ဆောင်သွားခဲ့သည်။ အီလီနွိုင်းပြည်နယ်မှာ အနောက်မြောက်ပိုင်း ထုတ်ပြန်ချက် အမိန့်[3]နှင့် ပြည်နယ်ဖွဲ့.စည်းပုံအခြေခံဥပဒေအရ ကျွန်စနစ်ကို တားမြစ်သော ပြည်နယ်တစ်ခုဖြစ်သည်။ ထို.နောက် မင်နီဆိုးတားနယ်မြေရှိ ဖို.ဒ် စနဲ့လင်း[4]သို့ ခေါ်ဆောင်သွားသည်။ ထိုဒေသမှာလည်း မစ်ဇူးရီ ညှိနှိုင်းသဘောတူညီချက်အရ ကျွန်စနစ်ကို လက်မခံသော နယ်မြေဖြစ်သည်။ ဒရက် စကော့ထ်နှင့် သခင်ဖြစ်သူတို့. မစ်ဇူးရီပြည်နယ်သို့. ပြန်လည်ရောက်

ရှိလာကြပြီးနောက် သခင်ဖြစ်သူမှာ ကွယ်လွန်သွားသည်။ ဒရက် စကော့ထ်က သူသည် လွတ်လပ်သော ပြည်နယ်တစ်ခုနှင့် လွတ်လပ်သော နယ်မြေတစ်ခုတွင် ရောက်ရှိနေထိုင်ခဲ့သူတစ်ဦးဖြစ်ခြင်းကြောင့် သူ.အား လွတ်လပ်ခွင့်ပေးရန် တရားစွဲဆိုခဲ့သည်။ နောက်ဆုံးတွင် ထိုအမှုသည် ဗဟိုတရားရုံးချုပ်သို့. ရောက်ရှိသွားခဲ့သည်။ တရားသူကြီး အများစု၏ ကိုယ်စားတရားသူကြီးချုပ် ရော်ဂျာ တန်နေ့[5]က ဒရက် စကော့ထ်အနေဖြင့် တရားစွဲဆိုပိုင်ခွင့် မရှိကြောင်း၊ အကြောင်းမှာ သူသည် လူမည်းတစ်ဦး ဖြစ်နေခြင်းကြောင့် အမေရိကန်နိုင်ငံသား မဟုတ်သောကြောင့်ဖြစ်သည်ဟု စီရင်ချက် ချမှတ်ခဲ့သည်။ တရားသူကြီးချုပ်က အကြောင်းပြရာတွင် အမေရိကန်နိုင်ငံကို စတင် တည်ထောင်စဉ်ကာလက လူမည်းများအား အောက်တန်းစားများအဖြစ် ယူဆခဲ့ရာ ၄င်းတို့.သည် မျက်နှာဖြူများ ရရှိထိုက်သော အလေးစားခံရမှုမျိုးကို ရပိုင်ခွင့်မရှိကြောင်း၊ နိုင်ငံကို စတင်ထူထောင်ခဲ့သူများက လူမည်းများအား လွတ်လပ်ရေးကြေညာစာတမ်းတွင်သော်လည်းကောင်း၊ ဖွဲ့.စည်းပုံအခြေခံဥပဒေတွင်လည်းကောင်း ထည့်သွင်းဖော်ပြခဲ့ခြင်း မရှိကြောင်း၊ ထို.အပြင် ဒရက် စကော့ထ်သည် လွတ်လပ်သောနယ်မြေတွင် နေထိုင်ခဲ့ခြင်းကြောင့် လွတ်လပ်ခွင့်ရပြီဟု ခံစားခွင့် မရှိကြောင်း၊ အဘယ့်ကြောင့်ဆိုသော် နယ်မြေများတွင် ကျွန်စနစ်ကို ခွင့်ပြုသည့် မစ်ဇူးရီးညှိနှိုင်းသဘောတူညီချက် အပါအဝင် ကွန်ဂရက်က ပြဋ္ဌာန်းသော ဥပဒေများကို ဖွဲ့.စည်းပုံအခြေခံဥပဒေက အာမခံသောကြောင့် တရားစွဲဆိုခြင်းမှာ တရားမဝင်ကြောင်း ရှုင်းလင်းပြောဆိုကာ စီရင်ချက်ချခဲ့သည်။

စီရင်ချက်အပေါ်တွင် ကျွန်စနစ်ဆန့်ကျင်ရေးအတွက် ပြောရေးဆိုခွင့်ရှိသူများက အမျက်ဒေါသဖြစ်ခဲ့ကြသည်။ နယူးယောက် ထရစ်ဗြွန်း သတင်းစာမှ ဟောရေ့.စ်ဂရီလီ[6]က စီရင်ချက်မှာ ဝေါရှင်တင်ရှိ အရက်ဆိုင်တစ်ခုခုသို့. လာသောက်သူများ၏ ဆုံးဖြတ်ချက်လောက်ပင် လေးစားစရာမရှိကြောင်း ဖော်ပြခဲ့သည်။ ရှီကာဂိုထရစ်ဗြွန်း သတင်းစာကလည်း

www.burmeseclassic.com

www.burmeseclassic.com

စီရင်ချက်သည် လွတ်လပ်သော ပြည်နယ်များတွင် ကျွန်စနစ်ရောက်ရှိလာရေးကို ဖန်တီးပေးဖို့ ဖြစ်လာ တော့မည်ဖြစ်ပြီး ရှိကာဂိုမြို့သည် ယောကျ်ားမိန်းမ၊ ကလေးများ အပြုံလိုက် ရောင်းချသည့် ကျွန်ဈေးကွက် တစ်ခု ဖြစ်နိုင်စရာရှိကြောင်း ဟောကိန်း ထုတ်ရေးသားခဲ့သည်။ မြောက်ပိုင်းဒေသတစ်လျှောက်လုံးတွင် ကျွန်စနစ်ကို ဆန့်ကျင်သော ဘုန်းတော်ကြီးများက တန်ခေနှင့် တရားရုံးချုပ်၏ ဆုံးဖြတ်ချက်ကို ရှုတ်ချခဲ့ကြသည်။ နယူးယောက် ဟယ်ရာလ် သတင်းစာကလည်း မြောက်ပိုင်းဒေသတစ်ခုလုံးသည် နိုင်ငံတော်တွင် အမြင့်မားဆုံး ဖွဲ့စည်းထားသည့် တရားရုံးချုပ်တို့ တော်လှန်ရန်အတွက် သင်ကြားပို့ချပေးတော့မည်မှာ ထင်ရှားလှသည်ဟု ပြင်းပြင်းထန်ထန်ရေးသားခဲ့သည်။

သို့သော်လည်း လင်းကင်းသည် ဒရက် စကော့ထ်အမှုစီရင် ချက်နှင့်စပ်လျဉ်း၍ အီလီနွိုင်းပြည်နယ်မှ ရီပတ်ဘလီကင်နိုင်ငံရေးသမား အများစုကဲ့သို့ပင် တုံ့ပြန်မှု နှေးကွေးခဲ့သည်။ လင်းကင်းသည် မေလအထိ ဒရက် စကော့ထ်အမှုကို ကိုးကားပြောဆိုခြင်းပင် မပြုခဲ့ပေ။ မေလတွင် စတင်ပြောဆိုရာတွင်လည်း အမှုအမည်ကို မဖော်ပြဘဲ "ပြည်ထောင်စု တရားရုံးများသည် နီးဂရိုးတစ်ဦးအတွက် တစ်နည်းနည်းဖြင့် အကျိုးရှိနိုင်စေခဲ့သည့် အမှုများတွင် တရားဥပဒေနှင့်အညီ ကျင့်သုံးခြင်း မပြုကြတော့ပါ" ဟု ဝေဖန်ပြောဆိုခဲ့သည်။ လင်းကင်း ဖင့်နှုံးပုံရခဲ့ခြင်းမှာ တရားသူကြီး ကိုဦးသည် တစ်ဦးနှင့်တစ်ဦး သဘောထားမတူသည့် အမြင်များ ပေးခဲ့ကြခြင်းကြောင့်လည်း ဖြစ်နိုင် သည်။ ဗဟိုတရားရုံးချုပ်က "နီးဂရိုးတစ်ဦးသည် နိုင်ငံသားမဖြစ်နိုင်" ဟုဆိုခြင်းနှင့် မစ်ဇူးရီး ညီနိုင်းသဘောတူညီချက်ကိုထဲ့ဆပ်စ်–နီး ဘရားစကားဥပဒေက ရုပ်သိမ်းခဲ့ပြီးဖြစ်ခြင်းတို့ကြောင့် အထူးသဖြင့် ဒရက် စကော့ထ်အမှုကို မဝေဖန်ခဲ့ခြင်းဖြစ်ကြောင်း နောင်တွင် လင်းကင်းက ရှင်းပြခဲ့သည်။ လင်းကင်းသည် တရားသူကြီးချုပ် တန်ခေနှင့် အမြင်ချင်းလည်း တူခဲ့သည်ဟုဆိုသည်။

လင်းကင်းသည် တရားဥပဒေနှင့် တရားရေးလုပ်ငန်းများကို အလွန်တရာလေးစားသူဖြစ်သည်။ ဗဟိုတရားရုံးချုပ်၏ အဆုံးအဖြတ်များကို နာခံရမည်ဟုလည်း ပြောခဲ့ဖူးသည်။ ထို့ကြောင့် ဗဟိုတရားရုံးချုပ်ကို စိန်ခေါ်ရန် ဝန်လေးခဲ့ပုံရသည်။ သို့သော်လည်း လင်းကင်းသည် ဒရက် စကော့ထ်အမှု စီရင်ချက်နှင့် စပ်လျဉ်း၍ သူ၏ ရပ်တည်မှု အနေအထားကို ပြန်စဉ်းစားခဲ့သည်။ တရားသူကြီးချုပ်က လွတ်လပ်ရေး ကြေညာစာတမ်းနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေတို့တွင် လူမည်းများကို ထည့်သွင်းစဉ်းစားရန် မည်သည့်အခါကမှ မရည်ရွယ်ခဲ့ဟု အသားလွတ် ယူဆပြောဆိုခဲ့ပုံသည် လင်းကင်းအား စိတ်အနှောင့်အယှက်ဖြစ်စေခဲ့သည်။ လင်းကင်းက တန်ခေသည် လွတ်လပ်ရေး ကြေညာ စာတမ်း၌ ပါရှိသည့် မမှားယွင်းနိုင်သော ရိုးရိုးစာသားများကို ထင်ရှားစွာ ရှုံးဖောက်ပြောဆိုခြင်းဖြစ်သည်။ ထို ကြေညာစာတမ်းမှာ အမေရိကန် နိုင်ငံသားတိုင်း အမြတ်တနိုးထားသော အရာဖြစ်ပြီး အမေရိကန်အားလုံး အကျုံးဝင်ပတ်သက်သည်ဟု ယူဆထားကြောင်း၊ ယခုမူ ကျွန်စနစ်ကို ထာဝရ တည်တံ့ပြီး တစ်ကမ္ဘာလုံးက လက်ခံနိုင်စေရေးအတွက် လွတ်လပ် ရေးကြေညာစာတမ်းကို တိုက်ခိုက်ပုတ်ခတ်ခဲ့သည်၊ သရော်ခဲ့သည်၊ ဘာသာ ပြန်အသုံးချခဲ့သည်၊ စုတ်ပဲ့အောင် လုပ်ခဲ့သည်၊ ကြေညာစာတမ်းကို ရေးသားခဲ့သူများ သချိုင်းကုန်းမှ ထလာကြည့်လျှင် သူတို့ ကြေညာစာတမ်းကို မုတ်မိကြလိမ့်မည်ဟုပင် မထင်ကြောင်း လင်းကင်းက ပြောဆိုခဲ့သည်။ လင်းကင်း၏ စိတ်ထဲတွင် တရားသူကြီးချုပ်၏ ဥပဒေကောက်ချက် လွဲမှားမှုနှင့် အမေရိကန်နိုင်ငံ၏ လွတ်လပ်ခွင့်အတွက် အခြေခံကျသော မှတ်တမ်းများကို အကြီးအကျယ် ပျက်စီးအောင် လုပ်ခဲ့သည်ဟု ယူဆခဲ့သည်။ လင်းကင်း၏ တရားမျှတပြီး အကျိုးအကြောင်း ဆီလျော်သော တရားစီရင်မှု စနစ်တို့အပေါ်တွင် ယုံကြည်မှုသည် တုန့်လှုပ်သွားခဲ့သည်။ လင်းကင်းသည် ဗဟိုတရားရုံးချုပ်၏ စီရင်ချက်များကို ရည်ညွှန်းကိုးကား ပြောဆိုခြင်း မည် သည့်အခါမှ ထပ်မံ

www.burmeseclassic.com

မပြုလုပ်ခဲ့တော့ပေ။

ဇွန်လတွင် စတီဖင် ဒပ်ဂလပ်စ်သည် စပရင်းဖီးလ်ဒ် အရေးပါသော မိန့်ခွန်းတစ်ခုပြောခဲ့သည်။ ဒပ်ဂလပ်စ်က ဒရက် စကော့ထ်အမှုတွင် တရားသူကြီးများ၏ ဂိုးသားမူနှင့် တာဝန်သိတတ်မှုတို့ကို ခုခံကာကွယ်ပြောဆိုခဲ့သည်။ မိန့်ခွန်းတွင် နိုင်ငံတော်၏ အမြင့်မားဆုံး တရားစီရင်ရေးအဖွဲ့ကို ဂျုတ်ချုပ်စိတင် ဝေဖန်ပြောဆိုခြင်းသည် သမ္မတစနစ်ဖြင့် အုပ်ချုပ်သော အစိုးရစနစ်ကို အထိနာအောင် ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ဗဟိုတရားဂိုးချုပ်၏ စီရင်ချက်ကို လူကြိုက်မများမှန်း ဒပ်ဂလပ်စ်သိသည်။ ထို့ကြောင့် တန်နေက လွတ်လပ်ရေးကြေညာစာတမ်း၌ နိုးဂရိုးများကို မထည့်သွင်းခဲ့ကြောင်း ပြောဆိုခဲ့ခြင်းမှာ အီလီနွိုင်းပြည်နယ်၏ နိုးဂရိုးကြောက်ရောဂါ[7]ကို နှစ်သိမ့်ကျေနပ်မှုပေးစေရန် ဆင်ခြေပေးခဲ့ခြင်းဖြစ်ကြောင်း၊ လူမည်းများသည် သမိုင်းတစ်လျှောက်လုံးတွင် ကမ္ဘာအနှံ့ နေရာတိုင်း၌ အဆင့်အတန်း အောက်တန်းကျသော လူမျိုးတစ်မျိုးဖြစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်မှုကို မပြုလုပ်နိုင်သူများဖြစ်ကြောင်း လက်တွေ့ပြသခဲ့သူများ ဖြစ်ကြောင်းနှင့် ရီပတ်ဘလီကင်ပါတီဝင်များသည် အထက်တန်းကျသော လူမျိုးများနှင့် အောက်တန်းကျသော လူမျိုးများ ပေါင်းစပ်ရေးကို လိုလားအားပေးသူများဖြစ်ကြောင်း ဒပ်ဂလပ်စ်က သတိပေးပြောဆိုခဲ့သည်။

ထို့နောက် နှစ်ပတ်အကြာတွင် ရီပတ်ဘလီကင်ပါတီ၏ သဘောထားကို လင်းကင်းက ဒပ်ဂလပ်စ်အား တုံ့ပြန်ပြောဆိုခဲ့သည်။ ဒပ်ဂလပ်စ်၏ အများ၏ဆန္ဒသဘောထားဖြင့် အဆုံးအဖြတ် ပေးစေသည့် ပြည်သူ့အများစု၏ ဆန္ဒဖြင့်အုပ်ချုပ်သည့် အချုပ်အခြာလမ်းစဉ်သည် ကျွန်စနစ်ကို အကျိုးပြုစေရေးအတွက် ဥပဒေတံမျဉ်းဖြင့် ဟန်ဆောင်လုပ်ဆောင်မှု သက်သက်ဖြစ်ကြောင်း မိန့်ခွန်းတစ်ပိုင်း၌ ပြောဆိုခဲ့သည်။ အထူးသဖြင့် ဒရက် စကော့ထ်အမှုနှင့် စပ်လျဉ်း၍ ရီပတ်ဘလီကင်ပါတီ သဘောထားအနေ

အထားကို အချိန်များများပေး၍ ပြောကြားခဲ့သည်။ "ဒရက် စကော့ထ်အမှုဆုံးဖြတ်ချက်သည် မှားယွင်းသည်ဟု ကျွန်တော်တို့ ယူဆသည်။ ဤ စီရင်ချက် ချလိုက်တဲ့ တရားရုံးကို ကျွန်တော်တို့ သိသည်။ ဤတရားရုံးသည် မိမိ၏ စီရင်ချက်များကို ပယ်ဖျက်လေ့ရှိသည်။ ဤအမှုတွင်လည်း စီရင်ချက်ကို ပယ်ဖျက်စေရန် ကျွန်တော်တို့ တတ်နိုင်သမျှ လုပ်ဆောင်ရမည်။ ကျွန်တော်တို့သည် ခုခံတော်လှန်မှု ပြုလုပ်မည်တော့မဟုတ်ပါ" ဟု လင်းကင်းက ပြောခဲ့သည်။

လွတ်လပ်ရေးကြေညာစာတမ်းကို တန်နေနှင့် ဒပ်ဂလပ်စ်တို့၏ ကောက်ချက်ချပုံကို စပြောသည်နှင့် လင်းကင်း၏ စကားများသည် အတောင်ခတ်သလို ပြင်းထန်စွာ ရိုက်ခတ်သွားသည်။ လင်းကင်းက တရားသူကြီးချုပ် တန်နေနှင့် ဆီးနိတ်အမတ် ဒပ်ဂလပ်စ်တို့သည် ကျွန်စနစ် ဆက်လက်တည်တံ့ရေးအတွက် အခြားဒီမိုကရက်များနှင့် ပူးပေါင်းကြံစည်လုပ်ကိုင်ခဲ့သည်ဟု စွပ်စွဲခဲ့သည်။ ထိုသို့ လုပ်ဆောင်ရန်အတွက် သူတို့သည် လက်တွဲ၍ လက်ရှိ အဖိနှိပ်ခံ နိုးဂရိုးတို့အား ဆက်လက်ဖိနှိပ်ခဲ့ကြသည်။ ကမ္ဘာပေါ်တွင် ဩစာအာဏာရှိသူ အားလုံးတို့သည် နိုးဂရိုးလူမျိုးကို ဆန့်ကျင်ရန်အတွက် အလျင်အမြန် လက်တွဲနေကြသလို ဖြစ်နေသည်။ သူတို့သည် နိုးဂရိုး လူမျိုးကို သူ့အကျဉ်းထောင်အတွင်း သွတ်သွင်းခဲ့ကြသည်။ လူကိုယ် တိုင် ရှာဖွေခဲ့သည်။ သူ့အတွက် လုပ်ကိုင်စားသောက်စရာ ပစ္စည်းတန်ဆာပလာများလည်း မပေးဘဲထားသည်။ သူတို့သည် သူ့ကို လေးလံသော သံကွန်ခြာတံခါးချပ်များ တစ်ထပ်ပြီးတစ်ထပ် အထပ်ထပ်ဖြင့် ပိတ်ကာ သော့ပေါက်တစ်ရာပါသော သော့ခလောက်ဖြင့် ခတ်ခဲ့ကြသည်။ သော့ပေါင်းတစ်ရာလုံးဖြင့် ဖွင့်မှ ပွင့်မည့် သော့ခလောက်ဖြစ်သည်။ သော့အချောင်းတစ်ရာက လူပေါင်းတစ်ရာ၏ လက်ထဲတွင် ရှိနေသည်။ လူပေါင်းတစ်ရာမှ နေရာပေါင်းတစ်ရာတွင် တစ်ကွဲတစ်ပြား ဝေးဝေးစီ ရှိနေကြသည်။ သူတို့အားလုံးသည် နိုးဂရိုး အကျဉ်းသမား ဘယ်လိုမှ မလွတ်နိုင်မည့်လမ်းကို

www.burmeseclassic.com

www.burmeseclassic.com

ပိုမိုရှုပ်ထွေးအောင် မည်ကဲ့သို့သော တည်ထွင်မှုကို ပြုလုပ်ရမည်နည်း ဆိုသည်ကို ဝမ်းသာမြူးတူးဖြစ်ကာ ရပ်ကြည့်နေကြသည်ဟု လင်းကင်းက ထိုးနှက်ပြောဆိုခဲ့သည်။

ဒပ်ဂလပ်စ်သည် နီးဂရိုးများအပေါ် ဖိနှိပ်ချုပ်ချယ်မှုကို လတ်ခ်လာစေရန်အတွက် မဆိုင်ဘဲနှင့် ရိုပတ်ဘလီကင်များအား ဆွဲထည့်ခဲ့ကြပြီး ရိုပတ်ဘလီကင်တို့သည် နီးဂရိုးများအား မဲပေးစေချင်သည်၊ အတူစား အတူအိပ်ပြီး နီးဂရိုးများနှင့် လက်ထပ်လိုကြသည်ဟု စွပ်စွဲခဲ့ကြောင်းကိုလည်း လင်းကင်းက ဖွင့်ချခဲ့သည်။ ဒပ်ဂလပ်စ်သည် မျက်နှာဖြူတိုင်းလိုလိုတွင် ရှိနေသည့် မျက်နှာဖြူနှင့် လူမည်းများ မခွဲခြားဘဲ ပေါင်းစည်းရေးကို အလိုလို စက်ဆုပ်ရွံရှာမှုကို အမြဲတံထုတ်ခဲ့ကြောင်း၊ "ကျွန်တော် လူမည်းအမျိုးသမီး တစ်ဦးအား ကျွန်အဖြစ် မလိုလားပါဟု ပြောခြင်းကြောင့် ကျွန်တော်သည် လူမည်းအမျိုးသမီးအား မဖြစ်မနေ လက်ထပ်လိုခြင်း ဖြစ်ရမည်" ဆိုသော ယုတ္တိဗေဒအတွေးကို လင်းကင်းက ကန့်ကွက်ခဲ့သည်။ လင်းကင်းက အမေရိကန် လွတ်လပ်ရေးကြေညာစာတမ်းကို ရေးဆွဲခဲ့သူများက "လူတိုင်းသည် အသားအရောင်၊ အရွယ်အစား၊ အသိဉာဏ်ပညာ၊ ကိုယ်ကျင့်တရား တို့ကို တက်မှုများ၊ လူမှုပေါင်းသင်းဆက်ဆံရေးစွမ်းရည်တို့တွင် တန်းတူညီမျှမှု ရှိသည်ဟု ပြောဆိုရုန် မည်သည့်အခါကမျှ ရည်ရွယ်ချက် မရှိခဲ့ကြောင်း၄င်းတို့က လူတိုင်းသည် တန်းတူသာတူညီမျှ ဖြစ်ပေါ်လာကြသည်ထူဆိုရာ၌ အသက်ရှင်မှု၊ လွတ်လပ်မှုနှင့် ပျော်ရွှင်မှုကို ရနိုင်ခွင့်စသည့်ယူဟစ်၍ မရနိုင်သည့် အခွင့်အရေးများတွင် တန်းတူညီမျှမှု ရှိကြသည်" ဟု စဉ်းစားခဲ့ကြကြောင်း-

လင်းကင်း၏ မိန့်ခွန်းသည် အားပါလှသော်လည်း အခြေခံအားဖြင့် တိုးတက်ပြောင်းလဲသော မိန့်ခွန်း မဟုတ်ခဲ့ပေ။ သမားရိုးကျ ဆန်လွန်းသော မိန့်ခွန်းသာဖြစ်သည်။ "လင်းကင်းသည် အင်မတန် တော်သော သူတစ်ဦးဖြစ်သည်။ သို့သော်လည်း စော်ကားမော်ကားနှင့်

မဟုတ်သည်ကို အာဝဇ္ဇန်းရွှင်ရွှင်နှင့် ဆရာလုပ်ပြရာတွင် ဒပ်ဂလပ်စ်ကို မမိ" ဟု အမေရိကန်-ကျာမန်ခေါင်းဆောင် ဂွတ်စတေ့ဖ် ကော်နာက ဝေဖန်ပြခဲ့သည်။ လင်းကင်း၏ မိန့်ခွန်းထဲတွင် ထည့်မပြောဘဲ ချန်ထားခဲ့သည့် အရေးကြီးသောအချက်လည်းရှိသည်။ ဒရက် စကော့ထ်စီရင်ချက်သည် ဒပ်ဂလပ်စ်၏ ပြည်သူ့အချုပ်အခြာဖြင့် အုပ်ချုပ်ရေးလမ်းစဉ်ကို ထိခိုက်ခဲ့သည်။ တရားသူကြီးချုပ် တန်နေ၏ စီရင်ချက်နှင့် ဒပ်ဂလပ်စ်၏ အယူအဆတို့ ကွဲလွဲမှုရှိသော်လည်း ထိုအချက်ကို ထောက်မပြခဲ့ပေ။ သူတို့နှစ်ဦးသည် ကျွန်စနစ် ကျယ်ပြန့်ရေးအတွက် အမေရိကန်လူမည်းများကို ဖိနှိပ်ရာတွင် ပူးပေါင်းခဲ့ကြသည်ဟု မြင်လာအောင် တင်ပြခဲ့သည်။

(၃)

လင်းကင်း၏ ရှင်းလင်းချက်မှာ ၁၈၅၈ ခုနှစ် ရွေးကောက်ပွဲအတွက် အခြေခံ မဟာဗျူဟာဖြစ်သည်။ ပြည်နယ်လွှတ်တော်များ ရွေးချယ်ပြီး ၄င်းတို့က ဆီးနိတ်အမတ်တစ်ဦး ရွေးချယ်ရမည်ဖြစ်သည်။ ဒပ်ဂလပ်စ်ကို နိုင်နိုင်သည်ဟု လင်းကင်းယုံကြည်ခဲ့သည်။ သည်တစ်ကြိမ်တွင် လင်းကင်းသည် အချိန်မစောင့်တော့ပေ။ မဲဆွယ်မှုကို စောစောစီးစီး ပြင်ဆင်ခဲ့သည်။ ပြည်နယ်လွှတ်တော်တွင် အနိုင်ရရှိရေးအတွက် ရိပတ်ဘလီကင်များ ယခုကတည်းက တစ်ခုခု စတင်လုပ်ရတော့မည်ဟု ၁၈၅၇ ခုနှစ် ဩဂုတ်လကတည်းက လင်းကင်းက စောစောစီးစီး တိုက်တွန်းခဲ့သည်။ မဲဆန္ဒနယ်မြေများအလိုက် မဲဆန္ဒရှင်များစာရင်းကို ဂရုတစိုက် ရေးချရန်နှင့် ရန်သူ ကြိုမသိစေရေးအတွက် ပိပိရိရိ တိတ်တိတ်ဆိတ်ဆိတ် ဆောင်ရွက်ရန် လင်းကင်းက ထောက်ခံအကြံပေးခဲ့သည်။

နောက်တစ်ကြိမ် ဆီးနိတ်အမတ်ရွေးကောက်ပွဲအတွက် ကြို

www.burmeseclassic.com

တင်ပြင်ဆင်ရာတွင် လင်းကင်းသည် အနစ်နာခံပြီး ကြိုးကြိုးစားစား အလုပ်လုပ်ကြမည့် အုပ်စုတစ်စုကို သူ့အနားတွင် ထားရှိခဲ့သည်။ အခြို့ ပုဂ္ဂိုလ်များမှာ ယခင် မဲဆွယ်ပွဲများတွင် ပါဝင်ခဲ့သည့် မျက်နှာဖောင်းများဖြစ်ကြသည်။ ဟန်ဒင်းသည် ထုံးစံအတိုင်း ချင့်ချိန်မှုမရှိသော်လည်း လင်းကင်းအပေါ်တွင် သစ္စာရှိသည့် ကျွန်စနစ် ချုပ်ငြိမ်းရေး အဖွဲ့ဝင်များနှင့် ရင်နှီးထိတွေ့မှု ရှိသဖြင့် တန်ဖိုးရှိသူဖြစ်သည်။ ဟန်ဒင်နှင့် ပြည်နယ်မှ အခြားအရေးပါသော အကြံပေးပုဂ္ဂိုလ်များကို သူ့ အနီးတွင် ရရှိအောင် ဆွဲဆောင်နိုင်ခဲ့ခြင်းမှာ လင်းကင်း၏ အရည်အချင်းဖြစ်သည်။ ထို့ထက်ပို၍ ထိုပုဂ္ဂိုလ်အားလုံးအား မိမိသည် လင်းကင်း၏ အရင်းနှီးဆုံးမိတ်ဆွေနှင့် အယုံကြည်ရဆုံး အတိုင်ပင်ခံဖြစ်သည်ဟု တွေးတောစေရန် စည်းရုံးနိုင်ခဲ့ခြင်းမှာ လင်းကင်း၏ အထူးကောင်းသော ပါရမီ အရည်အချင်းဖြစ်သည်။

ဆောင်ဦးကျအရောက်တွင် ကဲန်ဆပ်စ်နှင့် ဝေါရှင်တင်မှ အခြားအပျက်များက လင်းကင်းနှင့် သူ၏ အကြံပေးပုဂ္ဂိုလ်များအား အထူး နှိုးကြားကြားရှိစေရန် သတိပေးခဲ့သည်။ ကဲန်ဆပ်စ်နယ်မြေတွင် ဗဟုသုတခြင်းပြီး သွေးထွက်သံယိုမှုများဖြစ်နေသည်။ ထိုမငြိမ်သက်မှု အခြေအနေကို အဆုံးသတ်ရန်အတွက် သမ္မတ ဘျူခနန်နှင့် ဒီမိုကရက်များက ကဲန်ဆပ်စ်အား ပြည်နယ်တစ်ခုအဖြစ် ပြည်ထောင်စုအတွင်းသို့ အဝင်ခံစေရန် လိုလားခဲ့ကြသည်။ ဖေဖော်ဝါရီလတွင် ကဲန်ဆပ်စ်နယ်မြေအစိုးရက ပြည်နယ်ဖွဲ့စည်းပုံရေးဆွဲရေး ညီလာခံတစ်ခု ခေါ်ဆိုအမိန့်ပေးခဲ့သည်။ ထိုဆောင်ရွက်မှုမှာ ရယ်စရာအကောင်းဆုံး လုပ်ရပ်ဖြစ်သည်ဟု လင်းကင်းက မှတ် ချက်ချခဲ့သည်။ ထိုညီလာခံမှာ ကျွန်စနစ်လိုလားသူများအကြိုက် လုပ်ပေးမှာဖြစ်သည်ဟု လွတ်လပ်သောနယ်မြေနေထိုင်လိုသူများက သေချာပေါက် ယူဆခဲ့ကြသည်။ သူတို့သည် ညီလာမတက်ဘဲ အိမ်မှာပင် နေခဲ့ကြသည်။ မှတ်ပုံတင်ထားသော မဲဆွယ်၉,၀၀၀ အနက် ၂,၂၀၀ ခန့်သာ ညီလာခံသို့ တက်ခဲ့ကြသည်။ ညီလာခံ

စက်တင်ဘာနှင့် အောက်တိုဘာလတွင် လိကော့မ်တင်[10] မြို့တွင် ကျင်းပပြီး ဖွဲ့စည်းပုံတစ်ခုကို ရေးဆွဲခဲ့ကြသည်။ ဖွဲ့စည်းပုံကို သမ္မတနှင့် ကွန်ဂရက်လွှတ်တော်၏ အတည်ပြုချက် ရယူရန် တင်သွင်းခဲ့သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ကျွန်စနစ်ကို အားပေးသောမှတ်တမ်း ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကဲန်ဆပ်စ်ပြည်နယ်တွင် လက်ရှိ ရှိနေသော ကျွန် ၂၀၀ ခန့်သည် ကျွန်အနှောင်အဖွဲ့ အတိုင်းပင် ဆက်လက်နေ ရမည်သာမက ၄င်းတို့မှ မွေးဖွားလာသော ကလေးများကိုလည်း ကျွန်အဖြစ် သတ်မှတ်စေရမည်ဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ခုနစ်နှစ်အတွင်း ပြင်ဆင်ခွင့် မရှိစေရဟုလည်း ပြဋ္ဌာန်းလိုက်သည်။ သမ္မတဘျူခနန်နှက ခန့်အပ်ပေးခဲ့သည့် နယ်မြေအုပ်ချုပ်ရေးမှူး ရောဘတ် ကျော်ဝတ်ကားက သမ္မတ၏ အကြံပေးချက်ကို ဆန့်ကျင်ပြီး ပြည်နယ်အတွင်း၌ ကျွန်များ ထပ်မံ တိုးချဲ့ထားခွင့် ပြုသင့် မပြုသင့်ကိစ္စကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် မထည့်ဘဲ သီးခြားဆန္ဒခံယူမှုပြုခဲ့သည်။ သမ္မတဘျူခနန်နှကလည်း ကဲန်ဆပ်စ်ပြဿနာ မြန်မြန်ပြီးစေချင်သော ဆန္ဒရှိနေသည်။ ထို့ကြောင့် သူ၏ မူလဝန်ခံပြောဆိုမှုများကို လျစ်လျူရှုကာ လိကော့မ်တင်ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီး ကွန်ဂရက်သို့ ထောက်ခံတင်ပြလိုက်သည်။

ဒပ်ဂလပ်စ်သည် လိကော့မ်တင် ဖွဲ့စည်းပုံအခြေခံဥပဒေ[11]ကို ဆန့်ကျင်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။ ဒပ်ဂလပ်စ်က အီလီနွိုင်းပြည်နယ်တွင် နောက်တစ်ပတ် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများ အပြင်းအထန် လုပ်ရမည်ကို သိနေသည်။ လင်းကင်းသည် သူ့အတွက် သေချာပေါက် ပြိုင်ဘက်ဖြစ်လာလိမ့်မည်ဟုလည်း သိနေသည်။ ကဲန်ဆပ်စ်-နီဘရားစကားဥပဒေကို ထောက်ခံခဲ့မှုကြောင့် ဒပ်ဂလပ်စ်၏ နိုင်ငံရေးအင်အား လျော့လာခဲ့သည်။ ဒရက် စကော့ထ်စီရင်ချက်ကို ထောက်ခံလိုက်သဖြင့် တစ်ဆုံနွေးနွေးဖြင့် ပို၍ ကျလာခဲ့သည်။ ကျွန်စနစ်ကို အားပေးသည့် လိကော့မ်တင်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံလိုက်လျှင်

www.burmeseclassic.com

www.burmeseclassic.com

သူ၏နိုင်ငံရေးမှာ ပို၍ပင် ကျဆွေးနိုင်ပေသည်။ နိုင်ငံရေးအမြင်ဖြင့် တွေးပုံကိုထားဦး။ လိကော့မ်တင်ဖွဲ့.စည်းအုပ်ချုပ်ပုံဥပဒေသည် သူ၏ အဓိကမူဝါဒဖြစ်သည့် ပြည်သူ့.အချုပ်အခြာအုပ်ချုပ်ရေးလမ်းစဉ်ကို ကပြောင်းကပြန် လုပ်ပစ်လိုက် သည်ဟု ဒပ်ဂလပ်စ် ခံစားခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံတော်၏ဖွဲ့.စည်းပုံ အခြေခံဥပဒေမှာ ကဲနီးဆပ်စ်နယ်မြေအတွင်း၌ နေထိုင်သူ လူအများစု၏ သဘောထား (၀၊) ပြည်သူ့.အာဏာဖြင့် ကိုယ်ပိုင်အစိုးရ ရွေးချယ်တင်မြှောက်ခြင်း မပြုလုပ်နိုင်ခဲ့သောကြောင့် ဖြစ်သည်။ ဒပ်ဂလပ်စ်သည် သမ္မတ ဘျူခနန်နန်ကိုပင် သဘောကွဲဆန့်.ကျင်ကာ လိကော့မ်တင်ဖွဲ့.စည်းအုပ်ချုပ်ပုံဥပဒေကို ဆီးနိတ်လွှတ်တော်၌ ဦးဆောင်တိုက်ခဲ့သည်။ ဖွဲ့.စည်းပုံအခြေခံဥပဒေသည် ကဲနဆပ်စ်ပြည်သူလူထု၏ အခွင့်အရေးကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြစ်ပြီး မိမိတို့.အခြေခံထားသည် လွတ်လပ်ခွင့် အခြေခံသဘောတရားများကို စော်ကားခြင်းဖြစ်ကြောင်း၊ မိမိသည် ဖွဲ့.စည်းပုံအခြေခံဥပဒေ အချက်အချို့.ကို ကန့်.ကွက်နေခြင်း မဟုတ်ဘဲ ဖွဲ့.စည်းပုံအခြေခံဥပဒေကို အတည်ပြုခဲ့သည့် နည်းလမ်းကိုသာ ကန့်.ကွက်ခြင်းဖြစ်ကြောင်း ဒပ်ဂလပ်စ်က ရှင်းရှင်းလင်းလင်းပြောခဲ့သည်။ ဒပ်ဂလပ်စ်သည် ကဲနဆပ်စ်အတွက် ကျွန်စနစ်ဆိုင်ရာ ပြည်သူ့.ဆန္ဒ ကောက်ခံရေးကိစ္စတွင် ကြားနေခဲ့သည်။ "ကျွန်စနစ်နှင့် ပတ်သက်သော စာပိုဒ်ကို ဘယ်လိုပဲ ဆုံးဖြတ်ဆုံးဖြတ် ကျွန်တော့်အလုပ် မဟုတ်ဘူး" ဟု ဒပ်ဂလပ်စ်က ပြောခဲ့သည်။ ဒပ်ဂလပ်စ် ပြောခဲ့သည့် "ကျွန်စနစ်အတွက် ထောက်ခံချင် ထောက်ခံ၊ ကန့်.ကွက်ချင် ကန့်.ကွက်အဲဒါကို ကျွန်တော် ဂရုမစိုက်တော့ဘူး" ဆိုသည့် စကားကို နောင်တွင် လင်းကင်းက ထပ်တလဲလဲ ကိုးကားပြောဆိုခဲ့သည်။

ဒပ်ဂလပ်စ်က လိကော့မ်တင်ဖွဲ့.စည်းအုပ်ချုပ်ပုံဥပဒေနှင့် သမ္မတ ဘျူခနန်နတို့.ကို ဆွန့်.ကျင်ခဲ့ခြင်းကို ရီပတ်ဘလီကင်တို့.က ဝမ်းသာခဲ့ကြသည်။ စောင်ရေ ၅,၀၀၀ နှင့် ၁၀,၀၀၀ အကြား စာဖတ်သူရှိမည်ဟု

ခန့်မှန်းရသော နယူးယောက် ထရစ်ဗြွန်း သတင်းစာ၏ ဩဇာရှိသော အယ်ဒီတာ ဟောရေ့.စ် ဂရီလိက "ဒပ်ဂလပ်စ်၏ လမ်းကြောင်းသည် မှန်ကန်ရုံသာမက ထင်ထင်ရှားရှား သတ္တိရှိရှိ ပေါ်ပေါ်လွင်လွင် ထူးထူးကဲကဲ မှန်ကန်သည်" ဟု ရေးသားခဲ့သည်။ မက်ဆာချူးဆက်ပြည်နယ်မှ ဆီးနိတ် အမတ် ဟင်နရီ ဝီလ်ဆင်က ဒပ်ဂလပ်စ်သည် ရီပတ်ဘလီကင်ပါတီသို့.ပင် ပြောင်းတော့မည်လားမသိ၊ ဒပ်ဂလပ်စ်သာ ရောက်လာလျှင် မိမိတို့.၏ နိုင်ငံရေးရည်မှန်းချက်အတွက် သူသည် နိုင်ငံအတွင်းရှိ အခြားပုဂ္ဂိုလ် ၁၀ ဦးထက်ပင် ပို၍ အားကောင်းပါလိမ့်မည်ဟု လက်ကမ်းပြောဆိုခဲ့သည်။

သမ္မတ ဘျူခနန်နန်နှင့်ဒပ်ဂလပ်စ်တို့. စိတ်ဝမ်းကွဲခဲ့ပုံကို လိကော့မ်တင်ဖွဲ့.စည်းပုံအခြေခံဥပဒေအတွက် ဒီမိုကရက်များအကြား ဝရုန်းသုန်းကားဖြစ်မှုဟု လင်းကင်းက ပထမဆုံး တုံ့.ပြန်ကင်ပွန်းတပ်ခဲ့သည်။ သို့.သော်လည်း ဘျူခနန်နန်နှင့် ဒပ်ဂလပ်စ်တို့.နှစ်ဦးစလုံး မှားနေကြသဖြင့် သူတို့.ချင်းရန်ပွဲနှင့် ကင်းကင်း ရှင်းရှင်းနေရန် လင်းကင်းက ရီပတ်ဘလီကင်များကို တိုက်တွန်းခဲ့သည်။ "ဒပ်ဂလပ်စ်က လိကော့မ်တင်ဖွဲ့. စည်းပုံအခြေခံဥပဒေအား အတိုက်အခံပြုခြင်းသည် သတိမမူသော ရီပတ်ဘလီကင်များအား လှည့်ဖြားရန် ဉာဏ်ဆင်ခြင်းဖြစ်သည်၊ ဒပ်ဂလပ်စ်နှင့် သူ့.မိတ်ဆွေများသည် ငှက်ထောင်ချောက်တစ်ခုကို ဆင်ခဲ့သည့် ကလေးများနှင့် တူနေသည်။ သူတို့.သည် ယခုအခါတွင် ကျွေးထားသောအစာကို ကောက်စားပြီး ထောင်ချောက်ထဲရောက်မည့်ငှက်ကို စောင့်ကြည့်နေကြလေပြီ" ဟု လင်းကင်းက သတိပေးစကားပြောခဲ့သည်။

ဒီဇင်ဘာလနောင်းပိုင်းသို့.အရောက်တွင် ဂရီလိနှင့် အရှေ့.ပိုင်းမှ ရီပတ်ဘလီကင်များသည် ထောင်ချောက်အတွင်းသို့. ခြေလှမ်းနေပြီဟု လင်းကင်းက ကြောက်ရွံ့.ခဲ့သည်။ "နယူးယောက် ထရစ်ဗြွန်း သတင်းစာက ဒပ်ဂလပ်စ်ကို ပုံမှန် ဂုဏ်ပြုချီးကျူးပြီး နာမည်ကြီး အောင်လုပ်ပေးနေတာကာ ဘာသဘောလဲ" ဟု လင်းကင်းက ဒေါသတကြီးမေးခဲ့သည်။ ပေါ်ရှင်တင်

www.burmeseclassic.com

သို့ အပျင်းပြေ အလည်အပတ်ခရီး ထွက်သွားခဲ့သော ဟန်ဒင်ကလည်း ဟောရေ့စ် ဂရိလီနှင့် အရှေ့ပိုင်းမှ ထင်ရှားသော ရိပတ်ဘလီကင်များက ဒပ်ဂလပ်စ်ပြန်ပြီး အရွေးခံရရေးကို လိုလားလျက်ရှိကြောင်းနှင့် အီလီနွိုင်းမှ ရိပတ်ဘလီကင်များသည် ၄င်းကို ဆန့်ကျင်နေသည့် အရွေးများဖြစ်သည်တို့ ဟောရေ့စ် ဂရိလီက ထင်နေကြောင်း ပြန်သတင်းပို့ခဲ့သည်။

အီလီနွိုင်း ရိပတ်ဘလီကင်များသည် ပြင်ပအနောင့်အယှက် ပယောဂများအတွက် မကျေမနပ်ဖြစ်ခဲ့ကြသည်။ လင်းကင်းအား ဖြုတ်ထားခဲ့ပြီး ဒပ်ဂလပ်စ်အား ပြန်အရွေးခံရေးကို ထောက်ခံစေရန် ဆိုသော အကြံကို ပယ်ချခဲ့ကြသည်။ ဂျက်စီ ဒူဘွားစ်က "ကျုပ်တို့ မိတ်ဆွေတွေ ရွေးနေပြီလား" ဟု စနဲ့ခဲ့သည်။ ဟန်ဒင်ကလည်း ဂရိလီထံ အမျက်ဒေါသဖြင့် စာရေးပြီး "အဲဒီလို အပြောင်းအလဲ မဖြစ် နိုင်ပါ။ ဒပ်ဂလပ်စ်ဟာ ကျုပ်တို့.ကို ဝှစ်တွေအနေနဲ့.ရော၊ ရိပတ်ဘလီကင်အနေနဲ့.ရော၊ လူထဲက လူတွေ အနေနဲ့.ရော တစ်ဦးချင်းရော စော်ကားခဲ့တယ်။ သူဟာ သိပ်ကို ကျက်သရေမဲ့တယ်၊ ညစ်ပတ်တယ်၊ အောက်တန်းကျတယ်၊ ဒီလိုလုပ်လာတာ ဆက် တိုက်ကြာပြီ၊ ဒါ့ကြောင့် ကျုပ်တို့.သူ့.ကို ချက်ချင်းခွင့်မလွှတ်နိုင်သလို ဘယ် တော့မှ လည်း မေနိုင်မှာ မဟုတ်ဘူး" ဟု ပြောင်တုံ့ပြန်လိုက်သည်။

ရိပတ်ဘလီကင်ပါတီ၏ စည်းလုံးညီညွတ်မှု ပြိုကွဲမှုကို ကာကွယ်ရန်အတွက် လင်းကင်း၏ မိတ်ဆွေများသည် ရွေးကောက်ပွဲအတွက် ဂရုတစိုက် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြသည်။ ဆောင်းဦးကျတွင် ပြည်နယ်လွှတ်တော်အတွက် ကိုယ်စားလှယ် ၈၇ ဦးကို ရွေးကောက် တင်မြှောက်ကြရမည်ဖြစ်သည်။ (ပြည်နယ်ဆီးနိတ်အတွက် တာဝန် ဆက်လက် ထမ်း ဆောင်ရမည့် အမတ် ၁၃ ဦးရှိသည်။) လင်းကင်းက ထူးထူးဆန်းဆန်း အေးတိအေးစက်နေခဲ့သည်။ သို့သော်လည်း ပြည်နယ်အတွင်း ညီလာခံများတွင် လင်းကင်းကို ထောက်ခံသူများက လင်းကင်းအား တစ်ဦးတည်းသော ဆီးနိတ်အမတ်လောင်းအဖြစ် ရွေးချယ်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ပါတီညီလာခံကြီးက လင်းကင်းအား ဆီးနိတ်အမတ်လောင်းအဖြစ် လျာထားစေခဲ့သည်။ ပါတီညီလာခံတစ်ခုမှ ဆီးနိတ် အမတ်လောင်းတစ်ဦးကို လျာထားပေးခြင်းသည် အမေရိကန်သမိုင်းတွင် ခုတိယ အကြိမ်ဖြစ်သည်။ အစဉ်အလာမရှိသော ဆောင်ရွက်မှုဖြစ်၍ ဖွဲ့.စည်းပုံ အခြေခံဥပဒေ၏ အနှစ်သာရကို ဖျက်ဆီးရန် ကြိုးစားသည့် တော်လှန် ရေးကြိုးပမ်းမှုတစ်ရပ် သို့.မဟုတ် အန္တရာယ်ရှိသော တိတ္ထင်မှု[12] ဖြစ်သည်ဟု ဖီလာဒဲလ်ဖီးယားမှ အယ်ဒီတာတစ်ဦးက ရေးသားခဲ့သည်။ အမှန်အားဖြင့် အီလီနွိုင်းပြည်နယ်မှ ရိပတ်ဘလီကင်များသည် ဒပ်ဂလပ်စ်ကို နောက်လိုက်အဖြစ် မည်သည့်အခါမျှ ပူးပေါင်းလိမ့်မည် မဟုတ်ကြောင်း၊ ဟောရေ့စ် ဂရိလီကဲ့သို့.သော အရှေ့ပိုင်း ရိပတ်ဘလီကင်များကိုလည်း ရှင်းရှင်းလင်းလင်း အချက်ပြလိုက်ခြင်းလည်းဖြစ်သည်။

ပြည်နယ်ရိပတ်ဘလီကင်ပါတီညီလာခံကို ဇွန်လ ၁၆ ရက် နေ့.တွင် စပရင်းဖီးလ်ဒ် ကျင်းပခဲ့သည်။ အစီအစဉ်များကို ကြိုတင် ညှိနှိုင်းခဲ့သည်။ ကိုယ်စားလှယ်များက တညီတညွတ်တည်း လင်းကင်းအား အမေရိကန်ဆီးနိတ်လွှတ်တော်အတွက် အီလီနွိုင်းပြည်နယ်၏ ပထမဆုံးနှင့် တစ်ဦးတည်းသော ရိပတ်ဘလီကင်အမတ်အဖြစ် မဲပေးရွေးချယ်ခဲ့ကြသည်။ ရှိကာဂိုမှ နော်မန် ဂျတ်နှင့်ကိုယ်စားလှယ်အဖွဲ့.က "လင်းကင်းအား ထောက်ခံသည်" ဆိုသော စာတမ်းကို လွှင့်ထူလာသည်။ ပီအော်ရီးယားမှ ကိုယ်စားလှယ်တစ်ဦးက "အီလီနွိုင်းက လင်းကင်းကို ထောက်ခံသည်" ဟု ကြွေးကြော်သံအသစ် ပြောင်းရန် တင်ပြခဲ့ရာ ညီလာခံတစ်ခုလုံး သြဘာသံ ပဲ့တင်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၄)

ထိုနေ့ည ရှစ်နာရီတွင် လင်းကင်းက ဆီးနိတ်အမတ်လောင်း အဖြစ် လက်ခံကြောင်း မိန့်ခွန်းပြောကြားခဲ့သည်။ လင်းကင်းသည် ထိုမိန့်ခွန်းအတွက် ရက်သတ္တပတ်အတော်ကြာကတည်းက စဉ်းစားပြင်ဆင်ခဲ့သည်။ ဝါကျစာကြောင်းများနှင့် စာပိုဒ်များကို စက္ကူလွတ် အစအနများနှင့် စာအိတ်နောက်ကျောများပေါ်တွင်ရေးပြီး သူ၏ဦးထုပ်ရှည်ကြီးထဲ၌ ညှပ်သိမ်းထားသည်။ လင်းကင်းသည် မိန့်ခွန်းတစ်ခုလုံးကို စေ့စေ့စပ်စပ် ချရေးပြီး ဝါကျတိုင်းကို အနုစိတ် စိစစ် ပြင်ဆင်ခဲ့သည်။ လင်းကင်းသည် မိန့်ခွန်းအကြောင်းအရာများကို တတ်နိုင်သမျှ မျိုသိပ်ထားခဲ့သည်။ လင်းကင်းဆေးရှူဘွားစ်က "ဘာတွေရေးနေတာလဲ" ဟုမေးခဲ့ရာ လင်းကင်းက "တစ်ခြိုက်ချိန်မှာ ခင်များကြားချင်ကြား၊ မြင်ချင်မြင်ရမယ့် ကိစ္စလေးပါ။ ဒါပေမယ့် အခုအချိန်မှာ ခင်များကို အမြင်မခံနိုင်သေးဘူး" ဟု လင်းကင်းက အသံအောကြီးဖြင့် ပြန်ဖြေခဲ့သည်။ နောက်ဆုံး၌ မိန့်ခွန်းရေးအပြီးတွင် လင်းကင်းက ဟန်ဒင်နှင့် သူ၏ အတိုင်ပင်ခံများကို အသံထွက်ပြီး ဖတ်ပြခဲ့သည်။ ညီလာခံတွင် မိန့်ခွန်းပြောသောညတွင် လင်းကင်း၏ မှတ်ဉာဏ်ထဲ၌ စကားလုံးတိုင်းကို အသေအလွတ်ရနေသဖြင့် ရေးထားသော မိန့်ခွန်းစာရွက်ကို ထုတ်ကြည့်စရာပင် မလိုတော့ချေ။ လင်းကင်းသည် ဒဲန်နီယယ်လ် ဝက်ဘ်စတာက ရောဘတ် ဟိန်းအား ခပ် ခဲ့ခဲ့ ဖြေကြားခဲ့သော ပုံစံကို ကူးတစိုက် အတုခိုး၍ အောက်ပါအတိုင်း ပြောဆိုခဲ့သည်။

"ကျွန်တော်တို့.ရဲ. ရပ်တည်မှု အနေအထား ဘယ်မှာရှိသလဲ ဆိုတာနဲ့. ကျွန်တော်တို့. ဘယ်ဘက်ကို ယိမ်းညွတ်နေသလဲဆိုတာကို ကျွန်တော်တို့. ပထမဆုံး သိနိုင်မယ်ဆိုရင် ကျွန်တော်တို့. ဘာလုပ်ရမလဲ။ ပြီးတော့ ကျွန်တော်တို့. ဘယ်လိုလုပ်ရမလဲဆိုတာကို ပိုပြီး ကောင်းမွန်စွာ ချင့်ချိန်

ဆုံးဖြတ်လို. ရနိုင်ပါလိမ့်မယ်"

"ယခုဆိုရင် ကျွန်တော်တို့. ပေါ်လီစီတစ်ခုကို စတင် ချမှတ်ခဲ့တာ ငါးနှစ်ထဲကို ကောင်းကောင်းကြီး ရောက်ခဲ့ပါပြီ။ ကျွန်စနစ် ထွန်းကားရေး လှုံ့ဆော်မှုကို နိဂုံးကမွတ် အဆုံးသတ်စေရေးအတွက် ရည်ရွယ်ချက်ကို အတိအလင်း ဝန်ခံခဲ့ပြီးပါပြီ။ ယုံယုံကြည်ကြည် ကတိလည်းပေးခဲ့ပါပြီ"

"အဲဒီပေါ်လစီကို အကောင်အထည်ဖော်နေတုန်းမှာပဲ ကျွန်စနစ်ကျယ်ပြန့်.တိုးတက်ရေးအတွက် လှုံ့ဆော်မှုဟာ မရပ်တန့်.သွားခဲ့တဲ့ အပြင် အမြဲမပြတ်ပင် တိုးပွားလာနေပါတယ်"

"ကျွန်တော့်.အမြင်မှာတော့ ကျွန်စနစ်ဟာ ပြဿနာတစ်ခု ဖြစ်မပြီးမချင်း ပြဿနာကို မကျော်လွှားနိုင်မချင်း ရပ်တန့်.သွားလိမ့်မယ်လို. မထင်မိပါဘူး"

"အချင်းချင်း နှစ်ခြိမ်းကွဲနေတဲ့ အိမ်တစ်အိမ်ဟာ မတည်မြဲနိုင်ပါဘူး"[13]

"ဒီနိုင်ငံမှာ ကျွန်တစ်ဝက်၊ လွတ်လပ်သူတစ်ဝက် အမြဲရှိနေမယ်ဆိုရင် အဲဒီအစိုးရဟာ ရေရှည်ခံမှာ မဟုတ်ဘူးလို. ကျွန်တော် ယုံကြည်ပါတယ်"

"ပြည်ထောင်စုကြီးပြိုကွဲဖို. ကျွန်တော် မမျှော်လင့်ပါဘူး။ အိမ်ကြီးပြိုလဲမသွားဖို. ကျွန်တော် မမျှော်လင့်ပါဘူး။ ဒါပေမယ့် ပြည်ထောင်စုကြီးပြိုကွဲမယ့်အရေး ရပ်တန့်.သွားလိမ့်မယ်လို. ကျွန်တော် မုချမျှော်လင့်ပါတယ်"

"ပြည်ထောင်စုကြီး တစ်စည်းတစ်လုံးတည်း ဖြစ်လာပါလိမ့်မယ်။ ဒါမှမဟုတ် တခြားတစ်မျိုးမျိုးရင်လည်း ဖြစ်သွားပါလိမ့်မယ်"

"ကျွန်စနစ်ကို ဆန့်.ကျင်သူများက ကျွန်စနစ် လုံးဝဥဿုံ အလုံးစုံ ပျက်သုဉ်းသော လမ်းကြောင်းပေါ်သို. ရောက်နေပြီလို. ပြည်သူတွေ့. စိတ်က ယုံကြည်လာတဲ့ ပြည်ထောင်စု အနေအထားကို ရောက်အောင်

www.burmeseclassic.com

ပို.ဆောင်ကောင်း ပို.ဆောင်ပေးနိုင်ပါလိမ့်မယ်"

ဒါမှမဟုတ်—

"ကျွန်စနစ်ကို လိုလားထောက်ခံသူများက ပြည်နယ်ဟောင်းနဲ့ ပြည်နယ်သစ်တွေအပါအဝင်၊ မြောက်ပိုင်းနဲ့ တောင်ပိုင်း ဒေသတွေ အပါအဝင် ပြည်နယ်အားလုံးမှာ ကျွန်စနစ်ကို တန်းတူ တရားဝင်ဖြစ်လာမယ့် ပြည်ထောင်စုကြီး အနေအထားကို ရောက်အောင် တွန်းပို့.ချင်လည်း ပို.ဆောင်ပေးနိုင်ပါလိမ့်မယ်"

နှစ်ခြမ်းကွဲအိမ်ဆိုသော စကားလုံးကောက်နုတ်ချက်ကို သမ္မာကျမ်းစာဖတ်ပြီး ဘုရားကျောင်းတက်သော အီလီနွိုင်းပြည်နယ်လို နေရာတွင် လူတိုင်းယဉ်ပါးသော စကားတစ်လုံးဖြစ်သည်။ ထိုစာလုံးသည် သမ္မာကျမ်းစာသစ် ခရစ်ဝင်ကျမ်း သုံးခုစလုံး၌ ပါရှိသည်။ လင်းကင်းသည် ဂုစ်ပါတီဝင်များ စည်းလုံးညီညွတ်မှုအတွက် ထိုစကားလုံးကို ၁၈၄၃ ခုနှစ်လောက် ကတည်းက အသုံးပြုခဲ့ဖူးသည်။ ယခု သူသုံးနှုန်းသည် ဥပဒေတင်စားချက်၏ နောက်ကွယ်မှ အတွေးအခေါ်မှာ ကျွန်စနစ်နှင့် လွတ်လပ်မှုတို့ သဟဇာတ မဖြစ်မှုကို ဆိုလိုပေသည်။ ဤအသုံးအနှုန်းကို ကျွန်စနစ်ချုပ်ငြိမ်းရေး အဖွဲ့.ဝင်များက ဆယ်စုနှစ်နှင့်ချီ၍ ကိုးကားပြောဆိုခဲ့ကြသည်။ မက်ဆာချူးဆက်ပြည်နယ်မှ ကျွန်စနစ်ချုပ်ငြိမ်းရေးခေါင်းဆောင် အဂ်မန် ကွင်စီသည် ၁၈၅၂ ခုနှစ်တွင် "နှစ်ခြမ်းကွဲအိမ်" စာလုံးကို ကိုးကားသုံးခဲ့သည်။ နှစ်ခြမ်းကွဲအကြောင်းနှင့် စပ်လျဉ်း၍ တောင်ပိုင်းမှ ကျွန်စနစ်ကို ခုခံပြောဆိုရေးသမား ဂျော့ချ် ဗစ်ဇ်ဟျူးကလည်း အမေရိကန်ပြည်ထောင်စုတွင် အားလုံး ကျွန်သော်လည်းကောင်း၊ အားလုံး လွတ်လပ်သူများသော် လည်းကောင်း ဖြစ်ရမည်ဟု ရေးသားခဲ့သည်။

လင်းကင်းသည် နှစ်ခြမ်းကွဲအိမ် အတွေးအခေါ်ကို နှစ်သောင်းများစွာကတည်းက လင်းကင်း စိတ်ကူးလာခဲ့ခြင်းဖြစ်သည်။ ၁၈၅၅ ခုနှစ်တွင် ဆီးနိုတ်အမတ်ရွေးကောက်ပွဲတွင် ရုံးနိမ့်ပြီးနောက် "ကျွန်တော်တို့.တော

နိုင်ငံတစ်ခုအနေနဲ့ ကျွန်တစ်ဝက်၊ လွတ်လပ်သူတစ်ဝက်နဲ့ ဆက်လက်ပြီး အမြဲတမ်းထာဝရ လက်တွဲသွား၍ ရနိုင်ပါ့မလား" ဟု လင်းကင်းက မေးခွန်းထုတ်ခဲ့ဖူးသည်။ နောက်နှစ်တွင် လည်း ဖရီးမောင့်အတွက် မဲဆွယ် ဟော ပြောပေးခဲ့ရစဉ်ကလည်း "ကျွန်တော်တို့.အစိုးရဟာ ကျွန်တစ်ပိုင်း၊ လွတ်လပ်သူတစ်ပိုင်းနဲ့ မတည်တဲ့နိုင်ဘူး"ဟု သူ၏သဘောထားကို ကြေညာခဲ့သည်။ ၁၈၅၇ ခုနှစ် ဒီဇင်ဘာလတွင်လည်း လီကော့်မ်တင်ဖွဲ့.စည်းပုံအခြေခံဥပဒေ အငြင်းအပွားကိစ္စနှင့် စပ်လျဉ်း၍ "အချင်းချင်း နှစ်ခြမ်းကွဲနေတဲ့ အိမ်တစ်အိမ်ဟာ မတည် မြဲနိုင်ပါ ဘူး" ဟု သုံးနှုန်းပြောဆိုခဲ့သည်။

လင်းကင်း၏ မိန့်.ခွန်း ဒုတိယပိုင်းတွင် ဒပ်ဂလပ်စ်ကို ရည်ညွှန်းပြောကြားခဲ့သည်။ ဒပ်ဂလပ်စ်သည် ကျွန်စနစ်ကို ပြည်သူပိုင်ဖြစ်အောင် ပြုလုပ်လိုသည့် အန္တရာယ်ကြီးသော အကြံ၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ ဒပ်ဂလပ်စ်သည် ပြည်နယ်ဒေသတိုင်းတွင် ကျွန်စနစ်ကို တံခါးဖွင့်ပေးမည့် ကဲန်ဆပ်စ်–နီးဘရာစကားဥပဒေကြမ်းမှာ အန္တရာယ်ကြီးများသော လုပ်ကြံမှု၏ အထောက်အထားဖြစ်ကြောင်း လင်းကင်းက တင်ပြခဲ့သည်။ ထိုဥပဒေသည် တစ်မျိုးသားလုံး ရေရှည်စံယူထားသည့် အမြင်ကိုလည်း ကသိကအောင်ဖြစ်စေခဲ့သည်။ ပြီးတော့ ထိုဥပဒေကြမ်းကို သမ္မတ ဖရဲန်ကလင် ပီးယပ်စ်[14]က ဥပဒေဖြစ်အောင် တွန်းပို့.ပေးခဲ့သည်။ ထို.အပြင် သမ္မတသစ် ဂျိမ်းစ် ဘျူခနန်ကလည်း ကျွန်စနစ်တိုးချဲ့.မှုနှင့် စပ်လျဉ်း၍ ဗဟိုတရားရုံးချုပ်မှ မကြေညာသေးသည့် အဆုံးအဖြတ်ထွက်လာလျှင် ပြည်သူများက လက်ခံရန် သူ၏ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲမိန့်.ခွန်းတွင် ပြင်းပြစွာတိုက်တွန်းခဲ့သည်။ ထို.နောက်တွင် တရားသူကြီးချုပ်တန်နေက နယ်မြေများတွင် ကျွန်စနစ်ဆိုင်ရာ တားမြစ်သည့် ကွန်ဂရက်ဥပဒေများမှာ တရားမဝင်တော့ကြောင်း ပြုပြင်ပြောဆိုခဲ့ကြောင်း စသည်တို့.ကို လင်းကင်းက ပြောဆိုခဲ့သည်။ သို့.သော်လည်း လင်းကင်းသည် အခြားရီပတ်ဘလီကင်မှုံနှင့် မတူ၊ မဲဆွယ်ပွဲများတွင် သူပြောဆိုခဲ့လေ့ရှိသည့် ကျွန်အင်အား[15]ကြီးထွား

www.burmeseclassic.com

ခြင်းဆိုသည့် စကားလုံးကို သူ၏ မိန့်.ခွန်းထဲ၌ ထည့်မပြောဘဲ သတိထားရှောင်ရှားခဲ့သည်။

လင်းကင်းက လက်ရှိနိုင်ငံရေးမင်းဆက်၏ အားကောကို ရင် ဆိုင်ပြီး ဖြုတ်မချနိုင်ခဲ့လျှင် "မစ်ဇူးရီးပြည်နယ်မှ ပြည်သူအများသည် သူတို့.ပြည်နယ်ကို လွတ်လပ်သော ပြည်နယ်တစ်ခုဖြစ်အောင် ကြိုးပမ်းနေမှုသည် အောင်မြင်မှုနှင့် နီးစပ်နေပြီဆိုသည့် အိပ်မက်ကို ကျွန်တော်တို့. စိတ်ကြည်နူးစွာ လဲလျောင်းရင်း အိပ်မက်မက်နိုင်ပြီဖြစ် သည်။ သို့.သော်လည်း အိပ်ရာမှ နိုးလာသောအခါတွင် ထိုသို့.တွေ. ရမည့်အစား ဗဟိုတရားရုံးချုပ်က အီလီနွိုင်း ပြည်နယ်အား ကျွန်ပြည်နယ်တစ်ခုဖြစ်အောင် လုပ်ခဲ့သည့် အဖြစ်မှန်ကို တွေ့.ရလိမ့်မည်" ဟု လင်းကင်းက ပြောဆိုခဲ့သည်။

လင်းကင်း၏ မိန့်.ခွန်းနိဂုံးချုပ် အပိုင်း၌ ကျွန်စနစ်ကို ပြည်သူပိုင်ဖြစ်ရန် အလေ့တကြီး ဦးတည်နေမှုကို မည်သူက စိစစ် တားဖြစ်မလဲဟု မေးခွန်းထုတ်ပြခဲ့သည်။ စိစစ်တားဖြစ်မည့်သူမှာ ဒပ်ဂလပ်စ်မဟုတ်ဘဲ ရီပတ်ဘလီကင်များသာဖြစ်သည်ဟု လင်းကင်းက ပြန်ဖြေပြခဲ့သည်။ ဒပ်ဂလပ်စ်အား ချီးမွမ်းကြသူများက "သူသည် အလွန်တော်သောသူတစ်ဦးဖြစ်သည်။ ကျွန်တော်တို့.အထဲက ကြီးကြီးမားမား သူများပင်လျှင် သူနှင့်ယှဉ်လိုက်လျှင် အသေးအမွှားဖြစ်သွားကြသည်" ဟု ပြောဆိုခဲ့ကြကြောင်း၊ ဒပ်ဂလပ်စ်က ကျွန်များအား ဖိနှိပ်မှုကို ထောက်ခံခဲ့သည့် မှတ်တမ်းများက သူ့.ကို လှောင်ချိုင့်တွင်း၌ မိနေသည့် သွားမျှီတော့သော ခြင်္သေ့တစ်ကောင်ဖြစ်သွားစေခဲ့သည်။ "အသက်ရှင်နေသော ခွေးတစ်ကောင်သည် သေနေသော ခြင်္သေ့တစ်ကောင်ထက် ပို၍ကောင်းမွန်ပါသည်" ဟု လင်းကင်းက ပြောခဲ့သည်။ လင်းကင်းက ကျွန်စနစ် ကျယ်ပြန့်မှု တားမြစ်ရေးအတွက် "ဖြစ်လာမည့်ရလဒ်ကို သံသယရှိစရာ မလိုပါ။ ကျွန်တော် တို့. အခိုင်အမာ ရပ်တည်လျှင် အောင်မြင်ရမည်" ဟု ပြောခဲ့သည်။

ဤနည်းအားဖြင့် လင်းကင်း၏ နှစ်ခြမ်းကွဲအိမ်ကြီး မိန့်.ခွန်း တွင် တက္ကဗေဒအချက် သုံးချက် ပါဝင်ခဲ့သည်။

- ကျွန်စနစ်ကို ပြည်သူပိုင်ဖြစ်ရန် ယိမ်းညွှတ်ရန် ကြိုးပမ်းမှုကို အနိုင်တိုက်ရမည်။
- စတီဖင် ဒပ်ဂလပ်စ်သည် ထိုယိမ်းညွှတ်မှုကို ခွန်အားကောင်းစွာ အထောက်အကူပေးနေသူဖြစ်သည်။
- ထို့.ကြောင့် ဒပ်ဂလပ်စ်ကို နိုင်အောင်တိုက်ရမည်။

လင်းကင်း၏ မိန့်.ခွန်းသည် အခြေခံကို ပြုပြင်ပြောင်းလဲသည့် အယူအဆပါဝင်သော မိန့်.ခွန်းပမာဖြစ်ခဲ့သဖြင့် ပြည်သူလူထု၏ စိတ်ဝင်စားမှုကို ဆွဲဆောင်နိုင်ခဲ့သည်။ လင်းကင်း၏ ပြောကြား ချက်မှာ ဝီလျံ အိပ်ချ်စီးဝါတ်၏ ကျွန်စနစ်နှင့် လွတ်လပ်မှု အကြားတွင် "ချီးနှိမ်၍ မရသော ပဋိပက္ခ"[16] ရှိနေသည်ဟု ပြောကြားခဲ့သည်ထက် ငါးလကြို့တင်၍ ဦးစွာ ပြောဆိုခဲ့ခြင်းဖြစ်ပြီး ရီပတ် ဘလီကင်ခေါင်းဆောင်တစ်ဦးအနေဖြင့် အပြင်းထန်ဆုံး ပြောဆိုခဲ့သည့် မိန့်.ခွန်းဖြစ်ခဲ့သည်။ လင်းကင်း၏ မိန့်.ခွန်းကို အယ်ဒီတာ ဂျွန် လော့ခ် စကရစ်က ရှင်းပြခဲ့သည်။ သူက "လင်းကင်း၏ မိန့်.ခွန်းကို ကြားခဲ့ရသူ၊ ဖတ်ခဲ့ရသူအပေါင်းအဖို့. လင်းကင်း၏ မိန့်.ခွန်းမှာ ပြည်နယ်များတွင် ရှိနေသည့် ကျွန်စနစ် ကျယ်ပြန့်မှုကို လိုလားသော အဖွဲ့.များအား စွမ်းပွဲဆင်နွှဲမည်ဟု ရီပတ်ဘလီကင်ပါတီ၏ ကိုယ်စားကတိပြုပြောကြား လိုက်ခြင်းဖြစ်ကြောင်း သဘောပေါက်နားလည်ကြလိမ့်မည်" ဟု ရေးသားခဲ့ပေသည်။

(၅)

လင်းကင်းအား ရီပတ်ဘလီကင်ပါတီဝင်များက ဆီးနိတ်အမတ်လောင်းအဖြစ် လျာထားလိုက်ကြောင်း ဒပ်ဂလပ်စ် သိရလေ့ရှိ။ ဒပ်

www.burmeseclassic.com

ဂလပ်စ်က ခက်ခက်ခဲခဲ ပြိုင်ဘက်တစ်ဦးကို ရင်ဆိုင်ရတော့မည်မှန်း သိခဲ့သည်။ ဒပ်ဂလပ်စ်က "ကျွန်တော် အစွမ်းကုန် အားထုတ် ပြိုင်ရလိမ့်မယ်။ လင်းကင်းဟာ ရိုးသားသလောက် လိမ္မာပါးနပ်သူလည်း ဖြစ်ပါတယ်။ ကျွန်တော် အနိုင်ရခဲ့ရင် ထိုက်ထိုက်တန်တန်ရတဲ့ အောင်ပွဲဖြစ်ပါလိမ့်မယ်" ဟု သတင်းစာဆရာတစ်ဦးကို ပြောကြားခဲ့သည်။ ဒပ်ဂလပ်စ်သည် လီကော့မ်တင်ဖွဲ့.စည်းပုံအခြေခံဥပဒေကို ကန့်.ကွက်အနိုင်ရသည်အထိ ပေါ်ရှင်တင်တွင် ဆက်လက်နေထိုင်ရန် တာဝန်ရှိသည်ဟု စိတ်ကူးရခဲ့သည်။ ထိုဖွဲ့.စည်းပုံအခြေခံဥပဒေအတွက် ပြည်သူ့.ဆန္ဒခံယူပွဲ ပြုလုပ်ရန် ဘျူခနန်နန် အစိုးရက ထောက်ခံ ခဲ့သည်ကို ဒပ်ဂလပ်စ် မတားဆီးနိုင်ခဲ့ပေ။ ဒပ်ဂလပ်စ်သည် ဂျူလိုင်လတွင် ရှီကာဂိုရှိအိမ်သို့ ပြန်လာပြီးနောက် လင်းကင်း၏ စွပ်စွဲချက်များကို များပြားလှသော ပရိသတ်ကြီး၏ ရှေ့.မှောက်တွင် ပြန်လည် ရှင်းပြခဲ့သည်။

ဒပ်ဂလပ်စ်သည် လာမည့်ဆီးနိတ်ရွေးကောက်ပွဲတွင် ပြန်လည်ယှဉ်ပြိုင်မည်ဟု ကြေညာခဲ့သည်။ လီကော့မ်တင်ဖွဲ့.စည်းပုံ အခြေခံဥပဒေအကြောင်းကို ပြောပြရာတွင် ၄င်းဖွဲ့.စည်းပုံအခြေခံဥပဒေကို အနိုင်ရရှိရေးမှာ ပြည်သူ့.အချုပ်အခြာ အဆုံးအဖြတ်စနစ်၏ ဂုဏ်သိက္ခာကို ခုခံကာကွယ် ရန်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် ဒေသများမှ ပြည်သူများအား ၄င်းတို့.ဒေသအတွက် ကျွန်စနစ်အပါအဝင် မိမိတို့.နှစ်သက်သော ကိုယ်ပိုင်အဖွဲ့.အစည်းများ ရွေးချယ်ခွင့်ရရှိရေး ပေါ်လစီမှာ အမေရိကန်လူမျိုး စစ်စစ်အားလုံး မြတ်နိုးသည့်အရာဖြစ်ကြောင်း၊ ထိုပေါ်လစီကို ကန့်.သတ်ခြင်းသည် ကိုယ်ပိုင်အုပ်ချုပ်ရေး အခြေခံဝါဒကို ဖျက်ဆီးရာ ရောက်မည်ဖြစ်ကြောင်း ပြောလေသည်။ သူ့.နောက်ကျောဘက်တွင် ထိုင်နေသော လင်းကင်းအကြောင်းကို ပြောရာ၌ "လင်းကင်းသည် အကြင်နာတရား ရှိပြီး ချစ်ခင်နှစ်လိုဖွယ်ရာကောင်းသည့် အသိဉာဏ်ပညာရှိ လူကြီးလူကောင်းတစ်ဦး နိုင်ငံသားကောင်းတစ်ဦးနှင့် ဂုဏ်ယူဖွယ်ရာကောင်းသော ပြိုင်ဘက်တစ်ဦး

ဖြစ်ကြောင်း" ပြောကြားခဲ့သည်။ ဒပ်ဂလပ်စ်က လင်းကင်းသည် အစိုးရအဖွဲ့.၏ မူဝါဒများကို သဘောပေါက် လွဲမှားပြီး တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသ စစ်ပွဲကိုပင် ရှင်းရှင်းနှင့် ရဲရဲဝံ့ဝံ့ ထောက်ခံနေကြောင်း၊ ဒရက်စကော့ထ်အမှု စီရင်ချက်နှင့် စပ်လျဉ်း၍ ရီပတ်ဘလီကင်များက ဆန့်.ကျင်ခဲ့ခြင်းမှာ မိမိတို့.၏ အစိုးရသည် မျက်နှာဖြူများ အခြေခံပေါ်တွင် မူတည်ပြီး ဖွဲ့.စည်းခဲ့သည်ဆိုသော အချက်ကို နားမလည်ကြ၍ဖြစ်ကြောင်း၊ မိမိ တို့.အစိုးရကို မျက်နှာဖြူတစ်ရှိုးက ဖွဲ့.စည်းခဲ့ပြီး မျက်နှာဖြူများ အကျိုးစီးပွားအတွက် ဖွဲ့.စည်းခဲ့သဖြင့် မျက်နှာဖြူလူမျိုးများကသာ အုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ နီးဂရိုးများအတွက် တန်းတူအခွင့် အရေးပေးရေးကို ရီပတ်ဘလီကင်တို့.က ထောက်ခံခဲ့ခြင်းမှာ အဆင့်အတန်း နိမ့်ကျသော အမျိုးအနွယ်များနှင့် ပေါင်းစပ်မှုမှန်သမျှသည် ဆုတ်ယုတ် ညံ့ဖျင်းမှု၊ အကျင့်စာရိတ္တပျက်ပြားမှုနှင့် အဆင့်အတန်းနိမ့်ကျမှု[17]တို့.ကို ဖြစ်စေနိုင်သည်ဆိုခြင်းကို နားမလည်ကြ၍ဖြစ်ကြောင်း၊ နိဂုံးချုပ်တွင် ဘျူခနန်နန် အစိုးရသည် ရီပတ်ဘလီကင်များနှင့် ယုတ်ညံ့ပြီး အစဉ်အလာ မရှိသော မဟာမိတ် ဖွဲ့.စည်းခဲ့ကြောင်း ဒပ်ဂလပ်စ်က ပြောကြားခဲ့သည်။

နောက်တစ်ညတွင် လင်းကင်းသည် ဒပ်ဂလပ်စ်ပြောခဲ့သော ဆင်ဝင်ပေါ်မှပင် မိန့်.ခွန်းပြောပြီး ချေပခဲ့သည်။ ဒပ်ဂလပ်စ်က သည် လူမျိုး၊ ဟိုလူမျိုးခွဲပြီး တခြားအမျိုးအနွယ်က အောက်တန်းကျသည်ဟု ပြက်တီးပြက်ချော် ပြောဆိုခဲ့ပုံများကို လင်းကင်းက ရှုတ်ချခဲ့သည်။ လွတ်လပ်ရေးကြေညာစာတမ်းစိတ်ဓါတ်ကို ပြန်လည်ထိန်းသိမ်းရန် တိုက်တွန်းခဲ့သည်။

သူတို့.နှစ်ဦး ရှီကာဂိုတွင် အပြန်အလှန်ပြောဆိုခဲ့ပုံက ရွေးကောက်ပွဲအတွက် နောက်ထပ် တစ်လခွဲကြာ မဲဆွယ်ဟောပြောမှုပုံစံကို လမ်းခင်းချမှတ်ပေးသလို ဖြစ်ခဲ့သည်။ ဒပ်ဂလပ်စ်သည် ပြည်နယ်အပြင်ဘက်သို့ ခရီးဆန့်.ပြီး မဲဆွယ်ပွဲထွက်လျှင် လင်းကင်းက နေရာ အတော်

www.burmeseclassic.com

များများသို့ လိုက်သွားခဲ့သည်။ ဒပ်ဂလပ်စ် မိန်.ခွန်းပြောပြီးတိုင်း လင်းကင်းက သူဖြေကြားပါရစေဟု မကြာခဏ ကြေညာလေ့ရှိသည်။ တစ်ခါတစ်ရံတွင် လင်းကင်းက ညပိုင်းတွင် ဖြေကြားခဲ့သည်။ များသောအားဖြင့် နောက်တစ်နေ.ကျမှ ပို၍ပြောသည်က များခဲ့သည်။ ဆီးနိတ်အမတ်တစ်ဦးက ပြည်နယ်အတွင်း၌ နိုင်ငံရေး မဲဆွယ်တရားပွဲများ ပြုလုပ်သည့်နောက်သို့ တကောက်ကောက် ကပ်လိုက်ခြင်းသည် သဟဇာတမဖြစ်မှု တစ်ခုဟု နယူးယောက် ဟယ်ရာလ် က မှတ်ချက်ချရေးသားခဲ့သည်။

လင်းကင်းက ဒပ်ဂလပ်စ်ပြောကြားပြီး နောက်တစ်နေ.တွင် ပြောရခြင်းသည် မှန်ကန်သည်ဟု ထင်ခဲ့သည်။ သို.သော်လည်း ထိုသို့.လုပ်ခြင်းကြောင့် ဒပ်ဂလပ်စ်က လင်းကင်းအား အမြဲတမ်း ခံစစ်သမားအနေအထားသို့ ပို့.ပေးခဲ့သည်ဟု လင်းကင်း၏ အတိုင်ပင်ခံများက ဝေဖန်ခဲ့ကြသည်။ ဒပ်ဂလပ်စ်က အဝင်ပရိသတ်အတွက်ဖြစ်ပြီး လင်းကင်းက အထွက်ပရိသတ်အတွက် ဖြစ်သည်ဟုလည်း လင်းကင်းကို ထောက်ခံသူတစ်ဦးက သူ.ထံသို့.စာရေးခဲ့သည်။ ဒပ်ဂလပ်စ်က ဝင့်ဝင့်ဝါဝါ ဝင်လာချိန်တွင် ပါတီနှစ်ခုစလုံးမှ ပရိသတ်များကို ဆွဲဆောင်နိုင်ခဲ့ပြီး ဒပ်ဂလပ်စ် ထွက်သွားလျှင် အမာခံ ရီပတ် ဘလီကင်များသာ ကျန်တော့သည်ဟု ထိုသူက ထောက်ပြခဲ့သည်။ ဒပ်ဂလပ်စ်နှင့် နောက်လိုက်ထောက်ခံသူများကလည်း ဒပ်ဂလပ်စ်ကို နားထောင်စေရန် စုထားသောပရိသတ်ကို လုယူသည်ဆိုပြီး လင်းကင်း ကို စိတ်ဆိုးခဲ့ကြသည်။ လင်းကင်းသည် ကိုယ်ပိုင်ပရိသတ်ကို ရအောင်မစုနိုင်သဖြင့် ထိုကဲ့သို့. လုပ်သည်ဟု *အီလီန်ရိုင်းစတိတ်ဒ် ရက် ကျစ်စတာ* သတင်းစာ (ဒီမိုကရက်သတင်းစာ)က ရေးသားခဲ့သည်။ ဒီမိုကရက် ပါတီကို ထောက်ခံသည့် ရှီကာဂို တိုင်းမ်စ် သတင်းစာကလည်း "လင်းကင်းသည် ပရိသတ်ကြီးတစ်ခုကို အလိုရှိသည်။ လူအများကလည်း သူ.ကို နားမထောင်လိုကြပေ။ လင်းကင်းသည် ပြည်နယ်အတွင်း လှည့်လည်ပြီး အမြဲတမ်းပရိသတ် အတော်များများ ရှိလာသည့် ဆပ်ကပ်အဖွဲ့ နှစ်ဖွဲ့.အနက်

တစ်ဖွဲ့.ဖွဲ့.သို့. ဝင်သင့်သည်" ဟု ခနဲ.ခဲ့သည်။

ဒပ်ဂလပ်စ်က သူ၏ မဲဆွယ်တရားပွဲများ၌ သူ.အား မစ်ဇူးရီးညှိနှိုင်းသဘောတူညီမှု ပယ်ဖျက်စေရန်အတွက် အကျင့်ပျက်စွာ အမြဲတတ်ထုတ်မှု ပြုလုပ်သည်ဟု စွပ်စွဲခဲ့သော လိုင်းမင်း ထရမ်းဘူးလ်အား ပို၍ထိုးစစ်ဆင်ခဲ့သည်။ လင်းကင်းကလည်း သူ၏ မဲဆွယ်တရားပွဲ သေနင်္ဂဗျူဟာကိုလိုက်၍ ပြောင်းလိုက်သည်။ လင်းကင်းက သူတို့.နှစ်ဦး၏ ရန်ပွဲသည် မိမိ၏ ရွေးကောက်မဲ့ မဲဆွယ်မှုအပေါ်၌ ပရိသတ်စိတ်အာရုံပြောင်းလဲသွားလိမ့်မည်ဟု ယူဆခဲ့သည်။ လင်းကင်းက မိမိနှင့် ဒပ်ဂလပ်စ်တို့. နိုင်ငံရေး မဲဆွယ်စကားစစ်ထိုးပွဲ အစီအစဉ်များ ကျင်းပရေးအတွက် အဆိုပြုလိုက်သည်။ ဒပ်ဂလပ်စ်က သဘောတူရန် ဝန်လေးခဲ့သည်။ လင်းကင်းနှင့် ယှဉ်ပြောရခြင်းကြောင့် သူ.တွင် မည်သို့.မျှ အကျိုးရှိနိုင်စရာ အကြောင်းမမြင်။ လူသိနည်းသော ပြိုင်ဘက် (လင်းကင်း)ကို လူပိုသိအောင် လုပ်ပေးရာ ရောက်မည်ဖြစ်ပြီး သူ.အဖို့. ပို၍ အရှုံးသာရမည်ဟု ဒပ်ဂလပ်စ်က စဉ်းစားခဲ့မိသည်။ သို့.သော်လည်း ဒပ်ဂလပ်စ် ငြင်းပယ်၍လည်း မရနိုင်။ ငြင်းလိုက်လျှင် လင်းကင်းအား သူက ကြောက်သည်ဟု အထင် ခံရမည်။ ဒပ်ဂလပ်စ်သည် မခံချင်စိတ်ဖြင့် စကားစစ်ထိုးပွဲ ခုနစ်ပွဲ ကျင်းပရန် သဘောတူလိုက်သည်။ ကွန်ဂရက် မဲဆန္ဒနယ်မြေ ငါးခု ကျင်းပရန်နှင့် ဒုတိယအချို့ကို စပရင်းဖီးလ်စွင်လည်းကောင်း၊ သတ္တမပွဲကို ရှီကာဂိုခွဲလည်းကောင်း ကျင်းပစေရန်ဖြစ်သည်။

(၆)

၁၉၅၈ ခုနှစ်၊ မဲဆွယ်တရားပွဲများတွင် လင်းကင်း၏ အလုပ်မှာ ဒပ်ဂလပ်စ်နှင့် စကားစစ်ထိုးရန် တစ်ခုတည်း မဟုတ်ခဲ့ပေ။ သူ.တွင်

www.burmeseclassic.com

www.burmeseclassic.com

အတွင်းရေးမှူးမရှိ၊ အချိန်ပြည့်လက်ထောက်များလည်း မရှိ၊ မဲဆွယ်ပွဲ အတွက် တာဝန်ပေးထားသော အုပ်ချုပ်သူဟူ၍လည်း မရှိ၊ မဲဆွယ်တရားပွဲ များအတွက် အသေးစိတ်အချက်အလက်များကို သူကိုယ်တိုင် ဆုံးဖြတ် ဆောင်ရွက်ခဲ့ရသည်။ သူ၏အကျိုးကိုလိုလား စိတ်ဝင်စားသည်ဟု ပြောဆို ခဲ့သည့် မိတ်ဆွေများရှိခဲ့သည်။ ယခုအချိန်သည် သူ့အတွက် အကူ အညီလိုသော အချိန်ဖြစ်သည်ဟု သူတို့အား သတိပေးပြီး လင်းကင်း ရန်ပုံငွေရှာခဲ့ရသည်။ ရီပတ်ဘလီကင်ပါတီအတွက် မဲဆွယ် ဆောင်းပါး များကို အင်္ဂလိပ်ဘာသာနှင့် ဂျာမန်ဘာသာတို့ဖြင့် ရိုက်နှိပ်သည့်အလုပ် များကို စီစစ်ကြီးကြပ်ခဲ့ရသည်။ အီလီနွိုင်းတောင်ပိုင်းမှ ရီပတ်ဘလီကင် များသည် အားနည်းကြသည်။ ထို့ကြောင့် စိန့်လူးဝစ္စရှ် *မစ်ဇူးရီး ဒီမို* ကရက်သတင်းစာကို အရောင်းသွက်အောင် မြှင့်တင်ပေးရေးအတွက် ဂျာမန်– အမေရိကန် ဝွန် နီကိုလေးအား လင်းကင်း၊ ထရမ်ဘူးလ်နှင့် အခြားငါးဦး တို့က ဒေါ်လာ ၅၀၀ ပေး၍ စေခိုင်းခဲ့ရသည်။ သတင်းစာ၏အမည်မှာ ဒီမိုကရက် ဖြစ်သော်လည်း ရီပတ်ဘလီကင်ကို အခိုင်အမာထောက်ခံသော သတင်းစာ ဖြစ်နေသောကြောင့်ဖြစ်သည်။

လင်းကင်းသည် ရီပတ်ဘလီကင်ပါတီအတွက် သေနင်္ဂဗျူဟာ စီစဉ်ရေးဆွဲခြင်းအလုပ်အတွက် အချိန်များများ ပေးခဲ့ရသည်။ ၁၈၅၆ ခုနှစ် ရွေးကောက်ပွဲ၏ ရမဲအခြေအနေများအရ ရီပတ်ဘလီကင်ပါတီသည် ပြည် နယ်၏ အထွေထွေရုံးဌာနနှစ်ခုအတွက် အနိုင်ရရှိမည်မှာ သေချာပေါက် ရှင်းနေသည်။ ပြည်နယ်ဘဏ္ဍာစိုးရာထူးနှင့် ပြည်နယ်ပညာရေးအုပ် ချုပ်ရေးမှူးရာထူးတို့ဖြစ်သည်။ သို့သော်လည်း ဆီးနိတ်အမတ်ရွေးပွဲတွင် လင်းကင်းကိုယ်တိုင် အနိုင်ရရှိရေးမှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၀၀ ခန့် ရွေးကောက်ပွဲ၏ ရလဒ်ပေါ်တွင် မူတည်နေသည်။ ပြည်နယ် လွှတ်တော် ရွေးကောက်ပွဲအတွက် လင်းကင်းတွင် တိုက်ရိုက်ဩဇာ သိပ် မရှိလှပေ။ ရီပတ်ဘလီကင်တို့၏ အခြေအနေမှာ အခါအားလျော်စွာ

အခက်အခဲများ ရှိနေခဲ့သည်။ ထို့ကြောင့် "လင်းကင်းသည် မျက်နှာ မသာမယာ ပိုဖြစ်လာပြီး သူ့အတွက် အနိုင်ရရှိရေးကို စိတ်မချဖြစ်လာ သည်" ဟု ဟန်ဒင်က မှတ်သားခဲ့သည်။

သို့သော်လည်း လင်းကင်းသည် သူ့ကဲ့ကြမ်းကို ပုံချမည့်အစား အခြေအနေကို အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းအားထုတ်ခဲ့သည်။ ၁၈၅၆ ခုနှစ်တွင် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဆီးနိတ် အမတ် မဲဆန္ဒနယ်များ မဲပေးခဲ့ပုံများကို အသေးစိတ် ပြန်လည်လေ့လာပြီး ခန့်မှန်းမှုများ ပြုလုပ် ခဲ့သည်။ လင်းကင်းသည် လိုအပ်ချက်နှင့်အညီ တောင်ပိုင်းနှင့် မြောက် ပိုင်းတို့တွင် လေးကြိမ်စီသာ မဲဆွယ်ဟောပြောမှု လုပ်ခဲ့သည်။ တောင် ပိုင်းကို အားမထားဘဲ မြောက်ပိုင်းကို အသေတွက်ထားခဲ့သည်။ ကျန် အချိန်များတွင် ယခင်က ၃စ်နှင့် ယခု ဘုမသိ ဘမသိပါတီဝင်များအား အကောင်းဆုံးဖြစ်သည့် အလယ်ပိုင်းဒေသကို "ကျွန်ုပ်တို့ ရုန်းကန် လှုပ်ရှား ရမည့် ခရိုင်များ" အဖြစ် သတ်မှတ်ကာ စည်းရုံးရေးဆင်းခဲ့သည်။

လင်းကင်းသည် သူလိုလားသည့် ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းစေရန် ကြိုးစားရင်း ဒီမိုကရက်တို့၏ သွေးကွဲမှုကိုလည်း အမြတ်ထုတ်စည်းရုံးရန် ကြိုးစားခဲ့သည်။ သမ္မတ ဘျူခနန်နှင့် ဒပ်ဂလပ်စ်တို့ စိတ်ဝမ်းကွဲမှုကို စေ့စပ်ရန် အကြိမ်ကြိမ်ကြိုးစားမှုများမှာ မအောင်မြင်ခဲ့ပေ။ ဆက်ဇက်၍ စိတ်ဝမ်းကွဲနေကြဆဲပင်ဖြစ်သည်။ သမ္မတ ဘျူခနန်နှင့် တောင်ပိုင်းမှ အကြပေးပုဂ္ဂိုလ်များက အီလီနွိုင်း ဆီးနိတ် အမတ် ဒပ်ဂလပ်စ် ရုံးအောင်လုပ်ရေးကိုပင် အကူအညီပေးရန် ဆုံးဖြတ် ခဲ့ကြသည်။ တစ်ပိုင်းအားဖြင့် ဒပ်ဂလပ်စ်အပေါ် ရန်ညှိုး အာဃာတ ထားမှုကြောင့် လည်းဖြစ်သည်။ တစ်ပိုင်းအားဖြင့် ဒီမိုကရက်တို့သည် ပါတီ၏ ဦးဆောင်မှုကို ဆန့်ကျင် တော်လှန်၍ မရကြောင်းကို သက် သေပြလိုခြင်းကြောင့်ဖြစ်သည်။ ဘျူခနန်နှင့်က အီလီနွိုင်းပြည်နယ်တွင် ဒပ်ဂလပ်စ်၏ ထောက်ခံချက်ဖြင့် ခန့်အပ်ထားသည့် စာတိုက်မှိုလ်များနှင့်

www.burmeseclassic.com

www.burmeseclassic.com

အခြားအစိုးရအရာရှိများကို စတင်ဖယ်ရှားခဲ့သည်။ သူတို့.နေရာများတွင် ဒပ်ဂလပ်စ်၏ အသည်းစွဲရန်သူဟု ဆိုသူများအား ခန့်.အပ်ခဲ့သည်။ ထို့.အပြင် ဘျူခန်နန်သည် အီလီန္ဒိုင်းပြည်နယ်၌ အမျိုးသားဒီမိုကရက်တစ်ပါတီကို သီးခြား ဖွဲ့.စည်းစေခဲ့သည်။ ၄င်းတို့.ကို ဒိန်းနိုက်ဟု ပြက်ရယ်ကာ ခေါ်ဆိုခဲ့ကြသည်။ အချို့.သောဒိန်းနိုက်များက လင်းကင်းအား ထောက်ခံခဲ့ကြပြီး အချို့.က ဒီမိုကရက်မဲများ ကွဲသွားစေရန် ကိုယ်ပိုင်ကိုယ်စားလှယ်တစ်ဦး တင် သွင်းစေလိုကြသည်။

ဒပ်ဂလပ်စ်ကလည်း သိသည်။ သူက "အမျိုးသားဒီမိုကရက်များနှင့် ရီပတ်ဘလီကင်တို့. လုပ်ကြံအမြဲတံထုတ်ခဲ့ကြောင်းနှင့် ထိုနစ်ဖွဲ့.တွင် သူ.အား ရုံးစေလိုသည့်ဆန္ဒတစ်ခုတည်းသာရှိကြောင်း" စွပ်စွဲခဲ့သည်။ ထရမ်ဘူးလ်က အခြေအနေကို အရေးတကြီးမေးသောအခါ လင်းကင်းက မိမိသည် ဘျူခန်နန် ၏လှုပ်ရှားမှုများနှင့် မဟာမိတ်ဖွဲ့.ခြင်း မရှိကြောင်း၊ ဒီမိုကရေစီပိုင်းတွင် ဆန္ဒ ကွဲပြားမှုရှိသည်ကို တွေ့.ရသဖြင့် ကျေနပ်မိကြောင်း၊ မိမိအနေဖြင့် တားဆီးမှု လုံးဝလုပ်မည်မဟုတ်ကြောင်း၊ သူတို့.နှင့်လည်း တစ်ဘက်နှင့်တစ်ဘက် မှုပိုင်းဆိုင်ရာ အလျှော့အတင်း အပေးအယူ ပြုလုပ်ပေးရမည် သဘောတူညီမှုများလည်း မပြုလုပ်ခဲ့ကြောင်း၊ ဒိန်းနိုက်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်မှုများလည်း မပြုလုပ်ခဲ့ကြောင်း လင်းကင်းက အကြောင်း ပြန်ကြားခဲ့သည်။

ထိုစကားသည် တိတိကျကျ မှန်ကန်သည်ဆိုသော်လည်း လုံးဝ မှန်ကန် ခဲ့သည်တော့ မဟုတ်ခဲ့ပေ။ လင်းကင်းသည် ထရမ်ဘူးလ်ထံ စာရေးအကြောင်းကြားခဲ့ပြီးနောက် ရက်ပိုင်းအနည်းငယ်အတွင်းမှာပင် သူသည် အမျိုးသားဒီမိုကရက်တစ်ပါတီမှ ပြည်နယ်ဘဏ္ဍာစိုး ဗိုလ်မှူးကြီး ဂျွန် ဒိုးဂါတီနှင့် ရွေးကောက်ပွဲအကြောင်း တိတ်တဆိတ် ဆွေးနွေးခဲ့ခြင်းကြောင့် ဖြစ်သည်။ ဒိုးဂါတီက့ ခရိုင်တိုင်းတွင် သူတို့.ကိုယ်စား လှယ်လောင်း အရွေးခံမည်ဟု ပြောသောအခါ လင်းကင်းက "ဒါဆို ရှင်းသွားပြီ၊ တိုက်ပွဲစပြီ" ဟု

ပြန်ပြောခဲ့သည်။ သို့.သော်လည်း ဒိန်းနိုက်တို့.နှင့် ဆွေးနွေးရာတွင် လင်းကင်းက ရှင်းအောင်နေပြီး ဟန်ဒင်ကို အကောင်းဆုံးကြားလူအဖြစ် အသုံးချခဲ့သည်။ ဟန်ဒင်၏ညီ ဆဲလီးယက် ဟန်ဒင်မှာ အမျိုးသားဒီမိုကရက်တို့.၏ *အီလီန္ဒိုင်းစတိတ်ဒ် ဒီမိုကရက်* သတင်းစာ အယ်ဒီတာဖြစ်ပြီး သူ၏ ဖခင်မှာလည်း ဘျူခန်နန်ကို ထောက်ခံသူဖြစ်သောကြောင့် ဖြစ်ပေသည်။ ဟန်ဒင်က သူနှင့် ဒိန်းနိုက်တို့. ဆွေးနွေးပွဲများ ဘယ်လိုရှိသည်ကို လင်းကင်းအား နောက်ကွယ်ထွင် အမှောင်ချထားခဲ့သည်။ "လင်းကင်း အသေးစိတ် ဘာမျှ မသိပါ။ ကျွန်တော်သာ သိသည်။ သူမသိပါ" ဟု ဟန်ဒင်က ထရမ်ဘူးလ်ကို ပြန်ပြောခဲ့သည်။

ရွေးကောက်ပွဲအတွက် မဲဆွယ်ဟောပြောမှုများ အရှိန်ရလာသည်နှင့်အမျှ ရီပတ်ဘလီကင်များနှင့် အမျိုးသားဒီမိုကရက်များ ပို၍ ရင်းနှီးလာကြသည်။ စက်တင်ဘာလတွင် ပြုလုပ်သော အမျိုးသား ဒီမိုကရက်ပါတီညီလာခံသို့ ပါတီဝင်များ အနည်းငယ်သာ လာခဲ့သည်။ ညီလာခံဟာသ မဖြစ်ရေးအတွက် ရီပတ်ဘလီကင်များက အခန်းပြည့်အောင် တက်ပေးခဲ့ကြရသည်။ ထိုအစည်းအဝေးသို့ "ခင်ဗျားလူ" တက်ပြီး အမျိုးသား ဒီမိုကရက်ပါတီ၏ မဲဆွယ်မှုအစီအစဉ်ကို သိရအောင် ရီပတ်ဘလီကင်ပါတီက ဆောင်ရွက်ခဲ့ရသည်ဟု သူဘွားစ်က လင်းကင်းထံပြန်၍ အစီရင်ခံခဲ့သည်။ မှန်သည်၊ မှားသည်တော့ မပြောနိုင်၊ ငွေကြေးချို့.တဲ့သော *အီလီန္ဒိုင်းစတိတ်ဒ် ဒီမိုကရက်* သတင်းစာ အယ်ဒီတာက အလုပ်သမားများ လုပ်ခမပေးနိုင်ဘဲရှိခဲ့ရာ တစ်ရက်နှစ်ရက်အတွင်း မစ္စတာလင်းကင်းဆီက ဒေါ်လာ ၅၀၀ ရဖို့. သူမျှော်လင့်ထားကြောင်း ပြောခဲ့သည်ဆို၏။

www.burmeseclassic.com

ခုနစ်ခုကို အများဆုံး စိတ်ဝင်စားကြသော်လည်း ၁၈၅၈ ခုနှစ် ရွေးကောက်ပွဲ မဲဆွယ်မှုတွင် အသေးအမွှားကဏ္ဍတစ်ခုသာ ဖြစ်ခဲ့သည်။ စကားစစ်ထိုးပွဲများကို ပုံသေပြုလုပ်ခဲ့သည်။ စကားစစ်ထိုးပွဲ တွင် အလှည့်ကျ စတင်ပြောစေခဲ့သည်။ ပထမ စပြောသူက တစ်နာရီပြောခွင့်ရသည်။ ထို့နောက် ပြိုင်ဘက်လုပ်သူက တစ်နာရီခွဲ ချေပပြောဆိုခွင့်ရသည်။ ထို့နောက်တွင်မှ ပထမစပြောသူက ၃၀ မိနစ် ထပ်မံတုံ့ပြန်ပြောဆိုရသည်။ လင်းကင်းက သူ့အနေဖြင့် အဖွင့်အပိတ် သုံးကြိမ်သာရခဲ့ပြီး ဒပ်ဂလပ်စ်က လေးကြိမ်စီ ရခဲ့သဖြင့် ညည်းညူခဲ့သည်။

ရိပတ်ဘလီကင် *နယူးယောက်တိုင်းမ်စ်* သတင်းစာက "အီလီနွိုင်းပြည်နယ် ၁၈၅၈ ခုနှစ် ရွေးကောက်ပွဲအတွက် ပြည်ထောင်စုတစ်ခုလုံး၌ စိတ်ဝင်စားဖွယ်ရာအကောင်းဆုံး နိုင်ငံရေးစစ်မြေပြင် ဖြစ်ခဲ့သည်" ဟု မှတ်ချက်ချရေးသားခဲ့သည်။ တစ်နိုင်ငံလုံးရှိ သတင်းစာများက ရွေးကောက်ပွဲ မဲဆွယ်မှု တရားပွဲများကို ကျယ်ကျယ်ပြန့်၊ ပြန့်၊ သတင်းယူ ရေးသားခဲ့ကြသည်။ မဲဆွယ်ပွဲ ပြုလုပ်ရာဒေသမှ သတင်းစာများက ပို၍ အသားပေးရေးခဲ့ကြသည်။ ရက်ပေါင်းများစွာ ကြာခဲ့သည့် မဲဆွယ်ရာသီတွင် ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းများအကြောင်းကို သတင်းထောက်များအား သီးခြားတာဝန် ပေး၍ ရေးစေခြင်းကို ပထမဆုံးအကြိမ် စတင်ပြုလုပ်ခဲ့သည်။ ဩဇာရှိ ရိပတ်ဘလီကင်သတင်းစာဖြစ်သော *ရှီကာဂိုပရက်စ်*နှင့် *ထရစ်ဗြွန်း* သတင်းစာက လက်ရေးတိုက္ခမ်းကျင်သော သတင်းထောက် ရောဘတ် ဟစ်ထ်ကို တာဝန်ပေးစေလွှတ်ပြီး စကားစစ်ထိုးပွဲများအကြောင်း လုံးစေ့ပတ်စေ့ ပြန်ပြီး သတင်းရေးခိုင်းခဲ့သည်။ ဒပ်ဂလပ်စ်၏ အာဘော်ဖြစ်သော *ရှီကာဂို တိုင်းမ်စ်* သတင်းစာကလည်း ဂျိမ်းစ် ရာရီဒန်နှင့် ဟဲန်နရီ ဘင်မောတို့နှစ်ဦးအား အလားတူ တာဝန်ပေးပြီး အထူးသတင်းရေးစေခဲ့သည်။ ပါတီနှစ်ခုစလုံးက တစ်ဦးကိုတစ်ဦး အပြန်အလှန် စွပ်စွဲခဲ့ကြသည်။ မိန့်ခွန်းများတွင် မဟုတ် မမှန်သည်များကို မိမိတို့ လိုသလို ဆွဲပြီး တလွဲ

(၇)

လင်းကင်းအား တရားဟောရန် အမြဲမပြတ် တောင်းဆိုမှုများ ရှိခဲ့ရာ ရွေးကောက်ပွဲအတွက် မဲဆွယ်လှုပ်ငန်းစဉ်များကို ရုံးတွင် ထိုင်ပြီး စီမံကြီးကြပ် မလုပ်နိုင်ခဲ့ပေ။ အီလီနွိုင်းပြည်နယ်တစ်ဝန်းလုံးတွင် လူထု တရားပွဲများကို ဒီမိုကရက်နှင့် ရိပတ်ဘလီကင်တို့, ရက်ဆက်ပြုလုပ်ခဲ့ကြသည်။ ကျောင်းများနှင့် ရွာရှိ ဘုရားရှိခိုးကျောင်းများ အတွင်း၌ ပြုလုပ်သော လူနည်းစုတရားပွဲများသို့, ရိပတ်ဘလီကင် ပါတီမှ ခြေမြန်တော်အဖွဲ့သားများ သွားရောက်ကြရသည်။ လူထုအင်အားကြီးများသော တရားပွဲများတွင် ရိပတ်ဘလီကင်ပါတီသည် ပြည်နယ်၏ ပြင်ပမှ ထင်ရှားသော ပုဂ္ဂိုလ်များအား မကြာခဏ ဖိတ် ခေါ် ပြောဆိုခိုင်းခြင်းများ ရှိခဲ့သည်။

သို့သော်လည်း အီလီနွိုင်းပြည်နယ်မှ မဲဆန္ဒရှင်များက ကိုယ်စားလှယ်များအား ပြောကြားကြသည်ကို မလိုလားကြ။ အဓိက ပုဂ္ဂိုလ်များ ပြောကြားသည်ကိုသာ နားထောင်လိုကြသည်။ ထို့ကြောင့် လင်းကင်းနှင့် ဒပ်ဂလပ်စ်တို့မှာ အမြဲတမ်းလိုလို တရားပွဲများ ရှိနေခဲ့ကြသည်။ ဒပ်ဂလပ်စ်သည် မဲဆွယ်တရားပွဲ မိန့်ခွန်းအကြိမ် ၁၃၀ ပြောခဲ့ရပြီး လင်းကင်းက ၆၃ ကြိမ် ပြောခဲ့ရသည်။ ဟိုင်းဝေးလမ်းမကျယ်ကြီးများ၏ လမ်းဘေးတွင် လူနည်းစုများနှင့် တွေ့ဆုံပြောဆိုမှုများ၊ မဲဆွယ်အလှူပြဖောင်များတွင် ပြောဆိုမှုများ မပါဝင်ပေ။ ရွေးကောက်ပွဲမတိုင်မီ ရက်ပေါင်းတစ်ရာအတွင်း၌ ဒပ်ဂလပ်စ်သည် မိုင်ပေါင်း ၅,၂၂၇ မိုင် ခရီးထွက်၍ တရားဟောခဲ့သည်။ လင်းကင်းက လည်း ၎င်္လိုင်လနှင့် နိုဝင်ဘာလအတွင်း၌ မိုင်ပေါင်း ၄,၃၅၀ မိုင် ခရီးထွက်၍ တရားဟောခဲ့သည်။ ရေကြောင်းခရီးဖြင့် ၃၅၀ မိုင်၊ ရထားလုံးဖြင့် ၆၀၀ မိုင်နှင့် ရထားဖြင့် ၃,၄၀၀ မိုင် ခရီးသွားခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် လင်းကင်းနှင့် ဒပ်ဂလပ်စ်တို့၏ စကားစစ်ထိုးပွဲ

www.burmeseclassic.com

တမှားပြောခြင်း၊ ဖြတ်တောက်ခြင်း၊ ပြန်လည်ပြုပြင်ခြင်းတို့ကို ပြုလုပ်ကြသည်ဟု စွပ်စွဲခဲ့ကြသည်။ သို့သော်လည်း မိန့်ခွန်းများကို မိတ္တူကူးပြီး အခြားသတင်းစာများတွင် ထည့်သွင်းဖော်ပြသည့် အသေးစိတ် အစီရင်ခံချက်များမှာ အနှစ်သာရအားဖြင့် လည်းကောင်း၊ ရေးသားဖော်ပြချက် အရလည်းကောင်း များသောအားဖြင့် မှန်ကန်မှုရှိခဲ့ပေသည်။

သတင်းထောက်များက ကိုယ်စားလှယ်လောင်းနှစ်ဦး ကွဲပြားလှသည့် ပုံပန်း အမူအရာများကိုလည်း ထိထိမိမိ မှတ်သားဖော်ပြခဲ့ကြသည်။ ဒပ်ဂလပ်စ်မှာ အရပ်ပုသူဖြစ်ရာ လင်းကင်း၏ ပခုံးအထိသာ အရပ်မြင့်သည်။ မျက်နှာနီမြန်းမြန်းနှင့် တုတ်တုတ်ခိုင်ခိုင်ရှိသည်။ နာခေါင်း အပေါ်ပိုင်းတွင် ထူးထူးခြားခြား ကန့်လန့်ဖြတ် အရေတွန့်နေသည်မှအပ ပုံမှန်မျက်နှာ အနေအထားရှိသည်။ လင်းကင်းမှာ အလွန်အမင်း အရပ်မြင့်ပြီး စိတ်မချမ်းမြေ့ဖွယ်ကောင်းအောင် ပိန်သည်။ အသားအရေ ဖြူဖတ်ဖြူရော်နှင့် ညှိုးနွမ်းသောအသွင်ရှိသည်။ ဒပ်ဂလပ်စ်သည် အသံသြဇာရှိပြီး လင်းကင်း၏ အသံမှာ စူးရှသည်။ ဒပ်ဂလပ်စ်၏အမူအရာများမှာ တင့်တယ်မှုရှိသည်။ ပရိသတ်က လက်ခုပ်သြဘာပေးလျှင် ချစ်စဖွယ် ဦးညွှတ်မှုပေးတတ်သည်။ လင်းကင်းမှာ သြဘာပေးမှုရလျှင် လက်မောင်း လက်ချောင်းများကို လှုပ်ရှားပုံမှာ ကိုးရိုးကားရားနိုင်ပြီး ဦးညွှတ်လိုက်လျှင် လက်မောင်းများကို ဆွဲယူပုံမှာ မောင်းချဒါးပိတ်သည်နှင့်တူသည်ဟု ဆိုသည်။

သူတို့နှစ်ဦးသည် လူထုရှေ့မှောက်သို့ ထွက်ရာတွင် သိသိသာသာ ကွာခြားမှုများ ရှိကြသည်။ ဒပ်ဂလပ်စ်က နိုင်ငံသိ နိုင်ငံရေးသမားတစ်ဦးအဖြစ် သြဇာရှိသူပုံပန်းကို ဖမ်းလိုသည်။ သူ၏ လှပသော ဒုတိယဇနီးချော အေဒဲလ် ကပ်စ်က သူနှင့် လိုက်ပါလေ့ရှိပြီး အထူးမီးရထားဖြင့် သက်သောင့်သက်သာ ဓိမ်ကျကျအနေအထားဖြင့် ခရီးထွက်တတ်သည်။ ဒပ်ဂလပ်စ်သည် စင်မြင့်ပေါ်၌ ငွေကြေးယိမ်းတပ် လှပသော အပြာရောင်ဝတ်စုံဖြင့် ရုပ်လိုက်လျှင် မဲဆန္ဒရှင်များအား ပြန်ရှင်းပြနေသည့်

ထိပ်တန်းအမေရိကန်ဆီးနိတ်အမတ်အဖြစ် ဟန်ပါမာန်ပါရှိလှသည်။ လင်းကင်းက တစ်မူထူးခြားသောအသွင်ကို တမင်ကျင့်ယူခဲ့သည်။ မီးရထားဖြင့် ခရီးသွားလျှင် သာမန် ခရီးသည်တွဲ၌စီးသည်။ ထို့အတွက် မဲဆန္ဒရှင်များနှင့် တွေ့ဆုံပြီး သူတို့၏ စိတ်ဝင်စားမှုများအကြောင်းကို ဆွေးနွေးရန် အခွင့်အရေးရခဲ့သည်။ မေရီ လင်းကင်းသည် နောက်ဆုံး စကားစစ်ထိုးပွဲတစ်ခုတွင်သာလျှင် လင်းကင်းနှင့် လိုက်ပါခဲ့သည်။ လင်းကင်းက အဝတ်အစားလှလှဝတ် ထားသည့် အထွက်တန်းလွှာပုံပေါက်နေသည့် ဇနီးသည်အား အမွှန်းတင် ပွဲထုတ်လိုစိတ် မရှိပေ။ လင်းကင်းသည် စကားစစ်ထိုးပွဲများတွင် သူနေ့စဉ် ဝတ်စားနေကျ အဝတ်များကိုသာ ဝတ်ဆင်ခဲ့သည်။ လင်းကင်းသည် လက်တို့ပြီး သဲချေးတက်နေသော ကုတ်အင်္ကျီရှည် အနက်ကြီးနှင့် သူ၏ ကြီးထွားသော ခြေဖဝါးကို ပေါ်နေစေသည့် ဘောင်းဘီနက်ကို ဝတ်ထားသည်ဟု မဲဆွယ်စည်းရုံးရေးမှူး ဂျာမန် အမေရိကန်လူမျိုး ကားလ် ရုပ်က ပြောကြားခဲ့သည်။

လင်းကင်းက သူနှင့်ဒပ်ဂလပ်စ်တို့၏ အသွင်အပြင် ခြားနားမှုကို အခါအားလျော်စွာ ပြန်လည်သုံးသပ်ပြရန် ကြိုးစားခဲ့သည်။ "ဒပ်ဂလပ်စ်၏ နောက်လိုက်များက သူတို့၏ ခေါင်းဆောင်သမ္မတ ဖြစ်ရန်မှာ ကြာကြာမလိုတော့ပါဟု မျှော်လင့်ခဲ့ကြသည်။ သူ၏ ဝိုင်းစက်မြူးကြွပြီး အကျိုးဖြစ်ထွန်းမည့် မျက်နှာပေါ်တွင် ကတိများနှင့် အပြည့်ဖြစ်နေသည်။ စာတိုက်များ၊ မြေယာရုံးများ၊ ရဲမှူးများ၊ အုပ်ချုပ်ရေးမှူးများ၊ နိုင်ငံခြားသံတမန်များ၊ ဝန်ကြီးအဖွဲ့ရာထူးများအတွက် ကတိများဖြင့် ထူးဆန်းဖွယ်ရာ စိုစိုပြည်ပြည်ဖောင်းကြွသော အညွှောက်များ ဝေဆာနေသည်။ သို့သော်လည်း လင်းကင်း၏ ပိန်လို ရှည်လျားသော သနားစရာကောင်းသည့် မျက်နှာမှ မုန်လာထုပ်ပင် အညွှောက်ပင် ထွက်လိမ့်မည်ဟု မည်သူမျှ မမြင်ခဲ့ကြပေ။ "ကျွန်တော့် အား သမ္မတဖြစ်လာလိမ့်မည်ဟု မည်သူကမျှ မမျှော်လင့်ခဲ့ကြသော ကြောင့်ဖြစ်သည်" ဟု လင်းကင်းက ပြန်ပြောခဲ့သည်။

www.burmeseclassic.com

သူ၏ ပြောဆိုချက်တွင် အမှားတစ်ခုမျှ မပါခဲ့ပါ။ အမှန်အားဖြင့် လင်းကင်းသည် ဂိုးရိုးကြီးဧယျဖြစ်သည်။ သူ့အတွက် ကိုယ်ရေးကိုယ်တာ သက်သောင့်သက်သာရှိမှုကို ဂရုမစိုက်ဘဲ ဘာမဆို ရိုးရိုးအတိုင်းသာ သဘောကျသူဖြစ်သည်။ ရွှေကောက်ပွဲအတွက် မဲဆန္ဒရှင်များရှေ့ မောက်တွင် မိမိသည် အထိုက်အလျောက် ပန္နဲည်းဥစ္စာ ရှိသူနှင့် ပြည် နယ်အတွင်း၌ အထင်ရှားဆုံး ရှေ့နေတစ်ဦးအနေဖြင့် လူသိအောင် လုပ်စရာ မလိုဘဲ သူ့ကိုယ်သူ အကင်းပါးပြီး မပျက်စီးနိုင်သည့် တောသားတစ်ဦးအဖြစ် ပြသရန်သည် အရေးကြီးခဲ့ပေသည်။

(၈)

ပထမဆုံး အဖွင့်စကားစစ်ထိုးပွဲကို အော်တာဝါမြို့တွင် ကျင်းပခဲ့သည်။ မြို့ကလေးတွင် လူဦးရေ ၉,၀၀၀ ခန့်ရှိပြီး ရှိကာဂိုမြို့၏ အနောက်တောင်ဘက်တွင် မိုင် ၈၀ ခန့် ဝေးသည်။ စကားစစ် ထိုးပွဲသို့ လူ ၁၀,၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ ခြေလျင်ဖြင့် တစ်မျိုး၊ မြင်းသို့မဟုတ် မြင်းလှည်းစီး၍တစ်သွယ်၊ အီလီနွိုင်းမြစ် ကြောင်းမှ တူးမြောင်းသုံးလေမျှား စီးသူများကစီးလာခဲ့ကြသည်။ ရှိကာဂိုမှ အထူးရထားတွဲ ၁၇ တွဲကိုလည်း ပြေးဆွဲပေးခဲ့သည်။ ပီရူးနိုင်ငံ လာဆားလ်တို့မှလည်း ရထားတွဲ ၁၁ တွဲဖြင့် လာရောက်ကြ သည်။ လင်းကင်းသည် ရှိကာဂိုမှလာသော အထူးရထားဖြင့် မွန်းတည့် အချိန်ခန့်တွင် ရောက်လာရာ အော်တာဝါ မြို့တော်ဝန် ဂျူးဆက် ဂလိဗားက လင်းကင်းအား ကြိုဆိုခဲ့သည်။ ပန်းများဖြင့် ချယ်သထားသော မြင်းရထားတွင် လင်းကင်းအား နေရာပေးလျက် အော်ကာဝါမှ လှုပ်ရှိုးဖြူများကိုင်ဆောင်ထားသည့် ကြွေးကြော်သံစာတန်းများနှင့် တီးဝိုင်းပါ တပ်မတော်၏ ကြိုဆိုမှုအင်အားမှာ မိုင်ဝက်ခန့် ရှည်လျားခဲ့သည်။ ပြည်သူ့ရင်ပြင်နှင့် မြို့တော်ဝန်၏ အိမ်သို့ ခေါ်ဆောင်သွားခဲ့သည်။ ထိုအချိန်မှာပင် မြင်းလေးကောင်ကသော ရထားစီးပြီး ပီရူးမှ ရောက်လာသော ဒပ်ဂလပ်စ်အား အပြုံးပရိသတ်က တစ်ခဲနက် ကြိုဆိုခဲ့ကြသည်။

မွန်းလွဲ ၁ နာရီခန့်အချိန်တွင် လူထုကြီးသည် နိုင်ငံရေး စကားစစ်ထိုးပွဲ ကျင်းပမည့် လာဖေးယက် ရင်ပြင်သို့ စတင်ရောက်ရှိလာပြီး နေရာကောင်းလုခဲ့ကြသည်။ ထိုင်စရာ ကုလားထိုင်များ မရှိပါ။ လူထုကြီးသည် သုံးနာရီလုံးလုံး မတ်တတ်ရပ်၍ နားထောင်ကြရမည်ဖြစ်သည်။ နောက်တီး နောက်တောက်လူအချို့က အလေးပေါ် အလျင်အမြန် ဆောက်လုပ်ထားသည့် စကားစစ်ထိုးမည့်သူတို့ ရပ်မည့်စင်၏ ခေါင်မိုးပေါ်သို့ တက်ခဲ့ကြသည်။ ခေါင်မိုးမှ သစ်ချပ်များ ပြုတ်ကျသွားခဲ့ပြီး ဧည့်ခံကြိုဆိုရေး ကော်မတီအဖွဲ့ဝင်များ၏ ခေါင်းပေါ်သို့ မထင်မှတ်ဘဲ ပြုကျသွားခဲ့ခြင်းဖြစ်သည်။ ကံအားလျော်စွာပင် ဒပ်ဂလပ်စ် မိန့်ခွန်း စတင်ပြောမည့် မွန်းလွဲ နှစ်နာရီခွဲအမီ ပြုပြင်ခဲ့ကြရသည်။

ဒပ်ဂလပ်စ်၏ အဖွင့်စကားများမှာ ပြင်းထန်၍ အားမာန်ပါလှရာ လင်းကင်း တုန်လှုပ်သွားပုံရခဲ့သည်။ ဒပ်ဂလပ်စ်က လင်းကင်းပြောခဲ့ သည့် အတိုင်း ခြေသေ့တစ်ကောင်ဖြစ်သည်။ သို့သော်လည်း သွားများထက်နေသည့် ခြေသေ့တစ်ကောင်ဖြစ်ပုံကို သရုပ်ပြသရန် ရည်ရွယ်ချက်ဖြင့် စတွက်ခဲ့ခြင်းဖြစ်သည်။ ဒပ်ဂလပ်စ်က ရွှေကောက်ပွဲ မဲဆွယ်မှု တစ်လျှောက်လုံးတွင် အသုံးပြုမည့် သူ၏ အဓိက ရှင်းလင်းချက်ကို ထုတ်ဖော်ကြေညာလိုက်သည်။ ဒပ်ဂလပ်စ်က လင်းကင်းနှင့် ထရမ်းဘူးလ်တို့သည် ရီပတ်ဘလီကင်ပါတီ အမည်ခံသည့် ကျွန်စနစ် ချုပ်ငြိမ်းရေးပါတီတစ်ခု ထူထောင်ရန်အတွက် ၁၈၅၄ ခုနှစ်ကတည်းက ဒီမိုကရက်များနှင့် ဂုစ်ပါတီဝင်များကို ဖျက်ဆီးပစ်ရန် ကြံစည်ခဲ့ကြကြောင်း ပြတ်ပြတ်သားသား ရှင်းလိုက်သည်။ ဤရည်ရွယ်ချက်၏ သက်သေအဖြစ် လင်းကင်းသည် ၁၈၅၄ ခုနှစ်တွင် ကျင်းပသော ပထမအကြိမ် ရီပတ်ဘလီကင်ပါတီ ညီလာခံ

www.burmeseclassic.com

ကတည်းက ကျွန်စနစ် ဆန့်ကျင်ရေးမူကိုယူခဲ့ရာ ထိုမူကို ယခုတိုင် ဆက်လက် ကျင့်သုံးမှု ရှိမရှိကို မိမိသိလိုကြောင်း ဒပ်ဂလပ်စ်က တောင်းဆို ခဲ့သည်။ ထို့နောက် ၄င်းက ဖြေကြားရန် စိတ်မပါသော သက်သေတစ်ဦး အား တရားသူကြီးက အတင်းညှစ်မေးသည့်ပမာ လင်းကင်းကို မေးခွန်းများ ထုတ်လိုက်လေသည်။ လင်းကင်းသည် – – –

"၁၈၅၄ ခုနှစ်ကကဲ့သို့ပင် ခြင်းချက်မရှိ ရုပ်သိမ်းခဲ့သော ကျွန် ဝရမ်းပြေးဥပဒေကို ယခုတိုင် လိုလားပါသလော"

"ပြည်ထောင်စုအတွင်းသို့ ကျွန်စနစ်ကို လက်ခံသော ပြည် နယ်များ ထပ်မံဝင်ရောက်ခွင့်ပြုရေးကို ဆန့်ကျင်သလော"

"ပြည်နယ်တစ်ခုရှိပြည်သူလူထုက သူတို့ပြည်နယ်အတွက် သင့် လျော်သည်ဟု ယူဆသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုကို ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်နယ်သစ်တစ်ခုအား ပြည်ထောင်စုအတွင်း ဝင်ရောက်ခွင့်ပြုရေးကို ဆန့်ကျင်သလော"

"ကိုလမ်းဘီးယားခရိုင်တွင် ကျွန်စနစ် ချုပ်ငြိမ်းရေးအတွက် ထောက်ခံသလော"

"ပြည်နယ်များ တစ်ခုနှင့်တစ်ခုအကြား ကျွန်အရောင်းအဝယ် ပြုလုပ်ခြင်းကို အဆုံးသတ် ချုပ်ငြိမ်းစေရေးအတွက် သန္နိဋ္ဌာန်ပြုထား သလော"

"နိုင်ငံပိုင်နယ်မြေများအားလုံးတွင် ကျွန်စနစ်မရှိအောင် တား မြစ်ရေးကို လိုလားသလော"

"နယ်မြေတိုးချဲ့ရေးတွင် ကျွန်စနစ် တားမြစ်မှုရှိသော နယ်မြေ များကိုသာ ထပ်မံအလိုရှိသလော"

ဒပ်ဂလပ်စ်က လင်းကင်းသည် ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်ကို ဖိနှိပ်ချုပ်ချယ်သည်။ လင်းကင်းသည် ကျောချို ဝေါ်ရှင်တင်၊ ကျိမ်းစ် မဲ့ဒဆင်နှင့် အစိုးရကို စတင်ဖွဲ့စည်းပေးခဲ့သူများ မစဉ်းစားခဲ့သည့် ပြည်နယ်အားလုံးတွင်

တစ်ညီတစ်ညွတ်တည်းဖြစ်စေရေး ပေါ်လစီကို ပြဋ္ဌာန်းလိုသူဖြစ်ကြောင်း ဒပ်ဂလပ်စ်က စွပ်စွဲပြောဆိုခဲ့သည်။

ဒပ်ဂလပ်စ်အား မည်ကဲ့သို့ ပြန်လည်ဖြေကြားရမည်ကို လင်းကင်း တွေဝေသွားခဲ့သည်။ လင်းကင်းသည် သူစဉ်းစားချိန်၊ စာပိုဒ်စာသားများကို ဂရုတစိုက်ပြင်ဆင်ချိန်နှင့် စိစစ်ရန် အခွင့်ရလျှင်တော့ အကောင်းဆုံးအနေ အထားမှာ ရှိလေ့ရှိသည်။ စကားစစ်ထိုးပွဲ ပြုလုပ်ရသောပုံစံမှာ သူ့အတွက် အဆင်မပြေလှသည်မှာ ရှင်းနေသည်။ စကားစစ်ထိုးရာတွင် လက်တန်း ကျပန်း ပြောနိုင်ရန်လိုသည်။ ပြိုင်ဘက်ဖြစ်သူ၏ စွပ်စွဲချက်များကို လျင်မြန် စွာ ပြန်လည်အစီအစဉ်ချပြီး ချေပရန်လိုသည်။ လင်းကင်းက ဒပ်ဂလပ်စ် ဖတ်ပြ သွားသည့် ၁၈၅၄ ခုနှစ် ဆုံးဖြတ်ချက်များမှာ မိမိနှင့် မဆိုင်ကြောင်း၊ မိမိ၏အမည်ကိုလည်း ခွင့်ပြုချက် မရဘဲ အသုံးပြုခဲ့ကြကြောင်း အမှားမှား အယွင်းယွင်း ဖြေကြားခဲ့သည်။ ထို့နောက် ၁၈၅၄ ခုနှစ်က သူ၏ မိန့်ခွန်း တွင် ပါဝင် ခဲ့သည့် "တစ်ကမ္ဘာလုံး၏ ခွန်အားကို သုံးရစေကာမူ ကျွန်စနစ် ဖျက်သုဉ်းအောင် မည်ကဲ့သို့ ဆောင်ရွက်ရမည်နည်းကို မိမိ မသိပါ" ဟူ သည့် စာပိုဒ်ကို ပြန်ဖတ်ပြခဲ့သည်။

လင်းကင်းသည် ရရှိထားသော အချိန်ကို အသုံးမချတတ်ဘဲ အလောတကြီး မိန့်ခွန်းပြောသွားခဲ့သည်။ လေယူလေသိမ်း တိကျမှန်ကန်မှု မရှိသည့် အခက်အခဲကို ကြုံခဲ့သည်။ တစ်ခါတစ်ရံတွင် ရိုးနေသော ဟာသ များကို သုံးခြင်း၊ တစ်ခါတစ်ခါ၌မူ လူအများ နားလည်ရန်ခက်သည့် ဥပဒေ စကားလုံးများကို ထည့်ပြောခဲ့သည်။

ဒပ်ဂလပ်စ်သည် ဟောပြောပွဲစင်မြင့်မှ ထွက်ခွာသွားချိန်တွင် လူအုပ်ကြီးတစ်ခုလုံးလိုလိုက သူ့ဘေးတွင် ဝိုင်းရံပြီး အဆက်မပြတ် အော်ဟစ် အားပေးလျက် ဟိုတယ်အထိ လိုက်ပါသွားခဲ့ကြသည်ဟု ဒီမိုကရက်တို့၏ *အီလီန္နိုင်းစတိတ်ဒ် ဂျာဂျစ်စတာ* သတင်းစာက ရေးသားခဲ့သည်။ လင်းကင်းကို ထောက်ခံသူများကလည်း ညီတူညီမျှ စိတ်ထက်သန်မှုကို

www.burmeseclassic.com

www.burmeseclassic.com

"ဖရိုးပို့.ကျရင် ဒပ်ဂလပ်စ်ကို ခပ်ကြမ်းကြမ်း မေးခွန်းတစ်ချို့.ကို မေးလိုက်ရန်" အကြံပေးခဲ့လေသည်။

(၉)

လင်းကင်းသည် ဖရိုးပို့မြို့. စကားစစ်ထိုးပွဲ၌ တစ်ပတ်ခန့်က အော်တာဝါတွင် နွှဲခဲ့သည်ထက်ပို၍ အပေါ်စီးရခဲ့သည်။ အိမ်ရှင် ပရိသတ်တွင် အမှိုးနုံပါသည်။ သို.သော်လည်း အီလီနွိုင်းပြည်နယ်တွင် ကျွန်စနစ်ချုပ်ငြိမ်းရေးကို အပြင်းအထန် လိုလားသူများ အားကောင်းသည်။ လင်းကင်းသည် အော်တာဝါတွင် ဒပ်ဂလပ်စ်မေးခဲ့သည့် မေးခွန်းများကို ဦးစွာ ဖြေကြားခဲ့သည်။ သူ၏ အဖြေများတွင် အထူးအဆန်း မပါဝင်ပါ။ သူသည်

"ကျွန် ဝရမ်းပြေဥပဒေကို ရုပ်သိမ်းမှုကို မထောက်ခံပါ"

"ပြည်ထောင်စုအတွင်းသို. ထိုကိစ္စ ခွင့်မပြုခဲ့လျှင် လက်ခံသော ပြည်နယ်များ ဝင်ခွင့်ပြုရေးကို ဆန့်ကျင်သည့် ရပ်တည်မှု အနေအထား မရှိပါ။ သို.သော်လည်း ထိုကိစ္စကို ခွင့်ပြုခဲ့လျှင် သူသည် အကြီးအကျယ် ဝမ်းနည်းမိမည်ဖြစ်ပါသည်"

"မိမိတို့.ဒေသနှင့် သင့်လျော်မည့် မည်သည့် ဖွဲ့.စည်းပုံ အခြေခံဥပဒေကို ရေးဆွဲထားပြီးသော ပြည်နယ်သစ်တစ်ခုကိုပင်ဖြစ်စေ ပြည်ထောင်စုအတွင်းသို. ဝင်ခွင့်ပြုရေးကို မဆန့်ကျင်ပါ"

"ကိုလမ်းဘီးယားခရိုင်တွင် ကျွန်စနစ် ချုပ်ငြိမ်းရေးအတွက် လိုလားမှုကို ယနေ. မရပ်တည်ပါ။ သို.သော်လည်း ချုပ်ငြိမ်းသွားမည်ဆိုပါက အလွန်ဝမ်းသာမိမည်ဖြစ်ပါသည်"

"ပြည်နယ်တစ်ခုနှင့်တစ်ခုအကြား ကျွန်ရောင်းဝယ်ဖောက်ကားခြင်းကို တားမြစ်ရေးကို မဆန့်ကျင်ပါ။ သို.သော်လည်း ထို အပြောင်းကို

ပြသခဲ့ကြသည်။ ခွန်အားကောင်းသည့် ရိုပတ်ဘလိကင် တစ်ဒါဇင်လောက်က လင်းကင်းအား သူတို.၏ ပုခုံးပေါ်တွင် သယ်ယူပြီး ဘင်ခရာတီးဝိုင်းဖြင့် မြို့.တော်ဝန်၏အိမ်သို. လိုက်ပို့.ခဲ့ကြသည်။ မြင်ရသည့် ရှုခင်းမှာ ရယ်စရာကောင်းလှသည်။ လင်းကင်း၏ ခြေထောက်များက သူတို.၏ ပုခုံးပေါ်မှ တွဲလောင်းကျနေပြီး လင်းကင်းက သူတို.ခေါင်းများကို ကိုင်ပြီး ထိန်းထားရသည်။ သူ၏ ဘောင်းဘီရှည်က တွန့်.ပြီး အပေါ်တက်ခဲ့ရာ အတွင်းခံဘောင်းဘီရှည်က ခူးအထိ ပေါ်နေခဲ့သည်။

အော်တာဝါစကားစစ်ထိုးပွဲတွင် လင်းကင်းအား မိတ်ဆွေ လူနည်းစုက ကျေနပ်အားရခဲ့ကြသည်။ လင်းကင်းက "ကျည် နည်းနည်းတော့ ထွက်ပါတယ်။ ဒါပေမယ့် ကျုပ်အသက်ရှင်နေသေးတာ သိရလို. ဝမ်းသာမိပါတယ်" ဟု ကျေနပ်စကားပြောခဲ့သည်။ သို.သော်လည်း လင်းကင်းသည် အား အလုံအလောက်.မပါခဲ့၊ ထိုးစစ် မဆင်နိုင်ခဲ့ဟု သူ၏ အကြံပေးပုဂ္ဂိုလ် အများစုက ယူဆခဲ့ကြသည်။ ကွန်ဂရက်အမတ် ဝေါ်ရှ်ဘမ်းအား လင်းကင်းကို ဖရိုးပို့.မှာ တွေ့.ရင် "တိုက်စစ်ဆင်စမ်းလို. ပြောလိုက်ပါ" ဟု မိတ်ဆွေတစ်ယောက်ကတစ်ဆင့် မှာခဲ့သည်။ သတင်းစာ အယ်ဒီတာ ဂျိုးဆက်မက်ဒီးလ်ကလည်း လင်းကင်းအား ပရိယာယ်ပြောင်းရန်၊ ခံစစ်သက်သက် မနေဘဲ ထိုးစစ်ဆင်ရန်၊ "ကိုယ့်မိန့်.ခွန်းဟောင်းတွေနဲ့. ကိုယ့်အတိတ်ကာ အနေအထားတွေ ပြောမနေနဲ့.၊ ဒပ်ဂလပ်စ်ဟာ ကျွန်စနစ်ကို လိုလားတဲ့ ကြံရာပါ သစ္စာဖောက် အလကားလူညာလို. ဆော်ထည့်ပစ်စမ်းပါ" ဟု တိုက်တွန်းခဲ့သည်။

လင်းကင်းကိုယ်တိုင်ကလည်း အော်တာဝါတွင် ပြောဆိုခဲ့ပုံများအတွက် သောကမအေးဖြစ်ခဲ့သည်။ ဒပ်ဂလပ်စ်၏ မိန့်.ခွန်းများကို တုံ့.ပြန်ရေးအတွက် အတိုင်ပင်ခံများထံမှ အကြံတောင်းသည့် ထိပ်သီးဆွေးနွေးပွဲကို သြဂုတ်လ ၂၆ ရက်နေ့.တွင် ရှီကာဂိုရှိ ပြုလုပ်ခဲ့ကြသည်။ အစည်းအဝေးရှိ သေနင်္ဂဗျူဟာပြောင်းရေး ဝိုင်းဝန်း ဆွေးနွေးကြပြီး မက်ဒီးလ်ကပင်

www.burmeseclassic.com

မိမိ အများကြီး မတွေးခဲ့မိကြောင်း ဝန်ခံပါသည်”

“ပြည်ထောင်စု၏ နယ်မြေအားလုံးတွင် ကျွန်စနစ်တားမြစ်ရေးကို ပွင့်ပွင့်လင်းလင်း မပြောခဲ့မိသည်ကိုင် အခိုဟွာယ်သဘောအားဖြင့် ကန့်ကွက်သည့် ဆန္ဒရှိသည်”

“နယ်မြေတိုးချဲ့.ရေးနှင့် စပ်လျဉ်း၍ မိမိတို့.အကြားတွင် ကျွန်စနစ် တိုးပွားမှု ရှိမရှိအပေါ်တွင် မူတည်ပြီး ဆန့်.ကျင်မည် မဟုတ်ပါ”

ထို.နောက် နောက်ဆုံးတွင် လင်းကင်းက ရှိကာဂိုမှ အတိုင်ပင်ခံများ ထောက်ခံအကြံပေးခဲ့သည်အတိုင်း သူ၏ကိုယ်ပိုင်မေးခွန်း လေးခုကို ဒပ်ဂလပ်စ်အား မေးခွန်းထုတ်လိုက်သည်။

(၁) ပထမဆုံးမေးခွန်းမှာ ကဲန်ဆတ်စ်ပြည်နယ်အား ဖွဲ့.စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့်အတိုင်း လိုအပ်သော လူဦးရေများ မရှိသေးမီကာလအတွင်း၌ ပြည်ထောင်စုအတွင်းသို့. ဝင်ခွင့်ပြုရေးကို ထောက်ခံမည်လော။

(၂) အမေရိကန်ပြည်ထောင်စုအတွင်းရှိ နယ်မြေတစ်ခုမှ ပြည်သူများသည် ပြည်နယ်ဖွဲ့.စည်းပုံအခြေခံဥပဒေတစ်ခု မရှိသေးမီကာလအတွင်း၌ မိမိတို့.ဒေသအတွင်း၌ ကျွန်စနစ် လက်မခံရေးကို တရားနည်းလမ်းကျစွာဖြင့် တားဆီးနိုင်ပါသလော။

(၃) ပြည်နယ်များသည် မိမိတို့.နယ်မြေများအတွင်းမှ ကျွန်စနစ်ကို ပထုတ်ရန် ခွင့်မပြုသည့် ဗဟိုတရားရုံးချုပ်၏ ဆုံးဖြတ်ကြေညာချက်ကို ဘာမျှမပြောဘဲနှင့် သဘောတူမည်လော။ ထိုဆုံးဖြတ်ချက်ကို လိုက်နာပါမည်လော။

(၄) နယ်မြေများတိုးချဲ့.မှုသည် ကျွန်စနစ်ပြဿနာနှင့် စပ်လျဉ်း၍ မည်သို့.ပင် အကျိုးသက်ရောက်သည်ဖြစ်စေ နယ်မြေများ တိုးချဲ့.မှုကို ထောက်ခံပါမည်လော။

ဒုတိယမေးခွန်းသည် အခိကသော့ချက်ဖြစ်သည်။ ဒပ်ဂလပ်စ်

ကလည်း ချက်ချင်း တုံ့.ပြန်ဖြေကြားခဲ့သည်။ ဒပ်ဂလပ်စ်က “မလိုလားသော တရားဥပဒေတစ်ခုကို ပြဋ္ဌာန်းမှုဖြင့် ကျွန်စနစ်ကို နယ်မြေတစ်ခုအတွင်းသို့. မဝင်အောင် တားမြစ်နိုင်ပါသည်။ ဒေသဆိုင်ရာ ကြီးကြပ်အုပ်ချုပ်မှု စည်းကမ်းချက်များ၏ ထောက်ခံခွင့်ပြုချက် မရခဲ့လျှင် ကျွန်စနစ်သည် မည်သည့်နေရာတွင်မဆို တစ်နေ.တစ်ရက်မှ တည်တံ့နိုင်မည် မဟုတ်ပါ” ဟု ဖြေကြားခဲ့သည်။

ဒပ်ဂလပ်စ်က “နယ်မြေတစ်ခုမှ ပြည်သူများသည် သူတို့.ပြည်နယ် ဖွဲ့.စည်းပုံ မရှိသေးမီကာလအတွင်း၌ တရားဥပဒေနည်းလမ်းများဖြင့် ကျွန်စနစ်ကို ၄င်းတို့.ပြည်နယ်အတွင်း၌ လက်မခံရေးကို ဆောင်ရွက်နိုင်ပါသည်” ဟု ဖြေကြားခဲ့သည်။ ဒပ်ဂလပ်စ်က ထိုကဲ့သို့. ဖြေကြားလိမ့်မည်ဟုလည်း လင်းကင်းက ကြိုတင်ပြောပြခဲ့သည်။ ဒပ်ဂလပ်စ်၏ ထိုဖြေကြားချက်သည် ဖရီးပို့.လမ်းစဉ်[1]ဝိုဟ် နောင်တွင် ခေါ်ဆိုကြသည်။ ဒပ်ဂလပ်စ်အား ထိုသို့. ရှင်းရှင်းလင်းလင်း ဖြေဆိုစေရေးမှာ အရေးကြီးလှသည်။ သို့.မဟုတ်လျှင် သူ.ကို တိုက်ရိုက် “ချက်” မိရေးမှာ ခက်ခဲလှသည်ဟု လင်းကင်းက မိတ်ဆွေတစ်ဦးထံ စာရေးပြောပြခဲ့သည်။

ထို.နောက် လင်းကင်းသည် ဟန်ဒင်နှင့် အခြားသူများက သူ.အတွက် စပရင်းဖီးလ် သတင်းစာများမှ သုတေသနပြုထားသော အချက်ကို အသုံးချပြီး ဗုံးကြဲသံလို အပြင်းအထန် ဆော်ထည့်လိုက်သည်။ အော်တာဝါတွင် ဒပ်ဂလပ်စ် ဖတ်ကြားပြခဲ့သည့် “ကျွန်စနစ် ချုပ်ငြိမ်းရေး ဆုံးဖြတ်ချက်”များကို လင်းကင်း ထောက်ခံခဲ့သည်ဟု အစွပ်စွဲခံခဲ့ရသည်။ သို့.သော်လည်း ထိုဆုံးဖြတ်ချက်များသည် စပရင်းဖီးလ်ရှိ မည်သည့်အုပ်စုတစ်ခုခုကမှ ဘယ်အခါကမှ ထောက်ခံခြင်း မပြုလုပ်ခဲ့ပေ။ လင်းကင်းတက်ရောက်သော အစည်းအဝေးတစ်ခုခုမှ ဆုံးဖြတ်ခဲ့ခြင်းလည်း မဟုတ်ပေ။ ထိုဆုံးဖြတ်ချက်များကို ကိန်းခရိုင်တွင် ကျင်းပသော လူထုအစည်းအဝေးတစ်ခုတွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့.ရှိခဲ့ကြသည်။ လင်းကင်းက ဤသဘောချက်ကို

www.burmeseclassic.com

ဖော်ထုတ်ခြင်း ဒပ်ဂလပ်စ်၏ တစ်လွှဲတစ်မှား မတရားပြောခဲ့ပုံသည် "အလွန်.အလွန်ကို ထူးဆန်းပါပေ့ခင်ဗျာ" ဟု စိတ်လိုက်မာန်ပါ ဖွင့်ချလိုက်သည်။

လင်းကင်းက ထိုသို့ ဖွင့်ချလိုက်ရာ ဒပ်ဂလပ်စ်မှာ အခိုက်အတန့်.အားဖြင့် "ကြောင်" ထွက်သွားခဲ့သည်။ သို့သော်လည်း ဒပ်ဂလပ်စ်သည် စကားစစ်ထိုးမှုတွင် ကျွမ်းကျင်သူပီပီ ချက်ချင်း လျင်မြန်စွာ ပြန်ထိန်းလိုက်နိုင်သည်။ ဒပ်ဂလပ်စ်က စကားလွှဲပြောသော အဓိပ္ပာယ်ကို သုံးလျက် လင်းကင်းသည် ယခင်က ထောက်ခံခဲ့သည်များကို ငြင်းပယ်လျက် ရှိကြောင်းနှင့် မက္ကဆီကိုစစ်ပွဲကို လင်းကင်း မထောက်ခံခဲ့ပုံများကို ပြစ်တင်ဝေဖန်လိုက်သည်။ ဒပ်ဂလပ်စ် သည် သူ၏ စကားလွှဲသေနင်္ဂဗျူဟာ မအောင်မြင်မှုနှင့် တွေးမိရာ ပရိသတ်အား "လူမည်းရီပတ်ဘလီကင်များ"[2]ဟု ခေါ်ဆိုပြီး "ဆွ" ခဲ့သည်။ လူထုက "မျက်နှာဖြူတွေပါ၊ မျက်နှာဖြူတွေပါ" ဟု ပြန်အော်ကြသည်။ ဒပ်ဂလပ်စ်က "ခင်ဗျားတို့ လူအုပ်အားကိုးနဲ့ လုပ်တာ ကျွန်တော် အရင်ကလည်း မြင်ဖူးပါတယ်။ ခင်ဗျားတို့ ဒေါသတွေကို ထိန်းကြပါ" ဟု မာန်ပါပါဖြင့် ပြန်ပြောခဲ့လေသည်။

လင်းကင်းသည် ဖရီးပို့.ဒ် ပို၍ အားကောင်းစွာ ပြောဆိုခဲ့ပုံကို လူတိုင်းလိုလိုက လက်ခံခဲ့ကြသည်။ ဟန်ခင်ကဲ့သို့ အမာခံလူများက "လင်းကင်း အပြတ်အသာရပြီ" ဟု ယုံကြည်စိတ်ချခဲ့ကြသည်။ ခရီးထေမှ ထောက်ခံသူတစ်ဦးက "လင်းကင်း၏ ထိုက်တန်မှုအတွက် ပိုမိုမြင့်မားသော ရာထူးအတွက် ပြည်သူလူထုက တွက်နေကြပြီ" ဟု မက်ဆာချူးဆက်မှ သတင်းစာတစ်စောင်တွင် ရေးသားခဲ့သည်။ မက်ဒီးလ်ကမူ "လင်းကင်းသည် မဲဆွယ်တရားပွဲ၌ ဒပ်ဂလပ်စ်ကို မမီသဖြင့် ဒပ်ဂလပ်စ် ပြန်၍ အရွေးခံရလိမ့်မည်ထင်သည်"ဟု လျှို့.ဝှက်စွာ စာရေးပြောခဲ့သည်။ သို့သော်လည်း ရီပတ်ဘလီကင်ပါတီ၏ စည်းရုံးရေးကို ကူညီရန်အတွက် လင်းကင်းထက် ပို၍ စကားပြောကောင်းပြီး ပို၍ လူသိများသော လိုင်းမင်း ထရမ်ဘူးလ်သည်

ဝေါရှင်တင်မှ ပြန်လာမည်ဆိုသော သတင်းကြောင့် ရီပတ်ဘလီကင်များ စိတ် သက်သာရာရခဲ့ကြလေသည်။

(၁၀)

ဂျွန်းစ်ဘရိုးမြို့.တွင် ပြုလုပ်ခဲ့သည့် တတိယမြောက် စကားစစ်ထိုးပွဲ၌ လင်းကင်း တစ်ပန်းရှုံးခဲ့ခဲ့မှန်း သူ.ဘာသာသူသိခဲ့သည်။ မြို့.ကလေးမှာ ယူနီယံခရိုင်တွင်ရှိပြီး လူဦးရေ ၈၄၂ ဦးသာရှိသည်။ အီလီနွိုင်းပြည်နယ်၏ တောင်ဘက်အစွန်ဆုံးဒေသရှိ သီးသီးခြားခြား မြို့.ငယ်ကလေးဖြစ်သည်။ မြို့.နေလူထုအများစုမှာ ကဲန်တပ်ကီးနှင့် တဲင်းနက်ဆီးပြည်နယ်တို့.မှ ရွှေ့.ပြောင်းလာကြသည့် တောင်ပိုင်းသားများဖြစ်ကြသည်။ ဆင်းရဲသည့် ကျေးလက်ဒေသဖြစ်ပြီး စီးပွားရေးလုပ်ငန်းများလည်း မရှိသလောက်ဖြစ်၍ ရီပတ်ဘလီကင်ပါတီအတွက် အသုံးမဝင်လှသော အရပ် ဖြစ်သည်။ စကားစစ်ထိုးပွဲသို့ လူ ၂,၀၀၀ အောက် လာရောက်ခဲ့ကြသည်။

လင်းကင်းနှင့် ဒပ်ဂလပ်စ်တို့.သည် ပြီးခဲ့သော စကားစစ်ထိုးပွဲများတွင် ပြောဆိုခဲ့သော အကြောင်းအရာဟောင်းများကို အသစ်ပြန် လုပ်ပြီး စိတ်ကူးအသစ်အဆန်းနှင့် သတင်းအသစ်အဆန်းအနည်း အကျဉ်းလောက်သာ ဖြည့်စွက်ပြောဆိုခဲ့ကြသည်။ ဒပ်ဂလပ်စ်သည် ထရမ်းဘူးလ်၏ စကားတစ်ခွန်းကို အလွန်ဒေါသဖြစ်ခဲ့သည်။ ထရမ်းဘူးလ်က "ပုပ်သိုးနေတဲ့ ဒီမိုကရက်ပါတီရဲ့ အူတွေထဲက ထွက်လာတဲ့ မစင်တွေက ရွေးကောက်ပွဲ မဲဆွယ်တရားပွဲတွေမှာ အရေးပါနေတယ်" ဟု ပြောဆိုခဲ့ခြင်းဖြစ်သည်။ ဒပ်ဂလပ်စ်က လင်းကင်းနှင့် ထရမ်းဘူးလ်တို့.သည် ပါတီနှစ်ခုစလုံးကို ကျွန်စနစ်ချုပ်ငြိမ်းရေးပါတီများ ဖြစ်အောင် လုပ်ကြံခဲ့ကြကြောင်း၊ ၁၈၅၅ ခုနှစ် ရွေးကောက်ပွဲတွင် ထရမ်းဘူးလ်သည် လင်းကင်းအရွေးခံရရေးသက်ဌင်းကိုယ်တိုင် ဆီးနိတ်အမတ်အဖြစ် အရွေးခံဖို့ သေချာရေးအတွက် ယန်းကီး

www.burmeseclassic.com

ပရိယာယ်ကို အသုံးပြုခဲ့ကြောင်း စွပ်စွဲပြောဆိုခဲ့သည်။

လင်းကင်းက အကင်းပါးစွာဖြင့် ဒပ်ဂလပ်စ်၏ ထောင်ခြောက်ထဲ မရောက်အောင် ရှောင်ခဲ့သည်။ အိမ်ရှင် လူထုအား သူ့အနေဖြင့် ဆွဲဆောင်၍ မရနိုင်မှန်း လင်းကင်းသိသည်။ (၄င်းတို့ အနက် သူ၏ နိုင်ငရေးမိတ်ဆွေ အနည်းငယ်သာပါသည်ဟု လင်းကင်းက မှတ်ချက်ချခဲ့သည်။) ထို့ကြောင့် လင်းကင်းသည် နီးဂရိုးများအတွက် တန်းတူအခွင့်အရေး ရရှိရန် ပြဿနာကို မပြောဘဲ ရှောင်ခဲ့သည်။ လင်းကင်းက ဒပ်ဂလပ်စ်၏ ဖရီးပို့. လမ်းစဉ်ကိုသာ အများဆုံး တိုက်ခိုက်ပြောဆိုခဲ့သည်။ လင်းကင်းက နယ်မြေသစ်တစ်ခု အတွင်းသို့ ဥပဒေကာကွယ်မှု မရှိဘဲနှင့် ကျွန်စနစ်ဝင်၍ မရနိုင်ပါဆိုသည့် ဒပ်ဂလပ်စ်၏ ပြောဆိုချက်သည် သမိုင်းရေးအရ မမှန်ကန်ကြောင်း၊ ကျွန်စနစ်သည် လက်မခံသော ဥပဒေတားမြစ်ချက်များ ရှိသည့်ကြားမှပင် နေရာသစ်တစ်နေရာတွင် အခြေချနိုင်သည့် ခွန်အားရှိနေ၍ဖြစ်ကြောင်း ရှင်းပြခဲ့သည်။

နောက်ထပ် သုံးရက်အကြာတွင် ချာလ်စ်တင်၌ ကျင်းပသော စကားစစ်ထိုးပွဲ၌ လင်းကင်းအား ပို၍ လှိုက်လဲပျူငှာသော ကြိုဆိုမှုကို ရရှိခဲ့သည်။ ချာလ်စ်တင်သည် ကိုးလ်ခရိုင်တွင်ရှိသည်။ ထိုခရိုင်မှ လူအတော်များများက လင်းကင်းနှင့် သူ၏မိသားစုကို သိကြသည်။ စိတ်တက်ကြွသည့် ကြိုဆိုဆွေးနွေးခဲ့ရေးသမားအချို့က ဗဟိုလမ်းမကြီးတွင် ၈၀ ပေ ရှည်လျားသည့် လင်းကင်းပုံ ပန်းချီကားကြီးတစ်ခု ရေးဆွဲကာ "အနှစ်သုံးဆယ်က မိတ်ဆွေဟောင်း အဘိုးကြီး အေးဘ်"[21]ဟု စာတမ်းရေးထားသည်။ ပုံတွင် နွားထီးသုံးကောင်ဆွဲသော ကဲန်တပ်ကီးလှည်းကို လင်းကင်းမောင်းနေပုံဖြစ်သည်။ ဒီမိုကရက်တို့.ကလည်း "နီးဂရိုးများအတွက် တန်းတူညီမျှမှု"[22]စာတမ်းပါ ပုံတစ်ပုံဖြင့် တန်ပြန်မှုပြခဲ့သည်။ ပုံတွင် မျက်နှာဖြူအမျိုးသား တစ်ဦးက နီးဂရိုးအမျိုးသမီးတစ်ဦးနှင့် တွဲရပ်နေပြီး သူတို့နောက်တွင် ကပြားနီးဂရိုးကလေးတစ်ယောက် ရှိနေသည်။ ထိုပန်းချီကား

သည် စော်ကားလွန်းသည်ဟု ရိပတ်ဘလိကင်များက ယူဆကြပြီး စကားစစ်ထိုးပွဲ မစမီတွင် ဆွဲဆုတ်ပစ်ခဲ့ကြသည်။

လင်းကင်းက မိန့်.ခွန်းအဖွင့်တွင် သူပြောလိုသည့်အချက်ကို ရွေးထုတ်ပြီးပြောခဲ့သည်။ သူက "လူမည်းများနှင့် မျက်နှာဖြူများအကြား ပြည်ဝသော တန်းတူညီမျှမှုရှိရေးကို ထောက်ခံသလား" ဟု အသက်ကြီး ပုဂ္ဂိုလ်တစ်ဦးက ၄င်းအား မေးမြန်းခဲ့ကြောင်း ပြောခဲ့သည်။ ထိုမေးခွန်းအတွက် လင်းကင်းသည် သူ၏ ခံယူချက်များကို သမားရိုးကျ ဝုဒ်ပါတီဝင် ဟောင်းများ အားကောင်းသည့်နေရာတွင် ပွင့်ပွင့်လင်းလင်း ဖြေကြားပြရန် လင်းကင်းက အခွင့်အရေး ရခဲ့လေပြီ။ လင်းကင်းက "ကျွန်တော့်အနေနဲ့ တော့ မျက်နှာဖြူနဲ့ လူမည်းများအကြားတွင် လူမှုရေးနှင့် နိုင်ငရေး တန်းတူညီမျှခွင့် မည်သည့်နည်းဖြင့်မဆို ရရှိရေးကို ယခုလည်း မထောက်ခံပါ၊ ယခင်ကလည်း မထောက်ခံခဲ့ပါ။ ကျွန်တော့်အနေနဲ့ နီးဂရိုးများ မဲဆန္ဒပေးခွင့်ပြုရေး၊ ခုံသမာဓိအဖွဲ့.ဝင်ကျူရီများ ဖြစ်စေရေး၊ အစိုးရရုံးတွင် တာဝန်ထမ်းဆောင်ခွင့် အရည်အချင်းမီအောင် ပြုလုပ်ပေးရေး၊ မျက်နှာဖြူများနှင့် အပြန်အလှန် လက်ထပ်စေရေးတို့.ကို မထောက်ခံပါ။ ယခင်ကလည်း မထောက်ခံခဲ့ပါ။ မျက်နှာဖြူများနှင့် လူမည်းများအကြားတွင် ရုပ်ဆင်းသဏ္ဌာန်အားဖြင့် ကွာခြားမှုတစ်ခု ရှိနေပါသည်။ ထိုကွာခြားမှုသည် လူမျိုးနှစ်မျိုးအား လူမှုရေးနှင့် နိုင်ငရေး တန်းတူညီမျှရေး အခြေခံပေါ်တွင် အတူလက်တွဲနေထိုင်ရေးကို အမြဲထာဝစဉ် ဟန့်.တားနေလိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည်" ဟု ပြောကြားခဲ့သည်။

ဤသို့.ပြောဆိုခဲ့ခြင်းမှာ တောင်ပိုင်းသား ဇာတိချက်ကြွေများ အများဆုံးနေထိုင်သော ပြည်နယ်တွင် နိုင်ငရေးအရ သင့်တော်သလို ပြောဆိုခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သော ဆယ်နှစ်က ထိုဒေသမှ မဲဆန္ဒရှင် ၇၀ ရာခိုင်နှုန်းက နီးဂရိုးများကို အီလီန္တိုင်းပြည်နယ်မှ နှင်ထုတ်စေရေးအတွက် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်စေလိုသောဆန္ဒ ရှိခဲ့သော နယ်

www.burmeseclassic.com

မြေဖြစ်သည်။ လင်းကင်း ထိုသို့ ပြောရန် လိုအပ်ကောင်း လိုအပ်ခဲ့ပေမည်။ လင်းကင်း၏ ပြောဆိုချက်များမှာ ယခင်ကလည်း သူထပ်တလဲလဲ ပြောခဲ့သည့် သူ၏ လေးနက်သော ကိုယ်ပိုင်အမြင်လည်းဖြစ်သည်။ လင်းကင်းသည် ကျွန်စနစ်ကို တစ်သက်လုံး ဆန့်ကျင်ခဲ့သည်။ သို့သော်လည်း အမေရိကန် လူမည်းများ၏ အဆင့်အတန်း အခြေအနေအတွက် လင်းကင်း သိပ်မတွေး တောမိခဲ့ပေ။ လင်းကင်းသည် သူနှင့် ခေတ်ပြိုင်လူငယ်များကဲ့သို့ လူမည်းများအပေါ်တွင် ပုဂ္ဂိုလ်ရေး ရန်လိုစိတ် မရှိပေ။ "လင်းကင်းသည် လူမည်းများအပေါ်တွင် လူအများကဲ့သို့ မလိုလားစိတ်ထားမှုလုံးဝကင်းရှင်းသည်" ဟု ဖရက်ဒရစ် ဒပ်ဂလပ်စ်[23]က မှတ်ချက်ချခဲ့ဖူးသည်။ သို့သော်လည်း လူမည်းများသည် လွတ်လပ်သော လူ့အသိုင်းအဝိုင်းတွင် အဝင်ခွင်ကျ ဖြစ်နိုင်၊ မဖြစ်နိုင်ကို လင်းကင်း မစဉ်းစားခဲ့ပေ။ အမေရိကန်နိုင်ငံ၏ လူမျိုးရေးပြဿနာကို ဖြေရှင်းရေးအတွက် လူမည်းများအား အာဖရိကတိုက်တွင် ကိုယ်ပိုင် ကိုလိုနီဖွင့်ပေးခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟုပင် လင်းကင်း မရှင်းမရှင်း ဆက်လက် တွေးခေါ်ခဲ့သည်။

လင်းကင်းသည် ထိုအကြောင်းအရာမှ ပြောင်းလဲပြောဆိုရာ၌ ဒပ်ဂလပ်စ်ကို ထိုးစစ်ဆင်ခဲ့သည်။ ဒပ်ဂလပ်စ်သည် လီကောမ်တင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကန့်ကွက်လင့်ကစား ကဲ့နဲ့ဆပ်စ်ပြည်နယ်တွင် ကျွန်စနစ်သွတ်သွင်းရေး ကြံစည်မှုတွင် အမှန်တကယ်ပင် ပါဝင်ခဲ့သူဖြစ်ကြောင်း၊ ထိုစွပ်စွဲချက်မှာ ထရမ်ဘူးလ်က စတင်စွပ်စွဲခဲ့ခြင်းဖြစ် သည်။ ထရမ်းဘူးလ်၏ စွပ်စွဲချက်မှာ အစမှ အဆုံးအထိ လုပ်ကြံ ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ဒပ်ဂလပ်စ်က ချေပခဲ့သည်။ လင်းကင်းကလည်း ထရမ်းဘူးလ်ဘက်မှ မဖျင်းမရို ရှည်လျားထွေပြားစွာ ခုခံချေပခဲ့သည်။

ဒပ်ဂလပ်စ်က လင်းကင်းသည် တစ်ချိန်လုံးလိုလို ထိုအကြောင်း ပြောခဲ့သည်ကို အံ့သြခဲ့မိကြောင်း ပြန်ထောက်ခဲ့သည်။ သူက "မစ္စတာ

လင်းကင်းအနေနဲ့ သူ့ရဲ့ကိုယ်ပိုင်မိန့်ခွန်းကို ပြောရမယ့်အစား မပြောဘဲနဲ့ ဘုကြောင်များ ထရမ်းဘူးလ်ရဲ့မိန့်ခွန်းကို ဖတ်ပြနေခဲ့သလဲဆိုတာ ကျွန်တော် မေးပါရစေ" ဟု စိတ်တိုစွာ မေးခွန်းထုတ်ခဲ့သည်။ ထို့နောက် သူက "ကျွန်တော့်အနေနဲ့ အောဘရာဟမ် လင်းကင်းနှင့် ပြိုင်နေရတယ်လို့ ကျွန်တော် ထင်ခဲ့မိတာ။ သူကလည်း ကျွန်တော့် ပြိုင်ဘက်လို့ ပြောခဲ့တာ။ အခုတော့ ဘာမဟုတ်တဲ့ ကိုယ်ရေးကိုယ်တာ အသေးအဖွဲကိစ္စတွေအတွက် အချိန်ဖြုန်းနေတော့ ရွေးကောက်ပွဲ မဲဆွယ်မှုရဲ့ ဂုဏ်သိက္ခာနဲ့ မဆီလျော်ပါဘူးဗျာ" ဟု ရှုတ်ချလိုက်ပြန်သည်။

(၁၁)

ချားလ်စ်တင် စကားစစ်ထိုးပွဲမှာ လင်းကင်း၏ မဲဆွယ် စကားစစ်ထိုးပွဲများတွင် အညံ့ဆုံးဖြစ်ခဲ့သည်။ သို့သော်လည်း လင်းကင်းသည် နောက်ဆုံး သုံးပွဲတွင် ထည်ထည်ဝါဝါ ပြန်၍ အဖတ်ဆယ်နိုင်ခဲ့သည်။ ဂေးလ်စ်ဘတ်တွင် ပြုလုပ်သော စကားစစ်ထိုးပွဲသို့ ပရိသတ်အများဆုံး လာရောက်သော ပွဲတစ်ပွဲဖြစ်ခဲ့သည်။ ထိုမြို့မှာ ကျွန်စနစ် ဆန့်ကျင်သည့် နယ်မြေဖြစ်သည်။ စကဲနဲ့ဒီနေးဗီးယန်း ဒေသသားများ နေထိုင်ကြပြီး လူထုမှာ ရီပတ်ဘလီကင်ကိုယ်စားလှယ်လောင်းအတွက် စိတ်ထက်သန်သည်။ ဒပ်ဂလပ်စ်မှာ အချိန်ကြာလာသော မဲဆွယ်တရားပွဲများကြောင့် သိသိသာသာပင်ပန်းလာသည်။ သူ၏အသံများ ဝင်စပြုလာသည်။ ဒပ်ဂလပ်စ်က ကိုယ်ပိုင် အုပ်ချုပ်မှုကို ထောက်ခံပြီး ရီပတ်ဘလီကင်နှင့် အမျိုးသားဒီမိုကရက်တို့ မတူညီသောသဘာဝကို ဆန့်ကျင်လျက် ယုတ်ညံ့စွာ ပူပေါင်းပြီး ၄င်းအား ဆန့်ကျင်ကြပုံကို ခါးခါးသီးသီး ထိုးစစ်ဆင်ဝေဖန်ခဲ့သည်။ ဒပ်ဂလပ်စ်က လင်းကင်းကိုလည်း နိုင်ငံရေးပုတ်သင်သည် အဖြစ် ရှုတ်ချလိုက်သည်။ လင်းကင်းသည် အိလိန္နွိုင်းပြည်နယ် ရီပတ်ပိုင်း

www.burmeseclassic.com

အစွန်အဖျားဒေသတွင် ဂဲရင့်တော်လှန်သည့် ကျွန်စနစ် ချုပ်ငြိမ်းရေးဝါဒတွင် 25

ထောက်ခံပြောဆိုကြောင်း၊ အလယ်ပိုင်းနှင့် တောင်ပိုင်းခရိုင်များတွင် ဟန်နရီကလေး၏ နောက်လိုက် ဝှစ်ဟောင်း တစ်ဦးဖြစ်ကြောင်းပြောသည်။ ရှိကာဂိုတွင် လင်းကင်းက နီးဂရိုးများအတွက် တန်းတူညီမျှမှုကို ယုံကြည်ကြောင်းပြောသည်။ ချားလ်စ်တင်တွင်မူ အထက်တန်းကျသော လူမျိုးနှင့် အောက်တန်းကျသော လူမျိုးရှိရမည်ဟု ကြေညာသည်ဟု ဒပ်ဂလပ်စ်က ဝေဖန်ပြခဲ့သည်။ သို့သော်လည်း ဒပ်ဂလပ်စ်က သူ့ကိုယ်ပိုင် အယူအဆများမှာ ရှင်းရှင်းလင်းလင်းနှင့် တသမတ်တည်း စွဲစွဲမြဲမြဲရှိသည်ဟု ယူဆကြောင်း လင်းကင်းနှင့် နှီးယှဉ်ပြီး ရှင်းပြသည်။ သူက လွတ်လပ်ရေးကြေညာစာတမ်းကို ရေးဆွဲခဲ့သူများသည် ကြေညာစာတမ်းထဲတွင် လူမည်းများကို ထည့်သွင်းရန် မစဉ်းစားခဲ့ကြောင်း၊ မိမိတို့၏ ဘိုးဘွားများသည် အမေရိကန်အစိုးရကို ဖွဲ့စည်းခဲ့ရာတွင် မျက်နှာဖြူများကိုသာ အခြေခံခဲ့ကြသည်။ မျက်နှာဖြူများ၏ အကျိုးအမြတ်နှင့် ထာဝရ ရှင်သန်ဖွံ့ဖြိုးမှုအတွက် မျက်နှာဖြူများက ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ထပ်၍ ပြောခဲ့သည်။

လင်းကင်း ပြန်လည်ပြောကြားသောအလှည့်တွင် အသံအားနှင့် စိတ်ဓါတ်အားတို့ မာန်ပါလှသည်။ မဲဆွယ်တရားပွဲကြောင့် ပင်ပန်းနွမ်းနယ်နေပုံ မရဘဲ မဲဆွယ်ပြောဆိုမှုအတွက် အားကြိုးမာန်တက် ရှိနေသည်။ လူထုကြီးက မိမိဘက်တွင်ရှိမှန်းသိသော လင်းကင်းသည် မြူးကြွစွာဖြင့် ဒပ်ဂလပ်စ်၏ စွပ်စွဲချက်များကို ပြန်လည်ချေပခဲ့သည်။ ဒပ်ဂလပ်စ်၏ စွပ်စွဲချက်များမှာ ယခင်က ဓါတ်ပြားဟောင်းကြီးများဖြစ်ပြီး ပုံနှိပ် ဖြန့်ဝေခဲ့ပြီးပင်ဖြစ်ကြောင်း၊ ဒပ်ဂလပ်စ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဖခင်ကြီးများကို ဂုဏ် သရေညှိုးနွမ်းအောင် ပြောဆိုခဲ့ခြင်းကြောင့် အပြစ်ရှိကြောင်း သူသည် လွတ်လပ်ရေးကြေညာစာတမ်း စတင်ထုတ်ပြန်ခဲ့သည့်နေ့မှစ၍ လွန်ခဲ့သော သုံးနှစ်ခွန့်အထိ ကမ္ဘာ့မှတ်တမ်းမှတ်ရာများကို ဖျက်ဆီးခဲ့ကြောင်း၊ နီးဂရိုးလူမျိုးကို လွတ်လပ်ရေး ကြေညာစာတမ်းတွင် ထည့်သွင်းဖော်ပြခဲ့မှု မရှိဟုဆိုသောအချက် တစ်ချက်ကို အတည်ပြုချက်ရရန် အချည်းနှီး ကြိုးစားခဲ့ကြောင်း၊ ဒပ်ဂလပ်စ်သည် မိမိ၏အမြင်ကိုလည်း ကောက်ချက်ချ လွဲမှားခဲ့ကြောင်း၊ မိမိ၏ အယူအဆများဖြစ်သည့် မျက်နှာဖြူနှင့် လူမည်းအမျိုးအနွယ်များအကြား ပြည့်ဝသော လူမှုရေးနှင့် နိုင်ငံရေး တန်းတူညီမျှမှုကို မရနိုင်ဟု ဆိုခြင်းနှင့် အဆင့်အတန်းနိမ့်သော လူမည်းအမျိုးအနွယ်သည် မျက်နှာဖြူများနှင့်တန်းတူ ဘဝအသက်ရှင်နေထိုင်မှု၊ လွတ်လပ်မှုနှင့် ပျော်ရွှင်မှုကို ရရှိနိုင်ရန် ထွန်းတူအခွင့်အရေး ရှိသည်ဆိုခြင်းတို့တွင် ဝိရောဓိ မရှိကြောင်း လင်းကင်းက ထပ်၍ ရှင်းပြခဲ့သည်။ ၁၈၅၄ ခုနှစ် ရီပတ်ဘလီကင်ပါတီ၏ ဆုံးဖြတ်ချက်များကို လင်းကင်းအပေါ်တွင် ပုံချရန် ဒပ်ဂလပ်စ်၏ မအောင်မြင်သော ငြင်းဆန်မှုမှာ အပုပ်အသိုးကို အလွဲသုံးစားပြုသည့် တဲငါသည်၏ဇနီးနှင့် တူနေကြောင်း၊ တဲငါသည်သည် ရေနစ်သေဆုံးခဲ့သည်။ သူ၏ ဝမ်းထဲတွင် ဝင်လာသော ငါးရှည်များနှင့် ပြည်နေသော အလောင်းကို အိမ်ယှဉ်လာပြီး "သူ့ကို ဘာလုပ်ရမလဲ" ဟု မေးရာ ဇနီးသည်က "ငါးရှည်တွေကို ထုတ်ယူထားလိုက်၊ ပြီးတော့ သူ့အလောင်းကို ရေထဲပြန်ချထားလိုက်" ဟု ပြောခဲ့သည့် ပုံပြင်ကို လင်းကင်းက ပြောပြီး ဒပ်ဂလပ်စ်ကို စိတ်တိုအောင် ဆွဲခဲ့သည်။

လင်းကင်းသည် ဆက်၍အလေးအနက်ပြောပြန်သည်။ ဒပ်ဂလပ်စ်သည် ကျွန်စနစ်ကို ပြည်သူပိုင်ဖြစ်အောင် ကြံစည်မှုတွင် အပါအဝင်ဖြစ်ခဲ့ကြောင်း၊ အမေရိကန်တော်လှန်ရေးသမိုင်းကို ဖျက်ဆီးပြီး အသစ်ပြန်ရေးလိုသူဖြစ်နေကြောင်း၊ ကျွန်စနစ်ကို အသက်ရှည်အောင် လုပ်နေပုံကို စိတ်ဓါတ်အလင်းရောင်ကို မှောင်အောင်မှုတ်နေသူဖြစ် ကြောင်း၊ ဟန်နရီကလေး၏စကားဖြင့် ကိုးကားပြောရလျှင် ဒပ်ဂလပ်စ်သည် ဆင်ခြင်တုံအသိဉာဏ်နှင့် လွတ်လပ်မှုကို ချစ်မြတ်နိုးစိတ်တို့၏ အလင်းရောင်ကို အမှောင်ဖြစ်အောင် သုတ်သင်ရှင်းလင်းနေသူဖြစ်ကြောင်း၊ သူသည် မကြာမီတွင် သနားစရာကောင်းသည့် မက္ကဆီကို နိုင်ငံ၏နယ်မြေများကို

www.burmeseclassic.com

ကဆောက်ခဲ့သည်။ ထိုနည်းဖြင့် ကျွန်စနစ် ပပျောက်မှ ပြုလုပ်ရေးမှာ သူတို့အချင်းချင်း လူသတ်ပွဲဖြစ်စေနိုင်ရုံသာမက နီးကရိုးလူမျိုးတစ်ခု လုံးပျောက်ကွယ်သွားစေသည်အထိ ဖြစ်နိုင်သည်။ ဒပ်ဂလပ်စ်က ကိုယ်ပိုင် အုပ်ချုပ်ရေး မူဝါဒကို ပြန်လည်အမွှမ်းတင်ခဲ့သည်။ အမေရိကန်နိုင်ငံတွင် ကျွန်စနစ်လက်ခံသော ပြည်နယ်များနှင့် လွတ်လပ်သော နယ်မြေများကို ခွဲခြားထားခြင်းဖြင့် ထာဝရတည်တံ့နိုင်သည်ဟု နိုင်ငံထူထောင်ခဲ့သူများ အသိအမှတ်ပြုခဲ့ပုံကို လက်ခံကြလျှင် ဤနိုင်ငံသည် ကြီးမားသော တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်သည်။ နိုင်ငံတွင်း၌ ပရေရီလွင်ပြင်များ ထိန်းသိမ်း၊ တောရိုင်းများရှင်း၊ မြို့ပြများတည်၊ မီးရထားလမ်းများဖောက်၊ အခြားပြည်နယ်တိုင်း ဒေသများတိုးတက်မှုတို့ကို ထူထောင်နိုင်မည်ဖြစ်သည်။ ထိုအခါတွင် ဤနိုင်ငံသည် ကမ္ဘာကြီး၏ အဖိနှိပ်ခံများ မှီခိုအားထားခိုအောင်းစရာနေရာ ဖြစ်လာလိမ့်မည်ဟု ဒပ်ဂလပ်စ်က ရှင်းပြခဲ့သည်။

လင်းကင်းက နောက်ဆုံး ရှင်းပြရာ၌ ဒပ်ဂလပ်စ်က ကျွန်စနစ် တည်ရှိရေးကို ဝန်ခံပြောဆိုခဲ့ခြင်းမှာ ကျွန်စနစ်ကို ထာဝစဉ် ထားရှိရေး ဖြစ်သည်ဟု ဆိုလိုရာရောက်သည်။ ထိုသည်မှာ ရွေးကောက်ပွဲ မဲဆွယ်မှု တစ်လျှောက်လုံးတွင် ဒီမိုကရက်ကိုယ်စားလှယ်က အမြဲတမ်း ငြင်းခုံပြောဆို နေသောအချက်ဖြစ်ကြောင်း သက်သေပြခဲ့ခြင်းဖြစ်သည်ဟု လင်းကင်းက ကောက်ချက်ချပြောဆိုခဲ့လေသည်။

(၁၂)

ကွင်စီတွင် စကားစစ်ပွဲနွဲကြပြီးသည့်နောက် နောက်တစ်ရက် တွင် လင်းကင်းနှင့် ဒပ်ဂလပ်စ်တို့သည် လူဝိစီရဲ့နာမြို့ တော်အပည် ရှိ သင်္ဘောဖြင့် အယ်လ်တင်မြို့သို့ မစ္စစ္စပီမြစ်ကြောင်းအတိုင်း ဆင်းလာခဲ့ကြသည်။ အယ်လ်

သိမ်းပိုက်ရေးနှင့် တောင်အမေရိကတိုက်မှ ကြွယ်ဝသော ကျွန်များကို ကျူးကျော်ရေးတို့ကိုပါ တိုးချဲ့ တောင်းဆိုလာတော့မည်ဖြစ်ကြောင်း လင်းကင်းက ပြောလိုက်သည်။

နောက်တစ်ပတ်အကြာတွင် နောက်ထပ် စကားစစ်ထိုးပွဲ ကို ကွင်စီမြို့၌ ကျင်းပခဲ့သည်။ နှစ်ဦးစလုံးက သူတို့ပြောဆိုခဲ့ကြပြီးသား လူတိုင်းသိနေသည့် အကြောင်းအရာများကို မဲပြာပုဆိုးလုပ်၍ အပြန် အလှန် ငြင်းဆိုပြောကြားခဲ့ကြသည်။ လင်းကင်းက သူ၏ မိန့်ခွန်း ပြောခါနီးမှ မဲဆွယ်တရားပွဲများ၏ အခြေခံပြဿနာမှာ မမှားယွင်းဟု ထင်နေကြ သူများ၏ သဘောထား ခြားနားမှုပင်ဖြစ်သည်။ ရီပတ်ဘလီကင်များက ကျွန်စနစ်သည် ကိုယ်ကျင့်တရားအရဖြစ်စေ၊ မှားယွင်းမှုတစ်ခုဖြစ်သည်ဟု ယုံကြည်ရာ ကျွန်စနစ် ကျယ်ပြန့်မှုအရှိန်ကို ရပ်တန့်ရန် လိုလားကြသည်။ ဒပ်ဂလပ်စ်က ကျွန်စနစ်ကို အမှားအယွင်းတစ်ခုဖြစ်သည်ဟု မယုံကြည်အဲဒီဆောင်မှုပင် ပေးနေသူဖြစ်ကြောင်း၊ ကျွန်စနစ်ကို မုန်သည်၊ မှားသည်ဟု တစ်ခါကမျှ မပြောခဲ့ဖူးသူဖြစ်သည်ဟု မိမိထင်ကြောင်း လင်းကင်းက ပြောပြခဲ့ သည်။

ဒပ်ဂလပ်စ်ကလည်း လင်းကင်းကို ပြန်လည်ချေပခဲ့သည်။ လင်းကင်းသည် ကျွန်စနစ် ချုပ်ငြိမ်းရေးကို လိုလားသည့် ခရိုင်များ တွင် မူဝါဒတစ်ခုကို ဆုပ်ကိုင်ပြီး ကျန်ခရိုင်များတွင် ထိုမူဝါဒကို ဆန့်ကျင်သည့် အခြားမူဝါဒတစ်ခုကို လက်ကိုင်ပြောဆိုခဲ့သူဖြစ်သည် ဟု ဒပ်ဂလပ်စ်က စွပ်စွဲလိုက်သည်။ ဥပမာအားဖြင့် ဒရက် စကော့ထ်စီရင်ချက်သည် ဤ ကမ္ဘာမြေတွင် အယူခံဝင်၍ မရသော အမှုဖြစ် သည်ဟု ပြောကြားခဲ့သည်။ သို့သော်လည်း တစ်ဖက်တွင် တရား ဥပဒေကို လိုက်နာရမည့်အစား အကြင်း ဖက်မှုနှင့် လူအုပ်အားကိုးကို ဖြင့် အဲကြွမှုတို့ ဖြစ်စေရေးအတွက် လူတို့၏ ခံစားချက်များကို သွေးထိုးလှုံ့ဆော်ပေးနေသူဖြစ်သည်။ ကျွန်များအား ငှင်းတို့ကိုယ် ငှင်းတို့ ထောက်ပံ့နိုင်သော နိုင်ငံသို့ ပို့ပေးစေရန် လင်းကင်း

www.burmeseclassic.com

တင်တွင် နောက်ဆုံးစကားစစ်ထိုးပွဲ ပြုလုပ် ခဲ့ကြရသည်။ စကားစစ်ထိုးပွဲကို အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပခဲ့ရာ ဒပ်ဂလပ်စ်မှာ နွမ်းနယ်ပြီး အသံများပြာနေသည်။ ဒပ်ဂလပ်စ်၏ စအပြောတွင် သူ့အသံကို ကောင်းကောင်းပင် မကြားခဲ့ရပေ။ သူတို့နှစ်ဦးစလုံး တစ်မူထူးခြားသော ပြောဆို မှုများ ပြုလုပ်ခဲ့ကြသည်။ ဒပ်ဂလပ်စ်က လီကော့မ်တင်ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ကန့်ကွက် ခဲ့ပုံနှင့် စပ်လျဉ်း၍ အသေးစိတ် ခုခံပြောဆိုခဲ့သည်။ လူမျိုးရေးကိစ္စအမြင်များတွင် ရီပတ်ဘလီကင်တို့ကို ထိုးနှက်ပြောဆိုခဲ့သည်။ နောက်ဆုံးတွင် အမေရိကန် လွှတ်လပ်ရေး ကြေညာစာတမ်းကို လက်မှတ်ရေးထိုးခဲ့ကြသူများသည် ကြေညာစာတမ်းကို လက်မှတ်ရေးထိုးခဲ့ကြစဉ်က နီးဂရိုးတစ်ဦးကိုဖြစ်စေ၊ အင်းဒီးရင်းလူရိုင်းတစ်ဦးကိုဖြစ်စေ၊ ဖီဂျီကျွန်းသားတစ်ဦးကိုဖြစ်စေ သို့မဟုတ် အခြားရိုင်းစိုင်းသော လူမျိုး တစ်စုကိုဖြစ်စေ ရည်ရွယ်ခဲ့ခြင်း မရှိကြောင်း ဒပ်ဂလပ်စ်က ပြောဆိုခဲ့သည်။

လင်းကင်းက ပြန်လည်ပြောကြားရာ၌ ဒပ်ဂလပ်စ်နှင့် သူ၏ ဘဏ္ဍာခန်နန်အစိုးရတို့အကြား ကျောင်းတော်ကရန်စအကြောင်း ဒပ်ဂလပ်စ်က ဂရမစိုက်ပါဟုပြောခြင်းကို ကြားရ၍ ဝမ်းသာမိကြောင်း၊ မိမိသည် ဟာသပုံပြင်စာအုပ်ဟောင်း တစ်ခုထဲက ဇနီးသည်နှင့် တူပါကြောင်း၊ ခင်ပွန်းဖြစ်သူက ဝက်ဝံကြီးတစ်ကောင်နှင့် နပန်းလုံးနေရသည်ကို ဇနီးဖြစ်သူက ဘေးမှရပ်ကြည့်ပြီး "လုပ်လိုက်ကွ၊ ငါ့ယောကျ်ားဟေ့၊ ဝက်ဝံကြီးကွ လုပ်ထား" ဟု ပြောခဲ့သူလိုဖြစ်ကြောင်း ပြောပြခဲ့သည်။ ထို့နောက် မိမိနှင့် ဒပ်ဂလပ်စ်တို့၏ ကွာခြားမှု ပဋိပက္ခမှာ "ကျွန်စနစ်ကို မှားသည်၊ မှန်သည် အမြင်မတူမှုပင်ဖြစ်ကြောင်း" လင်းကင်းက ထပ်မံရှင်းလင်းပြခဲ့သည်။ "ဤပြဿနာသည် မိမိနှင့် ဒပ်ဂလပ်စ်တို့. သေဆုံးပြီးလည်း ဤတိုင်းပြည်အတွက် ဆက်လက် တည်ရှိနေမည်ဖြစ်သည်။ အမှန်နှင့်အမှားအတွက် တစ်ကမ္ဘာလုံးတွင် ထာဝရရှိသွားမည့် အငြင်းအပွားဖြစ်ပါလိမ့်မည်။ ထိုပြဿနာနှစ်ခုမှာ

ကမ္ဘာ့အစကတည်းက မျက်နှာချင်းဆိုင် တည်ရှိခဲ့ရာ ဆက်လက်၍လည်း ရှိနေဦးမည်ဖြစ်သည်။ တစ်ခုမှာ လူသားတို့နှင့် ဘုံသက်ဆိုင်ပြီး ကျန်တစ်ခုမှာ မင်းမျိုးရာဇာတို့နှင့် သက်ဆိုင်ပါသည်" ဟု လင်းကင်းက ပရိသတ်အား နောက်ဆုံးရှင်းပြခဲ့သည်။

ဤစကားစစ်ထိုးပွဲသည် နောက်ဆုံးပွဲဖြစ်သည်။ လင်းကင်းနှင့် ဒပ်ဂလပ်စ်တို့သည် ဒေသခံများအတွက် တရားပွဲအနည်းငယ် ပြောခဲ့ကြသည်။ သို့သော်လည်း မဲဆွယ်ထုံးရားပွဲများ ပြီးဆုံးသွားပြီ ဟု လူတိုင်းက နားလည်ခဲ့ကြသည်။ အဆုံးအဖြတ်သည် မဲဆန္ဒရှင်တို့အပေါ်တွင်သာ တည်လေတော့သည်။

(၁၃)

အရှုံးအနိုင် အဆုံးအဖြတ် အဖြေမည်ကဲ့သို့ ထွက်ပေါ်လာမည်နည်း။ အဖြေကို ကြိုတင်ဟောကိန်းထုတ်ရန်မှာ ခက်ခဲလှသည်။ စကားစစ်ထိုးပွဲ ခုနှစ်ခုစလုံးကို အသိစိတ်ဓါတ်ရှိရှိဖြင့် တက်ရောက်ခဲ့သူတစ်ဦးပင်ဖြစ်လင့်ကစား (ဖြစ်နိုင်သည်ကတော့ စစ်ထိုးပွဲတစ်ပွဲကို တက်ရောက်ခဲ့ပြီး ကျန်မဲဆွယ်စကားစစ်ထိုးပွဲ ခြောက်ခုကို သတင်းစာများမှ အသေးစိတ် ဖတ်ကြားခဲ့ရသူတစ်ဦးဖြစ်လင့်ကစား) အဆုံးအဖြတ်ပေးရန် ခက်ခဲလှမည်ဖြစ်နိုင်သည်။ စကားစစ်ထိုးမူစွမ်းရည်အရ လင်းကင်းနှင့် ဒပ်ဂလပ်စ်တို့သည် တန်းတူညီတူပင်ဖြစ်သည်ဟုပင် ဆုံးဖြတ်ပေလိမ့်မည်။ စကားစစ်ထိုးပွဲများအစတွင် ဒပ်ဂလပ်စ်သည် ပို၍ အထင်ကြီးစရာ ဖြစ်ခဲ့သည်။ သို့သော်လည်း နောက်ပိုင်းတွင် လင်းကင်းက ပို၍ညက်ပြီး ပျော့ပျောင်းလာခဲ့သည်။

နှစ်ဦးစလုံးသည် စကားစစ်ထိုးမှု နည်းစနစ်သက်သက်ကို သရုပ်ဖော် ပြောဆိုသွားကြသူများ မဟုတ်ကြပေ။ မိမိအနေအထားကို ရှင်းပြ

www.burmeseclassic.com

စကားစစ်ထိုးပွဲများတွင် သူတို့.နှစ်ဦး၏ မိန်.ခွန်းများမှာ အကြီးအကျယ် ထပ်တလဲလဲဖြစ်နေပုံကို ဗဟုသုတရှိသော အီလီနွိုင်းမှ မဲဆန္ဒရှင်များက သိခဲ့ကြသည်။ ဒပ်ဂလပ်စ်သည် မဲဆွယ်ပွဲတစ်လျှောက်လုံးတွင် အခြေခံမိန်.ခွန်းတစ်ခုကို ပင်တိုင်ပြုပြီး အနည်းငယ် ပြောင်းလဲမှုများဖြင့် ပြောဆိုသွားခဲ့သည်။ လင်းကင်းက "ဆီးနိတ် အမတ်မင်း၏ ဆက်တိုက်မေးခွန်းများမှာ တစ်မျိုးတည်း၊ ဒီပုတ်ထဲက ဒီပဲသာဖြစ်ခဲ့သည်" ဟု မှတ်ချက်ချခဲ့သည်။ လင်းကင်း၏ မိန်.ခွန်းများက ပို၍အပြောင်းအလဲပါသည်။ သို.သော်လည်း မကြာခဏ သူပြောခဲ့ဖူးသော မိန်.ခွန်းဟောင်းများထဲမှ စာပုဒ်ရှည်ကြီးများကို ကိုးကားပြောဆိုလေ့ရှိသည်။ စကားစစ်ထိုးပွဲများတွင် ပုံသေစာပိုဒ် စာကြောင်းများကို ကြိမ်ဖန်များစွာ ပြန်လည်ပြောကြားခဲ့သည်။

လင်းကင်း–ဒပ်ဂလပ်စ် စကားစစ်ထိုးပွဲများသည် ကျွန်စနစ်တစ်ခုတည်းလောက်အပေါ်တွင်သာ အာရုံစူးစိုက်ပြောဆိုခဲ့သည်ဟု မဲဆန္ဒရှင်အတော်များများက ထင်ခဲ့သည်ဟု အထောက်အထား မတွေ့.ရှိခဲ့ရပေ။ သူတို့.နှစ်ဦးစလုံးသည် ၁၈၅၇ ခုနှစ်တွင် ကြုံတွေ့.ခဲ့ရသည့် စိုးရိမ်ဖွယ်ရာ အရေးကြီးသော ပြဿနာများကို ဆွေးနွေးခဲ့ကြသည်။ ဘဏ်စည်းကမ်းကိစ္စများ၊ အခွန်အကောက် ပြုပြင်ကောက်ခံရေး၊ လူဝင်မှုကြီးကြပ်ရေး၊ လယ်သမားများအတွက် လယ်ယာမြေ ဝေခြမ်းရေး၊ စက်ရုံအလုပ်သမားများ အခြေအနေတိုးတက်စေရေးစသည့် ပြဿနာများကို ဆွေးနွေးခဲ့ကြသည်။ သို.သော်လည်း စကားစစ်ထိုးသူနှစ်ဦးသည် ထိုအကြောင်းအရာများအနက်မှ တစ်ခုခုသော အကြောင်းအရာကိုမျှ အာရုံစူးနစ်မြုပ်စွာဆိုမှ မပြုလုပ်ခဲ့ကြပေ။ အဘယ့်ကြောင့်ဆိုသော် ယင်းတို့.နှစ်ဦးနှင့်အတူ အီလီနွိုင်းပြည်နယ်မှ မဲဆန္ဒရှင်များသည် လက်ရှိ ကျွန်စနစ်၏ အခြေအနေနှင့် အနာဂတ်အလားအလာကိစ္စတို့.မှာ နိုင်ငံတော်၏ အဓိကပြဿနာဖြစ်သည်ဟု ခံစားနေခဲ့ကြသောကြောင့် ဖြစ်ပေသည်။

ကျွန်စနစ်အပေါ်တွင် အာရုံစူးစိုက်ပြောဆိုခြင်းဖြင့် လင်းကင်းနှင့်

ခြင်း၊ အဓိပ္ပာယ်ပေါ်လွင်အောင် ယုတ္တိဗေဒဆန်စွာ ထပ်မံပြောဆိုသွားပြီးမှ ပြိုင်ဘက်၏ တင်ပြငြင်းဆိုချက်များကို စနစ်တကျ ပြန်လည်ချေပခြင်းကို မပြုလုပ်ကြပေ။

လင်းကင်းနှင့် ဒပ်ဂလပ်စ်တို့.သည် စကားစစ်ထိုးပွဲ၏ ချစ်စရာကောင်းမှုများကို ထိန်းသိမ်းပြောဆိုခဲ့ကြသည့်အတွက် မဲဆန္ဒရှင်များက သူတို့.နှစ်ဦးစလုံးကို အမှတ်ပေးကြရမည်ဖြစ်သည်။ သို့.သော်လည်း အထိုက်အလျောက် ရိုင်းစိုင်းစွာ ပြောဆိုခဲ့မှုများလည်းရှိသည်။ ဥပမာအားဖြင့် ဒပ်ဂလပ်စ်က လင်းကင်းသည် နယူးစေလမ်မြို့.တွင်နေစဉ်က တစ်မြို့.လုံးက ယောကျ်ားကလေးအားလုံးပေါင်းထက်ပင် အရက်ပို ကြိုက်သုံးဖြစ်နိုင်ခဲ့သည်ဟု ပြောခဲ့သည်။ အမှန်အားဖြင့် လင်းကင်း အရက်ကြိုက်သည် ဆိုသည်မှာ မမှန်ပါ။ ထို.ပြင် ဒပ်ဂလပ်စ်သည်သာ အရက်ကို ကြိုက်သုံးအဖြစ် လူသိခဲ့သော နာမည်ကြီး ဆီးနိတ်အမတ်တစ်ဦးအနေဖြင့် ထိုကဲ့သို့ ပြောဆိုခဲ့ခြင်းမှာ မသင့်လျော်ခဲ့ပေ။ ထိုနည်းတူစွာပင် လင်းကင်းကလည်း ဒပ်ဂလပ်စ်၏ ပြည်သူ့အာဏာဝါဒမှာ အစာမစားရ၍ သေသွားသော ခိုး၏အရိပ်နှင့် ရေနွေးပြုတ်ထားသည့် ဆေးခါးဟင်းချိုကဲ့သို့ပင် ကျဲလွှာသည်ဟု သရော်ခဲ့ဖူးသည်။ မည်သို့ပင်ဖြစ်စေ အားလုံးခြုံကြည့်လိုက်လျှင် နှစ်ဦးစလုံးသည် စကားစစ်ထိုးပွဲ၏ ဂုဏ်သိက္ခာကို ထိန်းခဲ့ကြသည်။ စောစောပိုင်း စကားစစ်ထိုးပွဲများတွင် ဒပ်ဂလပ်စ်သည် လင်းကင်းနှင့် နီငင်ရေးအဖြင့်ချင်း အကြီးအကျယ် ကွဲလွဲနေသည်ကြားက လင်းကင်း၏ ဉာဏ်ရည်နှင့် အရည်အချင်းတို့.ကို ချီးကျူးပြောဆိုခဲ့သည်။ လင်းကင်းကလည်း ဒပ်ဂလပ်စ်၏ မြောက်ပင့်ပြောဆိုခံခဲ့ရခြင်းတွင် ပါသွားခဲ့သည်။ "ဒပ်ဂလပ်စ်ကဲ့သို့ နာမည်အလွန်ကြီးမားသော ပုဂ္ဂိုလ်ထံမှ အထူးထွက်လာသော စကားမျိုးကို သူမတွေ့.ကြုံခဲ့ဖူးပါ" ဟု ဝန်ခံပြောဆိုခဲ့သည်။ သို့.သော်လည်း လင်းကင်းက ဒပ်ဂလပ်စ်အား တုံ့.ပြန်ပြောဆိုချီးကျူးခြင်း မပြုလုပ်ခဲ့ပေ။ သူသည် ဖြောင့်မှုသားပြောရန် အလွန်ခက်ခဲသူဖြစ်သောကြောင့်တည်း။

www.burmeseclassic.com

ဒပ်ဂလပ်စ်တို့.သည် သဘာဝကျစွာပင် သူတို့.၏ အမြင်အာ့ားနာ့ားချက်များကို ပုံကြီးခဲ့၍ ပြောဆိုခဲ့ကြသည်။ အကြိတ်အနယ် စကား၀စ်ထိုး၀ဏ္ဏမဟုတ်သော ဒေသများတွင် သူတို့.နှစ်ဦး သဘောတူညီ၍ ရန်ိုင်စရာရှိသည့် အကြောင်းရင်းအပေါ်တွင် ပြောဆိုကြသည်။ ဥပမာအားဖြင့် နှစ်ယောက်စလုံးသည် ကျွန်စနစ်ကို မကြိုက်ကြသူများဖြစ်သည်။ လင်းကင်းက ကျွန်စနစ်ကို ပွင့်လင်းစွာ ရှုမြင်သုံးသပ်ပြသည်။ ဒပ်ဂလပ်စ်က ကျွန်စနစ်တည်ရှိနေခြင်းကို သူ.အနေဖြင့် ပုဂ္ဂလိက ၀မ်းနည်းမှုကို ဖော်ပြသည်။ နှစ်ဦးစလုံးက လိကော့မ်တင်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကလိမ်ကျမှုတစ်ခု ဖြစ်သည်ဟု ရှုတ်ချပြောဆိုကြသည်။ ကဲန်ဆပ်စ်ပြည်နယ်အားလွတ်လပ်သောပြည်နယ်တစ်ခုဖြစ်လာစေချင်ပုံလည်း တူညီကြသည်။ သို့သော်လည်း ပြဿနာမှာ စကား၀စ်ထိုးပွဲများ မစမီမှာပင် အဖြေထွက်သွားခဲ့ပြီးဖြစ်သည်။ ဩဂုတ်လ ၂ ရက်နေ့တွင် ကဲန်ဆပ်စ်မဲဆန္ဒရှင်များက လိကော့မ်တင်ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၁,၃၀၀ မဲ-၁,၇၈၈ မဲဖြင့် ကန့်ကွက်ခဲ့ကြသောကြောင့်ဖြစ်သည်။ ဝီလျံ အင်းဂလိချ် ရေးဆွဲတင်ပြခဲ့သည့် ဥပဒေကြမ်းတွင် ပါရှိသည့်အတိုင်း ကဲန်ဆပ်စ်ပြည်နယ်အား ပြည်ထောင်စုအတွင်း စောစောစီးစီး ၀င်ခွင့်ပြုမည်၊ မြေယာအမြောက်အမြား ပေးမည်ဟု ကတိပေးသည့်ကြားမှ မဲဆန္ဒရှင်များက ကန့်ကွက်ခဲ့ကြခြင်းဖြစ်သည်။ နှစ်ဦးစလုံးက နယ်မြေသစ်များတွင် ကျွန်စနစ်ကို အကာအကွယ်ပေးမည့် ကျွန်ုပ်ဒေ ပြဌာန်းရေးကို မထောက်ခံကြပေ။ လွတ်လပ်သော ပြည်နယ်များတွင် ကျွန်စနစ်တိုးပွားကျယ်ပြန့်.ရေးကိုလည်း နှစ်ဦးစလုံး မစဉ်းစားခဲ့မိကြပေ။ ထို.ကြောင့် သူတို့.နှစ်ဦး သဘောတူညီသည့်အချက်အတော်များများ ရှိခဲ့သည်။ ထို.ကြောင့် "ကျန်းစ်ဘရိုး စကား၀စ်ထိုးပွဲ၌ ဒပ်ဂလပ်စ် ရှင်းလင်းတင်ပြခဲ့သော မူ၀ါဒများတွင် ကျွန်တော်အနှုးအညွတ် သဘောတူညီသည် များခဲ့ပါသည်။ ထိုအကြောင်းများအပေါ်တွင် ကျွန်တော်က သူ.အား အငြင်းပွားစရာ အကြောင်းမရှိပါ"ဟု

ပွင့်ပွင့်လင်းလင်း ဝန်ခံပြောဆိုခဲ့သည်။

စကား၀စ်ထိုးပွဲသည် စကား၀စ်ထိုးပွဲသာဖြစ်သည်။ မေတ္တာသရုပ်ပြ ပွဲလမ်းသဘင်များ မဟုတ်ပါ။ ထို.ကြောင့် စကား၀စ်ထိုးသည့် နိုင်ငံရေးသမား နှစ်ဦးသည် သူတို့.၏ အမြင်ကွဲလွဲချက်များကို အထူးပြုပြောဆိုရန် လိုအပ်ချက်ကို နားလည်ကြသည်။ သူတို့.ချင်း ကွဲလွဲမှုများကို လက်တွေ့.အရရော၊ စိတ်ကူးယဉ်မှုအရပါ အထူးပြုပြောဆို ကြရသည်ဖြစ်၏။ သူတို့.ပြောဆိုခဲ့ကြသည်များအနက် ၁၈၅၈ ခုနှစ် ရွေးကောက်ပွဲနှင့် လုံး၀ မသက်ဆိုင်သည်များ ပါ၀င်ခဲ့သည်။ ဥပမာအားဖြင့် လင်းကင်းသည် မက္ကဆီကိုစစ်ပွဲတွင် အမိန့်ိုင်ံတော်ကို ထောက်ခံရန် ပျက်ကွက်ခဲ့သည်ဆိုသည့် ဒပ်ဂလပ်စ်၏ ထပ်တလဲလဲ စွပ်စွဲချက်သည် လက်ရှိရွေးကောက်ပွဲအတွက် အဓိပ္ပာယ်ရှိရှိ တွေး၍ မရပေ။ ထရမ်းဘူးလ်သည် ၁၈၅၅ ခုနှစ် ဆီးနိတ်အမတ်ရွေးပွဲတွင် လင်းကင်းရုံးအောင် ကူညီခဲ့သည်။ ထရမ်းဘူးလ်၏ နာမည်အပျက်ဆုံး သော သစ္စာဖောက်မှုတစ်ခုဖြစ်ရာ သူ.တွင် အပြစ်ရှိသည်ဟု စွပ်စွဲ ခဲ့ခြင်းမှာလည်း ဘာမျှ မဆိုင်ပေ။ ထို.အတူပင် ဒပ်ဂလပ်စ်က ထရမ်းဘူးလ်အပေါ်တွင် စွပ်စွဲခဲ့ခြင်းများကို လင်းကင်းက အသေးစိတ် ရှင်းလင်းပြခြင်းနှင့် ဒပ်ဂလပ်စ်က သူနှင့် သမ္မတ ဘျူခနန်နတို့. သဘောကွဲလွဲမှုအကြောင်း မငြီးမငွေ့. တင်ပြခဲ့ခြင်းမှာ ရွေးကောက်ပွဲအတွက် မဲဆွယ်မှုနှင့် မည်သို့.မှ မဟတ်သက်ပေ။

ကိုယ်စားလှယ်လောင်းနှစ်ဦး အကြီးအကျယ် ငြင်းခုံပြောဆိုခဲ့ကြသည့် ပိုမိုကြီးမားသော ပြဿနာကြီးများပင်လျှင် ရွေးကောက်ပွဲနှင့် လက်တွေ့.မဆိုင်ကြသည်က များခဲ့ပေသည်။ ဥပမာအားဖြင့် အမေရိကန်လွတ်လပ်ရေးကြေညာစာတမ်းကို ဖန်တီးခဲ့သူများက လူတိုင်းတန်းတူညီမျှမွေးဖွားလာကြသည်ဆိုရာ၌ လူမည်းများ ပါမပါ အငြင်းအပွားသည် စိတ်၀င်စားစရာကောင်းသည်။ ဖြေရှင်း၍မရနိုင်သော သမိုင်းရေးရာ အငြင်းအပွားပြဿနာဖြစ်မှန်းလည်းသိသည်။ သို့သော်လည်း ဝင်းကီစွသည်

www.burmeseclassic.com

၁၈၅၈ ခုနှစ်၊ အီလီနွိုင်းပြည်နယ်၏ ဆီးနိတ်အမတ်ရွေးပွဲအတွက် မည်သို့လုပ်ဆောင်ပေးရမည်ဆိုသည့် နည်းလမ်းကို ရွေးချယ်ရန် ခက်ခဲလှသည်။ ထို့အပြင် လူမည်းတို့၏ အစွမ်းအစနှင့် အနာဂတ်ရေးအတွက် လူမှုရေးနှင့် နိုင်ငံရေးညီမျှမှု များအပေါ်တွင် ကိုယ်စားလှယ်နှစ်ဦးသည် အခြေခံအတွေးအခေါ် အယူအဆဒဿန ခြားနားစွာဖြင့် အပြင်းအထန် အငြင်းပွားခဲ့ကြ သည်။ သို့သော်လည်း ထိုပြဿနာမှာ အမေရိကန်ကွန်ဂရက်လွှတ်တော်က လက်ငင်းစဉ်းစားနေသည့် ပြဿနာတစ်ခုလည်း မဟုတ်၊ ဥပဒေပြဋ္ဌာန်းရန် ရှိနေသည့် အကြောင်းအရာတစ်ခုနှင့်လည်း ဆက်စပ်မှု မရှိပေ။ ခြားလစ်တင် စကားစစ်ထိုးပွဲတွင် ဒပ်ဂလပ်စ် က မေးခဲ့သည့် "မစ္စတာလင်းကင်းဟာ ခင်ဗျားတို့ ရှေ့မှောက်မှာ ဤပြည်နယ် သို့မဟုတ် ပြည်ထောင်စု တစ်ခုလုံး၏ အကျိုးစီးပွားနှင့် ဆက်စပ်တဲ့ ပြည်သူ့ပေါ်လစီတစ်ခုကိုများ ဆွေးနွေးခဲ့သလား" ဆိုသော မေးခွန်းကို အီလီနွိုင်းပြည်နယ်မှ မဲဆန္ဒရှင်အများစု နားလည် လက်ခံလိမ့်မည်ဖြစ်သည်။ ထို့အတူပင် ဒပ်ဂလပ်စ် ဖြေခဲ့သည်များ အပေါ်တွင်လည်း အလားတူစွာ အမြင်မှိုင်းဖြင့် ကန့်ကွက်၍ ရနိုင်စရာ ရှိကြောင်း အများက နားလည်ခဲ့ကြမည်ဖြစ်သည်။

နောက်ဆုံးစကားစစ်ထိုးပွဲသုံးခုတွင် လင်းကင်း အပြတ် အသတ် အသာရခဲ့သည်ဟု သူ၏ မိတ်ဆွေများက ယူဆခဲ့ကြသည်။ အဘယ့်ကြောင့် ဆိုသော် လင်းကင်းသည် ကျွန်စနစ်နှင့် ပတ်သက်၍ ကိုယ်ကွင်းအဘိဓမ္မာ ပြဿနာပိုင်းကို အလေးအနက်တင်ပြခဲ့ခြင်း ကြောင့်ဖြစ်သည်။ လင်းကင်း၏ ငြင်းဆိုပုံများမှာ အားကောင်းလွန်း၍ ခုခံပြောဆိုရန် ခက်လှသည်။ ဒပ်ဂလပ်စ်အနေဖြင့် လင်းကင်း တင်ပြ ချက်မှာ လုံးဝ မမှန်ကြောင်း၊ လင်းကင်းသည် ကျွန်စနစ်ကို ဆန့်ကျင်သော်လည်း "ကျွန်စနစ် လုံးဝ ပပျောက်ရေးအတွက် မည်သို့အစားထိုး ဆောင်ရွက်ရမည်ဆိုသည့် အကြံဉာဏ်ကို မပေးနိုင်ခဲ့ပါ" ဟု ပြန်လည်ချေပရုံသာ ချေပနိုင်ခဲ့သည်။

စကားစစ်ထိုးပွဲများတွင် ဒပ်ဂလပ်စ်သည် ကိုယ်ပိုင်အုပ်ချုပ်ရေးကိုသာ အဓိကအခြေခံအဖြစ် တင်ပြခဲ့သည်။ သူ၏အမြင်တွင် တစ်သီးပုဂ္ဂလ ပြည်နယ်များဖြစ်စေ၊ အခြားနယ်မြေများတွင်ဖြစ်စေ သူတို့၏ ကိုယ်ပိုင်အစိုးရအဖွဲ့အစည်းနှင့် သူတို့၏ လူမှုရေးအဖွဲ့များ ဖွဲ့စည်းရေးသည် အမေရိကန်အားလုံး၏ အခွင့်အရေးဖြစ်သည်ဟု ဒပ်ဂလပ်စ်က ခံယူထားသည်။ သူတို့အလိုဆန္ဒရှိလျှင် ကျွန်စနစ် အပါအဝင် သူတို့အဖွဲ့အစည်းများကို ကိုယ်ပိုင်ဖွဲ့စည်းရေးသည် မစ္စတာလင်းကင်း တင်ပြသည်ထက်ပင် ကိုယ်ကျင့်အဘိဓမ္မာနှင့် ဆိုင် သော ပြဿနာဖြစ်ကြောင်း၊ ဒပ်ဂလပ်စ်က နောက်ဆုံး စကားစစ်ထိုး ပွဲတွင် သူ၏အမြင်ကို ပွင့်ပွင့်လင်းလင်း ငြင်းခုံပြောဆိုခဲ့သည်။ "ကျွန်တော့်အနေနဲ့ကတော့ လူအများရဲ့ဆန္ဒနဲ့ အုပ်ချုပ်ခွင့်ပြုတဲ့ ကိုယ် ပိုင်အုပ်ချုပ်ရေး မူဝါဒကို ခရစ်ယာန်ဘာသာဝင်လူမည်းတွေအတွက် ကျွန်တော်ဂရုစိုက်တာထက် ပိုပြီး အလေးထားပါတယ်" ဟု အယ်လ်တန်တွင် ပြောဆိုခဲ့ခြင်းဖြစ်သည်။

သူတို့နှစ်ဦး ချပြခဲ့ကြသည့် အခြေခံခြားနားချက်များကို နားလည်သော အီလီနွိုင်းပြည်နယ်မှ မဲဆန္ဒရှင်များ၊ ဘာကိုရွေးချယ်ရမည်ကို နားလည်လာကြသည်။ အဓိကမှာ အမတ်လောင်းနှစ်ဦးထဲမှ ကြိုက်သူကို ရွေးထုတ်ရန်မဟုတ် သို့မဟုတ် ပါတီနှစ်ခုကို ကြိုက်ရာ မဲပေးရန်လည်း မဟုတ်တော့။ အမေရိကန်နိုင်ငံ၏ အတွေ့အကြုံ သမိုင်းတွင် အခြေခံအားဖြင့် ကွာခြားဆီနှံ့ကျင်သည့် အမြင်နှစ်ခုထဲမှ ကြိုက်ရာကို ရွေးချယ်ရန်သာ ဖြစ်တော့သည်။ ခြားနားချက်ကို အဖြေထုတ်ကြည့်ရန် နည်းလမ်းတစ်ခုမှာ ဒပ်ဂလပ်စ်အား လူအများစု၏ ဆန္ဒဖြင့် အုပ်ချုပ်ရေးစနစ်ကို ထောက်ခံသူအဖြစ်မြင်ပြီး လင်းကင်းအား လူနည်းစု၏ အခွင့်အရေးများကို ခုခံကာကွယ်သူအဖြစ် ရှုမြင်ရန်ဖြစ်သည်။

ဒပ်ဂလပ်စ်၏ အယူအဆတွင် ပြည်နယ်တစ်ခု သို့မဟုတ် နယ်မြေတစ်ခုတွင် လူအများစုဆန္ဒဖြင့် အုပ်ချုပ်ရာ၌ ၄င်းတို့လိုလားပါက လူမည်းများအား ကျွန်အဖြစ် ထားလိုက ထားစေ၊ အတိုင်းအကာ အကန့်

www.burmeseclassic.com

ကင်ကို ပို၍ မဲပေးခဲ့ကြသည်။ ဆင်းရဲပြီး မဖွံ့ဖြိုးသေးသော ခရိုင်များက ဒီမိုကရက်တို့အား မဲပေးခဲ့ကြသည်။ လင်းကင်းနှင့် ဒပ်ဂလပ်စ်တို့ အများဆုံး မဲဆွယ်ခဲ့ကြသည့် ၄၉ ခရိုင်တွင် မဲပြား အညီအမျှ ပြန့်ထွက်သွားခဲ့သည်။

မဲပြားများအပေါ်တွင် လင်းကင်း သို့မဟုတ် ဒပ်ဂလပ်စ် တို့၏ အမည်များကို ရေးသားခြင်း မရှိမှုကြောင့် မည်သူ့ကို လူထုက ပိုကြိုက်သည်။ မည်သူ၏ မဲဆွယ်မှုက ပို၍ ခရီးရောက်ခဲ့သည်ကို အတိအကျပြော၍ မရနိုင်ခဲ့ပေ။ သို့သော်လည်း တစ်ပြည်နယ်လုံးတွင် ဒီမိုကရက်တို့သည် ၂၄ ခရိုင်ပို၍ သိသိသာသာ မဲရရှိကြောင်း တွေ့ခဲ့ကြရသည်။

လင်းကင်းနှင့် ဒပ်ဂလပ်စ်တို့ မဲဆွယ်ခဲ့ကြသည့် ခရိုင်များ အနက် ရီပတ်ဘလီကင်ပါတီက ငါးခရိုင်တွင်သာ အနိုင်ရရှိခဲ့သည်။ လင်းကင်းနှင့် ဒပ်ဂလပ်စ်တို့ မျက်နှာချင်းဆိုင် စကားစစ်ထိုးခဲ့ကြသည့် ခုနှစ်နေရာတွင် ရီပတ်ဘလီကင်က အနည်းငယ် မဲအသာရရှိခဲ့သည်။ မဲများမှာ ၁၈၅၄ ခုနှစ်နှင့် ၁၈၅၆ ခုနှစ် ရွေးကောက်ပွဲများ နှင့် ဆင်တူလှသည်။ သို့သော်လည်း ယခုတစ်ကြိမ် ရွေးကောက်ပွဲတွင် ချက်ချင်း သိသာစေသည့် အထင်ရှားဆုံး သင်ခန်းစာတစ်ခု ရှိသည်။ ၄င်းမှာ အီလီနွိုင်းပြည်နယ်တွင် မဲပေးမှု တည်ငြိမ်ခြင်း ဖြစ် သည်။ မြောက်ပိုင်းခရိုင်များတွင် ရီပတ်ဘလီကင်အတွက် အခိုင်အမာ ရပ်ထည်ပြီး တောင်ပိုင်းပြည်နယ်မှာ လုံးလုံးလျားလျား ဒီမိုကရက်တစ် ဖြစ်သည်။ ဒပ်ဂလပ်စ်နှင့် ဘျူခနန်အစိုးရအကြား သဘောကွဲလွဲခြင်း နှင့် လင်းကင်း၏ ဒိန်းနိုက်များနှင့် ပလဲနံပ သင့်မြတ်ခြင်း တို့ကြောင့် ရီပတ်ဘလီကင်တို့ မဲများများရစေပြီး ဒပ်ဂလပ်စ်သည် ပြည်နယ်အတွင်း၌ မဲအပြတ်အသတ်ဖြင့် အနိုင်မရခဲ့ခြင်းဖြစ်သည်။

ရီပတ်ဘလီကင်တို့သည် လူအများစု၏ မဲဆန္ဒကို ရရှိပြီး ပြည်နယ်ဘဏ္ဍာစိုးနှင့် ပညာရေးအုပ်ချုပ်ရေးမှူးရာထူးတို့အတွက် အရွေးခံခဲ့ကြရသော်လည်း ပြည်နယ်ပြည်သူ့ဥပဒေပြုလွှတ်တော်တွင် မဲအများစု

အသတ် မရှိပုံကို တွေ့ကြရသည်။ လင်းကင်းသည် ကိုယ်ပိုင်အစိုးရ အုပ်ချုပ်ရေးစနစ်ကို တန်ဖိုးထားသည်။ ဥပမာအားဖြင့် အင်ဒီရဲနားနှင့် အီလီနွိုင်းပြည်နယ်တို့.တွင် ရှိနေသည့် ပြည်နယ်တွင်းဥပဒေနှင့် စပ်လျဉ်း၍ အမြင်ကွဲပြားမှု ရှိနေပုံမျိုးကို အဆုံးသတ်စေရန်ကို ကြိုးစားစေမည်မဟုတ်။ သို့သော်လည်း လူအများစု၏ဆန္ဒ[26] ဟုဆိုရာတွင် လူနည်းစုအတွက် အခြေခံအကျဆုံးသော အခွင့်အရေးများ[27] ဖြစ်သည့် ဘဝအသက်ရှင်မှု၊ လွတ်လပ်မှု နှင့် ပျော်ရွှင်လိုမှုတို့.ကို မထိပါးစေမည့် ကန့်သတ်နိုင်မှုအာဏာကို ရှိစေရမည်ဟု လင်းကင်းက အူထဲအသည်းထဲမှာ ခံယူချက် ထားရှိပေသည်။

(၁၄)

လင်းကင်းနှင့် ဒပ်ဂလပ်စ်တို့.၏ စကားစစ်ထိုးပွဲများသည် မဲဆန္ဒရှင်များအပေါ်တွင် မည်မျှ အကျိုးသက်ရောက်မှု ရှိခဲ့သနည်း ဆိုသည်မှာ မဲများ စုဆောင်းရရှိရှိန်အထိ ပဟေဠိဖြစ်ခဲ့သည်။ နိဝင်္ဘာလ ၂ ရက် နေ့သည် အေးချမ်း၍ စွတ်စိုပြီး ရာသီဥတုအခြေအနေ ဆိုးရွားခဲ့သည်။ သို့သော်လည်း မဲဆန္ဒရှင်ဦးရေမှာ ၁၈၅၆ ခုနှစ် သမ္မတရွေးကောက်ပွဲထက်ပင် ပို၍များပြားခဲ့သည်။ ပြည်နယ်ဘဏ္ဍာစိုးရာထူးအတွက် ရီပတ်ဘလီကင်ကိုယ်စားလှယ်က ၁၂၅,၄၃၉ မဲ ရခဲ့သည်။ ဒပ်ဂလပ်စ်၏ ဒီမိုကရက်ကိုယ်စားလှယ်က ၁၂၁,၆၀၉ မဲ ရရှိခဲ့သည်။ အမျိုးသားဒီမိုကရက် ဒိန်းနိုက်ကိုယ်စားလှယ်က ၅,၀၇၁ မဲသာ ရရှိခဲ့သည်။ ပြည်သူ့ကိုယ်စားလှယ်များအတွက် မဲများမှာ အချိုးအစား ညီတူညီမျှနီးပါး ကွဲသွားခဲ့သည်။ မျှော်လင့်ထားသည့်အတိုင်း ဒီမိုကရက်တို့.သည် အီလီနွိုင်းတောင်ပိုင်းတွင် သုံးခရိုင်မှအပ ကျန်နေရာအားလုံးတွင် အနိုင်ရခဲ့သည်။ ရီပတ်ဘလီကင်တို့.က မြောက်ပိုင်းမဲဆန္ဒနယ်မြေအားလုံးတွင် မဲအပြတ်ဖြင့် အနိုင်ရခဲ့သည်။ ယေဘုယျအားဖြင့် မြို့များအတည်တကျရှိပြီး ခရိုင်များက ရီပတ်ဘလီ

www.burmeseclassic.com

နှင့်အခြားသတင်းစာများက ပြည်နယ်၏မမျှတသော ကိုယ်စား လှယ်ခွဲတမ်းကို အပြစ်ဖို့.ခဲ့ကြသည်။ ထိုဥပဒေကရှိသော လူဦးရေအလိုက် ကိုယ်စား လှယ်များ ကိုယ်စားပြုခွင့်ကို မပေးခဲ့ပေ။ အချို့.က လည်း သော့ချက်ကဲ့သော ခရိုင်များတွင် ဒီမိုကရက်များ အနိုင်ရရှိရေးအတွက် အီလီကျိုင်းပြည်နယ် ဗဟိုမီးရထားလမ်း ကုမ္ပဏီက တရားမဝင်သော မဲဆန္ဒရှင်များကို သယ်ဆောင်ပေးခဲ့ရသည်ဟု ထောက်ပြခဲ့သည်။ ဟန်ဒင်၏အဆိုအရ "ဖီလာဒဲလ်ဖီးယား၊ စိန်.လူးဝန္ဒနှင့် အခြားမြို့.များမှ လုည်ပတ်လေလွင့် လှယက်စားသောက်နေကြသည့် ကျောက်ပေါက်မနီုင်းချင်းနှင့် ကက်သလစ် ဘာသာဝင် အိုင်ယာလန် လူမျိုးများ ထောင်နှင့်ချီ၍ တင်သွင်းလာခဲ့သည်" ဟုဆိုသည်။ အခြားပုဂ္ဂိုလ် အတော်များများကမူ လင်းကင်းအပေါ်တွင် လှိုက်လှိုက်လှဲလှဲ မထောက်ခံခဲ့ကြသည့် ဟောရေ့.စ် ဂရီလီနှင့် အရှေ့.ပိုင်းမှ ရီပတ်ဘလီကင်များကို ပြစ်တင်ရှုတ်ချခဲ့ကြသည်။ "ခွေးမသားကြီး ဂရီလီနဲ. အဖွဲ့.က လင်းကင်းကို တခြားသူတွေထက် ပိုပြီး ဒုက္ခပေးခဲ့တယ်" ဟု မဲဆန္ဒရှင်တစ်ဦးက ထုတ်ဖော်ပြောခဲ့သည်။ အချို့.ကလည်း ကဲနံတပ်ကီး ပြည်နယ် ဂုစ်ဆီးနိတ်အမတ် ဂျွန်ကရစ်တင်ဒင်က ဒပ်ဂလပ်စ်အား ထောက်ခံခြင်းကြောင့် ပြည်နယ်အလယ်ပိုင်းတွင် ဂုစ်ဟောင်းများနှင့် ဘုမသိဘမသိပါတီဝင်များ၏ မဲများကို ဒီမိုကရက်တို့.အတွက် ဆွဲဆောင်နိုင်ခဲ့သည်ဟု ထင်ကြသည်။

လင်းကင်းသည် ရွေးကောက်ပွဲ၏ အရှုံးအနိုင်ရလဒ်ကို မအံ့သြခဲ့စေကာမူ အတော်ခါးခါးသည်းသည်း စိတ်ပျက်သွားခဲ့သည်။ အောင်မြင်မှုသည် သူ.လက်ထဲမှ တစ်ကြိမ်ထပ်၍ ကပ်လွတ်သွားခဲ့ပြန်ချေပြီ။ သင်ခန်းစာတစ်ခုလည်း ထပ်ရလိုက်ပြန်သည်။ သူ.အနေဖြင့် ပုဂ္ဂိုလ်ရေးမည်မျှပင် ကြိုးစားအားစိုက်ခဲ့စေကာမူ ကဲကြမ်္ဘာက မလိုက်ခဲ့သည့်အချက် ဖြစ်သည်။ တစ်ခါတစ်ရံတွင် လင်းကင်းသည် အတော်စိတ်ညစ်မှုကို ခံစားခဲ့ရသည်။ ဒပ်ဂလပ်စ်အား ပြည်နယ်ပြည်သူ.လွှတ်တော်က ဆီးနိတ်

မရရှိခဲ့ပေ။ ဆီးနိတ်အမတ်ကို ပြည်နယ်လွှတ်တော်က ရွေးပေးရသည်။ ပြည်နယ်လွှတ်တော်တွင် ဆီးနိတ်အမတ်အဖြစ် သက်တမ်းမတူဘဲ ဆက်လက်တာဝန်ထမ်းဆောင်ရမည့်သူ ၁၃ ဦးရှိရာ ရှစ်ဦးမှာ ဒီမိုကရက်များဖြစ်ကြသည်။ ပြည်နယ်ပြည်သူ.လွှတ်တော် နှစ်ရပ်ပေါင်းတွင် ရီပတ်ဘလီကင်တို့. အသာရရှိရေးအတွက် ကိုယ်စားလှယ်ပေါင်း ထက်ဝက်ကျော် ရရှိရန် လိုအပ်ပေသည်။ သို့.သော်လည်း လွှတ်တော်အတွက် အမတ်နေရာများကို ၁၈၅၀ ခုနှစ် သန်းကောင် စာရင်းအရ ခွဲဝေပေးထားခြင်းဖြစ်သည်။ ၁၈၅၀ ခုနှစ်နောက်ပိုင်းတွင် ရီပတ်ဘလီကင်တို့. အားကောင်းသော မြောက်ပိုင်းဒေသသည် ဒီမိုကရက်များထက်ပို၍ လျင်မြန်စွာ ဖွံ့.ဖြိုးလာခဲ့သည်။ ရီပတ်ဘလီကင် တို့.သည် ပြည်သူ.မဲ ၅၀ ရာခိုင်နှုန်းခန့်.ရခဲ့သော်လည်း ကိုယ်စားလှယ်များ ခွဲဝေခြင်းဥပဒေအရ ပြည်နယ်ပြည်သူ.လွှတ်တော်တွင် အမတ်နေရာ ၄၇ ရာခိုင်နှုန်းသာ ရရှိခဲ့သည်။ ပြည်သူ.မဲဆန္ဒ ၄၈ ရာခိုင်နှုန်းသာ ရရှိခဲ့သော ဒီမိုကရက်တို့.က အမတ်နေရာ ၅၃ ရာခိုင် နှုန်း ရရှိခဲ့ကြသည်။ ဤသို့.ခွဲဝေခြင်းမှာ တရားမျှတမှု မရှိသလိုဖြစ်နေသည်။ သို့.သော်လည်း လူဦးရေအချိုးအစားအရ ခွဲဝေခဲ့လျှင်လည်း ရီပတ်ဘလီကင်ပါတီသည် အမတ် ၄၄ ဦးသာ ရရှိမည်ဖြစ်ပေသည်။ မဲပိုအသာရရေးအတွက် မလုံလောက်သေးပါ။ ရီပတ်ဘလီကင် ဆီးနိတ်အမတ် ငါးဦးကို ထည့်ပေါင်းလျှင်တောင်မှ လင်းကင်းအား ရွေးကောက်တင်မြှောက်ရေးအတွက် မဲအလုံအလောက် ရရှိမည် မဟုတ်ခဲ့ပေ။ ၁၈၅၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့.တွင် ဒပ်ဂလပ်စ်သည် ၅၄ မဲ၊ လင်းကင်းသည် ၄၆ မဲ ရရှိပြီး ဒပ်ဂလပ်စ်သည် အမေရိကန်ဆီးနိတ်လွှတ်တော်အဖြစ် ခြောက်နှစ်သက်တမ်း ထမ်းဆောင်ရန် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရလေသည်။

ရီပတ်ဘလီကင်များ ရုံးပွဲဆင်ခဲ့ပြီးနောက် ရွေးကောက်ပွဲတို့ ပြန်လည်ဆင်ခြင်သုံးသပ်မှုများပြုလုပ်ခဲ့ကြသည်။ ဧရာခ်ဖို့.ဒ် ရက်ဂျ်စတာ

www.burmeseclassic.com

အမတ်အဖြစ် ရွေးချယ်တင်မြှောက်လိုက်သောနေ့တွင် လင်းကင်းက သူ၏ နိုင်ငံရေးသမားဘဝ နိဂုံးချုပ်သွားပြီဟုပင် သေချာပေါက် တွက်ခဲ့မိသည်။ သို့သော်လည်း သူ့အပေါ်တွင် လုပ်ဖော်ကိုင်ဖက် ဝိလျံ ဟန်ဒင်၏ သံသယကင်းမဲ့စွာ သစ္စာရှိမှုကို ယုံကြည်မှုအကြောင်းပြောရင်း "ဘီလီ (ဟန်ဒင်) ကလွဲရင် လူတိုင်းက ကျွန်တော့်ကို စွန့်ပစ်သွားကြလိမ့်မယ်လို့ မျှော်လင့်မိတာပဲ" ဟု ခါးခါးသည်းသည်း မှတ်ချက်ချပြောဆိုခဲ့လေသည်။

လင်းကင်းသည် ခေါင်းဆောင်တစ်ဦးဖြစ်သည်။ သူရှုံးခဲ့ခြင်းအတွက် ခံစားခဲ့ကြရသော လုပ်ဖော်ကိုင်ဖက်များကို အားပေးစကား ပြောခဲ့သည်။ လင်းကင်းက သူ၏မိတ်ဆွေ ဒေါက်တာ ဟဲန်နရီထံ စာရေးခဲ့ရာတွင် "ကျွန်တော် နောက်ဆုံးအထိခံလို့ ဝမ်းသာရသေး တယ်။ ယခု ကျွန်တော် မြင်ကွင်းက ပျောက်သွားပြီ၊ ကျွန်တော့်ကို မေ့သွားကြလိမ့်မယ်လို့ ထင်မိတယ်။ ဒါပေမယ့် ကျွန်တော်မရှိတော့တဲ့နောက် အကြောကြီးအထိ ပြည်သူ့လွတ်လပ်မှုရဲ့ ရည်ရွယ်ချက် အကြောင်းရင်းကို ပြောပြမယ့် အချက်အလက်တချို့ကိုတော့ ကျွန်တော် လုပ်ပြနိုင်ခဲ့တယ်လို့ ကျွန်တော် ထုံကြည်ပါတယ်" ဟူ၍လည်းကောင်း၊ အခြားမိတ်ဆွေတစ်ဦးထံသို့မူ "ပြည်သူ့လွတ်လပ်မှု ရည်မှန်းချက်အတွက် တစ်ကြိမ်ရှုံးပြီးရုံနဲ့ မကဘူး အကြိမ်တစ်ရာ ရှုံးပြီးတဲ့အထိလည်း ငွေးထောက် အရှုံးမပေးရဘူး။ တိုက်ခွဲထို ဆက်ပြီး တိုက်သွားရမယ်" ဟု စာရေးခဲ့သည်။

မှတ်စုတို့များ

1. **Dred Scott**
   မစ်ဇူးရီးပြည်နယ်မှ စာမတတ်သည့် လူမည်းကျွန်ဖြစ်သည်။ လွတ်လပ်သော ပြည်နယ်များတွင် သွားရောက်နေထိုင်ခဲ့ခြင်းကြောင့် ကျွန်အဖြစ်မှ လွတ်မြောက်ခွင့် တောင်းခံခဲ့သူဖြစ်သည်။

2. **Rock Island, Illinois**

3. **Northwest Ordinance**

4. **Ford Snelling, Minnesota**

5. **Roger Taney**

6. **Horace Greeley** (1811-72)
   အမေရိကန် သတင်းစာဆရာနှင့် ရီပတ်ဘလီကင် နိုင်ငံရေးသမား

7. **Negrophobia**

www.burmeseclassic.com

www.burmeseclassic.com

8. Popular Sovereignty
ပြည်နယ်နှင့်နယ်မြေသစ်များတွင် ပြည်သူလူထုအများစု၏ မဲဆန္ဒဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီး ကိုယ်ပိုင်အစိုးရဖြင့် အုပ်ချုပ်ရန် အတွက် ဒီမိုကရက်ဆီးနိတ်အမတ် စတီဖင် ဒပ်ဂလပ်စ် တင်သွင်းခဲ့သည့် ပြည်သူ. အချုပ်အချာဖြင့် အုပ်ချုပ်ရေးလမ်းစဉ်ဖြစ်သည်။

9. Free-Soilers
နယ်မြေသစ်များတွင် ကျွန်စနစ်ကို အဝင်မခံဘဲ လွတ်လွတ်လပ်လပ် နေထိုင်မှုကို ထောက်ခံကြသူများ

10. Lecompton

11. Lecompton Constitution
ကဲန်ဆပ်စ်ပြည်နယ်အတွက် လီကောမ်တင်ညီလာခံတွင် ရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ

12. Dangerous Invention

13. A House divided against itself cannot stand

14. Franklin Pierce (1804-1809)
အမေရိကန်နိုင်ငံ၏ ၁၄ ဦးမြောက် သမ္မတ (၁၈၅၃-၅၇) ဖြစ်သည်။

15. Slave Power

16. "irrepressible conflict"

17. degeneration, demoralization and degradation

18. Peru
ပီရူးနိုင်ငံမဟုတ်။ အမေရိကန်နိုင်ငံမှ မြို့.တစ်မြို့.၏ အမည်ဖြစ်သည်။

19. Freeport Doctrine

20. Black Republicans

21. Old Abe Thirty Years Ago

22. Negro Equality

23. Frederick Douglass
ကျွန်စနစ်တိုက်ဖျက်ရေး လူမည်းခေါင်းဆောင်

24. political chameleon

25. bold and radical abolitionism

26. majority rule

27. minority rights

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၉)

ပါးစပ်ထဲမှာ အရသာတွေ့နေပြီ

"ဒီနှစ်တော့ ကျွန်တော်ရဲ့ ကိုယ်ပိုင်အလုပ်အတွက် အားစိုက်ရပါလိမ့်မယ်"

၁၈၅၉ ခုနှစ်တွင် လင်းကင်းက သူ့အား စကားပြောရန် ဖိတ်ကြားလာခြင်းမျှားကို အထက်ပါအတိုင်း အနှုးအညွှတ် တောင်းပန်ခဲ့ပေသည်။

"ကျွန်တော့်မှာ ဝင်ငွေ တစ်ပြားမှ မရှိဘဲနဲ့ အခြိန်အတော် ကြာသုံးစွဲခဲ့ရပါတယ်။ ဒီအခုဆိုရင် ကျွန်တော့်မှာ အိမ်အသုံးစရိတ် အတွက်တောင် ပိုက်ဆံလုံးဝ မရှိတော့တဲ့ အခြေအနေမှာ ရှိနေပါတယ်" ဟုလည်း မိတ်ဆွေနော်မန် ဂျတ်ကိုလည်း ရှင်းပြခဲ့သည်။ ရွေးကောက်ပွဲအပြီး လေးရက်အကြာတွင် လင်းကင်းနှင့် ဟန်ခင်တို့သည် ဆန်ဂါမွန်းခရိုင် ပတ်လည်တရားရုံးတွင် အမှုပြန်လိုက်ခဲ့ကြသည်။ သူတို့အမှုသည် ဒဏ်ငွေ ၂၃ ဒေါ်လာနှင့် ရုံးစရိတ်ငွေ ကျခံစေရန် ဆုံးဖြတ်ခဲ့သော အမှုတစ်ခုဖြစ်သည်။ နောက်ထပ် ၁၂ လ စလုံး ဝင်ငွေရသော အမှုများကို ဆက်လိုက်ခဲ့ကြရသည်။

www.burmeseclassic.com

(၁)

ဆီးနိတ်အမတ် ရွေးပွဲတွင် ရှုံးခဲ့ရပြီးနောက် အီလီနွိုင်း ရီပတ်ဘလီကင်များ ပြိုကွဲတော့မည့် လက္ခဏာက ခြောက်လှန့်.လာသည်။ ပါတီသည် ကြွေးတင်ခဲ့သည်။ ပြည်နယ်ဗဟိုကော်မတီဥက္ကဋ္ဌ နော်မန် ဂျတ်က အကြွေးဒေါ်လာ ၂,၅၀၀ ခန့်. တင်ခဲ့ပြီး သူ.အိတ်ထဲမှလည်း ဒေါ်လာ ၁,၃၀၀ စိုက်သုံးခဲ့ရသည်ဟု ပြောသည်။ ရန်ပုံငွေ ထည့်ပါမည်ဟု ကတိပေးခဲ့ကြသော ရီပတ်ဘလီကင်ပါတီဝင်များက ငွေထည့်ရန် လက်နေးသွားကြသည်။ ရန်ပုံငွေများ ကောက်ခံပေးရန် ဂျတ်က စိတ်မချမ်းမသာဖြင့် လင်းကင်းထံ အကူအညီတောင်းခဲ့သည်။ လင်းကင်းက "သူသည် အခြားသူများထံမှ ငွေတောင်းခံရန် အည့ဖျင်းဆုံးသူဖြစ်နေသည်" ဟုပြောပြီး ငြင်းဆန်ခဲ့သည်။ သို.သော်လည်း ၄င်းက ဒေါ်လာ ၂၅၀ ထည့်မည်ဟု ကတိပေးခဲ့သည်။

ရွေးကောက်ပွဲ မဲဆွယ်မှုအတွက် ပြည်နယ်ဗဟိုကော်မတီ သည် အီလီနွိုင်းပြည်နယ်ကို မထေလေးစားပြုပြီး ရှိကာဂိုဒေသကို ဦးစားပေးခဲ့သည်ဟု ခံစားကြရသောကြောင့် အီလီနွိုင်းအလယ်ပိုင်းမှ ရီပတ်ဘလီကင်များက ရန်ပုံငွေထည့်ဝင်ရန် လက်နေးခဲ့ကြခြင်းဖြစ်သည်။ ဂျတ်သည် သူပြည်နယ်အုပ်ချုပ်ရေးမှူးဖြစ်ရေး အလားအလာကို မျှော်ကိုးပြီး ဥက္ကဋ္ဌ အရွိန်အဝါဖြင့် ငွေများသုံးစွဲခဲ့သည်ဟုလည်း မှန်ကန်စွာ သံသယဖြစ်ခဲ့ကြသည်။ ဂျတ်သည် ပါတီရန်ပုံငွေများကို တလွဲတချော် သုံးစွဲခဲ့သည်ဟု ဟန်ဒင်က ပြောင်စွပ်စွဲခဲ့သည်။ လင်းကင်းက ဟန်ဒင်ကိုထိန်းပြီး ဖျန်ဖြေပေးရန် ရှိကာဂိုရှေ့.နေချုပ်က မေတ္တာရပ်ခံခဲ့သည်။ ဟန်ဒင်က နှုတ်ဆိုင့်နေမည်ဟု ကတိပေးခဲ့သည်။ သို.သော်လည်း ဟန်ဒင် ဒေါသအိုးပေါက်ကွဲသွားခဲ့ပြီးနောက်တွင် လင်းကင်းသည် ဟန်ဒင်နှင့် နှိုင်ငံရေး၊ အတွင်းရေးများ

နာမည်ကြီး ပီချီ ဟဲရီဆင် လူသတ်မှုတစ်ခုသာလျှင် သူတို.နှစ်ယောက်အတွက် အရေးပါခဲ့ကြသည်။ လင်းကင်းသည် အမြဲပြုလုပ်လေ့ရှိသည့် ထုံးစံအတိုင်း အမှုအတွက် အသေအချာ ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ တရားရုံးတွင် တင်ပြလျှောက်လဲပုံများမှာလည်း အားကိုးစရာဖြစ်ခဲ့သည်။ သို.သော်လည်း ဥပဒေရေးရာများတွင် သူသည် စိတ်ဝင်စားမှုအနည်းငယ်လျော့နည်းလာသည်။ တစ်ခါတစ်ရံတွင်မူ အမှုသည်များသို. စိတ်တိုပြီး စာရေးခဲ့ပုံများရှိခဲ့သည်။ အမှုသည်တစ်ဦးက လင်းကင်းအမှုကိုင်တွယ်ပုံကို အားမလိုအားမရဖြစ်ခဲ့ရာ လင်းကင်းက "အမှုကို ခင်ဗျား လွဲပေးချင်တဲ့ တစ်ဦးဦးကို ပြောပါ။ ကျွန်တော် ဝမ်းမြောက်ဝမ်းသာ လွှဲအပ်ပေးပါမယ်။ ကျွန်တော်ခံခဲ့ရတဲ့ ပင်ပန်းမှုဒုက္ခအတွက် ကျွန်တော် ပိုက်ဆံ တစ်ပြားမှ မတောင်းပါဘူး" ဟု စာရေးသားခဲ့သည်။

ယခုအချိန်တွင် လင်းကင်း တကယ် စိတ်ဝင်စားသည်မှာ နိုင်ငံရေးပင်ဖြစ်သည်။ လင်းကင်းသည် ရီပတ်ဘလီကင်ခေါင်းဆောင် တစ်ဦးဖြစ်ရာ လာမည့် ၁၈၆၀ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သူ၏ပါတီအောင်မြင်မှ ရရှိရေးအတွက် သူ.တွင် တာဝန်ရှိသည်ဟု ခံစားမိသည်။ ထိုသို.အနိုင်ရရှိရေးအတွက် အီလီနွိုင်းပြည်နယ်မှ အင်အားချိန်.နေသော ရီပတ်ဘလီကင်များ စည်းရုံးရေးအတွက် ဆောင်ရွက်ရမည်။ အခြားပြည်နယ်များမှ ရီပတ်ဘလီကင်များ အလွန်အကျွံ သဘောထားကွဲလွဲမှုများ မဖြစ်စေရေးကို ပိတ်ဆို.ရသည်။ ပြီးတော့ ၁၈၅၆ ခုနှစ်တွင် ပွန် ဖရီးမောင့်နှင့် မီးလ်လတ်ဖီးလ်မောတို. ရရှိခဲ့သည့် မဲများကို တစ်ပေါင်းတည်း ရရှိနိုင်မည့် သမ္မတလောင်းတစ်ဦး ကို ရွေးချယ် လျှာထားပေးရမည်ဖြစ်သည်။

www.burmeseclassic.com

ကို ဆက်လက်ဆွေးနွေးခြင်း မပြုလုပ်ခဲ့တော့ပေ။

ရှီကာဂိုမြို့တွင်လည်း ကျောင်းတော်က ရန်ညှိုးရှိခဲ့ကြသော ဂျတ်နှင့် ဝဲန်.ဝပ်သ်တို့. "ပြတ်"နေမှုသည် ဆက်လက်၍ လောင်ကျွမ်းခဲ့သည်။ သူတို့.နှစ်ဦးကြား ပုဂ္ဂိုလ်ရေးရန်ညှိုးကြောင့်တစ်ကြောင်း၊ ပွန်ဝဲန်.ဝပ်သ်[1]၏ ရှီကာဂို ဒီမိုကရက်[2] သတင်းစာနှင့် ဂျတ်ကို အမြဲထောက်ခံသည့် ရှီကာဂို ပရက်စ် အင်ထရာစ်ဖြန့်[3]တို့. ခါးခါးသီးသီး ယှဉ်ပြိုင်မှုတို့.ကြောင့်တစ်ကြောင်းဖြစ်သည်။

ဝဲန်.ဝပ်သ်က ဂျတ်၏ ငွေကြေးသုံးစွဲမှုကို ဂုဏ်သိက္ခာကျအောင် တိုက်ခိုက်ခဲ့သည်။ ဂျတ်သည် ၁၈၅၅ ခုနှစ် ဆီးနိတ်လွတ်တော်အမတ်ရွေးပွဲတွင် လင်းကင်းရုံးအောင် ကူညီခဲ့ပုံ၊ ၁၈၅၈ ခုနှစ် ရွေးကောက်ပွဲတွင်လည်း သူ၏ စီမံမှု ညံ့ဖျင်းခြင်းကြောင့် ရှုံးခဲ့ရပုံ၊ ပြီးတော့ သမ္မတလောင်းအတွက် လင်းကင်းအစား ထရမ်းဘူးလ်ကို မြှင့်တင်ပေးရန် ကြံစည်နေပုံ ဝဲန်.ဝပ်သ်က တိုက်စစ်ဆင်ခဲ့သည်။ ပြည်နယ်အုပ်ချုပ်ရေးမှူး အသေအလဲဖြစ်ချင်နေသော ဂျတ်က ဝဲန်.ဝပ်သ်အား အသရေဖျက်မှုနှင့် တရားစွဲဆိုခဲ့ပြီး လျော်ကြေးငွေ ဒေါ်လာ ၁၀၀,၀၀၀ တောင်းဆိုခဲ့သည်။ သူတို့.နှစ်ဦးစလုံးက လင်းကင်းထံမှ အကူအညီပေးရန် မေတ္တာရပ်ခံခဲ့ကြသည်။ ဝဲန်.ဝပ်သ်က လင်းကင်းအား ရှေ.နေအဖြစ်ထားလိုသည်။ ဂျတ်ကလည်း သူ.သိက္ခာအတွက် လင်းကင်းက လူသိရှင်ကြား စာရေးပေးရန် တိုက်တွန်းခဲ့သည်။ လင်းကင်းက ဘယ်သူ.ဘက်မှ မပါဘဲ ကြားနေရန် ကြိုးစားခဲ့သည်။

လင်းကင်းသည် အခြားပြည်နယ်များတွင်လည်း ပါတီ၏ သဟဇာတဖြစ်မှု မပြုကွဲရေးအတွက် ရီပတ်ဘလီကင်များကို ထိန်းပေးခဲ့သည်။ မက်ဆာချူးဆက်ပြည်နယ်သည် ဒေသစိတ် ပြင်းထန်သည်။ ထိုပြည်နယ်မှ ရီပတ်ဘလီကင်များက ပြည်နယ်သားအဖြစ် ခံယူထားကြသူများအား နှစ်နှစ်ကြာ စောင့်ဆိုင်းပြီးမှ မဲပေးစေရေးအတွက် ပြည်နယ်ဖွဲ့.စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးကို ထောက်ခံခဲ့ကြသည်။ လင်းကင်းက

ချက်ချင်း ကန်.ကွက်ခဲ့သည်။ လင်းကင်းက "ကျွန်တော်မှာ အဖိနှိပ်ခံလူမည်းတွေအတွက် ကရုဏာထားကြောင်း ပြောမိလို. နာမည် နည်းနည်းပါးပါး ပျက်ခဲ့ရတယ်။ အခုလည်း ဘယ်နိုင်ငံကလာလို. ဘာစကားပြောတဲ့ မျက်နှာဖြူတွေပဲဖြစ်ဖြစ် သူတို့.အတွက် ရှိပြီးသားအခွင့်အရေးကို ဖြတ်တောက်ရေးအတွက် ကျွန်တော်ထောက်ခံရင် ကျွန်တော် ဘယ်ညီမျှပါ့မလဲ" ဟု ပြောခဲ့သည်။ အိုဟိုင်းယိုးပြည်နယ် ရီပတ်ဘလီကင်များက ဝရမ်းပြေး ကျွန်ဥပဒေကို ရုပ်သိမ်းရန် ထောက်ခံခဲ့ရာတွင်လည်း လင်းကင်းက ပြည်နယ် အုပ်ချုပ်ရေးမှူးကို သတိပေး ကန်.ကွက်ခဲ့သည်။

ဒပ်ဂလပ်စ်က ရီပတ်ဘလီကင် အတော်များများကို ဒုက္ခရောက်အောင် ဆွဲဆောင်မည့်ကိစ္စအတွက် လင်းကင်းသည် ဆက်လက်၍ သောကမအေး ဖြစ်ခဲ့ရသည်။ ဒပ်ဂလပ်စ်သည် အမေရိကန်ဆီးနိတ် လွှတ်တော်အမတ်အဖြစ် ထပ်မံ၍ ရွေးချယ်ခံခဲ့သည်တော့မှန်၏။ သို့သော်လည်း သူ၏ ဖရီးပို့. လမ်းစဉ်ကြောင့် တောင်ပိုင်းပြည်နယ်၏ ထောက်ပံ့မှုများစွာ လျော့နည်းသွားခဲ့သည်။ ဆီးနိတ်လွှတ်တော် ကြိုးကိုင်အဖွဲ့.က ၁၈၅၉ ခုနှစ် ဒီဇင်ဘာလတွင် ဒပ်ဂလပ်စ်အား နယ်မြေများကော်မတီဥက္ကဋ္ဌအဖြစ်မှ ဖယ်ရှားခဲ့ခြင်းမှာလည်း သမိုင်းအစဉ် အလာမရှိခဲ့သလောက် ထူးခြားသော လုပ်ရပ်ဖြစ်ခဲ့သည်။ တောင်ပိုင်းသားများက ဒပ်ဂလပ်စ်အား ထောက်ခံမှု လျော့သွားပုံကို ပြသခဲ့ခြင်း ဖြစ်သည်။ အကင်းပါးပြီး လက်တွေ့ဆန်သော ဒပ်ဂလပ်စ်သည် လိကောမ်တင်အငြင်းအပွားတုန်းကကဲ့သို့.ပင် ရီပတ်ဘလီကင် များ၏ ထောက်ခံမှုကို ဆွဲဆောင်ရန် စတင်လှုပ်ရှားခဲ့သည်။ ဒပ်ဂလပ်စ်က သူသည် နိုင်ငံတော် နယ်မြေအားလုံးတွင် ကျွန်စနစ် ကာကွယ်မည့်ဥပဒေကို အမြဲဆန်.ကျင်ခဲ့ကြောင်းနှင့် အာဖရိက ကျွန်ရောင်းဝယ်ရေးကို ပြန်လည်ပေါ်ပေါက်လာမည်ကို တိုက်ခိုက်ခဲ့ကြောင်း ရီပတ်ဘလီကင်များအား သတိပေး ပြောဆိုခဲ့သည်။

လင်းကင်းသည် သူ၏ မဟာပြိုင်ဘက် ဒပ်ဂလပ်စ်အပေါ်တွင်

www.burmeseclassic.com

အမြဲသံသယရှိသူဖြစ်သည်။ ဒပ်ဂလပ်စ်သည် နှစ်ဖက်လွှန်နည်းလမ်းကို ကြံဖန်လေ့ပြီဟု လင်းကင်းထင်ခဲ့သည်။ ဒပ်ဂလပ်စ်က သူ့.ကိုယ်သူ ၁၈၆၀ ခုနှစ် ဇွေးကောက်ပွဲအတွက် သမ္မတလောင်းအဖြစ် ကိုယ်စားပြုပြောလာခဲ့သည်။ သို့သော်လည်း ဒီမိုကရက်တို့.က သူ့.ကို ကန့်.ကွက်ခဲ့လျှင် သူသည် ရီပတ်ဘလီကင်ဘက်သို့.လှည့်ပြီး ပိတ်ဆို့.ကာ မြောက်ပိုင်းသားများက ကျွန်ဉီးရေ အင်အားမကောင်း စေရေးအတွက် သူ့.ကို သမ္မတလောင်းအဖြစ် ရွေးချယ်စေရေးကိုလည်း ခွင့်ထိုင်ထားလျက်ရှိသည်။ ဟောရေ့.စ် ဂရီလီကဲ့သို့.သော ရီပတ်ဘလီကင်အချို့.မှာလည်း ဒပ်ဂလပ်စ်နှင့် ပလဲပန်သင့်မှုမှ မလွတ်မြောက်သေးပုံကိုလည်း လင်းကင်းက သိနေသည်။ သည်အထဲတွင် ကဲန်ဆပ်စ်ပြည်နယ်တွင် လိကော့မ်တင်ဖွဲ့.စည်းပုံအခြေခံဥပဒေကို ကန့်.ကွက်မှု အောင်မြင်ခဲ့ပုံမှာ ပြည်သူအများစု၏ ဆန္ဒဖြင့် အုပ်စိုးရေးအချုပ်အခြာအာဏာ ကြောင့်ဖြစ်သည်ဟု ပြောဆိုစပြုခဲ့ကြပုံများကလည်း ရှိသည်။ ထို့.ကြောင့် ၁၈၅၈ ခုနှစ်ဇွေးကောက်ပွဲ မဲဆွယ်ပွဲများ ပြီးကတည်းက လင်းကင်း ပထမဆုံး ပြောဆိုခဲ့သည့် မိန့်.ခွန်းၵ် ရှိကာဂိုရီပတ်ဘလီကင်များသည် ဒပ်ဂလပ်စ်ဝါဒ[4]၏ အန္တရာယ်ကို သတိပြုကြရန် လင်းကင်းက ပြောဆိုခဲ့သည်။

ဒပ်ဂလပ်စ်ရေးသားသည့် ဆောင်းပါးရှည်ကြီးတစ်ပုဒ်ကို လင်းကင်းဖတ်ခဲ့ရပြီးနောက် ပို၍ပင် စိတ်မအေးစရာဖြစ်လာသည်။ ၁၈၅၉ ခုနှစ် စက်တင်ဘာလထုတ် *ဟားပါးစ် မဂ္ဂဇင်း*[5]တွင် ဒပ်ဂလပ်စ် က "ပြည်ထောင်စုအာဏာပိုင်အဖွဲ့.နှင့် ဒေသဆိုင်ရာ အာဏာပိုင်များ၏ ကြားစီး (သို့.မဟုတ်) နယ်မြေများတွင် ပြည်သူအများစုဆန္ဒဖြင့် အုပ်စိုးရေးအချုပ်အခြာအာဏာ"[6] ဆောင်းပါးကို ရေးသားခဲ့သည်။ ဆောင်းပါးတွင် ပြည်သူအများစု၏ဆန္ဒဖြင့် အုပ်စိုးရေး အချုပ်အခြာအာဏာမှာ အမေရိကန်နိုင်ငံတော်လှန်ရေးစတင်ကတည်းက ရှိခဲ့သော မူဝါဒကြီးဖြစ်သည်ဟု အကျယ်တဝင့် ရေးသားဖော်ပြခဲ့သည်။ ထိုမူဝါဒကို မှန်ကန်စွာ ကျင့်သုံးခဲ့လျှင်

ကွန်ဂရက်ဥပဒေဖြင့် ပြည်နယ်များတွင် ကျွန်စနစ် မရှိရေး ပြဋ္ဌာန်းရန် ရီပတ်ဘလီကင်တို့.၏ ကြိုးပမ်းမှုများကို လည်းကောင်း၊ အမျိုးသားကျွန်ဥပဒေပြဋ္ဌာန်းရေးအတွက် တောင်ပိုင်းသားများ၏ အားထုတ်မှုများကို လည်းကောင်း၊ ပိတ်ဆို့.တားဆီးနိုင်လိမ့်မည်ဟု ဒပ်ဂလပ်စ်က ဆောင်းပါးတွင် ဖော်ပြခဲ့သည်။

ဒပ်ဂလပ်စ်၏ ဆောင်းပါးကို လူအများစုက ဖတ်ချင်မှ ဖတ်ခဲ့မိမည်။ သို့.သော် ဖတ်မိကြားမိသူတွေမှန်သမျှ ကျယ်ကျယ်ပြန့်.ပြန့်.ဆွေးနွေးခဲ့ကြသည်။ ဒပ်ဂလပ်စ်၏ ဆောင်းပါးမှာ ဗဟိုအလယ်လမ်းက လိုက်မည့် ပါတီသစ်တစ်ခု ထူထောင်ရေးအတွက် ရဲရဲတင်းတင်း ကြိုးစားလိုက်ခြင်းဖြစ်သည်။ မချိမဆံပဒါဒကျသော ဒီမိုကရက်များနှင့် ရှေးဦး ဝှစ်ဟောင်းများကို ပူးပေါင်းမိအောင် စည်းရုံးပြီး တောင်ပိုင်း နှင့် မြောက်ပိုင်းမှ ခေတ်သစ်ပြုပြင်ပြောင်းလဲရေးဝါဒီများကို ကန့်.ကွက်မည့် ပါတီသစ် ဖြစ်စေမည့် ရည်ရွယ်ချက်ဖြစ်သည်။ ဒပ်ဂလပ်စ်သည် သူ၏ရည်မှန်းချက်ကို လူထုများများရှေ့.မှောက်သို့. ပိုမိုရောက်ရှိရေးကို လှုံ့.ဆော်နိုင်ရန်အတွက် ၁၈၅၉ ခုနှစ် အိုဟိုင်းယိုးတွင် မဲဆွယ်တရားပွဲတစ်ခု ပြောကြားရန် အခွင့်အရေးကိုပင် လက်ခံခဲ့သည်။ ညီလာခံတွင် သူ၏ "ပြည်သူလူထုအများစု၏ ဆန္ဒဖြင့် အုပ်စိုးမှုအာဏာလမ်းစဉ်"ကို အားလုံးက ထောက်ခံကြရန် တိုက်တွန်း ခဲ့သည်။

လင်းကင်းက ဒပ်ဂလပ်စ်၏ လူပ်ရှားမှုများမှာ ကြောက်စရာကောင်းပုံကို စဉ်းစားမိသည်။ ဘီလူးလေး[7] ဒပ်ဂလပ်စ်သည် လွတ်လပ် သူ၏ အန္တရာယ်အကြီးမားဆုံး ရန်သူဖြစ်သည်ဟု လင်းကင်း နားလည်ထားသည်။ ထို့.ကြောင့် လင်းကင်းကလည်း ဒပ်ဂလပ်စ်နှင့် ထိပ်တိုက် ရင်ဆိုင်ပြောဆိုရေးကို ရည်မှန်းပြီး အိုဟိုင်းယိုးပြည်နယ် ရီပတ်ဘလီကင် ဗဟိုကော်မတီ၏ ဖိတ်ကြားချက်ကို လက်ခံလိုက်သည်။

လင်းကင်းသည် အိုဟိုင်းယိုးပြည်နယ်တွင် ဒပ်ဂလပ်စ်နှင့် အတူ

www.burmeseclassic.com

စင်ခြင့်ပေါ်တွင် စကားစစ်ထိုးခြင်း မပြုလုပ်ခဲ့ပါ။ စက်တင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်များတွင် ကိုလမ်းဘတ်စ်၊ ဒေတင်၊ ဟဲမ်မီလ်တင်နှင့် စင်စင်နာတီးတို့တွင် မိန့်ခွန်းများ ပြောခဲ့သည်။ နောက်နှစ်ရက်အကြာတွင် အင်ဒီရဲနားပလစ္စ်၌ ပြောခဲ့သည်။ တကယ်တော့ ၁၈၅၈ ခုနှစ် ဆီးနိတ်အမတ်ရွေးပွဲမဲဆွယ်ပွဲများတုန်းက အချက်များ ကို ဆက်လက်ပြောခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဂျိုးဇက် မက်ဒီးလ် အကြံပေးခဲ့သည့်အတိုင်း လင်းကင်းသည် လွတ်လွတ်လပ်လပ် ပြော ပြီး ဒပ်ဂလပ်စ်အပေါ်တွင် အသေအချာ ဝေဖန်ပြခဲ့သည်။ မက်ဒီးလ် က "ကိုယ့်လူ ခင်ဗျား အမတ်လောင်းမဟုတ်တော့ဘူး၊ ကြိုက်သလို ရဲရဲတင်းတင်း ပြောလို့ရတယ်" ဟု အကြံပေးခဲ့သည်။ ဒပ်ဂလပ်စ်က သူ၏ ပြည်သူ့အများစု၏ဆန္ဒဖြင့် အုပ်ချုပ်ရေး အချုပ်အခြာ ဝါဒကို မဟာဝါဒဟု ရေးသားခဲ့ရာ လင်းကင်းက မဟားတရားဝါဒဟုပင် သရော်ပြောဆိုခဲ့သည်။

ယခုအခါတွင် လင်းကင်း၏ ငြင်းခုံတင်ပြချက်များမှာ ဒပ်ဂလပ်စ်နှင့် စကားစစ်ထိုးပွဲများ ပြောခဲ့စဉ်တုန်းကထက် အနှစ်သာရ အချို့ပိုပြီး ပါလာသည်။ "ဒပ်ဂလပ်စ်တင်ပြခဲ့သည့် အစစ်အမှန် ဘေးအန္တရာယ်မှာ ပြည်သူလူထု၏ သဘောထားကို ဖြည်းဖြည်းနှင့်မှန်မှန် ဖျက်ဆီးခြင်းဖြစ်သည်" ဟု လင်းကင်းက ပြောလိုက်သည်။ လွတ်လပ်ရေးကြေညာစာတမ်းတွင် လူမည်းများကို ထည့်မစဉ်းစားဟု ဆိုခဲ့ခြင်းကြောင့် လူမည်းများအပေါ်တွင် မျက်နှာဖြူအများစု၏အမြင် ပြောင်းလဲသွားစေခဲ့ကြောင်း ဒပ်ဂလပ်စ်က မကြာခင်က ပြောခဲ့ဖူးသည်။ "သူသည် နီးဂရိုးနှင့် မိကျောင်းယုဉ်လျှင် နီးဂရိုးကို အားပေးမည်။ သို့သော် မျက်နှာဖြူနှင့် နီးဂရိုးယုဉ်လျှင် မျက်နှာဖြူကို အားပေးမည်" ဟု ဆိုခြင်းမှာ "နီးဂရိုးသည် လူမဟုတ်တော့ဘဲ တိရစ္ဆာန် အရိုင်းဖြစ်သွားသည်၊ မိကျောင်းနှင့် အတူတူဖြစ်သွားသည်ဟု အဓိပ္ပာယ်ရကြောင်း၂၂ ဤနိုင်ငံတွင် ပြည်သူလူထု၏ သဘောထားမှာ အရေးကြီးဆုံးပင်ဖြစ်ကြောင်း" စသည်ဖြင့် လင်းကင်းက ဝေဖန်ပြခဲ့သည်။

လင်းကင်းသည် ၁၈၅၉ ခုနှစ် မိန့်ခွန်းများတွင် စကားစစ်ထိုးပွဲများတုန်းက မဖြစ်စလောက်သာ ထည့်ပြောခဲ့သော အကြောင်းများကို အထူးဂရုပြုပြောခဲ့သည်။ ဥပမာအားဖြင့် "အနိုးတဝိုက် ကွင်းများထဲတွင် ကျွန်များအလုပ်လုပ်နေခြင်းကြောင့် မျက်နှာဖြူလူအများစု၏ ကိုယ်ပိုင်လုပ်အားများကို ထိခိုက်လျော့ပါးသွားစေသည်" ဟု ပြောခဲ့သည်။ လုပ်အားတန်ဖိုးသဘောတရား ကို လင်းကင်းက အခိုင်အမာရပ်တည်ပြီး ပြောခဲ့ခြင်းဖြစ်သည်။ "လုပ်အားဆိုသည်မှာ လူသားတို့၏ လိုအပ်မှုများကို အဓိက ထောက်ပံ့မှုပေးသည့် အရင်းအမြစ် ဖြစ်သည်"[9] လုပ်အားသည် အရင်းအနှီး၏ ရှေ့ပြေးဖြစ်သည်၊ လုပ်အားသည် အရင်းအနှီး၏ အသီးအပွင့်ဖြစ်သည်[10] လုပ်အားသာ ဦးစွာမရှိလျှင် အရင်းအနှီးရှိလာစရာအကြောင်းမရှိ၊ အရင်းအနှီးသည် လုပ်အားပေါ်တွင် မူတည်ရှိခြင်းဖြစ်သော်လည်း လွတ်လပ်သော လူ.ဘောင်တွင် တန်ဖိုးရှိသော ဝန်ဆောင်မှုဖြစ်သည်ဟု လင်းကင်းက ပြောခဲ့သည်။

(၂)

လင်းကင်းသည် ၁၈၅၉ ခုနှစ် ဒုတိယနှစ်ဝက်ပိုင်းတွင် အိုင်အိုဝေး၊ အိုဟိုင်းယိုး၊ အင်းဒီရဲနား၊ ဝစ္စကော်နှင်ဆင်းနှင့် ကဲန်ဆပ်စ်ပြည်နယ်များတွင် လှည့်လည်တရားဟောခဲ့သည်။ သူရောက်ရှိရာအရပ်များက သူ့.ကို နွေးထွေးလိုက်လဲစွာ ကြိုဆိုခဲ့ကြသည်။ လင်းကင်းအား အမြင့်ဆုံးရာထူးအတွက် လွှာထားပေးသင့်ပြီဟု လက္ခဏာပြနေသော သဘောဖြစ်သည်။ ဤစီတိကူးကို ၁၈၅၈ ခုနှစ် ရွေးကောက်ပွဲအပြီးတွင်မှ ရရှိခဲ့ကြခြင်းဖြစ်သည်။ လင်းကင်း ရှုံးခဲ့သည်ကို ခါးခါးသီးသီး မခံမရပ်နိုင်ဖြစ်ခဲ့ကြသော သူ၏ ဘက်တော်သားအချို့က "ဒီပုဂ္ဂိုလ်ဟာဘုရားသခင်က ဖန်ဆင်းပေးခဲ့တဲ့ လူတွေထဲမှာ အကောင်းဆုံး လူတစ်ယောက်ဖြစ်တယ်။ သူ့.ကို လွှဲနေတော်တို့.

www.burmeseclassic.com

သမ္မတ သို့.မဟုတ် ဒုတိယသမ္မတဖြစ်အောင် လုပ်ပေးလို့. မရဘူးလား" ဟု မေးလာခဲ့ခြင်းဖြစ်သည်။

လာကောန်ပြို့.မှ မထင်မရှားဖြစ်သော *အီလီန္တိုင်း ဂဇက်*[11] သတင်းစာသည် လင်းကင်းအား သမ္မတလောင်းအဖြစ် အလေးအနက် အဆိုပြုခဲ့သည့် ပထမဆုံး သတင်းစာဖြစ်ခဲ့သည်။ သို့.သော်လည်း လင်းကင်းအား ရီပတ်ဘလီကင်များက သမ္မတလောင်းအဖြစ် ရွေးချယ်ရန် နိုဝင်ဘာလ ၆ ရက်နေ့တွင် အိုဟိုင်းယိုးပြည်နယ်မှ *ဆန်ဒပ်စ်ကီး ကွန်မာရှယ်လ် ရက်ဂျစ်စတာ*[12] သတင်းစာက ရေးသားလိုက်ရာ လူသိပိုများသွားခဲ့လေသည်။ လောလောဆယ်တွင်လည်း အီလီန္တိုင်းပြည်နယ်မှ *အိုလ်နေ တိုင်းမ်စ်*[13] သတင်းစာက လင်းကင်းအား ၁၈၆၀ ခုနှစ် သမ္မတလောင်းအဖြစ် ဖော်ပြပေးစပြုခဲ့သည်။ လင်းကင်းအား သမ္မတလောင်းဖြစ်လာနိုင်သည် အလားအလာကို နယူးယောက် *ဟယ်ရာလ်*[14] အီလီန္တိုင်းမှ *ကော့ခ်ဖေါ်ဒ် ရီပတ်ဘလီကင်*၊ ပဲန်ဆယ်လ်ဗေးနီးယားမှ *ဂျာနယ်*[15] တို့.တွင်လည်း ဖော်ပြခဲ့ကြသည်။

ထိုသို့. အကြံပေးရေးသားချက်များကို လင်းကင်းနှင့် အခြား သူတစ်ဦးတစ်ယောက်ကမျှ အလေးမထားခဲ့ကြပေ။ သူ့.ကိုယ်သူလည်း အမာခံသမ္မတလောင်းတစ်ဦးဖြစ်သည်ဟု လင်းကင်း မစဉ်းစားခဲ့မိပါ။ ၁၈၅၈ ခုနှစ် ဆီးနိတ်အမတ်ရွေးပွဲအတွက် ဒပ်ဂလပ်စ်နှင့် စကားစစ်ထိုးခဲ့စဉ်က လင်းကင်းသည် သူ့.ကိုယ်သူ ဆီးနိတ်အမတ်ဖြစ်နိုင်မည့် အရည်အချင်း ရှိမှရှိရဲ့.လားဟု သံသယဖြစ်ကြောင်း သတင်းစာဆရာ ဟဲန်နရီ မီးလတ်အား လင်းကင်းက နှစ်ကိုယ်ကြား ပြောခဲ့ဖူးသည်။ ဇနီးမေရီကမူ လင်းကင်းသည် တစ်နေ့တွင် သမ္မတ ဖြစ်လာလိမ့်မည်ဟု ယုံကြည်စိတ်ချခဲ့သည်။ အီလီန္တိုင်းပြည်နယ်မှ *ဟန်နီပင် ထရစ်ဗြွန်း* သတင်းစာက ဝီလျံ ဆီးဝပ်[16] အား သမ္မတအဖြစ်နှင့် လင်းကင်းအား ဒုတိယသမ္မတအဖြစ် ပွင့်ပွင့်လင်းလင်း ထောက်ခံခဲ့သည်။ ဝဲန်.ဝပ်သ်၏ *ရှိကာဂို ဒီမိုကရက်*[17] သတင်းစာက လင်းကင်းအား အီလီန္တိုင်းပြည်နယ်မှ ပုဂ္ဂိုလ်ကျော်ကြား[18] ဟု ချီးကျူးပြီး လင်းကင်းအား သမ္မတ

သို့.မဟုတ် ဒုတိယသမ္မတလောင်းအဖြစ် ရီပတ်ဘလီကင်များက လျာထားရန် ရေးသားခဲ့သည်။ လင်းကင်းအား ကျတ်အစား အီလီန္တိုင်းပြည်နယ် အုပ်ချုပ်ရေးမှူးအဖြစ်လည်း ထောက်ခံရေးသားခဲ့သည်။

ထိုအကြံပေးချက်အားလုံးအတွက် လင်းကင်းက အခြေခံ အဖြေတစ်မျိုးတည်းကိုသာ ပေးခဲ့သည်။ လင်းကင်းက သူ့.အား ချီးကျူးထောက်ခံရေးသားခဲ့သည့် *ကော့ခ် အိုင်းလင်း ရက်ဂျစ်စတာ* သတင်းစာ အယ်ဒီတာထံသို့. အကြောင်းပြန်ရာ၌ "အမှန်ကိုပြောရလျှင် ကျွန်တော့် ကိုယ်ကျွန်တော် သမ္မတအဖြစ် သင့်တော်တယ်လို့. မစဉ်းစားပါဘူး" ဟု ရေးသားခဲ့သည်။ လင်းကင်းအား သမ္မတဖြစ်ရေးအတွက် လုံ့.ဆော်စည်းရုံးနေခဲ့သည့် အိုဟိုင်းယိုးပြည်နယ်မှ ဆယ်မြို့ယဲလ် ဂဲလိုးဝေးထံသို့.လည်း ထိုအဖြေမျိုးကိုပင် လင်းကင်းက ပေးခဲ့သည်။

လင်းကင်း၏ ငြင်းဆိုချက်များမှာ မူရာမာယာများနေခြင်း မဟုတ်။ လက်တွေ့.ဆန်ဆန်ပင်ဖြစ်သည်။ အပေါ်ယံအားဖြင့်ကြည့်လိုက်လျှင် သူသည် အမေရိကန်နိုင်ငံ၏ သမ္မတ ဖြစ်လာရေးအတွက် ကြိုးတင်ပြင်ဆင်မှု ပြုလုပ်နေပုံကို မတွေ့.ရပေ။ သမ္မတရာထူးအတွက် ရွေးကောက်ပွဲဝင်ခဲ့ဖူးသည့် အခြားပုဂ္ဂိုလ်တစ်ဦးနှင့်မှ လင်းကင်း မတူခဲ့။ လင်းကင်းသည် အစဉ်အလာရှိသော မိသားစု သို့.မဟုတ် ဒွေကြေးကြွယ်ဝမှု၊ ကျောထောက်နောက်ခံ မရှိရုံမက ပညာရေးဘက်တွင်လည်း ကျောင်းနေဖူးသည်ဆိုရုံသာ ရှိခဲ့သည်။ လင်းကင်းသည် ယခု အသက် ၅၀ ရှိပြီ။ သို့.သော်လည်း သူ့.တွင် အုပ်ချုပ်ရေးအတွေ့.အကြုံ တစ်ခုမှ မရှိခဲ့ပေ။ သူသည် ပြည်နယ်၏ အုပ်ချုပ်ရေးမှူးလည်း မဖြစ်ခဲ့။ ယုတ်စွအဆုံး စပရင်းဖီးလ်၏ မြို့.တော်ဝန်အဖြစ်ပင် မဆောင်ရွက်ခဲ့ဖူးပေ။ သူသည် အမေရိကန်နိုင်ငံကို စတင်ထူထောင်ခဲ့ကြသည့် နိုင်ငံတော်၏ ဖခင်ကြီးများ ရေးသားချက်များနှင့် ပြည်ထောင်စုဖွဲ့.စည်းပုံအခြေခံဥပဒေကို အလွန်မြတ်နိုးသူတစ်ဦးသာဖြစ်သည်။ အစိုးရအကြောင်း အနည်းအကျဉ်းလောက်သာ သိသူဖြစ်

www.burmeseclassic.com

သည်။ သူသည် အမေရိကန်အောက်လွှတ်တော်အမတ်အဖြစ် နှစ်နှစ်သက်တမ်း တစ်ကြိမ်တည်းသာ ထမ်းဆောင်ခဲ့ဖူးသည်။ ထူးထူးခြားခြား အောင်မြင်ခဲ့ သည်ဟု မဆိုသာ။ ပြည်သူ့ဝန်ထမ်းဘဝနှင့် ကင်းကွာခဲ့သည်မှာလည်း ၁၀ နှစ် ရှိခဲ့ချေပြီ။ သူသည် ရိပတ်ဘလီကင်ပါတီကို စတင်တည်ထောင် သူတစ်ဦးဖြစ်သည်။ သို့သော်လည်း လူဦးရေ များပြားပြီး ရွေးကောက်ပွဲအတွက် အရေးပါသည့် အရှေ့ပိုင်းပြည်နယ်များတွင် အသိအကျွမ်း အနည်း ငယ်သာရှိသည်။ ရင်းရင်းနှီးနှီး မိတ်ဆွေတစ်ဦးမှ မရှိပေ။ သေချာအောင် ပြောရသော် သူသည် ဒပ်ဂလပ်စ်နှင့် စကားစစ်ထိုးခဲ့မှုများကြောင့် နိုင်ငံသိ ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့သည်။ သို့သော်လည်း ၁၈၅၅ ခုနှစ်နှင့် ၁၈၅၉ ခုနှစ် ဆီးနိုတ်အမတ် ရွေးပွဲများတွင် ရှုံးနိမ့်ခဲ့သည်။ လင်းကင်းအား သမ္မတဖြစ်နိုင်မည့် အခွင့်အလမ်း မမြင်ပုံကို သတင်းထောက်တစ်ဦးက "မစ္စတာလင်းကင်းအဖို့ ဒီတစ်ခါလည်း သူဖြစ်နေကျ အတိုင်း သွားဦးမှာပဲလို့ ကျွန်တော် စိုးရိမ် နေမိတယ်" ဟု အထင်သေးစွာ မှတ်ချက်ချခဲ့လေသည်။

ဤအားနည်းချက်များကို လင်းကင်းထက်ပို၍ သတိထားမိသူ ရှိမည် မဟုတ်ပေ။ သို့ပင်ဖြစ်လင့်ကစား လင်းကင်းသည် သမ္မတ ဖြစ်ရေးအတွက် တွေးလာခဲ့သည်။ သူသည် မကြာမီက ရွေးကောက်ပွဲများတွင် ဝမ်းနည်းစွာ ရှုံးနိမ့်ခဲ့ပုံများကို ပြန်စဉ်းစားခဲ့မိသည်။ သို့သော်လည်း အသိဉာဏ်ရှိပြီး ရည်မှန်းချက် ကြီးမားသောသူပီပီ အိမ်ဖြူတော်တွင် သမ္မတ ဖရဲန်ကလင် ပီးယပ်စ်နှင့် ဂျိမ်းစ် ဘျူခနန်တို့ကဲ့သို့ ကျေနပ်စွာ သမ္မတ ဖြစ်မလာနိုင်ဘူးလားဟု လင်းကင်း ဖိတွေးလာခဲ့မိသည်။

လင်းကင်းသည် သူ့ကိုယ်သူ သမ္မတအဖြစ် အရွေးခံရရန် စဉ်းစားကြည့်ခွင့်ပြုခဲ့သည်။ ရိပတ်ဘလီကင်တို့က သူ့အား သမ္မတလောင်း အဖြစ် လျာထားရေးမှာ သာမန် ပျမ်းမျှအခြေအနေထက် ပို၍ကောင်းသည်လက္ခဏာရှိနေသည်။ ပါတီတွင် အားကောင်းသော ကိုယ်စားလှယ်

လောင်းများစွာရှိသည်။ သို့သော်လည်း အားလုံးတွင် ချွတ်ယွင်းမှု အားနည်းချက်များ ရှိနေကြသည်။ ဝီလျံ ဆီးဝပ်မှာ ထိပ် ဆုံးက ပုဂ္ဂိုလ်ဖြစ်သည်။ လက်ရှိ ဆီးနိတ်အမတ်နှင့် နယူးယောက်ပြည် နယ်အုပ်ချုပ်ရေးမှူးဟောင်း ဖြစ်သည်။ အရည်အချင်းနှင့် အတွေ့အကြုံရှိပြီး ပါးနပ်သော ဂုစ်နိုင်ငံရေး သမားဟောင်းလည်းဖြစ်သည်။ သို့သော်လည်း တစ်ဖက်စွန်းရောက်ဝါဒီ တစ်ဦးအဖြစ် အားနည်းချက် ရှိသည်။ သူ၏မိန့်ခွန်းများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုပင် ကျော်လွှားသည့် ဥပဒေဆန်ပြီး ကျွန်စနစ်နှင့် လွတ်လပ်မှုအကြား ထိန်းချုပ်၍ မရနိုင်သော ပဋိပက္ခဖြစ်ကြောင်း အစွန်းရောက် ပြောဆိုခဲ့သူဖြစ် သည်။ ဒေသစွဲကို ဆန့်ကျင်သဖြင့် ဘုမသိဘမသိပါတီဝင်များနှင့် မသင့်သူလည်းဖြစ်သည်။

ဆိုင်မင် ကဲမ်မရွန်း[19] ရှိသေးသည်။ သူ့တွင် ပြည်နယ်ပြင်ပ၌ ထောက်ခံသူ နည်းပါးသည်။ ဒွေရေးကြေးရေး သုံးစွဲမှုများအတွက် သံသယ အဖြစ်ခံရသူဖြစ်ပြီး အကြီးအကျယ် ခြစားသူအဖြစ် နာမည်ကြီးသည်။

ဆယ်လ်မင် ချေ့စ်[20] မှာ အိုဟိုင်းယိုးပြည်နယ်၏ ရိပတ်ဘလီကင် အုပ်ချုပ်ရေးမှူးဖြစ်သည်။ သမ္မတလောင်းဖြစ်ရေးအတွက် စိတ်အားထက်သန်စွာ ကြိုးစားခဲ့သည်။ သို့သော်လည်း သူသည် ပုဂ္ဂိုလ်ရေး ဥပဓိရုပ် မကောင်းသူဖြစ်ပြီး နိုင်ငံရေးကျင်လည်ပါးနပ်မှုတွင်လည်း အားနည်းသူ ဖြစ်နေသည်။

နောက်တစ်ဦးမှာ မစ်ရူးရီးပြည်နယ်မှ ရွေးကိုးဝုစ်ဟောင်း တစ်ဦး ဖြစ်ပြီး အသက် ၆၀ ရှိသူ အက်ဒွပ် ဘိတ်စ် ဖြစ်သည်။ သူသည် ရိပတ်ဘလီကင်ပါတီဝင် မဟုတ်သေးပေ။ သူသည် နိုင်ငံရေး စိတ်မတည်ငြိမ်သော ဟောရေ့ဇ် ဂရီလီ၏ စိတ်ကြိုက်ဖြစ်နိုင်စရာအကြောင်း မရှိပေ။ ဂရီလီက သူ၏ ယခင်က မိတ်ဆွေဟောင်းနှင့် ယခု ခါးသီးသော ပြိုင်ဘက်ဖြစ်သူ ဆီးဝပ်ကို အနိုင်ရမည့်သူကိုသာလျှင် ထောက်ခံမည် ဖြစ်သည်။ ဤပုဂ္ဂိုလ်များအပြင် ဒုတိယတန်းစား သမ္မတလောင်းများလည်းရှိသည်။

www.burmeseclassic.com

အတွက် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ လင်းကင်းက သူ၏ ဘဝအကြောင်း အတိုအကျဉ်းချုပ်ကို ရေးပေးပြီး နိဂုံးချုပ်တွင် "ကျွန်တော့် ပုဂ္ဂိုလ်ရေးအချက်အလက်များအကြောင်း သိအပ်ရန် လိုအပ်မည်ဟု ယူဆခဲ့လျှင် ကျွန်တော်ပြော၍ ရနိုင်သည်မှာ ကျွန်တော် သည် အရပ် ၆ ပေ ၄ လက်မ နီးပါးမြင့်သည်။ ကိုယ်လုံး ပိန်လှီပြီး ဟူမ်းမျှ ကိုယ်အလေးချိန် ၁၈၀ ပေါင် ရှိသည်။ အသားအရေမှာ မဲမှောင်သည်။ ဆံပင်များမဲနက်ပြီး ကြမ်းသည်။ မီးခိုးရောင်မျက်လုံးများ ရှိသည်။ အခြားထင်ရှားသော အမှတ်အသားများ မရှိပါ" ဟု ရေးသားခဲ့သည်။ စာလူးမင်တင်မှ နိုင်ငံရေးသမား ဂျက်စီ ဖဲလ်က တာဝန်ယူ စီစဉ်၍ ပဲန်ဆယ်လ်ဗေးနီးယားပြည်နယ်မှ *မွက်စတာ ကောင်တီရက်ဂျစ်စတာ* သတင်းစာအယ်ဒီတာ ဂျိုးဇင် လူးဝစ္စက အမှာစာနှင့် လင်းကင်းအကြောင်း ဆောင်းပါးတစ်ပုဒ် ရေးပေးခဲ့သည်။ လင်းကင်းအကြောင်း ပထမဆုံး အတ္ထုပ္ပတ္တိဖြစ်သည်။

သမ္မတရွေးကောက်ပွဲတွင် ဝင်ပြိုင်ခွင့်ရရေးအတွက် လင်းကင်း၏ စိတ်ဝင်စားမှု ပိုမိုကြီးထွားမှုကို ပြသသည့် ထင်ရှားသော လက္ခဏာများကိုလည်း ထပ်မံတွေ့ရှိရသည်။ လင်းကင်းသည် ၁၈၆၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နယူးယောက်မြို့ ဘရုတ်ကလင်းရှိ ဟဲန်နရီ ဝတ် ဘီးချာ၏ ပလင်းမစ်သ်ဘုရားရှိခိုးကျောင်း၌ ဟောပြောရန် ဖိတ်ကြားမှုကို ပေါပေါ်ပါးပါးလက်ခံခဲ့သည်။ ခေတ်မီသည့် အရှေ့ပိုင်းမှ ပရိသတ်ရှေ့မှောက်တွင် ဟောပြောရမည်မှန်း လင်းကင်းသိခဲ့သည်။ သို့ဖြစ်၍ သူ့တစ်သက်တွင် ပြောကြားခဲ့သော မိန့်ခွန်းများထက် ပိုမို၍ ဂရုတစိုက် သုတေသနပြုလုပ်ကာ ပြင်ဆင်ခဲ့သည်။ သူ့အတွက်လည်း ဒေါ်လာ ၁၀၀ တန် ဝတ်စုံအနက်တစ်ခုကို အော်ဒါမှာ၍ ချုပ်ခဲ့သည်။

နယူးယောက်မြို့သို့ ရောက်ရှိသည့်အခါတွင် လင်းကင်းအား လူငယ်များ ဗဟိုရိပတ်ဘလီကင်သမဂ္ဂ[21]က ဟောပြောပွဲကို တာဝန်ယူခဲ့သည်။ သမဂ္ဂတွင် အသက် ၆၅ နှစ်အရွယ်ရှိ ဝီလျံ ကားလင်း ဘက်ဂိုင်းရဲန်၊

ဖရီးမောင့်၊ ဝီလျံ ဒေတင်၊ ကက်ဆီးယပ်စ် ကလေးနှင့် ဘင်ဂျမင် ဝိတ်စသူတို့ ဖြစ်ကြသည်။ ညီလာခံတွင် မဆုတ်သာ မတက်သာ အခြေအနေဆိုက်ခဲ့လျှင် သူတို့ထဲမှလည်း သမ္မတလောင်းတက်၍ ဖြစ်နိုင်ခြေရှိသည်။

လင်းကင်းအနေဖြင့် ထိုလူသိရှင်ကြားပုဂ္ဂိုလ်များအား အနိုင် ရရှိရန် အခွင့်အရေးမှာ သူ၏ သမ္မတလောင်းအနေအထားကို ဖြောင့်ထုတ်ကြေညာခြင်း မပြုဘဲ သူ၏ အားပိုကောင်းပြီး ဩဇာလည်း ပိုညောင်းလာစေရေးအတွက် နည်းနည်းစီဖြင့် လျှို့ဝှက်စွာ လုပ်သွားခြင်းဖြင့် အကောင်းဆုံးဖြစ်လာနိုင်မည်ဟု လင်းကင်းက ပါးနပ်စွာ သုံးသပ်ခဲ့သည်။ သူ၏ စိတ်ကူးများ ပိုမို၍ လူသိအောင် ကျယ်ပြန့်စွာ လုပ်နိုင်ရေးအတွက် သူနှင့် ဒပ်ဂလပ်စ်တို့ ၁၈၅၈ ခုနှစ်က စကား စစ်ထိုးခဲ့သည့် မှတ်တမ်းများကို ပြန်လည်စုဆောင်းထိန်းသိမ်းထားခဲ့သည်။ ဟဲန်နရီ ဝှစ်နေ၏ အကူအညီဖြင့် သတင်းစာများတွင် ဖော်ပြခဲ့သည့် သူ့မိန့်ခွန်းများနှင့် ဒပ်ဂလပ်စ်၏ မိန့်ခွန်းများကို ပြန်စုဆောင်းခဲ့သည်။ မိန့်ခွန်းများကို ပုံနှိပ်ထုတ်ဝေရန် ရည်ရွယ်ပြီး စာအုပ်ကြမ်းတစ်အုပ်တွင် ကော်ဖြင့် ဂရုတစိုက်ကပ်ပြီး သိမ်းခဲ့သည်။ သူ၏ ကြံစည်ချက်အတိုင်းပင် ၁၈၆၀ ခုနှစ် သမ္မတလောင်း ရွေးချယ်မည့် ညီလာခံများမတိုင်မီ ကိုလမ်းဘတ်စ်မြို့ရှိ ဖောလက်၊ ဖော်စတာနှင့် ကုမ္ပဏီမှ စာအုပ်ထုတ်ဝေပေးခဲ့သည်။ စာမျက်နှာ ၂၆၀ ထူပြီး ရှည်လျားစွာဖြင့် ၁၈၅၈ ခုနှစ်အတွင်း *အီလီနွိုင်းပြည်နယ်၌ ကျင်းပခဲ့သည့် မဲဆွယ်တရားပွဲတွင် ဂုဏ်သရေရှိ အေဘရာဟမ် လင်းကင်းနှင့် ဂုဏ်သရေရှိ စတီဖင် အေ ဒပ်ဂလပ်စ်တို့. ပြောကြားခဲ့သည့် နိုင်ငံရေး စကားစစ်ထိုးမှုများ* ဟု အမည်တပ်ခဲ့သည်။ ထိုစာအုပ်သည် အရောင်းရ အကောင်းဆုံး ဘက်စ်ဆဲလားဖြစ်ခဲ့သည်။

၁၈၅၉ ခုနှစ်၊ ဒီဇင်ဘာလတွင် လင်းကင်းသည် နောက်ထပ် ခြေတစ်လှမ်းကို တိုးတိုးတိတ်တိတ်ဖြင့် လှမ်းလိုက်ပြန်သည်။ ရွေးကောက်ပွဲ မဲဆွယ်မှုများတွင် အသုံးပြုရန်အတွက် သူ၏ ကိုယ်ရေး အတ္ထုပ္ပတ္တိစာအုပ်

www.burmeseclassic.com

www.burmeseclassic.com

အသက် ၄၉ နှစ်ရှိ ဟောရေ့.စ် ဂရီလီ စသူတို့.ပါဝင်ကြသည်။ သူတို့.နှင့် အခြားလူငယ်များသည် ဆီးဝပ် အနိုင် မရရှိရေးအတွက် လှုပ်ရှားနေကြသည်။ ဟောပြောပွဲကိုလည်း ဘရုတ်ကလင်းမှ မဲန်ဟတ်တင်ရှိ ကူးပါးသမဂ္ဂ[24]သို့ ရွှေ့ပြောင်းရန် စီစဉ်ခဲ့ကြသည်။ သူပြောဆိုရမည့် ပရိသတ်မှာ ဘာသာရေးပရိသတ် မဟုတ်တော့ဘဲ နိုင်ငံရေးပရိသတ် ဖြစ်လာပေရာ လင်းကင်းသည် ပရိသတ်အတွက် ပိုမို သင့်တင့်မည့် မိန်.ခွန်းဖြစ်စေရန် ပထမနေ့တွင် ပြန်လည်စိစစ် တည်းဖြတ်ခဲ့သည်။

ဖေဖော်ဝါရီ ၂၇ ရက်နေ့ ညတွင် ကူးပါးသမဂ္ဂအဆောက်အဦတွင် ပြည်ကျပ်နေသော ပရိသတ်ရှေ့တွင် လင်းကင်း မိန်.ခွန်း ပြောခဲ့ရသည်။ နားထောင်သည့် ပရိသတ်အများစုက လင်းကင်းထံမှ ထူးထူးဆန်းဆန်း ကြမ်းကြမ်းတမ်းတမ်း ရိုင်းရိုင်းပျပျစကားများ ထွက်လာလိမ့်မည်ဟု မျှော်လင့်ထားခဲ့ကြသည်။ လင်းကင်း ဝတ်စားဆင်ယင်ထားပုံမှာလည်း နယူးယောက်ပရိသတ်က လက်ခံထားသည့် မွန်ရည်သော နိုင်ငံရေးသမားတစ်ဦး၏ ပုံစံမဟုတ်ပေ။ ပြီးတော့ လင်းကင်း စပြောသည့်အသံက စူးရှနေခဲ့သည်။

သို့သော်လည်း ဖူးလ်စကက်စာရွက်အပြာများပေါ်တွင် ရေးထားသော မိန်.ခွန်းကို လင်းကင်းက ဂရုတစိုက်နှင့် တည်တည်ငြိမ်ငြိမ် ဖတ်ပြခဲ့ရာ သူ.အပေါ်တွင် နယ်စပ်မှ ခပ်ကြမ်းကြမ်း တောသား တစ်ယောက်ဟု ထင်ခဲ့သော အမြင်များ ချက်ချင်း ပျောက်ကွယ်သွားတော့သည်။ သူ၏ မိန်.ခွန်းမှာ တိုင်းပြည်အတွက် နိုင်ငံရေးလမ်းကြောင်းများကို ဖွင့်လှစ်ပြခဲ့သည့် လက်ရာမြောက်လှသော ရူးစမ်း ရှာဖွေ ဖော်ထုတ်ပြသမှုတစ်ခု ဖြစ်နေသည်။ မိန်.ခွန်း၏ ပထမ သုံးချီးတစ်ချီးတွင် ခပ်ဂလပ်စ် ပြောကြားခဲ့သည့် "ပြည်သူအများစု၏ ဆန္ဒဖြင့် အုပ်ချုပ်ရေးအချုပ်အခြာဝါဒဆိုသည်မှာ နိုင်ငံတော်ကို စတင် ထူထောင်ခဲ့သူများ စတင်အုတ်မြစ်ချပေးခဲ့သည့် ဝါဒလမ်းစဉ်ကို ဆက်လက်ကျင့်သုံးသော ဝါဒတစ်ခုဖြစ်သည်"

ဆိုသောအချက်ကို ရိုးရိုးလေး စေ့စေ့စပ်စပ် သုံးသပ်ပြခဲ့သည်။ လင်းကင်းသည် နိုင်ငံတော်ဖွဲ့.စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးညီလာခံနှင့် စောစောပိုင်းက ကျင်းပခဲ့သည့် ကွန်ဂရက်လွှတ်တော် စကားစစ်ထိုးပွဲ မှတ်တမ်းများကို နွိုက်နွိုက်ချွတ်ချွတ် ပြန်လည်ရှာဖွေ ပြုလုပ်ခဲ့သည်။ တွေ့.ရှိရသော မှတ်တမ်းများအရ ဖွဲ့.စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် လက်မှတ်ထိုးခဲ့ကြသူ ၃၉ ဦးအနက် ၂၁ ဦးက ပြည်ထောင်စု အစိုးရသည် နိုင်ငံတော်နယ်မြေများအတွင်း၌ ကျွန်စနစ်ကို ထိန်းချုပ်နိုင်သည့်အာဏာရှိစေရမည်ဟု မဲပေးဆုံးဖြတ်ခဲ့ ကြောင်း လင်းကင်းက တင်ပြခဲ့သည်။ သူတို့.စာရင်းတွင် မဲပေးရန် ခေါ်ဆိုခြင်း မခံခဲ့ရသည့် ကျွန်စနစ် ဆန့်ကျင်သူများဖြစ်ကြသူ ဘင်ဂျမင် ဖရဲန်ကလင်[25]၊ အလက်ဇန္ဒား ဟဲမ်မီလ်တင်[26]နှင့် ဂူးဗီနာ မောရစ်[27] စသူတို့.ကို ထည့်၍ပေါင်းနိုင်သေးသည်။ ကဲနီဆပ်စ် – နီးဘရားစကား ဥပဒေကို ခပ်ဂလပ်စ်က အသက်မသွင်းပေးခဲ့မီကတည်းက လင်းကင်းပြောဆိုခဲ့သော စကားရှိသည်။ "အမေရိကန်ဖွဲ့.စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စု အစိုးရအား ပြည်ထောင်စု နယ်မြေများအတွင်း၌ ကျွန်စနစ်အား ထိန်းချုပ်ခွင့် မပြုရန် တားမြစ်သည်ဟု ကမ္ဘာပေါ်ရှိ သက်ရှိလူသား တစ်ဦးဦးက ကြေညာခဲ့ဖူးသည် ဆိုခြင်းကို သက်သေပြရန်မှာ လုံးဝ မဖြစ်နိုင်ပါ" ဟု လင်းကင်းက နှစ်ပေါင်းများစွာ ပြောကြားလာခဲ့သည်။ ယခုမူ အသေးစိတ် မှတ်တမ်းများက လင်းကင်း၏ နှစ်ပေါင်းများစွာ တင်ပြလာခဲ့သော ရပ်တည်မှု မှန်ကန်ပုံကို အခိုင်အမာ အထောက်အထား ပြခဲ့လေပြီ။

တောင်ပိုင်းသားတို့.သည် လင်းကင်း၏ တင်ပြချက်များကို နာခံဖို့.ငေးစွဲ နားထောင်ချင်မှတောင် နားထောင်လိုကြမည်ကို လင်းကင်း သိသည်။ သို့သော်လည်း လင်းကင်းသည် အခွင့်အရေးရခိုက် အသုံးချပြီး တောင်ပိုင်း၏ အနေအထားကို သုံးသပ်ပြခဲ့သည်။ လင်းကင်းက ကျွန်စနစ်နှင့် စပ်လျဉ်း၍ ရိုပတ်ဘလီကင်များသည် သမားရိုးကျဝါဒီ အခြေအမှန်

www.burmeseclassic.com

များဖြစ်ကြောင်း၊ သူတို့.သည် လက်တွေ့.စမ်း သပ်ပြီးလမ်းကြောင်းကို လိုက်ကြသူများဖြစ်ကြသည်။ တောင်ပိုင်းသား တို့.မှာ စိတ်ဆိုးလွယ်သူများဖြစ်ပြီး ဝါဒဟောင်းတစ်ခုကို ကိုယ်သဘောဖြင့်ကိုယ် ကန့်.ကွက်ထောက်လှမ်း ပစ်ပယ်ကြသူများဖြစ်ကြကြောင်း နှိုင်းယှဉ်ပြောခဲ့သည်။ လင်းကင်းသည် ၁၈၅၉ ခုနှစ်၊ အောက်တိုဘာလတွင် ဗာဂျီနီးယားပြည်နယ်၊ ဟားပါစ် ဖယ်ရီတွင် ဖြစ်ခဲ့သည့် ဂျွန် ဘရောင်းနှင့် နောက်လိုက်တစ်စု၏ အဲ့ကြွမှုကို ရှုတ်ချ ပြောဆိုရင်း ရီပတ်ဘလီကင်သဘောထားကိုလည်း ရှင်းပြခဲ့သည်။ ဂျွန် ဘရောင်း နှင့် အဖွဲ့.က ကျွန်များ ပုန်ကန်ထကြွအောင် လှုံ့.ဆော်ခဲ့စဉ်ကလည်း မှားယွင်းမှု နှစ်ခုရှိကြောင်းပြောပြီး လင်းကင်းက ရှုတ်ချခဲ့သည်။ ပထမ အမှားမှာ ဥပဒေကို ချိုးဖောက်မှုဖြစ်ကြောင်း၊ ဒုတိယအမှားမှာ မဟာမကောင်းဆိုးဝါးမှုကြီးဖြစ်သော ကျွန်စနစ် ချုပ်ငြိမ်းရေးကို အကျိုးသက်ရောက်မှု မပြုနိုင်ခြင်းဖြစ်သည်။ သို့သော်လည်း လင်းကင်းက ဂျွန် ဘရောင်း၏ သတ္တိကြီးမားမှုနှင့် တစ်ကိုယ်ကောင်းမဆန်မှု ကို ချီးကျူးခဲ့သည်။ ဂျွန် ဘရောင်း၏ အကြမ်းဖက်မှုမှာ ကျွန်များ ပုန်ကန်ထကြွမှု မဟုတ်ဘဲ ကျွန်များ ပုန်ကန်ထကြွမှုဖြစ်စေရန် မျက်နှာဖြူများ၏ ကြိုးပမ်းမှုဖြစ်ကြောင်း လင်းကင်းက ထပ်မံထောက်ပြခဲ့သည်။ သို့သော်လည်း ကျွန်များက ပါဝင်အဲ့ကြွမှု မပြုလုပ်ခဲ့ကြပေ။

တောင်ပိုင်းသား တို့.က ဂျွန် ဘရောင်း အဲ့ကြွမှုကို ခေါင်းပုံ ဖြတ် အမြတ်ထုတ်ခဲ့ကြသည်။ ထိုအချက်က တောင်ပိုင်းသား တို့.၏ မင်းသားကြီးမလုပ်ရလျှင် ပတ်မကြီးဖောက်ရန် သန္နိဋ္ဌာနကို ပြသခဲ့သည့် နောက်ထပ် သက်သေတစ်ခု ဖြစ်ခဲ့သည်ဟု လင်းကင်းက ထောက်ပြခဲ့သည်။ ထို့အပြင် တောင်ပိုင်းသား တို့. မကြာခင်က ကြေညာခဲ့သည့် အစွန်းရောက်မှု တစ်ခု ရှိခဲ့သည်။ ၁၈၆၀ ခုနှစ် ရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်တစ်ဦးအား သမ္မတအဖြစ် ရွေးကောက်တင် မြှောက်ခဲ့ကြလျှင် ပြည်ထောင်စုကြီး ပြိုကွဲသွားမည်ဖြစ်ပြီး မြောက်ပိုင်း သား တို့.တွင် အပြစ်ရှိလိမ့်မည်ဟု ပြောဆိုခဲ့ခြင်း

ဖြစ်သည်။ လင်းကင်းက နမူနာတစ်ခုဖြင့် နှိုင်းယှဉ်ဥပဒေဖန်ပြခဲ့သည်။ "သွေးအေးလှချည်လား၊ ခါးပြတစ်ယောက်က ကျွန်တော့်နားထင်ကို သေနတ်နဲ့.ထောက် ပြီး ဟေ့... မတ်တတ်ရပ်၊ ရှိကာထုတ်ပေး၊ မပေးရင် မင့်ကို ငါပစ်ထည့် လိုက်မယ်၊ ပြီးရင် မင်းပဲ (ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့) လူသတ်သမားဖြစ်သွားမယ်" ဟု အဲ့ကြိတ်ပြောသည်နှင့်တူကြောင်း ပြောပြခဲ့သည်။

မြောက်ပိုင်းသားများ ဘာလုပ်သင့်သလဲ။

မြောက်ပိုင်းသား တို့.သည် ကျွန်စနစ်အပေါ်တွင် ထားရှိသည့် ဒပ်ဂလပ်စ်၏ ကိုယ်ကျင့်တရား မရှိမှုကို ရှောင်ရှားရမည်။ တောင်ပိုင်းမှ အစွန်းရောက်သမား တို့.၏ ကျွန်စနစ်ကို အငမ်းမရ လိုလားထောက်ခံမှုမျိုးကိုလည်း ရှောင်ရှားရမည်။ ရီပတ်ဘလီကင်တို့.သည် နိုင်ငံ၏ နယ်မြေသစ်များတွင် ကျွန်စနစ် မဝင်ရောက်နိုင်ရေးအတွက် ကြောက်ရွံ့.ခြင်းကင်းမဲစွာနှင့် ထိရောက်စွာ တွန်းအားပေးပြီး ကျွန်စနစ် ရှိပြီးသား ပြည်နယ်များတွင် ပိုနေမြဲ၊ ကျားနေမြဲ ထားရမည်။ "ကျွန်တော်တို့. အပေါ်တွင် မတရား စွပ်စွဲမှုများကြောင့် ကျွန်တော်တို့. တာဝန်ဝတ္တရားများ ဂုဏ်သိက္ခာ ညှိုးငယ်မသွားပါစေနှင့်။ အစိုးရပျက်သွားမည်၊ ကျွန်တော်တို့.အချုပ်စခန်းထဲ ရောက်သွားမည်ဆိုသည့် ခြောက်လုံးလှန့်.လုံးများကိုလည်း မကြောက်ကြပါနှင့်" ဟု လင့်ကင်းက သတိပေးလိုက်သည်။ ထို့.နောက် "ကျွန်တော်တို့.သည် အမှန်တရားသည် ခွန်အားကိုပေး၏ ဆိုသည့် အပေါ်တွင် ယုံကြည်စိတ် ထားရှိကြပါစို့.၊ ထိုယုံကြည်စိတ်ဖြင့် ကျွန်ုပ်တို့. နားလည်ထားသည့် ကျွန်ုပ်တို့. တာဝန်ဝတ္တရားများကို အဆုံးတိုင် ထမ်းဆောင်ရဲအောင် လုပ်ကြပါစို့."[28] ဟု လင်းကင်းက ကြွေးကြော်ပြလိုက်လေသည်။

လင်းကင်း ပြောဆို ခဲ့မှုသည် အလွန်ပြောင်မြောက်သော မိန့်.ခွန်းတစ်ခုဖြစ်ခဲ့သည်။ လင်းကင်း မိန့်.ခွန်းပြောနေချိန်အတွင်း၌ ပရိသတ်က လက်ခုပ်သြဘာပေးခဲ့ကြသည်။ မိန့်.ခွန်းအပြီးတွင်လည်း ပရိ

www.burmeseclassic.com

သတ်က မတ်တပ်ထ၍ လက်ခုပ်သြဘာများပေးပြီး လက်ကိုင်ပုဝါများ၊ ဦးထုပ်များ ဒေ့.ယမ်းပြခဲ့ကြသည်။ နယူးယောက် ထရစ်ဖြွန်း သတင်းစာမှ နိဝါ ဘရွတ်စ်က လင်းကင်းအား "စိန့်ပေါလ်ရဲ့ နောက်မှာ သူဟာ အတော် ဆုံးလူတစ်ယောက်ဖြစ်သည်" ဟု ဝေဖန်ခဲ့သည်။ "ကျွန်တော် ကြားဖူးခဲ့သမျှမိန့်.ခွန်းထဲမှာ အကောင်းဆုံးမိန့်.ခွန်းဖြစ်ပါတယ်" ဟု သူ၏ဖခင်အား ပြန်ပြောပြခဲ့သည်။ နယူးယောက်မှ သတင်းစာများကလည်း လင်းကင်း၏ မိန့်.ခွန်းအပြည့်အစုံကို လေး ရက်ဆက်တိုက် ဖော်ပြပေးခဲ့သည်။ ဟောရေ့.စ် ဂရီလီကလည်း ထိန်းချုပ်မှု မရှိဘဲ "လင်းကင်းသည် သဘာဝက ဖန်တီးပေးသည့် အကောင်းဆုံး နှုတ်မှုပညာသည်ဖြစ်သည်။ သူ၏ ရှားပါးသော အစွမ်းအစခွန်အားများကိုသာ အသုံးပြုပြီး လူထုကို သက်ဝင်ယုံကြည်အောင် ထိထိရောက်ရောက် ရှင်းလင်းပြောဆိုသွားနိုင်သည်" ဟု ချီးကျူးခဲ့ရသည်။ မကြာခင်မှာပင် လင်းကင်း၏ မိန့်.ခွန်းကို ရီပတ်ဘလီကင်၏ လမ်းစဉ် လက်ကမ်းစာစောင်တစ်ခုအဖြစ် နယူးယောက်၊ ရှီကာဂို၊ ဒီးထရွိုက်နှင့် အယ်လ်ဘနီသတင်းစာများက ပုံနှိပ်ထုတ်ဝေခဲ့လေသည်။

လင်းကင်း၏ မိန့်.ခွန်းသည် ကြီးမားသော အောင်မြင်မှုဖြစ် သည်။ သူ့.အား ဥက္ကဋ္ဌဇော်ခ ဒေါ်လာ ၂၀၀ ပေးခဲ့သည်။ သူက "ကျွန်တော့် အနေနဲ့ ဒေါ်လာ ၂၀၀,၀၀၀ ရတယ်လို့ သဘောထားပါတယ်။ ခင်များတို့ ဟာ တန်ဖိုးရှိသူတွေ ဖြစ်လို့ပါပဲ" ဟု ပြန်လည် ပြောခဲ့သည်။

လင်းကင်း၏ဟောပြောမှုသည်မကြေညာသေးသော သမ္မတ လောင်းတစ်ဦး၏ ပြောင်မြောက်သော နိုင်ငံရေးလှုပ်ရှားမှုတစ်ခုလည်း ဖြစ် ခဲ့သည်။ နောက်တစ်နေ့.တွင် လင်းကင်းသည် နယူးဇာဂ်လန်ပြည်နယ်ရှိ ဖီလစ် အိတ်ဇီတာ အကယ်ဒမီ[29]တွင် ကျောင်းတက်နေသော သားဖြစ်သူ ရောဘတ်ထံသို့ သွားရောက်လည်ပတ်ခဲ့သည်။ ရောဘတ်သည် ထိုကျောင်းသို့ စက်တင်ဘာလကစ၍ တက်ခဲ့ခြင်းဖြစ်သည်။ လင်းကင်းသည် သားနှင့် တွေ့ပြီး သား၏ သူငယ်ချင်းများနှင့် စကားပြောခွင့်ရ၍ ဝမ်းသာခဲ့သည်။

သို့.သော်လည်း သူ၏သားကို တွေ့.ရန်သက်သက်သာ မဟုတ်ဘဲ လာမည့် ရီပတ်ဘလီကင်အမျိုးသားညီလာခံသို့ တက်ရောက်မည့် ဩဇာရှိ ကိုယ်စားလှယ်များနှင့် ခိုင်မာသော အဆက်အသွယ် ရရှိရေးအတွက် အဓိက ဖြစ်ကြောင်း ထင်ရှားခဲ့သည်။ လင်းကင်းသည် ခြဆေးတစ်ကောင်ပမာဖြစ် လာသည်။ ရီပတ်ဘလီကင် လူထုတရားပွဲများ ဟောပြောရန် တောင်းဆို လာကြသည်။ ထို့.ကြောင့် သားထံ သွားရောက်ခဲ့သော လေးရက်အတွင်း၌ မြို့.လေးမြို့.တွင် ဟော ပြောပွဲများ ခုနစ်လုပ်ပေးခဲ့ရသည်။ နောက်ဆုံးနေ့.တွင် သားဖြစ်သူနှင့် အတူ ကျောင်းသား ၅၀၀ ရှေ့.တွင် လင်းကင်း ဟောပြော ခဲ့ရသည်။ ကျောင်းသားများက ဘော့ဗ် (ရောဘတ်) အား အမူအရာ တည်ငြိမ် အေးဆေးသည့် ဂုဏ်ရှိသော လူကြီးလူကောင်းတစ်ဦးအဖြစ် သိထား ကြသည်။ သူတို့.သည် ဟောပြောပွဲခန်းမအတွင်းသို့ မသပ်မရပ်နှင့် ကိုးရိုးကားရား ပုံစံမျိုးဖြင့် ဝတ်စားထားသည့် အရပ်ရှည်သော လင်းကင်းကို တွေ့.ကြရသောအခါ "ဘော့ဗ်ရဲ့ အဖေကြီးက လူရိုးကြီးပါလား၊ စိတ် မကောင်းစရာကြီးပါလား" ဟု အချင်းချင်း တိုးတိုးတိတ်တိတ် ပြောဆို ခဲ့ကြသည်။ သို့.သော်လည်း လင်းကင်းသည် ထိုင်ရာ မှထပြီး မိန့်.ခွန်းပြော ကြားခဲ့သည့်အခါတွင် ကျောင်းသားများသည် သူ၏ ပုံပန်းအမူအရာကို မေ့ဖျောက်သွားကြလေသည်။ သူတို့.သည် ဘော့ဗ်အား ထပ်၍ မသနားကြတော့ဘဲ သူ၏ဖခင်ကို သိကျွမ်းခွင့်ရသည့်အတွက် ဝမ်းသာအားရဖြစ်ခဲ့ကြ လေတော့သည်။

လင်းကင်းသည် နယူးအင်္ဂလန်ပြည်နယ်တွင် ၁၂ ရက် နေ ထိုင်ခဲ့သည်။ ထိုအတောအတွင်း နေ့.တိုင်းလိုလို ဟောပြောပေးခဲ့သည်။ သို့.သော်လည်း ဆီးဝပ်၏ ဒေသခံဖြစ်သော မက်ဆာချူး ဆက်ပြည်နယ်ကို လက်ရှောင်ခဲ့သည်။ ရီပတ်ဘလီကင် ကိုယ်စားလှယ်လောင်းများအား ကူညီ ရန်အတွက် ရှီ.တ်အိုင်းလင်း[30]၊ နယူးဟဲမ့်ရှာ[31] နှင့် ကော်နီနက်တီကပ်[32] ပြည် နယ်များတွင် ဟောပြောပေးခဲ့သည်။ အတော်ပင်ပန်းကြောင်း လင်းကင်း

www.burmeseclassic.com

တွေ့.ခဲ့ရသည်။ ကူးပါးသမဂ္ဂတွင် ပြောခဲ့သော သူ၏မိန့်.ခွန်းကို လူ အများစုက ဖတ်ခဲ့ပြီးဖြစ်ကြသည်။ ထို.ကြောင့် လင်းကင်းသည် ထိုမိန့်. ခွန်းကို ရိုးရိုးထပ်မပြောတော့ဘဲ အသစ်အဆန်း ပြောဆိုရန် စဉ်းစားခဲ့ရ သည်။ အကောင်းဆုံးသော တီထွင်ပြောဆိုမှုတစ်ခု ပါဝင်ခဲ့သည်။ ရီပတ် ဘလီကင်တို.သည် ကျွန် စနစ် တိုးချဲ့.ပြန့်.ပွားသွားမည်ကို အခိုင်အမာ ဆန့်.ကျင်ကြသည်။ သို.သော်လည်း ကျွန်စနစ်ကို တောင်ပိုင်းပြည်နယ် များတွင် သုတ်သင် ရှင်းလင်းရန် ကတိသစ္စာပြုမထားကြောင်းကို ဥပမာ တစ်ခုဖြင့် တင်စား ပြောဆိုခဲ့သည်။

"ဆိုကြပါစို့. ...ကျွန်တော့်အနေနဲ့. အမြီးခြောက်မြွေတစ်ကောင် ကို လမ်းပေါ်မှာဖြစ်စေ၊ လယ်ကွင်းထဲမှာဖြစ်စေ၊ ကွင်းပြင်ကြီးထဲမှာ ဖြစ်စေ တွေ့.ခဲ့ရင် ကျွန်တော့် တုတ်တစ်ချောင်း ကောက်ကိုင်ပြီး ရိုက်သတ် ထည့်လိုက်မိမှာပဲ။ လူတိုင်းက ကျွန်တော့်လုပ်ရပ်ကို ခိုးကျူးပြီး ကျွန်တော် လုပ်တာ မှန်တယ်လို. ပြောကြလိမ့်မယ်။ ဒါပေမယ့် မြွေကို ကျွန် တော့်ကလေးတွေ အိပ်နေကြတဲ့ အိပ်ရာထဲမှာ တွေ့.ရတယ်ဆိုရင် ကျွန် တော် မြွေကို အိပ်ရာထဲမှာ ရိုက်သတ်လို. ဖြစ်နိုင်ပါ့မလား။ ကျွန်တော် ရိုက်လိုက်ရင် ကလေးတွေထိပြီး နာချင် နာသွားကြလိမ့်မယ်။ မြွေကို အသေ သတ်လို. ရချင်မှ ရလိမ့်မယ်။ မြွေကို ကလေးတွေကိုက်အောင်၊ ဒေါသ ဖြစ်အောင် ဆွပေးလိုက်သလို ဖြစ်ချင်ဖြစ်သွားလိမ့်မယ်" လင်းကင်းက ထိုသို. နမူနာပေးပြီးနောက် "အဲဒါကြောင့် ကျွန်စနစ်ကို အဆုံးသတ် ချုပ်ငြိမ်း စေလိုလျှင် အကောင်းဆုံး နည်းကတော့ ပြည်နယ်သစ်များအတွင်း မရောက် ရှိရေးကို အခိုင်အမာ ဆန့်.ကျင်ရလိမ့်မယ်" ဟု လင်းကင်းက တိုက်တွန်း လိုက်သည်။ ထိုပြဿနာအတွက် အပေးအယူ အလျှော့အတင်း လုပ်၍ မရနိုင်ပါ။ ထို.ကြောင့် "ကျွန်ုပ်တို. တာဝန်ဝတ္တရားများကို ကြောက် ရွံ့.ခြင်းကင်းမဲ့စွာနှင့် ထိထိရောက်ရောက် ဆောင်ရွက်ကြပါစို့." ဟု လင်းကင်းက ထပ်တလဲလဲ သတိပေးခဲ့သည်။ နောက်ဆုံးတွင် "ကျွန်ုပ်တို.

သည် 'အမှန်တရားသည် ခွန်အားကိုဖြစ်စေသည်' ဆိုသည့်အပေါ်တွင် ယုံ ကြည်စိတ် ထားရှိကြပါစို့.။ ထိုယုံကြည်စိတ်ဖြင့် ကျွန်ုပ်တို့.နားလည်ထား သည့် ကျွန်ုပ်တို့.၏ တာဝန်ဝတ္တရားကို အဆုံးတိုင် ထမ်းဆောင်ရဲအောင် ပြုလုပ်ကြပါစို့." ဟူသောစကားဖြင့် နိဂုံးချုပ်ခဲ့လေသည်။

လင်းကင်း၏ အရှေ့.ပိုင်းခရီးစဉ် အောင်မြင်မှုသည် သူ. အား ရီပတ်ဘလီကင်သမ္မတလောင်းအဖြစ် လက်ခံလျှာထားရေးအတွက် ပိုမိုနီးစပ် လာစေခဲ့သည်။ ဇန်နဝါရီလအဆုံး လင်းကင်းသည် သမ္မတလောင်းအဖြစ် ဝင်အရွေးခံရန် စိတ်နှေးနေခဲ့သည်။ သို.သော်လည်း မီတ်ဆွေရင်းများ၊ ထင်ရှားသော အီလီနွိုင်း ရီပတ်ဘလီကင်များနှင့် တိုင်ပင်ရာတွင် သူက လိုလားခဲ့လျှင် ကိုယ်စားလှယ်လောင်းအဖြစ် အရွေးခံရပါ့မလားဟု သံသယ ရှိကြောင်း လင်းကင်းက ပြောခဲ့သည်။ မေရီ လင်းကင်းနှင့်လည်း ကြိမ်ဖန် များစွာ တိုင်ပင်ခဲ့ပြီးမှ လင်းကင်းက လက်ခံခဲ့ခြင်းဖြစ်သည်။ မေရီက သူ.ထက်ပင်ပို၍ စိတ်အားထက်သန်ခဲ့သည်။ လင်းကင်းသည် သူ.အား လျှာထားရေးအတွက် လူတစ်စုအား ကျိတ်ပြီး လုပ်စေရန် တာဝန်ပေးခဲ့ သည်။ ထိုအချိန်အထိ လင်းကင်းသည် သူ.ကိုယ်သူ လေးနက်သော ကိုယ်စား လှယ် လောင်းတစ်ဦးအဖြစ် မစဉ်းစားခဲ့သေး။ သို.သော်လည်း အီလီနွိုင်း ပြည် နယ်၏ သားကောင်းတစ်ဦးအဖြစ် အသိအမှတ်ပြု ထောက်ခံခြင်း ခံရပြီး အီလီနွိုင်းရီပတ်ဘလီကင် စည်းလုံးညီညွတ်မှုအတွက် ပါတီခေါင်းဆောင် တစ်ဦးအဖြစ် အသိအမှတ်ပြုခံရရေးကို သူမျှော်လင့်ခဲ့သည်။ အကယ်၍ သမ္မတလောင်းအဖြစ် လျှာထားခြင်း မခံရလျှင် သူ သည် စိတ်ထိခိုက်မည့် အနေအထားတွင် မရှိပါ။ ညီလာခံသို. အီလီနွိုင်းပြည်နယ်၏ ကိုယ်စားလှယ် အဖြစ် အရွေးမခံရလျှင်သာ စိတ်ထိခိုက်ပါလိမ့်မည်ဟု လင်းကင်းက ရှင်းပြခဲ့သည်။ သို.သော်လည်း လင်းကင်းသည် နယူးယောက်နှင့် နယူး အင်္ဂလန်ပြည်နယ်တို.မှ ပြန်ရောက်လာခဲ့ပြီးနောက်တွင် သမ္မတလောင်း အဖြစ် အရွေးချယ်ခံလိုသော သူ၏ဆန္ဒကို ဖုံးကွယ်ထားရန် လင်းကင်း

www.burmeseclassic.com

မကြိုးစားခဲ့တော့ပေ။ သူ.သဘောထားကို လှမ်း၍စုံစမ်းသော ထရမ်းဘူးလ်ထံသို့ အကြောင်း ပြန်စာတွင် လင်းကင်းက ထုတ်ရေးခဲ့လေပြီ။

"ကျွန်တော် လုံးဝ ရှင်းရှင်းပဲပြောပါမယ်။ ကျွန်တော့်ပါးစပ် ထဲမှာ အရသာ နည်းနည်းတော့ တွေ့.နေပြီဗျို့." ....တဲ့။

(၃)

လင်းကင်းသည် သမ္မတလောင်းအဖြစ် လျာထားခံရရေး အတွက် ဖြောင်မဲဆွယ်၍ မရနိုင်ပေ။ "လူက ရာထူးကို မရွာရဘဲ ရာထူးက လူကို ရွာယူသင့်သည်" ဆိုသော အစဉ်အလာစကား ရှိနေသောကြောင့်ဖြစ်သည်။ သို့.သော်လည်း လင်းကင်းသည် လက်ထောက်များ၊ ကြားလူများမှတစ်ဆင့် လိုအပ်သည်များကို ဆောင်ရွက်ခဲ့သည်။ ထိုသူအများစုမှာ ၁၈၅၈ ခုနှစ် သူ၏ ဆီးနိတ်ရွေးကောက်ပွဲအတွက် ကူညီခဲ့ကြသည့် ဝါရင့်ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

လင်းကင်းအားထားသည့် မဲဆွယ်စည်းရုံးလှုံ့ဆော်ရေး မန်နေဂျာများသည် စုစုစည်းစည်း ညီညီညွတ်ညွတ် အုပ်စုတစ်ခု မဟုတ်ပေ။ ထိုသူများသည် လင်းကင်း၏ ဘဝတစ်လျှောက်တွင် သူနှင့်သာ အဆက်အသွယ်ရှိခဲ့ကြသည်။ သူတို့.အချင်းချင်း အရေးကြီးသော အကြောင်းကိစ္စများအတွက် အဆက်အသွယ် မရှိခဲ့ကြပေ။ သူ.တို့.အချင်းချင်း ယုံကြည်မှု မရှိကြသော်လည်း အမှုကိစ္စအတော်များများတွင် လင်းကင်းအပေါ်တွင် သစ္စာရှိကြသည်။ ၁၈၅၅ ခုနှစ် ဆီးနိတ်အမတ်ရွေးပွဲတွင် လင်းကင်းအား ရုံးစေရန် ကူညီခဲ့သည့် ဂျတ်အား ဒေးဗစ္စက ခွင့်မလွှတ်နိုင်ပေ။ ဂျတ်က ဝန်.ဝပ်သ်ကို မုန်းတီးသည်။ ဝဲန့်ဝပ်သ်က ဂျတ်ကိုသာမက အိုဇိုင်းယာစ်ဟက်ချ်နှင့် ဒူဘွားစ်တို့.ဗွိုလည်း တိုက်ခဲ့သည်။ လဲန်နက် ဆွက်နှင့် ရစ်ချက်ဒ်တို့. မှာ အပြိုင်များ ဖြစ်ကြသည်။ ဂျတ်ကို မကြိုက်မှုချင်းတူ၍သာ

ပေါင်းမိနေကြသည်။ လင်းကင်းသည် ထိုမညီညွတ်မှုများကို သိသည်။ သို့.သော်လည်း သည်းခံမှုဖြင့် ဆက်ဆံသည်။ တစ်နည်းအားဖြင့် သူ၏ အကြံပေးပုဂ္ဂိုလ်များသည် အချင်းချင်း အပြိုင်အဆိုင်လုပ်ကြလျှင် ပို၍ အလုပ်ကြိုးကြိုးစားစား လုပ်ကြ လိမ့်မည်ဟု လင်းကင်းယုံကြည်ကောင်း ယုံကြည်ထားမည်လား မသိပေ။

ဤကဲ့သို့ ခွဲခြားအုပ်ချုပ်မှု ပုံသဏ္ဌာန်သည် အကျိုးတစ်ခု ကို ဖြစ်စေခဲ့သည်။ အကြံပေးအဖွဲ့.ဝင်များကိုင်းက မိမိမှ မိမိတစ်ဦးတည်း သာလျှင် လင်းကင်းကို အမှန်တကယ် နားလည်ပြီး အကျိုးရှိသော အကြံဉာဏ်များ ပေးနိုင်သည်ဟု ယုံကြည်လာကြခြင်းဖြစ်သည်။ ထူးဆန်းဖွယ်ရာကောင်းပုံ ရှိသေးသည်။ သူတို့.အများစုက လင်းကင်းအား အားပေးမှုနှင့် စောင့် ရှောက်ကာကွယ်ပေးမှု လိုအပ်သူတစ်ဦးအဖြစ် မြင်ကြခြင်းဖြစ်သည်။ ရီပတ်ဘလီကင်ပါတီတွင် အရေးမပါသောသူများကပင် ထိုအမြင်အတိုင်း ရှိကြသည်။ ဥပမာအားဖြင့် စကော့ခ်ရိုင်မှ ရီပတ်ဘလီကင်ပါတီဥက္ကဋ္ဌ နသန်နက်ပ်က "လင်းကင်းသည် သူ.ကိုယ်သူ သူနားလည်လက်ခံထားသည်ထက် ပို၍တော်သော သူဖြစ်သည်။ သူသည် သူ၏ကိုယ်ပိုင်အစွမ်းအစ၊ ခွန်အားကို မသိသူဖြစ်သည်။ ငယ်စဉ်က ပညာမတတ်မြောက်ခဲ့သဖြင့် သူ.ကိုယ်သူ ဗြိုင်ဘက်ကင်းသည့် အနေအထားသို့. ဇွတ်တိုးနေခြင်း ရှိမရှိကို သံသယရှိသူ ဖြစ်သည်" ဟု ဝေဖန်ခဲ့သည်။ ဒေးဗစ္စ ဒေးဗစ္စက တစ်မျိုးမြင်သည်။ "လင်းကင်းမှာ နိုင်ငံရေးသမားတစ်ဦးရဲ့ အရည်အချင်း နည်းနည်းပါးပါး လောက်ပဲရှိတယ်။ သူ.ကောင်းစားရေးကို တိုးတက်အောင် သူကိုယ်တိုင် မလုပ်တတ်ဘူး။ မာယာကင်းတဲ့သူတစ်ယောက် ဖြစ်လို့.ပဲ" ဟု သုံးသပ်ပြခဲ့သည်။ ယင်းထုတ်ဖော်ပြောဆိုချက်များကိုသာ လင်းကင်းကြားခဲ့ရလျှင် သူသည်အတော် အူမြူးသွားဖွယ်ရာအကြောင်းရှိပေသည်။

လင်းကင်း၏ အတိုင်ပင်ခံများသည် အလုပ်ကြိုးစားလုပ်နေကြ စဉ်၌ လင်းကင်းသည် သူတို့.ချင်း ရန်ပွဲနှင့် ကင်းအောင်နေရသည်ဟု

www.burmeseclassic.com

အထင်ခံရလောက်အောင် နေခဲ့ရသည်။ နိုင်ငံရေးအခြေအနေများ အပေါ်တွင် လင်းကင်း၏ သဘောထားကို မေးမြန်းလာလျှင် လင်းကင်းက "အဲဒီ မေးခွန်းတွေကို ဖြေကြားဖို့ ကျွန်တော်ဟာ အသင့်တော်ဆုံး သူ မဟုတ်ပါဘူး။ သိပ်မတော်တဲ့လူတစ်ယောက်ကို ကြီးမားတဲ့ ရာထူးအနေအထားနဲ့ စပြီး ဖော်ပြလိုက်ရင် သူ့ဦးနှောက်ဟာ ချာချာလည်ထွက်သွားနိုင်လို့ပါ" ဟု လင်းကင်းက ပြန်ဖြေကြားခဲ့သည်။ သူ့ကို အနှောင့်အဖွဲ့ မဖြစ်စေသော မေးခွန်းများနှင့် မနာလိုဝန်တိုမှုကင်းသော မေးခွန်းများကိုမူ လင်းကင်းက ပွင့်ပွင့်လင်းလင်း ဖြေကြားခဲ့သည်။

လင်းကင်းသည် ရိပတ်ဘလိကင် အမျိုးသားညီလာခံတွင် အီလီန္တိုင်းပြည်နယ် ကိုယ်စားလှယ်အဖွဲ့၏ တညီတညွတ်တည်း ထောက်ခံမှုနှင့် အခြားကိုယ်စားလှယ်အဖွဲ့များမှ ကိုယ်စားလှယ်သစ် အချို့၏ ထောက်ခံမှုကို မျှော်မှန်းခဲ့သည်။ ညီလာခံကို ရှိကာဂိုတွင် ကျင်းပစေရေးကလည်း အရေးကြီးသည်။ ရှိကာဂိုမှ သတင်းစာများ၊ ပြည်သူလူထုက လင်းကင်းအား ဝိုင်း၍ ထောက်ခံကြမည်ဖြစ်သည်။ လင်းကင်းကို ရှိကာဂိုတွင် လူပိုသိပြီး ပို၍ ရေပန်းစားသောကြောင့်ဖြစ်သည်။ စိန်.လူးဝစ္စမှာ ရှိကာဂိုနှင့် အပြိုင်ဖြစ်သည်။ ဘိတ်စ်၏သြစာ ပိုပြီး ကြီးထွားသည်။ ရိပတ်ဘလိကင် အမျိုးသားညီလာခံ ကျင်းပရေးဧကော်မရှင်အဖွဲ့ဝင် ကျတ်သည် ညီလာခံကျင်းပမည့်နေရာ၏ အရေးပါမှုကို နားလည်မှု နေးခဲ့သည်။ လင်းကင်းက သူ၏ မိတ်ဆွေအချို့က ညီလာခံကျင်းပမည့်နေရာ အရေးပါမှုကို စဉ်းစားကြသည်ဟု ကျတ်ထံ အရိပ်အမြွက် စာရေးခဲ့တော့မှ ကျတ်က ရှိကာဂိုရရှိအောင် ဆောင်ရွက်ပေးခဲ့သည်။ ရှိကာဂိုအတွက် တစ်မဲတည်းဖြင့် ကပ်ပြီး အနိုင်ရခဲ့ရာ ထိုမဲမှာ ကျတ်၏ ကိုယ်ပိုင်မဲဖြစ်ခဲ့သည်။

ရိပတ်ဘလိကင် အမျိုးသားညီလာခံ မတိုင်မီ တစ်ပတ်အလို ဖြစ်သည့် မေလ ၉–၁၀ ရက်များတွင် အီလီန္တိုင်းပြည်နယ် ရိပတ်ဘလိကင်ပါတီညီလာခံကို ဒီကားတားတွင် ကျင်းပခဲ့သည်။ ထိုညီလာခံတွင်

ပြည်နယ်အုပ်ချုပ်ရေး ကိုယ်စားလှယ်လောင်းနှင့် သမ္မတလောင်းကိုယ်စားလှယ်တို့.ကို ရွေးချယ်ကြရမည်ဖြစ်သည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးအတွက် ကျတ်ကို အနိုင်ရအောင် ရိတ်စ်ကို ရွေးခဲ့ကြသည်။ သမ္မတလောင်းရွေးချယ်ရေးအတွက် ရိပတ်ဘလိကင်များ ကွဲနေခဲ့ကြသည်။ ဘိတ်စ်နှင့် ဆီးဝပ်တို့. တစ်ဦးဦးကို ရွေးချယ်ရလိမ့်မည်ဟု ဒေးဗစ် ဒေးဗစ္စက ပြောခဲ့သော်လည်း လင်းကင်းမှာ အများကြိုက် သားကောင်ဖြစ်သည်။ လင်းကင်းအား ထောက်ခံသူအချို့.က ဒီကလေးတားညီလာခံတွင် လင်းကင်းအတွက် ထင်ရှားသော မဲဆွယ်မှု ကြွေးကြော်သံတစ်ခု ဖော်ထုတ်ရန် စဉ်းစားခဲ့ကြသည်။ ၁၈၄၀ ခုနှစ်တွင် သမ္မတ ဟဲရီဆင် အရွေးခံရစဉ်က အသုံးပြုခဲ့သည့် "သစ်လုံးအိမ်နှင့် ပန်းသီးဖျော်ရည်ပြင်း"[33] ကြွေးကြော်သံမျိုး လိုအပ် နေမှန်း သိကြသည်။ လင်းကင်းကို မိတ်ဆွေဟောင်းကြီး အေးဘ် သို့.မဟုတ် လူရိုးကြီး အေးဘ်ဟု သိထားကြသည်။ သို့.သော်လည်း ထိုအမည်များမှာ အသက်မဲ့သလိုဖြစ်နေသည်။ ဒီကားတားမှ စိတ်ဓါတ်ထက်သန်သော ရိပတ်ဘလိကင်လူငယ် နိုင်ငံရေးသမား ရစ်ချတ် ဂျေ အော့ဂဲလ်စဘီက ထို.ထက်ပို၍ အားပါသော ကြွေးကြော်သံကို လိုလားခဲ့သည်။ သူသည် လင်းကင်း၏ ဦးလေးတစ်ဝမ်းကွဲတော်သူ (မိခင်၏ မောင်ဝမ်းကွဲ) နှင့် တိုင်ပင်ခဲ့သည်။ ထို.နောက် ဂျွန် ဟဲင့်စ်နှင့် လင်းကင်းတို့. ၁၈၃၀ ခုနှစ်က ဆောက်ခဲ့ကြသည့် ခြံစည်းရိုးမှ တန်းနှစ်ချောင်းကို ဖြုတ်ယူခဲ့သည်။

ညီလာခံ ပထမနေ့.တွင် ပြည်နယ်အုပ်ချုပ်ရေးမှူးကိုယ်စားလှယ်လောင်းအတွက် မဲပေးစဉ်အတွင်း လင်းကင်း၏ဦးလေးတစ်ဝမ်းကွဲ ဂျွန် ဟဲင့်စ်သည် လက်ထောက်တစ်ဦးအကူအညီဖြင့် ခြံစည်းရိုးပိုင်းတန်းနှစ်ချောင်းတွင် အောက်ပါစာတန်းတစ်ခုဆွဲပြီး ညီလာခံခန်းမ၏ အလယ် ဗဟိုအတွင်းသို့ ဆင်းလာခဲ့ကြသည်။

အောဘရာဟမ် လင်းကင်း
ပိုင်းတန်းကိုယ်စားလှယ်လောင်း[34]
၁၈၆၀၊ သမ္မတရွေးကောက်ပွဲ

www.burmeseclassic.com

(၅)

ရှိကာဂိုတွင် ရိပတ်ဘလီကင် အမျိုးသားညီလာခံ ကျင်းပနေချိန်တွင် လင်းကင်းသည် စပရင်းဖီးလ်တွင် အေးအေးဆေးဆေး ရှိနေသည်။ သို့သော်လည်း ရှိကာဂိုမှ သတင်းများကို နားစွင့်နေခဲ့သည်။ မေလ ၁၈ ရက်နေ့တွင် ကိုယ်စားလှယ်လောင်းများ ကြေညာရမည်ဖြစ်သည်။ လင်းကင်းသည် မိတ်ဆွေအချို့နှင့် ငါးယောက်တန်း လက်ပစ်ဘော ကစားနေခဲ့သည်။

ထိုနေ့မှာပင် ကိုယ်စားလှယ်လောင်းများ ရရှိသည့် မဲအရေအတွက် ကြေးနန်းသည် အီလီနွိုင်းစတိတ်ဒ်ကွာနယ် သတင်းစာမှတစ်ဆင့် လင်းကင်းဂုဏ်သို့ ဝင်လာသည်။ ပထမအကြိမ် မဲဆန္ဒပြင့်ရွေးရာတွင် ဆီးဝပ် ၁၇၃ ၁/၂ မဲ၊ လင်းကင်း ၁၀၂ မဲ၊ ဘိတ်စ် ၄၈ မဲ၊ ကဲမ်မရွန်း ၅၀ ၁/၂ မဲနှင့် ချေ.စ် ၄၉ မဲ အသီးသီးရခဲ့ကြသည်။ အခြားကိုယ်စားလှယ်မဲများ ပြန်နေသည်။ အရွေးခံရရန်အတွက် စုစုပေါင်း ၂၃၃ ရရှိရန် လိုအပ်သည်။ လင်းကင်းသည် သူ၏ခံစားချက်ကို မဖော်ပြခဲ့သော်လည်း ကြေးနန်းဂုဏ်သို့ အပြေးအလွှားသွားခဲ့သည်။ ကြေးနန်းဂုဏ်တွင် ဒုတိယအကြိမ် မဲထပ်ပေးသည့် မဲစာရင်းကြေးနန်းလည်း ဝင်လာသည်။ ဆီးဝပ် ၁၈၄ ၁/၂ မဲ၊ လင်းကင်း ၁၈၁ မဲ ရရှိပြီး အခြား ကိုယ်စားလှယ်များ မဲကျသွားသည်။ ပဲန်ဆယ်လ်ဗေးနီးယားပြည်နယ်မှ လင်းကင်းကို ပြောင်း၍ မဲပေးခဲ့ကြခြင်းကြောင့် လင်းကင်း၏မဲများ တက်လာခဲ့ခြင်းဖြစ်သည်။ လင်းကင်းသည် တတိယအကြိမ် မဲရလဒ်ကို အီလီနွိုင်းစတိတ်ဒ်ကွာနယ် သတင်းစာတိုက်မှ ထိုင်၍ စောင့်နေခဲ့သည်။ ဆီးဝပ်သည် သူရခဲ့သောမဲအား ဆက်ထိန်းထားနိုင်ခဲ့သည်။ သို့သော် တတိယအကြိမ်မဲတွင် လင်းကင်းက ၂၃၁ ၁/၂ မဲ ရရှိခဲ့သည်။ အများစု အသာမဲရရန် တစ်မဲခွဲသာ လိုခဲ့သည်။ ထိုအချိန်တွင်

ကြွေးကြော်သံကို တွေ့ရသော ညီလာခံကိုယ်စားလှယ်များက တစ်ခဲနက် သြဘာပေးခဲ့ကြသည်။ လင်းကင်းအား စင်မြင့်ပေါ်သို့ ဖိတ်ခေါ်ခဲ့ရာ လင်းကင်း၏ မျက်နှာတွင် ရွှင်လွှားမှုများ ရဲနေသည်။ လင်းကင်းက သူသည် လွန်ခဲ့သော အနှစ် ၃၀ ဒီကားတား'အနီးတွင် သစ်လုံးအိမ်တစ်ခု ဆောက်လုပ်ခဲ့ဖူးပြီး ပိုင်းတန်းများခွဲခဲ့ကြောင်း ပြောပြခဲ့သည်။ လင်းကင်းသည် ပိုင်းတန်းခွဲသမားအမည်ကို ရရှိသွားလေသည်။

ထိုနေ့က ညီလာခံ ရွှေ.ဆိုင်းလိုက်ပြီးနောက် ရှိကာဂို အမျိုးသားညီလာခံအတွက် အီလီနွိုင်းကိုယ်စားလှယ် လေးဦးကို လင်းကင်းနှင့် မိတ်ဆွေများ ခေါင်းချင်းရိုက်တိုင်ပင်ပြီး ရွေးချယ်လိုက်ကြသည်။ ကိုယ်စားလှယ် လေးဦးမှာ ဗဟိုကော်မတီရှိ ဂျပ်ဒ်၊ ဂျာမန်ကိုယ်စားလှယ် ကော်နာ၊ ဂုစ်နှင့် ရင်းနှီးသူ ဘရောင်းနှင့် တရားသူကြီး ဒေးဗစ် ဒေးဗစ္စတို့ဖြစ်ကြသည်။

(၄)

လင်းကင်းသည် ရှိကာဂိုညီလာခံသို့ တက်ရောက်ရန် စိတ်အားသန်ခဲ့သည်။ သို့သော်လည်း ပြန်လည်စဉ်းစားပြီးနောက် စပရင်းဖီးလ်တွင် နေခဲ့သည်။ စပရင်းဖီးလ်ကို ဖြတ်သန်းသွားသော ကိုယ်စားလှယ်များအား တွေ့ဆုံပြီး ၄င်းသမ္မတလောင်းအဖြစ် အရွေးခံမည့်အကြောင်းနှင့် ရိပတ်ဘလီကင် ကိုယ်စားလှယ်လောင်းများတွင် ဒုတိယလူ မဖြစ်လိုကြောင်း စည်းရုံးဆွေးနွေးခဲ့သည်။ ဒုတိယအကြိမ် မြောက် ရိပတ်ဘလီကင် အမျိုးသားညီလာခံကို မေလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ ရှိကာဂိုတွင် ကျင်းပခဲ့သည်။

www.burmeseclassic.com

အိုဟိုင်းယိုးပြည်နယ်မှ ဒေးဗစ် ကိတ်က ထပြီး သူတို့ ချော့စ်အားပေးထားသော လေးမဲကို လင်းကင်းဘက်သို့ ပြောင်းထည့်ပေးလိုက်သည်။ အခြားကိုယ်စားလှယ် များကလည်းလိုက်ပြီး လင်းကင်းဘက်သို့ ပြောင်းပေးခဲ့ရာ စုစုပေါင်း ၄၆၆ မဲအနက်မှ လင်းကင်းသည် ၃၆၄ မဲ ရသွားတော့သည်။ ထိုအခါတွင် ဆီးဝပ်ကို မဲပေးထားကြသူများကလည်း လင်းကင်းအား တညီတညွတ် တည်းလိုက်၍ ထောက်ခံခဲ့ကြလေသည်။ လင်းကင်းအား မြို့သူမြို့သား များက ဂုဏ်ပြုချီးကျူးနှုတ်ဆက်ခဲ့ကြသည်။ လက်ပစ်ဘောကစားနေကြသူ များကလည်း ကစားပွဲရပ်ပြီး သူ့ကို လာနှုတ်ဆက်ကြသည်။ လင်းကင်းက "ကဲ လူကြီးမင်းတို့ ကျုပ်လက်ကို ဆွဲပြီး နှုတ်ဆက်လို့ရတုန်း နှုတ်ဆက်ထားကြ။ ဒီသတင်းကို ကျုပ်ထက်ပိုပြီး စိတ်ဝင်စားနိုင်တဲ့ အမျိုးသမီးလေးတစ်ယောက် ကျုပ်အိမ်မှာ ရှိသေးတယ်" ဟု ပြောကာ ထွက်ခွာခဲ့လေ သည်။

လင်းကင်းအား သမ္မတလောင်းအဖြစ် လျာထားပြီး ညီလာခံက အပေးအယူမျှအောင် ထိန်းသိမ်းပြီး မိန်းပြည်နယ်မှ ဒီမိုကရက်တောင်း ဟန်နီးဘေလ် ဟဲမ်လင်အား ဒုတိယသမ္မတအဖြစ် ရွေးချယ်ကြောင်း အတည်ပြုချက်သတင်းများ လင်းကင်း ရရှိခဲ့သည်။ လင်းကင်းက ရှီကာဂိုသို့ လိုက်သွားလိုခဲ့သည်။ ဂီပတ်ဘလီကင်များအား ကိုယ်တိုင်တွေ့ဆုံ နှုတ်ဆက်ပြီး မကျေမချမ်း အောင့်သက်သက်ဖြစ်သွားသည့် ဆီးဝပ် အုပ်စုကိုလည်း နှစ်သိမ့်စကား ပြောကြားလိုသည်။ သို့သော်လည်း သူ၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်အားလုံးက စပရင်းဖီးလ်မှာပင်နေရန် တညီတညွတ်တည်း အကြံပေးခဲ့ကြသည်။ ရှီကာဂိုမှ ဒေးဗစ္စွဝ်ထံကလည်း ကြေးနန်းဝင်လာရာ "ဒီကို ဘယ်လိုမှ မလာပါနဲ့။ စာလည်း မရေးပါနဲ့။ ကျွန် တော့်ကို မတွေ့မချင်း ဘာကတိတွေမှလည်း မပေးပါနဲ့." ဟု ပါရှိသည်။

လင်းကင်းသည် စပရင်းဖီးလ်မှာပင် နေခဲ့သည်။ မေလ ၁၉ ရက်နေ့တွင် ညီလာခံမှ ကိုယ်စားလှယ်တစ်ဖွဲ့. လင်းကင်းအိမ်သို့. ရောက်ရှိ

လာကြပြီး သူသမ္မတလောင်းအဖြစ် အရွေးခံရကြောင်း တရားဝင် သတင်းလာပို့.ခဲ့ကြသည်။ ကိုယ်စားလှယ်အဖွဲ့.နှင့် လင်းကင်းတို့. တွေ့.ဆုံမှုသည် အစကနဦးတွင် တင်းမာမှုရှိခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့.တွင် လင်းကင်းကို ယခင်က မြင်ဖူးသူအနည်းငယ်သာပါခဲ့ရာ လင်းကင်း၏ ပုံသဏ္ဌာန်ကို တွေ့.မြင်ကြရသောအခါ အံ့သြ ခဲ့မိကြသည်။ လင်းကင်းကလည်း မေရီနှင့် ရန်ဖြစ်ပြီးခါစမို့. မျက်နှာကြောတင်းနေသည်။ ဧည့်သည်များအား အရက်ဖြင့် ဧည့်ခံသင့်၊ ဧည့်မခံသင့် ဆွေးနွေးရုံး လင်းကင်းနှင့် မေရီတို့. စကားများခဲ့ကြသည်။ မေရီက ကဲနတ်ပဲကီးပြည်နယ်ရှိ သူမ၏ ဖခင်အိမ်ကြီးတုန်းက ထုံးစံအတိုင်း ဧည့်ခံသကဲ့သို့. ဧည့်ခံလိုသည်။ လင်းကင်းက အရက်သေစာ ရှောင်ကြဉ်နိုင်မှု၏ စွမ်းအားကိုသိ၍ ရေခဲရေဖြင့်သာ ဧည့်ခံလိုခဲ့သည်။ လင်းကင်းက "အိမ်ထောင် ထိန်းသိမ်းလာခဲ့တာ ၁၆ နှစ် ရှိခဲ့ပြီ။ ဘယ်သူငယ်ချင်းကိုမှ အရက်တစ်ခွက် မတိုက်ခဲ့ဖူးဘူး။ ဒီတော့ ကျွန်တော့်အခြေအနေအခုလိုဖြစ်လာမှ ကျွန်တော့်အလေ့အထ မပြောင်းသင့်ဘူးလို့. ကျွန်တော် ဆုံးဖြတ်ခဲ့မိတယ်" ဟု နောက်မကြာမီတွင် ပြန်ပြောပြခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့.ခေါင်းဆောင် အက်ရှ်မဲန်းက သမ္မတလောင်းအဖြစ် အရွေးခံရခြင်းအကြောင်း တရားဝင်ဖတ်ပြခဲ့သည်။ လင်းကင်းက အချိန်ယူစဉ်းစားပါရစေဦးဟု သတိထားတုံ့.ပြန်ပြောဆိုခဲ့သည်။ နောက်ထပ် လေးရက်ကြာမှ လင်းကင်းက တရားဝင်လက်ခံခဲ့သည်။ သူတို့.ချင်း တွေ့.ဆုံမှု မပျက်ပြားသွားစေရန်အတွက် လင်းကင်းက ဟာသနောခဲ့သည်။ ပဲနှံဆယ်လ်ဗေးနီးယားမှ အရပ်ရှည်လှသော ကိုယ်စားလှယ် ဝီလျံ ကယ်လီအား လင်းကင်းက ရွေးပြီး အရပ်မည်မျှရှိသလဲဟု မေးခဲ့သည်။

"ခြောက်ပေ သုံးလက်မရှိပါတယ်" ဟု ပြန်ဖြေသည်။

"ဒါဆို ကျွန်တော် ခင်ဗျားကို နိုင်ပြီဗျ။ ကျွန်တော်က ဒေါက်မြင့်ဖိနပ် မစီးဘဲနဲ့. ခြောက်ပေ လေးလက်မရှိတယ်" ဟု လင်းကင်းက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကယ်လိကလည်း "ပဲနံဆယ်လ်ဗေးနီးယားက အီလီနွိုင်းကို ဦးညွှတ်ရပါပြီ။ ကျွန်တော်တို့ မော်ကြည့်ရမဲ့ သမ္မတလောင်းတစ်ဦးကို တွေ့.ခဲ့ကြပါပြီ"ဟု ပြန်ဖြေလိုက်သည်။

ထို.နောက် ဘေးမှ ဧည့်ခန်းတွင်းသို့.ပြောင်းပြီး မေရီနှင့် တွေ့.ဆုံစကားပြောခဲ့ကြသည်။ အက်ရှ်မဲန်းက တောင်ပိုင်းသားပုံစံဖြင့် ဧည့်ခံစကားပြောရာတွင် ညက်လှသော မေရီကို လေ့လာပြီး "အိမ်ဖြူတော်ကို ကျက်သရေရှိဖို့ ဒီအမျိုးသမီးကို ပို.ဆောင်ပေးမယ့်နေ.အတွက် အမေရိကန်နိုင်ငံသားတစ်ဦးအနေနဲ့ ကျွန်တော်ဂုဏ်ယူမိပါတယ်" ဟု မှတ်ချက်ချခဲ့သည်။

သမ္မတလောင်းအဖြစ် လျာထားခြင်းခံခဲ့ရပြီးကာလမှသည် လွှေးကောက်ပွဲကာလအတွင်း လင်းကင်းသည် လွတ်လပ်စွာ နေထိုင် ဆက်ဆံခဲ့သည်။ လင်းကင်းသည် နာမည်ကြီး ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့ပြီး သူ့.ကို လာတွေ့.ကြသူများမှာ အိမ်မဆံ့အောင်ပင် များခဲ့သည်။ ပြည်နယ် အုပ်ချုပ်ရေးမှူး ဂျွန် ဂုဒ်က သူ၏ ပြည်နယ်ရုံးအဆောက်အဦတွင် လင်းကင်းအား ရုံးထိုင်ရန်ကမ်းလှမ်းခဲ့ရာ လင်းကင်းက ဝမ်းပန်းတသာ လက်ခံခဲ့သည်။ လင်းကင်းသည် တစ်နေ့လုံး နေ.စဉ် ရုံးထိုင်ခဲ့သည်။ ဂျွန် နီကိုလေး[35]အား လခ ၇၅ ဒေါ်လာပေးပြီး သူ၏ အတွင်းရေးမှူးနှင့် လက်ထောက်အဖြစ် ခန့်.အပ်ခဲ့သည်။ စပရင်းဖီးလ်မှ လင်းကင်း၏ သူငွေးမိတ်ဆွေများ စုထည့်သော ရန်ပုံငွေထဲမှ နီကိုလေးအား လခပေးခဲ့သည်။

လင်းကင်းသည် လူသိများ၍ ထင်ပေါ်ကျော်ကြားသူများ တွေ့.ကြုံရသည့်အတိုင်း အသေးအဖွဲ အရေးမပါသည့် စာပေစာယူများကို ထုံးစံအတိုင်း လုပ်ပေးခဲ့ရသည်။ သူ.ထံသို့ ရောက်ရှိလာသည့် ရာနှင့်ချီသော ချီးကျူးဂုဏ်ပြုလွှာများကို အကြောင်းပြန်ရသည်။ အမှတ်တရ အော်တို လက်မှတ်တောင်းသည့် လျှောက်လွှာများကလည်း ဒုနှင့်ဒေးရှိသည်။ "အော်တိုတောင်းခံလာသည်အတွက် ရေးပေးလိုက်ပါသည် – အေ လင်းကင်း" ဟု ပုံသေအကြောင်းပြန်စာ ရိုက်ထားရသည်။ ဝေါရှင်တင်လယ်ယာစိုက်ပျိုးရေးဆိုင်ရာစာပေအဖွဲ့.၏ အသင်းသားအဖြစ် ခန့်.အပ်ခြင်းကိုလည်းကောင်း၊ ပဲနံဆယ်လ်ဗေးနီးယား လယ်ယာကျောင်းအဖွဲ့.ဝင် အဖြစ်လည်းကောင်း၊ နော့စ်ကောလိပ်မှ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ချီးမြှင့်ခြင်းကိုလည်းကောင်း လင်းကင်း လက်ခံခဲ့ရသည်။

လင်းကင်းကို သူ၏ ပြည်နယ်အပြင်ဘက်တွင် လူသိပ်မသိကြပေ။ သူ.အကြောင်းကို လူအများက ထူးထူးဆန်းဆန်း သိလိုကြသည်။ ထို စိတ်ဝင်စားမှုကို ကျေနပ်အောင် လုပ်ပေးရသည့်အတွက် အချိန်များစွာ ပေးခဲ့ရသည်။ လင်းကင်း၏ ပထမနာမည်ကိုပင် ရေရေ ရာရာ မသိကြသူများရှိသည်။ သူ၏ ပထမနာမည်မှာ အေဘရမ်[36]မဟုတ်၊ အေဘရာဟမ်[37] ဖြစ်ကြောင်း အက်ရှ်မဲန်းကိုပင် လင်းကင်း ရှင်းပြခဲ့ရသည်။ လင်းကင်းကို ဓါတ်ပုံရိုက်လိုသည့် ဓါတ်ပုံဆရာများလည်း စပရင်းဖီးလ်ကို ရောက်လာခဲ့ကြသည်။ ပုံတူဆွဲလိုသည့် ပန်းချီ ဆရာများလည်း အမြောက်အများ ရောက်လာကြသည်။ လင်းကင်းကလည်း သူတို့.ပုံတူဆွဲရန် မည်သည်မည်ျစတမ်း ထိုင်ပေးခဲ့သည်။ အရှေ့ ပိုင်းသားများက လင်းကင်းကို အလွန်အရှပ်ဆိုးသူအဖြစ် မြင်ခဲ့ကြသည်။ ထိုအမြင်ကို ချေပရန်အတွက် ပဲနံဆယ်လ်ဗေး နီးယားမှ တရားသူကြီး ဂျွန် ရီဒ် က ပန်းချီဆရာ ဂျွန် ဟန်နရီ ဘရောင်းကို ဌာဝန်ပေးစေလွှတ်ခဲ့ပြီး လင်းကင်းပုံတူ အဆွဲခိုင်းခဲ့သည်။ မူရင်းလူနှင့် တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ကြည့်ကောင်းအောင် ဆွဲပေးဖို့ မှာ ကြားလွှတ်လိုက်သည်။ နာမည်ကြီးပန်းချီဆရာ သောမတ်စ် ဟစ်ကလည်း စိတ်ကူးယဉ် လင်းကင်းပုံ တစ်ပုံကို ရေးဆွဲခဲ့ရာ လင်းကင်းက "ဒီပုံကိုကြည့်ပြီး အရှေ့.ပိုင်းသားတွေက ကျွန်တော့်အိမ်မှာနေတဲ့ပုံလို့ ထင်ကြမှာပဲ။ ပုံကလည်း ကျွန်တော့် နဂိုအရှိထက်ပိုပြီး ကြည့်ကောင်းနေတယ်မှတ်လား။ ကျွန်တော့်အနေနဲ့ ကန့်.ကွက်စရာ အကြောင်းမရှိပါဘူး" ဟု လင်းကင်းက ပြောခဲ့သည်။

www.burmeseclassic.com

ခဲ့ကြသည်။ လင်းကင်းက ဘုမသိဘမသိပါတီ၏ ရိုပ်သာ အစည်းအဝေး တစ်ခုသို့ တက်ရောက်ဖူးသည်ဟုလည်း အစီရင်ခံမှုတစ်ခု ပေါ်ပေါက်ခဲ့သည်။ ဤအချက်များနှင့် စပ်လျဉ်း၍ လင်းကင်းသည် လာသမျှ စာများကို အကြောင်းပြန် ဖြေရှင်းခဲ့သည်။ သူ့ကို အငြင်းအပွားပြဿနာများတွင် ဆွဲမထည့်ရန်လည်း သတိပေးရေးသားခဲ့သည်။

လင်းကင်းအား မဲဆွယ်ပွဲများတွင် လူရွေ.သူရွေ.သို့.မထွက်ရန် မိတ်ဆွေများ၏ တည်တည်ငြိမ်တိုက်တွန်းအကြံပေးတားမြစ်ခဲ့ကြသည်။ ထို့ကြောင့် လင်းကင်းသည် ရွေးကောက်ပွဲအတွက် မဲဆွယ်မှုများကို အနီးကပ်သာ စောင့်ကြည့်ခဲ့သည်။ ဇွန်လနောက်ပိုင်းတွင် ဒီမိုကရက်ပါတီသည် နှစ်ခြမ်းကွဲသွားခဲ့သည်။ ပါတီဝင် မြောက်ပိုင်းသားများက ဒပ်ဂလပ်စ်ကို သမ္မတလောင်းတင်ခဲ့ကြသည်။ တောင်ပိုင်းသားများက ဂျွန် စီ ဘရက်ကင်းရစ်ခ်[41]ကို သမ္မတလောင်းအဖြစ် ရွေးချယ်ခဲ့ကြသည်။ သို့ဖြစ်ခဲ့ရာ ရိုပတ်ဘလီကင်ပါတီအတွင်း၌ စိတ်သဘောထား မကိုက်ညီသူများနှင့် အပြိုင်အဆိုင်များသာ ညီညွတ်စွာ စုပေါင်းအလုပ်လုပ်မည်ဆိုလျှင် သမ္မတရွေးကောက်ပွဲတွင် ရိပတ်ဘလီကင်ပါတီ နိုင်တော့မည်ဆိုသည်ကို လင်းကင်း သဲသဲမဲမဲရှိတော့ပေ။ လင်းကင်းသည် ပဲနံဆယ်လ်ဗေးနီးယားပြည်နယ်၌ ဆီးနိတ်အမတ် ကဲမ်ရွန်းနှင့် ရိပတ်ဘလီကင်မှ ပြည်နယ်အုပ်ချုပ်ရေးမှူး ကိုယ်စားလှယ်လောင်း အဲန်ဒရူး ကာတင်တို့.နှစ်ဦးကို လင်းကင်းက ဖျန်ဖြေစေ့စပ်ပေးခဲ့သည်။ အောင့်သက်သက်ဖြစ်နေသော နယူးယောက်မှ ဆီးဝပ်၏ ဘက်တော်သားများထံသို့.လည်း ဒေးဗစ် ဒေးဗစ္စမှတစ်ဆင့် လင်းကင်း သဝဏ်လွှာပါးခဲ့သည်။ လင်းကင်းက သူသည် လူတစ်ဦး တစ်ယောက်၊ အဖွဲ့.တစ်ဖွဲ့.၊ အုပ်စုတစ်စု၏သြဇာခံဖြစ်စေမည် မဟုတ်ဘဲ လူတိုင်းအား ဘက်မလိုက်ဘဲ ဆက်ဆံမည်ဟု အသိပေးခဲ့သည်။ လင်းကင်းက သူသာ သမ္မတအဖြစ် အရွေးခံရလျှင် သူ၏ ကြွေးကြော်သံဆောင်ပုဒ်မှာ "လူတိုင်း အပေါ်မှာ ဘက်မလိုက်ပါ၊ တရားမျှတစွာ ဆက်ဆံမည်"[42] ဖြစ်မည်ဟု

လင်းကင်း၏ ပုံနှင့်အတူ သူ.ဘဝအကြောင်းများကို လူအများက သိလိုကြပုံမှာ ပွက်လောရိုက်ခတ်ခဲ့သည်။ လင်းကင်း၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းတစ်ခုကို ပုံစံရိုက်နှိပ်ပြီး နိုကိုလေးအား ပို့.ပေးစေခဲ့ရာ လက်မလည်နိုင်ခဲ့ချေ။ ရှိကာဂိုညီလာခံပြီးစပင် ရှိသေးသည်။ လင်းကင်းနှင့် တဲမ်မလင်တို့.၏ မဲဆွယ်စည်းရုံးရေးအတွက် အတ္ထုပ္ပတ္တိစာအုပ်အကြောင်း ကြော်ငြာပါလာသည်။ ပထမဆုံး ထွက်ပေါ်ခဲ့ရသော စာအုပ်မှာ *လင်းကင်း၏ ဘဝ မိန့်ခွန်းများနှင့် ပြည်သူ့ ဝန်ထမ်းမှုများ* – ဟဲမ်လင်၏ ကိုယ်ရေးရာဇဝင် အကျဉ်းပါသည်[38] စာအုပ်ဖြစ်သည်။ ဂျွန်လ နှစ်ရက်နေ့တွင် ထိုစာအုပ် ထွက်ခဲ့သည်။ ထို့နောက် နောက်ထပ်စာအုပ်များ ဆက်၍ထွက်ခဲ့သည်။ အထင်ရှားဆုံး စာအုပ်မှာ ဝီလျံ ဒီးန် ဟောင်းဝဲလ်ရေးသည့် စာအုပ်ဖြစ်သည်။ သို့.သော်လည်း *ရှိကာဂို ပရက်စ်အင်ထရစ်ဂျွန်း* သတင်းစာမှ ဂျွန် လော့ခ်စရစ်ပ်[39] ရေးသားခဲ့သည့် *လင်းကင်း၏ဘဝ*[40] စာအုပ်မှာ ပိုမို၍ ကျော်ကြားခဲ့သည်။ လင်းကင်းပြောပြသည့် ကိုယ်ရေးအတ္ထုပ္ပတ္တိကို အခြေခံရေးသော စာအုပ်ဖြစ်သည်။ ရွေးကောက်ပွဲ မဲဆွယ်ပွဲကာလတွင် အလားတူ အတ္ထုပ္ပတ္တိ စာအုပ်များ အုပ်ရေ ၁၀၀,၀၀၀ နှင့် ၂၀၀,၀၀၀ အကြား ဖြန့်ဝေခဲ့သည်။

လင်းကင်းသည် သူ၏ဘဝအကြောင်း ပြောဆိုခဲ့ကြသည့် ဂုဏ်သရေဖျက်မှုနှင့် ကောလာဟလများကို ကြိုးစားဖြေရှင်းရမှုအတွက်လည်း အချိန်ပေးခဲ့ရသည်။ သူနှင့်ပြိုင်ဘက် ဆန်.ကျင်ဘက်များက သူ့.ကို ဘုရားတရားမရှိသူ၊ နှစ်ဦးချင်းစိန်ခေါ်သူဟု သွားပုပ်လေလွင့် တီးတိုး ပြောဆိုခဲ့ကြသည်။ လင်းကင်းသည် မက္ကဆီကိုစစ်ပွဲကို ဆန်.ကျင်ခဲ့သူ ဖြစ်သည်၊ အမေရိကန်တပ်များအတွက်.ရိက္ခာထောက်ပံ့ရေးကို လင်းကင်းက ထောက်ခံမဲပေးခြင်းမပြုခဲ့၊ စသည့် စွပ်စွဲချက်များကို ပြန်လည်အသက်သွင်းခဲ့ကြသည်။ လင်းကင်းက သမ္မတ သောမတ်စ် ဂျက်ဖာဆင်အား လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် ကျွန်စနစ်အပေါ်တွင် အဆင့်အတန်းနိမ့်ပြီး ဝေဖန်ကျိန်ဆဲခဲ့သည်ဟု ဂုဏ်သရေဖျက်အောင် ပြောဆိုခဲ့သည်ဟု ဝေဖန်

www.burmeseclassic.com

ထပ်တလဲလဲ ကတိပေးခဲ့သည်။ လင်းကင်းသည် ဧည့်သည်များကို လက်ခံတွေ့ဆုံရာတွင်လည်း ရိုကျိုးညီလာခဲ့တွင် သူ့အား မဲပေးသူများနှင့် အခြားသူများကို ထောက်ခံခဲ့သူတို့အား မခွဲခြားဘဲ ဆက်ဆံခဲ့သည်။

လင်းကင်းသည် ဧည့်သည်များကို လက်ခံတွေ့ဆုံရခြင်းနှင့် စာပေးစာယူမှုများ ပြုလုပ်ခဲ့ရလင့်ကစား သူ၏ သမ္မတလောင်းဘဝသည် ကျဉ်းကျပ်လှကြောင်း တွေ့ရှိခဲ့သည်။ ထိုကာလအတွင်း၌ သူ၏ ရုံးသို့လည်း သွားခဲ့လှသည်။ လင်းကင်းရုံးထိုင်ရာ ပြည်နယ်လွှတ်တော်အဆောက်အဦသို့ ဟန်ဒင် ဝင်လည်သည့်အခါတွင် သူ့မိတ်ဆွေကြီး လင်းကင်း "ဦးငွေ့သမှ အရှမ်းကို ဦးငွေ့နေပုံ" ကို တွေ့ရသည်။ ဟန်ဒင်က "ဘုရားမလို့ဗျာ၊ သူ့နေရာမျိုးမှာ သူ့လို ဦးငွေ့တဲ့ဘဝမျိုး ကျွန်တော် မလိုချင်ပါဘူး" ဟု ထရမ်းဘူးလ်ထံ စာရေးခဲ့သည်။

လင်းကင်းသည် ဩဂုတ်လတွင် စပရင်းဖီးလ်ဒ် လူထုစုဝေးပွဲသို့ တစ်ကြိမ်သာ တက်ရောက်ခဲ့သည်။ လူထုကို တွေ့ရန်နှင့် သူ့ကို လူထုက မြင်စေရန်သက်သက်ဖြစ်သည်။ သူ့အား မိန့်ခွန်းပြောကြားရန် ဆွဲဆောင်ခဲ့ကြသည်။ လင်းကင်းက "ကျွန်တော် အနုလက်ရှိ အနေအထားကို ရောက်လာကတည်းက မိန့်ခွန်းမပြောခဲ့တော့တာ ကျွန်တော့် ပေါ်လစီပါပဲ" ဟု ပြန်ပြောခဲ့သည်။ လင်းကင်းထအပြန်တွင် စိတ်အားထက်သန်လှသော ပရိသတ်ကြီးက သူ့ဘေးကို ဝိုင်းအုံ ပိတ်ဆို့ခဲ့ရာ လင်းကင်းမှာ အသက်ရှူပင် မွန်းကျပ်သွားမတတ်ဖြစ်ခဲ့သည်။ မိတ်ဆွေတစ်ဦးက လင်းကင်းကို ရထားတွဲထဲမှ အတင်းဆွဲထုတ်ပြီး သူ့မြင်းဖြင့် မောင်းပြေးရလေသည်။

လိုအပ်ချက်အရ လင်းကင်းသည် ရုတ်ရုတ်သဲသဲ မဲဆွယ်ပွဲများနှင့် ကင်းကင်းကွာကွာနေခဲ့ရသည်။ ရိပတ်ဘလီကင် လူထုတရားပွဲကြီးများနှင့်လည်း မပတ်သက်ခဲ့နိုင်။ မြောက်ပိုင်းတွင် အကျိုလက်ပြတ်နှင့် ဦးထုပ်ပြားလေးများ ဆောင်းထားသည့် နိုးနိုးကြားကြား ရိပတ်ဘလီကင်လူငယ်များ၊ စိတန်းလှည့်လည်ပွဲများကိုလည်း ကပ်ခွင့်မရဖြစ်ခဲ့သည်။

လင်းကင်းသည် အောက်တိုဘာလတွင် ကျင်းပသည့် ပြည်နယ်ရွေးကောက်ပွဲ အရှုံးအနိုင်များကို စောင့်ခဲ့ရသည်မှာ စိတ်ပင် မရှည်ခဲ့တော့။ အထူးသဖြင့် ပဲန်ဆယ်လ်မေးနီးယား၊ အိုဟိုင်းယိုးနှင့် အင်းဒီရဲနားပြည်နယ် သုံးခုတွင် ရိပတ်ဘလီကင်တို့ အနိုင်ရခဲ့ပုံက ရိပတ်ဘလီကင်ပါတီ၏ စည်းရုံးရေး မဟာဗျူဟာ ပြောင်မြောက်မှုကို သက်သေပြခဲ့သည်။ နိုးနိုးကြားကြား ရိပတ်ဘလီကင်လူငယ်များက လင်းကင်း၏ အိမ်ရှေ့သို့ လာရောက် ဂါရဝပြု ဩဘာပေးခဲ့ကြသည်ကို လင်းကင်းက ဆိတ်ငြိမ်စွာ ဦးညွတ်ခဲ့သည်။ နောက်တစ်နေ့တွင် ဆီးဝပ်ထံသို့ စာရေးပြီး "အစိုးရအဖွဲ့ ကျွန်တော်တို့လက်ထဲရောက် လာတော့မှာ တကယ်သေချာမဲ့ပုံပေါ်နေပါပြီ၊ ပဲန်ဆယ်လ်မေးနီးယား၊ အိုဟိုင်းယိုးနှင့် အင်းဒီရဲနားပြည်နယ်တွေမှာ မျှော်မှန်းထားခဲ့သမျှ အားလုံးကို ကျော်လွှားသွားခဲ့ပါပြီ" ဟု ဂုဏ်ယူစွာ အကြောင်းကြားခဲ့သည်။

သမ္မတရွေးကောက်ပွဲကို နိဝင်ဘာလ ၆ ရက်နေ့တွင် ကျင်းပတော့မည်ဖြစ်သည်။ အထွေထွေရွေးကောက်ပွဲကြီး မတိုင်မီ ရက်သတ္တပတ်များတွင် ခြေလှမ်းမမှားဖို့သာ လိုတော့သည်။ နှုတ်ပိတ်နေခြင်းသည် သူ့အတွက် အကောင်းဆုံးပေါ်လစီဖြစ်သည်။ တစ်စုံတစ်ခုကို အသစ်အဆန်းပြောလိုက်ခြင်း၊ ပြန်ပြောလိုက်ခြင်းတို့ ပြုလုပ်လိုက်လျှင် သူ၏ သဘောထားများကို ပြိုင်ဘက်များက အသစ်လွဲမှားစွာ အဓိပ္ပာယ်ကောက်ယူမှု ပြုလုပ်ကြမည်ဖြစ်သောကြောင့်တည်း။

ရွေးကောက်ပွဲနေ့ ညနေပိုင်းတွင် လင်းကင်းသည် ရိပတ်ဘလီကင် အပေါင်းအသင်းများနှင့်အတူ ပြည်နယ်လွှတ်တော် အဆောက်အဦတွင် စုဝေးခဲ့ကြသည်။ ကြေးနန်းရုံးမှတစ်ဆင့် ပေးပို့သော ရွေးကောက်ပွဲ အရှုံးအနိုင်သတင်းများကို စောင့်ဖွယ်နားထောင်ခဲ့ကြသည်။ အီလီနွိုင်းပြည်နယ်တွင် ရိပတ်ဘလီကင်တို့ နိုင်ခဲ့သည်။ ထို့နောက် အင်းဒီရဲနားပြည်နယ်တွင် နိုင်ပြန်သည်။ အနောက်ပိုင်းပြည်နယ်များတွင်လည်း အခြေ

www.burmeseclassic.com

အနေကောင်းခဲ့သည်။ သို့သော်လည်း အရှေ့ပိုင်းပြည်နယ်များမှ အရှုံးအနိုင်သတင်းများ မရရှိဘဲဖြစ်ခဲ့သည်။ လင်းကင်း၊ ဒူဘွားစ်နှင့်ဟက်ချ်တို့သည် ကြေးနန်းရုံးသို့ လိုက်သွားကြသည်။ သို့သော်လည်း ည ၁၀ နာရီထိုးပြီးမှ ပဲန်ဆယ်လ်မေးနီးယားတွင် ရီပတ်ဘလီကင်နိုင်သည့် သတင်းရရှိခဲ့ကြသည်။ သူတို့ သည် နယူးယောက်မှ သတင်းကို ဆက်၍ စောင့်နေခဲ့ကြသည်။ ထိုအချိန်မှာပင် သူတို့အား ရီပတ်ဘလီကင် အမျိုးသမီးများက ထိုညအတွက် ဝှားရမ်းထားသည့် ဝပ်ဆင်၏ စားသောက်ခန်းသို့ ဖိတ်ခေါ်သွားကြသည်။ လင်းကင်းသည် ခန်းမထဲသို့ ဝင်လိုက်သည်နှင့် အမျိုးသမီးများက "ကျန်းမာပါရဲ့.လား သမ္မတကြီး" ဟု ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ လင်းကင်းနှင့်အဖွဲ့သည် ညစာစားပြီးနောက် ကြေးနန်းရုံးကို ပြန် သွားကာ သတင်းဆက်၍ စောင့်ခဲ့ကြသည်။ နံနက် နှစ်နာရီထိုး တော့မှ နယူးယောက်တွင် ရီပတ်ဘလီကင် အနိုင်ရကြောင်း သတင်းဝင်လာခဲ့သည်။ လင်းကင်း သမ္မတဖြစ်ဖို့ သေချာသွားခဲ့လေပြီ။ "အဲဒီနောက်တော့ ကျွန်တော် အိမ်ကို ပြန်သွားခဲ့ပါတယ်။ ဒါပေမဲ့ အိပ်လို့.ကောင်းကောင်း မရခဲ့ပါဘူး။ ကျွန်တော် တစ်ခါကမှ မခံစားခဲ့ရဖူးတဲ့ ခံစားမှုကို ရရှိခဲ့လို့.ပါပဲ။ ကျွန်တော့် အပေါ်မှာ တာဝန်ကြီးကျလာခဲ့ပြီလို့. ခံစားခဲ့ရလို့.ပါပဲ" ဟု လင်းကင်းက ပြန်ပြောပြခဲ့သည်။

လင်းကင်းအနိုင်ရရှိကြောင်း အတိအကျသိရရေးအတွက် ရက်အနည်းငယ် စောင့်ခဲ့ရသည်။ နောက်ဆုံး မဲအရေအတွက်စာရင်း ထွက်ပေါ်လာချိန်၌ လင်းကင်းအတွက် ရီပတ်ဘလီကင်ပါတီက ၅,၈၆၆,၄၅၂ မဲ၊ ဒပ်ဂလပ်စ်က ၅,၃၇၆,၉၅၇ မဲ၊ ဘရက်ကင်းရစ်ချ် က ၈၄၉, ၇၈၁ မဲ၊ ဘဲလ်က ၅၈၈,၈၇၉ မဲ ရရှိခဲ့ကြသည်။ ပြည်သူအများစုဆန္ဒတွင် လင်းကင်းနှင့် ဟဲမ်လင်တို့.က ၄၀ ရာခိုင်နှုန်းထက် လျော့နည်းရရှိခဲ့သည်။ သို့သော်လည်း လင်းကင်းနှင့် ဟဲမ်လင်တို့.သည် သမ္မတနှင့် ဒုသမ္မတရွေးမည့် ကိုယ်စားလှယ်များ မဲဆန္ဒတွင် ၁၈၈ မဲ၊ ဘရက်ကင်းရစ်ချ်က ၇၂ မဲ၊ ဘဲလ်က ၃၉ မဲနှင့် ဒပ်ဂလပ်စ်က ၁၂ မဲ အသီးသီး ရရှိခဲ့ကြသည်။ ရီပတ်ဘလီကင်ပါတီသည် လွတ်လပ်သော ပြည်နယ်များတွင် ပြည်နယ်တစ်ခုမှအပ အားလုံးတွင် အနိုင်ရခဲ့သည်။ ယင်းနယူးဂျာစီပြည်နယ်တွင်လည်း ဒပ်ဂလပ်စ်နှင့် မဲမျှရခဲ့သည်။ ဒပ်ဂလပ်စ်သည် ပြည်သူ့.မဲများစွာရခဲ့သော်လည်း မစ်ဇူးရီးပြည်နယ်နှင့် နယူးဂျာစီ တစ်ခြမ်းတွင်သာ အနိုင်ရခဲ့သည်။ ဘဲလ်၏မဲများမှာ အထက်တောင်ပိုင်းဒေသဖြစ်သည့် ဟာဂျီးနီးယား၊ တဲင်းနက်ဆီးနှင့် မွန်တပ်ကီးပြည်နယ်တို့.မှ များခဲ့သည်။ ဘရက်ကင်းရစ်ချ်သည် ကျွန်စနစ်လက်ခံသော ပြည်နယ်အားလုံးတွင် အနိုင်ရခဲ့သည်။ လင်းကင်းနှင့် ဟဲမ်လင်အတွဲသည် တောင်ပိုင်းပြည်နယ် ၁၀ ခုစလုံးတွင် ရှုံးခဲ့သည်။

ရွေးကောက်ပွဲမတိုင်မီ ရက်ပိုင်းအလိုတွင် ရီပတ်ဘလီကင် ပါတီအနိုင်ရမည့်အခြေအနေ အလားအလာကောင်းခဲ့သည်။ လင်းကင်းက သူ့.စိတ်ထဲတွင်ရှိသော အခြေခံမကောင်းမြင်စိတ်ကလေးကို နယူးယောက်မှလူတစ်ယောက်အား ရင်ဖွင့်ခဲ့၏။ "ဒီမနက်မှာ ကျွန်တော်ထုတ်ပြီး ကြေညာချင်တာရှိတယ်။ ကျွန်တော့်ကိုယ်ပိုင်အယူအဆ အရတော့ ကျွန်တော့်အနေနဲ့. ဆီးနိတ်လွှတ်တော်အမတ်သက်တမ်း တစ်ကြိမ် အရွေးခံရတာကို ပိုပြီး သဘောကျမိမယ်။ သမ္မတ လေးနှစ် လုပ်ရတာနဲ့.စာရင် ဆီးနိတ်မှာဆိုရင် ကျွန်တော့်အတွက်လိုအပ်တဲ့ တာဝန်ဝတ္တရားတွေကို အသိစိတ်ဓါတ်ပိုပြီးရှိရှိနဲ့. ထမ်းဆောင်နိုင်လိမ့်မယ်ထင်တယ်။ နာမည်လည်း ပိုကြီးဖို့. အခွင့်အလမ်းပိုများမယ်။ ရှုံးမယ့် အန္တရာယ်လည်း ပိုနည်းတယ်" ဟု ပြောခဲ့ခြင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

မှတ်စုတိုများ

1. (John) Wentworth
2. *Chicago Democrat*
3. *Chicago Press and Tribune*
4. Douglasism
5. *Harper's Magazine*
6. The Dividing Line Between Federal and Local Authority: Popular Sovereignty in the Territories
7. Little Giant
   စတီဖင် ဒဗ်လပ်စ်၏ ပုပုလုံးလုံး ကိုယ်ခန္ဓာကို အကြောင်းပြု၍ ခေါ်ဝေါ်ကြသောနာမည်ဖြစ်သည်။
8. Labor Theory of Value
9. "Labor is the source from which human wants are mainly supplied"
10. Labor is prior to capital ; indeed capital is the fruit of labour"
11. *Illinois Gazette*
12. *Sandusky Commercial Register*
13. *Olney Times*
14. *New York Herald*
15. *Reading Journal*
16. William Seward
17. Chicago Democrat
18. The Great Man of Illinois
19. Simon Cameron
20. Salmon Chase

21. Edward Bates
22. Political Debates Between Hon. Abraham Lincoln and Hon. Stephen A. Douglas, in the Celebrated Campaign of 1858 in Illinois
23. Young Men's Central Republican Union
24. Cooper's Union
25. Benjamin Franklin
26. Alexander Hamilton
27. Gouverneur Morris
28. Let us have faith that right makes might; and in that faith, let us, to the end, dare to do our duty, as we understand"
29. Phillips Exeter Academy
30. Rhode Islands
31. New Hampshire
32. Connecticut
33. Log Cabin and Hard Cider
34. The Rail Candidate
35. John Nicolay
36. Abram
37. Abraham
38. *Life, Speeches and Public services of Abram Lincoln, To gether with a Sketch of the Life of Hannibal Hamlin*
39. John Locke Scripps
40. *Life of Lincoln*
41. John C. Breckinridge
42. Justice and Fairness to All
43. Wide-Awakes

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၀)

မမျှော်လင့်သော အသုံးကျမှု

သမ္မတအဖြစ် အရွေးခံခဲ့ရသော လင်းကင်းသည် ခက်ခဲသော ပြဿနာများကို ရင်ဆိုင်ခဲ့ရသည်။ သူ့အား သမ္မတအဖြစ် ရွေးကောက် တင်မြှောက်လိုက်သော သတင်းထွက်ပေါ်လာသည်နှင့် တောင်ပိုင်းမှ မည်ညွှတ်မှုများ ဖြစ်ပေါ်ခဲ့သည်။ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် တောင်ကယ်ရာလိုင်းနားပြည်နယ်[1] ပြည်သူ့လွှတ်တော်က ဒီဇင်ဘာလ ၆ ရက်နေ့တွင် ပြည်နယ်ညီလာခံတစ်ခု ခေါ်ဆိုရေးအတွက် တညီတညွတ်တည်း သဘောတူဆုံးဖြတ်လိုက်သည်။ ရည်ရွယ်ချက်များမှာ တောင်ကယ်ရာလိုင်းနားပြည်နယ်နှင့် ပြည်ထောင်စုအစိုးရတို့အကြား အနာဂတ် ဆက်ဆံရေးကို စဉ်းစားရန်ဖြစ်သည်။ နောက်ထပ် ရုစ်ရက် အကြာတွင် ကျော်ဂျီးယား[2] ပြည်နယ်က ပါလာသည်။ တစ်လအတောအတွင်းမှာပင် တောင်ပိုင်းပြည်နယ် အောက်ပိုင်းမှ ပြည်နယ်များက ပြည်ထောင်စုမှ ခွဲထွက်ရေးကို ဦးတည်သည့် ပဏာမ

www.burmeseclassic.com

ကို နားထောင်ရင်း သူ၏ အစိုးရသစ်အတွက် ပေါ်လစီတစ်ခု ချမှတ်နိုင်ရေးအတွက် စမ်းတဝါးဝါးဖြစ်နေသည်။

(၁)

ရွေးကောက်ပွဲအပြီးလများတွင် လင်းကင်းသည် စပရင်းဖီးလ်ဒ် သူ၏အလုပ်များကို ပုံမှန်လုပ်နေခဲ့သည်။ နေ့စဉ် စာခြင်းတောင်းများနှင့် အပြည့် တပုံကြီး ရောက်လာသော စာများကို အရည်အချင်းရှိပြီး စိတ်ဝါတိုင်မာသည့် ကိုယ်ရေးအတွင်းရေးမှူး နီကိုလေးနှင့်အတူ ဂျင်းလင်းရသည်။ လတ်တစ်လောတွင် နီကိုလေးတစ်ဦးတည်းနှင့် မနိုင်နင်းသဖြင့် ဂျေ.နေပေါက်စ ဂျွန် ဟေးဇ်၏ အကူအညီကို ယူခဲ့ရသည်။ ဂျွန် ဟေးမှာ ဘရောင်းတက္ကသိုလ်မှ ဥပဒေဘွဲ့ ရကာစဖြစ်ပြီး စပရင်းဖီးလ်ရှိ သူ၏ဦးလေးရုံးတွင် အလုပ်သင်နေသူဖြစ်သည်။ လင်းကင်း၏ အော်တိုလက်မှတ်တောင်းဆိုသော စာများမှာ ဖြေကြား ရန် အလွယ်ကူဆုံးဖြစ်သည်။ ချီးကျူးဂုဏ်ပြုစာများနှင့် အလုပ်တောင်း ခံသောစာများမှာ အမှိုက်ခြင်းတောင်းထဲသို့ ချက်ချင်းပါသွား သည်။ မည်သို့ပင်ဖြစ်စေ စာပေးစာယူကိစ္စများအတွက် လင်းကင်းအား ရှုံးစိုက်မှုပေးခဲ့ရသည်။

လင်းကင်းသည် ပြည်နယ်ပြည်သူ့လွှတ်တော်ရှိ သူ၏ရုံးကို နံနက် ၁၀ နာရီတွင် ဖွင့်လှစ်ပြီး နေ့လယ် ၁၂ နာရီအထိ စည်သည်များကို လက်ခံတွေ့ဆုံသည်။ ညနေပိုင်းတွင် ၃ နာရီမှ ၅ နာရီခွဲ အထိဖွင့်သည်။ စည်သည်များမှာ လူမျိုးစုံဖြစ်သည်။ နိုင်ငံရေးပေါ် လစီနှင့် ဝန်ကြီးအဖွဲ့ရာထူးခန့်ထားရေးအတွက် အကြံပေးသည့် နိုင်ငံရေးသမားများ ပါဝင်သည်။ သီးသန့်တွေ့ဆုံပြောဆိုမှုများ ရရှိရေးအတွက် သတင်းစာဆရာများ လာကြသည်။ ပုံတူရေးဆွဲလိုကြသည့် ပန်းချီဆရာများကလည်း လာတွေ့ကြသည်။ သူနှင့် လက်ဆွဲ နှုတ်ဆက်ရန်သက်သက်အတွက် လာကြသော

ခြေလှမ်းများကို စတင်လှမ်းခဲ့ကြသည်။ မြောက်ပိုင်းသားများသည် ထိုပြဿနာကို မည်ကဲ့သို့ ကိုင်တွယ်ရမည်နည်းဆိုသည့် အပေါ်တွင် အမြင်သဘောထား များ ကွဲပြားခဲ့သည်။ အချို့ကလည်း မကျေမချမ်းဖြစ်နေသော ပြည် နယ်များအား ငြိမ်းငြိမ်းချမ်းချမ်းသွားပါစေတော့ဟု လွှတ်ပေးလိုက်ရန် စဉ်းစားခဲ့ကြသည်။ အများစုကမူ မစ်ဇူးရီ ညှိနှိုင်းသဘော တူညီချက်နှင့် ၁၈၅၀ ခုနှစ် ညှိနှိုင်းသဘောတူညီချက် စိတ်ဝါတိမ်များကို ထိန်းသိမ်းပြီး တောင်ပိုင်းပြည်နယ်များကို ပြည်ထောင်စုအတွင်းမှ ခွဲထွက်ခွင့် မပြုလုပ်ရေးကို ညှိနှိုင်းသဘောတူညီမှုအသစ်တစ်ခု ပြုလုပ်စေရန် ထောက်ခံခဲ့ကြသည်။ တောင်ပိုင်းပြည်နယ်များအား အလျှော့မပေးရန် ဆန့်ကျင် သူများလည်း များစွာရှိခဲ့သည်။

ဤပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အမေရိကန် အစိုးရအဖွဲ့တွင် ပေါ်လစီမရှိဘဲဖြစ်နေသည်။ သမ္မတ ဂျိမ်းစ် ဘျူခနန်မှာလည်း အတွေးနှစ်ခုအကြားတွင် ဝေခွဲမရဖြစ်နေခဲ့သည်။ ပြည် ထောင်စုမှ ခွဲထွက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီ ဆိုသော ယုံကြည်ချက်နှင့် ခွဲထွက်ခြင်းကို ကာကွယ်ရန် မည်သို့မျှလုပ်၍ရမည်မဟုတ်ဆိုသော ယုံကြည်မှုနှစ်ခု အကြားတွင် မပြတ်မသားဖြစ်နေခဲ့သည်။ ကွန်ဂရက်ကိုလည်း မကြာမီကမှ ဖွဲ့စည်းခဲ့သော ရီပတ်ဘလီကင်ပါတီက ကြီးစိုးသွားခဲ့သည်။ ၇၈ဟောင်းများ၊ ဒီမိုကရက်ဟောင်းများနှင့် အမေရိကန် ပါတီဝင်ဟောင်းများဖြစ်သလို စုပေါင်းပါရှိသည့် ရီပတ်ဘလီကင် ကွန်ဂရက်သည် မလုပ်တတ် မကိုင်တတ် ဖြစ်နေသည်။ ရီပတ်ဘလီကင်များသည် အတိုက်အခံပါတီအဖြစ်သာ အတွေ့အကြုံရှိခဲ့ပြီး အပြုသဘောဦးဆောင် လုပ်ကိုင်မှုများအတွက် တာဝန်ပေးအပ်ခြင်း မခံခဲ့ရဖူးသေးပေ။

လူအားလုံး၏ စိတ်အာရုံသည် စပရင်းဖီးလ်သို့ ရောက်ရှိနေသည်။ စပရင်းဖီးလ်တွင် အတွေ့အကြုံမရှိသည့်အပြင် ပါတီတွင်း၌ ပုဂ္ဂိုလ်ရေးခင်မင်သူများ အနည်းငယ်ရှိသူ လင်းကင်းသည် မပြည့်မစုံသော သတင်းများ

www.burmeseclassic.com

အမျိုးသမီးများလည်း ရှိသည်။ ကိုးရိုးကားရားနိုင်သောတေသားများလည်း လာကြသည်။ နယူးစေလဲမ်မှ ငယ်ပေါင်းမိတ်ဆွေများကလည်း လာတွေ့ခဲ့ကြသည်။ သူ၏ရုံးခန်းတွင် လူအမြဲပြည့်နေသည်။ အခန်းထဲတွင် လူတစ်ဒါဇင် လောက်အတွက်သာ နေရာပေးနိုင်သော်လည်း လင်းကင်းက လူတိုင်းကို တွေ့.လိုခဲ့သည်။ လင်းကင်းသည် ပြင်ပရှိ အခန်းမတွင်း၌ စောင့် နေသူများကို တစေ့တစောင်း ချောင်းကြည့်ပြီး "လာကြပါ၊ လာကြပါ အားလုံး အထဲကို ဝင်ကြပါ" ဟု ဖိတ်ခေါ်တတ်သည်။ သူတို့.၏အမည်များကို မေးပြီး လင်းကင်းသည် မဆုံးနိုင်အောင် လေဖွဲ့.ပြောဆိုလေတော့သည်။

သမ္မတအဖြစ် အရွေးခံခဲ့ရသော လင်းကင်းအား စည်သည်များက နားမလည်နိုင်ပေ။ သူသည် မုတ်ဆိတ်များ ထားလာသဖြင့် မိတ်ဆွေဟောင်းများပင် တအံ့တသြဖြစ်ခဲ့ကြသည်။ ရွေးကောက်ပွဲ မဲဆွယ်မှုများ ပြုလုပ်ခဲ့စဉ်ကာလက မရောမလှသော လင်းကင်း၏ ဓါတ်ပုံများကြောင့် ပါတီမဲများကို ထိခိုက်စေနိုင်သည်ဟု နယူးယောက်မှ ရိပတ်ဘလိကင်စစ် စစ်[3]များက စိတ်ပူခဲ့ကြသည်။ လင်းကင်းမုတ်ဆိတ်မွေးများနှင့် နှုတ်ခမ်းမွေးများ ထားလိုက်ပြီး လည်ထောင်ကော်လာအင်္ကျီများ ဝတ်လိုက်လျှင် ပို၍ ကြည့်ကောင်းမည်ဟု အကြံပေးခဲ့ကြဖူးသည်။ နယူးယောက်ခရိုင် ဝက်စ် ဖီးလ်မှ ၁၁ နှစ်သမီးလေး ဂရေ့.စ် ဘက်ဒဲလ်က လင်းကင်း မုတ်ဆိတ် ထားလျှင် သူမ၏ အစ်ကိုများက ယင်းအား မဲပေးအောင် ပြောပေးမည်ဟု စာဖြင့် ရေးသားကတိပေးခဲ့သည်။ "ဦးလေးကြီးရဲ့.မျက်နှာက ပိန်လွန်းတော့ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများနှင့် အများကြီးပိုပြီး ကြည့်ကောင်းမှာပဲ။ အမျိုးသမီးအားလုံးဟာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေကို သဘောကျတယ်။ သူတို့.ယောကျ်ားတွေ၊ ဦးလေးကြီးကို မဲပေးအောင် ကလိကြမှာပဲ။ အဲဒါဆိုရင် ဦးလေးကြီး သမ္မတဖြစ်လာတော့မယ်" ဟု ဘက်ဒဲလ်က ရေးခဲ့သည်။ ထိုစာကို လင်းကင်းသည် သဘောကျပြီး အကြောင်းပြန်ကြားခဲ့သည်။

"မိန်းကလေး၊ ဦးလေးကြီး နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေကို တစ်ခါမှ မထားဖူးဘူး။ အခုချက်ချင်း ထားလိုက်ရင် ဦးလေးကြီး တုံ့.ပြန်မေတ္တာ ထားပုံက နည်းနည်းတော့ ရှုးလှချေကလားလို့. လူတွေက ပြောကြမလား မသိဘူး" ဟု လင်းကင်းက ပြန်၍ ဖြေကြားခဲ့သည်။ လင်းကင်းသည် သူ၏မေးခွန်းများအတွက် သူ.ဘာသာပြန်၍ အဖြေပေးခဲ့သည်။ နိဝင်ဘာလ အကုန်တွင် သပ်သပ်ရပ်ရပ် ညှိဖြတ်ထားသော မုတ်ဆိတ်တစ်ခြမ်းကို ထားပြီးဖြစ်နေလေပြီ။ လင်းကင်း၏ ပြောင်းလဲမှုကို လူအများ နားမလည်နိုင်ခဲ့ကြပေ။ သူ.ကိုယ်သူ သမ္မတဖြစ်ဖို့. အချိန်မတန်သေးဘူးဟုထင်ပြီး သူ.မျက်နှာကို ဖုံးကွယ်ထားလိုခြင်း ဖြစ်နိုင်သည်ဟုလည်း ထင်ကြ၏။ သို့.မဟုတ် ပြည်သူလူထုအား ပို၍ သြဇာရှိပြီး အသက်အရွယ်ရင့်ပုံကို ပြလိုခဲ့ပေလော မသိ။ သို့.မဟုတ် သမ္မတလောင်းအဖြစ် လျာထားခံပြီးချိန်နှင့် သမ္မတ ကျမ်းသစ္စာ ကျိန်သည့် ကာလကြားတွင် လူပ်ရှားမှု မရှိဘဲ ငြိးငွေ့.နေရပုံကို ဝိသေသပြသရုံအတွက်လော မသိပေ။

လင်းကင်း၏ အပြုအမူနှင့် ပုံပန်းသဏ္ဌာန်သည် လာရောက်တွေ့.ဆုံသူများကို အံ့အားသင့်စေခဲ့သည်။ လင်းကင်းကို အဘိုးကြီး အေးဘ်ဟု မကြာခဏ ခေါ်ဆိုခဲ့ကြသည်။ သို့.သော်လည်း သူသည် ထိုအချိန်အထိ အမေရိကန်နိုင်ငံ၏ အသက်အငယ်ဆုံး သမ္မတတစ်ဦး ဖြစ်ခဲ့သည်။ အသက် ၅၁ နှစ်နှင့် သမ္မတဖြစ်လာရာ သူ.ရှေ့.က သမ္မတဟောင်း ဂျွန်းစ် ဘျူခနန်ထက် ၁၀ နှစ်ပင် ငယ်ခဲ့သည်။ လင်းကင်းသည် ခွန်အားဗလရှိပြီး အားကစားသမားနှင့်တူသည်။ သူ၏ တောသားခြေလှမ်းကို သူ.ထက် အသက် ၂၀ ခန့်. ငယ်သူများပင် လိုက်နိုင်ရန်မလွယ်။ လေ့ကားထစ်များ တက်လျှင် နှစ်ထစ်သုံးထစ် ကျော်လွှားတက်နိုင်သည်။ သူ.တွင် မကုန် ခန်းနိုင်သော စွမ်းအားများ ရှိနေပုံရသည်။

စကားပြောရာတွင်လည်း အားပါလှသည်။ သူ အားရပါးရ စကားပြောနိုင်ပုံကို သူ.ရုံးသို့. လာသောဧည့်သည်များ အံ့သြခဲ့ကြရသည်။ လာ

www.burmeseclassic.com

သမျှ ဧည့်သည်များအား ပြည်ထောင်စုမှ ခွဲထွက်ရေး အကြောင်းမှအပ ကမ္ဘာ့အကြောင်းအရာ အားလုံးလိုလိုအပေါ်တွင် သဘောထားအမြင်၊ အတွေးအခေါ်များနှင့် ပုံတိုပတ်စများ ပြောပြခဲ့ သည်။ သူသည် သမ္မတ တစ်ဦးနှင့် မတူဘဲ ရယ်စရာ ဟာသများနှင့် ပုံတိုပတ်စများပြောပြီး ဧည့်သည်များအား ကြည်နူးနှစ်သိမ့်စေသော အလေ့အထကို အားလုံးက နားမလည်နိုင်အောင် ဖြစ်ခဲ့သည်။ ပုံပြင် များကို ပြောရာတွင် သူ၏မျက်နှာမှာ မြူးကြွနေသည်။ ချက်ကျကျ ထိထိမိမိအချိန်တွင် သူ၏ ဂူးရှသော ရယ် မောသံသည် ပြည်သူ့လွှတ်တော် အဆောက်အဦထဲတွင် ဟိန်းထွက်သွား သည်။ သူသည် လက်ဖြင့် ပေါင်ကို အားရပါးရရိုက်ရင်း ပုံပြင်တစ်ခုကို ဖြတ်တောက်ပြောတတ်သည်။ ထူးထူးခြားခြား ကောင်းသော ပုံတစ်ခု ပြော ပြီးလျှင် ဝမ်းသာ မြူးတူးစွာဖြင့် ကုလားထိုင်ကို လှုပ်တတ်သည်။ သူ၏ လက်တံရှည် ကြီးများဖြင့် ဒူးကို ဆွဲမလိုက်လျှင် ဒူးများမှာ မျက်နှာနား အထိ ရောက် သွားတတ်သည်။ လင်းကင်းသည် ရယ်စရာဟာသများကို နှစ်သက် ပေရာ မဟားတရား ရယ်မောရလေ သဘောကျလေဖြစ်သည်။

လင်းကင်းသည် ရယ်စရာကောင်းသည်ဟုထင်သော ပုံပြင်များ စွာကို ပြောပြခဲ့သည်။ ဧည့်သည်များနှင့်အတူ ရယ်ရယ်မောမော လုပ်ခြင်း က တင်းမာမှုကို လျော့နည်းသွားစေသည်။ ထို့အပြင် ပုံပြင်ပြောခြင်းဖြင့် ဝေဖန်မှုကို လမ်းလွှဲခြင်းအတတ်ကို လင်းကင်းသိသည်။ တိုက်ရိုက်မေး ခွန်းတစ်ခုကို အဖြေပေးရန် ရှောင်ရှားပြီး မရမက ဇွတ် မေးနေသူတစ်ဦး ကို ပ,ထုတ်ပစ်၍ ရနိုင်သည်။ တစ်ကြိမ်တွင် ကဲန်တပ်ကီးပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း ချားလ်စ် မောဟက်က လင်းကင်းအား ပြည်ထောင် စုမှ ခွဲထွက်ရေးသမားတို့ကို အလျှော့ပေးရန် တိုက်တွန်းခဲ့သည်။ လင်း ကင်းက အီဆွတ်ပုံပြင်ထဲမှ "လှပသော မိန်းမတစ်ဦးကို ချစ်မိသော ခြင်္သေ့တစ်ကောင်အကြောင်း" ကို ပြန်ပြော ခဲ့သည်။ ထိုမိန်းမ၏မိဘများက တိရစ္ဆာန်နှင့်ပေးစားရန် သဘောမတူ ခဲ့ကြပေ။ သို့သော်လည်း ခြင်္သေ့ကြီး၏

ရှည်လျားသော ခြေသည်း လက်သည်းများနှင့် ဂူးရှသော သွားများကိုလည်း ကြောက်ရွံ့ကြသည်။ ထိုအခါတွင် မိဘများက သူတို့၏သမီးမှာ ပျော့ ပျောင်းပြီး အားနွဲ့သူ ဖြစ်၍ သူမအား ပြင်းထန်သော ထိခိုက်မှုအန္တရာယ် မဖြစ်စေရန် ခြင်္သေ့၏ လက်သည်းခြေသည်းနှင့် သွားများကို ဖြုတ်ရန် ပြောခဲ့သည်။ အချစ်ကြီးလှသော ခြင်္သေ့က သဘောတူခဲ့သည်။ ခြင်္သေ့၏ သွားနှင့် ခြေသည်းများ ဖြတ်တောက်အပြီးတွင် မိဘများသည် တင်းပုတ် တစ်ချောင်းဖြင့် ခြင်္သေ့ခေါင်းကို ရိုက်ထုပစ်လိုက်ကြသည်။ "လင်းကင်း ပြောပြသော ပုံပြင်မှာ အလွန်စိတ်ဝင်စားစရာကောင်းသည်။ သို့သော်လည်း ကျေနပ်ဖွယ်ရာအဖြေ မဟုတ်ခဲ့ပါ" ဟု မောဟက်က ပြန်ပြောခဲ့သည်။ လင်းကင်းသည် ဤနည်းပရိယာယ်ကို သူ၏ သမ္မတသက်တမ်းတစ် လျှောက်လုံးတွင် အသုံးပြုခဲ့သည်။ ဟာသညက်မရှိသူများနှင့် သူ့ထံမှ တိုက်ရိုက်အဖြေမရ၍ ဒေါသထွက်ခေါင်းရှုပ်ခဲ့သူများကို ဤနည်းသုံးပြီး ဆက်ဆံခဲ့လေသည်။

(၂)

လင်းကင်းသည် သမ္မတအဖြစ် အရွေးခံရပြီးနောက် သုံးလအတွင်း လူထုရှေ့မှောက်တွင် တစ်ခုခု ထုတ်ပြန်ကြေညာခြင်းနှင့် မိန့်ခွန်းပြော ဆိုခြင်းများ မပြုလုပ်ခဲ့ပေ။ လင်းကင်းက "ကျွန်တော် မပြောဆိုခဲ့ဖူးတဲ့ အကြောင်းအရာတစ်ခုကို ပြောစရာ မရှိသလို လူသိရှင်ကြား ပုံနှိပ် ထုတ်ဝေ ပြီးသားအကြောင်းကိုလည်း ပြောစရာ မရှိပါဘူး" ဟု ပြောခဲ့သည်။

သူ၏ဆိတ်ငြိမ်မှုနောက်ကွယ်တွင် သူ့အနေအထား၏ အားနည်းမှုကိုလည်း တွေ့ရှိခဲ့ရသည်။ နိုဝင်ဘာလတွင် ရီပတ်ဘလီကင် ဂျို့ ရွေးကောက်ပွဲနိုင်ခဲ့ကြသော်လည်း လင်းကင်းအတွက် တစ်မဲမှ မပေးခဲ့ပုံကို တွေ့ခဲ့ရသည်။ သမ္မတရွေးကောက်ပွဲ ကြီးကြပ်သူများ သည် ဒီဇင်ဘာလ ၅

www.burmeseclassic.com

၁၈၂၀ ခုနှစ်များက မစ်ရူးရီးပြည်နယ်ကို ပြည်ထောင်စုအတွင်း လက်ခံ ရေးကိစ္စအတွက်လည်းကောင်း၊ ဂျက်ဆင်၏ လက်ထက်တွင် ကုန်စည် အကောက်ခွန်များ ဖျက်သိမ်းရေးအတွက်လည်းကောင်း၊ မက္ကဆီကိုစစ်ပွဲ အပြီးတွင် ရရှိခဲ့သော နယ်မြေသစ်များကိစ္စအတွက်လည်းကောင်း မြောက် ပိုင်းသားများဘက်မှ အလျှော့ပေးလာစေရန် တောင်ပိုင်းသားကို.က အချေ အတင် စကားစစ်ထိုးခဲ့ကြသည်များ ရှိခဲ့သည်။ ယခုလည်း ထိုအတိုင်းပင် ဖြစ်နေပုံရသည်။ ထို.ကြောင့် သူ့အနေဖြင့် အလျှော့ပေး သဘောတူလိုက် လျှင် အာဏာမရှိဖြစ်သွားလိမ့်မည်ဟု လင်းကင်း ယူဆခဲ့သည်။ ထရမ်း ဘူးလ်ကမူ လင်းကင်း၏ ငြိမ်းချမ်းရေးလမ်းစဉ်ကို ဆန့်.ကျင်ပြီး ပြည် ထောင်စုမှ ခွဲထွက်ခြင်းသည် အကြမ်းဖက်ဝါဒ ဖြစ်သဖြင့် တောင်ပိုင်းမှ သစ္စာဖောက်များကို အလျှင်အမြန် အရေးယူရန် ဆော်ဩခဲ့သည်။

(၃)

ရွှေကောက်ပွဲပြီးသောညက လင်းကင်းသည် ပင်ပန်းလွန်းသဖြင့် အိပ်မပျော်နိုင်ဘဲ ဖြစ်ခဲ့သည်။ သူ.ခေါင်းပေါ်တွင် ကျလာတော့မည့် တာဝန် ကလည်း ဖိစီးခဲ့သည်။ လင်းကင်းသည် သူ.အား အကောင်းဆုံး ကူညီနိုင်မည့် အတိုင်ပင်ခံပုဂ္ဂိုလ်များကို ခေါင်းထဲတွင် စဉ်းစားကြည့်ခဲ့သည်။ ထို.နောက် ကတ်ပြားလွတ်တစ်ခု၏ နောက်ကျောတွင် အမည် ရှစ်ဦးကို ချရေးခဲ့သည်။

လင်းကင်း	ဂျတ်
ဆီးဝပ်	ချေ.စ်
ဘိတ်စ်	အင်မ် ဘလဲ
ဒေတင်	ဝဲလ်စ်

ထိုအမည်စာရင်းများက လင်းကင်း၏ တွေးခေါ်ပုံကို ပြသခဲ့

ရာက်နေ.အထိ တွေ.ဆုံခြင်းမပြုဘဲ နေခဲ့ကြသည်။ သူတို.၏မဲများကို ဖေဖော် ဝါရီလ ၁၃ ရက်နေ.ကျမှ ရေတွက်ခဲ့သည်။ ရွှေကောက်ပွဲလုပ်ငန်းစဉ် တစ်ခုလုံးတွင် အန္တရာယ်အရှိဆုံးအချက်ဖြစ်သည်ဟု လင်းကင်းက သဘော ထားခဲ့သည်။ ထိုအချိန်ကာလမတိုင်မီတွင် လင်းကင်းသည် တရားဝင် ပြည်သူ.ဝန်ထမ်းတစ်ဦးအနေအထားကို မရရှိခဲ့ပေ။

လင်းကင်းသည် ပါတီခေါင်းဆောင်များ၏ အကြံပေးချက် များကို လိုက်နာနေခဲ့သည်။ လင်းကင်းသည် ခွဲခြားထွက်ရေးပဋိပက္ခ အပေါ်တွင် သူ.အမြင်များကို မပြောဘဲနေခဲ့သည်။ စင်စင်နားတီးမှ သတင်းစာဆရာ ဒေါ်နီ ပီယက်စ်က တောင်ပိုင်းသားများသည် စစ်ပွဲခွဲလိုကြသည်။ ရက် ပေါင်း ၉၀ အတွင်း လက်နက်ကိုင်များအတွက် စခန်းချတဲ့များ ဖြူဖွေးနေ အောင် တိုးလာကြလိမ့်မည်ဟု သတိပေးပြောခဲ့သည်။ လင်းကင်းက ကြောက်ရွံ့.စိတ်မရှိဘဲ "ဟုတ်ပါပြီလေ၊ ကျွန်တော်တို့. နှမူး တွေ.ဒူးတွေ. မရင်ဆိုင်ရမချင်း ခုန်ဝင်ဖို. မလိုပါဘူး။ တွေ.လာတော့မှပဲ ကျွန်တော် ကြည့်လှော်ရမှာပဲ" ဟု ပြောဆို ခဲ့သည်။

လင်းကင်း၏ ရပ်တည်မှု အနေအထားမှာ သူ၏ အလေး အနက် ယုံကြည်မှုကြောင့်လည်းဖြစ်သည်။ တောင်ပိုင်းတွင် ပြည်ထောင်စုနှင့် လက်တွဲလိုသူများ အမြောက်အမြားရှိသည်။ အချိန်ပေးလိုက်လျှင် အေးအေး ဆေးဆေးဖြစ်သွားမည်။ ခွဲထွက်ရေးသမားများ အပေါ်တွင် အနိုင်ရသွား နိုင်မည်ဖြစ်သည်။ လင်းကင်းက ၁၈၄၈ ခုနှစ်တွင် ဓာဒါရီ တေလာ သမ္မတဖြစ်ရေးအတွက် သူနှင့် လက်တွဲအလုပ်လုပ်ခဲ့သော ဂုစ်ဟောင်းများ အပေါ်တွင်လည်း များစွာ ယုံကြည်မှုရှိသည်။ လက်တစ်ဆုပ်စာ လူတစ်စုက ကမ္ဘာ့အကောင်းဆုံး အစိုးရအဖွဲ့.တစ်ဖွဲ့.ကို ဖျက်စီးအောင် လုပ်ရေးအတွက် တွေးတောကြလိမ့် မည်ဟုလည်း လင်းကင်း မယုံကြည်ခဲ့ပေ။ သူတို.သည် ဖြီးဖြန်းနေခြင်းသာဖြစ်မည်။ တောင်ပိုင်းသားများသည် အတိတ်ကာလ တုန်းကလည်း ပြည်ထောင်စုကို ဖြိုခွဲရန် ခြောက်လှန့်.ခဲ့ကြဖူးသည်။ ၁၈၁၉-

www.burmeseclassic.com

သည်။ သူသည် အမည်ပညတ်သဘောတရားအရသာ ရိပတ်ဘလိကင် ပါတီ၏ ခေါင်းဆောင်ဖြစ်နေသည်။ သူ၏ လက်တွေ့ဦးဆောင်မှု မှတ်တမ်းများအရ ရွေးခဲ့ခြင်း မဟုတ်ဘဲ အသုံးဝင်မှုကြောင့်သာ ခေါင်းဆောင်တင်ခဲ့ကြမှန်း လင်းကင်းသိသည်။ သူ၏ အစိုးရအဖွဲ့.အောင်မြင်မှု ရရှိစေရန် အတွက် သူနှင့် အဓိကသမ္မတလောင်းအဖြစ် အရွေးခံရရေးအတွက် ပြိုင်ဘက်များဖြစ်ခဲ့သော ဆီးဝပ်၊ ရွေ့.စ်နှင့် ဘိတ်စ်တို့.၏ ထောက်ခံမှု ရရှိရန် လိုအပ်သည်။ "သူမကြာမီ ရရှိမည့်ရာထူးအတွက် သူတို့.၏ ပြည်သူ့.ရေးရာအတွေ့.အကြုံသက်တမ်းကြာမှုနှင့် ထိုက်တန်မှုများက သူ့.ထက် သိသိသာသာ ပို၍ မြင့်မားလှပါသည်" ဟု လင်းကင်းက သာလိုး ဝိဒ်အား ထုတ်ဖော်ပြောခဲ့သည်။

ထိုပဏာမ အမည်စာရင်းကို ကြည့်ခြင်းအားဖြင့် လင်းကင်း ၏ ပါတီဦးဆောင်မှုမှာ ညီညီညွတ်ညွတ် စုစည်းမှုရှိသော အဖွဲ့.အစည်း တစ်ခုကို ဦးဆောင်နေခြင်းမဟုတ်ဘဲ အပြိုင်အုပ်စုများ ပူးပေါင်းထားမှုကိုသာ ဦးဆောင်နေခြင်းဖြစ်သည်ဟု လင်းကင်းနားလည်ပုံကို ပြသခဲ့သည်။ ထိုသူများအနက် ကျွန်စနစ်ကို ဆန့်.ကျင်သည့် ဂုစ်ဟောင်းများနှင့် လွတ်လပ်သော နယ်မြေများကို ထောက်ခံသူ ဒီမိုကရက်ဟောင်းတို့.သည် အရေးအပါဆုံး သူများ ဖြစ်ကြသည်။ သူတို့.၏ ပါတီတွင်း တိုက်ပွဲများမှာ ခေတ်တစ်ခေတ်ပင် ကျော်ခဲ့ချေပြီ။ ငြိမ်းချမ်းမှုကို ထိန်းသိမ်းထားနိုင်ရန်မှာ ဝန်ကြီးအဖွဲ့.တွင် အုပ်စုတစ်ခုခုမှ မကြီး စိုးစေရန် လိုအပ်ပေသည်။ လက်ဝဲဘက်မှ ဓလေးဦးမှာ ဒီမိုကရက် အနွယ်များဖြစ်သည်။ လက်ဝဲဖက်မှ သုံးဦးမှာ ဂုစ်ဟောင်းများဖြစ်ကြ သည်။ ထိုစာရင်းအစီအစဉ်အရဆိုလျှင် ဒီမိုကရက်တို့.ကို ဦးစားပေး ရာထောက်မည်ဟု ဝိဒ်က နောင်တွင် ဝေဖန်ခဲ့သည်။ "ကျွန်တော်လည်း ပါတယ်ဆိုတာ မေ့နေပုံရတယ်ထင်တယ်။ ကျွန်တော်လည်းပါတယ်ဆိုတော့ ဝန်ကြီးအဖွဲ့.ဟာ အလွန်ညီမျှပြီး ဘယ်ဘက်မှ အတိမ်းအစောင်းရှိမှာ မဟုတ်ပါဘူး" ဟု လင်းကင်းက ပြန်ဖြေခဲ့သည်။

လင်းကင်းသည် ထိုစာရင်းကို ခေါင်းထဲတွင်ထားလျက် လင်းကင်းသည် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ခုတိယသမ္မတ ဟန်းနီဘောလ်ဟဲမ်လင်နှင့် နယူးယောက်တွင် တွေ့.ဆုံခဲ့သည်။ သူတို့. နှစ်ဦး သုံးရက်ကြာ ဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြသည်။ ထရမ်းဘူးလ်လည်း ပါဝင်ခဲ့သည်။

တွေ့.ဆုံဆွေးနွေးပွဲ အစီအစဉ်တွင် ဝန်ကြီးအဖွဲ့.ဝင်များ ရွေးချယ်ရေးသည် အဓိကဖြစ်ခဲ့သည်။ ဆီးဝပ်အား နိုင်ငံခြားရေးဝန်ကြီးတာဝန်ပေးရန် သဘောတူခဲ့ကြသည်။ ဆီးဝပ်သည် ရိပတ်ဘလိကင် ပါတီအတွက် အကျိုးဆောင်ခဲ့ခြင်းနှင့် ဆီးနိတ်တွင် အရေးပါမှုတို့.ကို အသိအမှတ်ပြုသောအားဖြင့်ဖြစ်သည်။ သို့.သော်လည်း ဆီးဝပ်က လက်ခံမည်၊ မခံမည်မှာ မရေရာခဲ့ပေ။ ရှီကာဂိုညီလာခံက သူ့.ကို ကျော်လွှားချန်ထားခဲ့ပြီးနှင့် လင်းကင်း၏ လက်အောက်တွင် အမှုထမ်းရမည်ဖြစ်ခြင်းတို့.ကြောင့် စိတ်ပါချင်မှ ပါပေမည်။ လင်းကင်း၏ သတိထားလွန်းမှုနှင့် အမျိုးသားနိုင်ငံရေးအတွေ့.အကြုံ နည်းပါးမှုတို့.ကြောင့် ဆီးဝပ်အား ရာထူးခန့်.ထားရေးသည် ပျက်ခါနီးခဲ့သည်။ နယူးယောက်ရှိ ရိပတ်ဘလိကင်ပါတီက ဆီးဝပ်အား ဆန့်.ကျင်မှု ပြုခဲ့ကြသည်။ ဆီးဝပ်က ငြင်းပယ်မှန်းသိ၍ လင်းကင်းက လောကဝတ်ကြေ ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်ဟုလည်း အဝေဖန်ခဲ့ရ သည်။ ဆီးဝပ်ကလည်း ချက်ချင်း လက်မခံခဲ့ပေ။ နောက်ဆုံးတွင် အပြန်အပြန်အလှန်လှန် စဉ်းစားခဲ့ပြီးနောက် လင်းကင်းထံမှ အာမခံချက် လည်း ထပ်ရခဲ့သဖြင့် ဒီဇင်ဘာလ ၂၈ ရက်နေ့.ကုမ္ပ သူ့.ကိုယ်သူ မယုံ.တယုံဖြင့် လက်ခံခဲ့သည်။

(၄)

၁၈၆၀–၁၈၆၁ ခုနှစ် ဆောင်းရာသီတွင် လင်းကင်းသည် သူ၏ ဝန်ကြီးအဖွဲ့.ကို စတင်ဖွဲ့.စည်းခဲ့သည်။ ထိုအချိန်မှာပင် ကိုင်းပြည်သည်

www.burmeseclassic.com

တင်ဆောင်ပြီး ဆဲမံကာတပ်သို့ လာခဲ့ရာ တောင်ပိုင်း ကယ်ရာယ်လိုင်းနား ပြည်နယ်သားများက ဆီး၍ ပစ်ခတ်ခဲ့သဖြင့် နောက်ဆုတ်သွားခဲ့ရသည်။

ဝေါရှင်တင်တွင် အစိုးရအရာရှိများသည် ပိုမိုဆိုးဝါးလာသည့် လေးနက်သော အကျပ်အတည်းပြဿနာကို ဖြေရှင်းရန်အတွက် သဘောတူညီမှု မရရှိဘဲ ဖြစ်ခဲ့သည်။ သမ္မတနှင့် သမားရိုးကျပုဂ္ဂိုလ်များက တောင်ပိုင်း၏ နစ်နာချက်များကို ပြုပြင်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အမျိုးသားညီလာခံတစ်ရပ် ခေါ်ဆိုလိုခဲ့ကြသည်။ ပြဿနာအကျပ် အတည်းကို ဖြေရှင်းရန်အတွက် ပြည်နယ်တိုင်းမှ ကွန်ဂရက်လွှတ်တော်အမတ်တစ်ဦးစီပါဝင်သည့် ၃၃ ဦး ကော်မတီကို အောက်လွှတ်တော်မှ ဖွဲ့စည်းပေးခဲ့သည်။ ကော်မတီတွင် အပြင်းအထန် ဆွေးနွေးခဲ့ကြပြီးနောက် နယူးမက္ကဆီကိုအား ပြည်နယ်တစ်ခုအဖြစ် လက်ခံရန်၊ ဝရမ်းပြေးကျွန်ဥပဒေကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရန်၊ ဝရမ်းပြေးများအား ပြန်လည်တောင်းဆိုခြင်းကို ကာကွယ်ရန်အတွက် မြောက်ပိုင်းသားများ ပြဌာန်းကျင့်သုံးခဲ့သည့် ပုဂ္ဂလိက လွှတ်လပ်ခွင့် ဥပဒေများကို ရုပ်သိမ်းရန်၊ အနာဂတ်ကာလတွင် ကျွန်စနစ်နှင့် စပ်လျဉ်း၍ နောင်ယှက်မှုများကို တားဆီးပေးဆောင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ရေးကို ချမှတ်ရန်တို့ကို အဆိုပြုခဲ့ကြသည်။ ဆီးနိတ်လွှတ်တော်ကလည်း ၁၃ ဦး ကော်မတီတစ်ခုကို အလားတူ ဖွဲ့စည်းပေးခဲ့သော်လည်း အစီအစဉ်တစ်ခုချမှတ်ရေးအတွက် သဘောတူညီမှု မရရှိခဲ့ကြပေ။ သို့သော်လည်း အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျွန် ကရစ်တင်ဒင်က မီဇူးရီးညှိနှိုင်းသဘောတူညီ မျဉ်းကြောင်းကို နယ်မြေဒေသများသို့ ဆက်လက်ဆန့်ထုတ်စေပြီး ထိုမျဉ်းကြောင်း၏ မြောက်ဘက်တွင် ကျွန်စနစ်ကို တားမြစ်စေရန်နှင့် ထိုမျဉ်းကြောင်း၏ တောင်ဘက်ပိုင်းတွင် ကျွန်စနစ်ကို ပြည်ထောင်စုအစိုးရ၏ ကာကွယ်မှုဖြင့် ဆက်လက် ထိန်းသိမ်းထားစေရန် ကျယ်ကျယ်ပြန့်ပြန့် အဆိုပြုခဲ့သည်။ ကရစ်တင်ဒင်၏ အဆိုပြုချက်တွင် ဝရမ်းပြေးကျွန်ဥပဒေကို

အစိတ်စိတ်ပြိုကွဲဖို့ ဖြစ်လာသည်။ ဒီဇင်ဘာလ သုံးရက်နေ့တွင် ကွန်ဂရက်လွှတ်တော်သည် အနားယူတော့မည့် သမ္မတဘျူခနန်နန်၏ ဝမ်းနည်းဖွယ်ရာနူတ်ဆက်လွှာမိန့်ခွန်းကို နားထောင်ခဲ့ကြရသည်။ ဘျူခနန်နန်က ပြည်ထောင်စုမှ ခွဲထွက်ခြင်းကို စိစစ်တင်ပြခဲ့သော်လည်း မည်သို့မျှ တားမြစ်ရန် မရနိုင်မည့်အကြောင်းကို ပြော သွားခဲ့သည်။ ထို့နောက် သုံးရက်အကြာတွင် တောင်ကယ်ရာလိုင်းနား ပြည်နယ်သား[5]များသည် ပြည်ထောင်စုမှ ခွဲထွက်ရေးအတွက် အင်အားကောင်းလှသော ပြည်နယ်အစည်းအဝေးကို ခေါ်ယူခဲ့သည်။ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ထိုညီလာခံမှပင် ၄င်းတို့၏ ပြည်နယ်သည် ပြည်ထောင်စုကြီးအတွင်း၌ ဆက်လက် မပါရှိတော့ကြောင်း ကြေညာခဲ့သည်။ ဇန်နဝါရီလအကုန်တွင် ဖလော်ရီဒါ[6]မစ္စစ္စပီး[7]၊ အယ်လ်လာဘားမား[8]၊ ကျော်ဂျီးယားနှင့် လူဝီစီရဲနား[9]ပြည်နယ်များသည် ပြည်ထောင်စုမှ ခွဲထွက်ရန် လိုက်ပါခဲ့ကြသည်။ တက္ကဆတ်စ်[10]ပြည်နယ်တွင်လည်း ခွဲထွက်ရေးကို ပြင်ဆင်ခဲ့ကြသည်။ ဖေဖော်ဝါရီလတွင် တောင်ပိုင်းကျကျ ပြည်နယ်ခြောက်ခုမှ ကိုယ်စားလှယ်များသည် အယ်လ်လာဘားမားပြည်နယ်ရှိမောင့်ဂိုမာရီမြို့တွင် တွေ့ဆုံစည်းဝေးခဲ့ကြပြီး အမေရိကန်နိုင်ငံ ပြည်နယ်ပေါင်းစုအဖွဲ့[11]သစ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြသည်။ ပြည်ထောင်စုမှ ခွဲထွက်သော ပြည်နယ်များသည် ၄င်းတို့ နယ်နိမိတ်အတွင်းရှိ လက်နက်တိုက်များနှင့်ခံတပ်များကို သိမ်းဆည်းခဲ့ကြသည်။ ဖလော်ရီဒါပြည်နယ်မှ စခန်း နှစ်နေရာနှင့် တောင်ကယ်ရာလိုင်းနားပြည်နယ်မှ ချားလ်စ်တင်ခံတပ်တို့သာလျှင် ပြည်ထောင်စုအစိုးရ၏ ထိန်းချုပ်မှုအောက်တွင် ကျန်ရစ်သည်။ ဒီဇင်ဘာလကုန်ခါနီးတွင် ချားလ်စ်တင်ရှိ ဗိုလ်မှူးကြီး ဗီလ်မှူး ရောဘတ် အဲန်ဒါဆင်သည် သူ၏ တပ်စိတ်ငယ်ကို ဗိုလ်ဆဲမ်တာသို့ ရွှေ့ပြောင်းပြီး သဘော်ဆိပ်တွင် ကျောက်တုံးကာ ခံတပ်တစ်ခုပြုလုပ်ခဲ့သည်။ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် အနောက်ကြယ်တာရာသဘော်သည် ထောက်ပံ့ရေးရိက္ခာများနှင့် အင်အားဖြည့်ရန် အပိုစစ်သား ၂၀၀ ကို

www.burmeseclassic.com

ပြင်းပြင်းထန်ထန် အရေးယူ ဆောင်ရွက်စေရေးနှင့် ပုဂ္ဂလိက လွတ်လပ်ခွင့်ဥပဒေများ ရုပ်သိမ်းစေရေးတို့.လည်း ပါဝင်သည်။ အပြုံင်ကြိုးပမ်းမှုတစ်ခုလည်း ပြုလုပ်ခဲ့ကြသည်။ ဗာဂျီးနီးယားပြည်နယ်လွှတ်တော်က ဝေါ်ရှင်တင်တွင် ငြိမ်းချမ်းရေးညီလာခံ[12] တစ်ခု ခေါ်ဆိုခဲ့သည်။ ထိုညီလာခံမှ ဒေသအလိုက် ခွဲခြားပြီး ဖွဲ့.စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှု ပြုလုပ်ရန် ကွန်ဂရက်လွှတ်တော်အား အဆိုပြုခဲ့သည်။ ကရစ်တင်ဒင်၏ တင်ပြချက်နှင့် ခပ်ဆင်ဆင်ပင်ဖြစ်သည်။

သို.သော်လည်း ၁၈၆၀-၁၈၆၁ ခုနှစ်များတွင် ညှိနှိုင်း သဘောတူညီချက်တစ်ခု ရရှိရန် လုံးဝ မနီးစပ်ခဲ့ပေ။ ကရစ်တင်ဒင်၏ ညှိနှိုင်း သဘောတူညီချက်[13]မှာ တင်ပြခဲ့သည့် အဆိုပြုချက်များအနက် အလားအလာ အကောင်းဆုံးဖြစ်ခဲ့သည်။ သို.သော်လည်း သြဇာညောင်းသော တောင်ပိုင်းသားများနှင့် မြောက်ပိုင်းသားများတို.က နှစ်ဘက်စလုံးမှ ကန်.ကွက်ခဲ့ကြသည်။

ခွဲထွက်ရေးသမားတို.၏ ရည်မှန်းချက်အစစ်အမှန်မှာ အမေရိကန်အိုးရအမှဲ.၏ သဘာဝအနေအထားကို ပြောင်းလဲပစ်ရန်ဖြစ်ကြောင်း လင်းကင်းယုံကြည်ခဲ့သည်။ သူ.အမြင်တွင် ဆောင်ရွက်၍ ရနိုင်သော နည်းလမ်းနှစ်သွယ်ရှိသည်။ ပထမအချက်မှာ လူတိုင်းလို လားသည့်အတိုင်း ဖွဲ့.စည်းပုံအခြေခံဥပဒေကို ပြုပြင်ရန်ဖြစ်သည်။ အခြားနည်းလမ်းမှာ မပြုပြင်ပြောင်းလဲမှုတော်လှန်ရေးပြုလုပ်ခြင်းဖြစ်သည်။ တော်လှန်ရေးပြုလုပ်သည် ဆိုခြင်းမှာ ဥပဒေကြောင်းအရထက် တရားမျှတသည့် ကိုယ်ကျင့်တရားဆိုင်ရာ ရည်မှန်းချက်တစ်ခုဖြင့်သာ ပြုလုပ်သင့်ကြောင်း၊ ထိုရည်မှန်းချက် မရှိလျှင် တော်လှန်ရေးပြုလုပ်ရန်အကြောင်း မရှိဘဲ လက်နက်၊ လက်ရုံးရည် အားကိုးဖြင့် ကောက်ကျစ်စွာပြုလုပ်ခြင်းဖြစ်မည်ဟု လင်းကင်းက နားလည်ထားသည်။ လင်းကင်းသည်မခံနိုင်သည့် မင်းမဲ့စနစ်ဖြစ်မည်။ ပြည်နယ်တစ်ခု၏ ခွဲထွက်ခွင့် အခွင့်အရေးဆိုသည်မှာ ဖွင့်ပေးထားသောလမ်း

မဟုတ်သလို အချေအတင် ငြင်းခုံစရာ ပြဿနာလည်း မဟုတ်"ဟု လင်းကင်း နားလည်ထားသည်။ "သမ္မတတစ်ဦး၏ တာဝန်ဝတ္တရားများ ဥပဒေများနှင့်အညီ ကျင့်သုံးပြီး လက်ရှိအစိုးရကို ထိန်းသိမ်းရန်ဖြစ်သည်။ သူ သည် ပြည်ထောင်စု ပျက်ပြားရေးအတွက်ဖြစ်စေ၊ အစိတ်စိတ်ပြိုကွဲသွားရေးအတွက်ဖြစ်စေ အကြပေးချက်တစ်ခုကို လက်ခံဆောင်ရွက်ရန် မဟုတ်ဟု လင်းကင်း ပြောဆိုခဲ့သည်။ လင်းကင်းက "မည်သည့်ပြည်နယ်ပင်မဆို အခြား ပြည်နယ်များ၏ သဘောတူညီမှု မရရှိဘဲ ပြည်ထောင်စုမှ တရားဝင် ခွဲထွက်ခွင့် မရှိစေရ။ အစိုးရ စက်ယန္တရားကို လက်ရှိ အခြေအနေအတိုင်း ဦးဆောင်မှုပြုသွားရေးမှာ သမ္မတနှင့် အခြားအစိုးရတာဝန်ခံများ၏ တာဝန်ဖြစ်သည်" ဟု လင်းကင်းက ဝိဒ်ထဲ စာရေးပြောခဲ့သည်။ ပြည်ထောင်စုကို ထိန်းသိမ်းရန်အတွက် လင်းကင်းသန္နိဋ္ဌာန်သည် အပြည့်အဝ ခိုင်မာလှပေသည်။

အမျိုးသားနယ်မြေသစ်များသို. ကျွန်စနစ် တိုးချဲ့.ပြန့်.ပွားမည့် ကိစ္စအတွက် လင်းကင်းသည် သဘောထား ခိုင်မြဲလှသည်။ ကျွန်စနစ် တိုးချဲ့.ပြန့်.ပွားမည့် ပြဿနာအတွက် အလျှော့မပေးပါနှင့်ဟု လင်းကင်းက ထရမ်းဘူးလ်ထံ စာရေးသားခဲ့သည်။ ကွန်ဂရက်လွှတ်တော်အမတ်များကိုလည်း "အခိုင်အမာရပ်တည်ကြပါ။ လွန်ဆွဲရမည့် ပွဲလာမှာဖြစ်သည်။ နောင်မှ မပြင်ဆင်ဘဲ အခုကတည်းက အားခဲထားကြပါ" ဟု ထပ်တလဲလဲ သတိပေးခဲ့သည်။ "လင်းကင်းသည် တစ်ခုခုကို လုပ်ရန် စိတ်ခုံးခုံးချပြီဆိုလျှင် ကြောက်စရာကောင်းအောင် ခိုင်မာလှသည်။ သူ.ကိုစိတ်ပြောင်းလဲအောင် ဘယ်ယောကျ်ား၊ ဘယ်မိန်းမကမှ ကျော်လို.မရ" ဟု မေရီ လင်းကင်းက ပြောခဲ့သည်။ မိတ်ဆွေအချို.ကမူ သူ.ကို ရဲစွမ်းသတ္တိရှိသည်၊ ခေါင်းမာသူတစ်ဦးဖြစ်သည်ဟု ထင်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

(၅)

ဇန်နဝါရီလတွင် အီလီန္တိုင်းပြည်နယ် ပြည်သူ့လွှတ်တော် ကျင်းပခဲ့ရာ လင်းကင်းသည် လွှတ်တော်အဆောက်အဦရှိ သူ၏ရုံးခန်းကို ဖယ်ပေးခဲ့ရသည်။ ဂျွန်ဆင်အဆောက်အဦတွင် အခန်းတစ်ခန်း ငှားရမ်းခဲ့သည်။ နီကိုလေးက စာပေးစာယူကိစ္စများကို ဆက်လုပ်ခဲ့ကြသည်။ လင်းကင်းသည် ရုံးခန်းအသစ်တွင် အချိန်များများ မထိုင်တော့ပေ။ သူ့ရုံးသို့ ဧည့်သည်များ အမြဲတမ်း လာ၍ နှိပ်စက်သည့်ဒဏ် ကြောင့် စိန့်.နီကိုလပ်စ်ဟို တယ်ရှိ အခန်းတစ်ခန်းတွင် သွား၍ ရှောင်နေခဲ့သည်။ ထိုအခန်းမှာပင် ပန်းပုဆရာ သောမတ်စ် ဂျုံးစ်က လင်းကင်း၏ ရင်တစ်ပိုင်းရုပ်တု ပန်းပုထုရန် ပြုလုပ်ခဲ့သည်။

လင်းကင်းသည် သူ၏ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲ မိန့်.ခွန်းအတွက် စဉ်းစားရန်လည်း အေးအေးဆေးဆေး အချိန်လိုခဲ့သည်။ သူသည် ဟန်ဒင်ထံမှ ဖွဲ့.စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ စာအုပ်တစ်အုပ်၊ သမ္မတကျက်ဆင်၏ မိန့်.ခွန်းနှင့် ဟဲန်နရီကလေး၏ မိန့်.ခွန်းတို့.ကို ငှားရမ်းခဲ့သည်။ လင်းကင်းသည် စိတ်တိုင်းကျ မိန့်.ခွန်းအကြမ်းတစ်ခုကိုရေးပြီးနောက် မိတ်ဆွေများ၏ အကြံဉာဏ်နှင့် ဝေဖန်ချက်များ တောင်းခံရေးအတွက် စောင်ရေ ၂၀ ရိုက်ရန် အီလီန္တိုင်းစတိတ်ဒ် ကွာနယ် သတင်းစာပိုင်ရှင်တစ်ဦးဖြစ်သူ ဝီလျံ ဘောလ်ဟတ်ထံ အပ်နှံခဲ့သည်။

မေရီကလည်း လင်းကင်းကဲ့သို့.ပင် စပရင်းဖီးလ်မှ ထွက်ခွာရေးအတွက် စတင်ပြင်ဆင်ခဲ့သည်။ သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်မှုမှာ အလွန်တရာပင် စိတ်လှုပ်ရှားဖွယ်ရာကောင်းပြီး အကြီးအကျယ် ကျေနပ်ဖွယ်ရာကောင်းပုံကို မေရီတွေ့.ရှိခဲ့သည်။ "မေရီသည် ရည်မှန်းချက်ကြီးသော မိန်းမသားတစ်ဦးဖြစ်တယ်၊ သူ့.ယောကျ်ားရဲ့ အောင်မြင်မှုကသူ့.နှလုံးသားရဲ့ ဆန္ဒပြည့်ဝမှုကို ပေးခဲ့တယ်" ဟု အိုဟိုင်းယိုးမှ မေရီ၏ ညီမဝမ်းကွဲတစ်ဦးက မှတ်ချက်ချခဲ့သည်။ လင်းကင်း၏ အောင်မြင်မှုကြောင့် မေရီသည် ဘာမှ ပြောင်းလဲ သွားပုံမရ။ ယခင်ကကဲ့သို့.ပင် စကားပြောကောင်းသည်။ ကြည်နူးဖွယ် ရာကောင်းပြီး စကားလည်းဖောင်သည်ဟု မစ္စစ် ဘောလ် ချေ.ဖ်က မြင်ခဲ့သည်။ သို့.သော်လည်း အချို့.ကမူ သူမကိုယ်သူမ အရေးပါလာသည်ဆိုသော စိတ်ကြီးဝင်လာပြီး လူမှုဆက်ဆံရေးသံသယစိတ်ဝင်ပြီး စိတ်နလာသည်ဟု ထင်မြင်ကြသည်။ စပရင်းဖီးလ်မှ ဘုန်းတော်ကြီးတစ်ဦးက မေရီသည် စိတ်ကြီးဝင် ဘဝင်မြင့်လာပြီဖြစ်၍ ထောင်ထဲပင် ပို့.ပစ်ရန် ကောင်းသည်၊ ထောင်ထဲက သံတိုင်တွေနဲ့ ခေါင်းမဆောင့်မိအောင် လုပ်ပေးရလိမ့်မည်ဟုပင် ပြောခဲ့သည်။

မေရီသည် သမ္မတ အိမ်ဖြူတော်တွင် နေထိုင်ရမည့် ဘဝသစ် ကို ရှေ့.ရှုခဲ့သည်။ ခင်ပွန်းဖြစ်သူသည် မတ်လတွင် လစာငွေ ဒေါ်လာ ၂၅,၀၀၀ ထုတ်ယူရတော့မည်။ ယခု နှစ်စဉ်ရနေသောငွေထက် အနည်းဆုံး ငါးဆခန့်.များတော့မည်ကို မေရီသိသည်။ ထို့.ကြောင့် မေရီသည် ဇန်နဝါရီလတွင် သားဖြစ်သူရောဘတ်နှင့် မတ်တော်သူ စမစ်တို့, လိုက်ပါလျက် နယူးယောက်မြို့.သို့. သွားရောက်ကာ ဝတ်စုံသစ်များ မှာခဲ့သည်။ ဝေါရှင်တင်အသိုင်းအဝိုင်းတွင် လွှမ်းမိုးနေသည့် တောင်ပိုင်းမှ မင်းကတော်များရှေ့.တွင် သူမသည် နယ်စပ်ဗျာသူ တစ်ဦးမဟုတ်ကြောင်း ပြသရန်ဖြစ်သည်။ အမြတ်ကြီးစား ကုန်သည်များကလည်း ပစ္စည်းများအတွက် မေရီကို အကြွေးများပေးခဲ့သည်။ မေရီမှာ ကြွေးတင်စပြုခဲ့သော်လည်း ယောကျ်ားကို အသိမပေးဘဲ ဖုံးထားခဲ့သည်။ ရာထူးလိုချင်သူများနှင့် လင်းကင်းအစိုးရ၏ မျက်နှာသာ ပေးမှုကို ခံလိုသူများက ပေးလာသော လက်ဆောင်ပစ္စည်းများကို မေရီ လက်ခံခဲ့သည်မှာ သူမအတွက် ပြဿနာ မရှိခဲ့ပေ။ ယခုတော့ မေရီသည် ဂရုတစိုက် ပြုစုဆက်ဆံရန် ထိုက်တန်သည့် အရေးကြီးသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့ချေပြီ။

www.burmeseclassic.com

www.burmeseclassic.com

လင်းကင်းသည် နယူးယောက်သို့ ထွက်သွားသော ဇနီး သည်ကို လွမ်းနေမိသည်။ အိမ်တွင်းမှုများကို သူ့ဘာသာ တစ်ဦးတည်း လုပ်ကိုင်ခဲ့ရသည်။ "လင်းကင်းတွင် အခြားအရည်အချင်းများ မည်မျှပင် ရှိစေကာမူ မီးဖိုချောင်နှင့် အိမ်တွင်းကိစ္စများတွင် သူသည် မလုပ်တတ် မကိုင်တတ်သူနှင့် အတွေ့.အကြုံမရှိသူဖြစ်သည်" ဟု နယူးယောက် ဟယ်ရာလ် သတင်းစာက ရေးသားခဲ့သည်။ လင်းကင်းသည် သုံးညဆက်တိုက် နှင်းတောထဲထွက်ပြီး မေရီပြန်လာမည့် အရှေ့.ပိုင်း က ရထားကို ထွက်မျှော်ခဲ့သည်။ မေရီသည် ဇန်နဝါရီလ ၂၅ ရက်နေ့ တွင် ပြန်လာခဲ့သည်။

နောက်ထပ် ငါးရက်အကြာတွင် လင်းကင်းသည် ကိုးလခရိုင် ရှိ သူ၏ မိထွေးထံသို့ ခရီးထွက်ခဲ့သည်။ လင်းကင်းသည် ခရီးသည်တင် ရထား၊ ကုန်တင်ရထားနှင့် မြင်းလှည်းတို့ အဆင့်ဆင့် စီးနင်းပြီး ခက်ခက်ခဲခဲ သွားခဲ့ရသည်။ သို့သော်လည်း အလုပ်လာတောင်းသူများနှင့် သတင်းစာ ဆရာများနှင့် ဝေးနေခဲ့၍ စိတ်ကြည်လင်မှုရခဲ့သည်။ ဘွတ်ရှ် ဂျွန်စတင် လင်းကင်းကို အရှယ်ရှိနေသော ပါမင်တင်တွင် နေထိုင်လျက်ရှိသည်။ လင်းကင်းသည် မိထွေးထံတွင် စိတ်လှုပ်ရှားစွာနှင့် ကြာကြာလည်ပတ် နေထိုင်ခဲ့သည်။ ကွယ်လွန်သူ ဖခင်၏ အုတ်ဂူသို့လည်း သွားရောက် ကန်တော့ခဲ့သည်။ လင်းကင်း အိမ်အပြန်တွင် မိထွေး ဆာရာက မျက်ရည် စက်လက်ဖြင့် လင်းကင်းအား ပြောခဲ့သည်။ "အေးဘ်ကို ငါတော့ သမ္မတအဖြစ် မပြိုင်စေချင်ခဲ့ပါဘူး" ဟု ပြောခဲ့သည်။ နောင်နှစ် အနည်း ငယ်ကြာတွင်လည်း ဆာရာ လင်းကင်းက သမ္မတအဖြစ် အရွေးမခံစေချင် ခဲ့ကြောင်း၊ သူတစ်ခု မဟုတ် တစ်ခုဖြစ်ပြီး သူ့ကို နောက်ထပ် ထပ်မံပြီး မတွေ့.ရမှာ ကြောက်ခဲ့ကြောင်း၊ ထပ်မံပြောပြခဲ့သည်။ လင်းကင်းက "မဟုတ်တာ မမေရယ်၊ ဘုရားသခင်ကို ယုံကြည်တော်မူပါ၊ ကျွန်တော်တို့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိကြပါလိမ့်မယ်၊ ကျွန်တော်တို့.ချင်း ပြန်တွေ့.ကြရမှာပါ" ဟု ပြန်ပြောခဲ့လေသည်။

ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် စပရင်းဖီးလ်မှ မိတ်ဆွေများ အား နှုတ်ဆက်ပွဲပြုလုပ်ခဲ့သည်။ နှစ်ပေါင်းများစွာအတွင်း၌ တွေ့.မြင် ခဲရလှသော ပွဲလမ်းသဘင်ဖြစ်သည်ဟု နယူးယောက်သတင်းစာများက ရေးသား ခဲ့ကြသည်။ ဧည့်သည် ၇၀၀ ကို ဖိတ်ကြားခဲ့ပြီး နှုတ်ဆက်ပွဲကို ညနေ ၇ နာရီမှ ညဉ့်သန်းကောင်ကျော်အထိ ပြုလုပ်ခဲ့ရာ အီလီနွိုင်းပြည်နယ်မှ ထိပ်သီးနိုင်ငံရေးခေါင်းဆောင်များနှင့် အချောအလှ ဖက်ရှင်မျိုးစုံကို တွေ့.ခဲ့ ရသည်ဟု ဘောလ်တီမောဆန် သတင်းစာက ရေးသားခဲ့သည်။ တစ်အိမ် လုံးမှာ ပြည့်ညပ်နေခဲ့ရာ အခန်းဝကြိုး၏ အပေါက်ဝသို့ ရောက်ရှိအောင် မိနစ် ၂၀ ကြာ စောင့်ခဲ့ကြရသည်။ သို့သော်လည်း အကြီးအကျယ် အောင် မြင်သောပွဲ ဖြစ်ခဲ့သည်။ မေရီ ဝတ်စားဆင်ယင်ထားပုံ လှပတင့်တယ် နေခြင်းကိုကြည့်ခြင်းအားဖြင့် မေရီသည် နယူးယောက်၌ အဝတ်အထည် ပစ္စည်းများကို တော်တော်များများဝယ်ယူပုံကို ကျေနပ်ဖွယ်ရာ တွေ့.ရှိကြ ရသည်။

လင်းကင်းနှင့် မေရီသည် စပရင်းဖီးလ်မှ မထွက်ခွာမီ လုပ် စရာရှိသော အလုပ်များကို အသေးစိတ် ဆောင်ရွက်ခဲ့ကြရသည်။ သူ တို့.၏အိမ်ကို အငြိမ်းစားမီးရထားအရာရှိ လူစီယန် တီလ်တင်အား တစ်နှစ် လျှင် ၃၅၀ ဒေါ်လာဖြင့် ငှားရမ်းခဲ့ကြသည်။ ဒေါ်လာ ၃,၀၀၀ ခန့် တန်သောအိမ်အတွက် နှစ်စဉ် အာမခံကြေး ၂၄ ဒေါ်လာနှုန်းဖြင့် အာမခံ ထားခဲ့ရသည်။ မွေ.ရာအပိုတစ်ခု၊ အဝတ်ထည်ဗီရိုနှင့် ကုလားထိုင် ခြောက်လုံးစသည့် အပိုပရိဘောဂပစ္စည်းများကို ရောင်းပစ်ခဲ့သည်။ သိမ်း သင့်သည်တို့.ကို စတိုထဲတွင် သိမ်းဆည်းထားခဲ့သည်။ လင်းကင်းသည် မိသားစုပိုင် ပစ္စည်းများအတွက် တန်ဖိုးဒေါ်လာ ၁၀,၀၀၄.၅၇ ဖော်ပြပြီး မီးအာမခံကုမ္ပဏီတွင် အာမခံထားခဲ့သည်။ ဝေါရှင်တင်သို့ မထွက်ခွာမီ မေရီပြုလုပ်ခဲ့ရသည့် အိမ်ရှင်းအလုပ်များတွင် အနောက်ဘက်အခန်းဆောင် အတွင်း၌ သိမ်းထားသည့် စာရွက်စာတမ်းများကို မီးရှို့.ခဲ့ရခြင်းဖြစ်သည်။

www.burmeseclassic.com

လင်းကင်းမိသားစုများသည် စပရင်းဖီးလ်မှ မိတ်ဆွေများထံ တရင်းတနှီး သွားရောက်လည်ပတ်ကာ နွှတ်ဆက်ခဲ့ကြသည်။ လင်းကင်း နောက်ဆုံးတွေ့.ဆုံခဲ့သူတစ်ဦးမှာ ဟန်ဒင်ဖြစ်သည်။ ရွှေကောက် ပွဲပြီးခဲ့သည့် နောက်ပိုင်းကာလများတွင် သူတို့.နှစ်ဦးသည် မကြာခဏ မတွေ့.ဖြစ်ခဲ့ကြ ဘဲရှိခဲ့သည်။ လုပ်ဖော်ကိုင်ဖက် ရှေ့.နေနှစ်ဦးသည် ပြည်နယ်၏ အခြေအနေ များကို ဆွေးနွေးခဲ့ကြသည်။ လင်းကင်းက အလုပ်လာတောင်းသူများ၏ ဖိစီးမှုဒဏ်ခံရပုံကို ပြောပြသည်။ "ကျွန်တော်တော့ သမ္မတလုပ်ရမှာတောင် ငြီးငွေ့.နေပြီ" ဟု လင်းကင်းက သူ့.ခံစားချက်ကို ပြောပြခဲ့သည်။ ထို့.နောက် လင်းကင်းက ဟန်ဒင်ကို မေးလိုက်သည်။

"ဘိလီ ကျွန်တော်တို့. တွဲလုပ်လာခဲ့တာ ဘယ်လောက်ကြာပြီလဲ"

"၁၆ နှစ်ကျော်ခဲ့ပြီ" ဟန်ဒင်က ပြန်ဖြေခဲ့သည်။

"အဲဒီကာလအတောအတွင်းမှာ ကျွပ်တို့.နှစ်ယောက် တစ်ခါမှ စကားမများခဲ့ကြဘူးနော်" လင်းကင်းက ပြောခဲ့သည်။

"ဟုတ်တယ် တစ်ခါမှ မများခဲ့ကြဘူး" ဟု ဟန်ဒင်က ချက်ချင်း ပြန်ဖြေခဲ့သည်။

လင်းကင်းက ရုတ်တရက်ဖြင့် "နေဦးဗျ၊ အချိန်အတော်ကြာ ကတည်းက ခင်ဗျားကို ပြောပြစေချင်တာတစ်ခုရှိနေတယ်။ ခင်ဗျား အရက်ဘယ်နခါ မူးခဲ့ဖူးသလဲ" ဟု မေးလိုက်သည်။ ဟန်ဒင်က ပြန်မဖြေ ခဲ့ပေ။ လင်းကင်းသည် စကားလွှဲပြောပြီး ပြောစရာရှိသည်များ ဆက်ပြော ခဲ့သည်။ သူမှလိုသော စာအုပ်အချို့.ကိုယူပြီးနောက် သူ၏ နောက်ကျော ဘက်တွင် ကျောက်စလစ်ပြားပေါ်၌ ထိုးထားသည့် လင်းကင်းနှင့် ဟန်ဒင် စာတမ်း ဆိုင်းဘုတ်ကို လှမ်းကြည့်ပြီး လင်းကင်းက "ဒီဆိုင်းဘုတ်တော့ မဖြုတ်ဘဲ ဒီအတိုင်းထားပါဗျာ၊ ကျွန်တော် သမ္မတအဖြစ် အရွေးခံရပေမယ့် လင်းကင်းနှင့် ဟန်ဒင်လုပ်ငန်းမှာ အပြောင်းအလဲမရှိဘူးဆိုတာ အမှတ်သည်တွေ သိထားကြပါစေ။ ကျွန်တော် အသက်ရှင်နေရင် တစ်ချိန်ချိန်မှာ ပြန်လာ

မှာပါ။ အဲဒီကျ ဘာမှမဖြစ်ခဲ့သလို သဘောထားပြီး ကျွန်တော်တို့. ဆက်ပြီး ရှေ့.နေလုပ် ကြတာပေါ့" ဟု ပြောသွားခဲ့လေသည်။

(၆)

ဖေဖော်ဝါရီလ ၁၁ ရက်နေ့.သည် အေးမြပြီး မိုးများရွာနေသည်။ သို့.သော်လည်း စပရင်းဖီးလ်မြို့.သူမြို့.သား လူအုပ်ကြီး တစ်အုပ်သည် လင်းကင်းကိုပို့.ဆောင်နှုတ်ဆက်ရန်အတွက် အနောက်ဘက် ဘူတာရုံကြီး တွင် စုဝေးလာကြသည်။ မေရီလင်းကင်းက ဈေးဝယ်ရန်အတွက် စိန်.လူးဝစ္စ သို့. သွားနေသည်။ အင်းဒီရဲနားပလစ္စမြို့.က စောင့်ပြီး စီးမည်ဖြစ်သည်။ လင်းကင်းသည် မိသားစုသေတ္တာများကို ကြိုးများဖြင့်ဆက်ပြီး အေ လင်းကင်း၊ အိမ်ဖြူတော်၊ ဝေါရှင်တင် ဒီစီ ဟု စာလုံးများ ရေးထားသည်။ လင်းကင်းအတွက် ဟဲန်ကလေ အင်ဂျင်အထူးတပ် မီးရထားတစ်စီး စီစဉ် ပေးခဲ့သည်။ ပစ္စည်း တင်ရန် တွဲတစ်တွဲနှင့် လင်းကင်းအဖွဲ့.အတွက် သီးသန့်.လူစီးတွဲတစ်တွဲ ပါဝင်သည်။ နံနက် ၇ နာရီ ၅၅ မိနစ်တွင် လင်းကင်းသည် သူ၏ သီးသန့်.တွဲ၏ လှေကားပေါက်ဝတွင် မတ်တတ်ရပ်ပြီး အိမ်နီးချင်းများအား နွှတ်ဆက်စကားပြောသွားသည်။ လင်းကင်းသည် စိတ်လှုပ်ရှားပြီး ရင်ခုန်နေပုံရသည်။ စကားကို ချက်ချင်း မပြောနိုင်ဘဲ ရှိခဲ့သည်ဟု အိမ်နီးနားချင်း တစ်ဦးက မှတ်ချက်ချခဲ့သည်။ လင်းကင်းက ခွဲခွာရခြင်းအတွက် စိတ်မကောင်းကြောင်း၊ ၄၄ နှစ်ကြာ နေထိုင်လာခဲ့ သောအရပ်မှ လူများ၏ ကြင်နာမှုနှင့် ကျေးဇူးကိုလည်းကောင်း၊ ဘုရား သခင်၏ စောင့်ရှောက်မှု ကျေးဇူးအကြောင်းကို တိုတိုတုတ်တုတ်ပြောကာ နွှတ်ဆက်သွားသည်။

လင်းကင်းအား လာရောက်ခေါ်ဆောင်သည့် ရထားကြီးသည် ဝေါရှင်တင်သို့. ရောက်သည်အထိ ၁၂ ရက်ကြာ ခုတ်မောင်းခဲ့သည်။

www.burmeseclassic.com

ရထားလမ်းပေါင်း ၁၈ ခုကို ကျော်ဖြတ်ပြီး မိုင်ပေါင်း ၁,၉၀၄ မိုင်ခရီး ရှိခဲ့သည်။ သမ္မတနှင့် မိသားစုအပြင် လိုက်ပါလာသူများ ရှိခဲ့သည်။ နိကို လေး၊ ဂျွန် ဟေးဒေါက်တာ ဝီလျံ ဝေါလေ့စ်၊ လင်းကင်း၏ ယောကျ်မ၊ ဆရာဝန်နှင့် အယ်လ်မာ အဲလစ်ဝပ်သ်တို့ ပါသည်။ နိုင်ငံရေးအပြိုင်နှစ်ဦး ဖြစ်ကြသည့် ဂျတ်နှင့် ဒေးဗစ် ဒေးဗစ္စတို့.အပြင် ဟက်ချ်၊ ဒူဘွားစ်၊ ရိတ်စ်နှင့် ဘရောင်းနင်းတို့.တို့. ခရီးတစ်ဝက်တစ်ပျက် လိုက်သူနှင့် ဝေါရှင်တင်အထိ လိုက်သူများ ပါခဲ့ကြသည်။ သမ္မတကို စောင့်ရှောက်ရန်အတွက် တပ်မတော်မှ အရာရှိများကို တာဝန်မပေးခဲ့သော်လည်း ပထမအမြောက်တပ်မှ ဗိုလ်မှူးကြီး အီး ဗွီ ဆမ်းနှင့် ဗို.ဒ် လီးဗင်းဝပ်သ်မ ဗိုလ်မှူး ဒေးဗစ် ဟန်းတားတို့.က သမ္မတ၏ သက်တော်စောင့်အဖြစ် စေတနာဝန်ထမ်း ဆောင်ရွက်ပေးခဲ့ကြသည်။

ထိုခရီးစဉ်သည် လင်းကင်းအား နိုင်ငံရေးသမားတစ်ဦးအနေဖြင့် ထူးခြားသော အခွင့်အရေးများ ရရှိခဲ့သည်။ လင်းကင်းသည် သူ၏ ပြောင်မြောက်သော စွမ်းရည်ကို ပရိသတ်အား ပြသခွင့်ရခဲ့သည်။ လင်းကင်းသည် ဖြတ်သန်းသွားရာ ဒေသတိုင်းတွင် အရာရာနှင့် လူတိုင်းကို အမွှန်းတင်ကျေးဇူးတင်ခဲ့သည်။ ပရိသတ်ထဲမှ မိန်းမချော၊ မိန်းမလှများအား ချီးမွမ်းခဲ့သည်။ နယူးယောက်ပြည်နယ်၊ ဝက်စ်ဖီးလ်သို့ ရောက်ရှိချိန်၌ သူ.အား နွှတ်ခမ်းမွေး၊ မုတ်ဆိတ် မွေးများထားရန် တိုက်တွန်းခဲ့သော ဂရေ.စ် ဘက်ဒဲလ်အား တွေ့.ဆုံခဲ့ပြီး ဝမ်းသာအားရ ပွေ့.ဖက်နမ်းရှုံ့. နွှတ်ဆက်ခဲ့သည်။ ခရာမွတ်၌ ခေတ္တသာ ရပ်နားသော ဘူတာများတွင် မေရီအား သူ.ဘေးမှ ရပ်ပြစေခဲ့သည်။ ခရီးအဆုံးတွင် သူတို့. နှစ်ဦးဘက်မှ ရပ်ပြရန် မေရီက သဘောတူခဲ့ပြီး လင်းကင်းက "အရှည်ကြီးနှင့် အပုလေးကို မြင်နိုင်ကြပါဗြီ" ဟု ပြောခဲ့သည်။

သမ္မတနှင့်အဖွဲ့.ဝင်များ အရှေ့.ဘက်ပိုင်းသို့. နီးကပ်လာချိန်တွင် တောင်ပိုင်းမှ နိမိတ်မကောင်းသော သတင်းများ ရရှိခဲ့သည်။ လင်းကင်းတို့.

ခရီးသွားစဉ်အတွင်း ဂျက်ဖာဆင် ဒေးဗစ္စအား အမေရိကန်နိုင်ငံ ပြည်နယ်များပေါင်းစု၏ ယာယီသမ္မတအဖြစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိခဲ့ရသည်။ လင်းကင်း၏ မိတ်ဆွေဟောင်း အလက်ဇန္ဒား စတီဖင်စ်[14] အား ယာယီဒုတိယ သမ္မတအဖြစ် တင်မြှောက်ခဲ့ကြသည်။ ထိုနေ့.မှာပင် ဗိုလ်ချုပ် ဒေးဗစ် တွစ်[15] သည် တက္ကဆတ်စ်ပြည်နယ်အတွင်းရှိ အမေရိကန်အစိုးရ၏ တပ်စခန်းအားလုံးကို ခွဲထွက်ရေးသမားများထံ လက်နက်ချလိုက်သည်။

ဤအခြေအနေများ ဖြစ်ပေါ်မှုအပေါ်တွင် လင်းကင်းက ပြည်ထောင်စုကို ထိန်းသိမ်းမည်အကြောင်း ပိုမိုပြတ်သားစွာ ပြောခဲ့သည်။ နယူးယောက်ပြည်နယ်၊ ဒန်းကပ်မြို့.တွင် ခေတ္တရပ်နားချိန်၌ လင်းကင်းက အမေရိကန်အလံတစ်ခုကို ကိုင်တွယ်ရန် ရထားပေါ်မှ ဆင်းခဲ့သည်။ ထို.နောက် "ကျွန်တော့်နိုင်ငံအလံတော်ဘေးမှာ ရပ်တည်နေသမျှ လူထုကြီးကလည်း ကျွန်တော့်ဘေးမှာ ရပ်တည်ကြပါ"ဟု ပြောခဲ့သည်။ နယူးယောက်မြို့.သို့.ရောက်သည့်အခါတွင်လည်း "ပြည်ထောင်စုကြီး ပျက်စီးမှုကို ကျွန်တော်သဘောတူအောင် ဘယ်လိုမှလုပ်၍ မရပါ" ဟု ပြောခဲ့သည်။

(၇)

ခရီးစဉ်၏ နောက်ဆုံးရက်များအတွင်း၌ သတ္တိရှိ၊ ရဲရင့်သူတစ်ဦးအဖြစ် တည်ဆောက်နေသော လင်းကင်း၏ ဂုဏ်သိက္ခာကို ခြိမ်းခြောက်မှုတစ်ခုကို မမျှော်လင့်ဘဲ ကြုံခဲ့ရသည်။ လင်းကင်းသည် ဘော်လ်တီမောမြို့.ကို ဖြတ်သွားစဉ်၌ သူ.ကိုလုပ်ကြံရန် ကြံစည်မှု တစ်ခုရှိခဲ့ကြောင်း ပင်ကာတင် အမျိုးသားထောက်လှမ်းရေးအေဂျင်စီ[16]အဖွဲ့.၏ အကြီးအကဲဖြစ်သူ ဆယ်လန် ပင်ကာတင်က ဂျတ်အား သတင်းပေးခဲ့သည်။ ဤသို့.အန္တရာယ်ရှိပုံ သတင်းပေးမှုမျိုး ယခင်က ရှိခဲ့သော်လည်း ယင်းကြိမ်သည်

www.burmeseclassic.com

ပို၍ နီးစပ်မှုရှိသည်ဟု ယူဆခဲ့ကြသည်။ ဘော်လ်တီမောမှ ဆပ်ဂျပ်သမား ဆိုင်ပရီယန်နှိ ဗာရန်ဒီနီ[17] နှင့် အပေါင်းပါအချို့က လင်းကင်းအား လုပ်ကြံရန် စီစဉ်ခဲ့သည်။ လင်းကင်းအား ထိုနေ့ည ရထားဖြင့် ပြောင်းပြီး ဘော်လ်တီမောကို မှထွက်သွားရန် ပင်ကာတင်က အကြံပေးခဲ့သည်။ လင်းကင်းက ခရီးစဉ် ပြောင်းလဲရေးကို လက်မခံခဲ့ပေ။ နောက်တစ်နေ့တွင် လွတ်လပ်ရေးခန်းမအတွင်း၌ နိုင်ငံတော်အလံမြှောက်ပြီး မိန့်ခွန်းပြောရန် ရှိနေသည်။ ညနေပိုင်းတွင်လည်း ပဲန်ဆယ်လ်မေးနီးယားလွှတ်တော်တွင် မိန့်ခွန်းပြောရန် ရှိနေသည်။ လင်းကင်းက ထိုကတိပြုချက်များကို ပြုလုပ်ရမည်ဖြစ်ရာ သေမင်းနှင့် ရင်ဆိုင်ရပါစေ ပြုလုပ်သွားမည်ဟု အဖြေပေးခဲ့သည်။

လင်းကင်းသည် နောက်တစ်နေ့.နံနက်ဖြစ်သော ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် အမေရိကန်လွှတ်လပ်ရေးကြေညာစာတမ်း၏ အခြေခံအနှစ်သာရကို စောင့်ရှောက်ကာကွယ်ရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အညံ့ခံလက်နက်ချမည်အစား ထိုနေရာ၌ပင် အလုပ်ကြံခံရပါစေ သေသွားမည်ဖြစ်ကြောင်း ရဲရဲတင်းတင်း ပြောခဲ့သည်။ သို့သော်လည်း လင်းကင်းသည် ဟဲရစ္စဘတ်သို့ ထွက်ခွာခါနီးတွင် ဘော်လ်တီမောတွင် လုပ်ကြံမည့်သတင်းမှာ ခိုင်လုံကြောင်း၊ ဆီးဝပ်နှင့် ဗိုလ်ချုပ် ဝင်းဖီးလ် စကော့ထ်တို့ထံမှ လျှို့ဝှက်သတင်းကို ဆီးဝပ်၏ သားဖြစ်သူ ဖရက်ဒရစ် ဆီးဝပ်က လာပေးခဲ့သည်။ ပင်ကာတင်ကလည်း လင်းကင်းအား တစ်ဦးတည်း ခွဲထွက်ပြီး ဘော်လ်တီမောကို ‘နံနက် သုံးနာရီခွဲတွင် ဖြတ်သွားမည့် ရထားနှင့် လိုက်ရန် ထပ်မံအကြံပေးခဲ့ပြန်သည်။ ဂျတ်က အစီအစဉ်ကို ထောက်ခံခဲ့သည်။ လင်းကင်းသည် အားလုံး၌ ညှိနှိုင်းဆွေးနွေးခဲ့သည်။ လုပ်ကြံမည့်သတင်းမှာ မှန်ကန်ပုံရကြောင်း လင်းကင်းက လက်ခံခဲ့သည်။ သို့သော်လည်း ဖြစ်မလာသေးသည့် အန္တရာယ်ကို ရှောင်ပြေးခြင်းမှာ ရဲစရာကောင်းလိမ့်မည်ဟု ယူဆခဲ့သည်။ နောက်ဆုံးတွင် ရဲစရာဖြစ်မည်ကို ကြောက်မှုအပြင် အခြားအကြောင်းမျိုး မရှိလျှင် လက်ခံမည်ဟုဆိုကာ လင်းကင်းက

လိုက်လျောခဲ့သည်။ ထိုညနေတွင် လင်းကင်းသည် ဟဲရစ္စဘက်ဟိုတယ်မှ ဦးထုပ်ပြားဆောင်း၊ ဝတ်ရုံအရှည်ပွကြီး ဝတ်ဆင်ကာ ရုပ်ဖျက်ထွက်ခွာ၍ ရထားပြောင်းစီးခဲ့လေသည်။

လင်းကင်း၏ လျှို့ဝှက်ရထားပြောင်းစီးမှုကို ကြားသိရသော သတင်းစာဆရာများက လင်းကင်းကို အပြစ်တင်ဝေဖန်ရေးသားခဲ့ကြသည်။ ဂယက်ရိုက်မှုများ ငြိမ်သက်သွားခဲ့သော်လည်း လင်းကင်းသည် ညရထား အပြောင်းအလဲအစီအစဉ်ကို လက်ခံခဲ့မိသည့်အတွက် စိတ်မကောင်း ဖြစ်ခဲ့ရသည်။ “ဘော်လ်တီမောမှာ ကျွန်တော်အလုပ်ကြံခံရမယ်လို့ အဲဒီတုန်းက မထင်ခဲ့ဘူး။ အခုလည်း မထင်မိဘူး။ ဒါပေမယ့် မစွန့်စားသင့်တဲ့နေရာမှာ မစွန့်စားတာဟာ ဉာဏ်သုံးရာရောက်တယ် လို့ ကျွန်တော်ထင်မိပါတယ်” ဟု လင်းကင်းက ကွန်ဂရက်အမတ် အိုက်ဆက် အားနာလ်ဒ်ကို ပြန်ပြောပြခဲ့သည်။

(၈)

လင်းကင်း ဝေါရှင်တင်သို့ ရောက်ရှိသောနေ့နှင့် ကျမ်းသစ္စာကျိန်ဆိုသောနေ့အကြား ၁၀ ရက်တာကာလသည် သူ့ဘဝတွင် အလုပ်အရှုပ်ဆုံးနေ့များ ဖြစ်ခဲ့သည်။ ဝေါရှင်တင်သို့ ရောက်ပြီး ဝီးလတ်ဟိုတယ်တွင် တည်းခိုခဲ့ရာ မိမိဘေးမသီရန်မခ ရောက်ရှိကြောင်း ဟဲရစ္စဘတ်တွင်ကျန်ရစ်သည့် ဇနီးသည် မေရီထံသို့ ကြေးနန်းပို့ခဲ့သည်။ လင်းကင်းသည် ဆီးဝပ်နှင့်အတူ ဟိုတယ်တွင် နံနက်စာစားပြီး အိမ်ဖြူတော်သို့ သွားခဲ့သည်။ သမ္မတဘျူခနန်နှင့် ဝန်ကြီးများကို တွေ့ဆုံမိတ်ဆက်ခဲ့သည်။ နေ့လယ်ပိုင်းတွင် ဧည့်သည်များကို လက်ခံတွေ့ဆုံခဲ့သည်။ ဧည့်သည်များသည် ည ၁၀ နာရီအထိ လာတွေ့ခဲ့ကြသည်။

နောက်နေ့များတွင်လည်း ဧည့်သည်များနှင့် ဧည့်ခံပွဲများနှင့်

www.burmeseclassic.com

မပြတ်ခဲ့ပေ။ ၁၈၆၀ ခုနှစ် ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သည့် ဒုတိယ သမ္မတ လောင်း ဣန္ဒ ဘရက်ကင်းရစ်ချ်၊ ဣန္ဒ ဘဲလ်နှင့် ဒပ်ဂလပ်စ်တို့က လာရောက် ဂါရဝပြုခဲ့ကြသည်။ ညနေပိုင်းများတွင် လင်းကင်းနှင့် မေရီတို့သည် ဧည့်သည်များအား ဟိတယ်ဧည့်ခန်းမဆောင်တွင် လက်ခံ တွေ့ဆုံခဲ့ကြသည်။ ဤသို့ လူမှုရေးဆက်ဆံမှုများက ဖြစ်ပျက်နေသော အကျပ်အတည်းများနှင့် စပ်လျဉ်း၍ ဝေါရှင်တင်၏ သဘောထားကို တောက်ကြည့်ရန် လင်းကင်းအား အခွင့်အရေးပေးခဲ့သည်။ ဒပ်ဂလပ်စ်၏ စကားများကို အလိုက်လဲ့ဆုံးကြိုဆိုခဲ့သည်။ ဒပ်ဂလပ်စ်က တောင်ပိုင်းနှင့် စေ့စပ်ညှိနှိုင်းရေးကို အပြင်းအထန် ထောက်ခံပြီး ရိပတ်ဘလီကင်များဘက်မှလည်း အပေးအယူ ညှိနှိုင်းမှု ပြုလုပ်ရေး လင်းကင်းက စည်းရုံးရန် တိုက်တွန်းခဲ့သည်။ ဒပ်ဂလပ်စ်က မိမိနှင့် ဒီမိုကရက်များသည် အကျပ်အတည်းပြဿနာ အပေါ် တွင် အမြတ်ထုတ်ရန် ကြိုးစားမည်မဟုတ်ကြောင်း၊ "ကျွန်တော်တို့၏ ပြည်ထောင်စုကို ထိန်းသိမ်းရမည်ဖြစ်သည်၊ ပါတီခွဲစိတ်ခါတ်သည် မျိုးချစ်စိတ်ခါတ်အတွက် အလျှော့ပေးရမည်ဖြစ်သည်၊ ကျွန်တော်သည် သမ္မတကြီးနှင့်အတူ လက်တွဲပါမည်၊ သမ္မတကြီးအား ဘုရားသခင်က ကောင်းချီးမင်္ဂလာပေးပါစေ"ဟု ပြောကြားခဲ့သည်။ လင်းကင်းကလည်း စိတ်လှုပ်ရှားပြီး အကြီးအကျယ် ဝမ်းသာစွာဖြင့် "ခင်များကို ကျွန်တော့် အသည်းနှလုံးထဲက ကျေးဇူးတင်ပါတယ်၊ ပြည်သူလူထုက ကျွန်တော် တို့နဲ့အတူ ရှိနေပြီး ဘုရားသခင်ကို အစစအရာရာ ကူညီမစမှု အားလုံးက အဆင်ပြေစေပါလိမ့်မယ်" ဟု ပြန်ဖြေခဲ့သည်။ ဒပ်ဂလပ်စ် ပြန်သွားပြီးနောက်တွင် လင်းကင်းက "ဒပ်ဂလပ်စ်ဟာ စိတ်ထား အလွန် မွန်မြတ်သူတစ်ဦးဖြစ်တယ်" ဟု ဧည့်သည်တစ်ဦးအား ထုတ်ဖျော်ပြောခဲ့သည်။

သမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲမတိုင်မီ တစ်ပတ်အတွင်း၌ လင်းကင်းသည် ဆွေးနွေးပွဲပေါင်းများစွာပြုလုပ်ပြီး ဝန်ကြီးများကို နောက်ဆုံး အတည်ပြုရွေးချယ်ခဲ့သည်။ လင်းကင်း ဝေါရှင်တင်သို့ ရောက်လာချိန်အထိ

ဘိတ်စ်နှင့် ဆီးဝပ်တို့.နှစ်ဦးကိုသာ လင်းကင်းက ဝန်ကြီးရာထူးများ အသိပေးကမ်းလှမ်းထားခဲ့သေးသည်။ ဘဏ္ဍာရေးဝန်ကြီးရာထူးအတွက် ချေ.စ်နှင့် ကဲမ်မရွန်းတို့ အပြိုင်ရှိခဲ့မှုတွင် ရိပတ်ဘလီကင် ဆီးနိတ်အမတ်များ၏ မဲဆန္ဒဖြင့် ဆုံးဖြတ် စေခဲ့သည်။ ချေ.စ်က ၁၉ မဲတွင် ၁၃ မဲဖြင့် အနိုင်ရခဲ့သည်။ ကဲမ်မရွန်းအား စစ်ဝန်ကြီးနှင့် ပြည်တွင်းရေး ဝန်ကြီးအတွက် နှစ်သက်ရာ အရွေးခိုင်းခဲ့ရာ ကဲမ်မရွန်းက စစ်ဝန်ကြီး ရာထူးကို ရွေးခဲ့သည်။ ကဲမ်မရွန်းအား စစ်ဝန်ကြီး ခန့်[illegible]းခဲ့သည်ကို ကြည်ခြင်းအားဖြင့် လင်းကင်းသည် စစ်ပွဲဆင်နွှဲမှုကို မစဉ်းစားကြောင်း ထင်ရှားစေခဲ့သည်။

ဆီးဝပ်နှင့် ချေ.စ်တို့.သည် ပြိုင်ဘက်များဖြစ်ကြသည်။ ချေ.စ်အား ထိုရာထူးပေးခဲ့ခြင်းအတွက် ဆီးဝပ်က ဒေါသဖြစ်ကာ မတ်လ ၂ ရက်နေ့တွင် နတ်ထွက်လွှာတင်ခဲ့သည်။ ဆီးဝပ်က ဘဏ္ဍာရေးဝန်ကြီး ဖြစ်လိုခဲ့သည်။ ချေ.စ်နှင့်အတူ လက်တွဲမလုပ်နိုင်ကြောင်း ဖော်ပြခဲ့သည်။ လင်းကင်းအတွက် အကျပ်ရိုက်သွားခဲ့သည်။ လင်းကင်းသည် နယူးယောက်ပြည်နယ်သား ဆီးဝပ်အား ဝန်ကြီးအဖွဲ့တွင် ပါဝင်စေရန် လိုလားခဲ့သည်။ ဆီးဝပ်နှင့် ရင်းနှီးသည့် နယူးယောက်မှ ကုန်သည်ကြီးများကလည်း လင်းကင်းအား လာရောက် တွေ့ဆုံပြီး ချေ.စ်အား ဘဏ္ဍာရေးဝန်ကြီး ခန့်အပ်မှုကို ကန့်ကွက်ပြီး ဆီးဝပ်နှင့် ချေ.စ်သည် အတူတူ အလုပ်လုပ်နိုင်ကြမည် မဟုတ်ကြောင်း ပြောဆိုခဲ့ကြသည်။ လင်းကင်းက တောင်ပိုင်းနှင့် စေ့စပ်မှုကို မလိုလားသော ချေ.စ်သာ လွတ်လပ်သော ကုန်သွယ်မှုကို ကိုင်တွယ် လျှင် စီးပွားရေးလုပ်ငန်းများ ထိခိုက်သွားမည်ဖြစ်ကြောင်း၊ ဆီးဝပ်သည် ချေ.စ်နှင့် လက်တွဲမလုပ်လျှင် ဖြိုတိန်သို့၏ သံအမတ်ကြီးအဖြစ် တာဝန်ယူနိုင်ကြောင်း လင်းကင်းက ပြောခဲ့သည်။

လင်းကင်းသည် ဆီးဝပ်၏ နတ်ထွက်စာကို မသိကျိုးကျွန်ပြုနေခဲ့သည်။ ဆီးဝပ်ကို တိုက်ရိုက်ပြောဆိုခြင်းလည်း ဘာမျှ မလုပ်ခဲ့။ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲ မပြုလုပ်မီညတွင် လင်းကင်းက ဝန်ကြီး ဖြစ်ရန်

www.burmeseclassic.com

အလားအလာရှိသူများအား ညစာစားပွဲဖြင့် ဧည့်ခံခဲ့သည်။ လင်းကင်းက ဘာမျှမဖြစ်ခဲ့သည့်ပုံစံဖြင့် ဆီးဝပ်နှင့်ချေ.စ်တို့.အား ညစာစားပွဲသို့ ဖိတ်ကြားခဲ့သည်။ နောက်တစ်နေ.နံနက်တွင်မှ လင်းကင်းက ဆီးဝပ်ထံ စာတို တစ်စောင်ရေးပြီး သူ၏ဆုံးဖြတ်ချက်ကို ပြန်စဉ်းစားရန် ပြောခဲ့သည်။ ခက်ခဲသော အခြေအနေတစ်ခုကို လင်းကင်း၏ လိမ္မာပါးနပ်စွာ လုပ်ဆောင်ခဲ့မှုကြောင့် ဆီးဝပ်အဖို့ ပြန်လည် စဉ်းစားရန် အချိန်ရသွားခဲ့သည်။ ဆီးဝပ်က တိုင်းပြည်ကို ကမ္ဘာသကာ ပစ်ထားခဲ့ပြီး အင်္ဂလန်သို့ မသွားလိုပါ၊ လင်းကင်းကိုလည်း ပစ်မထားလိုပါဟု ပြောကြားပြီး သူ.အဆိုစကားအရ စုပေါင်းဝန်ကြီးအဖွဲ့[18]တွင် တာဝန်ထမ်းဆောင်ရန် လက်ခံခဲ့သည်။

(၉)

မတ်လ ၄ ရက်နေ့ မွန်းတည့်အချိန်တွင် ဂျိမ်းစ် ဘျူခန်နန်နှင့် အေဘရာဟမ် လင်းကင်းတို့.သည် အမိုးဖွင့်ရထားပေါ်တွင် စီးနင်းကာ ဝီးလတ်ဟိုတယ်မှ အမေရိကန်လွှတ်တော်အဆောက်အအုံတွင် ကျင်းပမည့် ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ထွက်ခွာခဲ့ကြသည်။ လင်းကင်းအား လုပ်ကြံမည့် အန္တရာယ်ကို ကာကွယ်ရန်အတွက် ဗိုလ်ချုပ် စကော့ထ်သည် လမ်းမကြီးဘေးရှိ အဆောက်အဦ ခေါင်မိုးများပေါ်တွင် လက် ဖြောင့်သေနတ်ပစ်သမားများကို နေရာချထားပေးခဲ့သည်။ လမ်းဆုံ လမ်းခွများတွင်လည်း စစ်သားများကို အစောင့်ချထားပေးခဲ့သည်။ သူကိုယ်တိုင်ကလည်း လွှတ်တော်အဆောက်အဦတွင် ခြေမြန်အမြောက် တပ်ဖွဲ့.တစ်ခုနှင့်တာဝန်ယူ စောင့်ခဲ့သည်။ သမ္မတနှစ်ဦးတို့. ကျမ်းသစ္စာကျိန်ဆိုပွဲသို့. လာရောက်ပုံမှာ တိုတောင်းမြန်ဆန်လှသည်။ နိုင်ငံရေး စိတန်းချီတက်မှုနှင့် မတူဘဲ သေနတ် ဗျူဟာ စစ်ဆင်မှုတစ်ခုနှင့် ပို၍ တူခဲ့သည်။

လင်းကင်းက သူ၏မိန့်.ခွန်းထဲ၌ "ပြည်ထောင်စုကြီးကို ပျက်စီးအောင် ဖျက်ဆီး၍ ရနိုင်မည်မဟုတ်ပါ။ ပြည်ထောင်စုမှ ခွဲထွက်ခြင်းသည် တရားဥပဒေနှင့် ညီညွတ်မှုမရှိပါ။ ဆုံးရှုံးသွားတတ်သည် နိုင်ငံတော်ပိုင် နေရာများနှင့် ပစ္စည်းများ ပြန်လည်ရရှိရေးအတွက် ကျွန်ုပ်၏ လက်ထဲတွင် ရှိသော အာဏာ အားလုံးကို အသုံးပြုရလိမ့်မည်။ နိုင်ငံတော်က ပိုင်ဆိုင်သည့် ထိုပစ္စည်းများ၊ ထိုနေရာများနှင့် အခြားအရာဝတ္ထုအားလုံးကို ပိုင်ဆိုင်ထိန်းသိမ်းမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ပြည်တွင်းသို့. တင်သွင်းလာသော ကုန်ပစ္စည်းများအပေါ်တွင် အကောက်ခွန်ကောက်မည်ဖြစ်သည်။ သွေးထွက်သံယိုနှင့် အကြမ်းဖက်မှုများ ဖြစ်ရန် မလိုအပ်ပါ" ဟု ကတိပေးပြောကြားခဲ့သည်။ ထို.နောက် ခွဲထွက်ရေးသမားများအား ပြန်လည်စဉ်းစားရန် လင်းကင်းက တိုက် တွန်းခဲ့ရာ၌ "အလွန်အရေးကြီးသည့် ပြည်တွင်းစစ်ဖြစ်ရေး ပြဿနာသည် ကျွန်ုပ်၏လက်ထဲတွင် မတည်ရှိပါ။ မကျေမချမ်းဖြစ်နေသော သင်တို့၏ လက်ထဲတွင် ရှိနေသည်။ ကျွန်ုပ်တို့. ငြိမ်းချမ်း ရေးကို ယူမလား၊ စစ်ဆွဲမလား ဆိုသည့် တည်ငြိမ်သော မေးခွန်းမှာ ကျွန်တော့်လက်ထဲတွင်မရှိပါ။ သင်တို့၏လက်ထဲတွင်သာ ရှိပါသည်" ဟု ပြောဆိုခဲ့သည်။

လင်းကင်း၏ မိန့်.ခွန်းအပေါ်တွင် မည်သို့.တုံ့.ပြန်မည်ဆို သည်ကို ကောင်းကောင်းကြီး ကြိုတင်ခန့်.မှန်း၍ ရခဲ့သည်။ ပြည်နယ်ပေါင်းစုံအဖွဲ့. အဖို့. လင်းကင်း၏ မိန့်.ခွန်းသည် စစ်ပွဲအတွက် မလွဲမသွေ စိန်ခေါ်သံအဖြစ် ယေဘုယျ ယူဆခဲ့ကြသည်။ ချာလ်စ်တင် မာကျူ[19]ရီသတင်းစာက "အိမ်ဖြူတော်မှ လူဝံ၏ စစ်ပွဲအတွက် လှုံ့ဆော်သံ၊ ကျွန်ုပ်တို့. လွတ်လပ်မှုအတွက် အချက်ပြခြင်း" စသည်ဖြင့် ရေးသားခဲ့သည်။ တောင်ပိုင်းမှ ရှစ်ချိမင် ဒက်စ်ပက်ချ် သတင်းစာများက ပြည်တွင်းစစ်ဖွင့်လှစ်သည့် မိန့်.ခွန်းဟူ၍လည်းကောင်း၊ ရှစ်ချိမင်အင်ကွိုင်းယာရာ[20]က "ဗာဂျီနီးယားပြည်နယ်သည် လင်းကင်း၏ စစ်တပ်များ အဝင်ခံမလား၊ ဂျက်ဖာဆင် ဒေးဗစ်၏ စစ်တပ်များကို အဝင်ခံမလား ရွေးချယ်ရတော့မည်" ဟု လည်းကောင်း ရေးသား

www.burmeseclassic.com

ခဲ့သည်။ မြောက်ပိုင်းမှ ရိပတ်ဘလိကင် သတင်း စာများက ယေဘုယျအား ဖြင့် ချီးကျူးရေးသားခဲ့ကြသည်။ *အင်ဒီရဲန့်ဘပလန္စ် ရက်ဂျစ်စတာ*[21] သတင်းစာက "လင်းကင်း၏ မိန်.ခွန်းသည် အားရှိသည်၊ ဖြောင့်ဖြောင့်မတ်မတ်ရှိသည်၊ ယောကျ်ားပီသသည်" ဟု ရေးသားခဲ့သည်။ *ဒီးထရွိုက် ဒေးလီး* ထရစ်ဗြွန်း သတင်းစာက "စွမ်းရည်သတ္တိရှိသည်၊ ခိုင်မာသည်၊ ကမ်းလှမ်းစေ့စပ်မှု ရှိသည်၊ မူဝါဒ မှန်ကန်ပြီး ထိုးထွင်းပေါက် မြင်နိုင်သည့် ရိုးသားမှုနှင့် ညီညွတ်သည်" ဟု ရေးသားခဲ့သည်။ ဘရက်ကင်းရစ်ချ် ကို ထောက်ခံသည့် *ကိုလမ်းဘတ်စ် ဒေးလီး ကက်ပီတယ်လ် ဆစ်တီးဖက်* သတင်းစာကမူ "လင်းကင်း၏ဝါဒသည် အမေရိကန်တစ်တိုက်လုံး၏မြေများနှင့် ရေအရောင်များတွင် သွေးစွန်းစေမည်ဖြစ်သည်၊ ညီအစ်ကိုချင်း ရန်လို စစ်ခင်းရလိမ့်မည်" ဟု ရေးသားခဲ့သည်။

(၁၀)

ကျမ်းသစ္စာကျိန်ဆိုပြီး နောက်တစ်နေ.နံနက်တွင် လင်းကင်း၏ စားပွဲပေါ်တွင် ဗိုလ်မှူး ရောဘတ် အဲန်ဒါဆင်၏ အစီရင်ခံစာ တစ်စောင် ရောက်ရှိလာသည်။ အစီရင်ခံစာ၌ ဆမ်းတားခံတပ်အတွက် ရိက္ခာများသည် ခြောက်ပတ်ခန့်.အတွင်း၌ ကုန်တော့မည်ဖြစ်ကြောင်း၊ ယင်းကာလအတွင်း ထပ် ဆင့်ထောက်ပံ့မှု မပေးနိုင်ခဲ့လျှင် မိမိအနေဖြင့် လက်နက်ချရတော့မည် ဖြစ်ကြောင်း၊ ခံတပ်ကို အခိုင်အမာထိန်းထားနိုင်ရန်အတွက် စည်းကမ်း သေဝပ်သည့် စစ်သား ၂၀,၀၀၀ လိုအပ်မည်ဖြစ်ကြောင်း ပါရှိသည်။

လင်းကင်းသည် ဤအရေးပေါ်ကိစ္စတွင် အသင့်မဖြစ်သေးပေ။ အစိုးရအပွဲ.၏ အုပ်ချုပ်မှုဌာနခွဲသည် မရှိသေး။ ဆီးနိတ်လွှတ်တော်က သူ၏အတွင်းရေးမှူးအဖြစ် ဂျွန် နီကိုလေးကို ခန့်.အပ်မှုကိုပင် အတည်မပြုရသေး။ ဝန်ကြီးများ၏ ရာထူးများကိုလည်း တစ်ဦးအတွက်မှ အတည်ပြု

မသတ်မှတ်ရသေး။ လင်းကင်းလျာထားသည့် နိုင်ငံခြားရေးဝန်ကြီး (ဆီးဝပ်) ကလည်း တာဝန်ထမ်းဆောင်မည်ဟု သဘောမတူခဲ့သေး။ ချေ.စ်အား ဝန်ကြီးရာထူးတစ်နေရာ ပေးမည်ဟုလည်း အသိမပေးရသေးဘဲရှိနေသည်။

လင်းကင်းသည် ရန်ိုင်သမျှ အကူအညီအားလုံးကို လိုအပ်ခဲ့သည်။ နောင်တွင် သူက လွတ်လွတ်လပ်လပ်ဝန်ခံခဲ့သည့်အတိုင်း သူ သမ္မတဖြစ်လာချိန်တွင် သူသည် သမ္မတ၏ တာဝန်ဝတ္တရားများကို လုံးဝမသိ။ လုပ်ဆောင်ရန် နည်းလမ်းများကိုလည်း မသိဘဲ ဖြစ်နေသောကြောင့် ဖြစ်သည်။ လင်းကင်းသည် အရာရာကို သူ.ဘာသာသူ ဆောင်ရွက်ရန် ကြိုးစားခဲ့ရသည်။ သူ.ကို ဥပဒေများနှင့် လုပ်ထုံးလုပ် နည်းများအကြောင်း သင်ပြပေးမည့်သူလည်း မရှိခဲ့သဖြင့် ရေတပ် အရာရှိများအတွက် အမိန်.များ တိုက်ရိုက်ထုတ်နိုင်သည်ဟု ထင်ခဲ့ သည်။ သူသည် ကွန်ဂရက်လွှတ်တော်၏ ခွင့်ပြုချက် မရဘဲနှင့် စစ်ဝန်ကြီးဌာနတွင် သူ၏သူငယ်ချင်း အယ်လ်မာ အဲလ်စ်ဝပ် ဦးဆောင်သည့် ပြည်သူ.စစ်ဗျူရိုကို ဖွဲ့.စည်းနိုင်သည်ဟု ထင်ခဲ့သည်။

သမ္မတသစ် လင်းကင်းသည် အလုပ်လျှောက်ထားသူများ အတွက် သူ၏အချိန်အတော်များများကို ပေးခဲ့သည်။ နံနက် ၉ နာရီ မှ ညနေ မိုးချုပ်သည်အထိ အချိန်ပေးခဲ့သည်။ သမ္မတအိမ်ဖြူတော်သို့ လာသမျှလူကို လက်ခံခဲ့သည်။ တစ်ခါတစ်ရံတွင် လျှောက်လွှာလာ၍ တင်သူများ ပြည့်ကျပ်နေသဖြင့် လေ့ကားများပေါ်တွင် အပေါ်တက်၍ မရအောင် ပိတ်ဆို့နေခဲ့သည်။ ထိုသူများကို အဆုံးအစမရှိ ငမ်းငမ်းတက် ပရိသတ်ဟု မိန်းပြည်နယ်မှ ဆီးနိတ်အမတ် ဝီလျံ ပစ်ဖက်ဆင်ဒင်က အပြစ်တင်ခဲ့သည်။ လင်းကင်းကမူ "သူ.အနေဖြင့် ငတ်ပြတ်နေသူ၊ လူတိုင်းအတွက် တရားမျှတမှုရှိရမည်" ဟု ဝမ်းနည်း စကားပြောခဲ့သည်။ နီကိုလေးကလည်း "ကျွန်တော့်မှာ စားချိန်၊ သောက်ချိန်၊ အသက်ရှူချိန်တောင် မရသလောက်ပါပဲ" ဟု ညည်းညူ

www.burmeseclassic.com

ခဲ့သည်။ ဘရောင်းနင်းက လင်းကင်းအား "သမ္မတကြီးအတွက် အချိန်တွေ၊ ခွန်အားတွေကို အလုပ်လိုချင်သူ ပုဂ္ဂိုလ်တွေရဲ့ လျှောက်လွှာတွေက ဖြူန်းတီးနေတာ ကို ခွင့်မပြုသင့်ဘူး" ဟု အပြစ်တင်ခဲ့သည်။ လင်းကင်းကို ပြုပြင်ရန် ဖျောင်းဖျ၍ မရခဲ့။ လင်းကင်းက "ဒီပုဂ္ဂိုလ်တွေဟာ များများစားစားလိုချင်ကြသူတွေ မဟုတ်ပါဘူး။ ရစရာရှိလည်း နည်းနည်းပါးပါးသာ ရကြတဲ့သူတွေပါ။ ကျွန်တော်တို့က လက်ခံတွေ့ ရမှာပေါ့ဗျာ" ဟု ဆီးနိတ်အမတ် ဟဲန်နရီ ဝီလ်ဆင်ကို ပြန်ရှင်းပြခဲ့ သည်။

ဆမ်းတားခံတပ်မှ သတင်းသည် အတွေ့.အကြုံနည်းပြီး အလုပ်များ လွန်ကဲစွာလုပ်နေသော လင်းကင်းအား လမ်းရွေးရန် ခက်ခဲစေခဲ့သည်။ ဗိုလ်မှူးအဲန်ဒါဆင်ထံမှ သတင်းပေးပို့.ချက် ရရှိပြီးနောက် လင်းကင်းသည် သူ၏ပြဿနာအတွက် ခေါင်းထဲတွင် နပန်းလုံးနေခဲ့ရသည်။ သူသည် တစ်ခုခုကို ချက်ချင်း လျှင်မြန်စွာ ဆုံးဖြတ်လေ့ မရှိသူဖြစ်ရာ ရဲရဲတင်းတင်း စတင်လှုပ်ရှားရန် ဝန်လေးခဲ့သည်။ မိမိက ဦးဆောင်ဆုံးဖြတ်ခြင်းထက် အခြားသူများ၏ ဆုံးဖြတ်ချက်များ အပေါ်တွင် တုံ့.ပြန်ဆောင်ရွက်တတ်ခြင်းသည် လင်းကင်း၏ပုံစံဖြစ်သည်။ သို့.ရှိနေသောကာလတွင် လင်းကင်းသည် ဆမ်းတား ခံတပ်ကိစ္စကို လူသိရှင်ကြား ထုတ်ဖော်ပြော ဆိုခြင်း မပြုလုပ်ခဲ့ပေ။ မတ်လ ၆ ရက်နေ့.တွင်ကျင်းပသည့် ပထမဆုံးဝန်ကြီးအဖွဲ့.အစည်းအဝေးတွင်လည်း တင်ပြဆွေးနွေးခြင်း မပြုလုပ်ခဲ့ပေ။ လင်းကင်းသည် လုပ်နေကျပုံစံအတိုင်း တုံ့.ပြန်လှုပ်ရှားမှု မစမီတွင် အချက်အလက်များ သေချာအောင် စစ်ဆေးမှု ပြုလုပ်ခဲ့သည်။ သူသည် တရားရုံးတော်တွင် ပြုလုပ်လေ့ရှိသည့် ပုံစံအတိုင်း ဗိုလ်ချုပ်စကော့ထ်အား မေးခွန်းများ မေးခဲ့သည်။

– အဲန်ဒါဆင်သည် သူ.အနေအထားကို မည်မျှကြာကြာ ဆက်၍ တောင့်ခံနိုင်မည်နည်း။

– ဗိုလ်ချုပ် စကော့ထ်သည် ဆမ်းတားခံတပ်ကို လူအင်အား ပြုထပ်ဖြည့်ပေးနိုင်မည်လား။

– မဖြည့်ဆည်းပေးနိုင်လျှင် သူ.အနေဖြင့် ဘာတွေထပ်လိုမည်နည်း။

ဆမ်းတားခံတပ်အတွက် ရောတပ်လွှတ်ပေးရမည်။ ပုံမှန်စစ်သည် ၅,၀၀၀ လိုသည်။ ခံတပ်ကိုအားဖြည့်ရန် အပျော်တမ်းစစ်သည် ၂၀,၀၀၀ လိုသည်ဆိုသည့် စိတ်ပျက်ဖွယ်ရာအဖြေကို လင်းကင်းရရှိခဲ့သည်။ ဤ အချက်များကို ဆောင်ရွက်၍ ရနိုင်မည် မဟုတ်ရာ ခံတပ်ကို လက်နက်ချရေးမှာ အချိန်ကာလအပိုင်းအခြားအပေါ်တွင်သာ မူတည်နေပေတော့သည်။

ဆမ်းတားခံတပ် အကျပ်အတည်းပြဿနာကို မတ်လ ၉ ရက်နေ့.တွင် ကျင်းပသော ဝန်ကြီးအဖွဲ့.အစည်းအဝေး၌ အဓိကဆွေးနွေးခဲ့သည်။ အခြေအနေဆိုးရွားမှုကို ဝန်ကြီးများ ပထမဆုံးအကြိမ်စတင် သိရှိခဲ့ကြသည်။ ဆမ်းတားခံတပ်ကို ကာကွယ်ရန်အတွက် အနည်းဆုံး လူပေါင်း ၂၅,၀၀၀ လိုအပ်မည်ဖြစ်ကြောင်း သိခဲ့ကြသည်။ အမေရိကန် ပြည်ထောင်စုတစ်ခုလုံးရှိ စုစုပေါင်းတပ်သားဦးရေမှာ ၁၆,၀၀၀ သာ ရှိသောအချိန်ဖြစ်သည်။ ၄င်းတို့.အများစုမှာ အင်ဒီးရင်းတိုင်းရင်းသားများ နေထိုင်ရာ နယ်စပ်များရှိ စခန်းများတွင် တကွဲတပြားစီ တာဝန်ထမ်းဆောင်နေကြရသည်။ ဆမ်းတားခံတပ်ကို လက်နက်ချရုံသာရှိတော့သည်ဆိုသည့် အဖြေမှာ မလွဲမရောင်သာသော နိဂုံးချုပ်ဖြစ်ဖို့.သာ ရှိတော့သည်။

လင်းကင်းသည် ထိုနိဂုံးချုပ်မှုကို လက်မခံလိုပေ။ ဖရန်စစ် ဘလဲက သမ္မတ၏ရုံးခန်းအတွင်းသို့. အတင်းဝင်ရောက်ပြီး "ဆမ်းတားခံတပ်အား ရုပ်သိမ်းခြင်းသည် ပြည်ထောင်စုအနေဖြင့် လက်နက်ချသည့်သဘောဖြစ်ရာ နိုင်ငံတော်သစ္စာဖောက်မှုဖြစ်သည်" ဟု သတိပေးခဲ့သည်။ ထိုစကားကို ကြားရသောကြောင့် လင်းကင်းသည် လက်နက်ချရေးကို မလိုလားစိတ်ပို၍ဖြစ်ခဲ့ပုံရသည်။

ဆမ်းတားအကျပ်အတည်းနှင့် စပ်လျဉ်း၍ လင်းကင်းသည်

www.burmeseclassic.com

ဝန်ကြီးအဖွဲ့.ဝင်များအား တစ်ဦးချင်း စာဖြင့် သဘောထားမှတ်ချက်ပေးရန် မတ်လ ၁၅ ရက်နေ့.တွင် မေးမြန်းခဲ့သည်။ "မည်သည့်အခြေအနေအရပ်ရပ်တွင်မဆို ဆမ်းတားခံတပ်အား ပဲ့ပိုး၍ ရသည်ဟု ယူဆရလျှင် ထိုသို့.လုပ်ဆောင်ရန် ကြိုးစားခြင်းသည် အမြော်အမြင်ရှိရာ ရောက်ပါမည်လား" ဟူသော မေးခွန်းဖြစ်သည်။ ထိုမေးခွန်းကို ဆီးဝပ်က ဦးဆောင်မှုယူ၍ ကန်.ကွက်ခဲ့သည်။ ဆမ်းတားအား ကယ်တင်ရန် တပ်များစေလွှတ်ခြင်းသည် "တိုက်ခိုက်မှုအတွက် လှုံ့ဆော်ပေးရာ ရောက်ပြီး ပြည်တွင်းစစ်ပွဲတစ်ခုကို စတင်ပေးခြင်း ဖြစ်နိုင်သည်" ဟု သူက အကြောင်းပြခဲ့သည်။ ကဲမ်မရွန်း၊ ဝဲလ်စ်နှင့် ကလဲဘ် စမစ်သ်တို့.က ဆီးဝပ်ကို ထောက်ခံပြီး ချေ.စ်က သူတို့.ကို ဆန့်.ကျင်သည့်ဘက်မှ တင်ပြခဲ့သည်။ မောင့်ဂိုမာရီ ဘလဲက တပ်များစေ လွှတ်ရေးကို အပြင်းအထန် တိုက်တွန်းခဲ့သည်။

လင်းကင်းအား အကြံပေးသူများသည် သဘောထား ကွဲလွဲခဲ့ကြသည်။ လင်းကင်းအဖို့. ဆုံးဖြတ်ချက်တစ်ခု မချနိုင်ဘဲ ဖြစ်ခဲ့သည်။ သူ.အမြင်ဖြင့်ကြည့်လျှင် စစ်ရေးရှုထောင့်သက်သက်ဖြင့် ဆောင်ရွက်ရန် တာဝန်မှာ ရှင်းနေသည်။ ခံတပ်အတွင်းမှ အစောင့်တပ်သားများ ဘေးမသီရန်မခ လွှတ်မြောက်လာရေးသည် အဓိကဖြစ်သည်။ သို့သော်လည်း နိုင်ငံရေးရှုထောင့်မှကြည့်လျှင် ခံတပ်ကို စွန့်.ခွာခြင်းသည် လုံးဝဖျက်စီးခြင်းတရား ဖြစ်ပေတော့မည်။

ထိုအချိန်တွင် ဆမ်းတားအကျပ်အတည်းမှာ လူအများသိသောကိစ္စဖြစ်လာခဲ့သည်။ သမ္မတလင်းကင်းသည် အဘက်ဘက်မှ ပြောဆိုကြသည့် အမိန့်.ပေးသံအမျိုးမျိုးကိုလည်း ကြားသိခဲ့ရသည်။ ခံတပ်ကို စွန့်.လွှတ်ရေးသည် မလွဲမသွေ စစ်ရေးအရ လိုအပ်ချက်ဖြစ်သဖြင့် မိန်းပြည်နယ် ရိုပတ်ဘလီကင်ပါတီတစ်ခုလုံး၏ အတည်ပြု ထောက်ခံချက်ကို ပေးမည်ဟု မိန်းပြည်နယ်ခေါင်းဆောင် နီးလ်ဒိုးက အာမခံခဲ့သည်။ ဟောရေ.စ် ဂရီလီ၏ သြဇာညောင်းသော နယူးယောက် *တိုင်းမ်စ်* သတင်းစာကလည်း စစ်ရေး

အသုံးပြုမှုကို ရှောင်ရှားပြီး တောင်ပိုင်းပြည်နယ်များအား ငြိမ်းချမ်းစွာ လွှတ်ပေးလိုက်ပါဟု တိုက်တွန်းရေးသားခဲ့သည်။ ဆီးနိတ်လွှတ်တော်တွင် ဒပ်ဂလပ်စ်က ဆမ်းတားခံတပ်ကို တောင်ကယ်ရာလိုင်းနားကို ပိုင်ဆိုင်ခွင့် ရှိသည့်အတွက် အဲန်ဒါဆင်နှင့် သူ၏အစောင့်တပ်သားများကို ချက်ချင်း ရုပ်သိမ်းထိုက်သည်ဟု ပြောခဲ့သည်။ ဝေးလ်လှသည့် ဆဲန်ဖရန်စစ္စကိုမှ *ဒေးလီး အော်လ်တာ ကယ်လီဖိုးနီးယားကလည်း* "မစ္စတာလင်းကင်းသည် ဆမ်းတားခံတပ်မှ တပ်များကို ရုပ်သိမ်းလိုက်လျှင် ပြည်ထောင်စုမှ ခွဲထွက်ရေးဝါဒသည် သေဆုံးသွားပြီး ခွဲခြားရေးလှုပ်ရှားမှု၏ ခေါင်းဆောင်တိုင်းလည်း ပျက်စီးသွားလိမ့်မည်" ဟု ရေးသားခဲ့သည်။

အခြားတစ်ဘက်တွင်လည်း ရိုပတ်ဘလီကင်အချို့.က တောင်ပိုင်းနှင့် အားစမ်းရန် အချိန်တန်ပြီဟု ယူဆခဲ့ကြသည်။ မီရှီဂင်ပြည် နယ်မှ ယစ်ထုတ်ကြီးတစ်ဦးဖြစ်သော ဆီးနိတ်အမတ် ဇက်ကားရီးယား ချန်ဒလာက ၄င်း၏အထင်တွင် သွေးတစ်စက်လောက်မှ မြေမကျလျှင် ပြည်ထောင်စုသည် တန်ဖိုး တစ်ပြားမှ တန်မည်မထင်ဟု ပြောခဲ့သည်။ စပရင်းဖီးလ်မှ လင်းကင်း၏ မိတ်ဆွေ ဝီလျံ ဘတ်တလာကလည်း လင်းကင်းအား သတ္တိနည်းသူ တစ်ဦးအဖြစ် အပြစ်တင်ရေးသားခဲ့သည်။ ကွန်ဂရက်အမတ်များ၏ နိုင်ငံရေး ဦးသွေ့ာင်အဖွဲ့.ဝင်တစ်ဦးကလည်း ဆမ်းတားအား အင်အားမဖြည့်နိုင်ခဲ့လျှင် ရိုပတ်ဘလီကင်ပါတီအတွက် ဘေးဒုက္ခကို သယ်ဆောင်လာခြင်းဖြစ်မည်ဟု ပြောခဲ့သည်။ ထရမ်းဘူးလ်ကလည်း "အမေရိကန်ပြည်ထောင်စု၏ ပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းကာကွယ်ရေးအတွက် ၄င်း၏ အာဏာအားလုံးကို အသုံးပြု ရန်မှာ သမ္မတ၏ တာဝန်ဖြစ်သည်" ဟု ဆီးနိတ်လွှတ်တော်တွင် ဆုံး ဖြတ်ချက်တစ်ခုကို ချစေခဲ့သည်။ ထိုအတောအတွင်းမှာပင် တောင်ကယ်ရာလ်လိုင်းနားပြည်သို့. စေလွှတ်ပြီး စနည်းနာခိုင်းခဲ့သော လင်းကင်း၏မိတ်ဆွေ စတီဗင် ဟားလ်ဘတ်က ကြားသိခဲ့သည်တို့.ကို မတ်လ ၂၇ ရက်နေ့. တွင် လင်းကင်းထံ ပြန်လည်တင်ပြ

www.burmeseclassic.com

ခဲ့သည်။ တောင်ကယ်ရာလ်လိုင်းနားပြည်သူလူထု၏ သဘောထားမှာ ပြည်ထောင်စုကို တွယ်တာမှု မရှိဘဲ သီးခြားခွဲခြား တည်ထောင်မှုကိုသာ အခိုင်အမာ ထားကြကြောင်း၊ ဆမ်းတားခံတပ် အား အင်အား ပြည့်တင်းပေးခြင်းကို စစ်ရေးလုပ်ဆောင်မှုဖြစ်သည်ဟု ယူဆကြသည်။ ဆမ်းတားအတွက် ရိက္ခာများတင်ထားသော သဘော် ကိုပင်လျှင် တားမြစ်ပြီး ဝင်ခွင့်ပြုမည် မဟုတ်ကြောင်း ဟားလ်ဘတ်က သူ၏ထင်မြင်ချက်ကို တင်ပြခဲ့သည်။

နောက်တစ်နေ့တွင် လင်းကင်းသည် ဗိုလ်ချုပ်စကော့ထ်ထံမှ တုန့်လှုပ်ချောက်ချားဖွယ်ရာကောင်းသော အကြံပေးချက်ကို ကြားခဲ့ရပြန်သည်။ စကော့ထ်သည် ဗာဂျီးနီးယားဇာတိဖြစ်သည်။ စကော့ထ်က ဆမ်းတားခံတပ်မှ တပ်များရုပ်သိမ်းရုံဖြင့် ဗာဂျီးနီးယားပြည်နယ်အပါအဝင် တောင်ပိုင်းဒေသကျွန်းမွှမ်းကို ပြန်လည်ရရှိလိမ့်မည်ဟု မထင်ကြောင်း၊ ဖလော်ရီဒါ ကမ်းခြေရှိ ပစ်ကင်းစ်ခံတပ်ကိုပါ လက်နက်ချရန် လိုအပ်လိမ့်မည်ဖြစ်ကြောင်း၊ ပစ်ကင်းစ်ခံတပ်မှာ ပြည်ထောင်စုအစိုးရ၏ လက်ထဲတွင်ရှိပြီး စိတ်တိုင်းကျအင်အားထပ်ဖြည့်၍ ရနိုင်သော အနေအထားမှာပင်ဖြစ်သည်။ ထိုကဲ့သို့ ဆောင်ရွက်မှုသာ ကျွန်စနစ်ကို ကျင့်သုံးလျက်ရှိသည့် ကျွန်တောင်ပိုင်းပြည်နယ် ရှစ်နယ်သည် ပြည်ထောင်စုနှင့် ထာဝရ ဆက်လက်လက်တွဲရေးကို နှစ်သိမ့် ယုံကြည်မှု ပေးနိုင်လိမ့်မည်ထင်ကြောင်း ဗိုလ်ချုပ်စကော့ထ်က အကြံပေး တင်ပြခဲ့ သည်။ လင်းကင်းသည် စိတ်ညစ်ခဲ့ရသည်။

နောက်တစ်နေ့တွင် လင်းကင်းသည် ဝန်ကြီးအဖွဲ့အစည်းအဝေးခွဲ တစ်ဦးချင်းသဘောကို တောင်းခံဖို့ ဖြစ်လာခဲ့သည်။ အစည်းအဝေးမတက်သော ကဲမ်မရွန်းမှအပ ဝန်ကြီးအားလုံးက စာဖြင့်ရေးသားခွဲ မိမိတို့၏ သဘောထားများကို ပေးခဲ့ကြသည်။ ဆမ်းတား ခံတပ်သို့ ရိက္ခာအပို့လွှတ်ရေး သို့မဟုတ် အားဖြည့်တင်းပေးရေးမှာ စစ်ဖြစ်ရေးကို ဆွပေးနိုင်သဖြင့် ဆီးဝပ်တစ်ဦးတည်းသာ ခေါင်းမာမာဖြင့် ဆန့်ကျင်ခဲ့သည်။ သို့သော်လည်း သမ္မတအနေဖြင့် တစ်ခုခုကို ဆောင်ရွက်ရန် သန္နိဋ္ဌာန်ပြုထားလျှင် ပစ်ကင်းစ်ခံတပ်ကို ရသည့်နည်းလမ်းဖြင့် ဆက်လက် ထိန်းထားရေးကို ဆီးဝပ်က လိုလားခဲ့သည်။ စမစ်သ်နှင့် ဘီတ်စ်ကလည်း သဘောတူသည်။ ချေ.စ်နှင့် ဝဲလ်စ်တို့ကမူ ဆမ်းတားကို ရိက္ခာပို့.စေချင်သည်။ ဘလဲကမူ သမ္မတသည် ဗိုလ်ချုပ် စကော့ထ်၏စကားကို နားထောင်ခဲ့လျှင် ရာထူးမှ နတ်ထွက်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

ဝန်ကြီးအများစုက လင်းကင်း၏ ကယ်တင်ရေးအယူအဆကို အားဖြည့်ပေးခဲ့ကြသည်။ လင်းကင်းက ကမ်းရိုးတန်းကာကွယ်ရေးကိစ္စကို နားလည်သူ ဂတ်စတားဖတ်စ် ဖောက်စ်ထံမှ စေလွှတ်သင့်သည့် လူအင်အား၊ ရိက္ခာအင်အားနှင့် သဘော်အင်အားတို့ကို မှတ်ချက်တောင်းခံထားသည်။ ယခုမူ ဧပြီလ ၆ ရက်နေ့တွင် နယူးယောက်မှ သဘော်များ စတင်ထွက်ခွာရန် ဝဲလ်စ်နှင့် ကဲမ်မရွန်းတို့.ကို လင်းကင်း အမိန့်.ပေးခဲ့ပြီး ဖြစ်လေသည်။ ထိုဆုံးဖြတ်ချက် ရရှိရေးအတွက် လင်းကင်းသည် အကြီးအကျယ် ဦးနောက်သုံးခဲ့သည်။ သူ.ဘဝတွင် တွေ့ကြုံခဲ့ရသမျှ ဒုက္ခ၊ သုက္ခအားလုံးတို့.တွင် ထိုအချိန်က ကြုံခဲ့ပုံမျိုးကို မတွေ့.ခဲ့ဖူးပါဟု လင်းကင်းက ဘရောင်းနင်းကို ပြော ခဲ့သည်။ လင်းကင်းအတွက် စိတ်ဖိစီးမှုအား ပြင်းထန်စွာ ခံစားခဲ့ရရာ အကြီးအကျယ်ခေါင်းကိုက်ခဲ့သဖြင့် အိပ်ရာထဲ ပို့.ပေးခဲ့ရသည်ဟု မေရီကပြန်ပြောပြခဲ့သည်။

နောက်ဆုံးတွင် လင်းကင်းသည် စီမံချက် နှစ်ခုကို တစ်ချိန်တည်းတွင် ဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။ ဆမ်းတားသို့ စေလွှတ်မည့်ရေကြောင်းအဖွဲ့.ကို ဖောက်စ်က ခေါင်းဆောင်ရန်ဖြစ်သည်။ ပစ်ကင်းစ်သို့ စေလွှတ်မည့်အဖွဲ့.ကို ဆီးဝပ်က ကမကထပြုပြီး စစ်အင်ဂျင်နီယာတပ်မှ ဗိုလ်ကြီး မောင်ကိုမာရီ မစ္စဉီးဆောင်မည့် ရေကြောင်းခရီးကို ကြည်းတပ်အင်အားဖြင့် စေလွှတ်မှု ဖြစ်သည်။ ဝဲလ်စ်က ရေတပ်၏ အားအကောင်းဆုံးမီးသင်္ဘော်ဖြစ်သည့် *ပေါ်အတန်* [22] သင်္ဘော်ကို ဖောက်စ်အား အသုံးပြုစေရန် ရည်ရွယ်ခဲ့သည်။ ဆီးဝပ်ကလည်း ထိုသင်္ဘော်ကို ပစ်ကင်းစ်ခရီးဆဲအတွက်

www.burmeseclassic.com

အသုံးပြုလိုခဲ့သည်။ သမ္မတ လင်းကင်း *ပေါ်အတန်* သင်္ဘောကို ဖောက်စ်အား အသုံးပြုစေရန် ညွှန်ကြားချက်ပေးခဲ့သည်။

ဆမ်းတားခံတပ်သို့ ဖောက်စ်အား စေလွှတ်မည့်အကြောင်းကို ဖြေလ ၄ ရက်နေ့တွင် လင်းကင်းသည် ဗိုလ်မှူးအဲန်ဒါဆင်ထံ သို့ အကြောင်းကြားခဲ့သည်။ စေလွှတ်သည့် သင်္ဘောများသည် ဆမ်းတားခံတပ်အတွက် ရိက္ခာများ ပို့ပေးရန် ရည်ရွယ်ရာ ခုခံတိုက်ခိုက်မှုနှင့် ကြုံခဲ့လျှင် ပါဝင်အားဖြည့်ပေးရန် အသိပေးခဲ့သည်။ သို့သော်လည်း ရေတပ်သင်္ဘောများသည် နယူးယောက်မှ နောက်ထပ် လေးငါးရက်ကြာမှ ထွက်ခွာနိုင်ခဲ့သည်။ လင်းကင်းစိုးရိမ်ခဲ့သည့်အတိုင်း ပစ်ကင်းစ်ခံတပ်အင်အား ဖြည့်တင်းရေးကို မဆောင်ရွက်နိုင်ခဲ့ကြပေ။ ဆမ်းတားခံတပ်ကို အင်အားဖြည့်ခြင်း သို့မဟုတ် လက်နက်ချခြင်းကို ပြုလုပ်ပြီးမှသာလျှင် မစ္စ၏အဖွဲ့သည် ပစ်ကင်းစ်ခံတပ်သို့ ဝင်၍ရမည် ဖြစ်ကြောင်း လင်းကင်းသိရှိခဲ့ရသည်။

ဖြေလ ၆ ရက်နေ့တွင် လင်းကင်းသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ စာရေးတစ်ဦးဖြစ်သူ ရောဘတ် အက်စ် ချူး[23]အား ချားလ်စတင် သို့ စေလွှတ်ခဲ့သည်။ လင်းကင်းက ဆမ်းတားခံတပ်အတွက် ရိက္ခာအင်အား ဖြည့်တင်းရန် ကြိုးစားမည်။ ပြည်နယ်ပေါင်းစုအဖွဲ့က ခုခံမှု မရှိခဲ့လျှင် အမေရိကန်ပြည်ထောင်စုက ထပ်မံ၍ အသိမပေးဘဲ လူအင်အားနှင့် လက်နက်အင်အားတို့ ထပ်ပို့ပေးမည် မဟုတ်ကြောင်း တောင်ကယ်ရာလိုင်းနားပြည်နယ် အုပ်ချုပ်ရေးမှူး ဗိုလ်ချုပ် ဖရဲန်စစ္စ ပစ်ကင်းစ်[24]အား သွားရ၍ အပြောခိုင်းခြင်းဖြစ်သည်။ ဤသတင်းက ဆမ်းတားခံတပ်အား လျှို့ဝှက်စွာ လူအင်အား ဖြည့်စွက် ပေးနိုင်သည်ဟု တောင်ကယ်ရာလိုင်းနားပြည်နယ် အာဏာပိုင်များ၏ ယူဆချက်ကို ချေဖျက်စေရန် ဖြစ် သည်။

ရောဘတ် ချူးအား စေလွှတ်ခဲ့ခြင်း၏ အကျိုးကျေးဇူးကို လင်းကင်း မျှော်လင့်ချက်များများ မထားခဲ့ပေ။ ဟားလ်ဘတ်၏ အစီရင်ခံချက်အရ တောင်ပိုင်းကယ်ရာလိုင်းနားပြည်နယ်သားများသည် ပြည်

ထောင်စု အစိုးရ၏ သင်္ဘောမှန်သမျှကို ပစ်ခတ်တိုက်ခိုက်လိမ့်မည်ဆို သည်ကို လင်းကင်းသိထားသည်။ သို့သော်လည်း အကျဉ်းအကျပ်ကာလတွင် လင်းကင်းသည် ငြိမ်းချမ်းစွာ ဆောင်ရွက်ခဲ့သည် ဆိုသည့် သမိုင်းဝင်မှတ်တမ်း ကျန်ရစ်စေရန် လင်းကင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထို အချိန်တွင် ဆမ်းတားသို့ အင်အားဖြည့်ရန် စေလွှတ်ခြင်းသည် သွေးထွက်သံယိုဖြစ်စေနိုင် ကြောင်း လင်းကင်း သေချာပေါက်သိနေသည်။ အင်ဒီရဲနား အိုဟိုင်းယိုး၊ မိန်နှင့် ပဲန်ဆယ်လ်ဗေးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးများတွင်းတို့၏ ပြည်နယ်ပြည်သို့ စစ်များကို တိုက်ပွဲအတွက် အသင့်ရှိစေရန် လိုအပ်ချက်ကို တင်ပြခဲ့ရာ လင်းကင်းက "အသင့်ဖြစ်ရန် လိုအပ်မှု ပိုလို နေပြီလားဟု ကျွန်တော် ထင်ပါသည်။ အသင့်လုပ်ထားကြပါ" ဟု ပြန် လည်ဖြေကြားခဲ့သည်။

ဖြေလ ၁၂ ရက်နေ့တွင် ပြည်ထောင်စုအစိုးရ၏ သင်္ဘောများသည် ကမ်းခြေတွင် အကူအညီမဲ့ဖြစ်နေဆဲနှိပ်ခွဲ ပြည်နယ်များ တပ်ပေါင်းစုက ဆမ်းတားခံတပ်ကို အမြောက်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ ၃၄ နာရီသာ ခံလိုက်သည်။ အဲန်ဒါဆင်နှင့် သူ၏ တပ်သားများသည် အည့ံခံ လက်နက်ချလိုက်ကြရလေသည်

စစ်ပွဲလည်း စခဲ့လေပြီ။

(၁၁)

နောင်အခါတွင် လင်းကင်းသည် ဆမ်းတားအကျပ်အတည်း ပြဿနာနှင့် စပ်လျဉ်း၍ ရှင်းလင်းချက်များစွာ တင်ပြခဲ့သည်။ နူလိုင်လ ၄ ရက်နေ့တွင် ကွန်ဂရက်လွှတ်တော်၌ မိန်နှင့်ခွန်းပြောကြားရာတွင် လင်းကင်းသည် ပစ်ကင်းစ်ခံတပ်အတွက် လူအင်အား ဖြည့်တင်းပေးရင်း ဆမ်းတားခံတပ်အတွက် ရိက္ခာထောက်ပံ့ရေးပြုလုပ်ရန် ၄င်းဆုံးဖြတ်ခဲ့ကြောင်း၊ ဆမ်းတားသို့

www.burmeseclassic.com

ဆမ်းတားခံတပ် ပစ်ခတ်မှုအကြား သီတင်းပတ်များတွင် ၄င်းအနေဖြင့် ကြောက်ခမန်းလိလိ စိတ်ဖိစီးမှု ခံစားခဲ့ရပုံနှင့် ကိုယ်ခန္ဓာ အင်အား ကုန်ခန်းခဲ့ပုံတို့.ကို ပြောပြခဲ့သည်။ သူ၏ မထိရောက်သော ခေါင်းဆောင်မှုသည် စစ်ပွဲဖြစ်ရေးကို အထောက်အကူဖြစ်စေသည်ဟုလည်း လင်းကင်းတ အသိအမှတ်ပြု ပြောဆိုခဲ့ခြင်းလည်း မရှိခဲ့ပေ။ ထို.အပြင် သူ၏ အစိုးရ အဖွဲ့.အတွင်း၌ အကြံပေးချက်များ သဘောထားကွဲလွဲခဲ့ပုံ၊ ကယ်တင်ရေးလုပ်ငန်းများအတွက် လုံလောက်သော ပြင်ဆင်မှုများ မပြုလုပ် နိုင်ခဲ့ပုံနှင့် အချင်းချင်း အပြိုင်အဆိုင်နှင့် ဖြူရိုကရက်ဆန်စွာ အပုပ်ချမှုများ ရှိခဲ့ပုံ တို့.ကိုလည်း လင်းကင်းက ထည့်မပြောခဲ့ပေ။ သမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲ မတိုင်မီ လမ်းညွှန်လွှာသဖွယ် ဘရောင်းနင်း ရေးသားခဲ့သောစာကို ကောင်စာမှတ်မိနေပုံရတော့သည်။ ထိုစာထဲ တွင် -

"အစိုးရနှင့် ခွဲထွက်သော ပြည်နယ်များအကြားတွင် ဖြစ်ပျက်သည့် မည်သည့်ပဋိပက္ခတွင်မဆို သစ္စာဖောက်သူများသည် ကျူးကျော်တိုက်ခိုက်သူများ ဖြစ်ကြလိမ့်မည်ဆိုသည့် အချက်မှာ အလွန်အရေးကြီးလှသော အချက်တစ်ခုဖြစ်သည်။ သူတို့.သည် ထာဝစဉ် ထင်ရှားသော အမှားကိုပြုနေကြမည်ဖြစ်သည်။ ဆမ်းတားခံတပ်ကို ရိုက္ခာထောက်ပံ့ခြင်း သို့.မဟုတ် လူအင်အား ဖြည့်တင်းခြင်း စတင်ပြုလုပ်ရန် ပထမဆုံး ကြိုးစား သည်နှင့်တစ်ပြိုင်နက် တောင်ကယ်ရာလ်လိုင်းနားပြည်နယ်၏ ကျူးကျော်တိုက်ခိုက်မှုကို ဖိတ်ခေါ်ရာရောက်လိမ့်မည်။ ထိုအခါတွင် အစိုးရသည် တစ်နိုင်ငံလုံး၏ ရှေ့.မောက်တွင် တရားမျှမျှတတ ရပ်တည်ပြီး ကျူးကျော်မှုကို တွန်းလှန်ကာ ခံတပ်များကို ပြန်လည်သိမ်းပိုက်နိုင်မည်ဖြစ်သည်" ဟု ရေးသားထားသည်။

လင်းကင်းက "စီမံချက် အောင်မြင်ခဲ့ပါတယ်။ သူတို့ ဆမ်းတားကို တိုက်ခိုက်ခဲ့ကြတယ်။ ဆမ်းတား ကျဆုံးသွားခဲ့တယ်။ ဒါပေမဲ့ ဆမ်းတားဟာ တခြားနည်းလမ်းထက် တိုင်းပြည်ကို ပိုပြီး အကျိုးပြုခဲ့ပါ

စေလွှတ်ခဲ့ခြင်းမှာ အခြေအနေအရ အပြည့်အဝ အသုံးပြုရန် သို့.မဟုတ် အသုံးမပြုရန် ရည်ရွယ်ခဲ့ကြောင်း ရှင်းပြ ခဲ့သည်။ ပစ်ကင်းစ်ခံတပ်တွင် လူအင်အား ထပ်မံဖြည့်စွက်ခွင့် အောင်မြင်ခဲ့လျှင် ဆမ်းတားသို့ စေလွှတ်ခြင်းကို ပယ်ဖျက်နိုင်ခဲ့မည့်သဘောကို လင်းကင်းက ပြောခဲ့သော်လည်း ထိုသို့ တစ်ခါမှ မပြောဆိုခဲ့ဖူးပေ။ လင်းကင်းက "ပစ်ကင်းစ်တွင် အောင်မြင်မှုသည် ပေါ်လစီအတွက် ထင်ရှားသော အောင်မြင်မှုဖြစ်ပေမည်။ ဆမ်းတားခံတပ်အား ရုပ်သိမ်းရေးမှာ စစ်ရေးအရ လိုအပ်ချက်တစ်ခုဖြစ်ကြောင်း တိုင်းပြည်က လက်ခံလာစေလိမ့်မည်" ဟု ပြောဆိုသွားခဲ့သည်။ ထိုအချိန်က ရှိခဲ့သော အထောက်အထားများက လင်းကင်း၏ အယူအဆကို မထောက်ခံခဲ့ပေ။ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲနှင့် ဆမ်းတားခံတပ်ကို ပစ်ခတ်မှု အချိန်ကာလ အတွင်း လင်းကင်းရေးသားခဲ့သော စာများတွင် ခံတပ်နှစ်ခုအား ကယ်တင်ရေး ဆက်စပ်မှု ပါဝင်ခဲ့ပုံကို စာတစ်စောင်တွင်မှ မတွေ့.ခဲ့ရပေ။ လင်းကင်းသည် မှတ်ဉာဏ်မကောင်း၍လော၊ သို့.မဟုတ် လင်းကင်းပြောသွားသည့် ပေါ်လစီမှာ သူ့.ကိုယ်ပိုင်ဖြစ်ခြင်းထက် ဆီးဝင်နည်းပရိယာယ်ကို အတိအကျ ကိုယ်စားပြုပြောဆိုခဲ့ခြင်းပေလော မသိပေ။

လင်းကင်းသည် ကွန်ဂရက်အတွက် မိန့်.ခွန်းရေးနေချိန်၌ ဘရောင်းနင်းသည် အိမ်ဖြူတော်သို့ အလည်ရောက်သွားခဲ့သည်။ မိတ်ဆွေဟောင်းနှစ်ဦးသည် စစ်ပွဲဘယ်လိုစတင်ဖြစ်ခဲ့သလဲဆိုသည့်အကြောင်းကို သဘာဝအတိုင်း ပြောဆိုခဲ့မိကြသည်။ သူတို့.ဆွေးနွေးပုံနှင့် စပ်လျဉ်း၍ ဘရောင်းနင်းမှတ်သားခဲ့သည့် ဖြစ်ကတတ်ဆန်း နေ့.စဉ် ခိုင်ယာရီတွင် ဖော်ပြထားသည်။ ဘရောင်းနင်း၏အဆိုအရ လင်းကင်းသည် စတင်ပစ်ခတ်ခဲ့သော ပြည်နယ်ပေါင်းစု တပ်များကို အပြစ်တင်ရှုတ်ချခြင်း မပြုခဲ့ပေ။ ကြေကွဲဝမ်းနည်းခဲ့ရပုံကိုလည်း မပြောခဲ့ပေ။ စစ်ဖြစ်ခဲ့ရခြင်းနှင့် ပတ်သက်၍ ၄င်းတွင် အပြစ်ရှိသည်ဟု ပြောဖို့.ဝေးစွ၊ သူ၏အခန်းကဏ္ဍကိုပင် လင်းကင်းက ထည့်သွင်းပြောဆိုခဲ့ခြင်း မရှိခဲ့ပေ။ လင်းကင်းက ကျမ်းသစ္စာကျိန်ဆိုပွဲနှင့်

www.burmeseclassic.com

တယ်" ဟု ဘရောင်းနင်းကို ပြောပြခဲ့သည်။ ဤစကားများသည် အဓိပ္ပာယ်ရှိသော စကားများ မဟုတ်ခဲ့ပေ။ လင်းကင်းက စေလွှတ်ခဲ့သော ရေကြောင်းမှူး ဂတ်စတားဖတ်စ် ဖောက်စ်အား ပြောပြခဲ့သည် လည်းရှိ၏။ လင်းကင်းက "ဆမ်းတားခံတပ်အတွက် ရိက္ခာပို့.ဖို့. ကြိုးစားခြင်းဟာ မအောင်မြင်ခဲ့တောင်မှ တို့.နိုင်ငံရဲ့.အကျိုးကို တိုးတက်စေလိမ့်မယ်ဆိုတာ မင်းနဲ့.ငါနဲ့. မှန်းခဲ့ပြီးသားပဲ။ တို့.မျှော်လင့်ခဲ့တဲ့အတိုင်း ရလဒ်တွေ တရားမျှမျှတတ ရရှိခဲ့တာနည်းနည်းနောနော ကျေနပ်နှစ်သိမ့်စရာ မဟုတ်ဘူးလေကွာ" ဟု ပြောခဲ့လေသည်။

အဓိပ္ပာယ်ကောက်ယူရန် ခက်ခဲသည့် အထက်ပါစကားများအရ လင်းကင်းသည် စစ်ပွဲကို စတင်လှုံ့ဆော်ခဲ့သည်ဟု မဆိုသာချေ။ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲအပြီးနှင့် ပစ်ခတ်မှု စတင်ခဲ့သော ကြားလများတွင် လင်းကင်းသည် ထိပ်တိုက်တွေ့မှုကို ရှောင်ရှားရန် အကြိမ်ကြိမ် ကြိုးစားခဲ့သည်။ သူသည် ညီအစ်ကိုအချင်းချင်း သွေးထွက်သံယိုဖြစ်အောင် စလုပ်သူ မဖြစ်ရေးအတွက် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ သို့.သော်လည်း ခံတပ်များကို လက်နက်မချစေရေးအတွက်လည်း သန္နိဋ္ဌာန်ရှိခဲ့သည်။ ပြည်ထောင်စုကြီး လက်တွေ့ ချက်ချင်း ပြိုကွဲတော့မည်ကိစ္စကိုလည်း သူအနိုင်အမာယုံကြည်ခဲ့ သည်။ ဤဆန့်ကျင်ဘက် အနေအထားများ၏ ဆုံးဖြတ်ချက်အဖြစ် ပြည်နယ်တပ်ပေါင်းစုများက စတင်ပစ်ခတ်ခဲ့သည်။ ဆမ်းတားခံတပ်အား ကယ်တင်ရန် ကြိုးစားခြင်းက သူတို့.အား ထိုသို့.ပြုလုပ်အောင် ဆွဲပေးခဲ့သည်။ ဆမ်းတားခံတပ်အား ကယ်တင်ရန် စေလွှတ်ခဲ့ခြင်းသာ အောင်မြင်ခဲ့လျှင်လည်း ထိုခံတပ်ကို စွန့်.လွှတ်ရမည်သာဖြစ်သည်။ အဘယ်ကြောင့်မူ ထိုခံတပ်မှာ အမေရိကန်ပြည်ထောင်စုအတွက် စစ်ရေးအရ တန်ဖိုးလည်း မရှိ၊ ပြည်နယ်တပ်ပေါင်းစုက အပိုင်ထိုးစစ်ဆင်တိုက်ခိုက်လာခဲ့လျှင်လည်း ခုခံတားဆီးနိုင်မည့် အခြေအနေတွင် မရှိသောကြောင့် ဖြစ်ပေသည်။ ထို.ကြောင့်လည်း ထိုသဘောကို လင်းကင်းက ဘရောင်းနင်း

အား "ဆမ်းတားခံတပ်က တစ်ခြားနည်းနဲ့. အကျိုးပြုတာထက် တိုင်းပြည်အတွက် ပိုပြီး အကျိုးပြုခဲ့တယ်" လို့. ပြောဆိုခဲ့ပုံရပါသည်။ "တိုင်းပြည်၏အကျိုး ပိုမိုတိုးတက်လာမည်" ဟု ဖောက်စ်ကို ပြောခဲ့ခြင်းလည်း ဖြစ်သည်။ လင်းကင်းက ကွန်ဂရက်တွင်လည်း "အစိုးရ၏ စစ်အင်အားသုံးပိုင်ခွင့်ကို တောင်းခံရုံမှတစ်ပါး အခြားနည်းလမ်း မရှိခဲ့ပါ။ အစိုးရ ပျက်ပြားမှုအတွက် ခွန်အားသုံးလာခြင်းကို အစိုးရတည်တဲ့ရေးအတွက် ခွန်အားဖြင့် ခုခံတွန်းလှန်ခဲ့ရပါသည်" ဟု ဆွေးနွေးခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

မှတ်စုတိုများ

1. South Corolina
2. Georgia
3. True Republicans
4. Grace Bedell
5. South Corolinians
6. Florida
7. Missisipi
8. Alabama
9. Louisiana
10. Texas
11. Confederate States of America

လင်းကင်းအား သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ကြပြီးသည့် နောက်တွင် တောင်ပိုင်းပြည်နယ် ခြောက်ခုဖြစ်သည့် တောင်ကယ်ရာလိုင်းနား၊ ဂျော်ဂျီးယား၊ ဖလော်ရီဒါ၊ အယ်လ်လာဘားမား၊ လူဝီစီရဲနား နှင့် မစ္စစ္စပီး ပြည်နယ်များ ပြည်ထောင်စုမှ ခွဲထွက်ပြီး အမေရိကန်နိုင်ငံ ပြည်နယ်ပေါင်းစုအဖွဲ့.ကို စတင်ဖွဲ့.စည်းခဲ့ကြခြင်းဖြစ်သည်။

၁၈၆၁ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့.နှင့် မတ်လ ၂ ရက် နေ့.တွင် တက္ကဆတ်စ်ပြည်နယ်ပါလာသည်။ ထို့.နောက် ဆမ်းတား ခံတပ်ကျဆုံးပြီးနောက် ၁၈၆၁ ခုနှစ်၊ ဧပြီလတွင် ဟာကိုးနီးယား၊ မြောက်ကယ်ရာလိုင်းနား၊ တင်းနက်ဆီးနှင့် အာကန်ဆောပြည်နယ်များ ထပ်၍

စုပေါင်းခဲ့ကြသည်။ ဝေါရှင်တင်နှင့် မိုင် ၁၀၀ သာဝေးသည့် ရစ်ချ်မင်မြို့.(ဟာကိုးနီးယားပြည်နယ်) အား မြို့.တော်အဖြစ် သတ်မှတ်သည်။ ပထမဆုံး သမ္မတအဖြစ် ဂျက်ဖာဆင် ဒေးဗစ္စကို တင်မြှောက်ခဲ့ကြသည်။ အမေရိကန် ပြည်ထောင်စုအစိုးရနှင့် စစ်ပွဲဆင်နွှဲခဲ့သည်။ ၁၈၆၅ ခုနှစ် ဧပြီလ ၉ ရက်နေ့. တွင် ဂျင်းတို့.၏ ဗိုလ်ချုပ် လီး လက်နက်ချခဲ့ရပြီးနောက် အမေရိကန်ပြည်နယ်ပေါင်းစုအဖွဲ့. ပျက်သုဉ်းသွားခဲ့ပါသည်။

12. Washington Peace Conference
13. Crittenden Compromise
14. Alexander Stephens
15. General David Twiggs
16. Pinkerton National Detective Agency
17. Cypriano Ferrandini
18. Compound Cabinet
19. *Charleston Mercury*
20. *Richmond Enquirer*
21. *Indiannapolis Register*
22. *Powhaton*
23. Robert S. Chu
24. General Francis Pickens

www.burmeseclassic.com